www.burmeseclassic.com

သာဘ်မိုးစွေ စာပေ ❀ မောင်မောင်မြင့်အေးစီစဉ်မွမ်းမံတည်းဖြတ်သည်။

မွေ့ပစ္စယော

မဂ္ဂဇင်း















ကုန်ပစ္စည်း အရောင်းထွက်စေရန်
ဓာတ်ရိုက်ယတြာ ရွှေပညာ (စာ - ၂၈၂)


- သမထကျင့်စဉ် ရွှေလမ်းစဉ် (စာ - ၃၁)
- အောင်မင်းခေါင်နှင့် စေတီများ (စာ - ၇၁)
- ရှုမကျိုးတောမှ အောင်မြေ (စာ - ၈၁)
- ဘုရား နှင့် ငြိမ်းချမ်းရေး (စာ - ၈၄)
- အဘသိုးမင်းခေါင်နှင့် ပုပ္ပားတောင်
  ဘာသနာပြုပုဂ္ဂိုလ်များ (စာ - ၈၇)
- ဒိဋ္ဌိဝင်အဆောင်ဓာတ်လုံး (စာ - ၁၉၉)





www.burmeseclassic.com

www.burmeseclassic.com

လာဘ်မိုးရွေဂါထာ

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္ဒလာဘောမေ၊
သဒါပေဟာတု ဘဝါဘဝေ။

မဂ္ဂပစ္စယော

# ရောင်ပြန် မဂ္ဂဇင်း

၂၀၁၅-ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ် (၂၆၂)

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

...ထုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးရွေ)　　အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်

...ဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဇင်　　အယ်ဒီတာရုံးအဖွဲ့ - စိုးစိုး

...သူ - ဦးမောင်မောင်မြင့်အေး(ဝဝ၉၅၆)မှ ထုတ်ဝေ၍ ဝင်းထွန်း(...)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး ပုဇွန်တောင်မြို့နယ်၊
... ပုံနှိပ်သည်။
... - ၁၀၀၀၊ တန်ဖိုး - ၂၄၀၀ ကျပ်
...နှ် - ရှုကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ ဇော်ဝင်း(ငှက်ပျောသီး)၊ စံလွင်မောင်၊ ဖိုးအောင်
... နိုင်ဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဏ်းမှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

သစ်ဦးထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ... သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် ...ကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်း...များအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော ... ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် ... ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက် ...ည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ် (၂၆၂)

## မာတိကာ

### ရောင်ပြန် ကဗျာ

ဘုန်းလျှံ၊ အလင်္ကာအောင်၊ ဘုန်းတေဇာ၊ တက္ကသိုလ်မိုးမြင့်ဝေ၊ ညွှန့်သစ်၊ ရဲဘော်ကျော်ဆန်း၊ မောင်စစ်ကြည်(ပန်းတနော်)၊ တက္ကသိုလ်စိုးယဉ်။

### ရောင်ပြန် အခန်းဆက်ရသ

ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွား(၅)
မင်းသိခ် ——
အစိမ်းရောင် သစ္စာစကား(၂)
ကျော်မြသန်း —— ၁၅၄
ဂမ္ဘီရခွစာ(၅)
ယိုး —— ၁၈၀
တေဘုမ္မာဝင့်နန်းလယ်မှာ ကျွတ်တမ်းကယ် စာမလိပ်ချင်ဘု(၁၁)
မောင်ဟိန်းကျော် —— ၂၀၄
ဂမ္ဘီရဒေဝီ၏ သစ္စာ(ဇာတ်သိမ်း)
သိန်းထွန်းသစ် —— ၂၂၆







## ဘိုးတော်သုတေသန

■ အောင်အေး(ရန်ကုန်တက္ကသိုလ်)



စာ-၅၈




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

(၆၃)ကြိမ်မြောက်
## သိင်္ဂီရှင် အဘအောင်မင်းခေါင် အောင်ပွဲနှင့် နဝင်းပူဇော်ပွဲ

■ ဝဏ္ဏိရသာရမျှမျိုး(B.Sc)



စ - ၇၄

## မြန်မာ့ရေးရာ


စကားလက်ဆောင် ဗောဓိတစ်ထောင်
ဒေါ်မြမှုစာရီ ——— ၁၇
ယောဆရာတော်၏ မွေးနေ့မဂ်လာရတနာ တရားမှတ်စုများ
ကျော်ဇောဟိန်း(နံ့သာ) ——— ၂၀
ဆွမ်းလောင်းဆင်နဲ့ ရွှေဟင်္သာတောင်တိုဘုရားပွဲ
ဗေဒသုတေသီဆရာမျိုး ——— ၂၅
ဆေးဝက်ဘာဆရာတော် ဦးသုရိယ အမြဲမပြတ် အားထုတ်သော သမထကျင့်စဉ် ရှုလမ်းစဉ်
မဟာပထမံဆရာကြီးဦးအောင်သူ ——— ၂၈
ရာဇဂြိုဟ်စန္ဒကူးသပိတ်မှသည်...
ဘုန်းပွင့်ထွန်း ——— ၃၆


# ဇော်ဂျီ


စာတပ်ပုံမောင်မောင်အေး

စ - ၆၈



## ရောင်ပြန် ရသ


...နှင်းအလုံး
...ချစ်ဝင်း ——— ၁၄၈
...ခါ လာဦးမလားဟော့
... ——— ၁၆၆
...သို့ ပြန်သွားသော ကိုရင့်ဖကာကြီး
...တ် ——— ၂၃၄
... နှစ်ခဲ့ကြတဲ့ တော်ဝင်မိဖုရားများ
...င်(ရမည်းသင်း) ——— ၂၆၆
...မြဲအတ်တစ်ပုဒ်
... ——— ၂၇၈


စ - ၂၀၄


...ပီတာအမှဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးရွာ စာပေ

တိုက် - ၂၇၊ အခန်း - ၁၂(မြေညီထပ်)

...ည်း(အောက်)၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇


www.burmeseclassic.com

## အဘဘိုးမင်းခေါင်၏
# အံ့ဖွယ်ထူးခြား မစမှုများ

■ ပထမံဆရာကြီးဦးအောင်သူ



စာ - ၇၈

## လောကီရေးရာ


ငှက်ဆိုးထိုးသံ ဘယ်သူ့ကံနှင့် ဗုဗ္ဗဏ္ဍာသုတ်

မိုးမြင့်လွင် ———————— ၁၀၂

ပရိတ်ကြီးတစ်ဆယ့်တစ်သုတ် ရွတ်ဖတ်ခြင်းအကျိုးနှင့်

ယိုး ———————— ၁၀၆

ကာရံမဲ့ သံစဉ်ချို

မောင်လသာ ———————— ၁၀၈

ရောင်ပြန်မင်္ဂလာပြက္ခဒိန်(နိုဝင်ဘာလ)

အင်ကြင်းမြေ့မြေ့(တောင်ငူ) ———————— ၁၁၂

သည်လဖွားအတွက် ကံဇာတာ

ဆရာမိုးဟန်ကြွယ် ———————— ၁၁၃

သည်တစ်လမှာ ဆောင်ရွက်ပါ

နေမျိုးထွင့်ခေါင် ———————— ၁၁၄

အလုပ်အကိုင် အောင်မြင်ရန်

မဟိဒ္ဒိကျော်ခေါင် ———————— ၁၁၅

သည်တစ်လမှာ ဆောင်ရွက်ပါ

နေမျိုးထွင့်ခေါင် ———————— ၁၁၆


## လောကီရေးရာ


သည်လအတွက် ကောင်းသောရက်

နွယ်သာကီအောင် ———————— ၁၁၇

မြန်မာ့သတ္တိနှင့် သမိုင်းဝင် မင်းလုံခံတပ်ကြီး

မောင်မိုးဦး ———————— ၁၁၉

ခေမာဒီပကျွန်းက ချစ်သောနှင်းဆီ

ဆူးစျာန်(ပန်သစ္စာ) ———————— ၁၂၄

ကျေးဌူးမေ့လျော့သူတို့၏ ရလာဒ်

မောင်ချိုမင်း(ကန္တာရဝတီ) ———————— ၁၃၀

နယူးယောက်မှစာ(၂)

မောင်ကောင်းမြင့် ———————— ၁၇၁

ကျွန်တော်နှင့် သတင်းစာဆရာများ


တက္ကသိုလ်သခ်ံ ———————— ၁၇၃

ရှေးဟောင်းပုရပိုက်ဖြူထဲက ရှားပါးဗေဒင်ဟောကိန်း

ညွန့်လွင်(စက်မှုတက္ကသိုလ်) ———————— ၁၇၅

အနိစ္စဒေသနာတော်(၁၇)

မဟာထွန်း ———————— ၁၉၂


စာ - ၁၀၀


www.burmeseclassic.com


www.burmeseclassic.com

## လောကီရေးရာ


အမောစင်မယ့် လုတောတစ်ခွင်ဟာသများ
ဦးကောင်းထူး ———————————— ၁၉၅
နိုင်ငံ အခဆောင်စာတ်လုံး
ဆရာကြီး ဦးအောင်သူ ———————— ၁၉၉
နိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချောင်၏
၂၀၁၅ ခုနှစ် ဆိုတ်နှစ်…
(တက္ကသိုလ) ———————————— ၂၀၁
နက်မပါသော ပုဂ္ဂိုလ်
အောင်အေး(မန္တလေး) ———————— ၂၁၉
ထက်မှ တရားတက်မည်
ဟိန်းထက် ———————————— ၂၂၂
နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ(၁၅)
ဆရာကြီး ဦးအောင်သူ ———————— ၂၃၇
စလုံး ဘုရားတစ်ဆူ
ပုတ်စည် ———————————— ၂၄၃
ပြောသော မြန်မာ့စကား
သီသိန်းမောင် ———————————— ၂၄၅
ငှက်နားခြင်း အတိတ်နိမိတ်ကောက်ပုံ ဂမ္ဘီရပညာ
တီအောင်သိန်း ———————————— ၂၄၇
တေ
သက် ———————————— ၂၄၉
သက်ပွ မဂ္ဂင်လမ်းပြ ဗုဒ္ဓ ဝစန
ကျော်ဆန်း ———————————— ၂၅၃
ကွက်ဖြင့် အောင်လံထူ
မောင်စိန်ဝင်း ———————————— ၂၆၅
ရိုက်ယတြာ ရှေပညာ(၃၆)
မွင့်ထွန်း ———————————— ၂၈၂








**အာဟာရပြည့်ဆေးဖက်ဝင် သီးနှံအစားအစာများ**

■ သုတေသီဆရာမြင်း



စာ - ၂၉၂

www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


လွတ်လမ်း

မျိုးသက်နိုင်(ရွှေပြည်သာ) ———— ၃၅

မဲလ်ဖော့၊ အီး၊ စပီရိုက ပြောပြသော နာမ်ကိန်းသော
လူတစ်ယောက်အကြောင်း

မောင်နန်းလှိုင် ———— ၄၈

ဝိဇ္ဇာတို့မွေ့လျော်ရာ ပုပ္ပားတောင်တော်မဟာ

ဂမ္ဘီရဆရာလှမျိုး ———— ၅၂

ဘိုးတော်သုတေသန

အောင်အေး(ရန်ကုန်တက္ကသိုလ်) ———— ၅၈

သိကြားမင်းဖန်ဆင်း နတ်ရေကန်နှင့် နတ်များဖန်ဆင်း
နတ်ရေတွင်းအကြောင်း

ပထမံဝိဇ္ဇာအောင် ———— ၆၅

ဇော်ဂျီ

ဓာတ်ပုံမောင်မောင်အေး ———— ၆၈

မြန်မာပြည်တစ်လွှား အဘအောင်မင်းခေါင်
တည်ထားကိုးကွယ်ခဲ့သော ဘုရားစေတီများ

ဂမ္ဘီရဆရာလှမျိုး ———— ၇၁

(၆၃)ကြိမ်မြောက် သိဒ္ဓိရှင် အဘအောင်မင်းခေါင် အောင်ပွဲနှင့်
နဝင်းပုတီးစိပ်

ဂမ္ဘီရဆရာလှမျိုး ———— ၇၄

အဘဘိုးမင်းခေါင်၏ အံ့ဖွယ်ထူးခြား မ,စမှုများ

ပထမံဆရာကြီး ဦးအောင်သူ ———— ၇၈

စခန်းထောက်အောင်မြေ ရွှေမန်းကျည်းတော ပုပ္ပားတောင်ကလပ်မှ
သာသနာပြု အဘ ဦးမေဓာဝီ


မြန်နီရှင် ———— ၈၁

အောင်မင်းခေါင်နှင့် ငြိမ်းချမ်းရေး

ဦးမွား ———— ၈၄

ဘိုးမင်းခေါင်နှင့် ပုပ္ပားတောင် သာသနာပြုပုဂ္ဂိုလ်များ
(၆၃)ကြိမ်မြောက် အဘဘိုးမင်းခေါင်ထွက်ပွဲ အထိမ်းအမှတ်

ဦးသန့်(သာတ်မိုးရွှေ) ———— ၈၇


## ရောင်ပြန် တိုင်းရင်းဆေး


ခုညင်းဒိုးဆန် အဆိပ်ဖြေပြန်

တောင်တွင်းအောင်သက်ဦး ———— ၂၇၇

အံ့ဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ

မျိုးသန်းထွန်းကို(ရေစကြို) ———— ၂၇၅

ကလေး လေဆန်နာ၊
သူငယ်နာ ဝမ်းကိုက်၊ အိပ်ပျော်တဲ့ဆေး

ဝင်းဇော်(သုံးဆယ်) ———— ၂၉၅

အာဟာရပြည့်ဆေးဖက်ဝင် သီးနှံအစားအစာများ

သုတေသီဆရာငြိမ်း ———— ၂၉၂



လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို
နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ)
ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။
စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။


www.burmeseclassic.com

www.burmeseclassic.com




## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်


တစ္ဆေသရဲ ခြောက်လှန့်ရာမှာလည်း ရည်ရွယ်ချက်နှင့်
စန်းမောင်မောင် ——— ၁၄၄
အကျည်းတန်သော သမိုင်း၏ စာမျက်နှာများ
လှမိုး(ပညာရေး) ——— ၂၁၃
ပြည်တွင်းပြည်ပ ဗိဇ္ဇာဥ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ——— ၂၃၉


## ရောင်ပြန်ဗေဒင်


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ——— ၃၀၅


## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ——— ၃၁၄


## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ ——— ၃၁၆









အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး

**လာဘ်မိုးရွှေ စာပေ**

တိုက် - ၂၇၊ အခန်း - ၁၂ (မြေညီထပ်)
၅၂ - လမ်း (အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇


www.burmeseclassic.com

www.burmeseclassic.com

# မဟာမြိုင် ပြည်တော်ဝင် ဘိုးတော်အောင်မင်းခေါင်ကြီး
## ဂစ္ဆာသယပုံတော်




သာသနာပြုစေ။ နိဗ္ဗာန်ဆုထိုက်ကြစေ။
ဘေးရန်ကင်းစေ။ ကပ်ဘေးကွေကွင်းရစေ။
ချမ်းသာကြီးပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## ဘိုးမင်းခေါင် သို့ ဦးခိုက်ခြင်း

ဘုန်းလှ

ပုပ္ပားတောင်မ···
ထိုမှအရှေ့မြောက်၊ လှမ်းလျှောက်မဝေး
"စင်မြင့်"ဆိုတဲ့ ကျေးရွာမှာ
မာတာ ပီတု
ဒေါ်မြင်းသစ်+ဦးအောင်ပု
မြန်မာခုနှစ်၊ တစ်-နှစ်-လေး-နှစ်
ရင်နှစ်ပေါက်ဖွား၊ ကြာသပတေးသား
သူဟာ···"မောင်ဘိုးမောင်"တဲ့လား။

ဤသူသည်ကား···
တရားသစ္စာ၊ ကရုဏာနှင့်
မေတ္တာ,သီလ၊ ဝန်းခ သမာဓိ
ဝိဘိလွှမ်းခြုံ···
ထူးခြားဂုဏ်အင်ဆောင်သည့်သူ။



ဤသူသည်ကား ···
ဗုဒ္ဓတရား လက်ကိုင်ထား၍
အများဝေနေ၊ ဒုက္ခတွေကို
အေးစေ, ငြိမ်းစေ···
ဘယာ ချေသိမ်းတတ်သည့်သူ။

မကောင်းသူ···ပယ်
ကောင်းသူ···ကယ်၍
လနှယ်မခြား၊ နေအလားတည့်
ထူးခြားသာသနာ၊ ထွန်းလင်းဖြာခဲ့
မဟာလူသား၊ ထိုလူကား···
ထူးခြားထွန်းပြောင်၊ ဘိုးမင်းခေါင်···တည့်
ဆံဖျားညွှတ်ခ၊ ဦးနှိမ်ချ၏
လောကငြိမ်းချမ်းပါစေသား။ ။

ဘုန်းလှ

www.burmeseclassic.com

www.burmeseclassic.com

# ဘိုးမင်းခေါင်၏ ထွက်ရပ်လမ်း

အလင်္ကာအောင်

- ဝိဇ္ဇာစခန်း
ထွက်ရပ်လမ်းသို့ မမြန်းမီ…။
- အေးချမ်းသာယာ၊ မြို့ကသာရှိ
နာမည်ဘွဲ့မည်၊ "ဇိန်စေတီ" အနီး
အုံ့ဆိုင်းမှုယ်မ၊ "ကမ္ဘာ့မဂ္ဂလိုင်"
နိုင်မာစေတီ တည်ခဲ့သည်။
- မြန်မာပြည်အနှံ့…
လွှမ်းဖြန့်မဲ့၊ ဘယ်ပဲကြည့်ကြည့်
"ကိုးတောင်ပြည့်" ညီ၊ မြတ် "စေတီ" တည်
ကြည်ညိုဖွယ်ပ "တစ်ရာကျော်"။
- တပည့်လိမ္မာ၊ ပါရမီရှင်
မည်အစဉ်ကျော်ကြား၊ မြောက်မြားလှစွာ
ထိုထဲမှာမှ "ရှသေ့" ခေါ်မည်
"ဦးရွှီ" လည်း အပါအဝင်။
- လှပတော်ကြောင်ဖြင့်
အခေါင်ထွက်နန်း
"မဟာသာသနာပြုစခန်း"
ပန်းတိုင်အလား…
တောင်ကလေသပ်ပုပ္ပား သူ ရောက်သွားခဲ့။
- တောင်ပုပ္ပားမှ
တရားရှုပွား၊ ကျင့်ကြံပါရင်း
"ကမ္ဘာ့သလှုံစေတီ" တည်ခဲ့၏။
ထိုတည်သည့်နှစ်…
"လှသည့် တော်သလင်းလပြည့်
တော့ဘို့ နှစ်ရက်၊ ချိန်တွက်အခါ
ညနေ… သေမည်ရှိ…"
မှာကြားလေ၊ ရပ်ပေါက်ချုပ်လျက်
ထွက်ရပ်စခန်း သူကြွမြန်းပြီ
ယနေ့အထိပါတို့ တံ့လေသတည်း။ ။

အလင်္ကာအောင်



www.burmeseclassic.com

www.burmeseclassic.com

# လေးကြိုးမင်းခေါင် ခေါင်လေးခေါင်

ဘုန်းတေဇာ

- အောင်အရပ်...

ခေါင်ပထမံပှာ၊ နတ်သိမ့်သိမ့်
မိုးလုံးငြိမ့်မှူ ငြိမ့်ငြိမ့်ရိုက်ခတ်
ဗုဒ္ဓမြတ်စွာ၊ သာသနာတော်၌
အပေါ်ဝတ၊ ကောင်းချီးပေးလျက်
တောထွန်းပြောင်၊ တန်ခိုးရောင်လျှံ
အခေါင်ထိပ်သီး၊ ဝိဇ္ဇာကြီး...တည့်။

- "ဘိုးမင်းခေါင်..."

"ပုပ္ပားမင်းခေါင်..."
"ဗျူဟာစေတီမင်းခေါင်..."
"တိမ်ကြားမင်းခေါင်..."
ဂုဏ်ရောင်ထွန်းပ၊ နာမအမည်
အသီးသီးတည့်...
ယုံကြည်သူတို့ ရင်ထဲမှာ၊

- အတည်ရပ်ဟန်၊ ပုံမှန်မရှိ

သဏ္ဍာန်အမျိုးမျိုး...
"နတ်ကြီး"...
"ဓာတ်ကြီး"...
"သိုက်ကြီး"...
"သာသနာကြီး"...တဲ့
ကြီးလေးကြီးကိုင်
မထိုင်ပေပါ၊ အဘိုးရှိသည်
အရှိမပေထွေပါ မှန်သည့်တိုင်။ •

ဘုန်းတေဇာ





www.burmeseclassic.com

www.burmeseclassic.com

# ဘိုးမင်းခေါင်ရဲ့ အောင်မြေလက်ာ

တက္ကသိုလ်မိုးမြင့်ဝေ

ဇမ္ဗူတလူ၊ အံ့ဖွယ်လူသား
ထူးခြားသမှု၊ နှိုင်းတုမမြင်
အဘိုးရှိစဉ်က…
ရာဇအောင်မြေ…
ဗုဒ္ဓအောင်မြေ…
ဓမ္မအောင်မြေ…
ဘယ်မြေနင်းနင်း၊ မွေးညင်းထဖွယ်
ကျားသဏ္ဍာန်နှယ်၊ အားမာန်ထည့်ခဲ့။

"အောင်ထူးဆန်း၊ မန်းသိုက်ဝင်
ထင်ကျော်သောင်း၊ ဆောင်းထီးဖြူ
လူထိပ်မိုး၊ ဟိုးဟိုးကျော်
ကျော်ဝှမ်းတက်၊ ဘက်မရှောင်
ခေါင်ဘုန်းကြီး၊ ထီးရွှေနန်း
နန်းကျူရှရာဇာ"…
ဝဲရိုက်ဝဲသွင်း၊ ရဲတင်းလင်္ကာ
မြေလွှာမြေကြီး၊ ပဲ့တင်ဟည်းခဲ့။

အောင်ဇေရတု
အောင်ဆုပြဿာ၊ အောင်မင်္ဂလာဖြင့်
အောင်ချာပေါ်ထွန်း၊ အောင်ဘုန်းကျွန်းထက်
အောင်ပန့်ကြုဖြင့်၊ အောင်ပွဲဆင့်ပြီး
အောင်စည်တီး၍၊ အောင်မောင်းတီးကာ
အောင်ချီးရန်ပ၊ အောင်ပန့်ကျဲပြီး
အောင်ပါစေသော၊ အောင်စေသောဟု
အပြောကျယ်စွာ၊ စကြဝဠာလုံး
ကမ္ဘာဆုံးတိုင်၊ ပဲ့တင်မြိုင်ခဲ့။

အောင်မြေနင်း၍
အောင်ခြင်းလင်္ကာ၊ ကျူးရင့်ပါခဲ့
မြေချာအခုံး၊ လက်ရုံးဆန့်တန်း
အောင်တံခွန်လွှမ်းသော်
အဘိုးဝမ်းမြောက်ပါလိမ့်မည်။ ■

တက္ကသိုလ်မိုးမြင့်ဝေ







www.burmeseclassic.com

www.burmeseclassic.com

## ဂျီး
ညွှန့်သစ်

- တစ်လှမ်းစာ
  မလှမ်းသာလို့
  လမ်းတွေ ကွာထောက်။
- ဘဝလမ်းမှာ
  မချမ်းသာတော့
  ဝမ်းစာတွေ ပျောက်။ ။

ညွှန့်သစ်



www.burmeseclassic.com

www.burmeseclassic.com

# တရားရှာ ကိုယ်မှာတွေ့

ရဲဘော်ကျော်ဆန်း

- အရပ်ဘ ဘဂဝါ ဒေသနာအဟောရတွင်ဖြင့်
တစ်လံသာသာ ဖွေရှာလို့ နေခုရရင်
ကောသာရယ် လောမာရယ်ဆိုတာက ဆံပင်နဲ့အမွေး
ဉာဏ်အမြင်သေးသောကြောင့် သူ မမြင်။
- ပုပ္ပရွရွ သတ္တဝါတွေဟာ
တုတုပပ မွှာဆိုတဲ့ တရားနဲ့
တွက်ဆလိုက်တော့
ဒွန္တာဆိုတာ "သွား" ရဲ့ သဘော။
- သဏ္ဍာန်ပမာပြရလျှင်
မာတ်တိုင်များ စိုက်ထူထားသကဲ့သို့
အရိုး ရိုးတွင်းက ချဉ်ဆီ
တစ်ဆင့်စီ တစ်ဆင့်စီနေတာက အာရုမ္မဏနှလုံး
- ပိတ်ဖုံးနေတာက သည်းခြေ
အဲဒါတွေအားလုံး ပေါင်းလိုက်တော့
မသတီစရာ၊ မစင်အိုးအမြင်ဆိုးစရာတွေ
အဝတ်နှင့်ပတ်ပြီး
အပုပ်ကောင်တွေ ရုပ်ဆောင်နေတာ မဟုတ်ပါလား။
- အဲဒါကြောင့် အနိစ္စ အနိစ္စ ဟိတ်အာလျှတွင်ဖြင့်
သေမင်းခေါ် ပျော်မနေရ
လူရော နတ်ရော ဗြဟ္မာရော လျှင်တခေါပါရပါသတဲ့။
- မြတ်ဗုဒ္ဓပရမေတောင် သွေမရှောင်
ခေမာသောင် ချဉ်းပလားဆိုမှဖြင့်
သေမင်းတစ်ဖန် အောင်တယ်လို့
ကျမ်းအစောင်စောင် စာကပြသည်မို့
အသုဘကမ္မဋ္ဌာန်း စီးမြန်းကြပါစို့ဗျာ။ ။

ရဲဘော်ကျော်ဆန်း

www.burmeseclassic.com

www.burmeseclassic.com

## မပဋ္ဌာ၊ အဟာမွှမ်းပြေ

မောင်စစ်ကြည်(ပန်းတနော်)

● သပြေကသီး
ရောကြီးသတဲ့။
ထန်းသီးကကြွေ
မိုးကစွေသတဲ့။
● မပဋ္ဌာဇာတိ
ငါသွားကြည့်တော့
ပကတိရေပြင်
မီးပင်လယ်ဖြစ်
မျက်ရည်မြစ်တွေ
ရစ်ခွေစီးဆင်း
သံမညင်းပြီ
ခံပြင်းစရာ ကောင်းလှချည့်။ ။



မောင်စစ်ကြည်(ပန်းတနော်)

www.burmeseclassic.com

www.burmeseclassic.com

# မှန်ပြန်

တက္ကသိုလ် စိုးယဉ်

မေတ္တာနှင့်ယှဉ်၊ ကြည့်ပါလျှင်
မေတ္တာပြန်မည်ပင်။
စေတနာနှင့်ယှဉ်၊ ကြည့်ပါလျှင်
စေတနာပြန်မည်ပင်။
အကြင်နာနှင့်ယှဉ်၊ ကြည့်ပါလျှင်
အကြင်နာပြန်မည်ပင်။
အပြုံးနှင့်ယှဉ်၊ ကြည့်ပါလျှင်
အပြုံးပြန်မည်ပင်။
အမုန်းနှင့်ယှဉ်၊ ကြည့်ပါလျှင်
အမုန်းပြန်မည်ပင်။
မှန်ကြည့်ရာတွင် မြင်နေကျ
လောကသဘာဝ။ ။



တက္ကသိုလ်စိုးယဉ်

www.burmeseclassic.com

www.burmeseclassic.com

# စကားလက်ဆောင် ဗောဓိတစ်ထောင်

ဒေါ်ဓမ္မစာရီ (သမီးပဂျီအောင်စိုး)

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ …ာမြိုင်ကျေးရွာရှိ မဟာဗောဓိတစ်ထောင်ကျောင်း …အတွင်း အဆောက်အအုံများကို သွားရောက်ဖူးမြော် …ကြပါရန် စကားလက်ဆောင်ပါးလိုက်ရပါသည်။

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်တွင် တည်ထားသော …ဗောဓိတစ်ထောင်ကျောင်းတိုက်ကို မူလဆရာတော်ကြီး …ဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တနာရဒဆရာတော် မပျံလွန် …မူခင်ကတည်းက တည်ထားဆောက်လုပ်ခဲ့ပါသည်။ …တော်ကြီး ပျံလွန်တော်မူပြီးနောက် ၁၉၉၇ ခုနှစ်က … ကျောင်းထိုင်ဆရာတော် ဦးဝိလာသ ရောက်ရှိလာပြီး …က်အုပ်ချုပ်လျက်ရှိရာ ယခုတိုင်ဖြစ်ပါသည်။ မြေနေရာအကျယ်အဝန်းမှာ ၁၁·၈၈ ဧက ရှိပြီး ဗောဓိပင်များနှင့် ဘုရားရုပ်ပွားဆင်းတုတော်များမှာ တစ်ထောင်ကျော်ရှိပါသည်။ ကြီးကြီးမားမား အဆောက်အအုံကြီးများမှာ သုံးထပ်ဓမ္မာရုံကြီးတစ်ခု၊ တာဝတိံသာဘုရားကြီးတစ်ဆူ၊ ထိုင်တော်မူဓမ္မစကြာဆုတောင်းပြည့် မြတ်စွာဘုရား၊ နဂါးရုံဘုရား၊ ဆရာတော်သီတင်းသုံးနေထိုင်တော်မူလျက်ရှိသော တိုက်ကျောင်းအသေးတစ်ကျောင်း စသည်တို့ရှိပါသည်။ ယခုအခါ သာသနိကအဆောက်အအုံတစ်ခု အသစ်ထပ်၍တိုးချဲ့လာပါသည်။ ၎င်းမှာ ဘုရားကြီးငါးဆူနှင့် ပေ ၆၀ × ၃၀ ပေ ရှိသော အာရုံခံတန်ဆောင်းကြီး ဖြစ်ပါသည်။ ဤအဆောက်အဦအလှူရှင်များမှာ ကံထူးသူမိသားစုဖြစ်ပါသည်။ ကျောင်းဝင်း




ဗောဓိတစ်ထောင်ရုပ်ပွားတော်များ



www.burmeseclassic.com

www.burmeseclassic.com



မမွစကြာ ဆုတောင်းပြည့် မြတ်စွာဘုရား



မုံရွာမြို့ မဟာဗောဓိတစ်ထောင် ဆရာတော်
အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တနာရဒ
မူလဆရာတော်

အတွင်း ဘုရားတည်ရန် မြေနေရာလွတ်ကျယ်ကျယ်လိုချင်ကြောင်း ဆရာပေါ်အားလျှောက်ထားရာ မြေနေရာလွတ်မရှိတော့ကြောင်း၊ လိုချင်လျှင် တာဝတိံသာဘုရားကြီး၏ အရှေ့ဘက်မုခ်တွင်တော့ နေရာကျန်သေးသည်။ ကျယ်မကျယ်၊ ကြိုက်မကြိုက် လိုက်ကြည့်ရန်ပြော၍ ဘုရားတည်လိုသော အလှူရှင်ဇနီးမောင်နှံ ဦးသန်းညွန့်၊ ဒေါ်ထွေးလှတို့လိုက်ကြည့်ပြီး မြေတိုင်းကြည့်ရာတွင် ပေ ၆၀ အရှည် ရှိပြီး အနံပေ ၃၀ ရှိကြောင်းတွေ့ရှိရပြီး ကျန်နေရာကိုကြိုက်ကြောင်း၊ ဘုရားတည်မည်ဖြစ်ကြောင်းပြော၍ ဆရာတော်၌ ကျန်နေသော နောက်ဆုံးမြေနေရာကို ကံထူးစွာဖြင့် စိတ်ကြိုက်ရရှိခဲ့ကြခြင်းဖြစ်ပါသည်။

ဤဘုရားဒကာ ဇနီးမောင်နှံမှာ ဘာသာရေးအလွန်ကြည်ညိုပြီး၊ နေရာမရွေး အလှူမရွေး လှူဒါန်းရန်ပေါ်ပေါက်သောအရာအားလုံးကို လှူဒါန်းနေကြသူများဖြစ်ပါသည်။ အလွန်တရာမှပင် သဒ္ဓါတရားကောင်းပြီး မိမိတို့နှင့် လှူဒါန်းရန်ကြုံကြိုက်သောနေရာတိုင်းတွင် ပကာသနမရှိ လိုအပ်ရာကို လှူဒါန်းနေသော အလှူဒကာများဖြစ်ပါသည်။ ၎င်းတို့ မိသားစု

များစုပေါင်း၍ အမြင့် ၁၁ ပေရှိသော ရုပ်ပွားဆင်းတု
ငါးဆူကို အလှူရှင်ငါးဦးမှ တစ်ဆူစီယူ၍ ထုလုပ်ထား
ခြင်းဖြစ်သည်။ ဦးသန်းညွန့်-ဒေါ်ထွေးလှတို့က တစ်ဆူ၊ အ
ကြီး သီလရှင်ဆရာကြီး ဒေါ်သေီကာက တစ်ဆူ၊ သမီး
မယဉ်ယဉ်မိုးက တစ်ဆူ၊ သားကိုသန်းထိုက်အောင်-နန်း
ကျော့စံ မိသားစုက တစ်ဆူ၊ ဘန်ကောက်မှ ဦးကိုကိုကြ
ယောဂီများက တစ်ဆူ စုစုပေါင်းဘုရားငါးဆူကို ထုလုပ်
ကြပြီး အာရုံခံတန်ဆောင်းနှင့်တကွ လှူဒါန်းကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com




**မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရွှေနံ့သာစံပြကျေးရွာရှိ ဗောဓိတစ်ထောင်ဆရာတော် ဦးဝိလာသ**

...ဆင်းတုတော်ကြီးများစံပယ်ရန် ပလ္လင်မှာ ပလ္လင်ရှည်ကြီး ...တည်းကိုသာ ထုလုပ်ထားပါသည်။ အရှည် ၆၀ ၆၀၊ ... ၇ ပေရှိသော တစ်ခုတည်းသော ပလ္လင်ရှည်ကြီးမျိုးမှာ ...ခဲ့ပါသည်။

ဘုရားကြီးများထုလုပ်ပြီး အာရုံခံတန်ဆောင်းကြီးပါ ...ဆောက်လုပ်ပြီးစီးချိန်တွင် ဘုရားအနေကဇာတင်ခြင်း၊ အာရုံ...ဆောင်းရေစက်ချခြင်း၊ ဆရာတော်ဦးဝိလာသအား ...ထပ်ခြင်း၊ ရဟန်းခံရှင်ပြုနားသမင်္ဂလာများပါပြုလုပ်၍ ...အကျယ် ကျွေးမွေးလှူဒါန်းကြပါသည်။ အရပ်လေး...မှ ရောက်လာကြသော ဘုရားဖူးညှော့ပရိသတ် မြောက်...အား မလောက်မင မရှိရလေအောင် ကျွေးမွေးလှူဒါန်းကြပါသည်။

× × × × ×

မုံရွာမြို့ ဗောဓိတစ်ထောင်ဆရာတော်ကြီး မပျံလွန်တော်မူခင်ကတည်းက ယခုလက်ရှိဆရာတော် ဦးဝိလာသသည် ရန်ကုန်မြို့ရှိ မဟာဗောဓိတစ်ထောင်ကျောင်းတိုက်သို့ မုံရွာမှလာရောက်၍ နေထိုင်ပြီး ဤကျောင်းတိုက်ကို အုပ်ချုပ်ခဲ့ပါသည်။ ဆရာတော် ရောက်ရှိချိန်တွင် ရုပ်ပွားဆင်းတုတော်များ ၂၀၀ ကျော်မျှသာရှိသေးပြီး ယခုအခါ တစ်ထောင်ကျော်သွားပါသည်။ ယခု ဆရာတော်ကျောင်းထိုင်ရာ ကျောင်းတိုက်မှာ အုတ်တိုက်ငယ်လေးသာ ဖြစ်ပါသည်။ နောင်အခါတွင်




**မင်္ဂလာဒုံမြို့နယ် ဗောဓိတစ်ထောင်ကျောင်းဝင်း အတွင်း ဘည်ထားသော ဘုရားငါးဆူနှင့် အာရုံခံတန်ဆောင်းအလှူရှင် ဦးသန်းညွှန့်-ဒေါ်ထွေးလှ**



www.burmeseclassic.com

www.burmeseclassic.com



တာဝတိံသာဘုရားကြီးနှင့် မျက်
ချင်းဆိုင်ရှိ နဂါးရုံဘုရားပုံတော်

ကြီးမားသော ဗောဓိတစ်ထောင်ကျောင်းတိုက်ကြီး ဖြစ်လာပါမည်။ တာဝတိံသာဘုရားကြီးနှင့် နဂါးရုံဘုရားတို့မှာ မျက်နှာချင်းဆိုင် ထုလုပ်တည်ဆောက်ထားပါသည်။ ဘုရားကြီး၏ ရှေ့ဘက်မျက်နှာစာတွင် နဂါးရုံဘုရားနောက်၌ စိမ်းလန်းသော ဗောဓိပင်များနှင့် ဝင်းဝါသောရွှေ အဆင်းရှိသည့် ဆင်းတုတော်များမှာ အလွန်ကြည်ညိုဖွယ်ကောင်းပါသည်။

ဘုရားကြီးများကို အဝေးမှလှမ်းမြင်နိုင်ပါသည်။ မဟာဗောဓိကျောင်းတိုက်အတွင်း ဝင်ဝင်ချင်းတွင် ကျောင်းဝင်းအတွင်း အနည်းငယ်ဝင်မိလျှင် တင်ပျဉ်ခွေထိုင်တော်မူ ဓမ္မစကြာဆုတောင်းပြည့်မြတ်စွာဘုရားကြီးကို ဦးစွာ ပထမ ဖူးတွေ့ရပါမည်။

၎င်းဘုရားဆင်းတုတော်ဘေးတွင် ရပ်တော်မူမြတ်စွာဘုရားပုံတော်ကို မုံရွာမြို့ဗောဓိတစ်ထောင်ကျောင်းတိုက်ရှိ ရပ်တော်မူဘုရားကြီးပုံတော်ကို မုံရွာမြို့ ဗောဓိတစ်ထောင်ကျောင်းတိုက်ရှိ ရပ်တော်မူဘုရားကြီးပုံတော်အတိုင်း ပုံတော်အသေးတစ်ဆူကိုပါ ဖူးတွေ့ရပါမည်။ ဗောဓိတစ်ထောင်ကျောင်းတိုက်ဝင်းအတွင်းသို့ရောက်လျှင် ဗောဓိပင်များကို စိမ်းစိုစွာဖြင့်တွေ့ရပြီး ဘုရားဆင်းတုတော်များကို တောက်ပဝင်းဝါစွာ ရွှေရောင်အဆင်းများဖြင့် မြင်တွေ့ရသူတိုင်းသည် မုံရွာမြို့ ဗောဓိတစ်ထောင်ဘုရားများကို ဖူးနေရသကဲ့သို့ ခံစားရပါသည်။ ကျောင်းတိုက်ဝင်းအတွင်း သုံးထပ်ဓမ္မာရုံကြီးတစ်ဆောင်မှာလည်း ဝံ့ကြွားခံ့ထည်စွာ တည်ရှိပါသည်။

အလှူအတန်းလုပ်သူများမှာ ပူပင်စရာမရှိ။ ဒိုးခွက်ပန်း
လုံလောက်စွာရှိပါသည်။ ယခုဘုရားငါးဆူနှင့် အာရုံခံ
ဆောင်းကြီးမှာ အထင်ရှားဆုံးဖြစ်ပါသည်။ ဘုရားကြီး၏ အ
ဘက်မှခ်မှဆင်းလျှင် ဘုရားငါးဆူကို အေးဆေးစွာထို
အာရုံခံတန်ဆောင်းမှ ဖူးမြော်နိုင်ပါသည်။

တာဝတိံသာဘုရားကြီးအား မှခ်လေးမှခ်တည်ထာ
မှခ်ဝံတစ်ခုစီတွင် ဘုရားကာစ်ဆူစီ လေးဆူရှိပါသည်။ ဘု
အတွင်းပိုင်းနံရံများတွင် မုံရွာမြို့ သမ္ဗုဒ္ဓေစေတီတော်အတ
တွင် ရှယ်တူဆင်းတုတော်ငယ်လေးများဖြင့် ကပ်ပြီး ထု
ထားသကဲ့သို့ တာဝတိံသာဘုရားကြီးအတွင်းတွင်လည်း
လုပ်ပူဇော်ထားပါသည်။ အခြားဘုရားများမရှိဘဲ ဆင်ခံဘု
တစ်ဆူသာရှိပါသည်။ ယခုရေးသားသော ဗောဓိတစ်ထေ
ကျောင်းတိုက်မှ ရုပ်ပွားဆင်းတုတော်များနှင့် အေးချမ်း
ယာသော ဘုရားဝင်းအတွင်း ဘုရားများကို ဖူးမြော်ကြည်
ကြပါရန် စေတနာဖြင့်စကား လက်ဆောင်ပါးလိုက်ရပါသ
ဘုရားသွားရန်လမ်းညွှန်-မြောက်ဥက္ကလာပ မြောက်
မှတ်တိုင်မှ အမှတ်(၁၀၂)ကားကိုစီး၍ အမှတ်(၃)လ
ကြီးအတိုင်း နီလာမှတ်တိုင်တွင်ဆင်းပါ။ ဆိုင်ကယ်စီး၍
ရန်။ ရွှိုင်ရယ်စတိုးဆိုင်းဘုတ်ရှိသည့်လမ်းမှဝင်ရန်။

ဒေါ်ဓမ္မစာရီ (သမီးဗဂျီအောင်



www.burmeseclassic.com


www.burmeseclassic.com

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ

# (ယောဆရာတော်) ၏

# မွေးနေ့မင်္ဂလာရတနာ တရားမှတ်စုများ



ကျော်ဇောဟိန်း(နံ့သာ)

တစ်နှစ်တစ်ခါ မွေးနေ့ပါ လူမှာ ခေါ်ရိုးရှိ၊ တကယ်ပြောင်းတာ ရုပ်နာမ်ပါ၊ ခန္ဓာမမြဲသိ။ ရုပ်နာမ်ဓမ္မ မမြဲကြ၊ ခဏခဏပြောင်းနေ၏။ သေမင်းမှတ်တိုင်၊ နောက်တစ်ပိုင်၊ ရင်ဆိုင်ရောက်လာ၏။ မွေးနေ့ဆိုတာ၊ အိုပွဲပါ၊ သောချာဉာဏ်ဖြင့်ကြည့်။ မရပ်မနား၊ ယုတ်လျော့ပြား၊ ကုန်သွားဉာဏ်ဖြင့်ကြည့်။ စွမ်းရည်မြင့်မား၊ ထူးခြားလေးနက်ကြီးပွားတက်သော်၊ နှစ်သက်ဖွယ်ရာ၊ ဝမ်းမြောက်ဝမ်းသာ၊ ခေါ်တာ ဉာဏ်ဖြင့်ကြည့်။

ငြီးငွေ့စရာ၊ အိုသောခါ၊ ခေါ်တာဉာဏ်ဖြင့်ကြည့်။ အသက်သိက္ခာ၊ ကြီးစရာ၊ လူမှာနှစ်မျိုးရှိ။ အသက်ကြီးရုံ၊ အားမစုံ၊ အကုန်ကြောက်ရ၏။ အသိမကြွယ်၊ အကျင့်ကွယ်၊ အိုပယ်ဖြစ်သွား၏။ အကျင့်သိက္ခာကြီးမှသာ၊ မှန်စွာစိတ်အေး၏။ ကြီးလေလုလေ၊ အေးမြပေ၊ လူတွေချစ်ကြ၏။ မွေးနေ့မင်္ဂလာ၊ ရတနာ၊ ကောင်းစွာရအောင်ဖြည့်။

www.burmeseclassic.com

www.burmeseclassic.com

## အပြစ်ကင်းအောင်၊ ကောင်းကျိုးဆောင်

လူတွေဟာ မိမိရဲ့ ယခုလက်ရှိ လူ့ဘဝရောက်လာခဲ့တဲ့ မွေးနေ့ကို အမှတ်တရ မြတ်မြတ်နိုးနိုး ဂုဏ်ယူတတ်ကြပါတယ်။ ယခု လူ့ဘဝကိုရရှိအောင် အကျိုးပေးလိုက်တဲ့ အတိတ်ဘဝကုသိုလ်ကံအတွက် အားတက်ဂုဏ်ယူသလို လူ့ဘဝစွမ်းရည်မြင့်မားအောင် ကောင်းမှုတရားနဲ့ပဲ မြှင့်တင်ကြိုးစားနေတတ်ကြပါတယ်။ လူဆိုတာ အပြစ်ကင်းတဲ့ကောင်းမှုကြောင့် လူဖြစ်ခဲ့ရတာဖြစ်လို့ အပြစ်ကင်းကင်း ရှင်းရှင်းနေနိုင်ဖို့ သတိထားကြိုးစားရပါတယ်။

အပြစ်ကင်းတဲ့အရသာ ဘယ်လောက်ကောင်းတယ်ဆိုတာ အပြစ်တစ်စုံတစ်ရာ တွေ့ကြုံရလို့ အရှက်ကွဲရ၊ ပူလောင်ရတဲ့အခါမှ ပိုသိရတတ်ပါတယ်။ ပြီးတော့ ကောင်းကျိုးပေးတတ်တဲ့ ကုသိုလ်ကြောင့် လူ့ဘဝရောက်လာရတာဖြစ်လို့ လူဆိုတာ မိမိ၊ သူတစ်ပါး၊ လောက၊ သာသနာ ကောင်းကျိုးဆောင်ပေးနိုင်ဖို့လည်း အထူးပဲ လိုအပ်မှာပါ။ နည်းမှန်လမ်းမှန် ကောင်းကျိုးဆောင်ပေးနိုင်ရင် အပြစ်ကင်းမှာ သေချာပေါက်ပဲ။

## မွေးနေ့ဆိုတာ အိုပွဲပါ

လူတစ်ယောက်ရဲ့ မွေးနေ့အစစ်ဆိုတာ အူဝဲ၊ အူဝဲနဲ့ ကယောင်ကတမ်း အော်ဟစ်ငိုကြွေးရင်း အမိဝမ်းက ကျွတ်ထွက်ဖွားမြင်ခဲ့ရတဲ့ တစ်နေ့တည်းပါ။ မွေးနေ့အစစ်လုပ်ချင်ရင် အဲဒီဖွားမြင်နေ့မှာပဲ လုပ်ပေးရမှာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီမွေးနေ့မှာ မွေးနေ့ရှင်ကိုယ်တိုင်က ဘာမှနားမလည်သေးပါဘူး။ မိဘတွေက မွေးနေ့လုပ်ပေးရင်လည်း အရေအတွက်မျှသာရှိသေးပြီး အရည်အသွေးအားဖြင့် ဘယ်လိုလူတန်းစားဆိုတာ သရုပ်မကွဲသေးလို့ အားတက်သရောရှိလှမယ်မဟုတ်ပါဘူး။

နောက်ထပ် နှစ်စဉ်ရောက်ရှိလာတဲ့ ရက်တွေကိုတော့ မွေးနေ့အစစ်နဲ့ ရက်ချင်းတူလို့ စကားအနေနဲ့တင်စားပြီး မွေးနေ့လို့ပြောကြတာပါ။ တကယ်တော့ အရင်နှစ်တွေကထက်ပိုပြီး အိုမင်းရင့်ရော်လာတာဖြစ်လို့ အိုပွဲနေ့တွေသာ ဖြစ်ပါတယ်။ မွေးနေ့ဆိုတာ အိုပွဲပါ။ စကားဆိုတာ ပြောဖြစ်ရုံပါ။ တရားဆိုတာ အမှန်သိဖို့၊ အပူငြိမ်းဖို့ပါ။

## အိုပွဲလုပ်တာ ရဲဖို့ပါ

ပုထုဇဉ်ဆိုတာ အဖြစ်ကိုပဲ လိုချင်ကြတယ်။ အပျက်ကိုတော့ မလိုချင်ဘူး။ ဖြစ်ချင်တာမှ ခဏခဏဖြစ်ချင်တယ်။ အများကြီးလည်းဖြစ်ချင်တယ်။ အပျက်ဆိုရင် တစ်ခုမှမလိုချင်ဘူး။ လုံးဝမပျက်ချင်ဘူး။ မဖြစ်နိုင်တာကို တောင့်တနေတာကပဲ ဆင်းရဲကြောင်းပါ။ နာတဲ့ပွဲ၊ သေတဲ့ပွဲတွေရဲ့ သွားအောင်၊ နည်းသွားအောင်၊ စဲသွားအောင်လို့ အိုတဲ့ပွဲကို မှတ်မှတ်ရရ လုပ်ပေးကြရတာပါ။ အိုတဲ့နေ့မှာ အိုပွဲလက်ဆောင် ကောင်းမှုတရားရဖို့လိုသလို နာတဲ့နေ့မှာ နာပွဲလက်ဆောင် ကောင်းကောင်းရဖို့၊ သေတဲ့နေ့ရောက်တော့လည်း သေပွဲလက်ဆောင် လှလှပပရဖို့ တရားဘာဝနာအလုပ်ကို သဲသဲမဲမဲ၊ စွဲစွဲမြဲမြဲ ပွားများအားထုတ်ထားရမှာ ဖြစ်ပါတယ်။

ခန္ဓာဟာ သူက ကိုယ့်ကို မညှာမတာ နှိပ်စက်နေတာဖြစ်လို့ ကိုယ်ကလည်း သူ့ကို မညှာမတာခိုင်းပေးမှ ခန္ဓာက ဘဝလက်ဆောင် ပြန်ပေးမှာပါ။

## မွေးနေ့နှင့် သေနေ့ နီးနီးလေး

မွေးဖွားပြီးတာနဲ့ ရပ်နေတာမဟုတ်တော့ အနိစ္စသဘောကြောင့် အဆက်မပြတ် ပြောင်းလဲနေတယ်။ ဇရာသဘောကြောင့်လည်း ရင့်ကျက်နေတယ်။ တစ်စတစ်စ အိုနေတယ်။ မွေးဖွားလာတာနဲ့ တစ်ပြိုင်နက် အိုခြင်းနဲ့နာခြင်းက ဆီးကြိုတယ်။ အိုခြင်း၊ နာခြင်းကို ငယ်ငယ်လေးက စတွေ့ခဲ့ရတာကြောင့် ငယ်ပေါင်းသူငယ်ချင်းလို့ ဆိုနိုင်တယ်။ (ရုပ်က ပွင့်ပွင့်လင်းလင်း အိုပြလို့သာ ကြီးလာမှန်းသိရတာပါ။ စိတ်ကြောင့်သာဆိုရင် ကြီးမှန်းသိရမှာမဟုတ်ဘူး။ ကြာလေ ငယ်လေဖြစ်ချင်ဖြစ်နေမှာပါ။)

တစ်နှစ်တစ်ခါ တင်စားခေါ်ရတဲ့ မွေးနေ့ကို မနှစ်ကထက်ပိုပြီး သေဖို့နီးလာတာဖြစ်လို့ သေခါနီးတဲ့နေ့လို့ဆိုရင်လည်း မှန်တာပဲ။ မွေးနေ့ရောက်တိုင်း သေမင်းမှတ်တိုင် တစ်တိုင်နီးလာတယ်။ သက်တမ်းတိုလှတဲ့ ဆုတ်ကပ်ကာလဖြစ်နေတာလည်း တစ်ကြောင်း၊ အကြောင်းဖောက်ပြန်ရင် အချိန်မရွေးသေနိုင်တာလည်း တစ်ကြောင်း၊ ပြောင်းလဲဖောက်ပြန်မှု မြန်လွန်းတာလည်း တစ်ကြောင်းကြောင့် မွေးနေ့နှင့် သေနေ့ နီးနီးလေးပါ။ မေ့မေ့လျော့လျော့ ပျော်နေရမယ့်အချိန် သိပ်မရှိလှပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

တစ်နည်းပြောရရင် ပရမတ်အားဖြင့် ရုပ်နာမ်ခန္ဓာတွေ မခိုင်မြဲလို့ အဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲနေကြတာဆိုတော့ နေ့စဉ်နေ့တိုင်း မွေးနေ့နှင့် သေနေ့တွေချည်းပဲ။ ဖြစ်ချိန်က မွေးချိန်၊ ပျက်ချိန်က သေချိန်ပေါ့။ ဒါဆိုတာ မွေးတာ၊ အိုတာ၊ နာတာ၊ သေတာကို ငေးကြည့်နေဖို့ မဟုတ်ဘူး။ အမြန်သုံးဖို့သာ ဖြစ်တယ်။ နေ့တိုင်း မွေးနေ့ဖြစ်နိုင်တာဆိုတော့ နေ့တိုင်းပဲ ကောင်းမှုလုပ်နေရမှာပါ။ တစ်နည်းအားဖြင့် အချိန်တိုင်းပဲ မွေးနေ့ဖြစ်နိုင်တာဖြစ်လို့ အချိန်တိုင်း ကောင်းမှုပြုအောင် အချိန်ထိန်းကိရိယာ သတိကို အမြဲကိုင်ထားရမယ်။

## အရွယ်ဆိုတာ မရပ်ပါ

ဖွားမြင်လာတော့ အရွယ်ဆိုတာ ရပ်နေတာ မဟုတ်ဘူး။ ကြိုးချည်ထားလို့လည်း မရဘူး။ ခေတ်မီစက်ကိရိယာတွေနဲ့ ထိန်းချုပ်ပြီး ရပ်ထားလို့လည်းမရဘူး။ အရွယ်ဆိုတာ မရပ်မနားသွားနေတယ်။ အရွယ်ဟာ ဒီဘက်ကြည့်ရင် ကြီးလာပေမယ့် ဟိုဘက်ကကြည့်ရင် ငယ်သွားပါတယ်။ အရွယ်ကြီးလာလေ နောက်ထပ်ရမယ့် အချိန်နည်းလာလေပဲ။ တစ်မိနစ်ကုန်သွားတိုင်း နောက်ထပ်ရမယ့်အချိန် တစ်မိနစ် ယုတ်လျော့သွားပါတယ်။ ရှေ့ကကြီးလာလေ နောက်ကငယ်သွားလေပဲ။ အရွယ်ငယ်ငယ်ကလေးကနေ ကြီးလာတော့ အရွယ်က မိဘတို့ရဲ့ နှစ်သက်ဝမ်းမြောက်မှုကို ပေးတယ်။ မိဘ စသူတို့ကလည်း ဝမ်းမြောက်ဝမ်းသာအရွယ်ကို ကြိုဆိုကြတယ်။

အကျင့်သိက္ခာကောင်းရင်… အသက်အရွယ်ကြီးလို့ အိုမင်းလာတာတောင်မှ ဝမ်းသာအားရ ကြိုဆိုနေကြတုန်းပါ။ ချစ်ခင်မြတ်နိုး အားကိုးလေးစားနေကြတုန်းပါ။ အရွယ်က ဆွေးမြည့်ယိုယွင်း အိုလာတော့ အများရဲ့ ငြီးငွေ့မှုကို ခေါ်နေတတ်တယ်။ နာရင်လည်း ခေါ်တတ်တာပါပဲ။ အများကလည်း ငြီးငွေ့စွာနဲ့ ကြိုဆိုကြတယ်။ ပျိုမျစ်နုနယ် ရွှင်ချစ်စဖွယ်ကောင်းတဲ့ အရွယ်ကို ဇရာက မညှာမတာ လောင်မြိုက်ရိုက်ချိုး ဖျက်ဆီးပစ်တတ်တာပါပဲလားလို့ သံဝေဂဉာဏ်ဖြစ်စရာတွေ ပေါ်လာတတ်တယ်။

အရွယ်တွေ အချိန်တွေ ကုန်ဆုံးယုတ်လျော့သွားတဲ့နေရာမှာ တရားက လွဲလို့ ဘာမှအစားထိုးစရာမရှိပါဘူး။ ရတနာဆိုင် ဖွင့်လှစ်ရောင်းချသူဟာ ဆိုင်ရှင်အလစ်မှာ သိန်းတန်ရတနာ အခိုးခံရလျှင် အဖိုးအခမရလို့ ပူရမယ်။ တရားအဖိုးအခမရဘဲ အချိန်အရွယ် ကုန်သွားသူလည်း အားငယ်ပူလောင်ရမယ်။ ဝယ်သူရှိလို့ ရတနာရောင်းရသူဟာ ထိုက်တန်တဲ့ အဖိုးအခရလို့ ဝမ်းသာရတယ်။ အချိန်အရွယ်ကုန်သွားတိုင်း တရားအစားထိုးနိုင်သူဟာ ပျော်ရွှင်အားတက်ရပါတယ်။

## မွေးနေ့မင်္ဂလာ ရတနာ

မွေးနေ့အစစ်ကိုပဲ မွေးနေ့လို့ပြောပြော၊ အိုပွဲနေ့ကိုပဲ စကားနဲ့တင်စားပြီး မွေးနေ့လို့ပြောပြော သတိဉာဏ်နဲ့ အကုသိုလ်ကင်းအောင်၊ ရှင်းနိုင်ရင် ကုသိုလ်များအောင်ဖြင့်သွင်းနိုင်ရင် မွေးနေ့မင်္ဂလာ ဖြစ်သွားပြီပဲ။ ရတနာဆိုတဲ့ ပါဠိစကားကို မြန်မာသံနဲ့ ရတနာလို့ခေါ်တာပါ။ ရလာတဲ့ ကောင်းမှုတရားအားလုံးကို ရတနာလို့ ခေါ်နိုင်ပါတယ်။ ကောင်းမှုရှင်ကို နှစ်သက်ရွှင်ပြုံးအားတက်စေတတ်တဲ့ အကြောင်းပေါ့။ ပျော်ရွှင်အားတက်စရာ ကောင်းတာ ဘာမှမရှိပါဘူး။

ကောင်းမှုတရားဆိုတာ မိဘမပေးနိုင်တာကိုတောင် ပေးနိုင်တယ်။ ပိုက်ဆံပေးဝယ်လို့ မရနိုင်တာတွေကို သူ့အကုန်ပေးနိုင်တယ်။ ပြီးတော့ အခက်အခဲအားလုံး ဖြေရှင်းပေးနိုင်တယ်။ ဘေးရန်အပူအားလုံး ဖယ်ရှားတားမြစ်နိုင်တယ်။ ဒါကြောင့် ကုသိုလ်လုပ်ရတာဟာ ပျော်စရာအကောင်းဆုံးပါ။ ပြီးတော့ ကုသိုလ်ဟာ လုပ်ပြီးရင် စိတ်ထဲမှာ မြတ်မြတ်နိုးနိုး လေးလေးစားစား ထားထိုက်တယ်။ စိတ်ထဲမှာ ဖော်ယူလိုက်တိုင်း အတိုးအပွားတွေ ပြန်တက်တယ်။ စိတ်ထဲပေါ်လာတိုင်း အားတွေထပ်တိုးရတယ်။ ဒါကြောင့် ရတနာလို့ ခေါ်နိုင်တယ်။

တန်ဖိုးကြီးမား များပြားလွန်းလို့လည်း ကောင်းမှုတရားကို ရတနာခေါ်နိုင်တာပါ။ အရေးကြုံလာရင် မိဘဆွေမျိုးတွေထက် အားကိုးရတယ်။ လောကပိုက်ဆံ ပစ္စည်းတွေထက် အဆများစွာ တန်ဖိုးကြီးတယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ လောကီလောကုတ္တရာ ကောင်းကျိုးကို ပေးနိုင်တယ်။ အကျိုးပေး သိပ်ပြီးကြီးကျယ်များပြားလှပါတယ်။ ကံတကယ်ကောင်းရင် အများမော်ကြည့်ရတာပါ။ ကောင်းမှုတရားဆိုတာ ဘာနဲ့ပြိုင်ပြိုင် ကိုယ်ကချည်း



www.burmeseclassic.com

www.burmeseclassic.com

နိုင်ရတာဖြစ်လို့လည်း ရတနာပါ။ စဖြစ်လာကတည်းက အရှိန်ပြင်းလှတဲ့ လောဘ၊ ဒေါသ၊ မောဟတွေကို နိုင်နိုင်နင်းနင်း နှိမ်နင်းအနိုင်ယူခဲ့တာဖြစ်လို့ အရှိန်အဝါသိပ်ကြီးတယ်။

မိဘဆွေမျိုး မဖြေရှင်းနိုင်တဲ့ အခက်အခဲ၊ ပိုက်ဆံပစ္စည်း အများကြီးပေးလို့တောင်မှ မဖြေရှင်းနိုင်တဲ့အခက်အခဲ ဘယ်သူ့အမိန့်နဲ့မှ တားမရနိုင်တဲ့ အခက်အခဲတွေကို ဖြေရှင်းတားမြစ်နိုင်တယ်။ ကိုယ့်စိတ်စေတနာဟာ တကယ်သုံးတတ်ရင် သိပ်အံ့ဩစရာကြီးပါ။ ကောင်းမှုဆိုတာ စိတ်ထဲမှာတွေ့ကြုံဖို့ဖြစ်ဖို့ ခက်ခဲလှတဲ့ ရှားပါးပစ္စည်းဖြစ်တဲ့ကြောင့်လည်း ရတနာဖြစ်တယ်။ ပုထုဇဉ်စိတ်ဟာ လောဘ၊ ဒေါသ၊ မောဟနှင့်တွေ့ဆုံဖို့ လွယ်ကူလွန်းလို့ မကောင်းမှုဖြစ်ဖို့ သိပ်လွယ်ပါတယ်။ အကုသိုလ်တစ်ခုဖြစ်ဖို့ သိပ်ကြောင့်ကြစိုက်စရာ မလိုဘူး။

သဒ္ဓါ၊သတိ၊ဉာဏ် စတဲ့ အကောင်းတရားနှင့်စိတ် တွေ့ဆုံဖို့ သိပ်ခက်ခဲတယ်။ စိတ်ထဲကုသိုလ်ဖြစ်ဖို့ တော်တော်ခက်ခဲတယ်။ သာမန်ပုထုဇဉ်ရဲ့ တစ်နေ့တာကာလမှာ အကုသိုလ်ဖြစ်ချိန်က ကုသိုလ်ဖြစ်ချိန်ထက် ပိုများပါတယ်။ ဒါပေမယ့် ကုသိုလ်ဆိုတာ ကိုယ့်စိတ်ကိုနိုင်လို့သာ ရလာတာဖြစ်တာကြောင့် အကုသိုလ်ထက် အဆများစွာ အားကောင်းပါတယ်။

## သီလ၊ သမာဓိ၊ ပညာ ဖြည့်ကျင့်တော့မယ်ဆိုရင်

ကောင်းမှုတရားဆိုတာ အထက်တန်းစားပုဂ္ဂိုလ်တို့ရဲ့ အသုံးအဆောင်ဖြစ်လို့ ရတနာပါ ကောင်းမှုဟာ ကောင်းမှုနဲ့တန်တဲ့ အထက်တန်းစားစိတ်ရှိသူမှသာဖြစ်နိုင်တယ်။ လောဘ၊ ဒေါသ၊ မောဟဦးစီးတဲ့ အောက်တန်းစားစိတ်နဲ့ ကုသိုလ်မပေါ်နိုင်ပါဘူး။ အလှူလုပ်ချင်ရင် အလှူနဲ့ထိုက်တဲ့ သဒ္ဓါ၊ မေတ္တာ၊ ပညာဦးစီးတဲ့ အထက်တန်းစားစိတ်ဖြစ်အောင် လုပ်ရတယ်။

သီလ၊ သမာဓိ၊ ပညာဖြည့်ကျင့်တော့မယ်ဆိုရင်လည်း ထိုက်တန်တဲ့ စိတ်ကောင်းရှိမှ ဖြည့်ကျင့်နိုင်ပါတယ်။ ဈေးဝယ်ရသလိုပါပဲ။ ထိုက်တန်တဲ့ အဖိုးအခနဲ့တူတဲ့ အထက်တန်းစားစိတ်တွေ ထုတ်ပေးနိုင်မှ အထက်တန်းကောင်းမှုတွေရမယ်။ အထက်တန်းစားကောင်းမှုရှိမှ အံ့ဩစရာ အထက်တန်းကောင်းကျိုးတွေ ပေးမယ်။

## အောက်တန်းစားစိတ်ကို လွှမ်းမိုးနိုင်ဖို့

အထက်တန်းစားစိတ် များများဖြစ်ဖို့ အထက်တန်းတရားဖြစ်တဲ့ သတိဉာဏ် အမြဲကိုင်နိုင်အောင် ကြိုးစားနေရမှာပဲ။ ပါရမီဆိုတာ အထက်တန်းပုဂ္ဂိုလ်တွေရဲ့ အလုပ်ပါ။

## ပြေးမလွတ်ချေ အိုနာသေ

မလိုချင်ဘဲ ရလာတဲ့ မွေးနေ့ရဲ့ အကျိုးဆက်တော့ အို၊ နာ၊ သေပဲ ဘယ်သူမှ ရှောင်လွှဲလို့မရနိုင်ပါဘူး။ မွေးဖွားပြီးတာနဲ့ သူတို့က မလွတ်အောင် ဆုပ်ကိုင်ထားလိုက်ပြီပဲ။ ကြောင်လက်ထဲရောက်သွားတဲ့ ကြွက်ဟာ လွတ်လမ်းလုံးဝမရှိတော့ပါဘူး။ ကြောင်က နည်းမျိုးစုံ အား‌ေ အာင် ဆော့ကစားပြီး ကြွက်ကို ဝါးစားပစ်လိုက်တာပါ။ (ခန္ဓာလည်း ဒီအတိုင်းပါပဲ။ ဇာတိကြောင်လက်ထဲ ရောက်သွားပြီဆိုတော့ ဇရာမရဏ၊ ဒုက္ခမျိုးစုံနဲ့ နည်းမျိုးစုံဆော့ကစားပြီး မရဏရဲ့ဝါးစားပစ်တာကို ကောန်ခံရမှာပါ။ လွတ်များလွတ်ဦးမှာလားလို့ ဘာမှ သံသယပွား စဉ်းစားစရာမလိုပါဘူး။ ကေန်သေမှာပါ။

မွေးနေ့လို့ပြောရဲရင် အိုနေ့၊ နာနေ့၊ သေနေ့လို့ ရဲရဲပြောနိုင်အောင်လည်း ကြိုးစားရှုပေါ့။ အိုနေ့ကတော့ နေ့တိုင်းရောက်နေတာပါ။ ရုတ်တရက် အိုရုပ်မပေါက်သေးပေမယ့် နီနီ၊ ရဲရဲ၊ သေးသေးမွှားမွှား၊ နုနုလေးကနေ တစ်စတစ်စ ရင့်လာတာဟာ ဇရာသဘောကြောင့်ပါ။ နေ့တိုင်း အိုပွဲမှာရဲဖို့ ကော ်းမှု ြအောင် သတိထားကြိုးစားနေရမှာ ဖြစ်လေတော့သည်။

သတ္တဝါမှန်သမျှ ဘေးမဲ့ အေးမြရွှင်လန်းပါစေ

**ကျော်ဇောဟိန်း(နံ့သာ)**

<u>ကိုးကား</u>

တိပိဋကယောဆရာတော်၏ မွေးနေ့မင်္ဂလာရတနာ (၆၂)နှစ်ပြည့် အထူးလက်ဆောင် စာအုပ်မှ။



www.burmeseclassic.com


www.burmeseclassic.com

# ဆွမ်းလောင်းဆင်နွှဲ ရွှေဟင်္သာတောင်တိုဘုရားပွဲ

## ဣစ္ဆာသယမဟိဒ္ဓိစေ ပေဒသုတေသီဆရာမျိုး

စာရေးသူသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးတောင်တိုဒေသမှ ကျောင်းဆရာတော် ဦးစန္ဒာဝံရ၏ ကြိုတင်ဖိတ်ကြားချက် ... ရွှေဟင်္သာကျ တောင်တိုမွေတော်ဘုရားကြီး၏ ဆွမ်းလောင်းပွဲတော်သို့ ရောက်ရှိခဲ့ရပါလေ၏။ စာရေးသူကို တောင်တိုဘုရား ဦးစီးနာယက ဆရာတော်များဖြစ်တော်မူ ...သော ထီးလင်းဆရာတော် ဦးစန္ဒာဝံရ၊ ကျိုင်းခမ်း ...က်ကျောင်းဆရာတော် ဦးဉာဏဓမ္မ၊ ဂေါပကဥက္ကဋ္ဌ ...အောင်မြင့်တို့သည် လှိုက်လှဲဝမ်းမြောက်စွာဖြင့် ကြိုဆို ...ပါသည်။

အဝင်မုခ်ဦးကြီးမှာ တောင်ကြီးမြို့မှ ဦးအောင်ကျော်နိုင် + ဒေါ်တင်တင်ထွေး မိသားစုမှ မတည်၍ တောင်ကြီးအင်းသား လူမှုရေးအသင်းကြီး၏ ကောင်းမှုအဖြစ်ဖြင့် လှပတင့်တယ် ခံ့ညားစွာတွေ့မြင်ရပါသည်။ စောင်းတန်းရှည်ကြီးတစ်လျှောက်တွင် အခိုင်အမာဆောက်လုပ်ထားသော ဆွမ်းလောင်းရုံများကို မျက်စိတစ်ဆုံးတွေ့မြင်ရပြီး လျှင် မည်သည့်အရပ်ဒေသတွင်မျှ မတွေ့မြင်ဖူးသေးပေသော ဒါနမြင်ကွင်းတစ်ရပ်ပင်ဖြစ်ပါသည်။ ရွှေဟင်္သာကျ တောင်တိုမွေတော်ဘုရားကြီးမှာလည်း အရံစေတီပေါင်း မြောက်မြားစွာနှင့်အတူ တင့်တယ်သပ္ပာယ်လှပေသည်။





www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၊ မိုင်းသောက်ရွှေမုဋ္ဌောစေတီတော်တွင် ယမန်နှစ်က ကူးယူရရှိခဲ့သော နရပတိစည်သူမင်းကြီး၏ သမိုင်းပေစာတွင်ပါရှိသည်မှာ –

နရပတိစည်သူမင်းကြီးသည် နန်းပန်အလိုတော်ပေါက်စေတီကို တည်ထားကိုးကွယ်ပြီးကာမှ ဒက္ခိဏဒိသာတောင်အရပ်သို့ ဖောင်တော်တစ်သိန်းသားတို့နှင့်တကွ ဆန်တက်တော်မူကြလျှင် တောင်တစ်လုံး အစွန်းထွက်သည်ကို နရပတိစည်သူမင်းကြီးမြင်တော်မူလျှင် သမဖြူ သမညိုတို့ကို မင်းကြီးခေါ်၍ သမဖြူသမညိုတို့ကလည်း ဤသို့နားတော်လျှောက်ကြကုန်၏။ ဤတောင်သည်ကား အတိုက်ရတောင်ဖြစ်ပါသည်ဟု လျှောက်ကြလေသော်၊ ဤတောင်၏အမည်ကို မည်သို့ခေါ်သနည်းဟု မင်းကြီးမေးတော်မူလေသော် သမဖြူ သမညိုတို့ကလည်း ရှမ်းတို့ဘာသာ လွယ်ပွတ်ဟူ၍ဆိုပါသည်။ မြန်မာတို့ဘာသာမှာ တောင်တိုဟူ၍ ဆိုကြပါသည်၊ ယင်းသို့ပြီးမှ ဘုရားစေတီတည်ထားမည်ဟု ရွှေပန်းတောင်းကို မိဋ္ဌာန်၍လွှတ်လေသော် ရွှေပန်းတောင်းသည် ရွှေဟသာကဲ့သို့ ပျံတက်လေ၍ တောင် ခါးပန်းတွင်ကျလေ၏။ ထိုရွှေဟသာကျရာအရပ်တွင် ဌာပနာတိုက်တွင် အနက် ၁ရတောင်တူးစေပြီးမှ ရတနာကျောက်မျိုး ၇ ပြည်တစ်ခွက်၊ ဓာတ်တော်မွေတော်တစ်ဆူနှင့်တကွ သွတ်သွင်းပြီးမှ ကျောက်ဖျာကိုယူ၍ လုံခြုံစွာပိတ်ဖုံးပြီးမှ ဘုရားစေတီတည်ထားတော်မူခဲ့သည်။ ငါတည်ထားတော်မူသော စေတီဘုရားရှင်သည်ကား ရွှေဟသာဘုရားဟူ၍ သမုတ်ခဲ့သည်။ ငါတည်ထားတော်မူသော ဘုရားရှင်ကို ခပ်သိမ်းသောဝေနေယျသတ္တဝါအပေါင်းတို့၊ သူတော်ကောင်းတို့သည် ဆွမ်း၊ သင်္ကန်း၊ ပရိက္ခရာ၊ ဆီမီး၊ တံခွန်၊ ကြက်လျှာ၊ ပန်း၊ ပေါက်ပေါက်တို့ဖြင့် လှူဒါန်းပူဇော်၍ တမြက်တလင်း၊ ပေါင်းမြက်သုတ်သင်၍ ပြင်ဆင်သော သူတို့သည် ငါကဲ့သို့ဘုန်းတန်ခိုးအာနုဘော် ကျော်စောထင်ရှားဖြစ်စေ သားဟု မိဋ္ဌာန်တော်မူပြီးလျှင် ဒိက္ခဏာဒိသာတောင်အရပ်သို့ ဘောင်တော်တစ်သိန်းသားတို့နှင့်တကွ ဆန်တက်တော်မူလေသည်။

စည်လိုက်သည့် ပွဲဈေးတန်းကြီးကလည်း တစ်မျှော်ကစ်ခေါ်ကြီးပါပင်။ ဈေးတန်းအဆုံး၌ မန္တလေးပန်တြာဖော်ဖြိုး အနုပညာအင်အားကလည်း သုံးရက်ဆက်တိုက်ကပြအသုံးတော်ခံလျက် ရှိပေသည်။ ဆွမ်းလောင်းပွဲကျင်းပ



ပုံမှာ တစ်မူထူးခြားစွာဖြင့် ပထမနေ့တွင် ဆွမ်းဆန်စိမ်း
ဒုတိယနေ့တွင် ဆွမ်းကျက်လောင်းလှူမည်ဖြစ်ကြောင်း
ရှိရပါသည်။ ထီးလင်းဆရာတော်ဦးဆောင်သော နာယ
ဆရာတော် ၁၃ ပါးတို့သည် ပွဲခင်းတစ်လျှောက်နှိုင်
စွာ အုပ်ချုပ်စီမံတော်မူကြပါသည်။ ဈေးဆိုင်တန်းများ နေ
ချထားခြင်း၊ ပင့်သံဃာတော်များ သီတင်းသုံးနိုင်ရန်
ရာချထားခြင်း၊ ဧည့်ပရိသတ်များကို ကြိုဆိုနေရာချ
ခြင်း၊ အလှူခံဌာနဖွင့်လှစ်ခြင်း၊ အလံတော်များစီစဉ်
ဧည့်ခံကျွေးမွေးရေးစီစဉ်ခြင်း၊ အခမ်းအနားပြင်ဆင်
အစရှိသည်တို့ဖြင့် ဥက္ကဋ္ဌဦးအောင်မြင့် ဦးဆောင်
အကျိုးတော်ဆောင်အဖွဲ့မှလည်း ပြေးလွှားလှုပ်ရှားလျ
ရှိပါသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲအစီအစဉ်ကို နေ့လ
၂ နာရီအချိန်တွင် စတင်ကျင်းပပြုလုပ်ရာ ပင့်ကျော
၁၄၁ ကျောင်းမှ ကြွရောက်တော်မူလာကြကုန်သော
တော် ၁၂၂၂ ပါးတို့၏ အလှူခံယူတော်မူကြပုံ



www.burmeseclassic.com

www.burmeseclassic.com

ရားစောင်းတန်းတစ်လျှော ၌ သာသနာရောင်ဝါများ
လို့သွားပါသည်။ ကြည်နူးချမ်းမြေ့ဖွယ်ရာ မြင်ကွင်း
သည်။ အင်းရိုးရာအိုးစည်ဝိုင်းကလည်း စည်စည်
ကား မြိုင်မြိုင်ဆိုင်ဆိုင်။ ရေဘိပ်၊ ဈေးတန်း၊ စောင်း
တစ်လျှောက်နှင့် ဘုရားကုန်းတော်ပေါ်တွင် ဘုရားပွဲ
ရိသတ်များနှင့် စည်ကားပြည့်နှက်လျက် ရှိပါသည်။
ယကာရကအဖြစ် ကုသိုလ်ယူကြသော လူငယ်များက
လည်း လှုပ်လှုပ်ရှားရှား တဲက်တက်ကြွကြွ၊ ကျောင်းတစ်
ကျောင်းလျှင် ဆန်အိတ် ၁၀ အိတ်မှ အိတ် ၂၀ အတွင်း
ရရှိတော်မူကြသည်။ အင်းသား၊ အင်းသူများ၏
ရားမှာ အံ့မခန်းရှိ လှပေစွ။ ညနေ ၄ နာရီအချိန်တွင်
ဆန်စိမ်းလောင်းလှူပွဲ ပြီးဆုံးပါသည်။

ဥက္ကဋ္ဌဦးအောင်မြင့်မှ စာရေးသူအား တောင်တို
၏ နာမည်ကြီး အင်းမုန့်တီဖြင့် ညှော်ခံပါသည်။ တောင်
င်းမုန့်တီအရသာသည် မည်သည့်ဒေသမှ မုန့်တီ
နှင့် လားလားမှ မတူညီပါ။ သာမန်အားဖြင့်
သူသည် အခြားဒေသများတွင် မုန့်တီကြိုက်နှစ်သက်
ရှိ၍ စားသုံးလေ့မရှိသော်လည်း တောင်တိုအင်းမုန့်
တော့ဖြင့် ညစာလွတ်စားသုံးမိပါလေ၏။ ညပိုင်းတွင်
ပန်တြာဇော်ဖြိုးကလည်း ကောင်းသလားမမေးနှင့်။
ပွဲဖြစ်သကဲ့သို့ ကပြအသုံးတော်ခံသူတွေကလည်း
နိုင်၊ မပန်းနိုင် ညလုံးပေါက်ကုသိုလ်ယူလျက် ဘုရား
ရိသတ်အပေါ်ကို ဖြေဖျော်ကြသည်။ ပရိသတ်က
လည်း ညလုံးပေါက် မပြန်တမ်း၊ မချမ်းနိုင်၊ မစီးနိုင် တစ်ခဲ
လိုက်လှဲစွာ အားပေးကြသည်။ နာယကဆရာတော်
၏ ဦးဆောင်ကြီးကြပ်မှုအောက်တွင် မည်သည့်
နာတစ်စုံတစ်ရာမျှ ဖြစ်ပေါ်ခြင်းမရှိပါ။

နောက်တစ်နေ့နံနက် ၅ နာရီတွင် ဆွမ်းကျက်
လောင်းလှူသည်။ မပြည့်စုံသော မီးရောင်မှိန်မှိန်
တွင် ဒကာ၊ ဒကာမအပေါင်းမှာ တက်ကြွစွာဖြင့်
၍ သံဃာတော်များကို ဆွမ်း၊ ဆွမ်းဟင်းများ
င်းလှူရန် စောင့်မျှော်နေကြသည်။ စာရေးသူမှာ
တမှောင်၊ မလင်းတလင်းတွင် စောင်းတန်းတစ်
အစုန်အဆန်ပြေးလွှား မှတ်တမ်းရိုက်ကွင်းများရ
သည်။ ဘုရားမှအဆင်း သံဃာတန်းသည် ကျောင်း
၅၁ ကျောင်းမှအပါးပေါင်း ၆၀၀ အရှင်မြတ်တို့သည်
စောင်းတန်းအဝင်မုခ်ဦးထိပ် မှာ ပြီးဆုံးသည်။ အဝင်ဝမှ
အကျိုးတော်ဆောင်အဖွဲ့မှ သံဃာတော်များကို ဝတ္ထုပစ္စည်း
များကို နောက်ဆုံး မဲဖောက်လှူဒါန်းသည်။ နံနက်အလင်း
ရောက်ချိန် ၆ နာရီတွင် ဆွမ်းကျက်လောင်း လှူပွဲပြီးဆုံး
ပါသည်။

နံနက် ၉ နာရီအချိန်တွင် ဦးစီးနာယက ထီးလင်း
ဆရာတော် ဦးစန္ဒာဝံရမှ အလှူရှင်ဒကာ၊ ဒကာမအပေါင်း
အား သီလချီးမြှင့်သည်။ ထို့နောက် ကြွရောက်လာသော
သံဃာတော်အရှင်သူမြတ်အပေါင်းမှ မေတ္တာသုတ်ပရိတ်
တရားတော်များ ချီးမြှင့်တော်မူကြသည်။ နောက်ဆုံးအစီ
အစဉ်အဖြစ် ထီးလင်းဆရာတော်မှ ရေစက်ချအနုမောဒနာ
တရား ချီးမြှင့်တော်မူပါသည်။ နံနက်ပိုင်းအစီအစဉ် ပြီးဆုံး
သော်လည်း အနားမယူနိုင်ကြသေးဘဲ ထီးလင်းဆရာတော်
ကြီးဦးစီးတော်မူသော သံဃာတော်များ အစည်းအဝေး၊
ဥက္ကဋ္ဌဦးအောင်မြင့်ဦးဆောင်သော အကျိုးတော်ဆောင်
အဖွဲ့ အစည်းအဝေးရှင်းတမ်းများကို ဆက်လက်စီမံ ဆောင်
ရွက်ကြသည်။

နေ့လယ်ပိုင်းတွင် ဘော်လီဘောအားကစားပြိုင်ပွဲ
ကို ဆက်လက်ကျင်းပ ပြုလုပ်ရာတွင် လွယ်မောအသင်းက
ပထမ၊ ထီးလင်းအသင်းက ဒုတိယ၊ တတိယက စကား၊
နှစ်သိမ့်ဆုမြောင်းဝ အသီးသီး ရရှိကြပါသည်။ ဤသို့အား
ဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ညောင်ရွှေ
မြို့နယ်၊ အင်းလေးဒေသ ရွှေဟင်္သာကျတောင်တိုမွေတော်
ဘုရားပွဲတော်ကြီးသည် စည်စည်ကားကား၊ မြိုင်မြိုင်
ဆိုင်ဆိုင်၊ သိုက်သိုက်ဝန်းဝန်းဖြင့် ယခုနှစ်အတွက် အောင်
မြင်စွာ ကျင်းပပြီးဆုံးခဲ့ပါသည်။ နောင်နှစ်များတွင်လည်း
ဤပွဲတော်မျိုးကို ထပ်မံ၍ ကြုံဆုံချင်စမ်းပါဘိတော့။

ဣန္ဒာ ဥယမဟိဒ္ဓိစေ
**မေဒသူတေသီဆရာမျိုး**



www.burmeseclassic.com

www.burmeseclassic.com

# သဒ္ဓါကြည်လင်ပါရမီရှင်

# သာသနာပြုပုဂ္ဂိုလ်ကျော် ဆေးဝက်ဘာဆရာတော် ဦးသုရိယ

## အမြဲမပြတ်နေ့စဉ်ညတိုင်း အားထုတ်တော်မူသော သမထကျင့်စဉ် ရွှေလမ်းစဉ်

မဟာပထမံဆရာကြီး ဦးအောင်



ပါရမီရှင်၏ သမထ ရွှေလမ်းစဉ်

သီလသည်. . . အမွှေးဆုံး. . . လက်နက်ကောင်း။
သစ္စာသည်. . . အမှန်ဆုံး. . . လက်နက်ကောင်း။
ခန္တီသည်. . . အမြတ်ဆုံး. . . လက်နက်ကောင်း။
မေတ္တာသည်. . . အအေးဆုံး. . . လက်နက်ကောင်း။
သမာဓိသည်. . . အဖြောင့်ဆုံး. . . လက်နက်ကောင်း။
ဘာဝနာသည်. . . . အမြင့်ဆုံး. . . လက်နက်ကောင်း။

သုံးပါးရတနာ ကြည်ညိုစွာဖြင့် (၉)ဖြာသီလ၊ ဆော
တည်ကြလျက်၊ ငါးဝခန္ဓာ၊ လျှုဒါန်းကာဖြင့်၊ သစ္စာမန္တာန်၊ ကိုးရ
ပြီး၊ ပုတီးကိုကိုင်၊ ဂုဏ်ပန်းခိုင်နှင့် ထုံကြိုင်သန့်ရှင်း၊ မေတ္တာသွ
ပြုရင်းကုသိုလ်၊ တောင်းဆုဆိုလို့၊ ထိုထိုပုညကုသလကို၊ အမျှပေး
နှုတ်ပိတ်ရာသည်၊ အောင်စွာသမထအလုပ်တည်း။

မှတ်ချက် အစီပွာယ်ရှင်းမှာ

၁။ ရတနာသုံးပါး၌ ယုံကြည်၍၊ သရဏဂုံတည်ခြင်း။

၂။ (၉)ပါးသီလတော်ကို ၊ စွာဆောက်တည်ထားရခြင်း။

၃။ ဘုရားနှင့် ဆရာကို ခန္ဓာကိုယ် အပြစ်မဲ့အောင် လှူဒါန်းခြင်း။

၄။ ပထမ (၉)ရက်တွင်၊ သစ္စာမူတည်၍ ထားရခြင်း။

၅။ ပုတီးနှင့် တစ်နေ့လျှင် ဂုဏ်တော်တစ် အမြဲပွားရခြင်း။

၆။ ကိုယ်နှုတ်ကိုစင်ကြယ်စွာပြုလျက် မေတ္တာ ရခြင်း။

၇။ ပြုသမျှကုသိုလ်ကို၊ ဆုထူးများ တောင်း ခြင်း။

၈။ ကောင်းမှုများကို သုံးတယ့်တစ်ဘုံအား ပေးရခြင်း။

၉။ စကားမပြောဘဲနှင့် နှုတ်ကိုပိတ်ထား စသော -



www.burmeseclassic.com

www.burmeseclassic.com

ဤအင်္ဂါတို့ဖြင့် (၉)ရက်အတွင်း၊ သင်ပြည့်စုံရပေမည်။

ထိုသမထ (၉)ရက်ဝင်သောနေ့တွင် ရွတ်ပွားကျက်မှတ်ရမည့် ဂါထာများမှာ အောက်ပါအတိုင်း ရွတ်၍ သစ္စာကိုဆိုပါ။

ဒိဝါတပတိ၊ အာဒိစ္စော၊
ရတ္တိမာဘာတိ၊ စန္ဒိမာ။
သန္နဒ္ဓေါ၊ ခတ္တိယောဘာတိ၊
ဈာယီတပတိ ဗြဟ္မနော။
အထ သဗ္ဗမဟောရတ္တိံ၊
ဗုဒ္ဓေါထပတိတေဇသာ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ (မေ) ဟောတု သဗ္ဗဒါ။

**အဓိပ္ပာယ်မှာ**

၁။ နေ့အခါနေမင်းသည်၊ အလင်းကို ပေးစွမ်းနိုင်ပါ၏။

၂။ ညအခါ လမင်းသည်၊ အလင်းကို ပေးစွမ်းနိုင်ပါ၏။

၃။ ဘုရင်မင်းသည် မင်းမြောက်တန်ဆာရှိမှ၊ တင့်တယ်ပါ၏။

၄။ ရဟန္တာမြတ်တို့သည် ဈာန်ဝင်စားမှသာ ရောင်ဝါတင့်တယ်၏။

၅။ ဘုရားရှင်သည်၊ ပါရမီ တန်ခိုးတော်ကြောင့် အခါခပ်သိမ်းတွင် အလင်းကို ဆောင်တော်မူပါပေ၏။

ဤသစ္စာတော်ကြောင့်၊ တပည့်တော်သည်၊ အခါခပ်သိမ်း၊ ငြိမ်းစိတ်နှစ်ဖြာ၊ ချမ်းသာရပါလို၏ အရှင်ဘုရား။

ပထမ-ကျင့်စဉ်-ရွတ်စဉ်-ပြီးသွားပါပြီ။

**ဒုတိယ (၉)ရက် လုပ်ငန်းဝင်ရန်မှာ**

သုံးပါးရတနာ၊ ဦးတင်ကာဖြင့်၊ ဘာဝနာပွား၊ သက်လွတ်စားပြီး၊ လေးပါးဣရိယာ၊ ညီညွတ်စွာနှင့် ဗုဒ္ဓ၏ဂုဏ်၊ ကိုယ်လုံးတုန်၍ အာရုံအရှုပ်၊ ပယ်ခွာထုတ်ပြီး၊ သင်ပုတ်ရေချမ်း၊ ဆွမ်းနှင့် ပန်းကို၊ လှူဒါန်းပြီးခါ၊ ဆီမီးလျှာနှင့်၊ နံ့သာခိုးထုံ၊ ပူဇော်တုံလျက်၊ လှူဘုံနတ်ရွာ၊ များသတ္တာကို မေတ္တာရှင်လန်း၊ ဆွတ်ပက်ဖြန်းသည်၊ အောင်ခဏ်းအမျှ၊ ဝေစေသော်ဝ်။

**မှတ်ချက် အဓိပ္ပာယ်မှာ**

၁။ ရတနာသုံးပါးကို အမြဦးတိုက်၊ ယုံကြည်သက်ဝင်ရခြင်း။

၂။ မိမိ၏ဘဝလမ်းစဉ်ကို၊ ဝမ်းမြောက်ပြီးနေရခြင်း။

၃။ သက်သက်လွတ်ကိုစား၍၊ အာရုံများကို ပယ်ရခြင်း။

၄။ ထိုင်လျောင်း သွားအိပ်၊ ဣရိယာပုဒ်တိုင်း၊ မမေ့ရခြင်း။

၅။ ဘုရားရှင်၏ ဂုဏ်တော်ကို၊ ပီတိစိတ်နှင့် ထုံရခြင်း။

၆။ အာရုံရှုပ်ထွေးတွေကို အဝင်မခံဘဲ ပယ်ထုတ်ရခြင်း။

၇။ ရေ၊ ဆွမ်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့်၊ ဝတ်ပြုရခြင်း။

၈။ မိမိကိုယ်ကစပြီး သတ္တဝါများအား၊ အထူး မေတ္တာရခြင်း။

၉။ အောင်ရာ အတိတ်ဆိုကြပြီးလျှင် အမျှပေး ဝေရခြင်း။

စသော အင်္ဂါတို့ဖြင့် (၉) ရက်အတွင်း သင်ပြည့်စုံရပေမည်။

ထိုသမထ (၉)ရက်ဝင်သောနေ့တွင် ရွတ်ပွား ကျက်မှတ်ရမည့် ဂါထာများမှာ အောက်ပါအတိုင်း ရွတ်၍ သစ္စာကိုဆိုပါ။



www.burmeseclassic.com

www.burmeseclassic.com

မာရံအာဠဝကံဟတ္ထိံ၊
အင်္ဂုလိမာလဥ္စ စိဥ္စမာနံ။
ကုဋ္ဌာဒန္တံ နာဂရာဇဥ္စ၊
ဗကံအဓိနိံတေဇသာ။
ဇေတေနသစ္စဝဒ္ဓေန၊
သောတ္ထိ၊ (မေ) ဟောတု–သဗ္ဗဒါ။

အဓိပ္ပာယ်မှာ
မြတ်စွာဘုရားရှင်သခင်ကိုယ်တော်မြတ်ကြီးသည်
၁။ မာရ်နတ်ကြီး၏ရန်ကို၊ အောင်တော်မူခြင်း။
၂။ အာဠဝက ဘီလူးကြီး၏၊ ရန်ကို၊ အောင်တော်မူခြင်း။
၃။ နာဠာဂီရိဆင်ကြီး၏၊ ရန်ကို၊ အောင်တော်မူခြင်း။
၄။ အင်္ဂုလိမာလ၏၊ ရန်ကို၊ အောင်တော်မူခြင်း။
၅။ စိဥ္စမာန မိန်းမယုတ်၏၊ ရန်ကို၊ အောင်တော်မူခြင်း။
၆။ ကုဋ္ဌဒန္တသစ္စက ပုရပိုဇ်၊ ရန်ကို၊ အောင်တော်မူခြင်း။
၇။ နန္ဒောပနန္ဒ နဂါးမင်းကြီး၏၊ ရန်ကို၊ အောင်တော်မူခြင်း။
၈။ ဗကဗြဟ္မာကြီး၏၊ အန္တရာယ်ကို၊ အောင်တော်မူခြင်း။

စသော ဘုရားရှင်သည်၊ တန်ခိုးတော်ကြောင့် အောင်ပွဲကြီးကို ရရောက်ရပေပြီ၊ ဤသစ္စာတော်ကြောင့် တပည့်တော်သည် အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရပါလို၏ ဘုရား။

ဒုတိယ ကျင့်စဉ်၊ ရွတ်စဉ်၊ ပြီးသွားပါပြီ။

### တတိယ (၉) ရက် လုပ်ငန်းဝင်ရန်မှာ

အနန္တငါး-ဆည်းကပ်ထား၍-ပွားအသုဘ, မရဏ-မေတ္တာ၊ ဗုဒ္ဓါနုဿတိ-သည်းခံမိလျှင်၊ သမာဓိလမ်း-ဖြောင့်စဉ်တန်းရောက် မပျောက်အလင်း-စိတ်သန့်ရှင်းပြီး-လိုရင်းနိမိတ်-ဇမ္ဗူဒိပ်၌ အတိတ်အနာဂတ်သိဘုံလတ်ဟု မြင့်မြတ်ထူးကဲ-အောင်သည့်ပွဲကို ဆင့်ကဲရောက်လာ (သုမေဓာ)သို့ မှန်စွာ သမထ အောင်ကိန်းရသည် ဗုဒ္ဓလောင်းတို့ ကျင့်လမ်းတည်း။

### မှတ်ချက်အဓိပ္ပာယ်ရှင်းရန်

၁။ အနန္တငါးပါးတို့အပေါ်၌ ကြည်ညိုဆည်းကပ်ရခြင်း။
၂။ အသုဘ, မရဏ- မေတ္တာ- ဗုဒ္ဓါနုဿတိ- ကို၊ ပွားရခြင်း။
၃။ မျက်စိနား စသော- အာရုံများကို- ပိတ်ထားရခြင်း။
၄။ သမာဓိလမ်းစဉ်- ဖြောင့်မတ်စွာ တည်ထားရခြင်း။
၅။ စိတ်ကို သန့်ရှင်းပြီးလျှင်- အလင်းပေါ်ထွက်လာရခြင်း။
၆။ ဇမ္ဗူဒီပါ၏- နိမိတ်ဩဘာကို- ထိုးထွင်းသိခြင်း။
၇။ အတိတ်(ရှေ့) အနာဂတ်(နောင်)ကို သိနိုင်ခြင်း။
၈။ မြင့်မြတ်ထူးကဲသော အောင်ပွဲကြီးနှင့် တွေ့ရခြင်း။
၉။ ဘုရားလောင်းတို့ကဲ့သို့- ပါရမီလိုက်သော် အောင်ရခြင်း။

စသော အင်္ဂါတို့ဖြင့် (၉) ရက်အတွင်း သင်ပြည့်စုံရပေမည်။ ဤအခါမှာ ဝမ်းသာ၍ မဆုံးတော့ပါ။

ထိုသမထ (၉) ရက်ဝင်သောနေ့၌ ရွတ်ပွားကျက်မှတ်ရမည့် ဂါထာများမှာ အောက်ပါအတိုင်း ရွတ်၍ သစ္စာဆိုပါ။

ဇယာစက္ကော – ဇယန္တော ယော
ဇယိတဗ္ဗေ – ဇယာသနေ
ဇယာပေသတိ – ဇယေသိနံ



www.burmeseclassic.com

www.burmeseclassic.com

ဇယ်ဒေတု – ဇယုတ္တရော။
ဒေတနသစ္စဝဒ္ဒေန–သောတ္ထိ (မေ) ဟောတု
သဗ္ဗဒါ။

**အဓိပ္ပာယ်မှာ**

၁။ အောင်အပ်သော ဓမ္မစကြာ ရှိတော်မူသော ဘုရားရှင်သည်၊
၂။ အောင်ခြင်း၏ အဆုံးသို့ ကောင်းစွာရောက်တော်မူပြီ။
၃။ အောင်ပွဲတော်ကိုပူဇာ မဟာဗောဓိပင်ကြီး၌၊
၄။ အောင်ပွဲကြီးကိုခင်းလျက် အောင်တော်မူပါပေပြီ။
၅။ အောင်ပွဲကြီးကို လိုနေကြကုန်သော သတ္တဝါအပေါင်းတို့အား၊
၆။ အောင်ချမ်းသာဆုကြီးကို ပေးသနားတော်မူလေပြီ။
၇။ အတွင်းအပြင် အောင်တော်မူသော ဘုရားရှင်ကြီးသည်၊
၈။ တပည့်တော်အား အောင်ဆုတော်ကို ပေးတော်မူပါဘုရား။

ဤသစ္စာတော်ကြောင့် တပည့်တော်သည် အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရပါလို၏ ဘုရား၊

**(၃)ရက်တစ်ဆင့် အောင်သွားသော ဆုတောင်း**

အောင်ဇေယျတုသဗ္ဗမင်္ဂလာ၊ သမထမြင် ရွှေလမ်းစဉ်နှင့်၊ အရှင့်ဆရာ၊ နည်းမှန်တာကို၊ သေချာ [illegible] မြတ်ပုညကြောင့်၊ ဗုဒ္ဓလမ်းစဉ်၊ ဉာဏ်ရောင် [illegible] ဘဝင်ဇောကြည်၊ မနောတည်လျက်၊ ဂုဏ်ရည် [illegible]တက်၊ အောင်ပွဲဆက်မှာ၊ နှစ်သက်ဝမ်းသာ၊ (ငါ) [illegible]၌ သာသနာရောင်၊ ထွန်းလင်းပြောင်ကို လူ [illegible]င်၌သာ၊ မြင်တွေ့ခါဖြင့်၊ ပါရမီဆု၊ ကြီးကျယ်မှု [illegible] လူရှင်အများ ပေးလိုက်ငြားက၊ ထင်ရှားမျက်မြင်၊ အရာထင်၍၊ ကောင်းကင် မိုးလယ်(နေ,လ)နယ်သို့၊ မောက်ကြွယ်တန်ခိုး သိဒ္ဓိန္တီးသော်-ဆယ်မျိုးလုံးပ အကုန်ရလျက်၊ သမထလမ်း ကျင့်စခန်းကို ရှင်လမ်းဆုံးတိုင် (ငါ) ကျင့်နိုင်သည်၊ တုပြိုင်နိုင်သူ ရှားစေသတည်း။ နိဗ္ဗာနတတ်သွားစေသတည်း။

**အမှာစကားမှတ်ပါ**

(ငါ)နေရာမှာ-ဘုရားရှေ့၊ ဆရာသမားရှေ့ ကြလျှင် ဘဝင်မမြင့်ဘဲနှင့် (တပည့်တော်)ဟု ထည့်ဆိုပါ။ တပည့်များကို ပညာအပ်သော နေရာ၌သာလျှင် (ငါ)ဟုဆိုလျှင် ကောင်းပါသည်။ (ကြပ်ကြပ်သတိပြု)

**အထူးသတိပြုလိုက်ပါ**

ရက်ပေါင်း ၂၇-ရက် အောင်မြင်ပြီးမြောက်၍ သွားပါက တစ်သက်မှာ တစ်ခါ လက်ခမောင်းခတ်လိုက်ပေတော့၊ (တစ်နည်းမှာ) တစ်ကြိမ်လျှင် ၉-ရက်ဝင် (နားပြီးမှ) ဆက်ပြီး ဝင်ပြန်လျှင်လည်း ဖြစ်ပါသည်။ အဖျက်များ သတိပြုရသည်။ အန္တရာယ်မရှိ၍ ရှေ့ကိုတစ်ဆင့်-ဝိပဿနာကို တိုးလိုက်လျှင် (စူလ-မဟာ) သောတာပန်နှင့် (မဂ်)အဆင့်သာတည်း။ စိတ်သာချတော့-ဒိဋ္ဌအောင်ပါပြီ။

**အရိယာဝိဇ္ဇာနှင့် မဟာဂန္ဓာရီဝိဇ္ဇာ**
**ထိုနှစ်ဖြာ ဘယ်ဟာထူးသနည်း**

အရိယာဝိဇ္ဇာတို့မှာ၊ သံသရာဝဋ်မှကင်းအောင် အဓိကထားလျက် ဝိပဿနာလမ်းစဉ်ဖြင့် မဂ်ဖိုလ်ကိုသာ အာရုံပြုလျက် ကျင့်ကြသောကြောင့် တစ်လမ်းသွား ပုဂ္ဂိုလ်များသာလျှင်(များသော်အားဖြင့်ဖြစ်၏) လမ်းတို့၍ မြန်၏။ မဟာဂန္ဓာရီ ပုဂ္ဂိုလ်တို့မှာ၊ ဝေနေယျတို့နှင့် ဆုပန်ဆင်ပြီးလျှင် မိမိတို့၏လုပ်ရပ် မိမိတို့၏ အတတ်များဖြင့် သမထလမ်းစဉ်ကို ပြပြီးလျှင် ကယ်တင်ပြီး၍ သတ္တဝါအပေါင်းအား ကယ်တင်ပြီး၊ မိမိတို့ ပန်ဆင်အပ်သော ဆုအတိုင်း သွား



www.burmeseclassic.com

www.burmeseclassic.com

ကြသဖြင့် (ဝါ) ဝန်ထုပ်များကို သယ်ယူ၍ သွားကြရသောကြောင့် ခရီးဝေးပြီး နှေး၏။ သို့အတွက်ကြောင့် ကြိုက်ရာကိုသာ သွားကြပါကုန်၊ သူတစ်ပါး၏ အပြစ်ကိုတော့ မရှုကြရန် သတိပေးလိုက်ပါကြောင်း။

နည်းစုံအောင်မှတ်၊ ဂုဏ်တော်မြတ်က၊
သင့်ကိုကယ်မည်။

ပထမရက်(သောဘဂဝါ က္ကတိပိ)အရဟံ
ဒုတိယရက်(သောဘဂဝါ က္ကတိပိ)သမ္မာသမ္ဗုဒ္ဓေါ
တတိယရက်(သောဘဂဝါ က္ကတိပိ)ဝိဇ္ဇာစရဏ သမ္ပန္နော
စတုတ္ထရက်(သောဘဂဝါ က္ကတိပိ)သုဂတော
ပဥ္စမရက်(သောဘဂဝါ က္ကတိပိ)လောကဝိဒူ
ဆဋ္ဌမ(သောဘဂဝါ က္ကတိပိ) အနုတ္တရောပုရိသ-ဓမ္မသာရထိ
သတ္တမ(သောဘဂဝါ က္ကတိပိ) သတ္ထာဒေဝ-မနုသာနံ
အဋ္ဌမ(သောဘဂဝါ က္ကတိပိ)ဗုဒ္ဓေါ
နဝမ(သောဘဂဝါ က္ကတိပိ)ဘဂဝါတိ။

စသော ဂုဏ်တော်များကို တစ်နေ့တစ်ဂုဏ်တော် အထက်ပါပုတီးစိပ်ဖြင့် စိပ်ပြီး စီးဖြန်းရသည်။ (၂၇)ရက်သာတည်း။

၎င်းအထက်ပါ ဂုဏ်တော်သည် အရိုးခံဖြစ်၍ အမျိုးမှန်ပါသည်။ ဒါကြောင့် အဖိုးတန်ဆုံးလို့ မှတ်ရပေမည်။

ဂုဏ်တော်မြတ်ဝယ် အဓိပ္ပာယ်
အလွယ်သိအောင်မှတ်

(၁) လူမင်း, နတ်မင်း၊ ဗြဟ္မာမင်းတို့၏၊ မြတ်သောအလှူကို၊ ခံယူတော်မူထိုက်သောကြောင့်၊ အရဟံဟူသော ဂုဏ်တော်ဖြင့်လည်းကောင်း။

(၂) အလုံးစုံသော တရားတို့ကို မဖောက်မပြန်၊ ကိုယ်တော်တိုင်သာ၊ သိတော်မူသောကြောင့်၊ သမ္မာသမ္ဗုဒ္ဓဟူသော ဂုဏ်တော်ဖြင့်လည်းကောင်း။

(၃) ဝိဇ္ဇာ ၃ ပါး၊ ဝိဇ္ဇာ ၈ ပါး၊ နိဗ္ဗာန်သို့ သွားကြောင်း၊ စရဏ ၁၅ ပါးနှင့် ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏ သမ္ပန္န ဂုဏ်တော်ဖြင့် လည်းကောင်း။

(၄) ကောင်းသောစကားကိုသာ ဆိုတော်မူတတ်၍ ကောင်းသောနိဗ္ဗာန်သို့ ကြွတော်မူသောကြောင့်၊ သုဂတဟူသော ဂုဏ်တော်ဖြင့်လည်းကောင်း။

(၅) လောကသုံးပါးကို၊ ကုန်စင်အောင်၊ သိမြင်တော်မူတတ်သော လောကဝိဒူဟူသော ဂုဏ်တော်ဖြင့်လည်းကောင်း။

(၆) လူကြမ်း၊ နတ်ကြမ်း၊ တိရစ္ဆာန်ကြမ်းတို့ကို၊ အတုမရှိ ယဉ်ကျေးအောင်၊ ဆုံးမတော်မူတတ်သောကြောင့် အနုတ္တရောပုရိသ ဓမ္မသာရထိ ဟူသော ဂုဏ်တော်ဖြင့်လည်းကောင်း။

(၇) နတ်လူတို့ကို၊ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးငှာ၊ ဆုံးမတော်မူသည်ဖြစ်၍ နတ်လူတို့၏ ဆရာဖြစ်တော်မူသောကြောင့်၊ သတ္ထာဒေဝမနုဿာနံ ဟူသော ဂုဏ်တော်ဖြင့်လည်းကောင်း။

(၈) သစ္စာ ၄ ပါး တရားတို့ကို၊ အကြွင်းမရှိ သိတော်မူသောကြောင့်၊ ဗုဒ္ဓ ဟူသော ဂုဏ်တော်ဖြင့်လည်းကောင်း။

(၉) ဘုန်းတော် ၆ ပါးနှင့် ပြည့်စုံတော်မူသောကြောင့် ဘဂဝါ ဟူသော ဂုဏ်တော်ဖြင့်လည်းကောင်း၊ ပြည့်စုံတော်မူသည်ဖြစ်၍၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ညွတ်ပြောင်းရှိကျိုး၊ လက်စုံမိုး၍ ဖူးမြော်ခြင်းကို ခံတော်မူရလေပြီ။

ဤသို့ အတုမရှိသော ဂုဏ်တော်တို့၏သခင် အရှင်မြတ်စွာဘုရားအား၊ ဘုရားတပည့်တော်သည် ငါးပါးသော ပဥ္စ-ပတိဋ္ဌိတ (၃)ပါးသော ဂါရဝ ... အာမဖြင့် ကြည်စွာသဒ္ဓါ ရှိခိုးပါ၏ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

ဤကား ဂုဏ်တော်၏ အဓိပ္ပာယ်နှင့် ရှိခိုး[illegible]ပြီး၏၊

တစ်နည်း အောက်ပုံနည်းကောင်း၊ လမ်းမှန်[illegible]ခုမှာ အဓိဋ္ဌာန်အောင်ပြီးခဲ့သော် မှိုင်းခံစက္ကူပေါ်[illegible] ဤအတိုင်းချပြီး အင်းသောက်ပေးပါက လောက[illegible] ပြိုင်ဘက်ရှား ဖြစ်လာလိမ့်မည်။

ရွှေပြား၊ ငွေပြား၊ ထမ်းရွက်များတွင်ချပြီး၊ [illegible]ဆောင်ထားခဲ့သော် အထူးပြောစရာ မလိုတော့ပါ။ [illegible]တွေ့၊ ပွဲတွေ့ဖြစ်ကြောင်း အာမခံဖြစ်တော့၏။

| | | | | | | |
|---|---|---|---|---|---|---|
| [illegible] | ရ | ဋ္ဌာ | ဂ | တ္တ | ရ | သာ |
| [illegible] | ဟံ | စ | တော | ရော | ထိ | နံ့ |
| [illegible] | သ | ရ | လော | ပု | သ | ဗု |
| [illegible] | မွာ | ဏာ | က | ရိ | တ္ထာ | ဒွေါ |
| [illegible] | သ | သ | ဝိ | သ | ဒေ | အ |
| [illegible] | မွု | မွ | ရူ | ဓ | ဝ | ဂ |
| [illegible] | ဒွေါ | န္တော | အ | မ္မ | မ | ဝါ |
| [illegible] | ဝိ | သု | နု | သာ | နု | တိ |

၄င်းအထက်ပါ ဂုဏ်တော်ကြီးကို ဝိပဿနာ၊ [illegible]မ္မကထိက ဖြစ်တော်မူသော ကျေးဇူးတော်ရှင် [illegible]တိဆရာတော်ဘုရားကြီးနှင့် သေကျွတောင် [illegible]လောက ဆရာတော်ဘုရားတို့ အမြဲနှစ်လုံးသွင်း [illegible] ရွတ်ဖတ်ပွားများ စီးဖြန်းတော်မူသည့် မူမှန် [illegible]

သုံးနည်းတန်ခိုးမှာ – မှတ်စရာဂ.

(၁) အကြောင်းလွတ်ရ၊ (၂) မှတ်ကြစီးဘာ၊ (၃) တဖြာရှိကောင်း၊ (၄) အပေါင်းရန်ပြို၊ (၅) စားလိုသမျှ၊ (၆) သေနတ်သစ်ချွန်၊ (၇) သက်ပြောင်းကိုယ်ခွာ၊ (၈) လိုတရသည်။ ရှစ်မည်ကြိုးဆက်၊ ကောင်းကျိုးတွက်ကို ၊ နှုတ်တက်ဆောင်လျှင် စေကုန်သတည်း။

ရွတ်နည်း၊ ဖတ်နည်းမှန်ကိုလည်း မှန်ကန်ပီသပါစေ၊ နည်းကျမှ ထူးမြတ်သော အကျိုးပေးပါသည်။

တစ်နည်းဂုဏ်တော်ပြန်-အနုလုံပဋိလုံ
စုန်ဆန်ကျိုးပြ-အောင်ပွဲရ-မူရင်းမှာ။
ဟံ-ဓေါ-နော-တော-ဓူ-ထိ-နံဓေါ-ဝါ၊
ဝါ-ဓေါ-နံ-ထိ-ဓူ-တော-နောဓေါ-ဟံ။
(၁၈-လုံးပြီးမှသုံး)

အထက်ပါအတိုင်း တစ်နေ့လျှင် တစ်ခေါက်ကျ ရွတ်ဖတ်ပုတီးစိပ်ခဲ့သော် ကံနိမ့်ခြင်း၊ သူတစ်ပါးနှိပ်စက်ခြင်း၊ ပြုစားခြင်း၊ တိုက်ခိုက်ခြင်း၊ ရုပ်မြှုပ်နှံထား၊ အင်းမြှုပ်နတ်တိုက်၊ စုန်းကဝေ ရှာသူတို့၏ဘေးမှ အထူးဝေးစွာ ရှောင်ကွင်းရပါသည်။ ဆရာပြုလိုသူတို့ အထူးသတိထား မှတ်သားရွတ်ဆိုပါ။

(အမြတ်ပေါ် ဂုဏ်တော်တန်ခိုး)

(ဟံ)နေ၁် လူများ၊ ပူဇော်ငြား၍ (ဓေါ)ကားကျင့်ကြံ၊ မဖောက်ပြန်ဘူး။ (နော)မှန်ချမ်းသာ၊ ပြည့်စုံရာပြီး (တော)ကြီးစကား၊ ချိုဝင်သွားရှင့်၊ (ဒူ)ကားလောက၊ ကြောင်း သိရလို့ (ထိ)သို့များစွာ ယဉ်ကျေးလာပြီး၊ (နံ)မှာဆရာအောင်နိုင်ပါ၏။ (ဓေါ)သိအကုန်၊ ကိုယ်လုံးခြုံကာ၊ (ဝါ)စုံရောက်သော်၊ ဘုန်းတန်ကျော်၍ သုံးနေ၁်ဂုဏ်များ အကျိုးအားလျှင် မှတ်သားဒဏ်



www.burmeseclassic.com

www.burmeseclassic.com

ပြန်၊ လောကီရန်ကင်း ချမ်းသာခြင်းဖြင့် သွင်းပြန် လောကုတ် လွန်အားထုတ်သော် ဗုဒ္ဓါနုဿတိ၊ အသိ+ သမထ အောင်ကျိုးရသည်။ မှတ်ကြနောင်လာ-နောင် သားတည်း။

ဘိုးဘိုးအောင် ဘိုးမင်းခေါင် ရှင်မထီးစသော
ပုဂ္ဂိုလ်တို့နှင့်
ဝိဇ္ဇာ ဇော်ဂျီ တပသီတို့၏
ဉာဏ်ရည်ထက်မြက်
လက်သုံးတော်မြတ် စိတ်သန်လျက်
အံရဟံ၊ နမော၊ ဗုဒ္ဓါယ၊ သိဒ္ဓိ၊ ဘဂဝါ။

အထက်ပါ သိဒ္ဓိရှင်တို့၏ အမြတ်တမ်းသုံးစွဲကြသော နေရာများမှာ (၁) မျက်နှာသစ်၊ (၂) လမ်းသွား၊ (၃) ထမင်းစား၊ (၄) ရေချိုး၊ (၅) အိပ်နိုးရာတွင် ရွတ်ဆိုလျှင် အောင်မြင်ပြီးစီး လက်နက်ကြီး။

အထက်ကပြခဲ့သော နည်းမျိုးစုံ လုပ်ငန်းအရပ်ရပ်တို့ကို (၂၇)ရက်စေ့မြောက်၍ အောင်မြင်သွားပါက မိမိအတွက်သာ မဟုတ်တော့ဘဲ သူတစ်ပါးကို ကယ်ဆယ်ကြည့်ရှုနိုင်ကြပါသည်။ ဝေဒနာရှင်လူမမာနှင့် တွေ့ကြုံခဲ့သော်၊ နံ့သာ, ရေ, ဆီ, ရေ, တုတ်, လက်ကိုင်ပုဝါ စသည်တို့ကို မန်းမှုတ်ပြီးလျှင် လူမမာအား၊ ငါးပါးသီလ၌ တစ်ပါးပါးကို နှစ်ပိုင်း၊ လပိုင်းနှင့် အလှူခံပြီးလျှင် လာဘ်သပကာဟု ဆိုအပ်သော (ငွေ)တို့ကို တစ်ပြားတစ်ချပ်မှ မယူဘဲ၊ လောဘပယ်ကာ မေတ္တာဖြင့် ကယ်ဆယ်ပေးခဲ့သော် သင်ဆရာ၏ လက်တွေ့လင် ဖြင့် မထိဘဲ မကိုင်ဘဲ အထက်ပါ မန်းမှုတ်ထားသော ပစ္စည်းတို့ဖြင့် ကျေးမွေးရာချိန်ကာမျှဖြင့် ပထမစိတ်ချမ်းသာမှုအောင်ပွဲကြီးကို တွေ့ရတော့အံ့၊ သစ္စာကိုတော့ မဖောက်ပါနှင့် မေတ္တာကိုသာ ရောက်ပါစေသတည်း။

ဤသည်လျှင်၊ သမထရွှေလမ်းစဉ်ကြီးဟူ မှတ်ကြစေလိုသည်။ ၄င်းသမထ၏ အောင်ပွဲဝ တန်ခိုးများမှာ-(၁)စိတ်ဆင်းရဲကင်းခြင်း၊ (၂)ကျန်းမ ရေးနှင့်ပြည့်စုံခြင်း၊ (၃)မပူပင်ဘဲ ပျော်ရွှင်စွာနေရခြ (၅)မုန်းသူတို့နှင့် မတွေ့ရခြင်း၊ (၆)ကောင်းစွာအိပ် နိုးရခြင်း၊ (၇)ဝိဇ္ဇာနတ်သိကြားတို့ စောင့်ရှောက်ရခြ (၈)တွေဝေထိုင်းမှိုင်း ငေးမော မရှိခြင်း၊ (၉)လို မရှား လာဘ်ပေါများခြင်း၊ (၁၀)ခြွေရံသင်းပင်း များပြည့်စုံခြင်း၊ (၁၁)ပြိုင်ပွဲအပေါင်းတို့ကို အနိုင် ခြင်း၊ (၁၂)ကျေးဇူးရှင်တို့နှင့် မိတ်မပျက်နိုင်ခြ (၁၃)တန်ခိုးဩဇာအာဏာ တည်တံ့ခိုင်မြဲခြ (၁၅)ရာထူးဂုဏ်သိန် တည်မြဲမှုတို့ကို ရခြင်း (၁၆)သူတစ်ပါးတို့ အပူဘေးကို ကယ်ယူနိုင်ခြ (၁၇)မိမိအားနှိပ်စက်မည့်သူကို ဒဏ်ပြန်ခြင်း။

ကိစ္စများကို တစ်ခုပြီးတစ်ခု
အောင်မြင်သွားပါလိမ့်မည်။

မဟာပထမံဆရာကြီး ဦးအောင်

ဝန်ခံချက်

ပါရမီရှင် သာသနာပြု ပုဂ္ဂိုလ်ကျေ ဆေးဝက်ဘာ ဆရာတော် ဦးသုရိယ၏ သမ ရွှေလမ်းစဉ်မှ ထုတ်နုတ်ပူဇော်ပါကြောင်း ဝန်ခံ သည်။




www.burmeseclassic.com

www.burmeseclassic.com

# လွတ်လမ်း

■ မျိုးသက်နိုင်(ရွှေပြည်သာ)



■ အများသတ္တဝါ အကျွတ်တရားရစေဖို့
ဘာဝနာ ရွတ်ပွားကြပါမှ
ဆုတ်ကပ်ကိုတဲ့ ကျော်လွှားမှာ...။

■ ပြည်မြန်မာ သာယာဖို့အရေး
ဘုံ့တစ်တွေ ဝိုင်းကူညီညာကာရန်းလေမှ
ဆောင်ပွင့်တော်မူမယ့် မြတ်ဗုဒ္ဓဖူးတွေ့ကြရ...။

■ နိုးသားနိုးကြား ကြိုးစားလို့စုပေါင်းကာ
သာသနာအောင်စည်ရေးအတွက် ထမ်းရွက်ကြပါ...။

■ ကြိမ် ၆၃ အောင်ထွက်ပွဲဆီမှ
ဘမင်းခေါင် ကူကာနဲ့မယ်ပ
လူတကာအများ တူရာတွေစုကာသွားလို့
ဆိုးသူတွေကိုလည်းပယ်၊ ကောင်းသူတွေကိုလည်းကယ်
ကောင်းကင်နဲ့ ဒယ်အိုး
ရွေးချယ်စရာ ဒီနှစ်လမ်းကိုလ
လျှောက်လှမ်းကာ အသွားတတ်ကြစေဖို့
ကြားဖြတ်တွေမပါဘဲ "မ"မယ်၊ သွားတတ်ကြစေ...။

မျိုးသက်နိုင်(ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

# ဥရုကြိုးပမ်းရောသမိတ်မှသည် သာဝတ္ထိမှာ ပြာဋိဟာ တာဝတိံသာ အဘိဓမ္မာ ပြီးတော့ ကျေးဇူးဆပ်ပွဲမှ အပြန် သင်္ကဿမြို့ရဲ့ သိတင်းကျွတ်လပြည့်မြင်ကွင်း

ဘုန်းပုည့်ဝဏ္ဏ ရေးသားမှုဆောင်သည်



မြတ်စွာဘုရားရှင်ဟာ ဘုရားဖြစ်တော်မူတဲ့အချိန်ကနေ ပရိနိဗ္ဗာန်ပြုတဲ့အချိန်ထိ ရေတွက်မယ်ဆိုရင် လေးဆယ့်ငါးဝါရှိတော်မူပါတယ်။ လေးဆယ့်ငါးဝါလုံးလုံး လူ့ပြည်မှာ ဝါကပ်ဝါဆိုတော်မူတာမဟုတ်ပါဘူး။ သတ္တမမြောက်ဝါကိုတော့ တာဝတိံသာနတ်ပြည်မှာ ဝါဆိုတော်မူပါတယ်။

ဒီလို သတ္တမမြောက်ဝါကို တာဝတိံသာနတ်ပြည်မှာ ဝါဆိုရတဲ့အကြောင်းနဲ့ ဝါဆိုနေတဲ့ကာလအတွင်းမှာ မြတ်စွာဘုရားရှင်ဟာ ဘာတွေဆောင်ရွက်နေသလဲဆိုတဲ့အကြောင်းအရာတွေဟာ သိဖို့လည်း ကောင်း၊ စိတ်ဝင်စားဖွယ်ရာလည်း ကောင်းပါတယ်။

သတ္တမဝါကို တာဝတိံသာနတ်ပြည်မှာ မဆိုခင် ဆဋ္ဌမဝါကိုတော့ သမုဒ္ဒရာအနီး ချယားတောတတ်တိုင်းအရပ်ရှိတဲ့ မကုဠ

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တောင်ကျောင်းမှာ ဝါကပ်ဝါဆို တော်မူပါတယ်။ ဆဋ္ဌမဝါက ထ တော်မူတဲ့အခါ ရာဇဂြိုဟ်ပြည်ကို ဒေသစာရီကြွချီပြီး ဝေဠုဝန်ကျောင်း တိုက်မှာ သီတင်းသုံးကာ တရားရေ အေး တိုက်ကျွေးနေပါတယ်။

တစ်နေ့မှာတော့ ရာဇဂြိုဟ် သူဌေးဟာ ဂင်္ဂါမြစ်အတွင်းမှာ မိမိရဲ့ အခြံအရံတွေနဲ့ ရေကစားပါတယ်။ မိမိက စားတဲ့နေရာ အန္တရာယ်ကင်း ဖို့နဲ့ လျှောပြုတ်ကျွတ်ထွက်ကျတဲ့ အဆင်တန်ဆာတွေနဲ့ မဆုံးရှုံးရ အောင် လေးဖက်လေးတန်ကနေ ပြီး ပိုက်ကွန်တွေ ချထားပါတယ်။

ဂင်္ဂါမြစ်ညာဘက်က စန္ဒကူးနီ တစ်ပင်ဟာ ရေတိုက်စားလို့လဲကျပြီး ဂင်္ဂါမြစ်အတွင်း မျောလာတဲ့အခါ ကျောက်ဆောင်ကျောက်စွန်းတွေနဲ့ ထိခိုက်ခြင်း၊ ရေလှိုင်းပုတ်ခတ်ခြင်း တို့ကြောင့် ချောမောပြေပြစ်တဲ့ အနှစ် သားတုံးဖြစ်ပြီး ဂင်္ဂါမြစ်ကြောအတိုင်း ဆက်လက်မျောဆင်းပါတယ်။

စန္ဒကူးအနှစ်တုံးဟာ ရာဇ ဂြိုဟ်သူဌေး ရေကစားရာ ကာကွယ် ထားတဲ့ ပိုက်ကွန်မှာငြိပြီး တွေ့ရှိတဲ့ အစေအပါးတွေက ရာဇဂြိုဟ်သူဌေး ကို ပေးဆက်ကြပါတယ်။

## ရာဇဂြိုဟ်သူဌေးရဲ့ စိတ်ကူး

ရာဇဂြိုဟ်သူဌေးဟာ ဤသို့ စဉ်းစားပါတယ်။

ရာဇဂြိုဟ်သူဌေးဟာ မိစ္ဆာဒိဋ္ဌိ အယူရှိသူလည်း မဟုတ်သလို သမ္မာ ဒိဋ္ဌိအယူရှိသူလည်း မဟုတ်ပါဘူး။ တစ်နည်းအားဖြင့် ဘာသာရေးလက် လွှတ်နေတဲ့သူတစ်ဦး ဖြစ်ပါတယ်။ ဘယ်ဘာသာကိုမှ နှစ်ခြိုက်လက်ခံ ယုံကြည်မှုမရှိသေးတဲ့သူဖြစ်ပါတယ်။

ဒီလောကမှာ ငါတို့ဟာ ရဟန္တာ တွေပါလို့ ပြောဆိုထုတ်ဖော်နေကြ တဲ့ သူတွေရှိနေပါတယ်။ ဒီလို ငါဟာ ရဟန္တာပါလို့ပြောတိုင်း ယုံလေ့ရှိတဲ့ လူစားမျိုးမှာ ရာဇဂြိုဟ်သူဌေးက မပါဝင်ဘူး။ ဒါပေမယ့် ဘယ်လိုသူ မျိုးဟာ ရဟန္တာဖြစ်တယ်ဆိုတာကို လည်း သူကမခွဲခြမ်းမဝေဖန်နိုင်ဘူး။

ဒါကြောင့်မို့ ဒီရလာတဲ့ စန္ဒကူး သစ်နီတုံးကို သပိတ်ဖြစ်အောင် ပွတ် ခုံမှာတင်စေပါတယ်။ စန္ဒကူးသပိတ် ကို ဆိုင်းထဲမှာထည့်ပါတယ်။ ပြီးတော့ ဝါးလုံးအဆင့်ဆင့်ကို အတောင်ခြောက် ဆယ်မြင့်အောင် စိုက်ထူပြီး ထိပ်မှာ စန္ဒကူးသပိတ်ကိုချိတ်ဆွဲထားပါတယ်။

"ရဟန္တာစစ်စစ်ဖြစ်တဲ့သူဟာ ကောင်းကင်ခရီးက ကြွလာပြီး သပိတ်ကိုယူလော့။ ထိုသပိတ်ကို ယူ တဲ့သူအား ငါ့ရဲ့သားမယားနဲ့တကွ ကိုးကွယ်မယ်"လို့ ကြေညာပြောဆို လိုက်ပါတယ်။

ရာဇဂြိုဟ်သူဌေးက ဂင်္ဂါမြစ်မှာ ရေချိုးရင်း ရလာတဲ့ စန္ဒကူးအနှစ်တုံး ကို စိတ်ကူးအကောင်အထည်ဖော် လိုက်တာပါပဲ။

## တိတ္ထိဆရာကြီးများ

ဒီအချိန်မှာ ရာဇဂြိုဟ်ပြည်ကို အမှီပြုပြီး မိမိတို့ကိုယ်ကို ရဟန္တာလို့ ပြောဆိုကာ ဂိုဏ်းဆရာကြီးများ အဖြစ် နေထိုင်တဲ့ တိတ္ထိခြောက်ဦးရှိ နေပါတယ်။ သူတို့တွေရဲ့အကြောင်း လည်း စိတ်ဝင်စားစရာမို့ အကျဉ်းမျှ သိထားစေချင်ပါတယ်။

### ၁။ ပူရဏကဿပဆရာကြီး

အမည်ရင်းက ပူရဏဖြစ်ပြီး အမျိုးအနွယ်က ကဿပအနွယ်ဖြစ် လို့ ပူရဏကဿပလို့ ခေါ်ပါတယ်။

သူဌေးတစ်ဦးမှာ အိမ်ပေါ်က ကျွန် ၉၉ ယောက်ရှိရာကနေ ၁၀၀ မြောက်မှာ မွေးဖွားလို့ ပူရဏလို့ခေါ် ရခြင်း ဖြစ်ပါတယ်။ အဓိပ္ပာယ်က တော့ ရာပြည့်ကျွန် မောင်ရာပြည့်လို့ ခေါ်ပါတယ်။

အဝတ်မဝတ်ခြင်းကို ရဟန်း အဖြစ် စွဲယူပါတယ်။ အခြားလူ ရာဟာလည်း ပူရဏထံမှ အဝတ် မဝတ်ခြင်းဆိုတဲ့ ရဟန်းအဖြစ်ကို ယူထားကြပြီး လောက၌ ဆရာကြီး တစ်ဆူ၊ ဘုရားကြီးတစ်ဆူအဖြစ် ထင်ရှားလျက်ရှိပါတယ်။

### ၂။ မက္ခလိဂေါသာလဆရာကြီး

အမည်ရင်းမှာ မက္ခလိဖြစ်ပြီး ဂေါသာလရွာမှာမွေးလို့ မက္ခလိဂေါ သာလလို့ ခေါ်ပါတယ်။

သူလည်း ကျွန်တစ်ဦးသားဖြစ် ပြီး ပူရဏကဿပလိုပဲ အဝတ် မဝတ်ရတဲ့ ရဟန်းအဖြစ် ခံယူသူဖြစ် ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

**ပကုဓကစ္စာယန ဆရာကြီး**

အမည်ရင်းဟာ ပကုဓဖြစ်ပြီး ...ော့ ကစ္စာယနအနွယ်ဖြစ်လို့ ...ကုဓကစ္စာယနဆရာကြီးလို့ ခေါ် ...တယ်။

သူဟာ ရေအေးကိုစွန့်ပယ်တဲ့ ...ူ ဖြစ်ပါတယ်။ ဒါကိုပဲ သီလနဲ့ ...ျင့်စဉ်အဖြစ် ဆုပ်ကိုင်ထားပါ ...ယ်။ ဘယ်လောက်အထိ စွဲမြဲဆုပ် ...ိုင်သလဲဆိုတော့ ကျင်ကြီးစွန့်ပြီးတဲ့ ...ခါ အစာစားပြီးတဲ့အခါ၊ အညစ် ...ကြေးပေကျံတဲ့အခါ ရေအေးနဲ့ ...ဆေးကြောပါဘူး။ ရေနွေးနဲ့ ပုန်း ...ည်ရမှသာ ဆေးကြောပါတယ်။ ...ရှင် မဆေးကြောဘဲ နေပါတယ်။

လမ်းခရီးမှာ မြစ်ရေချောင်းရေ ...တ်ရတဲ့အခါ ငါ့သီလပျက်လေပြီလို့ ...ာတ်မေ့ကာ သဲပုံအစုကိုပြုပြီး ...သဆောက်တည်ပါတယ်။

**အဇိတကေသကမ္ဗလဆရာကြီး**

အမည်ရင်းကတော့ အဇိတ ... လူ့ဆံပင်နဲ့ရက်လုပ်တဲ့ ကမ္ဗလာ ...တ်ကို ဝတ်တဲ့အတွက်ကြောင့် ...သကမ္ဗလလို့ ခေါ်ကြပြန်တယ်။ ...ည်နှစ်ရပ်ကိုဧပေါင်းပြီး အဇိတ ...သကမ္ဗလဆရာကြီးရယ်လို့ ...ည်တွင် လာပါတယ်။

**သဉ္စယဗေလဋ္ဌပုတ္တဆရာကြီး**

အရှင်သာရိပုတ္တရာနဲ့ အရှင် ...မောဂ္ဂလာန်တို့ ပရိဗိုဇ်အဖြစ်နဲ့ ...တ အတူနေခဲ့တဲ့ ဂိုဏ်းဆရာကြီးပေါ့။ အမည်ရင်းဟာ သဉ္စယပါ။ ဗေလဋ္ဌရဲ့သားဖြစ်လို့ ဗေလဋ္ဌပုတ္တလို့ ခေါ်ပြန်တယ်။ အမည်နှစ်မျိုးပေါင်းပြီး သဉ္စယ ဗေလဋ္ဌပုတ္တဆရာကြီးလို့ ခေါ်ကြပါတယ်။

**၆။ နိဂဏ္ဌနာဋပုတ္တဆရာကြီး**

မိမိထင်မြင်ရာ အယူအဆကို ပြောဆိုတတ်တဲ့အတွက် နိဂဏ္ဌလို့ ခေါ်ပါတယ်။ နာဋရဲ့သားဖြစ်လို့ နာဋပုတ္တလို့ ခေါ်ပြန်တယ်။ နာမည်နှစ်ပေါင်းပြီး နိဂဏ္ဌနာဋပုတ္တဆရာကြီးလို့ အမည်တွင်ပါတယ်။

## တိတ္ထိဆရာကြီးများနဲ့ စန္ဒကူးသပိတ်

ရာဇဂြိုဟ်သူဌေးရဲ့ ကြေညာချက်အရဆိုရင် တိတ္ထိဂိုဏ်းဆရာကြီးတွေဟာ စန္ဒကူးသပိတ်ကို မယူလို့ မဖြစ်တော့ပါဘူး။ သူတို့ကိုယ်သူတို့ ရဟန္တာပါလို့ ထုတ်ဖော်ထားတာကြောင့်ပါ။ ဒီကြေညာချက်ကြောင့် တိတ္ထိတွေကြားမှာ အတော်လေး လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားကြရတယ်။ မယူပြန်ရင်လည်း အခက်။ ယူဖို့ရာကျတော့လည်း မယူနိုင်ပြန်ဘူး။

ဒါပေမယ့် ပထမဆုံး ပူရဏကဿပဆရာကြီးက ရာဇဂြိုဟ်သူဌေးထံသွားပြီး "ငါဟာ ရဟန္တာ၊ တန်ခိုးရှိသူလည်း ဖြစ်တယ်။ ငါ့ကို စန္ဒကူးသပိတ်ပေးပါ"လို့ တောင်းတယ်။

ရာဇဂြိုဟ်သူဌေးက "အရှင့်ရဲ့ တန်ခိုးတော်နဲ့သာ တပည့်တော်ရဲ့ စန္ဒကူးသပိတ်ကို ယူတော်မူပါ"လို့ လိမ္မာပါးနပ်စွာနဲ့ ပြောဆိုလိုက်တယ်။ ပူရဏကဿပဟာ သူပြောသလို ရဟန္တာလည်း မဟုတ်၊ တန်ခိုးရှိသူလည်း မဟုတ်တာမို့ စန္ဒကူးသပိတ်ကို မယူနိုင်ဘဲ လက်လျှော့ပြန်ခဲ့ရတယ်။

ဒုတိယနေ့မှာ မက္ခလိဂေါသာလ၊ တတိယနေ့မှာ အဇိတကေသကမ္ဗလ၊ စတုတ္ထနေ့မှာ ပကုဓကစ္စာယန၊ ပဉ္စမနေ့မှာတော့ သဉ္စယဗေလဋ္ဌပုတ္တဆရာကြီးတို့ဟာ စန္ဒကူးသပိတ်ကို လာတောင်းကြပြန်ပါတယ်။ ရာဇဂြိုဟ်သူဌေးကလည်း "အရှင်ဘုရားဟာ တန်ခိုးရှိတယ်၊ ရဟန္တာလည်းဖြစ်တယ်ဆိုရင် ကိုယ်တိုင် မိမိတန်ခိုးနဲ့သာယူပါ"လို့ ရှေးနည်းအတိုင်း ပြောဆိုလိုက်တော့ လက်လျှော့ပြီး ခေါင်းငိုက်စိုက်ချ ပြန်သွားကြရပါတယ်။

နိဂဏ္ဌနာဋပုတ္တ ဆရာကြီးကတော့ အခြား တိတ္ထိဆရာကြီးတွေလို တုံးတိတိကြီး စန္ဒကူးသပိတ်ကို သွားမတောင်းဘူး။ ရာဇဂြိုဟ်သူဌေးကြီးက စန္ဒကူးသပိတ်ကို ပေးလာစေအောင် နည်းပရိယာယ်သုံးဖို့ ကြံစည်တယ်။

ခြောက်ရက်မြောက်နေ့မှာ သူ့ရဲ့တပည့်များကို "ဒီသပိတ်ဟာ ငါတို့ရဲ့ဆရာကြီးနဲ့ပဲ သင့်လျော်တယ်။ မပြောပလောက်တဲ့ သပိတ်အတွက်နဲ့ ငါတို့ဆရာကြီးကို ကောင်းကင်ကနေ မလာရောက်စေသင့်ဘူး။ ငါတို့



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးကို ပေးလှူပါ"လို့ အပြောခိုင်းတယ်။ တပည့်များသွားပြောတဲ့အခါ ရာဇဂြိုဟ်သူဌေးဟာ "ကောင်းကင်က ကြွလာပြီး ယူနိုင်စွမ်းသူဟာ ယူစေ"လို့ ပြောကြားလိုက်ပါတယ်။

ဒီတော့ နာဋပုတ္တဆရာကြီးဟာ နောက်ထပ် ပရိယာယ်အကြံအစည်နဲ့ တပည့်များကို ကြိုတင်စီစဉ်မှာကြားပါတယ်။ ပြီးတော့ တပည့်များနဲ့အတူ ရာဇဂြိုဟ်သူဌေးထံသွားပြီး စန္ဒကူးသပိတ်ကို တောင်းခဲပါတယ်။ ရာဇဂြိုဟ် သူဌေးကြီးကလည်း "ကောင်းကင်ကိုသာ ပျံတက်ပြီးယူပါ"လို့ ခပ်တင်းတင်းပဲ ပြောဆိုလိုက်တဲ့အခါ "ဖယ်ကြ"လို့ဆိုပြီး "ကောင်းကင်ကို ပျံတက်မယ်"လို့ ပြောကာ လက်တစ်ဖက်ခြေ တစ်ဖက်ကို မြှောက်လိုက်ပါတယ်။

အဲဒီအခါ တပည့်များက နာဋပုတ္တဆရာကြီး ကြိုတင်ပြောကြားထားတဲ့အတိုင်း "အို . . . ဆရာကြီး ဒီစန္ဒကူးသပိတ်လေးအတွက်နဲ့ လျှို့ဝှက်အပ်တဲ့တန်ခိုးကိုမပြပါနဲ့၊ ဆရာကြီးအတွက် ဘာမှအကျိုးမရှိဘူး"လို့ ဆိုကာ နာဋပုတ္တဆရာကြီးကို ဝိုင်းပြီးဆွဲငင်ကြတော့တယ်။

"အို . . . သူဌေးကြီး တပည့်များက ငါ့ကို ကောင်းကင်ပျံတက်ခွင့် မပေးတာ သင့်အမြင်ပဲ။ ငါ့ကို သပိတ်ပေးပါ"လို့ နာဋပုတ္တက ပြောတဲ့အခါ သူဌေးကြီးက "ကောင်းကင်ကိုသာ တက်ယူပါ"လို့ ပြောလိုက်တယ်။

တိတ္ထိခြောက်ဦးတို့ ခြောက်ရက်တိုင်တိုင် အားထုတ်ပေမယ့် မရကြဘူး။

## သေသောက်ကြူးတို့ရဲ့စကား

"ရှေးအခါက တိတ္ထိဆရာကြီးခြောက်ဦးတို့ဟာ ငါတို့ဟာ ရဟန္တာဖြစ်ကြတယ်လို့ ပြောဆိုလှည့်လည်ခဲ့ကြတယ်။ ခုနစ်ရက်မြောက်ရောက်တဲ့အထိ ရာဇဂြိုဟ်သူဌေးမင်းရဲ့ စန္ဒကူးသပိတ်ကို မယူနိုင်ကြဘူး။ ဒီနေ့မှ လောကမှာ ရဟန္တာမရှိကြောင်း သိရတော့တယ်"

အရှင်မဟာမောဂ္ဂလာန်နဲ့ အရှင် ပိဏ္ဍောလဘာရဒွါဇမထေရ်နှစ်ပါး ဆွမ်းခံဝင်ဖို့ ရာဇဂြိုဟ်အနီးကျောက်ဖျာတစ်ခုမှာ သက်န်းရုံနေစဉ် သေသောက်ကြူးတွေက မထေရ်နှစ်ပါးကြားအောင် ထိပါးပုတ်ခတ်ပြောဆိုကြတယ်။

မထေရ်နှစ်ပါး ကြားတဲ့အခါ မြတ်စွာဘုရားရှင် သာသနာတော်ကိုပါ သိမ်းကျုံးထိပါးတဲ့စကားမှန်း သိတာမို့ အရှင်နှစ်ပါး တိုင်ပင်ပြီး အရှင်မဟာမောဂ္ဂလာန်က အရှင်ပိဏ္ဍောလ ဘာရဒွါဇစန္ဒကူးသပိတ်ကိုယူရန် အခွင့်ပြုလိုက်ပါတယ်။

## အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ် စန္ဒကူးသပိတ်ယူပြီ

အရှင်ပိဏ္ဍောလဟာ စတုတ္ထဈာန်ကိုဝင်စားပြီး အဘိညာဉ်ဖော ဝီထိနဲ့ သက်န်းရုံနေရာကျောက်ဖျာကို ကောင်းကင်တက်စေပြီး ရာဇ ဂြိုဟ်မြို့အထက်မှာ ခုနစ်ကြိမ် လှည့် ပတ်တော်မူတယ်။

မြို့နေလူအပေါင်း ကျောက် ဖျာကြီးကျမှာစိုး၍ ထိတ်လန့်ပုန်း အောင်းစဉ် အရှင်မြတ်ဟာ ကျောက် ဖျာခွဲပြီး ကိုယ်ထင်ပြတော်မူတယ်။ လူအများကြည့်နေစဉ်မှာ ကျောက် ဖျာကို ခြေအစွန်းနဲ့တွန်းကန်လိုက် ရာ မူလနေရာမှာ ပြန်တည်ပါတယ်။

ရာဇဂြိုဟ်သူဌေးမြင်တော့ မြေ မှာဝပ်တွားပြီး သက်ဆင်းရန်လျှောက် ထားတယ်။ မထေရ်သက်ဆင်းတဲ့ အခါ စန္ဒကူးသပိတ်မှာ စတုမဓု အပြည့်ထည့်ပြီး လှူတော်မူတယ်။ မထေရ် ဝေဠုဝန်ကျောင်းတိုက် ပြန် ကြွတဲ့အခါ လူသူအများလည်း နောက်ကနေ လိုက်ပါလာကြတယ်။

## တန်ခိုးပြာဋိဟာမပြရန် သိက္ခာပုဒ်ပညတ်

မြတ်စွာဘုရားရှင်ဟာ လူသံ တွေကိုကြားတော့ အရှင်အာနန္ဒာကို မေးတယ် . .။ အရှင်အာနန္ဒာက အကြောင်းစုံ ပြန်လျှောက်ပြတော့ သံဃာ့အစည်းအဝေးခေါ်ပြီး "ရဟန်း များ တန်ခိုးပြာဋိဟာ မပြအပ်။ ပြတဲ့ ရဟန်း ဒုက္ကဋ်အာပတ်သင့်စေ"ဆိုတဲ့ သိက္ခာပုဒ်ကိုပညတ်တော်မူပါတယ်။ သစ်သားသပိတ်ကိုလည်း မဆောင် ယူအပ်၊ ဆောင်ယူရင် ဒုက္ကဋ်အာ ပတ်သင့်စေလို့ ပညတ်ပြီး စန္ဒကူး သပိတ်ကို ခွဲစေတယ်။ သစ်သား



www.burmeseclassic.com

www.burmeseclassic.com

အပိုင်းအစများကို မျက်စဉ်းကြိတ်ဖို့ ဒါယာတော်တွေကို ခွဲဝေပေးတယ်။

## တိတ္ထိတို့ရဲ့ ထကြွထောင်ထားစကား

မြတ်စွာဘုရားရှင်ဟာ တပည့် ရဟန်းများကို တန်ခိုးပြာဋိဟာမပြဖို့ ပညတ်တော်မူတာကို တိတ္ထိတွေ ကြားကြတဲ့အခါ ဒါဟာ တို့ရဲ့အဘွက် ... ရဟန်းဂေါတမကို လှဲဖြိုနိုင်မယ့် အခွင့်အရေးပဲ။ ရဟန်းဂေါတမ ပညတ်တဲ့ သိက္ခာပုဒ်ကို တပည့် ရဟန်းတွေဟာ အသက်နဲ့အမျှထိန်း စောင့်ကြတယ်။ ဘယ်တော့မှ တန်ခိုး ပြာဋိဟာပြကြတော့မှာ မဟုတ်ဘူး လို့ တွေးတောကြံ စည်တိုင်ပင်ကာ

"ငါတို့ဟာ ဂုဏ်ကိုစောင့်ထိန်း ပြီး နေ့တူးသပိတ်အတွက်နဲ့ တန်ခိုး ကို မပြကြဘူး။ ရဟန်းဂေါတမရဲ့ တပည့်တွေသာ အရှက်မရှိဘဲ ပြကြ တယ်၊ အခုအခါ ငါတို့ဟာ ရဟန်း ဂေါတမနဲ့ တန်ခိုးပြာဋိဟာပြိုင်ဆိုင် ကြတော့မယ်"လို့ လှည့်လည်ဝါကြွား ပြီး ထကြွထောင်ထားတဲ့စကားကို ပြောကြပြန်ပါတယ်။

## မြတ်စွာဘုရားရှင် တန်ခိုးပြာဋိဟာပြသင့်၊ မပြသင့် ဗိမ္ဗိသာရမင်း လျှောက်ချင့်စုံစမ်း

တိတ္ထိများက မြတ်စွာဘုရားရှင်နဲ့ တန်ခိုးပြိုင်မယ်ဆိုတဲ့ စကားကြား တော့ ဗိမ္ဗိသာရမင်းဟာ မဆိုင်းမတွဘဲ မြတ်စွာဘုရားရှင်ကို သွားရောက် မေးမြန်း စုံစမ်းပါတော့တယ်။ ဘာ ကြောင့်လဲဆိုတော့ တပည့်ရဟန်း များကို တန်ခိုးပြာဋိဟာမပြဖို့ ပညတ် တော်မူထားရာ မြတ်စွာဘုရားရှင် လည်း ထိုပညတ်ချက်အတိုင်း လိုက် နာကျင့်သုံးမလား၊ မကျင့်သုံးဘူး လားဆိုတာ သိရအောင်လို့ပါပဲ။

ဗိမ္ဗိသာရမင်းက မေးလျှောက် လို့ မြတ်စွာဘုရားရှင် ဖြေကြားတဲ့ စကား အနှစ်ချုပ်ကတော့ . . .

"တပည့်သာဝကများကို တန် ခိုးပြာဋိဟာမပြဖို့ ငါဘုရားပညတ် တာ မှန်ပါတယ်၊ တိတ္ထိတွေက တန်ခိုးပြာဋိဟာပြမှုအတွက် ပြိုင် ဆိုင်ဖို့ ပြုကြရင်တော့ ငါဘုရား တန်ခိုးပြာဋိဟာ ပြရပါလိမ့်မယ်။

မြတ်သောမင်းကြီး . . . သင့် ဥယျာဉ်ထဲက သရက်သီးကို အခြား သူတွေ ဆွတ်ခူးစားမယ်ဆိုရင် မင်း ပြစ်ဒဏ်ခတ်မှာပါပဲ။ သင်မင်းကြီး ကိုယ်တိုင်စားတော့ ဒဏ်ခတ်အရေး ယူမှု မပြုဘူးမဟုတ်လား၊ မင်းကြီး ရဲ့အာဏာစက်ဟာ မင်းကြီးရဲ့ပြည် အဝန်းမှာ ပြန့်နှံ့တယ်၊ ငါဘုရား ရဲ့အာဏာကတော့ စကြဝဠာကုဋေ တစ်သိန်းထိ ဖြစ်ထွန်းတယ်၊ ငါ ဘုရားအတွက် သိက္ခာပုဒ်ပညတ်မှု မရှိ၊ တပည့်သာဝကများအတွက် သာ ငါဘုရား ပညတ်ခြင်းဖြစ်တယ်၊

ဒီယနေ့ကနေ လေးလလွန် မြောက် ဝါဆိုလပြည့်ရောက်တဲ့အခါ မှာ သာဝတ္ထိပြည်ရှိ ကဏ္ဍမ္ဗသစ်ပင် အနီးမှာ ပြာဋိဟာပြတော်မူမယ်" ဟူ၍ ဖြစ်ပါတယ်။

အဲဒီလို ကြေညာလိုက်တဲ့နေ့ ဟာ တပေါင်းလပြည့်နေ့ ဖြစ်ပါတယ်။

## တိတ္ထိတို့ရဲ့ ကျောက်ခဲရေညှစ်အကြံအစည်နဲ့ မဟန်တဲ့ပြုမူချက်

မြတ်စွာဘုရားရှင်က ကဏ္ဍမ္ဗသ ရက်ပင်အနီးမှာ တန်ခိုးပြာဋိဟာပြ မယ့် စကားကြားကြရတဲ့ တိတ္ထိတွေ ဟာ "ငါတို့ဟာ ပျက်ခြင်းမလှ ပျက် စီးကြရတော့မှာပါလား"လို့ ချောက် ချောက်ချားချား စိတ်လှုပ်ရှားသွား

မြတ်သောမင်းကြီး ...သင့်ဥယျာဉ်ထဲက
သရက်သီးကို အခြားသူတွေ
ဆွတ်ခူးစားမယ်ဆိုရင် မင်းပြစ်ဒဏ်ခတ်မှာပါပဲ။
သင်မင်းကြီးကိုယ်တိုင်စားတော့
ဒဏ်ခတ်အရေးယူမှု မပြုဘူးမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

ကြပြီး အကြံညာဏ်ထုတ်ကာ တိုင်ပင်ထားကြပြန်ပါတယ်။

တပေါင်းလပြည့်ကျော် ၁ ရက်မှာတော့ မြတ်စွာဘုရားရှင်ဟာ သာဝတ္ထိပြည်ကို စတင် ဒေသစာရီထွက်ခွာတာနဲ့ တိတ္ထိတွေဟာ ကြိုတင် စီစဉ်တိုင်ပင်ထားကြတဲ့အတိုင်း မြတ်စွာဘုရားရှင်ရဲ့နောက်က တကောက်ကောက်လိုက်ကြပါတယ်။

လူတွေကမေးတဲ့အခါ "ငါတို့ဟာ ရဟန်းဂေါတမနဲ့ တန်ခိုးပြာဋိဟာ ပြိုင်ဆိုင်ကြမယ်။ ရဟန်းဂေါတမဟာ ငါတို့ကိုကြောက်ပြီး ထွက်ပြေးတယ်။ သူထွက်ပြေးတာကို ထွက်မပြေးနိုင်အောင် မျက်ခြည်မပြတ်နောက်က တကောက်ကောက်လိုက်နေရခြင်းဖြစ်တယ်"လို့ မြတ်စွာဘုရားရှင် ဒေသစာရီကြွချီတာကို ကြောက်လို့ထွက်ပြေးတာဆိုပြီး ပြောကြားကြသတဲ့။

လူများစွာကလည်း တန်ခိုးပြာဋိဟာကို ဖူးမြော်လိုတာကြောင့် အစဉ်တစိုက် လိုက်ပါကြပြန်တော့တယ်။

## သရက်ပင်မှန်သမျှ ခုတ်ကြ၊ နုတ်ကြနဲ့ အလုပ်ရှုပ်သော တိတ္ထိများ

မြတ်စွာဘုရားရှင်ဟာ သာဝတ္ထိပြည်ကိုရောက်တဲ့အခါ ဇေတဝန်ကျောင်းတိုက်မှာသီတင်းသုံးပါတယ်။

တိတ္ထိတို့လည်း သာဝတ္ထိပြည်ရောက်တော့ သူတို့ရဲ့ဒကာ၊ ဒကာမတွေဆီက အလှူခံလို့ရတဲ့ အသပြာတစ်သိန်းနဲ့ ကြီးကျယ်တဲ့မဏ္ဍပ်ကို ဆောက်လုပ်ကာ "ဒီမဏ္ဍပ်မှာ ငါတို့တန်ခိုးပြာဋိဟာပြကြမယ်"ဆိုပြီး ကြွေးဝါနေထိုင်ကြတယ်။

ပသေနဒီ ကောသလမင်းကလည်း မြတ်စွာဘုရားကို ပြာဋိဟာမဏ္ဍပ်ဆောက်ခွင့် တောင်းတဲ့အခါ ငြင်းပယ်ပြီး သိကြားနတ်မင်းလျှောက်လိမ့်မယ်လို့ မိန့်ကြားပါတယ်။

သရက်ပင်ရဲ့အနီးမှာ တန်ခိုးပြာဋိဟာပြလိမ့်မယ်လို့ မိန့်ကြားတာနဲ့ တိတ္ထိတွေဟာ သာဝတ္ထိပတ်ဝန်းကျင် တစ်ယူဇနာအတွင်းရှိ သရက်ပင်ရှိသမျှကို ဝယ်ယူစေကာ ခုတ်လှဲခြင်း၊ နုတ်ပယ်ခြင်း ပြုကြပါတော့တယ်။

## ကဏ္ဍမ္ဗသရက်ဖြူပင်ဆိုတာ

မြတ်စွာဘုရားရှင်ဟာ တပေါင်းလပြည့်နေ့ကနေ တန်ခိုးပြာဋိဟာပြမယ့် ဝါဆိုလပြည့်နေ့ကို လေးလတာကျော်လွှားရောက်ရှိလာတာနဲ့ သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံဝင်ဖို့ ဇေတဝန်ကျောင်းတော်ကနေ ထွက်ကြွပါတယ်။

ကောသလမင်းရဲ့ ဥယျာဉ်မှူးကဏ္ဍဟာ ဥယျာဉ်တော်အတွင်းက သရက်ပင်တစ်ပင်မှာ ခါချဉ်ထုပ်အတွင်း ရှက်အုပ်သီး သရက်သီးမှည့်တစ်လုံးကိုမြင်လို့ ကျီးတွေကို ခြောက်လှန့်ခူးဆွတ်ပြီး မင်းကြီးကို ဆက်သဖို့အလာ မြတ်စွာဘုရားကို ဖူးတွေ့ရပါတယ်။

ကဏ္ဍရဲ့ စိတ်စေတနာဖြစ်ပေါ် နှိုးဆော်ချက်အရ အဲဒီသရက်သီးကို ဘုရားရှင်ကို ကပ်လိုက်ပါတယ်။ အရှင်အာနန္ဒာက သင်္ကန်းခင်းပေးတဲ့နေရာမှာ ထိုင်တော်မူပြီး ဖျော်ရည်ပြုလုပ် ဆက်ကပ်တာကို သုံးဆောင်ပြီးတဲ့နောက် သရက်စေ့ကို ကဏ္ဍကိုပေးပြီး စိုက်စေပါတယ်။

မြတ်စွာဘုရားရှင်ဟာ လက်တော်ကို ဆေးကြောတဲ့ရေနဲ့ သွန်းလောင်းလိုက်တဲ့အခါ ကြည့်နေရင်းမှာပင် သရက်စေ့ကနေ အတောင်ငါးဆယ်မြင့်ပြီး အကိုင်းအခက်၊ အပွင့်အသီးဝေဝေဆာဆာနဲ့ သရက်ပင်ကြီးအဖြစ် ပေါက်ရောက်ကြီးထွားလာပါတယ်။

အံ့ဖွယ်ထူးခြားစွာ ပေါက်လာတဲ့ သရက်ပင်ကြီးကို ပသေနဒီကောသလမင်းကြီးဟာ ဘယ်သူမှ မခုတ်မဖြတ်စေရလို့ မင်းမိန့်ထုတ်ပြီး အစောင့်အနေ ချထားလိုက်ပါတော့တယ်။ ကဏ္ဍဥယျာဉ်မှူး စိုက်တဲ့အပင်မို့ ကဏ္ဍမ္ဗရုက္ခလို့ခေါ်ပါတယ်။

ဒီနေ့ဟာ တိတ္ထိတွေနဲ့ တန်ခိုးပြာဋိဟာပြိုင်ဆိုင်ပြသရမယ့် ဝါဆိုလပြည့်နေ့ရဲ့ နံနက်ပိုင်း အခြေအနေပဲဖြစ်ပါတယ်။

တိတ္ထိတို့က ဘယ်လောက်ပဲ သရက်ပင်တွေ မြေလှန်ပစ်ပေမယ့် မြတ်စွာဘုရားရှင် တန်ခိုးပြာဋိဟာပြမယ်လို့ မိန့်ကြားထားတဲ့ သရက်ပင်ဟာ ဒီနေ့မနက်မှာ ပေါ်ပေါက်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

**မြတ်စွာဘုရားရှင်ကိုယ်တိုင်မဆိုထားနဲ့။ မြတ်စွာဘုရားရှင်ရဲ့ တပည့်ရဟန်းသာဝကများသာမက လူဒါယကာ၊ ဒါယိကာမများမှာတောင် တန်ခိုးပြာဋိဟာ ပြနိုင်တဲ့သူတွေ အမြောက်အမြား ရှိနေပါတယ်။**

### တိတ္ထိတို့ရဲ့ အရှုံးတကာ့အရှုံး မဟာဆုံးရှုံးပျက်စီးတဲ့ပွဲ

တန်ခိုးပြာဋိဟာပွဲ စတင်ဖို့ဆဲဆဲ ...ဲ သိကြားမင်းက လေနတ်သား ... တိတ္ထိတို့ရဲ့မဏ္ဍပ်ကို လေနဲ့ဖျက် ...စ်လွှင့်စေပါတယ်။ နေနတ်သား ...ည်း နေအပူနဲ့ ပူလောင်စေရန် ...င်းပြန်ပါတယ်။ မဏ္ဍပ်လွင့်စဉ် ... နေပူထိးထိးမှာ ချွေးဒီးဒီးကျနေ ... တိတ္ထိတွေကို လေပွေကွက်ပြီး ဖွေ့ ...စေတာ မြူမှုန်တွေကပ်စေလိုက် ...အခါ တောင်ပို့နီတွေ၊ လူနီတွေ ...ကုန်ပါတော့တယ်။

မိုးနတ်သားက အလွန်ကြီးတဲ့ မိုးပေါက်တွေရွာချလိုက်တဲ့အခါ ခွား နီ၊ ကျားတွေ ဖြစ်ကုန်ပါတော့တယ်။ မဏ္ဍပ်လည်းမရှိ၊ နေကလည်းပူ၊ လေပွေကထ၊ မိုးကရွာနဲ့ ကိုးကွယ်ရာမရဘဲ တိတ္ထိတွေဟာ ခြေဦးတည့်ရာ ပြေးကြပါတော့တယ်။

ကိုယ်မွေးတဲ့မီးက ကိုယ့်ကို လောင်ကျွမ်းကြရပြီပေါ့။ ပူရဏကဿပဆရာကြီးဆိုရင် သူ့တပည့် လယ်သမားဆီကရတဲ့ အိုးမှာ သဲအပြည့်ထည့်လို့ လည်ပင်းမှာ ကြိုးကွင်းစွပ်ချည်ပြီး ရေစီးသန်တဲ့ချောင်းထဲ ခုန်ချသေပွဲဝင်လိုက်ရရှာတယ်။ သေသွားတော့လည်း မပြီးသေးဘူး။ မဟာအဝီစိက သူ့ကို ဆီးကြိုနေပြန်တယ်။ တိတ္ထိတွေရဲ့ ရှုံးချက်က နာလှပါတယ်။

### ဘုရားရှင်ကိုယ်တော်အစား ပြာဋိဟာပြခွင့် လျှောက်ထားကြခြင်း

တိတ္ထိတွေမှာ အကျင့်အကြံက မမှန်ကန်တဲ့အတွက် ဘယ်တန်ခိုးပြာဋိဟာမှ မရှိကြပါဘူး။ ကိုယ့်ရဲ့ အတ္တ၊ ကိုယ့်ရဲ့ လာဘ်ပူဇော်သက္ကာအတွက် လူတကာ အထင်ကြီးကိုးကွယ်လာကြဖို့ တန်ခိုးပြာဋိဟာရှိသယောင် ဟန်ဆောင်ကြွားဝါမှုတွေဟာ လေလည်းမကာကွယ်နိုင်၊ နေလည်းမတားဆီးနိုင်၊ မိုးလည်း မရပ်စေနိုင်တဲ့ အရေခွံကွာကာ တပ်လန်သွားကြပါပြီ။

အချိန်က ဝါဆိုလပြည့်နေ့ရဲ့ မွန်းလွဲညနေပိုင်းကို ရောက်လာပါပြီ။ မြတ်စွာဘုရားရှင်ဟာ တန်ခိုးပြာဋိဟာပြသဖို့အတွက် ဇေတဝန်ကျောင်းတော်ကနေ ထွက်ကြွကာ ဝိသုကြုံနတ်သားဖန်ဆင်းတဲ့ ရတနာမဏ္ဍပ်အတွင်း သီတင်းသုံးနေတော်မူပါတယ်။

မြတ်စွာဘုရားရှင်ကိုယ်တိုင်မဆိုထားနဲ့။ မြတ်စွာဘုရားရှင်ရဲ့ တပည့်ရဟန်းသာဝကများသာမက လူဒါယကာ၊ ဒါယိကာမများမှာတောင် တန်ခိုးပြာဋိဟာပြနိုင်တဲ့သူတွေ အမြောက်အမြားရှိနေပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ တန်ခိုးပြာဋိဟာကို ဖူးမြော်လိုကြတဲ့ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမ၊ စကြဝဠာတိုက်တစ်သောင်းက နတ်ဗြဟ္မာအပေါင်းစည်းဝေးပေါင်းစုရောက်ရှိနေကြပါတယ်။

တန်ခိုးပြာဋိဟာပြနိုင်တဲ့ မြတ်စွာဘုရားရှင်ရဲ့ တပည့်များထဲမှာ ယရဏီ အမည်ရှိ တန်ခိုးကြီးတဲ့ အနာဂါမ်ဒါယိကာမ၊ အနာဂါမ်စူဠအနာထပိဏ်ဒါယကာ၊ ခုနစ်နှစ်အရွယ် စိရာသာမဏေရီမလေး၊ ခုနစ်နှစ်အရွယ် စုန္ဒရဟန္တာသာမဏေလေး၊ ဥပ္ပလဝဏ်ထေရီမ၊ အရှင်မဟာမောဂ္ဂလာန်မထေရ်သူမြတ်တို့ဟာ တစ်ယောက်ပြီးတစ်ယောက်၊ တစ်ပါးပြီးတစ်ပါး ဘုရားရှင်ရဲ့ကိုယ်တော်စား တန်ခိုးပြာဋိဟာပြခွင့် လျှောက်ထားကြတဲ့အခါ ဘုရားရှင်က ပယ်မြစ်တော်မူလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## တန်ခိုးပြာဋိဟာ ပြတော်မူခြင်း

မြတ်စွာဘုရားရှင်ဟာ ရတနာစင်္ကြံကို ဖန်ဆင်းပြီး ယမိုက်ပြာဋိဟာ အမျိုးမျိုးကို အဆန်းတကြယ်ပြတော်မူပါတယ်။ အဲဒီလိုပြသတဲ့ အချိန်မှာ သုံးဆယ့်တစ်ဘုံ အလုံးစုံကို ဘုံဌာနအသီးသီးကနေ တွေ့မြင်စေနိုင်အောင် အဓိဋ္ဌာန်ထားရာ ဖြဟ္မာပြည်တိုင်အောင် အလင်းရောင် အတိဖြာနေပါတော့တယ်။

စကြာဝဠာတိုက်တစ်သောင်းက နတ်ဗြဟ္မာအပေါင်း အံ့သြကြည်ညိုစိတ်နဲ့ ရှိခိုးပူဇော်ကြကာ ဘုရားရဲ့ဂုဏ်ကျေးဇူးတော်များကို ဂါထာဖွဲ့ဆို ကျူးရင့်လျက် နှစ်သက်ဝမ်းမြောက်စကားပြောကြားကြပါတယ်။

ရောင်ခြည်တော် ခြောက်သွယ်ကို ဖြန့်ကျက်ပြီး ထိုထိုသော လူနတ်ဗြဟ္မာပရိသတ်တို့က နှစ်သက်ကြည်ညိုအပ်တဲ့ တန်ခိုးပြာဋိဟာကို ကျေနပ်အားရမှုရှိကြအောင် ပြသရင်း သင့်လျော်တဲ့တရားကို ဟောကြားပေးလိုက်တဲ့အခါ များစွာသော သတ္တဝါတွေဟာ ကျွတ်တမ်းဝင်ကြရပါတယ်။

## ကိုယ်တော်ပွား နိမ္မိတဘုရားများ ဖန်ဆင်းခြင်း

မြတ်စွာဘုရားရှင်ဟာ များပြားလှတဲ့ ပရိသတ်ထဲက ပြဿနာမေးလျှောက်မယ့်သူကို ဆင်ခြင်ကြည့်ရှုတာ မမြင်တဲ့အတွက် နိမ္မိတရုပ်ပွားများစွာကို ဖန်ဆင်းစေပါတယ်။ နိမ္မိတရုပ်ပွားတွေဟာ ဣရိယာပုတ်အမျိုးမျိုးနဲ့ ကြည်ညိုဖွယ်ရာ ဆောင်နေကြပါတယ်။ မြတ်စွာဘုရားရှင်နဲ့ ဖန်ဆင်း နိမ္မိတရုပ်ပွားတော်တွေက ထွက်ပေါ်တဲ့ ရောင်ခြည်တော်ခြောက်သွယ်တို့ဟာ ယှက်တင်ရောထွေးပြီး ကောင်းကင်ကို အဆန်းတကြယ်တင့်တယ်စေပါတယ်။ မြတ်စွာဘုရားရှင်နဲ့ ကိုယ်တော်ပွားနိမ္မိတတွေဟာ အချင်းချင်း မေးအပ်တဲ့ ပြဿနာကို မေးကာဖြေကာ ရှိနေကြပါတယ်။

အကြားအကြားမှာ စရိုက်အားလျော်စွာ တရားဒေသနာတော်ကို ဟောကြားတော်မူတာမို့ ကုဋေနှစ်ဆယ်သော လူနတ်ဗြဟ္မာတို့ ကျွတ်တမ်းဝင်ကြရပါတယ်။

## မယ်တော်မိနတ်သားထံသို့

မြတ်စွာဘုရားရှင်ဟာ နောင်တော်ဘုရားရှင်တို့ရဲ့ ထုံးစံအတိုင်း ယမိုက်ပြာဋိဟာပြပြီးတဲ့အခါ ဘယ်မှာဝါ ကပ်ရမလဲလို့ ဆင်ခြင်ကြည့်ပါတယ်။ ယမိုက်ပြဋိဟာပြတဲ့နေ့ဟာ ဝါဆိုလပြည့်နေ့ပါ။ နောက်နေ့ဆို ဝါကပ်ဝါဆို ရပါတော့မယ်။

တာဝတိံသာနတ်ပြည်မှာ ဝါကပ်ပြီးတော့ မယ်တော်မိနတ်သားကို အဘိဓမ္မာဟောကြားကြရစမြဲ ဖြစ်တယ်ဆိုတာကို သိမြင်တာမို့ လက်ျာခြေတော်ကို ချီမြှောက်လိုက်စဉ်မှာ ယူဇနာ လေးသောင်းနှစ်ထောင်မြင့်တဲ့ ယုဂန္ဓိုရ်တောင်ဟာ လက်ျာခြေတော်ကို အလိုလိုခံတော်မူပါတယ်။ လက်ဝဲခြေတော်ကို မြှောက်လိုက်ပြန်တော့ ယူဇနာရှစ်သောင်းလေးထောင်မြင့်တဲ့ မြင်းမိုရ်တောင်ဟာ လက်ဝဲခြေတော်ကို အလိုလိုခံလာပါတယ်။

မြတ်စွာဘုရားရှင်ဟာ တာဝတိံသာနတ်ပြည်ကို ခြေလှမ်းနှစ်လှမ်းထဲနဲ့ ရောက်တော်မူပါတယ်။

## လူအများ မြတ်စွာဘုရားရှင်ကို မမြင်ရလေသောကြောင့်

မြတ်စွာဘုရားရှင်ဟာ ယမိုက်ပြာဋိဟာပြနေရာမှ ရုတ်တရက် မည်သူ့ကိုမျှမပြောကြားဘဲ တာဝတိံသာနတ်ပြည်သို့ ကြွသွား၊ ပျောက်ကွယ်သွားပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ ပြာဋိဟာကို ဖူးမြင်ရင်း၊ ဟောကြားတဲ့တရားကိုနာကြားရင်း မြင်ကွင်းက နေပြီး မြတ်စွာဘုရားရှင် ရုတ်တရက် ပျောက်ကွယ်သွားတဲ့အခါ ငိုကြွေး မြည်တမ်းကြပါတော့တယ်။

မြတ်စွာဘုရားရှင်ဟာ ဆိတ် ငြိမ်ရာကို မွေ့လျော်ပျောက်ပိုက် ထွက်ခွာ၍ ငါတို့ရဲ့ အာရုံငါးပါး ပူပြင်းလောင်မြိုက်တဲ့နေရာကို ဘယ် တော့မှ ပြန်ကြွလာတော့မှာ မဟုတ် ဘူးလို့လည်း တွေးတောပူပန် ငို ကြွေးကြပါတယ်။

လူအများဟာ အရှင်မဟာ မောဂ္ဂလာန်မထေရ်ကို မြတ်စွာ ဘုရားရှင် ရှိတော်မူတဲ့နေရာကို မေး မြန်းကြတဲ့အခါ ကိုယ်တိုင်သိသော်



www.burmeseclassic.com

www.burmeseclassic.com

မဖြေကြားဘဲ အရှင်အ ရှုဒ္ဒါ ညွန်ပြမိန့်ကြားလိုက်ပါ ...။

အရှင်အနုရုဒ္ဓါမထေရ်ကို ...ဘုရား ...ကြတော့ မြတ်စွာဘုရားရှင်ဟာ ...တိံသာနတ်ပြည်ရှိ ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာ မြ...ကျောက်ဖျာမှာ ဝါကပ်ပြီး မယ်တော်...သားကိုအကြောင်းပြုကာ နတ်...အပေါင်းအား အဘိဓမ္မာ...ဟောကြားဖို့ ကြွသွားတော်မူ...ကြောင်း ဖြေကြားပါတယ်၊ ဝါတွင်း...တတ်လုံး အဘိဓမ္မာတရား...ကြားပြီး သီတင်းကျွတ်လပြည့်...ဝါရဏာနေ့မှာ ပြန်ကြွတော်...မယ့်အကြောင်း အရှင်အနုရုဒ္ဓါ ...လူအများ ကြားသိကြရပါတယ်။

လူအပေါင်းဟာ မြတ်စွာဘုရား...ကို မဖူးမြင်ရဘဲ မပြန်ဟုဆိုကာ ...သီတဲတွေထိုးပြီး ဖွဲ့ကောင်း...င်းနဲ့ ဆက်နေကြပါတယ်။ ...ထဝီမြေကြီးက ထိုလူစုလူ...ကြီးရဲ့ စွန့်ပစ်တဲ့ အညစ်အကြေး...ကို မျိုပစ်တဲ့အတွက်ကြောင့် မြေ...ပြင်ဟာ အမြဲတမ်း စင်ကြယ်နေ...တယ်။

မြတ်စွာဘုရားရှင်က ရှေးက ...တာ စူဠအနာထပိဏ်ဒါယကာ ...ထိုပရိသတ်တို့ကို အစာအာ... ပေးလှူရလိမ့်မယ်။ အရှင် ...မောဂ္ဂလာန်ကတော့ ထိုလူစု...တို့ ဝါတွင်းသုံးလပတ်လုံး ...ဟောကြားရလိမ့်မယ်လို့ အမှာရှိထားတဲ့အတိုင်း စူဠအနာထပိဏ်က အစာရေစာ၊ အသုံးအဆောင်၊ အဆင်တန်ဆာ၊ နံ့သာပန်းမန် အားလုံး လိုလေသေးမရှိအောင် ပေးလှူသလို အရှင်မဟာမောဂ္ဂလာန်မထေရ်ကလည်း ဝါတွင်းသုံးလပတ်လုံး မြတ်စွာဘုရားရှင်ရှိစဉ်ကကဲ့သို့ တရားဟောကြားပေးတော်မူလို့ ပရိသတ်အားလုံး ဘုရားရှင်ကို မဖူးမြင်ရတာကြောင့် ဖြစ်ပေါ်နေတဲ့ စိတ်သောကသက်သာစေခဲ့ပါတယ်။

## တာဝတိံသာနတ်ပြည်မှာ သတ္တမဝါနဲ့ အဘိဓမ္မာဒေသနာ

မြတ်စွာဘုရားရှင်ဟာ သတ္တမဝါကို တာဝတိံသာနတ်ပြည်ရှိ ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်မှာ ဝါကပ်တော်မူပါတယ်။ မယ်တော်မိနတ်သားဟာ တုသိတာနတ်ဘုံက ဆင်းသက်ပြီး အဘိဓမ္မာတရား နာယူဖို့ ဘုရားရှင်ရဲ့ရှေ့မှောက် လကျာ်အပါးမှာ ရှိသေစွာထိုင်ပါတယ်။ ဣန္ဒကနတ်သားနဲ့ အင်္ကုရနတ်သားတို့ကလည်း လက်ဝဲလက်ယာ အနီးမှာထိုင်နေကြပါတယ်။

အဘိဓမ္မာတရားနာယူဖို့ နတ်ဗြဟ္မာတွေ မြတ်စွာဘုရားရှင်ထံ ရောက်လာတိုင်း ဣန္ဒကနတ်သားက မူလနေရာကနေ မရွှေ့ရဘဲ အင်္ကုရနတ်သားဟာ နောက်ကို နေရာရွှေ့ရွှေ့ပေးနေရတာနဲ့ ဘုရားရှင်နဲ့ ဆယ့်နှစ်ယူဇနာအကွာ အဝေးကို ရောက်ရှိနေရာရပါတယ်။

နတ်သားနှစ်ပါးရဲ့ အတိတ်အကြောင်းကတော့ အင်္ကုရနတ်သားလောင်းဟာ သာသနာပအချိန်အခါ လူ့ဘဝရစဉ်က အနှစ်တစ်သောင်းကြာအောင် ကြီးစွာသောအလှူကို ပေးလှူခဲ့ပေမယ့် ဒုဿီလသာများပြီး အလှူခံကောင်းကို မရရှိခဲ့ပါဘူး။ ဣန္ဒကနတ်သားကတော့ အရှင်အနုရုဒ္ဓါဆိုတဲ့ ကောင်းမှုကုသိုလ်စိုက်ပျိုးရာ မြင့်မြတ်တဲ့အလှူခံကောင်းကို တစ်ယောက်ချိုမျှလောက်သောဆွမ်းကို လှူဒါန်းခဲ့ရပါတယ်။

ဒီနေရာမှာ အလှူအနည်းအများနဲ့ သာသနာတွင်း၊ သာသနာပရယ်၊ အလှူခံကောင်း၊ မကောင်းရယ်တို့က အကျိုးပေးကွာခြားရပုံဖြစ်ပါတယ်။ ယနေ့အခါဟာ သာသနာတွင်းအခါ ဖြစ်ပါတယ်။ အလှူခံကောင်းတို့လည်း ရှိနေပါတယ်။ အလှူခံကောင်းကို ရှာတတ်လှူတတ်ဖို့ပဲ လိုပါတော့တယ်။

မြတ်စွာဘုရားရှင်ဟာ အင်္ကုရနတ်သားနဲ့ ဣန္ဒကနတ်သားတို့ကို သေ တာပတ္တိဖိုလ်မှာ တည်စေပြီး တော နတ်ဗြဟ္မာပရိသတ်အလယ်မှာ အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံး ...ညမစဲ ဟောကြားတော်မူပါတယ်။

ယခုအခါမှာလည်း စေတီပုထိုး ကျောင်းကန်ဘုရားတွေမှာ သီတင်းကျွတ်ပြီးနောက်ပိုင်း နေ့ညအသံမစဲ ပဋ္ဌာန်းပွဲတွေ ရွတ်ဆိုကျင်းပကြပါတယ်။ ရက်အားဖြင့် သိပ်



www.burmeseclassic.com

www.burmeseclassic.com

မကြာလှပါဘူး။ သုံးရက်ကနေ အများဆုံး ကိုးရက်အထိ ကြာတတ်ပါတယ်။ တစ်ပါးတည်းတောက်လျှောက် ရွတ်တာမဟုတ်ပါဘူး။ တစ်နာရီကိုတစ်ပါးပြောင်းပြီး အလှည့်နဲ့ရွတ်ကြပါတယ်။

မြတ်စွာဘုရားရှင်ကတော့ တစ်ဝါတွင်းလုံး နေ့ညမစဲ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူခဲ့တာပါ။ ကြည်ညိုစရာဘယ်လောက်ကောင်းလိုက်သလဲ။ ဦးခိုက်မိပါရဲ့။

## အဘိဓမ္မာတရားကို ဟောကြားတော်မူတဲ့အခါ ဆွမ်းကိစ္စစီရင်ပုံ

မြတ်စွာဘုရားရှင်ဟာ အဘိဓမ္မာတရား ဟောကြားနေရင်း လူ့ပြည်က အချိန်အရ ဆွမ်းခံချိန်မှာ နိမ္မိတကိုယ်ပွား ဖန်ဆင်းပြီး အလုံးစုံငါ့ရဲ့အပြုအမူနဲ့တူ၍ ငါ့ရဲ့အဘိဓမ္မာတရားတော်ကို ငါကဲ့သို့ ဟောစေသားလို့ ဓိဋ္ဌာန်ထားရှိကာ သပိတ်သင်္ကန်းကိုယူပြီး အနောတတ်ရေအိုင်ကို ကြွတော်မူပါတယ်။

နတ်များက ဆက်ကပ်တဲ့ ကွမ်းရိုးဒန်ပူနဲ့ အနောတတ်ရေအိုင်မှာ ရေချိုးသန့်စင်ကာ နှစ်ထပ်သင်္ကန်းဝတ်ရုံလျက် ဥတ္တရကုရုမြောက်ကျွန်းကို ဆွမ်းခံကြွတော်မူပါတယ်။ မြောက်ကျွန်းမှာ ဆွမ်းကိုခံယူပြီး အနောတတ်ရေအိုင်မှာ ပြန်ဆွမ်းဘုဉ်းတော်မူပါတယ်။ ပြီးရင် စန္ဒကူးတောကို ကြွပါတယ်။

## အဘိဓမ္မာတရားဟောခဲ့သမျှ အရှင်သာရိပုတ္တရာကို ပြန်ဟောကြား

စန္ဒကူးတောမှာ နေသန့်တော်မူတဲ့ မြတ်စွာဘုရားထံတော်ကို အရှင်သာရိပုတ္တရာ သွားရောက်ပြီး ဝတ်ကြီးဝတ်ငယ်ပြုပြီးတော့ အပြစ်ခြောက်ပါးလွတ်ရာမှာ ထိုင်တော်မူပါတယ်။

"ချစ်သား သာရိပုတ္တရာ . . . တာဝတိံသာနတ်ပြည်မှာ ဤမျှသော အဘိဓမ္မတရားကို ငါဟောကြားခဲ့ပြီ" လို့ ဘုရားရှင်က သာရိပုတ္တရာကို အကျဉ်းနည်းပေး ပြန်ဟောကြားတော်မူပါတယ်။

တရားစစ်သူကြီးဖြစ်တဲ့ အရှင်သာရိပုတ္တရာဟာ မြတ်စွာဘုရားအကျဉ်းမျှ နည်းပေးဟောကြားတာကို အကျယ်ဖေဖန်သိရှိတော်မူပါတယ်။

## အရှင်သာရိပုတ္တရာက တပည့်ရဟန်းငါးရာကို ပြန်လည်ဟောကြား

ကဿပဘုရားရှင် လက်ထက်တော်အခါက တစ်ခုသော လိုဏ်ဂူအတွင်းမှာ လင်းနို့တွေနေကြပါတယ်။ အဘိဓမ္မာဆောင် ရဟန်းနှစ်ပါးရဲ့ အဘိဓမ္မာတရားသံကို အာရုံပြုကြရတဲ့အတွက် သေလွန်တဲ့အခါ နတ်ပြည်မှာ နတ်သားငါးရာဖြစ်ကြတယ်။ ကဿပမြတ်စွာဘုရားရှင်နဲ့ ဂေါတမမြတ်စွာဘုရားရှင်အကြား အပါယ်မလားဘဲ နတ်ပြည်တစ်ခုပြီး တစ်ခု ခံစားနေကြတယ်။ ပြီးတော[...] လူ့ဘဝကို ရလာကြတယ်။

ယမိုက်ပြာဋိဟာပွဲမှာ ကြည်[...] ညိုလို့ အရှင်သာရိပုတ္တရာထံမှာ[...] ရဟန်းပြုကြတယ်။ ဘုရားရှင်[...] တာဝတိံသာမှာ ဟောခဲ့သမျှ အဘိ[...] ဓမ္မာတရားတွေကို အရှင်သာရိပုတ္တ[...] ရာကို ပြန်ဟောတယ်။ အရှင်သာရိ[...] ပုတ္တရာကလည်း ထိုရဟန်းငါးရာ[...] ပြန်လည်ဟောကြားပို့ချတော်မူတယ်[...]

ဒီလိုနဲ့ ဝါတွင်းသုံးလပြည့်မြောက်[...] တဲ့ သီတင်းကျွတ်လပြည့် အခါသ[...] ယမှာ အဘိဓမ္မာတရား ဟောကြား[...] ပြီးဆုံးပြီး ကုဋေရှစ်သောင်းသော[...] နတ်ဗြဟ္မာတွေက ကျွတ်တမ်းဝင်[...] သလို မယ်တော်မိနတ်သားဖြစ်[...] သန္တုသိတနတ်သားလည်း သောတာ[...] ပတ္တိဖိုလ်၌ တည်ပါတယ်။

## သာဝတ္ထိမှာ လူပရိသတ်များ သင်္ကဿမြို့ဆီသို့

ယမိုက်ပြာဋိဟာပွဲအပြီး သာ[...] ဝတ္ထိပြည်မှာ ဆက်ရှိနေကြတဲ့ လူ[...] သတ်ဟာ သီတင်းကျွတ်လဆန်း[...] ရက်နေ့မှာတော့ မြတ်စွာဘုရား[...] လာတော်မူမည့်နေ့နဲ့ ကြွလာတော်[...] မည့်နေရာသိအောင် အရှင်မော[...] လာန်မထေရ်ထံ သွားရောက်မေ[...] ကြားကြတယ်။

အရှင်မောဂ္ဂလာန်ဟာ မြေ[...] အတွင်းတွင် ငုပ်လျှိုးပြီး မြ[...] တောင်အတွင်း တာဝတိံသာသို့[...] ရောက်ကာ ဘုရားရှင်ကို လျှော[...]

www.burmeseclassic.com

…မေးမြန်းတဲ့အခါ သီတင်းကျွတ် …ပြည့် မဟာပဝါရဏာခန့်မှာ …တ်သမြို့တံခါးမှာ သက်ဆင်းမှာ …ကြောင်း မိန့်ကြားတော်မူခဲ့ယ်။

## သင်္ကဿမြို့ရဲ့ သီတင်းကျွတ်လပြည့်နေ့

သိကြားမင်းဟာ တာဝတိံသာ …နေ သင်္ကဿမြို့ကို ရွှေစောင်း …န်း ပတ္တမြားစောင်းတန်း၊ ငွေ …စောင်းတန်းသုံးသွယ် ဖန်ဆင်းပါတယ်။ …ရှိသတ်တွေကလည်း မြတ်စွာ …ဘုရားရှင်ကို ဖူးမြော်ကြဖို့ သာဝတ္ထိ …နေ သင်္ကဿမြို့ကို တရုန်းရုန်း … ပြောင်းရွှေ့ကြတယ်။

မြတ်စွာဘုရားရှင်ဟာ မြင်းမိုရ် …တောင်ထိပ်မှာရပ်ပြီး လူ့ပြည်ဆင်း …ါ်း တန်ခိုးပြာဋိဟာပြတော်မူပါ …တယ်။ မြတ်စွာဘုရားရှင်ဟာ အထက် …ဘောင်းကင်ကို ကြည့်တော်မူတယ်။ …တနိ ဗြဟ္မာပြည်တိုင်အောင် …လင်းပွင့်ပြီး တစ်ပြင်တည်းဖြစ် …တယ်။ အောက်အရပ်ကိုကြည့် …တဲ့အခါ အဝီစိငရဲတိုင်အောင် …လင်းပွင့်ပြီး တစ်ပြင်တည်းဖြစ် …တယ်။ အရပ်ရှစ်မျက်နှာကိုကြည့် …အခါ စကြဝဠာတိုက်များစွာဟာ …လင်းပွင့်ပြီး တစ်ပြည်တည်းဖြစ် …တယ်။ နတ်ဗြဟ္မာတို့က လူတွေ …မြင်တွေ့ရသလို လူတွေကလည်း …ဗြဟ္မာတွေကိုမြင်တွေ့ကြရတယ်။

မြတ်စွာဘုရားရှင်ဟာ အလယ် …မြားစောင်းတန်း၊ နတ်များက လက်ျာဘက် ရွှေစောင်းတန်း၊ လက်ဝဲဘက် ငွေစောင်းတန်းကတော့ ဗြဟ္မာများကလိုက်ပါပြီး လူ့ပြည်ကို ရောင်ခြည်တော်ခြောက်သွယ်နဲ့ ကြွမြန်းလာပါတယ်။

ပဉ္စသိခနတ်သားက ဗေဠုဝ စောင်းတန်းနဲ့ တီးခတ်ပူဇော်လိုက်ပါလာပါတယ်။ သုယာမနတ်မင်းက စာမရီသားမြီးယပ်၊ သန္တုသိတနတ်မင်းက ပတ္တမြားယပ်စန်းကို လွှဲခတ်လိုက်ပါလာကြတယ်။

သိကြားမင်းက ဝိဇယုတ္တရခရုသင်းကိုမှုတ်ပြီး ပူဇော်လာခဲ့တယ်။ မဟာဗြဟ္မာကြီးကတော့ ဗြဟ္မာ့ထီးဖြူကြီးကို ဆောင်းမိုးပူဇော်လို့ လိုက်ပါလာတယ်။ နတ်ဗြဟ္မာတွေ ဝန်းရံခြံပြီး အထူးထူးသော ပူဇော်မှုတွေနဲ့ လူ့ပြည်ကို ပြန်ကြွမြန်းလာတဲ့ မြတ်စွာဘုရားရှင်ရဲ့ အသရေတော်ကို လူတွေက ဖူးမဝ၊ ကြည်ညိုမဝကြပါဘူး။

နတ်ဗြဟ္မာတွေဆိုတာ မြင်တွေ့ရခဲပါတယ်။ မြင်တွေ့ဖို့ခက်ခဲပါတယ်။ အခုတော့ လူတွေဟာ နတ်ဗြဟ္မာတွေကိုလည်းတွေ့မြင်ကြရတယ်။

လူတွေကလည်း အမွှေးနံ့သာ ဆီမီးတထိန်ထိန်နဲ့ အထူးအပြားအစီအရင်တွေနဲ့ ကြိုဆိုဖူးမြော်ကြပါတယ်။ ဒီမြင်ကွင်းက တွေးမြင်ကြည့်ရုံနဲ့ကို ကြက်သီးထလောက်အောင် ကြည်နူးပီတိဖြစ်စရာပါပဲနော်။

မြတ်စွာဘုရားရှင် လူ့ပြည်အရောက် စောင်းတန်းဦးမှာ လက်ျာခြေတော်ကို ချလေ့ဘနဲ့ အရှင်သာရိပုတ္တရာက ဦးစွာဖူးမြင်ပူဇော်ပြီး ကျန်တဲ့ပရိသတ်တွေက ဆက်လက်ရှိခိုးဖူးမြော် ပူဇော်ကြပါတယ်။

ရာဇဂြိုဟ်ပြည်သူဌေးရဲ့ စန္ဒကူးသပိတ်ကို အကြောင်းပြုပြီး သာဝတ္ထိမှာ တန်ခိုးပြာဋိဟာ ပြပြီးတဲ့နောက် တာဝတိံသာမှာ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားဟောကြားကာ မယ်တော်မိနတ်သားကို ကျေးဇူးဆပ်ပြီး လူ့ပြည်သင်္ကဿမြို့သို့အပြန် နတ်ဗြဟ္မာဝန်းရံခံနေတဲ့ မြတ်စွာဘုရားရှင်ရဲ့ အသရေတော်ကို ဖူးမြင်ကြရတဲ့ သီတင်းကျွတ်လပြည့်နေ့လေးဟာ လူအပေါင်းရဲ့စိတ်ကို ညွှတ်နူးပီတိဖြာဝေစေပြီး ဘုရားအဖြစ်ကို မတောင့်တတဲ့သူ တစ်ဦးတစ်ယောက်မှ မရှိပါဘူးတဲ့။

နှစ်စဉ် နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်းမှာ အဲဒီသင်္ကဿမြို့ရဲ့ သီတင်းကျွတ်လပြည့်နေ့ မြင်ကွင်းကို မှန်းဆကြည်ညို သဒ္ဓါဆပွားပူဇော်လျက် သူတော်ကောင်းတို့ရဲ့ ဓမ္မတရားကို ကျင့်သုံးနိုင်ကြပါစေလို့ ပြောကြားရင်း စာနိဂုံးအဆုံးသတ်လိုက်ရပါတော့တယ်။

ပဉ္စဂုဏ် အသံဝန္ဒာမိ

**ဘုန်းပွင့်သွန်း**

ကျမ်းကိုး

၁။ မဟာဗုဒ္ဓဝင်

၂။ ဓိနတ္ထပကာသနီ



www.burmeseclassic.com

www.burmeseclassic.com

# မဲလ်ဖော့၊ အီး၊ စပီရိုက ပြောပြသော

# နာမ်ကိန်းသော လူတစ်ယောက်အကြောင်း

**မောင်နန်းလှိုင်(ရန်ကုန်တက္ကသိုလ်)**



ဘိုးမင်းခေါင်အကြောင်း နိုင်ငံခြားသား သုတေသီတစ်ဦးက လွန်ခဲ့သော နှစ် ၃၀ ခန့်က သုတေသနပြု ကျမ်းတစ်စောင်ရေးခဲ့၏။

ကျမ်းပြုသူ၏အမည်မှာ မဲလ်ဖော့၊ အီး၊ စပီရို (Melford E Spiro) ဖြစ်သည်။ ဗုဒ္ဓဘာသာနှင့် လူ့အဖွဲ့အစည်းကို လေ့လာခြင်း (Buddhism And Society) ဟူသော ကျမ်းဖြစ်သည်။

ထိုကျမ်းကို ရန်ကုန်တက္ကသိုလ် သမိုင်းဌာန စာကြည့်တိုက်မှ လေ့လာဖတ်ရှုခွင့်ရခဲ့သည်။

ထိုကျမ်း၏ အခန်း(၇)တွင် လူသိထင်ရှားမဟုတ်သော ဗုဒ္ဓဘာသာအကြောင်း (Esoteric Buddhism) ဟူ၍ တစ်ခန်းတစ်က ဗှ ရေးထားသည်။ စင်စစ်အားဖြင့် လေ့လာတင်ပြထားခြင်း ဖြစ်သည်။

ကျမ်းပြုသူ စပီရို၏ သုတေသနပြုပုံမှာ အလွန်သဘောကျနှစ်ခြိုက်ဖွယ်ကောင်းသည်။ ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်ထူးများကို စိတ်ဝင်စားတတ်သော စာဖတ်



www.burmeseclassic.com

www.burmeseclassic.com

နိဗ္ဗာန်တွက် သင့်လျော်သည်ဟု တွေးမိသည့်အတိုင်း ကျွန်ုပ်ကို ပြန်လည်တင်ပြအပ်ပါသည်။

■■■■■

မန္တလေးအနီး ရှမ်းပြည်နယ်သို့ ဦးတည်နေသော ကားလမ်းပြေးလမ်းမပေါ်တွင် ရိုးရာနတ်၊ ဒေသန္တရနတ်တို့၏ ဗိမာန်စံရာဌာနကြီးရှိ၏။ ခရီးသွားများက ယင်းနေရာသို့ ရောက်ပြီဆိုလျှင် ဂါရဝဖြင့် ခေတ္တခဏနားခိုကြ၏။ ထိုနေရာတွင် အုတ်မျှော်စင်မြင့် အနီးအနားတွင်ရှိပြီး လယ်ကွင်းများထဲတွင်တည်ရှိ၏။ စေတီငယ်တစ်ဆူမှာလည်း သပ္ပာယ်လှပလှ၏။

တစ်နေ့သော နေ့လယ်ခင်းတွင် ကျွန်ုပ်သည် မန္တလေးသို့လာသော ခရီး၌ အပတ်စဉ် ထိုနေရာသို့ ဝင်ရောက်၍ ဘာသာယုံကြည်မှုဖြင့် စပ်လျဉ်း၍ စူးစမ်းလေ့လာရန်အလို့ငှာ လမ်းမကြီးနံဘေးတစ်ဖက်၌ ကျွန်ုပ်ကားကို ရပ်နားခဲ့၏။

စေတီလေးအနီးအနားမှ ဖြတ်လျှောက်လာခဲ့ရာ ဇရပ်တစ်ဆောင်ကို ကျွန်ုပ် သတိပြုမြင်တွေ့လိုက်ရ၏။ ထိုဇရပ်ကား အတော်ပင် ဟောင်းနွမ်းအိုမင်းနေပြီ။ ဇရပ်အတွင်း၌ ကျွန်ုပ်နှင့်ရင်းနှီးကျွမ်းဝင်သော ဗုဒ္ဓဘာသာ ရဟန်းတော်တစ်ပါး သီတင်းသုံးနေထိုင်၏။ ထိုပုဂ္ဂိုလ်မှာ ထွက်ရပ်ပေါက် ကျင့်စဉ်များကို အလွန်စိတ်ဝင်စား၏။

မျှော်စင်ကြီးအကြောင်းကို ကျွန်ုပ်အား သူက ရှင်းလင်းပြောပြ၏။

"ဒီမျှော်စင်ကြီးဟာ အဝေးကြီးမှာရှိတဲ့ ဝိဇ္ဇာတွေနဲ့ အဆက်အသွယ်သတင်းရယူတဲ့ နေရာပဲ"

ဟူ၍ ကျွန်ုပ်အား ရှင်းလင်းပြောကြား၏။

သူက ကျွန်ုပ်အား ဇရပ်အိုအတွင်းသို့ သွားကြရန် ဖိတ်ခေါ်၏။ ထိုဇရပ်အိုအတွင်းသို့ ကျွန်ုပ်ရောက်သည့်အခါ သူ၏ခုတင်ပေါ်တွင် တင်ထားသော အပေါ်ဖြူအောက်ဖြူ ဝတ်ဆင်၍ ခံ့ခံ့ထည်ထည်ရှိသည့် ပုဂ္ဂိုလ်တစ်ဦး၏ ဓာတ်ပုံကြီးတစ်ပုံကို သတိပြုမိလိုက်၏။ ကျွန်ုပ်က သူ့အား မည်သူဖြစ်ကြောင်း မေးမည်အလုပ်တွင် –

"အဲဒါ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့ ဘိုးမင်းခေါင်ရဲ့ဓာတ်ပုံပဲဗျ။ သူ့ရဲ့ကိုယ်စား ကျုပ်က ဒီဘုရားကို ပြီးအောင်တည်ခဲ့ရတာလေ"

ကျွန်ုပ်တို့နှစ်ဦးသည် ဤကဲ့သို့ စကားပြောနေကြစဉ် အစပိုင်း၌ သူက ကျွန်ုပ်အား ပြော၏။ ဘိုးမင်းခေါင်သည် ပုပ္ပားတောင်ပေါ်တွင် အသက်ရှင်နေထိုင်လျက်ရှိကြောင်း ကျွန်ုပ်အား ပြော၏။

"အခု ဘိုးမင်းခေါင်က လူတွေကြားမှာရှိနေတယ်။ ကျုပ် မန္တလေးမှာတုန်းက တွေ့ခဲ့ရတယ်"

ဟူ၍ ဆို၏။ အဲဒီထင်ရှားတဲ့ ပုဂ္ဂိုလ်နဲ့ ကျွန်ုပ်က အလွန်စိတ်ဝင်တစားတွေ့ချင်လိုက်၏။ ဘိုးမင်းခေါင်သည် ခန္ဓာဓာတ်ငြိမ်းသွားပြီး ဝိညာဉ်သည်ကား ရှင်နေ၏။ တစ်ပြိုင်နက်တည်း မန္တလေးတွင် နေထိုင်နေသကဲ့သို့ ပုပ္ပားတောင်တွင်လည်း ရှိနေ၏။ သူ၏လိပ်စာ ကျွန်ုပ်ကို ပေးခဲ့သည်သာမက ကျွန်ုပ်အား စာတစ်စောင်လည်းရေးပေးခဲ့၏။

ရက်အနည်းငယ် ကြာသောအခါ ကျွန်ုပ်သည် မန္တလေးရှိ ဘိုးမင်းခေါင်၏အိမ်သို့ စတင်ထွက်ခွာခဲ့၏။ ကျွန်ုပ်သည် ကျွန်ုပ်၏လက်ထောက်တစ်ဦးနှင့်အတူ ဘိုးမင်းခေါင်၏အိမ်သို့ ရောက်ခဲ့၏။ ထိုအိမ်ကြီးသည် အတော်အသင့် ကြီးမား၏။ အိမ်၏ ဝန်းနံရံများက အုတ်နံရံအမြင့်ကြီးတစ်ခုဖြင့် ကာဆီးထား၏။ ကျွန်ုပ်သည် တပည့်တစ်ဦးနှင့်အတူ ထိုအိမ်ကြီးထဲသို့ ဖြတ်လျှောက်သွား၏။ ဘုန်းကြီးရေးပေးလိုက်သောစာအား ကျွန်ုပ်တို့မပေးဘဲ ယူလိုက်၏။ ထိုအချိန်၌ အိမ်ကြီးထဲတွင် ဆွေးနွေးပွဲတစ်ရပ် လုပ်နေ၏။ အပေါက်ရှိ အစောင့်က ကျွန်ုပ်တို့ ရောက်နေကြောင်းပြောပြီးသောအခါ အထဲသို့ ဝင်ခွင့်ရခဲ့၏။ ထို့နောက် ဓာတ်ခန်းတွင်းသို့ လမ်းပြခေါ်ဆောင်စေခဲ့၏။ ကျွန်ုပ်တို့ အထဲသို့ဝင်သွားသည့်အခါ ဘိုးမင်းခေါင်သည် ကုန်သည်အမျိုးသမီး နှစ်ဦးနှင့်အတူ ဆွေးနွေးနေ၏။ သူတို့ဆွေးနွေးကြသည့်အကြောင်းကား စီးပွားရေးကိစ္စနှင့် ပတ်သက်သော အကြံဉာဏ်များပင် ဖြစ်၏။ ကြမ်းပြင်ပေါ်၌ လှူဖွယ်ပစ္စည်းများစွာ ရှိ၏။ ကြမ်းပြင်ပေါ်တွင် ထိုင်နေပြီး ဦးထုပ်ချွန်ကိုဆောင်းထားသော လူလတ်ပိုင်းအရွယ်ဖြစ်၏။ ဘိုးတော်စကြာထက် ပို၍ငယ်ဟန် အမူအရာမှာ နွဲ့နှောင်းနေ၏။ အသားအရေ ဝင်းဝါ၍ အသံမှာ နူးညံ့၏။ သူ၏နောက်မှ နံရံပေါ်တွင် သာမန်လူအရွယ်အစားနှင့်ရှိသော ဓာတ်ပုံသုံးပုံရှိ၏။ တရားထိုင်နေသောပုံ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အလွန်သေးငယ်သော လူတစ်ယောက်ကို ကိုင်ထားဟန်ဖြစ်၏။ အရွယ်အစားမှာ ထိုသူ၏ လေးပုံ တစ်ပုံခန့်သာရှိ၏။ ထိုလူမှာ ကျွန်ုပ်တို့ရှေ့၌ထိုင်နေသော ပုဂ္ဂိုလ်ဖြစ်ကြောင်း အများက မှတ်ယူ၏။ ကျွန်ုပ်တို့ရှေ့၌ ထိုင်နေသောသူမှာ ဘိုးမင်းခေါင်နှင့် တစ်ထပ်တည်းဖြစ်သည်ဟု ဆို၏။

ကျွန်ုပ်က စုံစမ်းသိရှိလို၍ ကျွန်ုပ်တို့ရှေ့တွင် ထိုင်နေသော ပုဂ္ဂိုလ်ကို စတင်မေးမြန်းပြောဆို၏။ ထိုသူက သူသည် ဘိုးမင်းခေါင်မဟုတ်ကြောင်း နာမ်ကိန်းနေခြင်းသာဖြစ်ကြောင်းဆို၏။

ဘိုးမင်းခေါင်၏ ရုပ်ပိုင်းဆိုင်ရာ ကိုယ်ခန္ဓာသည် သေဆုံးခဲ့ပြီးဖြစ်၏။ သို့သော် သူ၏ဝိညာဉ်သည်ကား ကျွန်ုပ်တို့၏ရှေ့၌ ထိုင်နေသူ၏ ခန္ဓာကိုယ်တွင်း၌ တည်နေကြောင်းဆို၏။ နာမ်ကိန်းသည်ဟုဆိုသော ပုဂ္ဂိုလ်အား ကျွန်ုပ်က တိုက်ရိုက်မေးလိုက်၏။ နာမ်ကိန်းသည်ဆိုသော ပုဂ္ဂိုလ်သည် ကျွန်ုပ်အားပြောလိုက်သည်မှာ ...

"ကျွန်ုပ်က လူတွေကို ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ဖြစ်အောင် အကြံပေးချင်တယ်။ ဘိုးတော်စကြ... သိတယ်ဆိုတဲ့ ကိစ္စ၊ သူနဲ့ ဘယ်လိုဆက်စပ်မှုရှိတယ်ဆို... ကိစ္စကို ကျုပ်ထပ်မေးပေမယ်"

**အလှည့်ကျအားဖြင့် ဘပွသည် ဘိုးမင်းခေါင်ဖြစ်လိုက်၊ ဘိုးမင်းခေါင်သည် ဘပွဖြစ်လိုက်အဖြစ်တည်ရှိနေ၏။ ဘိုးမင်းခေါင်က ဘပွ၏ ခန္ဓာကိုယ်ကို ပိုင်ဆိုင်လာသောအခါ တရားအားထုတ်သည့် သမထနည်းလမ်းများကို သင်ကြားပေး၏။ ထို့ပြင် ဂန္ဓာရီအတတ်ပညာများ (occoult arts) သင်ကြားပေးခဲ့၍ ဘပွမှာ ကောင်းစွာတတ်မြောက်ခဲ့ရလေ၏။**

ထို့နောက် ဘာစကားမျှ မပြောတော့ချေ။ ကျွန်... စကားပြောနေစဉ် နာမ်ကိန်းသည်ဟုဆိုသော ပုဂ္ဂို... ခွက်ငယ်တစ်လုံးထဲသို့ လက်ဖက်ရည်ပူပူထည့်ပေး၍ ကျွ... တို့ကိုတိုက်၏။

ဤကဲ့သို့ ကျွန်ုပ်တို့အား လက်ဖက်ရည်တိုက်ခြ... မှာ ကျွန်ုပ်တို့အား သိဒ္ဓိတချို့ကို ပေးလိုက်ခြင်းဖြစ်... ထိုပုဂ္ဂိုလ်ထံမှ ကျွန်ုပ်တို့ မထွက်ခွာမီ ကျွန်ုပ်တို့အား အ... ပြားတစ်ချပ်ပေးလိုက်၏။ ထိုအင်းသည် ကျွန်ုပ်တို့အ... ဘေးအန္တရာယ်အားလုံးမှ ကာကွယ်ပေးလိမ့်မည်... ကြောင်း ဆိုလိုက်၏။

ဤသို့ဖြင့် ကျွန်ုပ်တို့အား လမ်းပြထွက်... နောက် ရောက်ရှိနေသော ဧည့်သည်များက ကျွန်ုပ်... အားပြော၏။ ကျွန်ုပ်တို့က စောင့်ချင်သေးလျှင် တစ်နာ... ခကြာ၍ နောက်ထပ်တစ်ခေါက် ထပ်တွေ့မည့်အကြော...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် ထိုအိမ်ကြီး၏အတွင်း၌ရှိသော အခန်းတစ်ခု၌ သွားရောက်နေထိုင်၏။ ကျွန်ုပ်တို့မှာ အခန်း ကျဉ်းထဲသို့ ဝင်ခဲ့သည့်အခါ ထိုပုဂ္ဂိုလ်အား တို့ ထပ်မြင်တွေ့ရ၏။ ထိုသူမှာ ဘိုးမင်းခေါင်ဖြစ်ပြီး ကြီးတစ်ပါးနှင့် စကားပြောနေ၏။ ကျွန်ုပ် ပြန်တွေ့ရ အခါ ဝိဇ္ဇာဦးထုပ်ဆောင်းမထားတော့ပါ။ ကျွန်ုပ်တို့က ယ်အား ခပ်စောစောကတည်းက မြင်ခဲ့ဖူးရာ ထိုသူက ၏။ ထိုပုဂ္ဂိုလ်၏နာမ်ထဲတွင် ဘိုးမင်းခေါင် ဓာတ်စီးနေ ဟုဆို၏။ သို့သော် ယခုအခါမှာ ယာယီအားဖြင့် ထိုသူ ခန္ဓာကိုယ်ထဲမှ ဘိုးမင်းခေါင် ခဏထွက်သွားခဲ့၏။ ခေါင် နာမ်ကိန်းသည်ပဲ့ဆိုသော ပုဂ္ဂိုလ်မှာ ဘပွ ကျွန်ုပ်၏အမေးကိုဖြေရန် ပထမဦးဆုံးအကြိမ် သူ့ထံ မင်းခေါင်ကြွလာသည်ဟု ပြော၏။ ထိုအခါ ထိုပုဂ္ဂိုလ် ရုပ်ရှုပကာသည် ဘိုးမင်းခေါင်ပုံပေါက်လာ၏။

နောက်တစ်ဖန် ဘိုးမင်းခေါင်နှင့် ဘပွ ဆက်သွယ်မှု ကြောင်းကို သိလိုခဲ့၏။ အလှည့်ကျအားဖြင့် ဘပွသည် ခေါင်ဖြစ်လိုက်၊ ဘိုးမင်းခေါင်သည် ဘပွဖြစ်လိုက် တည်ရှိနေ၏။ ဘိုးမင်းခေါင်က ဘပွ၏ ခန္ဓာကိုယ်ကို လာသောအခါ တရားအားထုတ်သည့် သမထနည်း များကို သင်ကြားပေး၏။ ထို့ပြင် ဂန္ဓာရီအတတ်ပညာ (occoult arts) သင်ကြားပေးခဲ့၍ ဘပွမှာ ကောင်းစွာ မြောက်ခဲ့ရလေ၏။

တွေ့ဆုံမေးမြန်းခန်း အဆုံးသတ်သွားသောအခါ တို့သည် ရောက်ရှိနေသော အိမ်ကြီးဂေဟာ၏ လှေ ထစ်အတိုင်း ပြန်ဆင်းခဲ့၏။ ဘပွဆိုသူမှာ မန္တလေး သိပ္ပံတက္ကသိုလ်မှ ဒဿနိကဗေဒဖြင့် ကျောင်းပြီး၍ အောင်ရရှိထားသူ ဖြစ်၏။ ဘပွနှင့် ပထမဦးဆုံး ကျွန်ုပ် တွေ့ရှိသောအခါ ဘပွက ပြောပြ၏။ သူ၏ ကိုယ်တွင်း ကို ဘိုးမင်းခေါင်က ပိုင်ဆိုင်ကြောင်းဆို၏။ သူသည် သက်တမ်း၌ ရှည်ကြာစွာနေထိုင်နိုင်ရန် ရွေးချယ်ခဲ့၏။

သူ၏ ရုပ်ပိုင်းဆိုင်ရာ ကိုယ်ခန္ဓာသည် ဟိမဝန္တာ တောင်၌ တည်ရှိနေသော်လည်း၊ ပုပ္ပားတောင်၌ တည်ရှိ သော်လည်း သူ၏နာမ်ဝိညာဉ်မှာ လှည့်လည်သွားလာ ထို့ကြောင့် ဘပွားအား ဘိုးမင်းခေါင်က ပိုင်ဆိုင် ကြောင်း ပြော၏။

နောက်တစ်နှစ် နှစ်နှစ်အကြာတွင် ဘိုးမင်းခေါင် နာမ်ကိန်းသည်ဆိုသော ဘပွသည် သူ၏တန်ခိုးသိဒ္ဓိများ အား ပြသလိမ့်မည်ဖြစ်ကြောင်းနှင့် လူတိုင်းက သူ့အား ရှိခိုးကန်တော့ကြကုန်၏။

## စပီရို၏ သုံးသပ်ချက်

ဝိဇ္ဇာမဟိဒ္ဓိ ထွက်ရပ်ပေါက် ယုံကြည်မှုဂိုဏ်း (Esoteric Sects) များမှာ အရေအတွက်အားဖြင့် အနည်းငယ် မျှသာရှိသည်။ ပို၍ စိတ်ဝင်စားစရာကောင်းသည်မှာ ဝိဇ္ဇာ မဟိဒ္ဓိယုံကြည်မှု (The belief in weikza) သို့မဟုတ် အနာ ဂတ် စကြဝတေးမင်း မျှော်လင့်ချက် (The hope for future King) ယုံကြည်မှုသည် သာမန်အရပ်သူအရပ်သား၊ တောင်သူလယ်သမားများကိုသာမက ခေတ်ပညာတတ်လူ တန်းစားများနှင့် အနောက်တိုင်းဆန်ဆန် နေထိုင်တတ် သော မြန်မာများ (Westernized Myanmar)ကိုပါ လွှမ်းမိုး နိုင်စွမ်းရှိနေကြောင်း ကျွန်ုပ် လေ့လာတွေ့ရှိရပါသည်။

ဘပွက ကျွန်ုပ်အားပြောသည်မှာ ပုပ္ပားတောင်ပေါ် မှာ ဆွေးနွေးပွဲပြုလုပ်ပြီး အခုပင် ပြန်လာခဲ့ခြင်းဖြစ်ကြောင်း ပြော၏။ ပုပ္ပားတောင်ပေါ်တွင် သူအပါအဝင် အခြားသော အင်္ဂရတ် ဝိဇ္ဇာများလည်း ပါဝင်ခဲ့ကြောင်း ပြော၏။

ထိုအချိန်က အရေးကြီးပုဂ္ဂိုလ်များနှင့် အရေးပါ သော စီးပွားရေးလုပ်ငန်းရှင်ကြီးပါ ပါဝင်ခဲ့ကြသည်။ ကျွန်ုပ် လည်းပဲ ယုံကြည်သက်ဝင်ရန် ပြင်ဆင်နေပါပြီ။

ကျွန်ုပ်၏ ကိုယ်တွေ့အတွေ့အကြုံအရ ချမ်းသာ ကြွယ်ဝသော ကုန်သည်ကြီးများ ယုံကြည်သက်ဝင်ကြ၏။ ဝိဇ္ဇာမဟိဒ္ဓိထွက်ရပ်ပေါက် ယုံကြည်သူများသာမက အင်္ဂ ရတ်ကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်သူများလည်း ပါဝင် နေကြသည်။

**မောင်နန်းလှိုင်(ရန်ကုန်တက္ကသိုလ်)**

မြန်မာပြန်ကျမ်းရင်း

**Melford E. Spirop Buddhism And Society First Edition. George Allan and Unwin, 1970.**

www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာတို့မွေ့လျော်ရာ
# ပုပ္ပားတောင်တော်မဟာ

ဂမ္ဘီရဆရာလှမျိုး(B.Sc)

မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော်နှင့်အတူ ထင်ရှားကျော်ကြားသော ဝိဇ္ဇာများလည်း ယှဉ်တွဲပေါ်ပေါက်လျက်ရှိပါသည်။ အချို့က ဝိဇ္ဇာကို ဘိုးတော်၊ မယ်တော်ဟု ခေါ်ကြသည်။ အမှန်မှာ ဝိဇ္ဇာက အတတ်ပညာတစ်ခု၊ ထိုအတတ်ပညာကို ကျွမ်းကျင်သော ပုဂ္ဂိုလ်ကို ဝိဇ္ဇာမိုရ်ဟုခေါ်ရသည်။ လောကမှာ မျက်လှည့်ကျွမ်းကျင်သူကို မျက်လှည့်ဝိဇ္ဇာ၊ ဗေဒင်ကျွမ်းကျင်သူကို ဗေဒင်ဝိဇ္ဇာဟု ခေါ်ကြသည်။ တစ်နည်းအားဖြင့် ဝိဇ္ဇာဟူသည်ကပင် အလုံးစုံသော အသိဉာဏ်ပညာ၊ အတတ်ပညာအရာ၌ တစ်စွန်းတစ်စ မခြွင်းမချန်ရပါဘဲ ပါရမီအထုံအဆက် ဇွဲလုံ့လ၊ ဝီရိယတို့ကူထောက်လျက် ထိုးထွင်းသိမြင်နိုင်စွမ်းသော တတ်မြောက်သော ပါရမီရှင်ပုဂ္ဂိုလ်များကိုသာ ခေါ်ဆိုခြင်းဖြစ်ပါသည်။ ပညာအနေဖြင့် သာသနာပြုဝိဇ္ဇာပုဂ္ဂိုလ်ကို ဝိဇ္ဇာမိုရ်ဟု ခေါ်ဆိုရသည်ကို သိထားသင့်ပါသည်။ ဝိဇ္ဇာအကြောင်း ထုတ်ဝေထားသော စာအုပ်အမျိုးမျိုး လေ့လာဖတ်မှတ်ရပါသည်။ အများစုမှ လယ်တီဆရာတော်ဘုရားကြီး၏ ဝိဇ္ဇာဒီပနီကျမ်းကို မှီငြမ်းကိုးကား ရေးသားထားကြပါသည်။

ဝိဇ္ဇာစခန်း၊ ဝိဇ္ဇာလမ်း ရေးထားသော စာအုပ်တစ်အုပ်တွင် "ပထမံဝိဇ္ဇာမိုရ်ကြီးများ"ဟု ခေါင်းစဉ်တပ်ရေးထားပါသည်။ ဝိဇ္ဇာမိုရ်အများစုတွင် သတ္တဝါကယ်သာသနာပြုလမ်းစဉ်အရ ပါရမီဖြည့်ဝင် ဆောင်ရွက်ခဲ့ကြပါသည်။ သာသနာပြုသော အချိန်ကာလများ၌ အင်း၊ ဆေး၊ မှော် မဖက်စေဘဲ ပထမံထွက်ရပ်ပေါက်ဂိုဏ်းအချို့တွင် လောကီအကျိုးစီးပွားအတွက် ရတနာသုံးပါး၊ ဘုရားဂုဏ်တော်ကိုးပါး လက်ကိုင်ထား၍ တတ်စွမ်းသမျှ သာသနာပြု ပါရမီဖြည့်စွမ်းခဲ့ကြပါသည်။

ဝိဇ္ဇာနှင့်ပတ်သက်၍ ထွက်ရပ်ပေါက်ဝိဇ္ဇာ အရှင်ထွက်၊ အသေထွက် စသည်ဖြင့်လည်း အသုံးပြုကြသည်။ ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်များ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့ရာ ပေါက်ဝိဇ္ဇာ ၆၄ ပါး၊ ပေါက်ဝိဇ္ဇာ ၆၉ ပါး စသည်ဖြင့် သတ်မှတ်ခေါ်ဝေါ်ကြသည်။ (၉)ဌာန ဝိဇ္ဇာအဖွဲ့ စာရင်းဇယားပုံစံနှင့် အတိအကျဖော်ပြပေးထားပါသည်။

ဝိဇ္ဇာကျင့်စဉ်စခန်း လျှောက်လှမ်းသူတို့သည် တောတောင်ကိုမှီ၍ တောကျင့်၊ တောင်ကျင့် ကျင့်ကြံအားထုတ်ကြရသည်။ မြတ်စွာဘုရား တရားတော်နှင့်အညီ ဆိတ်ငြိမ်နေရာကို ရှာဖွေဆောင်ရွက်ရသည်။ မြန်မာနိုင်ငံတွင် တောတောင်၊ လိုဏ်ဂူများစွာ တည်ရှိပါသည်။ ထိုတောတောင်များစွာထဲမှ စာရေးသူအနေဖြင့် ပုပ္ပားတောင်တော်ကိုမှီ၍ ကျင့်ကြံသော ပုဂ္ဂိုလ်များအကြောင်း လက်လှမ်းမီသ[ရွေ့]ရေးသားတင်ပြပေးပါမည်။ အမှန်တကယ်တော့ လောကတွင် ပြောဆိုနေကြသကဲ့သို့ "ဝိဇ္ဇာတွင် လိပ်စာမရှိ"ဟူသော အဆိုသည်လည်း မှန်ပါသည်။ သက်ရှိထင်ရှား ဝိဇ္ဇာမိုရ်(ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်)ကို တွေ့ဆုံရတိုင်း ထေရုပ္ပတ္တိတောင်းမ[ေး]မပေးကြပါ။ သူတို့၏ သာသနာပြုလုပ်ငန်းကိုသာ ရေးသား[ခွ]ခွင့် ပြုကြသည်။ ထို့ကြောင့် ဝိဇ္ဇာတစ်ပါးချင်းစီ၏ ထေရုပ္ပတ္တိ(ဘဝခရီး)ရေးကြရာတွင် တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနား[မှု]ရှိကြပါသည်။ ရှေးရှေးက ဝိဇ္ဇာကြီးများ၊ သာသနာပြုပုဂ္ဂိုလ်တို့၏ ဘဝမှတ်တမ်းမှာ မပြည့်စုံနိုင်ပေ။ ယခု စာရေးသူလက်လှမ်းမီသလောက် ရေးပြပါမည်။ ဝိဇ္ဇာများ ပျော်မွေ့[ရာ](မွေ့လျော်ရာ) ပုပ္ပားတောင်ကြီးမှာလည်း အပူပိုင်းဒေသ[၏]အိုအေစစ်ဖြစ်သည်။ ယခင်ခေတ်က နေပြောက်ပင် မထိုး[ရ]ရောက်ရသည်းမရှားပါ။ ယခုတော့ ရေလည်းရှား နေလည်းထိုး



www.burmeseclassic.com

www.burmeseclassic.com

[...]ပြီး ယနေ့ခေတ်တွင် ပုပ္ပား နှင့် အဘဘိုးမင်းခေါင်ကို [...]သူ များကြသည်။

သာသနာပြုဝိဇ္ဇာကြီးများ၊ အထက်ဆရာတော်ကြီး [...]သည် ပုပ္ပားတောင်တွင် ကျင့်ကြံအားထုတ်ပြီး ထွက်ရပ် [...] ကြွမြန်းကြသလို အချို့လည်း ဝိဇ္ဇာမှာ ကျင့်ကြံပြီး [...]တစ်နေရာရောက်မှ ထွက်သူတွေလည်း ရှိသည်။

## ဆရာတော်ဦးကောသလ



ပုပ္ပားတောင်ကလပ်တွင် ပန်းစားဘီလူးမ မ သိဝဏ္ဏ [...] ထင်ရှားသည်။ သမိုင်းအထောက်အထားအရ မနုဟာ [...] ဝဏ္ဏပပသိဂီ ဖြစ်ပါသည်။ ဝဏ္ဏသိဂီမင်းသမီးဟူ၍ [...] ခေါ်သည်။ ထိုအချိန်တွင် ပုပ္ပားတွင် ရဟန်းသံဃာ [...]၍ ပုဂံမှ ဆရာတော်ဦးကောသလ္လကို မယ်ဝဏ္ဏမှ [...]ောင်ခဲ့သည်ဟု ဆိုသည်။ ပုပ္ပားမယ်တော် မယ်ဝဏ္ဏ [...]ာက်မှ ပင့်ဆောင်ခဲ့တာ ဖြစ်နိုင်ပါသည်။ ဆရာကြီး [...]တင်၏ မှတ်တမ်းအရ ၁၂၈၈ ခု၊ ဝါဆိုလဆန်း ၁၀ [...]နေ့ တောင်ကလပ်၏ ခုလတ်အလယ်တွင် မယ်ဝဏ္ဏ [...] ထုလုပ်၍ နတ်နန်းနှင့်တကွ ဆရာတော်ဦးကောသလ္လမှ တည်ဆောက်ပေးပြီး ရှေးဦးစွာ တည်ထားကိုးကွယ်ခဲ့ကြသည်ဟု ရေးထားသည်။

ထိုနှစ် သီတင်းကျွတ်လဆုတ် ၂ ရက် ပခုက္ကူ ဦးသုဇာတကိုယ်တော် တည်ထားခဲ့သော စေတီတွင် ဦးကောသလ္လမှ နောက်ထပ် ထီးတော်တင်လှူတော်မူသည်။

၁၂၈၉ ခု၊ နယုန်လဆန်း ၁၃ ရက်နေ့ တောင်ခြေရင်း ယခု ရွှေဂူချောင်နေ ဦးကောသလ္လနှင့် လှူသူတော် ဦးကြွယ်ဘဝမှ ရဟန်းဖြစ်လာသော ဦးကလျာဏတို့သည် တောင်ကလပ်တွင် မြေနေရာအငြင်းပွားမှု ဖြစ်သည်။ ဦးကလျာဏ၏ သာသနာပြုမှတ်တမ်း မတွေ့ရပေ။ ၁၂၈၉ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်တွင် ဆရာတော်ဦးကောသလ္လသည် အတက်အဆင်းနေရာတို့၌ သံလေှကား သုံးစင်းကို တပ်ဆင်ထားခဲ့သည်။ နတ်တော်လဆန်း ၁၀ ရက်နေ့တွင် ဦးကောသလ္လသည် တောင်ကလပ်ထိပ်ပေါ်တွင် ရှစ်မျက်နှာစေတီကို တည်ထားကိုးကွယ်ခဲ့သည်။ ယင်းနှစ် ပြာသိုလဆန်း ၁၀ ရက်နေ့ ၁၀ နာရီအချိန်တွင် ထီးတော်တင်လှူ ပူဇော်သည်။ ၁၂၉၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်နေ့ တောင်ကလပ်အခြေတွင် ဦးကောသလ္လနှင့် တပည့်တို့က မယ်တော်ကြီးနတ်ရုပ် ထုလုပ်၍ နတ်ကွန်းနတ်နန်း တည်ဆောက်ပေးခဲ့သည်။ ၁၂၉၄ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်နေ့တွင် ဆရာတော်ဦးကောသလ္လသည် တောင်ကလပ်ခြေရင်း မြောက်ဘက် ဂရန်မြေနှစ်ခုကြား ကျောက်တုံးကြီးပေါ်တွင် လွမ်းမပြေစေတီ တည်ထားကိုးကွယ်ခဲ့သည်။ ဆရာတော် ဦးကောသလ္လသည် ပုပ္ပားတောင်တွင် ၁၂ နှစ်ကြာ သီတင်းသုံးနေထိုင်တော်မူပြီး သာသနာပြုလုပ်ငန်းဆောင်ရွက်ပြီး ၁၂၉၇ ခုနှစ်တွင် ထွက်ရပ်စခန်း ကြွမြန်းတော်မူခဲ့ပါသည်။

## ရသေ့ကြီးဦးခန္တီ

ရသေ့ကြီးဦးခန္တီ၏ သာသနာပြုမှတ်တမ်းအရ ဗြိ[...] ပေါင်း ၂၀ ရှိပြီး ဌာနအနေဖြင့် ၄၇ ဌာနရှိရာ ပုပ္ပားတောင် လည်း ပါဝင်ခဲ့သည်။ ၁၂၉၁ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်နေ့ မန္တလေးတောင်မှရသေ့ကြီးဦးခန္တီသည် ပုပ္ပားသို့

www.burmeseclassic.com

www.burmeseclassic.com

ကြွလာ၍ စပါးတောင်ထိပ် (ယခု မိုက်ခရိုဝေ့ဖ် တပ်ဆင်ထားသောနေရာ)၌ ထူပါရုံစေတီ တည်ထားကိုးကွယ်ခဲ့ရာ သမားတော်ကြီးဦးရွှေစိုက အခါပေး၍ ဦးသာတင် စသော ရွာသူရွာသား ၂၁၄ ဦးတို့က လုပ်အားပေးကူညီ ဆောင်ရွက်ပေးသည်။ (ယခုအခါ ထိုစေတီကို ရန်ကုန်မြို့ ဗဟန်းမှ ကွမ်းမန်းဆရာတော်ဘုရားကြီး တပည့်တို့က အသစ်တစ်ဖန် ပြန်လည်မွမ်းမံပြီး ထီးတော်တင်လှူ ရင်ပြင်တော်ခင်း၊ လှေကားထစ်များ ပြုလုပ်ဆောင်ရွက်ပေးထားပါသည်။) ရသေ့ကြီးဦးခန္တီသည် အိမ်တွင်းမင်းမဟာဂီရိနတ်နန်းအနီးတွင် မဟာမြတ်မုနိဘုရား တည်ထားကိုးကွယ်သည်။ ပုပ္ပားတောင်ကွင် ရွှေသာလျောင်းဘုရားလည်း တည်ထားကိုးကွယ်သည်။ တောင်ကလပ်အတက် သံလှေကားများလည်း ပြုပြင်မွမ်းမံပေးသည်။ ရသေ့ကြီးဦးခန္တီသည် ပုပ္ပားတောင်တွင် တရားကျင့်ကြံအားထုတ် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သော်လည်း မန္တလေးတွင် ၁၃၁၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ သက်တော် ၈၂ နှစ်အရွယ်တွင် ခန္ဓာဝန်ချတော်မူခဲ့ပါသည်။

### ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန် (ခေါ်) ဦးဝိဇ္ဇာဓရ



ပထမံထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများတွင် ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန် (ခေါ်) ဦးဝိဇ္ဇာဓရသည်လည်း ထင်ရှားကျော်ကြားသော ဝိဇ္ဇာဓိုရ်တစ်ပါး ဖြစ်ပါသည်။ ပုပ္ပား သာသနာပြု ဦးပရမဝဏ္ဏသိဒ္ဓိ(ယောဂီဦးပြည့်စုံ)၏ ဥပဇ္ဈာယ် ဆရာတော်တစ်ပါးဖြစ်သည်။ ဦးဝိဇ္ဇာဓရ (ခေါ်) ဦးပေါက်ဆိန် သည် ၁၃၂၀ ခုနှစ်တွင် ပုပ္ပားသို့ကြွတော်မူသည်။ ထိုနှ နတ်တော်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပုပ္ပားတောင် ကြီး မုန်ပြတောင်ထိပ်၌ စေတီတစ်ဆူ တည်ခဲ့လေသည်။ ပုပ္ပားတောင်ကြီးသွားရာလမ်းတွင် မောင်တော်ငတ်တု စေတီတည်ခြင်း၊ ရွှေဂူချောင်ရှိ ဇရပ်၊ တန်ဆောင်း၊ ဂူ ကျောင်း၊ ပြာသာဒ်၊ ရေကန်နှင့် သိမ်တိုက်တို့ကိုလည်း တည်ဆောက်ခဲ့ပါသည်။ ရွှေဂူချောင်တွင် တရားကျင့်ကြံ အားထုတ်သည်။

ဘုန်းဘုရားကြီးသည် ပုပ္ပားတောင်ကလပ် သံလှေ ကားကိုလည်း အသစ်တပ်ဆင်ပေး၍ ရေစက်၊ မီးစက်များ ဖြင့် ရေမီးပြည့်စုံအောင် ဆောင်ရွက်ပေးတော်မူသည်။ ဘုန်းဘုရားကြီးမှ "ကျုပ်လည်း ရလိုက်၊ လှူလိုက်၊ ရလို ပဲဗျ။ လှူမှရတာကိုး။ သုံးတာက ကုန်သွားတာဗျ။ အဲ ဘုန်းဘုရားကြီးရဲ့ လက်သုံးစကားဗျ" ဟူ၍ ဆရာတော်ဦး မိတ္တရက မိန့်ဆိုခဲ့သည်။ ဘုန်းဘုရားကြီး ဘိုးပေါက်ဆိ သည် ဘုရားတည်သာသနာပြုရင်း ၁၃၂၅ ခု၊ ပြာသိုလဆ ၁၄ ရက်နေ့တွင် ထွက်ရပ်စခန်း ကြွမြန်းတော်မူသည်။

### ဦးပရမဝဏ္ဏသိဒ္ဓိ (ခေါ်) ဦးပြည့်စုံ

ပုပ္ပားတောင်ရောက်စတွင် ဘွဲ့တော်မှာ "ဦးပရမ" ဖြစ်သည်။ ၁၃၂၂ ခုနှစ်တွင် စတင်သာသနာပြုသည်။ ပု မယ်တော်ကြီး မယ်ဝဏ္ဏနှင့် အကြောင်းဆက်ရှိ၍ ဦးပ ဝဏ္ဏသိဒ္ဓိ ဖြစ်လာသည်။ ဘိုးပေါက်ဆိန်၏ ဩဝါဒကိုလ ခံယူသည်။ "အရဟံ" ဂုဏ်တော် အထူးကျင့်ကြံအားထု ပြီး မေတ္တာပို့သပေးသည်။ ၁၃၂၂ ခုနှစ်၊ ပြာသိုလဆန်း ရက်၊ ဗုဒ္ဓဟူးနေ့တွင် တောင်မကြီးအလယ် မောင်တော် တုတ် တောင်ထိပ်တွင် ဉာဏ်တော် ၉ တောင် ၂ သော စေတီတစ်ဆူ တည်ထားကိုးကွယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးပရမသည် အဘဘိုးမင်းခေါင်နှင့်လည်း တစ်နှစ်ခွဲ မ်းမှ် ဆုံတွေ့ရသည်။ ဘိုးဝါယမနှင့်လည်း အတူနေဖူးသည်။ ပွားတောင်ကလပ ဖွံ့ဖြိုးတိုးတက်အောင် သာသနိက ဆောက်အဦများ တည်ဆောက်ပေးခဲ့သည်။ ပုပ္ပားရွှေဂူ ချောင်သို့ ကြွရောက်လာသော ရဟန်း၊ လူ ပရိသတ်များအား နှစ်ဦ ဆွမ်းကပ်၊ ထမင်းကျွေး ညှိခံသည်။ ဦးပရမသည် ပွား ပုဂံ၊ ပဲခူးတို့တွင် ဘုရားစေတီ ပြုပြင်မွမ်းမံ၊ ထီးတော် င် စသည့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော် ခဲ့သည်။ ရဟန်းဘဝမှ ယောဂီဦးပြည့်စုံဘဝ ပြောင်းပြီး သက် ၇၀ ကျော် ခန္ဓာဝန်ချသည်အထိ ပုပ္ပားတွင်သာ ထိုင်ပြီး သာသနာပြုခဲ့သည်။ ပုပ္ပားတောင်ကလပ် အောက် တစ်နေရာတွင် ဂူသွင်းပြီး ဂူဗိမာန်ပြုလုပ်ပေးထားသည်။ ပွားတောင်ကလပ်၊ ရွှေဂူချောင်ရောက်ပါက ဘုရား၊ စေတီ၊ ကျောင်း၊ နတ်နန်း အတော်များများတွင် ဦးပရမဝဏ္ဏသိဒ္ဓိ ည်များ ကမ္ပည်းရေးထိုးထားတာ တွေ့မြင်ရသည်။

**ဘိုးဝါယမ**



တောင်တော်ရွှေပုပ္ပားက ဘိုးဝါယမသည်လည်း လူထူးလူဆန်း (ပုဂ္ဂိုလ်ထူး)တစ်ဦး ဖြစ်သည်။ ဘိုးဝါယမသည် လူဝတ်ကြောင်မှ ရဟန်းဘဝ ကူးပြောင်းသည်။ သို့သော်လည်း ယောဂီဝတ်၊ ဝိတ်ဖြူဝတ်ပုံကိုသာ အမိကတွေ့မြင်ရသည်။ ဘိုးဝါယမ (ခေါ်) မာဃဝါဗိတ်သည် ကျောက်ပန်းတောင်းအပိုင် ရေင်ရွာဇာတိဖြစ်၍ ပုပ္ပားတောင်နှင့် နီးစပ်သည်။ မိဘမျိုးရိုး၊ မွေးသက္ကရာဇ် အတိအကျ မသိကြပေ။ ဘိုးဝါယမ၏ အပြောအဆို၊ အနေအထိုင်၊ အပြုအမူများကြောင့် ရေင်ရွာတစ်ရွာလုံးက "အရူး" ဟု သတ်မှတ်ကြသည်။ မြန်မာသက္ကရာဇ် ၁၃၂၂ မှ ၁၃၂၄ ခုအထိ ဘိုးဝါယမသည် တောင်ကလပ်အရှေ့ဘက် ရွှေဂူချောင်မှာ နေသည်။ ဘိုးဝါယမသည် အသွင်အမျိုးမျိုးဖြင့် ဝိဇ္ဇာလမ်းစဉ် လျှောက်လှမ်းခဲ့သည်။ "မိုးပေါ်မှာ မာဃ၊ လူပြည်မှာ ဝါယမ" ဟူ၍ ကြုံးဝါးလေ့ရှိသည်။ ဘိုးဝါယမရောက်သောနေရာများတွင် (မာဃဝါဗိတ်)ဟု ထိုးဖြင့်ရေးသားလေ့ရှိသည်။ ပုပ္ပားမှ အင်းတကော် တောင်ကိုးလုံးစခန်းသို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၃၃၂-၃၃ အချိန်ကာလဖြစ်သည်။ အင်းတကော်မှ ထောက်ကြန့် ရောက်လာသည်။ ထောက်ကြန့် ပုပ္ပားကျောင်းတွင် ဆရာတော် ဦးပဏ္ဍိစ္စအား သာသနာပြုလုပ်ငန်း အုတ်မြစ်ချပေးခဲ့သည်။ ဘိုးဝါယမသည် "အရပ်"ဂုဏ်တော် အဓိဋ္ဌာန်မပျက် ပုတီးစိပ်သည်။ အချို့ကလည်း "သရဏဂုံ"ပုတီးစိပ်နိုင်းသည်ဟု ဆိုသည်။

ဘိုးဝါယမ၏ နောက်ဆုံးနေ့ -

ပုပ္ပားတောင်ကလပ်တွင် ဘိုးမင်းခေါင်မရှိသည့်နောက် ဘိုးဝါယမလောက် အစွမ်းသတ္တိရှိသူ မပေါ်ဟု ဆိုကြသည်။ ဘိုးဝါယမသည် အင်းတကော် တောင်ကိုးလုံးစခန်းမှ အရှုံးဓာတ်၊ အရှုံးစခန်းသိမ်း၍ အအေးဓာတ်၊ အငြိမ်ဓာတ်ဖြင့် အလုံစခန်းသို့ ရွှေ့ပြောင်း၍ သုံးနှစ်ကျော် လေးနှစ်ခန့် စကားမပြော တုံဏှိဘော(ဝစီပိတ်)နေထိုင်ခိုက် ရန်ကုန်မြို့ အလုံလမ်း၊ အမှတ်(၄၉) ဦးအောင်သိန်း + ဒေါ်တင်တင်တို့၏နေအိမ်တွင် ၁၃၄၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့ နေ့လယ် ၁၂း၃၀ နာရီ အချိန်တွင် အသေထွက်ထွက်ခဲ့သည်။ ယင်း၏ ရုပ်ကလာပ်ကို အင်းတကော်တောင်ကိုးလုံးစခန်း၌ ဂူသွင်းသင်္ဂြိုဟ်ထားသည်။

## ဦးဂျော်နီ (ခေါ်) ဦးကုမာရ

ဦးဂျော်နီ (ခေါ်) ဦးကုမာရမှာ ပုပ္ပားတောင်ကလပ်မြောက်ဘက်ခြေရင်းရှိ ကုမာရရာမ ကျောင်းတိုက်နှင့် မုံရွာဖိုလ်ဝင်တောင် ပုပ္ပားကျောင်းတိုက်၊ ရန်ကုန် မင်္ဂလာဒုံ၊ ထောက်ကြန့် ပုပ္ပားကျောင်းတိုက်တို့ကို အစဦးစွာ တည်ထောင်သွားသော ဆရာတော်ဦးကုမာရပင် ဖြစ်သည်။ ဦးဂျော်နီသည် ချောက်မြို့ ဘီအိုစီကုမ္ပဏီ မန်နေဂျာ မစ္စတာဝီလျံ + ဒေါ်မာမာကြီးတို့မှ မွေးဖွားသော သားရတနာဖြစ်ပါသည်။ ဖခင်သည် ရိုမန်ကာ( ါသလစ် ခရစ်ယာန်ဘာသာဝင်ဖြစ်ပြီး မိခင်မှာ ဗုဒ္ဓဘာသာ  ၁င် ဖြစ်သည်။ ဦးဂျော်နီဖခင်ကွယ်လွန်သောအခါ မိခင်သည် အဘဘိုးမင်းခေါင်ထံ မကြာခဏ သွားသည်။ ဦးဂျော်နီလည်း မိခင်နှင့် လိုက်သွားပြီး အဘကို အကဲခတ်လေ့လာသည်။ သူ၏စိတ်တွင် ဖြစ်ပေါ်နေသည်ကို အဘကသိ၍ ဘိုးမင်းခေါင်ကို ယုံကြည်သွားသည်။ ဦးဂျော်နီနှင့်အဖွဲ့ ကားပျက်ရာသို့ လာကြိုပြီး အဘဘိုးမင်းခေါင် ပြင်ပေးသောအခါ အံ့ဩပြီး ယုံကြည်သွားသည်။ (ကားကို တောင်ဝှေးနှင့် ရိုက်လိုက်ရာ ကောင်းသွားခြင်းဖြစ်သည်။) ဦးဂျော်နီတို့ ကားပျက်သောနေရာသို့ ထမင်းလာကျွေးသော ဘိုးမင်းခေါင်ကိုလည်း အံ့ဩမှု ဖြစ်ခဲ့ရပြန်သည်။ အပြည့်အစုံကို အရှင်ကဝိန္ဒ၏ "ပုပ္ပားတောင်မှ ကျွန်
သိသော ဘိုးမင်းခေါင်"စာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။



ဦးဂျော်နီသည် အသက် ၂၉ နှစ်အရွယ်တွင် အဘ
ဘိုးမင်းခေါင်၏ ညွှန်ကြားချက်အရ ခရစ်ယာန်ဘာသာ
ဗုဒ္ဓဘာသာကူးပြောင်း၍ ကိုရင်ကြီးဝတ်သည်။ ဦးဂျော်
(ခ) ရှင်ကုမာရသည် အသက် ၂၉ နှစ်တွင်ပင် ပခုက္က
နယ်၊ ညောင်ပင်လုရွာ ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု
၁၃၁၄ ခုနှစ် ဆောင်းဦးပိုင်းတွင် ရဟန်းဘဝကူးပြောင်း
၁၃၃၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ သက်
တော် ၄၆၊ သိက္ခာတော် ၁၆ ဝါအရတွင် ဘဝနတ်
ပျံလွန်တော်မူလေသည်။ ဘိုးမင်းခေါင် ထွက်ရပ်မြန်းသော
၁၃၁၄ ခုမှာပင် ဦးဂျော်နီ ရဟန်းဘဝရောက်ရှိသည်မှာ
အံ့ဩစရာဖြစ်သည်။ ဦးကုမာရသည် ဘိုးမင်းခေါင်နှင့် ဘိုး
တော်များကို ပင့်၍ ပွဲများလှူသည်။ ဘိုးမင်းခေါင်ကို အ



www.burmeseclassic.com

www.burmeseclassic.com

ပူဇော်သည်။ "ငါက ဘိုးမင်းခေါင်ကို ကြည်ညိုလို့ ဗုဒ္ဓဘာသာ ဖြစ်ပြီး သင်္ကန်းဝတ်လာတာ။ ဘိုးမင်းခေါင်ကြောင့် မင်းတို့ဘုရားကို ကြည်ညိုတတ်လာတာ။ ဘိုးမင်းခေါင်ဟာ ငါ့ပထမဆုံး ဆရာပဲ" ဟု အရှင်ကဝိန္ဒကို ပြောဆိုခဲ့ပါသည်။

## ဘိုးတော်အောင်မင်းခေါင်



ဝိဇ္ဇာတို့မွေ့လျော်ရာ ပုပ္ပားတောင်တော်တွင် ဦးခန္တီဇောတိ၊ ဦးကောသလ္လ၊ ဦးကုမာရ၊ ဦးပရမဝဏ္ဏသိဒ္ဓိ စသော ဝိဇ္ဇာမိုရ်ဆရာတော်များ၊ ရသေ့ကြီးဦးခန္တီ၊ ရှင်မေမနိယရသေ့ စသည့် ရသေ့များ၊ ဘုန်းဘုရားကြီး ဦးပေါက်ဆိန်၊ ဆံရှည်ဆရာတော်၊ ဘိုးဝါယမ စသည့် ဝိဇ္ဇာများ တရားကျင့်ကြံအားထုတ်ခဲ့ကြပါသည်။ ထိုဝိဇ္ဇာမိုရ်များစွာထဲမှ ယနေ့တစ်နိုင်ငံလုံး လူသိများ ထင်ရှားကျော်ကြားနေသော ပုဂ္ဂိုလ်မှာ ဘိုးတော်အောင်မင်းခေါင် (အဘဘိုးမင်းခေါင်၊ ဝိဇ္ဇာထိပ်ခေါင် အောင်မင်းခေါင်၊ ဆရာခေါင်) စသည့် ခေါင်လေးခေါင်၊ အောင်လေးအောင် အမည်ကျော်ကြားသော အဘအောင်မင်းခေါင် ဖြစ်ပါသည်။

အဘသည် ၁၃၀၀ ပြည့်နှစ်တွင် ပုပ္ပားတောင်ကလပ်သို့ ရောက်ရှိလာပြီး ၁၄ နှစ်တိုင် ဝိဇ္ဇာကျင့်စဉ်များ ကျင့်ကြံပြီး သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရင်း အမျိုးဘာသာ၊ သာသနာအကျိုးကို ဆောင်ရွက်သွားခဲ့ပါသည်။ အဘဘိုးမင်းခေါင်သည် ဆေး၊ အင်း၊ စမ၊ ဂါထာ၊ အဆောင်ပေး၍ သာသနာပြုခြင်းမဟုတ်ဘဲ ဘုရားဂုဏ်တော် "အရဟံ"ကိုသာ ပွားများအားထုတ်ပြီး သာသနာပြုသွားခဲ့ပါသည်။ အဘဘိုးမင်းခေါင်နှင့်ပတ်သက်၍ စာအုပ်အမျိုးမျိုးလည်း ထွက်ရှိထားပါသည်။ ခန့်မှန်းခြေ ၁၅ အုပ်ခန့် ရှိပါသည်။ မဂ္ဂဇင်း၊ ဂျာနယ်များတွင်လည်း နှစ်စဉ်ရေးသားဖော်ပြပေးကြပါသည်။ ဆရာကြီးဦးသာတင် မှတ်တမ်းအရ ၁၃၀၀ ပြည့်နှစ်တွင် ဘိုးမင်းခေါင် (ခေါ်) ဘိုးဘိုးကြီးသည် တောင်ကလပ်သို့ ရောက်၍ နေထိုင်သည်။ ၁၃၁၄ ခုနှစ်၊ တော်သလင်းလဆုတ် ၂ ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ဘိုးဘိုးကြီးသည် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ အချို့က အသေထွက်ပေါက် ပုဂ္ဂိုလ်ဟု ယုံကြည်ယူဆကြသည်ဟု ရေးထားပါသည်။

နှစ်စဉ် တော်သလင်းလပြည့်ကျော် ၂ ရက်နေ့ ရောက်တိုင်း ပုပ္ပားတောင်ကလပ်နှင့် ဘိုးတော်အောင်မင်းခေါင် ဓာတ်နန်းရှိရာ နေရာများတွင် ဘိုးတော်ထွက်ပေါ် အောင်ပွဲများကို စည်ကားခမ်းနားစွာ ကျင်းပလေ့ရှိသည်။ ယခုဆိုလျှင် ၆၃ နှစ်မြောက် ၆၃ ကြိမ်ထွက်ပွဲ အောင်ပွဲသို့ ရောက်ရှိလာပါပြီ။ စာရေးသူအနေဖြင့် ပုပ္ပားတောင်ကလပ်နှင့် တောင်မကြီးသို့ ယမန်နှစ်က နှစ်ကြိမ်ရောက်ရှိခဲ့ပါသည်။ လွန်ခဲ့သော နှစ်များကလည်း ဘိုးတော်ထွက်ပွဲများကို အနီးကပ်လေ့လာ မှတ်တမ်းယူခဲ့ပါသည်။ ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်ကို ယုံကြည်သူ၊ ဝိဇ္ဇာလမ်းစဉ် လိုက်လိုသူတို့အား အဘမှ "သူတော်ကောင်းဖြစ်ချင်လျှင် မြေကြီးလို နေရတယ်ကွ" ဟု မကြာခဏ ပြောဆိုခဲ့ပါသည်။ ယနေ့ခေတ်တွင် ဝိဇ္ဇာတွေကို အကြောင်းပြကာ မိမိကိုယ်ကျိုး မိမိ၏ဂုဏ်ထင်ပေါ်အောင် ပြုလုပ်ကြသူတွေ အများအပြား တွေ့မြင်ရပါသည်။ အတုနှင့်အစစ် ခွဲခြားသိနိုင်ကြပါစေ။

**ဝိဇ္ဇာစည်းမျဉ်း -**

ကံရှိလျှင်မိ၊ ဉာဏ်ရှိလျှင်သိ၊ ပဝါစုတ်သော်လည်း ရွှေထုပ်နိုင်၏။

ဂမ္ဘီရဆရာဇော်မျိုး(B.Sc)

www.burmeseclassic.com

# ဘိုးတော်ကိုသူတော်သန

■ အောင်အေး(ရန်ကုန်တက္ကသိုလ်)



**<u>လူစင်စစ်လား၊ ဖန်ဆင်းရုပ်လား</u>**

"စီးပွားရေး လုပ်ငန်းခွင်တွေမှာ ဘယ်လိုအသုံးချတာလဲ ဆရာကြီး"

"ကုန်ရောင်း ကုန်ဝယ် ကောင်းအောင်ပေါ့ဗျာ။ သူတို့ရဲ့ ရောင်းကုန်တွေကို မြန်မြန်ရောင်းထွက်အောင် ဘိုးမင်းခေါင်ကို လုပ်ခိုင်းတာ"

"ဒါဆို ဘိုးမင်းခေါင်က အဲဒီအချိန်ကတည်းက ဘိုးတော်ဖြစ်နေပြီပေါ့နော် ဆရာကြီး"

"ဟုတ်တယ် အဲဒီတုန်းက မြင်းခြံမှာ ပြိုင်တူပေါ်တဲ့ ဘိုးတော် သုံးဦးရှိတယ်။ တစ်ဦးက ဘိုးတင်းပုတ်၊ တစ်ဦးက ဘိုးတက်၊ တစ်ဦးက ဘိုးမင်းခေါင်ပေါ့ဗျာ။ အဲဒီ သုံးဦးအနက် ဘိုးမင်းခေါင်ကတော့ လူဝတ်ကြောင်နဲ့ပဲ။ ကျန်တဲ့ နှစ်ဦးက ရဟန်းတွေ။ ဘိုးတင်းပုတ်လို့ ဘာလို့ခေါ်တာလဲဆိုရင် တင်းပုတ်ကလေးဆောင်ထားလို့။ ဘိုးတက်ကတော့ တက်ကလေးဆောင်ထားတယ်။ အဲဒီတင်းပုတ်ကလေး၊ တက်ကလေးတွေကလည်း အစွမ်းထက်တယ်ဗျ"

"အဲဒီအချိန်မှာ ဘိုးမင်းခေါင် ပုပ္ပားမရောက်သေးဘူးနော်"

"ဟုတ်တယ် မရောက်သေးဘူး။ ဒါပေမယ့် တစ်နေ့ကျရင် ပုပ္ပားမှာ သွားနေမယ်လို့ အဲဒီကတည်းက ပြောနေတာပဲ"

"သူ့မိဘတွေက ဘယ်သူဘယ်ဝါဆိုတာ ဆရာကြီးမသိဘူးလား"

"ဘိုးမင်းခေါင်ဆိုတာ သူပဲ။ တံစိုးမလယ်ရွာသား ဆိုတာလောက်ပဲ ကျွန်တော်မှတ်ထားခဲ့တာ။ ဒီထက်ပိုပြီးတော့ ကျွန်တော် မစုံစမ်းခဲ့ပါဘူး။ အဲဒီနယ်တစ်ပိုက်မှာ သွားစုံစမ်းတော့ အဖြေထွက်လာမှာပါ"

မည်သို့ပင်ဖြစ်စေ ကွင်းဆက်ကလေးတစ်ခု ပေါ်လာပြီဖြစ်သောကြောင့် ကျွန်တော် ဝမ်းသာမိသည်။ တစ်ချိန်တည်းမှာပင် ဘိုးမင်းခေါင်သက်ရှိထင်ရှားရှိခဲ့စဉ်က အနီးကပ်ကိုးကွယ်ခဲ့ကြသူများ၊ ဆုံးမဩဝါဒခံယူခဲ့ကြသူများ၏ တာဝန်မကျေမှုကိုလည်း အပြစ်မြင်ခဲ့သည်။ သူတို့သည် ဘိုးတော်၏ ဇာတိဇာစ်မြစ်ကို အဘယ့်ကြောင့် မှတ်တမ်းမတင်ခဲ့ကြပါသနည်း။ သူတို့သည် ဘိုးတော်၏ ဇာတိဇာစ်မြစ်ကို မေးခဲ့ပုံမရခဲ့ချေ။ သူတို့မေးပေမည့် ဘိုးတော်က ဖြေချင်မှဖြေမည်။ ဘိုးတော်အကြောင်း ရေးသားချက်များ ဖတ်ကြည့်လိုက်လျှင် စကားပြောနည်းကြောင်း တွေ့ရ၏။

သည်ဘက်ခေတ်တွင် ဘိုးမင်းခေါင်အတ္ထုပ္ပတ္တိကို အတော်လေးစုံစုံလင်လင်ရေးထားသော စာအုပ်တစ်အုပ်တွက်ဖူးပါသည်။ သမထဦးအောင်

www.burmeseclassic.com

မြတ် ပြုစုသော မဟာဂန္ဓာရီ ဝိဇ္ဇာမိုရ် ဘိုးတော်အောင်မင်းခေါင် အတ္ထုပ္ပတ္တိ၊ တန်ခိုးသိဒ္ဓိ (၁၉၇၅၊ ဇန်နဝါရီ) ဖြစ်၏။ ဘိုးတော်အောင်မင်းခေါင်သည် ဘိုးမင်းခေါင်ပင်ဖြစ်သည်။ အောင်မင်းခေါင်ဆိုသည်မှာ ဘိုးတော် ကိုယ်တိုင် လိုလိုလားလားသုံးစွဲခဲ့သော အမည်ဖြစ်ပြီး "ဘိုးတော်အောင်မင်းခေါင်၊ အဘဘိုးမင်းခေါင်"ဆိုသော အမည်များမှာ လူတို့နှစ်သက်သလို ခေါ်ဝေါ်သုံးစွဲခဲ့ကြခြင်းဖြစ်၏။

သမထ ဦးအောင်မြတ်၏စာအုပ်တွင် ဘိုးမင်းခေါင်စကားပြောနည်းကြောင်းနှင့် ပတ်သက်၍ . . .

"ဘိုးတော်အောင်မင်းခေါင် အရှင်မြတ်သည် စကားအနည်းငယ်ပြောမိသည့်အခါတိုင်း (တေမိ တေမိ) ဟု မိမိနှုတ်ကို ပိတ်လေ့ရှိပါသည်"ဟု ရေးသားဖော်ပြထား၏။

ထိုစာအုပ်သည် ဘိုးတော်ကို သိမီလိုက်သူများ၊ တပည့်တပန်းများကို မေးမြန်းပြုစုထားသည်ဖြစ်ရာ သုတေသီများအတွက် အကျိုးရှိသောစာအုပ်ဖြစ်သည်။ သို့သော် ထိုစာအုပ်သည်လည်း ဘိုးမင်းခေါင်၏ ဇာတိဇာစ်မြစ်ကို မဖော်ထုတ်နိုင်ခဲ့ပေ။ ဇာတိဇာစ်မြစ်ကို မဖော်ထုတ်နိုင်ခဲ့သော်လည်း ဘိုးမင်းခေါင်သည် တန်ခိုးသိဒ္ဓိအချို့ကို ပြီးမြောက်အောင်မြင်ပြီးသည့် လူပုဂ္ဂိုလ် ဝိဇ္ဇာမိုရ်အဖြစ် အနယ်နယ်အရပ်ရပ်တွင် လှည့်လည်ကာ သာသနာပြန့်ပွားရေး တစ်ဖက်တစ်လမ်းက ဆောင်ရွက်ခဲ့ပုံ၊ ပြည်သူလူထုအများကို ကူညီခဲ့ပုံနှင့် နောက်ဆုံးပုပ္ပားတွင် အခြေချခဲ့ပုံများကို ပေါ်လွင်အောင် ရေးသားတင်ပြခဲ့သည်။

ဘိုးမင်းခေါင်သည် ပုပ္ပားတောင်မြတ် တောင်ကလပ်တွင် ၁၃၁၄ ခု၊ တော်သလင်းလဆုတ် ၂ ရက်နေ့၌ ကွယ်လွန်အနိစ္စရောက်ခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့သည်။ ထိုနေ့စွဲတွင် ဘိုးမင်းခေါင် ထွက်ရပ်ပေါက်ခဲ့ကြောင်းကား ငြင်းစရာမရှိ။ ထိုခေတ်ထိုအခါက သတင်းစာများတွင် အဘိအလင်း ဖော်ပြခဲ့ပေသည်။

ဤကဲ့သို့ လူပုဂ္ဂိုလ် အထောက်အထားများကို အခြေခံကာ ရေးသားပြုစုထားသည့် သမထဦးအောင်မြတ်၏စာအုပ်အရလည်းကောင်း၊ သတင်းစာမှတ်တမ်းများအရလည်းကောင်း ဘိုးမင်းခေါင်သည် ကွယ်လွန်အနိစ္စရောက်သည်နှင့် ထွက်ရပ်လမ်းသို့ကြွမြန်းခဲ့ကြောင်း ထင်ရှားလျက်ရှိသည်။ သို့စဉ်လျက် အချို့က ငြင်းချက်ထုတ်ချင်ကြသေးသည်။ ဘိုးမင်းခေါင်သည် "အရှင်ထွက်"သွားခြင်းဖြစ်သည်ဟု ပြောကြ၏။ သူတို့ဆိုလိုသော "အရှင်ထွက်"ဆိုသည်မှာ ဤလူသားခန္ဓာကိုယ်ကြီးနှင့်ပင် ထထွက်သွားခြင်းကို ဆိုလို၏။ ဤရုပ်ကြွင်းခန္ဓာကိုယ်ကြီးနှင့် ထွက်ခွာသွားသော ဝိဇ္ဇာတို့နေထိုင်ရာ တစ်နေရာသို့ရောက်ရှိနေထိုင်သွားပြီဆိုသည့်သဘောဖြစ်၏။ လူ့လောကကို စွန့်ခွာသွားခြင်း ဖြစ်သော်လည်း အလောင်းမကျန်ရစ်ခဲ့ဟု ဆိုသည်။ သူတို့ဖန်တီးသော ဇာတ်သိမ်းခန်းကား ရင်သပ်ရှုမော အံ့ဖွယ်တော့ကောင်းပါ၏။ သို့သော် "နားမလည်သူက ပြောပြသည်ကို မသိသူက ပါးစပ်ဟနားထောင်နေရသော ဒဏ္ဍာရီဇာတ်လမ်းမျိုး"သာ ဖြစ်နေပေသည်။

ထိုဒဏ္ဍာရီ ဇာတ်လမ်းမျိုးသည် အများတကာက ဂမ္ဘီရဆို၍ လိုက်ပါဂမ္ဘီရလုပ်ရသော သဘောမျိုး ဆောင်၏။ အနှစ်မပါချေ။ အနှစ်အသားမပါသည့်အပြင် ဝိဇ္ဇာနည်းကျလှသော ဝိဇ္ဇာဓရပညာရပ်များကိုပင် မှေးမှိန်သေးသိမ်သွားစေပါသည်။ စင်စစ် ဝိဇ္ဇာဓရပညာရပ်ဆိုသည်မှာ ယနေ့ခေတ် သိပ္ပံပညာရပ်နည်းများတူပင် သဘာဝတရားကြီး၏ လျှို့ဝှက်နက်နဲသော စွမ်းပကားများကို ဖော်ထုတ်အသုံးချသောပညာရပ်ဖြစ်၏။ သဘာဝနိယာမတရားတို့ကို ကျော်လွန်၍မရ။ ဆန့်ကျင်၍မရ။

ဘိုးမင်းခေါင်၏ အရှင်ထွက်ဇာတ်လမ်းကို စစ်တမ်းထုတ်မည်ဆိုလျှင် ကျယ်ဝန်းသွားလိမ့်မည်။ အသေထွက်၊ အရှင်ထွက် ဆိုသော စကားလုံးတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုပါ ရှင်းလင်းရဦးမည်။ သီးသန့်ခေါင်းစဉ်တပ်ကာ ဆွေးနွေးသင့်သောအကြောင်းအရာဖြစ်၏။ ထို့ကြောင့် အလျဉ်းသင့်၍ အခြေအနေပေးသည့်အခါ သုတေသနပြု၍ ဆွေးနွေးကြရန် တေးမှတ်ထားကြပါဦးစို့။ လောလောဆယ် သိသာရုံမျှ ထောက်ပြရလျှင်ကား . . .

"အသေထွက်ဟု ခေါ်ခေါ်၊ အရှင်ထွက်ဟုသုံးသုံး အလောင်းကျန်ရစ်သည်ဖြစ်စေ၊ မကျန်ရစ်သည်ဖြစ်စေ လူသားတို့၏ ရုပ်ကြွင်းခန္ဓာကိုယ်ကြီးအား ဝိဇ္ဇာဘဝ၌ ဆက်လက်အသုံးချ၍ မရတော့"

ဟူသော အချက်အလက်ပင်တည်း။

ထို့ပြင် အထောက်အထားကင်းမဲ့ပြီး ကြောင်းကျိုးဆက်စပ်မှု မရှိသော

www.burmeseclassic.com

အချက်အလက်များကို ဖယ်ရှားနိုင်မှသာ ဘိုးမင်းခေါင်၏ သရုပ်အမှန်ကို ပီပြင်စွာ ဖော်ထုတ်နိုင်မည်ဟု ကျွန်တော်ခံယူပါသည်။ ထို့ကြောင့် ဘိုးမင်းခေါင်သည် ကွယ်လွန်အနိစ္စရောက်သည့်နည်းနှင့် ထွက်ရပ်လမ်းသို့ ကြွမြန်းသွားခဲ့သည်ဟူသော အထောက်အထားရှိသည့်အချက်ကိုသာ အတည်ပြုရပါလိမ့်မည်။

ဘိုးမင်းခေါင်၏ လူသားတစ်ဦးပီသစွာ ဇာတ်သိမ်းခဲ့သော ဘဝဇာတ်သိမ်းကို အတည်ပြုပြီးသောအခါ ဘဝအစကို ခြေရာကောက်ရပါဦးမည်။

သမထဦးအောင်မြတ်သည် ဘိုးမင်းခေါင်၏ ဇာတိဇာစ်မြစ်၊ မိဘအမည်နှင့် မွေးသက္ကရာဇ်တို့ကို ခြေရာကောက်၍ မရသောအခါ ဘိုးမင်းခေါင်၏ လွန်လေပြီးသော အတိတ်ဘဝကို လှမ်း၍ဆွဲယူခဲ့သည်။ ဆွဲယူပုံဆွဲယူနည်းကို ပေါ်လွင်ထင်ရှားစေသောငှာ မူရင်းစာသားများအတိုင်း ကောက်နုတ်ဖော်ပြပါမည်။

*ဒုတိယမင်းခေါင် (ဘိုးတော်မင်းခေါင်)အရှင်သူမြတ်သည် ဟံသာဝတီပြည့်ရှင် ဓမ္မစေတီနန်းစံ ကိုးနှစ်တွင် မင်းဖြစ်တော်မူလေရာ ဓမ္မစေတီမင်းနှင့် ၁၂ နှစ်လုံးလုံး ထီးပြိုင်နန်းပြိုင် ဖြစ်သည်။*

*ဘိုးတော် အောင်မင်းခေါင်သည် အရှင်သူမြတ်နှင့် ဓမ္မစေတီမင်းတို့ ထီးပြိုင်နန်းပြိုင် ဖြစ်ကြရုံမျှမက နှစ်ပါးစလုံးပင် ထွက်ရပ်လမ်းသို့ ကြွမြန်းတော်မူသဖြင့် "ဓမ္မစေတီမင်းခေါင်" ဟု ခေါ်တွင်လာပါတော့သည်။*

*ဒုတိယမင်းခေါင်သည် သက္ကရာဇ် ၈၀၈ ခုနှစ်တွင် ဖွားမြင်တော်မူပြီး နံတော် စနေသားဖြစ်ပါသည်။ ၈၄၂ ခုနှစ်တွင် သီရိသုဓမ္မာရာ ဇာဓိပတိဟူသော ဘွဲ့တော်ဖြင့် ရာဇာဘိသိက်ခံယူတော်မူသည်။*

*သက္ကရာဇ် ၈၆၃ ခုနှစ် တန်ခူးလပြည့်ကျော် ၅ ရက်နေ့ နန်းစည်းစိမ် ၂၁ နှစ်တွင် အင်း(စမ)အတတ်ဖြင့် ထွက်လမ်းသို့ ကြွမြန်းတော်မူပါသည်။ ယခု သက်တော် ၅၀၆ နှစ်ရှိတော်မူသော "ပုပ္ပားအောင်မင်းခေါင်"ဘိုးတော် ဖြစ်ပါသည်။*

*(မှတ်တမ်း မွေးနေ့ ၈၀၈ မှ ထွက်ရပ်လမ်းသို့ ကြွမြန်းသည့်နေ့ (၁၃၁၄) ဆိုပါက ၅၀၆ သက်တော်ရပါသည်။)*

*သက်တော် ၅၄ နှစ်ပြည့်မြောက် ၅၅ နှစ်သို့အရောက်တွင် ထွက်တော်မူသည်။ ၁၀၈ နဝင်းခေတ်ကို အလိုရှိတော်မူသဖြင့် ထက်ဝက်ဖြစ်သော နက္ခတ်ကြေ၊ နဝင်းကြေ၊ ကာမစိတ် ၅၄ ခု ပယ်တော်မူခြင်းဖြစ်သည်။ ထိုအခါ ငလျင်ခုနစ်ရက်တိုင်တိုင် လှုပ်သည်။ ဘုရားရုပ်တုတော် ထွက်ကြွတော်မူသည်ဟု ကျော်စောသည်။*

*ဒုတိယမင်းခေါင်သည် သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံတော်မူ၏။ အတတ် ၁၈ ပါးတွင် မတတ်သည် မရှိ။ အထူးသဖြင့် လေးအတတ်နှင့် မြင်းစီးအတတ်ကို ပိုမို၍ ကျွမ်းကျင်တော်မူသည်။ မြင်းစီးအတတ်ကို ကျွမ်းကျင်စွာ စီးပြနိုင်သောကြောင့် ဘိုးတော်အရှင်သူမြတ် ဘဝတစ်လျှောက်တွင် တိမ်ကြားမင်းခေါင်၏ နာမဝိသေသန ပြုပြန်သည်။*

*ဘိုးတော် အောင်မင်းခေါင် အရှင်သူမြတ်သည် ထွက်ရပ်လမ်းသို့ ကြွမြန်းခဲ့ပြီး ၄၄၇ နှစ်င ဘ်လုံး အလုပ်တာဝန်အလုံးစုံ မပြီးမြောက်၍ တောတစ်ခွင်၊ တောင်တစ်နွယ်၊ တောင်ခါးပန်းတွင် မဟာဂန္ဓာရီလမ်းစဉ်မြတ်ကို ကျင့်ကြံအားထုတ်နေပါသည်။*

*ခေါင်လေးခေါင်ဟု နာမဝိသေသများကို အထက်ပါစာပိုဒ်များကို လေ့လာခြင်းဖြင့် အင်းဝမင်းခေါင်တစ်ပါးတည်းမှ ပုပ္ပားမင်းခေါင် အဆုံးအထိ ရုပ်ကိုမသုံး နာမ်ကိုသုံး၍ ထွက်ရပ်လမ်းကြွမြန်းပြီး ယနေ့တိုင် နာမ်ဖြင့် သာသနာပြုလျက် ရှိပါသည်။ ဘိုးတော်ဘုရားအား ဖူးမြော်လိုကြသော ပုဂ္ဂိုလ်များသည် သမထ၊ ဝိပဿနာတရားတော်များ ကျင့်ကြံအားထုတ်ပါက ဖူးမြော်နိုင်ပါသည်။*

သမထဦးအောင်မြတ်၏ ဆိုလိုရင်းမှာ ဘိုးမင်းခေါင်သည် အင်းဝဒုတိယမင်းခေါင်ဘဝကပင် ဂန္ဓာရီဝိဇ္ဇာလမ်းကို လိုက်ခဲ့သည်။ ထိုဘဝမှာပင် အင်းဝမင်းခေါင်၊ ဓမ္မစေတီမင်းခေါင်၊ တိမ်ကြားမင်းခေါင်ဟူသော နာမည်သုံးမျိုးဖြင့် ကျော်ကြားခဲ့သည်။ သက္ကရာဇ် ၈၆၃ ခုနှစ်ဘဝတွင် အင်း(စမ) အတတ်ဖြင့် ထွက်ရပ်လမ်းသို့ ကြွမြန်းခဲ့သည်။ ဝိဇ္ဇာဘဝသို့ ရောက်သွားသည်ဟု ဆိုလိုသောသဘောဖြစ်၏။ ပုပ္ပါးသို့ရောက်လာသော ဘိုးမင်းခေါင်သည် လိုအပ်ချက်အရ လူ့အသွင်ဖန်ဆင်းပြီး လာခဲ့သည်ဟု ဆိုလိုသည်။

ဤသို့ ဆိုလိုကြောင်း ထိုစာအုပ်၏ နောက်ပိုင်းတစ်နေရာတွင် ဤသို့ ရေးထားပြန်သည်။

*"ရှိပါသည်။ မသေသော ဝိဇ္ဇာတွေ ရှိပါသည်။ လူတွေနှင့် သာသနာပြုရန် အချိန်ကျရောက်သောအခါ လူတွေကဲ့သို့ အနေအထိုင် အပြောအဆိုစသည့် လူ့ခန္ဓာရုပ်ကို ဖန်ဆင်းပြီး*

www.burmeseclassic.com

www.burmeseclassic.com

*သူတွေနှင့် နီးစပ်စွာနေရပါသည်။ နောက်တစ်ဖန် ထွက်ရပ်လမ်းသို့ ကြွမြန်းရပြန်ပါသည်။ ဤသို့ ကြိမ်ဖန်များစွာ ပြုလုပ်ပြီးနောက် ဘုရားပွင့်သောအခါတွင် တစ်ပါးတည်း ဘုရားနှင့်အတူ နိဗ္ဗာန်သို့ ကျွတ်တမ်းဝင်ကြလေသည်။''*

သမ္မတဦးအောင်မြတ်၏ ရေးသားချက်ကို ဖတ်ကြည့်သောအခါ လူခန္ဓာရုပ်ကို ဖန်ဆင်းပြီး 'ဖန်ဆင်းရှင်ကြီး'နှင့် သူ့လောကတွင် လာရောက်ကျင်လည်နေသည့်သဘော ဖြစ်နေပါသည်။ အင်း(စမ)အတတ်နှင့် ဝိဇ္ဇာဖြစ်သွားသော အင်းဝမင်းခေါင်သည် လူ့ခန္ဓာရုပ်ဖန်ဆင်းကာ ပုပ္ပားအောင်မင်းခေါင်အဖြစ် သာသနာပြုသွားသည့်သဘောပင်တည်း။ ဘိုးမင်းခေါင်သည် ဖန်ဆင်းရှင်ကြီးလော။

'ဖန်ဆင်းရှင်'ဆိုသည်မှာ မရှိဟု ကျွန်တော် မငြင်းလိုပါ။ သိကြားမင်းက လူယောင်ဖန်ဆင်းပြီး လူ့လောကသို့ ဆင်းသက်ပုံ အကြောင်းအရာအမျိုးမျိုးကို ဇာတ်နိပါတ်တို့၌ ဖတ်ဖူး၊ မှတ်ဖူး၏။ အချို့ နတ်သမီးများ လူယောင်ဖန်ဆင်းပြီး လူ့ပြည်တွင် လာရောက်အိမ်ထောင်သားမွေး ပြုလုပ်သွားသော ရှေးဟောင်းဒဏ္ဍာရီများလည်း ရှိ၏။ အနောက်နိုင်ငံ မနောသုတေသီများ နှစ်ပေါင်းများစွာကပင် သုတေသနလုပ်နေသော 'ဝိညာဉ်များ၏ ကိုယ်ထင်ပြခြင်း' ဘာသာရပ်သည် ဤဖန်ဆင်းရှင် ပြဿနာပင်တည်း။ ဖန်ဆင်းရှင်ဆိုသည်မှာ ရှိပါသည်။ နတ်နှင့်ဝိဇ္ဇာတို့တွင် ဤသို့ ဖန်ဆင်းရှင်များ ဖန်ဆင်းနိုင်သော တန်ခိုးသိဒ္ဓိတို့ရှိကြောင်း ရှေးဟောင်းကျမ်းဂန်များ၌ ပါရှိ၏။

**သို့သော် ဖန်ဆင်းရှင်သည် ဖန်ဆင်းရှင်သာဖြစ်၍ သေသည့်အခါ အလောင်းကျန်စရာ မလိုဟု ကျွန်တော် ထင်မြင်ယူဆပါသည်။** ဖန်ဆင်းသူသည် သူပြုပြင်ဖန်ဆင်းထားသော ဖန်ဆင်းရုပ်ကြီးအား အသေပြု ပုပ်ပြသည်အထိ ဆက်လက်ဖန်ဆင်းပြထားပါသည်ဆိုလျှင်လည်း လူတွေကို ဤမျှလှည့်စားရန် အကြောင်းမရှိပါ။

တစ်ခုတော့ ရှိပါသည်။ အဘဘိုးမင်းခေါင်က "လူဆိုသည်မှာ သေမျိုးဖြစ်ကြောင်း" ပညာပေးလို၍ သူဖန်ဆင်းထားသော ပုပ္ပားမင်းခေါင် ရုပ်ခန္ဓာကိုယ်ကြီးအား သေပြ၊ ပုပ်ပြခဲ့သည်ဟု ပြောလျှင်တော့ ပြောနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ပုပ္ပားအောင်မင်းခေါင်သည် အင်းဝမင်းခေါင် ဝိဇ္ဇာဓိုရ်ကြီးက ဖန်ဆင်းအသုံးချသွားသော ဖန်ဆင်းရုပ်ကြီးဖြစ်သည်ဟု ကျွန်တော်မယူဆနိုင်ပါ။

ပုပ္ပားအောင်မင်းခေါင် ဘိုးတော်သည် လူသားမိဘနှစ်ပါးက မွေးဖွားလာခဲ့ပြီး သူ့ကံကြမ္မာသက်တမ်းအတိုင်း သက်ရှိထင်ရှား နေထိုင်သွားကာ ကံကြမ္မာသက်တမ်း ကုန်ဆုံးချိန်တွင် ထွက်ရပ်လမ်းသို့ ကြွမြန်းသွားခြင်းဖြစ်သည်ဟုသာ ကျွန်တော်သုံးသပ်မိပါသည်။

* * *

## ဘိုးမင်းခေါင်နှင့် ဦးဘအေး

ဘိုးမင်းခေါင် မကွယ်လွန်မီ နောက်ဆုံးစားသွားသော ထမင်းဝိုင်းကို ကံအားလျော်စွာ ဓာတ်ပုံဖြင့် မှတ်တမ်းတင်နိုင်ခဲ့ကြပါသည်။ ထိုဓာတ်ပုံကိုကြည့်လျှင် ဘိုးမင်းခေါင်၏ နောက်ကျောတည့်တည့်၌ ထိုင်နေသော ခေါင်းပေါင်းနှင့် လူတစ်ယောက်ကို တွေ့မည်။ သူ့အမည်မှာ ဦးဘအေးဖြစ်၏။

ဦးဘအေးသည် ဘိုးမင်းခေါင်အား နောက်ဆုံးအချိန်အထိ ပြုစုစောင့်ရှောက်ခွင့်ရခဲ့သော တပည့်ရင်းကြီးတစ်ဦး ဖြစ်၏။ ဘိုးမင်းခေါင်ထံမှ လောကီပညာ အမွေများကိုလည်း ကောင်း၊ ကောင်းမြတ်သည့် အစဉ်အလာများကိုလည်းကောင်း ဆက်ခံနိုင်သူတစ်ဦး ဖြစ်လေသည်။

အသက်အရွယ် ကြီးရင့်လာသော ဦးဘအေးသည် ရန်ကုန်မြို့ အောင်သိဒ္ဓိကုန်း၌ နေထိုင်သွားခဲ့၏။ သူ့ကို ကြည်ညိုသော တပည့်များက ဆရာကြီးဦးဘအေးဟု ခေါ်ကြ၏။ ဦးဘအေးသည် ၁၉၈၈ ခုနှစ်ရောက်မှ ကွယ်လွန်သွား၏။

သို့သော် . . . ထိုနှစ်ပိုင်းများက ရန်ကုန်မှာမရှိသော ကျွန်တော်သည် ဦးဘအေးအား တွေ့ခွင့်မကြုံခဲ့။ ဦးဘအေးလို ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့်များ တွေ့ခွင့်ရခဲ့လျှင် ဘိုးမင်းခေါင်အကြောင်း အဇ'အလင်း လေ့လာမေးမြန်းခွင့် ရပေလိမ့်မည်။ ခုတော့ ကျွန်တော်သည် ဦးဘအေး၏ တပည့်ပ[illegible]ဦးဖြစ်သော အရှေ့တိုင်း နက္ခတ္တဗေဒပညာရှင် ဦးအေးကျော်ထံသို့သာ သွားရောက်လေ့လာခဲ့ရ၏။ သုတေသီတစ်ဦးအဖို့ အငွေ့အသက်ကိုမျှ ကြားရခံစားရလျှင်ပင် ကြီးစွာသော အမြတ်မဟုတ်ပါလား။

ဦးအေးကျော်ထံသွားရန် ကျောက်

www.burmeseclassic.com

ပြောင်း သီတာလမ်းမှတ်တိုင်မှာ ဆင်းရ၏။ သီတာလမ်းအတိုင်း ဝင်သွားသောအခါ မီးရထားလမ်းမြှုပ်ထားသည့် လမ်းဆုံတစ်ခုကို ဖြတ်ရ၏။ ထို့နောက် တစ်ဖက်ပိတ်လမ်းတို နှစ်လမ်းမြောက်အောင် သွားရ၏။ ထိုနေရာသည် သီတာလမ်းနှင့် နတ်စင်လမ်းထောင့် ဖြစ်လေသည်။ တိုက်အမှတ် (၃၈ ဘီ)ဖြစ်ပြီး နတ်စင်လမ်းဘက်မှဝင်ရ၏။ ပဥ္စမထပ်အထိ တက်သွားရသည်၊ အခန်းတံခါးတွင် ဦးအေးကျော်ဟု ရေးထား၏။ (ယခု ဤစာအုပ်ထုတ်ချိန်တွင် လိပ်စာပြောင်းသွားပါပြီ။)

"ကိုအောင်အေးကို မေးရဦးမယ်။ ကိုအောင်အေး ဘိုးမင်းခေါင်ဓာတ်စီးတယ်ဆိုတာ ယုံသလား"

ကျွန်တော်သည် ဦးအေးကျော်ထံ ဘိုးမင်းခေါင်သုတေသနအတွက် တကူးတကသွားရောက်ခဲ့ခြင်း ဖြစ်၏။ သူ့အခန်း သူ့အလုပ်စားပွဲတွင် ထိုင်မိပြီးနောက် အာလာပသလ္လာပစကားများပြောရာမှ ကျွန်တော်က မေးခွန်းထုတ်မည်ကြံကာရှိသေး သူက အရင်မေးလာလေသည်။

တွေ့တော့လည်း တွေ့ကြပြီ။ သူက အရာရာ အေးအေးအေးနှင့်ကျော်ဖြတ်သွားမည့်သူ။ ကျွန်တော်က အောင်မှအေးမည်ဖြစ်ရာ မအောင်မချင်း အေးအေးမနေတတ်သူ။

သူ့မေးခွန်းသည် အဖြေရကူ ပ်သော့ကြောင့် ကျွန်တော် ရုတ်တရက်မဖြေနိုင်။ ငေးငိုင်စဉ်းစားနေမိ၏။

ဓာတ်စီးခြင်း၊ နတ်ဝင်ခြင်း ဆိုသည်မှာ ဤလောကတွင် အမှန်တကယ်ရှိပါသည်။ ဓာတ်စီးနတ်ဝင်ခြင်းသည် ပရလောကသားနှင့် ဝိဇ္ဇာများက ဓာတ်စီးနတ်ဝင်သည် (Medium) များမှတစ်ဆင့် လူ့လောကနှင့်ဆက်သွယ်ရာတွင် အသုံးချသည့်နည်းဖြစ်ကြောင်း ကျွန်တော် အရိပ်အမြွက်ဖော်ပြပါပြီးပါပြီ၊ ဤနေရာတွင် အလျဉ်းသင့်၍ ဓာတ်စီးနတ်ဝင်ခြင်းအကြောင်းအတန်ငယ် အကျယ်ချဲ့၍ တင်ပြပေးပါမည်။

ဓာတ်စီးနတ်ဝင်ခြင်းနှင့် ပတ်သက်၍ 'လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ကျော်ကပင် အနောက်နိုင်ငံသားတို့ စနစ်တကျ သုတေသနပြုပြီး ဖြစ်ပေသည်။ မှတ်တမ်းမှတ်ရာ များစွာရှိပါသည်။ သူတို့သည် ဓာတ်စီးနတ်ဝင်ခြင်းအတုများကို ဖော်ထုတ်ဖွင့်ချကြသကဲ့သို့ အစစ်များကိုလည်း မှတ်တမ်းတင်ထားခဲ့ကြသည်။

မည်သို့ဆိုစေ ပရလောက သား(ဝိညာဉ်)များက လူသားများထံဓာတ်စီး၊ နတ်ဝင်လာပုံအဖုံဖုံကို အနောက်နိုင်ငံ သုတေသီတို့က ခွဲခြမ်း စိတ်ဖြာပြီးနောက် သိပ္ပံနည်းကျ ဖော်ထုတ်တင်ပြထားပြီးပါပြီ။

သူတို့အဆိုအရ ပရလောကသား(ဝိညာဉ်)များ၏ ကိုယ်ခန္ဓာသည် အီသာဓာတ်ခန္ဓာ ဖြစ်သည်ဆို၏။ အီသာ(Ether)ဓာတ်ဆိုသည်မှာ စကြဝဠာတစ်ခုလုံး ပြည့်နှက်တည်ရှိနေသော ဓာတ်တစ်မျိုးဖြစ်သည်။ အလွန်နူးညံ့၏။ အလွန်သိမ်မွေ့၏။ ဤသို့အလွန်နူးညံ့သိမ်မွေ့လှစွာသော ခန္ဓာမျိုးဖြစ်၍ အချို့က ရုပ်နုခန္ဓာဟုခေါ်ကြသည်။ သို့သော် ရုပ်နုဟုဆိုလျှင် ကျွန်ုပ်တို့၏ နားလည်မှုသည် အကန့်အသတ်ရှိ၏။ ကျွန်တော်တို့ နားလည်ထားသော နူးညံ့ခြင်းဆိုသည်မှာ "စစ်သားဖဝါး၊ အပျို့ပါး"ဆိုသော နူးညံ့မှုလောက်သာ ရှိပေရာ ရုပ်နုခန္ဓာဆိုသော အသုံးအနှုန်းအပေါ် စံချိန်မီအောင်နားလည်ရန်ခက်ပေသည်။ ထို့ကြောင့် အီသာဓာတ်ခန္ဓာဟုပင် ဆက်လက်သုံးစွဲသွားကြပါစို့။

အီသာ ဓာတ်ခန္ဓာသည် ကမ္ဘာပေါ်ရှိ ရှိရှိသမျှသော သက်ရှိ၊ သက်မဲ့ရုပ်ဝတ္ထုပစ္စည်းအားလုံးတွင် သက်ဆိုင်ရာ ပုံပန်းသဏ္ဌာန်များအတိုင်း အမြွှာပူးသဖွယ် ပူးတွဲပါဝင်နေသော ခန္ဓာဖြစ်၏။ ထို့ကြောင့် အီသာဓာတ်အမြွှာ(Etheric Double)ဟုလည်း အချို့ပညာရှိများက ခေါ်ကြပါသေးသည်။

ကျွန်တော်တို့ လူသားများနှင့် ပရလောကသားတို့၏ ကွာခြားချက်ကို ကြည့်ကြပါစို့။ ကျွန်တော်တို့တွင် ယခုမြင်နေရသော ရုပ်ခန္ဓာနှင့် မမြင်ရသော အီသာဓာတ်ခန္ဓာ အမြွှာရှိ၏။ ပရလောကသားတို့တွင်ကား ကျွန်တော်တို့ကဲ့သို့သော ရုပ်ခန္ဓာမျိုးမရှိ။ အီသာဓာတ်ငွေ့သာ ရှိ၏။

ထို့ပြင် ကျွန်တော်တို့ လူသားများတွင်ရှိသော အီသာဓာတ်ခန္ဓာသည် ရုပ်ခန္ဓာနှင့် ပူးတုံခွာတုံ ပြုလုပ်နိုင်စွမ်းရှိသည်ဆို၏။ သုတေသီများ၏ အဆိုအရ လူတို့အိပ်ပျော်နေသည့်အခါ လူတို့၏ အီသာဓာတ်ခန္ဓာသည် ရုပ်ခန္ဓာမှထွက်ခွာပြီး အထက် ၄-၅ ပေအကွာတွင် လွင့်မျောတည်ရှိနေလေ့ရှိသည်ဆို၏။ ထိုအခါမျိုးတွင် အီသာဓာတ်ခန္ဓာနှင့် ရုပ်ခန္ဓာတို့အကြား မမြင်ရသော ငွေကြိုးကလေးတစ်ခုက အဆက်အသွယ်ပြုထားသည် ဆို၏။ လူတို့ အိပ်ရာက နိုးလာသည်နှင့် အီသာဓာတ်ခန္ဓာသည် ရုပ်ခန္ဓာနှင့် ပြန်လည်ပေါင်းမိသွားလေပြီ။

ထိုသို့ ပူးတုံခွာတုံပြုနိုင်သော

www.burmeseclassic.com

www.burmeseclassic.com

စွမ်းရည်သတ္တိသည် လူသားဘိုင်း၌ရှိ၏။ သို့သော် သာမန်လူသားတို့ထက် ပိုမိုထူးခြားသော ဓာတ်စီးနတ်ဝင် ပါရမီရှင်တို့၌ကား ထိုစွမ်းရည်သတ္တိ ပိုမိုမြင့်မား၏။ ထို့ကြောင့် ဓာတ်စီးနတ်ဝင်သည်တို့၏ အီသာဓာတ်ခန္ဓာကို ပရလောကသားတို့က အလွယ်တကူ ထုတ်လုပ်နိုင်၏။ ကျန်ရစ်သော ရုပ်ခန္ဓာတွင် ပရလောကသားတို့က သူတို့၏ အီသာဓာတ်ခန္ဓာကို ပူးဝင်လိုက်သည်။ ထို့နောက် ဓာတ်စီးနတ်ဝင်သည်၏ ကိုယ်ခန္ဓာကိုအသုံးပြုကာ ပရလောကသားတို့က စကားပြောလေသည်။

ဤနည်းသည် ကျွန်တော်တို့ လူသားများနှင့် ဆက်သွယ်ရာတွင် ပရလောကသားတို့ အသုံးပြုသည့် အလွယ်ကူဆုံး၊ အရိုးရှင်းဆုံး နည်းတစ်နည်းပင် ဖြစ်သည်။ ကိုယ်ထင်ပြသည့်နည်း၊ တိုက်ရိုက်စကားပြောသည့်နည်းတို့ကို သုံး၍လည်း ကျွန်တော်နှင့် ဆက်သွယ်နိုင်သည်။ သို့သော် ဝင်ပူးသည့်နည်းက အလွယ်ကူဆုံး ဖြစ်သည်။

သုတေသနပြုချက်များအရ ပရလောကသားတိုင်းသည် ဓာတ်စီးနတ်ဝင်သည်များထံ ပူးမဝင်နိုင်ချေ။ လူတို့တွင် ပရလောကသားများသည် အနီးကပ်ဘဝတစ်ခုက လူသားဆွေမျိုးများနှင့် စကားပြောလိုသောအခါ ဝင်ပူးတတ်သော ပရလောကသားများထံ အကူအညီတောင်းရသည်ဆို၏။

ဖော်ပြပါ အချက်အလက်များသည် ကျွန်တော် လေ့လာသိရှိထားသော အနောက်တိုင်းသားတို့၏ သုတေသနပြုချက်များထဲမှ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ ထိုအချက်အလက်များကိုထောက်ထားပြီး ဓာတ်စီးနတ်ဝင်ခြင်းကိစ္စကို ကျွန်တော်ယုံပါသည်။

ထို့ပြင် လယ်တီဆရာတော်ဘုရားကြီး ရေးသားပြုစုခဲ့သည့် "ရောဂန္တရဒီပနီ"စာအုပ်တွင်လည်း ပလိပ်ရောဂါဖြစ်မည့်အကြောင်းကို နာနာဘာဝတစ်ဦးက မိန်းမတစ်ဦး၏ကိုယ်တွင်ဝင်ပူးပြီး ပြောပြတတ်သောကြောင့် ကြိုတင်ကာကွယ်နိုင်ပုံ၊ အကျိုးရှိပုံတို့ကို ဖော်ပြထားသဖြင့် လေ့လာဖတ်ရှုခွင့် ရခဲ့ပါသည်။ မြန်မာစာပေကျမ်းဂန်များတွင်လည်း နတ်များ၊ နတ်ဘီလူးများ ပူးဝင်တတ်ပုံ ဇာတ်လမ်းစုံကို ကြိုကြားဖတ်ရှုလေ့လာရပါသည်။

ထိုကဲ့သို့သော သုတအသိများကို စိန္တာမယ(ခေါ်) ဆင်ခြင်ဉာဏ်နှင့် ဆင်ခြင်ကြည့်သောအခါ ယုတ္တိယုတ္တာရှိသောကြောင့် ဓာတ်စီးနတ်ဝင်ခြင်းကိစ္စကို ကျွန်တော် ယုံကြည်ခြင်း ဖြစ်၏။ သို့သော် ဓာတ်စီးနတ်ဝင်မှုများအားလုံးကို ယုံကြည်သည်ဟုကား မဆိုလိုပါ။

ဆရာဦးအေးကျော် မေးသောမေးခွန်းကို ပြန်လည်သုံးသပ် ကြည့်လျှင် "ဘိုးမင်းခေါင် ဓာတ်စီးတယ်ဆိုတာ ယုံသလား"ဟုမေးသည်ဖြစ်သောကြောင့် ယုံမယုံဖြေရမည့် ပြဿနာက နှစ်ခုပါသည်။

ပြဿနာတစ်ခုက ယခုအခါ ဘိုးမင်းခေါင်သည် ပရလောကသားတစ်ဦးအနေနှင့် တည်ရှိနေသည်ဆိုခြင်းအား ယုံမယုံ။ နောက်ပြဿနာတ[illegible]ခုက ဓာတ်စီးခြင်းဆိုသော အမှုကိစ္စအား ယုံမယုံ။

ဤပြဿန[illegible]ာများအတွက် ကျွန်တော့်မှာ ဒွေဖြေအသင့်ရှိပါသည်။ ဘိုးမင်းခေါင်သည် ယခုအခါ ပရလောကသားတစ်ဦးအနေဖြင့် တည်ရှိနေခြင်းအား ကျွန်တော်ယုံပါသည်။ ဓာတ်စီးခြင်းကို ကျွန်တော်ယုံကြောင်းလည်း ဖော်ပြခဲ့ပြီးပါပြီ။ ထို့ကြောင့် ပေါင်းလိုက်လျှင် ဘိုးမင်းခေါင် ဓာတ်စီးသည်ဆိုခြင်းသည် မယုံစရာမရှိ။ သို့သော် မိမိစိတ်ကို မိမိလှည့်စားနေခြင်း လုပ်စားနေခြင်း ဟုတ်မဟုတ်ကိုကား ဆန်းစစ်စရာရှိပါ၏။

ကျွန်တော်သည် ဆရာဦးအေးကျော်၏မေးခွန်းကို မယုတ်မလွန် ဖြေဆိုခဲ့ပါသည်။

"ဘိုးမင်းခေါင် ဓာတ်စီးနိုင်တယ်လို့တော့ ကျွန်တော်ယုံပါတယ်။ ဒါပေမယ့် ဘိုးမင်းခေါင်ဓာတ်စီးတယ်ဆိုတိုင်း အစစ်လို့ ပြောလို့မရပါဘူး"

ဆရာဦးအေးကျော်က အေးအေးဆေးဆေးပင် ခေါင်းယမ်းပြပါသည်။

"ကျွန်တော်တို့ဆရာကြီး ဦးဘအေးကတော့ ဘိုးမင်းခေါင်နာမည်ခံ ဓာတ်စီးတာမှန်သမျှကို လက်မခံဘူး။ ဘိုးမင်းခေါင်ဟာ ဘဝတစ်ခုခုမှာ ရှိနေသေးတယ်ဆိုတာတော့ လက်ခံပါတယ်။ ဒါပေမယ့် ဓာတ်စီးတယ်ဆိုတ[illegible]ာတော့ လက်မခံဘူး"

ဘိုးမင်းခေါင် အမည်ခံ၍ ဓာတ်စီးပြီး ဘိုးမင်းခေါင်ကို နာမည်ဖျက်နေကြသော ဓာတ်စီ[illegible]နတ်ဝင်သည်များကြောင့် ဆရာကြီးဦးဘအေးက ဆန့်ကျင်နေခြင်း ဖြစ်နိုင်ပါသည်။ ဆရာကြီးဦးဘအေးသာ ယနေ့တိုင် သက်ရှိထင်ရှားရှိနေသေးပါက သပြေခက်နှင့်ရိုက်ပြီး ဓာတ်လုံးတွေဝေပေးနေသော ဘိုးမင်းခေါင်(ဓာတ်စီး)၏ဓာတ်ပုံများကိုကြည့်ကာ ရင်ထု[illegible]ဖြစ်နေ

www.burmeseclassic.com

ပေလိမ့်မည်။

"ဆရာကြီးဦးဘအေးက ဘိုးမင်းခေါင်အကြောင်းနဲ့ ပတ်သက်ပြီး ဆရာ့ကိုပြောပြခဲ့ဖူးတာများရှိသလား"

ကျွန်တော်က မှတ်စုစာရွက် အသင့်ပြင်ပြီး မေးခဲ့ပါသည်။

"အကြောင်း တိုက်ဆိုင်တဲ့အခါ ပြောပြခဲ့ပါတယ်။ ပုပ္ပားမှာ အတူနေခဲ့ကြတဲ့အကြောင်းတွေကများပါတယ်"

"ဘိုးမင်းခေါင် တန်ခိုးပြတဲ့ အကြောင်းတွေ မပြောဘူးလား"

"မပြောဘူး။ ဘိုးမင်းခေါင်က တန်ခိုးသိပ်ပြတာ မဟုတ်ဘူးလို့လည်း သိရတယ်။ လူအုံတာ မကြိုက်ဘူးလို့လည်း ပြောတယ်"

"ထူးတာလေးတွေ ရှိရင်လည်း ပြောပါဦးဗျာ"

"ထူးတာကတော့ ဘိုးမင်းခေါင်ဟာ လျှို့ဝှက်သိပ်သည်းတဲ့သဘောရှိတယ်။ ပြောပြတဲ့ကိစ္စတွေကို ဖြောင့်မပြောဘဲ အရိပ်ပြနိမိတ်ပြစကားတွေနဲ့ ပြောတတ်တယ်တဲ့"

"ဟုတ်ကဲ့ ဒါကိုတော့ ပထမံမဂ္ဂဇင်းထဲမှာလည်း လေ့လာရဖူးပါတယ်။ ဘိုးမင်းခေါင်ရဲ့ စကားတွေဟာ အဓိပ္ပာယ်အကောက်ရ အတော်ခက်ပါတယ်။ တော်ရုံတန်ရုံလူဆိုရင် အဓိပ္ပာယ်နားမလည်ဘဲ လက်မှိုင်ချသွားရမယ့်သဘော ရှိတယ်"

မှန်ပါသည်။ ထို့ကြောင့်လည်း အချို့လူများက ဘိုးမင်းခေါင်ကို ပေါက်ကရစဉ်ရေမရစကားများ ပြောတတ်သူ၊ စိတ်မနှံ့သူဟု မှားယွင်းစွပ်စွဲမိကြခြင်း ဖြစ်၏။

ဆရာ ဦးအေးကျော်က ဆရာကြီးဦးဘအေး ပြောပြဖူးသည့်စကားများကို စဉ်းစားမိသမျှပြန်ပြောပြသည်။

"တစ်ခါကလည်း တပည့်တစ်ယောက်ကို ခေါ်ပြီးပြောတယ်။ ဒီနေ့ ငါပလ္လင်ပေါ်တက်ပြီး တရားစီရင်မယ်ကွ။ ပလုတ်တုတ်တုတ် ဖြုန်းဖြုန်းဆိုပြီး ပါးစပ်ဆိုင်းကလည်း လိုက်ပြသေးတယ်။ အဲဒီ တပည့်ကလည်း သဘောမပေါက်ဘူး။ ညနေပိုင်းရောက်တော့ သူ့အိမ်က လိုက်ခေါ်တယ်။ ရွာမှာ လယ်ကိစ္စအမှုဖြစ်နေလို့ အမှုဆိုင်ဖို့ လိုက်ခေါ်တယ်ဆိုပဲ။ ဒီတော့မှ ဒါကို အဘက ကြိုတင်သတိပေးတာပဲလို့ နားလည်ရတော့တယ်တဲ့"

"အကြားအမြင်ရနေတဲ့ သဘောပေ့ါ"

"ဘိုးမင်းခေါင်ပဲဗျာ တခြားလူမှတ်လို့။ တန်ခိုးမပြပေမယ့် တန်ခိုးရှိမှန်း သိသာထင်ရှားတဲ့ဖြစ်ရပ်တွေ အများကြီးရှိခဲ့တာ မဟုတ်လား။ ဆရာကြီးဦးဘအေးက ဘိုးမင်းခေါင်နဲ့ ပတ်သက်ပြီး အလေးအနက်ပြောခဲ့တာ တစ်ခုကတော့ ဘိုးမင်းခေါင်ဟာ ဓာတ်ရိုက်ဓာတ်ဆင်ပညာ သိပ်တော်တယ်တဲ့။ ဒါပေမယ့် သားပျောက်၊ လင်ပျောက်၊ လင်ကွာ၊ မယားကွာ၊ စီးပွားရေး၊ ကြီးပွားရေးဆိုတဲ့ တစ်ဦးချင်းကိစ္စတွေကိုတော့ ဘယ်တော့မှ လုပ်မပေးဘူးတဲ့။ ဒီတော့ သူကလည်း သူ့ဆရာ ဘိုးမင်းခေါင်လို နေမှာပေ့ါ။ တစ်ဦးချင်း ပုဂ္ဂလိကကိစ္စတွေ လုပ်မပေးဘူးဗျ။ တစ်ခါက ကျွန်တော့်အမျိုးသမီးနဲ့အတူ အမျိုးသမီးမိတ်ဆွေတစ်ဦးက ဆရာကြီးဦးဘအေးဆီမှာ စီးပွားရေးအတွက် ဓာတ်ရိုက်ဓာတ်ဆင်လုပ်ပေးဖို့ သွားပြောကြတယ်။ ဆရာကြီး စိတ်ဆိုးသွားတယ်။ အရှုံးလားလို့ပြောပြီး မျက်နှာပဟိုဘက်လှည့်နေတယ်တဲ့။ ဒါနဲ့ တောင်းပန်ပြီး ပြန်ခဲ့ရတာပေ့ါဗျာ"

"အင်းလေ ... ဘိုးမင်းခေါင်တပည့်ဆိုတော့ ဘိုးမင်းခေါင်လို လာမှာပေ့ါလေ"

"ဆရာကြီး ဦးဘအေးက ဘိုးမင်းခေါင်လို အကုန်လုံးထပ်တူ လိုက်လုပ်တာတော့ မဟုတ်ဘူးဗျ။ ဘိုးမင်းခေါင်က ဘုရားဆုပန်ကြီးမဟုတ်လားဗျာ။ ဦးဘအေးက နောက်ပိုင်းမှာ ဝိပဿနာဘာဝနာဘက်ကို အတော်လေး လိုက်စားသွားတယ်ဗျ"

ဆရာဦးအေးကျော်က သူသိသမျှကို ပြောပြပြီးသောအခါ ဆရာကြီးဦးဘအေး၏ အခြားတပည့်များလည်းရှိသေးကြောင်း၊ အဆင်ပြေလျှင် ကျွန်တော်နှင့် မိတ်ဆက်ပေးမည့်အကြောင်း ပြောပါသည်။ ကျွန်တော်က ဆရာဦးအေးကျော်ကို ကျေးဇူးတင်စကား ပြောကြားလိုက်ပါသည်။

မပြောဖြစ်ဘဲ စိတ်ထဲက ဆက်တွေးနေမိသော ကိစ္စတစ်ခုလည်း ရှိနေပါသေးသည်။ ဘိုးမင်းခေါင်၏ ဓာတ်ရိုက်ဓာတ်ဆင်ပညာကို ဦးဘအေး ရလိုက်သကဲ့သို့ ဦးအေးကျော် ဆက်ခံရယူထားခြင်း ရှိမရှိအတွေးသည် အမေးဖြစ်မလာတော့ပါ။ သူ အမွေဆက်ခံထားသည်ဆိုလျှင်လည်း ပုဂ္ဂလိကကိစ္စတွေမှာ ဓာတ်ရိုက်ဓာတ်ဆင်လုပ်မပေးပါဟု သူ့ဆရာကြီးများ ခြေရာထပ်တူ လိုက်နင်းထားသူဖြစ်နေပါက မေးနေ၍လည်း ဘာအကြောင်း ထူးပါတော့မည်နည်း။

အောင်အေး(ရန်ကုန်တက္ကသိုလ်)

စာမူခွင့်ပြုချက်အမှတ် - ၄၀၁ /၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

# သိကြားမင်းဖန်ဆင်း နတ်ရေကန် နှင့် နတ်များဖန်ဆင်း နတ်ရေတွင်းအကြောင်း

ပထမံဝိဇ္ဇာအောင်



ရန်ကုန်မြို့ ပဟန်းမြို့နယ်၊ အနောက် ရွှေဂုံတိုင်ရပ်ကွက်၊ လင်းခ်လမ်းအတိုင်း ရွှေတိဂုံဘုရားဘက်သို့ သွားသောလမ်းတွင်ရှိသည့် ထူးခြားသော နတ်ရေတွင်း

ကျွန်ုပ်သည် လေးဆူဓာတ်ပုံရွှေတိဂုံ စေတီတော်မြတ်ဆီကို ကျွန်ုပ်ရဲ့အသက် (၁၈)နှစ်တည်းက ရွှေတိဂုံစေတီတော်ဆီကို အလုံပွိုင့်လမ်းမှနေပြီး သူငယ်ချင်းတစ်စုနဲ့ လမ်းလျှောက်သွားခဲ့ပါတယ်။ ထိုနှစ်က ၁၉၅၅ ခုနှစ် ဖြစ်ပါတယ်။ ရွှေတိဂုံဘုရားက အပြန်လည်း ခြေကျင်လျှောက်ပြီး ပြန်ခဲ့ပါတယ်။ အဲဒါ နေ့စဉ် အလုပ်တစ်ခုပါ။

အဲဒီအချိန်က ရွှေတိဂုံကုန်းပေါ်ရှိ ထူးခြားတဲ့ နေရာများကို မလေ့လာမိခဲ့ပါ။ ရွှေတိဂုံရဲ့ သမိုင်းကြောင်းကို စာပေနယ်ထဲမှာ တွေ့ရ သိရ ဖတ်ရှုပြန်တော့ ရွှေတိဂုံရဲ့ ကုန်းတော်ပေါ်မှာ ဟို. . . ရှေးယခင်ကတည်းက ရှေးရှေးသော ဆရာမြတ်များ စီမံထားတဲ့ ဂမ္ဘီရနှင့်ဆိုင်သော ပစ္စည်းများရှိကြောင်း သိရပါတော့တယ်။

ဒီနောက်တစ်ခါ သိင်္ဂုတ္တရကုန်း ဖြစ်ပေါ်လာပုံ ဒီနောက် သိင်္ဂုတ္တရကုန်းပေါ်မှာ ကင်းကြီးတစ်ကောင်ရှိကြောင်း အဲဒီကင်းကြီးဟာ ဆင်တွေကို သတ်စားပြီး အစွယ်တွေကို သူ့ရဲ့အသိုက် လုပ်ထားကြောင်း စသည်တို့ကို သိရတော့ အလွန်အံ့ဩမိရပါတယ်။


www.burmeseclassic.com

သိင်္ဂုတ္တရကုန်းဟာ ဟိမဝန္တာတောင်ရဲ့ အဆုံးမှာ တည်ရှိပါတယ်။ အဲဒါအပြင် ကိုးဆယ့်ကိုးကုန်းတောင်ရဲ့ အညွန့်အထိပ်မှာ တည်ရှိတဲ့အပြင် ရွှေကညင်ပင်ကြီးများလည်း ရှိတယ်လို့ ဆိုပါတယ်။ ဒါဟာ ကမ္ဘာဦးသမိုင်းရဲ့ အစပါပဲ။

ကုန်သည်ညီနောင်တို့ဟာ ဂေါတမမြတ်စွာဘုရားရှင် ပေးသနားတော်မူလိုက်သော ဆံတော် (၈)ဆူကို ပင့်ဆောင်လာကြပြီး ဥက္ကလာပမင်းကြီးအား ဆက်သလိုက်ကြပါတယ်။ ဂေါတမဘုရားရှင်ရဲ့ ဆံတော်များဟာ မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါခေါင်လပြည့်ကျော်(၅)ရက်၊ စနေနေ့မှာ ဗိုလ်တထောင်ဆိပ်ကမ်းကို ရောက်တယ်လို့ ဆိုပါတယ်။

ဥက္ကလာမင်းကြီးဟာ မိမိပူဇော်ခွင့်ရရှိတဲ့ ဆံတော်များကို မည်သည့်အရပ်မှာ ထားရှိ ကိုးကွယ်ရမည်ကို ဖခင်ဖြစ်တဲ့ သိကြားမင်းကို မေးပါတယ်။ သိကြားမင်းကလည်း မိမိ မသိတာကြောင့် ကမ္ဘာစောင့်နတ်မင်းကြီး (၅)ပါးကို ပင့်ဖိတ်ပြီး မေးရပါတယ်။ အဲဒီမှာပဲ အမြိတ္တ ရုက္ခဒေဝနတ် (ယခုမှော်ဘီနတ်မင်းကြီး) မင်းကြီးက ပြောပြပါတယ်။ သိင်္ဂုတ္တရ တောင်ထိပ်မှာရှိတဲ့ ကညင် ပင်ကြီးအောက်မှာ ကကုသန်ဘုရားက မိမိကို ပေး သနားသော တောင်ဝှေးကို မြှုပ်နှံထားကြောင်း ဒီနောက် ဝေဠုသုမနရုက္ခဒေဝနတ်က မိမိကို ကောဏာဂုံဘုရား က ချီးမြှင့်ပေးအပ်တဲ့ ဓမ္မကရိုဏ်း ရေစစ်တော် သိင်္ဂုတ္တရကုန်းပေါ်ရှိ ကညင်ပင်အောက်၌ မြှုပ်ထား တယ်လို့ ပြောပါတယ်။ အဲဒီနောက် ဥဒုမ္ဗရ ရုက္ခဒေ နတ်က မိမိကို ကဿပ ဘုရားရှင် ချီးမြှောက်ပေးသနား တဲ့ ရေသနုပ်သင်္ကန်းတော်ကို သိင်္ဂုတ္တရကုန်းရှိ ကညင် ပင်အောက်မှာ မြှုပ်ထားကြောင်း ပြောပါတယ်။ အဲ နောက်မှာ ခေမသွယ် ရုက္ခဒေဝနတ်နဲ့ သော်က ရုက္ ဒေဝနတ်တို့ကလည်း အခုဂေါတမဘုရားရှင်ရဲ့ လ ထက်မှ အရိမေတ္တယျဘုရားပွင့်တဲ့အထိ သာသနာတော် ကို စောင့်ရှောက်ပါမယ်လို့ အသီးသီးပြောဆိုကြပါတယ်

အဲဒီနတ်မင်းကြီးငါးပါးနှင့် သိကြားမင်း၊ ဗြဟ္ မင်း၊ ဥက္ကလာပမင်းတို့ တိုင်ပင်စုဝေး စစ်ဆေးပြော ကြတဲ့ နေရာကို စုဝေးကုန်း (ယခု ဆူးလေကုန်း) ခေါ်ခဲ့ပါတယ်။



ရန်ကုန်မြို့ ပဟန်းမြို့နယ်၊ အနောက် ရွှေဂုံတိုင်ရပ်ကွက်၊ လင့်ခ်လမ်းအတိုင်း ရွှေတိဂုံဘုရားဘက်သို့ သွားသောလမ်းတွင်ရှိသည့် ထူးခြားသော နတ်ရေတွင်း (ယခုအခါ ထိုနတ်ရေတွင်းကို မြင်မည်သူ မရှိသည့်အတွက် ပျောက်ကွယ်နေပါသည်)

www.burmeseclassic.com

နတ်မင်းကြီးငါးပါးလုံးကပဲ ရွှေဘုရားသုံးဆူ တို့ရဲ့ တောင်ဝေးတော်၊ ရေစစ်တော်၊ ရေသနုပ်သက်န်း တော်တို့ ကိန်းဝပ်ရာ သိဂုံတ္တရကုန်းတော်ကိုပဲ အညီ အညွတ် ညွှန်ကြား တာကြောင့် အသိတဥမြို့ရဲ့ အရှေ့ ဘက်မျက်နှာ တောင်ကုန်း (၉၉)ကုန်း ရံထားသော သိင်္ဂုတ္တရကုန်းတော်ကို တွေ့မြင်ကြပါ့တယ်။ အဲဒီအခါ မှာ ဥက္ကလာပမင်း၊ သိကြားမင်း၊ ကုန်သည်ညီနောင် သူတော်စင်လေးဦးတို့က အညီအညွတ် တိုင်ပင်ပြီး ဘုရားရှင်သုံးဆူရဲ့ မွေတော်များ ဌာပနာရန် ဥမင် အဆောက်အဝ အလျား (၄၄)တောင်စီ တူးကြပါတယ်။

အဲဒီအခါမှာ တွင်းတူးကြတဲ့ သူများဟာ သွေး နှန်တဲ့ရောဂါဖြစ်ကြပြီး မူးမိုက်တွေဝေ ပြိုလဲသွားကြပါ တယ်။ အဲဒီအခါမှာ သိကြားမင်းကသိပြီး နတ်တို့ရဲ့ တန်ခိုးသိဒ္ဓိနဲ့ နတ်ရေကန် ဖန်ဆင်းပြီး အဲဒီရေကန်ထဲ မှာ ဒေဝပြိထ နတ်ရေစင်ဆေးကို ခတ်ပေးခဲ့ပါတယ်။ အဲဒီရေကိုသောက်ခြင်း၊ ရှုခြင်း၊ မျက်နှာသစ်ခြင်း သည်တို့ကို ပြုလုပ်စေပါတယ်။ အဲဒီအခါမှာ (၉၆)ပါး သော ရောဂါတို့ ပျောက်ကင်းကြပါတယ်။

ဒီရေကန်ကို သိကြားမင်းက သွေးရောဂါ ကြောင့်ဖြစ်တဲ့လူများအတွက် ခပ်တဲ့ နတ်ရေကန်ဖြစ်လို့ သွေးဆေးကန်ရယ်လို့ ခေါ်တွင်ခဲ့ပါတယ်။

(မှတ်ချက် - ရွှေတိဂုံစေတီတော်၏ မြောက် ဘက်စောင်းတန်းထိပ်၊ ညာဘက်မှာ အဲဒီကန် ရှိပါ တယ်။ အဲဒီကန်ကို တစ်ချိန်က ဗိုလ်ချုပ်ကြီးဦးခင်ညွှန့်က မွမ်းမံလည်ပြုပြင်ထားကြောင်း တွေ့ရှိရ၏။)

## ထူးဆန်းသောနတ်ရေတွင်း

ရွှေတိဂုံဘုရားဘက်သို့ သွားသော လူသွား လမ်းတစ်ခုကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက် ရွှေဂုံတိုင်ရပ်ကွက်၊ လင့်ခ်လမ်းထိပ်ရှိ ကုန်းပေါ်တွင် တွေ့နိုင်၏။

လူအသွားအလာ နည်းသောလမ်း ဖြစ်ပါ သည်။ လင့်ခ်လမ်းအတိုင်း ရွှေတိဂုံဘုရားဘက်သို့ အဆိုပါ လမ်းမှ ရှေ့ဆက်လျှောက်သွားလျှင် ကုန်းအတက်နား၌ သောက်ရေအိုးစင် တစ်ခုကို မြင်ရမည်။ ထိုရေအိုးစင် အနီးတွင် ရှေးဟောင်းရေတွင်းကို တွေ့မြင်နိုင်မည်ဖြစ် ပြီး ရေတွင်းနံဘေး၌ မထင်မရှား ရေးထားသောစာမှာ နတ်ရေတွင်းဟု ဆိုသည်။

တပေါင်းလတွင် ရေများခမ်းခြောက်နေသည် ကို တွေ့ရ၏။ သို့သော် ရေပြည့်သောအချိန်တွင် ရေတွင်းထဲရှိ ရေဟာ တစ်ခြမ်းကချိုပြီး၊ တစ်ခြမ်းက ချဉ်တယ်ဟု ဆိုသည်။ ဒီရေတွင်းကို အင်္ဂရိတ်သမားတွေ ရှာဖွေနေတဲ့ ဗျည်းသရ နတ်ရေတွင်းလို့ အဆိုရှိခဲ့တယ်။ ရေချိုနဲ့ ရေချဉ်ဟာ ရောမသွားဘူးလို့လည်း ဆိုတယ် ရေချိုဘက်ကို ဗျည်းလို့ခေါ်ပြီး၊ ရေချဉ်ဘက်ကို သရလို့ ခေါ်တယ်။ ရှေးစာဆိုအရ ဗျည်းသရကျေမှ ဓာတ်သေ တယ်လို့ အင်္ဂရိတ်သမားတွေက ဆိုပြန်တယ်။

နတ်ရေတွင်းအကြောင်းကို ရေတွင်းနှင့် မလှမ်း မကမ်းရှိ ဗေဒင်ဝိဇ္ဇာရဲ့ ပြောပြချက်ကို ကိုးကား၍ ပြန် လည်တင်ပြအပ်ပါသည်။

ကျွန်ုပ်၏ ယူဆချက်မှာ ၄င်းရေတွင်းသည် နတ်များဖန်ဆင်းသလားဟူ၍ ထင်မိပါသည်။

---

ပထမံဝိဇ္ဇာအောင်

---




www.burmeseclassic.com

www.burmeseclassic.com

# ဇော်ဂျီ

ဓာတ်ပုံမောင်မောင်အေး



ကျွန်တော်သည် ဇော်ဂျီဆိုသည့် ပုဂ္ဂိုလ်များကို ငယ်စဉ်ကတည်းကပင် စိတ်ဝင်စားခဲ့ဖူးပါသည်။ စိတ်ဝင်စားရသောအကြောင်းကလည်း လူအတော်များများ ပါးစပ်စကားကြားဖူးကြသော ဇော်ဂျီတို့သည် လိုတရစေသော ဆေးတောင်ဝှေး (ဝါ) ဇော်ဂျီတောင်ဝှေး ကိုင်ထားသူများ ဖြစ်ကြလေရာ ဟိမဝန္တာတောရှိ သူယောင်ပင်များသို့သွားကာ သူယောင်သီးများအား ဇော်ဂျီတောင်ဝှေးတန်ခိုးဖြင့် အသက်သွင်းကာ ပျော်ပါးကြသည်ဟု ဆိုသောကြောင့် လူပျိုယောက်ျားလေးဖြစ်သော ကျွန်တော်သည် စိတ်ဝင်စားရခြင်း ဖြစ်ပါသည်ဟု ပွင့်လင်းစွာ ဝန်ခံလိုပါသည်။ သူယောင်သီးဆိုသည်ကလည်း ၁၆ နှစ်အရွယ် မိန်းကလေးတစ်ဦး၏ ပမာဏမျှရှိကာ မိန်းကလေးတို့တွင် ရှိအပ်သော အင်္ဂါရပ်အားလုံး ပါရှိသည်ဆို၏။ ထိုသူ၈ ဟင်းသီးများ ဇော်ဂျီတောင်ဝှေးအစွမ်းဖြင့် သက်ရှိသူယောင်မယ်လေးဖြစ်လာပြီဆိုတော့ ကျွန်တော် အဘယ်မှာလျှင် အမောင်ဇော်ဂျီတို့ကို စိတ်မဝင်စားဘဲ ရှိပါမည်နည်း။

အသက်ကလေးရလာတော့ စာတိုပေစလေးများ လေ့လာရေးသားရင်း ဇော်ဂျီတို့အကြောင်း ရှာဖွေမိရာ ဇော်ဂျီဟူသည် ပါဠိသက္ကတနွယ် ဟိန္ဒီစကား ဇောဂီ(ယောဂီ)မှ ဆင်းသက်လာပုံရသည်။ ဓမ္မပါလပျို့တွင် "ဖြဟ္မာနွယ်ရိုး၊ ဇော်ဂီမျိုးတို့"ဟူ၍လည်းကောင်း၊ သံဝရပျို့တွင် "ရပ်ရှစ်ပါးမှ၊ ပုဏ္ဏားဇော်ဂီ၊ မှီခိုရှေးက"ဟူ၍လည်းကောင်း၊ ရွှေဟသာမင်းပျို့တွင် "ပုဏ္ဏားဇော်ဂီ၊ တပသီနိုက်"ဟူ၍လည်းကောင်း၊ စပ်ဆိုထားသည်ကို ထော ်က်ာသ် ရှင်သီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်တေဇောသာရတို့၏အလိုမှာ ဇော်ဂီသည် ပုဏ္ဏား ဖြဟ္မ ဏ ဂိုဏ်းဝင် ဖြစ်ပေသည်။

ထိုအရှင်တို့၏ ပျို့ပေါင်းများအရ ဇော်ဂီတို့သည် အလျှုခံတစ်ကျိပ်လေးတွင် ပါဝင်ကြ၍ ရပ်ကြီး၊ ပြည်မတို့တွင် ရဟန်း၊ ပုဏ္ဏားတို့နည်းတူ မှီတင်းနေထိုင်ကြောင်းကို သိရသည်။

ဓမ္မပါလပျို့၌လည်း "ဘိက္ခုသင်္ဃာ၊ အရိယာနှင့် ဆရာပုဏ္ဏား၊ ဇော်ဂီအားလည်း၊ စွန့်စားလှူဒါန်း၊ မိုးသို့ရွာ၏"ဟု ရှင်သီလဝံသ၏ တပည့်များက ဖွဲ့ဆိုထားခဲ့ခြင်း ဖြစ်သည်။

ဆုတောင်းခန်းပျို့လာ စကားတို့အရ ဇော်ဂီတို့သည် ဗေဒင်ပော လက္ခဏာဖတ်နှင့် မြေကြန်အငင်း နေသွား၊ လသွား၊ နေကြတ်၊ လကြတ်၊ ဂြိုဟ်နေ၊ ဂြိုဟ်ရပ်၊ အတိတ်

www.burmeseclassic.com

နိမိတ်၊ တဘောင်စနည်းတို့ကို ပည်း လေ့လာကျွမ်းကျင်ကြသည်။ သုဝဏ္ဏသျှံသစ္စာခန်းပျို့တွင် "သဏ္ဍာန်ရွှေယော်၊ ရှင်လုကျော်ကို၊ သက်တော်ဝင်ကြောင်း၊ နတ်များပေါင်း၍၊ [illegible]တ်ကောင်းတည်၊ ဖော်ကျီအတတ်၊ နတ်မွေရာ၊ နတ်ဆေးဝါးဖြင့်၊ ယောက်ျားအိပ်ပျော်၊ နိုးဘိသော်သို့၊ နုသော်ပြင်းမှန်၊ တန်ခိုးထန်ဘိ"ဟု စပ်ဆိုထားချက်အရ ဖော်ကျီတို့သည် အသက်သွင်းသော အတတ်ကိုလည်း တတ်သည်ဟု ဆိုရမည်။

ဖော်ကျီတို့၏ အဆင်းသဏ္ဍာန်မှာ ခန်းချီ၊ ပန်းပုလက်ရာနှင့် ဇာတ်ရုပ်သေးတို့တွင် တွေ့မြင်ရသော ပုံအတိုင်းဟု မှတ်ယူရန်ရှိပေသည်။ ထိုအဆင်းသဏ္ဍာန်၏ မူမှန်ပုံကိုလည်း ဖော်ကျီဦးထုပ်ပင်၊ ဖော်ကျီမုတ်ဆိတ်ပင်၊ ဖော်ကျီတောင်ဝှေးပင်၊ ဖော်ကျီရောင် ဖော်ကျီသွေးဆိုသောဝေါဟာရတို့က ထောက်ခံထားကြပေသည်။

ဖော်ကျီတောင်ဝှေးနှင့် ပတ်သက်၍ ဆုတောင်းခန်းပျို့တွင် "တရိသူလီ၊ ဖော်ဂီပုဏ္ဏား၊ သုံးစွဲထားသား၊ သစ်သားသုံးခွ၊ တိဒဏ္ဍနှင့်"ဟု စပ်သည်တို့ ထောက်သော် တစ်ခါတစ်ရံ ဖော်ဂီတို့သည် တရိသူလီခေါ် အသွားသုံးခွပါ လှံတံကိုလည်း ကိုင်တတ်ကြောင်း သိရသည်။ "တပသီတို့မှာ ဖော်ဂီအဝင်ဖြစ်သည်။ မိမိတို့စွဲသော တိဒဏ္ဍသစ်ကို ရေဖြင့်စိမ်၍ သစ္စာမူစေ"ဟူသော မနုကျယ် ဓမ္မသတ်လာ စကားတို့ ထောက်၍လည်း သိရသည်။

နှောင်းစာတို့တွင် ဖော်ကျီကို ဝိဇ္ဇာဓိုရ်နှင့်မကွဲမပြား ရေးကြလေသည်။ ဦးဘုလားရာဇဝင်တွင် သထုံပြည်၌ သူရဲကောင်းကုလားညီနောင်တို့ ဖုတ်ကင်စားသည်မှာ "ဝိဇ္ဇာဓိုရ် ဖော်ကျီကောင်"ဟု ဆိုသည်။ ဖော်ကျီသည် ယောရမည်သော မန္တန်၊ ဂန္ဓာရီမည်သော မန္တန်၊ ထိုနှင့်လျော်သော ဂုဠိကာမည်သော ဆေး။ ဤမန္တန်ဆေး နှစ်ပါးစုံတတ်မှ ဝိဇ္ဇာဓိုရ်အဖြစ် ပြီးမြောက်ခြင်းသို့ ရောက်သည်။ ဝိဇ္ဇာဓိုရ်ဖြစ်လျှင် များစွာသော တန်ခိုးဖန်ဆင်းခြင်းကို ဖြစ်စေအပ်၏။ ဤသို့ဆိုလျှင် ဖော်ကျီသည် ဝိဇ္ဇာဓိုရ် မဟုတ်သလို၊ ဝိဇ္ဇာဓိုရ်လည်း ဖော်ကျီမဟုတ်နိုင်ပေ။

သမန္တစက္ခု ဒီပနီကျမ်းတွင် ဝိဇ္ဇာဓိုရ်၊ ဖော်ကျီတို့သတ္တိကို ဖော်ပြထားပုံမှာ ... ဝိဇ္ဇာဓိုရ်ဖြစ်လျှင် များစွာသော တန်ခိုးကို ဖန်ဆင်းခြင်း ဖြစ်စေအပ်၏။ တစ်ယောက်တည်းလျက်လည်း များစွာသော ကိုယ်ဖြစ်စေနိုင်၏။ အများဖြစ်လျက်လည်း တစ်ယောက်တည်း ဖြစ်စေနိုင်၏။ ထင်ရှားသောကိုယ်အဖြစ်လည်းကောင်း၊ ကွယ်ပျောက်သောကိုယ်ကိုယ် အဖြစ်လည်းကောင်း၊ တိုက်ခြားအရပ်သို့လည်းကောင်း၊ တံတိုင်းခြား အရပ်သို့လည်းကောင်း၊ တောင်ခြားဆီးရာ အရပ်သို့လည်းကောင်း၊ ကောင်းကင်ပြင်ကဲ့သို့ ငြိလျှောက်သွားနိုင်၏။ မြေပြင်တွင် ရေကဲ့သို့ ရှတ်ခြည်းပေါ်ခြင်း ပြုနိုင်၏။ ရေ၌သော်လည်းကောင်း မြေအပြင်ကဲ့သို့ သွားနိုင်၏။ ကောင်းကင်ပြင်၌လည်း ထက်ဝယ်ပလ္လင်ဖြင့် အတောင်ရှိသော ငှက်ကဲ့သို့ ပျံနိုင်၏။ တန်ခိုးအာနုဘော်ကြီးမားသော လငန်းကိုလည်းကောင်း၊ နေဝန်းကိုလည်းကောင်း လက်ဖြင့်သုံးသပ်နိုင်၏။ ဗြဟ္မာပြည်တိုင်အောင်သော်လည်း ကိုယ်ဖြင့်အလိုသို့ ပါစေနိုင်၏။

မြန်မာရာဇဝင်၌ သရေခေတ္တရာပြည် ဒွတ္တပေါင်မင်းကြီးထံ ဝိဇ္ဇာဓိုရ်နှစ်ယောက် ခစားဖူးကြောင်း၊ သထုံပြည်တွင် ဝိဇ္ဇာဓိုရ်အသေကောင်ကို ဆရာတော်မှ ရခဲ့ဖူးကြောင်း၊ ရခိုင်ပြည် တောင်တန်းကြီးတစ်ခုတွင် ဝိဇ္ဇာဓိုရ်တစ်ဦးသည် ရေဘူးကို မြစ်သို့အလိုလိုသွားစေ၍ ရေယူစေကြောင်း၊ အင်းဝဘုရင် တရဖျားသည် ဝိဇ္ဇာဓိုရ်ကို မြင်ဖူးကြောင်း၊ ဘုရင့်နောင်မင်းတရားကြီးလက်ထက် ဟံသာဝတီတွင် ကျုံးတူးရာ မြေထဲ၌အောင်းနေသော ဝိဇ္ဇာဓိုရ်ကို တွေ့ရဖူးကြောင်းတို့မှာ ထင်ရှားသော သာဓကများ ဖြစ်ကြပေသည်။

ကုန်းဘောင်ခေတ် ပြဇာတ်ဆရာ ဦးကြင်ဥက "ငါဖေကျီသနစ်ကို၊ ငှိကာဖြစ် လောင်းတော့မည်၊ သက်ပြောင်း၊ သက်ခွာ၊ ဂါထာမန္တန်၊ မှော်ပြန်စုန်းနတ်၊ ဆယ့်နှစ်ရပ်ကို၊ ပတ်ပတ်နှောက်မွှေ၊ အရှင့်ဘုန်းနှင့်၊ ထုံးလိုခြေ၊ ကဝေသာရ၊ လက္ခဏာဒီပ၊ ဘေသဇ္ဇပါရဂူ၊ သရဖူပိဋကော၊ ဥဏှာနှင့် တေဇော၊ ဝါယောဓာတု၊ ဓာတ်ဆေးကုမှာလည်း၊ သူ့ထက်ဆယ်ဆ၊ ကျုံးလို့ပဲ ကျေား။ သုတလောဟာ၊ ဘင်နာခဲချိုး၊ သံသေထိုးလည်း၊ တန်ခိုးစွမ်းအင်၊ စိန်သေနတ် အမြောက်နှင့်၊ လေးသစ်ပေါက်အဝင်၊ အရှင့်သိရဲစာမြီ၊ ငါနန်းပေါက်ဖော်ကျီ" စသည်ဖြင့် ရေးခဲ့သည်။

ရုပ်သေးစင်တွင် ဖော်ကျီထွက်ရိုးရှိသည်။ ထွက်လာသောအခါ "လွှမ်းလေးစေရ၊ ဟိုမြို့လယ်မှာ၊ သည်မြို့လယ်မှာ၊ စပယ်လေးကို ထား[illegible]ခဲ့တယ်၊ ဒေါနတသင်း ဖော်ဆိုဖော်ချင်း၊



www.burmeseclassic.com

www.burmeseclassic.com

ဖော်ချင်းမို့ ကြောက်ဖက်ထွာ၊ ဖော်တကာတွင် ခေါင်ကချုပ်တယ်၊ ကိုတကာတွင် ခေါင်ကချုပ်တယ်၊ ဂိုဏ်းအုပ်မည့်လာ။

"ဖော်ရောင် ကျီရောင်၊ ဆေးကြိတ်တဲ့တောင်၊ ကိုင်ဆောင်တောင်ဝေ့၊ လိုလိုရာသွေး နှဆေး၊ ဆေးကြိတ်တဲ့တောင်"ဟု ဆိုင်းက ဆိုတီးပေး၍ ကရသည်။ ထို့နောက် ဆေးကြိတ်သည်။ ဆေးအောင်၍ လေးခင်းဆိုင်းနှင့် ကသည်။ ထို့နောက် ထွက်ရပ်ပေါက်သွားပြီး လက်တန်းခုန်ကျော်ကာ ဝင်လေတော့သည်။

ဤတွင် ဇော်ဂျီတို့သည် "ယောရမည် သောမန္တန်၊ ဂန္ဓာရီမည်သော မန္တန်၊ ထိုနှင့်လျော်သော ဂုဠိကာမည်သောဆေး၊ ဤဆေးနှစ်ပါးစုံတတ်မှ ဝိဇ္ဇာဓိုရ်ဖြစ်ပုံ (ဝါ) ဝိဇ္ဇာဓိုရ်ဖြစ်ရန် ဖိုဝင်ပုံအား ကျွန်တော့်အမေ ပြောပြသည့် ပုံပြင်လေးနှင့် ပတ်သက်နေသောကြောင့် ဆက်လက်တင်ပြပါဦးမည်။

တစ်ခါက ဇော်ဂျီတစ်ဦးသည် ယောရမန္တန်၊ ဂန္ဓာရီမန္တန် ပြည့်စုံပြီးနောက် ဂုဠိကာဆေးဖြင့် ဖိုဝင်ရန်သာ ကျန်တော့သည် ဖြစ်ရကား၊ ဖိုဝင်ရန်အတွက် သဘောဖြူအူစင်းသော တပည့်တစ်ဦးသာလိုတော့၏။ သဘောဖြူအူစင်းဆိုသည်မှာ စိတ်ထားမှန်ကန်၍ မည်သည့်အကြောင်းကြောင့်မျှ စိတ်ထားမပြောင်းလဲသော သူ ဖြစ်ရမည်။ ထိုသူမျိုးမှာ ရှားလှပေသည်။ နောက်ဆုံးတွင် တပည့်တစ်ယောက်ကို ရခဲ့ပါသည်။ အူစင်းဟု ဆိုသော်လည်း စင်းလုံးချောမရ၍ အူတွင်မှဲ့တစ်ပေါက် ရှိနေသူကိုသာ ခေါ်ခဲ့ရ၏။

ဝိဇ္ဇာဓိုရ်ဘဝသို့ ရောက်ရှိရန် ဖိုဝင်ရမည်မှာ ဤသို့တည်း ပျဉ်းကတိုးသား၊ ပိတောက်သား၊ သနွှင်သားဆိုသော သစ်မာသုံးမျိုး ရောထားသော ထင်းများကို ကြီးစွာသော မီးဖိုကြီးအတွင်း မီးခဲများ ရဲရဲတောက်ပနေသည်အထိ ထည့်ပေးရသည်။ မီးခဲများရဲ၍ အပူရှိန် အမြင့်ဆုံးသို့ရောက်ပါက ဖိုဝင်ရမည့် ဇော်ဂျီ (ဝါ) ဝိဇ္ဇာဓိုရ်ရဲလောင်းသည် မန္တန်များရွတ်ဆို ထုံမွှမ်းပြီးနောက် သဘောဖြူအူစင်း တပည့်အား ဂုဠိကာဆေးသုံးလုံး ပေးအပ်ညွှန်ကြားပြီးနောက် မီးပုံကြီးအတွင်း ခုန်ဆင်းလိုက်ရသည်။

ရဲရဲတောက်နေသည့် မီးကျီးခဲများသည်လည်း ဝါဂွမ်းကို မီးလောင်လိုက်သလို တစ်ခဏချင်း ဇော်ဂျီအား ပြာဘဝသို့ရောက်သွားစေသည်။ ထိုသည်နှင့်အတူ မည်းမှောင်သော မီးခိုးလုံးကြီးပါ ပေါ်ထွက်လာပါမည်။ မီးခိုးလုံးကြီး ပေါ်ထွက်လာလျှင် ဂုဠိကာအမှတ်(၁)ဆေးတစ်လုံးဖြင့် တပည့်က ပစ်ပေါက်လိုက်ရမည်။ ထိုအခါ ပြာလဲ့သော အဆင်းရှိသည့် မီးလျှံထလာမည်။ ထိုပြာလဲ့သော မီးလျှံထဲသို့ အမှတ်(၂) ဂုဠိကာဆေးလုံး ပစ်လိုက်ရမည်။ အမှတ်(၂)ဆေးကြောင့် ပြာလဲ့သည့်မီးလျှံများ ရွှေရောင်ဝင်းဝါလာကာ ရွှေတုံးရွှေခဲကြီးဘဝ ပြောင်းသွားမည်။ ထိုအချိန်တွင် သဘောဖြူအူစင်းတပည့်သည် အလွန်အရေးကြီးသော အဆင့်ဖြစ်ပေပြီ။ ရွှေတုံးကြီးအား ဂုဠိကာ အမှတ်(၃)ဆေးလုံးဖြင့် ပစ်ရတော့မည့် အချိန်ပင်ဖြစ်ပေသည်။ အကယ်၍ ထိုအချိန်တွင် စိတ်ထားပြောင်းသွားကာ ဆေးလုံးအမှတ်(၃)ကို မပစ်တော့ပါက ဝိဇ္ဇာဓိုရ်ဘဝသို့မရောက်တော့ရုံသာမက ဇော်ဂျီလည်း ပြန်မဖြစ်နိုင်တော့ပေ။ အမှတ်(၃) ဆေးလုံးပစ်လိုက်လျှင် ရွှေတုံးကြီးမှ မီးခိုးဖြူများထလာ၍ ၁၆ နှစ်သားအရွယ် ဘဝအသွင်ဖြင့် ဝိဇ္ဇာဓိုရ်ဘဝရောက်ရှိကာ ထွက်ရပ်ပေါက်သွားမည် ဖြစ်၏။

ထိုဇော်ဂျီ မီးပုံအတွင်း ခုန်ဆင်းပြီးနောက် ညွှန်ကြားချက်အတိုင်း အမှတ်(၁)၊ အမှတ်(၂) ဆေးလုံးများ အဆင့်ဆင့်ပစ်ခဲ့ရာ ဝင်းဝင်းတောက်နေသော ရွှေတုံးကြီးအသွင် ရောက်ရှိတွေ့မြင်ရချိန်တွင် မှဲ့တစ်ပေါက်ပါသော တပည့်သည် တွေဝေသွားကာ ဤသို့ ... "ငါ အမှတ်(၃)ဆေးကို ဆက်ပစ်လျှင် ဤရွှေတုံးက ဝိဇ္ဇာဓိုရ်ဖြစ်ပြီး ထွက်ရပ်ပေါက်သွားလျှင် ငါ့ကို မစချင်မှ မစပေလိမ့်မည်။ ဆေးလုံးဆက်မပေါက်ဘဲထားလျှင် ဤရွှေတုံးဖြင့် ငါသူဌေးဖြစ်မည်"ဟု စဉ်းစားကာ အမှတ်(၃)ဆေးကို မပေါက်တော့ဘဲ ရွှေတုံးကြီးယူကာ အိမ်ပြန်ခဲ့သည်။

အိမ်ရောက်မှ မှတ်ကျောက်တိုက်ကြည့်ရာ ရွှေလည်းမဟုတ်၊ ကြေးလည်းမဟုတ်သော အရာကြီး ဖြစ်နေသဖြင့် စိတ်ပျက်ကာ ခြံထောင့်မှ မန်ကျည်းပင်ခွဆုံတွင် တင်ထားလိုက်တော့၏။ ဇော်ဂျီလည်း ဘဝပျက်ဖြင့်နေရ၏။ နှစ်ပေါင်းအတော်ကြာမှ ကောင်းကင်ခရီးဖြင့်လာသော ဝိဇ္ဇာဓိုရ်တစ်ပါးက မြင်တွေ့သွားကာ ဂုဠိကာ အမှတ်(၃)ဆေးလုံးဖြင့် ပစ်ပေါက်ပေးမှ ဝိဇ္ဇာဓိုရ်ဘဝသို့ ရောက်ရှာပါသတဲ့။

ကျွန်တော့်အမေ ပြောပြဖူးတဲ့ ဇော်ဂျီဝိဇ္ဇာဓိုရ် ပုံပြင်လေးဖြစ်ပါသည်။

ခတ်ပုံမောင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြည်တစ်လွှား အဘအောင်မင်းခေါင် တည်ထားကိုးကွယ်ခဲ့သော ဘုရားစေတီများ

ဂမ္ဘီရဆရာလှမျိုး(B.Sc)



စာရေးသူသည် လွန်ခဲ့သော ၁၀ နှစ်ကျော် ကာလမှစ၍ ဂမ္ဘီရပညာကို လေ့လာလိုက်စားပြီး ဝိဇ္ဇာပညာရပ်နှင့် ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်များအကြောင်းကိုလည်း လေ့လာခဲ့ပါသည်။ အထူးသဖြင့် ဝိဇ္ဇာဓိုရ်အောင်မင်းခေါင်(ခေါ်)အဘဘိုးမင်းခေါင်၏ သာသနာပြုခရီးနှင့် ဘဝမှတ်တမ်းများကို လေ့လာခဲ့ပါသည်။ အဘအောင်မင်းခေါင်အား ပထမံဘိုးဘိုးအောင်က "အောင်" တစ်လုံး ပေးလိုက်၍ အောင်မင်းခေါင်ဘွဲ့အမည် တွင်လာပြီး "ငါက ဒီဘက်ကမ်းမှာ သာသနာပြုမယ်၊ မင်းက ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းမှာ သာသနာပြုပေါ့ကွာ" ဟု ဘိုးဘိုးအောင်က လမ်းညွှန်ပေးခဲ့သည်ဟု သိရသည်။

တစ်နေ့တွင် ရော ပြန်မဂ္ဂဇင်းတိုက်မှ ဆရာသန့်နှင့် အဘစာအုပ်အကြောင်းတွေ စကားစပ်မိရင်း ပြောဆိုကြရာမှ ဆရာသန့်က "အဘဘိုးမင်းခေါင် တည်ထားခဲ့တဲ့ ဘုရားစေတီတွေ စုပြီးရေးကွာ" ဟု အကြံပေးသည်။ ကျွန်ုပ်၌ အဘနှင့် ပတ်သက်သောစာအုပ် ၁၄ အုပ်၊ ၁၅ အုပ်ခန့် ရှိသော်လည်း ထိုစာအုပ်များတွင် အဘအောင်မင်းခေါင် အတ္ထုပ္ပတ္တိပုံစံ၊ ပုပ္ပားတောင်ကလပ်မှာ သာသနာပြုပုံ၊ အတိတ်တဘောင် ကဗျာလင်္ကာတွေသာ များနေပါသည်။ အဘ တည်ထားသော ဘုရားစေတီများ ရေးသားပြုစုထားသောစာအုပ်ဟူ၍ မတွေ့ရပါ။ ပင်ဆင့်စကား ကြားနာပြီး ရေးကြတာ များပါသည်။ လက်တွေ့



www.burmeseclassic.com

www.burmeseclassic.com

သိမ်းသူနှင့် ဆက်သွယ်မေးမြန်းရေးတာ ရှားသည်။ တိုင်းသူပြည်သားများ ကပ်ဆိုးကြီးသုံးပါးမှ လွတ်ဝေးစေရန် သံပုံစေတီများတည်စေခြင်း ဘိုးတော်အောင်မင်းခေါင်နှင့် ယက္ကန်းစင်တောင်ဆရာတော်ကြီးများ ဦးစီးသော ဝိဇ္ဇာဓိုရ်အဖွဲ့ကြီးဖြင့် ကိုးတောင်ပြည့် သံပုံစေတီများကို အမြို့မြို့ရွာဒေသများတွင် တည်ထားကိုးကွယ်ထားခဲ့ကြပါသည်။

ကပ်သုံးပါးမှကင်းအောင် ကယ်မည့်ဘုရား

(၁) ဘုရားကလေးငယ်ငယ်၊ ကိုးတောင်ပြည့်တယ်။

(၂) ငယ်သာငယ်၊ တကယ်၊ ကယ်ဆယ်မယ့်ဘုရား။

(၃) ဓာတ်ကောလီသုံးဆယ်ကူးအောင်ကွယ်၊ ဖူးကြအများ။

ဤသို့လျှင် ဘိုးတော်အောင်မင်းခေါင်သည် တိုင်းသူပြည်သားများ ကပ်ကြီးသုံးပါးမှ ကျော်နင်းနိုင်ရန် ရာပေါင်းများစွာသော စေတီများကို တည်ထားကိုးကွယ်စေခြင်း။ အဘဘိုးမင်းခေါင်သည် ကိုးတောင်ပြည့်စေတီများ မြန်မာပြည်အနှံ့အပြားတွင် စေတီပေါင်း ၁၅၀ နီးပါး တည်ထားခဲ့ပါသည်။ ထိုစေတီများမှာ အချို့လည်း ထင်ရှားလာပြီး အချို့စေတီတွေလည်း ပျက်ကုန်တာရှိသည်။ ထင်ရှားသော စေတီများကိုလည်း ဖော်ပြပေးပါမည်။

အဘဘိုးမင်းခေါင်သည် ကချင်ပြည်နယ်သို့ ၁၂၈၀ မှ ၁၃၀၀ ပြည့်နှစ်ထိ အနှစ် ၂၀ မျှ နေထိုင်သွားသည်။ မိုးညှင်းမြို့ နမ္မား၊ ခရဲချောင်းရွာ၊ ကသာ စသည့်ဒေသတို့တွင် ဘုရားတည်သည်။ ခရဲချောင်းရွာနှင့် ခရဲချောင်းဘုန်းကြီးကျောင်းအကြား ရထားလမ်းဘေးရှိ ပုဂံ ဖူးဘုရားပုံစံ ဉာဏ်တော် ၉ တောင် စေတီကို တည်ပြီး ဒုတိယအကြိမ် မြို့ပြင်မွမ်းမံကာ ရွှေသင်္ကန်း ကပ်လှူသည်။

ဘိုးမင်းခေါင် ကမ္ဘာ့မဟူရိုင်စေတီတည်

ဘိုးမင်းခေါင်သည် ၁၂၉၉ ခုနှစ်တွင် ကသာသို့ တစ်ခေါက် ပြန်ရောက်လာသည်။ ကသာမြို့အနီးတွင် စိန်စေတီရှိသည်။ ထိုစေတီအနီးတွင် ကမ္ဘာ့မဟူရိုင်ဘွဲ့တော်ဖြင့် စေတီတစ်ဆူ တည်ထားကိုးကွယ်သည်။

မုံရွာမြို့ စေတီယာကျောင်းတိုက်အတွင်းရှိ ပြည်တွင်းစစ်ကာလက အဘဘိုးမင်းခေါင် ဓာတ်ပန္နက်ချပေးခဲ့သော နှစ်ကိုပ်ရှစ်ဆူစေတီတော်မြတ်ကြီးမှာ ယနေ့တိုင် ထင်ရှားလျက်ရှိပါသည်။

မုံရွာခရိုင်၊ မုံရွာမြို့၊ စကုမြို့၊ မတ္တရာမြို့၊ စစ်ကိုင်း၊ မန္တလေးမြို့တို့တွင်လည်း အသွင်အမျိုးမျိုးဖြင့် ဓာတ်ပန္နက်ချကာ အဘဘိုးမင်းခေါင်သည် ဘုရားစေတီများ တည်ထားကိုးကွယ်ခဲ့ပါသည်။ ရန်ကုန်မြို့ သယ်န်းကျွန်းဘက်တွင် ဆယ်တောင်ပြည့်စေတီ၊ သံလွင်လယ်ရှိ ဓာတ်ပေါင်းစုစေတီတို့မှာလည်း ဘိုးမင်းခေါင်၏ ဓာတ်ပန္နက်စေတီများ ဖြစ်ကြသည်။

အဘဘိုးမင်းခေါင်သည် ၁၃၀၀ ပြည့်နှစ်တွင် ပုပ္ပားတောင်ကလပ်သို့ ရောက်ရှိလာသည်။ တောင်ကလပ်အလယ်ရှိ ယခုလက်ရှိ ဘိုးမင်းခေါင် ဓာတ်စခန်း တည်ရှိရာ ယခင်က သွပ်မိုးသွပ်ကာ အဆောက်အဦရေပ်၌ ညဥ့်အခါ အမြဲအိပ်၍ နေ့အခါ ထိုဓာတ်ခန်းအောက်နားရှိ တောင်ကလပ်အတက် နဂါးနှစ်ကောင်စောင်းတန်းအဆုံး ရင်ကွဲရေပ်ရှိရာ ပိန္နဲပင်အနီးရှိ ကျောက်တုံးကြီးပေါ်တွင် ၉ တောင်ပြည့် စေတီငယ်တစ်ဆူ တည်ထားကိုးကွယ်သည်။ ယင်းစေတီကို ယခုတိုင် "အောင်မင်းခေါင်စေတီ" ဟု အများက ခေါ်ဝေါ်သမုတ်ကြသည်။ ဘိုးမင်းခေါင် ညအိပ်စခန်း၊ ယခုအခါ ဓာတ်ခန်း၏ အရှေ့ဘက်ရှိ ကျောက်တုံးကြီးပေါ်တွင်လည်း စေတီငယ်တစ်ဆူ တည်ထားကိုးကွယ်ခဲ့သည်။ ယင်းစေတီကို "ဘိုးမင်းခေါင်စေတီ တန်ဆောင်မုန်းဘုရား" ဟု ဘွဲ့အမည်သညာ ပေးသည်။

မိုးညှင်းဆရာတော်ဘုရားကြီး သမ္ဗုဒ္ဓေစေတီ တည်ထားကိုးကွယ်ရာ၌ ဘိုးမင်းခေါင်သည် အတွင်းစခန်းမှ ကူညီပံ့ပိုးမှုများ ပါသည်ဟု ဆရာတော်ကြီး၏ တပည့်အချို့မှ ပြောဆိုကြသည်။ ဆရာတော်ကြီးကိုယ်တိုင် မိုးညှင်းကျောင်းတိုက်အတွင်း ဘိုးမင်းခေါင်နှင့် ရသေ့ကြီး ဦးခန္တီတို့၏ ရုပ်လုံးရုပ်တုများကို မှန်သေတ္တာကြီးအတွင်း၌ထည့်၍ အမြတ်တနိုး ထားခဲ့သည်။

မုံရွာမှ ဆရာတော်ကြီးတစ်ပါးသည် သူငယ်စဉ် ၁၂ နှစ်သားအရွယ်က အဘဘိုးမင်းခေါင်ကိုယ်တိုင် ဦးဆောင်ဘုရားတည်နေတာ မြင်ခဲ့ရသည်ဟု ဆို၏။ စစ်အတွင်းကာလ အဝတ်အစားရှား၍ ခါးတွင် ဂုန်နီအိတ်အပိုင်းကြီး ပတ်ထားတာ တွေ့ရသည်ဟု မိန့်ဆိုဖူးသည်။ သာကေတမြို့ ၁၀/တောင်ရပ်ကွက်



www.burmeseclassic.com

www.burmeseclassic.com

ဆံခွန်တိုင် တောရကျောင်းတိုက်တွင် အောင်စေတီဆရာတော်အား ဘုရားတည်ရန် အိပ်မက်ပေးသည်။ အုတ်၊ သဲ၊ ကျောက်ရှာဆောင်းပြီး ဘုရားတည်မည်ဟု စီစဉ်နေစဉ် အဘိုးကြီးတစ်ယောက် ရောက်လာပြီး ပေတံမပါ၊ ကြိုးမပါဘဲ ထောင့်လေးထောင့်ကို ညီညာစွာ ပန္နက်ရိုက်သွားပေးသည်ဟု ဆိုသည်။ အဘဘိုးမင်းခေါင် ပုံစံနှင့် တူသည်ဟု ပြောဆိုကြသည်။ ထိုစေတီဘွဲ့တော်မှာ "အောင်စေတီ" ဖြစ်ပါသည်။ သန်လျင်ဘက်ကမ်းရှိ ကျိုက်မြတ်ခမွန်ကုန်းတော်တွင်လည်း မွေးလွန်းရှင်စေတီတော်တစ်ဆူကို "အောင်မင်းအောင်" ဟု ဆိုသော ပုဂ္ဂိုလ်မှ တည်ထားသည်။ အဘဘိုးမင်းခေါင်သည် ထွက်ရပ်စခန်း မကြွလှမ်းမီ ၁၃၃၄ ခုနှစ်တွင် ပုပ္ပားတောင်ကလပ်၌ ကမ္ဘာလုံးစေတီ တည်ထားကိုးကွယ်ခဲ့ပါသည်။ ပုပ္ပားတောင်ကလပ်သို့ရောက်ရှိသူတိုင်း ဘိုးမင်းခေါင် တည်ထားသော စေတီသုံးဆူကို အဓိကဖူးလို့ ကောင်းမှုပြု ဆုတောင်းမှုပြုကြသည်။

အဘဘိုးမင်းခေါင်သည် သူ့ဖခင်ခေါင်းရင်းတွင် ဒီယာယုထိုတရ ဆုတောင်းပြည့် မြတ်စွာဘုရားကို အမြဲကိုးကွယ် ပူဇော်ခဲ့ပါသည်။

အဘဘိုးမင်းခေါင် တည်ထားကိုးကွယ်ခဲ့သော ဘုရားစေတီများ

(၁) ဖူးဘုရား - ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ခရချောင်းကျေးရွာ
(၂) ကမ္ဘာ့မဏ္ဍိုင်စေတီ - ကသာမြို့နယ်
(၃) နှစ်ကျိပ်ရှစ်ဆူစေတီ - မုံရွာမြို့
(၄) အောင်မင်းခေါင်စေတီ - ပုပ္ပားတောင်ကလပ်
ဘိုးမင်းခေါင်စေတီ တန်ဆောင်မုန်းဘုရား - ပုပ္ပားတောင်ကလပ်
ကမ္ဘာလုံးစေတီ - ပုပ္ပားတောင်ကလပ်
(၅) ဆယ်တောင်ပြည့်စေတီ - သယ်န်းကျွန်း
(၆) ဓာတ်ပေါင်းစုစေတီ - ရန်ကုန်၊ သံလွင်လမ်း
(၇) ဓာတ်စပစေတီ - ပေါင်းတည်မြို့
(၈) အောင်မင်းခေါင်စေတီ - ပဲခူးမြို့
(၉) အောင်မင်းခေါင်စေတီ - ရွှေတောင်မြို့
(၁၀) ဆုတောင်းပြည့်စေတီ(ရှေးဟောင်းစေတီ) - တောင်ဒဂုံ၊ ဆိပ်ကမ်းမြို့နယ်(ယုဇနဥယျာဉ်မြို့တော်ဘက်)
(၁၁) ကိုးနဝင်းစေတီ - စင်မြင့်ရွာ
(၁၂) ကမ္ဘာစေတီ - ရန်ကုန်၊ ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်
(၁၃) ဓာတ်ပေါင်းစုစေတီ - စကုမြို့နယ်
(၁၄) ကိုးနဝင်းဆုတောင်းပြည့်စေတီ - မြင်းခြံမြို့

အမှန်တကယ်တော့ ကိုးတောင်ပြည့်စေတီများမှာ အဆူပေါင်း ၁၅၀ ကျော် ရှိပါသည်။ အချို့စေတီများမှာ အဘဘိုးမင်းခေါင် အမည်တွင်နေသော်လည်း အဘ တည့်မတည် အတိအကျ မသိရပါ။ ဥပမာ - ပဲခူးတိုင်း၊ သနပ်ပင်မြို့ မင်းရွာရှိ "အောင်မင်းခေါင်စေတီ" ကို တွေ့မြင်ဖူးသော်လည်း ဘုရားသမိုင်း အတိအကျ မတွေ့ရပေ။ တောင်ဆိုးတဲရွာ မင်းကျောင်းအတွင်းရှိ စေတီပုထိုးများ၊ မင်းကျောင်းအတွင်းရှိ လျောင်းတော်မူဘုရားတို့မှာ အဘဓာတ်ဖြင့် အဘ၏ တပည့်တွေ တည်ခဲ့သောဘုရားများ ဖြစ်ပါသည်။

စာဖတ်ပရိသတ်များအနေဖြင့် အဘဘိုးမင်းခေါင် တည်ခဲ့သော ဘုရား၊ စေတီများ သိရှိပါက စာရေးသူထံ ဆက်သွယ်အကြောင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ယခု ဘုရား၊ စေတီများမှာ စာရေးသူ လက်လှမ်းမီသလောက် ရေးသားတင်ပြထားခြင်းသာ ဖြစ်ပါသည်။ အပိုအလိုတွေရှိမှာ သေချာပါသည်။ သာသနာပြုရာတွင် အဓိကသာသနာသုံးရပ် ရှိပါသည်။ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ် တိုင်းတစ်ပါးလက်အောက် ရောက်နေချိန်တွင် ဗုဒ္ဓသာသနာ မကွယ်မပျောက်စေရန် ဘုရား၊ စေတီတည် ဘုရားဂုဏ်တော်ပွား၊ သရဏဂုံတည်၊ ငါးပါးသီလ ခံယူစေ‌တော်တည်စေပြီး ဘိုးတော်ကြီးမှာ သာသနာပြုသွားခဲ့ပါသည်။ သာသနာ ၅၀၀၀ တည်တံ့စေရန် အဓိကမှာ "ပရိယတ္တိ" သာသနာဆိုသည်ကို ဗုဒ္ဓဘာသာဝင်တွေ မမေ့သင့်ပါ။ ပရိယတ္တိ သာသနာကိုလည်း တတ်နိုင်သလောက် ဝိုင်းဝန်းကူညီ အားပေးကြပါ။ လောကီဝိဇ္ဇာမှ အရိယာဝိဇ္ဇာလမ်းသို့ ရောက်နိုင်ကြပါစေ။

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com

# (၆၃)ကြိမ်မြောက်
# သိဒ္ဓိရှင် အဘအောင်မင်းခေါင် အောင်ပွဲနှင့်
# နဝင်းပုတီးစိပ်

■ **ဂမ္ဘီရဆရာလှမျိုး(B.Sc)**



ကျွန်ုပ်စာရေးသူသည် လောကီဂမ္ဘီရပညာ လေ့လာလိုက်စားချိန်မှစ၍ ဘိုးတော်၊ မယ်တော်များနှင့် ဆက်နွယ်လာပါသည်။ ပထမအစတွင် ဘိုးဘိုးအောင်နှင့် ဘိုးမင်းခေါင်ဓာတ်ပုံ (ပုံတော်)တစ်ပုံစီကို သစ်သားမှန်ပေါင်ဖြင့်ထည့်ကာ ဘုရားကျောင်းဆောင် လက်ဝဲဘက်၊ ဘုရားထက်နိမ့်သောနေရာမှာ တင်ထားလိုက်သည်။ အခြားထူးထူးထွေထွေတော့ မပြုလုပ်သေးပါ။ ဘုရားရှိခိုးပြီး ပိဋ္ဋကတွေကို မေတ္တာပို့သည့် အဆင့်သာရှိပါသည်။

လေးငါးခြောက်လ ကြာသောအခါ သာကေတဖိုနမာရ်အောင်ဘုရားအနီး ဆိုင်ခန်းတွင် ဗေဒင်ဟောနေသော ဆရာဦးတင်ဦးမှ ပိတောက်သားဖြင့် ပြုလုပ်ထားသော ဘိုးမင်းခေါင်ရုပ်တုတစ်ခု ပေးလိုက်သည်။ ရုပ်တုကြွလာတော့ ကျွန်ုပ်လည်း နေရာပေးရလေ၏။ ရုပ်တုရှေ့တွင် ရေနွေးကြမ်းတစ်ခွက်၊ ဆေးပြင်းလိပ်တစ်လိပ် ဆက်ကပ်ထားသည်။ ထူးထူးခြားခြား အိပ်မက်ပေးတာမရှိပါ။ တစ်လခန့်အကြာတွင် ပုဇွန်တောင် ဆရာကြီးတစ်ဦးက ဘိုးဘိုးအောင် ရုပ်တုတစ်ခု လက်ဆောင်ပေးသည်။ ဘိုးမင်းခေါင်

www.burmeseclassic.com

ရုပ်တုနှင့် မတိမ်းမယိမ်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်လည်း အိမ်ရှေ့ဘုရား ကျောင်းဆောင်၏ လက်ဝဲဘက်၊ အပြင်ဘက်ခြမ်းတွင် ပျဉ်ချပ်နှစ်ချပ်ဝယ်ကာ ဘိုးတော်စင် သီးသန့်ပြုလုပ်ရပါတော့သည်။

နောက်ပိုင်း ပန်းအိုး၊ ရေချွေးကြမ်း၊ ဆေးပြင်းလိပ်၊ ဇီးကရက်၊ အလင်းတိုင်၊ နံ့သာတိုင်၊ ကန်တော့ပွဲ စသည်တို့ လှူရသည်။ လောကီပညာ လေ့လာလိုက်စားသောအခါ ၄ ဟူး (ဗုဒ္ဓတိုင်)၏ အထက်သုံးလုံးသည် ၁၂၅ ဖြစ်နေသည်။ ဗုဒ္ဓဟူး(လူ)တိုင်ဟူ၍လည်း ခေါ်သည်။ အုန်းငှက်ပျော (၁၂၅)သည် လူတိုင်းအ တွက် အထက်ဆောင်နံ့များဖြစ်နေသည်။ အောင်မင်း‌ခေါင်(၁၂၅)လည်း လူတိုင်းအထက် ရောက်နေသည်။ ထို့ကြောင့် ယုံကြည်သူလူတိုင်း အောင်မင်းခေါင်ပုံတော်၊ ရုပ်တု ပူဇော်ထားသင့်ပါသည်။ အချို့က ဘိုးတော်၊ မယ်တော်၊ နတ်ဒေဝါမကိုးကွယ်ရဟုဆိုသည်။ ရတနာသုံးပါးသာ ကိုးကွယ်ရမည်ဟု ပြောဆိုရေးသားကြသည်။ ဤအဆိုကို ငြင်းဖွယ်ရာမရှိပါ။ ကြည်သာအေးမြဆရာတော်၊ အောင်စေတီဆရာတော်ကြီးတို့မှ မိဘဘိုးဘွား ဆရာသမားကို အလေးထားပူဇော်သလို ပူဇော်နိုင်ကြောင်း၊ လောကီရေးရာအတွက်သာ ဆောင်ရွက်ကိုးကွယ်မှုသဘောဖြစ်ကြောင်း၊ လောကုတ္တရာအတွက် ရတနာသုံးပါးကိုသာ အားထားရမည်ဖြစ်ကြောင်း မိန့်ဆိုပါသည်။

ဘိုးမင်းခေါင်သည် လက်ထဲတွင်
ကြိမ်ပုတီးတစ်ကုံး ကိုင်ထားသည်။
ပုတီးမစိပ်နိုင်သောအချိန် လည်ပင်းမှာ
ဆွဲထားသည်။ ဘုရားဂုဏ်တော်တစ်ပါးပါး
အမြဲပုတီးစိပ်နေလေ့ရှိသည်။
ဟိတ်ဟန်ထုတ်၊ ကြွားဝါ၊ မာန်မာနနှင့်
မနေပါ။ အဓမ္မဝါဒီအလုပ်လည်း
ဘယ်တော့မှ မပြုလုပ်ပါ။

တစ်နှစ်တစ်ကြိမ် ထွက်ပွဲ၊ အောင်ပွဲပြုလုပ်ခြင်းမှာလည်း မိဘဘိုးဘွား၊ ဆရာသမားကို ဂါရဝပြု၊ အမှတ်တရ ပူဇော်ပွဲပြုလုပ်၊ ကုသိုလ်ကောင်းမှုပြုလုပ်ပေးခြင်း၊ မေတ္တာပို့ အမျှအတန်းပေးဝေခြင်း သဘောမျိုးသာဖြစ်ပါသည်။ အဘဘိုးမင်းခေါင်နှင့် ပတ်သက်၍ ဘဝဇာတ်လမ်း၊ အတ္ထုပ္ပတ္တိ၊ သာသနာပြုခရီး၊ ကိုယ်တွေ့ဖြစ်ရပ် ဆောင်းပါးများ အမျိုးမျိုးရေးသားကြပါသည်။ နှစ်စဉ်နှစ်တိုင်း ဘိုးမင်းခေါင်ထွက်ရပ်ပေါက်သောနေ့ (လူ့အဆို သေဆုံးသောနေ့)တွင် ပုပ္ပားတောင်ကလပ်၌ ဘိုးမင်းခေါင်ထွက်ပွဲကို ခမ်းနားစည်ကားစွာ ကျင်းပဆောင်ရွက်ကြပါသည်။ ဘိုးမင်းခေါင်သည် ၁၃၀၀ ပြည့်နှစ်၊ တပေါင်းလဆန်းတွင် နောက်ပါတပည့် ရှမ်းအမျိုးသားလေးယောက်နှင့်အတူ ပုပ္ပားမြို့သို့ ရောက်လာပါသည်။ ပုပ္ပားရွာရောက်သောအခါ အဘကိုသိမီသူ အသက် ၈၀ ကျော် အဘွားတစ်ယောက် မေးကြည့်ပါသည်။ ပုပ္ပားမြို့သို့ရောက်စဉ် တောင်ကျောင်းဆရာတော်ကြီး ဦးကေသရထံ၌ ဝင်ရောက်၍ တည်းခိုသည်။ အများအားဖြင့် အရူးကြီးဟု ထင်မှတ်ကြသည်။ ပြစ်မှားမိသူတွေ တောင်းပန်ရသည်။ အချို့ နောင်မှ နောင်တရကြသည်။ ဘိုးမင်းခေါင်သည် ပုပ္ပားတောင်ကျောင်း၌ ကာလအတန်ကြာနေပြီးနောက် တောင်ကလပ်သို့ ပြောင်းရွှေ့နေထိုင်သည်။

ဘိုးမင်းခေါင်သည် လက်ထဲတွင် ကြိမ်ပုတီးတစ်ကုံး ကိုင်ထားသည်။ ပုတီးမစိပ်နိုင်သောအချိန် လည်ပင်းမှာ ဆွဲထားသည်။ ဘုရားဂုဏ်တော် တစ်ပါးပါး အမြဲပုတီးစိပ်နေလေ့ရှိသည်။ ဟိတ်ဟန်ထုတ်၊ ကြွားဝါ၊ မာန်မာနနှင့် မနေပါ။ အဓမ္မဝါဒီအလုပ်လည်း ဘယ်တော့မှ မပြုလုပ်ပါ။

## မဟိဒ္ဓိစခန်း၊ သိဒ္ဓိလမ်းသို့ တက်လိုသူတို့၏ ဝင်ထွက်ရာဌာန

ဘိုးမင်းခေါင်အား ယုံကြည်ကိုးစားသူ ရဟန်းရှင်လူဟူသမျှတို့သည် ဘိုးမင်းခေါင်တည်ခဲ့သော ကိုးနဝင်းစေတီ၊ ကပ်ကျော်စေတီ၊ ဆုတောင်းပြည့်စေတီ၊ ကိုးတောင်ပြည့်စေတီ၊ အောင်သိဒ္ဓိစေတီ၊ ဆယ်တောင်ပြည့်စေတီ၊ ဘိုးမင်းခေါင်စေတီ၊ တန်ဆောင်မုန်းဘုရား၊ အောင်မင်းခေါင်စေတီ၊



www.burmeseclassic.com

www.burmeseclassic.com

ရာတ်စုံပေါင်းစုစေတီ၊ မာတ်ပေါင်းစုံစေတီ၊ အောင်မင်းခေါင်ဂူရှိရာ နေရာဌာနများသို့ လာရောက်ကြ၍ . . .

၁။ တြင်းတြေအစ ဂဏန်းတွေနဲ့ နဝင်းတွေ ပထမတန်းပေမို့ (အိုကွယ်) အမတနန်းကိုတဲ့ လှမ်းတော့မယ်။

၂။ စိပ်ပုတီးရယ်နဲ့၊ ရိပ်ကြီးဆရာခိုတော့၊ တဏှာကိုလွတ်အောင် ရှန်းမယ်၊ ပုန်းရှောင်ပေါ့ကွယ်။

၃။ အဝိဇ္ဇာရှစ်ခွင်က မှိုင်းပါတဲ့၊ အနိဒ္ဒာ မြစ်ပြင်လှိုင်းကိုတော့ ကသိုဏ်းနဲ့ဖြတ်ပါမယ်၊ နတ်ရွာနတ်နယ်တွင်ဖြင့် ဆိုင်းချင်ဘူး။

၄။ ခေမာသောင်၊ ရက္ခမှုသေလာတောင်၌၊ ရွှေဝါချောင် ဖယ်ဂူတွင်းဆီက၊ စံမတူ ရန်သူရှင်းမယ်လို့(ကွယ်) အင်း . . . ဒီစိတ်ကူးဟူသော ဝိဇ္ဇာမယိဒ္ဓိတရားတို့၏ အဆိုအမိန့်အရ သိဒ္ဓိမဟိဒ္ဓိ၊ ဝိဇ္ဇာမယိဒ္ဓိတန်ခိုးကို လိုလား၍ အမတစခန်း၊ နိဗ္ဗာန်နန်းသို့ တက်လှမ်းလိုသူတို့သည် တြင်းတြေ၊ နဝင်းကြေ၊ သတ္တဗီသကြေ စသည်ဖြင့် သုံးရက်၊ ငါးရက်၊ ခုနစ်ရက်၊ ကိုးရက်၊ (၂၇)ရက်၊ (၄၅)ရက်၊ (၁၀၈)ရက်၊ အချို့က အသားလွတ်၊ အချို့က မီးလွတ်စား၍ ဝစီပိတ် အဓိဋ္ဌာန်ဝင်ခြင်း၊ ဂုဏ်တော်ပုတီးစိပ်ခြင်း၊ မေတ္တာပွားခြင်း စသည် မိမိတို့နှစ်သက်ရာ သမထအလုပ်တို့ကို အားထုတ်၍ သိဒ္ဓိ၊ မဟိဒ္ဓိစခန်း တက်လှမ်းကာ အောင်ပွဲခံယူကြသည်။

အဘအောင်မင်းခေါင်သည် အသက် ၇၂ နှစ်အရွယ်တွင် တောင်ကလပ်အလယ်၊ ယခု ဘိုးမင်းခေါင်မာတ်ခန်းတည်ရှိရာ ယခင်ဇရပ်အဆောက်အဦ၌ မထင်ရှားသော ရောဂါဖြင့် ၁၃၁၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်အချိန်တွင် ဘိုးမင်းခေါင်သည် ဝိဇ္ဇာမဟိဒ္ဓိ၊ သိဒ္ဓိစခန်းသို့ ထွက်ခွာတော်မူလေ၏။ အဘရုပ်ကလပ်ကို ဂူသွင်းခဲ့သော်လည်း မကြာမီကာလတွင် ရုပ်ကလပ်အခေါင်းထဲမှ ပျောက်သွားသည်ဟု ဝိဇ္ဇာဆရာတော်ကြီးတစ်ပါးမှ မိန့်ဆိုပါသည်။

နှစ်စဉ် တော်သလင်းလပြည့်ကျော် ၂ ရက်နေ့တွင် ပုပ္ပားတောင်ကလပ်ရှိ အဘဘိုးမင်းခေါင်မာတ်နန်း တည်နေရာဌာနများတွင် ဘိုးမင်းခေါင်ထွက်သည့်နေ့ အထိမ်းအမှတ်ပွဲ ကျင်းပကြပါသည်။

> ၁၃၁၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်အချိန်တွင် ဘိုးမင်းခေါင်သည် ဝိဇ္ဇာမဟိဒ္ဓိ၊ သိဒ္ဓိစခန်းသို့ ထွက်ခွာတော်မူလေ၏။ အဘရုပ်ကလပ်ကို ဂူသွင်းခဲ့သော်လည်း မကြာမီကာလတွင် ရုပ်ကလပ်အခေါင်းထဲမှ ပျောက်သွားသည်ဟု

**ဘိုးမင်းခေါင်ထွက်သည့်နေ့ အထိမ်းအမှတ်ပွဲ**

ဘိုးမင်းခေါင်ထွက်သည့် ရက်၊ လ၊ နှစ်မှစ၍ တော်သလင်းလပြည့် ကျော် ၂ ရက်နေ့သို့ မရောက်မီ လဆန်း ၁၀ ရက်လောက်မှစ၍ နှစ်စဉ် မြန်မာပြည်အရပ်ရပ်မှ ရာပေါင်းများစွာသော ပရိသတ်တို့သည် တောင်ကလပ်သို့ စုဝေးရောက်ရှိလာကြသည်။ ထိုပရိသတ်တို့သည် အချို့ အညိုရောင်၊ အချို့ အဖြူရောင် ဝတ်ဆင်ကြ၍ ဘုန်းတော်ကြီးကျောင်းများနှင့် ရသေ့ယောဂီကျောင်းများတွင် အသီးသီး နီးစပ်ရာနေရာယူကြပြီး ၃ ရက်၊ ၅ ရက်၊ ၇ ရက်၊ ၉ ရက် စသည် သတ်မှတ်၍ သီလဆောက်တည် အဓိဋ္ဌာန်ဝင်ကြသည်။ ကန်တော့ပွဲတွေလှူကြသည်။ ဘိုးတော်အစစ်အတုများ ရောနှောနေသည်။ ပုပ္ပားမြို့ခံ အနီးပတ်ဝန်းကျင်မှလည်း ငှက်ပျောသီး၊ အုန်းသီး၊ ပန်း၊ မျောက်စာ စသည်တို့ကို အလုအယက် ရောင်းကြသည်။ မည်သို့ပင်ဆိုစေကာမူ အဘထွက်ပွဲ နီးလာသည်နှင့် ရပ်ဝေး၊ ရပ်နီးမှ ဘိုးမင်းခေါင် တပည့်သားသမီးများ အစဉ်အလာမပျက် ပါဝင်ဆင်နွှဲကြသည့် အဘထွက်ပွဲ၊ အောင်ပွဲနှင့်အတူ နတ်ပွဲများ၊ နတ်ဆိုင်းသံများလည်း ကြားရပါသည်။ လပြည့်ကျော် ၂ ရက်နေ့ ညနေမှစ၍ တဖွဲဖွဲ ပရိသတ်တွေပြန်ကုန်ကြလေ၏။

အဘဘိုးမင်းခေါင် ထွက်ပွဲ၊ အောင်ပွဲမှာ ယခုနှစ် ၆၃ ကြိမ်မြောက် ဖြစ်ပါပြီ။ ၆၃ ဟူသည် ဂဏန်းဂဏန်း



www.burmeseclassic.com

www.burmeseclassic.com

သစ္စာနဝင်းဖြစ်သည်။ ဤနှစ်တွင် စာရေးသူသည် အဘအောင်မင်းခေါင်ကြီး၏ ဝိဇ္ဇာဓာတ်ဖြင့် နယ်လှည့်သာသနာပြုနေသော အကြားအမြင်ပါရမီရှင် ဆရာမကြီး ယောဂီနန္ဒမာလာနှင့် ဆုံတွေ့ရသည်။ ဆရာမကြီးမှ အောက်ပါ နဝင်းပုတီးစိပ်နည်း ချီးမြှင့်သည်။

အဘဘိုးမင်းခေါင်၏ ဓာတ်နိမိတ်အရ နဝင်းပုတီးစိပ်နည်း –

(၁) ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
(၂) ဓမ္မံသရဏံ ဂစ္ဆာမိ
(၃) သံဃံသရဏံ ဂစ္ဆာမိ
(၄) အရဟံ
(၅) သမ္မာသမ္ဗုဒ္ဓေါ
(၆) ဝိဇ္ဇာစရဏသမ္ပန္နော
(၇) သုဂတော
(၈) လောကဝိဒူ
(၉) အနုတ္တရော ပုရိသဒမ္မသာရထိ
(၁၀) သတ္ထာဒေဝမနုဿာနံ
(၁၁) ဗုဒ္ဓေါ
(၁၂) ဘဂဝါ
(၁၃) ဟေတုပစ္စယော
(၁၄) အာရမ္မဏပစ္စယော
(၁၅) အဓိပတိပစ္စယော
(၁၆) အနန္တရပစ္စယော
(၁၇) သမနန္တရပစ္စယော
(၁၈) သဟဇာတပစ္စယော
(၁၉) အညမညပစ္စယော
(၂၀) နိဿယပစ္စယော
(၂၁) ဥပနိဿယပစ္စယော
(၂၂) ပုရေဇာတပစ္စယော
(၂၃) ပစ္ဆာဇာတပစ္စယော
(၂၄) အာသေဝနပစ္စယော
(၂၅) ကမ္မပစ္စယော
(၂၆) ဝိပါကပစ္စယော
(၂၇) အာဟာရပစ္စယော
(၂၈) ဣန္ဒြိယပစ္စယော
(၂၉) ဈာနပစ္စယော
(၃၀) မဂ္ဂပစ္စယော
(၃၁) သမ္ပယုတ္တပစ္စယော
(၃၂) ဝိပ္ပယုတ္တပစ္စယော
(၃၃) အတ္ထိပစ္စယော
(၃၄) နတ္ထိပစ္စယော
(၃၅) ဝိဂတပစ္စယော
(၃၆) အဝိဂတပစ္စယော
(၃၇) ဒုတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
(၃၈) ဒုတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ
(၃၉) ဒုတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ
(၄၀) မှ (၄၈) ဂုဏ်တော်ကိုးပါး
(၄၉) မှ (၇၂) ထိ ၂၄ ပစ္စည်း
(၇၃) တတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
(၇၄) တတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ
(၇၅) တတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ
(၇၆) မှ (၈၄) ဂုဏ်တော်ကိုးပါး
(၈၅) မှ (၁၀၈) ၂၄ ပစ္စည်း

၁၀၈ လုံး ပုတီးဖြင့် ၉ ပတ် ၉ ရက် စိပ်ပါ။ ၁၈ ပတ် ၁၈ ရက် စိပ်ပါ။ ၂၇ ပတ် ၂၇ ရက်စိပ်ပါ။ ၂၇ ရက်ပြီးလျှင် ၉ ပတ် ၉ ရက် ပြန်စိပ်ပါ။ စုစုပေါင်း ၆၃ ရက်စိပ်ပြီး လိုရာဆန္ဒဆုတောင်းပါ။ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝမည်။ အကြံဉာဏ်အောင်မြင်၊ စီးပွားလုပ်ငန်း တိုးတက်မည်။ သက်သတ်လွတ်စား၊ ကန်တော့ပွဲပေး၊ သီလခံယူ၊ ပုတီးစိပ်ပြီးတိုင်း မေတ္တာပို့၊ အမျှအတန်းပေးဝေပါ။ ၉ ရက် ပြည့်သည်နှင့် ထူးခြားမှုတွေ ကြုံတွေ့ရမည်။ စာရေးသူလည်း ညစဉ် ၉ ပတ်စိပ်ပါသည်။ ပုံမှန်အနည်းဆုံး ၉ ပတ်စိပ်၊ ပဋ္ဌာန်း၊ ပရိတ်ရွတ်ဆို၊ မေတ္တာသုတ် ရွတ်ဆိုပါက မိမိတို့ယုံကြည်သော သိဒ္ဓိရှင်အဘအောင်မင်းခေါင်ကို ကျေးဇူးပြုရာ ဖြစ်နိုင်ပါပြီ။ အဘကို ဒါနပြုပြီး ဆုတောင်းမှုပြုသည်ထက် အဘဆန္ဒကို နဝင်းပုတီးစိပ်၊ သာသနာပြုလုပ်ငန်း အားပေးခြင်းဖြင့် ပူဇော်နိုင်ကြပါစေသတည်း။'

ဂမ္ဘီရဆရာလှမျိုး(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

# အာဘိုးမင်းခေါင်၏ ဆုံတွယ်ထူးခြား မစမှုများ

■ ပထမံဆရာကြီးဦးအောင်သူ



အချိန်မှာ အင်္ဂလိပ်အစိုးရအုပ်စိုးစဉ် ...

ကျွန်ုပ်သည် ၁၉၆၂ ခုနှစ်၌ ရန်ကုန်မြို့၊ ဗဟန်းရေတာရှည်လမ်းဟောင်းရှိ ဆရာကြီး ဦးကောက်လှုခြံတွင် နေထိုင်သော ဦးအင်စိန်းနှင့် သမီးများဖြစ်ကြသော ဦးစိန်လျှမ်း၊ ဇနီး ဒေါ်ရှုတင်၊ ညီမဖြစ်သူ မရှုတီတို့နေထိုင်သော အိမ်သို့ မကြာခဏရောက်ရှိခဲ့သည်။ ဤသို့နှယ်ပင် မကြာမီ မရှုတီနှင့် အိမ်ထောင်ကျခဲ့သည်။

ထိုအချိန် ကျွန်ုပ်သည် ရန်ကုန်တိုင်း လျှပ်စစ်အင်ဂျင်နီယာဌာန၌ စာရေးဘဝနှင့် တာဝန်ထမ်းဆောင်နေချိန်ဖြစ်ပါသည်။ ကျွန်ုပ်နှင့်ဇနီးဖြစ်သူ မရှုတီတို့မှာ ၎င်း၏အစ်မများနှင့်နေထိုင်ရာမှ အိမ်ခွဲပြီး တောင်ဥက္ကလာပသို့ ပြောင်းရွှေ့ခဲ့သည်။ မရှုတီရဲ့ဖခင်ဖြစ်သူ ဦးအင်စိန်းသည်လည်း ကျွန်ုပ်တို့နှင့် လိုက်ပါခဲ့လေသည်။

တစ်နေ့သောအခါ ဦးအင်စိန်းမှ သူ့ရဲ့ဖြစ်ရပ်ဆန်းကို ကျွန်ုပ်တို့ကို ပြောပြခဲ့ပါသည်။

မြန်မာနိုင်ငံ အင်္ဂလိပ်တို့အုပ်ချုပ်ချိန် ...

ဦးအင်စိန်းသည် ဇနီးဖြစ်သူ ဒေါ်သိန်းတင် အပါအဝင် သားသမီး ခြောက်ယောက်နှင့်အတူ ရန်ကုန်မြို့ အနောက်ပိုင်း လမ်းမတော်လမ်းတွင် နေထိုင်လျက်ရှိပြီး ဆန်ပွဲစား၊ ပဲပွဲစား စသော လုပ်ငန်းဖြင့် ပွဲစားလုပ်ငန်းကို လုပ်ကိုင်လျက်ရှိနေရာ စီးပွားရေးမှာ အဆင်မပြေလှပေ။ ၎င်းပြင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနိုင်ငံအသီးသီး၌လည်း စစ်ရေးစစ်ရာ အရိပ်အငွေ့များ တောက်လောင်ရန်ရှိနေချိန်လည်း ဖြစ်ပေသည်။

ဤသို့ ခေတ်ကျပ်ကြီးထဲ၌ မိသားစုများရဲ့ စားဝတ်နေရေးအတွက် ရှာဖွေရသည်မှာ အလွန်စိတ်ပင်ပန်းခဲ့ရသည်။ ဦးအင်စိန်းသည် နေ့စဉ်အလုပ်မသွားခင် နံနက်စောစော၌ မိမိအိမ်နှင့်မနီးမဝေးရှိ တရုတ်ကြီး လက်ဖက်ရည်ဆိုင်တွင် လုပ်ဖော်ကိုင်ဖက် ပွဲစားမိတ်ဆွေများနှင့် စီးပွားရေးအကြောင်း ပြောလေ့ရှိသည်။

တစ်နေ့သောအခါ လက်ဖက်ရည်ဆိုင်ရဲ့ထောင့်တစ်နေရာတွင် အညာသားဟု ထင်ရသော လူစိမ်းမြန်မာ



www.burmeseclassic.com

www.burmeseclassic.com


ထုမျိုးသည် သူတစ်ဦးတည်း လက်ဖက်ရည်သောက်နေသည်ကို သတိပြုမိသည်။ ထိုလူစိမ်း၏ ဝတ်စားဆင်ယင်ပုံမှာ တောသားတစ်ဦးကဲ့သို့ ရှိနေသည်။ ပုံပန်းသဏ္ဌာန်မှာ အရပ်ရှည်ရှည်၊ ထောင်ထောင်မောင်းမောင်း၊ ကြံ့ခိုင်ဖွံ့ဖြိုးသော ကိုယ်ခန္ဓာ၊ သူ့ရဲ့ဝတ်ဆင်ထားပုံမှာ အတွင်းခံ ရှပ်ကျယ်ခံလျက် ပင်နီတိုက်ပုံအကြမ်းစားကို ဝတ်ထားသည်။ လုံချည်မှာ အညိုရောင်ကွက်နှင့် ရောယှက်ထားသည့်သူ၏ ဦးခေါင်းမှိုဆံပင်ကို ခေါင်းတုံးပုံစံ ညှပ်၍ထားသည်။ ၎င်းပြင် မျက်နှာသုတ်ပဝါ ခပ်ညစ်ညစ်တစ်ထည်ကို ညာဘက်ပခုံးပေါ်တွင် တင်ထားသည်။

ဦးအင်စိန်းသည် ဤမျှလောက် အသေးစိတ်ကို ကြည့်၍ စိတ်ဝင်စားနေသည်။ သို့သော် အမှုမဲ့အမှတ်မဲ့ဖြင့်သာ နေထိုင်လျက် အလုပ်သွားချိန် နီးလာသောကြောင့် လက်ဖက်ရည်ဆိုင်မှ ထွက်သွားခဲ့လေသည်။

နောက်နေ့တွင် ဦးအင်စိန်းသည် ခါတိုင်းကဲ့သို့ပင် လက်ဖက်ရည်ဆိုင်ကို သွားသောအခါ ထိုပုဂ္ဂိုလ်ကို မတွေ့ရတော့ပါ။ ဒါကြောင့် သူ့ရဲ့စိတ်ထဲ၌ ခပ်ဟာဟာကြီး ဖြစ်နေတော့၏။ ဒါပေမယ့် နောက်တစ်ပတ်ခန့်အကြာ ဦးအင်စိန်းသည် ထိုပုဂ္ဂိုလ်အမြဲထိုင်သော လက်ဖက်ရည်ဆိုင်၏ ထောင့်နေရာ၌ပင်ထိုင်၍ လက်ဖက်ရည်တစ်ခွက်ကို မှာ၍ သောက်နေစဉ် ...

သူတွေ့လိုသော ပုဂ္ဂိုလ်သည် ခပ်နွမ်းနွမ်းလွယ် အိတ်ကြီးလွယ်ပြီး ဖိုသီဖတ်သီနှင့် လက်ဖက်ရည်ဆိုင်ထဲဝင်လာသည်။ ဦးအင်စိန်းလည်း ထိုပုဂ္ဂိုလ်ထ၍ သူထိုင်နေသောနေရာကို ထိုင်ရန် နေရာပေးပါသည်။ ထိုပုဂ္ဂိုလ်မှာ ဘာမှမပြောဘဲ ထိုင်ချလိုက်သည်။

ဦးအင်စိန်းမှ "ဟော့ကောင် ... ပေါက်ဖော်၊ လက်ဖက်ရည်တစ်ခွက်ပေး"ဟု ဆိုင်ရှင်ကို လှမ်း၍မှာသည်။ ကြာမီ လက်ဖက်ရည်ရောက်လာသဖြင့် "ဆရာကြီး သုံးဆောင်ပါ"ဟုဆိုရာ ထိုပုဂ္ဂိုလ်ကြီးသည် ဘာမှ မပြောဘဲ ဆိုင်ရှင်တရုတ်ကြီး ချပေးသော အငွေ့တစ်ထောင်းထောင်းနှင့်သော လက်ဖက်ရည်ကိုယူ၍ ရှိန်ထိုးသောက်ချလိုက်ပါသည်။ ဒါတွင်မကသေး ပူပူလောင်လောင်၊ အငွေ့အထောင်းထောင်းရှိသော ရေနွေးကြမ်းအိုးမှ ရေနွေးကိုလည်း အကြမ်းပန်းကန်ထဲ မထည့်ဘဲ ခရားနှုတ်သီးမှမော့သောက်ချလိုက်တော့သည်။




ဦးအင်စိန်းမှ အံ့ဩစွာကြည့်နေမိ၏။ ထို့နောက် ဦးအင်စိန်းမှ "ဆရာကြီး ဘယ်ကလာသလဲ"ဟု မေး၏။ ဆရာကြီးဆိုသော်လည်း အသက်အားဖြင့် သိပ်မကြီးလှပေ။ အနည်းဆုံးရှိမှ အသက်လေးဆယ်ကျော်ကျော်လောက်ရှိသည်။

"ငါက အညာကလာတာ။ ငါတည်းမယ့်နေရာ လိုက်ရှာနေတာ"

"ဟာ ... ဒါဆို၊ ကျွန်တော့်အိမ်မှာပဲ တည်းပါ ဆရာကြီး"

"အေး ... ဒါဆို မင်းအိမ်မှာပဲတည်းမယ်"ဟု ဆိုသည်။

"အေး ... ဒါနဲ့ မင်းနာမည် ဘယ်လိုတဲ့လဲ"

"ကျွန်တော့်နာမည် အင်စိန်းပါ ဆရာကြီး"

"ဩော် ... အင်စိန်း ... အင်စိန်း"ဟု နှုတ်မှ ရွတ်ဆိုနေပါသည်။

ဦးအင်စိန်းသည် ဆရာကြီးဆိုသူကို မိမိအိမ်သို့ ခေါ်သွားပါသည်။ ဦးအင်စိန်းသည် ထိုပုဂ္ဂိုလ်အား နာမည်ကို မမေးမိပါ။ ဆရာကြီးဟူ၍သာ ခေါ်နေပါသည်။ ဦးအင်စိန်းသည် ဆရာကြီးကို မိမိအိမ်၏ ခေါင်းရင်း၌ပင်ထား၍ ထမင်းစားချိန်၊ လက်ဖက်ရည်သောက်ချိန်တို့ကို ဂရုလေးထား၍ ပြုစုသည်။ ဤသို့ဖြင့် ထိုပုဂ္ဂိုလ်သည် မကြာခဏ

www.burmeseclassic.com

ခရီးထွက်လေ့ရှိသည်။

တစ်နေ့တွင် ဆရာကြီး ပြန်ရောက်လာလေရာ ဦးအင်စိန်းက "ဆရာကြီး သွားတာကြာတယ်"ဟု ဆိုမိသည်။ ထိုပုဂ္ဂိုလ်ကြီးမှ –

"အေး ... ငါ ကြာသွားတယ်။ ဒီတစ်ခါ ခရီးထွက်ရဦးမယ်။ ဒါပေမယ့် ဒီခရီးက တော်တော်ကြာလိမ့်မယ် အင်စိန်း"ဟု ဆရာကြီးမှ သူသွားမယ့် ခရီးအကြောင်းကို ပြောပါသည်။

ထိုနေ့ည ၁၂ နာရီခန့်တွင် ဆရာကြီးက –

"ဟဲ့ ... အင်စိန်း ထစမ်း၊ မင်းကံကောင်းမယ့် အချိန် ရောက်ပြီ"ဟု ဆရာကြီးသည် အိပ်နေသော ဦးအင်စိန်းကို နှိုးလိုက်ရာ ဦးအင်စိန်းသည် ဘာမှန်းမသိဘဲ အိပ်နေရာမှ အလူးအလဲထလိုက်ပါသည်။

ဆရာကြီးမှ –

"ကိုင်း ... အင်စိန်း၊ မင်းမတ်တပ်ရပ်ပြီး အရှေ့ဘက်ကို မျက်နှာမူ။ ကိုင်း ... ငါဆိုသလို လိုက်ဆို၊ သက်ဆိုင်ရာပုဂ္ဂိုလ်များ ကျွန်တော့်ကို ဒီနေ့ကစပြီး ပိုက်ဆံများများ ရအောင် မစပါ"ဟု တိုင်ပေးရာ ဦးအင်စိန်းလည်း ဆရာကြီးဆိုသည့်အတိုင်း လိုက်၍ဆိုလိုက်ပါသည်။ ထို့နောက် ဆရာကြီးမှာ ဦးအင်စိန်းကို "ရော့ ... ငါ့ရဲ့ မျက်နှာသုတ်ပဝါကို သေသေချာချာ သိမ်းထား။ မင်းမကြာမီ ချမ်းသာလာလိမ့်မယ်"ဟုဆိုပြီး သူ၏ ညစ်ထေးသော မျက်နှာသုတ်ပဝါကို ဦးအင်စိန်းကို ပေးခဲ့လေသည်။

နံနက်မိုးလင်းသောအခါ ဆရာကြီးသည် ဦးအင်စိန်းတို့မိသားစုကို နှုတ်ဆက်၍ ခရီးထွက်သွားတော့သည်။ ဦးအင်စိန်းသည်လည်း ဆရာကြီး ပြန်သွားသည့်နေ့မှစ၍ ပွဲစားအလုပ်ဖြင့် ချမ်းသာ၍သွားတော့သည်။ ပွဲစားလုပ်ငန်းရဲ့ တစ်နေ့ဝင်ငွေမှာ ကျပ် ၃၀၀၀ ရရှိသည်ဟု ဆိုပါသည်။ ဤသို့ချမ်းသာခြင်းမှာ ဆရာကြီးပေးခဲ့သော အဆောင်မျက်နှာသုတ်ပဝါကြောင့်ပင် ဖြစ်သည်ကို ဦးအင်စိန်း မသိခဲ့ပါချေ။ ဦးအင်စိန်းသည် မိမိဘဝကိုပင် မေ့ပြီး အပျော်အပါး၊ အလောင်းအစားလည်းလုပ်၊ မိမိ မိသားစု စီးရန် ကားစသည်တို့ကိုလည်း ဝယ်ခဲ့သည်။ ဘဝကို ပျော်ပါးသာယာနေချိန် –

မုန်တိုင်းပမာ ကံဆိုးမိုးမှောင်ကျတော့သည်။ အဲဒါက ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာတော့သည်။ ဂျပန်ဝင်၊ အင်္ဂလိပ်အထွက် ရတက်မအေးရသော ဦးအင်စိန်းတို့ မိသားစုမှာ စစ်ဘေးရှောင်ရန် မိမိအိမ်နှင့်ပစ္စည်းများကို ထားခဲ့၍ တောသို့ပြေးခဲ့ရတော့၏။ မိမိဇနီးဖြစ်သူလည်း ပြေးရင်းလွှားရင်းနှင့်ပင် ဖုံးဆန်မှန်၍ သေဆုံးခဲ့ရ၏။

နှစ်ပေါင်းအတန်ကြာ စစ်ပွဲတွေအပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရချိန်၌ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့ပြီး ဖဆပလလက်ထက် ဦးနုအစိုးရအုပ်ချုပ်ချိန် ရောက်သောအခါ ရန်ကုန်မြို့သည် အေးချမ်း၍ ရှိနေသည်။

ဦးအင်စိန်းသည် သားသမီးများနှင့်အတူ ရေတာရှည်လမ်းဟောင်းတွင် နေထိုင်လျက်ရှိနေသည်။ တစ်နေ့တွင် ဦးအင်စိန်းသည် သူ့ကိုကယ်တင်ခဲ့သော ဆရာကြီးကို သတိရ၍နေလေသည်။

တစ်နေ့သောအခါ မန္တလေးမြို့မှ အဘဗွားဆိုသော ပုဂ္ဂိုလ်တစ်ဦးသည် ကျောက်မြောင်းတွင် ရောက်ရှိနေကြောင်း ကြားရ၏။ သူ၏ဆရာကြီးများလားဟု တွေးမိ၍ ကျောက်မြောင်းကိုသွား၍ အဘဆိုသူ ပုဂ္ဂိုလ်ကြီးထံရောက်ခဲ့၏။ ထိုအိမ်သို့ ရောက်သောအခါ ညှော်သည်များနှင့် ပြည့်နေသဖြင့် ပရိသတ်၏နောက်ဆုံးတွင် ထိုင်၍နေသည်။

ထိုစဉ် "ဟေ့ ... နောက်ဆုံးက ထိုင်နေတဲ့ ငါ့တပည့်ကြီး အင်စိန်း၊ ရှေ့ကိုလာခဲ့ဟေ့"ဟု အဘမှ လှမ်းခေါ်ရာ ပရိသတ်ကြီးများ ဟို ... ဟို ... ဒီ ... ဒီ ကြည့်ကြ၏။

နောက်တစ်ဖန် "အင်စိန်း လာခဲ့လေ။ ငါမင်းကို မ,ခဲ့တဲ့ မင်းခေါင်ဆိုတာ ငါပဲကွ။ အခုမင်း ဆင်းရဲနေပြီမို့လား။ ဒါပေမယ့် စိတ်ဆင်းရဲမနေနဲ့တော့ ငါ့တပည့်ကြီး"ဟု သူ့အနားရောက်လာသော ဦးအင်စိန်းကို ခေါင်းပုတ်၍ သိဒ္ဓိများတင်၍ပေးပါသည်။

ဦးအင်စိန်းသည် တစ်ချိန်က သူ့ကိုကယ်မခဲ့သော ပုဂ္ဂိုလ်သည် အဘဘိုးမင်းခေါင်ဖြစ်မှန်း ယခုမှပင်သိရ၏။ အလွန်ပင်ဝမ်းနည်းလျက် ရှိနေပါတော့သည်။

**ပထမံဆရာကြီး ဦးအောင်သူ**

www.burmeseclassic.com

www.burmeseclassic.com


# စခန်းတောက်အောင်မြေ

## ရွှေမန်ကျည်းတော-ပုပ္ပားတောင်ကလပ်မှ

# သာသနာပြုအဘဦးမေဓာဝီ

**မြနန်းရှင်**

ပုပ္ပားသာသနာ့မြေနှင့် သာသနာပြုပုဂ္ဂိုလ်ကျော် "အသျှင်မေဓာဝီ" တစ်ဖြစ်လဲ ဘဘုန်းဦးမေဓာဝီလည်း တစ်ဦးအပါအဝင် ဖြစ်ပေသည်။



ဦးမေဓာဝီ (ဘုန်းကြီးဘဝပုံ)

### မွေးရာဇာတိ

မြန်မာသက္ကရာဇ် ၁၂၉၄ ခုနှစ်၊ နယုန်လဆန်း ၆ရက်၊ ကြာသပတေးနေ့တွင် နတ်မောက်မြို့ စမ်းကန်ရွာနေ ခမည်းတော် ဦးထွန်းနှိုး မယ်တော် ဒေါ်ဒေါ်ခွေးတို့မှ ဖွားမြင်ခဲ့သည်။ လူအမည် မောင်ဘစောဖြစ်ပြီး မွေးချင်းသုံးဦးတွင် သားအကြီးဆုံးဖြစ်သည်။ ညီမတစ်ဦး၊ ညီတစ်ဦးရှိသည်။


စမ်းကန်ဘုန်းတော်ကြီးကျောင်းမှာ လူ့ဝတ်ဘဝဖြင့် ပညာသင်ခဲ့ပြီး ၁၉ နှစ်၊ ၆ လတွင် ရဟန်းခံယူခဲ့သည်။ ပထမဆရာတော်များ စမ်းကန်ရွာဦး ကျောင်းဆရာတော် ဦးပဏ္ဍိစ္စထံတွင် ဥပဇ္ဈာယ်ပြုခဲ့ခြင်း ဖြစ်သည်။

ဒုတိယဆရာတော်မှာ ချောက်မြို့ မဟာဇယတီကျောင်းတိုက် (သဒ္ဒပါရဂူ)ဆရာတော်ဖြစ်သည်။ တတိယဆရာတော်မှာ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်တွင် လက်ပံတန်း သဒ္ဓမ္မောဒယဆရာတော် ဖြစ်သည်။ ထိုဆရာတော်ထောင်ကျခံရစဉ်က ဘိုးမင်းခေါင်ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဦးမေဓာဝီ

ထောင်တွင်း ဝင်ရောက်လာပြီး ဝိဇ္ဇာနည်းဖြင့် ကယ်ထုတ်ပေးခြင်းခံရသော ဆရာတော်ဖြစ်ပါသည်။ (အဘိဓမ္မာပါရဂူ) ဆရာတော်ဟုလည်း နာမည်ကြီးပါသည်။

စာသင်ဘက်များမှ ခမ်းဆရာတော်၊ ချောင်းဝဆရာတော်တို့ ဖြစ်ခဲ့သည်။ အသက် ၂၁ နှစ်တွင် ချောက်မြို့တွင် သိတင်းသုံးခဲ့ပြီး ပထမငယ်၊ ပထမကြီးတန်း အောင်မြင်ခဲ့သည်။ နှစ်ဝါမြောက်တွင် ပုပ္ပားတောင် ဦးကျော်နီ (ခ) ဦးကုမာရနှင့်ဆုံခဲ့ပြီး ပုပ္ပားတောင်တွင် ပဌာန်းစာချပေးရန် ပင့်ဖိတ်သဖြင့် နှစ်နှစ်တာ စာချပေးခဲ့ပြီးနောက် ချောက်မြို့သို့ ပြန်ခဲ့သည်။

အသက် ၂၈ နှစ်တွင် ဒုတိယအကြိမ် ပြန်ပင့်လာသဖြင့် လက်ထောက်ဆရာတော်အနေနှင့် စာချပေးရင်း ပုပ္ပားတောင်မှာ သာသနာပြုလုပ်ငန်းများစတင်ခဲ့သည်။

၁၉၈၂ ခုနှစ် အသက် ၄၀ တွင် လှူဘောင်သို့ ကူးပြောင်းခဲ့သည်။ ထို့နောက် ၁၉၈၂-၈၅ မှစ၍ လူ့ဘဝဝတ်ဖြူစင်ကြယ်ဖြင့်နေ၍ တောင်ကလာပ်အလယ်၊ ဦးဇောတိက-ဒေါ်ပုညတိုက်မှာ နေထိုင်ပြီး သုံးနှစ်တာ အကျင့်စခန်းကို ဖိဖိစီးစီး အားထုတ်လေတော့သည်။


၁၉၈၆ ခုနှစ်တွင် ပုပ္ပားတောင်အလယ်မှ ထွက်လာပြီး ရွှေမန်ကျည်းတောနေရာ လိုင်းတော၊ ပြောင်းယံတော၊ မြေရှင်ဦးဖေကြီး၊ ဒေါ်သက်ဆွေ တို့ထံမှ ဒေါ်ဒေါ်ညီမိမ်း (အဘဘိုးမင်းခေါင်နှင့်အတူ သာသနာပြုပါလာခဲ့သူ)မှ ငွေကျပ်ခုနှစ်သောင်းဖြင့် ဝယ်လှူခဲ့သည်။ ဒေါ်ဒေါ်ညီမိမ်းမှာ အဘဘိုးမင်းခေါင်အား ပြုစုပေးရင်း အဘမရှိသည့်နောက်ပိုင်း ဦးမေဓာဝီ၏ သာသနာပြု
*ခြင်းလှုပ်ငန်းမှာ မြှုပ်ထည်းပေးခဲ့သည်*

၁၉၈၉-၉၀ ခုနှစ်မှာ ရွှေမန်ကျည်းတောသို့ ပြောင်းရွှေ့ခဲ့ပြီး အဘဘိုးတော်အောင်မင်းခေါင် ပြည်တော်ဝင်အောင်ပွဲနှင့် နတ်ပွဲများ ခြိမ့်ခြိမ့်သဲကျင်းပပေးခဲ့သည်။ အကြိမ် ၅၀ မြောက်မှစ၍ ယနေ့အများအခေါ် အဘတွဲပွဲမှာ ပို၍စည်ကားလာခဲ့သည်။

ပုပ္ပားတောင်တွင် အဘဦးမေဓာဝီ


www.burmeseclassic.com

www.burmeseclassic.com



ဦးမေဓာဝီ

ထဲသို့ အဘဦးပြည့်စုံ (ဦးပရမတ်)လည်း တရားသနာပြုခဲ့သည်။ ရှေးဘဝ ပတ္တာန်း ဆက်အရ ပုပ္ပား ညီတော်၊ နောင်တော် အဝမှ လာရောက်ခဲ့သူများဖြစ်ပြီး အချင်းချင်း မသင့်မြတ်ခဲ့ပေ။ ဦးပြည့်စုံ ကွယ်လွန်သောအခါ အဘမေဓာဝီမှ ရုပ်ကလာပ်အနီးသွားပြီး မတ်တတ်ရပ်၊ လက်အုပ်ချီမိုး၍ "အပြစ်များရှိက တောင်းပန်ပါတယ် နောင်တော်"ဟု ပြောကြားစဉ် ရုပ်ကလာပ် မျက်လုံး တစ်ဖက်ဖွင့်ကြည့်လာကြောင်း အနီး အနားရှိသူများနှင့် အဘ ဦးမေဓာဝီပါ မြင်တွေ့ခဲ့ရပါသည်။

အဘဦးမေဓာဝီသည် သူ၏ တရားသနာပြုလမ်းစဉ်တွင် ခြေသံလုံ အောင် လျှောက်လှမ်းသူဖြစ်သည်။ မည် သည့်စေနေယျကိုမျှ အဘက ဘယ်လို အမိန့်ချတယ်၊ ဘာလုပ်ပေးရမည်ဟု တင်းအကျပ်မဆိုခဲ့ပါ။ ပညာဂုဏ် ဆောက် ထွက်မပြပါ။ ခန္တီ၊ မေတ္တာ ဆက်ကိုင်ထားပါသည်။

ခုနှစ်ရက်သားသမီး မည်သည့် အိမ် လာပြောပြော "အင်း"ဟုသာ ခေါင်းညိတ်ခဲ့သည်။ ,ပညာဉာဏ်နှင့် ဆင်ခြင်ပြီး ပြောပြလမ်းညွှန်ကာ လမ်း ကြောင်းပေါ် လျှောက်တတ်အောင် တင် ပေးသည်။

သီလ,သမာဓိ,ပညာ ထိုးထွင်းပြီး ဓိတာသာ လုပ်ဆောင်ရပါသည်။

အဘဦးမေဓာဝီသည် သူမသေမီ ဆောင်ရွက်စရာရှိသည့် သာသနာ့ကိစ္စ များကို အားလုံးစီစဉ်ပြီးမှ သွားခြင်း ဖြစ်သည်။

၅-၁၂-၂၀၁၁ ခုနှစ်၊ တနင်္လာ နေ့ည ၈း၁၅ နာရီတွင် တောင်ငူမြို့ မြတ်စောညီနောင်ဘုရားရှိ အစ်မတော် စောနန်း၏ သာသနာပွဲမှအပြန် နေပြည် တော်အရောက် နှလုံးဝေဒနာ အမော ဖောက်လာသဖြင့် နေပြည်တော်ဆေးရုံ တွင် သုံးရက်ခန့်တင်ခဲ့သည်။ ပုပ္ပားသို့ ပြန်အပို့လမ်းမှာပင် ဘဝကူးပြောင်းခဲ့ သည်။ အဘဘိုးတော်အောင် မင်းခေါင် ၏ ပြည်တော်ဝင်အောင်ပွဲ ၅၉ ကြိမ် အထိ ကျင်းပပေးနိုင်ခဲ့သည်။

အဘဦးမေဓာဝီသည် ကွယ်လွန် ချိန်တွင် အသက် ၈၁ နှစ်ရှိပါသည်။

အဘဦးမေဓာဝီ၏ လက်သုံး စကားမှာ -

"သစ္စနယော ကိုယ့်သဘော၊
ဂဇော ဘယ်မသတ်၊
ယုတ္တိရှိသော် ဆော်သာဆော်
တော်ရင် ဖြီးသတတ်"

(အဘ ဦးမေဓာဝီနှင့် ဆက်နွယ် သမျှ ကူညီဖွင့်ဖော်ပေးသော ရုပ်ရှင် ဒါရိုက်တာ ဦးမောင်သီအား ကျေးဇူး တင်ပါသည်။)

မြနန်းရွှေဝါ



www.burmeseclassic.com

www.burmeseclassic.com

# အောင်မင်းခေါင်နှင့် ငြိမ်းချမ်းရေး

အထက်မြန်မာပြည် ဓာတ်ခွဲဌာနဆရာကြီး **ဦးမွှား**




ပထမံ တရားမဂ္ဂဇင်း ပထမတွဲ၊ အမှတ်-၇၊ စာမျက်နှာ-၃၂ မှ ဘိုးတော် ဆရာကြီး ဦးမွှား ရေးထားသော စာမူအား မူရင်းစာသားသည့်ပုံအတိုင်း ပြန်လည်ဖော်ပြထားခြင်းဖြစ်သည်။ (အယ်ဒီတာ)

မြန်မာနိုင်ငံတော်၏ ခေတ်သည် ကိုးထောင်သော သိုက်ထွက်အတိုင်း အမျိုးမျိုးပြုပြင်ပြောင်းလွှဲ၍ သင်တို့ ငါတို့၏ မျက်မှောက်တွင်း တွေ့ကြုံနေကြရသည်မှာ ဗေဒင်မေးစရာ၊ နတ်မေးစရာ မလိုတော့ပြီ။

"ပြောမရှုံ- ကြုံမှသိ" ဆိုသည့်အတိုင်း မြန်မာနိုင်ငံတော်၏ ဆိုးမှု၊ ကောင်းမှု နှစ်ပါးကိုကိုယ်တိုင် တွေ့ကြုံလာသောကြောင့် သူတစ်ပါးကိုတစ်ဆင့် မေးနေကြရန်လည်း မဟုတ်တော့ချေ။

ရန်သူအပေါင်း ဝိုင်း၍ထားသော ယောက်ျားသည် ထိုရန်သူအပေါင်းမှ လွတ်အောင် ပြေးပေါက်ကို ရှာကြသကဲ့သို့ ငါတို့၏ မြန်မာနိုင်ငံတော်သည်လည်း သူ့ဗ္ဗာစ်မျိုး၊ ငါတစ်ဖုံနှင့် ဝါဒတွေ အစုံစုံထလျက် မီးဟုန်းဟုန်း တောက်လောင်နေသော ပြည်တွင်းဆူပူမှုကြီးသည် ယခုအခါ ပြည်သူ၊ ပြည်သားတို့၏အပေါ်၌ ကျရောက်နေလေသည်။ ထိုဆူပူမှုကြီး အမြန်ငြိမ်းအေးစေရန် လွတ်ပေါက်ကို အမြန်ရှာဖွေကြလော့။

အောင်မင်းခေါင် ဘိုးတော်ဘုရားသည် မြန်မာနိုင်ငံတော်နှင့်တကွ သာသနာတော်ကြီးအတွက် ဓာတ်ကြိုးကိုင် စေတီတော်အပေါင်း ၁၅၀ ကျော်တို့ကို မြန်မာနိုင်ငံတော်၌ တည်စိုက်ပြီးစီး အောင်မြင်ခဲ့သဖြင့် ဓာတ်



www.burmeseclassic.com

www.burmeseclassic.com

အလုံးစုံတို့ကို သိမ်းဆည်းထားပြီး ဖြစ်လေသည်။


စေတီတော် ၁၅၀ ကျော်တည်ဆိုက်ခြင်းမှာလည်း မြန်မာနိုင်ငံတော်၌ စေတီများပေါများစေလို၍ မဟုတ်ပေ။ မြန်မာတစ်မျိုးလုံးနှင့် သာသနာတော်ကြီးကို မြှင့်တင်ရန်အတွက် မဟိဒ္ဓိဓာတ်နှင့် ပြည့်စုံသောစေတီတော်များကို တည်ဆိုက်ခြင်းဖြစ်ပေ၏။

မြန်မာနိုင်ငံတော်သည် ငြိမ်းချမ်းရေးလမ်းစဉ်သို့ဆိုက်ရောက်ရန် အရေးကြီးနေပြီဖြစ်သောကြောင့် ပြည်သူပြည်သားအပေါင်းတို့သည် သောင်းသောင်းဖျဖျ စည်းဝေးတိုင်ပင်ကြပြီးလျှင် ငါတို့၏ ကျေးဇူးရှင်ဖြစ်သော အောင်မင်းခေါင် ဘိုးတော်ဘုရားကို နေပြည်တော်သို့ပင့်ဆောင်ရန် အထူးအားထုတ်ကြစေလိုသည်။


တစ်တိုင်းပြည်လုံး ဘိုးဘိုးအောင်မင်းခေါင်တို့ကို အားကိုးကြီးတစ်ခု ပြုလုပ်ကြပြီးလျှင် မိမိတို့၏နေအိမ်၌ ဆီမီး၊ ရေချမ်းဝတ်ထား၍ သစ်သီးဆွမ်းဆက်ကပ်နေကြခြင်း၊ ကန်တော့ပွဲလှူဒါန်းနေကြခြင်းတို့သည် သင်တို့၏ စိတ်ထဲ၌ ဘာကိုရည်၍၊ ဘယ်အကျိုးကို မျှော်ကိုး၍ ဆည်းကပ်ကိုးကွယ်နေကြသနည်း။

ပြည်တွင်းရေးပြဿနာကြီးကို မည်သူဖြေမှ ဖြေရှင်းနိုင်မည်နည်း။ အရိပ်ပြ အကောင်ထင် သိကြဖို့အချိန်သို့ ရောက်ရှိပြီဖြစ်သောကြောင့် ဘိုးတော်ဘုရား၏ ကိုယ်စားဖြစ်သော အောင်မင်းခေါင်ဓာတ်တိုင်မှ ပြည်သူပြည်သားအပေါင်းတို့သည် ငြိမ်းချမ်းရေးအစစ်အမှန်ကို ဝေဖန်နိုင်ကြစေရန် ထုတ်ဖော်၍ကြေညာလိုက်ပါကြောင်း။

**ဆရာကြီး ဦးပွား**




ပထမံ တရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၁၀




ပထမံ တရားမဂ္ဂဇင်း၊ ပထမတွဲ၊ အမှတ်-၁၁

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကြီးကျောင်းသားခေါင်ချီ. ဦးဦးစီးလု ဒီ၀ေသာ

အမျိုးဘာသာ-သာသနာ-ပညာရေးကျော်

အရှေ့ပေါ်

THE AHYE PAW DAILY

အမှတ် (၃၃)

# ဘူးမြင့်ခေါင် ထွက်ရပ် ပေါက်သွား

## မှုပွါးတော့ဘဲဖြစ်တော့ တောင်ကလာပ်မယ် ဓိဋ္ဌာန်ချက်ရ ကာချိန်ပြီး ခမ္မာအိမ်လဲလိုက်သတဲ့ သာသနာ့တဝက်အခုန်းမှာ ရာဇာမငြာလာတော့မယ်ဆိုပါကလား

### ဝိဇ္ဇမရဲပေါ်ဒီမယ်

### ဒီဒီ-ကြည့်ဝမ်းမြ

### ထွက်ရပ်ပေါက်သွားပြီ

### လင်ဒရမို့ရင်လေ

### ဟိုက်ဝင်ဒီဇွာတဲ့

### သာသညီလင်း


www.burmeseclassic.com

www.burmeseclassic.com

# ဘိုးမင်းခေါင် နှင့် ပုပ္ပားတောင် သာသနာပြုပုဂ္ဂိုလ်များ

## (၆၃)ကြိမ်မြောက် အဘဘိုးမင်းခေါင် ထွက်ပွဲအထိမ်းအမှတ်

ဦးသန့်(လာဘ်မိုးစွေ)



### ပုပ္ပားတောင်

ဘီစီ ၄၄၂(မှတ်တမ်းတချို့ ၄၄၄)ခုနှစ်တွင် ပုပ္ပားတောင်ကြီး မီးတောင်ပေါက်ကွဲ၍ ပုပ္ပားမီးသေတောင်ကြီး ဖြစ်လာသည်ဟု ဘူမိဗေဒပညာရှင်တို့က ပြောဆိုမှတ်တမ်း ပြုစုကြသည်။ အတိတ်ကာလက မီးတောင်အဖြစ် အကြိမ်ကြိမ် ပေါက်ကွဲပြီးသည့်နောက်ပိုင်း မီးသေတောင်အဖြစ် ဖြစ်ပေါ်လာခဲ့သည်။


သုတေသနပြုချက်များအရ သက်နှောင်းကပ်(Cenozoic Era)၏ မိုင်အိုဆင်းယုဂ်(Miocene Period) နှောင်းပိုင်း လွန်ခဲ့သော နှစ်ပေါင်း ၁၅ သန်းခန့်က ပုပ္ပားမီးတောင်ကြီးမှာ ပေါက်ကွဲနေဆဲ ဖြစ်ပါသည်။ တေ့တ္တကပ် ပလိုင်စတို ဆင်းယုဂ်(Pleistocene Period) လွန်ခဲ့သော နှစ်ပေါင်း တစ်သန်းမှ ငါးသောင်းအတွင်းအထိ ပုပ္ပားတောင်မှာ မီးသေတောင် မဖြစ်သေးပေ။

ပုပ္ပားမီးတောင်မှ ချော်ရည်၊ ချော်မြုပ်၊ ချော်ခိုးများသည် ကြိမ်ဖန်များစွာ မှုတ်လွှတ်၍ မြေပြင်သို့ တက်နေဆဲပင်ဖြစ်သည်။ မည်သည့်ကာလ၌ ပုပ္ပားတောင်ကြီးသည် မီးသေတောင် စ,ဖြစ်ခဲ့သည်ကို မသိကြရပေ။

ကျောက်ချောခေတ်(Neolithic Age)အစ လွန်ခဲ့သော နှစ်ပေါင်း ၇,၀၀၀ ခန့်၌ ပုပ္ပားတောင်ကြီးသည် မီးသေတောင် ဖြစ်သည်ဟု ခန့်မှန်းခဲ့ကြသည်။ ပုပ္ပားဒေသရှိ ဆည်ပေါက်ရွာ ပတ်ဝန်းကျင်တွင် ကျောက်ခေတ်လူသားများ နေထိုင်သွားလာခဲ့ကြသည့် အထောက်အထား များစွာတို့ကို တွေ့ရှိရသည်ဟု ဘူမိဗေဒပညာရှင်များက ရေးသားဖော်ပြခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုပ္ပားတောင်သည် အမြင့် ၄,၉၈၁ ပေရှိ၍ မြင့်မားသော တောင်ကုန်းတောင်တန်းများ ပါဝင်သော မီးသေတောင်ကြီးတစ်ခုဖြစ်သည်။ ပုပ္ပားတောင်ကလပ်သည် အမြင့်ပေ ၂,၄၁၇ ပေရှိ၍ မတ်စောက်သည်။

## ပုပ္ပားနယ်သမိုင်း

သမိုင်းဦးကာလက ပုပ္ပားနယ်တွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်ခဲ့ကြသည်။ မြန်မာရာဇဝင်မှတ်တမ်းတို့တွင် ဒုတိယ ပုဂံခေတ် သေလည်ကြောင်မင်းလက်ထက် (ခရစ်နှစ် ၃၄၄-၃၈၇) ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ပုဂံဘုရင် သေလည်ကြောင်မင်းသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် တကောင်းမှ ပုဂံသို့ မျောပါလာသည့် စကားပင်တုံးကြီးကို ဆယ်ယူ၍ နတ်မောင်နှမရုပ်ကို ထုလုပ်၍ ကိုးကွယ်ခဲ့သည်ဟု ဆိုသည်။

ပုပ္ပားနယ်မြေသည် ဘုရင်မင်းမြတ်တို့၏ အလေးထားဂရုပြု နတ်ကိုးကွယ်မှုတို့ကြောင့်ပင် ထင်ပေါ်ကျော်ကြား၍ နတ်ကိုးကွယ်ခဲ့ကြသည်ဟု စာပေများတွင် ဖတ်ရှုလေ့လာခဲ့ရသည်။

ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် စသည့် မြန်မာ့သမိုင်း ခေတ်အသီးသီးတို့တွင် မင်းမဟာဂီရိနတ်မောင်နှမတို့သည် နတ်ထိန်းအဆက်ဆက်အဖြစ် နတ်နန်းများကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။

မင်းတုန်းမင်းလက်ထက်၌ ပုပ္ပားမြို့ကို ၁၈၇၂ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် 'ဦးမှုံ' ဆိုသူအား မြို့အုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ကိုလိုနီခေတ်တွင် အင်္ဂလိပ်တို့ကို တော်လှန်ရာ၌ ပုပ္ပားနယ်မှ ဗိန္ဒောဆေးဆရာကြီး ဦးနက်၏သား 'ဗိုလ်နက်ကျော်' သည် ပုပ္ပားနယ်မြေကို ကြီးကြပ်ကွပ်ကဲ၍ အင်္ဂလိပ်တို့ကို တော်လှန်ပုန်ကန်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်(၁၉၂၀ ပြည့်နှစ်) ပတ်ဝန်းကျင်တွင် ပုပ္ပားတောင်ကလပ်သို့ တက်ရောက်နိုင်ရန်အတွက် လူသွားလမ်းကလေးကို 'ဦးသာ

www.burmeseclassic.com

www.burmeseclassic.com

တင်' ဆိုသူက ဖောက်လုပ်ရှင်းလင်းခဲ့သည်ဟု သိရသည်။ ထိုအချိန်က တောင်ကလပ်ကို တက်ရောက်လိုလျှင် နွယ်ကြိုးကြီးများကို ကိုင်တွယ်၍ တက်ခဲ့ကြရသည်ဟု ဆိုသည်။ ပုပ္ပားတောင်နှင့် တောင်ကလပ် ပတ်ဝန်းကျင်တို့တွင် ဆေးဥ၊ ဆေးမြစ်၊ နတ်ရေစင်၊ နတ်ရေတွင်းနှင့် ပန်းများမျိုးစုံ ပေါများသော အရပ်ဒေသ ဖြစ်သဖြင့် ဇော်ဂျီ၊ ဝိဇ္ဇာတို့သည်လည်း ပုပ္ပားနယ်မြေတွင် ကွန်းခိုကျက်စား၍ ပျော်ရွှင်မြူးတူး နေထိုင်ကာ လူသူအရောက်အပေါက် နည်းသော နယ်မြေဟု သိရသည်။

**မြန်မာပြည်အတွင်းရှိ ဇော်ဂျီဝိဇ္ဇာ စာရင်းတစ်ချို့**

(၁) ရှင်မထီး
(၂) ရှင်အဋ္ဌဂေါဏ
(၃) ပထမံ ဦးအောင်
(၄) ဘိုးဘိုးအောင်
(၅) ဦးခမ္ဘစာရီ(တွံတေး)
(၆) ဆံရှည်ဆရာတော်
(၇) သေလည်ကြောင်မင်း(ပုဂံ)
(၈) ပဓုသခ်ရာဇာ
(၉) ခဝဲတောင်ဆရာတော်
(၁၀) တောင်ဖီလာ ဆရာတော်
(၁၁) မင်းကျောင်းဆရာတော်
(၁၂) ငွေသံကြား ဆရာတော်
(၁၃) ဦးဝါသဝဆရာတော်
(၁၄) တောင်လေးလုံး ဆရာတော်
(၁၅) လေးထပ်ဆရာတော်
(၁၆) ရှင်အရဟံ ကိုယ်တော်
(၁၇) ဗားမဲ့ဆရာတော်
(၁၈) ဗားမြိုက်ဆရာတော်
(၁၉) ဗားထီးဆရာတော်
(၂၀) ဗားတမော့ဆရာတော်
(၂၁) ဓမ္မစေတီမင်းခေါင်
(၂၂) ဓမ္မပါလဝိသုဒ္ဓိဆရာတော်
(၂၃) ကောဏ္ဍညဆရာတော်
(၂၄) လျှာရှည်ဆရာတော်
(၂၅) အထုပ်တစ်ရာကိုယ်တော်
(၂၆) ကြားကိုယ်တော်
(၂၇) ယောင်ကိုယ်တော်
(၂၈) အာဏာစက်ဆရာတော်
(၂၉) ပညာသိပ္ပဆရာတော်
(၃၀) ဣန္ဒာစရိယဆရာတော်
(၃၁) သာယာဆရာရသေ့
(၃၂) ဝဏ္ဏလက်ာဆရာရှင်သေ့
(၃၃) ဒိဗ္ဗစက္ခုဆရာရသေ့
(၃၄) သံသိပ္ပဘွဲ့ခံဆရာရသေ့
(၃၅) ဣန္ဒာသက္ကဆရာရသေ့
(၃၆) ဂေါရဝိန္ဒဆရာရသေ့
(၃၇) မနော့မယသိဒ္ဓိရှင်
(၃၈) ကျောက်မျက်သခင် ရသေ့ဦးအောင်
(၃၉) ဆရာကြီး ဦးခေါင်
(၄၀) ဆရာကြီး ဦးရဲသူ
(၄၁) ဆရာဖြူ
(၄၂) ဆရာငြိမ်း
(၄၃) ဆရာကြီး ဦးနေတက်
(၄၄) ဆရာ့ကြီး ဦးချစ်လှိုင်
(၄၅) ဗောဓိပင်ဆရာဆိုင်
(၄၆) အောင်တော်မူဆရာထယ်
(မန္တလေးအရှေ့ပြင်အောင်တော်မူ)
(၄၇) ဦးမှတ်ဆိတ်
(၄၈) ဆရာသွယ်(မြစ်ငယ်)
(၄၉) စကြာမင်း
(၅၀) ဆရာဝင်း



www.burmeseclassic.com

www.burmeseclassic.com

(၅၀) မယ်ဒက်ဆရာတော်
(၅၂) မောနေယျကိုယ်တော်
(၅၃) ဦးကောသလ္လဆရာတော်
(၅၄) ဦးဥက္ကံသဆရာတော်
(၅၅) ရာကျော်ဆရာတော်
(၅၆) အဖေကြီးဦးအောင်ချမ်းသာ
(၅၇) အဘဦးငယ်
(၅၈) ဆေးဘုန်းကြီး ဦးရေဝတ
(၅၉) ပုပ္ပားဖိုဝင်ဆရာတော် ဦးကုမာရ
(၆၀) အဘဘိုးဝါသံဝ
(၆၁) ယက္ကန်းစင်တောင်ဆရာတော်
(၆၂) အဘရာကျော်
(၆၃) အဘဘိုးပေါက်ဆိန်
(၆၄) ဦးအောင်ချမ်းသာ
(၆၅) ရသေ့ကြီးဦးခန္တီ
(၆၆) ရသေ့ကြီးဦးစီ
(၆၇) ပထမံဆရာလှိုင်
(၆၈) ဘိုးပီယ
(၆၉) ဘိုးပိုက်ဆံ
(၇၀) ဘိုးသံ
(၇၁) ဘိုးမင်းခေါင်
(၇၂) 'ဝ'တစ်လုံး ဦးပန်းအေး
(၇၃) သစ္စာရှင်ဘိုးဘိုး
(၇၄) သန်လျင် နတ်စင်တစ်ရာ
(၇၅) ကလေးဝ ဆရာတော်
(၇၆) တစ်လေးလုံး ဆရာတော်

ဤကဲ့သို့ ဝိဇ္ဇာများစာရင်းကို အများသိသာစေရန် စုဆောင်းဖော်ပြရသည့်အတွက် ဝိဇ္ဇာလမ်းစဉ် အောင်မြင်ပါစေ၊ ကိုယ်တိုင်လည်း ဣစ္ဆာသယ လိုတရသည့် မန္တဝိဇ္ဇာ ဖြစ်ရပါစေသော်ဝ. . .

ထိုဝိဇ္ဇာစာရင်းသည် မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားခဲ့သော စာရင်းများ ဖြစ်ပါသည်။

(ဤစာပြုစုသူ အနေဖြင့် တစ်ချို့သော အကြောင်းအရာ အချက်အလက်များလည်း ကျန်ရှိနိုင်ပါသည်။)

## အဘဘိုးမင်းခေါင် ထွက်ပွဲ

နှစ်စဉ်နှစ်တိုင်း တော်သလင်းလပြည့်ကျော် ၂ ရက်နေ့ မတိုင်မီ သုံး,လေး,ငါးရက် အလိုခန့်၌ ထောင်သောင်းပေါင်းများစွာမက ပရိသတ်တို့သည် ပုပ္ပားတောင်ကလပ်သို့ စုဝေးရောက်ရှိလာသည်ဟု သိရှိရသည်။ ယောဂီရောင်၊ အဖြူရောင်၊ အနီရောင် စသည့် ဝတ်စုံများကို ဝတ်ဆင်လျက် ပုပ္ပားနယ်မြေသို့ လာရောက်တည်းခိုကာ သီလဆောက်တည်၍ အဓိဋ္ဌာန်ဝင်ခဲ့သည်မှာ ရိုးရာအစဉ်အလာပွဲတော် တစ်ရပ်ကဲ့သို့ ဖြစ်နေသည်။ ထို့ပြင် ယခင်နှစ်က အဓိဋ္ဌာန်အောင်ခဲ့၍ ယခုနှစ် အဓိဋ္ဌာန် လာရောက်ခဲ့ကြသူများလည်း ရှိကြသည်။ အုန်းပွဲ၊ ငှက်ပျောပွဲနှင့် ဈေးသည်တို့သည်လည်း တိုးမပေါက်အောင် စည်ကားလှပေသည်။

အဘဘိုးမင်းခေါင် အမှူးပြုသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဝိဇ္ဇာမိုရ်တို့အား ပူဇော်ကန်တော့ပ,သခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းတို့ကြောင့် ထိုကဲ့သို့ စည်ကားလာခြင်း ဖြစ်ပေသည်။

ပုပ္ပား၌ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရင်း(၅-၉-၁၉၅၂)ခုနှစ်၊ သောကြာနေ့၊ မြန်မာသက္ကရာဇ် ၁၃၁၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ သောကြာနေ့သည် အဘဘိုးမင်းခေါင် ထွက်ရပ်ပေါက်သွားသောနေ့ဖြစ်သဖြင့် ထိုနေ့သည် ပုပ္ပားတောင်ကလပ်၌ အစည်ကားဆုံး နေ့တစ်နေ့ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ပုပ္ပားတောင်ကလပ် သာသနာပြုလုပ်ငန်းများ

ဂေါပကလူကြီး 'ဦးသာတင်' သည် ပုပ္ပားတောင်ကလပ်သို့ သွားသော လူသွားလမ်းကလေးကို ရှင်းလင်းပြီးသည့်နောက်ပိုင်း ၁၉၂၁ ခုနှစ်၌ 'ကျိုက်ထီးရိုးဆရာလေး(ခေါ်)'ဝ'တစ်လုံး ဦးပန်းအေး'သည် ပုပ္ပားတောင်ကလပ်၌ စေတီတည်ရန်အတွက် ပုပ္ပားတောင်ကလပ်ပေါ်၌ ပန္နက်ချ၍ စေတီတည်ခဲ့သည်။

၁၉၂၃ ခုနှစ်တွင် ပုပ္ပားတောင်ကလပ်ပေါ်သို့ မော်လမြိုင်မြို့မှ သူဌေးတစ်ဦးဖြစ်သူ 'ဦးကြွယ်' ဆိုသူက ဦးဆောင်တက်ရောက်၍ ပုပ္ပားတောင်ကလပ်ထိပ် တော်ဝန်းကျင်တို့ကို ခုတ်ထွင်ရှင်းလင်းခဲ့သည်ဟုလည်း သိရှိရသည်။ ထိုတောင်ကလပ်ထိပ်၌ပင် အမြင့် ၁၈ပေခန့်ရှိသော တံခွန်တိုင်ကို ၁၉၂၄ ခုနှစ်၌ 'မောနေယျ' ဆိုယ်တော်ကြီးက ဦးစီးဦးဆောင်၍ စိုက်ထူခဲ့ကြသည်။ ထို့ပြင် ဇင်းတောင်ကလပ်၌ ၁၉၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့၌ ဦးသာတင်က အခါပေး၍ 'ဝ'တစ်လုံး ဦးပန်းအေးသည် ပုပ္ပားတောင်ကလပ်ထိပ်၌ ဘုရားတည်ရန် အုတ်မြစ်ချခဲ့သည်။ ထိုလ ၂၅ ရက်နေ့တွင် ထီးတော် ၉ မိုက်ရှိ စေတီတော်တစ်ဆူကို တည်ထားကိုးကွယ်၍ ပင့်သံဃာအပါး ၂၄ ပါးကို ပင့်ဖိတ်ကာ ဘုရားအနေကဇာတင်လှူပွဲများ ကျင်းပ၍ ဆွမ်းကပ်လှူခဲ့ကြသည်။ ထိုအချိန်၌ အတီးအမှုတ် တူရိယာများဖြင့် အဆိုအကများ ပြုလုပ်ကာ ပရိသတ်များ စည်ကားလှသည်ဟု သိရှိရသည်။

ထို့နောက် တစ်နှစ်ပြီး တစ်နှစ် ဆရာတော်ကြီးများ ဝိဇ္ဇာဓိုရ်များ၊ လူပုဂ္ဂိုလ်ကြီးများ၊ သူဌေးကြီးများနှင့် ဒကာဒကာမ ရက်သားသမီးတို့က ပုပ္ပားတောင်ကလပ်၌ စေတီတည်ခြင်း၊ သံလှေကားတပ်ခြင်း၊ အာရုံခံသွပ်မိုးများ မိုးလုပ်ခြင်း၊ နတ်နန်းများ ဆောက်လုပ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

၁၉၂၆ ခုနှစ်တွင် ပုပ္ပားတောင်ကလပ်သို့တက်ရန် လမ်းခုလတ်တွင် မယ်ဝဏ္ဏရုပ်တု ထုလုပ်၍ နတ်နန်းတစ်ခုကို ဆောက်လုပ်ကိုးကွယ်ခဲ့ကြသည်။ ပုပ္ပားတောင်ကလပ်ထိပ်၌လည်း 'ပခုက္ကူဆရာတော် ဦးသုဇာတ' က စေတီတစ်ဆူ တည်ခဲ့သည်။

၁၉၂၇ ခုနှစ်တွင် 'ဆရာတော် ဦးကေသလ' ဦးဆောင်၍ တောင်ကလပ်သို့တက်ရာလမ်းတစ်လျှောက် လမ်းတွင်ရှိသော သစ်သားလှေကားသုံးစင်းအား သံလှေကားများဖြင့် အစားထိုးတပ်ဆင် ပြုပြင်ခဲ့သည်။

၁၉၂၈ ခုနှစ်၌ ပုပ္ပားဆရာတော်များနှင့် ဂေါပကလူကြီးများ ဦးစီးဦးဆောင် ကြပ်မတ်၍ ထီးသုံးဆင့်စေတီကို အုတ်မြစ်ချကာ ကြပ်မတ်ဖြီး ၁၉၂၉ ခုနှစ်၌ ထိုထီးသုံးဆင့်စေတီကို 'ဝန်ထောက် ဦးတိုးချစ်' က ထီးတော်တင်လှူ ပူဇော်ပွဲ ကျင်းပခဲ့သည်။ ထိုထီးသုံးဆင့်စေတီတော်ကိုပင် ၁၉၃၀ ပြည့်နှစ်၌ ဒုတိယထီးတော်ကို ရန်ကုန်မြို့ ကိုးထပ်ကြီးဘုရား ဒါယကာ 'သူဌေးကြီး ဦးကျော်' က တင်လှူပူဇော်ခဲ့ပြန်သည်။ ထိုသူဌေးကြီး 'ဦးကျော်'ကပင် တောင်ခြေ၌ မယ်တော်ကြီးနတ်ကွန်းကိုလည်း တည်ဆောက်ကိုးကွယ်ခဲ့ပြန်သည်။ ထိုပုပ္ပားတောင်ကလပ်ပေါ်တွင်ရှိသော ထီးတော်စေတီ၏ မြောက်ဘက်တွင် သူဌေးကြီး 'ဦးကျော်' က စေတီတစ်ဆူ ထပ်မံတည်ခဲ့ပြန်သည်။

၁၉၃၂ ခုနှစ်သို့ ရောက်ရှိသောအခါ ထိုထီးသုံးဆင့် တောင်ဘက်၌ မြင်းခြံမြို့ရှိ ဝန်ထောက်မင်း 'ဦးခင်မောင်ကြီး' နှင့် သာသနာပြုပုဂ္ဂိုလ်အပေါင်းတို့က အာရုံခံသွပ်မိုး အဆောက်အဦတစ်ခု ဆောက်လုပ်လှူဒါန်းခဲ့ကြလေသည်။

ပုပ္ပားတောင်ကလပ် 'ဆရာတော် ဦးကေတု'မှ ပုပ္ပားတောင်ကလပ်မြောက်ဘက် စေတီတစ်ဆူ တည်ဆောက်ကာ 'ဆရာတော် ဦးကေတု'သည် ပုပ္ပားသီလတောင်မှ ပြောင်းရွှေ့၍ ကျောင်းထိုင်ခဲ့သည်ဟု သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အဘဘိုးမင်းခေါင် ပုပ္ပားတောင်ကလပ်သို့ ရောက်ရှိလာခြင်း

၁၉၃၈ ခုနှစ်တွင် ဘိုးမင်းခေါင်(ခေါ်)ဘိုးဘိုးကြီးသည် ပုပ္ပားတောင်ကလပ်သို့ စတင်ရောက်ရှိနေထိုင်လာခဲ့လေသည်။

အဘဘိုးမင်းခေါင်သည် ပုပ္ပားတောင်မကြီး၏ အရှေ့မြောက်ဘက် စင်မြင့်ရွာ၌ အဖ ဦးအောင်ပု၊ အမိ ဒေါ်မင်းသစ်တို့မှ ၁၈၈၀ ပြည့်နှစ်၊ မေလ ၂ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။

ငယ်မည်မှာ ဘိုးအောင်ဖြစ်သည်။ ရဟန်းဘွဲ့အမည်မှာ ဦးအာစိဏ္ဏ ဖြစ်သည်။ ရဟန်းဘဝ ၁၀ ဝါအရတွင် မြို့ရွာအနှံ့ လှည့်လည်ခဲ့သော်လည်း မွေးရပ်မြေ စင်မြင့်ရွာ၌ပင် အခြေချ နေထိုင်ခဲ့သည်။


ထို့နောက် ၁၃ ဝါအရတွင် ရဟန်းဝတ်နှင့်ပင် ခရီးထွက်ခဲ့ပြန်သည်။ ထိုသို့ ခရီးထွက်ရာမှ နှစ် ၃၀ ခန့်တိုင်အောင် အဘဘိုးမင်းခေါင်သည် ထူးဆန်းစွာ ပျောက်ဆုံးခဲ့လေသည်။

ထိုသို့ ပျောက်ဆုံးခဲ့ချိန်အတွင်း ခရစ်နှစ် ၁၉၁၈ ခုနှစ်၌ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်ရှိ နမ္မားခရုချောင်းရွာ၌ နှစ်ပေါင်းများစွာကြာအောင် သာသနာ့ဓာတ်ပန္နက်ချ၍ အရှုးအသွင်ယူကာ သာသနာ့လုပ်ငန်းများကို လုပ်ဆောင်သည်ဟု ဆိုကြသည်။


ထို့ပြင် ကသာ၊ မော်လိုက်ဒေသများတွင်လည်း လှည့်လည်၍ သာသနာပြုလုပ်ငန်းများကို ပြုလုပ်ခဲ့လေသည်။

၁၉၂၆ ခုနှစ်တွင် ကသာမြို့၌ ဗြိတိသျှတို့က မသင်္ကာမှုဖြင့် ဘိုးမင်းခေါင်ကို ခေတ္တဖမ်းဆီးခဲ့၏။

အဘဘိုးမင်းခေါင်သည် ထမင်းဆိုင်တွင် လည်လှီးပြီးသား ကြက်သေကို ပြန်ရှင်အောင် လုပ်ပြခြင်း၊ ဧရာဝတီမြစ်ထဲ၌ သစ်တုံးကြီးစီး၍ ရေဆန်တက်









www.burmeseclassic.com

ပြခြင်း၊ ကျားရိုင်းကြီးများကို ကြောင်တစ်ကောင်နှယ် ကစားပြခြင်း၊ အင်ဂျင်မပါ၊ ဘီးမပါသော ကားပျက်ကြီးကို ပုပ္ပားမှ ကျောက်ပန်းတောင်းအရောက် မောင်းနှင်ပြသခြင်းများ ပြုလုပ်ခဲ့သည်။

အဘဘိုးမင်းခေါင်သည် ၁၃၀၀ ပြည့်နှစ်၊ တပေါင်းလ(၁၉၃၈ ခုနှစ်၊ မတ်လ)တွင် နောက်ပါတပည့် ရှမ်းအမျိုးသား ၄ ဦးနှင့်အတူ ပုပ္ပားမြို့သို့ လှူဝတ်ကြောင်ဘဝဖြင့် ပြန်လည်ကြွမြန်း ရောက်ရှိခဲ့သည်။ ပုပ္ပားမြို့ရှိ တောင်ကျောင်းဆရာတော် ဦးကေသရထံတွင် ဝင်ရောက်တည်းခိုနေထိုင်သည်။ ထိုမှတစ်ဖန် ဦးကေသရ ကျောင်းအနီးရှိ ဦးနီတို့၏အိမ်သို့ ပြောင်းရွှေ့ခဲ့လေသည်။ ထိုအိမ်တွင် အတော်ကြာမြင့်စွာ နေထိုင်ခဲ့လေသည်။ ထိုမှတစ်ဆင့် ပုပ္ပားတောင်ကလပ်ရှိ ဓာတ်ခန်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ထိုနေရာတွင် ယခုတိုင် "အောင်မင်းခေါင်စေတီ" ဟု အများခေါ်ဝေါ်သည့် စေတီငယ်တစ်ဆူ တည်ထားကိုးကွယ်ခဲ့သည်။

အဘဘိုးမင်းခေါင်သည် မဟိဒ္ဓိစခန်း သိဒ္ဓိသမ်းသို့ ဝင်ထွက်လှုပ်ရှားရာ နေရာများတွင် ဓာတ်ခန်းများ၊ အဘ၏ ဝင်ရာ ထွက်ရာ ဌာနများ၊ အမိဌာန်ဂူများကို တည်ဆောက်ခဲ့လေသည်။

## အဘဘိုးမင်းခေါင်၏ ထွက်ရပ်လမ်း

ပုပ္ပားတောင်ကလပ်တွင် ၁၃၁၄ ခုနှစ်၌ အမွှာလုံးစေတီ တည်ခဲ့သည်။ အဘဘိုးမင်းခေါင်သည် အသက် ၇၂ နှစ်အရွယ်တွင် ပုပ္ပားတောင်ကလပ်အလယ်(ယခု ဘိုးမင်းခေါင်ဓာတ်ခန်း တည်ရှိရာ) ဇရပ်အဆောက်အဦ၌ ၁၃၁၄ ခုနှစ် တော်သလင်းလပြည့်ကျော် ၂ ရက်(၅-၉-၁၉၅၂)သောကြာနေ့၊ ညနေ ၄ နာရီ ၁၅ မိနစ်အချိန်တွင် မူလခန္ဓာရုပ်ဟောင်းကိုစွန့်ခွာ၍ ထွက်ရပ်စခန်းသို့ ကြွမြန်းခဲ့လေသည်။

## ထွက်ရပ်လမ်းမှ အဘဘိုးမင်းခေါင်၏ ထူးခြားချက်

အဘဘိုးမင်းခေါင်သည် ထွက်ရပ်စခန်းသို့ ဝင်သွားချိန်က ခန္ဓာကိုယ်အောက်ပိုင်းမှာ ပုပ်စော်နံနေပြီး ခန္ဓာကိုယ်အထက်ပိုင်းမှာ မွှေးကြိုင်နေကြောင်း၊ ထွက်ရပ်စခန်းမမြန်းမီ အသက်မီလိုက်သော ခါမင်းဝဲတောင်ဆရာတော် ဦးက္ကန္ဒက(စစ်ကိုင်း)က မိန့်ကြားမှု တစ်ရပ်ရှိခဲ့သည်။

အဘဘိုးမင်းခေါင်သည် ပုပ်စော်နံနေသောအောက်ပိုင်းသည် မိမိ မရှိသည့်အခါ အောက်တန်းကျသူများက မိမိနာမည်နှင့် လုပ်စားကြလိမ့်မည်ဖြစ်ကြောင်း၊ မွှေးကြိုင်သော ခန္ဓာအထက်ပိုင်းကမူ သီလ၊ သမာဓိရှိသူ အထက်တန်းစားပုဂ္ဂိုလ်များက မိမိ၏ နာမည်ကို ဂုဏ်သတင်းမွှေးအောင် စွမ်းဆောင်နိုင်ကြလိမ့်မည်ဟု ပြောကြားခဲ့ကြောင်း ဆရာတော် ဦးက္ကန္ဒက(စစ်ကိုင်း)က မိန့်ကြားခဲ့ခြင်း ဖြစ်သည်။

## ထွက်ရပ်မမြန်းမီက ဘိုးမင်းခေါင်၏ မှာကြားရပ်

အဘဘိုးမင်းခေါင်သည် ထွက်ရပ်မမြန်းမီ တပည့်များကို မှာကြားခဲ့သည်မှာ "ရုပ်ကို မသုံး၊ နာမ်ကို သုံးမည်" မိမိ ကြွလာသည့်အခါ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ကြွလာမည်ဖြစ်ကြောင်းနှင့် 'နတ်ကြိုး၊ ဓာတ်ကြိုး၊ သိုက်ကြိုး၊ သာသနာကြိုး' တွေကို ပိုင်ပိုင်နိုင်နိုင် ကိုင်ထားသည့်အတွက် "လေးကြိုးမင်းခေါင်" ဟူ၍လည်း ခေါ်ကြောင်း မှာကြားခဲ့သည်။

xxxxx



www.burmeseclassic.com

www.burmeseclassic.com

အဘအောင်မင်းခေါင်သည် ခေါင်လေးခေါင် ဖြစ်၍ ပထမ အင်းဝမင်းခေါင်၊ သတိုးမင်းခေါင်၊ ဓမ္မစေတီမင်းခေါင်၊ ၎င်းနောက်ပိုင်း ပုပ္ပားမင်းခေါင် ဖြစ်ကြောင်း သိရှိရသည်။ အဘဘိုးမင်းခေါင်နှင့် ပတ်သက်၍ အဘဘိုးမင်းခေါင်အား သိရှိခဲ့သော မိန့်ကြားနိုင်သည့် ပုဂ္ဂိုလ်ကြီးများမှာ ပြင်ဦးလွင် အနီးစခန်း ဆရာတော်ဘုရားကြီး၊ မင်းကွန်းမနောမယ ဆရာတော်ဘုရားကြီး၊ မိုးညှင်းဆရာတော်ဘုရားကြီး၊ ဘူးကိုင်းဆရာတော်ဘုရားကြီး၊ ဝေဘူဆရာတော်ဘုရားကြီး၊ ဦးဇောတိပါလ ဆရာတော်ဘုရားကြီးတို့ ဖြစ်သည်ဟု သိရှိရသည်။

အဘဘိုးမင်းခေါင်သည် အထက်အောက် မြန်မာပြည်အနှံ့ မြို့ရွာဒေသများသို့ သာသနာပြုရန် တပည့်များအား အချိန်ကာလအလိုက် စေလွှတ်ခဲ့သည်ဟု သိရှိရသည်။

xxxxx

## ပုပ္ပား 'ဝ' တစ်လုံးဂန္ဓာရီဦးပန်းအေး (ဘိုးမင်းခေါင် နှင့် ပုပ္ပားတောင် သာသနာ့ပြုပုဂ္ဂိုလ်များ)

၁၉၂၁ ခုနှစ်(မြန်မာသက္ကရာဇ် ၁၂၈၃)ခုနှစ်တွင် ကျိုက်ထီးရိုးဆရာလေး ဦးပန်းအေးသည် သမားတော်ကြီး ဦးသာတင့်(အဖ ပုပ္ပားမြို့ သမားတော်ကြီး ဦးရွှေစို)၏ ခွင့်ပြုချက်ဖြင့် ပုပ္ပားတောင်ကလပ်ထိပ်တွင် စေတီတည်ရန် ပန္နက်ချခဲ့သည်။ ၁၉၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်(မြန်မာသက္ကရာဇ် ၁၂၈၇၊ တော်သလင်းလဆုတ် ၁၂ ရက်)နေ့၌ အဘဦးသာတင့်၏ အခါတော်ပေး တွက်ချက်မှုအရ ဦးပန်းအေးသည် ပုပ္ပားတောင်ကလာပ်ထိပ်၌ ဘုရားအုတ်မြစ်ချ၍ ထိုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဉာဏ်တော် ၉ မိုက်ရှိ စေတီတော်ကို ဘုရားအနေကဇာတင်ကာ သံဃာတော်တို့ကို ပင့်ဖိတ်၍ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့ပြင် ပုပ္ပားတောင်ကလာပ်ထိပ်၌ ပွဲတော်ကျင်းပ၍ အတီးအမှုတ် တူရိယာများဖြင့် ပရိသတ်များ စည်ကားခဲ့သည်။

၁၉၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ဦးပန်းအေးသည် ကိုးမိုက်စေတီတော်အနီး၌ ခေါင်းလုံးတစ်လုံးကိုလည်း သွန်းလုပ်လှူဒါန်းခဲ့သည်ဟု သိရှိရသည်။

ပုပ္ပားတောင် ကလာပ်တွင် ဦးပန်းအေးသည် နာမည်ထင်ရှား ကျော်ကြားခဲ့သူ ဖြစ်သည်။ ပုပ္ပားတောင်ကလပ်မှ မြောက်ဘက် ၂ မိုင်ခန့်အကွာတွင် ဦးပန်းအေး၏ ထွက်ရပ်ပေါက်ဂူ ရှိသည်။ ၎င်းဂူ၏ အနောက်ဘက် ကိုက် ၁၀၀ ခန့်တွင် ကြောင်ပန်းတရားပြဌာနတစ်ခုလည်း ရှိသည်။

xxxxx

## သမားတော်ကြီးဦးသာတင့် (ဘိုးမင်းခေါင် နှင့် ပုပ္ပားတောင် သာသနာပြုပုဂ္ဂိုလ်များ)

ပုပ္ပားမြို့ သမားတော်ကြီး ဦးရွှေစို၏ သားဖြစ်သူ ဦးသာတင့်သည် အဘဘိုးမင်းခေါင် အနီး၌ နေထိုင်၍ သိရှိထိတွေ့ပြီး အဘ၏ ပညာများကို ရယူခဲ့သူဖြစ်သည်။ ပခုက္ကူမြို့ တိုင်းရင်းဆေး မြင့်မားတိုးတက်ရေးအဖွဲ့သည် ၁၉၉၅ ခုနှစ်၌ ပုပ္ပားတောင်သို့ ရောက်ရှိစဉ် အဘဘိုးမင်းခေါင်နှင့် အတူနေထိုင်ခဲ့သော တိုင်းရင်းဆေးဆရာကြီး ဦးသာတင့်နှင့် တွေ့ဆုံမေးမြန်းခဲ့ကြသည်ဟု သိရှိရသည်။ အဘ ဦးသာတင့်သည် ဘိုးမင်းခေါင်နှင့် အတူနေစဉ်က အောင်သိဒ္ဓိကုန်းချောင်ကလေးတစ်ခုတွင် အတူနေခဲ့ကြသည်ဟု သိ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုအချိန်က အောင်သိဒ္ဓိကုန်းသည် လူများ အရောက်အပေါက်နည်း၍ မစည်ကားကြသေးပေ။

အဘဦးသာတင့် ပြောကြားချက်အရ အဘသည် ဘုရားဖူးလျှင်လည်း အခြားသူများနှင့် မတူအောင် ဘုရားဖူးသည်ဟု သိရှိရသည်။ တစ်ခါတစ်ရံ ထမင်း မစားဘဲ သစ်သီးများ စားနေသည်ကို ကိုယ်တွေ့ တွေ့ရှိရသည်ဟု ဆိုသည်။ တစ်ခါတစ်ရံ ထိုအောင်သိဒ္ဓိကုန်းမှ တစ်ပတ် နှစ်ပတ်ခန့် ပျောက်ကွယ်သွားသည်ဟု ဆိုသည်။ အဘဘိုးမင်းခေါင်သည် အပြောကြမ်း၊ အနေကြမ်းသော်လည်း စိတ်နေစိတ်ထားသည် ဖြူစင်နူးညံ့၍ လောကီအကျိုး လောကုတ္တရာအကျိုးများကို လုပ်တတ်သည်ဟု သိရှိရသည်။

အဘဘိုးမင်းခေါင်သည် မည်သည့်အချိန် ပုတီးစိပ်စိပ်၊ မည်သည့်အချိန် နှုတ်မှရွတ်ပွားကာ 'အနုလုံ ပဋိလုံ' စိပ်လေ့ ရွတ်လေ့ရှိသည်။

ဦးသာတင့်သည် ပုပ္ပားတောင်ကလပ်၌ နေထိုင်၍ ဗုဒ္ဓဝေယျာဝစ္စများကို အမြဲပြုလုပ်လေ့ရှိသည်။ ပုပ္ပားမြို့ ဂေါပကအဖွဲ့ နာယကဆရာကြီးများ ဖြစ်ကြသော ဆရာတော် ဦးသောန၊ မြောက်ကျောင်း ဆရာတော် ဦးယုဂန်၊ အုတ်ကျောင်းဆရာတော် ဦးတိဿတို့၏ ခိုင်းစေမှုကြောင့် အသက် ၃၀ ကျော် အရွယ်တွင် ဦးသာတင့်သည် ဂေါပကလူကြီးအဖြစ် အလုပ်လုပ်ခဲ့သည်။

xxxxx

## ဆရာကြီး ဦးပွား (ဘိုးမင်းခေါင် နှင့် ပုပ္ပားတောင် သာသနာပြုပုဂ္ဂိုလ်များ)

အဘအောင်မင်းခေါင် သက်ရှိထင်ရှား ရှိစဉ်တပင် မိမိ၏ ကိုယ်ပွားအဖြစ် ဦးပွားကို ထားရှိခဲ့သည်။ ဦးပွားကိုလည်း မိမိကိုယ်စား ကိစ္စအဝဝ ဆောင်ရွက်စေခဲ့သည်။ ထို့ပြင် အဘဘိုးမင်းခေါင်၏ သိဒ္ဓိများကိုလည်း ချီးမြှင့်စေ၍ ကိုယ်ပွားအဖြစ် ဆောင်ရွက်စေသည်။

မန္တလေးမြို့ မန္တလေးတောင်ခြေရှိ နတ်စလင်းကျောင်း မိုးထိတိုက်တွင် အဘပွားသည် အနေများလေသည်။ ထိုမိုးထိတိုက် နတ်စလင်းကျောင်းကိုလည်း 'အောင်မင်းခေါင် အဖွဲ့ချုပ်ကြီး ကိုယ်ပွား' အဖြစ် ကြေညာခဲ့လေသည်။ ထိုကျောင်းကို ပထမံတရားစွင်းတွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

လပြည့်နေ့တိုင်း ထုတ်ဝေသော ပထမံတရားစွင်း ပထမတွဲ၊ အမှတ်-၇၊ ၁၃၁၁ ခုနှစ်၊ ဝါဆိုလပြည့်ထုတ် မဂ္ဂဇင်း၊ စာမျက်နှာ-၃၂ ၌ 'အောင်မင်းခေါင်နှင့် ငြိမ်းချမ်းရေး' ဟူသော ဆောင်းပါးကို အထက်မြန်မာပြည်စာတတ်ခွဲဌာန ဆရာကြီး ဦးပွား ဟူ၍ ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့သည်။ ထိုဆောင်းပါးကိုလည်း ရောင်ပြန်မဂ္ဂဇင်းတွင် သီးသန့်ဖော်ပြပေးထားပါသည်။

ထိုမိုးထိတိုက်သည် အဘဘိုးမင်းခေါင်၏ သာသနာပြုရန် ပိုင်ဆိုင်သော အောင်မြေဖြစ်၍ ၁၃၀၆ ခုနှစ်၌ အဘအောင်မင်းခေါင်စာတတ်ခွဲတစ်ခု ဖွင့်လှစ်တော်မူခဲ့သည်။ ထိုစာတတ်ခွဲ၌ အဘကိုယ်စား ဆရာပွားအား သိဒ္ဓိအရပ်ရပ် ပေးအပ်တော်မူ၍ မွေ့လာမည့် သာသနာပြုလုပ်ငန်းစဉ်တို့ကို ပါရမီရှင်များအား ဆောင်ရွက်စေခဲ့သည်။

[မှတ်ချက် - ၁၃၀၀ ပြည့်နှစ်(ခရစ်နှစ် ၁၉၃၈)တွင် အဘဘိုးမင်းခေါင်သည် တောင်ကလပ်သို့ စတင်ရောက်ရှိနေထိုင်ခဲ့သည်။]



www.burmeseclassic.com

www.burmeseclassic.com

## ဆရာတော် ဦးကောသလ္လ (ဘိုးမင်းခေါင် နှင့် ပုပ္ပားတောင် သာသနာပြုပုဂ္ဂိုလ်များ)

မြန်မာသက္ကရာဇ် ၁၂၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၂ ရက်(၁၉၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၃) ရက်နေ့တွင် ပုပ္ပား ဦးကောသလ္လမှ ပခုက္ကူ ဦးသုဇာတ တည်ထားခဲ့သော ကျိုက်ထီးရိုးနှင့်တူသော ကျောက်တုံးစေတီတော်တွင် ထီးတော်တစ်လက် စတင် တင်လှူပူဇော်ခဲ့သည်။

၁၉၂၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့၌ ပုပ္ပား ဆရာတော် ဦးကောသလ္လသည် တောင်ကလပ်သို့ တက်သော အတက်အဆင်း သစ်သားလှေကား သုံးနေရာများတွင် သံလှေကားအဖြစ်သို့ ပြောင်းလဲ၍ သံလှေကားသုံးစင်းကို ရဟန်းတော်များ၊ လူပုဂ္ဂိုလ်များတို့နှင့်အတူ ပြန်လည်ပြင်ဆင် တပ်ဆင်ပေးခဲ့သည်။

ထိုနှစ်တွင်ပင် အစိုးရက ဘုရားမြေကို ဂရန်ရမည်ဟု ပြောကြားသဖြင့် ပုပ္ပားဂေါပကအဖွဲ့တို့နှင့်အတူ ဆရာတော် ဦးကောသလ္လ၊ ဆရာတော် ဦးကလျာဏတို့က ဂရန်လျှောက်လွှာများ တင်ခဲ့ကြသည်။

၁၉၂၈ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ဆရာတော် ဦးကောသလ္လသည် တောင်ကလပ်ထိပ်တွင် ရှစ်မျက်နှာစေတီကို တည်ထားကိုးကွယ်ခဲ့သည်။ ထိုသို့ တည်ထားရာ၌ ဇာတ်ပွဲများ၊ အငြိမ့်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

၁၉၃၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဆရာတော် ဦးကောသလ္လသည် ပုပ္ပားတောင်ကလပ်တွင် မယ်တော်ကြီး နတ်ရုပ်ကို ထုလုပ်၍ နတ်ကွန်းနတ်နန်းများဖြင့် တပည့်၊ ဒကာမတို့နှင့်အတူ နတ်နန်းဆောက်လုပ် ကိုးကွယ်ခဲ့ကြသည်။

၁၉၃၁ ခုနှစ် ကုန်ခါနီးတွင် တောင်ကလပ်တောင်ခြေရင်း၌ လွမ်းမပြေစေတီကို တည်ထားကိုးကွယ်ခဲ့သည်။

ဆရာတော် ဦးကောသလ္လသည် ပုပ္ပားတောင်ကလပ်တွင် နှစ်ပေါင်း ၁၀ နှစ်ကျော်တိုင်အောင် တပည့် ဒါယကာ၊ ဒါယိကာမတို့နှင့်အတူ သာသနာပြုလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ၁၉၃၅ ခုနှစ်တွင် ထွက်ရပ်လမ်းသို့ ကြွမြန်းတော်မူခဲ့သည်ဟု သိရှိရသည်။

xxxxx

## ရသေ့ကြီး ဦးခန္တီ (ဘိုးမင်းခေါင် နှင့် ပုပ္ပားတောင် သာသနာပြုပုဂ္ဂိုလ်များ)

ရသေ့ကြီးဦးခန္တီသည် မြန်မာသက္ကရာဇ် ၁၂၂၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့တွင် မွေးဖွားခဲ့သည်။ ငယ်မည်မှာ မောင်မိုးမောင်ဖြစ်၍ ဖခင် ဦးရွှေလှနှင့် မိခင် ဒေါ်ခိုဥ တို့မှ သိမ်ကုန်းရွာ၌ မွေးဖွားခဲ့သည်။

၉ နှစ်သားအရွယ်တွင် လောကီ လောကုတ္တရာ ပညာဘက်တွင် ကြွယ်ဝသော သိမ်ကုန်းတိုက်ဆရာတော်ဘုရားထံ အပ်နှံ၍ ပညာသင်ကြားခဲ့လေသည်။ အသက် ၁၃ နှစ်သားအရွယ်၌ သိမ်ကုန်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ သာမဏေရပဗ္ဗဇ္ဇ ချီးမြှင့်ခဲ့ရာ ရှင်ခန္တီဟူသော ဘွဲ့အမည် ပေးခဲ့သည်။

၁၉၀၇ ခုနှစ်တွင် အဘအောင်မင်းခေါင်ကြီးမှူးသော ဝိဇ္ဇာဓိုရ်အဖွဲ့ကြီးသည် သာသနာ့အောင်ပန္နက်ရိုက်ရန်အတွက် တိုင်ပင်ကြရာ ရမည်းသင်းနယ် ရွှေမြင်တင်တောင်၌ သီတင်းသုံးနေသော ရဟန်းတော် 'ဦးခန္တီ' အား ဘုန်းရှင်၊ ကံရှင်၊ သာသနာ့အောင်တံခွန်စင်

www.burmeseclassic.com

ပါရမီရှင်ဖြစ်၍ သာသနာပြုရန်အတွက် မွေးဖွားလာခဲ့ကြသည်။

ရသေ့ကြီး ဦးခန္တီသည် ဝိဇ္ဇာမိုရ်ရတို့၏ ညွှန်ကြားချက်အတိုင်း မြန်မာပြည်အနှံ့ ဘုရားတည်ခြင်း၊ စောင်းတန်းများ ဆောက်လုပ်ခြင်း၊ လှေကားများ တပ်ဆင်ခြင်း စသည့်လုပ်ငန်းများကို သာသနာ့ဓာတ်တိုင်ကြီး သဖွယ် စိုက်ထူခဲ့လေသည်။

၁၉၃၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် ရသေ့ကြီး ဦးခန္တီသည် ပုပ္ပားမြို့သို့ ကြွရောက်လာပြီး ပုပ္ပားတောင်ထိပ်ရှိ စပါးတောင်ထိပ်တွင် ထူပါရုံစေတီတော်ကို ရွာသူရွာသားတို့နှင့်အတူ စေတီတစ်ဆူ တည်ခဲ့သည်။

၁၉၃၂ ခုနှစ်၌လည်း ဦးတင့်တယ်နတ်နန်း၏ အရှေ့ဘက်၌ ရွှေသာလျောင်းဘုရားတစ်ဆူကို ပူဇော်လှူဒါန်းခဲ့လေသည်။

ပုပ္ပားတောင်ကလပ်သို့ အတက်အဆင်းအတွက်လည်း သံလှေကားများကို ပြုပြင်မွမ်းမံ လှူဒါန်းခဲ့သည်။

ရသေ့ကြီးဦးခန္တီသည် မြန်မာနိုင်ငံ အနှံ့အပြားတွင်ရှိသည့် သာသနိကအဆောက်ဦးများအား ဆောက်လုပ်ခဲ့ရာမှာ ရွှေ ငွေ၊ သတ္တုများကို သုံးစွဲခဲ့ရပါသည်။

မြန်မာပြည်အနှံ့ သာသနာပြုခဲ့သော ရသေ့ကြီးဦးခန္တီ၏ အန္တရာယ်ကင်း ကပ်ကျော်ဂါထာအား ဖော်ပြလိုက်ပါသည်။

**“ကြတိပိသော အရမ္မမန္တော မုဋ္ဌန္တု ဗုဒ္ဓခေါ ဗောဓိ ဗုဒ္ဓစက္ကံ ကိုယ်လုံးခြုံစေသော်၊ ဓမ္မစက္ကံ ကိုယ်လုံးခြုံစေသော်၊ သံဃစက္ကံ ကိုယ်လုံးခြုံစေသော်”**

ရသေ့ကြီးဦးခန္တီသည် ၁၃၁၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊(၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်) ကြာသပတေးနေ့ ညနေဘက်၊ သက်တော် ၈၂ နှစ်အရွယ်တွင် ထွက်ရပ်ပြန်းတော်မူခဲ့သည်။

xxxxx

## ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်(ဘိုးမင်းခေါင် နှင့် ပုပ္ပားတောင် သာသနာပြုပုဂ္ဂိုလ်များ)

ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်၏ မွေးသက္ကရာဇ် အတိအကျ မသိရဘဲ ဆရာတော်ဘုရားကြီး၏ ကိုယ်ရေးရာဇဝင်ကိုသာ သိရှိရပါသည်။ စစ်ပြီးခေတ် ၁၃၁၂ ခုနှစ်တွင် ဟင်္သာတမြို့အနီးရှိ မရမ်းကျေးရွာမှ ရန်ကုန်မြို့သို့ ကြွရောက်လာခဲ့သည်။ ရန်ကုန်မြို့သို့ ရောက်စဉ် စမ်းချောင်းမြို့နယ်၊ အောင်မင်္ဂလာသိဒ္ဓိ ကျောင်းတိုက်ကို တည်ထောင်၍ သာသနာပြုခြင်းကို ပြုလုပ်လေသည်။ နေ့ချင်း ညချင်း ဆိုသလိုပင် ကျောင်းတိုက်များ ဖြစ်ပေါ်လာ၍ ဘုန်းဘုရားကြီး၏ ပရိယတ္တိ သာသနာ တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။

ဘုန်းဘုရားကြီးသည် သာသနာသုံးရပ်ကို အစွမ်းရှိသလောက် ချီးမြှင့်ခဲ့သဖြင့် ‘ရွှေမရှား’ ‘ငွေမရှား’ ဆရာတော် သိဒ္ဓိပေါက်ဆရာတော် ဖြစ်သည်။ ရွှေငွေသည် ဆရာတော်၏ အာခံတွင်းပင် ဖြစ်သည်။ ဆရာတော်ဘုန်းဘုရားကြီး၏ အမှတ်တံဆိပ်မှာ ‘ပေါက်ဆိန်’ ဖြစ်သည်။ ‘ဝိဇ္ဇာမ်ရ. . . ဝိဇ္ဇာမိုရ်’ ဖြစ်သည်။

အောင်မင်္ဂလာသိဒ္ဓိ ကျောင်းတိုက်ကို ဗဟိုပြု၍ သာသနာရေးအလုပ်ကို သိဒ္ဓိပေါက်အောင်ပြုလုပ်ခဲ့လေသည်။

ဘုန်းဘုရားကြီးသည် ပုပ္ပားတောင်ကလပ်ရှိ တောင်ကလပ်ရွှေဂူချောင်အထိ တပည့်ဖြစ်သူ ဦးပရမဝဏ္ဏာသိဒ္ဓိ(ယောဂီ ဦးပြည့်စုံ၊ ဘိုးပြည့်)ကို တာဝန်ပေး၍ ဖောက်လုပ်စေခဲ့သည်။ တောင်ကလပ်မှ တောင်မကြီးသို့သွားရာလမ်းတွင် မောင်တော်ငုတ်တုတ်တောင် စေတီတော်နှင့် မှန်ပြတောင်စေတီတော်တို့ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်း၊ ရွှေဂူချောင်ရှိ ဇရပ်၊ တန်ဆောင်း၊ ဂူကျောင်း၊ ပြာသာဒ်၊ ရေကန်နှင့် သိမ်တိုက် တည်ဆောက်ပြီး တောင်ကလပ် သံလှေကားကိုလည်း အသစ်တပ်ဆင်ပေး၍ ရေစက်၊ လျှပ်စစ်မီးများ ထိန်လင်းအောင် ပြုလုပ်ပေးခဲ့သည်။

ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်သည် မြန်မာသက္ကရာဇ် ၁၃၂၆ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်နေ့ နံနက်ပိုင်းတွင် ထွက်ရပ်လမ်းသို့ ကြွမြန်းခဲ့လေသည်။

ဆရာတော်၏ ရုပ်ကလာပ်တော်ကို ရန်ကုန်မြို့၊ မရမ်းကုန်းလမ်းဆုံ(ရှစ်မိုင်လမ်းဆုံ) ကျိုက်ဝိုင်းဘုရားကြီး အနီးရှိ ပေါက်စေတီ ကျောင်းတိုက်တွင် ရုပ်ကလပ်တော်ကို အခေါင်းတွင်ထည့်၍ စေတီတော်တွင် ဌာပနာခဲ့လေသည်။

ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်၏ ပုတီးစိပ်နည်းကို ဖော်ပြလိုက်ပါသည်။

**အရဟံ ဗုဒ္ဓေါ မမ္မော သံဃော။**

**(တစ်ပုဒ်ဆုံး ပုတီးတစ်လုံးချ၊ တစ်နေ့ ၉ ပတ်)**

**ဩြောင်းနမော ဗုဒ္ဓဿ အရဟံ ဣစ္ဆာသယံ**

**အကာလိကော မေ သိဒ္ဓိ။**

**(တစ်ပုဒ်ဆုံး ပုတီးတစ်လုံးချ၊ တစ်နေ့ ၉ ပတ်)**

**အရဟံ ဘဂဝါ မေ သိဒ္ဓိ။**

**(တစ်ပုဒ်ဆုံး ပုတီးတစ်လုံးချ၊ တစ်နေ့ ၉ ပတ်)**

xxxxx

## ဦးပရမဝဏ္ဏာသိဒ္ဓိ(ခေါ်)ဦးပြည့်စုံ(ဘိုးမင်းခေါင် နှင့် ပုပ္ပားတောင် သာသနာပြုပုဂ္ဂိုလ်များ)

၁၉၃၁ ခုနှစ်(မြန်မာသက္ကရာဇ် ၁၂၉၃ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့) နံနက်အရုဏ်တက်တွင် မိတ္ထီလာမြို့၊ ဒဟတ်တန်းရပ်ရှိ ဦးထိုက်၊ ဒေါ်မမကြီးတို့မှ မွေးဖွားခဲ့သည်။

ငယ်စဉ်ကပင် ဆရာတော် ဦးပရမဝဏ္ဏာသိဒ္ဓိသည် မိဘနှစ်ပါးတို့နှင့်အတူ ရန်ကုန်မြို့၊ စမ်းချောင်းရှိ ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်ကျောင်းသို့ မကြာခဏ ရောက်တတ်၍ ဘိုးပေါက်ဆိန်ကျောင်း၌ပင် ကိုရင် 'ရှင်ပရမ' ဖြစ်ခဲ့သည်။

ဦးပရမဝဏ္ဏာသိဒ္ဓိသည် ၁၃၂၂ ခုနှစ်တွင် စတင် သာသနာပြုသည်။ ပုပ္ပားတောင် ရောက်ခါစတွင် ဘွဲ့တော်မှာ 'ဦးပရမ' သာ ဖြစ်သည်။ ပုပ္ပားမယ်တော်ကြီး မယ်ဝဏ္ဏာနှင့် အကြောင်းဆက်ရှိ၍ 'ဦးပရမဝဏ္ဏာသိဒ္ဓိ' ဖြစ်လာသည်။ ဘိုးပေါက်ဆိန်၏ ဩဝါဒကိုလည်း ခံယူခဲ့ပြီး 'အရဟံ' ဂုဏ်တော်ကို အထူးကျင့်ကြံ အားထုတ်ခဲ့သည်။

၁၃၂၂ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့တွင် တောင်မကြီးအလယ် မောင်တော်ငုတ်တုတ်တောင်ထိပ်တွင် ဉာဏ်တော် ၉ တောင် ၂ မိုက်ရှိသော စေတီတစ်ဆူကို တည်ထားကိုးကွယ်ခဲ့သည်။

ဦးပရမဝဏ္ဏာသိဒ္ဓိသည် အဘဘိုးမင်းခေါင်နှင့်လည်း နှစ်နှစ်နီးပါး ဆုံတွေ့ခဲ့ရသည်။ အဘဘိုးဝါယမနှင့်လည်း အတူနေဖူးသည်။

ပုပ္ပားတောင်မြတ် တောင်ကလပ်တွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်သော ဆရာတော် ဦးကောသလ္လသည် ပုပ္ပားတောင်သို့ ရောက်ရှိသော ဆရာတော် ဦးပရမ၏ တရားကျင့်ပုံများ၊ ဘုရားတည် ဆောက်လုပ်မှုများကို အလွန်သဘောကျ နှစ်ခြိုက်သည်ဟု သိရှိရသည်။ ဆရာတော် ဦးကောသလ္လသည် ဦးပရမဝဏ္ဏာသိဒ္ဓိ၏ နောက်ဆုံးဆရာဟု မှတ်တမ်းတင်ရမည်ဖြစ်သည်။

၁၃၃၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင် ပုပ္ပားတောင်ပေါ်၌ စေတီတစ်ဆူကို ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ဦးပရမဝဏ္ဏာသိဒ္ဓိ ဦးစီး၍ ထီးတော်တင်ပွဲ ကျင်းပပြုလုပ်ခဲ့သည်။ ထိုထီးတော်တင်ပွဲ မကျင်းပမီ ရွှေဂူချောင်၌ ရဟန်းရှင်လူများ ကြိတ်ကြိတ်တိုး စည်ကားခဲ့သည်ဟု ကြားသိရသည်။

ဆရာတော်၏ အကျင့်တစ်ခုမှာ နံနက်စောစော ထခြင်းနှင့် ညဥ့်နက်မှ ကျိန်းစက်ခြင်း ဖြစ်သည်။ ဆရာတော်သည် သီးသန့်အခန်း ဗုဒ္ဓဆင်းတုတော်နှင့် ပုပ္ပားမယ်တော်၏ ရှေ့မှောက်တွင် ပုတီးစိပ်ခြင်းဖြင့် ကြန့်ကြာသည့်အချိန်ကို ပြုလုပ်လေ့ရှိသည်။

ဆရာတော်သည် နှစ်စဉ် ဂူဝင်အဓိဋ္ဌာန် ကျင့်သုံးလေ့ရှိသည်။ ဂူထွက်ပွဲမှာ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့ဖြစ်၍ လပြည့်နေ့၌ ပဝါရဏာပွဲ၊ လပြည့်ကျော် ၁ ရက်နေ့၌ အာစရိယပူဇော်ပွဲ ဟူ၍ ဆက်တိုက် ပြုလုပ်လေ့ရှိသည်။ ထိုသုံးရက်သည် ကြိတ်ကြိတ်တိုး စည်ကားလှပေသည်။

ပုပ္ပားတောင်ကလပ် ဖွံ့ဖြိုးတိုးတက်အောင် သာသနိကအဆောက်အဦများကို တည်ဆောက်ပေးခဲ့သည်။

ဦးပရမဝဏ္ဏာသိဒ္ဓိသည် ရဟန်းဘဝမှ ယောဂီဦးပြည့်စုံဘဝပြောင်းပြီး သက်တော် ၇၀ ကျော်တွင် ခန္ဓာဝန်ချခဲ့သည်။(

ဆရာတော်ဦးပရမဝဏ္ဏာသိဒ္ဓိ၏ ပုတီးစိပ်နည်းကို ဖော်ပြလိုက်ပါသည်။

**အရဟံ တစ်နေ့လျှင် ၉ ပတ် ၉ ရက်။**
**အရဟံ တစ်နေ့လျှင် ၁၈ ပတ် ၂၇ ရက်။**
**အရဟံ တစ်နေ့လျှင် ၂၇ ပတ် ၃၆ ရက်။**
**အရဟံ တစ်နေ့လျှင် ၃၆ ပတ် ၅၄ ရက်။**
**အရဟံ တစ်နေ့လျှင် ၅၄ ပတ် ၁၀၈ ရက်။**
**စုစုပေါင်း ရက်ပေါင်း ၂၃၄ ရက် ဖြစ်၍ နဝင်းကိုက် ဖြစ်ရမည်။**

xxxxx

## ဘိုးဝါယမ(ဘိုးမင်းခေါင် နှင့် ပုပ္ပားတောင် သာသနာပြုပုဂ္ဂိုလ်များ)

ဘိုးဝါယမသည် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ရေင်ရွာဇာတိ ဖြစ်သည်။ စိန်ပန်းကုန်းဘုရားတစ်ဝိုက်တွင် နေထိုင်သွားလာ လှုပ်ရှားခဲ့သည်။

ဘိုးဝါယမအား ရေင်ရွာတစ်ရွာလုံးသည် အရူးဟူ၍ပင် သတ်မှတ်ကြသည်။ ဘိုးဝါယမသည် ခဲများ၊ သံများကို စုပုံ၍ သံပုံစေတီများ မကြာခဏ တည်လေ့ရှိသည်။

ဘိုးဝါယမသည် နောင်သောအခါ သင်္ကန်းဝတ်သည်ဟု ကြားသိရသည်။ သင်္ကန်းဝတ်နှင့်ပင် လက်စွပ်များကို လက်အပြည့် စွပ်တတ်ပြီး လက်ပတ်နာရီလည်း ပတ်ထားသည်။ ဘိုးဝါယမတွင် ထင်ရှားသော တပည့်နှစ်ဦးရှိသည်။

ဘိုးဝါယမသည် အသွင်အမျိုးမျိုးဖြင့် ဝိဇ္ဇာလမ်းစဉ် လျှောက်လှမ်းခဲ့သည်။ ဘိုးဝါယမသည် ပုပ္ပားတောင်ကလပ်တွင် သီတင်းသုံးနေပြီး 'မိုးပေါ်မှာ မာယ၊ လူပြည်မှာ ဝါယမ' ဟူ၍ အမြဲကြုံးဝါးလေ့ရှိသည်။ ဘိုးဝါယမသည် ရောက်ရှိသောနေရာများရှိ ကျောက်တုံးများပေါ်တွင် 'မာယဝါဇိတ်' ဟုလည်းကောင်း၊ စမအက္ခရာများဖြစ်သော စ. ဓ. ဗ. ဝ တို့ကိုလည်းကောင်း၊ အက္ခရာစလုံး 'န' တို့ဖြင့်လည်းကောင်း ထုံးများ၊ မြေဖြူများဖြင့် ရေးသားလေ့ရှိသည်။

တပည့်တစ်ဦးမှာ တောင်ကိုးလုံးဆရာတော် ဦးစန္ဒာဝရ ဖြစ်၍ နောက်တစ်ဦးမှာ ကျောက်ပန်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်းနေ ထီးတော်လှူင် ဘုရားအနီးရှိ ဦးသောင်းဖေ ဖြစ်သည်။

တောင်တွင်းကြီးဆရာတော် ဦးစန္ဒာဝရသည် အုံကြီး အနောက်ကျောင်း ကျောင်းထိုင်ဆရာတော် ဖြစ်သည်။ တစ်နေ့တွင် ဆရာတော်သည် ရန်ကုန်မြို့ စမ်းချောင်းရပ်ကွက်သို့ရောက်စဉ် ဂန္ဓာရီ ဝိဇ္ဇာဓိုရ် ပေါက်ဆရာတစ်ဦးနှင့် တွေ့ခဲ့သည်။ ထိုသူမှာ ဘိုးဝါယမပင် ဖြစ်သည်။

ဆရာတော် ဦးစန္ဒာဝရအား ဘိုးဝါယမသည် ပုပ္ပားသို့ ခေါ်ယူ၍ တရားအတူ အားထုတ်ကျင့်ဆောင်ခဲ့သည်။ ထို့မှတစ်ဆင့် ဆရာတော် ဦးစန္ဒာဝရအား ဘိုးဝါယမသည် ပဲခူးတိုင်းဒေသကြီး၊ တောင်ကိုးလုံးနယ်မြေသို့ သာသနာပြုရန် စေလွှတ်ပေးခဲ့သည်။

ထိုနေရာတွင် ဆရာတော်ဦးစန္ဒာဝရသည် သာသနာ့နယ်မြေကို ခတ်ပန္နက်ရိုက်၍ ပရိယတ္တိ အလုပ်ကို ကျင့်ဆောင်ခဲ့သည်။

ဘိုးဝါယမသည် ပုပ္ပားနယ်ရှိ နှစ်ကျပ်ခွဲ ကျေးရွာတွင်ရှိသော ထီးတော်လှူပ်ဘုရား၌ အဓိဋ္ဌာန် ဝင်လေ့ရှိသည်။ ထိုသို့ အဓိဋ္ဌာန်ဝင်ရာတွင် နှစ်ကျပ်ခွဲ ကျေးရွာမှ ဦးမောင်ပုနှင့် ဦးသောင်းဖေသည် ဘိုးဝါယမ [illegible] တပည့်ကြီးများဖြစ်သည်။

တစ်ချိန်သောအခါက ဘိုးဝါယမသည် ပုပ္ပား နယ်မြေတွင် ကားတံခါးပျက်ကြီးကို စလွယ်သိုင်း၍ ကားမောင်းသကဲ့သို့ တောင်ပေါ်သို့ တက်လိုက် ဆင်းလိုက် ပြုလုပ်နေသည်ကို ပုပ္ပားတောင်တက် ကားလမ်း ဖောက်လုပ်ရန် လမ်းအူကြောင်းရှာသောအဖွဲ့က တွေ့ရှိကြသည်။ တွေ့ရှိသူများက 'အဘ ဘာလိုလဲ' ဟု မေးရာ 'ငါလည်း ငါ့ဘာသာ ကားလမ်းဖောက်နေတာပေါ့' ဟု ပြန်ဖြေခဲ့သည်။ နောင်တစ်ချိန်တွင် အဘဘိုးဝါယမ အရှုးကြီးသဖွယ် တက်ခဲ့ ဆင်းခဲ့သော လမ်းကိုပင် ကားလမ်းဖောက်လုပ်ခဲ့သည်။

ဘိုးဝါယမသည် ထီးတော်လှူပ်ဘုရားတွင် နှစ်စဉ်နှစ်တိုင်း ထမနဲပွဲကို ကိုယ်တိုင်ဦးစီး၍ ကျင်းပလေ့ရှိသည်။

၁၃၃၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ (၂၉-၆-၁၉၇၅)တနင်္ဂနွေနေ့၊ နေ့လည် ၁၂:၃၀ နာရီ အချိန်တွင် ရန်ကုန်မြို့ အလုံရပ်ကွက်၊ သစ်တောလမ်း၊ အမှတ်-၄၉၊ ဦးအောင်သိန်း၊ ဒေါ်တင်တင်တို့၏ နေအိမ်တွင် ဘိုးဝါယမသည် ထွက်ရပ်လမ်းသို့ ကြွမြန်းခဲ့သည်။ ရုပ်ကလာပ်တော်ကို ပဲခူး တောင်ကိုးလုံးနယ်မြေတွင် ဂူသွင်း၍ သဂြိုဟ်ခဲ့သည်။

xxxxx

## ဦးကျော်နီ(ခေါ်)ဦးကုမာရ(ဘိုးမင်းခေါင် နှင့် ပုပ္ပားတောင် သာသနာပြုပုဂ္ဂိုလ်များ)

ဦးကျော်နီသည် ရဟန်းဝတ်ရာ ဘွဲ့တော်မှာ 'ဦးကုမာရ' ဟု ဘွဲ့အမည် ပေးခဲ့သည်။

ဦးကုမာရသည် ဆရာ အဘအောင်မင်းခေါင်၏ ခိုင်းစေချက်ကြောင့် ကျောက်ပန်းတောင်းမြို့ရှိ ကြွယ်တောင်၌ အဓိဋ္ဌာန် ၄၅ ရက် ဝင်ခဲ့ပြီး မီးလွတ် [illegible] ၄၅ ရက် အဓိဋ္ဌာန် အောင်မြင်ခဲ့သည်ဟု သိရှိရသည်။

အဘဘိုးမင်းခေါင်က ဦးကုမာရအား မောင်းကြီးတစ်လုံး ကပ်လှူခဲ့ပြီး ထိုမောင်းနှင့် သာသနာပြုပေတော့ဟု မိန့်ကြားခဲ့ကြောင်း သိရသည်။ ဦးကုမာရသည် ဘုရားရှိခိုးပြီးတိုင်း မေတ္တာပို့လေ့ရှိရာ မေတ္တာပို့ပြီးတိုင်း ထိုမောင်းကို တီးခတ်လေ့ရှိသည်။ ထိုမောင်းသည် ပုပ္ပားတောင်ကလပ်၏ အနောက် မြောက်ဘက် ၃ မိုင်ခန့် အကွာရှိ ရွှေမန်ကျည်းတော၌ ရှိသည်။ ထိုမန်ကျည်း

www.burmeseclassic.com

www.burmeseclassic.com

တောသည် အဘဘိုးမင်းခေါင် ပထမဦးဆုံး တရားအား ထုတ်သော နေရာဖြစ်သည်။

ပုပ္ပားတောင်ကလပ်မြောက်ဘက်ခြေရင်းရှိ တုမာရရာမကျောင်းတိုက်နှင့် မုံရွာဖိုလ်ဝင်တောင် ပုပ္ပားကျောင်းတိုက်၊ ရန်ကုန် မင်္ဂလာဒုံ၊ ထောက်ကြန့် ပုပ္ပားကျောင်းတိုက်တို့ကို ဦးစွာတည်ထောင်သွားသော ဆရာတော် ဦးကုမာရပင် ဖြစ်သည်။

ဦးကျော်နီသည် ချောက်မြို့၊ ဘီအိုစီကုမ္ပဏီ မန်နေဂျာ မစ္စတာဝီလျံ+ဒေါ်မာမာကြီးတို့မှ မွေးဖွားသော သားရတနာ ဖြစ်ပါသည်။ ဖခင်သည် ရိုမန်ကက်သလစ် ခရစ်ယာန်ဘာသာဝင်ဖြစ်ပြီး မိခင်မှာ ဗုဒ္ဓဘာသာဝင် ဖြစ်သည်။

ဦးကျော်နီသည် ၎င်း၏ဖခင် ကွယ်လွန်သော အခါ မိခင်နှင့်အတူ အဘဘိုးမင်းခေါင်ထံ မကြာခဏ လိုက်သွားပြီး အကဲခတ် လေ့လာရာ သူ၏စိတ်ထဲတွင် ဖြစ်ပေါ်နေသည်တို့ကို အဘက သိ၍ ဦးကျော်နီသည် အဘဘိုးမင်းခေါင်ကို ယုံကြည်သွားခဲ့သည်။

ဆရာတော် ဦးကုမာရသည် အဘဘိုးဝါယမကို 'ဘိုးဝါယမဟာ မာတ်လည်းစုံတယ်၊ နတ်လည်းစုံတယ်၊ ဝင်ပေါက် ထွက်ပေါက်တွေလည်း များတယ်၊ သစ်ပင်က သစ်ခေါင်းပေါက်နှင့် တူသလိုပဲ၊ ငှက်တိရစ္ဆာန်ပေါင်းစုံတို့လည်း ဝင်ကြ ဝင်ကြသည်' ဟူ၍ မိန့်ကြားခဲ့ဖူးသည်ကို ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ ပြောသည်ကို ကြားခဲ့ရသည်။

ဦးကျော်နီသည် အသက် ၂၉ နှစ်အရွယ်တွင် ပခုက္ကူမြို့နယ်၊ ညောင်ပင်လှ ရွာ ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ၁၃၁၄ ခုနှစ်၊ ချောင်းဦးပိုင်းတွင် ရဟန်းဘဝကူးပြောင်း၍ ၁၃၃၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်(၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)အင်္ဂါနေ့တွင် သက်တော် ၄၆၊ သိက္ခာတော် ၁၆ ဝါ အရတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

xxxxx

## ဦးမေဓာဝီ(ဘိုးမင်းခေါင် နှင့် ပုပ္ပားတောင် သာသနာပြုပုဂ္ဂိုလ်များ)

အဘဦးမေဓာဝီသည် နတ်မောက်မြို့၊ စမ်းတန်ရွာ၊ အဘ ဦးထွန်းရှိန်၊ အမိ ဒေါ်ဒေါ်ခွေးတို့မှ ၁၂၉၄ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ ကြာသပတေးနေ့တွင် မွေးဖွားခဲ့သည်။ ငယ်နာမည်မှာ မောင်ဘစော ဖြစ်သည်။

ငယ်စဉ်၌ ရဟန်းအဖြစ်ရပြီး (၂)ဝါမြောက်တွင် ပုပ္ပားတောင်၌ ဦးကုမာရနှင့် တွေ့ဆုံခဲ့သည်။

၁၉၈၂ ခုနှစ်တွင် လှူဘောင်သို့ ပြောင်းလဲခဲ့ပြီး ဝတ်ဖြူစင်ကြယ်ဝတ်၍ ၁၉၈၆ ခုနှစ်၌ ပုပ္ပားတောင်ကလပ်ရှိ ရွှေမန်ကျည်းတော၌ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရင်း (၅-၁၂-၂၀၁၁)တနင်္လာနေ့ ည ၈ နာရီ ၁၅ မိနစ်တွင် ကွယ်လွန်ခဲ့သည်။

xxxxx

ဘိုးတော်အောင်မင်းခေါင်နှင့် ပုပ္ပားတောင် တောင်ကလပ်အနီးတွင် ဘိုးတော်များ၊ လူပုဂ္ဂိုလ်များတို့ကို သိရှိသရွေ့ ဖော်ပြလိုက်ပါသည်။

ဦးဖိုးအောင်(ဦးအာစိဏ္ဏ)၊ နှစ်ကျပ်ခွဲရွာသား အဘဦးမောင်ကိုး၊ ပုပ္ပားမယ်တော်ကြီး ဒေါ်မြင့်မြင့်အောင်၊ ဆရာလေး ဒေါ်ပုညဝတီ၊ ကပ်ကျော်ဘဘကြီး ဦးစိုးမင်း(ခေါ်)ဦးခန္တီ၊ အမရပူရ ရတနာ့ဂူမှ ဖိုးကြူး၊ ဦးစံဖေ. . . . . . . . . . . .

ဦးသန့်(လာဘ်မိုးစွေ)



www.burmeseclassic.com

www.burmeseclassic.com

# ငှက်ဆိုးထိုးသံ ဘယ်သူ့ကံ နှင့် ဗုဒ္ဓဂယာသွားတုန်းက

မိုးမြင့်လွင်

ဂစ် . . .

တစ်ခွန်းတည်း။ တစ်ချက်တည်း ပြင်းပြင်းရှရှအော် လိုက်သည့်အသံ။

အသံကောင်းတော့မဟုတ်။ အသံဆိုး။ ရင်တုန် လောက်အောင် ကြောက်မက်ဖွယ်ကောင်းသည့် အသံဆိုး။ တကယ်လည်း ရင်တုန်သွားသည်။ သည့်နောက် တဒိတ်ဒိတ် နှင့် ရင်တွေခုန်လာသည်။ ချွေးစီးတွေကစို့လာသည်။

ငါဘာဖြစ်လို့ ဒီအသံကို ကြောက်နေရတာပါလိမ့်။

ဂစ်ဆိုသော အသံဆိုးကို ကြားရသောအချိန်ကား ည ၁၂ နာရီကျော်ပြီ။ သန်းခေါင်ယံလွန်လေပြီ။ ထိုအချိန် တွင် ကျွန်တော် အိမ်သေးသေးလေးထဲတွင် ကိုယ့်အဝတ် အစားများကို ကိုယ်တိုင်ပဲ မီးပူတိုက်ပြီး ဟိုတွေး ,ဒီတွေး တွေးနေချိန် -

မြန်းဆို ထိုအသံဆိုးကြားလိုက်ရတော့ နှလုံးရောဂါနှင့် သွေးတိုးရောဂါရှိသူဆို အသက်ရှူရပ်သွားနိုင်သည်။ ကျွန် တော်နေထိုင်ရာ ရပ်ကွက်သည် ပဲခူးမြို့၏ မြို့အစွန်အဖျား ဆင်းရဲသားရပ်ကွက်တစ်ခု ဖြစ်သည်။

ညဦးပိုင်းတွင် ဆင်းရဲသားရပ်ကွက်ပီပီ မူးသံကိုလည်း ကြားကြရမည်။ ဟိုဘက်အိမ်၊ ဒီဘက်အိမ် အတင်းပြောသံ၊ ရန်ဖြစ်ဆဲဆိုသံလည်း ကြားရမည်။ ပအားတိုက်ရယ်မောသံတွေ လည်းကြားရမည်။ ဒါဆင်းရဲသားရပ်ကွက်တို့၏ သဘာဝပင်။

ည၌နက်လာတော့ အလုပ်ကြမ်းသမားတွေပီပီ ဘာ လောဘ၊ ဘာဒေါသမှ မရှိ။ ဘာကိုမှ မတွေးတောမပူပန် ခြေပစ်လက်ပစ် အိပ်လိုက်ကြသည်။ ကိုက်ချင်တဲ့ခြင် ကိုက် ပေကရော့။

အခု ၁၂ နာရီကျော် သန်းခေါင်ကျော်ပြီဆိုတော့ တစ်ရပ်ကွက်လုံးတိတ် ဆိတ်ငြိမ်သက် ဘာသံဆိုဘာသံမှ မကြားရတော့။ ဟိုအဝေး ရန်ကုန်-မန္တလေး ကားလမ်းမကြီး ဆီမှ အဝေးပြေးကားကြီးများ ဖြတ်သန်းသွားလာသံမှလွဲ၍ ဘာသံမှမကြားရသည့် ကျွန်တော်နေထိုင်ရာ ရပ်ကွက်လေး ဖြစ်သည်။

ထိုကဲ့သို့အချိန်မျိုးတွင် စူးစူးဝါးဝါးထိုးသံမျိုး။ အသံဆိုး မျိုးကြားရလျှင် မည်သူမဆို ထိတ်လန့်မည်မှာ အမှန်မလွဲ ပင်။ တရားမရှိဘူးဘဲဆိုဆို၊ သီလမရှိဘူးပဲပြောပြော ကျွန်တော် ကတော့ ရင်တုန်ရင်ခုန်ပြီး ဇောချွေးများစို့သည်အထိ ကြောက် ရွံ့နေသည်မှာအမှန်ပင်။ ရိုးရိုးသားသားပဲ ဝန်ခံပါသည်။

ထို"ဂစ်"ဟူသော အသံဆိုးကြီး ကြားပြီးကတည်းက အိပ်၍လည်းမရတော့။ မျက်လုံးတွေက အလိုလိုကျယ်နေ တော့သည်။ နောက်ဆုံးတော့ အားကိုးရာသည် မိမိကိုးကွယ် ယုံကြည်အားထားရာဖြစ်သော ဗုဒ္ဓဘုရားရှင်ပင်ဖြစ်တော့သည်။

ဘုရားရှင် ဟောကြားတော်မူသည့် ပစ္စယုဒ္ဒေသပဋ္ဌာန်း ၂၄ ပစ္စည်းကိုသာ တစ်ခေါက်ပြီးတစ်ခေါက် အကြိမ်ကြိမ် ရွတ်ဆိုနေမိတော့သည်။ ညဉ့်က ၁ နာရီ၊ ၂ နာရီ၊ ၃ နာရီ၊ ၄ နာရီထိုးတော့ မြို့အရှေ့တောင်ဘက် ကတွင်းခြံရွာ၊ စိုင်တီ ရွာဘက်များဆီ ဘုန်းတော်ကြီးကျောင်းများမှ အုန်းမောင်းသံ များကြားရသည်။ ကြောက်စိတ် အနည်းငယ်သက်သာသွား သည်။ ရပ်ကွက်ထဲမှ ဈေးသည်အချို့လည်း နိုးလာကြသည်။ ကားသံ၊ ဆိုင်ကယ်သံများလည်း ကြားနေရလေပြီ။

www.burmeseclassic.com

ကျွန်တော်လည်း နေ့စဉ်နံနက်တိုင်း ဝတ်မပျက်ပြုနေကျဖြစ်သည့် ဘုရားရှင်အား ပန်းဆီမီး၊ ရေချမ်း၊ သစ်သီးဆွမ်းများကပ်လှူ၍ ဘုရားရှိခိုး၊ ပရိတ်ရွတ်ကာ ဗုဒ္ဓဂုဏ်တော်ကို အာရုံပြု ပူဇော်ပါတော့သည်။

ထို့နောက် အရပ်လေးမျက်နှာ၊ ရှစ်မျက်နှာ၊ ဆယ်မျက်နှာနှင့် သုံးဆယ့်တစ်ဘုံရှိသမျှ ဝေနေယျအပေါင်းအား ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ ဘေးဘယာဝေးကွာပါစေကြောင်း မေတ္တာပို့သည်။ တစ်ဖန်မိမိအပေါ်၌ ကျေးဇူးရှိသော ကျေးဇူးရှင်များ၊ တစ်လုံးတစ်ပါဒ တစ်ခွန်းမျှမေတ္တာထား၍ လမ်းကြောင်းမှန်ကိုပြပေးပါသော မိတ်ဆွေများ၊ ဓမ္မမိတ်ဆွေများကို အာရုံပြု၍ တစ်ဦးချင်းတစ်ယောက်ချင်းဆီ မေတ္တာဖြန့်ကျက်ပို့သပါသည်။

ဤသို့ တတ်နိုင်သမျှမမေ့မလျော့ ကုသိုလ်ကောင်းမှုပြုပါသော်လည်း ကျွန်တော်ဘာကြောင့် ဒီဂစ်ဆိုသောအသံဆိုးကြီးကို ကြောက်နေရတာပါလိမ့်။ ထိုအသံဆိုးကို ကျွန်တော်အခုမှကြောက်ခဲ့သည်မဟုတ်။ ဟိုငယ်စဉ် တောမှာနေကတည်းက ဂစ်ဆိုသော အသံဆိုးကြီးကို ညဘက်ကြားရလျှင် ကျွန်တော်တို့တစ်ရွာလုံး ကြောက်ကြသည်။ မကြောက်ဘဲရှိဝံ့ရော့လား။ အခုလည်းကြည့်။ ကျွန်တော့်ခေါင်းပေါ်မှဖြတ်သန်းပြီး ဂစ်ဆိုသောအသံဆိုးကိုကြားရပြီး ခဏအကြာတွင် ကျွန်တော်နေထိုင်ရာရပ်ကွက်ထဲမှာ အိမ်တစ်အိမ်ဆီက အမယ်လေး (——)ရဲ့ဟု ငိုသံကို ကြားလိုက်ရတော့သည်။

ဂစ် . . .ဒီအသံဆိုးကြားရရင် လူတွေကြောက်ကြသည်။ ဘာကြောင့်ကြောက်ကြတာလဲ။ ရွာမှာနေတုန်းက ဒီဂစ်အသံဆိုးကြောင့် ကျွန်တော့်မွေးမေမေလည်း သေခဲ့ရသည်။ မွေးစားအမေသေရတာလည်း ဒီဂစ်အသံဆိုးကြီးပင်။ ကျွန်တော်၏ အဘိုး၊ အဘွားများ၊ ဘိုးဘေးဘီဘင်များ သေခဲ့ရတာလည်း ဒီဂစ်အသံဆိုးကြောင့်ပင် ဖြစ်ချေမည်။

ဒီလိုအသံဆိုးနှင့် ဂစ်ဆိုပြီးလူတွေကို မရဏာမင်းဆီပို့နေတဲ့အကောင်၊ ဘာကောင်းလဲ။ အစကတည်းကသိသည်။ တောမှာနေကတည်းက ဒင်းဘာကောင်လဲဆိုတာ သိပြီးသား။ ဂစ်အသံဆိုးပိုင်ရှင်သည် တောင်ပံနှစ်စုံနှင့် ငှက်ဆိုးဟု အမည်တွင်သော တိရစ္ဆာန်ပင်ဖြစ်သည်။

တချို့က လင်ကောင်ပိုးဟု ခေါ်ကြသော်လည်း ကျွန်တော်ကတော့ ငှက်ဆိုးပင်။

အိမ်တစ်အိမ်တွင် လူတစ်ယောက်
အသည်းအသန်ဖြစ်ပြီဆိုရင်
ငှင်းငှက်ဆိုးသံကြားရမည်ကိုပင်
ကျွန်တော်တို့တစ်ရွာလုံး
ကြောက်နေကြတော့သည်။
ဒါဆို ငှက်ဆိုးသည်ကား
မရဏာစေတမန်ငှက်များ
ဖြစ်နေသည်လား ထင်မှတ်ဖွယ်ရာပင်။

× × × × ×

ငှက်ဆိုး၏ ဂစ်ဟူသော အော်မြည်သံ (သို့မဟုတ်) အမြင့်ထက်မှထိုးသံ (သို့မဟုတ်) ပျံသန်းရင်းမြည်သံများကို ကျွန်တော် ခြောက်နှစ်သားအရွယ် ဘုန်းကြီးကျောင်းသားဘဝ ရွာမှာနေစဉ်ကတည်းက ဂစ်ဟူသောအသံကို ကောင်းကောင်းကြားဖူးသလို၊ ကောင်းကောင်းလည်းမှတ်မိသော ငှက်ဆိုးထိုးသံပင် ဖြစ်ပါသည်။

ကျွန်တော် ခြောက်နှစ်သားအရွယ် မွေးရပ်ဇာတိတောရွာ ရွာလယ်ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ်ကျောင်းစားနှင့်နေရချိန်မှာဖြစ်သည်။ တစ်နေ့တွင် စာရေးသူ၏ မွေးစားမိခင်ကြီး အသည်းအသန်ဖြစ်နေ၍ အိမ်သို့ ပြန်အိပ်ရန် ဘုန်းတော်ကြီးထံခွင့်ပန်၍ ကျွန်တော့်ကို အိမ်ပြန်အိပ်ရန် ပြန်ခေါ်ထားသည်။

အဲဒီည ၈ နာရီအချိန်ခန့်တွင် ကျေးဇူးရှင်မွေးစားမိခင်ကြီး ဆုံးသွားသည်။ တောဆိုသည်ကား ည ၈ နာရီလောက်ဆို လူခြေတိတ်လေပြီ။ မွေးစားမိခင်ဆိုသည်မှာ

www.burmeseclassic.com

လည်း အမေ၏ အဒေါ်အရင်းဖြစ်သည်။

ကျွန်တော် ကောင်းကောင်းမှတ်မိနေသည်။ အဲဒီည ၈ နာရီမထိုးမီအချိန်လေးတွင် အိမ်ရှေ့ထီးရိုးဝါးပင်များ ထိပ်ဖျားမှ ဂစ်အော်လိုက်သောအသံဆိုး၊ ထိုအသံကြားလိုက်ရသည့်အခါ လူမမာလာကြည့်သူအမျိုးသမီးကြီးတချို့သည် ဟယ်… ငှက်ဆိုးထိုးပြီတော့။ မရတော့ဘူးဟု တီးတိုးစကားသံကြားလိုက်ရသည်။ ထိုစကားများ ကြားပြီးနောက် မွေးစားမိခင်ကြီး ဆုံးရှာပါတော့သည်။

သည့်နောက် အိမ်တစ်အိမ်တွင် လူတစ်ယောက်အသည်းအသန်ဖြစ်ပြီဆိုရင် ၎င်းငှက်ဆိုးသံကြားရမည်ကိုပင် ကျွန်တော်တို့တစ်ရွာလုံး ကြောက်နေကြတော့သည်။ ဒါဆိုငှက်ဆိုးသည်ကား မရဏစေတမန်ငှက်များ ဖြစ်နေသည်လားထင်မှတ်ဖွယ်ရာပင်။ တစ်ခါတစ်ရံရွာ၌ သုံးလေးယောက်ဖျားနာတတ်သည်။ ထိုအခါ ငှက်ဆိုးသည် သစ်ပင်၊ ဝါးပင်ထက်တွင်မနားတော့ဘဲ ရွာကို ပတ်ပျံသန်းကာ ဂစ် ဂစ် ဂစ်နှင့် သုံးလေးခွန်း ကျယ်ကျယ်လောင်လောင်၊ စူးစူးဝါးဝါး အသံကုန်ဟစ်နေတော့သည်။

လူနာအိမ်ရှင်များ၊ သားများ၊ သမီးများ၊ ဆွေမျိုးများရင်တထိတ်ထိတ်ခုန်နေတော့သည်။ ဗုဒ္ဓနုတ်ကမ္မတ်တော်များရွတ်ဖတ်ကြတော့သည်။ ထိုသို့အမြင့်မှပျံသန်း၍ ထိုးဟစ်သွားသော ငှက်ဆိုးသံအဆုံးဝယ် လူမမာရှိသော တစ်အိမ် (သို့မဟုတ်) တစ်အိမ်တော့ ငိုသံကြားရစမြဲ ဖြစ်သည်။

ထိုနေ့ည ကျွန်တော် ဂစ်ဟူသော ငှက်ဆိုးသံကိုကြားရသော ညသည် ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်နေ့ည ဖြစ်သည်။ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ဘုရားရှိခိုးရင်း ပဋ္ဌာန်း ၂၄ ပစ္စည်းရွတ်ဖတ်ရင်း ကျွန်တော်တွေးကြည့်မိသည်။

ဒင်းဒီလိုပဲ။ ငါနဲ့ ငါ့အမေ(မွေးမိခင်) သေကွဲခွဲခဲ့တာလဲ ဒင်းအသံဆိုးပင် ဖြစ်လိမ့်မည်။ သေချာသည်။ အဲဒီနေ့က သီတင်းကျွတ်လဆန်း ၁၄ ရက်၊ ကြာသာပတေးနေ့နံနက် ၇ နာရီ ၁၀ မိနစ် ငှက်ဆိုးဆိုသည့် အမည်နှင့်လိုက်စွာ ဆိုးလည်းဆိုးတဲ့ ငှက်ဆိုးပင်။

သို့နှင့်နံနက်မိုးသောက် အလင်းရောက်၍ ကျွန်တော်ပဲခူးမြို့တွင် နံနက်ပိုင်း လက်ဖက်ရည်သောက်ထွက်လာခဲ့သည်။ မိမိနှင့်ခင်မင်ရာ အပေါင်းအသင်းမိတ်ဆွေများကို ညကငှက်ဆိုးသံကြားရ၍ ကျွန်တော်ကြောက်ရွံ့ ရင်ခုန်အိပ်မရပုံများကို ပြောပြသည်။

ထိုအခါ မိတ်ဆွေများက ကျွန်တော်ပြောသည်ကို လက်ခံကြသည်။ သူတို့လည်းတောမှာနေစဉ်၊ ရွာမှာနေစဉ်က ဒီလိုပဲ ငှက်ဆိုးထိုးသံကြုံတွေ့ခဲ့ရသည်ဟု သူတို့အတွေ့အကြုံများကို ပြောပြကြသည်။

ဓမ္မသဝန၊ ဓမ္မသာကစ္ဆာဖြစ်သည့် မိတ်ဆွေအမျိုးသမီးတစ်ဦးမှ ဒီလိုအသံမျိုးကြား၍ ကြောက်ရွံ့ခြင်း၊ ရင်ခုန်ခြင်းဖြစ်လျှင်-

ယံဒုန္နိမိတ္တံ အဝမင်္ဂလဉ္စကို ရွတ်ရသည်ဟုဆို၏။ သူရွတ်ပြလိုက်တော့မှ ကျွန်တော့်စိတ်ထဲ သတိရလိုက်မိသည်။ ၎င်း ယံဒုန္နိမိတ္တံဂါထာသည် ပရိတ်ကြီး ၁၁ သုတ်မှ နောက်ဆုံးသုတ်ဖြစ်သည်။ ကျွန်တော်အမြဲရွတ်နေကျဂါထာဖြစ်သည်။

သို့သော် ရိုးသားစွာအမှန်အတိုင်း ဝန်ခံရပါမူ နေ့စဉ်ညတိုင်း ၎င်းဂါထာကို ရွတ်ဖတ်နေသော်လည်း" အနက်အဓိပ္ပာယ် ဘာကိုဆိုမှန်း ကျွန်တော် လုံးဝမသိရိုးအမှန်ဖြစ်သည်။ ပါဠိလိုတော့ ပရိတ္တပါဠိ ပုဗ္ဗဏှသုတ်ဖြစ်သည်။

သို့အတွက် ကျွန်တော်ဆယ်စောင်တွဲစာအုပ်ကိုရှာ၍ ၎င်းယံဒုန္နိမိတ္တံ အဝမင်္ဂလဉ္စဂါထာ၏ အနက်အဓိပ္ပာယ်ကို ဖတ်ရှုသိရှိရသည့်အခါ ကောင်းသောဓမ္မစကား ပြောကြားပေးပါသော ထိုဓမ္မမိတ်ဆွေအမျိုးသမီးအား အထူးပင်ကျေးဇူးတင်မဆုံးဖြစ်ရပါသည်။

သို့ပေမယ့် သူကပြောသေးသည်။ ဂါထာကိုရွတ်ပြီးလျှင် ဖပ်…ဖပ်ဟု ဆိုလိုက်ဟုဆို၏။ ဂါထာ၏ အနက်အဓိပ္ပာယ်ကို သိရှိရသော်လည်း ထို ဖပ်… ဖပ်ကို ကျွန်တော် လုံးဝမသိတာအမှန်ပင် ဖြစ်သည်။

အမှန်မှာ ယံဒုန္နိမိတ္တံဂါထာသည် ပရိတ်ကြီးတစ်ဆယ့်တစ်သုတ်မှ ပုဗ္ဗဏှသုတ်နိဒါန်းချုပ်ချက် ပရိတ်မွန်းဖြစ်ပါသည်။ ဂါထာအားဖြင့် သုံးဂါထာရှိသည်။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးဖြင့် မကောင်းသော အမြင်ဆိုး၊ အကြားဆိုး၊ အသံဆိုးစသည့် ဘေးရန်ဟူသမျှကို ကာကွယ်တားဆီးပေးသော ဂါထာဖြစ်သည်ကို ခုမှပင်ကျွန်တော်သိရှိရတော့သည်။

www.burmeseclassic.com

သို့ကြောင့် လောကကြီးတွင် မိတ်ကောင်း၊ ဆွေကောင်း၊ ပတ်ဝန်းကျင်ကောင်း ဆိုသည်မှာ အရေးကြီးမှုသိရသည်ဆိုသောစကားသည် ဤနေရာတွင် အကြွင်းမဲ့ယုံကြည်ထိုက်ပါတော့သည်။ ကျေးဇူးအထူးတင်ဝမ်းမြောက်စွာ ဖြင့် စာဖတ်ပရိသတ်များသို့ ငှင်းပုဗ္ဗဏှသုတ် ဂါထာသုံးပုဒ်အား အနက် အဓိပ္ပာယ်နှင့်တကွ ရေးသားတင်ပြလိုက်ပါသည်။

(က) ယံဒုန္နိမိတ္တံ အဝ မင်္ဂလဉ္စ
ယောစာ မနာပေါ သကုဏဿသဒ္ဒေါ
ပါပဂ္ဂဟော ဒုဿုပိနံအကန္တံ
ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု။

(ခ) ယံဒုန္နိမိတ္တံ အဝ မင်္ဂလဉ္စ
ယောစာ မနာပေါ သကုဏဿသဒ္ဒေါ
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ
ဓမ္မာနုဘာဝေန ဝိနာသမေန္တု။

(ဂ) ယံဒုန္နိမိတ္တံ အဝ မင်္ဂလဉ္စ
ယောစာ မနာပေါ သကုဏဿသဒ္ဒေါ
ပါပဂ္ဂဟော ဒုဿုပိနံအကန္တံ
သံဃာနုဘာဝေန ဝိနာသမေန္တု။

(က) ယံဒုန္နိမိတ္တဉ္စ = အကြင်မကောင်းသော နိမိတ်သည်လည်းကောင်း။
ယံအဝမင်္ဂလဉ္စ = အကြင်မကောင်းသော အမင်္ဂလာသည်လည်းကောင်း။
သကုဏဿ = ငှက်၏ (ဝါ) အကြင်ငှက်ဆိုးသရမ်းတို့၏။
အမနာပေါ = မနှစ်မြို့ဖွယ်သော (ဝါ) စိတ်နှလုံး မချမ်းမြေ့ဖွယ်ဖြစ်သော၊
ယောသဒ္ဒေါစ = အကြင်အသံများ သည်လည်းကောင်း။
ယောပါပဂ္ဂဟောစ = အကြင်မကောင်းသော ဂြိုဟ် စီးဂြိုဟ်နှင်းတို့သည်လည်းကောင်း။
အကန္တံ = မနှစ်မြို့ဖွယ်သော၊
ယံဒုဿုပိနဉ္စ = အကြင်မကောင်းသော အိပ်မက်တို့သည်လည်းကောင်း။
အတ္ထိ = ရှိကြကုန်၏(ဝါ) မက်ကြကုန်၏။
တေဒုန္နိမိတ္တာဒယော = ထိုမကောင်းသော နိမိတ် အစရှိသည်တို့သည်၊
ဗုဒ္ဓါနုဘာဝေန = မြတ်စွာဘုရား၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်၊
ဝိနာသံ = ပျက်စီးခြင်းသို့ (ဝါ) ကွယ်ပျောက်ချုပ်ငြိမ်းခြင်းသို့၊
ဧန္တု = ရောက်စေကုန်သတည်း (ဝါ) ကင်းပျောက်ပါစေကုန်သတည်း။

(ခ) ဓမ္မာနုဘာဝေန = တရားတော်၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်

(ဂ) သံဃာနုဘာဝေန = သံဃာတော် အရှင်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်
ဝိနာသံ = ပျက်ဆီးခြင်းသို့ (ဝါ) မကောင်းသော နိမိတ်ဆိုးဟူသမျှ ကွယ်ပျောက်ချုပ်ငြိမ်းခြင်းသို့
ဧန္တု = ရောက်စေ၊ ပျောက်စေ ချုပ်ငြိမ်းစေကုန်သတည်း။

အားလုံးဘေးဘယာဝေးကွာကြပါစေ။

■ မိုးမြင့်လွင်



www.burmeseclassic.com

www.burmeseclassic.com

# ပရိတ်ကြီး (၁၁)သုတ် ရွတ်ဖတ်ခြင်းအကျိုးနှင့်

# ကြွက်နို့ရောဂါ

ယိုး

ကျွန်ုပ်သည် ရန်ကုန်မြို့တွင်း မြို့နယ်တစ်ခုဖြစ်သည့် ဆိပ်ကမ်းမြို့နယ်တွင် နေထိုင်သူတစ်ဦးဖြစ်၏။ လူအတော်များများသည် ဆိပ်ကမ်းမြို့နယ်အား သိသူအလွန်နည်းလှ၏။ ကျွန်ုပ်အား ပြန်ဖြေသည့်တိုင် ဆိပ်ကမ်းဆိုတာ ဒဂုံဆိပ်ကမ်းလားဟု ပြန်၍မေးတတ်ကြရာ ကျွန်ုပ်သည် အလွန်စိတ်ဆိုးဒေါသထွက်ရ၏။ ငါ့မြို့က ဒီလောက်ပဲ လူသိနည်းရသလားဟုလည်း အားမလို အားမရ ဖြစ်ရ၏။ ထို့ထက်ပို၍ ဆိုးသေးသည်မှာ ဗိုလ်တထောင်စေတီတော်မြတ်ကြီးအား ဆိပ်ကမ်းမြို့နယ်အတွင်း ရှိသည်ဟု သိသူအလွန်နည်းခြင်းပင်ဖြစ်၏။ လူအတော်များများသည် ဗိုလ်တထောင်မြို့နယ်အတွင်း၌သာ ရှိသည်ဟု သဘောပေါက်ကြ၊ နားလည်ကြ၏။ ကျွန်ုပ်သည် ဗိုလ်တထောင်စေတီတော်မြတ်ကြီးတည်ရှိရာ ရဲရိပ်သာဟု အမည်ရသော ရပ်ကွက်ကလေးအတွင်း၌ နေထိုင်သည်ဖြစ်ရာ ဘုရားကြီး၏ ထီးတော်ရိပ်၌ မွေးဖွားကြီးပြင်းသည်ဟု ပြောရမည်ဖြစ်ပေ၏။

ကျွန်ုပ်သည် ကျောင်းပြီးသောအခါ အလုပ်အကိုင်မရှိသေးဘဲ ဗိုလ်တထောင်စေတီတော်တွင် ဖွဲ့စည်းထားသော ဘာသာရေးအသင်းအဖွဲ့များတွင်လည်းကောင်း၊ ကြက်ခြေနီ တပ်ဖွဲ့ကဲ့သို့သော လူမှုရေးလုပ်ငန်းများတွင်လည်းကောင်း ပါဝင်ဆောင်ရွက်ခြင်းဖြင့်သာလျှင် အချိန်တို့အား ကုန်လွန်စေလျက်ရှိပေ၏။ ညဘက်ကဲ့သို့သော အချိန်များ၌လည်း အခြားသောလူငယ်များကဲ့သို့ ဝေလေလေလုပ်မနေဘဲ ဘုရားကုန်းတော်ပေါ်တက်ကာ ဘုရားရှိခိုးခြင်း၊ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ ပရိတ်ကြီး(၁၁)သုတ် ရွတ်ခြင်း စသည်တို့ကိုသာ ဆောင်ရွက်ပေ၏။ ကျွန်ုပ်အား သူငယ်ချင်းများက မင်းကတော့ ဘုရားဖြစ်မယ့် အုတ်နီခဲဟု နောက်ပြောင်ကြပေ၏။ ကျွန်ုပ်ကလည်း စိတ်မဆိုးမိပေ။

တစ်နေ့သ၌ ကျွန်ုပ်၏ ခြေဖမိုးတွင် ကြွက်နို့ဟုခေါ်သော အနာလေးတစ်ခု ပေါက်လာသည်ကို သတိထားမိ၏။ နာကျင်ခြင်းမရှိသဖြင့် ကျွန်ုပ်အနေဖြင့်လည်း မည်သို့မျှ မပြုလုပ်ဘဲ ဒီအတိုင်းသာလျှင် ထားလိုက်၏။ ကြာလာသောအခါ နောက်ထပ်တစ်လုံး ပေါက်လာပြန်၏။ ပထမကြွက်နို့မှာလည်း ပို၍ကြီးလာသဖြင့် မနေနိုင်မထိုင်နိုင် လက်ဖြင့် ကုတ်ဖဲ့ရာ သွေးများထွက်လာ၏။ နောက်ပိုင်းတွင် ကြွက်နို့များ ထပ်မံ၍ ပေါက်လာရာ ကျွန်ုပ်မှာ လူငယ်ပီပီ ရှက်မိ၏။ ကြက်ခြေနီလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘောင်းဘီရှည်၊ ရှူးဖိနပ်၊ ခြေအိတ် စသည်တို့ဝတ်ထားရသဖြင့် ပြဿနာမရှိသော်လည်း ဘာသာရေးလုပ်ငန်းများ လုပ်ဆောင်သည့်အခါတွင်မူ ပုဆိုးဝတ်ရသဖြင့် ကျွန်ုပ်၏ခြေခုံခြေဖမိုးမှ ကြွက်နို့များကြောင့် အလွန်ရှက်မိသဖြင့် ပုဆိုးကို ခြေမဦးတိုက် ဝတ်ထားရ၏။ ကျွန်ုပ်သည် ကြွက်နို့များအား ပျောက်ချင်လှသဖြင့် နည်းမျိုးစုံဖြင့်ကု၏။ လမ်းဘေးတွင် ကုသောဆရာ၊ ရထားပေါ်တွင်ကုသော ဆရာပါမကျန် ကု၏။ ပျောက်သည်ဆိုသော ဆရာမှန်သမျှကို မရရအောင်ရှာ၍ ကုသော်လည်း ခဏသာလျှင် ပျောက်ကင်းသွားတတ်ပြီး ရက်အတန်ငယ်ကြာသော် ပြန်ပေါ်လာ၏။

ကျွန်ုပ်သည် ကြွက်နို့ရောဂါကြောင့် စိတ်ဆင်းရဲခြင်း ဖြစ်ရ၏။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ဖြစ်နေ၏။ ကြွက်နို့ဆိုတာ အမကိုသတ်ရင် အကုန်သေတယ်ဟု ပြောသဖြင့် ပထမဆုံးပေါက်သော ကြွက်နို့အား တူးဆွကာ အတင်းအဓမ္မ



www.burmeseclassic.com

www.burmeseclassic.com

ခွဲနှုတ်သဖြင့် သွေးများခြင်းခြင်းနီအောင်ထွက်၏။ ပျောက်သွား မပျောက်ပေ။ နောက်ဆုံးတွင် ကြံရာမရဖြစ်ကာ ဗိုလ်တထောင်စေတီတော်ပေါ်သို့တက်၍ ဘုရားရှိခိုးကာ ငါးပါးသီလခံယူလိုက်၏။ ထို့နောက် အောက်ပါအတိုင်း အဓိဋ္ဌာန်ပြုလိုက်၏။

ကျွန်ုပ်သည် ယနေ့မှစ၍ တစ်နှစ်တိတိ ပရိတ်ကြီး(၁၁)သုတ်အား ညစဉ် ဝတ်မပျက် ရွတ်ဖတ်ပါမည်ဘုရား။ ဤကဲ့သို့ရွတ်ဖတ်ရသော ကုသိုလ်ကံအကျိုးအားကြောင့် ဘုရားတပည့်တော်၌ စွဲကပ်နေသော ကြွက်နို့အနာများ ပျောက်ကင်းရပါစေသားဘုရားဟု အဓိဋ္ဌာန်တင်ကာ ထိုနေ့ညမှစ၍ ရွတ်ဖတ်ပူဇော်၏။ ဘုရားသို့ မလာဖြစ်သောနေ့များ၌ အိမ်၌လည်းကောင်း၊ ခရီးကသင်း သွားသောအခါများ၌မူ ရောက်ရာအရပ်၌လည်းကောင်း။ နေထိုင်မကောင်းသောအခါများ၌မူ အိပ်ရာထက်တွင်ပင် စိတ်မှရည်ရွယ်၍ ဝတ်မပျက် ရွတ်ဆိုပူဇော်၏။

ရွတ်ဆိုလာသည်မှာ တစ်နှစ်နီးပါးရှိသည့်တိုင် ကြွက်နို့များကား ရှိမြဲတိုင်း ရှိနေ၏။ ပျောက်မသွားပေ။ ကျွန်ုပ်သည် တစ်ခါတစ်ရံ စိတ်ပျက်မိ၏။ အဓိဋ္ဌာန်အား ဖျက်လိုက်လျှင် ကောင်းမလားဟု တွေးမိ၏။ သို့သော် ကျွန်ုပ်သည် အလုပ်ကို ရပ်မိပြီဆိုလျှင် စွဲစွဲမြဲမြဲလုပ်တတ်သည့် အကျင့်ကြောင့် ဆက်ဖြစ်ခဲ့ပေ။ တဖြည်းဖြည်းနှင့် တစ်နှစ်နီးပါးသို့တိုင်လာခဲ့ပေ၏။ တစ်နှစ်ပြည့်ရန် ရက်ပိုင်းမျှလိုတော့သည့်အချိန်သို့ ရောက်လာခဲ့၏။ ကျွန်ုပ်၏ကြွက်နို့များ ပျောက်သည်၊ မပျောက်သည်ထား။ ပရိတ်ကြီး(၁၁)သုတ်အား ညစဉ် ရွတ်ဆိုပူဇော်ရသည်မှာ အကျင့်ကဲ့သို့ဖြစ်လာသဖြင့် ကြွက်နို့မပျောက်တော့လည်း ကုသိုလ်ရတာပေါ့ဟူသည့်စိတ်ကလေးဖြင့် ဆက်လက်ရွတ်ဆိုမြဲဖြစ်၏။

တစ်နေ့သ၌ ကမ္ဘာအေးကုန်းမြေ၌ သံဃာ့ဂိုဏ်းပေါင်းစုံဆွေးနွေးပွဲကြီး ကျင်းပပြုလုပ်ရာတွင် ဝေယျာဝစ္စပြုလုပ်ရန်အတွက် တစ်မြို့နယ်လျှင် လူ ၁၀ ယောက် စာရင်းတောင်းရာ ကျွန်ုပ်သည် စာရင်းပေးလိုက်၏။ ကျွန်ုပ်တို့၏တာဝန်မှာ ဆရာတော်ကြီးများအား ဆွမ်းကွမ်းကိစ္စ ဆောင်ရွက်ပေးရ၏။ နောက်ဆုံးနေ့၌ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ၏။ ကျွန်ုပ်သည် နံပါတ်(၃) ဆရာတော်အနီး၌ ကျောင်းသားအဖြစ် လိုက်ပါရ၏။ လှူဖွယ်ပစ္စည်းများအား ဆရာတော်မှ အကပ်ခံပြီးနောက် ကျွန်ုပ်က ယူကာ နောက်မှ အိတ်များကိုင်ဆောင်ထားသည့် ကျောင်းသားများထံသို့ လွှဲပြောင်းပေးရ၏။ ထို့ကြောင့် ကျွန်ုပ်သည် ပုဆိုးကို တိုတိုဝတ်ထားမိ၏။ ရှေ့တွင်ကျပ်နေသဖြင့် ရပ်စောင့်နေစဉ် ဆရာတော်သည် ကျွန်ုပ်၏ ကြွက်နို့များပေါက်နေသည့် ခြေထောက်အား စိုက်ကြည့်နေသည်ကို သတိထားလိုက်မိ၏။ ထို့နောက် ဆရာတော်က ကျွန်ုပ်အားကြည့်ကာ ပြုံးလေ၏။ ကျွန်ုပ်ကလည်း ဆရာတော်ဘုရားကြီးအား ပြန်ပြုံးပြကာ လက်အုပ်ချီလိုက်မိ၏။ ဆရာတော်ဘုရားကြီး၏ မျက်နှာတော်သည် ပကတိ ကြည်လင်အေးမြလှပါဘိ။

မှတ်ချက် ။ ။ ဆရာတော်ဘုရားကြီး၏ ဘွဲ့တော်အား ယပ်တောင်တွင်ရေးထိုးထားပြီး ကျွန်ုပ်အနေဖြင့် ဖတ်မိသော်လည်း ဘွဲ့တံဆိပ်တော်များနှင့် တွဲ၍ရေးထားသည်ဖြစ်ရာ ရှည်လျားလှသဖြင့် မှတ်မိခြင်းမရှိတော့ပါ။

ကိစ္စဝိစ္စများပြီးသောအခါ ကျွန်ုပ်တို့သည် မိမိတို့အိမ်သို့ ပြန်လာကြ၏။ ကျွန်ုပ်၏ ပရိတ်ကြီး(၁၁)သုတ် ရွတ်ဖတ်ပူဇော်ခြင်း အဓိဋ္ဌာန်မှာလည်း ပြီးမြောက်ပြီဖြစ်သဖြင့် ညနေစောင်း၌ ရေမိုးချိုး၊ အဝတ်အစားများလဲလှယ်ကာ အပြင်သို့ထွက်ရန် ပြင်ဆင်လိုက်၏။ အမှန်ကိုဝန်ခံရလျှင် မတွေ့ရတာကြာပြီးဖြစ်သော ကျွန်ုပ်၏ချစ်သူအား သွားရောက်တွေ့ဆုံရန်ဖြစ်၏။ ကျွန်ုပ်သည် ဖိနပ်စင်ပေါ်ရှိ ကတ္တီပါဖိနပ်လေးအား ယူကာစီးလိုက်၏။ ကတ္တီပါကြိုးပေါ်ရှိ ဖုန်မှုန့်ကလေးများအား ဘရပ်ရှ်လေးဖြင့် ပွတ်တိုက်လိုက်စဉ် ကျွန်ုပ်၏ခြေထောက်မှ ကြွက်နို့များအား သတိရသွားသဖြင့် ကြည့်လိုက်ရာ အမာရွတ်ရေးရေးလေးမျှသာ ကျန်တော့ကြောင်း ထူးဆန်းအံ့သြဖွယ်ရာ မြင်တွေ့လိုက်ရပေ၏။ ကျွန်ုပ်သည် အလွန်ဝမ်းသာသွား၏။ ဆုံးဖြတ်ချက်တစ်ခုကိုလည်း ချက်ချင်းပင်ချလိုက်၏။ ကျွန်ုပ်၏ခြေလှမ်းများသည် ဗိုလ်တထောင်စေတီတော်ကြီးဆီသို့ ဦးတည်ရွေ့လျားခဲ့ပြီ ဖြစ်၏။


မှတ်ချက်။ ။ ညီငယ်လေး မောင်ဇော်လတ်၏ ကိုယ်တွေ့ဖြစ်ရပ်အား ဆင့်ပွားခံစားပါသည်။

ယဒိုး



www.burmeseclassic.com

www.burmeseclassic.com



# ကာရံမဲ့ သံစဉ်ချို

မောင်လသာ

"ဟဲ့…အကောင်…လာစမ်း"

သည်အသံဟာ လွန်ခဲ့သော နှစ်ပေါင်း(၄၅)နှစ်ကျော်က ကြားနေကျ အသံပါ။

အခု ကျွန်တော့်အသက် (၆၁)နှစ်မှာ ပြန်ကြားရပြန်ပါပြီ။

သည်အသံကို အထက်တန်း ကျောင်းသားဘဝမှာ ကတည်းက ကျောင်းဖွင့်ရက်တွေမှာ ကြားနေကျရစမြဲမို့ပါ။

ကျွန်တော်တို့ရဲ့ ဆရာမကြီးအသံပါ။ မာန်အပြည့်နဲ့ ခေါ်ဆိုသံတစ်ခုပေါ့။

"ငါရောက်နေတာ ကြာလှပြီ၊ အခု ငါ့အလှည့်ကို မရောက်သေးဘူး။ သွားကြည့်စမ်း။ ငါ့စာအုပ် ဘယ်ရောက် နေသလဲလို့"

"ဟုတ်ကဲ့ ဆရာမ"

ကျွန်တော် ဒါပဲ ပြောနိုင်ပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းထဲ ပြေးဝင်[…] ဆရာမရဲ့ ကျန်းမာရေး စစ်တမ်းစာအုပ်ကို စီနီယာ ဘယ်လော[…] ရောက်နေပြီလဲ ပြေးကြည့်မိပါတယ်။

စာဖတ်နေသူများကို အစက ပြန်ရှင်းပြရရင် ကျွန်တေ[…] တို့ကျောင်းဟာ စင်ထရယ် အ·ထ·က(၁)လသာ ယောက်[…] လေးကျောင်းတစ်ကျောင်း ဖြစ်ခဲ့ပါတယ်။ ရန်ကုန်မြို့လယ်ခေါ[…] လသာမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနဲ့ ရွှေတိဂုံဘုရားလ[…] ထောင့်တွင် လက်ဝဲဘက်၌ ပန်းပဲတန်း အ·ထ·က(၁) စိ[…] မိန်းကလေးကျောင်း။ လကျာ်ဘက်မှာတော့ အ·ထ·က(၂)လ[…] စိန်ဂျွန်းကွန်ဗင့် မိန်းကလေးကျောင်းများ ခြံရှေ့[…] မင်းအိ[…]



www.burmeseclassic.com

www.burmeseclassic.com

အပြည့်ဖြင့် နှစ်ပေါင်းများစွာ စံစားနေခဲ့တဲ့ ကျောင်းတော်မဟာကြီး ဖြစ်ခဲ့ဖူးပါသည်။

ကျွန်တော်တို့ခေတ်က 'ကြိမ်လုံးခေတ်ပါ။

ကြိမ်လုံးကိုင်ထားသော ဆရာကြီး၊ ဆရာ၊ ဆရာမများသည် ကျွန်တော်တို့ အကြောက်ရဆုံး လူသားအာစရိများပင် ဖြစ်ပါတော့သည်။

ယောကျ်ားလေးကျောင်းသို့ ဆရာ၊ ဆရာမများကလည်း တင်းကြပ်သော စည်းကမ်းများဖြင့် ကြပ်မတ်ဆုံးမခြင်း ဖြစ်ပါသည်။ ဆရာ၊ ဆရာမများရဲ့ နှုတ်ဖျားမှ ကျွန်တော်တို့ လိမ္မာသောအခါတွင် "သားတို့ရေ" ဟု ခေါ်သံကြားရ၍ စည်းကမ်းဖောက်ဖျက်မိသောအခါမှာတော့ "ဟဲ့အကောင်" လို့ ခေါ်ဆိုသုံးနှုန်းသံ ကြားရစမြဲပါ။

သို့သော်လည်း "ဟဲ့အကောင်" "ဟဲ့ အကောင်"ဟုသာ အမြဲလိုက် ကြားခဲ့ရပါ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် ဆိုးခဲ့ပေခဲ့ကြပါသည်။ ဆရာ၊ ဆရာမကို ဘယ်လို လိမ်ညာရမလဲလို့ အမြဲတွေးနေခဲ့တာ ဝန်ခံပါတယ်။

ကျောင်းခေါ်ချိန် မပြည့်၍လည်းကောင်း၊ စာမေးပွဲအဆင့်နိမ့်၍လည်းကောင်း၊ မိဘများ ခေါ်ခိုင်းလျှင် ဆိုက်ကားဆရာများကို အငှားဖခင်အဖြစ် သရုပ်ဆောင် ခေါ်ဆောင်ခဲ့၍ ဆရာ၊ ဆရာမများအား တွေ့ဆုံပေးခဲ့ခြင်းများ၊ ခွင့်စာလိမ်တိုင်ခြင်းများအပြင် များစွာသော ဖြစ်မှုများကို အသိမဲ့စွာ ကျူးလွန်ခဲ့သူများမှာ ကျွန်တော်တို့ပါ။ တစ်တန်းကို အနည်းဆုံး (၂)နှစ်ခန့်နေ၍ ကျောင်းပျော်ကြီးများအဖြစ် ခံယူနေခဲ့ကြပါသည်။

ကျွန်တော်တို့ခေတ်တုန်းက ကျူရှင်သင်တယ် မရှိပါ။ မှတ်မိသလောက် ပြောရရင် သချာဦးသာ၊ ဦးစံခင်(ရူပဗေဒ)၊ နေအုပ်(စိန်ပေါ)စသည့် ကျူရှင်များသာ ရှိခဲ့ပါသည်။ ကျောင်းမှ ဆရာ၊ ဆရာမများက စာမလိုက်နိုင်သူတွေကို အိမ်ခေါ် ထမင်းကျွေး လမ်းစရိတ်ပေးပြီး စာသင်ပေးခဲ့ကြပါသည်။

ကျွန်တော် (၇)တန်းတုန်းက ဆူးလေဘုရားလမ်း၊ ချွေမြင်းမုန့်တိုက်အပေါ်ထပ်တွင် ဆရာမက ညံ့သောတပည့်များကို အင်္ဂလိပ်စာ သင်ပေးခဲ့ဖူးပါသည်။ စာသင်ခ ပေးစရာ မလိုပါ။ ဒီတောင်မှ အချိန်ပေးပြီး သွားမတက်ခဲ့ပါ။

ကျွန်တော်နဲ့အတူ ဆိုးပေတေခဲ့သော တပည့်များ အသက်(၆၀)ကျော်အရွယ်မှာ ပြန်ဆုံခဲ့ကြပါတော့သည်။ ခေတ်စကားပြောရရင် ခြောက်ထိပ်စည်းတွေ ပြန်ဆုံကြတဲ့ပွဲပါ။

ဘယ်နေရာမှာ ပြန်ဆုံသလဲဆိုတော့ ဆရာ၊ ဆရာမများ ကျန်းမာရေးကူညီစောင့်ရှောက်မှုအဖွဲ့မှာ ပြန်ဆုံကြပါတော့သည်။ ကျွန်တော်တို့ရဲ့ စေတနာ၊ ကျွန်တော်တို့ရဲ့ လုပ်ရပ်တွေကြောင့် မိခင်(စင်ထရယ်) အ·ထ·က(၁)လသာ ကျောင်းဝင်းအတွင်း၌ ယခင် စက်မှုလက်မှုခန်းမကို ကျန်းမာရေးဆေးခန်းအဖြစ် အသုံးပြုခွင့် ရခဲ့ပေပြီ။ ကျောင်းအုပ်ဆရာကြီး မေတ္တာစေတနာကြောင့် ဆေးခန်းကြီး ဖွင့်ခဲ့ရခြင်းပင်။ အထွေထွေဆေးကုခန်းအပြင် သွားဆေးခန်းနှင့် မျက်စိဆေးခန်းများလည်း ဆက်လက်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

စိတ်တူကိုယ်တူ ဝါသနာတူ ကျောင်းသားဟောင်းများ စုပေါင်း၍ လစဉ် ပထမဦးဆုံး တနင်္ဂနွေနေ့တွင် ဆရာအိုကြီး၊ ဆရာမအိုကြီးများ၊ ကျန်းမာရေးကို ဆေးရုံအုပ်ကြီး၊ ဆရာဝန်၊ အမျိုးသားသူနာပြုနှင့် အမျိုးသမီးသူနာပြုများဖြင့် လစဉ် စောင့်ရှောက်ပေးနေလျက်ပါ။

ဆရာ၊ ဆရာမများ မကျန်းမာရင် သိန်းဘယ်လောက်၊ ဆေးရုံတက်ရရင် သိန်းဘယ်လောက်၊ နာရေးဖြစ်လျှင် သိန်းဘယ်လောက် စသည်ဖြင့် ကူညီနေသည်ကို ထုတ်ဖော်မရေးလိုတော့ပါ။

ကျွန်တော် ပြောလိုသည်မှာ -

အဖွင့်မှာ ကျွန်တော် စခဲ့သည့်အတိုင်း···

"ဟဲ့အကောင် လာစမ်း"

ဆိုတဲ့ ခေါ်ဆိုသံပါ။

ဆရာမကြီးရဲ့ ခေါ်သံကြောင့် ကျွန်တော်မှာ အသက် ၁၄ နှစ်သားအရွယ် ပြန်ဖြစ်ခဲ့ရပါသည်။ ငယ်စဉ်က ဆိုးပေခဲ့သော ခြောက်ဆယ်ကျော် တပည့်ဟောင်းကြီးများကို ယခုချိန်ထိ ဆိုးပေနေဦးမှာ စိုးရိမ်စိတ်နဲ့ သတိပေးခေါ်ဆိုသံ "ဟဲ့အကောင်" ဟာ ကျွန်တော့်နားထဲမှာ ကာရံမဲ့သံစဉ်ချို ဖြစ်နေပါပြီ။

ကြည်နူးကျေနပ်စွာ အားကိုးမျှော်လင့်နေတဲ့ မျက်ဝန်းတွေနဲ့ တပည့်ဟောင်းများကို ကြည့်နေတဲ့ ဆရာ၊ ဆရာမများကို တစ်လတစ်ကြိမ် ဝမ်းသာစွာ ဆုံတွေ့နေစမြဲပါ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ဆေးခန်းကို နံနက် ၈ နာရီမှ စတင်ဖွင့်လှစ်သော်လည်း တချို့ဆရာ၊ ဆရာမများက နံနက် ၇ နာရီတွင် ရောက်နေကြလေသည်။

ဆရာ၊ ဆရာမများသည် ဆေးခန်းစာအုပ်များ ထပ်ထားကြရင်းက ကျွန်တော်များ ဗဟိုစံပြမွှာရုံတွင် ဘုရားဝတ်ပြုခြင်း၊ တရားထိုင်ခြင်း၊ ဆွမ်း၊ သစ်သီး ကပ်လှူခြင်းများ ပြုလုပ်နေကြစမြဲပါ။

ဆရာဝန်ကြီးကလည်း ဆေးခန်းဖွင့်ချိန် နံနက် ၈ နာရီထက်စောပြီး လာရောက်ကုသပေးနေကြပါသည်။ သည်လိုနဲ့ ၁၀ နာရီလောက် ရောက်လာတဲ့အခါမှာ ဆရာ၊ ဆရာမများလည်း စုံလင်စွာ တဖြည်းဖြည်း ရောက်လာကြပါပြီ။

လစဉ် အာဟာရဒါနကို ကုသိုလ်ရှင် ကျောင်းသားဟောင်း ဦးအေးထွန်းရဲ့ ကောင်းမှုကြောင့် ဆရာ၊ ဆရာမများဟာ နံနက်စာလေးစားရင်း ကိုယ့်အလှည့်ကို စောင့်မျှော်နေကြပါတယ်။

အဲသည်မှာ စိတ်ရှည်သော ဆရာ၊ ဆရာမများရှိသလို အလှည့်စောင့်နေရတာ စိတ်မရှည်သော ဆရာ၊ ဆရာမများလည်း ရှိနေပါ၏။ အဲသည်မှာ စတာပါပဲ။ စိတ်မရှည်တဲ့ ဆရာမကြီးက…

"ဟဲ့အကောင် ငါ့စာအုပ် ဘယ်ရောက်နေပြီလဲ သွားကြည့်စမ်း"

ဆိုတဲ့ အမိန့်သံ ပေါ်လာပါတော့တယ်။

ကျွန်တော်တို့မှာ ငယ်ကြောက်ဆရာမကြီး ဖြစ်နေလို့ သွားကြည့်ပေးခဲ့ပါတယ်။

ဆေးခန်းအတွင်းမှ ပြန်ထွက်လာပြီး…

"ဆရာမ စာအုပ်ရောက်တော့မယ် ခဏစောင့်၊ ဆရာမ ကော်ဖီသောက်ပြီးပြီလား၊ မုန့်စားပြီးပြီလား၊ ထွန်းရွှေဝါ လိမ်းဆေး ယူဦးမလား" စသည်ဖြင့် ချော့မော့စောင့်ဆိုင်းခဲ့ရပါတယ်။ တကယ်တော့ ဆရာမ အလှည့်မရောက်သေးပါ။ ဆရာမ စိတ်ကျေနပ်စေရန် လှည့်ပတ်အာရုံပြောင်းပေးနေရခြင်း ဖြစ်ပါသည်။ ကျောင်းသားဟောင်း ဆရာထွန်းမှ ဆရာကြီး၊ ဆရာမကြီးများအတွက် ထွန်းရွှေဝါတိုင်းရင်းဆေးများ လစဉ် လှူနေပါသည်။

ကျွန်တော်တို့ ကျောင်းသားဟောင်းများက အပြင်လောကမှာ ဘာရာထူး၊ ဘာအဆင့်၊ ဘာအကောင်ကြီးများ ဖြစ်ခဲ့ပါစေ ကျောင်းဝင်းထဲ ဝင်လိုက်ရင် အားလုံးဟာ ကျောင်းသားဟောင်းများအဖြစ် တစ်သွေးတည်း တစ်သားတည်းပါ။ သည်ဆရာ၊ ဆရာမတွေရဲ့ တပည့်အဖြစ် ကျေနပ်ပျော်ရွှင်စွာ ခံယူနေကြသူများ ဖြစ်ပါသည်။

"ဟဲ့အကောင်"

"ဟုတ်ကဲ့"

"ငါ ကော်ဖီသောက်မယ်"

"ဟုတ်ကဲ့"

"ငါ ဆီးချိုစစ်မယ်"

"ဟုတ်ကဲ့"

"ဟဲ့ ပန်ကာပိတ်ပေး၊ ငါ ပန်ကာကြောက်တယ်"

"ဟုတ်ကဲ့"

"ငါ နောက်ကျသွားတယ်"

"ဟုတ်ကဲ့"

"ငါ နင်တို့ ကျန်းမာရေးအဖွဲ့ကို ငွေလှူမယ်"

"ဟုတ်ကဲ့"

"ငါ့ကို စာအုပ်ထပ်ပေး"

"ဟုတ်ကဲ့"

"ဟဲ့ အကြည်လေးကို ရှာပေးစမ်း"

(ဆရာမ ဒေါ်ကြည်ကြည်သန်းကို ရှာခိုင်းခြင်း ဖြစ်ပါသည်။)

"ဟုတ်ကဲ့"

"မောလိုက်တာ မရောက်ရောက်အောင် လာခဲ့တာ"

"ဟုတ်ကဲ့"

"ငါ့ကို ရွှေရနံ့လိမ်းထားပေးစမ်း၊ ဟဲ့ ရှူဆေးလေး ဘာလေးပါ ပေးဦး"

"ဟုတ်ကဲ့"

"ဟဲ့ ညက မန့်ယူ နိုင်သွားတယ်နော်"

"ဟုတ်ကဲ့"

"ငါ့ကို လာကြိုဖို့ ငါ့သမီးကို ဖုန်းဆက်ပေးစမ်း"

"ငါ ဘုရားကျောင်းတက်ရဦးမယ်၊ ငါ့ကို မြန်မြန်လုပ်ပေး" (ခရစ်ယာန်ဘာသာဝင်ဆရာမ)



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"

စသည့် "ဟုတ်ကဲ့" ပေါင်း မြောက်များစွာနဲ့ ဆရာ၊ ဆရာမများရဲ့ လိုအပ်ချက်များကို "ဟင့်အင်း" လို့ မဆိုနိုင်ဘဲ ပျော်ရွှင်စွာ လတစ်လရဲ့ ပထမဦးဆုံး တနင်္ဂနွေနေ့တိုင်းကို ဖြတ်သန်းခဲ့ကြတာ ကျွန်တော်တို့ ဝါသနာတူတပည့်များ ဖြစ်နေပါပြီ။ မြောက်များစွာသော ဆရာ၊ ဆရာမများရဲ့ ကျန်းမာရေး လိုအပ်ချက်များကို တစ်လ တစ်ကြိမ် တစ်စုတည်း ဆောင်ရွက်ပေးနေရတာ ပျော်ရွှင်နေမိပါပြီ။

ဆရာ၊ ဆရာမများကလည်း လုပ်ဖော်ကိုင်ဖက်ချင်းတွေ့ကြလို့ ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်နေကြလေပြီ။

သည်ဆေးခန်းကိုလာဖို့ သားသမီးများနှင့် အတိုက်အခံလုပ်ပြီး လာခဲ့ကြရသော ဆရာမများတချို့ ရှိပါသည်။ တချို့သားသမီးများက မိဘကို မျက်စိအောက်က အပျောက်မခံနိုင်ပါ။

သားသမီးများက မအားသည့်ကြားက လိုက်ပို့၍ ရောက်လာခဲ့ကြသော ဆရာ၊ ဆရာမများ၊ လုပ်ဖော်ကိုင်ဖက်၊ တပည့်များကို တွေ့ရလျှင် မိခင်ကြည်နူးမှုကို သိသော သားသမီးများ လိုက်ပို့၍ ရောက်လာခဲ့ကြသော ဆရာ၊ ဆရာမများ၊ စိတ်တူကိုယ်တူ နှစ်ကိုယ်တွဲ၍ ရောက်လာသော ဆရာ၊ ဆရာမ ဇနီးမောင်နှံစုံတွဲများ၊ ကိုယ့်ဘာသာကိုယ် လုံ့လပြု၍ ရောက်လာသော လူပျိုကြီး ဆရာကြီးများ၊ ဘယ်လိုအကြောင်းကြောင့်ပဲ ရောက်လာသည်ဖြစ်စေ ကျွန်တော်တို့က နွေးထွေးစွာ ကြိုဆိုလက်ခံပေးနေခဲ့ပါသည်။

ကျွန်တော်တို့ လုပ်ဆောင်မှုကို ပြည်တွင်းက ကျောင်းသားဟောင်းများ၊ ပြည်ပမှ ကျောင်းသားဟောင်းများက အသိအမှတ်ပြု ကူညီထောက်ပံ့ခဲ့တာကြောင့် ယခုအချိန်ထိ ဒီဇိတာဒါနကုသိုလ်ယူခွင့်ရနေကြပါပြီ။

အသက် ၆၀ ကျော်၊ ၆ ထိပ်စည်း ကျွန်တော်တို့ ကျောင်းသားဟောင်းကြီးများမှာလည်း တစ်လ တစ်ကြိမ် ဆရာကြီး၊ ဆရာမကြီးများ၏ ကျန်းမာရေးစောင့်ရှောက်နေကြစဉ် ယခင်က နေမကောင်းနေတဲ့သူတွေ ယခုတော့ နေကောင်းနေကြပါ၏။ ကျောင်းသားဟောင်းကြီး ဦးအောင်ခိုင်(စိုးမိုးကျော်)ဆိုကနေ ထီထိုးပြီး ထီပေါက်နေကြတဲ့သူတွေလည်း ရှိနေကြပါသည်။ စီးပွားရေးတိုးတက်နေသူတွေလည်း ရှိနေကြပါ၏။ ကုသိုလ်စိတ်တွေရဲ့ စီမံရာနောက်ကို လိုက်နေကြခြင်း ဖြစ်ပါသည်။

အဖွဲ့အစည်းပုံစံဝင်အောင် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး စသည်ဖြင့် တာဝန်ယူ လုပ်ဆောင်နေကြသော်လည်း တစ်သွေးတည်း၊ တစ်စိတ်တည်း မခွဲအတူ လုပ်နေကြပါသည်။ တစ်ခါတစ်ရံလည်း ကျောင်းသားဟောင်းအချင်းချင်း ရန်ဖြစ်လိုက် ပြန်ချစ်လိုက်နဲ့ ခွဲမရတော့ပါ။ လှည်းကူးမှလာသော ဆရာကြီး ဦးဟန်အုံး၏ ကောက်ညှင်းပေါင်း စားလိုက်ရတာကိုက တစ်သက်မမေ့နိုင်စရာ ဖြစ်ရပါတယ်။

သို့ပါ၍ ကျွန်တော်တို့အသက်တွေ ဘယ်လောက်ကြီးနေပါစေ။ ဆရာ၊ ဆရာမတွေရဲ့ "ဟုတ်ကဲ့အကောင်" လို့ ခေါ်ဆိုသံဟာ နားဝင်ချို သံစဉ်အဖြစ် ရပ်တည်နေလေသည်။ ကျွန်တော်တို့ အသက်ရှင်နေသရွေ့၊ ကျွန်တော်တို့ ဆရာ၊ ဆရာမများ အသက်ရှင်နေသရွေ့ ၁၉၆၅-၁၉၇၅ ခုနှစ်(စင်ထရယ်) အ·ထ·က(၁)လသာ ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့ကြီးဟာ ဆက်လက်ချီတက်လှုပ်ရှား ကုသိုလ်ပြုနေဦးမည် ဖြစ်ပါတော့သည်။ ဝိုင်းဝန်း၍ ကုသိုလ်အတူပြုနိုင်ပါကြောင်း ထပ်လောင်းရေးသားလိုက်ပါသည်။

မောင်လသာ

[မှတ်ချက် - ယခု ၂၀၁၅ ခုနှစ်တွင် (စင်ထရယ်) အ·ထ·က(၁)လသာ (၁၉၆၅-၁၉၇၅) အကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ အယောက် ၇၀ သာ ရှိပါတော့သည်။]



www.burmeseclassic.com


www.burmeseclassic.com

# ကျောင်းပြန်မဂ္ဂဇင်း ပြက္ခဒိန်


## ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လ-တန်ဆောင်မုန်းလ

## 2015 NOVEMBER

| | | |
|---|---|---|
| တနင်္ဂနွေ Sunday | 1 ၄ | |
| တနင်္လာ Monday | 2 ၅ | |
| အင်္ဂါ Tuesday | 3 ၆ ရက်ရာဇာ | |
| ဗုဒ္ဓဟူး Wednesday | 4 ၇ | 18 ၇ ရက်ရာဇာ |
| ကြာသပတေး Thursday | 5 ၈ ရက်ရာဇာ | 19 ၈ |
| သောကြာ Friday | 6 ၉ | 20 ၉ |
| စနေ Saturday | 7 ၁၀ | 21 ၁၀ ရက်ယုတ်မာ |
| တနင်္ဂနွေ Sunday | 8 ၁၁ | 22 ၁၁ ရက်ရာဇာ |
| တနင်္လာ Monday | 9 ၁၂ ရက်ယုတ်မာ | 23 ၁၂ |
| အင်္ဂါ Tuesday | 10 ၁၃ ရက်ရာဇာ | 24 ၁၃ |
| ဗုဒ္ဓဟူး Wednesday | 11 ၁၄ သီတင်းကျွတ်လကွယ် | 25 ၁၄ ရက်ရာဇာ |
| ကြာသပတေး Thursday | 12 ၁ | 26 ၁၅ တန်ဆောင်မုန်းလပြည့် |
| သောကြာ Friday | 13 ၂ | 27 ၁ အမြိတ္တစုတ်ရက် |
| စနေ Saturday | 14 ၃ မဟာရက်ကြမ်း | 28 ၂ |
| တနင်္ဂနွေ Sunday | 15 ၄ ရက်ရာဇာ | 29 ၃ ရက်ရာဇာ မဟာရက်ကြမ်း |
| တနင်္လာ Monday | 16 ၅ | 30 ၄ |
| အင်္ဂါ Tuesday | 17 ၆ | |



၁. ၁၁. ၂၀၁၅



၁၇. ၁၁. ၂၀၁၅

### ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၇. ၁၁. ၂၀၁၅ အင်္ဂါနေ့ နံနက် ၀ နာရီ ၄၉ မိနစ် ၃၆ စက္ကန့်တွင် ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၃. ၁၁. ၂၀၁၅ အင်္ဂါနေ့ နံနက် ၈ နာရီ ၄၆ မိနစ် ၅ စက္ကန့်တွင် ကန်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၁၇. ၁၁. ၂၀၁၅ အင်္ဂါနေ့ နံနက် ၈နာရီ ၂၀ မိနစ် ၄၂ စက္ကန့်တွင် ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

ကြာသပတေးသည် - သိဟ်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၃. ၁၁. ၂၀၁၅ အင်္ဂါနေ့ နံနက် ၈ နာရီ ၁၇ မိနစ် ၈ စက္ကန့်တွင် ကန်ရာသီသို့ ပြောင်းသည်။

၃၀. ၁၁. ၂၀၁၅ တနင်္လာနေ့ နံနက် ၈ နာရီ ၃၃ မိနစ် ၁၅ စက္ကန့်တွင် တူရာသီသို့ ပြောင်းသည်။

စနေသည် - ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

ရာဟုသည် - ကန်ရာသီသို့ ပြောင်းသည်။

(၂၇. ၁၁. ၂၀၁၅)ရက်သည် အမြိတ္တစုတ်ကျ၍ အကောင်းဆုံးရက် ဖြစ်သည်။

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

တနင်္ဂနွေသားသမီးသည် မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

တနင်္လာသားသမီးသည် အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

အင်္ဂါသားသမီးသည် အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

ဗုဒ္ဓဟူးသားသမီးသည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

ကြာသပတေးသားသမီးသည် အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

သောကြာသားသမီးသည် အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

စနေသားသမီးသည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# သည်လဖွားအတွက် ကံဇာတာ

## ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွက်

■ ဆရာမိုးဟန်ကြွယ်

ပညာသင်ကြားနေကြသူများအဖို့ ပညာရေး အထူး ကောင်းမွန်နေပါလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဘက်နှင့် ပတ်သက်၍ ဂုဏ်ယူဝမ်းမြောက်ဖွယ် သတင်းများ ကြားရတတ်သည်။ လူမျိုးခြားဧည့်သည်များ ရောက်ရှိလာတတ်၏။ အလုပ်ကိစ္စအတွက် အပြောအဆို ရှိမည်။ အစာအိမ်ဝေဒနာ ခံစားရတတ်သည်။

ဖခင်နှင့်ပတ်သက်သော ငွေကြေးဥစ္စာပစ္စည်းများ ရရှိလာတတ်ပါသည်။ ကံစမ်းမဲသော်လည်းကောင်း၊ အောင်ဘာလေထီသော်လည်းကောင်း ပေါက်တတ်၏။ အဖိုးတန်ပစ္စည်းများ ရရှိလာပါမည်။ အလှူဒါနလည်း ပြုရတတ်၏။ သားသမီးများအတွက် ခရီးထွက်ရတတ်သည်။ စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုရှိမည်။ တိုင်းရင်းသားများနှင့် တွဲဖက်၍ အလုပ်လုပ်ရတတ်သည်။

သူတစ်ပါးကိစ္စကို အာမခံရန် မသင့်သေးပါ။ သူတစ်ပါး၏ ပြဿနာ ကိုယ့်ပြဿနာ ဖြစ်တတ်သည်။ နာမည်ကောင်းလက်မှတ်သော်လည်းကောင်း၊ ဆုတံဆိပ်သော်လည်းကောင်း ရရှိတတ်၏။ မြေကိစ္စ၊ အိမ်စွမ်းများအတွက် အမှုအခင်းများ တွေ့ကြုံနိုင်ပါသည်။ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ရတနာပစ္စည်းရောင်းဝယ်သူများ အကျိုးခံစားရမည်။ တောင်ပေါ်ဒေသခရီးသို့ ထွက်ရတတ်သည်။ ကောင်းသောစကားများ ကြားရမည်။

ဝန်ထမ်းများအဖို့ လစာ၊ ရာထူးနှင့် လုပ်ပိုင်ခွင့်များ တိုးတက်မည်။ မျက်စိပိုင်းဆိုင်ရာ၊ မျက်နှာပိုင်းဆိုင်ရာတို့တွင် အအေးနာရောဂါတစ်ခုခု ခံစားရတတ်၏။ အချစ်ရေးတွင် ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာတတ်၏။ နေအိမ်မှ ပစ္စည်းများ အခိုးခံရကိန်းကြုံမည်။ ခရီးထွက်မည်ဆိုလျှင် ရေလမ်းခရီးကို ရှောင်သင့်၏။

လက်ရှိဘဝအခြေအနေမှ တိုးတက်မြင့်မားသော အခြေအနေသို့ ရောက်ရှိလိမ့်မည်။ မိသားစု၌ သောကဖြစ်စရာ အမှုကိစ္စအချို့ ဝင်လာတတ်ပါသည်။ ငွေကြေးကိစ္စ အခက်အခဲဖြစ်ပါက ကူညီမည့်သူများ ပေါ်လာတတ်၏။ လူမျိုးခြားတို့၏ အကျိုးပြုခြင်းကို ခံရမည်။ အိမ်နေရာ၊ သို့မဟုတ် အလုပ်နေရာ ပြောင်းလဲမှုမျိုးနှင့် ကြုံတွေ့ရတတ်သည်။ ရဟန်းသံဃာများကို အလှူဒါန ပြုရလိမ့်မည်။ ဘာသာရေး စာအုပ်စာတမ်းများ လှူဒါန်းခွင့်ကြုံမည်။ လူကြီးသူမတို့၏ မ,စခြင်းကို ခံရတတ်၏။ အိမ်ထောင်ရေး၊ အချစ်ရေး အဆင်ပြေမှုရှိမည်။ ငွေကြေးကိစ္စများ အဆင်ပြေပါလိမ့်မည်။ ပို့ဆောင်ရေးလုပ်ငန်းများ၊ ကောက်ပဲသီးနှံရောင်းဝယ်ရေး၊ စားသုံးဆီရောင်းဝယ်ခြင်းလုပ်ငန်းတို့ အကျိုးပေးတတ်ပါသည်။

အလုပ်၌ စွပ်စွဲခြင်းခံရတတ်သည်။ လူလိမ်လူကောက်တို့နှင့်လည်း ကြုံရတတ်သည်။ ရပ်ဝေးသို့ ပြောင်းရွှေ့နေချင်စိတ် ကြုံမည်။ လက်လွှတ်စပယ် မလုပ်ဘဲ တွေးခေါ်မြော်မြင်မှု ကြီးမားသူတို့နှင့် တိုင်ပင်ဆွေးနွေးသင့်ပါသည်။

နိုင်ငံခြားမှ ငွေကြေးများ ရောက်ရှိလာတတ်သည်။ စီးပွားရေးလုပ်ငန်းခွဲများ အောင်မြင်ဖြစ်ထွန်းပါလိမ့်မည်။ လူငယ်များ အပျော်မလွန်မိစေရန် ဂရုပြုရလိမ့်မည်။ အမျိုးသမီးများ၏ ဒုက္ခပေးမှု ခံရတတ်သည်။ သွေးထွက်သံယိုကိစ္စများ ဖြစ်ပေါ်တတ်သည်။ အလုပ်သစ်များ လုပ်ကိုင်ရတတ်သည်။ လက်အောက်ခံငယ်သား၏ ကျေးဇူးကန်းမှုကိုလည်း အံ့သြဖွယ် ကြုံတွေ့ရတတ်သည်။

ယတြာပြုလိုပါက - ဘုရား၌ သပြေပန်း ကပ်လှူ၍ ဘုန်းကြီးကျောင်းသို့ ရေစစ်တစ်ခု လှူဒါန်းပေးပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွက်

နေမျိုးထွင့်ခေါင်

၁။ နိုဝင်ဘာလ (၁)၊ (၆)၊ (၁၂)၊ (၁၇)၊ (၂၁)၊ (၂၄)၊ (၃၀) စသောရက်များသည် "နန္ဒာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ နိုဝင်ဘာလ (၂)၊ (၇)၊ (၁၃)၊ (၁၈)၊ (၂၂)၊ (၂၇) စသောရက်များသည် "ဘဒြာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာ ပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ကြပါသည်။

၃။ နိုဝင်ဘာလ (၃)၊ (၈)၊ (၁၄)၊ (၁၉)၊ (၂၃)၊ (၂၆) စသော ရက်များသည် "ဇယာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ နိုဝင်ဘာလ (၄)၊ (၉)၊ (၁၅)၊ (၁၈) စသော ရက်များသည် "ရိတ္တာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသော အမှုကိစ္စများ ဆောင်ရွက်နိုင်ကြပါသည်။

၅။ နိုဝင်ဘာလ (၅)၊ (၁၀)၊ (၁၁)၊ (၁၆)၊ (၂၀)၊ (၂၅)၊ (၂၉) စသောရက်များသည် "ပုဏ္ဏာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဒ္ဒင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ နိုဝင်ဘာလ (၂၇)ရက်သည် "အမြိတ္တစုတ်"တွင် ကျရောက်၏။ ထိုရက်၌ မည်မျှပင် မကောင်းကြုံစေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ နိုဝင်ဘာလ (၃)၊ (၅)၊ (၁၀)၊ (၁၅)၊ (၁၈)၊ (၂၂)၊ (၂၅)၊ (၂၉) စသောရက်များသည် "ရက်ရာဇာ"တွင်ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေး ကိစ္စအဝဝ တို့ကို ဆောင်ရွက်လုပ်ကိုင်ပါက အောင်မြင်ပြီးစီးနိုင်ပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထိ မြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

နေမျိုးထွင့်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်ရန်

## ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွက်

■ မဟိဒ္ဓိကျော်ခေါင်

**တနင်္ဂနွေသားသမီးများအဖို့**

နိုဝင်ဘာလ (၇)၊ (၁၀)၊ (၁၃)၊ (၁၇)၊ (၂၀)၊ (၂၃)၊ (၂၄)၊ (၂၇)၊ (၃၀) စသောရက်များသည် အလုပ်အကိုင် အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

နိုဝင်ဘာလ (၂)၊ (၅)၊ (၆)၊ (၉)၊ (၁၂)၊ (၁၉)၊ (၂၂)၊ (၂၃)၊ (၂၆)၊ (၃၀) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

နိုဝင်ဘာလ (၁)၊ (၄)၊ (၅)၊ (၇)၊ (၈)၊ (၁၀)၊ (၁၈)၊ (၂၁)၊ (၂၂)၊ (၂၅)၊ (၂၈) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

နိုဝင်ဘာလ (၃)၊ (၄)၊ (၆)၊ (၇)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၂၀)၊ (၂၁)၊ (၂၄)၊ (၂၇)၊ (၂၈) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

နိုဝင်ဘာလ (၂)၊ (၃)၊ (၄)၊ (၆)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၄)၊ (၂၇)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

နိုဝင်ဘာလ (၁)၊ (၂)၊ (၅)၊ (၈)၊ (၉)၊ (၁၂)၊ (၁၃)၊ (၁၉)၊ (၂၁)၊ (၂၅)၊ (၂၆)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

နိုဝင်ဘာလ (၁)၊ (၄)၊ (၇)၊ (၁၁)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

နိုဝင်ဘာလ (၃)၊ (၄)၊ (၇)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၂၁)၊ (၂၄)၊ (၂၇) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

■ မဟိဒ္ဓိကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွက်

**နေမျိုးထွဋ်ခေါင်**

၁။ နိုဝင်ဘာလ (၁)၊ (၆)၊ (၁၂)၊ (၁၇)၊ (၂၁)၊ (၂၄)၊ (၃၀) စသောရက်များသည် "နန္ဒာတိထီ"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ နိုဝင်ဘာလ (၂)၊ (၇)၊ (၁၃)၊ (၁၈)၊ (၂၂)၊ (၂၇) စသောရက်များသည် "ဘဒြာတိထီ"တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ကြပါသည်။

၃။ နိုဝင်ဘာလ (၃)၊ (၈)၊ (၁၄)၊ (၁၉)၊ (၂၃)၊ (၂၆) စသော ရက်များသည် "ဇယာတိထီ"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ နိုဝင်ဘာလ (၄)၊ (၉)၊ (၁၅)၊ (၁၈) စသော ရက်များသည် "ရိတ္တာတိထီ"တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသော အမှုကိစ္စများ ဆောင်ရွက်နိုင်ကြပါသည်။

၅။ နိုဝင်ဘာလ (၅)၊ (၁၀)၊ (၁၁)၊ (၁၆)၊ (၂၀)၊ (၂၅)၊ (၂၉) စသောရက်များသည် "ပုဏ္ဏာတိထီ"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဒ္ဒင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ နိုဝင်ဘာလ (၂၇)ရက်သည် "အမြိတ္တစုတ်"တွင် ကျရောက်၏။ ထိုရက်၌ မည်မျှပင် မကောင်းကြုံစေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ နိုဝင်ဘာလ (၃)၊ (၅)၊ (၁၀)၊ (၁၅)၊ (၁၈)၊ (၂၂)၊ (၂၅)၊ (၂၉) စသောရက်များသည် "ရက်ရာဇာ"တွင်ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေး ကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ပါက အောင်မြင်ပြီးစီးနိုင်ပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထီမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

**နေမျိုးထွဋ်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွက်

နွယ်သာကီအောင်

ဗုဒ္ဓဘာသာဝင် နိုင်ငံသူ၊ နိုင်ငံသားတို့အဖို့ ဤလ ဤရာသီရောက်လျှင်ဖြင့် တန်ဆောင်ဆီမီး ခြယ်မှုန်းကာသိုလ်ယူရတော့မည့် ဒါနစိတ်ဖြင့် လန်းလန်းရွှင်ရွှင် ဖြစ်နေကြမည်။ ခဝဲဝတ်မှုန်တို့ အစီအရီဆင့်ကြသည့် အခါသမယသို့ ရောက်ပေပြီ။ ဟေမန္တဥတုရာသီဖြစ်၍လည်း တောအခွင်တောင်အန့်မှာတော့ နှင်းမြူတံတိုင်းတို့က ထုထဲစွာ ဖိတ်ဆီးနေလေပြီကော။ စွတ်စိုထိုင်းမှိုင်းမှုများ ပြယ်လွင့်သွားပြီး ပွင့်လင်းရာသီသို့ မကြာမီ ရောက်ရှိဦးတော့မည်။

ထိုသို့ သာတောင့်သာယာရှိလှစွာသော ပူလောင်မှုတွေကင်းဝေးပြီး အေးမြသာယာ ရှိလှစွာသော ဤကာလ၌ ပြုဖွယ်ကိစ္စမှန်သမျှ ကျက်သရေမင်္ဂလာ ပြည့်ဝစွာဖြင့် အောင်မြင်ပြီးမြောက်ဖို့ရာ လုပ်ဆောင်နိုင်ကြစေရန်အတွက် ကောင်းသောရက်များအား ရွေးချယ်ထုတ်နုတ် တင်ပြရပါလျှင် . . .

### ၁။ နေအိမ်တိုက်တာဝယ်ဖို့ရာ

နိုဝင်ဘာလ (၃)၊ (၄)၊ (၁၅)၊ (၂၃)၊ (၂၇) စသောရက်များသည် နေအိမ်တိုက်တာများဝယ်ယူဖို့ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၂။ ကား/ ယာဥ်စုံစွာ ဝယ်ဖို့ရာ

နိုဝင်ဘာလ (၁)၊ (၁၀)၊ (၁၈) စသောရက်များသည် ကားများ၊ ယာဥ်များ ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၃။ မြစ်ပင်လယ်မှာ ငါးဖမ်းရာ

နိုဝင်ဘာလ (၂)၊ (၁၂)၊ (၁၉)၊ (၂၁)၊ (၂၉) စသောရက်များသည် မြစ်ချောင်းအင်းအိုင်၊ ပင်လယ်ပြင်တို့၌ ပိုက်ချခြင်း၊ ငါးဖမ်းခြင်းတို့ လုပ်ကိုင်ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၄။ ရွှေတွင်း/ ကျောက်တွင်း တူးဖို့ရာ

နိုဝင်ဘာလ (၃)၊ (၅)၊ (၉)၊ (၂၁)၊ (၂၂)၊ (၂၆)၊ (၃၀) စသောရက် များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၅။ ယှဥ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ

နိုဝင်ဘာလ (၃)၊ (၁၀)၊ (၁၁)၊ (၁၅)၊ (၂၂)၊ (၂၆)၊ (၃၀) စသောရက်များသည် ယှဥ်ပြိုင်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၆။ ကျောင်း/ အိမ်ဂေဟာ ဆောက်ဖို့ရာ

နိုဝင်ဘာလ (၃)၊ (၁၀)၊ (၁၁)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၂)၊ (၂၅)၊ (၂၆)၊ (၃၀) စသောရက်များသည် ကျောင်းများ၊ အိမ်ဂေဟာများ ဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၇။ ပခွင်းခံရာ၊ ရှင်ပြုနားသရာ

နိုဝင်ဘာလ (၃)၊ (၆)၊ (၁၀)၊ (၁၁)၊ (၁၆)၊ (၂၁)၊ (၂၂)၊ (၂၅)၊ (၂၆)၊ (၃၀) စသောရက်များသည် ပခွင်းခံခြင်း၊ ရှင်ပြုခြင်း စသော ကောင်းမှုကိစ္စများပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်တက်ရာ

နိုဝင်ဘာလ (၃)၊ (၁၀)၊ (၁၁)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၂၂)၊ (၂၅)၊ (၂၆)၊ (၃၀) စသောရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်ဆောက်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ

နိုဝင်ဘာလ (၅)၊ (၆)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၈) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ လက်ထပ်မင်္ဂလာ ကျင်းပရာ

နိုဝင်ဘာလ (၅)၊ (၁၀)၊ (၁၄)၊ (၁၆)၊ (၂၁)၊ (၂၆)၊ (၂၇) စသောရက်များသည် လောကီရေးရာဖြစ်သော လက်ထပ်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ ခရီးသွားလာ ကောင်းဖို့ရာ

နိုဝင်ဘာလ (၅) (၆)၊ (၁၆)၊ (၂၁)၊ (၃၀) စသောရက်များသည် ခရီးသွားလာခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ လယ်ထွန်မင်္ဂလာပြုဖို့ရာ

နိုဝင်ဘာလ (၅) (၆)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၂)၊ (၂၇)၊ (၃၀) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များဖြစ်ကြပါသည်။

၁၃။ ရောင်းပန်းဝယ်ပန်း ပွင့်ဖို့ရာ

နိုဝင်ဘာလ (၅) (၆)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၂)၊ (၂၅)၊ (၂၉) စသောရက်များသည် အရောင်းအဝယ်ကိစ္စများဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ သီးနှံမျိုးစေ့ကြဲဖို့ရာ

နိုဝင်ဘာလ (၅) (၆)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၂)၊ (၂၇)၊ (၃၀) စသောရက်များသည် လယ်ယာ၊ တောင်ယာ၊ ဥယျာဉ်ခြံမြေများ၌ သီးနှံမျိုးစေ့များ ကြဲချစိုက်ပျိုးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ ရေတွင်းရေကန် တူးဖို့ရာ

နိုဝင်ဘာလ (၃)၊ (၅)၊ (၆)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၂)၊ (၂၅)၊ (၂၇)၊ (၃၀) စသောရက်များသည် ရေတွင်း ရေကန်များတူးဖော်ခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ ပညာစတင်သင်ကြားလျှင်

နိုဝင်ဘာလ (၁)၊ (၅)၊ (၆)၊ (၁၃)၊ (၁၆)၊ (၂၁)၊ (၂၇)၊ (၂၉)၊ (၃၀) စသောရက်များသည် အတတ်ပညာများကို စတင်သင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြသည်။

၁၇။ အောင်ဘာလေထီ ထိုးဖို့ရာ

နိုဝင်ဘာလ (၃)၊ (၅)၊ (၂၀)၊ (၂၈) စသောရက်များသည် အောင်ဘာလေထီ ကံစမ်းခြင်းအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၈။ မင်္ဂလာအခါ ပေးဖို့ရာ

နိုဝင်ဘာလ (၂) (၄)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇) စသောရက်များသည် မင်္ဂလာအခါပေးဖို့ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

■ နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့သတ္တိနှင့် သမိုင်းဝင် မင်းလှခံတပ်ကြီး

မောင်မိုးဦး

ကျွန်တော်သည် ခရီးထွက်ခြင်းကို နှစ်သက်သဖြင့် မကြာခဏ ခရီးထွက်ဖြစ်သည်။ ထွက်တိုင်းလည်း ဘုရားဖူး ခရီးစဉ်များသာ ဖြစ်သည်။ မိမိရောက်ခဲ့သော ဘုရားစေတီပုထိုးများအကြောင်းကို အမှတ်တရ မှတ်တမ်းတင် ပြန်ရေးဖြစ်သဖြင့် မရောက်ဖူးသူများလည်း စာမျက်နှာပေါ်မှတစ်ဆင့် ကြည်ညိုသဒ္ဓါပွားနိုင်သည်။ ရေးသားတင်ပြသူလည်း ကုသိုလ်ရသည်။ သို့သော် ဘုရားဖူးမဟုတ်သော ခရီးတစ်ခုကို ၂၀၁၄၊ ဇန်နဝါရီနောက်ဆုံးပတ်က သွားရောက်ဖြစ်ခဲ့သည်။

ထိုခရီးစဉ်မှာ မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့သို့ ဖြစ်သည်။ ထိုမြို့မှာကြီးပြင်းခဲ့သော အလုပ်လုပ်ခဲ့သော "ဆရာကောင်းမြတ်-ခရာဝေ- က မင်းလှသို့ အလည်ခေါ်သည်။ သူ ခရီးစဉ်မှာ ဘုရားဖူးမဟုတ်ပေ။ သူ ရန်ကုန်မှာ နေသူဖြစ်သည်။ သို့သေ အထက်မင်းလှတွင် ကျင်းပမည်ဖြ သော ၂၈ ကြိမ်မြောက် အစိုးရပ ပထမပြန်စာမေးပွဲ အောင်လက်မှ ဆက်ကပ်သည့် စုဝေးပွဲနှင်းသဘင်အခ






www.burmeseclassic.com

www.burmeseclassic.com

# လမ်းပေါ်မှ လှမ်းမြင်ရသော ခံတပ်



အနားတွင် ရတုပိုဒ်စုံများကို သူ၏စောင်းဖြင့်တီးခတ်ပေးရန် သွားမည့်အစီအစဉ်တွင် ကျွန်တော်လိုက်ပါခွင့် ရလိုက်ခြင်းပင်ဖြစ်သည်။ (ဘုရားဖူးခရီးစဉ် မဟုတ်သော်လည်း မလွန်မြသပိတ်စေတီကို ဖူးမြော်ခွင့်ရခဲ့သည်။)

အထက်မင်းလှဆိုသည်နှင့် ကျွန်တော့်မှတ်ဉာဏ်ထဲသို့ ချက်ချင်းပေါ်လာသည်က နယ်ချဲ့ကို သတ္တိရှိရှိ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ခုခံတိုက်ခိုက်ခဲ့သော သမိုင်းဝင် မင်းလှခံတပ်ကြီးပင် ဖြစ်သည်။ ထိုခံတပ်ကြီးအကြောင်းကို သမိုင်းစာမျက်နှာများမှ သိရသည်။ ရှေ့မီနောက်မီ လူပုဂ္ဂိုလ်တချို့ ပြောပြသဖြင့် နားလည်ရသည်။ ထို့ကြောင့် မင်းလှခံတပ်ကြီးကို ရောက်ဖူးချင်သည်။ ခံတပ်ပေါ်ကနေ ရေဝတီ၏ ဂုဏ်သိက္ခာရှိသော အလှကို ခံစားချင်သည်။ ခံတပ်ပေါ်မှ မြန်မာ့သူရဲကောင်းတို့၏ ခြေရာကို မှန်းဆကြည့်ချင်သည်။ သို့သော် အနှစ်နှစ်အလလက အိပ်မက်ခဲ့သော မင်းလှခံတပ်ခရီးစဉ်ကို ဆရာကောင်းမြတ် ခရာတော အစီအစဉ်နှင့် ကျွန်တော် ရောက်ခဲ့ရလေသည်။ မှတ်မှတ်ရရ ၂၆-၁-၂၀၁၄ ညနေပိုင်းက ဖြစ်သည်။

r r r

ကာလတစ်ခုတုန်းက နယ်ချဲ့များကို စွန့်စွန့်စားစား ခုခံတိုက်ခိုက်ပြီး ကျဆုံးခဲ့ရသော မြန်မာသူရဲကောင်း ရဲမက်တို့၏ သွေးများစွန်းထင်းနေသော-ခံတပ်ကြီးကိုကြည့်ရင်း မြန်မာတို့၏သတ္တိကို ကြက်သီးထမိသည်။ တကယ်တော့ မင်းလှခံတပ်ကြီး ကျခဲ့သော်လည်း သတ္တိမရှုံးခဲ့သည့် မြန်မာသူရဲကောင်းတို့ကို ခံတပ်ပေါ်ရောက်ရောက်ချင်းပင် ကျွန်တော် ဦးညွှတ်လိုက်မိသည်။ ခံတပ်တံတိုင်းများ ရေဝတီမြစ်ထဲသို့ ကျိုးကျနေပုံနှင့် လှိုင်းအပုတ်တွင် အုတ်ကျိုးများ ရေထဲတွင် မြုပ်သွားလိုက်၊ ပေါ်လာလိုက်နှင့် ဂီတဆန်လှသည်။ ခံတပ်ကြီးဘေးရှိ "ရွှေဘုန်းသာစေတီ"ခြေတော်ရင်းရှိ ဆိပ်ကမ်းတွင် ခရီးသည်တချို့ သွားလာလှုပ်ရှားနေကြသည်။

နယ်ချဲ့တို့သည် မြန်မာနိုင်ငံ၏ သယံဇာတပစ္စည်းများကို အချောင်ထ ချင်ကြသည်။ ထို့ကြောင့် နိုင်ငံရေးအ ဖြေ ရှင်းနိုင်သည်ကို ဥပေက္ခာပြုက စစ်လက်နက်ပစ္စည်းအားကိုးဖြင့် မြန်မ နိုင်ငံကို စစ်ရေးဖြင့် ဖန်တီးခဲ့လေသည် ထို့ကြောင့် ညီတော် အိမ်ရှေ့စံကနေ မင်းသားကြီးသည် နယ်ချဲ့တို့ စစ်ချီလ နိုင်မည့် စစ်ကြောင်းများဖြစ်သော ဧ ဝတီ၏ ဘေးဝဲယာတစ်လျှောက်တွင် ကတုတ်များ၊ ခံတပ်ကြီးများကို အခ အမာ တည်ဆောက်ခဲ့၏။ ထို့အ သက္ကရာဇ် ၁၂၂၂-၁၂၂၃ တွင် မင်းလှ တပ်နှင့် ကွေ့ချောင်းခံတပ်ကြီးနှစ်ခု တည်ဆောက်ခဲ့လေသည်။ ထိုခံတပ် ပြင်သစ်နှင့် အီတလီလူမျိုး အင်ဂျ ယာ "ကိုမိုတိုပယ်ရီနှင့်မိုလီနာတို" ကိုခေါ်ကာ မြန်မာလူငယ်များဖြင့် တည်ဆောက်ခဲ့၏။

ခံတပ်ကြီး၏ အတိုင်းအတာ အရှေ့-အနောက် ၁၃၃ ပေ ၄ လ

www.burmeseclassic.com

www.burmeseclassic.com


အထုများရှိပြီး အနံ့ တောင်-မြောက်အကျယ်မှာ ၁၃၀ ပေ ၄ လက်မရှိသည်။ လှေကားရင်းလက်ရန်းမှာ ၁ ပေ ၉ လက်မ၊ အမြင့်မှာ ၂၅ ပေ ၄ လက်မရှိသည်။ ခံတပ်ကြီး၏ အပေါ်လမ်းအကျယ်မှာ ၂၂ ပေရှိသည်။ ကြေးအုတ်ရိုးအကျယ်မှာ ၁၆ ပေ ၇ လက်မ၊ အမြင့်မှာ ၅ ပေဖြစ်သည်။ ခံတပ်အနောက်ဘက် တံခါးကြီးအရှည်မှာ ၅ ပေ ၄ လက်မ၊ အမြင့် ၁၃ ပေ ၉ လက်မ၊ အကျယ်မှာ ၁၀ ပေရှိသည်။ အရှေ့တံခါးပေါက်အရှည် ၄၀ ပေ ၅ လက်မ၊ အမြင့် ၁၁ ပေ ၄လက်မ၊ အကျယ် ၁၀ ပေရှိသည်။ ပတ်လည်တံခါးပေါက်များမှာ အမြင့် ၉ ပေ၊ အကျယ် ၅ ပေရှိသည်။ အခန်းတံခါးပေါက်ပေါင်း အရှေ့ဘက်ဗဟိုဝင်ပေါက်အပါအဝင် ငါးပေါက်ရှိပြီး အနောက်ဘက် ဗဟိုတံခါးပေါက်အပါအဝင် တံခါးငါးပေါက်ရှိသည်။ အနောက်ဘက်တွင် ငါးပေါက်၊ မြောက်ဘက်တွင် လေးပေါက်ရှိသည်။

ခံတပ်အတွင်း လှေကား လေးစင်း တည်ဆောက်ထားပြီး တောင်ဘက်တွင် နှစ်စင်းတွဲလျက် ရှိသည်။ တစ်စင်းနှင့်တစ်စင်း ၁၄ ပေ ၄ လက်မကွာသည်။ လှေကားများမှာ အတည့်အုတ်ဘဲ တံတောင်ဆစ်ကွေးချိုးပြီးမှ အဆင်းအတက်လုပ်ရသည်။ လှေကားအရှည်မှာ ၇ ပေရှိပြီး လှေကားထစ်မှာ ခုနစ်ထစ်ရှိသည်။ တိုက်ရိုက်ဆင်းလှေကားအရှည်မှာ ၂၁ ပေရှိပြီး အထစ်ပေါင်း ၂၂ ထစ်ရှိသည်။ လှေကားလက်ရန်းထုမှာ ၁ ပေ ၄ လက်မရှိသည်။

ထို့ပြင် အနောက်ဘက်မျက်နှာတွင် အရာရှိရုံးခန်း၊ လက်နက်တိုက်ခန်း၊ ပစ္စည်းသိုလှောင်ခန်း စသည်တို့ရှိပြီး အမြောက်ဒဏ်ခံနိုင်ရန် နံရံထုကြီးနှစ်ခုကြားတွင် မြေသားများ ဖို့သိပ်ထား၏။ အနောက်ဘက်တံခါးတွင် အမြောက်တင် ရထားလေးများဆွဲရန် နှစ်ပေကျယ်သော သံလမ်းများရှိသည်။ ယခုအခါ ပျက်စီးပြီး ထိုသံလမ်းများမရှိတော့ပေ။ ခံတပ်ကြီး၏ အရှေ့ဘက်ခြမ်းမှာလည်း သဘာဝဘေးဒဏ်နှင့် မြစ်ရေများတိုက်စားမှုကြောင့် အုတ်တံတိုင်းနံရံတချို့ ပြိုကျနေသည်ကို တွေ့ခဲ့ရသည်။

သမိုင်းကိုပြန်ကြည့်လျှင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲသည် အထင်အရှားဖြစ်သလို မြန်မာတို့၏သတ္တိကို ပြခဲ့သော မင်းလှခံတပ်ကြီးသည်လည်း မပါမဖြစ် သမိုင်း၏ အထောက်အထားပင် ဖြစ်သည်။ ထိုတိုက်ပွဲကာလက အင်္ဂလိပ်စစ်တပ်များ သရက်မြို့၌ အင်အားပြည့်နေသည့် သတင်းကို ကြားရသည်နှင့် မြန်မာဘက်ကလည်း အောက်မြစ်ဆုံစစ်ကြောင်းနှင့် ရေကြောင်းချီရှေ့ပြေးတပ်တွင် စစ်သည် ၃၄၀၀၊ အမြောက် ၁၁ လက်၊ စိန် ၁၀ လုံး စသည်တို့နှင့် ချီတက်စေခဲ့သည်။ ထို့နောက် တပ်များကို စစ်ကြောင်းအဖြစ် ခွဲဝေသတ်မှတ်ကာ ဆင်ပေါင်ဝဲနယ်စစ်အောင်စခန်းတပ်၊ ထူးပေါက်ခံကတုတ်၊ ပန်းတော်ပြင်ခံကတုတ်၊ ကွေ့ချောင်းခံတပ်၊ မင်းလှခံတပ်ဟူ၍ အခိုင်အမာ တပ်စွဲထား၏။ ထို့ပြင် နောက်ကြောင်းဖြည့်အရန်တပ်(မင်းကြီးမဟာမင်းခေါင်သမိန်ဘရန်း (ဝါ) မင်းကြီးမင်းလက်ဝါး၏တပ်များက) မင်းလှမြို့အနီးတွင် နေရာယူစောင့်ကြပ်နေခဲ့ကြ၏။

အင်္ဂလိပ်ဘက်မှလည်း ဗိုလ်ချုပ်ကြီး ပရင်ဒါဂတ်မှ တာဝန်ယူထားသည့် ရေကြောင်းတပ်ဖွဲ့တွင် စစ်ဗိုလ်ချုပ်ကြီးဘာရက်ဒရစ်ရစ်ချက်နှင့် ကပ္ပတိန်အာဝုဒ်ဝဒ် ဦးစီးသော ဂုလက်ဘာကွေ့စီ သင်္ဘောနှစ်စင်း၊ သင်္ဘောကြီး ၂၄ စင်း၊ တွဲသမ္ဗန် ၂၃ စင်းပါ ရေဝတီစစ်အင်အား ၉၄၆၇ ဦးပါဝင်ပြီး အမြောက်ကြီး





www.burmeseclassic.com

www.burmeseclassic.com

၇၇ လက်။ ထိုအမြောက်ထဲမှ ၂၇ လက်သည် အမြန်ပစ်စက်သေနတ် မရှင်းဂန်းများဖြစ်သည်။ အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကိုသိမ်းပိုက်၍ ၁၈၈၅ နိုဝင်ဘာ ၁၄ ရက်တွင် သရက်မြို့မှ စတင် ထွက်ခွာခဲ့၏။ ထိုနေ့ မွန်းတည့်ချိန်တွင် စစ်အောက်ခံ ကတုတ်ကို တိုက်ခိုက်သိမ်းယူခဲ့ပြီး ညောင်ပင်မော် မြစ်ကျဉ်းအနီးတွင် မြန်မာတို့၏ တုလွတ်ယာဉ်ကျောင်းသင်္ဘောနှင့် အင်္ဂလိပ်ပိုင် ရောဝတီစစ်သင်္ဘောတို့ ရင်ဆိုင်တွေ့ဆုံပြီးနောက် အင်္ဂလိပ်တို့က တိုက်ခိုက်သိမ်းယူသွားခဲ့၏။ မြန်မာတို့က ခုခံကာကွယ်ကြသော်လည်း လူအင်အား၊ လက်နက်အင်အားချင်း မမျှသဖြင့် ထူးပေါက်ခံတပ်ကတုတ်မှ စွန့်ခွာကာ မဟာမင်းထင်မင်းလှသီဟသူ စစ်တပ်နှင့် လက်သစ်လေ့သင်ဗိုလ်မဟာမင်းလှ သိဒ္ဓိကျော်စွာတို့ ဆုတ်ခွာရင်း ပန်းတော်ပြင်ကတုတ်တပ်မှာ မင်းရဲညွန့်နှင့် ပေါင်းပြီး ဆက်လက်ခုခံကြသည်။

အင်္ဂလိပ်တပ်များသည် ၁၈၈၅ နိုဝင်ဘာ ၁၇ ရက်နေ့တွင် ကွေ့ချောင်းခံတပ်နှင့် မင်းလှခံတပ်ကို သိမ်းယူရန် အပြင်းချီတက်လာပြီး စစ်သင်္ဘောပေါ်မှ အမြောက်လက်နက်ကြီးများဖြင့် တရစပ် ပစ်ခတ်ကြလေသည်။ ထို့နောက် မလွန်တွင်တပ်စွဲကာ ပထနဂိုရ်ကမ်းခြေမှ ခြေလျင်တပ်ကို ချီတက်စေပြီး ကွေ့ချောင်းခံတပ်ကို အနောက်ဘက်မှ ဝင်ရောက်တိုက်ခိုက်လေသည်။

ကြည်းကြောင်းမှ တက်လာမည်ဟု မျှော်လင့်ထားသော မြန်မာတပ်များသည် ရေကြောင်း ကြည်းကြောင်း နှစ်ဖက်ညှပ်တိုက်ခြင်းကို ခံရသဖြင့် ကွေ့ချောင်းခံတပ် ကျခဲ့ရလေသည်။ ထို့နောက် ဆက်လက်ပြီး မင်းလှခံတပ်ကို ချေမှုန်းရန် ထိုးစစ်ဆင်လေသည်။ မလွန်မှချီလာသော အမှတ် ၁၂ မဒရပ်တပ်ရင်း၊ အမှတ် ၁၁ ဘင်္ဂလားတပ်ရင်း အမှတ် ၂ ဘင်္ဂလားခြေလျင်တပ်တို့သည် ပန်းတော်ပြင်ခံကတုတ်အား အလုံးအရင်းတိုက်ခိုက်ရန် ကြိုးစားစဉ် မြန်မာတပ်များမှ အပြင်းအထန် ပြန်လည်ခုခံသဖြင့် အင်္ဂလိပ်တပ်များ မကြာခဏ နောက်ပြန်ဆုတ်နေရ၏။ မြန်မာတို့သည် အင်္ဂလိပ်တပ်များ ချီတက်မည့်လမ်းတစ်လျှောက်တွင် ဆူးစည်းရိုးများ၊ ညှောင့်ခလုတ်များ ကြိုတင်စီစဉ်ထားသဖြင့် သူတို့အတွက် ကြီးမားသော အနှောင့်အယှက် ဖြစ်စေခဲ့၏။ ထိုတိုက်ပွဲတွင် အင်္ဂလိပ်ဘက်မှ ဗိုလ်မက်နေး၊ တပ်ရင်း ၁၂ မှ ဗိုလ်ဆီလာရီနှင့် ဇစ်ဗာရီအများအပြား ဒဏ်ရာရရှိခဲ့သည်။

ထိုတိုက်ပွဲတွင် မြန်မာဘက်က စစ်အင်အား ၁၀၀၀၊ အင်္ဂလိပ်ဘက်မှ စစ်အင်အား ၃၀၀၀ ဖြင့် တိုက်ခိုက်ရာ အင်အားချင်း ကွာလှသဖြင့် အင်္ဂလိပ်ဘက်က များစွာသာလွန်နေ၏။ မြန်မာတို့ဘက်တွက် မျိုးချစ်စိတ်နှင့် သတ္တိသာရှိသည်။ ထို့ကြောင့် ပန်းတော်ပြင်ကတုတ်ကို စွန့်လွှတ်ခဲ့ပြီး မင်းလှမြောက်ဘက်ရှိ ဦးကင်းဘုရားသို့ ဆုတ်ခွာခဲ့ရလေသည်။ ဦးကင်းဘုရားတွင် မင်းကြီးလက်ဝဲနှင့် ပူးပေါင်းကာ အမြောက် ခြောက်လက်ဖြင့် ဆက်လက်ခုခံတိုက်ခိုက်ကြ၏။ ဦးကင်းဘုရားသည် အုတ်တံတိုင်းငယ်ရှိသော သိမ်နှင့် ထုထည်ကောင်းသော နံရံများရှိသဖြင့် ခုခံတိုက်ခိုက်ရာတွင် များစွာ အထောက်အကူရသည်။ မြောက်ဘက်ရှိ ထနောင်းကန်မှာလည်း ခိုင်ခံ့သော ကန်ပေါင်ရိုးရှိသဖြင့် စစ်ရေးအရ ဖိုခံ့လောက်ဆိုင် အကာအကွယ် ကောင်းသောကြောင့် ခံစစ်အချက်အချာကောင်းသည်။

ထို့ကြောင့် အင်္ဂလိပ်တပ်များ ဆက်လက်ချီတက်နိုင်ခြင်းမရှိဘဲ ရပ်တန့်သွားကြ၏။ ခဏအကြာတွင် အင်္ဂလိပ်တပ်များသည် အုပ်စုခွဲပြီး ညှပ်တိုက်ကြပြန်သည်။ လက်နက်အင်အားကိုလည်း ပိုသုံးလာသဖြင့် မြန်မာတပ်များ အထိနာခဲ့ရ၏။ မြန်မာတို့ဘက်မှလည်း တစ်လက်မချင်းဆုတ်၊ တစ်တပ်ချင်းလည်း ခုခံသောစနစ်ကိုသုံးကာ မင်းလှခံတပ်အရောက် ဆုတ်ခွာခဲ့ရ၏။ ထိုတိုက်ပွဲတွင် အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ကျူရီကျဆုံးပြီး ဗိုလ်ရမ်းမှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားခဲ့၏။ မြန်မာတို့ဘက်မှလည်း ကေဇင်ဝန်မင်း မဟာမင်းထင်သီဟသူနှင့် မင်းရဲညွန့်တို့ ကျဆုံးကာ အမြောက်ခြောက်လက်ပါ စွန့်လွှတ်ခဲ့ရလေသည်။

တဖြည်းဖြည်း ဆုတ်ခွာလာခဲ့သော မြန်မာတပ်များသည် မင်းလှမြို့အဝင်မှ ခုခံတိုက်ခိုက်ကြပြန်သည်။ ခံတပ်မှလည်း အမြောက်များဖြင့် ပစ်ခတ်သည်။ မြန်မာတပ်များက သစ်ပင်ချုံပုတ်များကို အကာအကွယ်ယူကာ တိုက်ခိုက်ကြ၏။ ထိုအချိန်တွင် မင်းလှခံတပ်ကြီးကို ဦးဆောင်တိုက်ခိုက်နေသူမှာ လက်ရွေးစင်ကြီး၊ လေ့သင်းဗိုလ် မင်းထင်မင်းလှရဲခေါင်သူရိန်တို့ ဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက် အပြင်း



www.burmeseclassic.com

www.burmeseclassic.com

အထန် တိုက်ခိုက်နေကြစဉ် အင်္ဂလိပ်စိုလ်မှူး ပေးလ်သည် ဗိုလ်မှူး ဆင်ပဆန်အား ခံတပ်ကို အတင်းဝင်တိုက်ရန်အမိန့်ပေးသဖြင့် ခံတပ်သော ဆင်ခြေလျှောလှေကားများမှ ရင်တားအထိ ချိတက်တိုက်ခိုက်ရာ လက်တစ်ကမ်းတိုက်ပွဲအဖြစ်သို့ ရောက်ရှိသွားခဲ့လေသည်။

အချိန်မှာ နေ့မွန်းလွဲ ၃ နာရီခန့်ရောက်နေပြီဖြစ်၏။ အမှတ် ၁၂ ဘင်္ဂလားတပ်သည် ခံတပ်တောင်ဘက်မှ တွေ့ပြီး မြစ်ကမ်းပါးဘက်တွင် နေရာယူထားသော တံခါးမှထွက်လာသော မြန်မာတပ်သားများအား တိုက်ခိုက်သဖြင့် မြန်မာတပ်သားများ အများအပြား ကျဆုံးခဲ့ရသည်။ ထိုစဉ် လူအင်အား လက်နက်အင်အား မမျှတသောကြောင့် ၁၈၈၅ နိုဝင်ဘာလ ၁၇၊ ညနေ ၃ နာရီ ၁၅ တွင် မင်းလှခံတပ်ကြီး ကျဆုံးခဲ့ရလေသည်။ ထိုတိုက်ပွဲတွင် မြန်မာစစ်သည် ၁၇၀ ဦး ကျဆုံးပြီး ၄၀ ဦး ဖမ်းဆီးရာရခဲ့သည်။ ၂၇၆ ဦး သုံ့ပန်းဖြစ်ခဲ့ရ၏။

ထိုတိုက်ပွဲအကြောင်းကို မင်းကြီးမင်းလက်ဝါးနှင့်အတူ တိုက်ပွဲဝင်ခဲ့သော ကျောင်းဆရာဖိုးက…

မင်းလှမြို့တောင်အစွန်မှ
ဆောင်ဝန်အားစိုက်
မင်းလက်ဝါးနှင့် တပ်များ
တိုက်ကြသတဲ့
တိုက်ပေမယ့် ဖုံးစက်ပြောက်
ကန်းထက်ရောက်အောင်
သုံးရက်လောက်ကြဲလိုက်တော့
နွားကွဲ ကျားကိုက်
မနမကြမ်း အမှုထမ်းတို့က
စွမ်းသမျှ တိုက်သော်လည်း
လာလိုက်တဲ့ဖုံးဆံ မြေကတုတ်
များတုပ်သလိုခံရ…
ဟု စာဖွဲ့ခဲ့လေသည်။

□ □ □

မင်းလှခံတပ်စစ်ပွဲနှင့် ပတ်သက်သော မှတ်တမ်းတွင် စစ်ဗိုလ်ကြီး ပရင်ဒါဂတ်က…

"မြန်မာတပ်သားများသည် သူတို့၏ခံတပ် စစ်နယ်မြေမှ ရုတ်တရက် စွန့်ခွာသွားခြင်းမပြုဘဲ ခုခံတိုက်ခိုက်ရင်း တစ်လက်မပြီးတစ်လက်မ ဆုတ်ခွာကြသည်။ ခံစစ်ကြောင်းမှ တစ်တပ်ပြီး တစ်တပ် ခုခံရင်း တပ်ချင်းလဲကာ တိုက်ခိုက်ရင်း စွန့်ခွာကြသည်မှာ စနစ်ကျလှသဖြင့် စံနမူနာယူလောက်ပါပေသည်"ဟု ရေးသားချီးကျူးခဲ့လေသည်။

ထို့အတူ စတီးဝပ်ဆိုသူ ဗြိတိသျှသမိုင်းဆရာကလည်း "စစ်ပွဲကာလတွင် တိုက်ပွဲနှင့်တူသော တိုက်ပွဲမှာ မင်းလှခံတပ် တိုက်ပွဲသာဖြစ်သည်။ မြန်မာတပ်များသည် မယိမ်းမယိုင်သော ဇွဲအဓိဋ္ဌာန်ဖြင့် ရဲရဲရင့်ရင့် ခုခံတိုက်ခိုက်ခဲ့ကြောင်းကို သံသယရှိဖို့မလိုပါ"ဟု သူ့မှတ်တမ်းတွင် ရေးသားခဲ့လေသည်။ ထို့ပြင် သမိုင်းပညာရှင် ဒေါက်တာ ဒီပီဆင်ကလည်း "အရှုံးပေး အညံ့ခံသည်ထက် အမျိုးသားရေးဇာတိမာန်ဖြင့် တိုက်ခိုက်ရင်း သေသွားသည်ကမှ ကောင်းသေး၏ဟု ယူဆကာ တိုက်ခိုက်သွားကြသည်"ဟု မှတ်တမ်းပြုထားလေသည်။

ယခုအခါ မင်းလှခံတပ်ကြီး စတင်တည်ဆောက်သည့် ၁၈၆၀ မှ စတင်ရေတွက်မည်ဆိုပါက ယခု ၂၀၁၄ ခုနှစ်တွင် နှစ်ပေါင်း ၁၅၄ နှစ်ပြည့်ပြီ ဖြစ်၏။ ထိုမင်းလှခံတပ်ကြီးသည် ရောင်စုံသူပုန်များခေတ်က ထိုတပ်ဖွဲ့များ၏ နိုနားရာ ဗဟိုဌာနချုပ်ဖြစ်ခဲ့ပြီး လမ်းစဉ်ပါတီခေတ်တွင် မူးယစ်ဆေးဝါးသုံးသူများကို ပြန်လည်ပြုပြင်ပေးသော စခန်းအဖြစ် တာဝန်ယူခဲ့ရသည်။ ထို့နောက် ကုန်သွယ်ရေးဌာန၏ ဆန်သိုလှောင်ရုံ၊ မြို့နယ်ဘောလီဘောနှင့် ကြက်တောင်ကစားကွင်းအဖြစ် အသုံးချခဲ့ရသည်။

သည်လိုနှင့် ၁၉၉၂ ခုနှစ်တွင် ယဉ်ကျေးမှုနှင့် ရှေးဟောင်းသုတေသနဌာနမှ ထိန်းသိမ်းစောင့်ရှောက်ကာ ခံတပ်ကြီးကို ပြုပြင်မွမ်းမံပေးခြင်းဖြင့် ရှေးဟောင်းအမွေအနှစ်ကို စောင့်ရှောက်နိုင်ခဲ့လေသည်။ တစ်ဆက်တည်းမှာပင် နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ခဲ့သော ထိုခံတပ်ကြီးပေါ်မှ မြန်မာနိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်း တိုက်ပွဲဝင်ရင်း အသက်ပေးလှူခဲ့ကြသော မြန်မာသူရဲကောင်းများ၏ ကျေးဇူးတရားကို ကျွန်တော်တို့ သတိတရနှင့် လေးစားဦးညွှတ်နေဖို့သာ လိုအပ်လှပေသည်။

(၂၆-၁-၂၀၁၄ နေ့က သွားရောက်ခဲ့သော မင်းလှခံတပ်ခရီးစဉ် အမှတ်တရ)

မောင်မိုးဦး
၀၉ ၃၁၁၃၀၉၈၆

- ဘိုးဘိုးဘွားဘွား သူရဲကောင်းများ။ အိမ်မဲဒေါင်းပြား။
- မြန်မာနိုင်ငံစစ်သမိုင်း။ နတ်မောက်ဘုန်းကျော်။

www.burmeseclassic.com

# ခေမာဒီပကျွန်းက ချစ်သောနှင်းဆီ

ဆူးချွန်(ပန်သစ္စာ)



နှင်းပျောက်တဲ့ နွေဦးရောက်ခါစ…

နေ့အလင်းရောင်တို့ဟာ တဖြည်းဖြည်းတရွေ့ရွေ့ အမိန့်မပေးဘဲ ဆုတ်ခွာပြီး ညနေမှောင်ရီပျိုးစ လက်ကျန်အချမ်းဓာတ်လေးတွေက မပယ့်တပယ် ချမ်းစစပြုချိန် အဝေးက ဖြတ်ပြေးလာတဲ့ လေနုရိုင်းတွေက ရေပြင်ကျယ်ကို ဖြတ်ကျော်ဝင်ရောက်တိုက် ခိုက်ချိန်လို့ပြောရင် ရတယ်။

အဲဒီအချိန် လှိုင်းကြက်ခွပ်သံတို့ လှုပ်ရှားနေတဲ့အပေါ် နန်းညွန့်နန်းသွေး ရာဇဏ္ဍေရှိပုံရတဲ့ အမျိုးသမီးတစ်ယောက် ရေပေါ်ကို လှမ်းလျှောက်ပြီး တစ်ဖက်ခပ်ဝေးဝေးမှာရှိတဲ့ ကျွန်းပေါ်ကို ဦးတည်လျက်သွားသည်ကို ထင်ထင်ရှားရှားတွေ့လျက်လူလား၊ နတ်လား၊ ဘုန်းတန်ခိုးရှိတဲ့ အမျိုးသမီးလား မကွဲပြားတဲ့။

ကန်တော်ကြီးဆိုတာက ကျောင်းသားတွေရဲ့ ချစ်သောကမ္ဘာလို့တောင် အားလုံးတင်စားကြတယ်။ ကန်တော်ကြီး၊ ဗိုလ်ချုပ်ပန်းခြံ၊ ကြက်ကျွန်း၊ နဂါးကျွန်း၊ ခြသေ့ကျွန်း၊ ပန်းကန်လုံးကျွန်းဆိုပြီး ကျွန်းတွေရှိတယ်။ ပန်းကန်လုံးကျွန်းက (သိမ်ဖြူကွင်း) ကရဝိက်ကျွန်းဘက်မှာ တည်ရှိပါတယ်။ ပန်းကန်လုံးကျွန်းဆိုရင် ပန်းကန်လုံးကြီးတွေရှိသလို၊ ကြက်ကျွန်း ကြက်ရုပ်၊ နဂါးကျွန်းဆိုရင် နဂါးရုပ်တု၊ ခြသေ့ကျွန်းဆိုရင် ခြသေ့ရုပ်တုတွေ သင်္ကေတကိုယ်စီ ထုလုပ်ထားတာတွေ့ရတယ်။ ဒီသင်္ကေတအမှတ်အသားတွေ လုံးဝမရှိတော့ပါဘူး။ ရေတိုက်စားမှုကြောင့် ပြုပြင်မွမ်းမံမှု မရှိသောကြောင့် ပျက်စီးယိုယွင်းခဲ့ပါပြီ။

ကျွန်တော်တို့ သူငယ်ချင်းတွေစုပြီး စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်ဆိုရင် ကန်တော်ကြီးမှာ ရေကူးနေကျပါ။ ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံကနေ ပန်းကန်လုံးကျွန်း၊ ကရဝိက်ဘက်ထိ ကျွန်းတွေကနေ အသွားအပြန် လက်ပစ်ကူးကြတယ်။ တစ်နေ့…

ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် စိန်တွ
ကျော်ကျော်ဦး။ ကျွန်တော်အပါအဝင် ဗိုလ်ချုပ်ပန်းခြံက
ပန်းကန်လုံးကျွန်းကိုဖြတ်ပြီး ရေကူးစဉ် ကရဝိက်ဟိုတ
ခန်းမကျွန်းနားအရောက် အမျိုးသမီးတစ်ယောက် ရေ
ကနေ လမ်းလျှောက်ပြီး ချုံနွယ်ပိတ်ပေါင်းတွေရှိတဲ့ ရေလ
ကျွန်းလေးကို ဖြတ်သွားတာ မျက်ဝါးထင်ထင် တွေ့လို
ရတယ်။ ကျွန်တော်တို့သူငယ်ချင်းတွေ ရေကူးတာ
များစွာ၊ နှစ်ပေါင်းများစွာ ကူးခဲ့တာ ဒီလိုအဖြစ်မျိုး
ကြိမ်တစ်ခါ မကြုံဖူးပေ။ ထိုအမျိုးသမီးကိုကြည့်ပြီး အဝေ



www.burmeseclassic.com

www.burmeseclassic.com

လေးအံ့သြမိတယ်။ အထူးအဆန်းတော့ အမှန်။ အချိန်ကြည့်တော့ ညနေစောင်း နေဝင်ဖျိုးဖျအချိန် အလင်းရောင်က အနောက်တောင်ဆီကို တစ်စစနှင့်ဝင်နေပြီ။ ကျွန်တော်တို့ ထူးခဲ့သော ပန်းကန်လုံးကျွန်းနှင့် သိပ်မဝေး။ ချုံနွယ်ပိတ်ပေါင်း ထူထပ်စွာပေါက်ရောက်ပြီး သစ်ပင်ကြီးတွေ အုပ်ဆိုင်းနေတာ တွေ့ရတယ်။ ကျွန်တော်တို့ အသက်မှ ၁၇ နှစ်ကျောင်းသား။ လူပျိုပေါက်အရွယ်။ သူငယ်ချင်းသုံးယောက်သား ဒီကျွန်းလေးကိုသွားကြည့်ဖို့ အရဲစွန့်ဆုံးဖြတ်ပြီး ရေကူးသွားတယ်။ ရေပြင်အထိ ချုံနွယ်ထူထပ်ပြီး ပိတ်ပေါင်းထနေသောကြောင့် ကျွန်းကိုရောက်ဖို့ မနည်းဖယ်ရှားပြီး တက်ခဲ့ရတယ်။ တောင်ကုန်းမို့မို့လေးမှာ ပျက်စီးယိုယွင်းနေတဲ့ စေတီလေးတွေကလွဲလို့ လူတစ်ဦးတစ်ယောက်၊ သတ္တဝါတစ်ကောင် တစ်မြီးမျှ မတွေ့။ ကြီးမားတဲ့သစ်ပင်ကြီးတွေ အရိပ်အောက်မှာ အလင်းရောင်ဆိုတာ လုံးဝမရှိ။ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်သား တောင်ကုန်းလေးပေါ်က မြန်ဆင်းခါနီး ရေမွှေးနှင်းဆီနံ့၊ စပယ်ပန်းနံ့များ မွှေးကြိုင်တဲ့ အနံ့ကိုရှူရှိုက်မိတယ်။ ဖျပ်ခနဲဆိုတဲ့ အသံတစ်သံကြားရသလို ရုတ်တရက်ပြန်လှည့်ကြည့်သောအခါ အရိပ်အယောင်မျှ မတွေ့။ သုံးယောက်သား ပြိုင်တူ ကြက်သီးမွေးညင်းတွေထကာပြီး ပြန်ခဲ့ရတယ်။

ကျောင်းပိတ်ရက်တိုင်း ကျွန်တော်တို့သူငယ်ချင်းတွေ အိမ်က ဓားတွေယူပြီး ဒီကျွန်းလေးက ချုံနွယ်ပိတ်ပေါင်းတွေရှင်းလင်းကာ စေတီပေါင်းလေးမှာ ဆီမီး၊ ပန်းတွေ၊ အမွှေးတိုင်တွေ ထွန်းညှိပူဇော်လှူဒါန်းကြတယ်။

နောက် ဒီကျွန်းလေးကမှတစ်ဆင့် မိုလ်ချုပ်ပန်းခြံဘက်ကို ရေဆက်ကူးတယ်။ ယခင်အတိုင်းဘဲ ကျောင်းပိတ်ရက်မှာ ရေကူးကြတယ်။

ပန်းကန်လုံးကျွန်း ရေပြင်ကမ်းစပ်နားမှာ ကုက္ကိုပင်ကြီးတစ်ပင်ရှိတယ်။ ယခုတော့ ရေတိုက်စားလို့ မရှိတော့ပါဘူး။ အဲဒီကုက္ကိုပင်ကြီးအောက်မှာ အမျိုးသမီးတစ်ယောက်က ရေပြင်ဘက်ကိုကြည့်ပြီး ကျောပေးထိုင်နေတယ်။ အစက ဒီအမျိုးသမီးကို တစ်ခါမှ မတွေ့ဘူး။ ကျွန်တော်တို့သူငယ်ချင်းတွေလည်း ကျွန်းလေးက စေတီပေါင်းလေးမှာ ဆီမီး ပန်းတွေ၊ အမွှေးတိုင်တွေလှူဒါန်းပြီး ရေဆက်ကူးတယ်။



ပေါ်တော်မူစေတီ

ညနေစောင်းပြန်ချိန်ထိ အမျိုးသမီးတစ်ယောက်တည်း ထိုင်နေမြဲ ထိုင်နေဆဲပါ။

ချစ်သူများနေ့၊ ကျွန်တော့်မွေးနေ့ ကျောင်းပိတ်ရက်နဲ့ တိုက်ဆိုင်တယ်။ သူငယ်ချင်းတစ်ယောက်က သူတို့ပန်းခြံက နှင်းဆီပန်းတွေခူးပြီး ဘုရားတင်ဖို့ လာပေးတယ်။ ကျွန်တော့်မွေးနေ့လက်ဆောင်။ အိမ်ဘုရားမှာ နှင်းဆီပန်းနီနီလေးတွေကို ဘုရားမှာလှူဒါန်းတယ်။ သူငယ်ချင်းတွေနဲ့ နံနက်စောစော ရွှေတိဂုံဘုရားသွား။ ဘုရားမှာ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတွေ လှူဒါန်းတယ်။ ငါးပြတိုက်၊ တိရစ္ဆာန်ရုံသွား။ တိရစ္ဆာန်တွေကို အစာကျွေးတယ်။ မွေးနေ့အထိမ်းအမှတ်အနေနဲ့ သူငယ်ချင်းအားလုံးကို စားချင်တာဝယ်ကျွေးပြီး ကန်တော်ကြီးဘက်ကို လမ်းလျှောက်လာတယ်။ သူငယ်ချင်းတွေနဲ့ မုန့်စားရင်း မြူထဲရုပ်ရှင်ကြည့်ဖို့ စကားပြောရင်း လမ်းလျှောက်လာရာ ခြေဦးက အလိုလို ကန်တော်ကြီးဘက်ကို ရောက်ခဲ့တယ်။ ကျွန်တော့်မျက်လုံးအစုံက မထင်မှတ်ဘဲ အဝေးက အုပ်ဆိုင်းမှိုင်းညို့နေတဲ့ ကျွန်းလယ်က စေတီပျက်ပေါင်းလေးကို သွားမြင်မိတယ်။ ကျောင်းပိတ်ရက် ရေကူး



www.burmeseclassic.com

www.burmeseclassic.com

တိုင်း ဒီစေတီလေးကို ဆီမီး ပန်း အမွှေးတိုင်တွေ ထွန်းညှိ လှူဒါန်းကာ ဒီနေ့ ငါ့မွေးနေ့ ကျောင်းပိတ်ရက် ဒီကျွန်းလယ်က စေတီပျက်ဟောင်းလေးကို ဘာမှ မလှူဒါန်းဖြစ်၊ ကြောက်ရွံ့စိတ်မရှိဘဲ ဒီကျွန်းလေးကို အရောက်သွားပြီး ဒီစေတီလေးကို ဖူးမြင်ခဲ့ကာ စိတ်ထဲမှာ ရေရွတ်မိတယ်။ စိတ်မကောင်းဖြစ်မိတယ်။ သူငယ်ချင်းတွေနဲ့ပြောပြီး သိမ်ဖြူဈေးက နှင်းဆီပန်းတွေ၊ သစ္စာပန်းတွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်တွေဝယ်ပြီး အပြေးအလွှား ကျွန်းလယ်က စေတီဟောင်းလေးကို ရောက်ပြီး သွားပူဇော်ခဲ့တယ်။ ပန်းကန်လုံးကျွန်းကနေ သူငယ်ချင်းတွေနဲ့အိမ်အပြန် ယခင်အပတ်ကတွေ့ခဲ့တဲ့ အမျိုးသမီးတစ်ယောက် ဒီကုက္ကိုပင်အောက်မှာ ကျောပေးပြီး ရေပြင်ကျယ်ကြီးကိုကြည့်နေတာ တွေ့ရပြန်တယ်။ ကျွန်တော့်စိတ်တွေ သာမန်မျိုးမဟုတ်။ စိတ်တွေက လှုပ်ရှားလာတယ်။ တွေ့ချင်တဲ့စိတ်အာရုံက များနေတယ်။

ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို ရဲရဲချလိုက်တယ်။ ဒီအမျိုးသမီးဆီသွားဖို့။ ဒါပေမယ့် ဘာရည်ရွယ်ချက်ဆိုတာ စိတ်ထဲက မတွေးခဲ့ပေ။ ကျွန်တော်တစ်ယောက်တည်း သတ္တိမွေးသွားတယ်။ အခြေအနေမကောင်းရင်လည်း ဖြစ်သလိုရင်ဆိုင်ပြီး လစ်ရုံသာရှိမည်။ ဒီအတွေးတစ်ခုကို ရုတ်တရက်ဆုံးဖြတ်ထားတယ်။

တကယ်တမ်း အနီးနားရောက်တော့ နည်းနည်းတော့ ထိတ်လန့်မှုတော့ ရှိလာတယ်။ ခြေလှမ်းတွေက ရှေ့မတိုးနောက်မဆုတ်သာ။ ရင်တွေခုန်ပြီး စကားတွေက မမှန်။ မတိုးရဲတိုးရဲ အားတွေမွေးပြီး အစ်မလို့ခေါ်ပေမယ့် အသံက ထွက်မလာ။ အားတင်းပြီး အစ်မအော်မှ အသံကထွက်လာတယ်။ ဩော်…ငါ့အသံထွက်လာသားပဲဆိုတဲ့ အတွေးက စိတ်ထဲက တွေးမိတယ်။ ကျွန်တော့်ခေါ်သံကြားသည်နှင့် တစ်ဖက်အမျိုးသမီးမှ ဖျတ်ခနဲလှည့်ကြည့်ပြီး အပြုံးဟာ ကျွန်တော့်ရင်ထဲမှာ တစ်သက်လုံးမတွေ့ဖူးတဲ့ အပြုံးမျိုးပါ။ မိန်းကလေးဟာ အတော်လေးချောတယ်။ ဆင်ယင်ထုံးဖွဲ့မှုဟာ မဟာဆန်တယ် ပြောရမလားမသိ။ ရှေးဟောင်းရာဇဝင်ထဲက ထီးညွန့်နန်းလျာ မိဖုရားအသွင်မျိုး။ အသားက အဝါရောင်သန်းနေသလို မျက်လုံးမျက်ခုံးသွယ်ပြီး နှုတ်ခမ်းလေးက ပန်းနုရောင်အသွေး။ မျက်ခုံး ဆံကေသာ ကြော့ရှင်းနက်မှောင် မဟုရာရောင်သဏ္ဌာန်။ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုက ဖက်ဖူးရောင်မရင့်တရင့်အရောင်ဖျော့ဖျော့ဖက်ရင် ဝတ်ထားပြီး ခန္ဓာကိုယ်အချိုးအဆစ်တွေက အပြစ်ပြောစရာမရှိလောက်အောင်ကင်းရှင်းကာ အမွှေးနံ့သာထုံလျက်ရှိတယ်။ သူမရဲ့အပြုံးတွေဟာ မျက်နှာတစ်ခုလုံး ဝင်းလက်သွားသလို ပါးချိုင့် ထင်ထင်ရှားရှား။ ဒီလောက်ချောမောလှပတဲ့ မိန်းကလေး ဒီနေရာအဖော်မပါဘဲ ဘာကြောင့် တစ်ဦးတည်းရောက်လာလဲဆိုတာ မတွေးတတ်။ နားမလည်နိုင်အောင် ဖြစ်ရတယ်။ ကိုယ့်မိဘတွေ၊ ဒါမှမဟုတ်၊ ကိုယ့်ချစ်သူနှင့် အဆင်မပြေလို့လား။ ဘာအကြောင်းကြောင့် ဒီနေရာကို ရောက်လာသလဲ။ ကျွန်တော့်စိတ်ထဲမှာ ကျိတ်ပြီး တွေးနေမိတယ်။ ပြီးတော့ ကျွန်တော့်ကို သာမန်အမျိုးသမီးတွေထက် သူမရဲ့အပြုံးတွေဟာ ပိုပြီးခင်မင်စရာ၊ သံယောဇဉ်ရှိစရာ၊ တွယ်တာစရာ နှုတ်ဆက်တဲ့အပြုံးမျိုး။ လက်ခံတုံ့ပြန်တယ်။ စကားသံက ချိုမြမြလေး။

ကျွန်တော်က မိန်းကလေးကို တစ်ယောက်တည်းပဲလား။ ဘာကူညီပေးရမလဲမေးတော့ တစ်ယောက်တည်းပဲ၊ အကူအညီမလိုပါဘူးလို့ ပြောတယ်။ ဘယ်မှာနေတာလဲ ဆက်မေးတော့ ဒီအနီးနားမှာနေတယ်။ လိပ်စာကို အတိအကျမပြောဘူး။ ကျွန်တော်လည်း လိပ်စာမသိစေချင်လို့ပဲ တွေးလိုက်တယ်။ ဒီနေ့ ကျွန်တော် ရေမကူးတော့ဘူး။ အစ်မနဲ့ စကားတွေအများကြီးပြောမယ်ဆိုတော့ ခေါင်းတညိတ်ညိတ်ညိတ်တယ်။

ကျွန်တော်လည်း ကမန်းကတန်းလေးဖြင့် ကျွန်းလယ်လေးက ဘုရားဆီကို ရောက်သွားပြီး စေတီဟောင်းလေးမှာ နှင်းဆီပန်း၊ ဆီမီး၊ ဖယောင်းတိုင်၊ အမွှေးတိုင်တွေ ထွန်းညှိ ပူဇော်လှူဒါန်းဆုတောင်းပြီး သူမရှိရာကို အပြေးပြန်လာခဲ့တယ်။ အဝေးက လှမ်းကြည့်ကာ သူမကို လုံးဝမတွေ့။ ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားတယ်။ ကျွန်တော့်မျက်လုံးက သူမရှိရာကို သေချာ ဘေးပတ်ဝန်းကျင်ကို သတိထားပြီးကြည့်တော့လည်း မတွေ့။ ထိုင်နေကျ ကုက္ကိုပင်အောက်ကို ကျွန်တော်ပြေးသွားကြည့်မှ သူမကိုတွေ့ရတယ်။ အဲဒီကျမှ ကျွန်တော့်ရင်ထဲ ဟင်းဆိုတဲ့ သက်ပြင်း ချမိတယ်။

"ကျွန်တော်က အစ်မကို အဝေးကလှမ်းကြည့်တာ

www.burmeseclassic.com

မတွေ့ဘူး။ အနီးနားကျမှတွေ့တယ်။ ကျွန်တော် အရမ်းရင်ထဲမှာ ထိတ်ခနဲဖြစ်သွားတယ်"

ပြောပြောဆိုဆို အစ်မသေားမှာ ဝင်ထိုင်ပြီးပြောတော့ သူမကို ကျွန်တော့်ကို ခေါင်းတစ်ချက်ငဲ့ကြည့်ပြီး "မောင်လေးက အစ်မကို စိုးရိမ်တတ်သားပဲ"လို့ မပြုံးမငြင်စွာ ပြောတယ်။ ကျွန်တော်က စိုးရိမ်ရုံသာမကဘူး ရင်တုန်ပန်းတုန်တောင် ဖြစ်သွားတယ်ပြောတော့ နှစ်ဦးသားရယ်မောကြတယ်။

သူမက ကျွန်တော့်အကြောင်းကိုမေးတော့ ကျွန်တော်က ပွင့်ပွင့်လင်းလင်းပြောတယ်။ ဒါပေမယ့် သူမက သူ့အကြောင်းကို သိပ်မပြော။ မေးလည်း စကားတွေကို မပွင့်မလင်းပြောတယ်။ နှုတ်အမူအရာ၊ ကိုယ်အမူအရာကစ ဣန္ဒြေအလွန်ကြီးတယ်။ ကျွန်တော်လည်း ဆက်ပြီးမမေး။ အကြောင်းရာတစ်ခုခုကို တွေ့ဝေနေဟန်၊ ဝမ်းနည်းကြေကွဲတဲ့ရှိက်သံလေးတွေ တစ်ခါတစ်ရံမှာ စကားသံလေးက နှုတ်မဖွင့်တစ်ချက် ဖွင့်တစ်ချက် လတ်ဆန်းတဲ့မျက်နှာအပြုံးတွေက အမှတ်မထင်ပြောင်းလဲပြီး တောက်ပတဲ့မျက်အိမ်မှာ မျက်ရည်လေးတွေရစ်ဝဲလျက်။ ကျွန်တော် သူမရဲ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီး ဘာပြောရမှန်းမသိ။ ရင်ထဲမှာ တဖျပ်ဖျပ်လှုပ်ခတ်နေတာ အမှန်။

အဝေးကဖြတ်ပြေးလာတဲ့ လေရိုင်းတွေက ရေပြင်ကို ကျော်ပြီး ကျွန်တော်တို့နှစ်ဦး ပါးပြင်ကိုဟပ်ကာ သူမရဲ့ကြေရှင်းတဲ့ ဆံကေသာလေးတွေဟာ လေနှင့်အတူ ကခုန်မြူးထူးစွာဖြင့် ပါးပြင်နှစ်ဖက်မှာ ရစ်ဝဲပုံးကွယ်နေလျက် ပါးပြင်မို့မို့က ရှက်သွေးဖြာနေတဲ့ မျက်နှာလေးဟာ ရေပြင်ကျယ်မှာထင်ဟပ်တာ လှိုင်းကြက်ခွပ်လေးတွေပေါ် ပြေးလျက်။

"အစ်မက အရမ်းလှတာပဲ။ အရမ်းလည်း ချစ်ဖို့ကောင်းတယ်"

ကျွန်တော်ကပြောတော့ သူမက ကျွန်တော့်ကို သေသေချာချာကြည့်ပြီး မခို့တရိုနဲ့ကြည့်တယ်။ ကျွန်တော်လည်း မခို့တရို ပြန်ကြည့်ပြီး ပြုံးပြမိတယ်။

သူမက ကောက်ကာငင်ကာ စကားလေသံ ပြောင်းလိုက်တယ်။ ကျွန်တော့်ကို ဘာသီချင်းဆိုတတ်လဲ မေးသည်။ ကျွန်တော်က အဆိုတော် ကိုစောငြိမ်းသီချင်းတွေ၊ ကိုသန်းထိုက်သီချင်းတွေ ဆိုတတ်တယ်လို့ ပြောတော့ သူမက သွားလေးပေါ်အောင် ရယ်တယ်။ အစ်မလည်း ဘာသီချင်းဆိုတတ်လည်းဆိုတော့ ယိုးဒယားသီချင်း၊ ကြိုးသီချင်းတွေ ဆိုတတ်တယ်တဲ့။ သူမပြောစကားကို လှောင်ပြုံးပြုံးလေးရယ်မိတယ်။ ပြီးတော့ ကြားဖူးလားလို့ ပြန်မေးတယ်။ ကျွန်တော်က မကြားဖူးဘူးလို့ ပြန်ပြောတယ်။ သူမက မျက်နှာလေးညိုပြီး နှုတ်ခမ်းလေးစူသွားတယ်။ ကျွန်တော်က ကြားဖူးအောင်ဆိုပြဆိုတော့ မျက်စောင်းလေးထိုးပြန်တယ်။ သူမက ကျွန်တော့်ကို အရင်သီချင်းဆိုပြခိုင်းတယ်။ ကျွန်တော်က သစ္စာသီချင်းကို ဆိုပြတယ်။ သူမက အဝေးက ရေပြင်မှာရှိတဲ့ ဟသ်ာကရဝိက်ကြီးကိုကြည့်လိုက်၊ အဝေးက ရွှေတိဂုံစေတီတော်ကြီးကို လှမ်းမျှော်ကြည့်လိုက်နဲ့ ငေးမောတွေဝေကာ သီချင်းကို နားထောင်နေတယ်။ ကျွန်တော်က သီချင်းဆုံးတာနဲ့ သူမကို ကြိုက်လားလို့မေးတော့ သူမက ဘာကိုပြောတာလဲ ပြန်မေးတယ်။ ကျွန်တော်က သီချင်းကိုပြောတာဆိုမှ ဘာမှခွန်းတုံ့မပြန်။ နောက် ချစ်ပြုံးနှင်းဆီတေးသီချင်းလေးကို ဆိုပြတော့ သူမက သီချင်းနားထောင်ပြီး ပြုံးစိစိနှင့် ရယ်မောတယ်။ ကျွန်တော်က သူမကိုကြည့်ပြီး သီချင်းဆက်မဆိုတော့ဘဲ ခေတ္တရပ်လိုက်တယ်။ သူမက နှုတ်ခမ်းစူပြီး မျက်နှာပုပ်သွားတယ်။ ကျွန်တော်က သီချင်းဆက်ပြီးဆိုပြမှ သူမမျက်နှာလေးက လတ်ဆတ်တဲ့အပြုံးပန်းလေးတွေ ပြန်ဝဲလာတယ်။

သူမက ကျွန်တော့်ကို ဘယ်ပန်းကိုကြိုက်လဲလို့မေးတော့ ကျွန်တော်က သစ္စာပန်းကို ကြိုက်တယ်လို့ ပြောတော့ အစ်မက နှင်းဆီပန်းနီနီလေးတွေကို အရမ်းကြိုက်တယ်လို့ ပြောတယ်။ ကျွန်တော်က အစ်မကြိုက်တဲ့နှင်း ဆီပန်းနီနီလေးတွေကို နောက်အပတ် ကျောင်းပိတ်ရင် အစ်မအတွက် ကျွန်တော်ယူလာမယ်ဆိုတော့ သူမက ဝမ်းသာစွာ လက်ခုပ်လေးနှစ်ဖက်စုံတီးပြီး ပြုံးနေတယ်။ အစ်မ အရမ်းပျော်နေပုံရတယ်။

နောက်တစ်ပတ် ကျောင်းပိတ်ရက်မှာ ကျွန်တော့်သူငယ်ချင်း ပန်းခြံက နှင်းဆီပန်းနီနီလှလှလေးတွေ တစ်ပွေ့တစ်ပိုက်ကြီး သူမကိုလက်ဆောင်ပေးဖို့ ဝယ်တယ်။ စေတီပေါင်းလေးမှာ လှူဒါန်းဖို့ သစ္စာပန်း အဖြူလှလှလေးတွေ ဈေးမှာဝယ်တယ်။ ပြီးတော့ သူမနဲ့တွေ့ဖို့ ချိန်းထားတဲ့ ကန်တော်ကြီးကိုသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ ကျွန်တော့်ရင်ထဲမှာ အရမ်းပျော်တဲ့နေ့ပါ။ ဟိုကျရင် အစ်မနဲ့ စကားတွေအများကြီးပြောမယ်၊ ညကဆို တစ်ညလုံး အိပ်မက်တောင်မက်တယ်။ အစ်မက ခေါင်းမှာ နှင်းဆီပန်းတွေ၊ သဇင်ပန်းတွေ ဝေနေအောင်ပန်ပြီး ဒန်းပုခက်ကြီးစီးကာ စောင်းတီးပြီး သီချင်းတွေဆိုနေတယ်။ စိမ့်ကြီးမြိုင်ကြီး ဂနိုင်ကြီးဆိုသလို သစ်ပင်ပန်းမာလာတွေကလည်း စိမ်းလန်းစိုပြေပြီး အေးမြနေတယ်။ ဘေးနားက တောင်ကြီးတွေကလည်း ရွှေရောင်တွေတောက်နေတယ်။ အားလုံး ပန်းရနံ့တွေကလည်း မွှေးကြိုင်နေတာ မြင်ရတယ်။ ကျွန်တော် လန့်နိုးတော့ တစ်ကိုယ်လုံး ဇောချွေးတွေပြန်နေတယ်။ ကိုယ်ခန္ဓာတစ်ခုလုံး အေးစက်နေတယ်။

ကန်တော်ကြီးရောက်တော့ သူမကို မတွေ့။ နာရီကြည့်တော့ အရမ်းစောနေတယ်။ ဒါနဲ့ပဲ ထုံးစံအတိုင်း ရေလယ်ကျွန်းက စေတီပေါင်းလေးဆီကို ရောက်သွားပြီး သစ္စာပန်းတွေ၊ ဆီမီး၊ အမွှေးတိုင်၊ ဖယောင်းတိုင်တွေ ထွန်းညှိဆုတောင်းပြီး သူမလာရာကို မျှော်ပြီး စောင့်နေတယ်။

အမက ရေလယ်ကျွန်းအနီးကနေ ပန်းကန်လုံးကျွန်းကုက္ကိုပင်အောက်ကို တစ်လှမ်းချင်းလှမ်းလာတာ မြင်ရတယ်။ နှင်းဆီရောင် အနီအသွေးဝတ်စုံ(ဖက်ရှင်) ဒီဇိုင်းလှလှလေးကို ရှိုးရှိုးယဉ် ဝတ်ဆင်မြန်းပြီး ကြော့ရှင်းတဲ့ ခန္ဓာကိုယ်အမူအရာဟန်လေးနှင့် မြင်သူငေးလောက်အောင် တွေ့ရတယ်။ ကျွန်တော် အရမ်းဝမ်းသာကြည်နူးမိတယ်။ သူမလာရာကို နှင်းဆီပန်းနီနီလေးတွေ ရင်မှာပိုက်ပြီး သူမကို ပြေးကြိုတယ်။ အစ်မဆိုတဲ့ ကျွန်တော့်ခေါ်သံဟာ ပတ်ဝန်းကျင်တစ်ခုလုံး ပဲ့တင်ထပ်စေခဲ့ပါတယ်။

သူမနှင့် ကျွန်တော်ဟာ အတူလမ်းလျှောက်လာပြီး ထိုင်နေကျ ကုက္ကိုပင်ကြီးအောက်မှာ ယှဉ်တွဲထိုင်ပြီး စကားတွေ ပြောဖြစ်ကြပါတယ်။ ကျွန်တော့်ကို သူမက စန္ဒကိန္နရီ သီချင်းလေးကို ဆိုပြတယ်။ သူမရဲ့အသံလေးက သာယာနာပျော်ဖွယ်ရှိတဲ့ အသံလေး။ ဆွဲဆွဲငင်ငင်နဲ့ဆိုတာ အရမ်းနားထောင်လို့ကောင်းတာပဲ။ ဒါပေမယ့် သူက ဒီသီချင်းလေးကို ဆိုပြတော့ ကျွန်တော် အရမ်းငိုချင်လာတယ်။ မျက်ရည်ဝဲမတတ် ခံစားရတယ်။

ရင်ထဲက အကြောင်းအရာကို မဖော်တတ်ပေ။ ကျွန်တော်က သူမအား ဒီသီချင်းကိုကြိုက်လား။ ကျွန်တော်က မကြိုက်ဘူးပြောတော့ သူမက ပြန်ပြောတယ်။ ဘဝတစ်ခုကို စိုးမိုးသလို ဒီသီချင်းလေးက ဖန်တီးထားတဲ့အတွက် ထပ်တူခံစားရတာမျိုး ရှိကောင်းရှိမယ်တဲ့။ သူမပြောစကားကို သိပ်ဉာဏ်တော့မမီ။ ဘာကိုဆိုလိုတာလည်းတော့ ကျွန်တော်အဓိပ္ပာယ် လွယ်လွယ်ကောက်ချက်ချလို့ မတွေးသလို မသိလည်းမသိပေ။ သီချင်းကို ခံစားမိတာကတော့ အမှန်။ ချစ်သူနဲ့ကွဲတဲ့သီချင်း။ ငယ်က ပုခက်အတွင်းမှာရော၊ ကျွန်တော်ငိုရင် အမေချော့သိပ်နေကျ သီချင်းတစ်ပုဒ်မို့ ကြားဖူးနားဝရှိတယ်။ ရေဒီယိုမှာလည်း မကြာမကြာလာတာ တွေ့ရတယ်။ အစ်မက သီချင်းဆိုတာ အရမ်းကောင်းတယ်။ ပြီးတော့ မင်းသမီးလုပ်ရင်လည်း အောင်မြင်မှာလို့ ကျွန်တော်က ရင်ထဲရှိတာဖွင့်ပြောတော့ သူမက ရယ်ပြီး ဘာမှပြန်မပြောပေ။ သူမက ကျွန်တော်ပေးတဲ့နှင်းဆီပန်း နီနီလေးတွေကို ရင်မှာပိုက်ထွေးပြီး ပျော်နေပုံရတယ်။

သူမက ကျွန်တော့်ကိုပြောတယ်။ နောက်အပတ်ဆိုမောင်လေး မလာနဲ့တော့။ အစ်မခရီးသွားစရာရှိတယ်လို့ပြောတယ်။ ကျွန်တော်က ဘယ်တော့ပြန်လာမှာလဲဆိုတော့ အတိအကျ ပြောလို့မရဘူးလို့ ပြောပြန်တယ်။ ကျွန်တော် အသက်ကို ပြင်းပြင်းရှူပြီး ထုတ်လိုက်တယ်။ နှုတ်ကလည်း သွားပါပြီဆိုတဲ့အသံဟာ လောကတစ်ခုလုံး တုန်ဟီးသွားမလောက်ဖြစ်ခဲ့ပြန်တယ်။ အစ်မကို ဘယ်တော့ပြန်တွေ့ရမလဲဆိုတော့ ဒီနေရာမှာ တစ်နေ့ပြန်ဆုံမှာပေါ့လို့ သူမက လွယ်လွယ်လေးပြောလိုက်တယ်။ ဒါပေမယ့် ကျွန်တော့်ရင်ထဲမှာတော့ ဆယ်နွေကဲ အပူမီးတွေ တောက်လောင်နေတယ်။ ကျွန်တော့်မျက်ရည်တွေ မျက်ဝန်းထဲမှာ ထိန်းမနိုင်တော့။ အဖြိုင်ဖြိုင်ကျလာတယ်။ သူမမျက်ဝန်းထဲမှ မျက်ရည်လေးတွေ ဝေ့ဝဲပြီးကျနေတယ်။ ရင်ထဲက ရှိုက်ငိုသံတွေဟာ သူမနှလုံးသားထဲကို စိုက်ဝင်မှာတော့ အသေအချာပေ။

စက္ကန့်မိနစ် ဖြတ်ကျော်ပြီး နာရီတွေက အချိန်ကိုကုစားနေပြီး နေကလည်း ညိုနေပြီ။ သူမနှင့် လမ်းခွဲရတော့မယ်။ သူ ဖြစ်နိုင်ရင် တစ်နေ့လုံး၊ တစ်ညလုံး စကားပြောချင်တယ်။ နောက်ဆုံးနှုတ်ဆက်လက်ပြထွက်သွားခဲ့ပြီ သဘောရလွှမ်းဆွတ်ကျန်ရစ်သူက ကျွန်တော်။ အစဉ် မတွေ့ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com

တော့ အကောင်းသားပါ။ တရွေ့ရွေ့ ကျောခိုင်းထွက်ခွာသွားတဲ့ ပုံရိပ်ခြေလှမ်းတွေ ရင်ထဲကျန်ရစ်ခဲ့တယ်။

ကျွန်တော်တို့လည်း အတန်းတင်စာမေးပွဲကြီးနီးပြီ။ နောက်တစ်ပတ်ပြီးရင် ဒီကျွန်းလယ်က စေတီဟောင်းလေးကို လာဖို့မရှိတော့။ စနေကျောင်းပိတ်ရက်ရောက်တော့ ဒီကျွန်းလယ်က စေတီဟောင်းလေးကိုသွားပြီး သူမ ကြိုက်တဲ့ နှင်းဆီပန်းနီနီလေးတွေဝယ်ပြီး ဆုတောင်းတယ်။ စေတီဟောင်းလေးရောက်တော့ ကျွန်တော် ယခင်အပတ်က လှူဒါန်းထားတဲ့ သစ္စာပန်းတွေနဲ့အတူယှဉ်ပြီး နှင်းဆီပန်းနီနီတွေ လှူဒါန်းထားတာ တွေ့ရတယ်။ ကျွန်တော်ချစ်တဲ့ အစ်မကို လက်ဆောင်ပေးခဲ့တဲ့ နှင်းဆီပန်းနီနီတွေဖြစ်နေတယ်။

သွားပြီ သွားပြီ ကျွန်တော် ရူးမတတ်ခံစားရပြီ။ ကျွန်တော်ချစ်တဲ့ အစ်မ ဘယ်ရောက်နေလဲ။ အစ်မ ဘယ်သူလဲ။ ကျွန်တော် အစ်မကြားအောင် အော်ဟစ်ငိုနေပြီ။ အစ်မ၊ အစ်မ ဖြေပါ။ ဒါပေမယ့် ကျွန်တော်ချစ်တဲ့ အစ်မတစ်ယောက် ခုထိမတွေ့တော့။ ဒီကျွန်းလေးပေါ် အစ်မတစ်ယောက် ဘယ်လိုပုံစံနဲ့ ရောက်ပြီး ကျွန်တော်လက်ဆောင်ပေးတဲ့ နှင်းဆီနီနီလှလှလေးတွေကို စေတီဟောင်းလေးမှာ ဘယ်လိုပုံစံနှင့် လာလှူဒါန်းသလဲ။ ဒီစေတီဟောင်းလေးနှင့် အစ်မ ဘယ်လိုပတ်သက်နေလဲ။ သာမန်လူသားတွေထက် လှပတဲ့အစ်မ လူလား၊ နတ်လား၊ ဘုန်းတန်ခိုးရှိတဲ့ အမျိုးသမီး တစ်ယောက်လား။

မှတ်မှတ်ရရ · · ·

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ နဝက ဗိုလ်ချုပ်မှူးကြီးစောမောင်လက်ထက် ပထမဆုံး ကန်တော်ကြီးလှေသဘင်ပွဲတော် ဒီနေရာလေးကို တစ်ခေါက်ပြန်ရောက်ခဲ့ပြန်တယ်။ အရင်ကနှင့်မတူတော့။ အရာရာအားလုံး ပြောင်းလဲသွားပြီ။ အတိတ်ဟောင်းက ပုံရိပ်တွေ မှေးမှိန်ပျောက်လို့မရ၊ ချောက်ချားစိတ်ထဲပြန်မြင်လာမိတယ်။ ကျွန်တော်နှင့် သူမတို့ထိုင်နေတဲ့ ကုက္ကိုပင်ကြီးလည်း မရှိတော့။ ရေတိုက်စားပြီး ပျောက်သွားပြီ။ ပန်းကန်လုံးပုံထွက်ပြုလုပ်ထားတဲ့ ပန်းကန်လုံးကြီးတွေလည်း မရှိတော့။ ပန်းကန်လုံးကျွန်း၊ ကရဝိတ်ကျွန်း၊ ဗိုလ်ချုပ်အောင်ဆန်းဥယျာဉ်ကျွန်း၊ ရေလယ်ကျွန်းက စေတီဟောင်းလေးထိ ပေါင်းကူးတံတားတွေ ပြုလုပ်ထားတယ်။

ရေလယ်ကျွန်းက စေတီဟောင်းလေးကို ခေမာဒီပကျွန်းတဲ့။ ပန်းကန်လုံးကျွန်းကိုတော့ တေဇာဒီပကျွန်းလို့ ပြောင်းထားတယ်။ ခေမာဒီပဆိုတာက ဘေးဥပဒ္ဒဝတို့ ကင်းရာကုန်ရာကျွန်း။ တေဇာဒီပကျွန်းက ဘုန်းတန်ခိုးအာနုဘော်ကြီးမားသော ကျွန်းလို့ ဆိုကြတယ်။ ခေမာဒီပနှင့် တေဇာဒီပကျွန်း နှစ်ကျွန်းကို မဂ္ဂင်ပေါင်းကူးတံတားလေး ထိုးထားတယ်။

ရေလယ်က ခေမာဒီပကျွန်းက ဓာတ်ပေါင်းစုစေတီ၊ ပေါ်တော်မူစေတီ၊ ဆေးပေါင်းခစေတီတဲ့။ ကျွန်းတစ်ကျွန်းလုံး သာသနာတော် စည်ပင်တိုးတက်နေတာ တွေ့ရတယ်။ ထွက်ရပ်ပေါက်ဆရာတော် ဓာတ်နန်း၊ ကန်တော်ကမ်းစပ်မှာ သိုက်နန်းရှင် အစ်မတော်တွေရဲ့ နန်းဆောင်တွေ တွေ့ရတယ်။

အလှူရှင်တွေက ဦးသိန်းအောင်၊ ဒေါ်နီးခင်သင်းလှ မိသားစု အမှတ်(၉၄)၊ ဗညားဒလလမ်း၊ ရန်ကုန် ဝါဆိုလပြည့်နေ့၊ ၁၉၉၇ ခုနှစ်မှာ ရေးထိုးထားပါသည်။

စန္ဒကိန္နရီမောင်နှံ တစ်ညတာလေးဝေးရတာ နှစ်ပေါင်း ခုနစ်ရာကျော်ဆိုလား။ ခုတော့ စန္ဒကိန္နရီမောင်နှံလို တစ်ညတာမဟုတ်ပါဘူး။ ရက်တွေ၊ လတွေ၊ နှစ်တွေ အများကြီးဝေးကွာခဲ့ပါပြီ။ သစ္စာသီချင်းလေးတစ်ပုဒ်ထဲက တရွေ့ရွေ့ ဝေးပါလို့ ရေပြာအဏ္ဏဝါ ကမ္ဘာမြေခြားရာဝယ်၊ ထွက်ပြေးရှောင်ဖယ်၊ ပြေးရှောင်ဖယ်၊ မောင့်အပေါ်ဝယ် မှုလွှမ်းနိုင်အားတယ်ကွယ်၊ နာရီတွေနှောင်း၊ ရက်တွေသာညှောင်းပါလို့ရယ်၊ လရာသီတွေပြောင်းကာ နှစ်ပေါင်းတွေကြာခဲ့ပေါ့၊ မဟာကပ်ကမ္ဘာ မြေလွှာပြင်ဝယ် မြူခြေငွေနှင်း၊ ကျကာဆင်းသည့်နယ်၊ သက်ဘယုံမှား၊ လွဲစွာမှောင်မည်း၊ အဝိဇ္ဇာဖုံးပိတ်ကွယ်၊ ခြေဦး · · · တွေ့နိုင်ခဲ့လှတယ်။

အစ်မက သစ္စာရှင်မလေးပါ။ ဘဝအကြောင်းတွေကြောင့် လောကရဲ့ပရိယာယ်၊ မာယာအသွယ်သွယ်၊ ဆန်းကြယ်စွာလှည့်စားနေတာ ဖြစ်ပါတယ်။ ဘယ်လိုပင် ကွယ်ပျောက်ပေမယ့် ဘယ်လိုပင်ဝေးပါစေ၊ ရေမြေခြားစေတော့ အစ်မကိုတော့ မမေ့ပါ။

ချစ်ပြုံးနှင်းဆီတစ်ပွင့်ကို မျှော်ကာတလင့်လင့် ကြိုတင်မှန်းရွယ် ဘယ်ရာသီရယ် မာလာရယ် ပွင့်မှာလဲကွယ်။

ဆုံးချောန်(ပန်းသွား)



www.burmeseclassic.com

www.burmeseclassic.com



# ကျေးဇူးမေ့လျော့သူတို့၏ ရလဒ်

မောင်ချိုမြင်း(ကန္တာရဝတီ)

ရှေးအခါကလူကြီးများ ဆိုရိုးစကားရှိဖူးသည်။

"သူ့အရိပ်ခိုလျှင် သူ့အခက်ကို မချိုးနှင့်"ဟု။

ဆိုလိုသည်မှာ မိမိအား တစ်စုံတစ်ရာ ကျေးဇူးပြုထားဖူးသူအား ကျေးဇူးမကန်းနှင့်ဟု ဆိုလိုရင်းဖြစ်သည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ မူလတန်းကျောင်းသားဘဝမှ ဖတ်စာပုံပြင်ကလေးတစ်ပုဒ်ကို ပြန်လည်တွေးတောမိသည်။

အခါတစ်ပါး ဟိမဝန္တာတောကြီးအလယ်တွင် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ရသေ့ကြီးတစ်ပါး သီတင်းသုံးနေစဉ် မြွေခွေးငယ်တစ်ကောင်သည် ရသေ့ကြီးထံ မကြာခဏလာရောက်လေ့ရှိ၏။ နေ့စဉ်ရက်ဆက် တွေ့ဆုံဖန်များလတ်သော် တန်ခိုးရှင်ရသေ့ကြီးသည် မြွေခွေးငယ်အား သနားကရုဏာသက်လာ၍

"အသင်မြွေခွေး သင်သည် စွမ်းအားရှင်ခြင်္သေ့ မဖြစ်လိုပြီလော"

မြွေခွေးက ခြင်္သေ့ဖြစ်ချင်လိုလှကြောင်း မဆိုင်းမတွ ဖြေကြားသည်။

"ကောင်းလှပြီ မြွေခွေး။ သင်သည် ယနေ့မှစ၍ နိမ့်ကျသောမြွေခွေးငယ်ဘဝမှ ခွန်အားကြီးမားသော ‌တော သရာဇာ ခြင်္သေ့အဖြစ်သို့ အသွင်ပြောင်းလေတော့"

ရှင်ရသေ့၏ တန်ခိုးအာနုဘော်စွမ်းအားဖြင့် တစ်ခဏချင်းမှာပင် မြွေခွေးငယ်သည် ခြင်္သေ့အဖြစ်သို့ ကူးပြောင်းပြီး တောတွင်းတစ်နေရာ၌ ခြင်္သေ့မတစ်ကောင်နှင့် သင့်မြတ်ပေါင်းဖက် နေထိုင်နေကြလေသတည်း။

ရသေ့ကြီး၏ အမအစဖြင့် ဘဝပြောင်းလဲလာသော မြွေခွေးတစ်ဖြစ်လဲ ခြင်္သေ့ဖြစ်လာသည်။ ခင်ပွန်းသည်၏



www.burmeseclassic.com

www.burmeseclassic.com

အလေ့စရိုက်သည် ခြသေ့်မင်းနှင့်မတူ၊ မြွေခွေးနှင့်သာတူသော အပြုအမူအနေအထိုင်ဟူသမျှကို ခြသေ့်မသည် တစ်နေ့တခြား သင်္ကာမကင်းဖြစ်လာ၏။ နောက်ဆုံးတစ်နေ့ လင်သား၏ဘဝမှန်ကို စုံစမ်း၍မရသည့်အဆုံး ရသေ့ကြီးထံ သူမကိုယ်တိုင် သွားရောက်လျှောက်ထားမေးမြန်းမည့်အကြောင်း ခင်ပွန်းသည်အား ပြောကြားရာ ခြသေ့်တစ်ဖြစ်လဲ မြွေခွေးက "ရှင်ရသေ့ထံသို့ ခြသေ့်မ သွားရောက်စုံစမ်းခဲ့ပါလျှင် မိမိ၏ဇာတိချပ် ပေါ်ပေတော့မည်။ သူတော်ကောင်းတို့မည်သည်မှာလည်း မုသားစကားကို ဆိုမည်မဟုတ်။ ထို့ကြောင့် ယနေ့ချက်ချင်းပင် ခြသေ့်မထက် အလျင်ဦးစွာ ပြေး၍ ရှင်ရသေ့ကို ကိစ္စတုံးစီရင်မှ သင့်တော်မည်"ဟူသော စိတ်ယုတ်ဖြင့် ရသေ့ကြီးထံသို့ ပြေးအသွား ရှင်ရသေ့က-

"ဟယ်... မြွေခွေးငယ်၊ သင်သည် အဘယ်အကြောင်းဖြင့် ငါ့ထံ အပြေးအလွှား လာခဲ့လေသနည်း"ဟု မေးလိုက်စဉ်မှာပင် ခြသေ့်သည် မြွေခွေးငယ်ဘဝသို့ ချက်ချင်းအသွင်ပြောင်းလဲသွားရပေတော့သည်။

တစ်ချိန်က ကျွန်တော် ဇာတ်အောင်လောကကို လေ့လာနေစဉ် ရှင်ရသေ့နှင့် မြွေခွေးငယ်တို့လို ဖြစ်ရပ်ပုံပြင်များကို အမျိုးစုံ မြင်ခဲ့၊ ကြားခဲ့ရသည်။

လွန်ခဲ့သော အနှစ် ၄၀ ကျော်ခန့်က အကကောင်း၊ ရုပ်ချော၊ အရွယ်ရှိ ဇာတ်မင်းသားငယ်ကလေး တစ်ဦးသည် ဗလာမင်းသားဘဝဖြင့် ရှိုးပြတ်နင်း ကပြနေရာမှ "ရုံမင်းသားဖြစ်ရလျှင် တော်ပါပြီ။ သူ့ကို ပံ့ပိုးပေးမည့် ပုဂ္ဂိုလ်တွေ့ပါက တစ်သက်ကျေးဇူးမမေ့စတမ်း"ဟူသော ခံဝန်ချက်ဖြင့် ဇာတ်ဆရာကြီးတစ်ဦးထံ အောက်ကျို့၍ ရောက်လာသည်။ ဇာတ်ထောင်ဆရာကြီးကလည်း မိမိကိုယ်တိုင် မဆိုတတ်၊ မကတတ်သော်ငြား ဇာတ်လုပ်ငန်းကိုမူ အောက်သက်ကျေနားလည်သည်။ ဖြစ်ထွန်းမည့် ကျောက်ရိုင်းကလေးတစ်တုံးကို အလွယ်တကူ အကဲခတ်၍နိုင်သည်။ ကျောက်သွေးသမားနှယ် ထိုမင်းသားကလေးကို လက်ခံပြီး အံ့နှင့်ကျင်းနှင့် ရိုက်တင်ပေးခဲ့သည်။ စာပေလောကမှ ဆရာကြီးများထံ ခယညွတ်တွား၍ သူ့မင်းသားကလေး ထွန်းကားလာစေဖို့ အကြံဉာဏ်မျိုးစုံ တောင်းယူချဉ်းကပ်သည်။ ထိုခေတ်က ဇာတ်လောကမှ တတ်နိုင်သမျှ နာမည်ကြီး လူရွှင်တော်၊ ပြဇာတ်မင်းသား၊ မင်းသမီး၊ လူကြမ်းနှင့် ရှာစားကျော်ဟူသမျှကို ငွေနှင့်ဖိသုံး၍ သူ့မင်းသားအတွက် အထောက်အကူပြုစေရန် ဖန်တီးခဲ့၏။ ဇာတ်ထောင်ဆရာ ဇနီးမောင်နှံနှစ်ဦးစလုံးက မင်းသားလေးကို ရင်မှဖြစ်သည့် သားကလေးနှင့်မခြား အရေးပေးထားလိုက်သည်မှာ ပြော၍ကုန်နိုင်ဖွယ်မရှိ။ သူ့မင်းသားကလေးကို အရိပ်တကြည့်ကြည့်ဖြင့် ရှုမဝနိုင်။ မင်းသားလေးကလည်း ဇာတ်ဆရာမျှော်လင့်ထားသလို နာမည်ကြီးဇာတ်များနှင့်ယှဉ်၍ ပွဲပြိုင်များအလယ်တွင် ပွင့်လင်းတောက်ကြွားလာခဲ့သည်။ တောက်ကြွားလာခဲ့ရသည်မှာလည်း အကြောင်းဇာရှိပေသည်။

သူ့ဇာတ်ဆရာကြီးက ခေတ်ပြိုင်ဇာတ်ပွဲပေါင်းစုံကို လေ့လာသည်။ ကောင်းသမျှ အစုကိုယူ၍ သူ့ဇာတ်တွင်ထည့်သုံးသည်။ တွေ့သမျှ အရပ်တကာ၊ နယ်တကာမှ ပုဂ္ဂိုလ်မျိုးစုံနှင့် သင့်တင့်စွာ ဆက်ဆံသည်။ စိတ်ချရမည်ထင်ရသော ပွဲကြီးပွဲကောင်းခွင်များကို ရွေး၍ ဇာတ်ကြီးများနှင့် ပခုံးချင်းယှဉ်ပြိုင်သည်။ ခပ်တည်တည်ဖြင့် (ဖျာဝေ)စနစ်ကို အခြေအနေကြည့်၍ ကျင့်သုံးသည်။ ညစဉ် ပွဲထွက်ပြီဆိုလျှင် ဇာတ်ဆရာမှန်းမသိစေရအောင် အနွေးထည်အစုတ်ကြီးဝတ်၊ ဦးထုပ်ပေါင်းကြီးဆောင်းပြီး ရုပ်ဖျက်၍ ပရိသတ်ထံမှ ဝေဖန်ချက်ကို ရယူပြုပြင်သည်။ ဟိုဘက်ရုံ၊ သည်ဘက်ရုံ နှစ်ရုံပြိုင်ကရမည့် ဘုရားပွဲပြိုင်များတွင် သူ့ဇာတ်ရုံမှ ထရံနှီးချက်များကို ညဦးပိုင်းကတည်းကပင် သူကိုယ်တိုင် မည်သူမှမသိအောင် တကူးတက ကြိုတင်ဖြတ်ထားသည်။ ပြီးနောက် ဇာတ်ရုံပြင်ပမှ လူငယ်တစ်ဦးကို ဦးဆောင်ခေါ်ယူကာ ပြင်ပမှ ဝါးထရံကို လူအားဖြင့် တိုးဝှေ့ကြည့်ကြခြင်းဖြင့် အချိန်တန်လျှင် သူ့မင်းသား ရုံလျှံသည်၊ ပရိသတ်ရုံကွဲထွက်သည် စသည့်သတင်းဖြင့် မြန်မာပြည်တစ်ရိုး သူ့မင်းသားကို နာမည်ဟိုးဟိုးကျော်စေရန် စွမ်းဆောင်နိုင်ခဲ့သည်။

ဇာတ်ဆရာကတော်ကြီးက သူ့မင်းသားအပေါ် သားကလေးနှင့်မခြား စေတနာထားလိုက်ပုံကို ကြည့်ပါ။ ဇာတ်ဆရာကြီးက ညလယ် ပြဇာတ်အသိမ်းတွင် ဆန်ပြုတ်နှင့် ကြက်ဥတစ်လုံးနှစ်လုံးသောက်ပြီးမှ အိပ်လေ့ရှိသည်။ သို့ရာတွင် တစ်ခါတစ်ရံ ကြက်ဥက အလွယ်



www.burmeseclassic.com

www.burmeseclassic.com

တကူမရှိ။

"ဟောတော့…ကြက်ဥကလေးက တစ်လုံးတည်းရှိတော့တယ်။ ကျုပ်က ကျန်နေသေးတယ်မှတ်ပြီး ဝယ်မထားလိုက်မိဘူး။ ရှင်က ပွဲကနေတဲ့လူမှမဟုတ်ဘဲ ကိုကြီးရှင်ရယ်။ ဘာစားစား ရပါတယ်။ ကျုပ် မင်းသားကလေးက နှစ်ပါးကရ၊ နောက်ပိုင်းလည်း လှမ်းရန့်ဆိုတော့ ဒါကလေးကို သင်းနှစ်ပါးသွားအသိမ်းမှာ အိုဗာတင်းနဲ့ သောက်ပါစေ"

စသည်ဖြင့် ယုယလိုက်ကြသည်မှာ အလွန်။

မကြာပါ။ တစ်ပြည်လုံး ထိုမင်းသားမှ ထိုမင်းသား ဖြစ်လာသည်။ ထိုအခါ ငမိုးရိပ်မိကျောင်းကို မွေးထားမိခဲ့သော သူဆင်းရဲ အတိုးအိုလင်မယားနယ် ဇာတ်ထောင်ဆရာလင်မယား ခံစားရပါလေတော့သည်။

တစ်ချိန်က…"ဇာတ်ဆရာတို့သဘောပါ။ ကျွန်တော်တို့သားငယ်ကို ဇာတ်ဆရာထံ အပြီးအပိုင် အပ်ထားပါတယ်"ဆိုသော ဇာတ်မင်းသား၏ မိရင်းဖရင်းတို့က ရုံဝခါးထောက်၍ -

"ဇာတ်ဆရာပေးသော ညကြေးထက် နှစ်ဆတိုးလိုချင်သည်။ မလိုက်လျောနိုင်လျှင် ယခုပင် ငွေထုတ်ပေးမည့် လူသစ်နှင့် ပျောင်းစပ်၍ မိမိတို့ကိုယ်တိုင် ဇာတ်ဆရာလုပ်မည်"

ဟူသော ရာဇသံဖြင့် ခြိမ်းခြောက်ဆွဲထုတ်ခဲ့သဖြင့် မူရင်းဇာတ်ဆရာကြီးမှာ ရင်ကွဲပက်လက် ဖြစ်ကျန်ရစ်ခဲ့ရသည်။

ကောက်ရိုးမီးပမာ ဟုန်းခနဲ စန်းတက်လာခဲ့သော မင်းသားကလေးမှာလည်း ကိုယ်ပိုင်ထောင်သည့်နှစ်မှစ၍ စန်းအကျကြီး ကျသွားရရှာကာ ကွယ်လွန်သွားချိန်အထိ နာလန်မထူနိုင်ရှာတော့ချေ။

ရုပ်ရှင်လောကတွင်လည်း ဤလိုဖြစ်ရပ်တွေက အများကြီးရှိသည်။

တစ်ချိန်က ရုပ်ချော၊ အမူအရာကောင်း၊ သွက်လက်ဖျတ်လတ်သည့် အမျိုးသမီးဇာတ်ဆောင်တစ်ဦး ရှိသည်။ သူ၏ဂုဏ်သတင်းတို့သည် ရုပ်ရှင်လောကသားတို့၏ နယ်ပယ်မှ ပရိသတ်နားဝသို့ မကောင်းသတင်းများ မကြားချင်အဆုံး ပျံ့နှံ့လာသည်။ ထိုသရုပ်ဆောင်မင်းသမီးကား မိမိ၏ကျော်ကြားမှုအပေါ် ယစ်မူးပြီး ဒေါသဖြစ်လွယ်၏။ အခွင့်ထူးကို အထူးခံလို၏။ မိမိနှင့် ကျေးဇူးမကင်းရာ ဒါရိုက်တာ၊ ထုတ်လုပ်သူတို့ကို စိတ်ညစ်ညူးစေ၏။ သို့သော် မကြာပါ။ ထိုသရုပ်ဆောင်မင်းသမီး ပိတ်ကားပေါ်မှ ပျောက်ကွယ်လေတော့သည်။ ဇရာဖိစီးလာ၍ အလုပျက်လာ၍ ပရိသတ်မြင်ကွင်းမှ ပျောက်ကွယ်ရခြင်းမဟုတ်ဘဲ သူ၏ ဉာဉ်၊ ဓလေ့၊ ကျေးဇူးကန်းတတ်မှုများကြောင့် သူ့အသိုင်းအဝိုင်းမှ ကြဉ်ထားခြင်းဖြစ်ရာ ယခုဆိုလျှင် သူလည်း ကွယ်လွန်ရှာပါပြီ။

နောက် ကျွန်တော်၏မိတ်ဆွေတစ်ဦး။

သူက ကျွန်တော်တို့လို စာလည်းရေးသည်။ သို့သော် သူကလောင်ကမထင်ရှင်မထင်သလို ခပ်ရမ်းရမ်းသမားပင်။ သူသည် တစ်ရံရောအခါက ဇာတ်ကြီးတစ်ဇာတ်၏ အရိပ်အာဝါသကို ခိုလှုံခဲ့ဖူး၏။ ယင်းဇာတ်အဖွဲ့ကြီး တည်မြဲနေခြင်းကြောင့်ပင်လျှင် သူ့အတွက် စားဝတ်နေရေးကိစ္စများ ပြေလည်တန်သရွေ့ ပြေလည်ခဲ့ဖူးသည်။ ထိုဇာတ်အဖွဲ့၏ လုပ်ငန်းကိုင်ငန်းမှာ သူ့လက်သူ့ခြေပင်။

သို့သော် ထိုဇာတ်နှင့်သူ အစေးမကပ်ကြသောအခါ မိမိအား ခိုလှုံခွင့်ပေးခဲ့သည့် အသိုက်အမြုံကို တစ်စက်ကလေးမျှ ရစရာမရှိအောင် ချစ်နေတဲ့ ပရိသတ်က ထိုဇာတ်ကို မုန်းတီးအထင်သေးအောင် သူ့ကလောင်ဖြင့် ထိုးခဲ့နှက်ခဲ့သည်။ ကျွန်တော်သိသိချင်း နှစ်ဖက်စလုံး ခင်မင်သူများချည်းဖြစ်နေ၍ သူ့ကို ဤသို့မရေးရန် သတိပေးဖျောင်းဖျတော့ သူ့အများကို သူဝန်ခံသည်။ သို့သော် သူရေးခဲ့သည့် တစ်ဖက်လူအပေါ် အပုပ်ချသည့်စာက စာအုပ်ဆိုင်ပေါ် ရောက်နေပြီ။ သူ့လက်ချက်ကြောင့် ချစ်နေသောယင်းဇာတ်အဖွဲ့ကို ပွဲကြည့်သူ အတော်များများက ချဉ်ကုန်သည်။ မကြာမီက သူ့ကိုတွေ့လိုက်ရသေးသည်။ သူသည် ရန်ကုန်နှင့် ခပ်ဝေးဝေးတစ်နေရာတွင်ရောက်နေပြီး မသန်မစွမ်းဘဝဖြင့် ညှိုးငယ်နေရှာသည်။

လူဆိုသည်မှာ သူ့ကျေးဇူးကို သိတတ်ရမည်။ အခွင့်သာလျှင် ကိုယ်ထိလက်ရောက် ပေးဆပ်နိုင်ရမည်။ ဤသို့မှမဆောင်ရွက်နိုင်လျှင် ပခုံးနှစ်ဖက်ကြားခေါင်းပေါက်နေသော်ငြား လူမဟုတ်။

ဧအောင်ချိုမြင့်(ကန္တာရဒတ်)

09 420090724



www.burmeseclassic.com

www.burmeseclassic.com

# စပ္ပါယ်ဖူး ဆေးတိုက်မှ အစွမ်းထက်လိမ်းဆေးများ




၀၄၀၈ (Y) ၀၇၄၆၅

## အရိုးကြီးပေါင်းလိမ်းဆေး

ဤဆေးကို သက်ရင်းကြီး၊ ပညာလက်ာအပါအဝင် ထူးခြားအစွမ်းထက်သော တိုင်းရင်းဆေးစစ်ဆေးမှုန်များဖြင့် စီမံဖော်စပ်ထားသော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

လည်ပင်းကျီးပေါင်း၊ ခါးဆစ်ကျီးပေါင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ခါးကိုက်ခါးနာ၊ လေးဘက်နာဖြစ်ခြင်းကြောင့် အဆစ်အမြစ် ရောင်ရမ်းကိုက်ခဲခြင်း၊ ဇက်လေးခြင်း၊ ဇက်ကြောတက်ခြင်း၊ ကြောပြင်တစ်ဝိုက် နာကျင်ကိုက်ခဲခြင်း၊ ခတ်ကြောနာကျင်ခြင်း၊ ဇက်ကြောထိုးခြင်း၊ ခေါင်းတစ်ခြမ်း ခေါင်းကိုက်ဝေဒနာများ၊ ခြေလက်ထုံကျင်ခြင်း၊ လက်မောင်းကြောရိုး၊ တင်ပဆုံနှင့် ပေါင်ကိုက်ခြင်း၊ ရင်သားနှင့် ရင်ဘတ်အောင့်ခြင်းနှင့် **'လေဖြတ်ဝေဒနာ'**များအတွက် ထိရောက်သွင်မြန်စွာ ပျောက်စေသည့်အပြင် တရားမထိုင်မီနှင့် အားကစားမလုပ်မီ ကြိုတင်လိမ်းထားခြင်းဖြင့် အကြောများလျော့၍ ပျော့ပျောင်းစေပါသည်။ ဤဆေးကို တိုင်းရင်းပညာ **'အအေးနည်း'** ဖြင့် ဖော်စပ်ထားပါသည်။

## ချွဲသလိပ်ကြေ ရင်လူးဆေး

၀၄၀၈ (Y) ၀၇၄၆၄




ဤချွဲသလိပ်ကြေ ရင်လူးဆေးသည် လူကြီး၊ ကလေး အသက်အရွယ်မရွေး အသုံးပြုနိုင်သည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

ချွဲထ၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ သလိပ်ပုပ်ထ၊ ကြက်ညှာချောင်းဆိုး၊ ချွဲပူထ၊ လည်ချောင်းယား၊ ချွဲသံကြား၊ အစာမကြေ ပျို့အန်၊ ရင်ပြည့်၊ ရင်ကယ်၊ အဆုတ်ပွ၊ အဆုတ်အအေးမိခြင်း၊ ဝမ်းဖောဝမ်းရောင်၊ ဗိုက်အောင့်၊ ဗိုက်ပူနံကား၊ လေပြင်နာ၊ လေဆန်နာ၊ လေထိုးလေအောင့်၊ လေပွလေထ၊ လေနှင့်ဝမ်း မကွဲသော ရောဂါများအတွက် အထူးလိမ်းဆေး ဖြစ်ပါသည်။ ထိုဆေးကို လည်ပင်းမှ ဆီးစပ်အထိ တစ်နေ့ နှစ်ကြိမ် လိမ်းပေးပါက ရောဂါကို ယူပစ်သလို ပျောက်ကင်းနိုင်ပါသည်။

ပင်ရင်းဌာန -- "စပ္ပါယ်ဖူးဆေးတိုက်" ၊ အမှတ်(၆၄)၊ သရဖီလမ်း၊ (၃/က)ရပ်ကွက်၊ မင်္ဂလာဒုံ၊ ဖုန်းနံပါတ်များမှာ - ၀၉-၅၁၃၇၅၅၇၊ ၀၉-၅၁၉၇၇၇၇ တို့ ဖြစ်ပါသည်။ ဤဆေးကို ရွှေဘုံသာလမ်းရှိ တိုင်းရင်းဆေးဆိုင်များမှာ ရရှိနိုင်ပါသည်။ အရိုးကျီးပေါင်းနှင့် လေဖြတ်ဝေဒနာရှင်များ ရောဂါအမြစ်ဖြတ်လိုလျှင် "တကယ်ထူးတဲ့ စပ္ပါယ်ဖူးဆေးတိုက်" သို့ လာရောက် ဆွေးနွေးကုသနိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - "နံနက်(၉ - ၁၁)နာရီ၊ ညနေ(၄ - ၈)နာရီအထိ ရှိပြီး အခမဲ့ ဆွေးနွေးနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား

■ မင်းသိခ်

( ယခင်လမှအဆက် )

## မြစပယ်

တစ်ညသ၌ ဆိတ်ဖွားနှင့် အိုလံတို့သည် ဇရပ်ပေါ်၌ထိုင်ကာ စကားပြောဆိုနေကြစဉ်၌ လူသုံးလေးယောက်တို့သည် အထုပ်ကြီးတစ်ထုပ်ကိုထမ်းလျက် သချိုင်းစပ်သို့ ပုန်းလျှိုးဝှက်လျှိုးနှင့် ဝင်လာသည်ကို တွေ့ကြလေ၏။ လမိုက်ရက် ဖြစ်သော်လည်း ကြယ်ရောင်ဖြင့် ထိုသူတို့ကို ကောင်းစွာ မြင်ရလေ၏။

"ဆရာဆိတ်ဖွား ...ဟိုမှာ ကြည့်စမ်းဗျို့၊ ဟိုလူတွေ တာထုပ်ကြီးထဲ မသိဘူး၊ သယ်ပြီး ကျုပ်တို့သချိုင်းထဲ ဝင်လာပြီဗျို့"

ဟု အိုလံက အလန့်တကြား အော်ဟစ်လိုက်လေ၏။ ဆိတ်ဖွားသည်၊ ထိုအခြင်းအရာကို မျှော်၍ ကြည့်လိုက်ပြီးနောက် –

"လာကွာ ... သွားကြည့်ရအောင်"

ဟု ဆိုကာ နေရာမှထ၍ ထိုသူများထံသို့ လျှောက်သွားလေ၏။ အိုလံသည်၊ ဆိတ်ဖွား၏နောက်မှ လိုက်ပါလာပြန်လေသည်။

အထုပ်ကြီးကို သယ်လာသူများသည် ထိုအထုပ်ကြီးကို ပစ်ကာ သချိုင်းတွင်းမှ ပြေးထွက်သွားကြလေ၏။ ထိုသူတို့သည် သချိုင်းအပြင်သို့ ရောက်ရှိသောအခါ၌ အသင့်စောင့်နေသော မော်တော်ကားပေါ်သို့ တက်လိုက်လျှင် ကားသည် အရှိန်ပြင်းစွာ မောင်းထွက်သွားလေတော့၏။

ဆိတ်ဖွားနှင့် အိုလံတို့သည် သချိုင်းဝသို့ ပြေးသွားလျက် မော်တော်ကားကို ကြည့်ရှုလေ၏။ သို့ရာတွင် မည်သည့်အမျိုးအစား မော်တော်ကားဖြစ်သည်၊ ကားနံပါတ်က မည်ရွေ့မည်မျှ ဖြစ်သည်ကို သဲကွဲစွာမမြင်ရတော့ပေ။

ထို့ကြောင့် ဆိတ်ဖွားနှင့် အိုလံတို့သည် ထိုသူတို့ ပစ်ထားခဲ့သော အထုပ်ကြီးရှိရာသို့ သွားရောက်၍ မီးခြစ်ခြစ်ကာ ကြည့်ရှုကြလေတော့၏။

"ဟ ... လူသေကောင်ကြီးကို ဂုန်နီအိတ်နဲ့ ထုပ်ပြီး လာပစ်တာပါလား အိုလံ။ သဲသဲကွဲကွဲ ကြည့်ရအောင် မီးခွက်သွားယူစမ်းကွာ"

ဟု ဆိတ်ဖွားက အိုလံအား မီးခွက်ယူ၍ ခိုင်းလေ၏။

အိုလံလည်း ဇရပ်ဆီသို့ ပြေးသွား၍ မီးခွက်ကို ယူခဲ့ပြီးလျှင် မီးခွက်ထွန်းလေ၏။ ဆိတ်ဖွားသည် လူသေအလောင်းကို ထုပ်၍ထားသော ဂုန်နီအိတ်အား ဆွဲဖြုတ်လိုက်လျှင် ရင်ဘတ်၌ အပေါက်ကြီးပေါက်လျက် သွေးအမြောက်အမြား ထွက်ခဲ့ပုံရသော ယောက်ျားတစ်ယောက်၏ အလောင်းကို တွေ့ရလေ၏။

သေဆုံးသူမှာ အသက် အစိတ်ခန့်ပင် ရှိဦးမည် ဖြစ်၏။ အသားအရောင်မှာ မဖြူမညို ဖြစ်၏။ လက်ချောင်းကလေးများမှာ ခပ်သွယ်သွယ်ရှိပေသည်။ ဆိတ်ဖွားသည် သေသူ၏ ရင်ဝမှဒဏ်ရာကို သေချာစွာကြည့်ပြီးလျှင် –

"သေနတ်ဒဏ်ရာပဲ အိုလံ"

ဟု ပြောဆိုလျက် သေသူ၏ လက်ဝါးနှင့် လက်ချောင်းများကို ကိုင်တွယ်ကြည့်ပြန်၏။

"သေတဲ့လူဟာ တယောသမားတစ်ယောက်ပဲ အိုလံ။ တယောကို အမြဲမပြတ် ထိုးနေတဲ့အတွက် သူ့ရဲ့လက်ချောင်းထိပ်ကလေးတွေမှာ အသားမာတက်နေတယ်"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် အိုလံက ...

"မယ်ဒလင်တီးရင်လည်း ဖြစ်နိုင်တာပဲ ဆရာဆိတ်ဖွားရဲ့"

ဟု စောဒက တက်လေ၏။

"မယ်ဒလင်းသမားဆိုရင် ညာဘက်က လက်ညှိုးနဲ့ လက်မမှာလည်း အသားမာတက်ရမယ်ကွ။ ကြိုးကို ခပ်ရတာကို၊ တယောသမားကတော့ ညာဘက်မှာ အသားမာတက်ဖို့ မရှိ

www.burmeseclassic.com

ဘူးကွ။ ဘိုးတံနဲ့ထိုးရတာ မဟုတ်လားကွ''

ဟု ဆိတ်ဖွားက ပြောလိုက်မှ အိုလံသည် ငြိမ်၍ သွားလေတော့၏။

ဆိတ်ဖွားသည် ဆေးပြင်လိပ်ကို မီးတို့လိုက်ပြီးလျှင် သေသူ၏ အင်္ကျီကို ကြယ်သီးဖြုတ်၍ အတွင်းဘက်ကို ကြည့်လေ၏။ တစ်ဖန် သေသူ၏ အင်္ကျီလက်များကိုပင့်၍ ကြည့်ပြန်ရာ ထူးဆန်းသော အခြင်းအရာကို တွေ့ရလေတော့၏။

သေသူ၏ ဘယ်ဘက်လက်ဖျံတွင် "မြစပယ်"ဟု ဆေးထိုးထားသည်ကို တွေ့ရလေ၏။

"သဲလွန်စတော့ နည်းနည်း ရပြီ အိုလံ''

ဟု ဆိုကာ ဆိတ်ဖွားသည် သေသူ၏ အင်္ကျီလက်အား ပင့်တင်လိုက်ရာ လက်မောင်း၌ ချည်နှောင်ထားသော ငွေလက်ဖွဲ့ကလေးတစ်လုံးကို တွေ့ရပြန်၏။ ဆိတ်ဖွားသည် လက်ဖွဲ့ကလေးအား ကြိုးနှင့်တကွ ဖြုတ်ယူခဲ့ပြီးနောက် လက်ဖွဲ့ချည်သော ကြိုးကို သေသေချာချာ ကြည့်ပြန်၏။

ထို့နောက် သေသူ၏ လုံချည်ကို ကြည့်ရှုပြီးနောက် ...

"ဟောဒီ လက်ဖွဲ့မှာ ချည်ထားတဲ့ကြိုးဟာ လုံချည်က ချည်စကို ထုတ်ယူပြီး လုပ်ထားတဲ့ ကြိုးကွ''

ဟု ပြောကာ ကြိုးမှ ငွေလက်ဖွဲ့ကလေးကို ထုတ်ယူကာ လိပ်ထားသော လက်ဖွဲ့အား ဖြန့်လိုက်လေ၏။

လက်ဖွဲ့ကလေးအတွင်း၌ကား အောက်ပါအတိုင်း ရေးခြစ်ထားသည်ကို တွေ့ရလေ၏။

သက ၈
( )မ ( ) တင က ရ ( )
ဘ ရ နက
ရ သ ကက ဘ လ အ
လက ၀
ဘက မက ၈ နက တ လ

"စိတ်ဝင်စားစရာပဲ အိုလံရေ၊ သုံးပုံဖဲ ရိုက်ရမယ့် ကိစ္စမျိုးပဲ''

ဟု တစ်ကိုယ်တည်း ရေရွတ်သကဲ့သို့ ဆိတ်ဖွားက ပြောလိုက်လျှင် အိုလံအ ...

"ဘယ်လိုလဲ ဆရာဆိတ်ဖွားရဲ့။ သုံးပုံဖဲ ရိုက်ရမယ့်ကိစ္စဆိုတာက''

ဟု ပြန်၍ မေးလိုက်လေ၏။

"သုံးပုံဖဲရိုက်ရမယ့် ကိစ္စဆိုတာ ဉာဏ်ထုတ်ရမယ့်ကိစ္စပေါ့ကွ။ ဟာဟ။ ပြီးတော့ ငါတို့ ရှေးမြန်မာကြီးတွေ ကစားတဲ့ သုံးပုံဖဲကို ကစားတတ်ရင် ကျန်တဲ့နေရာမှာလဲ သိပ်ပြီးမည့်ပါဘူးကွ ..။ တယောသမားလေးဆိုတဲ့ အချက်ရယ်၊ မြစပယ်ဆိုတဲ့ အချက်ရယ်၊ ဟောဒီ လက်ဖွဲ့ကလေးမှာပါတဲ့ စာရယ်ကို အခြေခံပြီး စဉ်းစားရမှာပဲ''

"လက်ဖွဲ့ဆိုတာ အဆောင်တစ်ခုပေါ့ ဆရာရယ်။ လူသတ်မှုနဲ့ ဆိုင်မယ် မထင်ပါဘူး''

ဟု အိုလံက ပြောပြန်လေ၏။

"ဟာ ... ဟ၊ မဟုတ်ဘူးကွ။ ဟောဒီလူသတ်မှုဟာ လက်ဖွဲ့ကြောင့် ဖြစ်တယ်လို့တောင် ပြောရမလိုဘဲ။ ပြီးတော့ မင်းထင်သလို ငွေလက်ဖွဲ့ မဟုတ်ဘူးကွ။ သွားတိုက်ဆေးဘူးက ခဲပြားကို သံချွန်ခြစ်ပြီး ရေးထားတာ။ ဝှက်စာတစ်မျိုးနဲ့တူတယ်''

"ဟုတ်လား ဆရာကိုဆိတ်ဖွား''

"ဟုတ်တယ်ကွ၊ ဒီအချက်ဟာ ဘာကို ဖော်ပြသလဲဆိုတော့ အသတ်ခံရတဲ့လူဟာ မသေမီမှာ ရေချိုးခန်းထဲမှာ၊ ဒါမှမဟုတ်ရင် ရေချိုးခန်းနဲ့ ဆက်နေတဲ့ အခန်းထဲမှာ ရက်အတော်ကြာ လှောင်ပိတ်ခံခဲ့ရတယ် ဆိုတာရယ်၊ တစ်စုံတစ်ခုသောစာကို ကူးယူရမယ်ဆိုတာလည်း အဲဒီလို အချုပ်ခံရတုန်းမှာ ကြိုတင်ပြီး သိနေတဲ့သဘောပဲ။ ဒါကြောင့် သွားတိုက်ဆေးဘူးကို ဖျက်ပြီး ခဲစကို တစ်ဖက်ဆေးတွေရော၊ တံဆိပ်တွေရောမပါအောင် သံမံတလင်းနဲ့ ပွတ်တိုက်ပြီး ရေးမယ့် သံချွန်နဲ့ အသင့်ဆောင်ထားပြီးမှ အစောင့်တွေအလစ်မှာ ဒီစာကို ကူးယူခဲ့တာပဲ၊ ဒီအချက်တစ်ချက်ဟာ ငါတို့အတွက် တော်တော်ကို ဖွလုံသွားတဲ့ အချက်ဖြစ်တယ်။ ဟာ ... ဟ၊ ဖွလုံတယ်ဆိုတာ သိလား။ သုံးပုံဖဲ စကားကွ။ သုံးပုံဖဲမှာ ဖဲလေးပုံရရင် 'တဖွလုံ'လို့ ခေါ်တယ် ကိုယ့်လူ။ ဖွလုံတဲ့လူက ဒေါင်းကြေးမပေးရတော့ဘူးပေါ့ကွ''

ဟု ဆိတ်ဖွားက ပြောလေသည်။

ထို့နောက် ဆိတ်ဖွားသည် လက်ဖွဲ့အတွင်းမှပါသော ဗျည်းအက္ခရာစာများကို စာရွက်တစ်ရွက်၌ ကူးယူပြီးလျှင် လက်ဖွဲ့အား သေသူ၏လက်မောင်း၌ မူလအတိုင်း ပြန်၍ ချည်နှောင်ပေးလိုက်လေ၏။

"ကဲ ... အိုလံ၊ ဟောဒီကိစ္စဟာ လူသတ်မှုပဲကွ။ ပုလိပ်ကိုသွားပြီး အကြောင်းကြားပေတော့။ ပြီးတော့ ဆားပုလင်းနှင်းမောင်ဆိုတာ ရှိတယ်။ သူ့ကိုပါ အကြောင်းကြားခဲ့ သူလိုက်မှ အမှုကပေါ်မှာ''

ဟုလည်း ဆိတ်ဖွားက မှာလိုက်လေသည်။

ထို့ကြောင့် အိုလံသည် လူသေအလောင်း တစ်လောင်း တွေ့ထား

www.burmeseclassic.com

ကြောင်းကို ဂိတ်သို့ သွားရောက် တိုင်တန်းလေ၏။ ဂိတ်မှ ပုလိပ်များ၊ ရာဇဝတ်အုပ်များနှင့် အင်စိန်စီအိုင်ဒီမှ စုံထောက်များ ရောက်ရှိလာပြီးလျှင် အောက်လင်း ဓာတ်မီးကြီးများ ထွန်းညှိကာ အလောင်းကို လေ့လာကြည့်ရှုလေ၏။

ဆိတ်ဖွားနှင့် အိုလံလည်း ပုလိပ်နှင့်စုံထောက်များ လုပ်ကိုင်နေပုံကို မလှမ်းမကမ်းမှ ရပ်၍ ကြည့်ရှုနေလေ၏။ စုံထောက်များသည် လူသေအလောင်းကို ကြည့်ရှု၍ ထင်မြင်ချက်အမျိုးမျိုးကို ပေးကြလေ၏။

"အသက်ခံရတဲ့လူဟာ သူခိုးတစ်ယောက် ဖြစ်ရမယ်။ အိမ်ရှင်က သေနတ်နဲ့ပစ်ပြီးကာမှ အမှုဖြစ်မှာစိုးလို့ လာပြီး ပစ်ထားတာပါ"

ဟု စုံထောက်က ပြောလေ၏။

"မဟုတ်ဘူး။ သူ့ရဲ့လက်မောင်းမှာ 'မြစပယ်'လို့ ဆေးထိုးတာဟာ အချစ်ကိစ္စကြောင့် အသတ်ခံရတယ်လို့ ဖော်ပြနေတယ်"

ဟု အခြားသော စုံထောက်က ပြောပြန်၏။

"မဟုတ်ဘူး၊ လက်မောင်းမှာက လက်ဖွဲ့ကလေး တစ်လုံးရှိတယ်။ လက်ဖွဲ့ကလည်း ကမန်းကတန်းချည်ထားတဲ့ သဘောဆိုတော့ သေနတ်ပြီးမပြီး စမ်းကြည့်တာ ဖြစ်လိမ့်မယ်"

ဟု ရာဇဝတ်အုပ်က ဆိုပြန်၏။

ဆိတ်ဖွားက ဆေးပြင်းလိပ်ကို သောက်ရင်း ထိုသူတို့ကိုကြည့်၍ ပြုံးလိုက်ပြီးလျှင် အိုလံအား ...

"အိုလံရေ ... စုံထောက်တွေဟာတော့ ဈေးအပေါဆုံး ပစ္စည်းကို ဖောဖောသီသီ ပေးနေကြပြီ"

ဟု ပြောလိုက်ရာ အိုလံက နားမလည်သဖြင့် ...

"ဈေးအပေါဆုံးဆိုတာ ဘာလဲ ဆရာဆိတ်ဖွား"

ဟု ပြန်၍ မေးလိုက်လေ၏။

"ဈေးအပေါဆုံး ပစ္စည်းဆိုတာ ထင်မြင်ချက်လေကွာ။ ထင်မြင်ချက်ဆိုတာ ဈေးအပေါဆုံးဖြစ်တဲ့အတွက် လူတွေဟာ ထင်မြင်ချက်ကို ခပ်ပေါပေါ ပေးလေ့ရှိတယ်ကွ၊ ဟာ .. ဟ"

"ဟုတ်တယ် ဆရာဆိတ်ဖွားရေ၊ အခုလာတဲ့ ရာဇဝတ်အုပ်တွေနဲ့ စုံထောက်တွေဟာ အမှုကိုပေါ်အောင် ဖော်နိုင်မှာ မဟုတ်ပါဘူး ဆရာရယ်"

ဟု အိုလံက ညည်းညူလျက် ပြောလိုက်၏။

"ဒါကြောင့် ဆားပုလင်းနှင်းမောင်ဆိုတဲ့ လူကို ခေါ်ခဲ့ပါလို့ ပြောတာပေါ့ကွ"

"ဆားပုလင်းနှင်းမောင် မရှိဘူး ဆရာရဲ့၊ ပုလိပ်မင်းကြီးနဲ့ စကားများလို့ ရွှေဘိုဂိတ်ကို ပြောင်းလိုက်တယ်ဆိုပဲ"

"သေတဲ့လူဘက်က စဉ်းစားရင် အတော်ပဲ နစ်နာတယ်ကွာ။ အမှုမှန် မပေါ်ရင် မတရားမှုတွေကို ကျူးလွန်တဲ့လူတွေဟာ ပိုပြီး ဇက်ရဲလက်ရဲဖြစ်လာလိမ့်မယ်။ မတရားမှုတွေ ပေါ်ပေါက်လာရင် လောကကြီး ပျက်လိမ့်မယ်။ လောကကြီးဘက်ကတော့ ငါတို့ရပ်တည်ရမှာပဲ အိုလံ။ ဒီတော့ စုံထောက်ဌာနကိုသွားပြီး စုံထောက်မင်းကြီးကို သွားပြောမယ်။ ဆားပုလင်းနှင်းမောင်ကို ပြန်ပြီးခေါ်ပါလို့၊ ဆားပုလင်းနှင်းမောင်ဟာ မတရားမှုကို စောင့်ရှောက်နိုင်တဲ့ လူဖြစ်တယ်"

"ဖြစ်ပါ့မလား ဆရာဆိတ်ဖွား"

"ဖြစ်ပါ့မလားဆိုတာ မဖြစ်နိုင်ဘူးလို့ ထင်မြင်ချက်ပေးတာပဲ မဟုတ်လား အိုလံ။ ထင်မြင်ချက်ကို ဈေးပေါပေါနဲ့ မပေးစမ်းပါနဲ့ကွာ။ သွားပြီး ကြိုးစားကြည့်မယ်"

ဆိတ်ဖွားနှင့် အိုလံတို့သည် နောက်တစ်နေ့ နံနက်၌ အင်းစိန်စီအိုင်ဒီသို့ စုံထောက်မင်းကြီးနှင့် တွေ့ဆုံရန် သွားရောက်ခဲ့လေတော့သည်။

စီအိုင်ဒီဌာနသို့ ရောက်လျှင် ဆိတ်ဖွားရော အိုလံပါ ဝင်၍ သွားကြလေ၏။ ဂိတ်တွင်စောင့်နေသော စန္တရီပုလိပ်က ...

"ဟိတ် ... ဟိတ် ... ဘယ်ကို သွားမလို့လဲ"

ဟု လုံ့စွပ် တကားကားဖြင့် မေးလေ၏။

"စုံထောက်မင်းကြီးဆီကို သွားမလို့"

ဟု ဆိတ်ဖွားက ပြန်၍ ဖြေလေ၏။

"ဘာကိစ္စလဲ၊ မင်းကြီးဆီကို တော်ရုံလူ သွားလို့ရတယ်များ မှတ်နေသလား"

ဟု စန္တရီက ပြန်ပြောလေ၏။

"ကျုပ်တို့က တော်ရုံလူ မဟုတ်ပါဘူး"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် ပုလိပ်ကလည်း ဆိတ်ဖွားနှင့် အိုလံတို့ကို ခြေဆုံးခေါင်းဆုံး ကြည့်လေ၏။ ကျေနပ်အောင် ကြည့်ရှုပြီးလျှင် –

"ခင်ဗျားတို့က ဘာတွေလဲ"

"သူက သူတောင်းစား။ ကျုပ်က သုဘရာဇာပါ"

"အို ... သွားကြ ... သွားကြ ... မင်းကြီးနဲ့တွေ့လို့ ဘယ်ဖြစ်မလဲ။ ခက်တော့တာပဲ။ သွားကြ ... သွားကြ၊ မသွားရင် သေနတ်နဲ့ ပစ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်မယ်'

"ဟာဟ . . . ကိုယ့်လူကလည်း ကျည်မပါတဲ့ သေနတ်ကြီးနဲ့ ကျုပ်တို့ကို ပစ်မလို့လား၊ လုပ်မနေစမ်းပါနဲ့"

ဟု ဆိုကာ ဆိတ်ဖွားက ဆက်၍ လျှောက်သွားလေ၏။ အိုလံက နောက်မှ လိုက်လေ၏။ ပုလိပ်ကရှေ့မှ လုံ့စွပ်ဖြင့် ရွယ်၍ထားလေ၏။

ဆိတ်ဖွားသည် လုံ့စွပ်ကို ဖယ်၍ ရှေ့သို့ သွားမြဲသွားလေ၏။ ပုလိပ်ကလည်း ရှေ့မှ လုံ့စွပ်ဖြင့် ရွယ်၍ ရွယ်၍ တားလေ၏။

ထိုအချိန်၌ ပုလိပ်အရာရှိကြီးများ ပြေး၍ ထွက်လာကြလေ၏။

"ဟ . . ဟော့ . . ဟော့ မောင်ညို ဘယ်လိုဖြစ်တာလဲ။ မင်းကို တစ်နာရီလေး ဂိတ်မှာစောင့်နိုင်းပါတယ်ကွာ ပြဿနာပေါ်တော့တာပဲ"

ဟု လွန်စွာ ဝဖီးသော ပုလိပ်အင်စပိတ်တော်ကြီး တစ်ဦးက ပြောလိုက်လေ၏။

"မဟုတ်ပါဘူး ဆရာ။ ဟောဒီက သုဘရာဇာနဲ့ သူတောင်းစားက မင်းကြီး ရုံးခန်းကို သွားမယ်လုပ်နေတယ်"

ဟု ပုလိပ်ကလေးမောင်ညိုက ပြောလိုက်ရာ ပုလိပ်အရာရှိလူဝကြီးသည် ဆိတ်ဖွားကို ကြည့်၍ . . .

"အလို . . ကိုဆိတ်ဖွားပါလား။ ကျုပ် . . . ကိုကိုကြီးလေ၊ ဆားပုလင်းနှင်းမောင်ရဲ့ မိတ်ဆွေကြီးပါ။ ဟောဒီမှာ အိုင်ပီဦးအောင်သင်း၊ ဘာကိစ္စ မင်းကြီးဆီကို လာသလဲ"

ဟု ပြောလေ၏။

"ကျုပ်နေတဲ့ တာမွေသင်္ချိုင်းကုန်းမှာ လူတစ်ယောက်ကိုသတ်ပြီး ကားပေါ်ကပစ်ချပြေးတဲ့ အမှုတစ်ခု ဖြစ်သွားတယ်၊ အဲဒါ အမှုအတွက်လာကြတဲ့ စုံထောက်နဲ့ ပုလိပ်တွေကို ကြည့်ရတာ အားမရတာနဲ့ မင်းကြီးဆီကို လာခဲ့တာ။ ဆားပုလင်းနှင်းမောင်ကို အမြန်ဆုံး ပြန်ခေါ်ဖို့ ပြောမလို့ပါပဲ"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ ဦးကိုကိုကြီးဆိုသော ပုလိပ်အင်စပိတ်တော်ကြီးက . . .

"အလိုလေး . . အလိုလေး . . မဖြစ်နိုင်ပါဘူး ကိုဆိတ်ဖွား။ ကိုနှင်းမောင်နဲ့စကားများတာ အဲဒီစုံထောက်မင်းကြီးပေါ့ဗျာ။ သူ့ကြောင့် ကိုနှင်းမောင် နယ်ပြောင်းသွားရတာ။ သူ့ကိုများ သွားပြောလို့ ဘာထူးမှာလဲ ကိုဆိတ်ဖွား"

ဟု ပြောလေ၏။

"ဘာထူးမှာလဲ ဟုတ်လား။ မထူးလို့ မဖြစ်ဘူး၊ မတရားအသတ်ခံရတဲ့ဘက်က ဝင်ပြီး ကူညီပါ ဦးကိုကိုကြီး"

"ဒီလိုရှိပါတယ် ကိုဆိတ်ဖွား၊ ကျုပ်တို့က အစိုးရအမှုထမ်းတွေပါ၊ အထက်က မခိုင်းဘဲ ကိုယ့်သဘောနဲ့ကိုယ် ဘာမှလုပ်လို့မရဘူး၊ အထက်က မင်းသွား ဒီအမှုကို စုံစမ်းဆိုမှ စုံစမ်းခွင့်ရပါတယ်"

"ခင်ဗျားတို့ဥစ္စာက ဘာဖြစ်လို့ လုပ်နေကြာတာလဲ။ ထွက်လိုက်ကြပါလား"

"ထမင်းငတ်သွားမယ် ဆရာဆိတ်ဖွား"

"ထမင်းစားရဖို့ တစ်ခုတည်းအတွက် ဦးနှောက်ကို သော့ပိတ်ခံထားရသလား။ ခင်ဗျားတို့ဟာ စောစောက သင်္ချိုင်းမှာသေသွားတဲ့ လူထက်တောင် သနားစရာ ကောင်းနေပါလား။ အလုပ်ကထွက်ခဲ့ပါမိတ်ဆွေ၊ ထမင်းမငတ်ပါဘူး။ ကျုပ်နဲ့အတူ သင်္ချိုင်းကုန်းမှာ သုဘရာဇာ လာပြီးလုပ်ပါ။ ခင်ဗျားကို ကျုပ်ရဲ့လုပ်ငန်းတစ်ဝက် ခွဲပေးမယ်"

"မဖြစ်နိုင်ပါဘူး ကိုဆိတ်ဖွား။ ခင်ဗျားပြန်ပါတော့ဗျာ"

"သနားစရာကောင်းတဲ့ လူတွေပဲ။ ခင်ဗျားတို့အဖြစ်ဟာ ဆိုးလှချည်လား။ ကိုယ့်သဘောနဲ့ကိုယ် ဘာမှလုပ်ခွင့်မရှိတဲ့ အလုပ်ကိုများ ဘာကြောင့် မက်မောနေကြတာလဲ။ လူဆိုတာ လွတ်လပ်မှုကို အလိုလားဆုံး သတ္တဝါဖြစ်ပါလျက် လွတ်လွတ်လပ်လပ် မလှုပ်ရှားနိုင်တဲ့ဘဝကို ရောက်အောင် ကျောင်းတွေတက်၊ စာမေးပွဲတွေဖြေပြီး ခင်ဗျားတို့ဟာ မိုက်မိုက်မဲမဲ ကြိုးစားခဲ့ကြတာကိုး။ ကဲ . . . ဂဲ ကျုပ်သွားမယ်"

ဟု ဆိုကာ ဆိတ်ဖွားက ပြန်ခဲ့လေ၏။

အင်းစိန်စီအိုင်ဒီအတွင်းမှ ပုလိပ်အရာရှိများသည် ခံ့ညားထည်ဝါစွာ လျှောက်သွားကြသော သုဘရာဇာကြီးအား မျက်စိတစ်ဆုံး ငေးမော ကြည့်ရှုနေကြလေ၏။

"ကျုပ်တော့ ကိုဆိတ်ဖွားနဲ့ နေရာချင်း လဲလိုက်ချင်တော့တာပါဗျာ"

ဟု ပုလိပ်အင်စပိတ်တော် ဦးကိုကိုကြီးက အိုင်ပီဦးအောင်သင်းအား ပြောလိုက်ရာ ကြားရသူအပေါင်းက ဝါးခနဲ ရယ်မောကြလေ၏။

"မရယ်နဲ့ ကိုယ့်လူတို့ ဒီလူကြီးရဲ့ဘဝဟာ ဘယ်လောက်လွတ်လပ်



www.burmeseclassic.com

www.burmeseclassic.com

ပြီး ဘယ်လောက် စိတ်ချမ်းသာဖို့ ကောင်းသလဲ။ ပြီးတော့ ကြည့်စမ်း၊ ဒီလူကြီးဟာ ဘယ်လောက် ရဲရင့်သလဲ၊ ဘယ်သူ့ကိုမှလဲ ကြောက်ရကောင်းမှန်းမသိဘူး။ သူမှန်တယ်ထင်တာကို ရဲရဲဝံ့ဝံ့ ပြောရဲလုပ်ရဲတယ်၊ ကျုပ်တို့မှာတော့ ...''

ဟု ဦးကိုကိုကြီးက စိတ်ပျက်စွာ ငေးတွေးတွေးလိုက်လေသတည်း။

*ဦးနှောက်ကို မင်းတုပ်ထိုး ကန့်သန့်ချပြီး သော့ခတ်ထားရသည့် အလုပ်မျိုး၌ မည်မျှကြီးမားသော ရာထူးကို ရစေကာမူ၊ မက်မောဖွယ်ရာ မရှိပါပေ။*

*ပရော်ဖက်ဆာဆိတ်ဖွား*
*လောကနတ်သား*

◆◆◆

အင်းစိန်စုံထောက်ဌာနမှ ပြန်လာခဲ့ပြီးနောက် ဆိတ်ဖွားသည် ဦးနတ္ထိ အုတ်ဂူပေါ်၌ထိုင်ကာ တစ်စုံတစ်ခုကို အလေးအနက်စဉ်းစား၍ နေလေ၏။ ထိုသို့ စဉ်းစားနေပြီးနောက် ဆုံးဖြတ်ချက်ကိုချလိုက်သည့်အလား သူ၏မျက်နှာသည် တင်းမာ၍ သွားလေသည်။

လောကကြီးမှာ ကြီးနိုင်ငယ်ညှဉ်းလုပ်မှုတွေ များနေတယ်။ အုပ်စုရှိတဲ့လူက အုပ်စုမရှိတဲ့လူကို အနိုင်ကျင့်တယ်၊ ငွေရှိတဲ့လူက ငွေမရှိတဲ့လူကို အနိုင်ကျင့်နေတယ်။ ကြောင်ကကြွက်ကို အနိုင်ကျင့်သလို ကျင့်နေကြပြီ လူတွေဟာ အထူးသဖြင့် ငွေမရှိ အုပ်စုမရှိတဲ့ လူတွေဟာ ဒိုကိုးရာမဲ့နေကြပြီ။

တကယ်ကလူတွေဟာ မရပ်တည်နိုင်ကြတော့ဘူး။ အားကိုးရာမဲ့နေကြပြီ။ သူတို့ရဲ့ ပြဿနာအသီးသီးကို တင်ပြဖို့၊ ဖြေရှင်းပေးဖို့ ဆရာရှာနေကြပြီ။ ဖြေရှင်းပေးနိုင်မယ့် အနစ်နာခံနိုင်မယ့် လူတွေကို မျှော်လင့်နေကြပြီ။ ဒီတော့ လူတွေ၊ အထူးသဖြင့် အားကိုးရာမဲ့နေတဲ့ လူတွေဘက်မှာ ငါဆိုတဲ့ သုဘရာဇာဆိတ်ဖွားက မားမားမတ်မတ် ရပ်တည်မယ်။ မတရားမှုတွေကို ဖော်ထုတ်ရုံမဟုတ်ဘူး ... မတရားမှုတွေကို ဖန်တီးတဲ့ လူတွေကိုပါ ထိုက်တန်တဲ့ အပြစ်တွေပေးရမယ်။ ငါဆိုတဲ့ ဆိတ်ဖွားရဲ့ဘဝကို အားကိုးရာမဲ့နေတဲ့ လူတွေအတွက် အစွမ်းကုန် ဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်ပြီ။

ဆိတ်ဖွားသည် အထက်ပါအတိုင်း စဉ်းစား၍ ဆုံးဖြတ်ချက် ချလိုက်ပြီးနောက် ...

''ဒီလူသတ်မှုဟာ သာမန်မဟုတ်ဘူး။ အုပ်စုရှိတဲ့လူက အုပ်စုမရှိတဲ့လူကို အနိုင်ကျင့်ပြီး သတ်ပစ်ခဲ့တာဖြစ်တယ်။ ဒီတော့ အမှုမှန်ကို ဖော်ထုတ်ပြီး အုပ်စုသမားတွေကို အပြစ်ပေးရမယ် အိုလံ''

ဟု ပြောလိုက်ရာ အိုလံက –

''လုပ်စမ်းပါ ဆရာ ဆိတ်ဖွားရယ်။ မြန်မြန်လုပ်စမ်းပါ၊ ကျွန်တော် ဖြင့် ဆရာဆိတ်ဖွားရဲ့ သဘောထားကို သိပ်ကြိုက်တာပဲ''

ဟု အားရဝမ်းသာ ပြောလိုက်လေ၏။

''အေး ... လောကမှာရှိတဲ့ ဘာသာတိုင်းက မကောင်းမှုကျူးလွန်တဲ့ လူတွေကို သူကျူးလွန်ခဲ့တဲ့ မကောင်းမှုအလိုက် ငရဲခံရတယ်လို့ ဆိုထားတယ် မဟုတ်လား''

ဟု ဆိတ်ဖွားက အိုလံအား မေးလိုက်လေ၏။

''ဟုတ်တယ် ဆရာဆိတ်ဖွား။ ငရဲဆိုတာ ဘာသာတိုင်းလောက်မှာ ရှိတယ်''

''အဲဒီလိုရှိမှလည်း တရားမယ်ကွ။ အခု ငါလုပ်မယ့် အစီအစဉ်ဟာလည်း ငရဲပဲ။ အုပ်စုနဲ့ အနိုင်ကျင့်တဲ့လူတွေ၊ ငွေနဲ့ အနိုင်ကျင့်တဲ့လူတွေကို အပြစ်ပေးရမယ့် အလုပ်ပဲကွ''

''အဲဒီ အလုပ်အတွက် ထောင်ဆိုတာရှိတယ် မဟုတ်လား''

''ထောင်ဆိုတာ ပုလိပ်က ဖမ်းပေးမှ ရောက်တာပဲကွ။ ပုလိပ်က မဖြေရှင်းနိုင်တဲ့ ကိစ္စတွေ အများကြီး ရှိနေတယ်။ အဲဒီကိစ္စတွေမှာ ငါတို့က ဝင်ပြီး မတရားသူတွေကို အပြစ်ပေးရမယ်၊ ကူညီသင့်တဲ့ လူတွေကို ကူညီရမယ်။ လောကကြီး သာယာအောင် စောင့်ရှောက်တဲ့ 'လောကနတ်သား'ရဲ့ အလုပ်တာဝန်တွေကို ခွဲဝေယူရမယ်''

''ဆရာဆိတ်ဖွားက လောကပါလ နတ်မင်း၊ ကျွန်တော်က နတ်သားပေါ့။ ဟား ... ဟား ... နေရာကျပြီ။ ကျွန်တော်တို့ရဲ့ သင်္ချိုင်းကုန်းကလေးဟာ အမှန်တရားကို ဆုံးဖြတ်မယ့် တရားသောနယ်မြေလေးပေါ့၊ ဟား ... ဟား ... ခွေးကောင်တွေကို ကောင်းကောင်း နှိပ်စက်ရမယ်''

''လောလောဆယ် ဟောဒီ လူသတ်မှုကို ပေါ်အောင် အရင်လုပ်ရမယ် အိုလံ။ ပေါ်ခဲ့လို့ရှိရင် အုပ်စုနဲ့ အနိုင်ကျင့်တာဆိုရင် အဲဒီအုပ်စုကို အပြစ်ပေးရမယ်၊ ပြီးတော့ မောင်သန်းအေးနဲ့ မယဉ်နွယ်တို့ ကိစ္စကလည်း ဆောင် ရွက်ပေးရဦးမယ်။ ငါတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းဟာ လောကပါလ ... လောကကို စောင့်ရှောက်သော လုပ်ငန်းလို့ ဆိုနိုင်တာပေါ့ကွာ"

"ဟုတ်ပြီ ဆရာ။ လောကပါလ လုပ်ငန်းဖွင့်ပွဲအတွက် လက်ဖက်ရည် သွားဝယ်လိုက်ဦးမယ်"

ဟု ဆိုကာ အိုလံသည် နို့ဆီခွက်ကိုယူ၍ လက်ဖက်ရည်ဝယ်ရန် ထွက်သွားလေ၏။

ဆိတ်ဖွားသည် လက်ဖွဲ့ကလေး အတွင်းမှ ကူးယူခဲ့သော စာရွက်ကလေးကိုဖွင့်ကာ ကြံဆနေလေ၏။ သို့ရာတွင် အဖြေကိုကားမရသေးပေ။

တစ်အောင့်ကြာလျှင် အိုလံသည် နို့ဆီခွက်ကလေးကို ကိုင်ကာ ပြန်လည်ရောက်ရှိလာသဖြင့် ဆိတ်ဖွားနှင့် အိုလံတို့သည် လက်ဖက်ရည် သောက်ကြလေ၏။ လက်ဖက်ရည် သောက်ပြီးနောက် ဆိတ်ဖွားက ...

"အိုလံရေ ... တွင်းတူးမယ့် ကုလားတွေရှာပြီး သင်္ချိုင်းထဲမှာ တွင်းတွေတူးထားနိုင်းကွာ။ ငါတို့ဟာ လောလောဆယ်မှာတော့ မသာတွင်းတူးတဲ့ လုပ်ငန်းကို ရပ်ဆိုင်းထားရလိမ့်မယ်"

ဟု ဆိုသဖြင့် အိုလံက မသာတွင်းများကိစ္စကို ဆောင်ရွက်ရလေ၏။ ထို့နောက် ဆိတ်ဖွားက အိုလံအား ခေါ်ယူကာ အပြင်သို့ ထွက်ခဲ့လေ၏။

"ဘယ်ကိုများသွားမလို့လဲ ဆရာဆိတ်ဖွား"

"ရန်ကုန်အနောက်ပိုင်းနဲ့ ကြည့်မြင်တိုင်ဘက်မှာရှိတဲ့ အငြိမ့်ထောင်အိမ်တွေကို သွားမယ်လေကွာ။ အဲဒီမှာ မြစပယ်ဆိုတဲ့အငြိမ့်မင်းသမီး ရှိမရှိ စုံစမ်းမယ်"

ဆိတ်ဖွားနှင့် အိုလံသည် ရန်ကုန် အနောက်ပိုင်းရှိ အငြိမ့်ထောင်အိမ်များသို့ တစ်အိမ်ဝင်၊ တစ်အိမ်ထွက်နှင့် မြစပယ်ဆိုသော အငြိမ့်မင်းသမီး ရှိမရှိ စုံစမ်းခဲ့ရာ သူတို့၏ စုတ်နုတ်နုံချာလှသော အဝတ်အစားများကြောင့် အချို့သော အိမ်များက မောင်းနှင်၍ပင် ထုတ်လေ၏။ တစ်နေကုန်သည် အထိ အနောက်ပိုင်းရှိ အငြိမ့်ထောင် အိမ်များ၌ စုံစမ်းပြီးလျှင် သင်္ချိုင်းသို့ ပြန်လာခဲ့လေ၏။

"ဆရာဆိတ်ဖွားရေ ... ကျွန်တော်ကလည်း သူတောင်းစားအဝတ်အစား၊ ဆရာကလည်း သုဘရာဇာ အဝတ်အစားနဲ့ဆိုတော့ လူတွေက ကျွန်တော်တို့မေးတာကို အရေးလုပ်ပြီး မဖြေချင်ကြဘူး။ အဲဒါကို စဉ်းစားပါဦး"

ဟု အိုလံက အကြံပေးလေ၏။

"ငါလည်း ဒါကိုပဲ စဉ်းစားနေတာပဲ။ ဟာ ... ဟ ... လူတွေဟာ တော်တော် ဒုံးဝေးတယ်ကွ။ အဝတ်အစား ကောင်းကောင်းဝတ်ထားတဲ့ လူကိုမှ လူကောင်းလို့ ထင်တတ်ကြတယ်။ လွယ်ပါတယ်ကွာ ငါစီစဉ်ပါ့မယ်"

ဟု ဆိုကာ လောကကြီးအား လှောင်လိုက်သည့် အပြုံးနှင့်တကွ ဟာ ... ဟဟူသော ရယ်သံတစ်သံသည် ဆိတ်ဖွားထံမှ ပေါ်ပေါက်လာလေတော့၏။

"ထိုင် ငါ ပြောမယ်"

- ဟု ဆိုကာ မိုးတိုးမတ်တတ် ဖြစ်နေသော အိုလံ၏ လက်ကိုဆွဲ၍ အနီးတွင် ထိုင်ခိုင်းလိုက်ပြီးနောက် ..

"ဟာ ... ဟ"

ဟု ဆိတ်ဖွားက ရယ်လိုက်လေ၏။

## လူကြီးလူကောင်း လုပ်ကြခြင်း

အိုလံသည် ဆိတ်ဖွားအနီး[...] ထိုင်လိုက်လေ၏။ ဆိတ်ဖွားသည် သောက်လက်စ ဆေးပြင်းလိပ်ပြာကို ခြွေလိုက်ပြီးနောက် အောက်ပါအတိုင်း ပြောလေ၏။

"တို့ ဆောင်ရွက်ပေးရမယ့်ကိစ္စ ဖြေရှင်းပေးရမယ့်ကိစ္စက ဂုဏ်သရေရှိ အတန်းအစားက ကိစ္စဖြစ်နေတယ်ကွ။ လူကုံထံတွေရဲ့ကိစ္စ ဖြစ်နေတယ် အိုလံ။ ငါတို့ထက်စာရင် လူကုံထံ တွေချည်းပဲ မဟုတ်လား ဟာ .. ဟ[...] ဒီတော့ ငါတို့ဟာ သင်္ချိုင်းကုန်းကနေ[...] လူကုံထံတွေရဲ့ ပြဿနာကို ဖြေရှင်း[...] တာထက် ငါတို့ကိုယ်တိုင် လူကုံထံ[...] တွေအဖြစ်နဲ့ လူကုံထံအသိုင်းအဝိုင်း[...] ထဲဝင်ပြီး ဖြေရှင်းတာက ပိုပြီးကောင်း[...] လိမ့်မယ်ကွ"

"ကျွန်တော်တို့က လူကုံထံ[...] တွေဖြစ်အောင် ဘယ်လိုလုပ်ကြမှာလဲ ဆရာ ကိုဆိတ်ဖွားရဲ့"

ဟု အိုလံက မေးလိုက်လေ၏။

"လူကုံထံဖြစ်ဖို့များ ခက်လွန်း[...] လို့ကွာ။ လုံချည်ဖြစ်စေ၊ ဘောင်းဘီ[...] ဖြစ်စေ ကောင်းကောင်းတစ်ထည်[...] ရယ်၊ ဖိနပ်ကောင်းကောင်း တစ်ရံ[...] ရယ်၊ ရှပ်အင်္ကျီရယ်၊ သားရေလက်[...] အိတ်တစ်လုံးရှိရင် ပြီးပါတယ်ကွ။ [...] တွေကလည်း စုစုပေါင်းမှ ငွေတစ်ရာ[...] ထက် မပိုပါဘူး"

"လွယ်လှချည်လား ... ဆရာ ကိုဆိတ်ဖွား"

"ပြောပြနေရတာက ခက်[...] သေးတယ်ကွာ။ လက်တွေ့လုပ်ရ[...] လာ အဝတ်အစားဝယ်ဖို့ မြို့ထဲသွား[...] ရအောင်"



www.burmeseclassic.com

www.burmeseclassic.com

ဆိတ်ဖွားသည် အထက်ပါ
အတိုင်း ပြောဆိုပြီးနောက် အိုလံအား
ကတ်တဝေးကုန်တိုက်နှင့် ရိုးကုန်တိုက်
သို့ ခေါ်သွားပြီးလျှင် ဘောင်းဘီ၊
အင်္ကျီ၊ ရှူးဖိနပ်၊ နက်တိုင်လည်း
စည်းတို့ကို ဝယ်ပေးလေ၏။ ၎င်းကိုယ်
တိုင် အတွက်လည်း ဝယ်ယူလေ၏။
ထိုသို့ဝယ်ပြီးနောက် ဆံပင်ညှပ်ဆိုင်
သို့ဝင်၍ ဆံပင်ညှပ်ကြလေ၏။

အိုလံသည် ဆံပင်ညှပ်ဆိုင်တွင်း
သို့ ရောက်သည်နှင့် ဆိုလည် ကုလား
ထိုင်ပေါ်၌ ထိုင်လိုက်ပြီးလျှင် ဆံပင်
ညှပ်သောကုလားအား အင်္ဂလိပ်ရုပ်
ရှင်မင်းသား ဗလန်တီနို၏ ဆံပင်ပုံနှင့်
တူအောင် ညှပ်ပေးရမည်ဟု ဆို၏။

ဆိတ်ဖွားမှာမူ ဆံပင်ညှပ်ဆိုင်
အတွင်းမှ ကြီးမားသော မှန်ချပ်ကြီး
အတွင်းရပ်ကာ သူ၏မျက်နှာကို မှန်
အတွင်း သေချာစွာ ကြည့်ရှုလေ၏။
ထိုသို့ ကြည့်ရှုနေသည်ကို အိုလံက
ထိုင်ခုံမှနေ၍ မြင်တွေ့ရသည်ဖြစ်ရာ
အနည်းငယ် ပြုံးမိလေ၏။

"ဆရာကိုဆိတ်ဖွား မှန်ကြည့်
တတ်သည်လားဗျ"

ဟုလည်း နောက်ပြောင်လိုက်
လေ၏။

"အသက် ငါးနှစ်သားကျော်
ကတည်းက မှန်မကြည့်ဖူးတာ အခုထိ
ပဲ။ အသက်ငါးနှစ်သားလောက်
တုန်းကတော့ ငါနေတဲ့ ဘုန်းကြီးကျောင်း
မှာ မှန်ချပ်ကြီးတစ်လုံးရှိလေတော့ နေ့
တိုင်း မှန်ကြည့်ဖူးပါတယ်။ ဒီနောက်
တော့ မှန်ဆိုတာ ငါ့အတွက်အဓိပ္ပာယ်
မရှိတော့သလို ဖြစ်သွားတယ်"

ဟု ဆိတ်ဖွားက ပြန်၍ ပြော
လိုက်လေ၏။

ဆံပင်ညှပ်သမားကလည်း ကတ်
ကြေးကို တချွင်ချွင်လုပ်၍ အိုလံ၏
ဆံပင်ကို ညှပ်လေ၏။

အိုလံ ညှပ်၍ပြီးသည့်အခါ၌
ဆိတ်ဖွားက ဆံပင်ညှပ်ရန်အတွက်
ဆိုလည်ကုလားထိုင်ပေါ်၌ ထိုင်လိုက်
လေ၏။ ဆံပင်ညှပ်ကုလားလည်း ဆိတ်
ဖွားအား အဝတ်ဖြူကိုခြုံ၍ ပေးလိုက်
ပြီးနောက် ကတ်ကြေးကို တချွင်ချွင်
လုပ်၍ ဆိတ်ဖွား၏ဆံပင်ကို ညှပ်
လိုက်လေ၏။ သို့ရာတွင် ဆိတ်ဖွား၏
ဆံပင်မှာ ကြေး(ဂျီး)များ ထူထပ်၍
တစ်ပင်နှင့်တစ်ပင် ပူးကပ်နေသော
ကြောင့် မပြတ်ဘဲရှိလေ၏။ ဆံပင်
ညှပ်ကုလားသည် ကတ်ကြေးကို
တချွင်ချွင်လုပ်၍ ညှပ်ပြန်၏။ သို့ရာ
တွင် ဆိတ်ဖွား၏ ဆံပင်မှာ ကတ်
ကြေးမတိုးဘဲ ရှိလေ၏။ ဆံပင်ညှပ်
ကုလားသည် သူ၏ ကတ်ကြေးကို
တစ်လှည့် ဆိတ်ဖွား၏ ခေါင်းကိုတစ်
လှည့်ကြည့်ပြီးလျှင် ...

"ဆရာကြီး နောက်ဆုံး ဆံပင်
ညှပ်တာ ဘယ်လောက်ကြာပြီလဲ"

ဟု မေးလေ၏။

"အခုညှပ်တာ ပထမဆုံးအကြိမ်
ပဲ။ နောက်ဆုံးအကြိမ်လည်း ဖြစ်လိမ့်
မယ် ထင်တယ်"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင်
ဆံပင်ညှပ်ကုလားသည် ဆိတ်ဖွား
၏ခေါင်းကို ကိုင်ကြည့်လိုက်ပြီးလျှင်

"ကတ်ကြေးနဲ့ ညှပ်လို့မရဘူး။
ကြေး(ဂျီး)တွေ အများကြီးပဲ။ ဆံပင်
ဟာ သံလိုဖြစ်နေပြီ"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဆိတ်ဖွားက ဆံပင်
လျှော်ရန် ပြောလေ၏။ ဆံပင်ညှပ်
ကုလားသည် ဆိတ်ဖွား၏ ဆံပင်ကို
ဆင်ချေးတုံးဆပ်ပြာဖြင့် ကိုးကြိမ်တိုင်
တိုင် ပွတ်တိုက်၍ လျှော်ပေးရလေ၏။
ဆံပင်မှ ကြေး(ဂျီး)များပြောင်စင်သော
အခါ၌ ဆိတ်ဖွားက ဆံပင်မညှပ်တော့
ဘဲ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့ကို
သာ ရိတ်စေပြီးလျှင် ပြန်ခဲ့လေ၏။

လမ်း၌ အိုလံက ...

"ဆရာဆိတ်ဖွား ... ဘာဖြစ်
လို့ ဆံပင်မညှပ်တာလဲဗျ"

ဟု မေးလေ၏။

"မညှပ်ဘဲ အခုလိုအတိုင်းထား
တာက ပိုပြီးရင့်ကျက်တဲ့ပုံကို ဆောင်
လိမ့်မယ်လို့ ထင်တယ်"

ဟု ဆိတ်ဖွားက ပြန်၍ ပြော
လေ၏။

"ကိုဆိတ်ဖား တစ်ခါမှ ဆံပင်
မညှပ်ဖူးဘူးလား"

"မညှပ်ဖူးပါဘူး။ နည်းနည်း
ရှည်လာရင် တုံးပေါ်တင်ပြီး ဓားနဲ့
ခုတ်ထားလိုက်တာပါပဲ ...ဟဲဟဲ။
မြို့ရာဇာတာတေနဲ့နေတုန်းကတော့
ဟောင်ကောင်မှာ တစ်ခါခေါင်းလျှော်
ဖူးပါတယ်"

ဟု ဆိတ်ဖွားက ပြောလိုက်လေ
ရာ အိုလံက ...

"ဟ ... ဆရာဆိတ်ဖွားက
နိုင်ငံခြားတွေဘာတွေတောင် ရောက်
ဖူးတာပါကလား"

ဟု တအံ့တသြဖြစ်ကာ ပြော
လိုက်လေ၏။ ထိုအခါ ဆိတ်ဖွားက

"ဟေ့ကောင်ရ ... နိုင်ငံခြား
ရောက်ဖူးတာများ အံ့သြစရာမှတ်လို့
ကွာ။ အရှင်လတ်လတ် ရေပြည်ကပြန်
လာတာများ အောက်မေ့နေလို့လား"

ဟု ပြောလိုက်လေ၏။

ထို့နောက် အမွှေးဆပ်ပြာတုံး
တစ်တုံး ဝယ်ယူကာ ကန်တော်ကြီးသို့
သွားရောက်၍ ရေချိုးကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဆိတ်ဖွား၏ ကိုယ်ပေါ်မှ ကြေး(ကျီး) များကို သူတောင်းစားအိုလံက အုန်းဆံဖတ်ဖြင့်တွန်း၍ပေးလေ၏။ အကြိမ်ကြိမ်အခါခါ အုန်းဆံဖတ်ဖြင့် ကြေး (ကျီး) တွန်းပြီးနောက် အမွှေးဆပ်ပြာဖြင့် ရေချိုးကြလေ၏။

ရေချိုးပြီးလျှင် ဘောင်းဘီ၊ အကျီများ ဝတ်ကြလေ၏။ ဆိတ်ဖွားသည် အကျီအဝတ်အစားသစ်များကို လဲပြီးနောက် သူ၏အကျီဟောင်းနှင့် လုံချည်ဟောင်းကလေးကို သတင်းစာစက္ကူဖြင့် သေချာစွာ ထုပ်လေ၏။

"ဆရာ ကိုဆိတ်ဖွားကလည်း ဗျာ။ အဝတ်အစားသစ်တွေ ရှိနေမှပဲ။ ဆရာ့အကျီအစုတ်နဲ့ လုံချည်အစုတ်ကို လွှတ်ပစ်လိုက်ပါတော့"

ဟု အိုလံက အကြံပေးလေ၏။

"မလုပ်ပါနဲ့ ကိုယ့်လူ။ အမြင်သာ စုတ်ပေမယ့် ရွှေထုပ်တဲ့ မြပဝါဆိုတာလိုပဲ။ အဲဒီ အဝတ်အစားတွေကမှ တကယ်တန်ဖိုးရှိတာ။ အဝတ်အထည်ဆိုတာက ပကာသနအတွက်ဆိုရင် မူလအဓိပ္ပာယ်တွေ ပျောက်နေတယ်။ အဝတ်အထည်ရဲ့မူလသဘောမှာ ပကာသနဆိုတာမပါဘူး။ အချမ်း၊ အပူ၊ အရှက်၊ အကြောက်လုံခြုံဖို့ပဲပါတယ်။ တခြားဘာမှမပါဘူး"

ဟု ဆိတ်ဖွားက ဆိုလေ၏။

ဆိတ်ဖွားသည် ဘောင်းဘီရှည်၊ ရှပ်အကျီ၊ ကုတ်အကျီ၊ ရှူးဖိနပ်တို့ကို ဝတ်ဆင်ပြီးနောက် နက်တိုင်ကို အချိုးကျစွာ စည်းလေ၏။

"ဆရာကိုဆိတ်ဖွား ..ဘယ်တုန်းကများ နက်တိုင် စည်းတဲ့နည်းကို လေ့လာထားတာလဲဗျာ၊ ကျွမ်းကျင်လိုက်တာ"

ဟု သူတောင်းစားအိုလံက မေးလိုက်လေ၏။

"ငါနေတဲ့ သချိုင်းကုန်းမှာ အရင်က ဗိုလ်ရှူးတစ်ယောက် လာပြီးနေဖူးတယ်။ သူက တစ်နေ့ကိုအကြိမ်တစ်ရာလောက် နက်တိုင်စည်းတယ်ကွ။ ဒီတော့ ငါလည်း မတတ်ချင်ဘဲ တတ်ထားရတဲ့အတတ်တစ်ခုပေါ့ကွာ"

ဟု ဆိတ်ဖွားက ပြောလေ၏။

ဆိတ်ဖွားသည် ကုတ်အကျီ၊ ဘောင်းဘီရှည်၊ နက်တိုင်၊ ရှူးဖိနပ်တို့ကို စနစ်တကျ ဝတ်ဆင်လိုက်သောအခါ၌ လွန်စွာ သားသားနားနား ခံ့ခံ့ညားညား ဖြစ်၍နေသည်ကို ကြည့်ပြီးလျှင် အိုလံက ငေးမော၍ နေလေ၏။ ကျေနပ်လောက်အောင် ငေးမောပြီးနောက် ...

"ဆရာဆိတ်ဖွားရယ် ... အခုလို ဝတ်လိုက်၊ စားလိုက်တော့လဲ ဆရာဟာ တကယ့်ကို ကြည့်လို့ကောင်းတာပဲဗျာ၊ ကျွန်တော်ဖြင့် အံ့ရော"

ဟု အိုလံက ချီးကျူးလေ၏။

"(It So Kind of You) အစ်တ်ဆိုး ကိုင်း အောဖ့် ယူ၊ ကိုယ့်လူ မင်းဟာ တကယ်စိတ်ကောင်းရှိတဲ့ကောင်ပဲ"

ဟု ဆိတ်ဖွားက အင်္ဂလိပ်စကားဖြင့် ပြန်၍ပြောလိုက်လေ၏။

ထို့နောက် နက်တိုင်ချည်နည်းကို မေ့၍နေသော အင်္ဂလိပ်ကျောင်းသားကြီးအိုလံအား ဆိတ်ဖွားက ကူညီ၍ချည်းပေးလိုက်ပြီးနောက် –

"အင်္ဂလိပ်ကျောင်းသား ဆိုတာ နက်တိုင်စည်းနည်းတစ်ခုပဲ တတ်ရတဲ့အထဲ ကိုယ့်လူက အဲဒါကို မေ့ပစ်လိုက်တယ်ဆိုတော့ တစ်ဆိတ်ကလေး ညံ့လွန်းလှတယ်"ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။

"အပြစ်တင်ရင်လည်း ခံရမှာ
ဆရာဆိတ်ဖွားရယ်"

ဟု အိုလံက ဝန်ခံလိုက်လေ

"ကဲ .. ပုံစံတွေကတော့ အထ
တန်းစား ဖြစ်သွားပြီး အကောင်း
ဟိုတယ်မှာ သွားပြီးစားကြရအောင်
ဒီကနေ့ဟာ အထက်တန်းစား
လောကထဲကို စပြီးဝင်တဲ့နေ့ပဲ
... လာ"

ဟု ဆိုကာ ဆိတ်ဖွားသည်
ကော့၍ ရှေ့မှ လျှောက်သွားလေ
အိုလံက နောက်မှ လိုက်၍သွား
၏။ ထို့နောက် ဥရောပတိုက်သား
မြန်မာလူမျိုး အထက်တန်းစားတို့
ကြီးစိုးသော 'မရိုးမရင်း' ဟိုတယ်
သွားရောက်ကြလေ၏။

ထောင့်ကျသော စားပွဲ၌ နေ
ယူလိုက်ပြီးသည်နှင့် တစ်ပြိုင်န
ဘိုးသူတော်ကဲ့သို့ အပေါ်ဖြူ အော
ဖြူဝတ်ထားသော စားပွဲထိုးတစ်ယော
ရောက်လာပြီးလျှင် စားသောက်ဖွ
မှာရန် မီးနူးခေါ် စားဖွယ်သော
ဖွယ်စာရင်းကို လာ၍ပေးလေ

ဆိတ်ဖွားသည် မီးနူးစာရွက်
ဖတ်ကြည့်ပြီးနောက် ဟင်းနှစ်မျိုး
မှာလိုက်လေ၏။ ထို့နောက် မီးနူး
ရွက်အား အိုလံထံသို့ပေးလိုက်ပြီးလျှ

"မင်းကြိုက်တဲ့ဟင်း မှာကွ

ဟု ပြောလေ၏။

"ဘာတွေမှန်းမသိဘဲ ကျွ
တော်က ဘာတွေမှာရမှာလဲ ဆရာ
ဆိတ်ဖွားရဲ့"

"မင်းကလဲကွာ၊ ဒီစာရင်းထ
ဟင်းစာရင်းပဲကွ။ မှာချင်တာမှာလို
ဟင်းတော့ ဖြစ်မှာပေါ့ကွာ"

ဟု ဆိတ်ဖွားက ပြောလို
အိုလံသည် ဟင်းသုံးမျိုးကို မှာလို



www.burmeseclassic.com

www.burmeseclassic.com

လေ၏။ ထိုအချိန်၌ လူတစ်ယောက်သည် ဆိတ်ဖွားတို့၏စားပွဲသို့ ရောက်လာပြီးလျှင် အိုလံကို နှုတ်ဆက်လေ၏။ ထိုသူသည် ဆပ်ပြာသည် လင်ပျောက်ဟူသော စကားကဲ့သို့ ပျာယီးပျာယာ နိုင်လှပေသည်။

"(ဝမ်းဒါဖူး ...ဗိုဟက်ယူဘင်း) အံ့စရာပါပဲ၊ ခင်ဗျား ဘယ်ရောက်နေတာတုံး"

ဟု ဆိုကာ အိုလံ၏ ပခုံးအား ပုတ်လေ၏။

အိုလံသည် အူကြောင်ကြောင်မျက်နှာနှင့် ထိုသူကို ပြန်၍ ကြည့်နေလေ၏။ ထိုသူကလည်း အခြားသောစားပွဲ၌ ထိုင်၍နေသောသူ၏ အဖော်ကို လှမ်း၍ ခေါ်လိုက်လေ၏။ အခြားစားပွဲတွင် ထိုင်၍နေသောသူလည်း ဆိတ်ဖွားတို့စားပွဲသို့ ရောက်ရှိလာပြီးလျှင် အိုလံ၏ ပခုံးကိုပုတ်၍ ...

"ကိုသင်းကြိုင်ရယ် ဘယ်သူများလဲ မှတ်တယ်"

ဟု နှုတ်ဆက်လေ၏။

"ကျွန်တော်နာမည် သင်းကြိုင်မဟုတ်ပါဘူး။ မိတ်ဆွေတို့ လူမှားနေကြပြီ ထင်တယ်"

ဟု အိုလံက ပြန်၍ ပြောလိုက်ရာ ထိုသူနှစ်ယောက်က တဟားဟားနှင့် ရယ်မောလျက် ...

"ခင်ဗျားကတော့ ... အရင်အတိုင်းပဲ။ အကြောင်ရိုက်လိုက်ရမှ ကျေနပ်တဲ့လူဗျ"

ဟု ထိုသူနှစ်ဦးအနက် ပထမလူက ပြောလေ၏။

အိုလံသည် ထိုသူနှစ်ဦးအား မကျေနပ်သော မနှစ်သက်သော၊ မျက်နှာနှင့် တစ်ချက်ပြန်ကြည့်ပြီးနောက် ထိုသူတို့အား အဖက်မတန်သည့်အလား ဆက်လက်၍ ပြောဆိုခြင်းမပြုတော့ဘဲ ဘွိုင်ကုလား လာချပေးသော ဟင်းလျာတို့ကိုသာ စားသောက်၍ နေလေတော့၏။ ထိုသူတို့လည်း ရှက်ရှက်နှင့်ပင် အိုလံ၏အနီးမှ ထွက်ခွာသွားကြလေ၏။

ဆိတ်ဖွားနှင့် အိုလံတို့သည် စားသောက်ဖွယ်ရာများကို မှာ၍ စားသောက်ကြလေ၏။

ဆိတ်ဖွားသည် ဖွန်းနှင့် ခက်ရင်းအား အဝတ်နှင့် အကြိမ်ကြိမ်အခါခါ ပွတ်တိုက်ပြီးနောက် ...

"အိုလံ ... ဒီပစ္စည်းတွေနဲ့ စားရတာ ငါကတော့ ရွံ့သလိုလိုပဲကွာ"

ဟု ပြောလိုက်လေ၏။ အိုလံလည်း ဆိတ်ဖွား၏ စကားကြောင့် မျက်လုံးပြူး၍သွားလေ၏။

"ဆရာဆိတ်ဖွားရယ် ...ဒီလောကမှာ ဆရာလို သုဘရာဇာတစ်ယောက်အဖို့ ရွံ့စရာဆိုတာ ရှိသေးသလားဗျာ။ ပြီးတော့ ဒီဟိုတယ်ကြီးဟာ လူကုံထံတွေ စားသောက်တဲ့ ဟိုတယ်ကြီးမဟုတ်လား"

ဟု အိုလံက ပြောလေ၏။

"မင်းက သိပ်ပြီး ဒုံးဝေးတဲ့ကောင်ပဲ။ ဒီစကားမျိုးကို တစ်ခါက ငါ့မိတ်ဆွေကြီး မြိုင်ရာဇာတာတေကို ပြောပြခဲ့ရဖူးသေးတယ်။ အမျိုးယုတ်တွေစားတဲ့ပစ္စည်းတွေ၊ အမျိုးယုတ်တွေအိပ်ခဲ့တဲ့ အိပ်ရာတွေကို ငါက တယ်ပြီး မသတီဘူးကွ"

"ဆရာ့ထက်ပဲ အမျိုးယုတ်တဲ့လူ ရှိသေးသလား ဆရာရယ်"

"မင်းဟာ သိပ်ပြီး ဒုံးဝေးတဲ့ကောင်ပဲ။ ငါက ဘယ်ကလာ အမျိုးယုတ်ရမှာလဲ။ ငါ့အဘိုးက သုဘရာဇာ၊ ငါ့အဖေကလည်း သုဘရာဇာ၊ ငါကလည်း သုဘရာဇာပဲ၊ ဘယ်ကလာ အမျိုးယုတ်ရမှာလဲ။ မျိုးစဉ်မျိုးဆက်အတိုင်း ငါဟာ တည်ရှိနေတယ်။ အမျိုးယုတ်ဆိုတာက ဂေါပကလူကြီးလုပ်ပြီး ဘုရားအလှူငွေကို ခိုးတဲ့လူ၊ တရားသူကြီးလုပ်ပြီး တရားသဖြင့် မလုပ်ဘဲ လာဘ်စားတဲ့လူ၊ စာရိတ္တမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌလုပ်ပြီး မိန်းမရှင်အိမ်မှာ အချိန်ကုန်နေတဲ့လူတွေသာ အမျိုးယုတ်တွေကွ ...။ ဥပမာကွာ သူခိုးဟာ ခိုးစားနေသရွေ့ သူခိုးမျိုးရိုးက ယုတ်လျော့သွားခြင်း မရှိသေးဘူး။ ဒါကြောင့် အမျိုးယုတ်လို့ မခေါ်နိုင်ဘူး။ သူခိုးဟာ မခိုးဘဲ လိမ်ပြီဆိုရင်တော့ သူခိုးဘဝစုတေပြီး လူလိမ်ဖြစ်သွားပြီ။ သူခိုးမျိုးကနေ ယုတ်လျော့သွားပြီ။ အဲဒီအခါမှာ အမျိုးယုတ်လို့ခေါ်နိုင်တယ် အိုလံ"

"ဆရာ့ဟာက အဆန်းသားပါလား ဆရာရယ်"

"မဆန်းပါဘူးကွ၊ ရိုးရိုးလေးပါ။ ကဲ ... စားကွာ၊ စားပြီးရင် သွားစရာရှိတယ်"

ဟု ဆိုလေ၏။ စားသောက်ပြီးသည့် အခါ၌လည်း လတ္တာလမ်းသို့ သွားရောက်ကာ မော်တော်ကားကို ငှားရမ်းလေ၏။

*(ရှေ့လဆက်ရန်)*

သဗ္ဗေသတ္တာ ကမ္မဿကာ

**မင်းသိခ်**



www.burmeseclassic.com

www.burmeseclassic.com

# တစ္ဆေသရဲ ခြောက်လှန့်ရာမှာလည်း ရည်ရွယ်ချက်နှင့်

စန်းမောင်မောင်

တစ္ဆေသရဲခြောက်လှန့်မှု ဖြစ်ပေါ်လာခြင်းသည် ရည်ရွယ်ချက်တစ်ခုမျှ မရှိဘဲ သေဆုံးသူ၏ ဝိညာဉ်သည် တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာရာမှ ရောက်ရှိလာခြင်းဖြစ်သည်။ အချို့သော တစ္ဆေသရဲများသည် ကမ္ဘာလောကသို့ ပြန်ဝင်လာပြီး တစ်စုံတစ်ခုကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ရှိသည်ဟုလည်း ဆိုသည်။



မကြာခဏဆိုသလို တစ္ဆေသည် ၎င်းကွယ်လွန်ပြီးနောက် ကျန်ရစ်ခဲ့သော မိသားစုအား တစ်စုံတစ်ရာ သတင်းပေးရန်အတွက် ယခင်က ၎င်းနေထိုင်ခဲ့သည့် နေအိမ်သို့ ပြန်လာခြင်းဖြစ်သည်။ တစ်ခါတစ်ရံ တစ္ဆေပေးသည့် သတင်းမှာ သတင်းကောင်းများ ဖြစ်တတ်သည်။ တစ်ခါတစ်ရံ မမျှော်လင့်ဘဲ ငွေကြေးအမြောက်အမြား ရရှိ



တတ်သည့် အကြောင်းအရာများလည်း ဆက်စပ်ပါရှိတတ်သည်။ တစ္ဆေသရဲအများစုသည် လူတွေအပေါ် အန္တရာယ်ကျရောက်မည့်အကြောင်းကို ကြိုတင်သတိပေးတတ်သည်လည်း ရှိသည်။ အချို့သော တစ္ဆေသရဲများသည် ၎င်းတို့အသက်ရှင်စဉ်က ပေးခဲ့သည့် ကတိကဝတ်များ မှန်ကန်စွာရှိမရှိ ဆိုသည်ကိုလည်း လာရောက်စစ်ဆေးခြင်းပြုတတ်ကြသည်ဆို၏။

အောက်ဖော်ပြပါ အဖြစ်အပျက်များသည် တစ္ဆေသရဲခြောက်လှန့်ရခြင်း၏ ရည်ရွယ်ချက်များကို ဖော်ပြထားခြင်းဖြစ်သည်။

၁။ ပိုလန်နိုင်ငံ၏ သုသာန်တစ်ခုတွင် တစ္ဆေမတစ်ယောက် အမြဲလမ်းသလားနေသည်ကို တွေ့ရသည်။ ထိုတစ္ဆေမက သူမ ငြိမ်သက်စွာ မနေနိုင်ရခြင်းအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ သူမ၏ ကလေးငယ် သေဆုံးသွားခဲ့စဉ်က ခရစ်ယာန် ဘာသာ ထုံးတမ်းစဉ်လာအရ ရေနှင့် ဆေးကြောခြင်း မင်္ဂလာအရ ဘာသာထဲသို့ မသွင်းရဘဲ မြေမြှုပ်သင်္ဂြိုဟ် လိုက်ရသည်ဟု ပြောသည်။ ထို့ကြောင့် ခရစ်ယာန် ဘုန်းတော်ကြီးတစ်ပါးသည် တစ္ဆေမ ညွှန်ပြသည့် အုတ်ဂူသို့ သွားရောက်၍ ဘာသာရေးထုံးတမ်းစဉ်လာနှင့်အညီ ကောင်းချီးမင်္ဂလာပေးပြီးသည့်နောက်ပိုင်းတွင် ၄င်းတစ္ဆေမ ကို နောက်ထပ် မမြင်ရတော့ဘဲ လုံးဝပျောက်ကွယ်သွားခဲ့ သည်ဆို၏။

၂။ ပထမကမ္ဘာစစ်ကြီးအတွင်းက ဖြစ်သည်။ တစ္ဆေသရဲသည် ကင်းတာဝန်ကျနေသည့် စစ်သား တစ်ယောက်၏ပုံနှင့် ပေါ်လာပြီး အရေးပေါ်သူနာပြု မော်တော်ကားကို ရပ်တန့်စေသည်ဆို၏။ ထိုကင်းတာဝန်ကျစစ်သား ပျောက်ကွယ်သွားပြီးနောက်ပိုင်းတွင် အရေး ပေါ် သူနာပြုမော်တော်ကား မောင်းနှင်သူ ယာဉ်မောင်းသည် ကင်းထဲ ပြန်ဝင်သွားပြီး ကားကို မောင်းသွားနေစဉ် ရှေ့တည့်တည့် လမ်းမပေါ်တွင် ရောမချိုင့်ကြီးတစ်ခုကို တွေ့လိုက်ရသည်။ အရေးပေါ်သူနာပြုကားသည် တစ္ဆေသရဲ သာ မပါရှိပါက ကားသည် ချိုင့်ကြီးထဲသို့ ကျသွားပြီး ပျက်စီးသွားနိုင်သည့် အန္တရာယ်ကြီးနှင့် တွေ့ရမည်ဖြစ်သည်။ တစ္ဆေက ထိုသို့ မဖြစ်စေရန် ကြိုတင်သတိပေးခြင်း ဖြစ်သည်ဆို၏။

၃။ ၁၉၆၄ ခုနှစ်က ဖြစ်သည်။ မော်တော်ကား အလုပ်ရုံမှ အလုပ်သမားတစ်ယောက်ကို တစ္ဆေက သေဘေးမှ ကယ်တင်ခဲ့ဖူးသည်ဆို၏။ ယင်းမော်တော်ကား အလုပ်သမားကို စက်ကိရိယာ ကြိတ်မိတော့မည့်





www.burmeseclassic.com

အချိန်တွင် တစ္ဆေက ထိုအလုပ်သမားကို ဆွဲလိုက်သဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့သည်ဆို၏။ သေဆုံး၍ တစ္ဆေသရဲ ဘဝရောက်သွားသူသည်လည်း ၄င်းစက်ရုံမှ အလုပ်သမားတစ်ယောက်ဖြစ်ခဲ့ပြီး လွန်ခဲ့သော နှစ်ပေါင်း ၂၀ က စက်ကိရိယာကြိတ်၍ သေဆုံးခဲ့သူဖြစ်ကြောင်း သိရသည်။ တစ္ဆေဘဝရောက်သွားသူက သူ့လို အဖြစ်မျိုး မရောက်စေရန် ကယ်တင်လိုက်ခြင်း ဖြစ်သည်ဟု ယုံကြည်ကြသည်။

ဦးခေါင်းခွံမှ အော်ဟစ်သံ

သေဆုံးသူလူတစ်ယောက်၏ ဦးခေါင်းခွံကို ဒေါ်ဆက်(Dorset)ရှိ ဘယ်တစ်ကော့ဘ်(Bettiscombe) မှုးကြီး မတ်ရာပိုင်မြေတွင် ထားရာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းထားလိုက်သဖြင့် ဦးခေါင်းခွံမှ အော်သံကြားရသည် ဆို၏။ ယင်းဦးခေါင်းခွံသည် ၁၈ ရာစုက အနောက်အင်ဒီးကျွန်းမှ ခေါ်ဆောင်လာသည့် နီဂရိုး လူမည်းကျွန် တစ်ယောက်၏ ဦးခေါင်းခွံဖြစ်သည်ဟု ထင်ရသည်။ လူမည်းနီဂရိုးကျွန်အား သူသေဆုံးခဲ့လျှင် သူ့ခန္ဓာကိုယ် တစ်ခုလုံးကို မြေမြှုပ်သင်္ဂြိုဟ်ရန် အမိမြေသို့ ပြန်ပို့ပေးရန် ကတိပေးထားခဲ့သည်ဆို၏။ သို့ရာတွင် ကတိမတည်ဘဲ လူမည်းကျွန်နီဂရိုး သေဆုံးရာ အလောင်းကို ဘက်တစ်ကော့ဘ်မှာပဲ မြှုပ်နှံခဲ့သည်။

ထိုအချိန်မှစ၍ အုတ်ဂူထဲရှိ လူမည်းနီဂရိုး အလောင်းမှ စတင်အော်ဟစ်ခြင်းပြုတော့သည်ဆို၏။ ထိုအော်သံကြောင့် ၄င်းအလောင်းကို ပြန်ဖော်လိုက်ပြီး အိမ်ထဲတွင် ပြန်ထားလိုက်သည်။ ယင်းအလောင်းသည် တဖြည်းဖြည်း ဆွေးမြည့်လာပြီး နောက်ဆုံးတွင် ဦးခေါင်းခွံအရိုးသာလျှင် ကျန်တော့သည်။ သို့သော် ၄င်းဦးခေါင်းခွံသည် အော်ဟစ်ခြင်းမှ ရပ်တန့်ခြင်းမရှိဘဲ အော်ဟစ်မြဲ အော်ဟစ်နေသည်။ ဘယ်အချိန်ထိ အော်ဟစ်နေမည်ကို မသိရစေကာမူ ဦးခေါင်းခွံမှ သွေးများထွက်သည်အထိ အော်ဟစ်မည်ဟု ပြောဆိုနေကြသည်။

တစ္ဆေပေးသော ဆုလာဘ်

၁၈ ရာစုခေတ်က ဆွီဒင်နိုင်ငံဆိုင်ရာ ဒတ်ချ် သံအမတ်ကြီး ဖြစ်ခဲ့သူ မွန်စီယာဒေမွန်တေဗီးလ် သေဆုံးပြီး နောက်များ မကြာမီမှာပင် သံအမတ်ကြီး၏ ကျန်ရစ်သူ ဇနီးအား တစ္ဆေခြောက်လှန့်ကာ အနှောင့်အယှက်ပေးတော့သည်ဟုဆိုသည်။

ယင်းတစ္ဆေက ၄င်းသည် သေဆုံးသူ သံအမတ်ကြီးဖြစ်ပြီး ဇနီးအား အကြွေးဒတ်ချ်သုံးငွေဂီးလ်ဒါ ၂၅၀၀၀ ပေးစရာရှိသည်ဟု ပြောခဲ့သည်။ ထို့ကြောင့် သေဆုံးသူ သံအမတ်ကြီး၏ ကျန်ရစ်သူဇနီးမှာ တစ္ဆေအခြောက်ခံရ၍ စိတ်အနှောင့်အယှက် ဖြစ်လာသဖြင့် ဆွီဒင်မှ အကြားအမြင်ပညာရှင် အမ်မာနျူအယ်ဆွီဒင်ဘော့စ်ထံ သွားရောက် တိုင်ပင်ပြီး အကူအညီ တောင်းရတော့သည်ဆို၏။

များမကြာမီမှာပင် သေဆုံးသူ သံအမတ်ကြီး၏ ဝိညာဉ်သည် အကြားအမြင်ပညာရှင် ဆွီဒင်ဘော့စ်ထံ ပေါ်လာပြီး သူ၏ ကျန်ရစ်သူဇနီးအား အိပ်မက်ပေးမည်ဟု ပြောသွားခဲ့သည်။

ဒေမွန်တေဗီးလ်တစ္ဆေသည် မကြာမတင်မှာပဲ သူ့ဇနီးအား ညဘက်တွင် အိပ်မက်ပေးတော့သည်။ အိပ်မက်ထဲတွင် တစ္ဆေက သူ့ဇနီးအားပေးရန်ရှိသည့် အကြွေးများ ထားခဲ့သည့်နေရာကို သွားရောက်ရှာဖွေရန် ပြောပြလိုက်သည်။ ကွယ်လွန်သူ သံအမတ်ကြီး၏ ဇနီးက အိပ်မက် မက်သည့်အတိုင်း သွားရောက်ရှာဖွေရာ ငွေဂီးအပုံလိုက် တွေ့ရသည့်ပြင် တန်ဖိုးကြီးမားသည့် စိန်ခြယ်သထားသော ဆံထိုးတစ်ခုလည်း ပါလာသည်ဟု ဆိုလေသည်။

**စန်းမောင်မောင်**

*'Haunted Houses, Ghosts and Spectres*

*was written by Eric Maple and Lynn Myring* ကို

ပြန်ဆိုသည်။

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အဖိုးတန် အလုံး

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

လွန်ခဲ့သော အနှစ်သုံးဆယ်ကျော်က ဖြစ်၏။ ထိုခေတ် ထိုကာလ၌ ကျင့်သုံးသော စီးပွားရေးစနစ်ကြောင့် မှောင်ခိုဆိုင်ခန်းများ အလွန်ရေပန်းစားခဲ့ရ၏။

"အင်း...အခုမှပဲ အပွလုံးကြီး ကျသွားတော့တယ်။ အရေးကြီးတဲ့ အဖိုးတန်အလုံးကတော့ ကျုပ်တို့သွားမယ့် နေရာရောက်ပြီးမှ ထွက်ကျလာလိမ့်မယ်။ အဲဒီဆိုရင် ကျုပ်တို့ ဟန်ကျပြီပေါ့ဗျာ"

ဦးသိန်းမြင့်သည် လေယာဉ်ထိုင်ခုံ ခါးပတ်ကိုပတ်ရင်း ခပ်တိုးတိုးလေး ပြောလိုက်ခြင်းဖြစ်၏။ သူ့မျက်နှာတွင် ချွေးစေးအနည်းငယ်ပြန်နေသည်။ ခါးပတ်ပတ်ပြီးသောအခါ သူသည် ထိုင်ခုံနောက်မှီပေါ်တွင် ကျောကိုဆန့်ရင်း သက်သောင့်သက်သာ ထိုင်လိုက်၏။

"ဘယ်လို အပွလုံးကြီး ကျသွားတာလဲ။ အရေးကြီးတဲ့ အဖိုးတန်အလုံးဆိုတာက ဘာလဲ။ ကျွန်တော် မသိရဘူးလားခင်ဗျာ"

သူနှင့်အတူ ကပ်လျက်ထိုင်နေသော ဦးကျော်ဖြူးက ထူးဆန်းအံ့သြစွာဖြင့် သူ့ကို လှည့်၍ကြည့်ရင်း မေးလိုက်ခြင်းဖြစ်၏။ ဦးသိန်းမြင့်က သူ့အမေးကို ချက်ချင်းမဖြေသေးဘဲ ဘေးဘယ်ညာကို လှည့်၍ကြည့်ရင်း အကဲခတ်လိုက်၏။ သူတို့နှင့်ယှဉ်လျက် တစ်ဖက်တန်းထိုင်ခုံတွင် အနောက်တိုင်းသား မျက်နှာဖြူနှစ်ဦး ထိုင်နေကြ၏။ ရှေ့ခုံတန်းတွင် ဂျပန်ဟုထင်ရသော အရှေ့တိုင်းသားနှစ်ဦးနှင့် သူတို့၏ နောက်ဆုံးတန်းတွင်မူ အိန္ဒိယပြည်သား ကုလားလင်မယား ထိုင်နေကြသည်။ သူတို့၏ထိုင်ခုံအနီး ပတ်ဝန်းကျင်တွင် မြန်မာလူမျိုးဟူ၍ တစ်ဦးတလေမျှ မတွေ့ရတော့မှ သူသည် စိတ်ချသွားဟန်တူ၏။

"ခင်ဗျားကိုတော့ ပြောပြရမှာပေါ့ဗျာ။ ကိုယ်နဲ့အတူ ခရီးသွားကြတဲ့ တစ်ဌာနထဲက လုပ်ဖော်ကိုင်ဖက်တွေပဲဟာ။ ပြီးတော့လည်း ခင်ဗျားဟာ ကျွန်တော့်အတွက် သိပ်စိတ်ချရတဲ့ လက်အောက်ခံအရာရှိတစ်ယောက်ဆိုတာ ကျွန်တော် နားလည်လက်ခံထားတယ်လေ။ အင်း...ခင်ဗျားဘက်ကသာ နှုတ်လုံဖို့နဲ့ သစ္စာရှိဖို့လိုတာ"

သူ့စကားကြောင့် ဦးကျော်ဖြူး၏ မျက်နှာက တစ်မုဟုတ်ချင်း ဝင်းလက်၍သွား၏။ သူသည် အလွန်စိတ်ဝင်စားသော မျက်လုံးကြီးများဖြင့် ဦးသိန်းမြင့်ကို စေ့ကြည့်နေ၏။ သူ့ထံမှထွက်ပေါ်လာမည့် အထူးအဆန်းစကားများကို ကြားလိုလှလေပြီ။

လေယာဉ်ပျံသည် သတ်မှတ်ထားသော အမြင့်ပေအထက်သို့ ရောက်ရှိသွားပြီဖြစ်၍ "ဆေးလိပ်မသောက်ရ"၊ "ခါးပတ်ပတ်ထားပါ" စသည့်အချက်ပြမီးများ မှိတ်သွားကြပြီဖြစ်၏။ မကြာမီပင် ချောမောလှပသော လေယာဉ်မယ်လေးနှစ်ဦးက စားသောက်ဖွယ်ရာများကို လာ၍ချ၏။ ဦးသိန်းမြင့်နှင့် ဦးကျော်ဖြူးတို့သည် ဟန်နီကင်ဘီယာ တစ်ဘူးစီကို ကောက်ယူဖွင့်ဖောက်ပြီးနောက် တစ်မိမ့်မိမ့်နှင့် သောက်နေကြ၏။ ဘီယာဘူးတစ်ဝက်ခန့် ကုန်သွားသောအခါ၌ ဦးသိန်းမြင့်သည် သူ့ထိုင်ခုံကို အနောက်ဘက်သို့ အနည်းငယ်လှန်လိုက်ပြီး မျက်လုံးများကို မှေးထားလိုက်ကာ တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးတောနေလေ၏။

တကယ်တော့ အထက်တန်းအရာရှိတစ်ဦးဖြစ်သူ ဦးသိန်းမြင့်သည် မိမိတို့ဌာနချုပ်ရုံးရှိရာ ရွှေဂုံမြို့ကြီးသို့ ရာထူးတက်ပြီး ပြောင်းရွှေ့လာခဲ့ရသည်မှာ ငါးနှစ်ခန့်သာရှိသေး၏။ ဤနေရာသို့မရောက်လာမီ သူသည် မိမိ၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော မြန်မာပြည်အထက်ပိုင်း ဥတ္တရပူရမြို့၌ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ရ၏။ ထိုစဉ်က သူသည် သာမန်ပြန်တမ်းဝင်အရာရှိတစ်ဦးမျှသာ ဖြစ်သော်လည်း မိမိကိုယ်ကျိုးအတွက် အကွက်မြင်ပြီး ခြေလှမ်းသွက်သူ လူနပ်တစ်ဦးဖြစ်၍ အဆင့်အတန်းမြင့်မြင့် နေထိုင်နိုင်ခဲ့၏။ ဌာနပိုင် လုံးချင်းတိုက်တစ်လုံးတွင်



www.burmeseclassic.com

www.burmeseclassic.com

စမတ်ကျကျနေထိုင်ပြီး ဗွာနပိုင် ဆလွန်းကားဖြင့် စတိုင်ကျကျ ရုံးတက်ခဲ့၏။ ဝန်ထမ်းမဟုတ်သော်လည်း သူ့ နီးသည် အအား မနေခဲ့ပါ။ မိမိတို့ အလကားနေထိုင်ခွင့်ရထားသော ဗွာနပိုင်လုံးချင်းတိုက်၌ စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ဆောင်ပြီး တစ်ဖက်တစ်လမ်းမှ ငွေရှာခဲ့၏။

ဗွာနလုပ်ငန်းများ အကောင်အထည်ဖော်ရန် ရုံးချုပ်က နှစ်စဉ် ရန်ပုံငွေ တိုးမြှင့်ချထားပေးခဲ့သော်လည်း ဦးသိန်းမြင့်တို့မိသားစု၏ အတွင်းပစ္စည်းများသာ တိုးပွားလာခဲ့ရ၏။ ဗွာနဆိုင်ရာလုပ်ငန်းများကမူ ဘာမျှ ထူးခြားတိုးတက်လာခြင်းမရှိခဲ့ချေ။ သူသည် အချိန်ကိုလည်း အကျိုးရှိရှိ အသုံးချတတ်၏။ ရုံးချိန်အတွင်း၌ သူကြိုက်နှစ်သက်သော နိုင်ငံခြားဝတ္ထုစာအုပ်များကို ဖတ်၏။ ရုံးစောစောဆင်းပြီး တင်းနစ်ကွင်းသို့ ယွန်း၏။ ရုံးပိတ်ရက်များ၌ ငါးမျှားထွက်၏။ သို့မဟုတ် အဖော်ကောင်းလျှင် အမဲပစ်ထွက်၏။

"ပေါင်မုန့်၏ မည်သည့်ဘက်အခြမ်း၌ ထောပတ်သုတ်ထားသည်ကို နားလည်သော လူစားမျိုးဖြစ်သည်" ဆိုသော သိုးဆောင်းစကားပုံတစ်ခု အတိုင်း မည်သူတွေကို ရွေးချယ်ပေါင်းသင်းရမည်ဆိုသည်ကိုတော့ သူကောင်းကောင်းကြီး နားလည်၏။ မိမိကို ကြည့်ရှုဆောင်မနိုင်မည့်လူမျိုးကိုဆိုလျှင် ထိပ်ပေါ်တင်ထားပြီး ပေါင်းဖော်တတ်၏။ ရနိုင်သမျှသော အခွင့်အရေးများကို တောင်းယူ၏။ မိမိတွင် အိုးပိုင်အိမ်ပိုင်မရှိ၊ မြေပိုင်မရှိဟူသော အကြောင်းပြချက်ဖြင့် သူသည် ဥတ္တရပူရ၏ မြို့သစ်နေရာကောင်းတွင် မြေကွက်တစ်ကွက် ရရှိခဲ့လေသည်။ ရုံးလုပ်ငန်းအပြင် သူသည် လူမှုရေးအသင်းအဖွဲ့များ၌လည်း အများအကျိုးဆောင်လေဟန်ဖြင့် ချောင်စေရန် စားပေါက်ထွင်ပြီး ပါဝင်ခဲ့သေး၏။ ရွှေဂုံမြို့ ရုံးချုပ်သို့ ပြောင်းရွှေ့ခါနီး၌ သူသည် ဥတ္တရပူရမြို့သစ်၌ အလကားရခဲ့သော မြေကွက်ကို ဈေးကောင်းကောင်းဖြင့် ရောင်းစားပစ်ခဲ့လေသည်။

ရွှေဂုံမြို့ရုံးချုပ်သို့ ပြောင်းရွှေ့လာခဲ့ပြီးနောက်လည်း သူသည် လူနပ်ချမ်းသာတစ်ဦးအဖြစ် ဣန္ဒြေမပျက်ဆက်လက်ရပ်တည်နိုင်ခဲ့၏။ ဗွာနပိုင် အဆောက်အအုံဟောင်းတစ်ခု၌ ကပ်ရပ်နေထိုင်ခွင့်ရလေသောကြောင့် အိမ်လခအတွက် မပူရတော့။ ရုံးကားတစ်စီးကို အိမ်ယူထားခွင့်ရသောကြောင့် သွားရေးလာရေးအတွက် ကုန်ကျစရိတ်မလိုတော့ဘဲ ခတ်ဆီအပိုကို မှောင်ခိုရောင်းချသဖြင့် အမြတ်ပင်ထွက်လိုက်သေး၏။ ဗွာနလုပ်ငန်းပိုင်း ဆိုင်ရာတွင် ပညာစုံလာပြီးသူဖြစ်၍ အကြံအဖန်ကိစ္စများအတွက် ပိပိရိရိဆောင်ရွက်ကာ ကောင်းစွာ အမြတ်ထုတ်နိုင်ခဲ့၏။ သူတို့ဗွာနအတွက် ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်များထံ အလုပ်အပ်နှံရန် လိုအပ်လာသည်ဆိုပါစို့။ သူသည် မိမိနှင့်ရင်းနှီးသော လုပ်ငန်းရှင်တစ်ဦးထံသို့ ကြိုတင်သွားရောက် ဆွေးနွေးညှိနှိုင်း၏။ ထို့နောက် ပုဂ္ဂလိကလုပ်ငန်းရှင်သုံးဦးက စာရင်းတင်လေဟန်ဖြင့် . . .

(က) ဦးဖြူသည် ဤလုပ်ငန်းကို သိန်းသုံးဆယ်ဖြင့် ဆောင်ရွက်ပေးနိုင်မည်ဟု ကမ်းလှမ်းထားကြောင်း။

(ခ) ဦးနီသည် နှစ်ဆယ့်ငါးသိန်းဖြင့် ဆောင်ရွက်ပေးရန် ကမ်းလှမ်းထားကြောင်း၊

(ဂ) ဦးဝါက နှစ်ဆယ့်လေးသိန်းကိုးသောင်းကိုးထောင်ဖြင့် ဆောင်ရွက်ပေးနိုင်မည်ဟု ကမ်းလှမ်းထားကြောင်း။

ထို့ကြောင့် စရိတ်အသက်သာဆုံးဖြစ်သော ဦးဝါထံတွင် လုပ်ငန်းအပ်နှံသင့်ပါကြောင်း ဦးသိန်းမြင့်က အရာရှိချုပ်ထံသို့ ထောက်ခံတင်ပြ၏။ တစ်ဖက်တွင်လည်း သူသည် ဦးဝါအား မိမိတို့အရာရှိချုပ်၏ နေအိမ်သို့ နောက်ဖေးပေါက်မှဝင်ရန် လမ်းညွှန်ထား၏။

အနက်ရောင်ပတ် ဝီစကီပုလင်း... ပုဆိုးအကောင်းစား၊ အထိုက်အလျောက်... သောငွေကြေးများဖြင့် ကန်တော့စေ... သို့ဖြင့် ထိုလုပ်ငန်းကို ဦးဝါက လုပ်ကိုင်ခွင့်ရရှိသွားခဲ့ရလေသည်။ အကယ်၍... ဦးဝါအား ထိုလုပ်ငန်းကို မအပ်နှံပဲ ဦးနီ... သို့မဟုတ် ဦးဖြူတို့ကို အပ်နှံခဲ့ပါက... လည်း ကိစ္စမရှိပါ။ တကယ်တော့ ထို... နာမည်များသည် ဦးဝါ၏ အမည်ကွဲများ... သာ ဖြစ်ကြပေ၏။ ယင်းလုပ်ငန်းမျိုး... တိုင်းတွင် ပင်တိုင်ဉာဏ်ကြီးရှင် ဦးသိန်း... မြင့်သည် လုပ်ငန်းရှင်တို့ထံမှ (၁၀ ရာ... ခိုင်နှုန်း) ဉာဏ်ပူဇော်ခ ရရှိစမြဲဖြစ်... ဤကား ပြည်တွင်း၌ သူ၏စားပေါက်... ရှာနည်းတစ်ခု ဖြစ်သတည်း။

တစ်ခါက သူသည် ပြည်ပနိုင်... ကြီးတစ်ခုသို့ ကံအားလျော်စွာ လေ့လာ... ရေးခရီး သွားရောက်ခဲ့ရ၏။ အမှန်မှာ... ထိုခရီးစဉ်သည် သူနှင့် တိုက်ရိုက်သ... ဆိုင်သည်တော့မဟုတ်။ တကယ်သွား... သင့်သည့် အရာရှိမှာ ပြည်ပခရီးတစ်... မှ ပြန်ရောက်ခါစဖြစ်နေ၍ ထို... နေရာ၌ ခေတ္တပူးတွဲဆောင်ရွက်နေ...



www.burmeseclassic.com

www.burmeseclassic.com

ဦးသိန်းမြင့်ကို ရွေးချယ်စေလွှတ်ခဲ့ခြင်းဖြစ်၏။ ထိုပြည်ပခရီးစဉ်၌လည်း သူသည် ကောင်းကောင်းကြီး အမြတ်ထွက်ခဲ့ပါ၏။ ဌာနမှထုတ်ပေးလိုက်သော ဒေါ်လာများကို ပညာသားပါပါ စာရင်းလိမ်၍ပြကာ မိမိ၏ကိုယ်ပိုင်ငွေအဖြစ်သို့ ကူးပြောင်းစေခဲ့၏။ ပြည်ပခရီးစဉ်ပြီးဆုံး၍ ပြန်လာသောအခါ မြန်မာပြည်သို့မဝင်မီ နောက်ဆုံးလေဆိပ်ရှိရာ နိုင်ငံခြားမြို့တော်ကြီး တစ်ခုတွင် ပါလာသမျှဒေါ်လာတို့ကို ချန်ထားခဲ့ကာ ပွန်ဒီ(ခေါ်) ငွေလွှဲစာရွက်ကလေးတစ်စောင်ကိုသာ အိတ်ထဲထည့်၍ ယူဆောင်လာခဲ့လေသည်။ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိသည့်အခါ၌ သူသည် ထိုဟွန်ဒီစာရွက်ကလေးကို တစ်စုံတစ်ဦးအား ပြလိုက်ရာ သူ့လက်ထဲသို့ မြန်မာငွေ သိန်းနှင့်ချီ၍ ရောက်ရှိလာခဲ့ရ၏။

× × ×

"ဟဲဟဲဟဲ . . . အခုခရီးစဉ်မှာတော့ အရင်ခရီးစဉ်ထက် အဆပေါင်းများစွာကျန်အောင် ကျုပ်က အပွကြံလာခဲ့တာခင်ဗျ။ ဥတ္တရပူရမြို့ဘက်က ကျုပ်သိန်းနဲ့ချီပြီးဝယ်ထားတဲ့ သွေးပြီးသား ကျောက်စိမ်းလုံး အချောလေးတစ်လုံးကို ကျုပ်ယူလာခဲ့တယ်ဗျ"

"ဗျာ . . . ဦးသိန်းမြင့်က ကျောက်စိမ်းသယ်လာခဲ့တယ် ဟုတ်လား။ လေဆိပ်မှာ ပြဿနာမပေါ်ခဲ့ဘူးလားဗျ"

မြူးတူးပြတဲနှင့် သူ့ကို ထိတ်လန့်စွာမေးသော ဦးကျော်ဖြူးကို သူက သနားစရာ သတ္တဝါလေးတစ်ကောင်အသွင် ပြန်၍ကြည့်၏။

"ဟဲဟဲ . . . ကျုပ်က ရိုးရိုးသယ်လာတာမှ မဟုတ်တဲ့။ ပညာသားပါပါနဲ့ ပိပိရိရိ လုံလုံခြုံခြုံ သယ်လာခဲ့တာကိုးခင်ဗျ။ ရွှေဂုံမြို့လေဆိပ်ကိုမလာခင် ကျုပ်ဟာ မန်ကျည်းစေ့သာသာလောက်ရှိတဲ့ အဲဒီကျောက်စိမ်း အလုံးကလေးကို အိမ်ကထွက်ခါနီးမှ မျိုချလာခဲ့တာဗျ ဦးကျော်ဖြူးရ။ ကျုပ်ဗိုက်ထဲမှာ ရောက်နေတဲ့ အဲဒီ ကျောက်စိမ်းလုံးကလေးကို ဘယ်သူက ရှာတွေ့နိုင်တော့မှာလဲ . . . ဟားဟားဟား"

"ဟိုနိုင်ငံရောက်လို့ နောက်ဖေးသွားရင် အဲဒီကျောက်စိမ်းလုံးက အပြင်ဘက်ကို ထွက်ကျလာမှာပဲ။ ရေဆေးပြီး ရောင်းလိုက်ရင် ကျုပ်တော့ အကြီးအကျယ် ထောပြီပေါ့ဗျာ။ ဒီကျောက်စိမ်းလုံးကလေးက အရွယ်သေးပေမယ့် အရည်သိပ်ကောင်းလေတော့ ဈေးကောင်းကောင်းရဖို့ သေချာပါတယ်။ ကျုပ်တို့ဆီက ကျောက်စိမ်းတွေဟာ နိုင်ငံခြားမှာ ဘားမားဂျိတ် ဘားမားဂျိတ်ဆိုပြီး သိပ်နာမည်ကြီးတာဗျ။ အခု ကျုပ်ဗိုက်ထဲမှာရှိနေတဲ့ ကျောက်စိမ်းလုံးကလေးမျိုးဆိုရင် ဒေသအခေါ်နဲ့ ခွေးလုလို့ခေါ်တဲ့ တန်းအမြင့်ဆုံး ကျောက်မျိုးဗျ။ ဒီတစ်ချီတော့ ကျုပ်သိန်းပေါင်းများစွာရဖို့ သေချာနေပြီလေ။ အေးလေ . . . ဟိုမှာ ခင်ဗျားကို ကောင်းကောင်းပြုစုကျွေးမွေးမှာပေါ့ဗျာ . . . ဟားဟားဟား"

သူက ဦးကျော်ဖြူးကို အူမြူးစွာ ပြောပြနေခြင်းဖြစ်၏။ မြန်မာလို ပြောဆိုနေကြခြင်း ဖြစ်၍ အနီးအနားရှိ အခြားခရီးသည်များကတော့ ဘာမျှနားလည်ဟန်မတူချေ။ သူတို့နှစ်ဦးကို စိတ်ဝင်စားခြင်း အလျဉ်းမရှိဘဲ စာအုပ်ဖတ်သူကဖတ်၊ နားကြပ်ဖြင့် သီချင်းနားထောင် သူကနားထောင်လျက် ရှိနေကြ၏။ သူတို့စီးနင်းလိုက်ပါလာသော လေယာဉ်ပျံကြီးသည် ခြောက်နာရီကြာမျှ ပျံသန်းပြီးနောက် သက်ဆိုင်ရာ လေဆိပ်သို့ ချောမောစွာဆင်းသက်လေတော့၏။

× × ×

"ဘယ့်နှယ်လဲခင်ဗျ။ ဦးသိန်းမြင့် မျိုချခဲ့တဲ့ ကျောက်စိမ်းလုံးကလေး အပြင်ကို ပြန်ထွက်လာပြီလား"

နေရာကား သူတို့တည်းခိုလျက်ရှိသော ဟိုတယ်ခန်းတွင်ဖြစ်၏။ အချိန်ကား ထိုနိုင်ငံသို့ရောက်ပြီး နောက်တစ်နေ့နံနက်ခင်းတွင် ဖြစ်၏။ အိမ်သာမှ ထွက်လာသူ ဦးသိန်းမြင့်အား ဦးကျော်ဖြူးက မျှော်လင့်ချက်ကြီးစွာဖြင့် အထက်ပါအတိုင်း မေးလိုက်ခြင်းဖြစ်၏။

"ကျုပ်က ကမုတ်(အိမ်သာအိုး) ထဲသွားတာ မဟုတ်ဘူးဗျ။ အိမ်သာခန်းအခင်းကြမ်းပြင်ပေါ်မှာ စက္ကူခင်းပြီး ပါချတာဗျ။ ကိစ္စပြီးလို့ မစင်တွေကြားထဲ မွှေနှောက်ရှာဖွေကြည့်တာ ဘာမျှမတွေ့ရသေးဘူးဗျို့။ ကျုပ်မျိုချခဲ့တဲ့ အဖိုးတန်အလုံးဟာ ဝမ်းဗိုက်ထဲ တစ်နေရာမှာ ခိုကပ်နေသေးတယ် ထင်ပါရဲ့ဗျာ"

ဦးကျော်ဖြူးက စိတ်ပျက်သွား၏။ ဦးသိန်းမြင့်က သူ့ထက်ပို၍ စိတ်ပျက်နေပုံရ၏။ အိပ်ရာပေါ်၌ အသာအယာ လဲလျောင်းရင်း . . .

"အင်း . . . ကျုပ်တို့တက်ရမယ့် ဆင်(မ်)နာဆွေးနွေးပွဲက ဒီကနေ့ရယ်၊ နက်ဖြန်တစ်ရက်ရယ်ဆိုရင် ပြီးပြီ။ သန်ဘက်ခါ ကျုပ်တို့ မြန်မာပြည်ကို ပြန်ကြရတော့မှာဗျ။ အေးလေ နက်ဖြန်တစ်ရက်တော့ ကျန်ပါသေးတယ်"

ဦးသိန်းမြင့်က နက်ဖြန်အတွက်



www.burmeseclassic.com

www.burmeseclassic.com

မျှော်လင့်ချက်ထားကာ စကားဆိုလိုက်ခြင်းဖြစ်၏။

"ကျွန်တော်ကလည်း ဆုတောင်းပေးပါ့မယ်ခင်ဗျာ"

ဦးကျော်ဖြူးကလည်း အားပေးစကားပြောကြား၏။

× × ×

နောက်တစ်နေ့ နံနက်ခင်းတွင်ဖြစ်၏။ ဆွေးနွေးပွဲသို့မသွားမီ ဟိုတယ်အိမ်သာခန်းထဲမှထွက်လာသူ ဦးသိန်းမြင့်ကို ဦးကျော်ဖြူးက ထုံးစံအတိုင်းမေးပြန်၏။ ဦးသိန်းမြင့်သည် အလွန်ပင်စိတ်ဓာတ်ကျနေပုံရ၏။ နှုတ်ဖြင့်မဖြေဘဲ ခေါင်းကိုသာ အသာအယာ ခါယမ်းပြရှာ၏။

ဒီလိုနဲ့ သူတို့တက်ရောက်ရသောဆွေးနွေးပွဲကြီးကလည်း ပြီးဆုံးသွားခဲ့ရလေသည်။ နောက်တစ်နေ့နံနက်တွင် သူတို့နှစ်ဦးသည် မြန်မာနိုင်ငံသို့ ပြန်ရန်လေဆိပ်သို့ ထွက်ခွာလာခဲ့ကြ၏။ လေဆိပ်တွင် အဆင့်ဆင့်သော စစ်ဆေးမှုများကို ခံယူပြီးနောက် မိမိတို့ စီးနင်းလိုက်ပါရမည့် လေယာဉ်ပျံပေါ်သို့တက်ရန် သတ်မှတ်နေရာ၌ ခေတ္တစောင့်ဆိုင်းနေကြစဉ် ဦးသိန်းမြင့်၏ခန္ဓာကိုယ်တစ်ခုလုံး တွန့်ခနဲဖြစ်သွားပြီး မျက်နှာရှုံ့မဲ့လျက်···

"ကျုပ် ဗိုက်နာပြီး နောက်ဖေးသွားချင်နေတယ်"

"ဟိုက်··ဒုက္ခ။ ခင်ဗျား ဒီတစ်ခါ နောက်ဖေးသွားရင်လည်း ဟိုတယ်မှာတုန်းကလိုပဲ သတိနဲ့သွားပေါ့ဗျာ။ တော်ကြာ ခင်ဗျားရဲ့ဗိုက်ထဲက အဖိုးတန်အလုံး ထွက်ကျလာရင် အိမ်သာကမှတ်ထဲရောက်ပြီး ဆုံးရှုံးသွားလိမ့်မယ်"

ဦးသိန်းမြင့်သည် ဦးကျော်ဖြူး၏ အကြံပြုချက်အတိုင်း မိမိလိုက်နာမည်ဖြစ်ကြောင်း ခေါင်းညိတ်ပြကာ အိမ်သာရှိရာသို့ပြေးလေ၏။ ၁၀ မိနစ်ခန့်အကြာ၌ သူသည် အိမ်သာခန်းထဲမှ ကသုတ်ကယက်နှင့် ပြန်ထွက်လာခဲ့၏။ ထိုအချိန်၌ လေယာဉ်ပျံပေါ်သို့ ခရီးသည်တွေ တက်ရောက်ကြရန် ခေါ်နေပြီဖြစ်ရာ သူတို့သည် ဘာစကားမျှ မပြောနိုင်သေးဘဲ ကိုယ့်အထုပ်ကိုယ်ဆွဲ၍ ပြန်ထွက်ခွာလာခဲ့ကြ၏။

"အခြေအနေ ဘယ်လိုလဲဗျ"

"ပြောပြမှာပေါ့ဗျာ"

လေယာဉ်ပေါ်တွင် မိမိတို့အတွက် သတ်မှတ်ထားသော ထိုင်ခုံများတွင် နေရာယူကြပြီးနောက် ထိုင်ခုံခါးပတ်ပတ်နေစဉ် ဦးကျော်ဖြူးက ဦးသိန်းမြင့်ကို မေးလိုက်ခြင်း ဖြစ်၏။

"အပွဲပွဲ နွှဲလာခဲ့သမျှ ဒီတစ်ချီတော့ ကျုပ်ခံလိုက်ရပြီဗျို့"

"ဘယ်လို ခံလိုက်ရတာလဲဗျ"

"မြန်မာပြည်တုန်းက ကျုပ်မျိုချလာခဲ့တဲ့ အဖိုးတန်ကျောက်စိမ်းအလုံးကလေးဟာ အခု အပြန်ခရီး လေယာဉ်ပျံပေါ်တက်ခါနီး နောက်ဖေးသွားတော့မှ ထွက်ကျတော့မှလာတယ်ခင်ဗျ။ ခင်ဗျားရဲ့သတိပေးချက်အတိုင်း လိုက်နာလိုက်မိလို့သာပေါ့ဗင်ဗျ။ နို့မို့ရင် အိမ်သာကမှတ်ထဲကျပြီး ကျန်နေခဲ့ရတော့မှာ။ ကျုပ်က ခင်ဗျားသတိပေးတဲ့အတိုင်း ဟိုတယ်တုန်းကလို အိမ်သာခန်းကြမ်းပြင်ပေါ်မှာ စက္ကူခင်းပြီး နောက်ဖေးသွားတယ်။ ကိစ္စပြီးလို့ မစင်ပုံထဲ လက်နဲ့ရှာဖွေမွှေနှောက်ကြည့်တော့ လားလား ဘာသားချော ကျောက်စိမ်းလုံးကို သွား တွေ့မိရတာကိုး။ ကျုပ်လည်း စိတ်ညစ် သွားပြီး ဟို···စတီယိုသီချင်းထဲကလို "ဒီအချိန်မှာ ပြန်တွေ့ရတော့ ဘာလုပ် ရမှာလဲလို့၊ ဒီအချိန်မှာပြန်တွေ့ရတော့ ဘာလုပ်ရမှာလဲလို့ဆိုပြီး အော်ငိုပစ် လိုက်ချင်တယ်ဗျာ"

"ဒီတော့ ခင်ဗျား ဘာလုပ်လိုက် သလဲ"

"အခုအချိန်မှ ထွက်ကျလာတော့ ဘာလုပ်လို့ရမှာလဲ။ ဒီအတိုင်းပြန်သယ် လာခဲ့ရင် မြန်မာပြည် ရွှေဂုံလေဆိပ် ရောက်တော့ ပြဿနာပေါ်မယ်၊ ကျုပ် လည်းအမှုဖြစ်မယ်။ အိမ်သာကမှတ်ထဲ လွှင့်ပစ်ခဲ့ရင်လည်း ကျုပ်ရင်းထားတဲ့ငွေ သိန်းနဲ့ချီပြီး ရှုံးဦးမယ်၊ ဒီတော့ လျှပ် တစ်ပြက်အတွင်း စဉ်းစားပြီး ချက်ချင်း အကောင်အထည်ဖော်ခဲ့ရတာပေါ့ခင်ဗျာ"

"ဘယ်လိုစဉ်းစားပြီး အကောင် အထည်ဖော်ခဲ့တာလဲခင်ဗျ"

"ဟီးဟီးဟီး···မစင်ပုံထဲက အဲ အဖိုးတန်အလုံး ကျောက်စိမ်းတုံးကို ဆေးပြီး ပြန်မျိုချခဲ့ရတော့တာပေါ့ခင်ဗျာ"

ဦးသိန်းမြင့်၏ စကားအဆုံး ဦးကျော်ဖြူးသည် မိမိထိုင်ခုံရှေ့ရှိ အိတ် ထဲမှ ပလတ်စတစ်အိတ်တစ်လုံးကို ထုတ်ယူပြီး မိမိပါးစပ်နှင့်တေ့ကာ -

"ဝေါ့ဝေါ့ဝေါ့···ထွီ ···

ကောင်းလိုက်တာဗျာ"

ဟု စက်ဆုပ်စွာ ပြောရင်း အန် လိုက်လေ၏။

မနုဿကျော်ဝင်း

(အမျိုးသားစာပေဆုရ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အစိမ်းရောင် သစ္စာစကား

■ ကျော်မြသန်း

(ယခင်လမှအဆက်)

အခန်း (၄)

မှ…ကြင်ခရန် ရှေ့တန်းတစ်နေရာ။

ချစ်ရတဲ့သီတာရေ…

သတိရတဲ့ စိတ်တွေကို ရင်မှာ ပိုက်ပြီး ဒီစာကို ရေးလိုက်ပါတယ်။ သီတာလည်း မောင့်ကို လွမ်းနေမယ် တမ်းတနေမယ်၊ သတိရနေမယ်ဆိုတာ မောင်သိပါတယ်။

ခုဆို မောင်တို့ ကြင်ခရန်ရွာမှာ စခန်းချနေတယ်သီတာ။ ကြင်ခရန်ကို ခြေကုပ်ယူပြီး ကချင်လူမျိုးစုကို ဒုက္ခပေးနေတဲ့ လက်နက်ကိုင် သောင်းကျန်းသူတွေဟာ မောင်တို့ရဲ့ ထိုးစစ်ဆင်မှုကြောင့် ဆုတ်ခွာပြေးကြပြီ။

မောင်တို့ တပ်မတော်က ကြင်ခရန်ကို စိုးမိုးနိုင်ခဲ့ပြီပေါ့။

မောင်နဲ့တကွ ရဲဘော်တွေရဲ့ နှလုံးစိတ်ဝမ်းမှာ ရွှင်လန်းတက်ကြွနေကြတယ်။ တိုင်းပြည်နဲ့လူမျိုးရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ အဖျက်သမားတွေကို တိုက်ခိုက်နိုင်ခဲ့လို့ အတိုင်းထက်အလွန် ပျော်ရွှင်နေကြတာပေါ့။

ဒါပေမယ့် ဒီလိုပျော်ရွှင်ချမ်းမြေ့ရတဲ့ စိတ်တွေကြားမှာ ကြေကွဲဆွေးမြေ့ဖွယ် အဖြစ်ဆိုးတစ်ခုက ဝင်လာခဲ့ပြန်တယ်။ အသည်းနှလုံး တစ်မြွှာတစ်ထွေးကြီးကို ဆွဲကိုင်ယူလိုက်သလို ခံစားရတယ်လို့ပြောရရင် ပိုတယ်လို့ ထင်မလားမသိဘူး။

ကြင်ခရန်ရွာကို သိမ်းပိုက်တဲ့ တိုက်ပွဲမှာ မောင်တို့ တပ်မတော်က ရဲဘော်တစ်ယောက်ရဲ့ အသက်ကို ပေးလိုက်ရတယ်။ ရှင်းရှင်းပြောရရင် ကြင်ခရန်ရွာတိုက်ပွဲမှာ မောင့်ရဲဘော်တစ်ယောက် ကျသွားတယ်သီတာ။ ရဲဘော်စိုးမြင့်ရယ်ပေါ့။

အင်း…သီတာကတော့ ပြောမလားမသိဘူး။ စစ်မြေပြင်မှာ စစ်သားတစ်ယောက်သေတာ မဆန်းပါဘူးလို့။

မှန်တယ်သီတာ။ ကောင်းကင်က ငွေကြယ်ပွင့်တွေကြွေတာ မဆန်းသလို စစ်မြေပြင်မှာ စစ်သားသေတာ မဆန်းပါဘူး။

သို့ပေမယ့် ကောင်းကင်က ငွေကြယ်ကြွေရင် လူတွေက ကောင်းရာမွန်ရာရောက်ပါစေလို့ ဆုတောင်းမေတ္တာပို့ပေမယ့် စစ်မြေပြင်မှာ အဖျက်သမားသောင်းကျန်းသူတွေကို တိုက်ထုတ်ရင်း ကျဆုံးသွားတဲ့ ရဲဘော်တွေအတွက်တော့ ဘယ်သူမှ ကောင်းရာမွန်ရာရောက်ပါစေလို့ ဆုမွန်မတောင်းကြဘူး။ အသိအမှတ်မပြုကြဘူး။

ထားပါလေ…။

တစ်နေ့မှာ ပြည်သူတွေအနေနဲ့ မိမိတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်နေတဲ့ တပ်မတော်သားတွေအတွက် ညှာတာစိတ်ထားတတ်လာမှာပါ။

သီတာ မောင့်စာကို ဖတ်ရာမှ ရယ်လိုက်သည်။

ဘာကြောင့်များ မောင် သည် အကြောင်းတွေကို ကျယ်ကျယ်ဝံ့ဝံ့ ငိုကာချဲ့လို့ပြောနေပါလိမ့်လို့ သိချင်နေ၏။

မောင့်မှာ အကြောင်းတစ်စုံတစ်ရာတော့ ကျိန်းသေရှိလိမ့်မည်ကို သီတာ တွက်မိ၏။

မောင်ပြောခဲ့တဲ့ အကြောင်းတွေနဲ့ ပတ်သက်လို့ သီတာတွေးမိသည်။ ဒါကလည်း အရင်က မောင်ပြောခဲ့သည့် အကြောင်းများနှင့် ဆက်စပ်၍ဖြစ်သည်။ သီတာ မမေ့သေးပါ။ သီတာ မှတ်မိလို့နေပါသည်။

တစ်နေ့ မောင်နှင့်သီတာ အင်းယားမှာ တွေ့ကြတော့ သီတာကို မောင် အကြောင်းတစ်ခုတိုင်ပင်သည်။

မောင် တပ်မတော်ထဲဝင်မည့်



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းနှင့် ပတ်သက်၍ ဖြစ်သည်။

မောင်က ဒီအကြောင်းကို ပြောလာတော့ သီတာ အံ့သြရသေး၏။

မောင်က နုနယ်သူ။ ပျော့ပျောင်းသူ။ မောင့်ရဲ့ အသားရေကလည်း ဖြူဖျော့ဖျော့နှင့်။ အမှတ်တမဲ့ကြည့်လျှင် အားနည်းနေပုံရသည်။

သည်လိုလူတစ်ယောက်က ကြမ်းတမ်းသည့် တာဝန်တွေများမြောင်သည့် တပ်မတော်သားတစ်ယောက်အသွင် ပြောင်းမည်ဆိုတော့ သီတာ အံ့သြသည်မှာ မဆန်းကြယ်လို့ ထင်သည်။

"ဘာရယ်မောင်၊ မောင် တပ်မတော်ထဲဝင်မလို့ ဟုတ်လား"

သီတာက တအံ့တသြမေးဖြစ်သည်။ အဝေးသို့ ငေးမျှော်ကြည့်နေသည့် မောင့်မျက်နှာကိုလည်း ဆတ်ခနဲကြည့်လိုက်သည်။

မောင်ကလည်း ရုတ်တရက်လှည့်ကြည့်လိုက်သည်မို့ အကြည့်ချင်းဆုံသွား၏။

မောင်က ပြုံးသည်။

"ဘာလဲ သီတာ။ မောင် တပ်မတော်ထဲဝင်မယ်ဆိုလို့ အံ့သြနေတာလား"

သီတာ ခေါင်းညိတ်သည်။

"မအံ့သြနဲ့ သီတာ။ မောင် ဆုံးဖြတ်လိုက်ပြီ"

သီတာ သက်ပြင်းရှိုက်မိသည်။ အကယ်၍ ဖြစ်နိုင်မည်ဆိုလျှင် မောင် တပ်မတော်တွင် ဝင်ရောက်အမှုထမ်းမယ့် ကိစ္စနှင့်ပတ်သက်လို့ ပိတ်ပင်တားဆီးချင်သည်။ တစ်ခုခက်နေသည်က မောင် တပ်မတော်ထဲဝင်ရန် ဆုံးဖြတ်ပြီးပြီဆိုတော့။ တကယ်တော့ မောင်က ဆုံးဖြတ်ချက် ခိုင်မာသူရယ်ကိုး။

သီတာ သက်ပြင်းကို ရှိုက်မိသည်။ သီတာကို မောင်ကကြည့်သည်။

မောင်က သီတာ့ကို သိုင်းဖက်လိုက်ကာ ပါးချင်းကပ်လိုက်သည်။

"ဘာလဲ သီတာ။ သီတာက သဘောမတူဘူးလား"

, သီတာအနေနဲ့ သဘောမတူသည့်အကြောင်းကို ပြောလိုက်ချင်သည်။ မပြောဖြစ်။ နှုတ်က ပြောလို့မထွက်ပါ။ သီတာပြောလိုက်သည့် သဘောမတူသည့် အကြောင်းနှင့်ပတ်သက်လို့ မောင့်စိတ်စနိုးစနောင့် ဖြစ်သွားမှာစိုးသည်။

"သီတာ ဘာပြောရမှန်းတောင် မသိတော့ပါဘူး မောင်ရယ်။ သီတာ သိတာက မောင့်ကို သီတာ မခွဲနိုင်ဘူး"

"ဒါဖြင့် သဘောမတူဘူးပေါ့"

မဖြေဘဲ ငြိမ်နေသည်။

မောင့်ကို လှည့်ကြည့်လိုက်ရာ မောင် သီတာ့ကို ပြုံးကြည့်နေသည်ကို တွေ့ရ၏။ မောင်က သက်ပြင်းကို လေးလေးချသည်။

"ဒီအယူအဆက လူတိုင်းမှာ ရှိနေဆဲပဲ သီတာ။ ဘာလဲဆိုတော့ ကိုယ်နဲ့ ရင်းနှီးကျွမ်းဝင်တဲ့ လူတစ်ယောက်ကို တပ်မတော်ထဲဝင်မှာ စိုးရိမ်နေတယ်။ လူတွေရဲ့ စိတ်ထဲမှာ လူတစ်ယောက် တပ်မတော်ထဲကို ဝင်လိုက်ရင် သေလမ်းကိုသွားတယ်လို့ ထင်နေသလား မသိဘူး။ တကယ်တော့ နိုင်ငံသားတိုင်းဟာ တိုင်းပြည်ချစ်စိတ်၊ ရှိရမယ်။ တိုင်းပြည်တာဝန် ထမ်းဆောင်ဖူးရမယ်လို့ မောင်ယူဆတယ်။ ,အမှန်တော့ စစ်သားဆိုတာ တိုင်းပြည်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေတဲ့ ကာယလုပ်သားတွေပါကွာ"

မောင်က စကားကို ရပ်လိုက်သည်။ သီတာ့ကို ထွေးဖက်ထားရာမှ ထလိုက်သည်။ သီတာကလည်း မောင်နှင့်အတူ ထလိုက်သည်။ စိမ်းမြမြ မြက်ခင်းပေါ်တွင် လျှောက်လည်ကြသည်။

လေက သွဲ့သွဲ့နွဲ့နွဲ့ တိုက်ခတ်နေ၏။ လေတိုက်ခတ်ပုံက ညင်းသွဲ့သွဲ့။ အင်းယားရေပြင်ကို ဖြတ်ကျော်တိုက်ခတ်လာသည့်လေမို့ စိမ့်စိမ့်အေးသည်။

"တပ်မတော်သားတိုင်းရဲ့ စိတ်ထဲမှာ ရှိကြတာက နိုင်ငံတော်ကိုချစ်တဲ့စိတ်၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်လိုတဲ့စိတ်ပဲ သီတာ။ အရွယ်ရောက်သူတိုင်း တပ်မတော်မှာ ဝင်ရောက်အမှုထမ်းသင့်တယ်လို့ မောင် ထင်တယ် သီတာ"

အင်းလျားကန်စပ်ကို ရောက်လာသည်။ အင်းလျားရေပြင်ကို ဖြတ်ကျော်တိုက်ခတ်လာသည့် လေနုအေးကလေးများနှင့်အတူ ခွပ်ကြက်လှိုင်းကလေးများ ပါလာသည်။ ခွပ်ကြက်လှိုင်းများက ကမ်းရင်ခွင်သို့ ပြေးဝင်လာကြသည်။ ကမ်း၏ အကြင်နာအယုအယကို မခံစားရသည့်အခါ ဝမ်းပန်းတနည်း ပြန်ဆင်းသွားကြ၏။

ကမ်းစပ်မှာ ရပ်လိုက်သည်။ မောင့်ကို သီတာမော့ကြည့်လိုက်သည်။

မောင့်အဘိဓမ္မာတွေက နက်နဲလွန်းလှပါသည်။ အမှန်ကိုဝန်ခံရမည်ဆိုလျှင် သီတာကိုယ်တိုင် ညွှတ်မိနိုင်အောင် ဖြစ်ရသည်။

www.burmeseclassic.com

သီတာ့ပခုံးကို မောင့်လက်နှင့် သိုင်းဖက်ထားသည်။ သီတာက မောင့်ကို ခပ်ချွဲချွဲကလေး မှီနေသည်။ မောင်က အဝေးကို ငေးမျှော်ကြည့်နေ၏။ ယင်းသို့ အဝေးသို့ ငေးမျှော်ကြည့်နေရင်း လှုပ်ရှားသည့် လှုပ်ရှားမှုများကို မြင်ရ၏။ မောင့်လှုပ်ရှားမှုများက နေးကွေးလေးလံလွန်းလှသည်။

မောင့်ရဲ့ စီးကရက်ထုတ်ပုံ၊ မီးခြစ်ပုံ၊ မီးညှိဖွာရှိုက်ပုံများက ရပ်ရင်ထဲက အနေးရိုက်ပြနေသည်နှင့် တူနေပါသည်။ မောင် စီးကရက်ကို ဖွာရှိုက်ရင်း ဖူးခနဲ မှုတ်ထုတ်လိုက်သည်။

"သီတာ"

"ပြောပါ မောင်"

မောင်က စီးကရက်ကို တစ်ချက်ဖွာရှိုက်ရင်း သီတာကို စောင်းငဲ့ကြည့်သည်။ သီတာ ငိုင်ငိုင်ကလေး ငေးနေသည်ကို မောင်တွေ့သည်။

"မောင်ပြောတာ သဘောပေါက်ရဲ့လား သီတာ"

မဖြေမိသေး။ ခေါင်းညိတ်ပြလိုက်မိသည်။

"လူတစ်ယောက်အဖို့ အဆိုးထက် အကောင်းကို မျက်နှာမူဖို့ အရေးကြီးတယ်။ မောင့်ရဲ့ တိုင်းပြည်ချစ်စိတ် အညွန့်ကလေးကို မချိုးပါနဲ့လားကွယ်"

သီတာ ဘာပြောရမည်မသိ။ ရီဝေစွာဖြင့် မောင့်ကို ကြည့်လိုက်သည်။

"သီတာ"

သီတာ၏ ချွန်မြသည့် မေးစေ့ကလေးကို လက်နှစ်ဘက်ဖြင့် ယုယုယယ ဆုပ်၍ကိုင်ပြီး မလိုက်သည်။ မောင့်မျက်နှာနှင့် သီတာ့မျက်နှာ နီးကပ်သွားသည်။ သီတာ မောင့်ကို 'ဘာစကားမှ တုံ့ပြန်မပြောဖြစ်။

"သီတာ"

"ပြောပါမောင်"

"သီတာ မောင့်ကိုချစ်ပါတယ်နော်"

"မောင်ရယ်"

"ဒါဆို မောင့်ဆန္ဒ မောင့်သဘောကို မပိတ်ပင်ပါနဲ့လား အချစ်ရယ်"

"မောင်ရယ်"

ဒါပဲ ပြောလိုက်နိုင်သည်။

မောင် သီတာ့ကို ရီဝေစွာစိုက်ကြည့်နေမိသည်။ အတန်ကြာ ရီဝေစွာ စိုက်ကြည့်ပြီးတော့ သီတာ၏ ကျစ်လျစ်သော ခန္ဓာကိုယ်ကလေးကို မောင်က ရင်ခွင်ထဲသို့ ဆွဲနှစ်လိုက်သည်။

သည်အဖြစ်များက ယခုထက်တိုင် ပူနွေးစွာ ခံစားနေရဘိသို့။ ရင်ထဲမှာ နွေးထွေးစွာ ခံစားရစမြဲရှိသည်။

သီတာ ပြုံးမိသည်။

"မောင်ရယ်"

ပြီးတော့ မောင့်စကားလေးကို သီတာ ဆက်၍ ဖတ်လိုက်သည်။

*ဒီအကြောင်းတွေကို မောင် ဘာလို့ ကျယ်ကျယ်ဝှံ့ဝှံ့ ပြောသလဲဆိုရင် မောင့်ရင်ထဲမှာ အကြောင်းတစ်ခုရှိနေတယ်လို့ ပြောရမယ် သီတာ။*

*ဒီအကြောင်းကို ဘာလဲဆိုတော့ တပ်မတော်သားတွေနဲ့ ပတ်သက်ပြီး ပြည်သူပြည်သားတွေအများကြီး နားလည်စေချင်တဲ့ စေတနာပဲ။ ခုန မောင်ပြောသလိုပေါ့ သီတာ။ စစ်သားတစ်ယောက် စစ်မြေပြင်မှာ သေကျေပျက်စီးတာ မဆန်းပါဘူး။ သို့ပေမယ့်လို့ စစ်မြေပြင်မှာ စစ်သားတွေသေရတာက တိုင်းပြည်အတွက်ဆိုတာ ပြည်သူတွေ နားလည်စေချင်တယ်။*

*ပြီးတော့ စစ်မြေပြင်မှာ ကြုံတွေ့ရတဲ့ ကြေကွဲဆွေးမြေ့ဖွယ် လွမ်းဖွယ် တစ်ပုဒ်ကိုလည်း သီတာနဲ့တကွ ပြည်သူတွေ သိစေချင်တယ်။*

*မောင်ရဲ့ ရဲဘော်စိုးမြင့် ကျဆုံးသွားတာဟာ အကြမ်းဖျင်းကြည့်ရင် ဘာမှမဟုတ်ဘူး။ စစ်မြေပြင်မှာ စစ်သားတစ်ယောက် ကျဆုံးသွားတာပဲ။ ဒါပေမယ့် ဒီလိုကျဆုံးသွားတဲ့ စစ်သားတစ်ယောက်ရဲ့နောက်မှာ ကြေကွဲဆွေးမြေ့ဖွယ်အဖြစ်တွေ အများကြီးကျန်ရစ်ခဲ့တယ် သီတာ။*

သီတာ စာဖတ်ရပ်ပစ်လိုက်၏။

သည်တစ်ခါ မောင်ရေးလိုက်သည့်စာ အဓိပ္ပာယ်အနမတဂ္ဂ ပြည့်သည်ဟုဆိုချင်သည်။ မောင်ဘာလို့ သည်လောက်အထိ အရှည်အရှည်ချဲ့လို့ ရေးနေသည်ကို သီတာ စဉ်းစားလို့မရ။

ထားပါ။ အတွေးကိုနက်စေသည့် ပြဿနာတွေကို ခဏဘေးဖယ်ထားပါ။ လောလောဆယ် သီတာတွင် စဉ်းစားရခက်နေသည့် အကြောင်းတစ်ခု ရှိနေသည်။ သည်အကြောင်းက တခြားတော့ မဟုတ်ပါ။

စစ်မြေတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ငွေကြယ်တစ်ပွင့် ကြွေသွားသလို သေဆုံးသွားသည့် စစ်သားတစ်ဦး၏နောက်တွင် ကြေကွဲဆွေးမြေ့ဖွယ် အဖြစ်တစ်မျိုး ရှိနေသည်ဆိုခြင်းနှင့် ပတ်သက်ဆက်နွှယ်၍တော့ သီတာ



www.burmeseclassic.com

www.burmeseclassic.com

များစွာ စိတ်ဝင်စားမှုရှိသည်။

ဘာလဲ…။

သေဆုံးသွားသည့် စစ်သားတစ်ဦး၏နောက်မှ ကြေကွဲဆွေးမြေ့ဖွယ် အဲဖြစ်သည် ဘာလဲ။

သီတာ ဦးနှောက်ကို အလုပ်ပေးခဲ့သည်။ အစဉ်းအစား၊ အတွေးအတော ပေါင်းများစွာနှင့် တွေးတောကြည့်သည်။

အဖြေမရ။

ထို့ကြောင့်…သီတာ စိတ်ဝင်တစား စာကို ဆက်ဖတ်လိုက်သည်။

သီတာ…

သည်နေရာမှာ စစ်သားတွေကို တချို့ မြင်ကြတဲ့ အမြင်တစ်ခုနဲ့ပတ်သက်လို့ မောင် အနည်းငယ်ပြောချင်တယ်။ ဒါက ဘာလဲဆိုတော့…

တချို့က စစ်သားကို ရုပ်ကြွမ်းဝါဒီ အမြင်ရှိတယ်။ တချို့ဆို စစ်သားဆိုတာ ရန်သူရှာပြီး သတ်နေကြသူတွေလို့ မမြင်သင့်တဲ့အမြင်နဲ့ မြင်ကြသေးတယ်။

စစ်သားတွေက ဘာဖြစ်လို့ စစ်မြေပြင်မှာ ရန်သူတွေကို သတ်ရသလဲ။ ဒါကို တို့ အရင်ဆုံး စဉ်းစားကြစို့။

အမိမြေမှာနေပြီး အမိမြေကို စော်ကား၊ ဘဝတူတိုင်းရင်းသားတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးနေတဲ့သူတွေကို ဘယ်လိုခေါ်သလဲ။ အဲဒီလို မင်းမဲ့ဝါဒီ အကျင့်သုံးနေတဲ့ လူတွေကို ဒီအတိုင်း လက်ပိုက်ကြည့်နေသင့်သလား။

ဆိုပါစို့။ မိမိဝင်း၊ မိမိခြံ၊ မိမိ ပတ်ဝန်းကျင်မှာ လူသားတွေကို အကျိုးပျက်မယ့် အဆိပ်ပင်တစ်ပင်ရှိနေရင် သည် အဆိပ်ပင်ကို ရှင်သန်အောင် လုပ်သင့်သလား။ သုတ်သင်ရှင်းလင်းသင့်သလား။ ဘယ်သူဖြစ်ဖြစ် ခုတ်ထွင်ရှင်းလင်းကြမှာပဲ။

သည်လိုပဲပေါ့။ တိုင်းရင်းသားလူမျိုးတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ ရန်သူ အဖျက်သမားတွေကိုလည်း ရှင်းလင်းတာမှန်တယ်။ တပ်မတော်သားတွေ ဆင်နွှဲနေတဲ့စစ်ဟာ "တရားသောစစ်"။

ကဲ…မောင်တို့ လိုရင်းကို ပြောကြစို့။

အခု မောင်တို့ အောင်ပွဲဆင်ခဲ့တဲ့ ကြင်ခရန်ရွာ စခန်းသိမ်းတိုက်ပွဲမှာ မောင်တို့ဘက်က ရဲဘော်စိုးမြင့် ကျဆုံးသွားတယ်။ ရဲဘော်ဟာ မသေသလို တိုင်းပြည်အတွက် အလုပ်အကျွေးပြုနေသူမို့ သေတာတောင် ရှေ့မလားဘူး။

ဒါပေမယ့် ခက်တာက ရဲဘော်စိုးမြင့်ဟာ လူပျိုလူလွတ်တစ်ယောက် မဟုတ်ဘူး။ ရဲဘော်စိုးမြင့်မှာ ဇနီးမယားရှိတယ်။ မိမိခင်တဲ့။

ရဲဘော်စိုးမြင့် သေသွားတာဟာ တိုင်းပြည်အတွက်မို့ ဂုဏ်ယူဖို့ကောင်းပေမယ့် ရဲဘော်စိုးမြင့်ကို အမှီအတွယ်ပြုနေတဲ့ မိမိခင်အတွက် ကြေကွဲဝမ်းနည်းစရာပဲ။

ကိုယ့်ချစ်သူဟာ တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း တိုက်ပွဲမှာ ကျဆုံးသွားရတာမို့ ဂုဏ်ယူရပေမယ့် သူ့ခမျာ ဘယ်လောက်ဖြေမဆည်နိုင်အောင် ဖြစ်လေမလဲ။

သီတာ စာကိုဆက်မဖတ်၊ ရပ်လိုက်သည်။

သက်ပြင်းမောကို ဟင်းခနဲ ချလိုက်သည်။ ယင်းသို့ပင် သီတာ၏နှလုံးသားအတွင်းသို့ အကြောင်းတစ်စုံတစ်ရာက ကူးစက်လာပြန်သည်။

မောင် စစ်မြေပြင်ခရီးကြမ်းသို့ နှင်ကာနီးအချိန်။ သည်နေ့က မောင်နဲ့သီတာ လက်ထပ်ပြီး တစ်လတိတိပြည့်သည့်နေ့။

မောင်က သီတာကို စကားတစ်ခုပြောသည်။

"မောင် တစ်ရက်နှစ်ရက်အတွင်း ရှေ့တန်းသွားရမယ်"တဲ့။

သီတာသိသည်။ မုဆိုးဟာ တောခရီးသွားရမည်။ တံငါသည်ဟာ ရေလမ်းခရီး သွားရမည်။ မောင်က စစ်သား။

စစ်သား တစ်ယောက်အဖို့ စစ်မြေပြင်သို့ ခရီးနှင်ရသည်မှာ ဘာမှ မဆန်းကြယ်ချေ။ သို့ပါလျက် မောင်က တစ်ရက်နှစ်ရက်အတွင်း ရှေ့တန်းသို့ သွားရမည်ဆိုလေတော့ သီတာ တုန်လှုပ်ရသည်။ အလန့်လန့်အဖျပ်ဖျပ် မောင့်ကို မော်ကြည့်ဖြစ်သည်။

"ဘာရယ်…မောင်"

"မောင် တစ်ရက်နှစ်ရက်အတွင်း ရှေ့တန်းကိုသွားရမယ် သီတာ"

"ရှေ့တန်းကို သွားရမယ်"

ညှိုးလျှသည့် မျက်နှာနှင့် မောင့်ကို မော့ကြည့်ဖြစ်သည်။ "ရှေ့တန်းသွားရမယ်"ဆိုသည့်စကားကို တိုးတိုး ရွတ်မိသည်။ ပူနွေးသည့် မျက်ရည်စ တွေက ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည်။ မောင်က သီတာ့ကို သိုင်းဖ ထားသည်။

မောင့်ပါးနှင့် သီတာ့ပါးတို့ ကပ်လိုက်သည့်အခါ ပူနွေးသည့် ရည်စက်များက မောင့်ပါးပြင်သို့ စက်ကုန်သည်။ မောင့်နှလုံးသားသို့



www.burmeseclassic.com

www.burmeseclassic.com

ဝင်သည်။

ခုပဲ မောင်က သီတာ့ပါးပြင်ပေါ်တွင် မျက်ရည်စက်တို့ စိမ့်ယှက်နေကြသည်ကို သိသွားလေပြီ။ သီတာ့ပါးနှင့် မောင့်ပါးကို ကွာစေပြီး သီတာ့မျက်နှာကို မောင့်မျက်နှာနှင့် နီးစပ်စေသည်။

ပြီး···တယုတယ သီတာ့ပါးပြင်ပေါ်မှ မျက်ရည်စက်များအား လက်အိုးနှင့် သုတ်ပေးသည်။

"တိတ်ပါကွာ · · ·စစ်သားတစ်ယောက်အဖို့ စစ်မြေပြင်ကိုသွားရမှာ အဆန်းလို့လဲ။ မကြာခင် သီတာ့ရင်ခွင်ကို မောင်ပြန်လာမှာပါပဲ"

သီတာ၏ ရှိုက်သံတစ်ချက် ပွင့်အန်ထွက်လာပြန်သည်။

"မောင့်ကို သီတာစိုးရိမ်တယ်။ စစ်မြေပြင်ကို စစ်သားတစ်ယောက်ထွက်တာ အပျော်မဟုတ်ဘူး။ ရန်သူနဲ့ စစ်ကစားဖို့ အို···မောင်ရယ် သီတာ မောင့်ကို စိုးရိမ်တယ်"

မောင်က သဲ့သဲ့ပြုံးသည်။

မောင့်အပြုံးသည် နှစ်သိမ့်ပြုံးသာဖြစ်ကြောင်း သီတာနားလည်သည်။ မောင်က သီတာကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်လိုက်ရင်းမှ သီတာပါးနှင့် မောင့်ပါးကို ကပ်ထားသည်။

နောက်မှ မောင်က တစ်လုံးချင်းပြောသည်။

"စစ်မြေပြင်ကိုသွားတဲ့ စစ်သားတိုင်း သေကျေပျက်စီးတာ မဟုတ်ပါဘူးသီတာရယ်။ မောင့်ရဲ့ ခရီးတွေကို မျက်ရည်နဲ့ မတားပါနဲ့လား"

"မောင်ရယ်"

သည်တုန်းက သီတာ ဝမ်းနည်းမှုသွန်ကဲသွားသည်။ ချစ်စ၊ ခင်စ ကြင်နာစမို့လည်း သီတာ မောင့်ကိုမခွဲချင်ပါ။ မောင့်ကို သီတာ့အနားမှာပဲ ရှိစေချင်သည်။ ခင်သီတာ သက်ပြင်းရှိုက်လိုက်သည်။ နောက် စာကို ဆက်ဖတ်သည်။

ဒါကြောင့် စစ်သားတွေဟာ တိုင်းပြည်ချစ်တဲ့စိတ်ကြောင့် မကြွေသင့်ဘဲ ကြွေရတာ။ မသေသင့်ဘဲ သေရတာလို့ မောင်ပြောချင်တယ်။

သီတာရယ်···

ဆုတောင်းတိုင်း မပြည့်တာကို မောင်သိပေမယ့် ဆုတောင်းစေချင်တယ်။ တရားသောစစ် အောင်မြင်ပါစေလို့။

ကဲ···သီတာရေ။

အဆုံးအနေနဲ့ သီတာကို မောင်နေ့စဉ်နဲ့အမျှ သတိရနေတယ် ဆိုတာကို ပြောချင်တယ်။ နောက်ပြီး မပျက်သုဉ်းသောအချစ်နဲ့ ချစ်ပါတယ်လို့။

အချစ်များစွာနဲ့ မောင်

မောင့်စာက ဆုံးသွားပြီ။ အတွေးက မဆုံးပါ။ ဟုတ်ပါသည်။

မောင်သည် သီတာ့ဘဝ။ သီတာ့အသည်း။ သီတာ့အသက်။

◆◆◆

## အခန်း (၅)

ရောင်နီပျိုးလာသည့်အခါ နှင်းငွေ့တို့ ပြယ်လာသည်။

နှင်းငွေ့တွေ ပြယ်လေပြီဆိုသည်နှင့် တစ်ပြိုင်နက် ပတ်ဝန်းကျင်တစ်ခိုသည် ပျပျရေးရေး မရှိလေတော့။ အေးအေးမြမြ ချမ်းချမ်းစိမ့်စိမ့် မရှိလေတော့။ အရာရာ ဝိုဝိုပြင်ပြင် ကြည်ကြည်လင်လင်ရှိလာသည်။ နေခြည်၏ အငွေ့အသက်များကြောင့် နွေးနွေးထွေးထွေးရှိလာသည်။

တင်ထွန်းနိုင်တစ်ယောက် နေခြည်ဥ၏ ပွေ့ဖက်အနမ်းခံရသည့် မြေပြင်ပေါ်တွင် ဖွဖွနင်းလို့ လျှောက်လာသည်။ ပတ်ဝန်းကျင်တစ်ခိုကို မျက်စိဝေ့ယမ်း၍ ကြည့်လိုက်သည်။ သူ့ထက်သူ လှူစွမ်းကောင်းဆိုသည့် မြန်မာစကားတစ်ခုကဲ့သို့ တစ်တောင်ထက်တစ်တောင် ပို၍ကြီးမားသည့် တောင်များကို မြင်ရသည်။ နေခြည်ပျိုကျလာသည်မို့ ဖြူဖွေးနုလွသည့် ရေခဲတောင်များ၊ ရှာငယ်များကို မြင်ရသည်။

တင်ထွန်းနိုင် ကမူစွန်းတွင်ရပ်လိုက်သည်။ စစ်အင်္ကျီအိတ်အတွင်းမှ ဆေးလိပ်တစ်လိပ်ကို ထုတ်လိုက်သည်။ ဆေးလိပ်ကို ပြောင်းပြန် ပါးစပ်တွင်ကိုက်ကာ ဖင်စီခံတွင်ကပ်နေသည့် အမှုန်အမွှားများကို မှုတ်ထုတ်လိုက်သည်။ နောက် မီးခြစ်ကိုခြစ်ကာ မီးတို့သည်။ တစ်ချက်နှစ်ချက် ပြင်းပြင်းဖွာရှိုက်လိုက်သည်။

နေခြည်ဥက လှစ်နေသည်။ နွေးမြလို့နေသည်။

နေခြည်ဥကို ဖြတ်ကျော်တိုက်ခတ်လာသည့်လေသည် နှင်းထု နှင်းခဲများကို ဖြတ်လာရသည့် လေကဲ့သို့ အရိုးကွဲမတတ် အေးစက်လို့မနေလေတော့။ အနည်းငယ်နွေးမြလို့လာသည်။

တင်ထွန်းနိုင် ဆေးလိပ်ကို တစ်ချက်ပြင်းပြင်းဖွာရှိုက်လိုက်ရင်းမှ ရှေ့တူရှုသို့ ကြည့်လိုက်ပြန်သည်။ တင်ထွန်းနိုင်နှင့် မလှမ်းမကမ်း တောင်စောင်းတွင် တောင်ယာပောင်းတစ်ခုရှိသည်။ သည်တောင်ယာပောင်းသည် ကချင်လူမျိုး

www.burmeseclassic.com

တို့၏ ရိုးရာလုပ်ငန်းခွင်ပေါင်း ဖြစ်လိမ့်မည်။

ချီဗွေလောခေါင် စသည့် မြို့နယ်များတွင် ရွှေပြောင်းလေ့ကားထစ် စိုက်ပျိုးရေးစနစ် သည်ဘက်အထိ မပေါက်သေးပေ။ အာသိဉာဏ်ကြွယ်ဝသည့် အချို့ ကချင်တိုင်းရင်းသားများမှအပ ကျန်ကချင်တိုင်းရင်းသား အချို့သည် လေ့ကားထစ်စိုက်ပျိုးနည်းကို ကောင်းစွာ နားမလည်သေးပုံရသည်။

တင်ထွန်းနိုင်အနေနှင့် ရွှေပြောင်းတောင်ယာစနစ်ကို လုံးဝနှစ်လိုခြင်းမရှိပါ။ ရွှေပြောင်းတောင်ယာစနစ်၏ ဆိုးကျိုးကို တင်ထွန်းနိုင် နားလည်ထားသည်။ သိထားသည်။ ရွှေပြောင်းတောင်ယာစနစ်၏ ကောင်းကျိုးကြောင့် ကချင်ပြည်နယ်၏ တောင်ပေါင်းများစွာ ကတုံးဖြစ်ရပြီ။ တောပေါင်းများစွာ ပြုန်းတီးရပြီ။

ယင်းသို့ ရွှေပြောင်းတောင်ယာပေါင်းများစွာ လုပ်ကိုင်ခြင်းကြောင့် တောပေါင်းများစွာ ပြုန်းတီးရသည်ကိုလည်းကောင်း၊ တောင်ပေါင်များစွာ ကတုံးဖြစ်ရသည်ကိုလည်းကောင်း··· အလွန်တရာရိုးသားသည့် ကချင်တိုင်းရင်းသားများမသိကြ။

ဤကဲ့သို့ပင် တောများပြုန်းတီးခြင်းကြောင့်၊ တောင်များ ကတုံးဖြစ်ခြင်းကြောင့် တင်ထွန်းနိုင်အဖို့ ရောက်လေရာတွင် လက်လုမ်းမီရာ ကချင်တိုင်းရင်းသားများကို စည်းရုံးခဲ့သည်။ သွေးဆောင်ခဲ့သည်။

မည်သို့ရှိစေ နှမ်းတစ်လုံး၏ အင်အားသည် ဆီမဖြစ်နိုင်။

စစ်တိုက်ဖို့သာ အဓိကဖြစ်သည့် စစ်သားတစ်ယောက်အဖို့ စိုက်ပျိုးရေးသမားတစ်ဦးကဲ့သို့ စိုက်ပျိုးရေးပညာနှင့် ပတ်သက်၍ သေချာတိကျစွာ မပြောနိုင်ခဲ့။

အဲဒီတော့လည်း တင်ထွန်းနိုင် ရင်မောရပြန်သည်။ ပင်ပန်းကြီးစွာ သက်ပြင်းရှိုက်လိုက်သည်။

တိုသွားသော ဆေးလိပ်ကို မြေပြင်ပေါ်သို့ ပစ်ချလိုက်ပြီး ဖိနပ်ဦးနှင့် နင်းခြေလိုက်သည်။

နောက်···

တင်ထွန်းနိုင် မြောက်ဘက်သို့ လာခဲ့သည်။ မြောက်ဘက်သို့ လေးကန်စွာ လျှောက်ခဲ့သည်။ ယင်းသို့ လျှောက်လာရင်း ကြီးမားသည့် ယူကလစ်ပင်ကြီးနားသို့ ရောက်ခဲ့သည်။

အထီးထီးနှင့် ကြီးမားသည့် ယူကလစ်ပင်ကြီး။ ယူကလစ်နံ့သင်းသင်းက ပတ်ဝန်းကျင်တခွိသို့ စိုးမိုးလျက်။

ခြေလှမ်း တုံ့ခနဲရပ်သွားသည်။ အထီးတည်းနှင့် ကြီးမားလွန်းသည့် ယူကလစ်ပင်ကြီးအောက်သို့ မျက်စိရောက်သွားသည်။ ယူကလစ်ပင်ကြီးအောက်မှာ မြေမို့မို့ကလေးရှိသည်။

သည်မြေမို့မို့ကလေးက တိုင်းပြည်နှင့် လူမျိုးအတွက် အသက်စွန့်သွားသည့် ရဲဘော်တစ်ယောက်၏ လဲလျောင်းအိပ်စက်ရာ။

ဟုတ်သည်။ ဒီကုန်းမို့မို့ကလေးတွင် ပြည်ချစ်သား ရဲဘော်စိုးမြင့်တစ်ယောက် မနိုးသောအိပ်စက်ခြင်းနှင့် အိပ်စက်လို့နေပြီပေါ့။

ရဲဘော်စိုးမြင့်
(ကိုယ်ပိုင်အမှတ် ---)
အသက် (၂၅) နှစ်
(---)နေ့က တိုင်းပြည်အတွက် အသက်စွန့်သွားသည်။

တင်ထွန်းနိုင် မြေပုံမို့မို့ကလေး
နားသို့ လေးကန်စွာလျှောက်သွားသည်။
မှတ်တိုင်ကလေးကို စူးစူးစိုက်စိုက်
ကြည့်နေသော အကြည့်က ရီဝေလို့
နေသည်။ မြေပုံမို့မို့ကလေးအနားသို့
ရောက်တော့ ရပ်လိုက်သည်။

"လေးစားပါတယ် ရဲဘော်စိုးမြင့်
တိုင်းပြည်နဲ့လူမျိုးအတွက် အသက်စွန့်
သွားတဲ့ မင်းနဲ့တကွ ပြည်ချစ်ရဲဘော်
တွေကို ဂုဏ်ပြုပါတယ်"

နှလုံးသားတွင်းမှ တိုးတိတ်သော
တိုက်ပွဲအသံဖြင့် ပြောလိုက်သည်။

ခြေနှစ်ဖက်ကို စုရပ်ကာ လက်
မြှောက်၍ အလေးပြုလိုက်သည်။

ပြီးသည်နှင့် လေးကန်စွာ နော
သို့ဆုတ်လိုက်သည်။ မြေပုံမို့မို့ကလေ
ကို ကျောခိုင်းလိုက်သည်။ နောက် စခ
ဘက်သို့ လေးကန်စွာလျှောက်လာသည
သို့နှင့် စခန်းဘက်သို့ ရောက်ခဲ့သည

စခန်းတွင်းသို့ ရောက်သည်နှ
အိပ်ရာပေါ်သို့ တန်းသွားကာ အနား
လိုက်သည်။ ဒေးလိပ်တစ်လိပ်
ထုတ်ကာ မီးညှိဖွာလိုက်သည်။ ဤ
ဆေးလိပ်ကို ဖွာရှိုက်လိုက်စဉ် လွှင့်
လွင့်၍ တက်သွားသည့် မီးခိုးငွေ့တ
ကလေးများကြားက ပုံရိပ်တစ်ခုပေါ်
သည်။ ဤပုံရိပ်မှာ နှလုံးသားပုံရိပ်

ဩော်···သီတာ ပြုံးလို့ပါတကာ
အတွေးမှ ကြည်နူးရိပ်သို့၊ ပြုံးမိသည

သီတာမှာ မိမိနှလုံးသားတွ
တရစ်ဝဲဝဲ ဝဲနေပါပြီလား။ မိမိနှလုံးသ
ကို စိုးမိုးနေပါပြီလား။

အကယ်၍ သီတာ ယခုအ
မိမိအနားတွင် ရှိမည်ဆိုပါက တ



www.burmeseclassic.com

www.burmeseclassic.com

တစ်ရာသော စကားကို ပြောကောင်း ပြောပေလိမ့်မည်။

မီးခိုးငွေ့အတန်း အငွေ့အဝိုင်း ကလေးများကို မုန်းတီးသူ။ သီတာ သူ ဆေးလိပ်သောက်သည်ကို မကြိုက်။ သီတာ ဆေးလိပ်သောက်သည်ကို မကြိုက်သည်မှာ အခြားကြောင့်မဟုတ်။ သီတာသည် တစ်နေ့တွင် ဆရာဝန် တစ်ဦးဖြစ်လာမည့်သူ ဖြစ်သည်။ ဒီတော့ ဆေးပညာသဘောအရ မကြိုက်ခြင်းဖြစ်သည်။

မှတ်မိသေးသည်။ ရှေ့တန်းသို့ ထွက်မည့်နေ့က တပ်ရင်းသို့လာသည်။ တပ်ရင်းတွင် ရှေ့တန်းသို့ထွက်ခွာရန် အတွက် ကောင်းဘိုင်ကားတွေ အသင့် ဖြစ်နေပြီ။ တပ်ရင်း၌ ဗိုလ်ကြီး၊ ဗိုလ်သား၊ အကြပ်တပ်သားများ၏ ဇနီး မယားများကလည်း ကိုယ့်ခင်ပွန်းများ ကို မှာတမ်းတွေ ဖွင့်လို့။

သည်တုန်းက သူနှင့် သီတာ စကားမပြောဖြစ်ကြ။ တစ်ဦးကိုတစ်ဦး ငေးစွာ စိုက်ကြည့်နေကြသည်။ တစ် ဦးလက်ကိုတစ်ဦး ကြင်နာစွာ ဖျစ်ညှစ် ဆုပ်ကိုင်ထားကြသည်။

အတန်ကြာတော့ သီတာ စတင် ပြောရှာသည်။

“မောင်. . .”

သီတာ၏ခေါ်သံကြောင့် မျက် တောင်တစ်ချက်ခတ်မိသည်။ သီတာ၏ နှယ်ဖယောင်းလို ပျော့ပျောင်းသည့် လက်ချောင်းများကို အားပါးတရ ဖျစ် ညှစ်ဆုပ်ကိုင်မိသည်။

“ပြော သီတာ”

အသံကိုထိန်း၍ပြောမှန်း သီတာ သိမည်။ သီတာ ရုတ်တရက် ဘာစကား မျှ ပြောမလာပါ။ သူ့ကို ရီဝေစွာ စိုက် ကြည့်နေသည်။

“မောင့်ကို သီတာ တစ်ခုမှာချင် တယ်”

သူက ခေါင်းညိတ်လိုက်၏။

“မောင်သွားရမှာက ရှေ့တန်း။ အရာရာကို သတိရှိပါနော်။ သတိ၊ ပညာ၊ ဉာဏ်မြေကတုတ်တဲ့မောင်။ ပြီး တော့. . .”

မျက်တောင်ကော့ ကလေးကို ပင့်၍ကြည့်သည်။

“မောင်သွားရမှာက ကချင်ပြည် နယ်ဆိုတော့ ရာသီဥတုက အေးတယ်။ အအေးဒဏ်ကို ခံနိုင်အောင်ဆိုပြီး ဆေး လိပ်သောက် မများစေချင်ဘူး။ ဆေး လိပ်ဟာ လူ့ကို ဥပဒ်ပေးနိုင်တယ်ဆို တာ မမေ့စေချင်ဘူး မောင်”

“စိတ်ချပါ သီတာရယ်”

သီတာ့လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်မိသည်။ နောက် သီတာ၏ နဖူး ဆံစလေးကို ဖွဖွလေး အပေါ်ပင့်သပ် ပေးလိုက်သည်။

သီတာနှင့်ခွဲခဲ့စဉ်က ကတိကဝတ် ပြုခဲ့သည်။ စိတ်ချပါ သီတာရယ်လို့။

အစကတော့ သီတာ့စကားကို မြေဝယ်မကျနားထောင်ဖို့ ဆုံးဖြတ်မိ သေးသည်။ သီတာ ဖွင့်လိုက်သည့် မှာပုံ တော်ကလည်း စေတနာမှာပုံတော်မှန်း အသိ။ ထိန်းနိုင်သလောက်လည်း မိမိ ကိုယ်မိမိ ထိန်းနိုင်ခဲ့သည်။

သို့ပေမယ့် မိမိက စကားပုံရှိင်း ရှိင်းပြောရရင် ကျွဲကန္ဒီ ယင်က အညီ ကြိုက်တာကို မမှားရအောင် ရေးပြလို့ မရဆိုသည့် စကားနှင့် ပြောရမည်လား။ ဒါမှမဟုတ် ခွေးမြီးကောက် ကျည် တောက်စွပ်လို့ ပြောရမည်လား။

ခက်သည်က သူ စည်းဖျက်လေ ပြီ။ အေးသည်က တစ်ကြောင်း။ ခွေး သည်က တစ်ကြောင်းလို့ ပြောရမည် လားမသိ။

ဆေးလိပ်အသောက်များလေပြီ။ သည်တော့ကာ ထိလာပြီ။ သီတာပြော သလို ဆေးလိပ်သည် လူ့ကို အမှန်ပဲ ဒုက္ခပေးသည်ပေါ့။ အရင်က ကျောပိုး အိတ်မှာ ရိက္ခာအပြည့်နှင့် တောင် တက်တောင်ဆင်းမြန်သည်။ မောရပန်း ရမှန်းမသိ။

ခု ဆေးလိပ်ကလေး အသောက် များလာပြီဆိုတော့ ကျောပိုးရိက္ခာမပါ ဘဲ တောင်တက်လျှင်ပင် မောချင်လာ ပြီ။ သူ ပြုံးလိုက်သည်။ အတွေးကြောင့် ငြိမ်သက်နေသည်။ ဆေးလိပ်မဖွာဖြစ်။

အဲဒီတော့ ဆေးလိပ်မီးက သေ သွားသည်။ ဆေးလိပ် ဖွာကြည့်သည်။ မီးခိုးငွေ့ တက်မလာတော့။ ဆေးလိပ် ကို အိပ်ရာဘေးရှိ ဝါးဆေးလိပ်ခွက် အတွင်းသို့ ထည့်လိုက်သည်။

ဆေးလိပ်ကို ခွက်ထဲထည့်ရင်း လက်က ခေါင်းအုံးသဏ္ဌာန်လုပ်ထား သည့် ကျောပိုးအိတ်အောက်သို့ လက် ရောက်သွားသည်။ စာအုပ်ကလေးတစ် အုပ်ကို သွားကိုင်မိတော့ ဆွဲထုတ်လိုက် သည်။ စာအုပ်ကလေးက အပြာရောင် စာအုပ်ကလေး။ နေ့စဉ်မှတ်တမ်းစာအုပ် အဟောင်းကလေးရယ်ပါ။

စာအုပ်ကလေးကို ညာလက်နှင့် ညှပ်ကိုင်ရင်း အသာအယာဖွင့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ တစ်ဖက်က သူ့သီတာနှင့် တွဲရိုက်ထားသည့်ပုံ။ တစ်ဖက်က သီတာပြုံးလျက်ပုံ။

သူ စိုက်ကြည့်မိသည်။ သီတာ၏ အပြုံးကလေးများက သူ့ကို ဖမ်းစားသွားသည်လို့ ဆိုရမည်ထင့်။

ကုန်လွန်ခဲ့သည့် သီတာနှင့် မိမိ၏ ဘဝတစ်စိတ်တစ်ဒေသဖြစ်သည်။ ချစ်ပြုံးရိပ်များ လွှမ်းသည်။

သည်တော့ . . .
နှလုံးသားက
ပူနွေးသလို
ချမ်းမြေ့သလို . . .။

◆◆◆

## အခန်း (၆)

အဖြစ်က ရယ်တော့ ရယ်စရာကောင်းသည်။

သူနှင့် သီတာတို့ တွေ့ဆုံမှုကို ပြောတော့မည်ဆိုသည်နှင့် တစ်ပြိုင်နက် သူ့အဖို့-အနည်းငယ်တော့ ရှက်သွေးဖြန်းမိသည်။

ဩော် . . . ငါ့ကိုများ ရှုံ့တူ့တူ့ ပေါ်တောတော ချာတာတာလို့ ပြောလေမည်လားလို့ စိုးရိမ်စိတ်ဝင်မိသည်။

စင်စစ်တော့ မိမိလုပ်ပုံကိုင်ပုံတွေကလည်း လူပုံအလယ်မှာ ချပြလျှင် ရယ်စရာဖြစ်နေသည်က အမှန်။ ဒါကြောင့် ဖြစ်များဖြစ်နိုင်မည်ဆိုလျှင် ဒီအကြောင်း ဒီအဖြစ်အပျက်နှင့် ပတ်သက်စပ်လျဉ်း၍ ပြန်မပြောချင်။ မေ့ထားချင်သည်။

ခက်သည်။ မပြောလို့ မရတော့။ မေ့လို့လည်း မရတော့။

အခြေအနေက မပြောလျှင် ပြီးမည်မဟုတ်။ မတီးလျှင် မြည်မည်မဟုတ်။ အဲဒီတော့ ပြောရမည်။

မပြောကောင်းသည့် အကြောင်းလို့ သတ်မှတ်ထားပေမယ့် ပြောကိုပြောရတော့မည်။ ရှေ့မျက်နှာနောက်ထားလို့ ပြောရမည်။ မျက်နှာကလေးကို ခဏဖုက်လို့ ပြောရမည်ပေါ့။

သီတာနှင့်တွေ့စက မိမိက ဘွဲ့မရသေး။ သို့ပေမယ့် ထမင်းစားလက်မှတ်မည်သော ဘွဲ့ရဖို့နှစ်က လက်တစ်ကမ်းပင် မလိုတော့။ ထမင်းလုတ်က ပါးစပ်နားသို့ ရောက်နေပေပြီ။ ရှေ့နှစ်ကျ မိမိဘွဲ့ရမည့်နှစ်။

သည်တုန်းက ကျောင်းသား။ သီတာက ဆေးပထမနှစ်။ သီတာနှင့် စတင်သိကျွမ်းခင်မင်ရသည့်နေ့က မိုးရွာသောနေ့တစ်နေ့။ သို့ကြောင့် သူတို့အကြောင်းသိသူ တချို့ကပင် အနောက်အရွှမ်းပြောကြသေး၏။ မိုးချစ်သူတဲ့။

သည်နေ့က စနေနေ့။ ဒါကြောင့် လူကြီးသူမတွေက "မိုးစနေ လေရာဟု" လို့ ပြောကြသည်ထင့်။ သည်နေ့ မိုးရွာသည်က ကြမ်းလွန်းသည်။ မိုးနှင့်အပြိုင် လေကပါ ပါလာသဖြင့် ကြောက်စရာလန့်စရာအတိ။

မိုးရွာပုံက ကြမ်းသည်။ လျှပ်တွေက ဝင်းခနဲ လက်ခနဲ။ မိုးခြိမ်းသံက ဝုန်းခနဲ ဒိုင်းခနဲ။

ဒီလိုနေ့မျိုးကိုမှရွေးကာ ဆေးမှ သူငယ်ချင်းဆီသို့ လာဖြစ်ခဲ့သည်။ ခုတော့ ဒီမိုးရွာပုံနှင့် မည်သို့ ခရီးဆက်လေမည်နည်း။ သည်တော့ အလိုလိုနေ ရင်း မိမိကိုယ်မိမိ အပြစ်တင်မိသည်။ ဒေါ်ပွမိသည်။

မည်သို့ဆိုစေ။ မိမိကိုယ်မိမိ ကာ ကွယ်သည် မဟုတ်ပါ။ မိမိသည်သို့ လာသည်မှာလည်း ရာသီဥတု ကောင်း မွန်၍ ဖြစ်သည်။ စောစောကတော့ ကောင်းကင်တစ်ခုလုံး၏ အခြေအနေ သည် ပကတိကောင်းပါ၏။ မိုးရွာမည့် အသွင်အပြင် လုံးဝမရှိ။ ကောင်းကင် တစ်ခွင်လုံးသည် ကြည်လင်ပြာလဲ့လို့ ရယ်ပေါ့။

ခုရွာသည့်မိုးက ဖြုန်းစားကြီးရွာ သည့်မိုး။ မထင်မှတ်ဘဲ ရွာသည့်မိုး။ စိတ်ပျက်လက်ပျက် ကော်ရစ်တာ အောက်တွင်ရပ်ကာ မိုးရွာပုံကို ငေးမော လို့ကြည့်နေမိသည်။ မိုးရွာပုံက ငွေမြ တံတွေ ပစ်လွှတ်နေသည့်နှင့် တူသည် မိုးသံလေသံတွေကို ကြောက်မက်ဖွယ် လိလိ ကြားနေရသည်။

သူ ကော်ရစ်တာတွင် ရပ်နေ ဘောင်းဘီနောက်အိတ်တွင်းမှ စီးကရက် ဘူးကို ထုတ်လိုက်သည်။ စီးကရက်ဘူး တွင်းမှ စီးကရက်တစ်လိပ်ကို ထုတ်က နှုတ်ခမ်းတွင် တပ်လိုက်သည်။ မီးခြ ကိုခြစ်လိုက်ပြီး မီးတို့လိုက်သည်။ တ ချက်ဖွာလိုက်သည်။ မီးခိုးငွေ့တန်းမျာ လွင့်၍လွင့်၍။

"ဩော် . . . ဒီမိုးက ဒုက္ခပါပဲ"

မိုးသံလေသံများကို ထွင်းဖောက် သောအသံတစ်သံ ပေါ်လာသည်။ အသံ က ညင်းပြောင်းသာယာသည့် အသံ သည်။ သူ၏ လက်ျာဘက်မှဖြစ်သည် သူ စီးကရက်ကို တစ်ချက်ဖွာလိုက်လို ပြီး အသာအယာ ငေးငဲ့လို့ကြည့်

www.burmeseclassic.com

လိုက်သည်။

အချိုးအဆစ် ပြေပြစ်ချောမောလှသည့် မိန်းကလေးတစ်ယောက်။ သူမလှပသည့် အသွင်အလျာက မျက်စိသူငယ်အိမ်အတွင်းသို့ ကျူးဝင်လာသည်။ စိတ်ကမူ နတ်ပြည်က မိုးသူဇာ ပုံကျလာသည်လို့ ထင်မိသည်။

မြစ်ဧကြာစိမ်းစိမ်း၊ ရှိမ်းရှိမ်းစိုစို လာသည့်ကိုယ်မူ၊ တင့်တယ်လိုမူ၊ သိကြားတုသို့…။

မြန်မာစာကို လေ့လာလိုက်စားနေသည့်သူက နဝဒေး၏ ကဗျာတစ်ပိုင်းတစ်စကို ပြေး၍ သတိရလိုက်သည်။ အကယ်၍ ယခုအချိန်တွင် နဝဒေကြီးများရှိလျှင် ဤမျှထက်ပိုမိုသည့် ကဗျာရတုများကို စပ်မိကောင်း စပ်မိလိမ့်မည် ထင်သည်။

သူမကို သေချာစွာ တစ်ဖန်ကြည့်မိပြန်သည်။ သူမနှင့် သူ၏ အကွာအဝေးသည် ပဝါတစ်ကမ်းသာသာလောက်သာရှိ၏။ သို့ကြောင့် သူ့အလှ၊ သူ့အသွင်အလျာကို ပီပီပြင်ပြင် ပြက်ပြက်ထင်ထင် မြင်ရတွေ့ရသည်။ ဤသို့ပီပီပြင်ပြင် ပြက်ပြက်ထင်ထင် မြင်လာမှ စေ့စေ့ကြည့်လေ သူ့အလှက ဝင့်ထည်လွန်းသည့် အလှရိပ်ထင်နေသည်။

ကြည့်စမ်း။ မိန်းမများ၏ ကောင်းခြင်းငါးဖြာတွင် ဆံပင်၏ကောင်းခြင်းသည် အဓိကဖြစ်၏။ သို့ကြောင့် ပညာရှိများက မိန်းမတို့ဘုန်း ဆံထုံးလို့ပင် ဆိုထားခဲ့သည် မဟုတ်လား။ ဤသို့ဆိုလျှင် ဒီမိန်းကလေးကို ဘုန်းသမ္ဘာနှင့်ပြည့်စုံသည့် မိန်းကလေးလို့ ဆိုရလိမ့်မည်ထင်သည်။ သူ့ဆံပင်က လွန်စွာကောင်းမွန်လွန်းလှသည်။

သူ့ဆံပင်သည် ယနေ့ခေတ်မီ အမျိုးသမီးများ၏ ဆံပင်ကဲ့သို့ နီကြင့်ကြင့်မဟုတ်။ ဆီမွှေးနှင့် အလျှဉ်းကင်းဝေးမှုမရှိ။ ဆီမွှေးကို အမြဲတမ်း သုံးဆောင်နေသည့် အသွင်အလျာက ပေါ်လွင်လို့နေသည်။ ပိတုန်းရောင်ကေသာ အနက်ရောင်တောက်လို့ နေသည်။ ဆံပင်လုံးက တုတ်ဖြိုး၍ ခါးလယ်ကို ဖြတ်ကျော်သည်အထိ ရှည်လျားသည်။

မကျဉ်းမကျယ် နဖူးပြင်မှလည်း ဆံယဉ်နုကလေးများက ဝေ့ဝဲလို့ ကျနေသည်။ မျက်ခုံးက စင်ရော်တောင်လိုကော့ညွတ်သွဲ့ပြောင်းသည်။ မျက်လုံးက တစ်နစ်မြောက် သမင်မငယ်၏ မျက်လုံးကဲ့သို့ အရည်လဲ့၍ ရွှန်းမြဘည်။

နှာတံက သွယ်၍လွင့်လျက်။ နီထွေးထွေး ပါးကလေးများက ဝါဂွမ်းစိုင်များ စုစည်းထားသည်သို့ ရှိသည်။ ယင်းသို့ မို့မို့ဖောင်းနေသည့် ဝါဂွမ်းစိုင် ပါးမို့မို့ကလေးပေါ်တွင် ဗောဓိညောင်ရွက်သဏ္ဍာန် ပါးကွက်ကျားကလေးက နေရာယူထားသည်။

မိတ်ကပ်ကို အသားပေး ပုံဖော်လိမ်းကျံထားသည့် ရောင်စုံမျက်နှာပိုင်ရှင်များနှင့်တော့ လားလားမျှမတူ…။ မြန်မာအမျိုးသမီးပီပီ ရှင်မတောင်သနပ်ခါးကိုသာ တမက်တမော လိမ်းထား၏။ သို့ကြောင့် လေသင့်လေတိုင်း ရှင်မတောင်သနပ်ခါးနံ့က သင်းလာသည်။

ပြီးတော့…သူ့နှုတ်ခမ်း။ သူ့နှုတ်ခမ်းက မြားနတ်မောင် လေးကိုင်းသဏ္ဍာန် ညွတ်ကွေး၍ ချစ်စရာလေး။ မြားနတ်မောင် လေးကိုင်းသဏ္ဍာန် နှုတ်ခမ်းပေါ်တွင် နှုတ်ခမ်းဆိုးဆေးကို မဆိုးထားပါ။ ဒါပေမယ့် နဂိုနေ သွေးရောင်လွှမ်းသည့် နှုတ်ခမ်းကလေးက သန္တာရောင်သန်းနေသည်။

နောက်…ရေကြည်သောက်ရင် မြင်ရမလောက်ဖြစ်သည့် လည်တိုင်ကြော့။ ကျဉ်းသောခါး။ ပြည့်ဖြိုးသောတင်။ စသည် စသည်တို့က အထင်းသား လွင့်လို့နေသည်။ ပြီး သူ၏ဝတ်စားဆင်ယင်မှုကလည်း ဘာမှ ပပလွှားလွှား မော်မော်ကြွားကြွား ခေတ်မဆန်။ အဏ္ဏဝါခရစ်လိုင်းကြီး အဖြူ။ ဖော့ရှန်အနီပြောင်ကို တင်းတင်းရင်းရင်း ဝတ်ထားလေတော့ အမို့အမောက် အပြည့်အဖြိုးတွေက အလိုလိုနေရင်း ပေါ်လွင်လို့နေသည်။

တင်ထွန်းနိုင်မှာ သူမ ယဉ်အလှကို ငေးမောကြည့်ရှုရင်းမှ ရင်မောသလိုခံစားရ၏။ သက်ပြင်းမောကို လေးတွဲ့စွာ ချမိသည်။

အစီခံလောက်ထိ တိုသွားသည့် စီးကရက်တိုကို မိုးရေတွင်းသို့ တောက်ပစ်လိုက်သည်။ စီးကရက်မီးက သေသွားသည်။ အစွန့်ပယ်ခံ စီးကရက်တိုလေးမှာ ရေထဲတွင် မြင်မကောင်း ရှုမကောင်းအောင် တုံးလုံးပက်လက်။

မိုးအခြေအနေသည် အနည်းငယ်တော့ အပြောင်းအလဲ ဖြစ်လာသည်။ စောစောကလို ဝုန်းဝုန်းဒိုင်းဒိုင်း ရွာသွန်းနေခြင်း မရှိလေတော့။ မိုးအားအနည်းငယ်လျော့သွားသည်။

သည်အတိုင်းဆို မလွယ်တော့။ သည်ပုံဆို မိုးကြီးချုပ်မည့်ကိန်းသာ ရှိတော့သည်။ စနေမိုးဆိုတာက ဆယ်ကျော်သက်မိန်းမပျိုစိတ်သို့နှယ် အတွေးရခက်သည်။ ပိုင်ပိုင်မပြောနိုင်။ ခင်သည်က စနေမိုးသည် စွေတတ်သည့်



www.burmeseclassic.com

www.burmeseclassic.com

သဘောရှိသည်။

သည် ကော်ရစ်တာအောက်တွင် သူနှင့် သူမပဲ ရှိတော့သည်။ သူမက လည်း ထီးမပါဆိုလေတော့ သည်မိုး အတိတ်ကို ကျိန်းသေစောင့်လိမ့်မည်။ သည်မိုးက ဘယ်တော့တိတ်မည်လဲ။

သူ့ခမျာ စိတ်ညစ်နေမည်။ တင်ထွန်းနိုင် ဘာလုပ်ရမည်နည်း။

ထိုစဉ် သူ၏ မျက်ဝန်းသူငယ် အိမ်အတွင်းသို့ ရုပ်ပုံလွှာနှစ်ခုက ဖျက်ခနဲဝင်လာသည်။ စိတ်ထဲ ထင့်ခနဲဖြစ်သွားသည်။ မျက်ဝန်းသူငယ်အိမ်အတွင်းသို့ ကျူးဝင်လာသည်က မနုဿလူသားနှစ်ယောက်။

တိတိပပဆိုရလျှင်။ မိုက်ကယ်လုသန်းရယ်၊ ချစ်ညွှန့်ကျော်ရယ်။ သူတို့အကြောင်းကို သူသိသည်။ ရင်းရင်းနှီးနှီးတော့ မဟုတ်။ သူတို့အကြောင်းနှင့် ပတ်သက်၍ပြောရလျှင် အကြောင်းမကောင်း။

သူတို့က မိဘပိုက်ဆံကို ဖြုန်းချင်တိုင်းဖြုန်းပြီး ကျောင်းစာတွင် စိတ်မဝင်စားသည့် ဆိုးသွမ်းလူငယ် နှစ်ယောက်။ ဘာပဲဖြစ်ဖြစ် ကျိန်းသေ သူတို့နှစ်ယောက်က မိန်းကလေးကို စချော်တော့မည်။

သို့မို့ကြောင့် သူဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ ဆုံးဖြတ်ချက်ကို အမြန်ဆုံး အကောင်အထည် ဖော်ဖို့လည်း နှလုံးသားအသိက နှိုးဆော်လာသည်။ အခြေအနေကို အမြန်ဆုံး သုံးသပ်လိုက်သည်။ ရုတ်ခနဲ လှုပ်ရှားလိုက်သည်။ ညင်ညင်သာသာ လှုပ်ရှားခြင်း။

ထိုစဉ် အမျိုးသမီးအနားသို့ မိုက်ကယ်လုသိန်းနှင့် ချစ်ညွှန့်ကျော်တို့ ရောက်နေလေပြီ။ လူတစ်ယောက်ရဲ့ စိတ်ထား၊ လူတစ်ယောက်ရဲ့ အတွင်းသဏ္ဌာန်ဟာ မျက်နှာလှုပ်ရှားမှု၊ ဝတ်စားဆင်ယင်မှု စသည့် တစ်ခုခုမှာ ပေါ်တတ်သည်ရယ်လို့ ကြားဖူးသည်။

ယခု သူနှင့် အမျိုးသမီးအနီးသို့ ရောက်နေသည့် မိုက်ကယ်လုသိန်းနှင့် ချစ်ညွှန့်ကျော်၏ အတွင်းစိတ်သဏ္ဌာန်ကတော့ သူတို့ရဲ့မျက်နှာပေး၊ ဝတ်စားဆင်ယင်မှုတွေမှာ အတိုင်းသားပေါ်လို့နေသည်။ အင်္ကျီကြောင်ကြောင်ကျားကျား၊ ဆံပင်ဖိုရိုးဖားရားနှင့် မျက်နှာကမချိုမချဉ်။ အပျိုလိုချင်သည့်ဟန်တွေ အပြည့်နှင့် အမျိုးသမီးအနားသို့ ရောက်လေပြီ။

အမျိုးသမီးကလည်း သူတို့အခြေအနေကို အစောကတည်းက သိထားဟန်တူသည်။ သူတို့အနားရောက်လာသည်နှင့် ဆတ်ခနဲ အလန့်လန့်အဖျပ်ဖျပ် ကြည့်လိုက်သည်။

သည်အချိန် သူကလည်း အမျိုးသမီးအနားသို့ ရောက်သွားသည်။ သူက စဉ်းစားတွေးတော ဝေဖန်မနေတော့ဘဲ အမျိုးသမီးကို အပြုံးနှင့် ကြည့်လိုက်သည်။

"ကဲ…အသက်. ဒီအတိုင်းဆို မိုးက တော်တော်နဲ့ တိတ်မယ့်ပုံမပေါ်ဘူး။ သွားစို့"

"ရှင်…"

အမျိုးသမီးက တင်ထွန်းနိုင်ဆီမှ မမျှော်လင့်သည့်စကားကို ကြားလိုက်ရသည့်အတွက် အံ့ဩသွားပုံရသည်။ ပါးစပ်ပိုင်းပိုင်းကလေးနှင့် တင်ထွန်းနိုင်ကို ငေးကြည့်သည်။

"ကဲပါ အသက်ရယ်…စဉ်းစားမနေပါနဲ့ သွားရအောင်ပါ။ ရော့ … ခေါင်းမစိုအောင်တော့ ဒီအင်္ကျီဆောင်း"

ဂျာကင်ကို လှမ်းပေးလိုက်သည်။

အမျိုးသမီးကလည်း သူ့ကို ဘာပြန်ပြောရမည်မသိအောင် ဖြစ်နေပုံရသည်။ အယောင်ယောင် အမှားမှားနှင့် သူကမ်းပေးလာသည့် ဂျာကင်အင်္ကျီကို ဆွဲယူလိုက်သည်။

"ကဲ…သွားစို့"

သူ ရှေ့ကသွားနှင့်သည်။ ခပ်သွက်သွက် လှုပ်ရှားပုံဖြင့် သူကြည့်လိုက်တော့ သူမ လိုက်လာသည်ကို တွေ့ရသည်။ သူ ကားနားသို့ အမြန်ရောက်အောင်သွားပြီး ကားတံခါးဖွင့်ဝင်၍ ကားစက်နှိုး မောင်းခဲ့သည်။

အမျိုးသမီးနားတွင် ကားရပ်သည်။ ကားရပ်လျှင်ရပ်လိုက်ချင်း အမျိုးသမီးနေသည့်ဘက်မှ ကားတံခါးကို ဖွင့်လိုက်သည်။

"ကဲ…တက်လေ"

အမျိုးသမီးက ဇွေခနဲတစ်ချက် သူ့ကိုကြည့်လိုက်ပြီး ကားပေါ်တက်လိုက်သည်။ အမျိုးသမီး ကားပေါ်သို့ ရောက်သည်နှင့် ကားစက်ကိုနှိုးကာ ဝူးခနဲ မောင်းထွက်ခဲ့သည်။

ကားကို ကွေ့ပတ်လိုက်စဉ် မိုက်ကယ်လုသိန်းနှင့် ချစ်ကျော်ညွှန့်ကို တွေ့သည်။ သူတို့ပုံတွေက မကြည်သည့်ပုံ။ စိတ်ထဲမှာ ကျိတ်ပြုံးမိသည်။

*(ရွှေလဆက်ရန်)*

**ကျော်မြသန်း**



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ်ာ ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနလ်ာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျှင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၅၃၃-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း

လိုင်စင်အမှတ် - ၁/၂၀၁၅ တဆထလ(၂၇၄၆)

# အောင်ဝိဇ္ဇာစိုးရိ - အထူးကုဆေးခန်း

➢ အကြောအားနည်း၊ ပန်းသေပန်းညှိုးနှင့် ကာလသားရောဂါများ အထူးကုသပေးသည်။ ကျား အကြောသန် အားတိုးဆေး၊ အကြောသန်အထူးလိမ်းဆေးများ အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။ **(1107 Y 7278)**

➢ လိပ်ခေါင်းတွင်း၊ ပြင်ထွက် သွေးကျ၊ သွေးထွက်၊ ပူစပ်ကိုက်ခဲ၊ ဂရင်ဂျီနာရောဂါများ ကုသပေးသည်။ အမျိုးသမီးများ ဝါရင့်ဆရာမကြီးရှိသည်။ လိပ်ခေါင်းရောဂါပျောက် အထူးသောက်ဆေး လိမ်းဆေးများ ဆိုင်တိုင်း မေးဝယ်ပါ။ **(1208 Y 7942)**

ဆေးခန်း ❖ အမှတ် (၃၁၄)၊ ရွှေဘုံသာ (အလယ်) လမ်း၊ ဖုန်း/၀၁-၃၇၇၀၉၇၊ ၀၉-၃၁၉၂၁၃၃၅
ဝင်ရင်း ❖ အမှတ် (၇၆)၊ ၉၄-လမ်း၊ ကန်တော်လေး၊ ဖုန်း/၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၇၃၉
ဖြန့်ချိရေး ❖ ကိုဝင်းမြင့် + မသောဘီ၊ ကောင်းသန့်စတိုး(မန္တလေး၊ ၂၈ လမ်း၊ ၈၂×၈၃ လမ်း)
အောင်ရတနာစတိုး(မန္တလေး၊ ဈေးချိုအနီး)


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နောက်တစ်ခါ လာဦးမလားဟေ့

ပီတာမြဦး

ကြာတော့ ကြာခဲ့ပါလေပြီ။

ကျွန်ုပ်မှာ ထိုစဉ်က အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး (အင်းစိန်)တွင် ထောက်ဌာနတွင် တာဝန်ထမ်းဆောင်နေခဲ့သည်။ ထိုကာလက မူလရုံးလုပ်ငန်းများ ဆောင်ရွက်ရင်း မကြာခဏဆိုသလို နယ်အကျဉ်းထောင် အလုပ်စခန်းများသို့ ဌာနဆိုင်ရာ စုံစမ်းရေးအဖွဲ့ဝင်အဖြစ် (D.E) သွားရောက်စစ်ဆေးပေးရလေ့ရှိ၏။ သွားရောက်ရသည့်နေရာများမှာလည်း များသောအားဖြင့် ရန်ကုန်တိုင်း ထောင်အုပ်စုဝင်ဒေသများ ဖြစ်နေတတ်သည်။

တစ်နေ့တွင် ပဲခူးအကျဉ်းထောင်က အမှုတစ်ခုစစ်ဆေးရာတွင် အဖွဲ့ဝင်(၂)အဖြစ် ပါဝင်စစ်ဆေးရန် ရုံးချုပ်ရေးဌာနမှ အမိန့်အဖြစ် ညွှန်ကြားလာပါသည်။ DE အဖွဲ့ဥက္ကဋ္ဌမှာ သာယာဝတီအကျဉ်းထောင် အရာရှိဖြစ်ကာ အဖွဲ့ဝင်(၁)မှာ ကျိုက်စကာ မွေးမြူရေးစခန်းမှ ဒုတိယထောင်ပိုင်တစ်ဦးဖြစ်၏။ ကျွန်ုပ်မှာ ရာထူးအငယ်ဆုံးထောင်မှူးကြီးဖြစ်နေ၍ အဖွဲ့ဝင်(၂)အဖြစ် ပါဝင်ဆောင်ရွက်ရမည် ဖြစ်လေသည်။

နောက်တစ်နေ့တွင် အဖွဲ့ဥက္ကဋ္ဌဖြစ်သူက နောက်တစ်နေ့နံနက်ပိုင်း ပဲခူးအကျဉ်းထောင်သို့ အရောက်လာရန် တယ်လီဖုန်းဖြင့် အကြောင်းကြားဆိုလာပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် ထောက်ဌာနစု ဦးစီးအရာရှိထံ သတင်းပို့လာရေးဌာနစုမှ လိုအပ်သော စာရွက်စာတမ်းများ ယူဆောင်ခဲ့ပါသည်။ အမှုမှာ ထုံးစံအတိုင်း ထောင်တာဝန်ခံအရာရှိအား လာဘ်ပေးလာဘ်ယူမှုဖြင့် တိုင်ကြားထားခြင်းဖြစ်၏။

ကျွန်ုပ်မှာ နောက်တစ်နေ့ နေ့လယ်ပိုင်းခန့်တွင် အင်းစိန် ရွာမဘုတာအနီးမှ ပဲခူးလိုင်းကားကိုစောင့်၍ စီးခဲ့ရသည်။ ထိုစဉ်က ပစ်ကပ်ကားများ ပြေးဆွဲလျက်ရှိရာ ကျွန်ုပ်မှာ ကံအားလျော်စွာ ခေါင်းခန်းပြတင်းပေါက်ဘေးတွင် နေရာရခဲ့သည်။

ရန်ကုန်-ပဲခူး အမြန်ကားလေးများဖြစ်၍ လျင်မြန်လှသည်။ ထောက်ကြန့်ကို မိနစ်နှစ်ဆယ်ခန့်မျှနှင့် ရောက်လာကာ နာရီဝက်အတွင်း လှည်းကူးတာဆုံသို့ ရောက်လာပါသည်။ ထို့နောက် ခရီးသည်အတင်အချ ခေတ္တလုပ်ကာ ပဲခူးဘက်သို့ ဦးစီး၍မောင်းပါတော့သည်။

လျင်မြန်လှသော ကားမှာ လှည်းကူးအလွန် မိုင် ၂၀ ခန့်အရောက်တွင် ရုတ်တရက် အရှိန်လျော့သွားကာ တဖြည်းဖြည်းနှင့် လမ်းပေါ်ရပ်တန့်သွားသည်ကို တွေ့လိုက်ရ၏။ ကျွန်ုပ်တို့ရှေ့တွင်လည်း ပဲခူးဘက်သွားမည့် ကားကြီးကားငယ်သုံးလေးစီးခန့်ရပ်လျက် ရှိနေကြလေသည်။

"တောက်···အမြန်လိုမှ အနေးရကွာ"

ကားဆရာ၏ တပျစ်ပျစ်တောက်တောက် မြည်ဘွန်သံကြားရ၏။ ကျွန်ုပ်က ဘာအကြောင်းကြောင့်များ ကားလမ်းပိတ်ဆို့ရတာလဲဟု သိလိုဇောဖြင့် ကားရှေ့သို့ ကဲမျှော်ကြည့်လိုက်မိသည်။

"နောင်···ဝေ···ဝေ"

ကားရှေ့ ပေတစ်ရာကျော်ခန့်မှ ကြေးစည်ထုသံ ခပ်သဲ့သဲ့ကြားလိုက်ရ၏။ ကြေးစည်သံအနောက်မှ သံယာတော်၊ သီလရှင်နှင့် ယောဂီအချို့ လိုက်ပါလာသည်ကို လှမ်းမြင်နေရ၏။ သူတို့အနောက်မှာတော့ လူငယ်ခြောက်ယောက်ခန့် ရှေ့နောက်ထိန်း၍ ထမ်းပိုးလာသော လူသေအခေါင်းတစ်ခုကို တွေ့လိုက်ရ၏။

သေသူမှာ လူကြီးပိုင်း ယောက်ျားတစ်ဦးဖြစ်ကာ အခေါင်းနောက်မှ ငိုကြီးချက်မဖြင့် လိုက်ပါလာသော မိသားစုနှင့် ဆွေမျိုးမိတ်ဆွေသင်္ဂဟများကို မြင်ရသည်။ ရပ်ရွာဓလေ့အတိုင်း ရွာလုံးကျွတ် အသုဘပို့ လိုက်ပါကြခြင်းဖြစ်သဖြင့် လူတန်းကြီးက မျက်စိတစ်ဆုံးရှည်လျားလှသည်။

"သူတို့က ဘာလို့ ကားလမ်းမကြီးကိုဖြတ်ပြီး အသုဘချရတာလဲ မသိဘူးနော်"

ကျွန်ုပ်က ကားဆရာကို လှမ်းမေးကြည့်လိုက်မိသည်။ ကားဆရာက

www.burmeseclassic.com

စဉ်းစားဟန်ပြုကာ•••

"ကြည့်ရတာ သူတို့ရွာက ကားလမ်းမကြီးရဲ့ ညာဘက်ခြမ်းမှာရှိပြီး သင်္ချိုင်းကုန်းက ကားလမ်းမကြီးရဲ့တစ်ဖက်ခြမ်းမှာရှိနေလို့နဲ့ တူပါတယ်"

မှန်ပါသည်။

ကားလမ်းမကြီး၏ ဘယ်ဘက် ခြမ်း မလှမ်းမကမ်းတွင် အုတ်ဂူဖြူဖြူ လေးများကို လှမ်းမြင်နေရ၍ဖြစ်၏။ လမ်း တစ်ဖက်သို့ ရောက်သွားသော အခေါင်း ထမ်းလူငယ်အဖွဲ့က သင်္ချိုင်းဝကို ရောက် သည်နှင့် တဟေးဟေးအသံပြုကာ လူ သေခေါင်းအား လှည့်ပတ်ကစားကြပါ တော့၏။

ကျွန်ုပ်မှာ စိတ်ဝင်စားလာ၍ ကား ပေါ်ကဆင်းကာ ရှေ့အတော်ခပ်လှမ်း လှမ်းအထိရောက်အောင် လျှောက်သွား ပြီး လှမ်းမျှော်ကြည့်နေမိသည်။ ကျွန်ုပ် ကဲ့သို့ပင် ခရီးသည်အချို့ ကားပေါ်မှဆင်း လာကာ စိတ်ဝင်တစားကြည့်ရှုနေကြ သည်ကို တွေ့ရ၏။

"ဟေး•••ဟေး•••ဟေး"

လူသေအခေါင်းကို လှည့်ပတ် ကစားနေကြရာမှ ရုတ်တရက် ညာသံ ပေးကာ အခေါင်းကို အပေါ်သို့ လေးငါး ခြောက်ပေခန့် မြင့်တက်သွားအောင် မြှောက်တင်လိုက်ကြသည်ကို မြင်လိုက် ရ၏။

"အိုး•••ဟား•••ဝါး"

အောက်သို့ ပြန်ကျလာသော အခေါင်းကို မြေကြီးပေါ် ပြန်မကျမီ ဝိုင်း ၍ ဖမ်းထားလိုက်ကြ၏။ ထို့နောက် တစ်ဖန် မိုးပေါ်သို့ တဟေးဟေးသံပြိုင် အော်ကာ မြှောက်တင်လိုက်ပြန်ပါသည်။ ပြီးမှ အလိုက်သင့်ကလေး အောက်မှ ဆီးဖမ်းထားလိုက်ပြန်ပါ၏။

ကျွန်ုပ်မှာ ကြည့်သာကြည့်နေရ ၏။ ရင်ထဲမှာ အသည်းတယားယားဖြင့် စိုးတထိတ်ထိတ်ခံစားနေရသည်။ မပြော ကောင်းမဆိုကောင်း လူသေအခေါင်း ပြန်အကျတွင် ဖမ်းမမိဘဲ မြေကြီးပေါ် သို့ ကျသွားခဲ့ပါက အို•••ရှေ့ဆက် မတွေးရဲတော့အောင် မျက်စိစုံမှိတ်ထား လိုက်မိသည်။ လူငယ်တစ်စုကတော့ ထိုအပြုအမူအပေါ် စိုးစဉ်းငယ်မျှ ကြောင့် ကြမှုမရှိဘဲ ပျော်တပြုံးပြုံးနှင့် ထမင်း စား ရေသောက်ပမာ ဖြစ်နေကြသည်ကို အံ့သြဖွယ် မြင်တွေ့ရ၏။

"နောက်တစ်ခါ လာဦးမလား ဟေ့"

ခဏအကြာတွင် လူသေအခေါင်း ကို မြှုပ်နှံမည့်မြေကျင်းဆီသို့ သယ် ဆောင်သွားကြစဉ် မြေကျင်းတူးသူများ က အခေါင်းနှင့် ခေါင်းထမ်းလာသူများ အား ရွှံ့များ။ ခဲများဖြင့် ပစ်ပေါက်ရင်း အော်ဟစ်မေးမြန်းကြသည်ကို အံ့အား သင့်ဖွယ် မြင်လိုက်ကြားလိုက်ကြ၏။

"ပွမ်•••ပွမ်"

ကားဟွန်းတီးသံကြားမှ ကျွန်ုပ် သတိရကာ ကားဆီသို့ အမြန်ပြန် လျှောက်လာခဲ့ရ၏။ အသုဘပို့ဆောင်သူ များ ကားလမ်းတစ်ဖက်သို့ရောက်သွား ပြီဖြစ်၍ ကားတန်းကြီးပင် ခရီးဆက် ရန် တာစူနေကြပြီဖြစ်၏။

ကျွန်ုပ် ကားပေါ် ပြန်တက်ကာ တရွေ့ရွေ့ကျန်ရစ်ခဲ့သော အသုဘချမြင် ကွင်းကို သမင်လည်ပြန် လှမ်းကြည့်နေ ခဲ့သေး၏။ မကြာမီ သေသူ၏အခေါင်းကို မြေကြီးထဲမြှုပ်နှံကာ အပေါ်မှ မြေကျစ် စာခဲများဖြင့် ဖုံးလွှမ်းပေးကြပေလိမ့်မည်။ သေသူမိသားစု၏ အော်ဟစ်ငိုကြွေးသံ တို့သည်လည်း သင်္ချိုင်းမြေတွင် ပဲ့တင် ထပ် ကျန်ရစ်ခဲ့ပေလိမ့်မည်။ ငိုသံဖြင့် စခဲ့သော လူ့ဘဝသည် ငိုသံဖြင့်ပင် အဆုံးသတ်ခဲ့ပြီမဟုတ်ပါလား။

ကျွန်ုပ်မှာ မြို့ပေါ်နေ မြို့ပေါ် ကြီး ပြင်းလာသူဖြစ်သည့်အားလျော်စွာ အဆို ပါ ရပ်ရွာဓလေ့အစဉ်အလာကို ကြားဖူး နားဝသာ ရှိခဲ့ဖူးသော်လည်း ယခုလို မျက်မြင်ကိုယ်တွေ့ ကြုံလိုက်ရသောအခါ ရင်ထဲ၌ ဖော်ပြရန်ခက်ခဲသော ဝေဒနာ တစ်မျိုးကို တမြေ့မြေ့ခံစားလိုက်ရ၏။

အထူးသဖြင့် မြေကျင်းတူးသူများ က လူသေခေါင်းအား "နောက်တစ်ခါ လာဦးမလားဟေ့" ဟု ထပ်တလဲလဲ အော်ဟစ်ကာ ခဲများဖြင့် အဆက် မပြတ်ပစ်ပေါက်ခဲ့သော မြင်ကွင်းဆန်း က ကျွန်ုပ်၏မျက်စိထဲက မထွက်နိုင် အောင် စွဲတင်နေမိသည်။

ထိုအပြုအမူသည် အခေါင်းနောက် မှ ပရိဒေဝမီးတောက်လောင်ကာ ငိုကြီး ချက်မဖြင့် လိုက်ပါပို့ဆောင်ရသော သွား လေသူ၏မိသားစုရင်ထဲမှာ မည်သို့သော ဝေဒနာဆိုးကို ခံစားရမည်ကိုကား ကျွန် အနေနှင့် ခန့်မှန်းနိုင်စွမ်းမရှိပါချေ။ သို့ စေ ကျွန်ုပ်၏နှလုံးသားတစ်နေရာ၌ကား စူးစူးနင့်နင့် နာကျင်ထိခိုက်မိသွားသည် ကတော့ အမှန်ပင်။

တကယ်ဆိုလျှင် ကိုယ့်ရပ်ရွာ လူ့သားတစ်ဦး မလွဲမရှောင်သာ၍ ဘ တစ်ပါး ကူးပြောင်းသွားရသည်ကို မိသ စုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေ သင့်ကြသည် မဟုတ်ပါလား။ သေသူ လည်း မြေချကြရာတွင် နူးညံ့ညင်သ စွာ ဖေးဖေးမမ ကြိုဆိုဆောင်ရွက်ပေ ကြသင့်သည် မဟုတ်ပါလား။

ယခုမူ သွားလေသူ၏ မိသ ကိုပင် အားမနာ။ အခေါင်းကို အရ



www.burmeseclassic.com

www.burmeseclassic.com

ရှုယစ်နေသူ လူငယ်တစ်စုက တပေါးသောတဟားဟားဖြင့် လေထဲသို့ မြှောက်ထစားကြသည်သာမက "နောက်တစ်ခါထဦးမလားဟေ့"ဟု အငြိုးတကြီး ဟစ်ကြွေးကာ ခဲဖြင့်ပေါက်၍ မောင်းထုတ်နေကြသည့် အနိဋ္ဌာရုံမြင်ကွင်းမှာ ကျွန်ုပ်အဖို့မှ အံ့သြဖွယ်သုတပါပေ။

ထိုမျှ ကိုယ်ချင်းစာနာမှုမရှိသည့်လေ့ဆိုးတစ်ခုကို မည်သည့်ခေတ်၊ မည်သည့်အခါက စတင်၍ မည်သို့သောအကောင့်သားက တီထွင်ဖန်တီးခဲ့ပါလေသနည်း။

× × ×

မကြာသေးမီက ဖြစ်ပါသည်။

"ကိုလုဦးတစ်ယောက် ဆုံးရှာပြီတဲ့ဗျ"

တစ်နေ့ ကိုဗိုလ်နောင်ထံမှ ဖုန်းဝင်လာခဲ့ပါလေသည်။ ကိုလုဦးမှာ ကျွန်ုပ်တို့အပါတ်စဉ်(၆) ထောင်မှူးသင်တန်းဆင်း တူးတူးအဖွဲ့ဝင်တစ်ယောက် ဖြစ်၏။ လက်ထောက်ညွှန်ကြားရေး ရာထူးဖြင့် အငြိမ်းစားယူပြီးနောက် အကျဉ်းဦးစီးဌာနစွမ်းအားရှင် သမဝါယမအသင်းတွင် ဝင်ရောက်ဆောင်ရွက်နေသူ ဖြစ်သည့်အပြင် ကျွန်ုပ်တို့ တူးတူးအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသူလည်း ဖြစ်လေသည်။

ယခင်က အရက်စွဲဝေဒနာကြောင့် အဖိုးတီဘီဖြစ်ကာ ဆေးရုံတက် ခွဲစိတ်ကုသခဲ့ရ၍ မသေရုံတစ်မယ်လေး အသက်ရှင်နေခဲ့သူဖြစ်၏။ ကျွန်ုပ်တို့ အပတ်စဉ်(၆) အငြိမ်းစားအရာရှိများ၏ တူးတူးအဖွဲ့ကို စတင်တည်ထောင်ခဲ့သူ ကိုဗိုလ်နောင်၏ အစီအစဉ်အရ ဒေါ်ဇင် ဆန်းတာပ်ဦးကျောင်းတွင် ပထမဆုံးအကြိမ် တွေ့ဆုံပွဲ၌ လမ်းလျှောက်ရန်ပင် ခက်ခဲလှသော ကိုလုဦးအား ကျွန်ုပ်ကိုယ်တိုင် ခန်းမဆောင်ထဲသို့ ဖေးဖေးမမ တွဲခေါ်ပေးခဲ့ရသေးသည်။

နောက်ပိုင်း အရက်နှင့်ကင်းကွာသွားကာ သူမှာလည်း တဖြည်းဖြည်းနှင့် ကျန်းမာရေးတိုးတက်လာခဲ့ပြီး လူကောင်းတစ်ယောက် ပြန်ဖြစ်လာခဲ့လေသည်။ ပင်ကိုယ်က စာဖတ်ဝါသနာကြီးသူဖြစ်၍ ကျွန်ုပ်တို့စာရေးဆရာအုပ်စုနှင့် ထိတွေ့ဆက်စပ်မိရာမှ လစဉ်ထုတ်မဂ္ဂဇင်းများတွင် ဝတ္ထုတိုရှည်ရေးသားလာခဲ့ သေး၏။

သို့ရာတွင် မနှစ်ကစ၍ အပေါင်းအသင်းများကာ ဆက်ရက်မင်းစည်းစိမ်ကို ပြန်ခံစားမိရာမှ ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့ရခြင်းပါပေ။

ထိုနေ့က ကျွန်ုပ်ရေဝေးသို့ ရောက်သွားချိန်တွင်ကား ကိုလုဦးရုပ်ကလာပ်ကို ပြင်ဆင်ပြီးနေပါလေပြီ။ အနီးကပ်မြင်ရသော သူ့ရုပ်သွင်မှာ အခုမှ ငယ်ရုပ်ပြန်ပေါ်လာသလို ထင်ရပြီး လွန်ခဲ့သောနှစ်ပေါင်း (၄၀ ခန့်က ကျွန်ုပ်တို့ အင်းစိန်ထောင်ဝင်းအတွင်း ထောင်မှူးသင်တန်း အတူတက်ခဲ့ကြသည်ကို ပြန်လည် အမှတ်ရစေလေသည်။

ကျွန်ုပ်က ခေါင်းရင်းပိုင်းရှိ ပန်းတွေနှင့်ဝေနေသော လွမ်းသူ့ပန်းခွေများကြားမှ ကိုလုဦး၏ ယူနီဖောင်းဝတ်စာတပ်ပုံကို ငေးစိုက်ကြည့်နေမိရာက နံရံဆီသို့ မျက်စိရောက်သွားမိ၏။ ထိုအခါ ကျွန်ုပ် ယခင်က သတိမပြုခဲ့မိသော လက်ကံ့တစ်ပုဒ်ကို ဖတ်မိလျက်သားဖြစ်သွား၏။

"သံဝေဂမပါ တရားမရှာနှင့်"

မိတ်ဆွေ ငါ့အနားက ဖြတ်သွားတဲ့အခါ သတိပြုလိုက်စမ်းပါ။ ငါလည်းပဲ တစ်ခါတုန်းက မင်းလိုပဲ အသက်ရှင်ခဲ့ဖူးတာပဲ။ မင်းလည်းပဲ တစ်နေ့ကျရင် ငါ့လိုဖြစ်လာမှာပါ။ ပြင်ဆင်စရာရှိသမျှ ပြင်ဆင်ပြီး ငါ့နောက်လိုက်ခဲ့ပေ့။ နေမဝင်ခင် ရိက္ခာပြင်ပါ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ မမေ့မလျော့၊ မပေါ့မဆ သတိနဲ့နေကြပါ။

လက်ရှိ ကိုလုဦးရုပ်ကလာပ် ပြင်ဆင်ထားပုံနှင့် လိုက်လျောညီထွေရှိပြီး တကယ့်ကို သံဝေဂယူစရာ၊ တရားကျစရာ အလွန်အသက်ဝင်ကာ လင်္ကာတစ်ပုဒ်ပါပေ။

ဩော်…လူဆိုတာ သေမျိုးချည်းပါတကား။

မကြာမီ ကျွန်ုပ်တို့ တူးတူးအဖွဲ့ဝင်များက တဖွဲဖွဲရောက်လာကြသည်။ ခန်းမတစ်ခုလုံးမှာ ကိုလုဦးအား ခင်မင်ရင်းစွဲရှိသူများ အထက်လူကြီးအငြိမ်းစား ညွှန်ချုပ်၊ ညွှန်ကြားရေးမှူးများ ထောင်ပိုင်ကြီးများဖြင့် ပြည့်လျှမ်းသွားပါလေသည်။

ကိုလုဦး၏ နောက်ဆုံးခရီး ကားမစည်ကားသော အရပ်တွင် စည်ကားလှပါဘိ။

"နောင်…ဝေ…ဝေ"

သက်မှတ်ချိန် ရောက်သည်နှင့် ကြေးစည်သံပေးကာ အလောင်းစင်ကို မီးသင်္ဂြိုဟ်စက်ဆီသို့ ဦးတည်ရွေ့လျားလာစေလေသည်။ မိသားစုများ၊ မိတ်ဆွေသင်္ဂဟများ ညှိုးငယ်နွမ်းလျသောမျက်နှာများဖြင့် အသံတိတ် လိုက်ပို့ကြ၏။

ထိုနေ့က သေသူများ၍ထင့်၊ သတ်မှတ်ချိန်ဝယ် မီးသင်္ဂြိုဟ်စက်၌ သုံးလေးယောက်ဆုံနေ၏။ ကိုယ့်အလှည့်ရောက်

www.burmeseclassic.com

အောင် တရွေ့ရွေ့သွားနေကြရ၏။

"မေမေ...သမီးမေမေ ပြန်လာမှာ မဟုတ်လားဟင်"

နံဘေးမှပါလာသော အမျိုးသမီးရဲကလာပ်၏ နောက်မှလိုက်ပါလာသော မိန်းကလေးက သူ့အဖေအား ငိုသံပါကြီးနှင့် မေးသံကြားရသည်။

"အေးပါကွယ်...သမီးမေမေ ပြန်လာမှာပါ"

"တကယ်လားဖေဖေ... ဘယ်တော့လဲဟင်"

"မကြာခင် ပြန်လာမှာပါ သမီးရယ်။ တိတ်...တိတ်ပါကွယ်"

အဲဆိုပါရဲကလာပ်ကို မီးသင်္ဂြိုဟ်စက်ထဲ တွန်းယူသွားတော့ မိန်းကလေး တက်၍ မူးလဲသွား၏။

"အမလေး...မေမေရဲ့ အီး...ဟီးဟီး"

ကြေကွဲဖွယ် မြင်ကွင်းပါပေ။

ခဏအကြာတွင် မျက်နှာချင်းဆိုင်ဘက်မှ ရောက်လာသော အမျိုးသားရဲကလာပ်နောက်ဝယ် ဆံပင်ဖားလျားနှင့် သမီးဖြစ်ဟန်တူသူက တတွတ်တွတ်ပြော၍ လိုက်ပါလာသည်။

"အဖေကြီး...သမီးကို အထပ်ထပ် ကတိပေးခဲ့တယ်နော်။ သေရင်ပြန်လာမယ်လို့။ လုံးဝ ကတိမပျက်ကြေးနော်။ ကြားလား အဖေကြီး။ သမီးပြောတာ ကြားရဲ့လားဟင်။ အီးဟီး ဟီးဟီး"

ထိုမိန်းကလေးမှာလည်း သတိမေ့မတတ်ဖြစ်သွား၍ နာနပ်ပေးနေကြရ၏။ မြင်ရသူများ ရင်ဆို့သူဆို့၊ အော်ငိုသူငိုနှင့်။ နောက်ထပ် ရောက်လာသူမှာ အမျိုးသမီးကြီးတစ်ဦးပါပေ။ ငိုကြွေးခဲ့ရဖန် များဟန်ရှိသော သမီးဖြစ်သူထံမှ တရှုံ့ရှုံ့ ရှိုက်သံမှလွဲ၍ ဘာမှမကြားရ။

ထူးခြားသည်မှာ ထိုမိန်းကလေးက မီးသင်္ဂြိုဟ်စက်တံခါးနီကြီးနှစ်ချပ်ပိတ်သွားချိန်တွင် တံခါးရှေ့တည့်တည့်တွင် မတုန်မလှုပ် ငူငူကြီးရပ်ကျန်ရစ်ခဲ့သည်။ အဖေနှင့် အဒေါ်ဖြစ်သူတို့က ဆွဲငင်ခေါ်ယူကြသော်လည်း မိန်းကလေး မလှုပ်။ ပကတိကျောက်ရုပ်။

"မေမေ ပြန်ထွက်မလာမချင်း သမီး ဒီနေရာက လုံးဝ မဖယ်နိုင်ဘူး"

မိန်းကလေးက ရင်ခေါင်းသံကြီးဖြင့်ပြောကာ တောင့်ခံနေသည်။ ဘယ်သူပြော၍မရ။ ခက်သည်က ကိုလှဦးအလှည့်ကျမှ မိန်းကလေးကြောင့် စက်ထဲဝင်မရနိုင်အောင် ဖြစ်နေသည်။

နောက်ဆုံး အဖေလုပ်သူက ပွေ့ဖက်ချော့မော့ကာ...

"အေးပါကွယ်။ သမီးအမေ ပြန်လာမှာပါ။ လောလောဆယ် ဖေဖေတို့ တံခါးကြီးဖွင့်လို့ရအောင် လမ်းဖယ်ပေးလိုက်ရအောင်နော်။ ဒါမှ မေမေပါ ပြန်ထွက်လာလို့ရမှာပေါ့ သမီးရယ် ...နော် သမီး"

ကြည့်စမ်း တိုက်တိုက်ဆိုင်ဆိုင် ကျန်ရစ်သူ သမီးသုံးယောက်၏ အသံက မထင်မှတ်ဘဲ တစ်ထပ်တည်း ကျနေပါပေါ့လား။

"မေမေ ပြန်လာမှာပါနော်"

"အဖေကြီး ပြန်လာမယ်လို့ ကတိပေးခဲ့တယ်နော်"

"မေမေ ပြန်ထွက်မလာမချင်း လုံးဝမဖယ်ဘူး"

ထိုခဏ၌ ကျွန်ုပ်၏ဦးနှောက်လျှပ်စစ်လှိုင်းများ ဝင်းခနဲ လင်းလက်သွားကာ အင်းစိန်ရုံး၌ တာဝန်ထမ်းဆောင်ခဲ့စဉ်က ပဲခူးထောင် (DE) သွားခဲ့ရသည်ကို ဖျတ်ခနဲ သတိရမိသွား၏။ ထိုစဉ်က လမ်းခုလတ်တွင် ရွာပနတစ်ခုနှင့် ဆုံခဲ့ရရာ လူသေအခေါင်းအား မြေကြီးတူးသူများက "နောက်တစ်ခါလာဦးမလားဟေ့"ဟု အဆက်မပြတ် အော်ဟစ်ကာ ခဲများဖြင့် ပစ်ပေါက်မောင်းထုတ်သည်ကိုပါ ပြန်လည်မြင်ယောင်၊ ကြားယောင်လာမိ၏။

ယခု ရေဝေးတွင်မူကား ကျန်ရစ်သူများက သွားလေသူအား တမ်းတမ်းတတဖြင့် ပြန်လာပါစေဖို့ ရင်တနင့်နင့်ပြန်ခေါ်နေကြစဉ်ဝယ် နောက်တစ်ခါပြန်မလာစေရန် ရန်သူသဖွယ် အဘယ်ကြောင့် ခဲများဖြင့် ပစ်ခတ်နှင်ထုတ်ခဲ့ကြပါလေသနည်း။

ရန်ကုန်တိုင်းဒေသကြီးနှင့် ဘာမှမကွာဝေးလှသော ဒေသကြီးတစ်ခုဝယ် ဤမျှဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသော၊ မရှိသင့် မရှိအပ်သော အစဉ်အလာ ဓလေ့ဆိုးကြီး ဘယ်ခေတ်ဘယ်အခါက စတင်၍ အမြစ်တွယ်နေခဲ့ပါသနည်း။

ကျွန်ုပ်၏ စိတ်ထဲသို့ ထိုစဉ်က ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် အနိဋ္ဌာရုံမြင်ကွင်းက ကြက်သီးမွေးညင်း တဖြန်းဖြန်းထကာ ပုံတင်ထပ်မျှ ပြန်လည်ထင်ဟပ်လာပြန်ပါတော့၏။

"နောက်တစ်ခါ လာဦးမလားဟေ့"

"နောက်တစ်ခါ လာဦးမလားဟေ့"

"နောက်တစ်ခါ လာဦးမလားဟေ့"

ဦးဘမြင့်



www.burmeseclassic.com

www.burmeseclassic.com

# နပူးယောက်မှတ (၂)

မောင်ကောင်းမြင့်

ဘရွတ်ကလင်း၊ မေ ၂၀၁၅
မိတ်ဆွေများနှင့် ချစ်ခင်သူများသို့

မြန်မာနိုင်ငံမှာ မေလ(ကဆုန်
ဆ)ဆိုတာ အလွန်ပူနေတဲ့ရာသီ။
ဆုန်ညောင်ရေ သွန်းနေကြ ပြီ။
ည်မှာက ၆၀ ဒီဂရီဖာရင်ဟိုက်
န်းကျင်ပဲ ရှိသေးတယ်။ ရာသီက
ပေမယ့် လူတွေကတော့ "ဆင်
ည်း ဆင့်အထွာနှင့်ဆင်"လို
ုန်နေကြတယ်။ မြန်မာနိုင်ငံက
စာတိုးလို့ ဧပြီလကုန် လစာငွေ
ုတ်ရာမှာ ငွေကလေး တစ်
ောင်းခွဲမှ အလွန်ဆုံး တစ်သိန်း
ထိ (အရပ်ဝန်ထမ်းအများစု
း) တိုးလာကြပေမယ့် ကုန်ဈေး
န်းတ "တက်"နေပြီ။ ဆိတ်
လေးပူသလို ဒီကဆင်ကြီးက
ည်း ကုန်ဈေးနှုန်းကြောင့် ပူတာ
။ တဲ . . . ကြည့်။

- မြို့ထဲထွက်မယ်လုပ်တော့
ည်းခိုတဲ့အိမ်က "ဆရာရေ
ားခက ၂၅ ဆင့် တက်သွား
ို့ ပြောတယ်။

"တာ . . . ဒါဆို အရင်က
၅၀ (နှစ်ဒေါ်လာခွဲ)ကနေ
၇၅ ဖြစ်သွားတာပေါ့"

"ဟုတ်တယ်။ ရထားခတက်
ာ့ တျန်တဲ့ စားသုံးကုန်တွေ၊ လူ သုံးကုန်တွေကလည်း နည်း
နည်းချင်းစီ တက်လာတော့တယ်။
အနည်းဆုံး ၂၅ ဆင့်က ဆင့် ၅၀
အထိ တက်လာတယ်"

ဟု ပြောလိုက်သဖြင့် ရထား
ခပေးရာတွင် မိမိမှာ သက်ကြီး
(၆၀ နှစ်အထက်) သက်သာခွင့်
နှုန်း **Reduced Fare** လည်း တက်
ပေလိမ့်မည်ဟု သိလိုက်၏။ ဘူ
တာရုံသို့ ရောက်သောအခါ ယခင်
၁. ၂၅ မှ ၁. ၃၅ ဒေါ်လာ (အသွား
/အပြန် နှစ်ခေါက်စာ လက်မှတ်
= ၂. ၇၅) ပေးလိုက်ရတယ်။ ပုံမှန်
ထက် တစ်ဝက်တော့သက်သာဆဲပဲ။

ရထားခအကြောင်း စဉ်းစား
မိတော့ မိမိရောက်စက ၂. ၂၅
(၂၀၁၂) ပေးရတာ သတိရတယ်။
မကြာမီ ၂၀၁၃ နှစ်ဆန်းတော့
၂. ၅၀ ဖြစ်သွားတယ်။ တက်ပြီး
ရင်းတက်ပဲ။ ဒါနဲ့ မှတ်တမ်းဇယား
ကိုပြန်ကြည့်လိုက်တော့ မြေအောက်
ရထား စပြေးဆွဲတဲ့ ၁၉၀၄ ခုနှစ်
က ၀. ၀၅ = ငါးဆင့်နဲ့ စခဲ့တယ်။
၁၉၄၈ ရောက်တော့ ၀. ၁၀ = ၁၀
ဆင့် တက် လာတယ်။ ၁၉၈၆
ရောက်တော့ တစ်ဒေါ်လာအပြည့်
ဖြစ်လာတယ်။ ကဲ . . ဒီတက်နှုန်း
ကိုကြည့်ရင် အနှစ် ၄၀ လောက်မှ တစ်ခါတက်တာကိုတွေ့နိုင်တယ်။

၂၀၁၃ တုန်းက ၂. ၂၅ ဒေါ်
လာကနေ ၂. ၅၀ တက်လာစဉ်က
သတင်းစာတွေမှာ ရထားစီးသူ
တွေရေးကြတဲ့ခံစားမှုကို ဆောင်း
ပါးရေးခဲ့ဖူးတယ်။ (US ခရီးသည်
၁-စာအုပ်တွင်ရေးခဲ့ပြီး ဖြစ်သည်)
ရထားဈေးနှုန်းကို အကြောင်းပြု
လို့ ထုံးစံအတိုင်းပဲ အခြားပစ္စည်း
တွေလည်း ဆင့်(ပြား) စွန်းတက်
လာတယ်။ အမျိုးသမီးတွေက
ဈေးဝယ်သူမို့ ပိုသိတယ်။ မိတ်
ဆွေအမျိုးသမီးလေးတစ်ယောက်
က "၂၀ တန် ဖျက်လိုက်ရင် ခဏ
ပဲ။ အသုံးမခံဘူး။ ရထားခက
လည်းတက်တော့ ခြေချုပ်ထားရ
တယ်"ဟု ဆိုပါသည်။ ဗွီအိုအေ
က မြန်မာစာရေးဆရာမတစ်ဦးက
"ဝင်ငွေနှင့် ကာမိရုံလေးပဲ"လို့
ရေးတယ်။

မကြာမီက သတင်းတစ်ပုဒ်
မှာ သက်ကြီးရွယ်အိုစောင့်ရှောက်
မှု လုပ်နေတဲ့ အလုပ်သမားတွေ
ဆန္ဒပြတဲ့ ဓာတ်ပုံတွေရတယ်။ (ဒီ
နိုင်ငံမှာ အသက်ကြီးတဲ့ အဘိုး
အဘွားတွေကို အိမ်မှာတစ်ယောက်
တည်းမထားရဘူး။ စောင့်ရှောက်
သူ ထားရပါတယ်။ သို့မဟုတ် သက်



www.burmeseclassic.com

www.burmeseclassic.com

ကြီးစောင့်ရှောက်ရေးစခန်းမှာ နေရတယ်။ မြန်မာနိုင်ငံက ထင်ရှားတဲ့ စာရေးဆရာကြီးတစ်ဦးဟာလည်း ဒီမှာနေတယ်။ မိမိကိုယ်တိုင်မရောက်ဖူးပေမယ့် ရောက်ဖူးတဲ့ မိတ်ဆွေစာရေးဆရာတစ်ဦးကတော့ အဆင်ပြေတယ်ဆိုပဲ။)

ကဲ . . ကုန်စျေးနှုန်း၊ ရထားလက်မှတ်ခက ဘေးထွက်သွားတာ ခေတ္တရပ်တော့။

ရထားဆိုလို့ အခုတစ်ခေါက် အပြင်ထွက်တာမှ ရထားခတက်လာတာနဲ့အတူ ရထားတွေဟာ (ရုံးတက်/ရုံးဆင်းချိန်မှာ) လူကျပ်လာတာ ပိုသတိထားမိတယ်။ နောက်ပြီး ခရီးသည်တွေကို သတိပေးတဲ့စာတန်း၊ ပိုစတာတွေ ပိုများလာတယ်။ ရထားစီးစဉ် ကောင်းတဲ့အပြုအမူလေးတွေလုပ်ကြစို့။ **Manners Make abettor ride** ဆိုပြီး ရထားမှာကပ်ထားတာ အပြည့်ပဲ။ မိမိကိုယ်တိုင် ကာကွယ်ဖို့ (၂၀၁၄ ခုနှစ်မှာ ရထားတိုက်လို့သေသူ ၁၄၀၀ ကျော်ရှိတယ်။) စောင့်ထိန်းဖို့ နည်းလမ်းတွေ၊ အခြားသူကို အနှောင့်အယှက်ဖြစ်စေမယ့် အပြုအမူ၊ အနေအထိုင်တွေ ရှောင်ကြဉ်ဖို့၊ ခရီးသည်ချင်း စာနာသော အနေအထားဖြင့်စီးဖို့ စုံနေတာပဲ။ အဝင်ပေါက်မှာ ရပ်စီးတာမျိုး၊ တစ်ယောက်တည်း နှစ်ယောက်စာစီးနေတာမျိုး၊ မိမိနေရာရစဉ်မှာ ခေါင်းဖြီး၊ အလှပြင်တာမျိုးကအစပေါ့။ လူတွေဟာ လူတွေပါပဲ။ ဖြူဖြူမည်းမည်း၊ ကျားများမမ စရိုက်စုံရှိတတ်တာပဲ။ ဆင်းရဲချမ်းသာ မကွာပါဘူး။ ဒါဟာ လူ့စရိုက်မို့လို့ဖြူ၊ လူမည်း၊ လူဝါမခွဲနဲ့။ ဒီလို မကောင်းတဲ့အပြုအမူတွေကို ဆင်ခြင်နိုင်တာက အသိဉာဏ်နဲ့ သတိနဲ့ထိန်းတာပါပဲ။ ဒီစာမှာပဲ "သူတစ်ပါးက သင့်ကို ကျေးဇူးတင်နေပါလိမ့်မယ် = **Other will thank you.** လို့ အကောင်းမြင်စကားဖြင့် ယဉ်ကျေးစွာနှိုးဆော်ထားပါတယ်။

အတိုင်းတိုင်း အပြည်ပြည် လူဦးရေ တိုးတက်နေကြတယ်။ နယူးယောက်မြို့မှာ ၂၀၁၄ သန်းခေါင်စာရင်းအရ ၈.၄ သန်းရှိတယ်။ ယမန်နှစ်ကထက် ၂.၈ ရာခိုင်နှုန်း တက်လာတယ်ဆိုပါတယ်။ နယူးယောက် လူဦးရေထဲက နေ့စဉ် ရထား/ကားနဲ့ သွားလာနေတာ ၅.၅ သန်းရှိတယ်။ (စနေ၊ တနင်္ဂနွေ နေ့မှာပင် ၂.၆ သန်းမှ ၃.၀ သန်းရှိဆိုပဲ) ရထားလိုင်း ၂၄ လိုင်းနဲ့ ဘူတာ ၄၂၀ ကျော်ရှိတယ်။ တိုးချဲ့ဖို့ စီမံနေရဆဲပဲ။ ဒီတော့ . . . ရထားခ တစ်ယောက် ၀.၂၅ ဆင့် တက်လိုက်တာ ရထားပို့ဆောင်ရေး (MTA) မှာ တစ်နှစ်ကို ဒေါ်လာသန်း ၄၄၀ ကျော် ဝင်ငွေပိုရဖွယ်ရှိတယ်ဆိုပဲ။ အလားတူပဲ သွားလာရေး လွယ်ကူအောင် နေ့စဉ် မြေအောက်လမ်း၊ မြေပေါ်လမ်းနဲ့ ဘူတာရုံတွေမှာ ပြင်နေတယ်။ စနေ၊ တနင်္ဂနွေဆိုရင် ရထားစီးရတာ လက်ဝင်တယ်။ ဘူတာကျော်ပြီးသွား၊ နောက်မှတစ်ဖက်လိုင်းက ပြန်စီးရတယ်။ လမ်းအပိုင်းအလိုက် ဆစ်ပြီးပြင်နေတယ်။ တစ်ခါတစ်ရံ ပြင်တဲ့လိုင်း ဘူတာအကြား ဘတ်စ်ကား ပြေးဆွဲပေးတယ်။ (အားလုံးဟာမြို့ပြ/ ပို့ဆောင်ရေး အေဂျင်စီ လက်အောက်ကပဲ။ **Subway** ကိုလည်း **Sub Way Car** လို့ သုံးပါတယ်။ အလားတူ ဓာတ်ဆီရော၊ ဓာတ်ငွေ့ရည်ဝ ရောင်းတဲ့ဆိုင်ကို **Gas Station** လို့ပဲ ခေါ်ပါတယ်။ သန့်စင်ခန်းကို **Rest room** လို့ သုံးတယ်။)

တစ်ရက် အပြင်ထွက်လိုက်တာ အတော်စုံသွားတယ်။ မိတ်ဆွေအပေါင်းအသင်းတွေဆီက လည်းရောက်တယ်။ မိမိအဖို့ တစ်နှစ်လောက်ခြားသွားတဲ့ ကျန်းမာရေးစစ်ဆေးမှုတွေလည်း စလုပ်ဖြစ်တယ်။ မိတ်ဆွေတွေက မြန်မာပြည်အကြောင်း မေးကြတယ်။ တကယ်တော့ ပြောစကားသာ ကြားချင်တာပါ။ သတင်းစုံက O **Lines** တွေ၊ **Face Book** တွေ **Email** တွေ၊ အသံလွှင့်ဌာနတွေက အတင်းစုံ၊ ဓာတ်ပုံစုံ မြင်ပြီးပြီပါပြီ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး သူရဦးရွှေမန်းရဲ့ ဗွီအိုအေ အင်တာဗျူးလည်း သူတို့ကြားပြီး မြင်ပြီးပါပြီ။ မြန်မာဆိုတော့လည်း မြန်မာပြည်ကို မျှော်လင့်တာတွေ အကောင်းတွေပဲ မြင်ချင်၊ ကြားချင်တာဟာ သဘာဝကျပါတယ်လေ . . ။

မောင်ကောင်းမြ



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်နှင့် သတင်းစာဆရာများ

● တက္ကသိုလ်သန်း

ကျွန်တော် ဂျာနယ်အလုပ်မှ နားခဲ့ပြီးနောက် အားချိန်၊ နားချိန်များ ပိုလာသည်။ တစ်ပတ်လျှင် တစ်ရက်သာ ဂျာနယ်အလုပ်ရှိသည်။ ကျန်ခြောက်ရက်လုံးလုံး နားရသည်။ နားရသည်ဆိုသော်လည်း ကျွန်တော်က မအား။ အလုပ်ကရှိသည်။ စာဖတ်ခြင်းနှင့် စာရေးခြင်းအလုပ် ဖြစ်၏။

ကျန်နားရက်အချို့တွင် ဂျာနယ်၊ သတင်းစာ၊ မဂ္ဂဇင်းတိုက်များသို့သွားသည်။ စာမူပို့ရသည်။ စာမူခထုတ်ရသည်။ ယခင်က တပည့်ဝန်ထမ်းများကို လွှကြုံပါး၍ အကူအညီတောင်းနိုင်သော်လည်း ယခုမူ ကိုယ့်အားကိုယ်ကိုးရသည်။ ဤသည်အတွက် အကျိုးတော့ရှိ၏။

ပြီးခဲ့သည့်ရက်များက ကျွန်တော် "စံတော်ချိန်"သတင်းစာတိုက်သို့ ရောက်ခဲ့သည်။ ကျွန်တော့်အိမ်မှ စံတော်ချိန်သတင်းစာတိုက်သို့ ကားတစ်မှတ်တိုင်စီးလျှင် ရောက်နိုင်သဖြင့် မပင်မပန်းသွားနိုင်ခြင်းဖြစ်၏။

စံတော်ချိန် သတင်းစာတိုက် အယ်ဒီတာချုပ်က ဆရာဦးရဲမြင့်ဖေ(ရဲကျော်ခေါင်)ဖြစ်၏။ သူက ယခင် မြန်မာ့အလင်းသတင်းစာ စာတည်းမှူးချုပ်ဖြစ်သည်။ သက်ပြည့်အငြိမ်းစားယူပြီးနောက် စံတော်ချိန်သတင်းစာတွင် ဝင်လုပ်ခြင်းဖြစ်၏။ ဆရာနှင့်ကျွန်တော် ခင်မင်သိကျွမ်းလာသည်မှာ နှစ်ပရိစ္ဆေဒကြာခဲ့လေပြီ။ ပြောရမည်ဆိုလျှင် ဆရာ ကြေးမုံသတင်းစာတွင် စာပြင်အလုပ်လုပ်စဉ်ကပင် ဖြစ်၏။ ထို့ကြောင့် ဆရာက သတင်းစာနှင့်ပတ်သက်လာလျှင် အောက်သက်ကျေသူဖြစ်သည်။ ရိုးသားကြိုးစားမှုကြောင့် စာတည်းမှူးချုပ်အဆင့်ထိရာထူးရခဲ့သူဖြစ်သည်။

ကျွန်တော် ဆရာ့ကို လွန်ခဲ့သည့် နှစ်လခန့်က မြဝတီသတင်းစာ နှစ်ပတ်လည်အခမ်းအနားတွင် တွေ့ရ၏။ ဆရာက မြဝတီသတင်းစာကို ပြုစုပျိုးထောင်ပေးခဲ့သူများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ စံတော်ချိန်သတင်းစာသို့ ကျွန်တော်ဆောင်းပါးများပေးပို့ခဲ့ရာ ဆရာက ပို့သမျှဖော်ပြပေးခဲ့သဖြင့် ကျေးဇူးတင်ရပါ၏။

ဆရာနှင့်ကျွန်တော် ယခင်တွေ့စဉ်က "သူ့ထံ ဆရာဦးမောင်မောင်မြင့်အား ရောင်ပြန်မဂ္ဂဇင်း အမြဲပေးပို့ကြောင်း၊ ကျွန်တော့်ဆောင်းပါးများကိုလည်း ဖတ်ရကြောင်း" ပြောသည်။ တကယ်တော့ ဆရာက ရောင်ပြန်မဂ္ဂဇင်း အမြဲဖတ်သည့် စာဖတ်ပရိသတ်တစ်ဦးအဖြစ် ဟိုယခင်ကပင် ကျွန်တော်သိထားခဲ့ပါ၏။

ဆရာသည် နှစ်ပေါင်းများစွာ သတင်းစာလုပ်ငန်းကိုသာ တစိုက်မတ်မတ်လုပ်ကိုင်ခဲ့သူဖြစ်သည်။ သတင်းစာလုပ်ငန်းသည် ပင်ပန်းသည်။ နားရက် အားရက် သိပ်မရှိလှ။ နေ့ရောညပါ အလုပ်လုပ်ရ၏။ လုံးဝအမှားမခံ။ သို့အတွက် ပို၍သတိထားရ၏။ နိုင်ငံပိုင်သတင်းစာတိုက်၏ စာတည်းမှူးချုပ်က အယ်ဒီတာပိုင်းရော စီမံ(အုပ်ချုပ်ရေး)ပိုင်းပါ တာဝန်ယူရရင်း တာဝန်ကြီးလေးသည်။ တော်ရုံတန်ရုံပုဂ္ဂိုလ် မလုပ်နိုင်ဟု ထင်သည်။

မကြာသေးမီက ဆရာ စင်္ကာပူသို့သွား၍ ဆေးကုသခဲ့သေးကြောင်း ကြားရ၏။ ကျွန်တော် စံတော်ချိန်သတင်းစာတိုက်သို့ရောက်သည့်အခါတိုင်း ဆရာ့ကို မတွေ့ရ။ အဘယ့်ကြောင့်ဆိုသော် ဆရာက ညဥ့်နက်မှအိမ်ပြန်ရသဖြင့် နေ့ဘက်နောက်ကျမှ ရောက်တတ်သည်ဟု ဝန်ထမ်းများပြော၍ သိရ၏။

စံတော်ချိန် သတင်းစာတိုက်တွင် မည်သူတွေ တာဝန်ထမ်းဆောင်နေကြသည်ကို ကျွန်တော်မသိ။ တစ်နေ့ ကျွန်တော် သတင်းစာတိုက်သို့ ရောက်ရှိပြီး Reception တွင် ဝန်ထမ်းတစ်ဦးနှင့် စကားပြောနေစဉ် ကျွန်တော့်အသံကို မှတ်မိနေသော ပုဂ္ဂိုလ်တစ်ဦးက ကျွန်တော့်ထံလာ၍ နှုတ်ဆက်သည်။ သူကား အခြားမဟုတ်။ ကိုတင်အုန်း(ရွှေတင်အုန်း)ဖြစ်သည်။ ယခု စံတော်ချိန်သတင်းစာတိုက်တွင် သတင်းထောက်ချုပ်တာဝန်ယူထားသည်ဟု သိရ၏။

သူနှင့်ကျွန်တော် ဝန်ထမ်းဘဝကပင် ခင်မင်သိကျွမ်းခဲ့ကြသော မိတ်ဆွေဟောင်းကြီးဖြစ်သည်။ ကျွန်တော် ကြေး



www.burmeseclassic.com

www.burmeseclassic.com

မုံသတင်းစာတိုက်သို့ရောက်တိုင်းကို တင်အုန်းကိုတွေ့ရ၏။ သူက သတင်းထောက်ဖြစ်သည်။ သူသည် သတင်းစာ ဘိုးအေကြီးများဖြစ်သည့် ဆရာ့ဆရာကြီးများနှင့်အတူ အလုပ်လုပ်ခဲ့သူဖြစ်၍ ဝါရင့်သတင်းစာ ဆရာတစ်ဦးဟု ဆိုနိုင်သည်။ အငြိမ်းစားယူပြီးနောက် ဆရာဦးရဲမြင့်ဖေနှင့် ပတ်သက်၍ စံတော်ချိန်တွင် ဝင်ရောက်အလုပ်လုပ်နေခြင်း ဖြစ်သည်။ ယခု အသက် ၇၀ ပြည့်ပြီဟု သိရ၏။

သူမိတ်ဆက်ပေးသဖြင့် ဆရာဦးသန်းဇော်နှင့် ဆရာဦးသန်းထူးကြည်တို့ကို တွေ့ရ၏။ သူတို့နှစ်ဦးလည်း နိုင်ငံပိုင်သတင်းစာတိုက်က အယ်ဒီတာများ ဖြစ်ကြသည်။ အသက် ၆၀ ပြည့်ပြီး အငြိမ်းစားယူကာ စံတော်ချိန်သတင်းစာ၏ ပိုင်းတော်သားများ ဖြစ်လာကြသည်။ သူတို့နှစ်ဦးသည်လည်း ဆရာဦးရဲမြင့်ဖေနှင့် တစ်နွယ်ငင် တစ်စင်ပါလာကြသူများ ဖြစ်ပါ၏။

စံတော်ချိန်သတင်းစာတိုက်က "ချမ်းသာပလာဇာ" ဆယ့်နှစ်ထပ်တွင်ရှိသည့် ဓာတ်လှေကားဖြင့် တက်ရသဖြင့် သက်သောင့်သက်သာရှိ၏။ အောက်ထပ်တွင် အယ်ဒီတာအချို့နှင့် ဝန်ထမ်းများ၊ သတင်းထောက်များနှင့် ပြည့်နေသည်။ အပေါ်ထပ်တွင် အယ်ဒီတာချုပ်နှင့် ဘာသာပြန်အယ်ဒီတာတို့ နေကြသည်။

အယ်ဒီတာအဖွဲ့၏ အတွင်းရေးမှူးမှာ ဦးထွန်းအောင်ဖြစ်သည်။ ကျွန်တော် သူနှင့် ရေးမဆွကပင် သိကျွမ်းပြီးဖြစ်၏။ သူက ပြန်ကြားရေး ဒုဝန်ကြီး၏ ကိုယ်ရေးအရာရှိဖြစ်သည်။ ကျွန်တော် ပြန်ကြားရေးဝန်ကြီးဌာန ပြန်/ဆက်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်စဉ်ကပင် သူနှင့်ခင်မင်သဖြင့် တစ်ဦးနှင့်တစ်ဦး တွေ့ကြသည့်အခါ ဝမ်းသာအယ်လဲရှိကြ၏။

ကျွန်တော်နှင့် ဦးထွန်းအောင် စကားပြောနေစဉ် ကျွန်တော့်အသံကို ကြားသည်ဟုဆိုကာ ဆရာဦးဒီဦးနှင့် ဦးကျော်လွင်တို့ ကျွန်တော့်အား လာရောက်နှုတ်ဆက်သည်။ သူတို့နှစ်ဦးစလုံး ဘာသာပြန်ဆရာများ ဖြစ်ကြသည်။

ကျွန်တော် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ကြီးရုံးတွင် တာဝန်ထမ်းဆောင်စဉ် ဝန်ကြီးက သူ့ရုံးတွင် ဘာသာပြန်အဖွဲ့တစ်ဖွဲ့ ထားရှိလိုသဖြင့် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ သင့်လျော်သည့်ဝန်ထမ်းအချို့ကို ရှာဖွေစုဆောင်းပေးရန် ကျွန်တော့်အား တာဝန်ပေးသည်။ သို့ဖြစ်၍ ကျွန်တော်သိကျွမ်းသူများကို ဖုန်းဆက်၍ ကာယကံရှင်များ၏ ဆန္ဒသဘောထားကို မေးရသည်။ ထိုအထဲတွင် ဆရာဦးဒီဦး ပါသည်။ ထိုအချိန်က သူက ဌာနမှအငြိမ်းစားယူပြီး ဖြစ်သည်။

သူက ကျွန်တော့်အား တွေ့သည်နှင့် အထက်ပါဖြစ်ရပ်ကို သတိတရပြန်ပြောသည်။ နောက်တစ်ဦးမှာ ဦးကျော်လွင် ဖြစ်သည်။ သူက ကျွန်တော့်ကိုတွေ့လျှင်တွေ့ချင်း သူ့ကို မှတ်မိပါသလားဟု မေးရာ ကျွန်တော်က မှတ်မိကြောင်း ပြန်ပြောလိုက်သည်။ အဘယ့်ဆိုသော် သူနှင့်ကျွန်တော် အမှတ်တရများရှိခဲ့၏။

တစ်နေ့ ဆရာခင်မောင်မြင့်(ပန်းတနော်) (အငြိမ်းစား ဗိုလ်မှူးကြီး)က The Dream မဂ္ဂဇင်းထုတ်လိုသဖြင့် တာဝန်ထမ်းဆောင်နိုင်မည့် သင့်လျော်သူများကို ရှာဖွေစုဆောင်းပေးရန် ကျွန်တော်နှင့် ဆရာဦးမောင်မောင်မြင့်အေးတို့ကို အကူအညီတောင်းသည်။ ဆရာဦးမောင်မောင်မြင့်အေးက တာဝန်ခံအယ်ဒီတာတစ်ဦးကို ရှာပေးသည်။ ကျွန်တော်က အယ်ဒီတာများကို ရှာဖွေပေးရသည်။ ကျွန်တော့်မိတ်ဆွေ ဦးသက်ဝေ (သက်ဝေကိုကို) (Venus ဂျာနယ်)ထံ အကူအညီတောင်းရာ သူက ဦးကျော်လွင်နှင့် မိတ်ဆက်ပေးသဖြင့် ၎င်းအားရွေးချယ်ခဲ့သည်။ သို့ရာတွင် The Dream မဂ္ဂဇင်းမှာ လုပ်ရင်းတန်းလန်းနှင့် မထုတ်ဖြစ်ခဲ့ပေ။ သို့ရာတွင် အယ်ဒီတာများကိုမူ လစာ တစ်လစာစီပေးခဲ့သည်။ ယခုအခါ ဦးကျော်လွင်သည် သူ့ဝါသနာပါရာ ဘာသာပြန်အလုပ်ဖြင့် အဆင်ပြေနေသည်ကို တွေ့ရသဖြင့် ဝမ်းသာရပါ၏။

ဂျာနယ်အလုပ်ကြောင့် မိတ်ဟောင်းဆွေဟောင်းများနှင့် ငါးနှစ်တာမျှ ကင်းကွာခဲ့ရသော ကျွန်တော်သည် တစ်ချိန်က ကျွန်တော်နှင့် ရင်းနှီးကျွမ်းဝင်သူ သတင်းစာဆရာများနှင့် ပြန်လည်တွေ့ဆုံခွင့်ရသဖြင့် အတိုင်းမသိကြည်နူးရပါ၏။

ကျွန်တော်နှင့် သိကျွမ်းခင်မင် လေးစားခဲ့ရသော ဆရာ ဆရာကြီးများသည်လည်း သူတို့ပျော်မွေ့ရာ သတင်းစာဆရာ စာရေးဆရာအလုပ်ကို ခုံခုံမင်မင်လုပ်ကိုင်ရင်း လူ့လောက ကျော်ခိုင်းခဲ့ကြသည် မဟုတ်ပါလား။ ကျွန်တော်တို့သည်လည်း ဆရာ့ဆရာများနည်းတူ တစ်ချိန်ချိန်တွင် သူတို့နောက် လိုက်ကြရမည်မှာ မလွဲကေန်ဖြစ်ပါ၏။


တက္ကသိုလ်သ

ဝ၉၄၃၁၉



www.burmeseclassic.com

www.burmeseclassic.com



# ရွှေးဟောင်းပုရပိုက်မြှုထဲက ရှားပါးဗေဒင်ဟောကိန်း

## ညွန့်လွင်(စက်မှုတက္ကသိုလ်)

ဤဗေဒင် နည်းစနစ်သည် ရှေးဟောင်း ပရပိုက်မြူထဲတွင် မှတ်သားထားသော ဗေဒင်နည်းစနစ်ဖြစ်ပါသည်။ ပျောက်ပျက်မသွားအောင် ဖော်ထုတ်တင်ပြလိုက်ရပါသည်။

တွက်ပုံနည်းစနစ်မှာ ဗေဒင်တွက်လိုသူ၏ ရောက်သက်၊ မွေးနံ(ဂဏန်း)၊ မွေးနံ၏(ဂြိုဟ်သက်) သုံးမျိုးကို ပေါင်းရပါမည်။ ရလဒ်ကို ၈ နှင့် စားရပါမည်။ အကြွင်းရလာပါမည်။ ရရှိသော အကြွင်းအရ ဟောကိန်းထုတ်ဟောပြောရပါမည်။

အကြွင်းဇယား

| | | |
|---|---|---|
| ၇<br>အိမ်ပြင် | ၆<br>အိမ်ကျိုးနား | ၅<br>အိမ်ပြာသာဒ် |
| ၀<br>အိမ်တံကျင် | | ၄<br>အိမ်သုဘော် |
| ၁<br>အိမ်ငယ် | ၂<br>အိမ်ဆောက်ပန်း | ၃<br>အိမ်ပေါင်းလဲ |



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာနေ့သားသမီးနှင့် စနေနေ့သားသမီးတို့အတွက် သက်ရောက်ယေား

| ရောက်သက်များ | | | | | | | | | | | | သက်ရောက်အိမ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၉ | ၁၇ | ၂၅ | ၃၃ | ၄၁ | ၄၉ | ၅၇ | ၆၅ | ၇၃ | ၈၁ | ၈၉ | (၂) အိမ်ဆောက်ပန်း |
| ၂ | ၁၀ | ၁၈ | ၂၆ | ၃၄ | ၄၂ | ၅၀ | ၅၈ | ၆၆ | ၇၄ | ၈၂ | ၉၀ | (၃) အိမ်ပေါင်းလဲ |
| ၃ | ၁၁ | ၁၉ | ၂၇ | ၃၅ | ၄၃ | ၅၁ | ၅၉ | ၆၇ | ၇၅ | ၈၃ | ၉၁ | (၄) အိမ်သဘော် |
| ၄ | ၁၂ | ၂၀ | ၂၈ | ၃၆ | ၄၄ | ၅၂ | ၆၀ | ၆၈ | ၇၆ | ၈၄ | ၉၂ | (၅) အိမ်ပြာသာဒ် |
| ၅ | ၁၃ | ၂၁ | ၂၉ | ၃၇ | ၄၅ | ၅၃ | ၆၁ | ၆၉ | ၇၇ | ၈၅ | ၉၃ | (၆) အိမ်ကျိုးနား |
| ၆ | ၁၄ | ၂၂ | ၃၀ | ၃၈ | ၄၆ | ၅၄ | ၆၂ | ၇၀ | ၇၈ | ၈၆ | ၉၄ | (၇) အိမ်ပြင် |
| ၇ | ၁၅ | ၂၃ | ၃၁ | ၃၉ | ၄၇ | ၅၅ | ၆၃ | ၇၁ | ၇၉ | ၈၇ | ၉၅ | (၀) အိမ်တံကျင် |
| ၈ | ၁၆ | ၂၄ | ၃၂ | ၄၀ | ၄၈ | ၅၆ | ၆၄ | ၇၂ | ၈၀ | ၈၈ | ၉၆ | (၁) အိမ်ငယ် |

## အင်္ဂါနေ့သားသမီးနှင့် သောကြာသားသမီးတို့အတွက် သက်ရောက်ယေား

| ရောက်သက်များ | | | | | | | | | | | | သက်ရောက်အိမ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၉ | ၁၇ | ၂၅ | ၃၃ | ၄၁ | ၄၉ | ၅၇ | ၆၅ | ၇၃ | ၈၁ | ၈၉ | (၄) အိမ်သဘော် |
| ၂ | ၁၀ | ၁၈ | ၂၆ | ၃၄ | ၄၂ | ၅၀ | ၅၈ | ၆၆ | ၇၄ | ၈၂ | ၉၀ | (၅) အိမ်ပြာသာဒ် |
| ၃ | ၁၁ | ၁၉ | ၂၇ | ၃၅ | ၄၃ | ၅၁ | ၅၉ | ၆၇ | ၇၅ | ၈၃ | ၉၁ | (၆) အိမ်ကျိုးနား |
| ၄ | ၁၂ | ၂၀ | ၂၈ | ၃၆ | ၄၄ | ၅၂ | ၆၀ | ၆၈ | ၇၆ | ၈၄ | ၉၂ | (၇) အိမ်ပြင် |
| ၅ | ၁၃ | ၂၁ | ၂၉ | ၃၇ | ၄၅ | ၅၃ | ၆၁ | ၆၉ | ၇၇ | ၈၅ | ၉၃ | (၀) အိမ်တံကျင် |
| ၆ | ၁၄ | ၂၂ | ၃၀ | ၃၈ | ၄၆ | ၅၄ | ၆၂ | ၇၀ | ၇၈ | ၈၆ | ၉၄ | (၁) အိမ်ငယ် |
| ၇ | ၁၅ | ၂၃ | ၃၁ | ၃၉ | ၄၇ | ၅၅ | ၆၃ | ၇၁ | ၇၉ | ၈၇ | ၉၅ | (၂) အိမ်ဆောက်ပန်း |
| ၈ | ၁၆ | ၂၄ | ၃၂ | ၄၀ | ၄၈ | ၅၆ | ၆၄ | ၇၂ | ၈၀ | ၈၈ | ၉၆ | (၃) အိမ်ပေါင်းလဲ |

ဥပမာ(၁)။ ။ရောက်သက် ၃၉ နှစ်ရှိ တနင်္ဂနွေသားသမီးကို တွက်လိုပါက -

ရောက်သက်+မွေးနံ(ဂဏန်း)+မွေးနံ၏ဂြိုဟ်သက်

၃၉ + ၁ + ၆ = ၄၆

၄၆ ÷ ၈ = အကြွင်း ၆ ရမည်။

၆ ကြွင်းဖြစ်၍ အိမ်ကျိုးနားဟောကိန်းကို ဖတ်ရပါမည်။

ဥပမာ (၂)။ ။ရောက်သက် ၃၁ နှစ်ရှိ အင်္ဂ
သမီးတစ်ယောက်ကို တွက်လျှင် -

ရောက်သက်+မွေးနံ(ဂဏန်း)+မွေးနံ၏ဂြိုဟ်သ

၃၁ + ၃ + ၈ = ၄၂

၄၂ ÷ ၈ = အကြွင်း ၂ ရမည်။

၂ ကြွင်းဖြစ်၍ အိမ်ဆောက်ပန်း ဟောကိန်း
ဖတ်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္ဂနွေနေ့သားသမီးနှင့် ကြာသပတေးနေ့သားသမီးအတွက် သက်ရောက်ယေား

| တနင်္ဂနွေသားသမီး သက်ရောက်အိမ် | ရောက်သက်များ | | | | | | | | | | | ကြာသပတေးသားသမီး သက်ရောက်အိမ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| (၀) အိမ်တံကျင် | ၁ | ၉ | ၁၇ | ၂၅ | ၃၃ | ၄၁ | ၄၉ | ၅၇ | ၆၅ | ၇၃ | ၈၁ | ၈၉ | (၁) အိမ်ငယ် |
| (၁) အိမ်ငယ် | ၂ | ၁၀ | ၁၈ | ၂၆ | ၃၄ | ၄၂ | ၅၀ | ၅၈ | ၆၆ | ၇၄ | ၈၂ | ၉၀ | (၂) အိမ်ဆောက်ပန်း |
| (၂) အိမ်ဆောက်ပန်း | ၃ | ၁၁ | ၁၉ | ၂၇ | ၃၅ | ၄၃ | ၅၁ | ၅၉ | ၆၇ | ၇၅ | ၈၃ | ၉၁ | (၃) အိမ်ပေါင်းလဲ |
| (၃) အိမ်ပေါင်းလဲ | ၄ | ၁၂ | ၂၀ | ၂၈ | ၃၆ | ၄၄ | ၅၂ | ၆၀ | ၆၈ | ၇၆ | ၈၄ | ၉၂ | (၄) အိမ်သဘော |
| (၄) အိမ်သဘော | ၅ | ၁၃ | ၂၁ | ၂၉ | ၃၇ | ၄၅ | ၅၃ | ၆၁ | ၆၉ | ၇၇ | ၈၅ | ၉၃ | (၅) အိမ်ပြာသာဒ် |
| (၅) အိမ်ပြာသာဒ် | ၆ | ၁၄ | ၂၂ | ၃၀ | ၃၈ | ၄၆ | ၅၄ | ၆၂ | ၇၀ | ၇၈ | ၈၆ | ၉၄ | (၆) အိမ်ကျိုးနား |
| (၆) အိမ်ကျိုးနား | ၇ | ၁၅ | ၂၃ | ၃၁ | ၃၉ | ၄၇ | ၅၅ | ၆၃ | ၇၁ | ၇၉ | ၈၇ | ၉၅ | (၇) အိမ်ပြင် |
| (၇) အိမ်ပြင် | ၈ | ၁၆ | ၂၄ | ၃၂ | ၄၀ | ၄၈ | ၅၆ | ၆၄ | ၇၂ | ၈၀ | ၈၈ | ၉၆ | (၀) အိမ်တံကျင် |

## ဗုဒ္ဓဟူးနေ့သားသမီးနှင့် ရာဟုနေ့သားသမီးအတွက် သက်ရောက်ယေား

| ဗုဒ္ဓဟူးသားသမီး သက်ရောက်အိမ် | ရောက်သက်များ | | | | | | | | | | | ရာဟုသားသမီး သက်ရောက်အိမ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| (၆) အိမ်ကျိုးနား | ၁ | ၉ | ၁၇ | ၂၅ | ၃၃ | ၄၁ | ၄၉ | ၅၇ | ၆၅ | ၇၃ | ၈၁ | ၈၉ | (၅) အိမ်ပြာသာဒ် |
| (၇) အိမ်ပြင် | ၂ | ၁၀ | ၁၈ | ၂၆ | ၃၄ | ၄၂ | ၅၀ | ၅၈ | ၆၆ | ၇၄ | ၈၂ | ၉၀ | (၆) အိမ်ကျိုးနား |
| (၀) အိမ်တံကျင် | ၃ | ၁၁ | ၁၉ | ၂၇ | ၃၅ | ၄၃ | ၅၁ | ၅၉ | ၆၇ | ၇၅ | ၈၃ | ၉၁ | (၇) အိမ်ပြင် |
| (၁) အိမ်ငယ် | ၄ | ၁၂ | ၂၀ | ၂၈ | ၃၆ | ၄၄ | ၅၂ | ၆၀ | ၆၈ | ၇၆ | ၈၄ | ၉၂ | (၀) အိမ်တံကျင် |
| (၂) အိမ်ဆောက်ပန်း | ၅ | ၁၃ | ၂၁ | ၂၉ | ၃၇ | ၄၅ | ၅၃ | ၆၁ | ၆၉ | ၇၇ | ၈၅ | ၉၃ | (၁) အိမ်ငယ် |
| (၃) အိမ်ပေါင်းလဲ | ၆ | ၁၄ | ၂၂ | ၃၀ | ၃၈ | ၄၆ | ၅၄ | ၆၂ | ၇၀ | ၇၈ | ၈၆ | ၉၄ | (၂) အိမ်ဆောက်ပန်း |
| (၄) အိမ်သဘော | ၇ | ၁၅ | ၂၃ | ၃၁ | ၃၉ | ၄၇ | ၅၅ | ၆၃ | ၇၁ | ၇၉ | ၈၇ | ၉၅ | (၃) အိမ်ပေါင်းလဲ |
| (၅) အိမ်ပြာသာဒ် | ၈ | ၁၆ | ၂၄ | ၃၂ | ၄၀ | ၄၈ | ၅၆ | ၆၄ | ၇၂ | ၈၀ | ၈၈ | ၉၆ | (၄) အိမ်သဘော |

တွက်ချက်ရာတွင် တနင်္ဂနွေသားသမီးဆိုလျှင် မွေးနံမှာ ၁၊ ဂြိုဟ်သက်မှာ ၆၊ တနင်္လာသားသမီးဆိုလျှင် မွေးနံမှာ ၂၊ ဂြိုဟ်သက်မှာ ၁၅၊ အင်္ဂါသားသမီးဆိုလျှင် မွေးနံမှာ ၃၊ ဂြိုဟ်သက်မှာ ၈၊ ဗုဒ္ဓဟူးသားသမီးဆိုလျှင် မွေးနံမှာ ၄၊ ဂြိုဟ်သက်မှာ ၁၇၊ ကြာသပတေးသားသမီးဆိုလျှင် မွေးနံမှာ ၅၊ ဂြိုဟ်သက်မှာ ၁၉၊ သောကြာသားသမီးဆိုလျှင် မွေးနံမှာ ၆၊ ဂြိုဟ်သက်မှာ ၂၁၊ စနေသားသမီးဆိုလျှင် မွေးနံမှာ ၇၊ ဂြိုဟ်သက်မှာ ၁၀၊ ရာဟု သားသမီးဆိုလျှင် မွေးနံမှာ ၈၊ ဂြိုဟ်သက်မှာ ၁၂။ အသီးသီးယူ၍ တွက်ရပါမည်။

တွက်ချက်ရာတွင် လွယ်ကူရှင်းလင်း၍ မှားယွင်းမှု မရှိစေရန် နေ့ ၈ နေ့ သားသမီးများအတွက် အသင့်



www.burmeseclassic.com

www.burmeseclassic.com

တွက်ပြီး ဇယားများကို ဖော်ပြအပ်ပါသည်။ မိမိမွေးနံနှင့် ဆိုင်ရာ ဇယားကိုကြည့်၍ ရောက်သက်ဟောကိန်းများကို ဖတ်ကြည့်နိုင်ပါ၏။

## ရှေးဟောင်း ပုရပိုက်ဖြူထဲက ရှားပါးဗေဒင်ဟောကိန်းများ

### ၁ ကြွင်း အိမ်ငယ်သက်ရောက်ဟောကိန်း

အိမ်ငယ်သက်ရောက် ကျသောနှစ်တွင် ကျန်းမာရေးကောင်းမည်။ အသက်ရှည်မည်။ တပည့်လက်သား အခြွေအရံများနှင့် ပြည့်စုံစွာ နေရမည်။ စီးပွားရှာသော် ဖြစ်ထွန်းအောင်မြင်မည်။ ဤနှစ်တွင် ချမ်းချမ်းသာသာ နေထိုင်ရမည်။ လာဘ်လာဘများရမည်။

### ၂ ကြွင်း အိမ်ဆောက်ပန်း သက်ရောက်ဟောကိန်း

အိမ်ဆောက်ပန်း သက်ရောက်ဖြစ်သော ရောက်သက်နှစ်တွင် ခြွေရံသင်းပင်းနှင့် ပြည့်စုံမည်။ ပေါင်းသင်းဆက်ဆံရေး အဆင်ပြေမည်။ မိသားစု ပျော်ပျော်ရွှင်ရွှင် သိုက်သိုက်ဝန်းဝန်း နေထိုင်ရမည်။ လာဘ်လာဘဝင်မည်။ စီးပွားဖြစ်မည်။ ချမ်းသာမည်။ ကျန်းမာရေးကောင်းမည်။ အသက်ရှည်မည်။

### ၃ ကြွင်း အိမ်ပေါင်းလဲ သက်ရောက်ဟောကိန်း

အိမ်ပေါင်းလဲ သက်ရောက်ကာလတွင် ကံမကောင်းသေးပါ။ ဤသက်ရောက်နှစ်တွင် စီးပွားပျက်တတ်သည်။ စီးပွားဖွေရှာရာတွင် လောဘမကြီးဘဲ သတိရှိရန်လိုသည်။ ရှိရင်းအခြေအနေကို ထိန်းထားနိုင်အောင် ကြိုးစားသင့်သည်။ ကျန်းမာရေးချို့တဲ့တတ်သည်။ အကယ်၍ ချူချာလျှင် အသက်အန္တရာယ်ရှိနိုင်ပါသည်။ ယတြာများ၊ ကောင်းမှုကုသိုလ်များ ပြုလုပ်ပါ။

### ၄ ကြွင်း အိမ်သဘော်သက်ရောက်ဟောကိန်း

အိမ်သဘော် သက်ရောက်နှစ်တွင် ကံအထူးကောင်းနေလိမ့်မည်။ တပည့်တပန်း၊ အခြွေအရံ ကျေးကျွန်နှင့် ပြည့်စုံမည်။ သားသမီးအကျိုး ခံစားရမည်။ အိမ်တွင်းရေး သာယာမည်။ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံမည်။ ရွှေငွေ ရတနာရမည်။ ချမ်းသာကြွယ်ဝမည်။

### ၅ ကြွင်း အိမ်ပြာသာဒ် သက်ရောက်ဟောကိန်း

အိမ်ပြာသာဒ် သက်ရောက်နှစ်တွင် လူကြီးသူမတို့၏ စောင်မကြည့်ရှုခြင်း ခံရမည်။ အိမ်တွင်းရေး သာယာမည်။ သားသမီးရတနာနှင့် ပြည့်စုံမည်။ ဤသက်ရောက်နှစ်တွင် ကံကောင်းမည်။ စီးပွားဖြစ်ထွန်းအောင်မြင်မည်။ လာဘ်လာဘများစွာရမည်။

### ၆ ကြွင်း အိမ်ကျီးနား သက်ရောက်ဟောကိန်း

အိမ်ကျီးနား သက်ရောက်နှစ်တွင် မိမိတွင် ရန်သူများနေမည်။ ကြံစည်လုပ်ကိုင်သော အလုပ်အကိုင်များ မအောင်မမြင် ဖြစ်တတ်သည်။ လုပ်ကိုင်သမျှ ပျက်စီးတတ်သည်။ အညံ့အသက်ရှိသည်။ ကံနိမ့်သော သက်ရောက်ဖြစ်သည်။ စီးပွားရှာဖွေရာတွင် သတိကြီးစွာ ထားသင့်သည်။ စီးပွားပျက်တတ်သည်။ ကံကောင်းစေရန် ယတြာ၊ ကောင်းမှုကုသိုလ်များပြုလုပ်ပါ။ မနက်အိပ်ရာထလျှင် ဘုရားစာတစ်ခုခု နေ့စဉ်ရွတ်ဆိုပါ။

### ၇ ကြွင်း အိမ်ပြင်သက်ရောက် ဟောကိန်း

အိမ်ပြင် သက်ရောက်ကာလသည် သင့်ကို ကံခေ[ါ]စေမည်။ ရှာဖွေသမျှ ရသမျှ မမြဲပါ။ ဤကာလတွင် စီးပွား[း] ပျက်တတ်ပါသည်။ သတိရှိရန် လိုပါသည်။ ပြိုင်ဘက်များ[း] ရန် သူများ ပေါ်များနေမည်။ ကံကောင်းစေရန် ယတြာ[၊] ကောင်းမှုကုသိုလ်များ ပြုလုပ်ပါ။

### ၀ ကြွင်း အိမ်တံကျင်သက်ရောက်ဟောကိန်း

အိမ်တံကျင် သက်ရောက်နှစ်တွင် ကျန်းမာရေး[း] ချို့တဲ့တတ်ပါသည်။ လုပ်ကိုင်ဆောင်ရွက်မှုများ အဆင်ပြေ[ေ]မည် မဟုတ်ပါ။ စီးပွားဥစ္စာများ ဆုံးရှုံးရတတ်ပါသည်[။] စိတ်မချမ်းမသာ ဖြစ်ရတတ်သည်။ ကံနိမ့်နေသည်[။] ကံကောင်းလာစေရန် ယတြာ၊ ကုသိုလ်ကောင်းမှုများ လု[ပ်] ဆောင်ပါ။ မနက်အိပ်ရာထလျှင် နေ့စဉ် ဘုရားစာတစ်[ပုဒ်] ရွတ်ဆိုပါ။

ကံကောင်းကြပါစေ ...

ညွန့်လွင်(စက်မှုတက္ကသို[လ်])
၀၉ ၃၃၄၇၁၃...



www.burmeseclassic.com

www.burmeseclassic.com


# ခုနစ်ရက်သားသမီးများအတွက်
# ဆရာမ ဒေါက်တာစောယုနွယ်က ဆောင်ရွက်ပေးနေပြီ

၁။ အမိအဘတွေက ကိုယ့်သားသမီးတွေကို ဆင်းစီးမြင်းရံပြီး ဘဝခရီးတစ်လျှောက် ပန်းခင်းတဲ့လမ်းကို လျှောက်လှမ်းစေချင်တာ ဓမ္မတာပါပဲ၊ ဒါကြောင့် ကိုယ့်သားသမီးလေးတွေကို ကံဇာတာမြင့်မားစေတဲ့ ရက်တွေ၊ နေ့တွေမှာ မွေးစေချင်ကြပါတယ်၊ အဲဒီလိုကိစ္စတွေဖြစ်ခဲ့ရင် ဆရာမဒေါက်တာစောယုနွယ်ထံမှာ သင့်လျော်တဲ့ မွေးရက်ကို တွက်ချက်လိုက်ပါ။

**မွေးရက်ရွေးခြင်း**

၂။ မွေးလာတဲ့ကလေးအတွက် မွေးသည့်အချိန်မှစလို့ လူမှုရေးပညာရေးတွေ ကောင်းစေဖို့ ဆောင်ရွက်ပေးပြီး မျက်နှာမြင်ချစ်ခင်စေ၊ နာမည်ကြားရုံနှင့် လူတိုင်းက ဖြူစေမယ့် နာမည်ကောင်းတွေကို ရွေးဂိုက်ပါ။

**ကလေးအမည်ပေးလွှာ**

၃။ မင်္ဂလာဆောင်မယ်တို့အတွက် နေ့ကောင်းနဲ့ရက်သာကိုရွေးပြီး တစ်သက်မခွဲ ရွှေလက်တွဲရမယ့်အဆောင်။

**မင်္ဂလာရက်မြတ်လက်ထပ်ရက်ရွေး**

၄။ အလုပ်ကြီးအကိုင်ကြီး ဆိုင်ကြီးကန္တားကြီးတွေအတွက်

**လုပ်ငန်းအမည်ပေး**

၅။ ငွေကြေးအဆင်ပြေလို့ အိုးအိမ် အသစ်ဆောက်မယ့်အခါ။

**အိမ်ဆောက်ပန္နက်တင်မင်္ဂလာ**

၆။ နာမည်ကျော်ကြား လူသိများပြီး ဝင်ငွေကောင်းစေမယ့်

**အနုပညာရှင်တို့၏ အမည်ပေးလွှာ**

စသည့်အကြောင်းအရာတို့ကို စနစ်တကျ တွက်ချက်ဆောင်ရွက်ပေးနေပါပြီ၊ နယ်မှ ဆောင်ရွက်လိုသူများ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပါလျှင် စာတိုက်၊ မော်တော်ကား စသည့်ရောက်ရှိမည့် လမ်းကြောင်းများနှင့် ပြန်လည်ပေးပို့နေပါပြီ။

ချမ်းသာကိုယ်စိတ်မြဲပါစေ • • • •

**ဆရာမဒေါက်တာစောယုနွယ်**
အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)
ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၆၄၃၀၃၀


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရ ခွဲတာ

## ယိုး

( ဆခင်လမှအဆက် )

တစ်နေ့သ၌ မောင်တိုသည် ခြံအတွင်းရှိ စိုက်ခင်းကလေးအတွင်း၌ အထုပ်ရှုပ်လျက် ရှိပေ၏။ ငရုတ်သီးပင်ကလေးများအား မြေဆွခြင်း၊ ပေါင်းသင်ခြင်း၊ မြေဆီဩဇာများကျွေးခြင်းများ ပြုလုပ်လျက်ရှိ၏။ ငရုတ်သီးပင်ကလေးများမှာ အသီးမှည့်ကလေးများ၊ အသီးစိမ်းကလေးများအပြင် အပွင့်ကလေးများလည်း ဖွေးနေအောင် ပွင့်လျက်ရှိ၏။ အသီးကလေးများမှာလည်း အစိမ်းကလေးများအပြင် အဖြူရောင်ကလေးများလည်းပါ၏။ ထို့အပြင် အမှည့်ကလေးများမှာ အနီရောင်ကလေးများ ဖြစ်သဖြင့် ရောင်စုံသီးကလေးများ သီးနေသည်နှင့် တူလှ၏။ အချို့အပင်ကလေးများမှာ အသီးများများလွန်းသဖြင့် အကိုင်းများ ကိုင်း၍ကျနေပေရာ မောင်တိုက ဒေါက်ကလေးများထောက်၍ပေးထားသည်ကိုတွေ့ရ၏။ ချဉ်သီးစိမ်းခင်းကလေး၏ ဘေးပတ်လည်တွင်မူ လူနှစ်ရပ်စာလောက် မြင့်သော သဘော်ပင်ကြီးများဖြင့် ဝိုင်းရံထားပေ၏။ သဘော်ပင်ကြီးများမှာ စိမ်းပြင်းဟူသောမျိုးဖြစ်ကြောင်း မောင်တိုက ပြောပြဖူး၏။ သဘော်သီးကြီးများမှာ အရသာအလွန်ကောင်းပြီး ချိုအေးသွားအောင် ချိုလှ၏။ သဘော်ပင်ကြီးများသည် အသီးများဖြင့် ပြည့်နှက်လျက်ရှိရာ တချို့အခိုင်များတွင် အသီးနှစ်လုံးသုံးလုံး ပြွတ်လျက်သီးနေရာ မောင်တိုက တုတ်ရှည်ရှည်တစ်ချောင်းဖြင့် ပိုနေသော အသီးကလေးများ၊ ညှက်သောအလုံးကလေးများအား ထိုးချပစ်၏။ တစ်ခိုင်လျှင် တစ်လုံးသာချန်ထား၏။ ကျွန်ုပ်က မေးကြည့်သောအခါ မောင်တိုက

"အသီးတွေ အကုန်လုံးကိုထားရင် အသီးဖွံ့ထွားမှုမရှိဘဲ အကုန်လုံး ညှက်ကုန်ရော။ အဲဒါကြောင့် ပိုနေတဲ့ အသီးတွေကို ခြွေပစ်ရတာ။ ဒါမှ အသီးထွားတာ ဦးလေးရဲ့"

ဟု ရှင်းပြလေ၏။

"မင်းက တော်တော်ဗဟုသုတ ကြွယ်တာပဲကွ မောင်တိုရ"

ဟု ကျွန်ုပ်က ချီးမွမ်းလိုက်သောအခါ –

"ဒါက ဒီလိုရှိတယ်ဦးလေးရဲ့။ ကျွန်တော်က ဘုန်းကြီးကျောင်းသားလေ။ ဒီတော့ ဆွမ်းခံကြွရင်ဖြစ်စေ၊ ဆွမ်းချိုင့်ပို့တဲ့အခါဖြစ်စေ၊ အကြောင်းကိစ္စရှိလို့ ဘုန်းကြီးလွှတ်လို့ဖြစ်စေ ရွာထဲကိုရောက်တယ်။ ရွာထဲရောက်တဲ့အခါကျတော့ စိုက်ပျိုးရေးသမားအိမ်လည်း ဖြစ်ချင်ဖြစ်မယ်။ မွေးမြူရေးသမားအိမ်လည်း ဖြစ်ချင်ဖြစ်မယ်။ လက်သမားဆရာအိမ်လည်း ဖြစ်ချင်ဖြစ်မယ်ပေါ့ဗျာ။ ကျွန်တော်ကလည်း အငြိမ်မနေတတ်တဲ့လူဆိုတော့ ဝါသနာအလျောက် လေ့လာတယ်။ မှတ်သားတယ်။ သင်ယူတယ်။ မသိတာရှိရင် မေးတယ်။ ကိုယ်တိုင်လည်း ဝိုင်းကူညီလုပ်တယ်ဆိုတော့ ကျွန်တော်က ဟိုစပ်စပ် ဒီစပ်စပ် အကုန်တတ်သလိုဖြစ်နေတာပါ"

ဟု ရှင်းပြလေ၏။

"အေးကွာ မင်းပြောလို့ သတိရမိတာလေးတစ်ခု ရှိတယ်ကွ။ ဦးလေးမှာ အစ်ကိုဝမ်းကွဲတစ်ယောက်ရှိတယ်။ သူက လူစုံတစ်ယောက်ပဲ။ ဘဝမျိုးစုံကို ကျင်လည်ဖူးတယ်။ အလုပ်ပေါင်းစုံလည်းလုပ်ဖူးတယ်။ ၁၀ တန်းကို ဆယ်နှစ်ကျော်ကျော်လောက် မဖြေဘဲ နေခဲ့ရာကနေ ကြိုးစားပြီးပြန်ဖြေတာ အောင်ခဲ့တယ်။ အသက်ကြီးမှ ဘွဲ့ရ ခေတ်ပညာတတ် တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့တယ်။ ပြည်နယ်ဘက်မှာ ကျောင်းဆရာလည်း သွားပြီးလုပ်ခဲ့ဖူးတယ်။ ဘိန်းလည်းစားတတ်လာခဲ့တယ်။ မကောင်းတာရော၊ ကောင်းတာရော အစုံလုပ်တတ်တဲ့ လူတစ်ယောက်ဆိုပါတော့ကွာ။ နောက်ဆုံးတော့ သူဟာ အရက်သမားတစ်ယောက်အဖြစ်နဲ့ ရုပ်ရှင်လောကထဲ



www.burmeseclassic.com

www.burmeseclassic.com

ရောက်သွားပြီး မီးထိုးမှန်ထိုးကနေ ရှုတင်မန်နေဂျာ၊ ဇာတ်ညွှန်းရေးဆရာ၊ နောက်ဆုံး တွဲဘက်ဒါရိုက်တာအဆင့် အထိ ရောက်ခဲ့တယ်ကွ။ အဲဒီအချိန်မှာပဲ သူကိုယ်တိုင်က မိသားစုအပေါ် တာဝန်မကျေခဲ့လေတော့ သူ့ဇနီးက နောက်ယောကျ်ားနောက် လိုက်သွားတယ်။ အရက်မူးပြီးလမ်းပေါ်လျှောက်နေတဲ့သူ့ကို ကျောက်တင်တဲ့ကားတစ်စီးက ဝင်တိုက်သွားတာ ခံလိုက်ရတယ်။ အသက်မသေခဲ့ပေမယ့် ခြေထောက်ကျိုးသွားတယ်။ ဆွေမျိုးတွေရဲ့ကူညီမှုနဲ့ သူဆေးရုံပေါ်မှာ လနဲ့ချီပြီးတက်ရောက်ကုသခဲ့ရတယ်။ ဆေးရုံလည်းဆင်းရော သူ ဘုန်းကြီးဝတ်သွားတယ်။ ခေတ်ပညာတတ်ဘုန်းကြီးဆိုတော့လည်း ပါဠိစာပေမတတ်ပေမယ့် ကျောင်းမှာတော့ တော်တော်လေး အရာရောက်ပါတယ်။ ကျောင်းကလည်း ကျောင်းတိုက်ကြီးဆိုတော့ စီမံခန့်ခွဲမှုပိုင်းမှာ သူ့ခြေသူ့လက်ပါပဲ။ လူကလည်း လူရည်လည်တစ်ယောက်ကိုကွ။ ဆရာတော်ကလည်း အားကိုးလှတာပေါ့။ တစ်နေ့မှာ ဘုန်းကြီးဝတ်ကြီးနဲ့ သူနဲ့ဆုံဖြစ်တော့ သူက ဦးလေးကို စကားတစ်ခွန်းပြောတယ်။ ငါ့ညီဒကာက လူ့လောကထဲမှာ ကျင်လည်ဦးမှာဆိုတော့ ... ဘယ်တော့မှ Specialist မဖြစ်စေနဲ့။ Generalist ဖြစ် အောင်ကြိုးစားလို့ဆိုပြီး ပြောသွားတယ်ကွ။ ဆိုလိုတာကတော့ကွာ တစ်ခုတည်းကို ကျွမ်းကျင်တတ်မြောက်အောင်လုပ်တာထက် အရာရာတိုင်းကို ကျွမ်းကျင်တတ်မြောက်အောင်လုပ်တာက ပိုကောင်းတယ်လို့ ဆိုလိုတာပေါ့။ သူပြောတဲ့စကားလေးက အခုမောင်တိုနဲ့ဆို အံကိုက်ပါပဲ။ လောကမှာ ပညာစုံအောင်တတ်ထားတော့ ကြုံရာနေရာမှာ ကျရာအလုပ်ကို လုပ်နိုင်တာပေါ့ကွာ။ ဥပမာ တက်ကျိုးရင် လက်ထိုးလှော်မယ်ဆိုတဲ့ တို့မြန်မာ စကားပုံလိုပေါ့''

ဟု ကျွန်ုပ်ကပြော လိုက်ရာ မောင်တိုက –

''ဒေါင်ကျကျ ပြားကျကျလို့ ဆိုစမ်းပါ ဦးလေးရာ''

ဟု ပြန်၍ ချေပလေ၏။ ထိုအခါ ကျွန်ုပ်ကလည်း –

''ဦးနဲ့မတည့် ပုံဆိုသလိုမျိုးပေါ့ကွာ''

ဟုပြန်၍ပြောလိုက်ရာ မောင်တိုက –

''ကြက်ဟင်းခါး၊ တမာ၊ ဂန္ဓလာ ရရာတစ်ခုခုဆိုလည်း ရပါတယ် ဦးလေးရာ''

ဟု ပြန်၍ပြောလေ၏။ ကျွန်ုပ်သည် ဆက်ပြောစရာစကားပုံ စဉ်းစား၍မရတော့သဖြင့် –

''မင်းကိုတော့ ငါ ခြေရော၊ လက်ရောမြှောက်ပါတယ်ကွာ။ အရှုံးပေးပါတယ်မောင်တိုရာ''

ဟု ပြောလိုက်ရာ မောင်တိုက

''ဦးလေးကတော့ စံပါပဲဗျာ''

ဟု ပြန်၍ပြောလေ၏။

ကျွန်ုပ်သည် မောင်တိုအလုပ်လုပ်နေရာနားတွင် စကားကောင်းလျက်ရှိ၏။ ထိုစဉ်တွင် အိမ်ရှေ့ဆီမှ အိမ်ရှင်တို့ ... အိမ်ရှင်တို့ဆိုသော အသံကိုကြားရသဖြင့် နှစ်ယောက်စလုံး နားစွင့်လိုက်ကြ၏။ မိန်းမတစ်ယောက်၏ ခေါ်သံဖြစ်၏။ မောင်တိုသည် အိမ်ရှေ့ဆီသို့ ခပ်သွက်သွက်လေး လျှောက်သွား၏။ ထို့နောက် လျင်မြန်စွာဖြင့် ပြန်လာပြီး ကျွန်ုပ်အား

''ဦးလေးရေ ပြဿနာတွေတော့ တက်ကုန်ပြီနဲ့တူတယ်''

ဟု ပြောလေ၏။ ကျွန်ုပ်က ဘာဖြစ်လို့တုံးမောင်တိုရဲ့ဟု မေးလိုက်သောအခါ မောင်တိုက ဦးကြွေသီးရဲ့ မပိုက်တင်ဆိုတဲ့မိန်းမကြီးဗျဟု ပြောလိုက်ရာ ကျွန်ုပ်သည်ပင်လျှင် ရုတ်တရက်တုန်လှုပ်သွားမိ၏။ ကျွန်ုပ်သည် ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ ဆိုသကဲ့သို့ ဣန္ဒြေမပျက်စေဘဲ ခေါ်လိုက်ပါကွာ လာပါစေဟုပြောလိုက်ရ၏။ မောင်တိုနှင့်အတူ အမျိုးသမီးတစ်ယောက်လာ၏။

အမျိုးသမီးမှာ အသက်အ
ဖြစ် ၄၅ နှစ်ဝန်းကျင်ခန့်ဖြစ်မည်ထင်
၏။ မျက်နှာမှာသွယ်သွယ်ဖြစ်ပြီး
တွင် ငယ်စဉ်က ဝက်ခြံများပေါက်ထ
သဖြင့် အချိုင့်အခွက်အနည်းငယ်
လျက်ရှိရာ အရုပ်ဆိုးသကဲ့သို့ဖြစ်
၏။ သွားမှာ အနည်းငယ်ခေါ
၏။ ပါးစပ်ဟလိုက်တိုင်း သွားမျ
အရင် ပေါ်လာ၏။ ခန္ဓာကိုယ်မှာ
တုတ်တုတ်ဖြစ်ပြီး ကလေးမွေးပြီး
မိန်းမများ ဖြစ်တတ်သကဲ့သို့ ဗို
ခေါက်ကြီးထွက်ကာ ဗိုက်ကြီးပူ
ရှိ၏။ သူ၏ ပုံသဏ္ဍာန်အား
ကြည့်လိုက်လျှင် လိပ်ခါးဖားဖင်
စင် ဆိုသကဲ့သို့ဖြစ်၏။

ကျွန်ုပ်သည် မပိုက်တင်ဆို
အမျိုးသမီးအား ကြိုဆိုလိုက်
အမျိုးသမီးက ဦးခွစာယိုးဆိုတဲ့
ဆရာလားဟု အချိုးအချိတ်မ
မေးလေ၏။ ထိုအခါ မောင်

''ဦးခွစာယိုး မ



www.burmeseclassic.com

www.burmeseclassic.com

အန်တီရဲ့။ လူအမည်က ဦးအောင်မြင်ပါ။ စာရေးဆရာအမည်က ယိုးပါ။ ရပ်ကွက်ထဲက ခေါ်တာက ဇွတ်ရှိရှစ်ပါ"

ဟု ရှင်းပြလေ၏။

"အဲဒါတွေ ငါမသိဘူး ဟဲ့ကောင်လေး။ ငါပြောစရာရှိလို့ လာတာ"

ဟုပြောကာ မျက်လုံးကလည်း တောင်ကြည့်၊ မြောက်ကြည့်ဖြင့် တစ်ခုခုရှာဖွေနေသကဲ့သို့ရှိ၏။ ကျွန်ုပ်က

"အစ်မကြီး ဘာများရှာပါသလဲ"

ဟုမေးလိုက်ရာ မပိုက်တင်ဆိုသော အမျိုးသမီးက =

"ရှင့်တပည့် ကိုကြွေသီးရော ဘယ်မှာလဲ"

ဟု ဓမးလေ၏။

"ကျွန်တော့်တပည့် ကိုကြွေသီး မဟုတ်ပါဘူး အစ်မကြီးရယ်။ ကျွန်တော်က ဆရာလည်းမဟုတ်ပါဘူး"

"ကိုကြွေသီးကပြောတော့ ရှင်က မြှောက်ပေးလို့ သူလုပ်ရတာပါဆို"

ဟု ပြောလေ၏။

"ကျွန်တော်က ဘာတွေမြှောက်ပေးလို့ သူက ဘာတွေလျှောက်လုပ်နေလို့ပါလိမ့်ဗျာ။ ရှင်းလည်းပြပါဦး အစ်မကြီးရယ်"

ဟု ကျွန်ုပ်ကပြောလိုက်ရာ

"ဟိုနေ့က ကိုကြွေသီး ကျွန်မဆီလာတယ်။ သနပ်ခါးတုံးတွေနဲ့ ကျွန်မကို လာတောင်းပါတာပါဆိုပြီး ပြောတယ်။ ကျွန်မကလည်း သူ့ကို မယုံလို့ ရှင့်ကို ဘယ်သူမြှောက်ပေးလိုက်တာလဲလို့မေးတော့ ရှင်မြှောက်ပေးလိုက်တာပါလို့ ပြောတယ်။ ရှင်က ဘာအဓိပ္ပာယ်နဲ့ မြှောက်ပေးရတယ်ဆိုတာ သိချင်လို့ လာမေးတာပဲ"

ဟု ဒေါနှင့်မောနှင့် ပြောလေ၏။ ထိုအခါမှ ကျွန်တော်သည် ဇာတ်ရည်လည်သွားလေ၏။

"အစ်မကြီးက မပိုက်တင်ဆိုတဲ့ အမျိုးသမီးထင်ပါရဲ့"

ကျွန်ုပ်က မသိချင်ယောင်ဆောင်၍မေးလိုက်ရာ ဟုတ်ပါတယ်ဟု ပြန်၍ပြော၏။

"ကိုကြွေသီး ပြောပြောနေလို့ ကျွန်တော်သိနေတာကြာပါပြီ အစ်မကြီးရယ်။ လူကိုတော့ အခုမှပဲ မြင်ဖူးတော့တယ်။ ကျွန်တော်ထင်ထားတာနဲ့ တခြားစီပါပဲ။ အစ်မကြီးက အရွယ်ကလည်းကောင်း၊ ရုပ်ရည်လေးကလည်းချော၊ အပျိုကြီးတစ်ယောက်လားတောင် ထင်မိပါရဲ့"

ဟု ၄မြှောက်၍ပြောလိုက်ရာ ... မပိုက်တင်သည် ဘဝင်ခိုက်၍သွားလေတော့၏။

"အဲဒီလောက်လည်း မဟုတ်ပါဘူး ဆရာရယ်။ ကျွန်မက ကလေးနှစ်ယောက်အမေ မုဆိုးမပါ"

ဟု ရှက်စနိုးနှင့် ပြန်၍ပြောလေ၏။

"ဒီလိုပါ။ ကျွန်တော့်အနေနဲ့ အစ်မကြီးကို ကိုယ့်နှမသားချင်းလို မြင်မြင်ချင်းသဘောထားမိပါတယ်။ ကျွန်တော့်အပေါ်မှာလည်း မောင်အရင်းတစ်ယောက်လို သဘောထားနိုင်ပါတယ်လို့။ နောက်ပြီး တိုင်ပင်စရာများရှိရင်လည်း အားမနာစတမ်း၊ မရှက်စတမ်းတိုင်ပင်ပါ။ ကျွန်တော် အတတ်နိုင်ဆုံး ကူညီပေးပါမယ်လို့ ပြောပါရစေ။ ကဲ... မောင်တိုးရေ မင်းအန်တီစားဖို့ တို့ခြံထွက် သဘော်သီးမှည့်ကလေးများ ယူခဲ့ပါကွာ"

ဟုပြောလိုက်ရာ မပိုက်တင်က

"အို ... ရပါတယ်ရှင်။ မလုပ်ပါနဲ့"

ဟု ကမန်းကတန်း တောင်းပန်လေ၏။ မောင်တိုကလည်း ချက်ဆိုနားခွက်က မီးတောက်နေသော တပည့်တစ်ယောက်ဖြစ်သည်နှင့်အညီ သဘော်သီးမှည့် အနီရဲရဲကြီးများအား ပန်းကန်လေးနှင့်ထည့်ကာ ခက်ရင်းကလေးတပ်၍ လာချပေးလေ၏။ စားပါအန်တီဟု ပဋိသန္ထာရစကားကို ပြုလေ၏။ မပိုက်တင်သည် သဘော်သီးတစ်စိတ်အား ခက်ရင်းကလေးနှင့်ထိုးကာ စားကြည့်လိုက်ရာ –

"အိုး ... ချိုလိုက်တာနော်"ဟု နှုတ်မှဖွင့်ဟချီးမွမ်းရသည်အထိ ဖြစ်သွားလေ၏။ အကွက်ကိုစောင့်နေသော တပည့်ကျော်မောင်တိုက –

"ဟုတ်တယ်အန်တီရဲ့။ အဲဒါ ကျွန်တော်ကိုယ်တိုင် စိုက်ထားတာ။ အန်တီပြန်ခါနီးရင် လိုက်ပြပါဦးမယ်"

ဟု ပြောလိုက်ရာ –

"ဟုတ်တယ်နော်။ ခြံကြီးက သာယာလိုက်တာ။ နေချင်စဖွယ်ပဲ။ နောက်ပြီး ဒီက စာရေးဆရာကြီးက လူတွေပြောနေသလို လူ့ခွစာကြီးလည်း မဟုတ်ပါဘူး"

ဟု ပြောလေ၏။ ကျွန်ုပ်သည် ကျွန်ုပ်ဆင်ထားသော အကွက်ထဲသို့ မပိုက်တင်ဝင်သွားပြီဖြစ်သဖြင့် ကိုကြွေသီးအကြောင်း ပြောတော့မည်ဟု ဆုံးဖြတ်လိုက်၏။

"ဒီလိုရှိပါတယ် မပိုက်တင်ရယ်။ ကိုကြွေသီးဆိုတာက ကျွန်တော်နဲ့

www.burmeseclassic.com

www.burmeseclassic.com

ခင်မင်တဲ့ လူရိုးလူအ တစ်ယောက်ပါ။ သူ့ခမျာ သနားစရာလည်းကောင်းပါတယ်။ အစ်မကြီးကိုလည်း သံယောဇဉ်ဖြစ်နေပုံလည်းရပါတယ်။ အစ်မကြီးနဲ့ ပြဿနာဖြစ်တုန်းကလည်း သူ့မှာ မနေတတ်မထိုင်တတ်ဖြစ်ပြီး ကျွန်တော့်ဆီကိုလာပြီး တငိုငို တရယ်ရယ်နဲ့ လာပြောနေလို့ ကျွန်တော်ကပဲ သွားတောင်းပန်လိုက်ဖို့ အကြံပေးခဲ့တာပါ။ သူ့အနေနဲ့ကလည်း အသိဉာဏ်ပိုင်းဆိုင်ရာမှာ အားနည်းချက်ကလေးကလည်း ရှိနေတော့ မဆင်မခြင်ပြောမိသွားတာပါ။ အဲဒီအတွက် ကျွန်တော်လည်း သူ့ကို ဆူပူကြိမ်းမောင်းပြီးပါပြီ။ သူလည်း တော်တော်နောင်တရနေပါတယ်။ ဒါကြောင့်လည်း ခင်ဗျား လက်ဆောင်တစ်ခုခုပေးပြီး သွားတောင်းပန်လိုက်ဆိုပြီး အကြံပေးခဲ့မိတာပါ။ အစ်မကြီး မကြိုက်ရင် ကျွန်တော်ကလည်း တောင်းပန်ပါတယ်"

ဟု လေပြေလေးထိုး၍ ပြောလိုက်ရာ မပိုက်တင်က –

"အို . . . မဟုတ်တာဆရာရယ်။ ဆရာက တောင်းပန်စရာမလိုပါဘူး။ ကျွန်မက သူ့ကို စိတ်ဆိုးတာပါ။ တောင်းပန်တာကို သူ့သဘောနဲ့သူ မတောင်းပန်ဘဲနဲ့များ သူများကို အကူအညီတောင်းရတယ်လို့ တော်တော်သူ့ရဲ့ဘောနည်းတဲ့ယောကျ်ား။ ဟွန်း . . . မပြောလိုက်ချင်ဘူး"

ဟု တစ်ကိုယ်တည်းပြောသလို၊ ကျွန်ုပ်အားပြောသလို ပြောနေလေ၏။ မီးဖိုချောင်တံခါးဝမှ ချောင်းကြည့်နေသော မောင်တိုသည် ကျွန်ုပ်အား လက်မထောင်ပြလိုက်သဖြင့် ကျွန်ုပ်ကလည်း မောင်တိုအား မျက်စိတစ်ဖက်မှိတ်ပြလိုက်ကာ –

"မောင်တိုရေ . . . မင်းအန်တီ ထမင်းစားသွားရအောင် ထမင်းပြင်ပါကွာ"

ဟု ပြောလိုက်ရာ မပိုက်တင်က

"မစားတော့ပါဘူးရှင်။ ကျေးဇူးတင်ပါတယ်။ ကျွန်မပြန်လိုက်ပါဦးမယ်။ ကိုကြွေသီးကိုလည်း ကျွန်မက ခွင့်လွှတ်ပါတယ်လို့ ပြောလိုက်ပါရှင်"

ဟုဆိုကာ ရှက်စနိုးအမူအရာဖြင့်ပြောပြီး ထ၍ပြန်သွားလေရာ အိမ်ရှေ့လှေကားမှအဆင်းတွင် တစ်ထစ်ကျော်ဆင်းမိပြီး ခြေချော်၍ကျကာ ဟပ်ထိုးလဲပါလေ၏။ မောင်တိုက မပိုက်တင်အား သွား၍ပွေ့ထူသည့်တိုင် မပိုက်တင်က အထူမခံဘဲ ရှက်ကိုးရှက်ကန်းဖြင့် ထ၍ပြေးလေတော့၏။

ကျွန်ုပ်သည် မပိုက်တင်ပြန်သွားသောအခါမှ ရင်ထဲကအလုံးကြီး ကျ၍သွားပေတော့၏။ မပိုက်တင်သည် စကားပြောရင်း ရှက်ကိုးရှက်ကန်းဖြင့် သဘော်သီးများအား ကုန်အောင်စားသွားသည်ဖြစ်ရာ မောင်တိုက ပန်းကန်အားသိမ်းရင်း –

"တော်သေးတာပေါ့ ဦးလေးရာ။ ရှက်ရှက်နဲ့ ခက်ရင်းကြီး မျိုချမသွားပေလို့"

ဟုပြောရင်း ရယ်နေ၏။

"ဒီမှာကွ မောင်တိုရဲ့။ လောကမှာ မရှက်သုံးပါးရှိတယ်ကွ။ ကြိုက်မရှက်၊ ငိုက်မရှက်၊ ဝတ်မရှက်တဲ့ကွ။ တကယ်တော့ မပိုက်တင်က ငါ့ကိုရန်တွေ့ချင်လို့လာတာ မဟုတ်ပါဘူးကွ။ ငါ့ဆီကနေ ကိုကြွေသီးအကြောင်း သိချင်လို့လာတာပါ။ ကိုကြွေသီးရဲ့ သူ့အပေါ်ထားတဲ့သဘောထား ဆိုပါတော့ကွာ။ တို့လူကလည်း အစွမ်းအစကလည်းမရှိဆိုတော့ မြင်းကမလှုပ် ခုံကလှုပ်ပြရတော့တာပေါ့ကွာ။ ဒီတစ်ခါ ကိုကြွေသီးနဲ့တွေ့ရင် ပြောလိုက်ပါကွာ။ ကိုကြွေသီးဆိုတဲ့မြင်းကြီးက မလှုပ်လို့ .မပိုက်တင်ဆိုတဲ့ ခုံကြီးကတော့ လာပြီးလှုပ်သွားပြီလို့၊ ကဆုန်စိုင်းဖို့သာ ပြင်ထားတော့လို့ ပြောလိုက်စမ်းပါကွာ"

ဟု ပြောလိုက်ရာ မောင်တိုက ဦးလေးကတော့ ပေါက်ပေါက်ရှာရှာ ပြောရော့မယ်ဆိုကာ တခစ်ခစ်နှင့် ရယ်နေလေတော့၏။

ကိုကြွေသီးသည် ပျောက်ချက်သားကောင်းနေ၏။ ကျွန်ုပ်ထံသို့ မပိုက်တင် လာသွားသည်ကိုရော ကိုကြွေသီး သိမှသိပါရဲ့လားဟု တွေးနေမိ၏။ ကိုကြွေသီးသိသွားလျှင် ကျွန်ုပ်ထံသို့ ကျိန်းသေပေါက်လာမည်ဟု ကျွန်ုပ်ကတွက်ထားသော်လည်း ကိုကြွေသီးက ရောက်မလာခဲ့ချေ။ မောင်တိုအားမေးကြည့်ရာတွင် ကိုကြွေသီးကို ဈေးတန်းတစ်ဝိုက်တွင် မတွေ့မိကြောင်းသာ သိရ၏။

ကျွန်ုပ်နှင့် ကိုကြွေသီးမှာ ရင်းနှီးသည်ဆိုသော်လည်း ကိုကြွေသီး ဘယ်မှာနေသည်ကို ကျွန်ုပ်အနေဖြင့် အတိအကျမသိပေ။ ကိုကြွေသီး ပျောက်ချက်သား ကောင်းနေသော်လည်း တစ်နေ့တွင် ဦးမြဘူးဆိုသော ပင်စင်စားကြီးသည် ကျွန်ုပ်ထံသို့ ရောက်ရှိ၍လာပေ၏။ ကျွန်ုပ်အား မြင်မြင်ချင်း ဦးမြဘူးက –

"စာရေးဆရာရယ် . . . ကြံ့စရာရှားလို့ဗျာ။ ဒီကလေးနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

အမေ မုဆိုးမကိုမှ ကြိုက်ရတယ်လို့"

ဟု အပြစ်တင်စကား ပြောလေတော့၏။ ကျွန်ုပ်သည် အံ့သြခြင်းမက အံ့သြခြင်းဖြစ်မိကာ –

"ဘယ့်နှယ်ပြောလိုက်တာလဲ ဦးလေး ဦးမြဘူးရယ်။ ဘာတွေလာ ပြောနေတာတုံးဗျ"

ဟု မာဆတ်ဆတ်လေး မေးလိုက်ရာ –

"အခုမှ မသိချင်ယောင် ဆောင်မနေပါနဲ့ စာရေးဆရာရယ်။ ပုပ်ရင်ပေါ်၊ ဟုတ်ရင်ကျော်ဆိုတဲ့ စကားပုံထည်းရှိသားပဲဟာ။ ဒီကိစ္စ ရှုတ်စရာ မေတ်ပေမယ့် ... ကျုပ်ကတော့ သဘောမတူတူးဗျို့။ ဘယ့်နှယ်ဗျာ၊ လောကမယ် မိန်းမဒီလောက်ပဲရှားသလား"

ဟု ပြောလေ၏။

"ဘယ်က ကလေး နှစ်ယောက်အမေ မုဆိုးမလဲ"

ဟု ကျွန်ုပ်က ဒေါသတကြီးနှင့် မေးလိုက်ရာ –

"ဟိုနေ့က စာရေးဆရာအိမ်က ထွက်သွားတဲ့ မပိုက်တင်ဆိုတဲ့ မုဆိုးမအာလေ။ ရှက်ကိုးရှက်ကန်းနဲ့ ထွက်ပြေးသွားတဲ့ ဥစ္စာကို မြင်တဲ့သူတွေမြင်အားနဲ့ဥစ္စာ။ ခင်ဗျား မုန်လာဥမလုပ်ချင်စမ်းပါနဲ့ဗျ"

ဟု ဦးမြဘူးက မျက်နှာကြီးနီရဲအာ ပြောလေ၏။ ဒေါသစိတ်ကြောင့် အသားများပင် တဆတ်ဆတ်တုန်နေသည်ဟု ထင်ရ၏။ ထိုအခါမှ ကျွန်ုပ်သည် စေ့စေ့တွေးရေးရေးပေါ်ဆိုသကဲ့သို့ အဖြစ်အပျက်များအား ဆက်စပ်တွေးကြည့်ရင်း ဒီသတင်းစကားအား ကိုကြွေသီးက အရင်ကြားသွားပြီး ကျွန်ုပ်အား အထင်လွဲစိတ်ကောက်ကာ မလာတာပေပဲကိုးဟု တွေးမိသွားပေတော့၏။ မပိုက်တင်ကကော ဒီအကြောင်းတွေ့ သိနေပြီလားဟုလည်း ဆက်၍တွေးမိရာ မပိုက်တင်သာသိသွားလို့ကတော့ ကျွန်ုပ်၏ဘဝသည် မတွေးရဲစရာပင်။ အသူတစ်ရာနက်သော ချောက်ကမ်းပါးထဲသို့ ကျသည်ထက်ပင် ဆိုးဦးမည်ထင်ပါ၏။

"ဒီမှာ ဦးလေးဦးမြဘူး။ ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ ကျွန်တော်ရှင်းပြပါမယ်။ တစ်ဆိတ်ကျေးဇူးပြုပြီး နားထောင်ပေးပါ။ မဟုတ်လို့ကတော့ ကျွန်တော်တော့ သွားပါပြီဗျာ"

ဟုဆိုကာ ဦးမြဘူးအား အဖြစ်အပျက်အမှန်ကို ရှင်းပြလိုက်ရလေ၏။ ကျွန်ုပ်က သေသေချာချာ ရှင်းပြလိုက်သောအခါမှ ဦးမြဘူးက –

"ဩော် ... ဒီလိုလား။ ထင်တော့ထင်ပါတယ်။ တို့စာရေးဆရာက ဒီလိုလူစားမျိုး မဟုတ်ပါဘူးလို့"

ဟု ပြောလေ၏။

ကျွန်ုပ်သည် လွန်စွာမှ စိတ်မကောင်းဖြစ်နေမိ၏။ ပတ်ဝန်းကျင်တွင် ကျွန်ုပ်အကြောင်း ဘယ်လောက်များ မကောင်းပြောနေကြလိမ့်မလဲဟုလည်း တွေး၍ရှက်နေမိ၏။ ကျွန်ုပ်သည် ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းဆိုသလို ချလိုက်၏။

ထို့နောက် မောင်တိုအားခေါ်၍ ကိုကြွေသီးကို မရရအောင်ရှာ၍ ခေါ်ခဲ့ရန် ပြောလိုက်၏။ ကိုကြွေသီးပါမလာလို့ကတော့ မင်းလည်း ငါ့ဆီပြန်မလာနဲ့တော့ဟု တစ်ချက်လွှတ်အမိန့်ကို ချလိုက်၏။ မောင်တိုသည် မျက်နှာငယ်လေးနှင့် ကျွန်ုပ်အနားမှ ထွက်သွားလေ၏။ ကျွန်ုပ်သည် မောင်တိုအား သနားသွားမိ၏။ သို့သော် ... ကိုကြွေသီးပါလာဖို့အရေး ဒီလောက်တော့လုပ်မှ ဖြစ်ပေမည်။ ထိုအတော အတွင်း ဦးမြဘူးကိုလည်း မပြန်ဖို့ရန် တောင်းပန်ထားရ၏။

"ဦးလေး ဦးမြဘူး ကိုယ်တိုင်က ကျွန်တော့်ကို ဒီလို စကားမျိုးပြောတာတော့ ကျွန်တော် စိတ်မကောင်းဘူးဗျာ" ဟု ကျွန်ုပ်ကပြောလိုက်ရာ –

"စိတ်မကောင်းမဖြစ်ပါနဲ့ စာရေးဆရာရယ်။ ကျုပ်ကလည်း စာရေးဆရာလို လူကြီးလူကောင်းတစ်ယောက်ကို မဖြစ်သင့်တာတွေဖြစ်မှာစိုးလို့ပါဗျာ။ စိတ်မဆိုးပါနဲ့"

ဟု တောင်းပန်ရှာ၏။

"ကျွန်တော် ဒီလောက်မိုက်ပါ့မလား ဦးလေးရာ။ ကျွန်တော့်အနေနဲ့ ဦးလေးကို ရိုင်းရိုင်းပျပျပြောမိတာများရှိရင် ခွင့်လွှတ်ပါဗျာ"

ဟု တောင်းပန်လိုက်ရ၏။ ဦးမြဘူးကလည်း –

"မလိုပါဘူးဗျာ။ ကျုပ်ကလည်း ဒီကိစ္စသာမှန်ခဲ့ရင် စာရေးဆရာကို လက်သီးနဲ့ထိုးဖို့အထိ ရည်ရွယ်ပြီးလာခဲ့တာဗျ။ ကျုပ်လည်းတောင်းပန်ပါတယ်။ စာရေးဆရာရဲ့ဂုဏ်သိက္ခာကို စော်ကားသလိုဖြစ်သွားတယ်"

ဟု တောင်းပန်ပြန်ရာ ကျွန်ုပ်ကလည်း ခွင့်လွှတ်ပေးရပြန်၏။ ကျွန်ုပ်သည် ဦးမြဘူးနှင့် စကားပြောနေသည့်တိုင် မောင်တိုနှင့် ကိုကြွေသီးတို့ ပြန်အလာကိုသာ စောင့်မျှော်နေမိ၏။

နာရီဝက်ခန့် ကြာသောအခါ မောင်တို၏အသံစာစာကို ဝေးဝေးမှ ကြားရလေ၏။

www.burmeseclassic.com

ဦးလေးရေ . . . ဦးလေးရေ ဒီမှာပါလာပြီဗျ။ ပါလာတာမှ တစ်ယောက်တည်း မဟုတ်ဘူး၊ နှစ်ယောက်စလုံးကို ပါလာတာ''

ဟု ခြံရှေ့ ရောက်ကတည်းက အော်လာသော မောင်တိုး၏အသံကို ကြားရ၏။ မောင်တိုးသည် ကိုကြွေသီးနှင့် မပိုက်တင်တို့ နှစ်ဦးအား ဦးဆောင်ကာ ခြံထဲသို့ဝင်လာလေ၏။ ကိုကြွေသီးသည် မပိုက်တင်၏လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလေ၏။ မပိုက်တင်က ကိုကြွေသီး၏လက်ကို ကျန်လက်တစ်ဖက်ဖြင့် အတင်းဖြုတ်နေသော်လည်း ကိုကြွေသီးက ပြုတ်တူနှင့်ညှပ်ထားသကဲ့သို့ ကိုင်ထားသည်ဖြစ်ရာ ဖြုတ်မရဘဲရှိလေ၏။ အိမ်ဝလှေကားထစ်သို့ တက်ခါနီးမှ မပိုက်တင်က လက်ကိုလွှတ်တော့လေ လူတွေနဲ့ရှက်စရာဟု ပြောလိုက်တော့မှ ကိုကြွေသီးက မပိုက်တင်၏လက်ကို လွှတ်ပေးလိုက်၏။ အိမ်ပေါ်သို့ ရောက်သောအခါ ကိုကြွေသီးက ကျွန်ုပ်အား ဘာမပြော ညာမပြောနှင့် ထိုင်၍ကန်တော့ပါလေတော့၏။ မပိုက်တင်ကလည်း ဘာလုပ်ရမှန်းမသိဘဲ လက်အုပ်ကလေး ချီထားလေ၏။

''ကိုကြွေသီး . . . ဒါဘာလုပ်တာလဲ''

ဟု ကျွန်ုပ်က ဒေါနှင့်မောနှင့် မေးလိုက်ရာ ကိုကြွေသီးက မျက်ရည်များသွင်သွင်ကျကာ –

''ကျွန်တော့်ကို ခွင့်လွှတ်ပါ စာရေးဆရာရယ်။ ကျွန်တော် လူပြောသူပြောစကားကိုယုံပြီး စာရေးဆရာကိုရော၊ ဟောဒီက မပိုက်တင်ကိုရော အထင်လွဲမိပါတယ်။ ဒါနဲ့ စာရေးဆရာဆီကိုလည်း မလာဘဲ၊ မပိုက်တင်ဆီကိုလည်းမသွားဘဲ နေခဲ့လိုက်တာပါ။ ဒါပေမယ့် ကြာကြာလည်း မနေနိုင်တာကြောင့် ဒီနေ့တော့ မပိုက်တင်ဆီသွားလိုက်ဦးမယ်ဆိုပြီး သွားလိုက်တော့မှ အခြေအနေမှန်ကို သိရပြီး ကျွန်တော်မှားသွားပြီဆိုတာ သိလိုက်ရတာပါ''

ဟု ဖြစ်ကြောင်းကုန်စင်ကို ပြောပြလေ၏။ မပိုက်တင်ကလည်း စာရေးဆရာကြီးကို အားနာလိုက်တာရှင်။ ဒီလူတော့လား နေနှင့်ဦးဟုကြိမ်းလေ၏။

''ကဲပါဗျာ . . . အမှန်တရားကို သိသွားပြီဆိုတော့လည်း ကျေပ်ဝမ်းသာပါတယ်။ ဒီတော့ကာ ခင်ဗျားတို့ကြင်စဦးနှစ်ယောက်ရယ်၊ ဦးလေးဦးမြဘူးရယ်ကို ကျေပ်တပည့်မောင်တိုးက မုန့်ဟင်းခါးချက်ကျွေးမယ် ဘယ့်နှယ်လဲ''

ဟု ပြောလိုက်ရာ ကိုကြွေသီးက ကလေး တစ်ယောက်ပမာ လက်ခုပ်လက်ဝါးတီး၍ သြဘာပေးလေ၏။ မောင်တိုးကမူ –

''ဦးလေး ကျွန်တော် မုန့်ဟင်းခါး မချက်တတ်ဘူးဗျ။ မုန့်ဟင်းခါးချက်တဲ့နေရာမှာ ချက်နည်းနှစ်မျိုး ရှိတယ်ဗျ။ တောချက်နဲ့ မြို့ချက်ဆိုပြီး ရှိတယ်။ တောချက်ဆိုတာကတော့ ကျွန်တော်တို့ ဧရာဝတီတိုင်းဘက်က ချက်တာ ငါးအသားပေးပြီး ငရုတ်ကောင်းနိုင်နိုင်နဲ့ချက်တဲ့ ချက်နည်းပေါ့။ မြို့ချက်ဆိုတာကတော့ ရွှေကြည်တို့၊ မြေပဲတို့ဆိုလား ဘာလား ထည့်တယ်ပြောတယ်။ ဘဲဥတွေဘာတွေလည်း ပါလိုက်သေး။ ဆီသတ်ပြီးချက်တာဆိုတော့ ဆီတွေကလည်း ဝေ့လို့ပေါ့ဗျာ။ တောချက်စစ်စစ်က ငှက်ပျောအူတွေဘာတွေ ထည့်လေ့သိပ်မရှိဘူးဗျ။ ဆန်မှုန့်တို့၊ ငါးများများတို့နဲ့ ဟင်းရည်ကိုလည်း ပျစ်ပျစ်ချက်တာ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တော့မကြိုက်ဘူးဗျို့။ တောသားဆိုတော့ ငါးနိုင်းချင်းနဲ့ချက်တဲ့ တောချက်ပဲ ကြိုက်တယ်''

ဟု ပြောလေရာ ဦးမြဘူးက –

''မောင်တိုးရယ် . . . မင်းဟာက မချက်တတ်လို့သာဘဲ ချက်များချက်တတ်ရင် ခက်မယ်''

ဟု ပြောလေ၏။

''ဒါကတော့ ဒီလိုရှိပါတယ် ဘကြီးရယ်။ လောကမှာ ပြောတာလွယ်တယ်ဗျ။ လုပ်တာ ခက်တယ်။ ပြောတတ်တိုင်း တယ်လုပ်တတ်တာမဟုတ်ဘူးဗျ။ ဘာပဲပြောပြော မချက်တတ်တာတော့ သေချာတယ်ဗျို့''

ဟု ပြောလေ၏။ ထိုအခါ မပိုက်တင်က –

''ငါပဲချက်ပါ့မယ် မောင်တိုးရယ် ငါ မုန့်ဟင်းခါးဟင်းရည် ကော[...] ကောင်းချက်တတ်ပါတယ်။ ပိုက်ဆံ[...] လည်း ငါပဲထုတ်ပါ့မယ်။ မင်းနဲ့ ကိုကြွေ[...] သီးက ဈေးဝယ်ဖို့သာပြင်ပေတော့[...]

ဟုဆိုကာ ကျွန်ုပ်ထံမှ စာရွက်[...] လွှတ်တစ်ရွက်တောင်းကာ ဝယ်ရမ[...] ဈေးစာရင်းအား ရေးပေးလေ၏။ [...] အခါ ဦးမြဘူးက –

''မပိုက်တင်ရေ . . . ညည်းချ[...] မယ်ဆိုရင်ဖြင့် မြို့ချက်နဲ့ တောချ[...] နှစ်မျိုးပေါင်းပြီး ရောသမမွှေလေး[...] လက်စွမ်းပြလိုက်ပေတော့ဟေ့''

ဟု ပြောလိုက်ရာ မောင်တိုး[...]

''ဘကြီးကတော့ လ[...]ပြီ။ နည်[...] နည်းလေးမှ ခွမတိုက်ရရင် [...]

www.burmeseclassic.com

ပျော့၊ စားမဝင်ဘူးထင်တယ်"

ဟု နောက်လိုက်သဖြင့် ဦးမြဘူးသည် စိတ်ဆိုးသွားပြီး -

"ဟော့ကောင်လေး . . . မင်းကဖိုးတို့ ခွစာလို့ပြောတာလားကွ။ မင်းတော့ ကုပ်ကဆွဲပြီး ရေထဲပစ်ချထားလိုက်ရ မကောင်းဖြစ်ရော့မယ် ခွီးမသားလေး"

ဟု ဆဲရေးတိုင်းထွာရင်း ကျန်ရစ်ခဲ့လေတော့၏။

□ □ □

ရာသီဥတုသည် မိုးတွင်းဖြစ်လင့်ကစား သာယာနေသဖြင့် ကျွန်ုပ်သည် ခေါင်းရင်းဘက် ကုက္ကိုပင်ကြီးအောက်ရှိ ကွပ်ပျစ်လေးအနီးတွင် ဝါးဖြင့်ပြုလုပ်ထားသော ကုလားထိုင်ကိုချကာ ရက်လွန်ပုဂ္ဂလိက နေ့စဉ်ထုတ်သတင်းစာတစ်စောင်အား ဖတ်လျက်ရှိ၏။ ကျွန်ုပ်သည် သတင်းစာဖတ်ခဲလှသည် ဖြစ်ရာ လွတ်လပ်ပွင့်လင်းလာသော ခေတ်ရှိခေတ်သတင်းများမှ သတင်းခေါင်းပါးများမှာ ရဲရဲတင်းတင်းဝေဖန်ရေးသားထားသည်ကို အံ့ဩခြင်းဖြစ်မိ၏။ ဒီလူတွေ မကြောက်မရွံ့ ရေးရဲလိုက်တာ။ တယ်လည်းသတ္တိရှိတဲ့လူတွေပဲဟုလည်း တွေးနေမိ၏။

ကျွန်ုပ်သည် သတင်းစာတစ်စောင်လုံးအား ကုန်စင်အောင်ဖတ်နေမိရာ မောင်တို ကျွန်ုပ်အနားရောက်လာမှပင် သတိထားမိပေတော့၏။

မောင်တိုသည် ကျွန်ုပ်သောက်ရန်အတွက် ရေနွေးကြမ်းအိုး လာရောက်ချပေးခြင်းဖြစ်၏။ မောင်တိုသည် ရေနွေးအိုးပါသည့် ဗန်းကလေးအား အနီးရှိ ကွပ်ပျစ်ကလေးပေါ်တွင် တင်ထားပြီး ပြန်ထွက်မသွားဘဲ ကွပ်ပျစ်ကလေးပေါ်တွင် တင်ပါးလွှဲထိုင်ကာနေသဖြင့် ကျွန်ုပ်က မောင်တို တစ်ခုခုမေးချင်ပြီဆိုတာ သိနေသည်နှင့် "မောင်တို ဘာများပြောစရာ ရှိလို့လဲကွ"ဟု စကားစလိုက်ရာ မောင်တိုက

"ကျွန်တော် ဦးလေးနဲ့နေလာတာ နှစ်ပေါက်နေပြီ။ ဒါပေမဲ့ လူတွေပြောသလိုမျိုး ဦးလေးက လူ့ခွစာတစ်ယောက်လည်း မဟုတ်ပါဘူး။ ဘာကြောင့်များ ခွစာလို့ခေါ်ကြတာလဲဆိုတာ သိချင်နေတာကြောင့်ပါ"

ဟု ပြန်၍ပြောလေ၏။

"မင်းအနေနဲ့ ငါ့ကိုဒီအကြောင်း မေးတာ ဒီတစ်ခါပါနဲ့ဆို နှစ်ခါရှိပြီ။ အရင်တုန်းကလည်း ငါနည်းနည်းပါးပါးဖြေခဲ့ဖူးပြီ။ ဒီတစ်ခါတော့ ငါ့ကို ဘာကြောင့် ခွစာလို့ခေါ်ကြတယ် ဆိုတာရဲ့ အရင်းအမြစ်ကစပြီးပြောပြမှ မင်းအနေနဲ့ ရှင်းရှင်းလင်းလင်း သိသွားမှာဆိုတော့ ငါပြောပြပါ့မယ်ကွာ။

ဒီလိုကွ ငါအစိုးရဝန်ထမ်းဘဝတုန်းကပေါ့။ လူပျိုလူလွတ်တစ်ယောက်လည်းဖြစ်တော့ ရုံးအိပ် ရုံးစားနဲ့ နေတာကများတာပေါ့။ အိမ်ကိုသိပ်မပြန်ဘူး။ တို့ရုံးမှာက ညဘက်ဆိုယောကျ်ားလေးဝန်ထမ်းတွေကို အလှည့်ကျဂျူတီချတယ်ကွ။ အဲဒီအထဲမှာ သက်နှင်းဆိုတဲ့ ဝန်ထမ်းတစ်ယောက်လည်းပါတယ်။

သက်နှင်းက အသောက်အစားလေးကလည်းကြိုက်တယ်။ နောက်ပြီး အပျော်အပါးကလေးကလည်း ဝါသနာပါလိုက်သေးတယ်။ ဒါပေမယ့် သူ့မှာက အိမ်ထောင်ရှိတယ်၊ ကလေးလည်းရှိတယ်။ တစ်နည်းအားဖြင့်ပြောရရင်တော့ လူပျိုစိတ်မကုန်ဘူးဖြစ်နေတယ် ဆိုပါတော့ကွာ။ ဒါပေမယ့် သူက အပြောကောင်းတဲ့လူတစ်ယောက်ကွ။ သူ့မိသားစုကို သိပ်တန်ဖိုးထားကြောင်း၊ ဇနီးသည်နှင့်ကလေးတွေကိုလည်း သိပ်ချစ်တဲ့အကြောင်း အမြဲပြောလေ့ရှိတယ်ကွ။ အရက်သေစာတွေကိုလည်း ကြိုက်နှစ်သက်လို့မဟုတ်ဘဲ လူမှုရေးအရ နည်းနည်းပါးပါးသောက်ရတာဖြစ်ကြောင်း၊ တကယ်တော့ မနှစ်သက်ကြောင်း လူစုံရင် အမြဲပြောလေ့ရှိတယ်ကွ။

တစ်နေ့တော့ သူက ရုံးမှာဂျူတီကျတယ်။ ညဘက်ကျတော့ ဝါသနာတူတွေ အရက်သွားသောက်ကြရော ဆိုပါတော့။ သောက်စားပြီးတော့ ရုံးကိုပြန်လာကြတာပေါ့။ ဒါပေမယ့် ထန်းရည်မူးတော့ ကျွဲခိုးပေါ်ဆိုသလို ပေါ့ကွာ။ အရက်ကလေးထွေလာတော့ ဟိုဟိုဒီဒီသွားချင်တဲ့ စိတ်ကလေးကလည်း ပေါ်လာပြန်တာပေါ့။

သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ တွေ့ကြပြန်ဆိုတော့ လာမည်၊ ကြာသည်၊ ဂိုးကြမည်ပေါ့ကွာ။ အဲဒီညမှာပဲ တိုက်တိုက်ဆိုင်ဆိုင် သူ့မိန်းမက ရုံးကိုဖုန်းဆက်ရောဟေ့။ ငါကလည်း ဂျူတီမိလျက်သားဖြစ်နေရောကွ။ အဲဒီမှာ ဇာတ်လမ်းကစတော့တာပဲဟေ့။

သူ့မိန်းမကမေးတော့ ငါကလည်း အမှန်အတိုင်းပြောလိုက်တယ်ကွ။ ဘာကြောင့် အမှန်အတိုင်းပြောလိုက်သလဲဆိုတော့ ငါ သူ့ကိုချောက်တွန်းချင်လို့ မဟုတ်ဘူးကွ။ အမိကက မညာချင်လို့ပဲဆိုပါတော့ကွာ။ နောက်နေ့ သူအိမ်လည်းပြန်ရော သူ့ရဲ့လင်

www.burmeseclassic.com

မယား ပြဿနာတက်ရောဆိုပါတော့။ လင်မယား ကွာမယ်ရှင်းမယ်အထိဖြစ်ကြတယ်ဆိုပါတော့။ နောက်နေ့ ရုံးလည်းရောက်ရော သက်နှင်းက ငါ့ကို ပြဿနာရှာပါလေရော။ သူတို့လင်မယား ပြဿနာတက်တာ ငါ့ကြောင့်ပေါ့။ ခင်ဗျားက ချော့လဲရောထိုင် မလုပ်လို့ပေါ့။ ပျားလည်းစွဲသာ၊ ရှဉ့်လည်းလျှောက်သာ မပြောလို့ပေါ့။ ကုန်းအဆင်း ဘီးတပ်ပေးလိုက်တဲ့ သဘောပေါ့ စသည်ဖြင့်ပေါ့ကွာ။ စကားတတ်တဲ့လူဆိုတော့ ပြောတာပေါ့။ ငါကလည်း မင်းတို့လင်မယား ပြဿနာတက်တာ ငါ့ကြောင့်မဟုတ်ကြောင်း၊ မင်းကြောင့်ဖြစ်ကြောင်း၊ မင်းသာ အဲဒီနေရာတွေ မသွားခဲ့ရင် ငါကပြောစရာ အကြောင်းမရှိကြောင်း၊ အစလည်း ငါက စပြောတာမဟုတ်ကြောင်း၊ မင်းမိန်းမကမေးလို့သာ ပြောရတာ ဖြစ်ကြောင်း။

ဒါပေမယ့် တစ်ခုရှိတာက ငါ့အနေနဲ့ ညာတော့မပြောနိုင်ကြောင်း ကျွန်ဝယ်ရာ အဆစ်အပါမခံနိုင်ကြောင်း၊ ကြားထဲက ထွေးခါးမနာနိုင်ကြောင်း ပြန်ပြောတာပေါ့ကွာ။ နောက်ဆုံးတော့ကွာ ငါ့ကိုလည်းပြန်ပြောလို့မရတော့ ခင်ဗျားက လူ့ခွစာ၊ စာအုပ်ကြီးသမား၊ ဝမ်းဝေးဆိုပြီးတော့ ပြောတော့တာပဲဟေ့။ ငါလည်း အဲဒီကတည်းက ခွစာ၊ နောက်တစ်ဆင့်တက်ပြီး ဂမ္ဘီရခွစာ ဖြစ်လာတာပဲပေါ့ကွာ မောင်တိုရာ''

ဟု ရှင်းပြလိုက်ရာ မောင်တိုက

''ဩော် ... ဒီလိုကိုး။ ခုမှပဲ ဇာစ်ဇာစ်မြစ်မြစ်သိရတော့တယ်။ နောက်မမေးတော့ပါဘူး ဦးလေးရယ်''

ဟု ပြောလေ၏။ ကျွန်ုပ်ကလည်း ''နောက်မေးလည်း မဖြေတော့ပါဘူးမောင်တိုရယ်''ဟု ပြောလိုက်ရာ မောင်တိုသည် တခွိခွိနှင့်ရယ်မောကာ ကျွန်ုပ်အနီးမှ ထွက်သွားလေတော့၏။

ကျွန်ုပ်သည် ငြိမ်းအေးစွာဖြင့် ရေးလက်စ အခန်းဆက်ဝတ္ထုရှည်တစ်ပုဒ်ကို ရေးသားလျက်ရှိ၏။ မောင်တိုသည် အလိုက်သိစွာဖြင့် ကျွန်ုပ်အနားသို့ မလာဘဲနေ၏။ ကျွန်ုပ်အတွက် ရေနွေးကြမ်းအိုးကိုသာ ဖြည့်တင်းပေးလျက်ရှိ၏။ ကျွန်ုပ်မခေါ်လျှင် ခြံထဲရှိ သူ၏အပင်ကလေးများအား ပြုစုရင်းဖြင့် အချိန်ကုန်လျက်ရှိ၏။ ကျွန်ုပ်အနေဖြင့် မောင်တိုအား ချီးမွမ်းမိ၏။ မောင်တိုသည် ယခုဆိုလျှင် လူပျိုပေါက်တစ်ယောက် ဖြစ်လာပြီဖြစ်၏။ သာမန်ကလေးများဆိုလျှင် ဒီအရွယ်တွင် သွားချင်၊ လာချင်၊ လည်ချင်၊ ပတ်ချင်၊ လှချင်ပချင်၊ ဝတ်ချင်စားချင်သောအရွယ်ဖြစ်၏။ မောင်တိုက ဘာမှုပူဆာသည်မရှိဘဲ ကျွန်ုပ်ဝယ်ပေးသမျှလေးများအား မဝတ်ရက်၊ မစားရက်ဘဲ သိမ်းဆည်းထားသဖြင့် ကျွန်ုပ်က

''မောင်တိုရယ်၊ မင်းတို့အရွယ်ဆိုတာ ဖွံ့ထွားစအရွယ်ကွ။ ဒီအဝတ်အစားတွေ ခုမဝတ်ရင် တော်ကြာဝတ်မရဘဲနေဦးမယ်''

ဟု ပြောရ၏။ မောင်တိုမှာ အရပ်သိပ်မထွက်သော်လည်း လူကောင်မှာ ရောက်စကထက်စာလျှင် တော်တော်လေး ဖွံ့ထွားကြံ့ခိုင်လာ၏။

ကျွန်ုပ်သည် စာရေးနေသည်ဆိုသော်လည်း အမြဲတမ်းရေးနေသည် မဟုတ်ဘဲ တွေးတဲ့အခါတွေးရင်း၊ ရေးတဲ့အခါရေးရင်း၊ ရေနွေးကြမ်းသောက်တဲ့အခါသောက်ရင်း၊ ရုပ်ဖန်ရံခါ လိုအပ်သောအချက်အလက်များအတွက် စာအုပ်များကို မွှေနှောက်ခြင်းပြုသည့်အခါလည်း ပြုရပေ၏။ တစ်ခါတစ်ရံ ဆက်ရေးလို့မရလောက်အောင်ကို အကျဉ်းအကျပ်ထဲ ရောက်သည့်အခါလည်း ရောက်နေတတ်၏။

ထိုအခါမျိုးတွင် ဆက်မရေးတော့ဘဲ ပစ်ထားလိုက်ရ၏။ ကျွန်ုပ်သည် အခန်းဆက်ဝတ္ထုရှည်များ ရေးသားရာတွင် ဝတ္ထု၏အမည် ကြိုတင်ပေးထားရသဖြင့် ဇာတ်လမ်းကို နာမည်ဖြင့်ချုပ်ထားသကဲ့သို့ ဖြစ်နေတတ်၏။ ဇာတ်လမ်း ဘောင်မကျော်အောင် ထိန်း၍ရေးရလေ၏။ တစ်ခါတစ်ရံတွင် မိမိအရမ်းရေးချင်သော အကြောင်းအရာသည် မိမိတည်ထားသော ဇာတ်လမ်းနှင့် အံမဝင်သဖြင့် မရေးဖြစ်ဘဲ နောက်တစ်ပုဒ်ကျမှ ထည့်ရေးတော့မည်ဟု တေးထားလိုက်ရသည်လည်းရှိ၏။

ထိုအကြောင်းအရာသည် အရမ်းကောင်းနေပါလျှင်မူ မိမိမူရင်းဇာတ်လမ်းနှင့်မဆိုင်ဘဲ ဝတ္ထုတိုတစ်ပုဒ်အဖြစ် ရေးလိုက်ရသည်လည်း ရှိလေ၏။ စာရေးဆရာသည် ကဗျာ သို့မဟုတ် ဝတ္ထု၊ သို့မဟုတ် ဆောင်းပါးတို့ကို စိတ်ကူးရှိတုန်း၊ စိတ်ပါတုန်း ရေးသားလျှင် အကောင်းဆုံးဖြစ်၏။ နောက်မှရေးမည်ဆိုလျှင် မသေချာတော့ပေ။ စိတ်ကူးကို နွားတစ်ကောင်ကဲ့သို့ ချည်နှောင်ထား၍မရနိုင်ပေ။ ကြက်၊ ဝက်များကဲ့သို့ ခြံထဲတွင် ထည့်လှောင်ထား၍မရပေ။ စိတ်၏သဘောသည် အမြဲတမ်း ပျံလွင့်လျက်ရှိပေ၏။ ရုတ်ခြည်းရောက်လာပြီး ရုတ်ခြည်း



www.burmeseclassic.com

www.burmeseclassic.com

အသည်း ပျောက်သွားတတ်ပေ၏။

လူအချို့ သမထထိုင်ခြင်းသည် စိတ်ကို ထိန်းချုပ်ဖို့ကြိုးစားခြင်း ဖြစ်သေ၏။ စိတ်ကိုထိန်းချုပ်နိုင်သွားပြီဆိုလျှင် ဝိပဿနာဘက်သို့ ကူးပြောင်း၍ နိဗ္ဗာန်လမ်းသို့ လျှောက်လှမ်းနိုင်ပြီဖြစ်၏။ ထို့ကြောင့် စိတ်သာရှင်စောအရားဟောဟု ရှေးပညာရှိများက မှတ်တမ်းပြုရေးသားခဲ့ကြခြင်း ဖြစ်၏။

ကျွန်ုပ်သည် ကလောင်တံကိုချအာ ရောက်တတ်ရာရာတွေးရင်း ဝါးကော်လက်ကုလားထိုင်တွင် မှိန်း၍နေမိ၏။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လှ၏။ ကုက္ကိုပင်ကြီးများထက်မှ ကျေးငှက်မြည်သံမှလွဲလျှင် အသံမျှ ထွေထွေထူးထူးမကြားရပေ။ လေညင်းသွဲ့သွဲ့သည် ကျွန်ုပ်အား ဆပ်ခတ်ပေးနေဘိသည့်အလား ထင်မှတ်ရ၏။

ကုက္ကိုပင်ကြီးထက်မှ ငှက်တော်လေးတစ်ကောင်၏ သာယာနာပျော်ဖွယ် သီကျူးနေသံသည် ကျွန်ုပ်အား ဂီတနှင့် ဖျော်ဖြေနေသကဲ့သို့ရှိ၏။ ငှက်တော်ငှက်သည် ဆက်ရက်အရွယ်လောက်ပင် မရှိတတ်သော ငှက်မျိုးဖြစ်ပြီး အမြီးရှည်ရှည် နှစ်ချောင်းနှင့် အလွန်ချစ်စရာကောင်းသော ငှက်ကလေးများဖြစ်၏။ ငှက်တို့၏ အရှင်ဟု ဆိုကြ၏။ သူ့အား သိမ်းငှက်၊ စွန်ရဲများပင် ကြောက်ရ၏။ သူ ထိုက်သဖြင့် ထွက်ပြေးသည်ကို ကျွန်ုပ်ကိုယ်တိုင် တောမှာနေစဉ်က မြင်ဖူးလေ၏။ သာမန်အချိန်တွင် သာယာပျော်ဖွယ် သီကျူးတတ်သော်လည်း ရန်သူနှင့်တွေ့လျှင်မူ တဂီးဂီးနှင့် ကြောက်မက်ဖွယ်အသံကို ပေးတတ်၏။ ကျွန်ုပ်သည် ဤကဲ့သို့သော ပတ်ဝန်းကျင်မျိုးနှင့်ဆိုလျှင် မကြာမီ အိပ်ပျော်ခြင်းသို့ ရောက်တော့မည်မှာ ကေန်ဖြစ်၏။

ကျွန်ုပ်၏နားထဲတွင် သီချင်းသံလိုလိုကြားရသဖြင့် မျက်လုံးကိုဖွင့်ကြည့်လိုက်ရာ ပထမဆုံး ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုသီတာကိုမြင်တွေ့လိုက်ရ၏။ ကိုသီတာသည် ဆံပင်ရှည်ရှည်နှင့် အင်္ကျီအကျပ်ကိုဝတ်ထား၏။ ပုဆိုးကိုလည်း ပြားချပ်နေအောင် သပ်သပ်ရပ်ရပ်ဝတ်ထားလေ၏။ သူ၏ပုံစံမှာ ကျွန်ုပ်တို့ငယ်ရွယ်စဉ်က လူငယ်များဝတ်သည့် စတိုင်ဖြစ်၏။ ထိုခေတ်က လူကြီးများ အလွန်မျက်စိနောက်သော ပုံစံဖြစ်၏။ သူသည် အသက်အရွယ်ကြီးရင့်ပြီဖြစ်သည့်တိုင် လူပျိုစိတ်မကုန်သေးသဖြင့် ထိုခေတ်က လူပျိုတစ်ယောက်ကဲ့သို့ ဝတ်စားဆင်ယင်ခြင်း ဖြစ်၏။ သူ့တွင် ရေဒီယိုကလေးတစ်လုံးပါလာသဖြင့် ထိုရေဒီယိုမှအသံကြောင့် ကျွန်ုပ်နိုးလာခြင်း ဖြစ်ပေ၏။

ကျွန်ုပ်သည် ကိုသီတာအား နှုတ်ဆက်မည်ပြုစဉ် ကိုသီတာက စာရေးဆရာ နိုးပြီလားဗျာဟု နှုတ်ဆက်ရင်း စာရေးဆရာတို့ကတော့ စိတ်ချမ်းသာတယ်ဗျာဟု ရီရီသဲ့သဲ့ ပြောလေ၏။

"ဒီလိုပဲ စိတ်ချမ်းသာအောင် ကြံဖန်ပြီးနေရတာပေါ့ဗျာ ကိုသီတာရယ်။ လောကမှာ လူချမ်းသာဖို့ထက် စိတ်ချမ်းသာဖို့က ပိုအရေးကြီးတယ်ဗျ။ စိတ်ချမ်းသာမှ ကိုယ်ကျန်းမာမယ်။ ကိုယ်ကျန်းမာပြီဆိုမှဖြင့် ဘာလိုသေးလဲဗျာ ဟုတ်ဘူးလား"

ဟု ကျွန်ုပ်ကပြောလိုက်ရာ –

"လိုတာပေါ့စာရေးဆရာရယ်။ ဘဝကြင်ဖော်လိုတာပေါ့ဗျ။ လူ့ဘဝမှာ လူ့ရယ်လို့ဖြစ်လာရင် ဘဝလက်တွဲဖော်ဆိုတာ ရှိသင့်တယ်ဗျ။ တံခွန်မရှိတဲ့ဘုရား၊ မယားမရှိတဲ့အိမ် ဘယ်လောက်ပဲပြည့်စုံနေပါစေ ပြီးပြည့်စုံတဲ့ ပြည့်စုံခြင်းတော့ မဟုတ်ဘူးဗျ စာရေးဆရာရဲ့"

ဟုပြောလေ၏။ ကျွန်ုပ်လည်း ကိုသီတာနှင့် အကျယ်အကျယ်မငြင်းဖွယ် ဆက်၍မပြောလိုတော့သဖြင့် –

"ဟုတ်ပါပြီဗျာ ကျုပ်အတွက်တော့ထားပါတော့။ ကိုသီတာအတွက်ကော ဘယ်လိုလဲ"

ဟုမေးလိုက်ရာ –

"ငါခုလာတာကိုက အဲဒါပြောချင်လို့ လာတာကွ"ဟု အားတက်သရောပြောလေ၏။

"ဩော် ... ဒါဆိုရင် ခင်ဗျား အရင်တစ်ခေါက် လာတုန်းကပြောတဲ့ ကလေးတစ်ယောက်အမေ ဆိုတဲ့ အမျိုးသမီးနဲ့ယူတော့မှာပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုသီတာက –

"တောက်တီးတောက်တဲ့ကွာ။ ငါလို လူပျိုစစ်စစ်တစ်တစ်ယောက်က ကလေးတစ်ယောက်အမေကို ယူပါ့မလားကွာ။ ဒီမှာ ငါအခုတွေ့ထားတဲ့ ကောင်မလေးက တော်တော်အလန်းလေးကွ"

"ခင်ဗျားနဲ့ကြိုက်နေပြီပေါ့။ ကြိုက်နေရင်တော့ မြန်မြန်သာ ယူတော့ဗျာ။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားကလည်း အသက်ကြီးပြီ လား။ တော်ကြာ ... အသက်ကြီးမှ



www.burmeseclassic.com

www.burmeseclassic.com

ကလေးချီနေရရင် မကောင်းဘူးဗျ ကိုသီတာရ"

ဟု ကျွန်ုပ်ပြောလိုက်ရာ –

"အဲဒီလောက်လည်း မမြန်သေးဘူးလေကွာ။ လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက် နေ့ရမယ်ဆိုတဲ့စကား မင်းလည်းကြားဖူးသားနဲ့"

ဟု ကိုသီတာက ပြောလိုက်၏။ အနားတွင် ဘယ်အချိန်ကရောက်နေမှန်း မသိသော မောင်တိုက –

"ဦးသီတာကလည်းဗျာ။ လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေ့ရမယ် မဟုတ်ပါဘူးဗျ။ လက်ဖက်ကောင်းစားချင်ရင် .. ပလောင်တောင်တက်နေရမယ်ပါဗျ"

ဟု ဝင်၍ ပြောလိုက်လေရာ ကိုသီတာက –

"အေးကွာ။ ဘာပဲဖြစ်ဖြစ် သူ့ဟာသူ နေ့ရင်နေ့၊ မြန်ရင်မြန်ကွာ"

ဟု ပြန်၍ပြောလေ၏။ ကိုသီတာ၏အကျင့်မှာ သူပြောချင်ရာသာ စွတ်ပြောတတ်ပြီး သူတစ်ပါးစကားကိုမူ သေသေချာချာ နားထောင်လေ့မရှိပေ။ ထို့အပြင် စကားတစ်ခွန်းကိုလည်း ခြေခြေမြစ်မြစ် လေးလေးနက်နက် ပြောတတ်သူတစ်ယောက် မဟုတ်ပေ။ တောင်စဉ်ရေမရ ပြောတတ်သူတစ်ယောက်ဖြစ်၏။

ကျွန်ုပ်သည် ကိုသီတာပြောမည့် စကားများအား စိတ်ဝင်စားမည် မဟုတ်သည်ကို မောင်တိုက ရိပ်မိသည်နှင့် –

"ဦးသီတာရဲ့ ရေဒီယိုလေးက မိုက်တယ်ဗျာ။ ရှယ်ပဲ"

ဟု ချီးမွမ်းကာ စကားလမ်းကြောင်းပြောင်းလိုက်လေ၏။ ထိုအခါ ကိုသီတာ၏စိတ်သည် ရေဒီယိုဆီသို့ ချက်ချင်းရောက်သွားပြီး –

"ဒီရေဒီယိုလေးက ဦးလေးငယ်ငယ်ကတည်းက ရေဒီယိုကွ။ ဟိုခေတ်က သမဝါယမဆိုင်က မဲပေါက်တာ။ နှယ်နှယ်ရရမဟုတ်ဘူးကွ။ ရာဇဝင်နဲ့လာတဲ့ရေဒီယို"

ဟု ခပ်ကြွားကြွားလေး ပြောလိုက်ရာ မောင်တိုက –

"ဒါဆိုလုပ်စမ်းပါဦးဗျ ဦးလေးရ။ ကျွန်တော်စိတ်ဝင်စားလို့ပါ"

ဟု ထောက်ပေးလိုက်လေ၏။

"ဒီလိုကွ ... ဦးလေးငယ်ငယ် အရွယ်ကောင်းတုန်းကပေါ့ကွာ။ တောသူဌေးတစ်ယောက်က သူ့သမီးကို ဦးလေးနဲ့ပေးစားဖို့ ဦးလေးမိဘတွေကို လာစပ်တယ်ကွ။ အဲဒီတော့ ... ဦးလေးမိဘတွေကလည်း ဦးလေးသဘောကျရင် ပေးစားမယ်ပေါ့။ သဘောကျမကျ လိုက်ကြည့်ပါဆိုပြီး ဦးလေးကို တောကိုထည့်လိုက်တယ်ကွ။ ဦးလေးလည်း တောကိုလိုက်သွားပြီး ကလေးမလေးကို ကြည့်တာပေါ့ကွာ။ ဒီရေဒီယိုလေးလည်းပါတာပေါ့။ အဲဒီတုန်းက ဒီရေဒီယိုလေးက အသစ်ပဲရှိသေးတာ။ ဒါနဲ့ သူတို့ရွာရောက်တော့ ကလေးမလေးကိုကြည့်တော့ သိပ်မဟန်ပါဘူးကွာ။ တောသူဆိုတော့ အသားကလည်း ညိုညိုပေါ့။ ကိုယ်လုံးကိုယ်ပေါက်ကလည်း တုတ်တုတ်ခိုင်ခိုင်ပေါ့။ ရုပ်ရည်ကလည်း ရွက်ကြမ်းရေကျိုလေးပေါ့။ သိပ်စိတ်မဝင်စားလှပေမယ့် သူတို့ရွာမှာတော့ ကွမ်းတောင်ကိုင်ဆိုတော့ ဦးလေးကလည်း ကြိုက်ဟန်ဆောင်ရတာပေါ့ကွာ"

အမှန်တကယ်မှာ ကောင်မ လေးက ငြင်းလိုက်သဖြင့် ကိုသီတာ တက်ခေါက်ပြန်ခဲ့ရမှန်း ကျွန်ုပ်အနေဖြင့် တစ်ရပ်တည်းသားချင်းမို့ သိပြီးဖြစ်၏။ သို့သော်လည်း ချော်လဲရောထိုင်ဆိုသော စကားအတိုင်း မသိချင်ယောင်ဆောင်ကာ နားထောင်နေလိုက်၏။

"ဒါနဲ့ သူတို့ရွာအနှံ့ ဦးလေးကို လိုက်ပြတာပေါ့ကွာ။ ဦးလေးလည်း လိုက်ကြည့်ရတာပေါ့။ တောဆိုတော့လည်း စိတ်ဝင်စားစရာ ဘယ်သိပ်ရှိ မတုံးကွာ၊ ဒီလိုပဲပေါ့။

တစ်နေ့တော့ ရွာရဲ့အရှေ့ဘက် မှာရှိတဲ့ အင်းကြီးတစ်ခုထဲကို ကလေးနဲ့ လိုက်ပို့တယ်ကွ။ အင်း ရဲ့နာမည်တော့ မေ့နေပါပြီ။ အင်း ကလည်း ကျယ်မှကျယ်ကွ။ ဖွေးဖွေးကြီးပေါ့။ လှေကလေးနဲ့ တော့ ဦးလေးက ရေမကူးတတ် ကြောက်တာပေါ့။ ဒါပေမယ့် ကိုယ့်ဖို့ မာန်သူ့ဖို့ဆိုသလို ခပ်တည် တည်နဲ့နေရတာပေါ့။

ဖြစ်ချင်တော့ဟော့ ... မောင် ရေ၊ အင်းကြီးရဲ့ အလယ်လော မရောက်တရောက် ကမ်းစပ်နဲ့ မ မကမ်းလောက်လည်းကျရော တစ်ချက်အဝှေ့မှာ လှေကလေး သွားပြီး လှေဦးပေါ်တင်ပြီးဖွင့်ထား ဦးလေးရဲ့ ဟောဒီရေဒီယိုလေး ကျသွားပါလေရောကွာ။ ဦးလေး နှမြောလိုက်တာကွာ။ ပြောမပြ အောင်ပါပဲ။

ဒါပေမယ့် မတတ်နိုင်ဘူး အဲဒီအချိန်မှာ အင်းရေကလည်း တော်နက်တယ်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆုံး ကျသွားတဲ့နေရာလေးကို စိတ်နဲ့ မှန်းပြီးမှတ်ထားလိုက်ပြီး ပြန်ခဲ့ရတာ ပေါ့ကွာ။ အင်းဆိုတဲ့ငါးမျိုးက မိုးအခါ ရေဘယ်လောက်နက်နက် နွေရောက် ရင် ရေတွေပက်ပြီး ငါးဖမ်းကြရတယ် ဆိုတာ ဦးလေးကသိထားတော့ နွေရာ သီအင်းပက်ပြီးချိန်လောက်မှ တစ် ခေါက်ပြန်လာခဲ့မယ်ဆိုပြီး ပြန်လာ ခဲ့ရတာပေါ့။ ဦးလေး အဲဒီရွာလေးကို ပြန်ရောက်သွားတော့ အင်းပက်ပြီးလို့ ငါးဖမ်းပြီးလို့ ရေတွေခန်းလို့ ပပ်ကြား အက်တွေတောင်ထနေပြီ။

ဦးလေးလည်း စိတ်ထဲထင်တဲ့ နေရာလေးကို မှန်းပြီး ပပ်ကြားအက် တွေပေါ် လျှောက်ရှာလိုက်တာ တစ် နေရာရောက်တော့ ဦးလေးနားထဲမှာ ချေဒီယိုသံသဲ့သဲ့လေး ကြားရတယ်ကွ။ ဒါပေမယ့် ဘယ်က ကြားရမှန်းမသိ ဘူး ဖြစ်နေတယ်။ ဒါနဲ့ နားကို သေ သေချာချာစွင့်ပြီး ထောင်ကြည့်တော့ ဟားလား ငနဲသားက ပပ်ကြားအက်ထဲ မှာ အခန့်သားမြည်နေတုန်းပဲ မောင်"

ဟု ပြောလိုက်ရာ နဂိုကမှ ကိုသီတာကိုကြည့်ပြီး ရယ်ချင်နေ သော မောင်တိုသည် လက်ခုပ်လက် ဝါးတီးကာ ပတ်တုတ်လို့မရအောင် ရယ်ပါလေတော့၏။ မောင်တိုသည် အားရအောင်ရယ်ပြီးနောက် "ဟုတ် နဲ့ဟား ဦးသီတာရယ်"ဟု စောဒက တက်လိုက်ရာ ကိုသီတာက –

"ဘာလဲ ...မင်းက ငါပြော တာမယုံလို့လား။ မယုံရင် မင်းဦးလေး စာရေးဆရာ မေးကြည့်"

ဟု ဆိုကာ ကျွန်ုပ်ဘက်သို့ထိုး လှည့်လိုက်ရာ ကျွန်ုပ်မှာ ခေါင်းမညိတ် ရဘဲ ခေါင်းမခါသာသဖြင့် ပြုံး၍သာ နေလိုက်ရပေ၏။

"ဒါနဲ့ ဦးလေးသီတာနဲ့ အဲဒီ တောသူမလေး မညားဖြစ်လိုက်ဘူး လား"ဟု မောင်တိုက ကွန့်လိုက်ရာ

"မညားဖြစ်ပါဘူးကွာ။ မညား ဖြစ်လို့ ငါ့ကို ခုလိုလူပျိုဘဝနဲ့ မင်းတွေ့ ရတာပေါ့။ ငါနောက်တစ်ခေါက် သူ တို့ရွာကိုရောက်သွားတော့ သူအိမ် ထောင်ပြုပြီးနေပါပြီ"

"ကျွန်တော်ကြားဖူးတာ တစ်ခု ရှိတယ်ဗျ။ အပျိုကြီး၊ လူပျိုကြီးများ သေရင် ဖြုတ်ပြည်ရောက်တယ်တဲ့ဗျ"

ဟု မောင်တိုကပြောလိုက်ရာ –

"ငါကြားဖူးတာကတော့ အဲဒီလို မဟုတ်ဘူးကွ။ တစ်သက်လုံး ရင်ခုန် ချင်ရင် လူပျိုကြီးလုပ်ဆိုတဲ့ စကားပုံ တော့ကြားဖူးတယ်"

– ဟု ကိုသီတာက ပြန်လည်ချေပ လေ၏။ ကျွန်ုပ်သည် သည်နေ့အဖို့ စာရေးလို့လည်း ရတော့မည်မဟုတ် ပေ။ စာဖတ်ဖို့ဆိုတာ သာ၍ပင်ဝေး သေးတော့၏။ ကျွန်ုပ်သည် သည်နေ့ အဖို့တော့ဖြင့် ကိုသီတာပြောသမျှကို နားထောင်တော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်၏။

ထို့နောက် မောင်တိုအား ကိုသီ တာအတွက် ရေနွေးကြမ်းထပ်ဖြည့်ရန် နှင့် လက်ဖက်သုပ်ဖြစ်စေ အမြည်း တစ်ခုခု စီစဉ်နိုင်းရလေ၏။ ကိုသီတာ က ဆေးလိပ်သောက်ချင်ကြောင်း ပြောသဖြင့် မောင်တိုအား ဆေးလိပ် ဝယ်နိုင်းရပြန်၏။ ကျွန်ုပ်က –

"ကိုသီတာရယ် ... ခင်ဗျားဗျာ ဆေးလိပ်သောက်တတ်ရဲ့သားနဲ့ဗျာ ဆေးလိပ်လေးဘာလေး ဆောင်ထား ရောပေါ့"

ဟု ပြောလိုက်ရာ "ငါက ကြုံမှ သောက်တာကွ"ဟု ပြန်၍ဖြေလေ၏။

"ကျွန်တော်ကြားဖူးတာက ဆေး လိပ်သောက်တဲ့လူ သုံးမျိုးရှိတယ်တဲ့။ (၁)က ဆေးလိပ်သောက်တယ်။ ဒါပေ မယ့် ဘာမှဆောင်မထားဘူး။ (၂)က ဆေးလိပ်သောက်တတ်တယ် ဆေး လိပ်ဆောင်ထားတယ်။ ဒါပေမယ့် မီး ခြစ်တော့ဆောင်မထားဘူး။ (၃)က ဆေးလိပ်လည်းဆောင်ထားတယ်၊ မီး ခြစ်လည်းဆောင်ထားတယ်"

ဟု ကျွန်ုပ်က ရှင်းပြလိုက်ရာ–

"ငါ့ကို အဲဒီသုံးမျိုးထဲမှာ ထည့် လို့မရဘူးကွ စာရေးဆရာရဲ့။ ငါက သောက်ချင်ရင် သောက်တယ် ..။ မသောက်ချင်ရင် မသောက်ဘူး။ ဖွဲဖွဲ လမ်းလမ်းသမားတစ်ယောက် မဟုတ် တဲ့အတွက် ဘာမှ ဆောင်ထားစရာ မလိုဘူး။ အဲဒီသုံးမျိုးထဲမှာလည်း ငါ မပါဘူး"

ဟု ပြန်လည်ချေပလေ၏။

"ဒါဆို ခင်ဗျားလည်း ခွစာပဲ ပေါ့"ဟု ကျွန်ုပ်က နောက်လိုက်ရာ ကိုသီတာက –

"ဒါကတော့ကွာ ...ဂမ္ဘီရခွစာ နဲ့ ပေါင်းနေမှတော့ ငါလည်း ခွစာပဲ ပေါ့"ဟု ပြန်ပြောကာ မောင်တိုလာ ရောက်တည်ခင်းသော ရေနွေးကြမ်း ကိုလည်းကောင်း၊ လက်ဖက်သုပ်ကို လည်းကောင်း၊ ဆေးပေါ့လိပ်ကိုလည်း ကောင်း အားရပါးရသုံးဆောင်လျက် ရှိပေတော့၏။

*(ဆက်လက်ဖော်ပြပါမည်။)*

◆ ယိုး ◆

www.burmeseclassic.com

www.burmeseclassic.com

# အနိစ္စဒေသနာတော် (၁၇)

**မဟာထွန်း**

### ပုထုဇဉ်တို့ ခန္ဓာငါးပါးတွင် အမှား(၁၂)မျိုး

| ခန္ဓာ | ဝိပ္ပလ္လာသ | လက္ခဏာ | | ခန္ဓာ | ဝိပ္ပလ္လာသ | လက္ခဏာ | |
|---|---|---|---|---|---|---|---|
| ခန္ဓာငါးပါး | သညာဝိပ္ပလ္လာသ | နိစ္စ–သုခ–အတ္တ–သု.ဘ | အ | ခန္ဓာငါးပါး | သညာဝိပ္ပလ္လာသ | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | အ |
| ခန္ဓာငါးပါး | စိတ္တဝိပ္ပလ္လာသ | နိစ္စ–သုခ–အတ္တ–သုဘ | မှား | ခန္ဓာငါးပါး | စိတ္တဝိပ္ပလ္လာသ | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | မှန် |
| ခန္ဓာငါးပါး | ဒိဋ္ဌိဝိပ္ပလ္လာသ | နိစ္စ–သုခ–အတ္တ–သုဘ | သိ | ခန္ဓာငါးပါး | ဒိဋ္ဌိဝိပ္ပလ္လာသ | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | သိ |

| ခန္ဓာ | လက္ခဏာ | ဝိပ္ပလ္လာသ | | ခန္ဓာ | လက္ခဏာ | ဝိပ္ပလ္လာသ | |
|---|---|---|---|---|---|---|---|
| ခန္ဓာငါးပါး | နိစ္စ–သုခ–အတ္တ–သုဘ | သညာဝိပ္ပလ္လာသ | အ | ခန္ဓာငါးပါး | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | သညာဝိပ္ပလ္လာသ | အ |
| ခန္ဓာငါးပါး | နိစ္စ–သုခ–အတ္တ–သုဘ | စိတ္တဝိပ္ပလ္လာသ | မှား | ခန္ဓာငါးပါး | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | စိတ္တဝိပ္ပလ္လာသ | မှန် |
| ခန္ဓာငါးပါး | နိစ္စ–သုခ–အတ္တ–သုဘ | ဒိဋ္ဌိဝိပ္ပလ္လာသ | သိ | ခန္ဓာငါးပါး | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | ဒိဋ္ဌိဝိပ္ပလ္လာသ | သိ |

**ဝိပ္ပလ္လာ ဟူသည်မှာ အမှားဟူ၍ဖြစ်ပြီး အောက်ပါအတိုင်း အနက်ထွက်သည်။**
**သညာဝိပ္ပလ္လာသ = အမှတ်မှား၊ စိတ္တဝိပ္ပလ္လာသ = အသိမှား၊ ဒိဋ္ဌိဝိပ္ပလ္လာသ = အ မှား**

သောတာပန်၊ သကဒါဂါမ်စသော အောက်မဂ်၊ အောက်ဖိုလ် နှစ်ယောက်တို့သည် ခန္ဓာငါးပါးအပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာရေးသုံးပါးနှင့် အသုဘ တစ်ပါး၊ ပေါင်းလေးပါးတို့တွင် ဝိပ္ပလ္လာသ ၁၂ ပါးအနက်မှ ဒိဋ္ဌိဝိပ္ပလ္လာသလေးပါး ပြုတ်သည်။ ၎င်းနည်းတူ အနိစ္စတွင်လည်း သညာနှင့် စိတ္တ၊ အနတ္တတွင်လည်း သညာနှင့် စိတ္တ၊ ဝိပ္ပလ္လာသ လေးပါးပြုတ်ပြန်သည်။ ပေါင်းရှစ်ပါး ဖြစ်သည်။

သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ်တို့သည် ဒုက္ခတွင်လည်း သညာနှင့် စိတ္တ၊ အသုဘတွင်လည်း သညာနှင့် စိတ္တ၊ ဝိပ္ပလ္လာသ လေးပါးတို့ကို သတ်၊ ဖြုတ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် ကြွင်းကျန်နေသေးသည်။ အနာဂါမ်ပုဂ္ဂိုလ်နှင့် အရဟတ္တ(ရဟန္တာ)ပုဂ္ဂိုလ်တို့သည်သာလျှင် သူ့ မဂ်ဖိုလ်အဆင့်နှင့်သူ ကြွင်းကျန်နေသော ၎င်းသညာနှင့် စိတ္တ(နှစ်ခု/လေးပါးသော) ဝိပ္ပလ္လာသတို့ကို သတ်၊ ဖြုတ်၊ ပယ်ခြင်းငှာ စွမ်းနိုင်ကြသည်။

အောက်ပါ ပထမဇယားတွင် သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ်တို့ မပယ်သတ်ကြသော ဝိပ္ပလ္လာသ လေးပါးတို့ကို သာလျှင် သီးသန့်ကွင်းပြထားပြီး ပို၍ရှင်းလင်းစေရန်အတွက် ထိုမပယ်သတ်နိုင်ဘဲ ကြွင်းကျန်နေသော ဝိပ္ပလ္လာသ လေးပါးကိုပင် ဒုတိယဇယား၌ သီးသန့်ခွဲထုတ်ပြထားသည်။

| | | | |
|---|---|---|---|
| ခန္ဓာငါးပါး – အနိစ္စ | သညာ | စိတ္တ | ဒိဋ္ဌိ |
| ခန္ဓာငါးပါး – ဒုက္ခ | [သညာ | စိတ္တ] | ဒိဋ္ဌိ |
| ခန္ဓာငါးပါး – အနတ္တ | သညာ | စိတ္တ | ဒိဋ္ဌိ |
| ခန္ဓာငါးပါး – အသုဘ | [သညာ | စိတ္တ] | ဒိဋ္ဌိ |



www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ခန္ဓာငါးပါး – သုခ – | သညာ စိတ္တ |
| ခန္ဓာငါးပါး – သုဘ | သညာ စိတ္တ |

ယောနှစ်ခုကို အထပ်ထပ်အခါခါ သဘောပေါက်အောင် ဖတ်ရှုပြီး မဂ်ရ/မရ ဉာဏ်ဖြင့် ဆင်ခြင်ကြလေ သူတော်ကောင်းတို့ . . .။

ကုန်ခဲ့သည့်လက ဒသကဆယ်ချက်တွင် မွေးခါစကလေးတစ်ယောက်မှ ဆယ်နှစ်အရွယ် ကလေးတစ်ယောက်တို့၏ အနိစ္စသဘောအရ မတူကွဲပြားပြီး ခြားနားသည့် အကြောင်းကို ရေးသားပြသခဲ့သည်။ ယခု သည်လအတွက် ဆယ်နှစ်ကလေးတစ်ယောက်မှ နှစ်ဆယ်လူငယ်တစ်ယောက်တို့၏ အနိစ္စသဘောအရ မတူကွဲပြားပုံကို ဆက်လက်ရေးသားပြီး တင်ပြဦးမည်။ ကုန်ခဲ့သည့်လကနှင့် သိပ်ပြီးမထူးခြားဟုလည်း ဆိုက ဆိုနိုင်သည်။

အနိစ္စဉာဏ်နှင့် ကပ်ကြည့်လျှင် ကွင်းကွင်းကြီးမြင်နိုင်သည်။ ဆယ်နှစ်နှင့် နှစ်ဆယ်၊ ကလေး၊ လူငယ်နှစ်ယောက်တို့၏ အနိစ္စသဘောကိုသာ ထင်ရှားစေခြင်းဖြစ်သည်။

သိပ်ပြီးမထူးလျှင် အဘယ်ကြောင့် ဆက်၍ပြသ ရေးသားပါသနည်းဟု မေးဖွယ်ရှိသည်။ အသက်တန်းအလျောက် သတ္တဝါအားလုံးတို့အား အနိစ္စတရားကြီး၏ တိုက်စားခြင်းကို ခံနေကြရသည့် အကြောင်းအပေါ်တွင် လင်းလင်းကြီး မြင်စေလို၍ဖြစ်သည်။ ကြိမ်ဖန်များစွာ ဆိုခဲ့ဖူးသော စကားတစ်ခုရှိသည်။ ဝိပဿနာတရားဟူသည်မှာ မိမိတို့၏ ဉာဏ်ပါရမီနှင့်ကပ်မိ၊ လိုက်ဖက်သော တရားတော်တစ်ပါးပါးကိုသာ မင်္ဂလေးဆင့်၊ ဖိုလ်လေးတန်ရသည်မှာ နိဗ္ဗာန်တိုင်အောင် ပွားများအားထုတ်ကြရမည်ဟူ၍။

မဂ်လေးဆင့်၊ ဖိုလ်လေးတန်ဖြင့် ကိလေသာ အကျန်ထုန်ပြီး နိဗ္ဗာန်ကို လင်းလင်းကြီး မြင်နေရသည့်တိုင်အောင်လည်း ချမ်းသာရန်အတွက် ဝိပဿနာတရားတော်ကိုပင် ဘဝဇာတ်သိမ်းသတ်သည်အထိ ဆက်လက်ပွားများနေကြရဦးမည်ဟူ၍။

သဗ္ဗရသံ၊ ဓမ္မရသံ ဇိနာတိ၊
သဗ္ဗသုခံ၊ ဓမ္မသုခံ ဇိနာတိ။

အရသာအရှိဆုံးသည် တရား၊
အချမ်းသာဆုံးသည် တရား

ဟု ဟောတော်မူသည့်အတိုင်း မိမိတို့၏ဉာဏ်ဖြင့်ကပ်မိ၊ လိုက်ဖက်သော တရားတော်တစ်ပါးပါးကို သေတစ်ပန်၊ သက်တစ်ဆုံး ပွားများ၍ နေသွားကြရမည်သာဖြစ်သည်။ အားလျှော့စရာ မြှုမှုပင်မရှိပေ။ အားတက်စရာ အတိသာဖြစ်သည်။

ထို့ကြောင့် ဆယ်နှစ်ကလေးတစ်ယောက်နှင့် နှစ်ဆယ်လူငယ်တစ်ယောက်တို့ကို ယှဉ်ကြည့်ပါ။ ဆယ်နှစ်ကလေးကနေပြီး နှစ်ဆယ်လူငယ်က ဆယ်နှစ်ကလေးနှင့် မနိုင်းသာလောက်အောင်ပင် ရင့်ရော်သွားလေသည်။

ဆယ်နှစ်ကလေးသည် ဆေးပေးမီးယူအဆင့်မျှသာ ရှိသေးပြီး နှစ်ဆယ်လူငယ်သည်ကား အရာရာကို လူကြီးများနှင့် ရင်ပေါင်တန်းနိုင်နေလေပြီ။ လူကြီးများနည်းတူ အလုပ်လုပ်နိုင်ပြီး ယရာဝါသအမှုတို့ကိုပင် ပြုနိုင်လောက်သည်အထိ ရင့်ရော်သွားလေပြီ။

ရှိရှိသမျှ အလုပ်အကိုင် နေရာဒေသ ဌာနအစုံအမုံကို ဝင်ဆံ့လျက်ပင် ရှိနေလေပြီ။ အဆင့်မီ၍ လူကြီးဇာတ်သည်လည်း ဝင်နေသောကြောင့် အရာရောက်လျက်သာ ရှိနေလေသည်။ ဤသည်ပင်လျှင် မမြဲသော အနိစ္စ၏သဘောကို လင်းလင်းကြီး ပြ နေခြင်းဖြစ်သည်။ ရှင်းရှင်းနှင့်ကွင်းကွင်း ကွက်ကွက်လည်း မြင်သာလေသည်။ မြဲသည်၊ နိစ္စသာဖြစ်သည်ဟုဆိုပါမူ ဆယ်နှစ်အရွယ်မှ တိုး၍မကြီး၊ မရင့်၊ မအိုဘဲ သာလျှင် ရှိမြဲရှိနေရပေမည်။

ယခုမူ ထိုသို့မဟုတ်ပေ။ ဆယ်နှစ်မှ တစ်ရစ်ရစ်ဖြင့် ကြီးရင့်လာခဲ့ရာ မရေမတွက်နိုင်သော ရုပ်နာမ်များ အနိစ္စ = မမြဲသောသဘောကြောင့် ပျက်စီး၊ သေဆုံးသွားပြီး နှစ်ဆယ်အရွယ်သို့ ရောက်လာသောကြောင့် ဆယ်နှစ်နှင့် မနိုင်းသာအောင်ပင် ရင့်ရော်သွားခြင်း ဖြစ်လေသည်။

အနိစ္စဉာဏ်ဖြင့်သာ မှန်ကန်အောင် မကြည့်မမြင်တတ်ပါမူ လက်ခံနိုင်ဖွယ်ပင် မရှိပေ။ အနိစ္စဒေသနာတော်ဟူသည်မှာ ပညာရှိ သူတော်ကောင်းတို့၏ ဥစ္စာဖြစ်သောကြောင့် ဉာဏ်မမှီ၍ မမြင်တတ်သူများကို တစ်စုံတစ်ရာ ဆိုဖွယ်မရှိသော်လည်း အမြင်မှန်တည်းသော ပရမတ်ဉာဏ်၏အရာသည် တစ်ဆံခြည်မျှ ယွင်းရွေ့ခြင်းမရှိသည်ကိုမူ မည်



www.burmeseclassic.com

www.burmeseclassic.com

သူမှုလည်း ပြေးနိုင်ခြင်းမရှိလေသောကြောင့် သူတော်ကောင်း အပေါင်းတို့သည် ၎င်းတို့၏ ဥစ္စာဖြစ်သော ကျက်စားရာဒေသ နာတော်ကြီးကို ထာဝရ ကြည်ညိုလျက်သာ ရှိကြပေသည်။

စင်စစ်တွင် -

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ။

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ။

စိတ်၊ ပရမတ်၊ အာယတန၊ သစ္စာ စသော အလုံးစုံသော တရားတို့သည် သူတော်ကောင်းကလျာဏပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သလို ဗုဒ္ဓဘာသာတို့၏ ရသင့်ရထိုက်သော တရားထူးတရားမြတ်ကြီးလည်း ဖြစ်သည်။ လူ၊ နတ်၊ ဗြဟ္မာ ဖြစ်ကြောင်းမှုသည်လည်း ဗုဒ္ဓဘာသာတို့၏ ရလာဘ်မဟုတ်ပေ။ အခြားသော ဘာသာဝင်များသည်လည်း လူစသည်ဖြင့် ဖြစ်နေကြသည်။ ဤသို့ဆိုလျှင် ဗုဒ္ဓဘာသာနှင့် ရလာဘ်ချင်း မထူးသလို ဖြစ်နေလေသည်။

ထူးသည်မှာကား စိတ်၊ ပရမတ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသည့်တရားများမှ မဟာသန္တိသုခ နိဗ္ဗာန အငြိမ်းဓာတ်ကြီးတိုင်အောင် အကျိုးသက်ရောက်၊ ဝိထိပေါက်နိုင်ပါမှ ဗုဒ္ဓဘာသာတို့၏ ရလာဘ်ဖြစ်လေသည်။ ဤသည်ကိုမှု ဗုဒ္ဓဘာသာဝင်တိုင်း ပြတ်သားစွာဖြင့် သိရှိထားပြီး လိုလိုချင်ချင်ကြီးလည်း ကြိုးစားသင့်လှသည်။ လူဖြစ်တိုင်း မဟာသန္တိသုခ နိဗ္ဗာနဓာတ်ကြီး ပေါ်ပေါက်ဖြစ်ထွန်းလာခြင်းမရှိပေ။

ဘုရားတစ်ဆူ ပွင့်တော်မူမှ ထိုဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ဖြင့် ဗောဓိပက္ခိယစသည် တရားထူးတရားမြတ်ကြီးများကို ဟောဖော်ညွှန်ပြ၍ သတ္တဝါအနန္တတို့ အကျွတ်ရကြသည်။ ကမ္ဘာတိုင်လည်း ဘုရားရှင်တို့ ပွင့်တော်မူကြသည် မဟုတ်ပေ။ ဘုရားမပွင့်သော ကပ်ကမ္ဘာများသည်လည်း မရေမတွက်နိုင်အောင်ပင် ရှိကြသည်။ တချို့သောကမ္ဘာတွင် တစ်ဆူတည်းသာ ပွင့်တော်မူသည်။ တချို့သောကမ္ဘာတွင် နှစ်ဆူ၊ သုံးဆူစသည်ဖြင့် ပွင့်တော်မူသည်။ ဘုရားပွင့်သော ကမ္ဘာသည်ကား အလွန်ရှားသည်။ ဘုရားအလောင်းတော်များ ပါရမီဆယ်ပါးကို ဖြည့်ကျင့်၍ ပြည့်တော်မူမှသာလျှင် ပွင့်တော်မူကြကုန်သည်။ ပါရမီဆယ်ပါးအကြောင်းကိုမူ အထူးပင် ဆိုဖွယ်ရာမရှိဘဲ ငါတို့ပရိသတ်များ သိကြားကြပြီးပင် ဖြစ်ပေလိမ့်မည်။

ဘုရားရှင်များ ပွင့်တော်မမူသော ကမ္ဘာကို သုည ကမ္ဘာဟုဆိုခြင်းမှာလည်း လုံးလုံးဗိုင်းဗိုင်းကြီးဟု ဆိုလိုခြင်း မဟုတ်ဘဲ ဘုရားပွင့်တော်မမူသောကြောင့် ထိုကမ္ဘာသည် တစ်စုံတစ်ရာ တန်ဖိုးမရှိ၍ သုညဖြင့် နိုင်းနှိုင်းလိုက်ခြင်းသာ ဖြစ်သည်။ ထိုထိုအထဲ၌ ငါတို့ကမ္ဘာသည် ထူးထူးခြားခြား ဘုရားငါးဆူပွင့်တော်မူကုန်ကြသော ကမ္ဘာထူး၊ ကမ္ဘာမြတ်ကြီး ဖြစ်သည်။ ဤကမ္ဘာ၌လည်း ဘုရားရှင်တို့သည် သက်တမ်းကုန်လျှင် ပရိနိဗ္ဗာန်ပြုတော်မူကုန်ကြသောကြောင့် သာသနာပ ဟူ၍ ဖြစ်နေရပြန်သည်။

ယခုအခါသည်ကား ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် ငါတို့ပရိသတ်တို့မှာ သာသနာတော်အတွင်း၌ လူဖြစ်ခွင့်ကို ရရှိနေကြ၍ (မနိုင်းကောင်းနိုင်းကောင်း) နိဗ္ဗာန်ထိဖြတ်ပိုင်းကြီးကို လက်ဝယ်ပိုင်ဆိုင်လျက် ရှိနေကြပေသည်။

လောကထီသည်ကား ကံနှင့်ဆိုင်ပြီး နိဗ္ဗာန်ထီသည်ကား ဉာဏ်နှင့်သာ ဒ ကဲဆိုင်နေ၍ မိမိတို့ နားလည်တတ်မြောက်ထားကြသည့် ဝိပဿနာဉာဏ်ပညာကြီးကို တရိုက်မှတ်မှတ် ကျင့်ပွားရုံသာရှိတော့သည်။ နိဗ္ဗာန်သည် လက်တစ်ကမ်းမှာသာ ရှိပေသည်။ လက်ရှိအချိန်သည် အခါကောင်းကြီး ဖြစ်ပေသည်။ ပရမတ်ကို နားလည်စဉ်ကပင် နိဗ္ဗာန်၏နယ်နိမိတ်ထဲသို့ ချဉ်းနင်းသက်ဝင်လျက် ရှိပေသည်။

မဂ်ကို၊ ဖိုလ်ကို၊ နိဗ္ဗာန်ကိုရနိုင်သော တရားတစ်ပါးပါးကို အချိန်ရတိုင်း ရှုပွားအားထုတ်ရန်မှာလည်း စာ ရှုသူမွှမိတ်ဆွေများ၏ တာဝန်သာဖြစ်သည်။ ထို့ကြောင့် တိုက်တွန်းခြင်းနှင့် ဥပမေ၊ ဥပမေယျများကိုသာ သဘောပေါက်သည်အထိ ရေးသားသွားမည်ဖြစ်ပြီး တရားရှုကွက်ကိုမူ တိုတိုနှင့်လိုရင်းမျှသာ ရေးသားသွားမည်။

သို့မှလည်း လိုရင်းဖြစ်သော ရှုကွက်ကို ဉာဏ်စိတ်ရသောအခါ လွယ်ကူပေလိမ့်မည်။ ဒသကဆယ်ချက်ပြီးသည်အထိ သည်နည်းလမ်းကိုပင် ညက်ညက်သုံးသွားရပေလိမ့်မည်။

သည်လအတွက် သည်မျှဖြင့် တော်ကြ း ီးစို့။ နောက်လတွင် အသက်နှစ်ဆယ်လူငယ်တစ်ယောက်နှင့် အသက်သုံးဆယ်လူရွယ်တစ်ယောက်တို့၏အကြောင်းကို ဆက်ဦးမည်။

(ဆက်ရန်)

■ မဟာထွန်း

09-73091769

www.burmeseclassic.com

ဘာဝအမော စင်မယ့်

# လှတောတစ်ခွင်ဟာသများ

ဦးကောင်းထူး

**ထမင်းအေးနဲ့ ဟင်းသိုး**

လှတောရွာသား ကုန်သည်တစ်ယောက်သည် မန္တလေးရထားအစုန်အဆန်စီးနေရာမှ ဘူတာထမင်းသည်များနှင့် ကြုံရလေ၏။ အကြောင်းသိနေသဖြင့် ဝယ်မစား။ တစ်ခါတွင် ရထားစောင့်ရင်း ဆာလာသဖြင့် ထမင်းဆိုင်တွင်းသို့ ဝင်လိုက်၏။

ဆိတ်ကလီစာ မှာလိုက်ချိန်တွင် ထမင်းပွဲရောက်လာ၏။ လက်ဆေးပြီးသည့်နောက် ထမင်းကို နယ်လိုက်ရာက အလန့်တကြား ထအော်လိုက်၏။

"အောင်မယ်လေးဗျာ . . . ထမင်းမှတ်လို့ ကိုင်လိုက်ပါ၊ ရေခဲတုံးကြီးပါလား"

ဟော . . ဟင်ပွဲလာချပြီ။ သူသာ ဟင်းပန်းကန်ကို ငုံ့နမ်းကြည့်သည်၊ ထို့နောက် . .

"အလိုလေး၊ ဟင်းဆိုလို့ ကြည့်လိုက်ပါ၊ နရသီဟပတေ့မင်းရဲ့ အတ်ကျန်ဟင်းတွေများလား မှတ်ရ"

နံဟောင်နေသည့် ဟင်းသိုးတွေကြောင့် ညည်းလိုက်ခြင်း ဖြစ်ချေ၏။

**စပ်ကျထားတဲ့ အကောင်တွေ**

ကျောင်းဆင်းလာသည့် မူလတန်းကျောင်းသားလေး သုံးယောက်အနက် တစ်ယောက်က သူတို့ကို အမြီးနှန့်ပြီး ကြိုသည့် ခွေးကျားကို ကုပ်ကကိုင်ပြီး ခွစီးလေ၏။

ခွေးကပြေးသည့်အခါ နောက်နှစ်ယောက်က အမြီးဆွဲပြီး တက်စီးပြန်၏။ သုံးယောက်စီးသည့် အားကြောင့် ခွေးမှာ ခွေလဲသွားပြီး တဂိန်ဂိန်နဲ့ အော်နေလေ၏။ လဲသည့်ခွေးကို ဆွဲထူသူက ထူနေစဉ် တက်စီးသူက တက်စီးပြန်၏။

ထိုမြင်ကွင်းကို လမ်းဘေးတွင် ရပ်ကြည့်နေသည့် လှတောသားအုပ်စုမှ တစ်ယောက်က . .

"မျောက်မျက်စဉ်းခတ်ဆိုတာ ဒီလိုကောင်တွေ နေမှာပဲကွ"

"အလိုလေးကွယ် . . . ဆော့လိုက်ရှာလေ။ မျောက်နဲ့ ငါးမြွေထိုး စပ်ကျထားသလား မှတ်ရ"

□□□

**စက္ကူတွေများ စားနေသလား**

ရန်ကုန်က ပြန်လာသည့် လှတောသားဦးကြီးသည် သမီးများအား စက္ကူရွှားပါးပြီး ဈေးကြီးလှသည့် အကြောင်း ပြောပြနေ၏။

"ရန်ကုန်မှာ စက္ကူဟောင်းဝယ်တဲ့သူတွေ သောင်းကျန်းနေပုံများ အဖေ့ရှပ်အင်္ကျီအိတ်ထဲက မှတ်စုစာအုပ် တစ်ပိဿာ တစ်ဆယ်ပေးမတဲ့။ ရောင်းပါဆိုပြီး ဝိုင်းလိုက်လို့ ကျားပြေးပြေးခဲ့ရပါသကော။ နောက်ပြီး ဒင်တို့ စက္ကူငန်းဖမ်းနေလိုက်ကြတာ ဘတ်စ်ကားပေါ်က အဆင်းမှာ ကားလက်မှတ် လွှတ်မပစ်ရဲဘူး။ ပလတ်စတစ်ကောက်တဲ့ကလေးတွေ လုကောက်ရင်း ရန်ဖြစ်ကြလွန်းလို့။ ဟလိုလေး . . ထမင်းမစားဘဲ စက္ကူတွေ စားနေကြသလား မှတ်ရကွယ်"

□□□

**ဘယ့်လိုအကြောင်းမျိုးပါလိမ့်**

လှတောကားဆိပ်သို့ ကားရပ်လေသော် လူစိမ်းဧည့်သည်တို့သည် ကားပေါ်မှ ဆင်းကြလေ၏။ ထိုဧည့်သည်များထဲ၌ တစ်ယောက်သောသူမှာ လူဝကြီးဖြစ်ပြီး နှုတ်ခမ်းမွေးနှင့် ဖြစ်၏။

ဤတွင် လှတောသားပါစပ်နှင့် တိုးပါလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"နှုတ်ခမ်းမွေးကြီးချည်း အစိတ်သားလောက် ရှိမယ်ဟ"

"ကုပ်နေလိုက်ပုံများ လခြမ်းကြီး ကတ္တရာသုတ်ပြီး မှောက်ထားလား မှတ်ရပေ့"

"ဘာပဲပြောပြော ခံ့တော့ တော်တော်ခံ့တယ်ကွ"

"ခံ့ညားတာပေ့ါကွယ်။ နှုတ်ခမ်းမွေးကားကားနဲ့ဆိုတော့ တောကြောင်လား၊ အိမ်ကြောင်အထီးလား၊ ကြောင်သိုးကြီးလာ မပြောတတ်ဘူး"

□□□

## ခြေထောက်တွေများ ဖြတ်ထားသလား

အောက်အကြေအရပ်မှ ပြန်လာသည့် လှတောသားတစ်စုအား ဆွေမျိုးများ၊ ရွာသားများ ဝိုင်းအုံ၍ နေလေ၏။ စကားသံတို့မှာလည်း တစ်ယောက်တစ်ပေါက်ဖြင့် ဆူညံနေလေ၏။

"ဟောဒါက ငါးနှပ်ခြောက်"

"ဟလိုလေး . . ငါးနှပ်ခြောက်ဆိုလို့ ကြည့်လိုက်ပါ့၊ ငါးဖောင်ရိုးခြောက်ပါပဲလား"

"ဟောဒါက ငါးငါးပိ၊ ဟောဒါက ပုစွန်ငါးပိ၊ ငါးပိယူရတာ တော်တော် စိတ်ညစ်ရတာပဲ။ လူတွေက ငါးပိသာစားတာ အနံ့ကျတော့ နှာခေါင်းရှုံ့တယ်"

"အီးကို မန်အောင် လုပ်လို့မရသလို ငါးပိကလည်း မန်အောင် ဖုံးလို့ မရဘဲကိုးတော့"

"ဟောဒီမှာ ရေချိုငါးပိ"

"ဟင် . . . လောက်တွေ"

"ဟဲ့ . . . ငါးပိနဲ့လောက် ရွှေနဲ့ကျောက်၊ ငါးပိမှန်ရင် လောက်နဲ့ ဘယ်ကင်းမလဲဗျ"

"အို . . . ဒီငါးပိထဲက လောက်ကတော့ လွန်ပါတယ်ရှင်။ အကောင်ကြီးလိုက်ပုံများ ဝက်ဖြူတွေကို ခြေထောက်ဖြတ်ထားသလားထင်ရ"

□□□

## မြင်ယောင်မိသေးတယ်

ရွှေကျင်ရွာ ရှင်ပြုအလှူပွဲသို့ သွားသော လှတောသားများ တစ်စုတစ်ဝေး ပြန်လာကြရာ လမ်း၌ . .

"ဟလိုလေး . . တကယ့်အလှူပွဲပါပဲဗျာ။ နတ်ရွာတံခါးဖွင့်ပွဲကြီးတမျှ ကျွေးမွေးလိုက်တာကလည်း ထမင်းရည်ချောင်းစီး ချက်တဲ့ပြုတ်တဲ့ အိုးကြီးတွေများ ကျွဲအုပ်ကြီး အိပ်နေသလားမှတ်ရ"

တစ်ယောက်စလိုက်ရာက အတူလာသူတစ်ယောက်က . .

"ဟုတ်ပါရဲ့၊ မိုးပြဒယ်ကြီးတွေက တစ်မျှော်တစ်ခေါ်ပါပဲ။ ဒါပေမယ့် အဲဒါကြီးတွေမြင်တော့ ငရဲပြည်မှာ ငရဲသားကို မျှော်နေတဲ့ ယမမင်းရဲ့ ဒယ်အိုးကြီးတွေ သွားမြင်ယောင်မိသေးဗျ"

□□□

## သူတို့အစား ရင်မောတယ်

မန္တလေးသို့ လှတောသားကြီးများ ရောက်ရှိလာကြသည်။

ထိုအခါ မြို့ခံက အရေးတယူ ကြိုဆိုညှော်ခံရင်း . .

"ဦးလေးတို့ ရောက်လာတာ စတိတ်ရှိုးလက်မှတ် ဝယ်ထားတာနဲ့ အတော်ပဲ"

အပန်းဖြေ၊ ရေမိုးချိုး၊ ထမင်းစားပြီး စတိတ်ရှိုးရှိရာသို့ ခေါ်သွားကြ လေ၏။ ဇာတ်ခုံမှာ တိုက်ကြားထဲဖြစ်ပြီး လမ်းပတ်ကာ ဆောက်ထားသ ... သို့ ပွဲခင်းထဲ ခက်ခက်ခဲခဲ တိုးဝှေ့ဝင် သွားရလေ၏။

"ဟလိုလေးကွယ် . . မင်းတို့ စတိတ်ရှိုးပွဲခင်းက တောင်တွေကြ ... က လှည်းလမ်းမှာ လာလုပ်ထားသ ... ပါပဲလား"

စတိတ်ရှိုးပြီး၍ အိမ်ပြန်ရော ... သောအခါ ပထမဦးကြီးက စက ... စလိုက်၏။

"စတိတ်ရှိုးဆိုတာ ဘာပါလ ... မှတ်တယ်။ လက်စသတ်တော့ အ ... မကောင်းတဲ့လူတွေ ကုန်းအော် ... ပွဲပဲ"

ဒုတိယ တစ်ယောက်ကလည် ...

"ဘင်သံကြီးတွေ တဒုန်းဒုန် ... မြည်လိုက်လေကွယ်။ နားကွဲမတ ... ဖုံးကြနေသလား၊ အမြောက်ထု ... သလားမှတ်ရ"

နောက်ဆုံးဦးကြီးကတော့ ...

"ဘင်တီးတဲ့လူကို ကြည့်ရ ... သူ့အစား မောလိုက်ပါဘိသနဲ့။ ... တောခွေး ရေကူးနေတဲ့ အတိ ... လား"

□□□



www.burmeseclassic.com

www.burmeseclassic.com

### စိုးရိမ်ရတယ်

သားယောက်ျားလေးဟု ဆိုသော်ငြား ကျားကျားလျားလျား မရှိ။

ကုပ်ချောင်းချောင်းနှင့် စိတ်ဖျတ် ဖရာကောင်းနေသည့်ကြားထဲ ထုံးချည် ခွေးချေးသိမ်းဝတ်ပြီး ဆံရှည်တွျာဝဲနေသော သားမို့ ဖခင်က ကြည့်မရ ဖြစ်နေသည်။

ခုလည်း သနပ်ခါး အဖွေးသားဖြင့် အပြင်ထွက်လမ်းသလားရန် ပြင်နေပြန်ပြီကော။

ဖခင်ဖြစ်သူက သမီးဖြစ်သူတို့အား အော်ပြောလိုက်ပြန်၏။

"ဟဲ . . . သမီးတို့ ခါးတောင်းကျိုက်ပြီး တုတ်တစ်ချောင်းစီကိုင်၊ ညည်းတို့အစ်ကိုကို လိုက်စောင့်ရှောက်ကြစမ်း။ တော်ကြာ လမ်းမှာ စော်အ နမ်းခံရမှာစိုးရသဟဲ့"တဲ့။

□□□

### ကိုယ့်အထွာနဲ့ ကိုယ်ပဲပေါ့

တိမ်တောင်မိုးသားများ တလိပ်လိပ် တက်နေသော်ငြား မိုးက တစ်စက်တလေးမျှပင် မရွာ။

တိမ်သားတို့ တဖြည်းဖြည်းဝေး၍ လွင့်ပြယ်သွားသည်ကို ကြည့်ပြီး လူငယ်တစ်ယောက်က 'ဟင်း'ချကာ-

"တချို့တိုင်းပြည်တွေမှာများ ခုလိုမိုးသားတက်ပြီး မိုးမရွာရင် မိုးသားပေါ်က ရေခဲတွေကြွပြီး မိုးအတုရွာစေသတဲ့။ ကျုပ်တို့လည်း အဲသလို လုပ်ရင် ကောင်းမယ်"

ဟု ဆိုသော် အဘိုးကြီး တစ်ယောက်က -

"ကိုယ့်အထွာနဲ့ကိုယ် တန်ရာတန်ရာပေါ့ ငါ့တူရယ်။ ဒေါင်းဉထဲစာသူငယ်ဝင်ရင် ရင်ကွဲသလို စာဥထဲ ဒေါင်းဝင်ပြန်လည်း ဥကွဲသတဲ့။ အင်း . . . တစ်နေ့တော့ မင်းပြောသလို ဖြစ်ကောင်းပါရဲ့"

□□□

### ဓားခုတ်ကောင် မီးနဲ့တို့တာထက်

ရွှေဘိုကားလမ်းပေါ်၌ အမျိုးသမီးတစ်ယောက်သည် လှတောသားနှင့် ကပ်လျက် နေရာရခဲ့၏။

ကားထွက်လာသောအခါ ကားဆောင့်၍ လူချင်းထိမိတိုင်း အမျိုးသမီးက တွန့်တွန့်သွားရလေ၏။

မကြာခဏဆိုတော့လည်း သည်းမခံနိုင်သည့်အဆုံး-

"ဘယ့်နှယ်ကြောင့် ဒီလောက်တိုးနေရတာလဲ။ ယောက်ျားမဟုတ်တဲ့အတိုင်း အရိုးက ပျော့လိုက်တာ" ဟု မြည်တွန်တောက်တီးလိုက်သည်။

ပထမတော့ လှတောသားက ကျေရာကျေကြောင်း တောင်ပန်းပါသေး၏။

"တမင်တိုးတာ မဟုတ်ပါဘူးဗျာ။ ကားက ယမ်းခါနေလို့ပါ"

"အံမယ် . . . ရှင်အသားယူနေတာများ။ မသိတာမှတ်လို့၊ လူကိုများ ဘာထင်နေလို့လဲ"

အသားလွတ် ရန်ထောင်မြရန်ထောင်နေသည့်မို့ လှတောသားလည်း ငြိမ်ခံ၍ မနေနိုင်တော့။

"ဘာထင်ရမှာလဲ . . . ဓားခုတ်ကောင်ထင်တာပေါ့။ ခင်ဗျားကို ပြစ်မှားဖို့များ ဝေလာဝေး။ ခင်ဗျားယူမိတဲ့လူဟာ မသာလောင်းပိုက်သလိုဖြစ်မယ် သိလား။ ငါးရှဉ့်ကျပ်တိုက်ထားတဲ့ပုံနဲ့များ တွန့်တွန့်သွားလိုက်တာ။ ဓားခုတ်ကောင် မီးနဲ့တို့တာထက် ဆိုးဦးမယ်"

□□□

### သံဆုံနဲ့တောင် ထောင်းရသေး

လှတောသူ တောက်စိုက်သမများနှင့် တခြားရွာသူ ကောက်စိုက်သမများ အရိပ်ကောင်းရာတွင် ထမင်းစားရင်း ဆုံကြလေ၏။

"ဟင်းဂုတော့ အဖေစားနိုင်အောင် တစ်ခါတည်း ရောချက်ခဲ့ရတာ။ အဖေက သွားမကောင်းတော့ဘူးလေ၊ မကောင်းဆို လှိမ့်ထားတဲ့ ငှက်ပျော်သီးမှည့်တောင် ကောင်းကောင်းဝါးနိုင်တာ မဟုတ်ဘူး"

ထိုသို့ပြောဆိုလေရာ သူတို့ကို ကျောသည်ဟုထင်သော လှတောသူက ပက်ခနဲ ပြောချလိုက်ပါလေ၏။

"မယ်မင်းကြီးမ အဖေက တော်သေးတာပေါ့။ တို့အိမ်က အဖေဖြင့် မဝါးနိုင်တော့လို့ ရေတောင် သံဆုံနဲ့ ထောင်းပြီး တိုက်ရတာတော့"

□□□

### ပုစဉ်းတောင်မြင်ပွဲရဲ့လား

လူငယ်တစ်စု ဆည်မြောင်းရေလာမလာ စောင့်ကြည့်ရင်း ဗဟုသုတ



www.burmeseclassic.com

www.burmeseclassic.com

ချင်း ပြိုင်နေကြသည်။

"ဟော့ . . ဖော်ကာက မင်ဂျက် ထက်ကောင်းတယ်"

"ရမ်းတုတ်လိုက်လေကွယ်၊ ဂျက်က ပန်ကာမပါဘူးကွ။ အသံ ထက်မြန်တယ်။ နားလည်းမလည် ဘဲနဲ့"

"ဖော်ကာကလည်း ပန်ကာ မလိုပါဘူးလေ"

"ဒီမယ်ဟော့ . . . ငါ့ဖော်ကာက ထိုင်နေရင်းနဲ့ ခလုတ်နှိပ်လိုက် တီဗီ ကြည့်လို့ရတယ်။ ဗီဒီယိုဖွင့်လို့ရတယ်။ လက်ဖက်ရည်သောက်ဦးမလား၊ အားလုံးရတယ်ကွ"

"ငါ့ ဂျက်လေယာဉ်က မင်းဖော် ကာထက်တောင်ရသေး။ တည့်တည့် ဆင်းမလား၊ ထောင်ပြီးတော့ပဲ တက် မလား ရတယ်။ မင်း ဖော်ကာ ရမတဲ့ လား"

"ဟော့ . . . ငါ့ဖော်ကာက"

မပြီးနိုင်၊ မစီးနိုင် ငြင်းနေကြ သည့်အတွက် မလှမ်းကမ်းမှ လူကြီး တစ်ယောက်က ဒိုင်လုပ်ပြီး ဆုံးဖြတ် ပေးလိုက်ရလေ၏။

"တော်ကြကွာ တန်ကြ၊ ဂျက် တွေ၊ ဖော်ကာတွေ ကြီးကြီးကျယ် ကျယ် ငြင်းနေရလောက်အောင်-မင်း တို့က ပုစဉ်းတောင် စုံအောင်မြင်ဖူးလို့ လား . . . ဟင်"

□□□

**နှိုင်းချက်ကတော့ စံတင်လောက်ပါတယ်**

လှတောသူ မိခင်သည် မုံရွာ ရောက် သမီးဖြစ်သူ နေမကောင်းဖြစ် သည်ဆိုသဖြင့် အပြေးအလွှားရောက် သွားခဲ့၏။

မုံရွာသို့ ရောက်လေသော် သမီး ဖြစ်သူမှာ ဖြိုးလို့လိမ်းလို့၊ ရယ်ရယ် မောမော ထူထူထောင်ထောင် ဖြစ် နေရာ အမောပြေသွားရလေသည်။

"အမေဖြင့် ပူလိုက်ရတာ မီးပုံ ထဲကျသလားမှတ်ရ၊ ခု ဘယ်လိုနေ သေးလဲ"

ထိုအခါ သမီးက တိုးတိုးလေး ကပ်ပြောလိုက်၏။

စင်စစ်မူ သမီးတို့လင်မယား လက်ညှိုးညွှန်ရာ ရွှေဖြစ်နေသော်ငြား အိမ်ထောင်သက် ကိုးနှစ်အတွင်း သားသမီးမထွန်းကားခဲ့။

ဆရာပေါင်းစုံ၊ နည်းမျိုးစုံနှင့်ပြု ပြီး ကုသပါသော်ငြား ကိုယ်ဝန်ရခါစ မှာတင် ပျက်ကျရပြန်သည်တဲ့။

"သားသမီးလိုချင်လို့ ရှူးနေတဲ့ ညည်းတို့လင်မယားကျမှ ကလေးပျက် ကျရတယ်လို့အေ။ ကာကဝလ္လိယ အိမ် သူခိုးခိုးတယ်ဆိုတာကမှ တော် ဦးမယ်"

ကာကဝလ္လိယဟူသည် ဆင်းရဲ သည့်ဘဝ၊ အဝတ်တစ်ထည်တည်း နှစ်ယောက်ခွဲဝတ်ရသကဲ့သို့ နှမည် တောင်မှ တစ်နှမည်တည်း ဝေယူ ထားရသဖြင့် မယားကာက၊ လင် ကာကဟူ၍ နှမည်ကြီးခဲ့ပေ၏။

သူ့သမီး ကလေးဆင်းရဲသည့် အဖြစ်ကို ကာကမောင်နှံနှင့် နှိုင်းချက် ကမူ စံတင်လောက်သည်ဟု ဆိုရပေ မည်တကား။

□□□

**ဝေသာလီ ဘီလူးဇာတ်**

ရွှေဘိုတွင် နှစ်စဉ်ကျင်းပမြဲဖြစ် သည့် မြို့ထောင့်စေတီ ဘုရားပွဲတွင် ဖြစ်၏။

လှတောသားတို့သည် ပွဲခင်းထဲ လည်နေရာမှ မြို့ခံမိတ်ဆွေနှင့်တွေ့ ပြီး ထိုမြို့ခံမိတ်ဆွေက ထမင်းကျွေး[ပါ] ရစေဆိုကာ မြန်မာထမင်းဆိုင်တစ် ဆိုင်သို့ ခေါ်သွားလေ၏။

"ကြက်သား၊ ဝက်သား၊ ငါး[...] အမဲ၊ ဆိတ်၊ ဘဲ ဟင်းတစ်မျိုး နှစ် ခွက်စီထည့်ပါ"

သို့ဖြင့် တစ်အောင့်လေးအတွင်[း] စားပွဲပေါ် ဟင်းပန်းကန်တွေ ပြည့်[...] သွားရာက အရင်းနှီးဆုံး လှတော[...] သားက . .

"ဟလိုလေး . . လူရယ်၊ ထမင်း ကျွေးဖို့ ခေါ်လာတယ်မှတ်ပါ။ တို့ထို[...] ဝေသာလီပြည်က ဘီလူးဇာတ်သွင်း နေပါကလားကွယ်"

ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ စံလှုင်မောင်

# သိဒ္ဓိဝင် အဆောင်မာတ်လုံး

## ပထမံဆရာကြီးဦးအောင်သူ

**စီးပွားရေး၊ ကျန်းမာရေး အဆင်ပြေစေရန်အတွက် ဆောင်ရန်ကောင်းပါသည်**

၂၄. ၁၂. ၂၀၀၆ တနင်္ဂနွေနေ့ နံနက် ၁၁ နာရီခန့်တွင် အိမ်ရှေ့မှ သူခေါ်ခေါ်င်းလောင်းသံကြား၍ ကျွန်ုပ်မှာ ထမင်းစားနေရင်းနှင့်ပင် ထ၍ အိမ်ရှေ့သို့ထွက်ကြည့်ရာ စာပို့လုလင်တစ်ဦး စာလာပေးသဖြင့် လှမ်းယူပြီး စားလက်စထမင်းကို အပြီးသတ်လိုက်ပါတော့သည်။

၎င်းနောက် စာစောကစာကို ဖွင့်၍ ဖတ်ကြည့်လိုက်၏။ မခိုင်ခင်ဦး အမေရိကန်နိုင်ငံ၊ လော့အိန်ဂျယ်မြို့မှ တပည့်မတစ်ဦး၏ စာဖြစ်နေပါသည်။ ယင်း၏ရေးသားချက်မှာ ...

ဆရာကြီးရှင့် ... ကျွန်မ သတိရစွာဖြင့် ရှိသေစွာ စာအားဖြင့် ဂါရဝပြုလိုက်ပါသည်။ ဆရာကြီးကို အထူးသတိရပြီး ထူးဆန်းသော အဆောင်ကလေးအကြောင်းပဲ ဖြစ်ပါသည်။ ဆရာကြီးကတော့ သတိရမလား မသိဘူးထင်တယ်။ ကျွန်မကို ဆရာကြီးမှ လွန်ခဲ့သော သုံးနှစ်ခန့်လောက်က ကျွန်မတို့မိသားစု ရန်ကုန်ကို အလည်လာရင်း ဆရာကြီးဆီဝင်ပြီး ကန်တော့ရာက အပြန် ကျွန်မကို ဆရာကြီးရဲ့ မေတ္တာလက်ဆောင်အဖြစ် ချီးမြှင့်လိုက်တဲ့ အဆောင်မာတ်လုံးကလေး အကြောင်းပါပဲ။ ကျွန်မကို ဆရာကြီး ပေးလိုက်သော ငွေရောင် မာတ်လုံး သေးသေးကလေးနှစ်လုံးနဲ့ ခပ်တန်တန် မာတ်လုံးလေးတစ်လုံး စုစုပေါင်း သုံးလုံးပေါ့နော်။ အဲဒါကို ကျွန်မ ခပ်သေးသေး မာတ်လုံးနှစ်လုံးကို နားကပ်လုပ်ဝတ်လိုက်ပါတယ်။ ကျန်တစ်လုံးကို လက်စွပ်လုပ်ပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ ထူးဆန်းမှုတစ်ခုက နားမှာပန်ထားတဲ့ မာတ်လုံးက အရောင်တဖိတ်ဖိတ်တောက်နေပြီး ဖြူဖွေးဝင်းလက်လျက်ရှိပြီး မာတ်လုံးလက်စွပ်ကတော့ ရွှေရောင်လို ဝင်းနေတာ တွေ့ရတယ်။ ကျွန်မလည်း အလွန်ဝင်းသာနေတာပေါ့။ ဒီလိုနဲ့ မကြာမီ စီးပွားရေးလုပ်ငန်းတစ်ခုလုပ်ဖို့ ပေါ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒါကတော့ ဘာလဲဆိုတော့ ကား
ဘော်ဒီရဲ့ လေလံအပြိုင်ဆွဲရန် ကိစ္စဖြစ်
ပါတယ်။ ကျွန်မလည်း ဘုရား၊
တရား၊ သံဃာ မိဘဆရာများရဲ့ ဂုဏ်
ကျေးဇူးကို အောက်မေ့ပြီး ယုံယုံကြည်
ကြည်နဲ့ လေလံဆွဲလိုက်ရာ ရသွားပါ
လေရော။ ဒါတွေကို ပြန်စဉ်းစားရင်
ဆရာကြီးရဲ့ မေတ္တာစေတနာရယ်၊
အနန္တော အနန္တငါးပါးရဲ့ ဂုဏ်ကျေးဇူး
ရယ်၊ အဆောင်ခတ်လုံးလေးများ
အစွမ်းသတ္တိကြောင့်ပဲဟု တစ်ထစ်ချ
ယုံကြည်လိုက်ရပါသည်။ ကျွန်မတို့ရဲ့
စီးပွားရေးလည်း အတော် အဆင်ပြေ
နေပါတယ်။ ဆရာကြီးရဲ့ကျေးဇူးကို
တုံ့ပြန်မှုအနေနဲ့ ကျွန်မ မကြာမီ ဆရာ
ကြီးဆီကို အမေရိကန်ဒေါ်လာသုံးရာ
ပို့လိုက်ပါ့မယ်။

ရိုသေစွာဖြင့်
မခိုင်ခင်ဦး
အမေရိကန် လော့အိန်ဂျယ်မြို့။

ကျွန်ုပ်မှာ အထက်ပါ တပည့်မ
ရဲ့စာကို ဖတ်နေရင်း လွန်ခဲ့သော
ဆယ်နှစ်တာကာလကို ပြန်သတိရ
လိုက်ပေတော့သည်။

## ဆရာကြီးပေါက္ကံထွန်း

လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်
မှ ဆရာကြီးနှင့် ကျွန်ုပ် ဆုံခဲ့ရပေ
သည်။ ရန်ကုန်မြို့ ကီလီ(၂)လမ်း
ထိပ်ရှိ ကမ္ဘာလုံးဘုရားလေး ဓမ္မာရုံ
တွင် ကျွန်ုပ် သာသနာပြုလုပ်ငန်း ပြု
လုပ်နေစဉ် တစ်နေ့တွင် ဆရာကြီး
ရောက်လာပါသည်။ ဤအချိန်မှစ၍
ဆရာကြီးနှင့် ရင်းနှီးခွင့်ရပြီး ခတ်လုံး
ပြုလုပ်နည်း နည်းပညာကို ရရှိခဲ့ပါ
သည်။ ဆရာကြီးသည် တစ်ချိန်က
အဘဘိုးမင်းခေါင်နှင့်အတူ နေထိုင်ခဲ့
ဖူးသူဖြစ်ကြောင်း သိရှိရပါသည်။

တစ်ခါတစ်ရံ အဘဘိုးမင်းခေါင်
ထံမှ အဆောင်ခတ်လုံးလေးများကို
ကျွန်ုပ်အား အဘဆရာကြီးမှ ပေးပြီး
၎င်းခတ်လုံး နမူနာကိုကြည့်၍ မည်
သို့မည်ပုံပြုလုပ်သည်ကို လက်တွေ့ပြ
သပါသည်။ ကျွန်ုပ်ရှေ့တွင်ပင် အဘ
ကိုယ်တိုင်ပြုလုပ်သော ခတ်လုံးလေး
များကို နာမည်ရ ပုဂ္ဂိုလ်များထံသို့ ပေး
ပို့လျက် သာသနာပြုလုပ်ငန်းအတွက်
အထောက်အကူပြု အဆောင်အနေ
ဖြင့် ကူညီပံ့ပိုးပေးရာ ပုဂ္ဂိုလ်များမှ
လည်း ဆရာကြီးအား ပြန်လည်၍
ကျေးဇူးတုံ့ပြန်ကြသည်ကို တွေ့ရှိရပါ
သည်။ ဆရာကြီးပြုလုပ်သော ခတ်
လုံးလေးများမှာ အမြဲတမ်း ဖြူဖွေး
လျက်ရှိပြီး အရောင်ပြောင်းသွားခြင်း
မရှိပေ။ ကျွန်ုပ်သည် ငါးနှစ်ခန့် ဆရာ
ကြီးနှင့်အတူ နေထိုင်ခဲ့ရာ ငါးနှစ်ကျော်
ကျော်ခန့်အကြာတွင် ဆရာကြီးမှာ လူ
ကြီးရောဂါနှင့် ကွယ်လွန်ခဲ့ပေသည်။
ဆရာကြီးမရှိသည့်နောက်ပိုင်း ကျွန်ုပ်
ကိုယ်တိုင် ပြုလုပ်လျက် သာသနာပြု
ဖော်ပြဖက် ဓမ္မမိတ်ဆွေများကို ကူညီ
ပံ့ပိုးပေးခြင်း၊ တပည့်များကို အဆောင်
အဖြစ်ပေးခြင်းဖြင့် ယနေ့ထက်တိုင်
အောင်မြင်လျက်ရှိပေသည်။

ကျွန်ုပ်သည် ဆရာကြီး သင်
ကြားပြသသော ဝိဇ္ဇာယတြာခတ်လုံး
ပြုလုပ်နည်းကို ဖော်ပြရေးသားလိုက်
ပါသည်။

၁။ ဘင် သုံးကျပ်သားဖြစ်စေ၊
ငါးကျပ်သားဖြစ်စေ ဝယ်ပါ။

၂။ လုံပက် အသေးအလုံးနှစ်
ဆယ်ခန့်ဝယ်ပါ။

၃။ ပြဒါးအနည်းငယ် ဝယ်ပါ။

၄။ ပထမ ဘင်ကို ခပ်သေး
သေး အနေတော်ဖြတ်ပါ။

၅။ ဒုတိယ ဖြတ်စများကို ပြဒါး
ရည်နှင့် စိမ်ထားပါ။ ပြဒါးများ ဘင်ထဲ
သို့ စိမ့်ဝင်သွားပါမည်။

၆။ မီးသွေးမီးဖိုမှာ လုံခွက်လေး
တင်ပြီး ပဲဆီနည်းနည်းထည့်ပါ။

၇။ ဆီပူလာလျှင် ဘင်ခဲထည့်
ပါ။ အရည်ပျော်လျှင် မိမိလိုအပ်သော
ပုံစံခွက်ထဲလောင်းထည့်ပါ။ ထိုအခါ
ဖြူဖွေးသော ခတ်လုံးရရှိပေမည်။ ရရှိ
သောခတ်လုံးလေးများကို ဆပ်ပြာနှင့်
ဆေးပြီး အခြောက်ခံလျက် အဝတ်
သန့်သန့်ဖြင့် ပွတ်ပေးပါလျှင် ဝင်း
ပြောင်သော ခတ်လုံးကလေးများ ရရှိ
ကြပေလိမ့်မည်။ ကဲ ... စမ်းသပ်
ကြည့်ပေတော့ သူတော်စင်အပေါင်း
တို့။ အားလုံးပြီးလျှင် ဂုဏ်တော်တစ်
ထောင်ဖြင့် သိဒ္ဓိတင်ပါ။

**စကားချပ်**

ကျွန်ုပ် စေတနာဖြင့်တင်ပြသော
ခတ်လုံးပြုလုပ်နည်းကို သိပြီးသူများ
လည်း ရှိကြပေမည်။ သို့သော် မသိ
သေးသူများ သိရှိကြစေရန် ဤဂန္ထ
ဆန်းသော လျှို့ဝှက်နည်းကို ဖော်ပြ
ရေးသားရသဖြင့် အလွန်ပင် ပီတိဖြစ်
လျက် ဆရာကြီးအား ဦးထိပ်ပန်ဆင်
လျက် ရှိပေတော့သည်။

**ပထမံဆရာကြီးဦးအောင်**

(မှတ်ချက် ။ အလိုရှိပါက
ပြန်မဂ္ဂဇင်းတိုက်တွင် လာရောက်
ယူနိုင်ပါသည်။ ၀၉-၂၆၁၀၂၂၃၃

www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံနက္ခတ္တဆရာကြီး ခါသာချင်နာဘာန်ချောင်

၏

# ၂၀၁၅ ခုနှစ်၊ ဆိတ်နှစ် လအလိုက်အဟော

## အောက်တိုဘာလ

(အနောက်တိုင်းနှင့် မတူပါ။ မွေးသက္ကရာဇ်ကိုရှာ၍ အဟောကို ဖတ်ရှုပါ။)

■ ဦးတိုး(တက္ကသိုလ)

**မကာရ ရာသီဖွား (ဆိတ်ရုပ်)**

**ဇန်နဝါရီလ ၁၄ မှ ဖေဖော်ဝါရီလ ၁၂**

သင်၏ မဟာအကြံဉာဏ်များကြောင့် နေရာများရရှိမည်။ သင်၏ဝန်းကျင်မှ လူများသို့ သေချာသွားအောင် ရှင်းပြလိုက်ပါ။ ချစ်မေတ္တာရေးနှင့်ပတ်သက်၍ အနည်းငယ် အထိအခိုက် မခံနိုင်သလို ဖြစ်နေမည်။ အသေးအဖွဲ့ကိစ္စရပ်များအပေါ် အလွန်အကျွံ ပြုမူမနေပါနှင့်။

**ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်)**

**ဖေဖော်ဝါရီလ ၁၃ မှ မတ်လ ၁၄**

လူ့ဘဝ၏ အရာရာသည် မသေချာမရေရာပါ။ ကိစ္စများ စီစဉ်ထားသလို ဖြစ်မလာလျှင် အံ့ဩသွားစရာမလိုပါ။ စိတ်ရှည်ရှည်ထားပြီး တည်ငြိမ်စွာရှိနေပါစေ။ သင့်အတွက် အခွင့်ကောင်းများ ဖြစ်လာပါလိမ့်မည်။ အကယ်၍ သင်သည် အားတစ်စီးဝယ်လိုနေလျှင် ယခုလအကောင်းဆုံးဖြစ်ပါသည်။

**မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်)**

**မတ်လ ၁၅ မှ မတ်လ ၁၂**

ယခုလ သင်သည် ဘာပဲလုပ်လုပ် ဖြစ်မြောက်မလာသဖြင့် စိတ်ဓာတ်ကျနေပါမည်။ သို့သော်ငြားလည်း အလားအလာကောင်းသော ပြောင်းလဲမှုများရှိလာပါမည်။ ထို့ကြောင့် တည်တည်ငြိမ်ငြိမ်ဖြင့် ပြုံးရွှင်နေပါ။

**မိဿရာသီဖွား (သိုးထီးရုပ်)**

**ဧပြီလ ၁၃ မှ မေလ ၁၃**

အလုပ်ကြောင့် သင့်ဘဝ ပြောင်းလဲသွားမည်။ သို့မဟုတ် သင်၏အလုပ်အကိုင်ကို ပြောင်းလဲလိုက်ရမည်။ ခရီးသွားခြင်းဖြင့် သင်ကံကောင်းလိမ့်မည်။ သင်၏အခန်း၊ သို့မဟုတ် စာရေးစားပွဲကို ပြန်လည်နေရာချထားပြီး ကံကောင်းမှုကို ကြိုဆိုလိုက်ပါ။

**ပြိဿရာသီဖွား (နွားလားဥသဘရုပ်)**

**မေလ ၁၄ မှ ဇွန်လ ၁၄**

သင့်အား မေးစမ်းလိုက်သောအခါ အကယ်၍ သင်က အကောင်းဆုံး ဖြေကြားပေးလိုက်နိုင်သော် သင့်အား ဆုလာဘ်များ ချီးမြှင့်ပါလိမ့်မည်။ ရင်းနှီးမြှုပ်နှံမှုနှင့် စတော့ရှယ်ယာများမှ အမြတ်ရရှိမည်။



www.burmeseclassic.com

www.burmeseclassic.com

### မေထုန်ရာသီဖွား (အမြွာရုပ်)
### ဇွန်လ ၁၅ မှ ဇူလိုင်လ ၁၅

လူများနှင့် ညှိနှိုင်း၍ ယုံကြည်အောင် လုပ်ခဲ့ရပြီး နောက် အောင်မြင်မှုကို ရရှိပါလိမ့်မည်။ သင်သည် ခရီးများ များသွားရပြီး အလုပ်အလွန်ရှုပ်နေရသော လတစ်လဖြစ်မည်။ ခရီးသွားခြင်းဖြင့်သော်လည်းကောင်း၊ သင့်မော်တော်ယာဉ်ကို ပြင်ဆင်နေရသဖြင့်သော်လည်းကောင်း ငွေအများအပြား သုံးစွဲလိုက်ရမည်။

### ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်)
### ဇူလိုင်လ ၁၆ မှ ဩဂုတ်လ ၁၆

အလုပ်အကိုင်တွင် အပြောင်းအလဲရှိ၍ အကောင်းဆုံးလုပ်နိုင်အောင် ကြိုးစားပါ။ ပြဿနာဟောင်း ပြန်ပေါ်လာ၍ နောက်ထပ်ဖြေရှင်းပေးရမည်။ စုံတွဲများအတွက် အတူတကွခရီးသွားရန် အချိန်ရရှိမည်။

### သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်)
### ဩဂုတ်လ ၁၇ မှ စက်တင်ဘာလ ၁၆

ဆုံးဖြတ်ချက် မချနိုင်သေး၍ စိတ်ဓာတ်ကျနေမည်။ ထို့ကြောင့် သင်၏ ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာချနိုင် အောင် ကြိုးစားပါ။ အကယ်၍ သင်သည် အလုပ်အကိုင် ပြောင်းလဲလုပ်လိုနေလျှင် ယခုလသည် အကောင်းဆုံးဖြစ်ပါလိမ့်မည်။ သင်ကိုယ်ပိုင်ဆောင်ရွက်မှုဖြင့် မှန်ကန်သောအလုပ်ရရှိမည်။ မည်သည့်မိတ်ဆွေနှင့် အခြားသူများ၏ ကူညီမှုဖြင့်မဟုတ်ဘဲ ကိုယ်တိုင် ကြိုးပမ်းမှုဖြင့် အလုပ်ရရှိခြင်းဖြစ်မည်။

### ကန်ရာသီဖွား (အပျိုစင်ရုပ်)
### စက်တင်ဘာလ ၁၇ မှ အောက်တိုဘာလ ၁၆

သင်သည် အလုပ်အကိုင်ပြောင်းလဲရန် စိတ်ကူးမရှိသေးသော်လည်း လုပ်ငန်းခွင်တွင် ပြောင်းလဲမှုရှိလာမည်။ အဆိုပါကိစ္စအတွက် မဆန့်ကျင်ပါနှင့်။ အကြောင်းရင်းမှာ သင့်အတွက် အနာဂတ်ပိုမိုကောင်းမွန်လာမည်ဖြစ်သော ကြောင့် ဖြစ်ပါသည်။ ခရီးသွားခြင်းဖြင့် ကံကောင်းနေပါမည်။

သို့မဟုတ် သင့်အား စပယ်ရှယ်တစ်ဦးနှင့် မိတ်ဆက်ပေးပါ လိမ့်မည်။

### တူရာသီဖွား (ချိန်ခွင်ရုပ်)
### အောက်တိုဘာလ ၁၇ မှ နိုဝင်ဘာလ ၁၆

သင်သည် ဘက်စုံတော်သူဖြစ်သောကြောင့် အလုပ် အများအပြား ရှိနေသည်ကို ပြီးစီးအောင် ဆောင်ရွက်နိုင်ပါ လိမ့်မည်။ မည်သူမှ သင့်အား ကူညီမည်မဟုတ်သောကြောင့် ကိုယ့်ဘာသာကိုအားကိုး ပြီးစီးအောင် လုပ်ဆောင်ရပါမည်။ တစ်ကိုယ်တည်းသမားများသည် တစ်စုံတစ်ဦးနှင့် တွေ့ဆုံရ ပါလိမ့်မည်။ သို့သော်လည်း ၎င်းသည် အခြားသူတစ်ပါးနှင့် ရည်ငံပြီးသူ ဖြစ်လိမ့်မည်။

### ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်)
### နိုဝင်ဘာလ ၁၇ မှ ဒီဇင်ဘာလ ၁၅

သင် ယခုလတွင် ရာထူးတက်ကိန်းရှိသည်။ သို့တည်း မဟုတ် သင့်အား အရေးပါသော လုပ်ငန်းတစ်ခုလုပ် တာဝန်ပေးအပ်ခြင်းခံရမည်။ ခရီးသွားခြင်းဖြင့် ငွေအများ အပြားရရှိမည်။ ထို့ကြောင့် အချိန်ယူ၍ ကမ္ဘာကြီးကို စူးစမ်း ရှာဖွေလိုက်ပါ။ အကယ်၍ သင့်တွင် ချစ်သူရှိနေလျှင် သင်နှင့် အတူ ခေါ်သွားပါ။ အရာရာသည် ထင်တာထက် ပိုကောင်း လာပါလိမ့်မည်။

### ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်)
### ဒီဇင်ဘာလ ၁၆ မှ ဇန်နဝါရီလ ၁၃

အချိန်ယူ၍လုပ်လျှင် ခက်ခဲသောကိစ္စများ လု အောင်မြင်ပြီး ပြောက်သွားပါလိမ့်မည်။ အခြားသူတစ်ဦး အချိန်ဖြုန်းမနေပါနှင့်။ အကယ်၍ ထိုသို့အချိန်ကုန်နေ ရန်ဖြစ်ရန် အလားအလာရှိသည်။

ဦးတိုး(တက္ကသိ


***Reference:***

**Bangkok Post: Your year at a glance. M by-month The Year of the Goat.**



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နန်းဦး

စားတော်ဆက်

သန့်ရှင်းလတ်ဆတ်သော တရုတ်အစားအစာ မြန်မာအစားအစာများကို စျေးနှုန်းချိုသာစွာဖြင့် သုံးဆောင်၍ စိတ်တိုင်းကျတည်းခိုလိုလျှင် တက္ကသိုလ်နန်းဦး စားတော်ဆက်သို့ ကြွလှမ်းခဲ့ပါလို့ ဖိတ်ခေါ်ပါရစေ။

ကျိုက်ထီးရိုးဘုရားသို့ ရောက်ခဲ့လျှင် ကျိုက်ထီးရိုးရင်ပြင်တော် မှဆိုးဘုရားလမ်းရှိ တက္ကသိုလ်နန်းဦး စားတော်ဆက်သို့ ဝင်ရောက်သုံးဆောင်ဖို့ မမေ့နဲ့နော်။

ဘက္ကသိုလ်နန်းဦး စားတော်ဆက် - ကျိုက်ထီးရိုးရင်ပြင်တော် မှဆိုးဘုရားလမ်း၊ ဖုန်း - ၀၉-၈၇၂၃၂၆၀



# ဂမ္ဘီရ ဆရာလှမျိုး(B.Sc)

ရေးသားပြုစုသော

(၁) အယူတော်မင်္ဂလာ အတိတ်နိမိတ်နှင့် ယတြာများ

(၂) သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ဘုရားကြီး၏ ထက်မြက်စွမ်းအား ဂါထာ မန္တန် မန္တရားများ

(၃) ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ရင်ပြင်တော်တစ်ဝိုက် ဘုရားစေတီများ အဓိဋ္ဌာန်ဝင် ပူဇော်ဆုတောင်းနည်း စာအုပ်များ ထွက်ရှိနေပါပြီ။

ဖြန့်ချိရေး

မဉ္ဇူမစာပေ - ဖုန်း - ၀၁-၃၉၂၀၃၅၊ ၀၉-၇၃၀၅၉၉၃၅၊ ၀၉-၅၀၅၆၀၄၃



www.burmeseclassic.com

www.burmeseclassic.com

# မောင်ဟိန်းကျော်

ယခင်လမှအဆက်

ပန်းချီ စံလွင်မောင်



www.burmeseclassic.com

www.burmeseclassic.com

# တောဘုမ္မာ ဝင်္ဂနန်းလယ်မှာ

# ကျွတ်တမ်းကယ် စာမလိပ်ချင်ဘု

## မောင်ဟိန်းကျော်

ယခင်လမှအဆက်

"ကျွပ်လည်း ကြားဖူးရုံပါပဲ၊ ကျွတ်တွေကတော့ မျိုးတူချင်း စုဝေးနေထိုင်ကြတဲ့သဘောရှိတယ်၊ လူတွေကို အပျော်ခြောက်လှန့်တဲ့ သဘောပဲရှိတယ်"

"လူယောင် ဆောင်တယ်ဆိုတာ တကယ်ပေါ့နော်"

"ဒီလိုပဲဖြစ်မယ်ဗျ၊ ဥစ္စာစောင့်တွေဟာ အိမ်မက်ပေးနိုင်တာ၊ ကိုယ်ထင်ပြနိုင်တာ၊ တခြားလူ့ရုပ်ကိုလည်း ခန်ဆင်းနိုင်တယ်၊ လူတွေနဲ့ စကားထုဉ်ပြီးပြောနိုင်တယ်၊ အရွယ်အဆင်းလှပပြီး အပြောအဆို ချိုလွင်တဲ့ သဘောလည်းရှိတယ်၊ လူ့ဘဝတုန်းက ခုစရိုက်မှုကျူးလွန်ခြင်း လုံးဝမရှိဘဲ သိုဝှက်ထားတဲ့ ရွှေငွေကျောက်မျက်ရတနာတွေကို စွဲပြီး ဥစ္စာစောင့်ဖြစ်လာရတယ်။ အဲဒီပစ္စည်းဥစ္စာတွေကို အရိမေတ္တာယျမြတ်စွာဘုရား ပွင့်တော်မူရင် ကိုယ်တိုင်လှူဒါန်းမယ်ဆိုတဲ့ အစွဲရှိတာကြောင့် သူတို့ကို နှောင့်ယှက်လာရင် သေလုမျောပါ ဖြစ်အောင် ရူးသွပ်အောင် ခြောက်လှန့်တတ်ပေမယ့် မေတ္တာရှိသူကို ဥစ္စာပစ္စည်းပေးကမ်းတတ်တဲ့ သဘောမျိုးတွေရှိတယ်"

"တခြား တစ္ဆေ သရဲ ပြိတ္တာတွေနဲ့မတူဘူးနော်။ သူတို့က ထူးခြားတယ် အရှင်ဘုရား"

"ဒီလိုပဲပြောရမယ် ဒကာကြီး။ အနံ့ခံရုံနဲ့ အာဟာရပြည့်တဲ့ ပြိတ္တာမျိုး၊ အစိမ်းလိုက်စားရမှ ကျေနပ်တာမျိုး၊ အကြော်အလှော်ချက်ပြုတ်ထားတာကိုကြိုက်တဲ့ ပြိတ္တာမျိုးရှိသလို လူတွေစွန့်ပစ်တဲ့ စားကြွင်းစားကျန် ချွဲသလိပ်အညစ်အကြေးတို့ စားသုံးတဲ့ ပြိတ္တာ၊ ကိုယ့်အသားကိုယ်ကုတ်ဖဲ့စားသောက်တာ၊ အစာမြင်လျက် မစားနိုင်မသောက်နိုင်ဘဲ လဲကျသေဆုံးသလို ဖြစ်တဲ့ ပြိတ္တာတွေရှိပြီး ဒါဟာ သူတို့

www.burmeseclassic.com

ပြုခဲ့ဖူးတဲ့ အကုသိုလ်ကံအတိုင်း ဖြစ်ကြရတာပဲ"

"နေပူပူ မိုးရွာရွာ ဒီလိုပဲ လျှောက်သွားနေကြတာပဲလား အရှင်ဘုရား"

"အစာ ဘယ်လောက်စားစား စားပြီးတိုင်း ဆာလောင်မှု အမြဲမပြတ်ဖြစ်နေတဲ့ ပြိတ္တာတွေကတော့ တစ်နေ့ရာပြီးတစ်နေ့ရာကို ရပ်နားခြင်းမရှိဘဲ သွားလာ ရှာဖွေနေကြရတာပေါ့ တချို့က သစ်ပင်ချုံပုတ်၊ ဇရပ်အိုး၊ ကျောင်းပျက် ဘုရားပျက်၊ သုသာန်သချိုင်း တောနက်ကြီးထဲ၊ တောင်ကမ်းပါးယံ၊ ဂူ၊ ချောင်တွေမှာ နေကြရတယ်၊ လူတွေ အနီးအနားမှာတဝဲဝဲ လှည့်လည်နေထိုင်ရတဲ့ ပြိတ္တာလည်း ရှိတယ်၊ မြတ်စွာဘုရားရှင် လက်ထက်တော်တုန်းက ဗိမာန်နဲ့နေတဲ့ ရုက္ခစိုး နတ်၊ ပြိတ္တာ၊ နေ့စံ၊ ညခံ၊ နေ့ခံ ပြိတ္တာဆိုတာတောင်ရှိတယ် ဒကာကြီး"

"နို့ပြီး ဘုရားစာ တရားစာ ရွတ်ဖတ်လိုက်တဲ့အခါ တစ္ဆေသရဲတွေဟာ ဘာကြောင့် ထွက်ပြေးကြရတာပါလဲ ဘုရား"

"ဒါကလည်း ဘုရားသံ၊ တရားသံ၊ မကြားဝံ့၊ မကြားချင်တဲ့ ပြိတ္တာအမျိုးအစား၊ ကြားချင်ပေမယ့်လည်း ကြားခွင့်မရှိတဲ့ ထွက်ပြေးရတဲ့အမျိုးအစားဆိုပြီးရှိတာကိုး။ ဒကာကြီးရဲ့ ဘုရားတရားသံကြားနာခွင့် ကြုံကြိုက်ပြီးသာခုခေါ်နိုင်တဲ့ အစားလည်းရှိသေးတယ်။ အဲဒီအစားကတော့ သာခုခေါ် ရလို့တန်ခိုးကြီးတဲ့ နတ်ဘဝကူးပြောင်းသွားတာမျိုးလည်းရှိတယ် ဒကာကြီး"

ဦးတင်မြက ပတ်ဝန်းကျင်အား ယခုမှ သတိပြုမိ သွားလေသည်။ အချိန်သည် နွားရိုင်းသွင်းချိန် မကျတကျ ဆည်းဆာပျောက်ဆုံးခါစ။

"အရှင်ဘုရား ရဟန်းကိစ္စများ ရှိဦးမှာမို့ တပည့်တော်ကို ခွင့်ပြုပါဦး ဘုရား။ တပည့်တော်သိချင်တာတွေ များများလာတာနဲ့ ပြန်ဖို့ သတိမေ့လျော့သွားပါတယ်ဘုရား"

"ကိစ္စမရှိပါဘူးလေ။ ဒကာကြီးရဲ့ ခုလို စကားမပြောရရင်လည်း ကျုပ်က ကျမ်းစာတွေပြန်ပြီး ဖတ်ရှလေ့လာမလို့ပါပဲ။ ကျုပ်စကြံ လျှောက်ချိန်မတိုင်ခင်ထိတော့ သိချင်တာရှိရင် မေးနိုင်ပါတယ်"

"ဘဝကူးပြောင်းတာ ဘယ်လိုလဲလို့ သိချင်ပါသေးတယ်ဘုရား"

"ဒါဆို ပဋိသန္ဓေလေးမျိုးကို အရင်မှတ်ထား"

"မှန်ပါ"

"သုံး သန္ဓေဇပဋိသန္ဓေတဲ့။ အညီမှာ ပဋိသန္ဓေစွဲပြီး မွေးဖွားတာ၊ ဒကာကြီး ကြားဖူးမှာပေါ့။ ဝါးပင်ကမွေးတဲ့ ဝေဠုဝတီ တို့၊ ပဒုမ္မာကြာပန်းက မွေးတဲ့ ပဒုမ္မာဒေဝီတို့၊ သရက်ပင်မှာ သန္ဓေစွဲပြီး မွေးတဲ့ အမ္ဗပါလီတို့"

"မှန်ပါ ကြားဖူးနားဝရှိပါတယ် ဘုရား"

"တီတို့ ဝိုးလောက်လန်းတို့လည်း သံသေဒဇပဋိသန္ဓေပဲ"

"မှန်ပါ"

"လေးက ဥပပါတ်ပဋိသန္ဓေ စုတေတာနဲ့ သေတာနဲ့ တစ်ပြိုင်တည်း လျှင်သောအဟုန်နှင့် ကျရောက်သတ ဖြစ်ရာ ဘဝမှာ အကောင်းအထည် အတူ ဖြစ်တာကိုခေါ်တယ်။ နတ်တို့ ဗြဟ္မာတို့ ပြီးတော့ တစ္ဆေတို့၊ ပြိတ္တာ တို့ပေါ့။ ဒါတွေဟာ ကျမ်းဂန်မှာ အဓိ အမာရှိတယ် ဒကာကြီး"

"မှန်ပါ အခုလိုရှင်းပြပေးတော ခဲ့တဲ့အတွက် ကျေးဇူးကြီးလှပါတယ ဘုရား။"

"ပေတာဘုံသားခေါ်တဲ့ တစ္ဆေသ ပြိတ္တာတွေဟာ အမိဝမ်းမှာပဋိသ စွဲပြီးမွေးဖွားရမှာဖြစ်နိုင်တယ်။လူ ဝင်စားရင်တော့လူဖြစ်မယ် တိရစ္ဆာ ဝမ်းထဲဝင်စားရင်တော့ တိရစ္ဆာန် မှာပေါ့။ နတ်ဖြစ်မယ့် ကံ ရှိရင်လည ပြိတ္တာဟာသေတာနဲ့ တစ်ပြိုင်န နတ်သွားဖြစ်မယ်။ ပြိတ္တာတွေသေ အခါမိုးနံ့ကောင်းကောင်းကောင်းမြိုကော ပေါက်ဖတ်၊မြွေ၊ ကင်းခြေများ ပုတ်သင်၊ ယုန်၊ ဖိုင်၊ မိကျောင်းဆို အကောင်တွေသတ္တဝါန် ပြောင်း သေခဲ့ဖုံးတယ်လို့ မိလိန္ဒပဉှာကျ ဖွင့်ဆိုထားတာရှိတယ် ဒကာကြီး"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုဆိုရင် တစ္ဆေသရဲ့ ပြိတ္တာတွေ သေတဲ့အခါ ဇလာဗုဇပဋိသန္ဓေနဲ့ ဥပပါတ် ပဋိသန္ဓေနှစ်မျိုးနဲ့ လူ ဒါမှမဟုတ် တိရစ္ဆာန်ဖြစ်မယ်၊ နောက်ပြီး နတ်ဗြဟ္မာဖြစ်မယ်ပေါ့ ဟုတ်လား ဘုရား"

"ဟုတ်တယ် ဒကာကြီး"

"အကျွတ်အလွတ် ပွဲတုန်းက ပြိတ္တာတွေဟာ အစားမစားရဘဲ သေတာ။ ခေါင်းကို အစိတ်စိတ်အမြွာမြွာ သန်လျက်နဲ့ ခုတ်ခံ ရလို့သေတာ။ တကယ်တော့မသေဘဲ နဂိုပြိတ္တာအတိုင်းပြန်ဖြစ်၊ ဆာလောင်မှုလည်း မြဲမြဲပြန်ဖြစ်တယ်ဆိုတာကျ ဘယ်လိုသဘောလဲဘုရား"

"အဲဒီလို သေခြင်းက အကုသိုလ်ကံအကျိုးပေးမကုန် မပြတ်ဘဲ သေသလိုဖြစ်ရတာ အခုကျုပ်ပြောတဲ့ သေခြင်းကတော့ အကုသိုလ်ကံ အကျိုးပေးကုန်လို့ ပြတ်လို့သေဆုံးတာ၊ ဘဝတစ်ခု ကူးသွားတာ"

"မှန်ပါ့ အခုလိုသေပြီးရင် ငရဲကျမယ်၊ လူဖြစ်မယ်၊ နတ်ဖြစ်မယ်၊ တိရစ္ဆာန်ဖြစ်မယ်"

"ဒကာကြီး သဘောပေါက်လွယ်သားပဲ"

"မှန်ပါ ခုလို ပြိတ္တာတွေအကြောင်းသိရတာ၊ မကောင်းမှုဒုစရိုက်တို ဝေးဝေးရှောင်ပြီး ကုသိုလ် [illegible]ပုညကြိယာဆယ်ပါး ကျင့်ကြံအားထုတ်သင့်လှကြောင်း သံဝေဂရမိပါတယ် အရှင်ဘုရား။ အလှူဒါနပြုကြရာမှာလည်း နတ်ဘဝ၊ လူ့ဘဝလို မြင့်မြတ်တဲ့ ဘုံဘဝရောက်ဖို့တင်မက ပြိတ္တာဘုံက အဆွေအမျိုးတွေကို ရည်စူးပြီး လှူဒါန်းသင့်ကြောင်းလည်း မှတ်သားရပါတယ် အရှင်ဘုရား"

"ကဲကဲ ဒကာကြီးလိုပဲ ဒကာကြီးတို့တစ်ရွာလုံး သဘောပေါက်သိနားလည်ကြမယ်ဆိုရင် ဒကာကြီးတို့ရွာဟာ နောင်အခါမှာ ဥစ္စာစောင့်၊ တစ္ဆေသရဲပြိတ္တာများ ပေါ်များတဲ့ရွာ မဖြစ်နိုင်တော့ဘူးပေါ့ ဟုတ်လား ဒကာကြီး။ နတ်ဘုံ လူ့ဘုံရောက်တာတွေများပြီးတော့လေ"

"အရှင်ဘုရား မိန့်ကြားတဲ့အတိုင်း မှန်လှပါဘုရား။ သာဓု သာဓု သာဓု ပါဘုရား"

ဦးတင်မြက စိတ်ပါ လက်ပါ သာဓု ခေါ်လိုက်သည်။

"ကျုပ်လည်း စင်္ကြံလျှောက် တရားမှတ်လိုက်ဦးမယ်။ ဘိုးတစ္ဆေ အကြောင်းသိချင်သေးရင်ဖြင့် ကပ္ပိယကြီးက ပြောပြလိမ့်မယ်"

ဆရာတော်သည် ရေတွင်းသို့ သွားကာ ကိုယ်လက် သန့်ရှင်းပြီး သရက်ပင်ရိပ်များလွှမ်းခြုံလျက်ရှိသော ကျောင်းတောင်ဖက်သို့ စင်္ကြံလျှောက်ရန် ကြွသွားခဲ့သည်။

"ဘယ့်နှယ်လဲ ဦးတင်မြ လာတုန်းက ဆရာတော်ကို မေးလျှောက်မယ်ဆိုတဲ့ ဘိုးတစ္ဆေအကြောင်း နားမထောင်တော့ဘူးလား"

သံဃာစင်ပေါ်မှဆင်းကာ အိမ်ပြန်ရန် ဖိနပ်ကုန်းကောက်နေသည့် ဦးတင်မြအား ကပ္ပိယကြီးကမေးလိုက်သည်။

"နားတော့ ထောင်ချင်ပါတယ်ဗျာ။ ညနေစာ စားချိန်လွန်နေလို့ ဒီနေ့တော့ ခွင့်ပြုပါဦး ကပ္ပိယကြီးရယ်။ ကျုပ်အားတဲ့ တစ်နေ့ လာခဲ့ပါမယ်"

"ကောင်းပါပြီဗျာ ကောင်းပါပြီ"

ဦးတင်မြင့် နှုတ်ဆက်ပြန်သွားပြီးနောက် ပြိတ္တာနှင့် ကျွန်ုပ်လည်း သရက်ပင်သို့ ပြန်ကာ တောင့်တင်းနိုင်မာသည့် အကိုင်းတစ်ကိုင်းစီ၌ ပက်လက်လှန်လှဲချ လိုက်ကြလေတော့သည်။

❖ ❖ ❖

✧ ငါးအာရုံအင်အစုခင်မှုနှင့် နေ့ကုန်

ဝသန္တလေပြည်ဦးက တဟူးဟူး တိုက်ခတ်နေသည်။ ခြံအတွင်း ပေါက်ရောက်နေသည့် ပင်အိုပင်ပျိုတို့၏ ရွက်နုရနံ့မှာ မွှေးပျံ့နေ၏။

သရက်ပင်အနီး၌ သီးကင်းကြီးငယ်တွဲရရွဲတို့ လေစီးကြောင်းဝယ် နွဲ့တွယ်လှုပ်ယမ်းနေကြသည်။ ကိုင်းသေးကိုင်းဖျားတို့သည် လေနှင့်အတူ ယိမ်းနွဲ့ကခုန် မြူးတူးလျက်ရှိကြသည်။

www.burmeseclassic.com

သရက်ပင်ထက်၌ တိတ်ဆိတ် ငြိမ်သက်နေကြသည်မှာ ကျွန်ပ်နှင့် ပြိတ္တာ။ ပြိတ္တာသည် ယခုည၌ ထူးခြားစွာ နှုတ်ထွက်ဆွံ့နေသည်။ အရှေ့မှား အငွေ့ဆိမှ လ၏ အရောင်ဖြင့် မိုတ်တုတ်ပြိုးပြက် လင်းလက်နေသော ကြယ်ပွင့်လေးများအား လိုက်လံရေတွက်နေခြင်း မဖြစ်နိုင်ပေ။

ကျွန်ပ် ကတော့ ကျွန်ပ်၏ ဘကြီးယောကွထီးနှင့် ဆရာတော်တို့ ပြောဆိုခဲ့သည့် အကြောင်းများအား တစ်ခုချင်း တစ်ခုချင်းနားလည်သိရှိရန် ပြန်လည်စဉ်းစားခန်း ဝင်နေသဖြင့် ပြိတ္တာနှင့် စကားတုံ့လှယ်ပြောဆိုမှုပြုရမည်ကို တမင်ရှောင်ဖယ် နေမိခြင်း ဖြစ်သည်။

ကျွန်ပ်တို့သည် တစ်ခါတလေ၌ နှစ်ဦးသဘောတူညီချက်ယူပြီး ကိုယ့်အတွေးနှင့်ကိုယ့်သဘော တွေးတော ဆေးမောတတ်သည်။

ယခုမှုနေဝင်မိုးချုပ်စ ဘုန်းကြီးကျောင်းမှ အတူတကွ ပြန်လာကြပြီးကတည်းက သူနှင့်ကျွန်ပ်မှာ စကားတစ်ခွန်းမှ မဆိုမိကြဘဲ သရက်ပင်ထက် အကိုင်းတစ်ကိုင်းစီ၌ ငြိမ်သက်စွာ လဲလျောင်းနေခဲ့ကြခြင်းဖြစ်သည်။

မိုးသားတိမ်လွှာ ပါးပါးလေး အကြား၌ အမောတကော ပြေးလွှားနေသည့် ပဲခွပ်သဏ္ဍာန်လခြမ်းတစ်ဝက်ကလေးသည် ကျွန်ပ်ဦးခေါင်းထက်မှ ဖြတ်ကျော်ကာ အနောက်ဘက်အကိုင်း တစ်ခုထိပ်ဝယ် ချိတ်တွယ်နေခဲ့လေပြီ။

"ပြိတ္တာရေ အိပ်ချင်ပြီလားကွ"

သူ့အခြေအနေကို တီးခေါက်ကြည့်လိုက်၏။ သူက ခွန်းတုံ့မပြန် အတန်ကြာအောင် စောင့်ဆိုင်းပြီး။

"ဥပုသ်နေ့ရောက်ဖို့ တော်တော်လိုသေးသလားကွ ဟင်"

"အင်း"

သူ့လေသံဟန်ပန်မှာ ဖြေချင်ပုံမရ။ မဖြေချင့် ဖြေချင်။

"ဘယ်လောက်လိုသေးလဲကွ"

"သိပ်မလိုတော့ဘူး"

ပြိတ္တာသည် ယမန်နှစ်က ဥပုသ်နေ့များ၌ တရားနာခဲ့ဖူးသည့် အတွေ့အကြုံရှိသောကြောင့်မေးကြည့်ခြင်းသာဖြစ်သည်။ သို့သော် သူ့အဖြေစကားအရ ဥပုသ်ရက်များ မည်သည့်ကာလ၌ စတင်သည်ကို သိဟန်မတူချေ။

"မင်းဘာဖြစ်နေတာလဲ ဟေ့ကောင်"

သူ့အား ငေါက်ဆတ်ဆတ် မေးလိုက်သည်။

"ငါလည်း မသိဘူး တစ္ဆေကောင်ရာ၊ တိတ်တိတ်ဆိတ်ဆိတ်နေချင်လို့ပါ"

ကျွန်ပ်ရော ပြိတ္တာပါ တစ်ကောင်ကို တစ်ကောင် စောင်းငဲ့ခြင်း မပြုကြ။ ကောင်းကင်ကိုသာ မျက်နှာပြုလျက် လဲလျောင်းရင်း စကားပြောဆိုနေကြသည်။

"အေးကွ၊ ငါလည်း အဲဒီလိုပဲ သိချင်နေတယ်ကွ၊ ငါ အဲဒါကို အဖြေရှာကြည့်နေတာဆိုတော့ မင်းသိမလား လို့ မေးကြည့်တာ"

"ငါလည်း မင်းလိုပဲ သိချင်နေတယ်ကွ၊ ငါ အဲဒါကို အဖြေရှာကြည့်နေတာဆိုတော့ မင်းလည်း အဖြေရှာကြည့်နေတာ ဖြစ်မှာပေါ့"

"မေး မင်းပြောတာ ဟုတ်မယ်ကွ"

ကျွန်ပ်က ပြိတ္တာ၏ စကားကို ထောက်ခံချက်ပေးလိုက်၏။

"ဒါဆို ဆက်ပြီး အဖြေရှာကွာ၊ မင်းသိရင် ငါ့ကိုပြော၊ ငါသိရင်လည်း မင်းကိုပြောမယ်၊ မကောင်းဘူးလား"

သူ့အား "ကောင်းတယ်" ဟု ပြောပြီး ရှေ့ဆက်ရန် စကားမရှိတော့ ပြီမို့ သူရော ကျွန်ပ်ပါ တစ်ဖန်ပြန်၍ နှုတ်ဆိတ်သွားခဲ့ကြသည်။

မိုးဦးစေတမန် လေဦးဝသ... ကတော့ သရက်ညွန့် သရက်ဖူးတို့နှ... အတူ ယှဉ်တွဲကခုန် နေကြေ... သည်။

❁ ❁ ❁

တစ္ဆေသရဲဆိုတာ ပြိတ္တာ...

ပြိတ္တာတိုင်း ကျွန်ပ်တို့လို... သံ၊ တရားသံ ကြားချင်ကြ...

www.burmeseclassic.com

မဟုတ်။ ကြားချင်ကြသည့် ဗြိတ္တာ မိုးကျပြန်တော့လည်း ကျွန်ုပ်တို့ကဲ့သို့ ကြားရသော၊ ကြားနိုင်သော လူသူ အနီး ဘုန်းကြီးကျောင်းအနီးတို့၌ နေထိုင်ခြင်းမရှိ။

ဗြိတ္တာတို့သည် အလှူဒါန မပြုလုပ်နိုင်။

ကျန်ရစ်သူတို့ကရည်စူးလှူဒါန်း အမျှပေးဝေမှသာလျှင် နေစရာအဆင့် မြင့်နိုင်ကြသည်။ အဝတ်အထည်နှင့် အစားအစာတို့ ပြည့်စုံနိုင်သည်။ ကျန်ရစ်သူတို့က အမျှဝေသော်လည်း ကြားရ၍ သာဓုခေါ်ခွင့် မကြုံကြိုက်ရဘဲ လွဲကြရသည်။

ဗြိတ္တာတို့သည် မိမိတို့၏ ဒုက္ခအဝကို ကျန်ရစ်သူတို့အား ပြောပြ အကူအညီတောင်းလိုသဖြင့် အသံပေးခြင်း၊ အရိပ်အယောင်ပြခြင်းပြုခဲ့သော် ထိုသူတို့သည် ကြောက်လန့်ပြေးပုန်းရှောင်တိမ်းကြကုန်၏။

ဤသို့ဖြင့် ဗြိတ္တာဘဝမှသေဆုံးသော် ငရဲဘုံ၊ လူ့ဘုံ၊ တိရစ္ဆာန်ဘုံ၊ အသူရကာယ်ဘုံ၊ နတ်ဘုံများသို့ အသိယ်ကံအကုသိုလ်ကံ အလျောက် ရောက်ကြရမည်။ ဘယ်ဘုံ ဘဝ ရောက်ရမည်ဟု သတ်မှတ်ပိုင်ပိုင် ညွှန်သူမျှ မပြောနိုင်။

ကျွန်ုပ်နားလည် သိရှိလာသည့် အတွေးဝက်ပါထဲတွင် လူ့ဘဝကို ဝင်စားနိုင်မည့် အချက်အလက် မပါရှိချေ။ ကျွန်ုပ်နှင့် ဗြိတ္တာသည် မရေရာဘဲ အခြေမမြဲဘဲ လေထဲ နန်းတော်တည်ဆောက်နေမိကြချေသည်တကား။

❀ ❀ ❀

အုန်းမောင်းသံကြောင့် ကျွန်ုပ် နိုးလာခဲ့သည်။ ဗြိတ္တာလည်း ကိုင်းခွတစ်ခု၌ ထိုင်နေသည်ကိုတွေ့ရ၏။ သူနှင့်ကျွန်ုပ် ဘုန်းကြီးကျောင်းဘက် ထွက်လာခဲ့ကြသည်။

သူရော ကျွန်ုပ်ပါ ယခင်အခါများကကဲ့သို့ လွတ်လပ်ပေါ့ပါးမှု မရှိကြဘဲ ဖင့်နွဲ့လေးကန်နေကြသည်။ အစားအစာ စားရတော့မည် ဟူသော စိတ်ဖြင့် တက်ကြွလန်းဆန်းမှုလည်း မရှိကြပေ။ ရင်ပြင်ပေါ်၌ ထိုင်ပြီး အစာလာကျွေးမည့် ဝါးစင်လေးကိုသာ ငေးမျှော်နေကြသည်။

မကြာမီ ဆရာတော် နှင့် ကပ္ပိယကြီးတို့ရောက်လာကြသည်။

ဝါးစင်ပေါ်၌ ငှက်ပျောဖက်နှစ်ခုကိုတည်ခင်းသည်။ ထမင်းတစ်ပုံစီ ဟင်းတစ်ပုံစီပုံသည်။ ကပ္ပိယကြီးက ရေခွက်ကို နေရာချထားသည်။ ဆရာတော်က ထုံးစံအတိုင်း မေတ္တာပို့သည်။ ထို့နောက် ကျွန်ုပ်တို့ရှိရာ စေတီလေးဘက်သို့ တည့်တည့်လှည့်ကာ . . .

"ကျွန်ုပ်ကောင်းမွန်စွာ ကျွေးသော အစာကို စားကြကုန်လော့၊ ဤအစားအစာငှဲ့ကို လာစားကြကုန်လော့၊ သင်တို့အား ငါ၏ ကျောင်းထက်အောက်ဝန်းကျင်သို့ အခါမရွေး ဝင်ထွက်သွားလာနိုင်သည်။ သင်တို့အားမည်သည့်သတ္တဝါမျှ နှောင့်ယှက်ဟန့်တားခြင်း မရှိစေရ၊ သင်တို့၏ အလိုဆန္ဒများကို ငါစွမ်းနိုင်သမျှ ဆောင်ရွက်ပေးမည်၊ သင်တို့ အလိုရှိသော အခါ ငါ့အား ဖွင့်ဟပြောဆိုကြကုန်လော"

ကျွန်ုပ်သည် ထိုင်နေလျက်မှ ဗြိတ္တာကို ငဲ့စောင်းကြည့်လိုက်သည်။ သူကလည်း ကျွန်ုပ်ကို လှည့်ကြည့်လိုဟန်သဖြင့် အကြည့်ချင်းဆုံသွားသည်။

ဆရာတော်နှင့် ကပ္ပိယကြီးတို့ ပြန်သွားကြသော်လည်း ကျွန်ုပ်နှင့် ဗြိတ္တာမှာ ထုံးစံအတိုင်း အခြားသတ္တဝါများ လာရောက်စားသောက်ခြင်း ရှိမရှိကို အချိန်အနည်းငယ်မျှ စောင့်ဆိုင်းနေလိုက်ကြသည်။

"ဗြိတ္တာရေ ငါတို့ကိုဆရာတော် မြင်သွားလား" "မသိဘူး"

"မမြင်ပါဘူးကွာ၊ ငါတို့က ငါတို့ကို မြင်စေချင်ရင်တောင်မှ ကံနိမ့်သူတွေကသာ မြင်ရနိုင်တယ်ဆိုကာမင်း မသိဘူးလား"

"ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် မြင်နိုင်တဲ့ စွမ်းအားတို့ တန်ခိုးတို့ရှိရင်လည်း မြင်နိုင်တာပဲ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"ဆရာတော် မြင်သွားတယ်လို့ မင်းက ထင်သလား"

"ငါ မထင်တတ်ဘူး ဗြိတ္တာ၊ ဟိုမှာကြည့်လေ၊ ခါတိုင်းက ငှက်ပျောဖတ် တစ်ဖက်တည်းမှာ ထမင်းနဲ့ ဟင်းကိုပုံတယ်၊ အခု ငှက်ပျောဖတ်ကလည်းတစ်ဖက်စီ၊ ထမင်း ဟင်းနဲ့ ရေကလည်း သတ်သတ်စီ ခွဲပြီးပုံထားတယ်"

"အဲဒါ ဘာဖြစ်လဲ တစ္ဆေကောင်ရာ မင်းကလဲ"

"ဟ ဒီလိုနှစ်ခုခွဲပေးထားတာ နှစ်ကောင်စားဖို့ ခွဲပေးတာပေါ့။ ဆရာတော်က ငါတို့နှစ်ကောင့်ကို တွေ့လို့ ခုလို ခွဲပေးတာဖြစ်မှာပေါ့"

ဗြိတ္တာသည် ကျွန်ုပ်၏ စကားအလေးထားခြင်း မပြုပေ။

"တခြားကောင်တွေ လာစားတာ မတွေ့ဘူး။ ငါတို့ သွားစားကြစို့"

ဆွမ်းတော် စွန့်စာများ စားသောက်ပြီးနောက် စေတီရင်ပြင်၌ ဘုရားရှိခိုးကြ၊ ဆုတောင်းကြသည်။

ကျွန်ုပ်သည် ယခင်အကြိမ်များကဲ့သို့ မဟုတ်ဘဲ တစ်စုံတစ်ယောက်သည် ကျွန်ုပ်၏ ကျောဘက်မှ ရပ်ကြည့်နေသည့်အလား နောက်ဂေ ၂ မလုံမလဲ ဖြစ်နေဘိသကဲ့သို့ တစ်ခဏသာ ဆုတောင်းပြီး ရုတ်တရက် ထရပ်လိုက်၏။ ကျွန်ုပ်၏ အနီးတွင်လည်းကောင်း၊ စေတီရင်ပြင်နှင့် အနီးအပါးတွင်လည်းကောင်း မည်သူမျှ မရှိပေ။ ဗြိတ္တာကမူ အာရုံပြုနေခဲ၏။

ကျောင်းအောက် သံယာစင်သို့ လှည့်ကြည့်လိုက်ရာ ကျွန်ုပ်၏ဘကြီး ယောက္ခထီးကြီးနှင့် ကပ္ပိယကြီးတို့ကို တွေ့ရ၏။ သူတို့နှစ်ဦး စကားပြောနေကြသည်။ သို့သော် ယခင်နေ့ကလို သဲသဲကွဲကွဲမကြားရပေ။ သို့ဖြင့် သံယာစင်အနီးရောက်သည့်တိုင် တဖြည်းဖြည်းတိုးကပ်သွား၏။ ကျောင်းတိုင်တစ်ခုဖြင့်ကွယ်လျက် ရပ်လိုက်သည်။

"ဦးတင်မြက တယ် ဝီရိယကောင်းတာကိုး။ ကျုပ်ကအရုဏ်ဆွမ်းထချက်ချိန်ကနေ နေ့ဆွမ်းကပ်ပြီးချိန်ထိ အလုပ်နဲ့ လက်ပြတ်တာမဟုတ်ဘူးဗျ။ နေ့လယ်နေ့ခင်း ဆရာတော်အတွက် ဝေယျာဝစ္စမရှိတဲ့ အချိန်လေးကျမှ အအားရတာ"

ကပ္ပိယကြီး စကားကြောင့် ဦးတင်မြမှာ အားမလို အားမရဖြစ်သွားဟန်တူသည်။

"ကျွန်တော် သိတာက ဆရာတော် တရားကျင့်နေရင် ခင်ဗျား ယပ်တောင်ခတ်ပေးတာတို့၊ ညှော်သည် ရောက်ရင်ညှော်ခံတာတို့၊ စာသင်သားတွေ စောင့်ကြည့်မှတ်သားရတာတို့တွေနဲ့ အလုပ်တစ်ခုမဟုတ်တစ်ခု ရှိနေတတ်တာပဲဆိုလို့ ဒီအချိန်လေးမှာ အားမလားလို့ လာခဲ့တာပါ ကပ္ပိယကြီးရဲ့"

"ကဲကဲ ဒီလိုစီစဉ်ရအောင်ဗျာ"

"ဘယ်လိုများလဲဗျ"

"ဦးတင်မြတို့ စပါးတွေ ကျီကျထဲရောက်ပြီးပြီဆိုတော့ ညနေစာ စားပြီးနောက်ပိုင်း အနားရကြမယ်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့"

"ဒီနေ့ညနေ ဆရာတော်ကို ခွင့်တောင်ပြီး ဦးတင်မြအိမ်ကို ကျုပ်လာခဲ့မယ်၊ တခြားစကားပြောဖော်ရှိရင်လည်း စုထားပေါ့။ သက်ကြီးခေါင်းချချိန်လောက် စကားဝိုင်းသိမ်းပြီး ကျုပ်ပြန်မယ်"

"ဟာ ကောင်းပါ့ဗျာ၊ ကပ္ပိယကြီးကိုလည်း အပြန်လိုက်ပို့ပါမယ်ဗျာ"

"မပို့ရပါဘူးဗျာ၊ ဒါမျိုးဆိုတာ စိတ်ဝင်တစားတော့ နားထောင်ချင်ကြတာပဲ နားတောင်ပြီးရင် တောင်တောင်အီအီ တွေးတတ်လို့ လိုက်ပို့ဝံ့သူရှိမယ်မထင်ဘူးဗျ"

"ကျေဇူးတို့၊ ကရင်လေးတို့ ရှိပါတယ်ဗျာ၊ ညနေ ကပ္ပိယကြီးလာမယ့်အာချိန်လောက်မှန်းပြီး ကျုပ်တို့ လာကြိုပါ့မယ်ဗျာ"

နောက်ဆုံးတွင် နှုတ်ဆက်ကာ ဦးတင်မြပြန်သွားသည်။ ကျွန်ုပ်လည်း စေတီလေးရှိရာသို့ ပြန်လာခဲ့သည့်အခါ ဗြိတ္တာမှာ ဝတ်ပြုဆုတောင်းနေဆဲဖြစ်သည်။ အတန်ကြာအောင် စောင့်ဆိုင်းနေပြီးမှ သူ ထရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးတင်မြနှင့် ကပ္ပိယကြီးတို့ပြောဆိုခဲ့ သည်များအား သူ့ကိုပြောပြလိုက်၏။

"ဦးတင်မြအိမ်နဲ့ မယ်ဆင့်အိမ် က အိမ်ဝိုင်းချင်း တစ်ဆက်တည်း။ ဦးတင်မြအိမ်မှာက သူ့သမီးနဲ့ ဆယ့် နှစ်နှစ်အရွယ် မြေးမလေးနဲ့ဆိုတော့ ဒီစကားဝိုင်းဟာ မယ်ဆင့် အိမ်ရှေ့ ဘုစင်အောက်က ကွပ်ပျစ်မှာ ဖြစ်ဖို့ သေချာတယ်။ ဒီတော့ နားထောင်ရင်း နဲ့မယ်ဆင့်ကိုလည်း တွေ့ရနိုင်တာပေါ့"

"မင်းဘာတွေ လျှောက်ပြော နေတာလဲ"

ဗြိတ္တာ ဘာတွေပြောနေမှန်း ကျွန်ုပ် အမှန်တကယ် နားမလည်ပေ။

"ဘာမှ မဟုတ်ပါဘူးကွာ။ စကားဝိုင်း ဘယ်မှာဖြစ်မလဲဆိုတာ မှန်းဆကြည့်နေတာပါ"

"အဲဒီ စကားဝိုင်း ဘယ်မှာပဲ ဖြစ်ဖြစ် ငါလိုက်နားထောင်ချင်တယ်၊ မင်းပြောသလို မယ်ဆင့်ကို တွေ့ချင် လို့ မဟုတ်ဘူး။ တကယ်ပြောတာ"

"အံမယ် မလုံမလဲဖြစ်မနေစမ်း ပါနဲ့ တစ္ဆေကောင်ရယ်"

"ဆော်၊ မင်းက ငါ့ကို စနေ နှောက်နေတာကိုး"

"မင်း တကယ် မတွေ့ချင်ဘူး နော်"

မယ်ဆင့်အား တွေ့ချင်သည် လား။ မတွေ့ချင်ဘူးလား ကိုယ်တိုင် တွေး စဉ်းစား ကြည့်လိုက်သည်။

ကျွန်ုပ်သည် မယ်ဆင့်အိမ်အနီးသို့ မကြာမကြာသွားခဲ့ဖူးသည်။ သူ့ဘကြီး ကျွန်ုပ်ယောက္ခထီးဦးတင်မြ အိမ်ဝိုင်း ရေတွင်းမှ ရေခပ်ပြီး အိုးရေသုံးရေ ဖြည့်ခြင်း၊ ချက်ပြုတ်လျှော်ဖွပ်ခြင်း၊ နေအိမ်အတွင်း ရှင်းလင်းသန့်ရှင်းခြင်း၊ ထင်းခွဲဖြတ်တောက်ခြင်း၊ ရှက်ကြွေ များ လှည်းကျင်းခြင်းများကိုသာ တွေ့ ခဲ့ရသည်။

လောကကြီးအတွင်း သူမတစ် ယောက်တည်းရှိသည့်အလားနေသည်။ သွားသည့်။ စားသောက်လုပ်ကိုင်နေ သည်။ သူ့တူမတော်သူ သရဖီဦး တစ် ယောက်သာလျှင် မကြာခဏရောက် လာတတ်ပြီး ပုံပြောခိုင်းလျှင် ဘုရား ဟောနိပါတ်ထဲမှ ပုံပြင်၊ ဇာတ်တော် တို့ကို ပြောပြချိန်မျိုး၌သာ နှစ်ဦးနှစ် ယောက် အဖြစ်ရှိနေတတ်၏။ နေညို ချိန်တွင် ဘကြီး၊ ကျော်စွာ၊ ကရင်လေး တို့ အပါအဝင် လူစုမိပါက ရေနွေးအိုး ဖိုင်ခံတည်ခင်းပေးလေ့ရှိသည်။

မယ်ဆင့်သည် ဣန္ဒြေရင့်ကျက် စွာဖြင့် လှုပ်ရှားမှုများကို မြင်တွေ့ရ တိုင်း ကျွန်ုပ်နှင့်မယ်ဆင့်တဖြည်းဖြည်း အလှမ်းကွာဝေးလာသည်ဟု စိတ်မှာ ထင်မှတ်မိ၏။မယ်ဆင့်အားဆက်သွယ် သိရှိစေနိုင်မည့်နည်းလမ်း ရှာကြံမည့် ကျွန်ုပ်၏စိတ်ကူးများသည်တဖြည်းဖြည်း လျော့လျော့လာ၍ ဘ အပြီးအပိုင် စွန့် လွှတ်ချင်စိတ်များပင်ဖြစ်ပေါ်နေချေပြီ။

"မဆိုင်းပါဘူးကွာ"

ကျွန်ုပ် မတင်မကျ ဖြေလိုက် သည်။

"စကားဝိုင်းက ကရင်ဝိုင်းက အိမ်တစ်အိမ် ဒါမှမဟုတ် မင်းဘကြီး ဦးထွန်းကြိုင် အိမ်မှာဖြစ်ရင်ကော မင်း နားထောင်မှာလား"

"ထောင်မှာပေါ့ဟ၊ ဒီစကား ဝိုင်းမှာ ကိုယ်တိုင် ဝင်ပြောလို့ရရင် ကိုယ်သိချင်တာ မေးတောင်မှ မေး ကြည့် လိုက်ချင်သေးတယ်သိလား"

"အံမယ် မင်းက ဘာမေးချင် လို့ဘုံး"

"ငါလား ...ဟို...အဲ"

ကျွန်ုပ်သည် နီးနီးဒေါက်ဒေါက် ပြောချလိုက်ပြီးမှ ဗြိတ္တာ၏ အမေးကို ဘာပြန်ဖြေရမှန်မသိဘဲ ဝေ့လည်နေ တော့သည်။

"ကဲပါ ဗြိတ္တာရာ မင်းငါနဲ့လိုက် မှာလား။ မလိုက်ဘူလားဆိုတာ မေးမ လို့ဥစ္စာ၊ ဘယ်ကဘယ်လို စကားတွေ ရှေ့ ကသွားလဲကွာ"

ကျွန်ုပ်၏ စကားလမ်းကြောင်း လွှဲဖယ်မှုကို သူက မ``ဒိဟာန်ပြုလိုက် သည်။

"အေးပါ -ငါလိုက်မှာပါ"

"ဒါဆိုလည်း ပြီးရောပေါ့ ဗြိတ္တာ ရာ"

မနက်ပိုင်းစားသောက်ပြီးကျောင်း တောင်ဘက်ပိုင်းရှိ သရက်ပင်မှုးပေါ်

www.burmeseclassic.com

သို့သွားရောက်နေထိုင်မည်ဟူ၍သူနှင့် ကျွန်ုပ် သဘောတူညီမှု ရသွားသည်။

ယခင်ကကျွန်ုပ်တို့သည် မနက်ပိုင်း စားသောက်ပြီးလျှင် စေတီလေး၏ အရိပ်ကျရာဘက်၌ ဘုရားရှိခိုးခြင်း၊ ဆုတောင်းခြင်း ပြုခဲ့ကြကာ နေမြင့်လာလျှင် အရိပ်မရှိတော့သဖြင့် မယ်ဆင့်၏ ခြံထဲမှ သရက်ပင်သို့ ပြန်၍ အရိပ်ခိုနားခဲ့ကြသည်။ ညနေပိုင်းတွင်မှ စေတီပေါ်သို့ ကျောင်းအရိပ်မိုးထားသောကြောင့်နေပူဒဏ်မခံရဘဲ အချိန်များများ ဆုတောင်းခြင်းပြုနိုင်သည်။

ယမန်နေ့က ဆရာတော်ဘုရားဆွမ်းတော်စွန့်ရင်း မိန့်ကြားသော ခွင့်ပြုစကားအရ ကျောင်းတောင်ဘက် သရက်ပင် ပိန္နဲပင်များသို့ သွားပြီး အရိပ်ခိုရန် တိုင်ပင်မိခြင်းဖြစ်ပေသည်။

ကျွန်ုပ်တို့သည် ကျောင်းခေါင်းရင်းဘက်မှ ကွေ့ပတ်ကာ ကျောင်းတောင်ဘက်သို့လာခဲ့ကြသည်။ မြေတလင်းပေါ်၌ ရွက်ခြောက်များမရှိ။ ကောက်တလင်းသဖွယ် ပြောင်ရှင်းနေသည်။ ဤနေရာကို ကျွန်ုပ်ကျောင်းသားဘဝက ကိုယ်တိုင်ပြုလုပ်ထားသည့် အုန်းတံမြက်စည်းဖြင့် လှည်းကျင်းခဲ့ဖူးသည်။ နံ္ကက်အရုဏ ွဆွမ်းကိစ္စပြီးလျှင် တစ်ပြြ်မ် ညနေ စာအံပြီးလျှင် တစ်ကြြ်ိ မိမိသဘောဆန္ဒအလျောက် စ ်လိုလက်ရ လှည်းကျင်းခဲ့ခြင်းဖြစ်သည်။ ဘုန်းဘုရားပင်လျှင် "သက်နိုင်ကတော့ ဘယ်သူမှ မနိုင်းရဘဲ တံမြက်စည်းလှည်းတယ်၊ အဲဒါ နတ်ပြည်ရောက်မယ့် ကုသိုလ်ပဲ၊ ပိုက်ဆံမကုန်ဘဲ ရတာ" ဟူ၍ ချီးမွမ်းရင်း အခြားကျောင်းသားများအား ဆုမှုကြိမ်းမောင်းခဲ့သည်။

ဘုန်းဘုရားနှင့် ဦးပဥ္စင်းနှစ်ပါးတို့ ရေချိုးဖို့ မိမိဆန္ဒအလျောက် ဖြည့်ပေးခဲ့သည်ကိုလည်း ဘုန်းဘုရားက "သက်နိုးတွေ ဘာတွေ လှူဒါန်းမှ မဟုတ်ပါဘူး၊ ခုလို ချိုးရေလှူတာ၊ သောက်ရေအိုးတွေ ရေဖြည့်တာ ရေအကျိုးဆယ်ပါးနဲ့ပြည့်စေတယ်၊ ဘုန်းကြီးရဲ့ သင်္ကန်းကို လျှော်ဖွပ်ပေးတာ ညောင်စောင်းကို ဖုန်ခါ သန့်ရှင်းပေးတာတွေဟာ ကုသိုလ်ရစေတာပါပဲ၊ အကယ်၍ ပြိတ္တာဘုံ ရောက်ရရင်တောင်မှ အစားအသောက် အနေအထိုင် မဆင်းရဲဘူး၊ အခြားသတ္တဝါတွေလို လုံးတီးမနေရဘဲအဝတ်အစားနဲ့တကွ ဖြစ်ရမယ့် ကုသိုလ်ပဲ" ဟူ၍ ပြောကြားခဲ့ဖူးသည်။ ယခု ဘုန်းဘုရားမရှိတော့ပြီ။ ယခုရှိသော ဆရာတော်မှာ ဘုရား၏ ညီတော်ဟု သိရသည်။ ကျွန်ုပ်သည် အရွက်များအုံ့ဆိုင်းနေသည့် သရက်ကိုင်းတစ်ကိုင်း၌ နားနေရင်းဘုန်းဘုရားစကားများကို သတိရလာမိသည်။

ရှေးယခင်နှစ်များက ထိုသို့သတိရခြင်းမရှိ။ ဤကျောင်းတွင် နေခဲ့ဖူးသည်၊ ကိုရင်ဝတ်ခဲ့ဖူးသည်တို့ကို ဝိုးတဝါးမျှသာသိခဲ့၏။ ကျောင်းဝင်းအနီးဝန်းကျင်၌ အစာရှာဖွေ စားသောက်ခဲ့စဉ်ကလည်း စားဖို့ ဘုရားရှိခိုး ဆုတောင်းဖို့၊ မယ်ဆင့်အိမ်အနီးသွားဖို့၊ သရက်ပင်မှာ အိပ်ဖို့များကိုသာ သတိမပြတ် ဂရုပြုနေထိုင်သွားလာခဲ့သည်။

ကျွန်ုပ်နှင့် ပြိတ္တာတို့ ကျောင်းတောင်ဘက် သရက်ပင်ထက်သို့ စွတ်စွတ်ရွတ်ရွတ် ဝင်ရောက်နေထိုင်ရန် အကြံဖြစ်ပေါ်ခဲ့ပြီး ကျွန်ုပ်တို့အား ဟန့်တားမည့်သူ(သို့မဟုတ်)နှင်ထုတ် မောင်းထုတ်မည့်သူ ပေါ်လာမည်လား ဟူ၍ စိုးရိမ်ကြောင့်ကြခြင်းအလျှ မဖြစ်ခဲ့။ ထိုသို့အဖြစ်ရခြင်းမှာ ဆ တော်၏စကားများကိုအားကိုးယုံကြ ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ကျွန်ုပ် ပြိတ္တာပါ နားလည်ထားကြသည်။

ထို့ထက် ဤဒြာနုဉ်ပတ် ကျင်မှာ ကျွန်ုပ်နှင့် အလွန်ရင်းနှီး ဝင်သော နေရာဒေသအဖြစ် သ ထောခြင်း။ ဘုန်းဘုရား၏ စကား အား သတိရလာခြင်းတို့မှာ ပြိတ္တ လက်သုံးစကားအတိုင်း "အချိန် ခြင်းလားဟူ၍ ကျွန်ုပ်စဉ်းစားကြည် သည်။

ဆက်ပါဦးမည် • • •

မောင်ဟိန်းဇေ



www.burmeseclassic.com

www.burmeseclassic.com

# အကျည်းတန်သော သမိုင်း၏စာမျက်နှာများ

လှမိုး(ပညာရေး)

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ထုတ်ပြန်သော အင်တာနက်သတင်းတစ်ပုဒ်တွင် အောက်ဖော်ပြပါစိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို ကျွန်တော်များဖတ်ရှုခဲ့ရသည်။

"ဒုတိယစစ်ကြီးကာလက ဂျပန်စစ်ဝါဒီတို့၏ ကျူးကျော်မှုကို အမှတ်တရဖြစ်စေရန် တရုတ်နိုင်ငံတွင် ဥဩသံရှည်ဆွဲခြင်းပြုလုပ်"



တရုတ်နိုင်ငံသို့ စစ်ကြေညာခြင်းမရှိဘဲ ဂျပန်စစ်ဝါဒီတို့ ကျူးကျော်တိုက်ခိုက်သည့် ၈၂ နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ဂျပန်စစ်ဝါဒီတို့၏ ကျူးကျော်ရန်စမှုကို မျိုးဆက်သစ်လူငယ်ထု သိစေရန်အတွက် စက်တင်ဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် တရုတ် နိုင်ငံမြောက်ပိုင်းတစ်နံတစ်လျားတွင် လေကြောင်းရန်ကာကွယ်ရေး ဥဩသံရှည်ဆွဲခဲ့သည်ဟု သိရှိရကြောင်း။

တရုတ်နိုင်ငံသို့ ဂျပန်စစ်ဝါဒီများ စစ်ကြေညာခြင်းမရှိဘဲ ကျူးကျော်တိုက်ခိုက်မှုစတင်ခဲ့သည်။ တရုတ်နိုင်ငံမြောက်ပိုင်း လျှောင်နန်ပြည်နယ်၊ ရှန်ယန်မြို့တွင် ဒေသစံတော်ချိန် နံနက် ၉း၁၈ နာရီက ဥဩသံရှည်ဆွဲခြင်းကို သုံးမိနစ်ကြာပြုလုပ်သည်ဟု သိရ၏။ ဤကဲ့သို့ ဥဩသံရှည်ဆွဲနေစဉ်အတွင်း အထက်ဖော်ပြပါ မြို့နယ်အတွင်းရှိ လမ်းများပေါ်တွင် သွားလာနေသော မော်တော်ယာဉ်များအားလုံးကလည်း ၎င်းတို့မော်တော်ယာဉ်များကို ရပ်တန့်ကာ ကားဟွန်းသံရှည်များကိုဆွဲခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည် ဆိုသည်။

ဤကဲ့သို့ ဥညြသံရှည်ဆွဲခြင်းအား ယင်းကျူးကျော်စစ်ဒဏ် စတင်ခံစားရသော လျောင်နန်ပြည်နယ်ရှိ အခြားမြို့နယ် ၁၃ မြို့နယ်တွင်လည်း ပြုလုပ်ခဲ့သည်ဟုဆိုသည်။ ဤကဲ့သို့ ဥညြသံရှည်ဆွဲ၍ အမှတ်တရ အထိမ်းအမှတ်ပြုလုပ်ခဲ့ခြင်းသည် ယခုနှစ်ပါဆိုလျှင် ၁၉ ကြိမ်ရှိခဲ့ပြီဟု ထိုပြည်နယ် ရှန်ယန်မြို့အုပ်ချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတင်းမီဒီယာများကို ထုတ်ဖော်ပြောဆိုခဲ့၏။

ဒေသခံပြည်သူအများကလည်း ရှန်ယန်မြို့ (၉–၁၈) စက်တင်ဘာတစ်ဆယ့်ရှစ်ရက် အထိမ်းအမှတ်ပြတိုက်ရှေ့၌ စုဝေးကြပြီး အတိတ်သမိုင်းကြောင်းများကို မမေ့ကြရန်နှင့် ထာဝစဉ် နိုးနိုးကြားကြား ရှိစေရန်ရည်သန်၍ ခေါင်းလောင်းထိုးပွဲ ဆင်နွှဲခဲ့သည်ဟု သိရ၏။ တရုတ်နိုင်ငံအရှေ့ပိုင်း ဟီဖေမြို့တွင် အထက်ဖော်ပြပါ ဥညြသံရှည်ဆွဲပြီးနောက် လေကြောင်းရန်ကာကွယ်ရေး တပ်ဖွဲ့ဝင်များသည် ထာဝစဉ်အသင့်အနေအထား ရှိနေသည့် စစ်ရေးပြမှုကို ပြုလုပ်ခဲ့သည်ဟု သိရ၏။


အတိတ်သမိုင်းကြောင်းအရ ၁၉၃၁ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဂျပန်စစ်ဝါဒီတို့၏ တပ်ဖွဲ့ဝင်များသည် ရှန်ယန်မြို့အနီးရှိ ၎င်းတို့ တာဝန်ယူထိန်းချုပ်ထားသော မီးရထားဘူတာရုံတစ်ခုအား ဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့ပြီးနောက် အဆိုပါ ပေါက်ကွဲမှုအား တရုတ်တပ်ဖွဲ့ဝင်များက ပြုလုပ်ခြင်းဖြစ်သည်ဟု စွပ်စွဲ၍ တရုတ်တပ်ဖွဲ့ဝင်များ နေထိုင်သော စစ်တန်းလျားများကို ဂျပန်ဘုရင် လေတပ်မတော်မှ လေယာဉ်ပျံများက ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။ ဤကဲ့သို့စတင် လုပ်ဆောင်ခဲ့ပြီး ဂျပန်စစ်ဝါဒီများသည် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းဒေသအား အလုံးအရင်းဖြင့် ကျူးကျော်တိုက်ခိုက်ကြသည်။

အင်တာနက်

အရှေ့တောင်အာရှ နိုင်ငံရေးဇာတ်ခုံတွင် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် သမိုင်းအဆက်ဆက် အဓိ… ဇာတ်ဆောင်များအဖြစ် ကပြကြ… များ ဖြစ်ခဲ့သည်။ ထို့အတူ အ… ကန်ပြည်ထောင်စုနှင့် ၂၀ ရာစု… အတွင်း နေမဝင်သော အင်ပါယာ… ကို ပိုင်ဆိုင်သော အင်္ဂလန်နိုင်ငံ… သည် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံ… အကြား နောက်ကွယ်မှကြိုးကိုင်နိုင်… ကြိုးစားကြသော နိုင်ငံကြီးများအ… အဓိကပါဝင်ကြသူများဖြစ်၏။ ဒု… စစ်ပြီးကာလတွင်လည်း အမေရိ… ပြည်ထောင်စုသည် တရုတ်နိုင်ငံ… ဂျပန်နိုင်ငံတို့၏ ဆက်ဆံရေးအား… တရှုစောင့် ကြည့်၍ကြိုးကိုင်နိုင်… နည်းလမ်းအမျိုးမျိုးကို သုံးခဲ့သည်…

တရုတ်နိုင်ငံသည် ဒုတိယ… စစ်ကြီးပြီးဆုံးခဲ့ပြီးနောက် အ… တောင်အာရှတွင် စစ်အင်အာ… စီးပွားရေး အံ့မခန်းတိုးတက်… သည်သာမက အရှေ့တောင်အာ… အာဖရိကနိုင်ငံများ အာရပ်နိုင်ငံ… ထောက်ခံမှု အပြည့်အဝ… နည်းလမ်းအမျိုးမျိုးနှင့် ကြိုးစား…

www.burmeseclassic.com



ည်။ ဒုတိယကမ္ဘာစစ်ပြီးစမှ ၁၉၇၀ ခ်န့်အထိ အမေရိကန်ပြည်ထောင်ည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာမှ ပိုင်းပယ်စေသည့် ှင့် ဖော်မိုဆာကျွန်းရှိ ကွန်မင်တန် ရအား ထောက်ခံ၍ တရုတ်နှစ် င် ရှိသည်ဟူသော နိုင်ငံရေးအမြင် ကျင့်သုံးခဲ့သည်။ ဂျပန်နိုင်ငံမှာမူ ယကမ္ဘာစစ်ကြီးဒဏ်အား ခါးစည်း ခံခဲ့ရသဖြင့် နာလန်ပြန်ထူအောင် မ်းကုန်ကြိုးစားခဲ့ရာမှ ၂၀ ရာစု င်းပိုင်းကာလများတွင် အရှေ့ င်အာရှနှင့် ကမ္ဘာ့ဖာတ်ခုံတွင် ရေးအတိုးတက်၊ အဖွံ့ဖြိုးဆုံး တစ်နိုင်ငံဖြစ်လာခဲ့သည်သာမက ရိကန်ပြည်ထောင်စု၏ နောက် မှ အားပေးမှုကြောင့် စစ်ရေးတွင် ည်း အင်အားကြီးမားလာသည့် တစ်နိုင်ငံ ဖြစ်လာ ှဲ၏။

တရုတ်ပြည်သူ့နိုင်ငံနှင့် ဂျပန်နှစ် တို့အကြား ထိပ်တိုက်ရင်ဆိုင်တွေ့ ည့် ဖြစ်ရပ်တစ်ခု ၁၉၉၀ ခုနှစ်ခန့် ပေါ်ပေါက်လာခဲ့သည်။ ထိုဖြစ်ရပ်မှာ တရုတ်ပင်လယ်ပြင်ရှိ ပုဂ္ဂိုလ်ပိုင် ကျွန်းစုအချို့ကို ဂျပန်အစိုးရက ဝယ်ယူခဲ့သည့်ကိစ္စ ဖြစ်ပွားလာသည်။ ထိုကျွန်းစုများကို တရုတ်နိုင်ငံက ဒိုင်အိုယုဟုခေါ်ပြီး ဂျပန်နိုင်ငံကမူ ဆင်ကာကူဟု ခေါ်ဆိုခဲ့သည်။ ဤကျွန်းစုများအရေးနှင့် ပတ်သက်ပြီး ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ နိုင်ငံခြားရေးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများသည်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးများသည်လည်းကောင်း အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြသော်လည်း သဘောတူညီမှု တစ်စုံတစ်ရာမျှ ရရှိခြင်းမရှိဘဲ နှစ်နိုင်ငံအကြား ဆက်ဆံရေးတစ်စတစ်စ တင်းမာလာခဲ့သည်။ ထိုကျွန်းစုများနှင့် ပတ်သက်ပြီး အငြင်းပွားမှုများအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း တရုတ်ပင်လယ်အတွင်းရှိ ကျွန်းစုအချို့ကို ၎င်းပိုင်ဆိုင်သည်ဟု ဆိုကာ ကြေညာခဲ့သည်။ ဤကိစ္စများသည်လည်း အရှေ့တောင်အာရှရှိ နိုင်ငံအချို့နှင့် အငြင်းပွားမှုများ၊ ဆက်ဆံရေးတင်းမာမှုများ ဖြစ်လာခဲ့သည်။ ထိုကျွန်းအများမှာ လူနေထိုင်သော ကျွန်းများ မဟုတ်ကြ။ ကျောက်ဆောင်၊ ကျောက်တုံးများအတိသာရှိသော ကျွန်းများဖြစ်ကြသော်လည်း ထိုကျွန်းများအနီးတွင် ရေနံရှာဖွေတွေ့ရှိနိုင်သည်ဟု ဆိုကြ၏။ သို့ဖြစ်၍ ထိုလူမနေသော တရုတ်ပင်လယ်ကျွန်းစုများ အရေးအခင်းသည် သက်ဆိုင်ရာနိုင်ငံများအဖို့ စေ့စပ်ငြိနှိုင်း၍ အဖြေရှာမရနိုင်သော ပြဿနာများဖြစ်လာခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း အထက်ဖော်ပြပါ လူမနေသော ကျွန်းစုများ ပိုင်ဆိုင်ရေးအတွက် အစွမ်းကုန် နည်းလမ်းကုန် ကြိုးစားခဲ့သည်သာမက စစ်ပြင်ဆင်မှုများအထိ ပြောင်ပြောင်တင်းတင်း ပြုလုပ်လာခဲ့သည်။ စစ်အသုံးစရိတ်ကို အဆမတန် တိုးမြှင့်ခဲ့သည်သာမက လေတပ်၊ ကြည်းတပ်နှင့် ရေတပ်မတော်ကြီးကို အဆမတန် တိုးချဲ့လာခဲ့သည်။ ဂျပန်နိုင်ငံကလည်း လေတပ်နှင့်ရေတပ်ကို တရုတ်နိုင်ငံအား ယှဉ်နိုင်ရန် တိုးချဲ့လာခဲ့သည်။ လေတပ်၊ ရေတပ်နှင့် ကြည်းတပ်တိုက်စစ်သည်အင်အားတွင် တရုတ်ပြည်သူ့နိုင်ငံမှ အဆမတန်ကြီးမားကောင်းကြီးမားမည် ဖြစ်သော်လည်း စစ်သည်တော်တစ်ဦးချင်း တိုက်ရည်ခိုက်ရည်နှင့် လေ့ကျင့်မှုတွင် ဂျပန်တို့ကသာသည်ဟု နိုင်ငံတကာမှ စစ်ရေး စောင့်ကြည့်လေ့လာသူများက ဝေဖန်မှုရှိခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအား ဖိအားပေးရန် တောင်တရုတ်

www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်အတွင်းရှိ ကျောက်တန်းများပေါ်တွင် အခိုင်အမာအဆောက်အအုံများဆောက်ခြင်း၊ လေယာဉ်ပြေးလမ်းများ တည်ဆောက်ခြင်းများ ပြုလုပ်နေသည်။ ထိုကျောက်တန်းများသည် ဗီယက်နမ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့က ပိုင်ဆိုင်သည်ဟုဆိုသည်။ ဤကဲ့သို့ တရုတ်တို့၏တိုးချဲ့လာသော ခြေလှမ်းကြောင့် နိုင်ငံတကာမှ စိုးရိမ်ပူပန်မှုများရှိလာခဲ့၏။ အထူးသဖြင့် တောင်တရုတ်ပင်လယ်အတွင်း ရေကြောင်းများကို တရုတ်တို့က ပြောင်ပြောင်တင်းတင်း စောင့်ကြပ်လာခဲ့သည့်အခြေအနေများကြောင့် အမေရိကန်ပြည်ထောင်စုအပါအဝင် အရှေ့တောင်အာရှရှိနိုင်ငံများက တရုတ်၏ဖိအားပေးမှုကို တုံ့ပြန်ရန် စီစဉ်ကြသည်။ အထူးသဖြင့် ဂျပန်နိုင်ငံအဖို့ အတိတ်သမိုင်းကြောင်းများကြောင့် တရုတ်နှင့် စစ်ပွဲတစ်ပွဲဆင်နွှဲရတော့မည့်အခြေအနေကို ရောက်ရှိလာမည်ကို စိုးရိမ်ပူပန်လာ၏။

ဂျပန်အစိုးရ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ထုတ်ဖော်ပြောဆိုချက်အရ ၂၀၁၄ ခုနှစ်အတွင်းက တရုတ်လေတပ်မတော်မှ လေယာဉ်ပျံများသည် ဂျပန်လေတပ်မတော်မှ လေယာဉ်များအား အကြိမ်ပေါင်း ၇၄၄ ကြိမ် ဟန့်တားအနှောင့်အယှက်ပြုခဲ့သည်ဟု သတင်းမီဒီယာများကို တိတိကျကျ ထုတ်ဖော်ပြောဆိုခဲ့သည်။ အမေရိကန်ပြည်ထောင်စုကလည်း အရှေ့တောင်အာရှတွင် အဆမတန် စစ်အင်အားတိုးချဲ့လာသည်။ တရုတ်ကို ထိန်းနိုင်ရန်တွင် မဟာဗျူဟာတစ်ရပ်ကို အသုံးပြုလာခဲ့သည်။ သာဓကအားဖြင့် အမေရိကန်ပြည်ထောင်စု ကမ်းခြေတက်တပ်သား ၂၅၀၀ ကို ဩစတြေးလျနိုင်ငံ မြောက်ပိုင်းတွင် တပ်စွဲထားခဲ့ပြီး တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်လာခဲ့သည်။

ဤသို့အတွင်း ဂျပန်နိုင်ငံ၏ စစ်ရေးလေ့ကျင့်မှုများ၊ စစ်အင်အားတိုးချဲ့မှုများကို မျက်ခြေမပြတ်စောင့်ကြည့်နေသော တရုတ်နိုင်ငံသည် ဧပြီလအတွင်း ဂျပန်ဘုရင်ရေတပ်မတော်မှ ခေတ်အမီဆုံး၊ အကြီးမားဆုံး လေယာဉ်တင်သင်္ဘောကြီး ဂျေအက်(စ်) အိုင်ဇူမိုကို တာဝန်ပေးအပ်သည့် အခမ်းအနားကျင်းပခဲ့သည့်သတင်းကို ထုတ်ပြန်လိုက်သောအခါ စိုးရိမ်သောက ရောက်သွားခဲ့၏။ ထိုလေယာဉ်ပျံတင်သင်္ဘောကြီးမှာ ၁၉၄၅ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်အချိန်မှ ယနေ့အချိန်ထိ ဂျပန်ရေတပ်မတော်အဖို့ အကြီးမားဆုံးလေယာဉ်တင် သင်္ဘောတစ်စင်းဖြစ်သည်ဟု ဆိုသည်။ နိုင်ငံတကာစစ်ရေး စောင့်ကြည့်လေ့လာသူများကမူ ထိုလေယာဉ်ပျံတင်သင်္ဘောကြီးသည် ကိုယ်ပျောက်သင်္ဘောပုံစံထုတ်ကာ တည်ဆောက်ထားပြီး၊ သင်္ဘောကြီးပေါ်တွင် ဂျပန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ ပူးတွဲထုတ်လုပ်သည့် F.35B လေယာဉ်ကြီးကိုးစင်းအထိ တင်ဆောင်နိုင်သည်ဟု သိရ၏။ ထိုလေယာဉ်ပျံတစ်စင်းသည် ၁၁၆ ဒေါ်လာတန်၍ ယနေ့ခေတ်အမီဆုံးဖြစ်သည်ဟုလည်း သိရ၏။

ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော တရုတ်ဇလတပ်မတော်မှ လေယာဉ်ပျံများက ဂျပန်လေယာဉ်ပျံများအနီး ချဉ်းကပ်၍ အကဲစမ်းနေသောအချိန်တွင် ဤခေတ်မီလေယာဉ်ပျံများကိုပါ ပိုင်ဆိုင်လာသော ဂျပန်ဘုရင့်လေတပ်မတော်အပေါ် တရုတ်တို့က စိုးရိမ်သောက ရောက်ခဲ့သည်မှာ ဘာဆန်းသလဲဟု ဆိုရမည်ဖြစ်သည်။ အတိတ်သမိုင်းကြောင်းများအရ ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားစက လေယာဉ်တင်သင်္ဘောတစ်ဖွဲ့အင်အားကြီးမားစွာ ရှိခဲ့သော နိုင်ငံဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ပစိဖိတ်သမုဒ္ဒရာရေတပ်စခန်းဖြစ်သော ပုလဲဆိပ်ကမ်းအား စစ်ကြေညာခြင်းမပြုဘဲ အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့ရာတွင် လေယာဉ်တင်သင်္ဘောကြီးခြောက်စင်းကို အသုံးပြုခဲ့၏။ ထိုစဉ်ကပင် လေယာဉ်ပျံတင်သင်္ဘောခေတ် ရောက်ခဲ့ပြီဟု စစ်ရေးအကဲခတ်သူများက စဉ်းစားခဲ့ကြသည်။

ယခု ဂျပန်ဘုရင်ရေတပ်မတော်မှ တာဝန်အပ်နှံသော လေယာဉ်တင်သင်္ဘောအိုင်ဇူမိုသည် ရဟတ်ယာဉ်များဖြင့် ရေငုပ်သင်္ဘောများရှာဖွေရေးနှင့် ရေမြှုပ်ဗုံးများ ရှာဖွေရေးတွင် လျင်မြန်စွာရှာဖွေနိုင်သည်သာမက သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများကိုပင် ဆောင်ရွက်နိုင်သည်ဟုဆိုသည်။ ဂျပန်ဘုရင်ရေတပ်မတော်သည် လာမည့်နှစ်အတွင်း အလားတူလေယာဉ်ပျံတင်သင်္ဘောတစ်စင်းတည်ဆောက်ပြီးတော့မည်ဟုလည်း သိရသဖြင့် တရုတ်နိုင်ငံအဖို့ စိုးရိမ်ပူပန်သောကစိတ်များ ဖိစီးလာခဲ့ရ၏။ သို့ဖြစ်၍ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော အတိတ်သမိုင်းကြောင်းများကို



www.burmeseclassic.com

www.burmeseclassic.com

ဖော်ထုတ်ရန် စီစဉ်ခဲ့ခြင်းဖြစ်မှု ၌ဖြစ်ချေ။

ဂျပန်တို့ကလည်း ဂုဏ်တက်စေသည့် အတိတ်သမိုင်းကြောင်းများကို ပြန်လည်ဖော်ထုတ်ရန် စီစဉ်ခဲ့သည်။ သာဓကအားဖြင့် အစဉ်အလာကြီးမားသော ဂျာဆူကန်သူရဲကောင်းဗိမာန်သို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကို သွားရောက်ဂါရဝပြုခြင်းနှင့် အခြားတာဝန် ရှိသူများက ဂါရဝများပြုလုပ်ပြသခြင်းသည် စစ်ရေးအရ ရန်လိုသောသဘောထားကို ပြသခြင်းဖြစ်သည်ဟု တရုတ်နိုင်ငံမှ တာဝန်ရှိသူများက ယူဆထား၏။ ဂျပန်နိုင်ငံမှ ထုတ်လွှင့်သော အင်(န်)အိတ်(ချ်)ကေ ရုပ်သံလွှင့်အစီအစဉ်များနှင့် အဆဟီရှင်ဘွန်းအပါအဝင် သတင်းစာကြီးများမှ ဖော်ပြသော သတင်းများအရ ဂျပန်ဧကရာဇ် အခီဟီတိုသည် ဒုတိယကမ္ဘာစစ်အတွင်းက ကျဆုံးခဲ့သော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများအတွက် အမှတ်တရအခမ်းအနားကျင်းပသည်။ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ပလောကျွန်းကလေးသို့ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့က သွားရောက်ခဲ့သည်ဟု ဆိုသည်။ ထိုကျွန်းတွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျပန်ဘုရင် တပ်မတော်မှ စစ်သည် ၁၀၀၀၀ နှင့် အမေရိကန်စစ်သည် ၁၆၀၀ ကျဆုံးခဲ့ရသော ပြင်းထန်သည့် ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားခဲ့သည်ဟု သိရ၏။

ယင်းဂျပန်စစ်သည် '၁၀၀၀၀ တစ်သောင်းကျော်ကျဆုံးခဲ့သူများ၏ သင်္ချိုင်းအား ဂျပန်ဧကရာဇ်သည် သွားရောက်ကြည့်ရှုအလေးပြုခဲ့ပြီး ဝမ်းနည်းဖွယ်ကောင်းသော အတိတ်သမိုင်းကြောင်းများကို မေ့ပျောက်မပစ်သင့်ဟု ထုတ်ဖော်ပြခဲ့သည်ဟု ဆိုသည်။ လွန်ခဲ့သော ဆယ်နှစ်ခန့်ကလည်း ဂျပန်ဧကရာဇ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဆိုက်ပန်ကျွန်းသို့ သွားရောက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ထိုကျွန်းတွင် ဂျပန်ဘုရင်တပ်မတော်နှင့် အမေရိကန်ပြည်ထောင်စုက ကမ်းခြေတက်တပ်ဖွဲ့ဝင်များသည် ပြင်းပြင်းထန် ထန်တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ထိုကျွန်းပေါ်ရှိ ဂျပန်ဘုရင်တပ်ဖွဲ့ဝင်တို့ကလည်း ကျားကုတ်ကျားခဲ ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်ခဲ့ကြရာ ဂျပန်ဘုရင် ကြည်းတပ်နှင့် ရေတပ်မတော်တို့မှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား ထောင်သောင်းချီ၍ နိုင်ငံအတွက်အသက်စွန့်လွှတ်ခဲ့ရသည်။

ဤကျွန်းရှိ ဂျပန်စစ်သည်တော်များ၏ အမှတ်တရ အထိမ်းအမှတ်ကျောက်တိုင်အား သွားရောက်အလေးပြုခဲ့၍ အသက်ဆုံးရှုံးသွားသူများအားလုံးအတွက် ချီးကျူးဂုဏ်ပြုစကားပြောဆိုခဲ့သည်ဟုသိရ၏။ ထို့နောက် ဂျပန်ဧကရာဇ်က ဂျပန်နိုင်ငံအနေဖြင့် အတိတ်ဖြစ်ရပ်များကို လေ့လာသင်ခန်းစာယူကြရမည်ဖြစ်ပြီး ထိုဖြစ်ရပ်များကို မည်သည့်အခါမျှ မေ့ပျောက်မပစ်ရန်လည်း ပြောကြားခဲ့သည်ဟု သတင်းမီဒီယာများက ရေးသားဖော်ပြခဲ့ကြ၏။

ဤဆောင်းပါးအတွင်း ဖော်ပြခဲ့သော တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ကြသော အတိတ်သမိုင်းကြောင်း အမှတ်တရဖြစ်စဉ်များနှင့် ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ယာဆူကူနီ ဂူဗိမာန်သို့ ဂျပန်ဝန်ကြီးချုပ်အပါအဝင် ဂျပန်အစိုးရအဖွဲ့ဝင် အများအပြား သွားရောက်ဂါရဝပြုကြခြင်း စသော ဖြစ်စဉ်များသည် တရုတ်-ဂျပန် ဆက်ဆံရေးအား အဖုအထစ်ဖြစ်ခဲ့သည့်ပြင် သံတမန်ဆက်ဆံရေးမှာလည်း အခက်အခဲ ဖြစ်ပေါ်စေလိမ့်မည်ဟု နိုင်ငံတကာမှ ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးကို စောင့်ကြည့်လေ့လာအကဲခတ်သူများက ဆိုခဲ့ကြ၏။

အတိတ် သမိုင်းကြောင်းများတွင် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ ဆက်ဆံရေးမှာ ချောမွေ့ခဲ့ခြင်းမရှိပေ။ ထို့အတူ ယင်းနှစ်နိုင်ငံတို့အကြားတွင် အမေရိကန်ပြည်ထောင်စုသည် အဓိကနေရာမှ ပါဝင်ခဲ့၏။ ရှေးပဝေသဏီသမိုင်းစဉ်တစ်လျှောက် ဂျပန်လူမျိုးတို့သည် စစ်ကိုလိုလားသူ လူမျိုးများအဖြစ် တွေ့ကြရသည်။ သို့သော် အချင်းချင်း တိုက်ခိုက်ခဲ့ခြင်းဖြင့်သာ အချိန်ကုန်လွန်ခဲ့သည်။ ၁၉ ရာစုနှောင်းပိုင်းကာလ မတိုင်မီအထိ ဂျပန်လူမျိုးတို့သည် တိုင်းတစ်ပါးသို့သွားရောက် တိုက်ခိုက်ခဲ့သော သာဓကတစ်ကြိမ်သာရှိသည်။ ခရစ်နှစ် ၁၅၉၂ ခုနှစ်တွင် ဂျပန်စစ်ဘုရင် ဟိဒေယိုရှိကသည် တရုတ်နိုင်ငံပေါ်အား သိမ်းပိုက်ရန်ဟူသောအကြံဖြင့် ကိုရီးယားနိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ သို့သော် အောင်မြင်ခြင်းမရှိသဖြင့် ဆုတ်ခွာလာခဲ့ရ၏။ ဤစစ်ပွဲဖြစ်ပွားခဲ့ပြီးနောက် ဂျပန်နိုင်ငံသို့ ပေါ်တူဂီနိုင်ငံနှင့် စပိန်နိုင်ငံတို့မှ ခရစ်ယာန်သာသနာပြုအဖွဲ့များ ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com

လာခဲ့၏။

စစ်ဘုရင်များသည် အနောက်တိုင်း ခရစ်ယာန်သာသနာပြုအဖွဲ့များအား ဂျပန်နိုင်ငံမှ နှင်ထုတ်၍ ခရစ်နှစ် ၁၆၃၆ မှစ၍ ၁၉ ရာစုနှောင်းပိုင်းကာလအထိ တံခါးပိတ်ဝါဒကိုကျင့်သုံးခဲ့သည်။ ခရစ်နှစ် ၁၈၅၃ ခုနှစ်တွင်မှ အမေရိကန်ပြည်ထောင်စု ရေတပ်မတော်မှ ဗိုလ်ချုပ်ပယ်ရီက ဂျပန်နိုင်ငံအား ပြင်ပြကမ္ဘာနှင့် ဆက်သွယ်ရန် ဖွင့်အတင်းစီမံဆောင်ရွက်ခဲ့၏။ နှစ်ပေါင်းများစွာ နိုင်ငံတော်အာဏာကို ယူထားသောစစ်ဘုရင် တိုဂူဂါဝါကိုဂွန်မျိုးနွယ်တို့ ပြုတ်ကျသွားပြီး ဂျပန်ကေရာဇ်သည် ဂျပန်နိုင်ငံ၏အာဏာကို ဆုပ်ကိုင်လာနိုင်ခဲ့၏။

တစ်ချိန်က အာရှတိုက်တွင် နိုင်ငံတကာက မော့ကြည့်ခဲ့ရသော တရုတ်နိုင်ငံသည် ဘိန်းစစ်ပွဲများတွင် အင်္ဂလန်နိုင်ငံအား လက်မြှောက်အရှုံးပေးခဲ့ရသဖြင့် အင်္ဂလန်နိုင်ငံအပါအဝင် ဘက်စုံတိုးတက်သော ဥရောပနိုင်ငံကြီးများအား မိမိတို့ကြိုက်သလို ကုန်စည်ကူးသန်းခွင့်နှင့် တရုတ်နိုင်ငံ ဆိပ်ကမ်းမြို့များတွင် အခြေချခွင့်ပေးခဲ့ရ၏။

ဂျပန်နိုင်ငံတော်ကမူ မိမိနိုင်ငံအား အနောက်တိုင်းနယ်ချဲ့နိုင်ငံများရန်မှ ကာကွယ်ရန် အနောက်တိုင်းနိုင်ငံများမှ အကူအညီနှင့် ခေတ်မီလက်နက်စက်ရုံများ တည်ဆောက်ခဲ့သည်သာမက ဂျပန်ဘုရင်ရေတပ်နှင့် ကြည်းတပ်အား အနောက်တိုင်းသားတို့၏ အကူအညီနှင့် ခေတ်မီတိုးတက်အောင် လေ့ကျင့်စေခဲ့၍ နှစ်အနည်းငယ်အတွင်း ဂျပန်နိုင်ငံသည် ခေတ်မီသောနိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်သာမက အခြား ဥရောပနိုင်ငံများနည်းတူ နယ်ချဲ့ရန်စိတ်ဝင်စားလာခဲ့ရာ တရုတ်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့အား နယ်ချဲ့ရန် စီမံခဲ့တော့၏။

အစဉ်အလာအားဖြင့် အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံအပေါ် သံယောဇဉ်ကြီးခဲ့၏။ အမေရိကန်ပြည်ထောင်စုမှ အမေရိကန်ဘက်ပတစ် ခရစ်ယာန်သာသနာပြု အဖွဲ့ဝင်များသည် ရှေးပဝေသဏီကပင် တရုတ်နိုင်ငံသို့ သွားရောက်၍ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရာ တရုတ်၊ အမေရိကန်ဆက်ဆံရေးမှာ ကောင်းမွန်သည်ဟု ဆိုရမည်ဖြစ်၏။ ထိုစဉ်ကာလက အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် တရုတ်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းအချို့ကို မြှုပ်နှံလာခဲ့၏။ ဗြိတိသျှနယ်ချဲ့သမားကလည်း သမိုင်းအဆက်ဆက် သူကိုလိုနီကျွန်ပြုထားသော မြန်မာနိုင်ငံမှတစ်ဆင့် တရုတ်နိုင်ငံနှင့် ကုန်ကူးသန်းရောင်းဝယ်ရန် စိတ်ဝင်စားခဲ့၏။ မှတ်တမ်းများအရ အမေရိကန်ပြည်ထောင်စု သမ္မတကြီး ဖရင်လင်ရုစဗဲ့သည် တရုတ်နိုင်ငံသည် လာမည့်အနာဂတ်တွင် အာရှတိုက်ပြည်ထောင်စု "United state of Asia" ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားသည်။

ဂျပန်နိုင်ငံသည် ခေတ်မီတိုးတက်၍ အင်အားကြီးနိုင်ငံဖြစ်လာသည်နှင့် ဒုတိယကမ္ဘာစစ်ကြီးကာလက အေ၊ ဘီ၊ စီ၊ ဒီခေါ်သော အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဒတ်(ချ်)တို့အား အရှေ့**တောင်အာရှမှ** မောင်းနှင်ထုတ်ပြီး တရုတ်နိုင်ငံအတွင်း မကြေညာသော စစ်ပွဲဆင်ခဲ့၏။ ဗြိတိသျှနှင့် ဒတ်(ချ်)တို့ကမူ သူတို့၏ ကိုလိုနီနိုင်ငံများသည် ဂျပန်နိုင်ငံ၏ လက်လှမ်းမီသော နိုင်ငံများဖြစ်သဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ပူးပေါင်းကာ တရုတ်နိုင်ငံဘက်မှ ရပ်တည်လာမည့် နိုင်ငံရေးသဘောထား ကျင့်သုံးခဲ့သည်။ ဤအတိတ်သမိုင်းဖြစ်စဉ်များကား ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက အခြေအနေအရပ်ရပ်ဖြစ်၏။

ယနေ့အရှေ့တောင်အာရှတွင် ဖြစ်ပွားနေသော နိုင်ငံရေးအခြေအနေများကား ပြောင်းလဲခဲ့ပြီ ဖြစ်သည်။ ကိုလိုနီဝါဒကျင့်သုံးခဲ့သော အင်အားကြီးနိုင်ငံများ မရှိတော့။ သို့သော် ... အကြောင်းအမျိုးမျိုးကြောင့် ဆန့်ကျင်ဘက်ဖြစ်ကြသော အုပ်စုဝင်နိုင်ငံများ ဖြစ်လာသည်။ ယနေ့ စူပါပါဝါဟု နိုင်ငံတကာက ယူဆထားသော အမေရိကန်ပြည်ထောင်စုသည် ဂျပန်နိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ခြင်း စသော စစ်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လာခဲ့ပြီး ဂျပန်နိုင်ငံအား ထောက်ခံသည့်အနေအထားဖြစ်လာခဲ့ရာ ရှေ့တွင်မမျှော်လင့်ဘဲ ဖြစ်လာမည့် ဖြစ်စဉ်များအရ စောင့်ကြည့်ရန်သာရှိသည်ဟု ဆိုကြပါကြောင်း ...။

**လှမိုး(ပညာရေး)**

ကျမ်းကိုး

(၁) The Rising Sun By J.T[illegible]

(၂) သတင်းမှတ်တမ်းများ။

www.burmeseclassic.com

www.burmeseclassic.com



# လက်နက်မပါသော ပုဂ္ဂိုလ်

ခင်မောင်အေး(မန္တလေး)

အချိန်ကား . . .၁၃၁၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် နေ့။ တော၊ တောင်၊ လျှိုမြောင်၊ ချောက်ကမ်း၊ ချုပ်ကြားထူထပ်လျက် ရေစီးကြမ်းသော ချောင်းများက တဟဲဟဲ တရှဲရှဲ၊ အဟုန်ပြင်းပြင်းစီးဆင်းလျက်ရှိသည်။ တောင်ထွတ်များကလည်း မိုးသို့ပင်ထိလုခမန်း မြင့်မားလှသည်။ ရာသီဥတုကလည်း စိမ့်နေအောင်အေးသည်။ တောင်ပေါ်မှာက တောင်အောက်မှာထက် အအေးပိုသည်။ တောအသွယ်သွယ်၊ တောင်အထပ်ထပ် ဝေးလံသီခေါင်လှသော အရပ်ဒေသမှာ ခရီးသွားတစ်ဦးရှိနေသည်။

ယင်းခရီးသွားသည်ကား တောင်တန်းသား တိုင်းရင်းသားတို့အား ဘာသာရေး၊ သာသနာရေးတွင် အမြင်မှန်အောင် မျက်စိ ‘ငှ့်ပေးခဲ့ပြီး စာရိတ္တရေးရာ၊ လူမှုရေးရာအဖြာဖြာကို ရှေ့ဆောင်ရှေ့ရွက်ပြုပေးခဲ့သည့် တောင်တန်းသာ:ာနာပြုဆရာတော် အရှင်ဥတ္တမသာရဖြစ်ပါသည်။ ထိုအချိန်တွင် ဤအရှင်သည် မဏိပူရပြည်နယ်ခြား မြန်မာပြည်မြောက်ပိုင်း ချင်းတောင်မှ ကျေးရွာတစ်ရွာသို့ ခရီးနှင်လျက်ရှိ၏။ သာမန်ခရီးသွားတို့ ခုနစ်ရက်ခန့် နားနားနေနေသွားကြရသည့် သည်ခရီးကို အရှင်သည် နှစ်ညအိပ် သုံးရက်ဖြင့် အရောက်သွားခဲ့လေသည်။ နေ့ရော ညပါ မနားမနေသွားခြင်း ဖြစ်၏။ ည

www.burmeseclassic.com

အမှောင်တွင် ညတစ်ဝက်ခန့် ခရီးနှင်ကာ အတော်ကြီးမှောင်တော့မှသာ နားသည်။ သန်းခေါင်ကျော်သည့်အချိန်တွင် ခင်လမ်းကျေးရွာသို့ ရောက်လာလေသည်။

ခင်လမ်းရွာကိုကျော်၍ သွားရန်ဖြစ်ကာ အတော်အတန်လှမ်းသည့် ဗိုလ်တဲတစ်လုံးမှာ ညအိမ်ဖို့ရည်ရွယ်ထားသည်။ ရွာခွေးများက ထိုး၍ထိုး၍ ဟောင်သောကြောင့် ရွာလူကြီးနှင့်တကွ ရွာသားများပါ နိုးလာကြ၏။ နံနက်အရုဏ်တက်တွင် ရှေ့သို့ခရီးဆက်ရန် ရှိနေပါသေးသည်။ ညအချိန်ကြီး ရွာလူကြီးရော၊ ရွာသားများနှင့်ပါ အာလာပသလ္လာပစကားများဆိုဖို့ မသင့်တော်မှန်းသိနေစေကာမူ သာသနာပြုဘုန်းကြီးမို့ ဘု၊ရားစကား၊ တရားစကားများ သံယာမို့ ပြောရဟောရပေလိမ့်ဦးမည်။ ပြီးတော့လည်း ဆေးဝါးဓာတ်စာ ပါလာသည်များ ပေးကမ်းစွန့်ခဲ့ရချေဦးမည်။ ဗိုလ်တဲကလေးငယ်ငယ် အလယ်မှာ မီးလင်းဖိုမီးထည့်ကာ ရွာလူကြီးများနှင့် စကားပြောရ၏။ ရေကပ်သူကကပ်၊ မီးဖိုထဲသို့ ထင်းဖြည့်သူကဖြည့်၊ အမှိုက်သရိုက် ဖုံသဲတွေ လှည်းကျင်းသူက ရှင်းလင်း။

"ဒီလိုညအချိန်မတော်ကြီး ဘယ်ပါးတည်းကြွလာတာအံ့ရော။ ကျားစာလားသုံးကောင်ကလည်း ပါလာလိုက်သေး။ ညကြီးမင်းကြီး လမ်းကောမြင်ရရဲ့လားဘုရား"

"သခင်ကြီးကို ရွာထဲမှာအိပ်နိုင်းတာ မအိပ်ဘူး။ တောထဲက ဒီဗိုလ်တဲက မလုံခြုံဘူး။ စိတ်လည်းမချရဘူး"

သာသနာပြုဆရာတော်က ချင်းဒကာတို့၏စကားများကို သင့်လျော်သလို ဖြေကြားကာ တရားသဘောကို စောကြောပြောပြရ၏။

"အိမ်း...ဟုတ်တယ်။ ဘုန်းကြီးမှာ ကြောက်စရာမရှိပါဘူး။ တွေးလည်း မတွေးမိပါဘူး။ ကြောက်စရာမရှိလို့ ဒီတောတွေ၊ ဒီတောင်တွေထဲမှာ တစ်ယောက်တည်း ဒီခရီးကိုသွားနေတာပေါ့။ တောကောင်တွေ ဘုန်းကြီးကို ဘယ်လိုမှအန္တရာယ်မပြုကြပါဘူး။ ဒီခရီးမျိုး ဘုန်းကြီးက တစ်ပါးတည်းသွားနေကျပဲ။ သူတို့ ရန်မရှာကြပါဘူး။ ဘုန်းကြီးကို သူတို့မြင်ပါလိမ့်မယ်။ ရန်မပြုချင်လို့ ဖြစ်နိုင်ပါတယ်။ ဒကာတို့ဘာကြောင့်ဆိုတာ သိချင်ကြလား"

ရွာသားများ ဒွိဟဖြစ်နေသည်။ ဘုန်းကြီးကို တောကောင်များ ဘာကြောင့်ရန်မပြုကြသလဲဟု သူတို့သိချင်နေကြ၏။ သူတို့စိတ်တွင်း ဘုန်းကြီးတွင် ဆေးစွမ်းကောင်း တစ်ခုခုတော့ ရှိနေမှာသေချာသည်။ ဘုန်းကြီးလက်ထဲ ဘာမှမပါဘဲ တောကောင်တွေက ရှောင်ကြတယ်ဆိုတော့ တို့လိုသေနတ်တွေ၊ ဓားတွေ ကိုင်စရာမလိုတော့ဖူးပေါ့။ သည်လို တွေးမိကြ၏။

"ဆေးမဟုတ်ပါဘူး ဒကာတို့။ ဘုန်းကြီးလက်နက်က ဒကာတို့မမြင်ကြလို့ မသိတာ။ ဒီလက်နက်ကို ဘုန်းကြီးအမြဲဆောင်ထားလို့ တောထဲတောင်ထဲ ဘုန်းကြီးတစ်ယောက်တည်း ဘယ်လိုတောသတ္တဝါမျိုးကိုမှ မကြောက်ဘဲ သွားဝံ့တာပေါ့"

"ဒီလိုဆိုရင် တပည့်တော်များကို ဒီလိုလက်နက်မျိုး စွန့်ကြဲပေးခဲ့ပါ ဘုရား"

ချင်းဒကာတစ်ယောက်က အများအတွက် ဆရာတော်အရှင်အား လျှောက်ထားတောင်းခံလိုက်သည်။

"ဘုန်းကြီးရဲ့ လက်နက်ကတော့ အလွန်အစွမ်းထက်လှပါတယ် ဒကာတို့။ လက်နဲ့ကိုင်ပြီး ပြလို့မရဘူး။ ကြည့်လို့လည်းမမြင်ရဘူး။ လက်နက်နာမည်က 'မေတ္တာ'တဲ့။ မှတ်ထားကြ ဘုန်းကြီး ပြောပြမယ်။ နားထောင်"

သာသနာပြု ဆရာတော်အရှင်သည် ချင်းဒကာတို့အား မေတ္တာလက်နက်အကြောင်းကို သေချာကျနစွာ ရှင်းလင်းပြောပြလေသည်။ မေတ္တာလက်နက်ဆိုသည်မှာ အေးချမ်းခြင်း၊ ချစ်ခင်ခြင်း၊ ကြင်နာသနားစိတ်များထားရှိခြင်းဖြစ်ကြောင်း၊ ချင်းဒကာတို့ကိုယ်တိုင် ကျင့်ကြံလို့ရသည့်အကြောင်း သတ္တဝါများအပေါ် မေတ္တာဓာတ်များ လွှတ်လျက် သွားမည့်ခရီးလမ်းတစ် လျှောက် စိတ်ဖြင့်ကြိုတင်လျက် မေတ္တာ ပို့ရကြောင်း ဒကာတွေနားလည်အောင် ရှင်းလင်းပြောပြလေသည်။

ခင်လမ်းရွာသား ချင်းဒကာများ အဖို့မူ ဘုန်းကြီးပြောပြသည့်စကားများကို ယခင်ကတစ်ကြိမ်တစ်ခါမျှ မကြား



www.burmeseclassic.com

www.burmeseclassic.com

စဖူးကြားရထူးသည့် စကားများပင်။ သို့ဖြစ်ရကား စိတ်ဝင်စားသည့်ထက် ဝင်စားလာကြ၏။ တစ်ဦးကနှစ်ဦး၊ နှစ်ဦးမှ သုံးဦး ရှေ့သို့တိုးဝင်ကာ နားထောင်နေကြသည်။ ဆရာတော်အရှင်သည်လည်း မိမိပြောပြသည့် တရားစကားကို ဒကာတွေနားဝင်လျက် စိတ်ပါလက်ပါရှိလာကြကြောင်း တွေ့မြင်ရ၍ အားတက်ဝမ်းမြော က်လာလေသည်။ ခဏအကြာမှာ ရှာသားတစ်ဦး စကားဝိုင်းမှ ထွက်ခွာသွားပြီး မကြာမီပြန်ရောက်လာသည်။ ကြက်နှစ်ကောင်နှင့် ကြက်ဥတွေ တစ်ပွေ့တစ်ပိုက်ကြီးနှင့် ပြန်ရောက်လာသည်။ ရှာလူကြီးက ရှာသားလက်မှ ကြက်နှင့် ကြက်ဥများကို လှမ်းယူကာ ဘုန်းတော်ကြီးအား လှူဒါန်းသည်။ အရှင်စားဖို့ လှူတာပါလို့ ပြောသည့်အခါ ဆရာတော်အရှင်က လက်မခံဘဲပြန်ပေးလိုက်သည်။

ဘုန်းကြီး ကြက်တွေမစားကြောင်း၊ အသီးအရွက်ပေးလှူင်စားမည့်အကြောင်း၊ အသားမစားလို့ တောကောင်ကြီးတွေက ရန်မမူကြတာဖြစ်ကြောင်း ထပ်မံရှင်းလင်းပြောပြရသည်။ ချင်းဒကာတို့ကလည်း သူတို့ကိုယ်တွေ့ အတွေ့အကြုံတစ်ခုကို ပြန်လည်ပြောပြသည်။ စစ်အတွင်းကာလတစ်နှ ဘွင် သူတို့တစ်စုအထက်ချင်းတွင်းရှိ ကင်းတပ်မြို့သို့ သွား၍ အလုပ်လုပ်ကြသည်။ တောတွင်းတစ်နေရာမှာ စုပေါင်းစခန်းချထားက် ယာယီတဲများနှင့် နေထိုင်ကြရသည်။ ကျားများ ပေါ်များသောင်းကျန်းလွန်းသဖြင့်တစ်ကြောင်း၊ မဟာမိတ်လေယာဉ်ပျံများကို ကြောက်ကြရသဖြင့်တစ်ကြောင်း၊ မီးမဖိုဝံ့၊ အိပ်လည်းမအိပ်ဝံ့ဘဲ ဒုက္ခကြီးစွာရောက်ခဲ့ကြရသည့်အကြောင်း ပြောပြကြ၏။ သို့ပင်ဖြစ်စေ သူတို့စခန်းနှင့် မလှမ်းမကမ်းတွင် တောရကျောင်းတစ်ကျောင်းရှိနေပြီး ထိုကျောင်းမှ ဘုန်းကြီးထံသို့မူ ကျားလာသည်ဟု တစ်ကြိမ်မှ မကြားရဖူးသည့်အကြောင်း ပြောပြကြပါသည်။

သာသနာပြုဆရာတော်ကလည်း ချင်းဒကာတွေအား စကားစပ်မိသွားကာ အခွင့်အခါကြုံတုန်းဖြစ်၍ မေတ္တာအကြောင်း ဆက်လက်ပြောပြခဲ့လေသည်။

"ဒီလောကကြီးအတွင်း လူတွေအကုန်လုံး တစ်ယောက်နဲ့တစ်ယောက် မေတ္တာစာတ်တွေ အပြန်အလှန်ရစ်ပတ်နေတယ်။ ကိုယ်ကမေတ္တာထားရင် သူကလည်းပြန်ထားတယ်...။ သဘာဝပါပဲ။ မေတ္တာတန်ခိုးဟာ အလွန်ကြီးတယ်။ ရန်ငြိမ်းစေ၊ မီးငြိမ်းစေတယ်။ အန္တရာယ်အပေါင်းက လွတ်ကင်းတယ်။ တောကျောင်းဘုန်းကြီးဆီ ကျားမလာတာ အပြန်အလှန်မေတ္တာထားနေကြတာကြောင့်ပဲ။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာမှာ ဗြဟ္မဝိဟာရဆိုတဲ့ တရားလေးပါးရှိတယ်။ အဲဒီတရားတွေကတော့ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ကိုယ်ချင်းစာခြင်း၊ အကြောင်းနဲ့အကျိုးကိုနားလည်ခြင်း စတာတွေပါပဲ။ လူအချင်းချင်း ဆက်ဆံကြတဲ့အခါ ဒီတရားလေးပါးနဲ့အညီ ဆက်ဆံကြဖို့ပါ။ နားလည်ကြရဲ့လား ဒကာတို့"

ချင်းဒကာများကလည်း နားလည်ကြသည့်အကြောင်း အဖြေပေးသည်။ ညသန်းခေါင်ကျော်နေချေပြီ။ ရှာလူကြီးနှင့်ရှာသားများလည်း ပြန်ကုန်ကြပြီ။ နံနက်စောစော ဘုန်းကြီးခရီးဆက်ဖို့ရှိသေးသည်။ အအေးဓာတ်က ညဦးနက်လေလေ ပြင်းထန်လာလေလေဖြစ်သည်။ စောစောက ချင်းဒကာတွေ ဗိုလ်တဲဟောင်းအလယ်မှာ မီးလင်းဖိုအတွင်း ထင်းများအပြည့်ဖြင့် မီးထည့်ပေးသွားသဖြင့် အအေးဒဏ်မှ အတော်အတန် သက်သာနေသည်။ ဒါသည်ပင်လည်း မေတ္တာ၏အကျိုး တန်ခိုးအာနိသင်တစ်ခု မဟုတ်ပါလား။ သာသနာပြုဆရာအရှင် စိတ်အလျဉ်တွင် ဆင်ခြင်သုံးသပ်မိလေသည်။ မကြာမီ အရုဏ်လာတော့မည်။ ခရီးသွားသည့်အခါ ပင်ပန်းနွမ်းနယ်မနေရအောင် တစ်မှေးတော့ အိပ်လိုက်ဦးမည်။" အရှင်၏ မျက်တောင်များ မကြာမီပင် မှေးမှိတ်သွားလျက် အိပ်ပျော်သွားလေသည်။

**ခင်မောင်အေး(မန္တလေး)**


<u>စာကိုး</u>

ဆရာတော်အရှင် ဦးဥတ္တမသာရ၏ ကိုယ်တွေ့မှတ်တမ်းများ



www.burmeseclassic.com

www.burmeseclassic.com



# ကုန္ထြေထက်မှ တရားတက်မည်

ဝသုန်ဟိန်းထက်

ယနေ့အခါကဲ့သို့ ဗုဒ္ဓသာသနာ နေလိုလလို ထွန်းတောက်နေသော အခါသမယ၌ ဝိပဿနာတရားတော်ကို ကျင့်ကြံအားထုတ် ပွားများလာသူများလည်း များသထက်များလာခဲ့ချေပြီ။ ဆယ်ရက်စခန်း၊ တစ်လစခန်း၊ အထူးတရားစခန်းများ စသဖြင့် နေရာဒေသအနှံ့ တွေ့မြင်နေကြရသည်မှာလည်း ကြည်နူးစရာပင် ဖြစ်ချေ၏။

သံသရာဝဋ်ဒုက္ခမှ အမှန်လွတ်ရာ နိဗ္ဗာန်ချမ်း
တတ်ကို ရရှိခံစားနိုင်ရန်မှာလည်း ဤဝိပဿနာတရားမှ
အခြားမရှိ။

"ရင်ဝလုံစူး ဆံပင်မီးလောင်" လျှင်ပင် ရင်ဝမှာ
နေသောလှံကို မနုတ်ခင်၊ ဆံပင်မှာလောင်ကျွမ်းနေသော
အရင်မငြိမ်းသတ်ခင် ဝိပဿနာကို အားထုတ်ကြ

www.burmeseclassic.com

အရိယလမ်းစဉ် ဆရာတော်ဘုရားကြီးများက ဖွင့်ဆိုညွှန်ပြတော်မူခဲ့ပါသည်။

"ညည်းညူမရှိ၊ သတိမမေ့
ချိန်နေ့သိပြန်၊ မျက်လန်ကြောဆွဲ
မရှိဘဲနှင့်၊ သေလည်းမတောင့်တင်း

ပုပ်နံ့ကင်းသည်၊ ကျိုးရင်းဝိပဿနာတန်ခိုးတည်း"ဟု ဝိပဿနာ၏ ဂုဏ်ပုဒ်ကို ပုထုဇဉ်တို့နားလည်အောင် ရိုးစင်းစွာ ဖွင့်ဟပြဆိုထားခဲ့ပါသည်။ ထိုဂုဏ်ပုဒ်တို့ကို အနည်းငယ်မျှ ရှင်းပါအံ့။

အကြင်သူသည် လွန်စွာ အသက်ရှည် ကြီးရင့်သောအခါ နောက်ဆုံး မီးဇာရောက်သေ ၁အခါ၌ သတ်မှတ်ဉာဏ်တို့ ပျက်စီးပျောက်ဆုံးကြရတော့သည်။ သားသမီး ဇနီးမယားတို့လည်း မသိ။ သူစိမ်းတစ်ရံဆံအလား ရှုမြင်ဆက်ဆံတတ်သည်။ ဝိပဿနာကို ကောင်းစွာအားထုတ်ထားသူကား နောက်ဆုံးထွက်သက်အထိ ကောင်းစွာအမှတ်ရခြင်း ရှိကြပါသည်။

ဘယ်နေ့ဘယ်အချိန် သေမည်ကိုလည်း မသိနိုင်ကြကုန်။ သို့သော် ဝိပဿနာကို ကောင်းစွာအားထုတ်သူသည် သူ၏ဘဝပြောင်းမည့်ကာကို သိ၏။ သားသမီး မိဘဆွေမျိုးတို့ကိုလည်း သွယ်ဝိုက်၍ စောင်းပါးရိပ်ခြည် ပြောတတ်၏။ "ငါ့အတွက် ဆယ်ရက်ပဲ အချိန်ရှိတော့တယ်" သဖြင့် ဆိုတတ်၏။ သေမည့်အချိန်သိနေတတ်၍ "ချိန်နေ့သိပြန်"ဟု ဆိုထားခြင်းဖြစ်သည်။

သေခါနီးအချိန်၌ အကုသိုလ်များသူတို့ကား တွန့်လိမ်ကောက်ကွေး ရုန်းကန်လူးလှိမ့်၊ မျက်လည်အကြောဆွဲဖြင့် ချွန်ပျက်ဆင်းပျက် ဖြစ်ကြရသည်။ ဝိပဿနာအားထုတ်သူတို့ကား ထိုသို့သော လက္ခဏာမျိုးသည် မဖြစ်။

ဇီဝိန်ကင်းမဲ့ သက်မဲ့ခန္ဓာမှာလည်း အပုပ်နံ့မထွက်၊ အားစက်တောင့်တင်းမှုမရှိ။ ဤသည်တို့ကား ပစ္စုပ္ပန်အကျိုးတရားများပင်တည်း။

တစ်ကြိမ်တစ်ခါမျှ အားမထုတ်ဖူးသူတို့သည် စတင်အားထုတ်သောအခါ တရားအတက်မြန်လိုကြသည်။ တရားထူး တရားမြတ်၏ အရသာကို ခံစားလိုကြသည်။ ထိုသို့တရားမြန်မြန်တက်၊ တရားထူးမြန်မြန်ရရန် ဣန္ဒြေတက်ကြောင်း (ဝါ) တရားတက်ကြောင်း အကြောင်းတရားတို့ကို အဋ္ဌကထာဆရာများက ရှင်းလင်းပြဆိုထားခဲ့ပါသည်။

ဝိပဿနာ အားထုတ်သော် ထိုဣန္ဒြေငါးပါးသည် ထိုက်သင့်အားလျော်စွာ လိုက်ပါလာတတ်စမြဲ။ ငါးပါးညီမျှအားကောင်းသွားသောအခါမှာတော့ တရားမတွေ့သေးသူတွေ တရားတွေ့သွားကြရပြီ။ တရားတွေ့တက်ကြရပြီ။ တရားထူးရထိုက်သူတို့ကလည်း တရားထူးရသွားကြရပြီ။

ဤသို့လျှင် အကျိုးများသော "ဣန္ဒြေငါးပါး"ဟူသည်ကား• • •

(၁) သဒ္ဓိန္ဒြေ - ယုံကြည်မှုအားကောင်းခြင်း၊
(၂) ဝီရိယိန္ဒြေ - လုံ့လစိုက်မှုအားကောင်းခြင်း၊
(၃) သတိန္ဒြေ - အမှတ်သတိအားကောင်းခြင်း၊
(၄) သမာဓိန္ဒြေ - စိတ်တည်ငြိမ်မှုအားကောင်းခြင်း၊
(၅) ပညိန္ဒြေ - အသိဉာဏ်အားကောင်းခြင်း ဟူ၍ ဖြစ်ပါသည်။

"ဝိသုဒ္ဓိမဂ္ဂ"၌ ဣန္ဒြေငါးပါးကို "ဗိုလ်ငါးပါး"ဟုလည်း ညွှန်းဆိုထား၏။

မာရ်စစ်သည်တို့ကို တိုက်ထုတ်ရန် ရှေးဦးစွာ စစ်ဗိုလ်ချုပ်ကြီးငါးပါးဟု ရည်ညွှန်းခြင်း ဖြစ်ပါသည်။

ဝိပဿနာကို အားထုတ်ဆဲကာလ၌ပင် ဤအကျင့်သည် မိမိပါရမီအားလျော်စွာ သောတာပန်ဖြစ်၍ မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်။ အပါယ်တံခါး ပိတ်နိုင်သည်ဟု ယုံကြည်ခြင်းကြောင့် သဒ္ဓိန္ဒြေအားကောင်းလာ၏။

ထိုအခါ ဆက်လက်ကြိုးစား အားထုတ်လိုစိတ်က ဝီရိယိန္ဒြေကို ဖြစ် ပေါ်စေပြန်သည်။ ပေါ်ရာပေါ်ရာအာရုံ၌ စွဲကပ်၍ တစ်ထပ်တည်း ရှုမှတ်နိုင်ခြင်း သည် သတိန္ဒြေကို ဖြစ်ပေါ်စေခြင်းဖြစ် သည်။ အာရုံ၏အစမှ အဆုံးတိုင် မှတ်သိစိတ်တည်သွားခြင်းကြောင့် သမာဓိန္ဒြေအားကောင်းကာ ရုပ်နှင့်နာမ်ကို ခွဲခြားသိမြင်လာစေသော ပညိန္ဒြေ ဝိပဿနာဉာဏ်များ ဖြစ်ပေါ်လာရတော့၏။

ဉာဏ်စဉ်များ တစ်ဆင့်ထက်တစ်ဆင့် ပြည့်စုံလာလျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကိုအာရုံပြုနိုင်ပြီ။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ဤကြွေခြင်းပါး ပြည့်စုံရမည်ဆိုရာတွင် ဟန်ချက်ညီရန် အရေးကြီးလှပါသည်။

သဒ္ဓိန္ဒြေ လွန်ကဲ၍ ပညိန္ဒြေအားနည်းသော် လမ်းလွဲတတ်၏။

ပညိန္ဒြေ လွန်ကဲ၍ သဒ္ဓိန္ဒြေအားနည်းသော် ကောက်ကွေ့တတ်၏။

ဝီရိယိန္ဒြေလွန်ကဲ၍ သမာဓိန္ဒြေ အားနည်းသော် ပျံ့လွင့်တတ်၏။

သမာဓိန္ဒြေလွန်ကဲ၍ ဝီရိယိန္ဒြေအားနည်းသော် ငိုက်မျဉ်းပျင်းရိတတ်၏။

ထိုသို့ မှတ်သားလေ့လာပြီးသော် ယောဂီတို့သည် မိမိနှင့် မသင့်လျော်သည်များကို ရှောင်ကြဉ်၍ သင့်လျော်ရာတို့ကိုသာ မှီဝဲခြင်းများလည်း ပြုတတ်ရမည်။

(၁) **အာဝါသော** ။ သင့်လျော်သော ရိပ်သာကျောင်းကို မှီဝဲရခြင်း။ (မိမိအားထုတ်ရာနေရာသည် မိမိမူလနေမြဲအရပ်နှင့် အလွန်မဝေး။ အလွန်မနီးခြင်း။ လူအသွားအလာနည်း၍ တိတ်ဆိတ်မှုရှိခြင်း။ မှက်၊ ခြင်၊ ယင်နှင့် အန္တရာယ်ပြုတိရစ္ဆာန်များ နည်းပါးရခြင်း။ စားရိက္ခာ၊ အဝတ်အထည်၊ ဆေးဝါး မခက်ခဲရခြင်း။ စစ်မှန်သော တရားပြပုဂ္ဂိုလ်ရှိသော နေရာဖြစ်ခြင်း။

(၂) **ဂေါစရော** ။ သင့်လျော်သော ဆွမ်းခံရွာကို မှီဝဲရခြင်း (အားထုတ်ရာနှင့် မနီးမဝေးတွင် ဆွမ်းခံရွာရှိရမည်)

(၃) **ဘဿံ** ။ သင့်လျော်သောစကားကို ပြောဆိုရခြင်း။ (အကြောင်းမရှိက နှုတ်ဆိတ်နေရမည်။ ပြောလျှင်လည်း တရားနှင့်စပ်သော စကားတို့သာ ပြောဆိုရမည်)

(၄) **ပုဂ္ဂလော** ။ သင့်လျော်သောပုဂ္ဂိုလ်ကို မှီဝဲရခြင်း။ (မိမိအလုပ် အကျင့်စရိုက်နှင့်အပ်စပ်သော ပုဂ္ဂိုလ်ရှိခြင်း)

(၅) **ဘောဇနံ** ။ သင့်လျော်သော အစာဘောဇဉ် ခဲဖွယ်ကို မှီဝဲရခြင်း (မိမိ၏အာဟာရ ရုပ်ခန္ဓာ ကျန်းမာရေးနှင့် ညီညွတ်မျှတသော အစာအာဟာရကို မှီဝဲမှသာ တရားမှတ်ရာတွင် ထိရောက်မည်)

(၆) **ဥတု** ။ သင့်လျော်သော အပူအအေး ဥတုကို မှီဝဲခြင်း။ (မိမိကျန်းမာရေးဖွဲ့စည်းပုံနှင့် သင့်လျော်အပ်စပ်သော ရာသီဥတုအချိန်ကာလတို့ကို မှန်စွာရွေးချယ်တတ်ရမည်။)

(၇) **ဣရိယာပထော** ။ သင့်လျော်သော ဣရိယာပုတ်ကို မှီဝဲရခြင်း။ (သွား၊ ရပ်၊ ထိုင်၊ လျောင်း ဟူသော ဣရိယာပုတ်လေးပါးတွင် မိမိနှင့် ကိုက်ညီသော၊ အဆင်ပြေသော ဣရိယာပုတ်တို့ကိုသာ ရွေးချယ်အသုံးပြုရမည်)

ဤသည်တို့ကား ဝိပဿနာအားထုတ်ရာ သင့်လျော်သည့် အချက်ခုနစ်ချက်ပင်တည်း။

ဟောမူ၊ ကျင့်မှု ဤနှစ်ခုနှင့် ပြည့်စုံပါက မဂ်ဖိုလ်နိဗ္ဗာန် တရားထူး တရားမြတ်များ ရရှိနိုင်ပေသည်။ ရနိုင်သော အကြောင်းတရားများမှာလည်း

(၁) အသိဉာဏ်ပြည့်ဝသော လူသားဖြစ်နေခြင်း။

(၂) အသက်ရှင်၍ ကျန်းမာနေခြင်း။

(၃) တရားဓမ္မ အမှန်တို့ကို နာကြားရခြင်း။

(၄) မဂ်၊ ဖိုလ် တရားများရှိနေသည့် သာသနာတော်ကြီးနှင့် တွေ့ကြုံရခြင်း ဟူသော အကြောင်းလေးဖြာ ပြည့်စုံနေသော အချိန်ဖြစ်ပေသည်။

ထို့ကြောင့်လည်း အသေမဦးခင်၊ အအိုမဦးခင်၊ အနာမဦးခင် ဝိပဿနာကို စွဲမြဲစွာ ကျင့်ကြံအားထုတ်သင့်လှပေသည်။ အခြေခံမှစ၍ စနစ်တကျ သင်ကြားဆည်းပူးထားအပ်ပေသည်။

မြတ်နိဗ္ဗာန်သွားရာ တစ်ခုတည်းသော လမ်းကြောင်းမှန်ဖြစ်သော ဝိပဿနာတရားမြတ်ကို ခုနစ်ရက်သားသမီးများအကျိုးဗုာ နှီးဆော်တင်ပြပူဇော် လိုက်ရပေတော့သတည်း။

**ဝသုန်[illegible]န်းထက်**



www.burmeseclassic.com

www.burmeseclassic.com


# ပုတ်ထူးပဒေသာ

## သင်ရိုးကုန်လေ့ကျင့်ခန်း နှင့် အဖြေစုံ

**အမှတ်ပေးစည်းမျဉ်းအတိုင်း အမှတ်(၁၀၀)ဖိုး အပြည့်ပါသည်။**

(၂၀၁၄-၂၀၁၅ ခရိုင်မေးခွန်းဟောင်းများ လေ့လာဖို့ပါသည်)

**စာကျက်မှတ်ရ လွယ်ကူအောင် လေ့ကျင့်ရလွယ်ကူအောင် စီစဉ်ထားပါသည်။**

## စတုတ္ထတန်း GRADE - 5

♦မြန်မာစာ ♦စာရိတ္တနှင့် ပြည်သူ့နီတိ ♦ဘဝတွက်တာကျွမ်းကျင်စရာ ♦သင်္ချာ ♦အခြေခံသိပ္ပံ ♦သမိုင်း ♦ပထဝီဝင် ♦**English Exam Special Guide Book**

ရွှေပဒေသာစာပေ - အမှတ်-၂၂၁၊ ပထမထပ်၊ ၃၁-လမ်း(အထက်)၊ စင်ထရယ်ဟိုတယ်ဘေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉-၂၆၃၄၄၃၀၀၈၆၊ ၀၉-၇၉၅၉၈၅၇၇၉၊ ၀၁-၃၇၄၉၂၇

# ပုတ်ထူးပဒေသာ

## အဋ္ဌမတန်း GRADE - 9

## သင်ရိုးကုန်လေ့ကျင့်ခန်း နှင့် အဖြေစုံ

(နမူနာမေးခွန်း၊ အမှတ်ပေးစည်းမျဉ်းနှင့် လေ့လာရန် မေးခွန်းဟောင်းပါသည်)

♦မြန်မာစာ ♦အထွေထွေသိပ္ပံ ♦ပထဝီဝင် ♦သမိုင်း

♦**MATHS 1 Exam Special Guide Book**

♦**MATHS 2 Exam Special Guide Book**

♦**English Exam Special Guide Book**

ရွှေပဒေသာစာပေ - အမှတ်-၂၂၁၊ ပထမထပ်၊ ၃၁-လမ်း(အထက်)၊ စင်ထရယ်ဟိုတယ်ဘေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉-၂၆၃၄၄၃၀၀၈၆၊ ၀၉-၇၉၅၉၈၅၇၇၉၊ ၀၁-၃၇၄၉၂၇


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လှိုရဒေဝီ၏ သစ္စာ

ဩဂိန်းထွန်းသစ်

## (ယခင်လမှအဆက်)

### လှည်းကူး (သို့မဟုတ်) လှည့်ကူး

ရုပ်ဝါဒကို ယုံကြည်သက်ဝင်ခဲ့ဖူး ပြီး ဖီလိုဆိုဖီ ဘာသာရပ်ဖြင့် ဘွဲ့ရခဲ့ သော ဆရာဦးအေးချစ်၊ ဘာသာရေး လောကထဲ ရောက်လာသည့်တိုင် ဆက်စပ်စဉ်းစား တွေးခေါ်မှုဖြင့် အရာ ရာကို ဆုံးဖြတ်၏။ မိမိဖြတ်သန်းရ သော လောကတိုလေးသည် သာသ နာပြုခရီးလမ်းဝယ် သာသနာပြု မှတ် တိုင်များ စိုက်ထူနိုင်ခဲ့ခြင်းက သက် သေပြချက်တစ်ခုပင် ဖြစ်သည်။ စိတ် ကူးယဉ်ဖြစ်စဉ်များနှင့် နာမ်လောက၊ ဇရလောကကို အဓိပ္ပာယ်မဲ့ မယုံ ကြည်တတ်။ လက်တွေ့ဘဝနယ်ပယ် မှာ ဖြစ်နိုင်တာ၊ ဖြစ်သင့်တာတွေကို တွေ့မြင်လုပ်ကိုင်ကြည့်သည်။ ယုတ္တိ ဗေဒကျကျ အောင်မြင်မှုများ ရရှိလာ သည့်အခါ စိတ်သန္တာန်ဝယ် သဒ္ဓါဇော တို့ တစ်ဟုန်တည်း ဖြစ်ပေါ်လာခဲ့ သည်။ သာသနာပြု ပုဂ္ဂိုလ်ဆိုသော် လည်း မုတ်ဆိတ်ကျင်စွယ်မထား၊ ဦးပေါင်းမရှိ၊ တောင်ဝှေးမရှိ၊ ယောဂီ ရောင်ဝတ်စုံပင် အမြဲမဝတ်။ ခေတ်လူ ငယ်တို့ ပုံသဏ္ဌာန်ဖြင့်သာ နေ၏။ ဦးအေးချစ်နှင့် ထွန်းသီဟတို့ နှစ်ဦး သား ပူးတွဲသာသနာပြု လုပ်ငန်း သည် အနီးကပ်ကြည့်တတ်မှသာလျှင် ယုံနိုင်ဖွယ်ရှိ၏။ အခက်အခဲများစွာ၊ ကိုယ်ကျိုးစွန့်လွှတ်၍ ဘုရားလေးဆူ တည်ခဲ့ပြီးပြီ။ ခေါင်းလောင်းငယ်၏ နောက်ဆုံးဖြစ်သော ငါးဆူမြောက် နဂါးရုံဘုရားတည်ထားရန် ဖြစ်ပေါ် လာခဲ့သည်။ မတည်မီ ဦးအေးချစ်နှင့် ထွန်းသီဟတို့ စိတ်သဘောချင်း ကွဲခဲ့ ကြသည်။ ထွန်းသီဟသည် လှည်း ကူးမြို့သို့ မလိုက်ချင်။ ချော်တွင်းကုန်း ဆရာတော်ဦးစီးတည်နေသော ဓမ္မ သိုက်စေတီသို့ သွားလိုသည်။ ထွန်းသီ ဟ ချော်တွင်းကုန်းဆရာတော်ကို ပါရ မီဖြည့်ဖူးသည်။ ထွန်းသီဟနှင့် ဦးအေး ချစ်တို့ ညှိမရ၊ ရက်သတ္တပတ်ခန့်ကြာ ခွဲခွာနေလိုက်ကြသည်။

သူတို့ သာသနာအတွက် သစ္စာ ပြုခဲ့သော ကမ္ဘာ့ဓာတ်ပေါင်းစေတီ၏ နှစ်ပတ်လည်နေ့၊ တပို့တွဲလပြည့်နေ့ မှာ မင်းဓမ္မတောင်မှာပြန်ဆုံကြသည်။ ည ၉ နာရီအချိန်၊ ကမ္ဘာ့ဓာတ်ပေါင်း မဟာခေါင်းလောင်းစေတီ၏ တနင်္ဂ နွေထောင့်မှာ ထွန်းသီဟ အဓိဋ္ဌာန် ပုတီးစိပ်၊ မေတ္တာပို့ပြီး အာနာပါန ကမ္မဋ္ဌာန်း ရှုမှတ်နေစဉ် သူ့အာရုံ မြင် ကွင်းထဲဝယ် ယောဂီဝတ်မိန်းမပျိုတစ် ဦး ထင်ရှားစွာပေါ်လာသည်။ ကြည် ငြင်တောက်ပသော မျက်လုံး၊ ဝင်းပ သောမျက်နှာ၊ ဂ...က်သရေရှိသော နန်းဆန်ဆန် မိန်းမငယ်ပင်။ ပြုံးလဲ့ သောမျက်နှာနှင့် "မောင်ကြီး ... ဘဝဟောင်းရဲ့သာသနာပြု နယ်မြေကို လာခဲ့စေချင်ပါတယ်။ သမာဓိစခန်း ဝိဇ္ဇာလမ်းမှာ လှည်းကူးမဟုတ်၊ လှည့် ကူးဖြစ်ကြောင်း၊ ဝိဇ္ဇာလမ်းစဉ်နှင့် လှည့်ကူးရသော နေရာဒေသ ဖြစ် ကြောင်း" ပြောဆိုလေသည်။ မင်းဓမ္မ တောင်၌ ပဋ္ဌာန်းဆက်ပုဂ္ဂိုလ် ပြော ကြားခဲ့သော စကားကို ထွန်းသီဟ မပယ်ရှားနိုင်။ စိတ်ထဲ၌ လေးလံထိုင်း မှိုင်းစွာဖြင့် လှည်းကူးသို့ လိုက်ပါခဲ့ရ သည်။ ဦးအေးချစ်သည်လည်းကောင်း၊ ထွန်းသီဟသည်လည်းကောင်း ဘဝ ၏ အလှည့်အပြောင်းတစ်ခု ကြုံတွေ့ ရမည်ကို ခန့်မှန်းတွက်ဆနိုင်ခဲ့ခြင်း ရှိမည်ဆိုပါလျှင် ...။

### ခေါင်းလောင်းငယ်၏ ကျိန်စာလော

ငမိုးရိပ်ချောင်းဘေး၊ နဂါးရုံ ဘုရ...းကြီး တည်ထားရေးအတွက် ဦးအေးချစ်နှင့် ထွန်းသီဟတို့ စတင် ကြိုးပမ်းကြလေသည်။ အောင်စကြာ ရပ်နေ သဒ္ဓါကြည်လင် ပါရမီရှင်တစ်စု တို့ ဝိုင်းဝန်းကူညီကြသည်။ အုတ်မြစ် ချပြီးကာလအချိန် ဦးအေးချစ် လေ ဖြတ်၍ ဆေးရုံတက်ရတော့သည်။ အသည်းအသန်အသက်လုရ၏။ သေ ကံမရောက်၍ အသက်ရှင်ခွင့် ရခဲ့ပါ ၏။ ကောင်းစွာတော့ နာလန်မထူ။ ထွန်းသီဟတစ်ဦးတည်း ကျန်နေခဲ့

www.burmeseclassic.com

သည်။ ပါရမီရှင်များက စိတ်မပျက်၊ ဖွဲ့မလျှော့ဖို့ တိုက်တွန်းကြ၏။ ဝိုင်းဝန်း ကူညီကြ၏။ ထိုအရပ်၊ ထိုဒေသမှာ ဆွေမျိုးမရှိ၊ မိတ်ဆွေရင်းမရှိ။ သို့သော် ဓမ္မလမ်းကြောင်းပေါ်မှ သာသနာ့မိတ်ဆွေများသည် အားပေး ကူညီကြ၏။ ဘုရားတည်ရသောအလုပ်သည် ခက်ခဲပင်ပန်းသော သာသနာပြုလုပ်ငန်း ဖြစ်ပါ၏။ သူတစ်လူ၊ ငါတစ်မင်း အချင်းချင်း စိတ်ဝမ်းကွဲခြင်း၊ အားပြိုင်ခြင်းတို့ ဖြစ်ပေါ်တတ်၏။ ထွန်းသီဟ တစ်ယောက်တည်း စိတ်အားတော့ ငယ်လေသည်။ သို့သော် ..ဘဝ၏ ပဋ္ဌာန်းဆက်(သို့မဟုတ်) သိမြင်နိုင်ခြင်း မရှိသော်လည်း ပြုခဲ့ဖူးသော သစ္စာ၊ ကျေးဇူးတရားတို့ အတုံ့အလှည့်ဖြင့် ကူညီစောင့်ရှောက်သူတစ်ဦး ပေါ်ပေါက်လာခဲ့သောအခါ ...။

နေဝင်တော့မည်။ ဆည်းဆာရောင်သည် ငမိုးရိပ်ချောင်း ရေပြင်ပေါ်ဝယ် ရွှေအိုရောင် ဖျော့ဖျော့သာ ရှိတော့သည်။ ထွန်းသီဟ ချောင်းဘေး ကမ်းစပ်မှာ မတ်တတ်ရပ်လျက် ရေပြင်ကို ငေးကြည့်နေမိသည်။ တစ်ဖက်ကမ်းသည် ဝါးရုံပင် အုပ်အုပ်ဆိုင်းဆိုင်းဖြင့် ဆိတ်ငြိမ်လှသည်။ စေတီပျက်ရှိရာသို့ ရော်ရမ်းမှန်းဆလျက် ငေးနေဆဲ၊ ထွန်းသီဟနောက်မှ ခြေသံကြားရသည်။ ဝါးရွက်ခြောက်တို့ပေါ် နင်းလျှောက်လာ၍ တဖျောက်ဖျောက်ဖြင့် မြည်နေသည်။ တိုးညင်းသိမ်မွေ့လှသော ခေါ်သံ။

“ဆရာ”

ထွန်းသီဟ နောက်သို့ လှည့်ကြည့် လိုက်မိသည်။အသက် ၂၀ နှစ်ဝန်းကျင်အရွယ် မိန်းမငယ်။ ဆည်းဆာရောင်ဝယ် လှပတင့်မောလှသည်။ အသားအရောင်က စကားဝါလိုဝင်းလျက်၊ မျက်ခုံးကောင်းခြင်း၊ နက်မှောင်ရွှန်းလဲ့သော မျက်လုံး၊ ဆံပင်သည် ကျောပြင်ပေါ် ဖားလျားချထား၍ လူတစ်ရပ်ခန့်ရှိသည်။ တက်ထရွှန်လက်ရှည် အစိမ်းရောင်၊ ချိတ်ထဘီ အစိမ်းရင့်နှင့် မိန်းမငယ်သည် လူမှဟုတ်ပါလေစ။ မျက်နှာသွယ်သွယ်ပေါ်ဝယ် နှာတံသည် ဖြောင့်စင်းလျက်၊ နှုတ်ခမ်းအစုံသည် ဖူးငုံစ နှင်းဆီပမာ ရဲရဲနီလျက်။ သွယ်လျသော ကိုယ်ခန္ဓာနှင့် အရပ်သည် မနိမ့်မမြင့်ဖြင့် ချောမောလှပသူ။ ထွန်းသီဟ ငေးငိုင်၍ ကြည့်နေမိသည်။

“ဆရာ”

မိန်းမငယ်ကထပ်ခေါ်၏။ သည်တော့မှ ထွန်းသီဟ သက်ဝင်လှုပ်ရှားလာသည်။ သူ့အကြည့်ကို မိန်းမငယ်သည် ခေါင်းငုံ့၍ ရှက်သွေးဖြာနေသည်။ အရွယ်၏အသိဖြင့် ထွန်းသီဟ ဣန္ဒြေဆယ်လိုက်မိသည်။

“ဗေဒင်မေးမလို့လား”

“မဟုတ်ပါဘူးဆရာ။ ညနေစောင်းရင် ဗေဒင်မမေးကောင်းဘူးလို့ ပြောကြတယ်။ ကျွန်မ အိပ်မက်အကြောင်း တင်ပြချင်လို့ပါ”

မိန်းမငယ်၏ သွက်လက်ရဲရင့်သော အဖြေစကားသံ။ ထွန်းသီဟ ဇရပ်ဘက်သို့ပြန်လျှောက်လာခဲ့သည်။ ဦးဇင်းဦးဝိမလ တရားထိုင်ပြီး၍ အညောင်းဖြေနေသည်။ ဇရပ်ထဲမှာ လူသူ မရှိ။ မိန်းမငယ်သည် ဦးဇင်းကို ဦးချ၍ ထိုင်နေလိုက်သည်။ သူ့ရှေ့မှာ မိန်းမငယ် ဒူးတုပ်လျက် ရိုရိုသေသေ ထိုင်နေသည်။

“ပြောပြစမ်းပါဦး ...ညည်း
အိပ်မက်ကို”

ထွန်းသီဟ စကားစလိုက်
မိန်းမငယ်က ဖြေသည်။

“ကျွန်မ ညကအိပ်မက်ထဲမှာ
ယောဂီဝတ်အမျိုးသမီးတစ်ဦးက ကျွ
ကို ဝင်ပူးပြီး ပြောတယ်ဆရာ။ ဆ
သာသနာကို ကူညီရမယ်တဲ့”

ထွန်းသီဟစိတ်ထဲမှာ အံ့အ
သင့်သွားမိသည်။

“ကောင်းတာပေါ့ကွယ်။ ဆ
တို့က ဒီနဂါးရုံဘုရားကြီးပြီးဖို့ အ
ရှင်တွေတော့ လိုနေတယ်။ တတ်
သလောက်တော့ ဝိုင်းဝန်းပြီး ကူ
ပေးပေါ့”

မိန်းမငယ်သည် ထွန်းသီဟ
ဝန်ခံကတိ ပေးလေသည်။

“ကျွန်မနာမည် မျိုးမျိုးခိုင်
ဆရာ။ မနက်ကျမှ လာခဲ့ပါဦးမယ်

ထွန်းသီဟ ခေါင်းညိတ်ပြလို
သည်။ ဦးဇင်းဦးဝိမလသည် သူ
နှစ်ဦးကို အကဲခတ်ကြည့်ရှုနေသ
မိန်းမငယ်ပြန်သွားလေမှ –

“ဒကာကြီး ..ဘုမ္မိပိုင်းဆိုင်
တွေက ဒကာကြီးကို ကူညီတော့
ပါ။ ဒကာကြီးရဲ့ မေတ္တာကမ္မဋ္ဌာ
ကျင့်ကြံမှုက ပဋ္ဌာန်းဆက်တွေကို
ဆော်လိုက်ပါပြီ”

ထွန်းသီဟရင်ထဲမှာတော့
ညရီတွင် ကျွန်ုပ်မြင်ရသည်၊ ရယ်
ပြုံးတုံ့၊ မပြုံးတုံ့နှင့် ရင်တွင်းခံစား
စတင်ပေါ်ပေါက်ခဲ့ရပြန်ပါပြီတော

**သစ္စာရှင်၏ အမှာစကား**

ငမိုးရိပ်ချောင်းဘေးဝါးရုံ

www.burmeseclassic.com

www.burmeseclassic.com

…ာက်ဝယ် ဦးဇင်းဦးဝိမလ၏ ဝ်းတဲ …ျာင်းငယ်ရှိသည်။ ကမ္မဋ္ဌာန်းစီးဖြန်း …၍ တရားအားထုတ်သည့် ဆိတ်ငြိမ် …ာရကျောင်းလေးဖြစ်သည်။ ထွန်း …ဟ ဦးဇင်းကျောင်းမှာ အဓိဋ္ဌာန်ဝင် …သည်။ ဦးဇင်းက စားရေး၊ သောက် …း တာဝန်ယူထားသည်။ မျိုးမျိုးခိုင် …ါ ထမင်းလာပို့ပေးတတ်သည်။ …င်းဦးဝိမလ၊ ထွန်းသီဟနှင့် မျိုးမျိုး …င်တို့ အကျွမ်းတဝင် ရင်းနှီးလာကြ …ည်။ ပါရမီဓာတ်ခံခြင်းလည်း တူညီ …သည်။ ဦးဇင်းသည် အာနာပါန …မ္မဋ္ဌာန်းဖြင့် သီလ၊ သမာဓိကို တည် …ာက်ထား၏။ ထွန်းသီဟသည် …မထတရားနှင့် မေတ္တာကမ္မဋ္ဌာန်း …ြင့် သီလ၊ သမာဓိကို ထူထောင်ထား …း မျိုးမျိုးခိုင်သည် မေတ္တာကမ္မဋ္ဌာန်း …ို အဓိကထား၍ အဓိဋ္ဌာန်ပုတီးစိပ် …ာ စရဏကျင့်စဉ်ဖြင့် နေ၏။ သူ့ …တ်မနောအာရုံသည် ကြိုတင်သိနိုင် …ာ အထင်ဓာတ်ကို ရထားသည်။ …ရလောကသားများ ဖြစ်နေကြ …ည်။ မျိုးမျိုးခိုင်သည် ခေတ်ပညာ …တ် မိန်းကလေးတစ်ဦးလည်းဖြစ် …း ဆက်ဆံရေးပွင့်လင်း၏၊ ဘာသာ …း ကိုင်းရှိုင်းသူတစ်ဦးဖြစ်ပြီး သီလ …မှသော မိန်းမငယ် ဖြစ်လေသည်။ …န်းသီဟပင် အံ့ဩရသည်။ မျိုးမျိုး …၏ အသက်သည် ၃၀ ကျော်ပြီ၊ …သော် အရွယ်တင် နုပျိုလန်းဆန်း …သည်။ သူ့သီလ၊ သမာဓိ၏ အတိမ် …က်ကို ခန့်မှန်း၍မရ။ သူငယ်မ …ည် ပြဟ္မာ့ဝိဟာရတရား လေးပါးကို …င်သုံးနေမှန်းသိသာသည်။ မေတ္တာ …သည် အရွယ်နှင့်မလိုက်အောင် …ားလှသည်။ ထွန်းသီဟကို အစ်မ …သဖွယ် စောင့်ရှောက်၏။ သဒ္ဓါ တရားကြီးမားသူများသည် မိန်းမသား များဖြစ်သည်။ ဘုရားတည် သာသ နာပြုလုပ်ငန်း၌ မိန်းမသားများနှင့် ဆက်ဆံရ၏။ ထွန်းသီဟသည် အဒေါ်၊ အစ်မ၊ ညီမလေးများလို သတ် မှတ်၍ ဆက်ဆံ၏။ ထွန်းသီဟကို လည်း အားလုံးခင်မင်ကြ၏။ လူမှု ဆက်ဆံရေးနယ်ပယ်၌ သဒ္ဓါထက်ပို သော လွှန်ကဲမှုကိုမြင်လျှင် မျိုးမျိုး ခိုင်သည် အမုန်းခံ၍ ပြောတတ်၏။ မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းနိုင် ဖို့အရေး သူငယ်မ၏ ကာကွယ်စောင့် ရှောက်မှုအောက်မှာ ထွန်းသီဟ ရပ် တည်နေရသည်။ ဦးဇင်းသည်လည်း ညီအစ်ကိုရင်းသဖွယ် ဆက်ဆံ၏။ ဟာကွက်၊ ပျော့ကွက်များကို ဖြည့်စွက် ပေး၏။ သူတို့သုံးဦး၏ ဆက်ဆံရေး သည် ဘေးလူများ မနာလိုရသည် အထိ အမြင်စောင်းကြ၏။ သို့သော် သူတို့ စိတ်ထားဖြူစင်စွာ ဆက်ဆံနေ ကြသည်ကို ကိုယ့်ကိုကိုယ်သာ အသိ ဆုံးဖြစ်၏။ ထို့ထက် ပါရမီဓာတ်ခံ အလျောက် ပုဂ္ဂိုလ်ပိုင်းဆိုင်ရာဝိညာဉ် မနောရရှိထားသူများ ဖြစ်သည်ကို သာမန်လူတို့ သိနိုင်ကြမည် မဟုတ် ပေ။ ဘဝပဋ္ဌာန်းဆက် ကောင်းကြသူ များ ဖြစ်ကြလေသည်။

နေ့လယ်ချိန် ဦးဇင်းတဲကျောင်း အတွင်း လူရှင်းနေသည်။ ဦးဇင်းနှင့် ထွန်းသီဟတို့ နဂါးရုံဘုရားကြီး၏ လုပ်ငန်းစဉ်များ တိုင်ပင်နေကြသည်။ မျိုးမျိုးခိုင်သည် အစိမ်းရောင်ဝမ်းဆက် နှင့် တဲကျောင်းပေါ် တက်လာသည်။ မျက်နှာမှာ ခက်ထန်မာကျောနေ သည်။ စိတ်ကို ချုပ်တည်းထားပုံရပြီး ပြောချင်သောစကားတို့ ဖွင့်ဟလာ သည်။

"မောင်ကြီး"

ထွန်းသီဟကို စတင်ခေါ်သည်။ သည်သူငယ်မ ဘယ်လိုဖြစ်လာပါ လိမ့်။ ပုံမှန် ဆက်ဆံရေးမဟုတ်။ ဦးဇင်းကိုလှမ်းကြည့်တော့ ဦးဇင်း၏ မျက်နှာသည် တည်ကြည်နေသည်။ တစ်ဦးနှင့် တစ်ဦးတွေ့လျှင် ရယ်ရယ် မောမော ရှိတတ်သူများ။ မျိုးမျိုးခိုင်၏ အမူအရာသည် ပြောင်းလဲနေသည်။

"ဒကာကြီး ...ပဋ္ဌာန်းဆက် ပုဂ္ဂိုလ်ပါလာပုံရတယ်"

ဦးဇင်း၏ ပြောစကားကြောင့် ထွန်းသီဟ သူ့စိတ်ကို တည်ငြိမ်အောင် စုစည်းလိုက်သည်။

"မောင်ကြီး"

မျိုးမျိုးခိုင်ထပ်ခေါ်၏။ ထွန်း သီဟ မျိုးမျိုးခိုင်ကို စူးစိုက်ကြည့်လိုက် သည်။ သူငယ်မ မျက်ဝန်းဝယ် မျက် ရည်ကြည်တို့ ရစ်ဝန်းလျက်။ ထွန်းသီ ဟရင်ထဲ ဆို့နစ်သွားသည်။ ရတ်ခြည်း သူ့ရင်ဝယ် ခံစားမှုဝေဒနာတို့ ပေါ်လာ သည်။

"မောင်ကြီး ...ကံကော်ကျွန်း ရောက်ပြီးမှ မောင်ကြီးတည်နေတဲ့ နဂါးရုံဘုရားကြီးပြီးမယ်။ ဆွေတော် ရှစ်သောင်း၊ မျိုးတော်ပေါင်းတို့က စောင့်၊ မျှော်နေပါတယ်။ သကြန်ကာလ အကြ ာ်နေ့မှာ အခက်အခဲ၊ အကျပ် အတည်းက လွတ်မြောက်ဖို့ ရည်သန် ပြီး ဆွေဆက်မျိုးဆက်ေ…ွဆီ လာခဲ့ ပါဦး"

မျိုးမျိုးခိုင် ငိုချလိုက်သည်။ သူမ ၏ ငိုရှိုက်သံသည် ထွန်းသီဟရင်ကို အဟုန်ပြင်းစွာ တုန်ခါစေခဲ့သည်။ သူမ ၏ နဖူးဆံစပေါ်လက်တင်၍ မေတ္တာပို့ ပေးနေမိသည်။ သူ့ရင်ထဲမှာမူ ခံစားမှု တစ်ရပ် ပေါက်ကွဲလွင့်ထွက်လာတော့

www.burmeseclassic.com

မည့်နှယ် ရှိချေသည်။ မြတ်ဗုဒ္ဓရဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးအရ ဘဝ သံသရာတစ်လျှောက် အညမညဖြစ်လျက် တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်စပ်ခဲ့သော ဘဝပေါင်းများစွာရဲ့ ဆွေဆက်၊ မျိုးဆက်များ၊ သစ္စာစကားတို့ ဘဝပေါင်းများစွာ ဆိုခဲ့၊ ပြုခဲ့ကြသူများ၊ ထိုဘဝဟောင်းက နိုင်မြဲလှသော သစ္စာရှင်၏ နှောင်ကြိုးမျှင်တို့ ရစ်ပတ်လာခြင်းကို ထွန်းသီဟ တစ်ယောက်ကရော ဘာများ တတ်နိုင်ဦးမည်နည်း။

## ကုံကော်ကျွန်း၏ သစ္စာနယ်မြေ

သကြန်မိုးသည် အကြိုနေ့ကတည်းက ရွာနေသည်။ မိုးမစဲသေး။ သကြန်အကြတ်နေ့သည် မနက်ဖြန်၊ ဦးဇင်းဦးဝိမလ၏ ဥပုသ်ဇရပ်အတွင်းဝယ် လူစုမိကြသည်။ ကုံကော်ကျွန်းကို သွားမည့်သူများ ၂၄ ဦး ရှိနေသည်။ ၂၄ ပစ္စည်း ပဋ္ဌာန်းဆက်များ၊ ၂၄ ဦးပြည့်အောင် စုစည်းလျှင် မရနိုင်။ မူလက လိုက်မည့်သူများ မလိုက်ဖြစ်ကြ။ မထင်မှတ်ဘဲ လိုက်မည့်သူများ တိုးပွားလာခဲ့သည်။ အသက်ကြီးသူများပါလာ၍ မိုးထဲလေထဲသွားလျှင် ဖျားနာကုန်နိုင်သည်။ ထွန်းသီဟ မိမိစောင့်ထိန်းခဲ့သော သီလ၊ အဓိဋ္ဌာန်ပါရမီနှင့် ဘုရားတည်ရသော ကုသိုလ်ကောင်းမှုကို ဘုရားရှင်ထံ၌ တိုင်တသည်ရင်း ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးသို့ သစ္စာစကားဖြင့် မိုးတားပေးရန် အသနားခံလျှောက်ကြား၏။ အကျနေ့တစ်နေ့လုံး ရွာသောမိုးသည် သကြန်အကြတ်နေ့ နံနက်မှာ စဲလေတော့သည်။ သူတို့အဖွဲ့ ထွက်ခွာလာချိန်နေမပူ၊ မိုးမရွာ၊ ရာသီဥတုသည် အုံ့မှိုင်း၍ အေးချမ်းနေသည်။ လှည်းကူးမှ ငါးမိုင်ခန့်ဝေးသော ကုံကော်ကျွန်းခရီးသည် လယ်ကွက်တွေကို ကျော်ဖြတ်၍ လျှောက်လှမ်းလာခဲ့ကြရသည်။ သည်နယ်မြေသည် ဥက္ကလာပမင်းကြီး၏ သာသနာ့နယ်မြေ။ လမ်းမှာ ရွှေကြက်ယက်စေတီ၊ အောင်သိဒ္ဓိစေတီများကိုဝင်ဖူးကြရသည်။ အောင်သိဒ္ဓိစေတီမရောက်မီ ရှေးမင်းတို့၏ မြို့ရိုးဟောင်းကျိုးသည်လည်း တိမ်ကောနေပြီ။ မိုးရေစပ်စပ် ဗွက်တောထဲဝယ် မျိုးမျိုးခိုင်သည် ခြေဖဝါးတော်နှန့ သွေးခြေဥမှာကို မကြောက်စတမ်းလျှောက်လှမ်း၍ သွက်လက်၍ သွက်လက်နေသည်။ လက်ကလည်း ထမင်းချိုင့်၊ ရေဘူးများပါသော ဆွဲခြင်းကို ကိုင်လျက်။ ထွန်းသီဟပင် မနည်းမီအောင် လိုက်ရသည်။ ကုံကော်ကျွန်း၏ တောအုပ်ညို့ညို့ကို လှမ်းမြင်ရချိန်ဝယ် မျိုးမျိုးခိုင် လယ်ကန်သင်းတစ်ခုပေါ်မှာ ရပ်၍ ငိုင်နေသည်။

"မျိုးမျိုး ... ဘာဖြစ်လို့လဲ၊ ကျွတ်တွယ်လို့လား"

"မဟုတ်ဘူး ဆရာ၊ ကျွန်မရင်ထဲမှာ လွမ်းသလိုလိုပဲ ငိုချင်နေတယ်"

ထွန်းသီဟလည်း ရင်ထဲမှာ အမည်တပ်၍မရသော ခံစားမှုတို့ ဖြစ်ပေါ်နေသည်။ အသက်အရွယ်နှင့် ဘဝအတွေ့အကြုံ၏ ရင့်ကျက်မှုသည် မျိုးမျိုးခိုင်ထက် ထွန်းသီဟ သာပါ၏။ လူကြီးတစ်ယောက်၏ သိက္ခာ၊ ဣန္ဒြေတို့ကို ထိန်းသိမ်းရင်း မပူရှပ်ကို ဟန်ဆောင်လုပ်ရ၏။

"ဆက်လျှောက်တော့ဟာ။ တို့နှစ်ယောက်တည်း လူစုကွဲပြီး ကျန်နေဦးမယ်"

သူမသည် ငေးငိုင်ဆဲ။ လူစုလူဝေးတို့သည် ရှေ့သို့ရောက်ကုန်ကြပြီ။ ဦးဇင်းဦးဝိမလ အနားရောက်လာသည်။

"မျိုးမျိုးတို့၊ ဆရာတို့ သတိရကုန်ကြပြီ ထင်တယ်"

ထွန်းသီဟ ဦးဇင်းကို ပြန်မလျှောက်နိုင်။ ဆွဲခြင်းနှင့် မျိုးမျိုးခိုင်လက်ကိုဆွဲ၍ ဖွတ်ထွက်ခဲ့သည်။ ဦးဇင်းလည်း နောက်ပါးက လှမ်းထွက်ကြွလျက် မေတ္တာသုတ် ရွတ်လျက်လိုက်လာသည်။ ကုံကော်ကျွန်းအဝင်တောစပ်၌ အကိုင်းအခက်တို့ ရင့်ရော်လျက် ပင်စည်ကြီးမားသော ကုံကော်ပင်ကြီးအောက် အရောက်ဝယ် မျိုးမျိုးခိုင် ထိုင်၍ငိုချလိုက်သည်။ ထွန်းသီဟ ဘာလုပ်ရမည် မသိ။ အနီးအနား၌ လူမရှိ၊

"မောင်ကြီး၊ ကျွန်မတို့ ကုံကော်ပွင့်တွေ ခူးခဲ့တဲ့အပင်ပေါ့"

ထွန်းသီဟ နားလည်လိုက်ပါပြီ။ မျိုးမျိုးသည် ပဋ္ဌာန်းဆက် ပုဂ္ဂိုလ်နာမ်ကိန်း၍ ပြောနေခြင်းပင်။ ထွန်းသီဟ ရင်ထဲ ဆို့နစ်သွားရသည်။ မပူရှပ်ကို ဟန်ဆောင်လုပ်လျက် –

"ထပါ မျိုးမျိုးရယ်။ ဘုရားကြီးရောက်အောင် သွားကြရအောင်။ ဦးဇင်းတို့ ဘုရားထဲ ရောက်နေကြပြီ"

"မောင်ကြီး ကုံကော်ပွင့်တွေ ခူးပေးပါဦး။ ဘုရားလှူရအောင်"

နွေနှောင်းရက်ကျန် ကုံကော်ပွင့်တို့ ပွင့်နေဆဲပါလား။ ကလေးဆန်ဆန် နွဲ့ဆိုးဆိုးတတ်သော မျိုးမျိုးခိုင်ရယ်။ ထွန်းသီဟ ကုံကော်ပွင့်တွေ

www.burmeseclassic.com

လက်လှမ်းမီသမျှ ရှုပေးနေရသည်။ ကုံကော်ပွင့်တစ်ပွေ့တစ်ပိုက်နှင့် မျိုးမျိုး လိုက်ပါလာသည်။ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ အရှေ့အရပ် အာရုံခံတန်ဆောင်းအတွင်း ထွန်းသီဟတို့ ဝင်လိုက်ကြသည်။ ဦးဇင်း ဦးဝိမလတို့အဖွဲ့ ဘုရားပတ်လည် ပုတီးစိပ်၊ ဆွမ်းတော်ကပ်သူနှင့် ပျော်ပျော်ပါးပါး။ သူတို့နှစ်ယောက်တည်း ခပျော်နိုင်။ ဘဝဟောင်းရဲ့ ဇာတ်ကြောင်းလေးများ ပုံပေါ်လာသည်ဟု ခံစားရသည်။ မျိုးမျိုးက မြတ်စွာဘုရား ထံ ကုံကော်ပွင့်တွေလှူလျက်

"မောင်ကြီး ‥ ရော့လှူလေ"

ထွန်းသီဟထံ ကုံကော်ပွင့်တွေ လှမ်းပေး၏။

"သည်နေရာ၊ သည်ပလ္လင်မှာ ခမည်းတော်ထိုင်နေခဲ့တဲ့နေရာ။ မောင်ကြီးက သည်နေရာမှာ အခစားဝင်ရတယ်။ ကျွန်မက ကလေးဆိုတော့ ဆော့တာပေါ့။ နောက်ကနေ အမြဲ မြတ်ထိန်းနေရတဲ့ မောင်ကြီး။ ကျွန်မတို့ ဘဝအစရဲ့ နေရာတွေ"

ပြောပြောဆိုဆို မျိုးမျိုး ငိုပါလေ၏။ သူမ၏ငိုသံသည် ဘုရားဝန်းကျင် အနှံ့ ပျံ့လွင့်သွားလေသည်။ ထွန်းသီဟတစ်ယောက် ဘာများ တတ်နိုင်ဦးမည်နည်း။ ယောကျ်ားတန်မဲ့ ဝမ်းနည်းပူဆွေးရသော မျက်ရည်တို့ မကျရလေအောင် မျိုသိပ်ထားရပါ၏။ ဘဝဟောင်းရဲ့ ပုံရိပ်တို့ ပြန်လည် ဆက်ဝင်လှုပ်ရှားလာကြပြန်သည်။

သည်ကုံကော်ကျွန်းသည် ဥက္ကလာပမင်းကြီး အုပ်စိုးမဲ့သော သာသနာပြုရာနယ်မြေ။ ဥက္ကလာပမင်းကြီး၏ဆိုင်မိ ဓမ္မရာဇာမင်း သန့်လျင်မြို့၌ ထီးနန်းစိုက်ခဲ့ပြီး ဓမ္မရာဇာမင်း နတ်ရွာစံသောအခါ သားတော်ကြီး အိမ်ရှေ့ ဥပရာဇာ ဈာန်ရင်မင်းသား နန်းတက်ခဲ့လေသည်။ ဓမ္မရာဇာမင်းကြီး၏ မြောက်နန်းစံ ပတ္တမြားဒေဝီ မိဖုရားသည် မထင်ရှားသော ရုပ်သွင်ဖြင့် အဖိုးတစ်သိန်းထိုက်သော သီလဝံသဓား။ ပတ္တမြားသေတ္တာဖြင့်ထားရှိသော ဓာတ်တော်များကိန်းရာ ရွှေကြုတ်ကို ယူဆောင်၍ သူဌေးကွင်းအရပ်ရှိ မဟာနေသူဌေးထံသို့ ပြန်သွားခဲ့လေသည်။ သူဌေးအိမ်မှာပင် သားတော်မင်းသားလေးကို ဖွားမြင်ခဲ့လေသည်။ သာသနာသက္ကရာဇ် ၁၅၉၅ ခု၊ (ကောဇာသက္ကရာဇ် ၄၁၃)ခုနှစ်၌ မြောက်နန်းစံ ပတ္တမြားဒေဝီမိဖုရား၏ သားတော်မင်းသားလေးသည် ခမည်းတော် ဓမ္မရာဇာမင်းကြီး လက်ရုံးရည်၊ နှလုံးရည်အလျောက် ချီးမြှောက်ခန့်ထားသော ပညာဘဂအမတ်ထံ အဆုံးအမခံ၍ သန့်လျင်မြို့မှ နှစ်ယူဇနာ ၆၀၀ တာ ကွာဝေးသော ဥက္ကလာပမင်းကြီး စိုးပိုင်သော နိုင်ငံနယ်နိမိတ် ငမိုးရိပ်ချောင်းထိပ်မှ ပစ္ဆိမဒိသတာ ၅၀၀ တွင် အတိတ်၊ နိမိတ်၊ သြဘာ၊ မြေကြန်လက္ခဏာကို သိမြင်ကျွမ်းကျင်သော ပညာရှိအမတ်တို့နှင့် တိုင်ပင်၍ နာဂရုက္ခကျွန်း ရွှေဘုန်းလင့်မြို့ မော်ကွန်းစိုက်၍ အိမ်ရှေ့တော်၌ စံတော်မူခဲ့လေသည်။ နောင်ကာလ ဖောင်းလင်းမြို့တွင်လေ၏။ အိမ်ရှေ့မင်းသည်လည်း ခမည်းတော် ဓမ္မရာဇာမင်းကြီး ကိုးကွယ်ဖူးတော်မူသော သရီယုဓာတ်တော် ၃၂ ဆူကို ရွှေကြုတ်ဖြင့် ကိန်းဝပ်စေ၍ အိမ်တော်မှ ဥတ္တရာဒိသ၊ တဥသအကွာ ကျွန်းဦး၌ ရွှေဘုန်းပွင့် စေတီတော်ကို တည်ထားတော်မူခဲ့လေသည်။

ရွှေဘုန်းပွင့်စေတီတော် အရှေ့အရပ်၌ စိုက်ထူထားသော ကျောက်စာကို ဖတ်ကြည့်မိ၍ ဦးဇင်းဦးဝိမလ သူတို့နှစ်ဦး၏ အတိတ်ဘဝ ဆက်စပ်မှုများကို ဥပါဒါန်စွဲ ကြီးမားလေခြင်းဟု သနားမိလေသည်။ သူတို့နှစ်ဦးကို ကြည့်၍ ဦးဇင်းဦးဝိမလ ဖြေသိမ့်မှု ပေးရပြန်သည်။

"ကြမ္မာဝိဘတ် နောက်ပိုးတက်တတ်တယ်။ သမုဒယသံယောဇဉ်ရဲ့ ဥပါဒါန်တွေကို ဖြေဖျောက်ကြရမယ်။ ဂမ္ဘီရဒေဝီငယ် ဘဝခြားခဲ့ပြီဖြစ်လို့ ဥပါဒါန်တရားတွေ ပယ်သင့်ပါပြီလေ"

တည်ကြည်လေးနက်သော ဦးဇင်း၏ အဆိုအမိန့်စကားကို မျိုးမျိုးခိုင်၏ကိုယ်စား ဂမ္ဘီရဒေဝီသည် ပြန်လည်လျှောက်ကြားလေသည်။

"အရှင်ဘုရား၊ တပည့်တော်မတို့ သစ္စာပြုထားကြပါတယ်။ ဖြစ်လေရာဘဝတိုင်းမှာ မောင်ကြီးနဲ့ တပည့်တော်မတို့ အပြန်ပြန်အလှန်လှန် ကူညီစောင့်ရှောက်ကြစတမ်းလို့ သစ္စာစကား ရှိပါတယ်။ မောင်ကြီးမှာ ဒုက္ခတွေ့လောက်အောင် နှောင့်ယှက်သူတွေ ရှိနေကြပါတယ်။ နဂါးရုံမြတ်ဘုရားကြီး ပြီးစီးအောင်မြင်အောင် တည်ထား ပူဇော်နိုင်ရေး၊ ဘုရားတပည့်တော်မရဲ့ ကုသိုလ်ပါဝင်နိုင်ရေး၊ မောင်ကြီးကို ဘေးမသီ ရန်မခ ကူညီနိုင်ရေး ခွင့်ပြုတော်မူပါဘုရား"

ဂမ္ဘီရဒေဝီ၏ ဝိညာဉ်ပူးလျက်ရှိသော မျိုးမျိုးခိုင်သည် ဦးဇင်းကို လျှောက်ထားပြီး –

"မောင်ကြီး ‥‥ ရေကန်ထဲမှာ ကြာနီနှစ်ပွင့် သွားခူးပေးပါ"

ထွန်းသီဟ ရေကန်ရှိရာသို့သွားရလေ၏။ ရေကန်သည် ကြာပွင့်၊



www.burmeseclassic.com

www.burmeseclassic.com

ကြာဖတ်တို့ဖြင့် ပြည့်လျက် ရေကန်ကိုပင် မမြင်ရ။ ကန်လယ်လောက်မှာ တစ်ခိုင်တည်း ကြာနီနှစ်ပွင့်၊ ထူးဆန်းလိုက်သည့် တွေ့ကြုံမှုပင်။ ရေကန်သည် ကောနေလောက်ပြီဟု ထွန်းသီဟ ထင်မှတ်ထားသည်။ အတင့်ရဲစွာ ရေကန်ထဲ ဆင်းလိုက်မိသည်။ ကန်စပ်မှသည် ကန်လယ်ရှိ ကြာနီနှစ်ပွင့်ရှိရာသို့ ထွန်းသီဟ လျှောက်လှမ်းလိုက်သည်။ ရေနက်သော နေရာဖြစ်၍ စုံးစုံးမြုပ်လေသည်။ ရေမကူးတတ်သော ထွန်းသီဟ ကြာနီနှစ်ပွင့်ကို လက်ဖြင့်ဆုပ်ကိုင်လျက် ကန်အောက်သို့ မြုပ်သွားလေသည်။ သူ့မျက်လုံး၊ နှာခေါင်း၊ ပါးစပ် စသည်တို့ရေဝင်လျက် သတိမေ့မြောသွားသည်ကိုသာ သိလိုက်ရသည်။ သူသတိပြန်ရချိန်မှာတော့ ဘုရား၏ အာရုံခံတန်ဆောင်းထဲမှာ သူတို့အဖွဲ့ ဝိုင်းအုံကြည့်နေကြသည်။ အနားမှာ မျိုးမျိုးခိုင်တစ်ယောက် ရှိုက်ကြီးတငင် ငိုကြွေးလျက်။ မျိုးမျိုးခိုင်၏ မျက်ရည်စက်တို့ ထွန်းသီဟမျက်နှာပေါ် ကျဆင်းနေကြသည်။ ထွန်းသီဟ သတိရရချင်း နှုတ်မှ မျိုးမျိုးဟု ခေါ်၏။ ဦးဇင်းဦးဝိမလတစ်ပါးသာ သူတို့နှစ်ဦးနားမှာ ရှိတော့သည်။ ကျန်လူများ အဝေးသို့ ရှောင်ခွာသွားကြလေသည်။ ဆရာနှင့်တပည့်၏ သံယောဇဉ်ကြီးမားမှုတရားကို ဦးဇင်းသာလျှင် ကိုယ်ချင်းစာတရား ထားရှိနိုင်ပေလိမ့်မည်။ အများအမြင်မှာမူ ထွန်းသီဟနှင့် မျိုးမျိုးခိုင်တို့ကို အပြစ်သည်းရန်ကောဟုကဲ့ရဲ့ပြောဆိုခြင်းကို ခံနေကြရလေသည်။ ထွန်းသီဟ သက်စွန့်ဆံဖျားခူးခဲ့သော ကြာနီနှစ်ပွင့်ကို မြတ်စွာဘုရားထံ၌ သူတို့နှစ်ဦး လှူဒါန်းကြလေသည်။ သစ္စာနယ်မြေဖြစ်သော ကံ့ကော်ကျွန်း၌ သစ္စာပြုဖူးသော ထွန်းသီဟနှင့် မျိုးမျိုးတို့ သစ္စာမောင်နှံကို နောက်ကျောမှကြည့်လျက် ဦးဇင်းဦးဝိမလ သက်ပြင်းချမိလေသည်။ ပါရမီရှင်တို့သည် ဆုတောင်း၊ ဆုယူဖြင့် ဘဝသံသရာကြောဝယ် နိဗ္ဗာန်မဂ်ဖိုလ် မရမီစပ်ကြား ကျင်လည်ကြကုန်သည်။ ပစ္စုပ္ပန်ဘဝဝယ် ထွန်းသီဟနှင့် မျိုးမျိုးခိုင်တို့ ပါရမီရည်တူဖြည့်ဆည်းနိုင်ကြသူများ ဖြစ်ကြပါစေရယ်လို့ ဦးဇင်းဦးဝိမလ အာရုံညွှတ်ပြောင်းမိလေသည်။

## နဂါးရုံမြတ်ဘုရားရိပ်ဝယ်

ရက်ပေါင်း ၉၀၀ ပြည့်တော့မည်။ နဂါးရုံမြတ်ဘုရားသည် သပ္ပာယ်စွာ ပွင့်ထွန်းနေလေပြီ။ အခက်အခဲများစွာဖြင့် တည်ဆောက်ရပါ၏။ နဂါးရုံဘုရားကြီး တည်ဆောက်စဉ် ကာလအတွင်း အိပ်မက်အရ လှူဒါန်းသူများ ထူးခြားစွာ ပါဝင်လာလေသည်။ ဘိလပ်မြေ၊ ထုံး၊ သဲ စသည့်ပစ္စည်းများ၊ ငွေကြေးအလှူဒါနများ ပါဝင်လာကြပါသည်။ ထူးခြားသည်က လူမျိုးခြားပုဂ္ဂိုလ်ဖြစ်သော ဦးအဝေရာနှင့် မိသားစု၊ ပြီးတော့ သူ့လုပ်ငန်းမှ အရာရှိများ၊ အင်ဂျင်နီယာများ၏ ပံ့ပိုးလှူဒါန်းမှုကြောင့် မြန်မြန်ဆန်ဆန် ပြီးရလေသည်။ ဦးဇင်းဦးဝိမလပင် အံ့အားသင့်ရလေသည်။ ထွန်းသီဟတို့ အဓိဋ္ဌာန်အဖွဲ့၊ အလှူခံအဖွဲ့ စသည့် ကျရာတာဝန်များဖြင့် ဘုရားကြီး ပြီးစီးအောင်မြင်ရေး ကြိုးပမ်းကြရလေသည်။ အတက်ကြွဆုံးကတော့ မျိုးမျိုးခိုင်ရယ် . . . ။ အရွယ်ငယ်သလောက် လုံ့လဝီရိယ ကြီးမား၏။ သဒ္ဓါဖောက်သန်၏။ ဝေယျာဝစ္စ ကုသိုလ်ကိုလည်း အားကြိုးမာန်တက် ပြုလေ၏။ လူသိမများသော်လည်း သဒ္ဓါကြည်လင် ပါရမီရှင်တို့၏ သာသနာပြုစိတ်ဓာတ်သည် မြင့်မားတံခွန် ထူထားလေသည်။

သည်နေ့မနက် မိုးတစိမ့်စိမ့် ရွာနေဆဲ။ ထွန်းသီဟ ဝါးတဲကျောင်းမှ ထွက်လာခဲ့လေ၏။ နံနက်စောစောမို့ လူမရှိ။ ဘုရားကြီးဝန်းကျင်ဝယ် တိတ်ဆိတ်ငြိမ်သက်လျက်။ အရွက်စိပ်စိပ်နှင့် ပိတောက်ပင်ရိပ်အောက်မှာ နေရာယူရင်း ဘုရားကြီးဘက် အာရုံပြုအဓိဋ္ဌာန် ပုတီးစိပ်ရန် ပြင်လိုက်ပါ၏။ အမွှေးတိုင်ပူဇော်ရန် နဂါးရစ်ပလ္လင်ပေါ် မီးထွန်းညှိစဉ် သစ္စာပန်းနှစ်ခိုင် ဖွေးဖွေးဖြူလျက် လှပတင့်တယ်စွာဖြင့် ဘုရားပန်းအိုးထဲ၌ ပွင့်လန်းနေသည်။ လတ်ဆတ်သန့်ရှင်းလှသည်။ မည်သူလာ၍ တင်လှူပူဇော်ပါလိမ့်။ နံနက်စောစော မိုးရွာထဲ ဒုံကွခံ၍ လှူမည့်သူမရှိနိုင်။

"ဆရာ"

ထွန်းသီဟနောက်မှ မျိုးမျိုးခိုင်ခေါ်သံရယ်။ ရုတ်ခြည်း ထွန်းသီဟ လန့်သွားမိသည်။ သူငယ်မသည် ရယ်မောလျက် လက်ထဲ၌ ကောက်ညှင်းပေါင်းထည့်ထားသောပန်းကန်တစ်ချပ်။

"ကျွန်မ စောစောကတည်းက ရောက်နေတာ။ ညက အိပ်မပျော်ဘူးဆရာ။ စောစောထပြီး ကောက်ညှင်းပေါင်း အလှူဒါနပြုချင်တာရယ်၊ ဘုရားပန်းလှူချင်တာနဲ့ ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com

တာ။ ဆရာတို့ ညက စကားပြော ညဉ့်နက်တယ် ထင်တယ်။ ကျွန်မ ရောက်လာတော့ ဦးဖင်း တရားထိုင်နေပြီး ဆရာအိပ်တုန်း''

မျိုးမျိုးသည် နှုတ်ခမ်းစူလျက်။ ထွန်းသီဟမှာ လူကြီးရှက်တော့ ရယ်လေ၏။

''ငါ အိပ်ရာကနိုးနေပါပြီ။ မျိုးမျိုးခိုင်လာတာ သိသားပဲ။ မသိချင်ဟန်ဆောင်နေလိုက်တာ''

''ဆရာ .. မမငြိမ်းအကြောင်း စဉ်းစားနေတာလား''

မျိုးမျိုးခိုင်သည် ခွန်းတုံ့မခံ စကားပြန်ပြောလေ၏။ သူ့အတွင်းစိတ်သည် မကျေနပ်မှုကို ဖော်ပြနေသည်။

''နင်ကလည်းဟာ ... ငါနဲ့ ဒေါ်အေးငြိမ်းတို့ ဘာဆိုင်လို့လဲ။ သူက အလှူရှင်ပဲဟာ''

''ဒေါ်တင့်ပြောတော့ ဆရာရဲ့ ပဋ္ဌာန်းဆက်ကြီးဆို။ မနေ့က ဆရာတို့ ခေါင်းချင်းဆိုင်နေလိုက်ကြတာ ကြည့်ကောင်းဘူး''

''နင်တယ်ခက်ပါလားဟ။ သူ ငွေလှူချင်တာရယ် ... သူ့အိပ်မက်အကြောင်းရယ် ပြောနေတာပါ။ လူကြီးကို သိက္ခာချနေပြန်ပြီ။ ဦးဖင်းလည်း ရှိနေသားပဲဟာ''

ထွန်းသီဟရှင်းလင်းချက်ကို မျိုးမျိုးခိုင် မကျေနပ်နိုင်ပါ။

''ဆရာနော် ... ဒီတစ်ခါ ရှင်မွေးလွန်းလာရင် ဆရာလိုက်သွားပေတော့။ ဆရာ့ကို ကျွန်မ မထိန်းနိုင်တော့ဘူး''

ထွန်းသီဟ မျိုးမျိုးမျက်နှာကို ကြည့်၍ အသံထွက်အောင် ရယ်မောလိုက်ပါ၏။ မင်းဝမ္မတောင် ကမ္ဘာ့ဓာတ်ပေါင်းစေတီ တည်စဉ်က ဖြစ်ပါ၏။ သားနားမွန်ရည်သော အမျိုးသမီးတစ်ဦး၊ သူမကိုယ်သူမ ရှင်မွေးလွန်းဟု ပြောဆိုမိတ်ဆက်၍ ထွန်းသီဟထံ ဗေဒင်မေး၏။ ထွန်းသီဟ ဟောချက်များကို စိတ်မဝင်စား။ သူပြောချင်သော စကားကို အဓိကထားမေး၏။

''ဆရာ ... ဆရာ့စိတ်မနောအာရုံနဲ့ ကျွန်မကို ကြည့်ပေးပါ။ ကျွန်မက ရှင်မွေးလွန်းဘဝက လာတာ။ ဆရာက မင်းနန္ဒာ ကိုယ်တော်လေး ဖြစ်ရမယ်''

ထွန်းသီဟ ရုတ်ခြည်း အံ့အားသင့်ရလေသည်။ ထိုအမျိုးသမီးကို ပြောရလေ၏။

''မင်းနန္ဒာကိုယ်တော်လေး ရှိပါတယ်။ ကျွန်တော်မဟုတ်ဘူးနော်။ ဟိုမှာရှိတယ်''

ပိန္နဲပင်အောက်၌ ထိုင်စကားပြောနေသော ဆရာဦးအေးချစ်ထံ ညွှန်ပြလိုက်၏။ ရှင်မွေးလွန်း အမျိုးသမီးသည် ဦးအေးချစ်ထံသို့ သွားလေ၏။ သူတို့နှစ်ဦး စကားများစွာ ပြောကြလေသည်။ ဆရာဦးအေးချစ်၏အမေးစကားကို (အင်တာဗျူး) ရှင်းလင်းစွာ မဖြေကြားနိုင်၍ ဒေါ်ပွပွဖြင့် ရှင်မွေးလွန်းမမ ထွန်းသီဟထံ ရောက်လာပြန်သည်။

''ဆရာ ... ဘဝမမေ့နဲ့နော်။ နောက်ကိုးရက်ကြာရင် ကျွန်မ ငမိုးရိပ်မိကျောင်းနဲ့ လာခေါ်မယ်''

ထိုစဉ်က ဖြစ်ပျက်ကြုံတွေ့မှုကို မျိုးမျိုးခိုင်သို့ ထွန်းသီဟ ပြောပြထားလေ၍ သူငယ်မသည် အမှတ်ကြီးလေသည်။

''ဆရာမလေး ... ကျွန်တော် အနေအထိုင်ဆင်ခြင်ပါ့မယ်။ ဗိုက်ဆာလုပြီ၊ ကောက်ညှင်းပေါင်းကျွေးဦးလေ''

ထွန်းသီဟ ချော့တော့လည်း မျိုးမျိုးခိုင်စိတ်တို့ ပျော့ရပြန်လေသည်။

''ဆရာ ... ကျွန်မ သစ္စာပန်းလှူထားတယ်။ ဆရာ သစ္စာပြုနော်။ ကျွန်မတို့ ပါရမီဆက်လို့ သာသနာပြုကြရအောင်''

မျိုးမျိုးသည် နဂါးရုံမြတ်ဘုရား၏ ဘုန်းတော်ရိပ်၌ ရှိသေဝပ်တွား၍ သစ္စာစကား ဆိုလေသည်။ ထွန်းသီဟနှင့် မျိုးမျိုးခိုင်တို့၏ သစ္စာပြု ဆုတောင်းသံသည် ရင်ထဲ၊ နှလုံးသားထဲ၌ တုန်ဟီးရိုက်ခတ်နေကြပါ၏။ လူမသိသော်လည်း နှစ်ဦးစလုံး၏အသည်းများသည် မေတ္တာတရားဖြင့် ပြည့်ဝသော အသိတရားများကို ဖလှယ်ထားကြပြီး ဖြစ်ပါ၏။ မျိုးမျိုးခိုင်သည် ဘုရားဝတ်ပြုအပြီး ထွန်းသီဟကို လှမ်းကြည့်လိုက်လေသည်။ ထွန်းသီဟလည်း မျိုးမျိုးခိုင်သို့ လှမ်းအကြည့် အကြည့်ချင်းဆုံ၍ ရင်ခုန်ကြရပြန်၏။ မျိုးမျိုးခိုင်၏ ရွှန်းလဲ့တောက်ပသော မျက်ဝန်းအစုံ၌ မေတ္တာရောင်စဉ်များ တောက်ပလျက်။ ချစ်ခြင်းမေတ္တာ၏ စိုးမိုးခြင်းကို ထွန်းသီဟ လွှမ်းမိုးခံရပြီဟု နားလည်လိုက်သည်။ အသက်အရွယ်၏ရင့်ရော်မှုသည် အနိစ္စတရားပါ။ မိမိ၏စိတ်အစဉ်ကို တင်းကျပ်စွာ ချုပ်ကိုင်၍ သမုဒယသံယောဇဉ်ကို ပယ်ခွာနိုင်ခဲ့သည်ဟု ခံယူထားသူ ထွန်းသီဟ။ သူလည်းလေ လောကီသားပေမို့ ဆိုရိုးစကားနှင့်အညီ အချစ်သစ်များ ပြန်လည်မွေးဖွားလာပြီဟု ခံစားလိုက်ရပါ၏။ မပိုင်ဆိုင်ရမှန်း သိလျက်နှင့် ချစ်တတ်နေပြန်ပြီကော ထွန်းသီဟရယ်။ ရုတ်ခြည်း ထွန်းသီဟ၏ရင်ထဲမှ ပေါက်ကွဲသံစဉ်တို့ ပွင့်



www.burmeseclassic.com

www.burmeseclassic.com

အန်ထွက်ကြပါလေ၏။

"မျိုးမျိုးရယ် ... ငါ နင့်ကို ချစ်နေမိပြီ"

ထွန်းသီဟ မျိုးမျိုး၏လက်ကို အသာအယာဆုပ်ကိုင်လျက် နှုတ်မှ ချစ်ခြင်းမေတ္တာကို ဖွင့်ပြောနေပြန်သည်။ မျိုးမျိုးခိုင်သည် ခေါင်းငုံ့လျက် ရှက်သွေးဖြာသော နှင်းဆီနီရောင် မျက်နှာနှင့် ထွန်းသီဟရင်ခွင်ထဲ မျက်နှာအပ်၍ ငိုရှိုက်နေလေပြီ။

"ဆရာရယ် .. ကျွန်မတို့ တွေ့ဆုံမှုဟာ အခါလွန်မှရွာတဲ့ မိုးလို ဖြစ်နေပြီလို့ ထင်ပါတယ်"

ချောင်း၏တစ်ဖက်ကမ်း ရွာတန်းများဆီမှ အသံချဲ့စက်သံသည် လွင့်ပျံလာလေ၏။ ကိုသန်းလှိုင်၏ ချိုအေးလှသော မေတ္တာတေးသံရယ်။ မေတ္တာကမ္ဘာ မခြားလိုသူ တေးသွားများက သူတို့နှစ်ဦးကို ရစ်ပတ်လွှမ်းမိုးခဲ့ကြပြန်လေသည်။

## ချစ်သော ဂမ္ဘီရဒေဝီ

ပုတ္တတောင်တန်းရယ် ညို့ညို့မှိုင်းလို့ တိမ်မြူခိုးတို့ ရစ်ဝိုင်းလျက် လွှမ်းမောဖွယ်ရာ။ သစ်ပင်၊ သစ်ကိုင်းထက်တို့မှာ ငှက်မောင်နှံတို့ မြူးထူးပျော်ရွှင် ကလူကျီစယ်လျက်။ တောပန်း၊ တောင်ပန်းတို့ ပွင့်ဖူးဝေဆာ သာယာလျက်ရှိနေပြန်သည်။ ဥတုသုံးလီ ရာသီမရွေး တောရိပ်၊ တောင်ရိပ်တို့ သည် ဆိတ်ငြိမ် အေးချမ်းစွာ ရှိနေတတ်စမြဲ။ ဖော်ကွာဝေးလို့ ပူဆွေးနေရသူ အောင်နန္ဒရယ်၊ ပုတ္တတောင်ခြေ ချောင်းဖျားတစ်ဝိုက် အပူစိုက်မျှော်တော်ရောင်ဖြစ်နေရသူ ချစ်သော ရှင်မိန္ဒဲ့(သို့)ဂမ္ဘီရဒေဝီငယ်၊ နှမလေး ဘယ်ဆီရောက်နေပါလိမ့်။ သူ့ကိုယ်သည် လေထဲ၌ ဝဲပျံလွင့်မျောလျက် တိမ်ဖြူလွလွများရှိရာ တိမ်တိုက်များသို့ ရောက်ရှိဆုပ်ကိုင်မိသော်လည်း ဆောက်တည်ရာမရ။ တောင်စဉ်တောင်တန်းများနှင့် ဦးစိုက်ကျွမ်းပြန်တိုက်မိသော်လည်း မနာမကျင် ရပ်တည်ခြင်းမရ။ သစ်ကိုင်း၊ သစ်ခက်များနှင့် ယှီးလေးခိုလျက် နေလိုသော်လည်း ထိမိလျက် မဆုပ်ကိုင်နိုင်ရှာ။ လေလွင့်ရွက်ဝါဘဝပိုင်ရှင် (သို့မဟုတ်) တွယ်ရာမဲ့ ဝိညာဉ်ဘဝဖြစ်သော အောင်နန္ဒ။ လပြည့်လကွယ်နေ့များ၌ ပုတ္တတောင်ပေါ်ရှိ လွမ်းစေတီ၌ ဂမ္ဘီရဒေဝီကို တွေ့ဆုံရစမြဲ။ မြင်သာမြင်ရ၊ မကြင်ရသည့် ဘဝနှယ်။ ပုတ္တတောင်တန်းတစ်ဝိုက်နှင့် ချောင်းဖျားသည် အောင်နန္ဒ လှည့်လည်နေရသည့် ဝန်းကျင်။ သည့်ထက် နယ်မြေဧရိယာကျော်၍ အောင်နန္ဒ မသွားနိုင်ရှာ။ မကျွတ်မလွတ်ရှာသူ၏ ဘဝပါလေ။ သည်နေ့ လပြည့်နေ့ပင်။ ပုတ္တတောင်ပေါ် လွမ်းစေတီ၌ ဂမ္ဘီရဒေဝီကို သူ စောင့်မျှော်ရတော့မည်။ တောပန်း၊ တောင်ပန်းတို့ ဖူးပွင့်ဝေဆာနေသော တောင်ခြေ တောအုပ်ထဲမှာ တောင်ဇလပ်ပန်း ဖြူလွလွလေးများ လေအဝှေ့ ကြွေလျက်နေသည်ကို ရနိုင်သမျှ ကောက်ယူလျက် မြယာရွက်ကို ကန်တော့ပုံပြု၍ ထည့်ယူလာခဲ့သည်။ တောင်ပေါ် လွမ်းစေတီအနားရောက်ချိန် အောင်သိဒ္ဓိ ဘိုးဘိုးနှင့် ဖေဖော်ကျိတို့ သုံးပါးကို လှမ်းမြင်ရသည်။ အောင်နန္ဒ ရှေ့တိုး၍မရပေ။ အဒေးတံတိုင်းထု တစ်ခုက ဆီးတား၊ ဘကွယ်ထားသလို ရပ်တန့်နေရသည်။ ထူးခြားမှုတော့ရှိနေပြီဟု သိလိုက်ရသည်။ ထိုးမောင်းသံကိုးချက် ရိုက်နှက်သံ ကြားလိုက်ရသည်။ ဂမ္ဘီရဒေဝီငယ် နောက်မှ အခွေ့အရံ မိန်းမငယ်နှစ်ဦးနှင့် လွမ်းစေတီနား ရောက်လာကြသည်။ ဂမ္ဘီရဒေဝီငယ် ဘုရားကို ဦးချဝတ်ပြုအပြီး သူတော်စင်သုံးပါးကို ကန်တော့နေသည်။ သူ့မောင်ကြီး အောင်နန္ဒသည် ကျောက်ရုပ်နှယ် ရွှေ့လျား၍မရ။

"မောင်ကြီးရယ်"

ဂမ္ဘီရဒေဝီငယ်၏ ကရုဏာသံက တိုးညင်းလှသည်။ အောင်သိဒ္ဓိဘိုးဘိုးက စတင် မိန့်ကြားလေသည်။

"နဂါးရုံမြတ်ဘုရားကြီး ပြီးစီးအောင်မြင်လို့ တနင်္ဂနွေသားလည်း ဝင်္ဂကြွေးကျေရှာပါပြီ။ တနင်္ဂနွေသားရဲ့ ပါရမီစခန်းတကီလှမ်းဖို့ရာ ဒေဝီငယ် ... သမီးရဲ့ နှောင်ကြိုးတွေကို ဖြေပါလေတော့။ ယခုအချိန်မှ ကိုးရက်အတွင်း ဒေဝီငယ် မဟာမြိုင်သို့ ဝင်ပါလေ။ အောင်နန္ဒကတော့ တနင်္ဂနွေသားရဲ့ ဝိညာဉ်ကိုယ်ပွား ဘဝကနေ ခွာပါလေ။ သိုက်ပိုင်းဆိုင်ရာ အကြီးအမှူးဘဝနဲ့ နေရစ်ပေဦး။ ဒေဝီငယ် ... သမီးရဲ့ သစ္စာတရားပြည့်ဝမှုအပေါ် သာဓုခေါ်ပါတယ်။ ဆုထူးရှင် ပါရမီဆက်ပုဂ္ဂိုလ်တို့ သမဒယသံယောဇဉ်ကို ခွာပေဦးတော့ကွယ်။ ရုပ်စီး၊ ဓာတ်စီးကို ယခုအချိန်မှစ၍ ပယ်ခွာရမယ်"

ဘိုးဘိုး သုံးပါး၏ မိန့်ကြားချက်အပြီးဝယ် လျှပ်စစ်ပြက်သကဲ့သို့ ဖွေးလင်းလက်သော ရောင်ခြည်တန်းပေါ်၌ ကွယ်ပျောက်သွားလေ၏။


www.burmeseclassic.com

www.burmeseclassic.com

အောင်နန္ဒ၏ ရသေ့ကိုယ်ဝတ်သည် မြူလွှသန့်စင် တောက်ပြောင်သော ဓာတ်စုံဖြင့် အသွင်ပြောင်းရလေသည်။

"မောင်ကြီးရယ် ... အရိမေတ္တယျ မြတ်စွာဘုရားပွင့်တော်မူမှ ကျွန်မတို့ ပြန်လည်ဆုံတွေ့ ကြရအောင်နော်"

ဂမ္ဘီရဒေဝီသည် မချိတင်ကဲ ညှိုးငယ်စွာသော မျက်နှာဖြင့် ကျောခိုင်းရလေသည်။ အောင်နန္ဒသည် ပုတ္တတောင်၏ လွမ်းစေတီအပါးဝယ် အထီးကျန်ရပ်တည်လျက် ကျန်နေရစ်ရှာသည်။

ဓအောင်နန္ဒ၏ ရုပ်ပုံလွှာသည် ထွန်းသီဟနှင့် ထပ်တူထပ်မျှ တူညီ၍နေလေသည်။ ဂမ္ဘီရဒေဝီ၏ ရုပ်ပုံလွှာသည် မျိုးမျိုးခိုင်နှင့် ထပ်တူထပ်မျှ တူညီနေလေသည်။ အိပ်မက်မှ အလန့်တကြား နိုးထချိန်ဝယ် ထွန်းသီဟ ရင်တုန်လှိုက်မောနေမိသည်။ သူ့နှုတ်မှ အော်ခေါ်သံသည် ကျယ်လောင်ထွန်းလှသည်။ ဂမ္ဘီရဒေဝီသို့ နှုတ်မှ မြည်တမ်းလျက်။ ဦးဖင်းဦးဝိမလသည် ထွန်းသီဟအပါးဝယ် သတိတရား ရှိစေရန် ဆုံးမဩဝါဒပေးနေလေသည်။

"ဒကာကြီး ... ဘဝဟောင်းနဲ့ ဘဝသစ်တို့ဟာ အားပြိုင်တတ်ကြပါတယ်။ ဂမ္ဘီရလောကမှာ သမုဒယ သံယောဇဉ် တွယ်တာမိရင် သံသရာ ကြော မျောတတ်ပါတယ်။ ဥပါဒါန် တရားတွေပယ်ခွာနိုင်မှ မဂ်ဖိုလ်ကို ဆက်လှမ်းနိုင်ပါလိမ့်မယ်။ ဒကာကြီးရဲ့ မြတ်သန်းလာရတဲ့ ဘဝအတွေ့အကြုံတွေက သံဝေဂရစေနိုင်ပြီး ဖြစ်ပါလိမ့်မယ်။ သတိပဋ္ဌာန်တရားကို အထူးပြုပါလေ"

ဦးဖင်း၏ မိန့်ကြားချက်အဆုံးဝယ် ထွန်းသီဟ ဦးဖင်းကိုဦးချကန်တော့ရင်း –

"တပည့်တော် သတိတရား လက်ကိုင်ထားပါတော့မယ်ဘုရား"

"သာဓု ... သာ ဓု ... သာဓု ဒကာကြီး"

## (၁၆)

## ဂမ္ဘီရဒေဝီ၏ သစ္စာ

ရက်ပေါင်း ၉၀ ပြည့်ခဲ့ပြီ။ အဓိဋ္ဌာန်ကာလ အောင်မြင်ပြီးစီးချိန် နဂါးရုံမြတ်ဘုရားကို အနေကဇာတင် ပူဇော်ရန် ပြင်ဆင်နေကြသည်။ ထွန်းသီဟ ချောင်း၏ကမ်းစပ်ဘေးမှာ တစ်ဦးတည်း ငေးငိုင်လျက် လွမ်းမောနေခြင်းပါ။ ဘုရားကြီး၏ အကျိုးဆောင် ပုဂ္ဂိုလ်များ အလုပ်ရှုပ်နေချိန်ဝယ် သူ တစ်ယောက်တည်း လွမ်းတပူဆွေးနေခြင်းပါလေ။ နဂါးရုံဘုရားကြီး အနေကဇာတင်ပြီးလျှင် သူ့တာဝန်ပြီးလေပြီ။ တွေ့ဆုံကြုံကွဲ၊ ဖြစ်မြဲဓမ္မတာပါ။ အားလုံးပင် စိတ်မကောင်းကြချေ။

"ဆရာ .. ဘုရားကြီး တည်ပြီးသွားလည်း လာပါဦးနော်။ ကျွန်မတို့ကို မေ့မထားပါနဲ့"

အားလုံး ဝိုင်းမှာကြ၏။ မျိုးမျိုးခိုင်ကို မတွေ့ရသည်မှာ သုံးရက်ခန့်ရှိပြီ။ ကဲ့ရဲ့သကြိုဟ် သတင်းဆိုသော ပတ်ဝန်းကျင်၏စကားများကို သူငယ်မသည် ဒဏ်မခံနိုင်ရှာ့သလား။ ထွန်းသီဟ၏ ရင်ဖွင့်သံသည် မျိုးမျိုးခိုင်ကို အရှက်ရသွားစေခြင်းလော၊ ကိုယ့်ကိုယ်ကို ခါးမနေမိ၏။ ဆရာသခင်များ၏ ဩဝါဒသည်လည်း နားထဲ၌ ပဲ့တင်ထပ်မျှ ကြားယောင်လာမိပြန်သည်။ ပရဒါမကံ ဆိုသည်မှာ သူများ သားပျို၊ သမီးပျိုကို ပြစ်မှားကျူးလွန်ခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်းကို တားမြစ်ထားတဲ့ကံ ဖြစ်တယ်။ ထွန်းသီဟ ဖြစ်ချင်သော ဆန္ဒထက် ဖြစ်မလာသော ဘဝကို သတိတရား ပြန်လည်ရမိပါလေ၏။ မျိုးမျိုးခိုင်အပေါ် သူ့အချစ်၊ သူ့မေတ္တာသည် ကိလေသာ မပါပါလေ။ ဆရာတပည့် သံယောဇဉ်၏ ကြီးမားသော မေတ္တာမျိုးသာ ဖြစ်ပါ၏။ ထိုကလေးမအပေါ် ဗြဟ္မာ့ဝိဟာရတရားနှင့် အညီထားအပ်သော မေတ္တာမျိုးသာ ဖြစ်ပါလေသည်။ ထွန်းသီဟ ရင်ထဲ၌ ပူလောင်ခြင်း မရှိတော့ချေ။ သူ့သံယောဇဉ်တရား၏ မြစ်ဖျားခံရာသည် ဂမ္ဘီရဒေဝီပင် ဖြစ်နေသလော။ သာသနာပြုခရီး၌ ကြုံခဲ့ရသော ခက်ခဲမှုများသည် နာမ်လောကမှ ဂမ္ဘီရဒေဝီ၏ နာမ်စီးကိုယ်ပွားများ ဝင်ရောက်ဖြေရှင်းပေး၍ အောင်မြင်ခဲ့ရလေသည်။

ဘဝပဋ္ဌာန်းဆက်ဟူသည် ကင်းလွတ်သည်ဟူ၍ မရှိချေ။ မြတ်ဗုဒ္ဓ၏ အဘိဓမ္မာတရား ဖြစ်သော ပဋ္ဌာန်းဒေသနာတော်ကြီးသည် လူ့ဘဝကို သံသရာလောကနှင့် ဆက်စပ်ဖွင့်ဆိုဟောကြားခဲ့ခြင်း ဖြစ်လေသည်။ ဂမ္ဘီရပညာစခန်းဝယ် ဂေါက်လှည့်၊ နတ်လှည့်၊ လမိုင်းလှည့်များ ရှိသည်ကတော့ အမှန်ပင်။ အပြုရှိလျှင် အဖျက်ပေါ်စမြဲပါ။ ဂမ္ဘီရပညာ ဆရာတစ်ဦးအနေနှင့် ဤအတွေ့အကြုံများကို ထွန်းသီဟ ကြုံခဲ့၊ ဆုံခဲ့ဖူးပါပြီ။ ပစ္စုပ္ပန်ဘဝ ကြုံရသောအဖြစ်တို့သည် အိပ်မက်ပမာ အံ့ဩဖွယ်ရာများ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

ပါလေ၏။ ရှိပါစေတော့။ မိမိ၏ စရဏအကျင့်တရားတို့ကို သီလနှင့် တွဲလျက် ပိုမိုခိုင်မာအောင် ကြိုးစား အားထုတ်ရပေဦးမည်။ အနာဂတ် သာသနာပြုခရီးအတွက် ထွန်းသီဟ တွေးတောစဉ်းစားနေဆဲ –

"မင်းနန္ဒာကိုယ်တော်လည်း မှိုင်နေရှာပါလား"

မျိုးမျိုးခိုင်ရယ်။ ရယ်မောလျက် နှင်းဆီနီ တစ်ပွင့်ကို လက်ထဲမှာကိုင်လျက် နောက်နောက်ပြောင်ပြောင် စကားဆိုလာလေသည်။ တစ်ခါတစ်ခါတော့ သူငယ်မသည် အရွှန်းဖောက်လေသည်။ ထွန်းသီဟ ခပ်တည်တည်ဖြင့် မျိုးမျိုးခိုင်ကို စိုက်ကြည့်လိုက်သည်။

"လူကြီးကို နောက်စရာလား"

ထွန်းသီဟစကားကြောင့် မျိုးမျိုးခိုင် မျက်နှာညှိုးသွားရှာသည်။

"ဆရာငိုင်နေတာတွေ့လို့ စိတ်ပျော်အောင် စလိုက်တာပါ။ မကြိုက်လည်း ကန်တော့ပါတယ်ဆရာ"

ငိုသံရောစွက်လျက် မျိုးမျိုးခိုင် ထိုင်ကန်တော့ဟန် ပြင်လိုက်သည်။

"နင့်လက်ထဲက နှင်းဆီနီက ဘာလုပ်မလို့လဲ"

"ကျွန်မ သစ္စာဆိုထားပါတယ်ဆရာ။ သစ္စာရှင်ရဲ့ လက်ထဲကို နှင်းဆီနီ ပေးအပ်ဖို့ပါပဲ။ ကျွန်မတို့က မိန်းမသားဆိုတော့ ပါရမီဖြည့် ဘက်တွေပဲ ဖြစ်ရမှာပါ"

ထွန်းသီဟ မျိုးမျိုးခိုင်ရဲ့ ပခုံးပိုင်းပိုင်းလေးကိုကိုင်လျက်ဆွဲမလိုက်သည်။

"မျိုးမျိုးရဲ့ နှင်းဆီနီဟာ ဆရာ့အတွက်ဖြစ်ပါစေလို့မျှော်လင့်ပါတယ်"

"ဘုရားကြီး အနေကဇာတင်ပြီး နောက်နေ့မှာ ကျွန်မ နယ်ကို အလုပ်တာဝန်နဲ့ ပြောင်းရတော့မယ်ဆရာ။ ဆရာ့ကိုလည်း ကန်တော့ပါတယ်။ ဆရာ့ရဲ့ ဘဝပဋ္ဌာန်းဆက် ဖြစ်ခဲ့ဖူးတဲ့ ဂမ္ဘီရဒေဝီသစ္စာထားခဲ့တာထက်တော့ မလျော့ပါဘူးဆရာ။ ကျွန်မရဲ့ သစ္စာတရားဟာ ဒီနှင်းဆီနီလေးပါပဲ။ တစ်ပွင့်တည်းကို မြတ်နိုးတတ်တဲ့ မိန်းကလေးပါ ဆရာ"

မျိုးမျိုးခိုင်သည် နှင်းဆီနီတစ်ပွင့်ကို ထွန်းသီဟလက်ထဲ ထည့်ထားခဲ့လျက် ပြေးထွက်သွားလေသည်။ ထွန်းသီဟ မျိုးမျိုးခိုင်နောက်သို့ ပြေးလိုက်ဟန်ပြင်လိုက်စဉ် ချောင်းဟန့်သံကြား၍ ကိုယ်ရှိန်သတ်ရင်း လှည့်ကြည့်လိုက်မိသည်။ ဦးဇင်းဦးဝိမလ၏ တည်ကြည်၍ သိက္ခာရှိသော မျက်နှာဖြင့် စိုက်ကြည့်ခြင်းကို ခံလိုက်ရသည်။ ဦးဇင်း၏ ကျက်သရေတော်သည် ဝင်းပလျက် တောက်ပြောင်သော အဝါရောင်သင်္ကန်းဖြင့် တင့်တယ်သပ္ပာယ်လှသည်။

"ဆရာ ဒကာရေ"

ဦးဇင်း၏ အဆိုအမိန့်စကားကို ထွန်းသီဟ ဦးချကန်တော့ရင်း နားစိုက်နေမိသည်။

"သံသရာဝဲဩဃထဲမှ ရုန်းထွက်ရင်း တရားရှာနေကြတဲ့ သူတော်စင်တွေလည်း လောကဓံတရားကို မလွန်ဆန်နိုင်ကြပါဘူး။ ဒကာကြီးရဲ့ စွန့်လွှတ်စွန့်စားစိတ်ဓာတ်နဲ့ သာသနာပြုနေတာကို ဦးဇင်းချီးကျူးလေးစားမိပါတယ်။ သာသနာပြုခရီးကို ရပ်တန့်ထားလို့လည်း မရစကောင်းပါဘူး။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာသုံးရပ်စလုံး ပွင့်ထွန်းဝေစည်နေတဲ့ ခေတ်ကာလကြီးပါ။ နိုင် တော်အကြီးအကဲတွေကအစ ဦး ဆောင်ပြီး ပြည်သူပြည်သားများ ထေရဝါဒဗုဒ္ဓဘာသာသာသနာ ခေ ကြီးကို အောင်မြင်စွာ ထူထောင် ချိန်မှာ ဒကာကြီးတို့လို ပဋ္ဌာန်းဆက် သာသနာဆက်အားကောင်းတဲ့ ငယ်တွေ သာသနာပြုခရီးမှာ ပိုင်း ပါဝင်လို့ အုတ်တစ်ချပ်၊ သဲတစ်ပွင့် စေ၊ ဗုဒ္ဓသာသနာ ကမ္ဘာသို့ လွှမ်း ရစ်ခြုံ ပွင့်ထွန်းပေါ်ပေါက်အောင် သ သနာပြုကြရမယ်။ ဘုရားရှင်ရဲ့ မိန့် ချက်စကား ရှိခဲ့ဖူးတယ်။ အခွင့်ရေ တဲ့ခရီးကို တစ်ယောက်တည်း မသွ ရဘူးတဲ့"

ဦးဇင်းသည် ဩဝါဒစကား ကြားပြီး တည်ငြိမ်သော ခြေလှမ်း ဖြင့် နဂါးရုံမြတ်ဘုရားဆီသို့ လှမ်း သွားလေသည်။


ထွန်းသီဟ နှလုံးသားဝယ် ဖြတ်ချက် ပိုင်ပိုင်ချမှတ်နိုင်ခဲ့ပါပြီ။ တောင်း၊ ဆုယူ သစ္စာပြုခဲ့ကြသေ ဘဝဆက်ပုဂ္ဂိုလ်များ ရှိခဲ့ကြသ တော့ အမှန်ပါ။ နှစ်ပေါင်း ၉၀၀ ကာလဆီက ဂမ္ဘီရဒေဝီ၏ သ တရားတို့သည် မျိုးမျိုးခိုင်၏ နှလုံးသ ဝယ် တည်တံ့ခိုင်မြဲသည်အထိ ကံ အောင်းခဲ့သည်ဆိုပါလျှင် ဘဝတစ် အောင်နန္ဒာဖြစ်ခဲ့ဖူးသော ထွန်းသီ သည်လည်း မျိုးမျိုးခိုင်အပေါ်ဝယ် လှည့် သစ္စာထားရှိခြင်းဖြင့် သာသ ပြုခရီးဝယ် အဖော်မွန်အဖြစ် ဆောင်သွားရပေတော့မည်။

သိန်းထွန်းသ



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ

## (၁၅)

**ပထမံဆရာကြီးဦးအောင်သူ**

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီမြတ်ကြီးသည် ကမ္ဘာ့အံ့ဖွယ်စာရင်းတွင် ပါဝင်ကျော်ကြားသဖြင့် ကမ္ဘာလှည့်ခရီးသည်များအပြင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ထိပ်တန်းပုဂ္ဂိုလ်များသည်လည်း မြန်မာနိုင်ငံသို့ရောက်တိုင်း ရွှေတိဂုံစေတီတော်မြတ်ကြီးဆီသို့ ကြွရောက်ကြည်ညိုလျှုဒါန်းမှုများ ပြုခဲ့ကြသည်။

ဤသို့ ထင်ပေါ်ကျော်ကြားရသည့် အကြောင်းရင်းမှာလည်း ဤစေတီမြတ်ကြီးကို ဥက္ကလာပမင်းကြီးနှင့် တပုဿ၊ ဘလ္လိကညီနောင်တို့အပြင် သိကြားမင်းပါ ပါဝင်၍ ပွင့်တော်မူပြီးသော ဘုရားလေးဆူတို့၏ ဆံတော်ဓာတ်တော် အစရှိသည်တို့ကို ဌာပနာ၍ တည်ထားသောကြောင့် ဤမျှ တန်ခိုးကြီးပြီး ထင်ပေါ်ကျော်ကြားခဲ့ခြင်းဖြစ်သည်။

ရွှေတိဂုံစေတီတော် ပရိဝုဏ်အတွင်း၌လည်း ထွက်ရပ်လမ်းကို ကြွမြန်းပြီးခဲ့သော အဘပထမံဘိုးဘိုးအောင် တည်ထားခဲ့သော စေတီတော်ရံပွားတော်များ၊ အဘဘိုးမင်းခေါင် ဓာတ်ပန္နက်ချခဲ့သော နေ ဂူများ၊ ထူးခြားသော တန်ခိုးသိဒ္ဓိရှိလှသော ဘူမိနက်သန်နေရာမှန်တို့နှင့် ပြည့်နှက်လျက် ရှိနေပါသည်။

တစ်ခါတစ်ရံ ဤစေတီတော်ကြီးတွင် အမိဌာန်လာရောက်၍ဝင်ကြသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များသည်လည်း ကြွရောက်လာကြသည်ဟု သိရသည်။

ကျွန်ုပ်သည် ဤစေတီတော် မြတ်ကြီးဆီသို့ ၁၉၅၅-၅၆ ခုနှစ်မှစ၍ သွားရောက်အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ ဝေးရားထိုင်ခြင်းကိစ္စများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သည်။ ထို



www.burmeseclassic.com

www.burmeseclassic.com

အချိန်က ရခိုင်ငှက်ပျောတစ်ဖီးလျှင် တစ်မတ် ၂၅ ပြား ၅၀ စသည်ဖြင့် ဈေးရပြီး အဆင်ပြေသလို သာသနာပွဲများကို ဘိုးဘိုးအောင်တန်ဆောင်းတွင် လှူဒါန်းခဲ့ဖူးသည်။

ကျွန်ုပ်သည် ရွှေတိဂုံစေတီတော်ပေါ်သို့ သွားပါများလာသောအခါ ရင်ပြင်ပေါ်၌ အသိမိတ်ဆွေ၊ ဓမ္မမိတ်ဆွေ အပေါင်းအသင်းများတွေ့ရသည်။

တစ်နေ့ ကျွန်ုပ်သည် ရွှေတိဂုံစေတီ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးစိပ်အပြီး ပုဂ္ဂိုလ်ကြီးတစ်ပါးနှင့် ဆုံမိခဲ့၏။ ၎င်းနှင့် ရင်းနှီးအောင် ပေါင်းသင်းခဲ့သည်။ ကျွန်ုပ်က ထိုပုဂ္ဂိုလ်ကြီးကို အဘဟုပင် ခေါ်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ကစ်ခါတစ်ရံ ရွှေတိဂုံစေတီရင်ပြင် နေပူချိန်၌ ပက်လက်လှန်၍ နေကာသိုဏ်းရှုနေသည်ကို မြင်တွေ့ရ၏။ သူ၏ အဆောင်အယောင်ကသိုဏ်းဆိုလား ကျိုင်းဆိုလား ပစ္စည်းတစ်ခုကို အမြဲကိုင်ဆောင်ထားသည်ကို မြင်ရ၏။

တစ်နေ့ ကိုအောင်သူနဲ့ ကျွန်ုပ်နဲ့ လိုက်ခဲ့ဟုဆို၍ သူ့နောက်မှ လိုက်ပါခဲ့သည်။ ရွှေတိဂုံစေတီတော် အထက်ပစ္စယံရှိ ဘိုးဘိုးအောင်တည်ခဲ့သော ပတ္တမြားမျက်ရှင်ဘုရားကို ခဏတာ ဝင်ရောက်ဖူးမြော်ကြသည်။ ရင်ပြင်ပေါ် တစ်ပတ်လှည့် ကြည်ညိုကြသည်။ တစ်နေ့သောအခါ သူကိုင်နေကျ အဆောင်အယောင်ကိုကိုင်လျက် ဝတ်မြဲစင်ကြယ်ခေါင်းပေါင်းအဖြူကို အကျအနပြင်ဆင်လျက် ကိုအောင်သူ ဒီနေ့ ခင်ဗျားကို ရွှေတိဂုံရဲ့ လျှို့ဝှက်ချက်နေရာတွေကို ပြမည်ဆို၍ ထူးခြားသောနေရာများကို ပြခဲ့သည်။ အထူးသဖြင့် ဆံတော်တွင်းနေရာကိုပြ၏။ ၎င်းက ပြောသေးသည်။ ဒီနေရာကဝင်လျှင် ဆံတော်တွင်း ဆံတော်ဌာပနာသည့်နေရာကို ရောက်နိုင်သည်ဟုဆိုသည်။ ၎င်းနောက် ဘိုးဘိုးအောင်တန်ဆောင်း တနင်္ဂနွေထောင့် ဘုရား၏လိုဏ်ဂူအတွင်းသို့ ဝင်သွားလျက် ဆံတော်တွင်းသွား ေ၊ နေရာတစ်ခုဖြစ်ကြောင်း ပြောပြသည်။

ထိုအချိန်က ကျွန်ုပ်တစ်ဦးတည်းသာ သူ့နောက်လိုက်ခဲ့သူဖြစ်သည်။ တစ်နေ့ ကျွန်ုပ်က အဘနာမည်ကို မသိရဘူးလားဟု မေးသောအခါ အေး ‥ ပြောရဦးမယ်။ ငါ့နာမည် ဦးမြင့်စိန်၊ တချို့ကလည်း ဘိုးတော်မြစိန်လို့ ခေါ်ကြတယ်။

နောက် နှစ်အတန်ကြာသောအခါ လူသိများပြီး ကိုးကွယ်သူများလာတော့၏။ ကျွန်ုပ်လည်း အမြဲမရောက်ဖြစ်တော့ပါ။ ဤအချိန်အတွင်းမှာပင် သူ၏စိတ်က ပြင်းပြောင်းလဲသွားလျက် အမျိုးသမီးများထံမှ ရွှေငွေများ ဟောင်းယူဝတ်ဆင်ပြီး ပြန်မပေးခဲ့ဘဲ ကတိပျက်၍လားမသိ ထိုပုဂ္ဂိုလ်ကြီးနှင့် အခြားဘိုးတော်ဟုဆိုသော ပုဂ္ဂိုလ်များ ရွှေတိဂုံရင်ပြင်တော်၌ နေထိုင်ခွင့်မပြုတော့ချေ။

၁၉၇၄ ခုနှစ်တွင် ကျွန်ုပ်သည် အလုပ်ကိစ္စနှင့် မွန်ပြည်နယ်၊ သထုံမြို့သို့ သွားရောက် တာဝန်ထမ်းဆောင်ခဲ့လေရာ ဤအချိန်၌ သထုံမြို့ဝန်းကျင်တွင် သူပုန်များ ထကြွသောင်းကျန်းနေချိန်ဖြစ်သည်။ ကျွန်ုပ်သည် သထုံမြို့တွင် နေထိုင်စဉ် အဓိဋ္ဌာန်ခရီးအဖြစ် ဇင်းကျိုက်တောင်သို့ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သွားရောက်ခဲ့သည်။ ထိုအချိန် ထိုတောင်တွင် မမျှော်လင့်သော ပုဂ္ဂိုလ်ကြီးနှင့် တွေ့ရ၏။ သူကား ဘိုးတော်မြစိန်ပင်ဖြစ်သည်။

ကျွန်ုပ်မှ အံ့အားသင့်စွာဖြင့် ဟင် ‥ ဘိုးတော် ဒီကို ဘယ်လိုရောက်နေသလဲဟု မေး၏။

ဘိုးတော်မြစိန်က -

"မပြောပါနဲ့ ကိုအောင်သူရယ်။ ကျွန်ုပ် ရန်ကုန်မှာ အဖမ်းခံရပြီး ထောင်နန်းစံခဲ့ရသေးတယ်။ အဲဒီက လွတ်လွတ်ချင်း ဒီကိုရောက်လာတာပဲ"

သူက ပြန်ပြောပြသည်။

ကျွန်ုပ် သံဝေဂရမိ၏။ အင်း ‥ ထင်ပေါ်အောင်လုပ်ပြီး စိတ်မထိန်းနိုင်ရင် ဒီလိုပဲဖြစ်ရမှာပေါ့လေ။ ဒါကို ဝင့်ကျွေးလို့ပဲ သတ်မှတ်မလား။ ကံကိုပဲ ပုံချမှာလား။ စာဖတ်ပရိသတ်များ ဝေဖန်ကြည့်ရှုပါလော့။

သို့သော် ထိုပုဂ္ဂိုလ်ကြီးသည်ကား ထူးဆန်းစွာ ကျင့်ဆောင်သော ဝိဇ္ဇာကြီးတစ်ပါး ဖြစ်ပေလိမ့်မည်လို့ မည်သူတစ်ဦးတစ်ယောက်မှ သိနိုင်လိမ့်မည် မထင်။

ဝိဇ္ဇာလောကသည် လွယ်မရောင်နဲ့ချက်၊ တိမ်မရောင်နဲ့ နက်လှပါတကား ‥ ။

ပထမဆရာကြီးဦးအောင်သူ



www.burmeseclassic.com

www.burmeseclassic.com

## ပြည်တွင်းပြည်ပ

# ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

### လူဝင်စားကို သုတေသနပြုခြင်း

လူတစ်ယောက်သေလွန်သော အခါ ထိုသူ၏ဝိညာဉ် (Soul) သည် ပျက်စီးသွားသော ခန္ဓာကိုယ်ကို စွန့်ခွာ၍ အခြားဘဝတစ်ခုသို့ ပြောင်းရွှေ့သွားကြသည်ဟု ကမ္ဘာပေါ်ရှိ လူအများစုက ယုံကြည်ကြသည်။ ထိုယုံကြည်ချက်အပေါ် ခေတ်ပညာတတ်အချို့က သိပ္ပံပညာနှင့် မကိုက်ညီ၊ သိပ္ပံနည်းမကျဟုဆိုကာ လက်ခံခြင်း မပြုလိုကြပေ။ သိပ္ပံပညာ၌လည်း လူသားဝိညာဉ်နှင့် ပတ်သတ်၍ အတိအကျ ဖော်ညွှန်းပြနိုင်သည့် အနေအထားတွင် မရှိသေး။ လူသား၏ စိတ်နှင့်ရုပ်ဆက်သွယ်မှုအကြောင်း သိပ္ပံပညာက ဖော်ပြရာတွင်လည်း ဝိညာဉ်ဆက်လက်ရှိနေမှုနှင့် ကိုက်ညီလျော် ကန်မှုမရှိသေး။ သို့ရာတွင် မည်သည့်သိပ္ပံရှင်ကမျှ ရှေးအစဉ်အလာက ယုံကြည်မှုကို ချေဖျက်နိုင်စွမ်းမရှိသေး။ သို့ရာတွင် မည်သည့်သိပ္ပံပညာရပ်ဆိုင်ရာ အသိတရားကြောင့် မည်သည့်နည်းနှင့်မျှ လက်မခံနိုင်ဟုဆိုကာ လျစ်လျူပြုထားရုံသာရှိသည်။

သိပ္ပံပညာ၏ ထောက်ခံမှုကို မရရှိသဖြင့် ယင်းယုံကြည်မှုကို ငြင်းပယ်လိုက်ရန် အကြောင်းမရှိချေ။ သိပ္ပံပညာရပ်က နောက်ဆုံးအဆင့်အဖြစ် သတ်မှတ်ထားသည့် လက်တွေ့လေ့လာ စမ်းသပ်မှုသည်လည်း အရာခပ်သိမ်းတို့၏ သဘောသဘာဝအရ တမလွန်ဘဝနှင့်ပတ်သက်၍ သိစေနိုင်လိမ့်မည်မဟုတ်။ သဘာဝက လူတို့အား လက်ရှိဘဝထက်ကျော်လွန်၍ တမလွန်ဘဝ၏အကြောင်းကို သိရှိနားလည်နိုင်ရန် 'အာရုံ' ပေးမထားသဖြင့် သေသူ၏ဝိညာဉ် ဘယ်ဘုံဘယ်ဘဝသို့ ရောက်သွားသည်ကို အသက်ရှင်ကျန်ရစ်သူများ မသိနိုင်ကြပါ။ ထိုသို့ဖြင့် တမလွန်ဘဝရှိသည်ဟူသော ယုံကြည်မှုကို မငြင်းပယ်နိုင် . . ။ အထောက်အထား တစ်စွန်းတစ်စ မရှိသဖြင့် မယုံကြည်နိုင်ဟု ဆို၍မရ။

သင့်လျော်သည်မှာ စိတ်ကို လွတ်လပ်စွာထားလျက် တမလွန်ဘဝရှိသည်ဟူသော ယုံကြည်မှုနှင့် ပတ်သက်၍ အကြောင်းအရာအချက်အလက်များကို ရှာဖွေလေ့လာရန်ပင် ဖြစ်သည်။ လူများစုစွဲမြဲလက်ခံထားသည့် ယုံကြည်မှုများနှင့် ထင်မြင်ချက်များကို ရှင်းလင်းစွာ နှိုင်းယှဉ်ဝေဖန် သုံးသပ်ကြည့်ရန်ပင်ဖြစ်သည်။

၎င်းသည်မှာ ၁၈၈၇ ခုနှစ်တွင် သိပ္ပံပညာရှင်များ၊ ဒဿနိကဗေဒပညာရှင်များ၊ စိတ်ပညာရှင်များနှင့် အခြားသော ထင်ရှားကျော်စောသူ သိပ္ပံပညာရှင်များ ဖွဲ့စည်းတည်ထောင်ခဲ့သည့် 'Society for Psychical Research' စိတ်ပိုင်းဆိုင်ရာလေ့လာရေးအသင်း၏ သဘောထားပင်ဖြစ်သည်။ ထိုအသင်း တည်ထောင်ပြီးချိန်မှစ၍ အသင်းဝင်ပညာရှင်များသည် ထူးခြားဆန်းကြယ်သော 'လူသားဝိညာဉ်'ကို သိပ္ပံနည်းကျ လေ့လာမှုများ စတင်ပြုလုပ်ခဲ့ကြသည်။ စိတ်ပိုင်းဆိုင်ရာ လေ့လာရေး



www.burmeseclassic.com

www.burmeseclassic.com

အသင်းကြီးသည် စိတ်အာရုံချင်း ဆက်သွယ်မှု(တယ်လီပသီ)၊ အမြင်အာရုံ(သာမန်မျက်စိဖြင့် မမြင်နိုင်သည်ကို မြင်တွေ့နိုင်မှု)၊ ကြိုတင်သိနေမှု၊ ရုပ်ကိုမမြင်ရဘဲ အသံဖြင့် တစ္ဆေခြောက်မှု စသည်တို့နှင့်ပတ်သက်၍ သာဓကအထောက်အထား များစွာ ရရှိပြီးဖြစ်သည်။ အခြားစိတ်ပိုင်းဆိုင်ရာ အဖြစ်အပျက်အကြောင်းခြင်းရာတို့ကိုလည်း ဆက်လက်၍ သိပ္ပံနည်းကျ ရှင်းလင်းချက်ပေးနိုင်ရန် ဆောင်ရွက်ဆဲဖြစ်သည်။ 'ဝိညာဉ်'နှင့်ပတ်သက်၍ လေ့လာသော စိတ်နယ်လွန်ပညာ ကျောင်းသားတို့အတွက် အထူးအာရုံစိုက်ခြင်း ခံရသည်မှာ 'ဝိညာဉ်ရှိမရှိ အငြင်းပွားမှု'ပင် ဖြစ်လေသည်။

ရုပ်ခန္ဓာမှ နာမ်လွင့်ခြင်း **Astral projection** နှင့် **Mediumship phenomena** နတ်ဝင်သည် ဓာတ်စီးခြင်းတို့အရ တမလွန်ဘဝရှိနိုင်သည့် အခြေအနေမျိုးကို တွေ့ရှိခဲ့ရသည်။ သို့ရာတွင် သိပ္ပံပညာရှင်အချို့က ယင်းအနုမာနအယူအဆ **Hypothesis** ကို လက်မခံကြ။ လူသား၏ ထူးခြားသော စွမ်းရည်တစ်မျိုးအဖြစ် ယူဆကြသည်။ ဝိညာဉ်အကြောင်း လေ့လာကြသည့် စိတ်ပညာရှင်များ၏ တမလွန်ဘဝနှင့် ပတ်သက်သည့် သဘောထားမှာ 'လူဝင်စား' အဖြစ် ပြန်လည် အသက်ရှင်လာနိုင်မှုပင် ဖြစ်သည်။ လူသားသည် ယခုဘဝသေလွန်ပြီးနောက် ပြန်လည်၍ လူဝင်စားဖြစ်ခြင်းမှာ သေဆုံးပြီးပြီးချင်း ဖြစ်နိုင်သည်။ ထိုသို့မဟုတ်ပါက နောင်ဘဝတစ်ခု ပြန်မဝင်စားမီ 'ကြားကာလတစ်ခု' ရှိနေရမည်ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ အရှေ့တိုင်းတွင် အများအပြား ယုံကြည်မှုရှိသည်။

အနောက်တိုင်းတွင်လည်း ဂရိတွေးခေါ်ပညာရှင်ကြီးများ ဖြစ်ကြသည့် **Phthagoras** ပိုက်သဂိုးရပ်စ်နှင့် **Plato** ပလေတိုမှအစ ခေတ်သစ်အတွေးအခေါ် ပညာရှင်များဖြစ်ကြသည့် ဟယွန်း(**Hume**)၊ စကိုပင်ဟော **Schopenhaure** တို့အထိ အထက်ဖော်ပြပါယုံကြည်မှုကို ကျိုးကြောင်းညီ ညွတ်မှုရှိသည်ဟု ထောက်ခံပြောဆိုခဲ့ကြသည်။ ဗြိတိန်နိုင်ငံမှ စိတ်ဝိညာဉ်သုတေသနအသင်း (**British Society for Psychical Research**) ကမူ ယင်းယုံကြည်မှုမှာ သိပ္ပံနည်းကျ လေ့လာစမ်းသပ်မှုကို ဘဝဟောင်းက အဖြစ်သနစ်များကို မှတ်မိကြောင်း ထုတ်ဖော်ပြောကြားနေသူများ ရှိနေသည်။

'လူဝင်စား'နှင့် ပတ်သက်၍ သာဓကအထောက်အထား ရရှိရန် လေ့လာစူးစမ်းမှု စတင်လိုက်သည့်အခါ 'ဝိညာဉ်'ရှိနေမှု ပြဿနာနှင့် စိတ်ပိုင်းဆိုင်ရာ လေ့လာမှုပညာ၏ အလှည့်အပြောင်းတစ်ခု ဖြစ်လာသည်။ ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ရှေးဦးစွာ အိပ်မွေ့ချပညာကို အသုံးပြုခဲ့ကြသည်။ အိပ်မွေ့ချပညာဖြင့် ရှေးဘဝဟောင်းသို့ ပြန်လည်ရောက်ရှိသွားသည့် နည်းတူဖြစ်အောင် လုပ်ဆောင်ကြည့်ခဲ့ကြသည်။

၁၉၅၂ ခုနှစ်တွင် ဘရိုက်ဒီမာဖီးကို ရှာဖွေခြင်း (**The Search for Bridey Murphy**) ဟူသော စာအုပ်တစ်အုပ် ထုတ်ဝေခဲ့ရာ အမေရိကန်ပြည်ထောင်စုတွင် လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့သည်။ အိပ်မွေ့ချထားသည့် အမျိုးသမီးတစ်ယောက် ထအိုင်ယာလန်နိုင်ငံတွင် သူဖြစ်ခဲ့ဖူးသည့် ဘဝဟောင်းအကြောင်းတို့ ပြောပြသည့်အကြောင်းကို ယင်းစာအုပ်တွင် ရေးသားဖော်ပြထားသည်။ ထိုအမျိုးသမီးပြောပြသည့် အကြောင်းအရာအချို့ကို မှန်မမှန် စစ်ဆေးကြည့်ခဲ့ကြသည်။ အချို့မှာမှန်သော်လည်း အချို့မှာ မှားယွင်းခဲ့သည်။ စိတ်ပညာရှင်အချို့က ယင်း ဖြစ်ရပ်ကို 'လှို့ဝှက်ဆန်းကြယ်'မှုတစ်ခု အဖြစ် သဘောထားခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ ယခင်ဘဝဟောင်းကို မှတ်မိသည်ဆိုသောသူများအား လေ့လာမှုကို ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။ လူဝင်စားလေ့လာမှု

www.burmeseclassic.com

အထူးအာရုံစိုက်လုပ်ဆောင်သူတစ်ဦးမှာ ဗာဂျီးနီးယားတက္ကသိုလ်မှ အမေရိကန်လူမျိုး စိတ်ပညာရှင် ပါမောက္ခ ဒေါက်တာအီယန် စတီဗင်ဆင် **Ian Stevenson, MD.** ဖြစ်သည်။ အမေရိကန် စိတ်ဝိညာဉ် သုတေသနအသင်းက သူ ရေးသားသည့် **Twenty cases suggastive of Raincarr ation** ကို ၁၉၆၆ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၇၄ ခုနှစ်တွင်တစ်ကြိမ်ထိ ထပ်မံပုံနှိပ်ထုတ်ဝေခဲ့ရသည်။

ဒေါက်တာ စတီဗင်ဆင်၏ အဆိုပါစာအုပ်မှာ အထောက်အထားသာဓက ကောင်းမွန်ခိုင်လုံစွာဖြင့် ၎င်းကိုယ်တိုင် သုတေသနပြုထားသော လူဝင်စား (၂၀) ယောက်တို့၏ ပြဿနာကို ပထမဆုံးတင်ပြလေ့လာ သုံးသပ်ထားခြင်းဖြစ်ရာ တစ်မူထူးခြားလှသည်။ လူဝင်စား ၂၀ ဦးအနက် ခုနစ်ဦးမှာ အိန္ဒိယနိုင်ငံမှ ဖြစ်သည်။ ကျန်လူဝင်စားများမှာ ဘရာဇီးနိုင်ငံမှနှစ်ဦး၊ လက်ဘနွန်မှတစ်ဦးနှင့် အရှေ့တောင်အလက်စကားပြည်နယ် ခုနစ်ဦးတို့ဖြစ်သည်။

ဒေါက်တာစတီဗင်ဆင်သည် လူဝင်စား သုတေသနလုပ်ငန်းအတွက် သက်ဆိုင်ရာ နယ်မြေဒေသနှင့် ပုဂ္ဂိုလ်များအကြောင်းကို ကြိုတင်လေ့လာထားသည်။ လူဝင်စားရှိရာ တိုင်းနိုင်ငံအသီးသီးသို့ သွားရောက်၍ သက်ဆိုင်ရာလူဝင်စားဆိုသူကို လူကိုယ်တိုင် တွေ့ဆုံမေးမြန်းခဲ့သည်။ လူဝင်စား၏မိသားစုနှင့် မျက်မြင်သက်သေများကိုလည်း မေးမြန်းခဲ့သည်။ ရရှိသော အကြောင်းအရာအချက်အလက်များကို ပိုင်းခြားလေ့လာသုံးသပ်သည်။ လူဝင်စား၏ ပြောဆိုချက်များ ဟုတ်မှန်ခြင်း ရှိမရှိကို စစ်ဆေးကြည့်သည်။ သူ၏ ရုပ်ရည်၊ ဟန်အမူအရာများကိုပါ လေ့လာသည်။

ဒေါက်တာစတီဗင်ဆင်က သူ့စာအုပ်တွင် လူဝင်စားအကြောင်း ဖော်ပြရာ၌ ကလေးငယ်သည် သူလူဝင်စားဖြစ်ကြောင်း မိဘများကို စတင် ပြောဆိုရာမှ စကြောင်း၊ သို့မဟုတ် ကလေးငယ်သည် တစ်ချိန်က (ဝါ) ယခင်ဘဝမှ တစ်နေရာ တစ်ဒေသရှိ မွေးချင်းညီအစ်ကို မောင်နှမတို့အကြောင်း ပြောပြသည်မှ စတင်ကြောင်း၊ ကလေးငယ်သည် တစ်ခါတရံ ဘဝဟောင်းသို့ ပြန်ရောက်နေသည်ဟု ထင်ရကြောင်း၊ ဘဝဟောင်းက အကြောင်းများကို အပြည့်အစုံ ပြောပြနိုင်သည့်အခါ မိဘများက ကလေး၏ ပြောပြချက်များ မှန်ကန်တိကျခြင်းရှိ မရှိ စုံစမ်းလေ့ရှိကြကြောင်း၊ ဟုတ်မှန်ပါက မိသားစုနှစ်ခုတို့ တွေ့ဆုံကြကြောင်း၊ ကလေးငယ်ကိုလည်း ဘဝဟောင်းကနေရာများ၊ အရာဝတ္ထုများနှင့် လူများကို ပြသခိုင်းတတ်ကြသည်။ လူဝင်စားကလေးငယ်သည် အလိုအလျောက် မှတ်မိနေတတ်သည်။ လူဝင်စားကလေးငယ်သည် ယခင်ဘဝက ကွယ်လွန်ခဲ့သူ၏ အပြုအမူများ၊ ဓလေ့စရိုက်များနှင့် တစ်ထေရာတည်းတူအောင် ပြသတတ်သည်။ စာအုပ်တွင် ဖော်ပြထားသော ဒေါက်တာစတီဗင်ဆင်၏ လေ့လာချက်များမှာ အသေးစိတ် တင်ပြချက်များဖြစ်၍ အချို့ဖြစ်ရပ်များမှာ မြန်မာစာဖတ် ပရိသတ်အတွက် စိတ်ဝင်စားဖွယ်ဖြစ်သည်။

ဘရာဇီးနိုင်ငံမှ 'Sinha' ဆင်ဟာဆိုသူ မိန်းကလေးငယ်တစ်ဦးသည် တီဘီရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ထို့နောက် Marta မာတာဆိုသော မိန်းကလေး မွေးဖွားလာပြီးနောက် မာတာက 'ဆင်ဟာ'၏ ဘဝအကြောင်းကို ပြောပြပြီး သူမသည် 'ဆင်ဟာ'ဝင်စားသူဖြစ်သည်ဟု ဆိုသည်။ သူမသည် ငယ်စဉ်ဘဝကတည်းက အသက်ရှူကျပ်တတ်သည်။ အဆုတ်နာရောဂါက ဘဝအထုံဆက် ပါလာဟန်တူသည်။ မာတာသည် ဆင်ဟာနည်းတူ ကြောင်များကို ချစ်တတ်သည်။ နှစ်ဦးစလုံး အကဝါသနာပါကြသည်။ နှစ်ဦးစလုံး မိုး

www.burmeseclassic.com

ရှာသည်ကို ကြောက်သလို သွေးကိုမြင်လျှင် ကြောက်တာချင်း တူကြသည်။

လက်ဘနွန်နိုင်ငံမှ ကလေးငယ်တစ်ဦးဖြစ်သူ **Imad** အီမက်က သူ့ကိုယ်သူ **Ibrahim** အီဗရာဟင် ဖြစ်သည်ဟု ဆိုသည်။ အီဘရာဟင်မှာ လွန်ခဲ့သည့် နှစ်အနည်းငယ်က ကွယ်လွန်ခဲ့သူ ဖြစ်သည်။

အီမက် ကလေးဘဝကတည်းက ထရပ်ကားကြီးများ၊ ဘတ်စ်ကားများကို ကြောက်တတ်သည်။ အီဗရာဟင်သည် ကျောရိုးတီဘီရောဂါဖြင့် လမ်းကိုပင် ကောင်းကောင်း မလျှောက်နိုင်သော ဘဝသို့ရောက်ရှိပြီး ကွယ်လွန်သွားခဲ့သည်။ အီမက်အဖြစ် ယခုဘဝတွင် သူပထမဆုံး လမ်းလျှောက်နိုင်သည့်အခါ အလွန်ပျော်ရွှင်ခဲ့သည်။

ဒေါက်တာ စတီဗင်ဆင်၏ တင်ပြချက်များမှာ နောင်တမလွန်ဘဝကို ယုံကြည်၊ ပြောင်လျောင်သရော်လိုသူများအား အလွန်ခေါင်းရှုပ်စေမည်ဖြစ်သည်။ ဒေါက်တာစတီဗင်ဆင်က လူဝင်စားသုတေသနပြုရာတွင် အပိုင်းသုံးပိုင်း ခွဲခြားပြီး လေ့လာသည်။

(၁) ကွယ်လွန်သူနှင့် ပတ်သက်သည့်ဖြစ်ရပ်များကို မှတ်မိသည့် အထောက်အထားများ။

(၂) ဘဝဟောင်းကနေရာ၊ အရာဝတ္ထုနှင့် လူများကို သိနေခြင်း။

(၃) ကွယ်လွန်သူနှင့် လူဝင်စားကလေးငယ်တို့၏ အပြုအမူတူညီမှုကို နှိုင်းယှဉ်ကြည့်ခြင်း။

အထက်ပါ အချက်များအပြင် လူဝင်စားကလေးငယ်၏ ကိုယ်ပေါ်တွင်ရှိသည့် မွေးရာပါ အမှတ်အသားမှာ ကွယ်လွန်သူ၏ကိုယ်ပေါ်တွင်ရှိသည့် အမှတ်အသားနှင့် တစ်ထေရာတည်း တူနေခြင်းဖြစ်သည်။ ထိုအကြောင်းကို ဒေါက်တာစတီဗင်ဆင်၏စာအုပ်တွင် ဖော်ပြထားသည်။

ဒေါက်တာ စတီဗင်ဆင်၏ လူဝင်စားနှင့်ပတ်သက်သော လေ့လာရေးသားချက်များမှာ 'လူဝင်စား'ရှိကြောင်း အမှန်ပင် ထင်ရှားစေသည်ဟု ယူဆဟန်တူပါသည်။ သူ့စာအုပ်ကို နိဂုံးချုပ်ရာတွင် ဒေါက်တာစတီဗင်ဆင်က "ဖြစ်စဉ်'အားလုံး၏ ဖြေရှင်းချက်မျိုးဖြစ်သည်ဟုလည်း မဆို။ အယူအဆတစ်ရပ်အဖြစ်လည်း မဖော်ပြ။ ၁၉၆၀ ပြည့်နှစ်တွင် သူ၏အမြင်၊ အယူအဆများကို ဖော်ပြခဲ့ရာမှ 'လူဝင်စား'ရှိသည်ဆိုသော အထောက်အထားများ ပိုမိုများပြားလာသည်။ လူဝင်စားကို ထဲထဲဝင်ဝင် လေ့လာမှု၊ စူးစမ်းမှု အမျိုးမျိုးတို့ကြောင့် ထိုသို့များပြားလာခြင်းဖြစ်သည်။ ကလေးငယ်များကို လေ့လာရာမှ အများဆုံးအထောက်အထားရရှိခဲ့သည်။

ကလေးငယ်၏ ထူးခြားသော ဉာဏ်ရည်ကို စူးစမ်းသည်။ ကလေးငယ်တွင် မွေးစကတည်းက ပါရှိလာသည့် အမှတ်အသား၊ ရောဂါဝေဒနာနှင့် ရုပ်ဆင်းအင်္ဂါချွတ်ယွင်းမှုတို့ကို လေ့လာသည်။

ဒေါက်တာ စတီဗင်ဆင်၏ စာအုပ်သည် 'လူဝင်စား'ကို ယုံကြည်သူရော၊ မယုံကြည်သူများအတွက်ပါ တွေးစရာများပြားစေနိုင်သည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအတွက်မူ ဗုဒ္ဓဟောကြားချက်ဖြစ်သည့် 'ပြန်လည်မွေးဖွားရခြင်း' **Rebirth** ကို လေးနက်စွာ သိနားလည်စေနိုင်ရန် အတွက် အထောက်အကူပြုနိုင်မည် ဖြစ်သည်။ အကြောင်းမှာ ဒေါက်တာစတီဗင်ဆင်၏ လေ့လာတွေ့ရှိချက်များသည် ဗုဒ္ဓဟောကြားချက်များကို များစွာ အလေးပေးထားခြင်းကြောင့် ဖြစ်သည်။

**U Aye Maung, "Research on rein carnation" The Guardian, Juluy ၁၉၇၅** မှ ကောက်နုတ်ပြန်ဆိုပါသည်။

လှတိုး(စိတ်ပညာ)



www.burmeseclassic.com

www.burmeseclassic.com

# စာတစ်လုံး ဘုရားတစ်ဆူ

**မောင်ပုတ်စည်**

မြန်မာစကားမှာ "စာတစ်လုံး ဘုရားတစ်ဆူ" ဆိုတဲ့ ဆိုရိုးရှိပါတယ်။ ပါဠိလိုတော့ "အက္ခရာမေတခ္စ ဗုဒ္ဓရူပံ" ပေါ့။ အက္ခရာတစ်လုံး၊ စာတစ်လုံးကို မဖွယ်မရာ သုံးစွဲမိမယ်ဆိုရင်တော့ ဘုရားတစ်ဆူကို ဖျက်ဆီးမိသလို အပြစ်ဖြစ်တယ်ဆိုတဲ့ သဘောပါပဲ။

စာပေဆိုတာ မသုံးမဖြစ်သုံးရ တာဖြစ်တဲ့အတွက် လေ့လာသိရှိထား မယ်ဆိုရင်တော့ ပိုကောင်းတာပေါ့။ အထူးသဖြင့်တော့ စာပေရေးသားကြတဲ့ စာရေးဆရာတွေ၊ ကဗျာဆရာတွေအတွက် ပိုသတိပြုသင့်တယ် ထင်ပါတယ်။

ကဗျာဖွဲ့ဆိုနည်း ကျမ်းကြီးတွေထဲမှာဆိုရင် ဂိုဏ်းတွေ၊ ဂုဏ်တွေ၊ အလင်္ကာတွေ၊ ဒေါသသင့်တာတွေ၊ အပြစ်လွှတ်တာတွေ အကျယ်တဝင့် ဖွင့်ဆိုရေးသားထားတာ စုံစုံစေ့စေ့ရှိပါတယ်။ ဒါကြောင့် စာပေအက္ခရာတွေ အသုံးလွဲရင် ဘယ်လိုအပြစ်တွေ ထိုက်ပါသလဲလို့ စာပေနှံ့စပ်ကျွမ်းကျင်တဲ့ ဆရာကြီးတစ်ဦးကို မေးကြည့်ဖူးတယ်။ သူက ဒီလို ရှင်းပြပါတယ်။

စာပေအက္ခရာတွေဟာ မြင့်မြတ်တယ်။ ဒါကြောင့် စာအုပ်တွေ၊ စာတွေကို တက်မနင်းမိအောင်၊ မကျော်ခအောင် လူကြီးသူမတွေက မသင်ပြဘူးလားတဲ့။ အေး. . .ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ တရားစာပေတွေ၊ နှုတ်ခပ်ဌတော်တွေ ကိုလည်း ဒီစာပေတွေ ဒီအက္ခရာတွေနဲ့ပဲ ရေးသားခဲ့တာပဲလေ။

ဒါကြောင့် အက္ခရာတစ်လုံးဟာ ဘုရားတစ်ဆူအဖြစ် ချည်း ၃၃ လုံးကို ပဟာဒီလို သတ်မှတ်တယ်တဲ့။

က - ကိလေသာမာရ်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား။

ခ - ခန္ဓာမာရ်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား။

ဂ - ဂန္ဓကုဋီရွှေတိုက်မှ ကျွတ်ထိုက်သောသူ သတ္တဝါဗိုလ်လူခပ်သိမ်းတို့အား ရွှေဉာဏ်တော်ကွန်ရက်ဖြင့် ဖြန့်လျက် ကြည့်ရှုတော်မူသော မြတ်စွာဘုရား။

ဃ - ဃဋီကာရ ဗြဟ္မာမင်းကြီး ဆက်ကပ်သော ရွှေကြာသင်္ကန်းကို ဆင်မြန်းတော်မူသော မြတ်စွာဘုရား။

င - ငါးပါးသေ ာမာရ်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား။

စ - စကြဝဠာတစ်တိုက်၌ တုပြိုင်ဘက်ကင်းတော်မူသော မြတ်စွာဘုရား။

ဆ - ဆယ်ပါးသော ဒုစရိုက်ကို ပယ်ဖျက်ခုတ်ထွင် အောင်မြင်တော်မူသော မြတ်စွာဘုရား။

ဇ - ဇာတိဿရဉာဏ်ကို ရတော်မူသော မြတ်စွာဘုရား။

ဈ - ဈာန်သမာပတ်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြ ာ်စွာဘုရား။

ည - ဉေယျဓမ္မတ ျားငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဋ - ဋီကာလက်သန်း ကျမ်းအဌ ယ်သွယ်ကို ဆရာမရှိ ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရား။

ဌ - ပဋ္ဌာန်းကျမ်းကို ဟောကြားတော်မူသော မြတ်စွာဘုရား။

ဍ - ကောဏ္ဍညပုဏ္ဏားသည် လက်ညှိုးတစ်ချောင်း ထောင်ပြ၍ ဘုရားစစ်စစ် ဧကန်ဖြစ်ပါလိမ့်မည်ဟူ၍ ပြောဆိုခြင်းကို ခံယူတော်မူထိုက်

www.burmeseclassic.com

သော မြတ်စွာဘုရား။

ပ - ဒီပင်္ကရာဘုရားရှေ့တော်၌ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူသော မြတ်စွာဘုရား။

ဏ - တဏှာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျက်ခုတ်ထွင်အောင်မြင်တော်မူသော မြတ်စွာဘုရား။

တ - တစ်ထောင်မကသော တိတ္ထိတို့ကို ဆုံးမတော်မူသော မြတ်စွာဘုရား။

ထ - ထူးမြတ်သော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဒ - ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူသော မြတ်စွာဘုရား။

ဓ - ဓမ္မစကြာတရားတော်ကို ဟောတော်မူသော မြတ်စွာဘုရား။

န - နိမ္မာန်သောင်ချာ ရွှေပြည်သာသို့ ပို့ဆောင်တော်မူသော မြတ်စွာဘုရား။

ပ - ပဋိသမ္ဘိဒါဉာဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဖ - ဖိုလ်မင်္ဂချမ်းသာကို အောင်မြင်တော်မူသော မြတ်စွာဘုရား။

ဗ - ဗောဓိပင်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား။

ဘ - ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

မ - မစ္စုမာရ်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား။

ယ - သရက်ဖြူပင်ရင်း၌ တိတ္ထိတို့အား ရေမီးအစုံစုံတို့နှင့် ယမိုက်ပြ ဋိဟာကို ပြတော်မူသော မြတ်စွာဘုရား။

ရ - ရောင်ခြည်တော်ခြောက်သွယ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

လ - လူသုံးပါးတို့တွင် တုပြိုင်ဖက်ကင်းတော်မူသော မြတ်စွာဘုရား။

ဝ - ဝသုန္ဒရေ မြေနတ်သားသည် သက်သေခံပြု၍ မာရ်နတ်မင်းခုခံသည်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား။

သ - သစ္စာလေးပါး တရားအပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဟ - "ဟန္ဒဒါနိဘိက္ခဝေ" ပါဠိတော်လာသည်နှင့်အညီ ရဟန်းအပေါင်းတို့ကို ဆုံးမတော်မူသော မြတ်စွာဘုရား။

ဠ - လပြည့်ဝန်းကဲ့သို့ ပြည့်ထွန်းသော ရွှေမျက်နှာတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

အ - နေအရုဏ်မတက်မီ အာသဝေါကင်းကွာ၍ အာသဝက္ခယဉာဏ်တော်ကို ရတော်မူသော မြတ်စွာဘုရား။

ဣတိ ဣမေဟိ ဂုဏေဟိ - ဤသို့ ဂုဏ်တော်တို့နှင့် သမန္နာဂတော - ပြည့်စုံတော်မူသော၊ သမ္မာသမ္ဗုဒ္ဓေ - မြတ်စွာဘုရားကို၊ အဟံ - အကျွန်ုပ်သည်၊ ဝန္ဒေ-ဝန္ဒာမိ - ရှိခိုးပါ၏။

အဲဒီလို ရှေးစာပေပညာရှိကြီးများ စာသင်သားရဟန်းတော်များဟာ ပညာဉာဏ်ပွင့်လင်းအောင် ရှိခိုးကြတယ်တဲ့။ ဒါကြောင့် ခုခေတ် စာရေးဆရာ၊ ကဗျာဆရာ စတဲ့ စာပေပညာရှင်တွေ၊ ပညာနဲ့သက်ဆိုင်တဲ့ ကျောင်းသား၊ ကျောင်းသူတွေလည်း စာမေးပွဲအတွက် ရှိခိုးနိုင်ကြတာပေါ့။ စာပေကို ရှိသေရမယ်။ အမွန်အမြတ်ထား လေးစားရမယ်။ ဖြစ်ကတတ်ဆန်း မပြုသင့်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီ "က" ကြီးကနေ "အ" အထိရှိခိုးတာကို "ဗျည်း ၃၃ လုံး ဘုရားရှိခိုး" ဆိုပြီး ဘုရားရှိခိုးထဲမှာ ထည့်ထားလို့ပါပဲ။ ကဲ . . . ဒီလောက်ဆို မောင်သိချင်တာ ရှင်းလောက်ပါပြီတဲ့။

ဒါ စာပေနဲ့စပ်တဲ့ ဆရာကြီးတစ်ဦး ရှင်းပြတာကို တစ်ဆင့်ပြန်ပြီး ဖောက်သည်ချလိုက်တာပါ။

မောင်ပုတ်စည်



www.burmeseclassic.com

www.burmeseclassic.com

# လူတွေပြောသော

# မြန်မာစကား

## ရှယ်လီသိန်းမောင်(စိန့်မိုက်ကယ်)

လူသားအားလုံး စကားပြောတတ်စအရွယ်မှ စ၍ သေဆုံးခါနီးအထိ စကားပြောကြပါသည်။ လူ့ခန္ဓာကိုယ်၌ ပါးစပ်ပါရှိနေခြင်းသည် အစာစားရန်နှင့် စကားပြောရန် တတ်နေခြင်း ဖြစ်ပါသည်။

ထိုသို့ စကားပြောရာ၌ လူသားအားလုံးတို့သည် ကောင်းသောစကားများကို ပြောကြမည်ဖြစ်သကဲ့သို့ မကောင်းသောစကားများကိုလည်း ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ ပြောကြမည်ဖြစ်ပါသည်။

မြန်မာ့စကားပုံများတွင် "ကြမ်းကျွံလျှင် နုတ်လို့ရသည်၊ စကားကျွံလျှင် နုတ်လို့မရ"ဟူသော စကားရှိသကဲ့သို့ "နှုတ်ကောင်းလျှင်ပြည်စိုး"ဟူသော စကားပုံများကို ကြည့်ခြင်းအားဖြင့် စကားပြောဆိုခြင်းသည် အလွန်ပင် အရေးကြီးပါကြောင်း သိရှိနိုင်ပါသည်။

ထို့ကြောင့် မြန်မာလူမျိုးတို့၏ ကိုးကွယ်အားထားဖြစ်သော မြတ်ဗုဒ္ဓက စကားပြောဆိုရာ၌ မှန်ကန်၍အကျိုးရှိသော စကားများကိုသာ ပြောကြားရန် တရားတော်များ၌ ဒေသနာများဖြင့် ဆုံးမဟောကြားတော်မူခဲ့ပါသည်။

ရှေးခေတ်က .လူတို့သည် ပညာသင်ကြားပြီးပါက ပြီးရော မနေကြဘဲ စကားနှင့်ပတ်သက်သော ပညာရပ်များ၌ အချိန်နှင့်အမျှ လေ့လာဆည်းပူးကြ သဖြင့် တကောင်းခေတ် သရေခေတ္တရာခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ် အစရှိသော ခေတ်များက စကားအရာ-တွင် လိမ္မာပါးနပ်ကြွယ်ဝလှသော ရှေးစာဆိုတော်ကြီးများ အမြောက်အမြား ပေါ်ထွက်လာခြင်းကြောင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ အတုယူဖွယ် မှတ်သားလေ့လာနိုင်ခြင်း ဖြစ်ပါသည်။

ထိုခေတ်ထိုအခါများက အမတ်ကြီးဦးပေါ်ဦး၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ခံတော်မောင်ကျပမ်း၊ ဝန်ဇင်းမင်းရာဇာ၊ မောင်ပေါက်ကျိုင်း၊ ဇနီးမော်ဆရာတော်၊ မဟော်သဓာ၊ အမရာ အစရှိသော မြောက်မြားလှသည့် စာဆိုတော်များ ပေါ်ပေါက်ခဲ့ပါသည်။ နန်းတွင်း၌ စကားအပြောအဆို လိမ္မာပါးနပ် ကြွယ်ဝခြင်းဖြင့် ဘုရင်မင်းမြတ်အား အပျော်ဆက်သခြင်းများ ပြုလုပ်လေ့ရှိပါသည်။

နန်းတွင်းသာမက ကျေးလက်တောရွာများ၌လည်း လူပျို၊ အပျိုတို့သည် ချစ်စကားနီးနှောကြရာ၌ မြန်မာ့ယဉ်ကျေးမှုစကားများဖြင့် စကားလိမ်၊ စကားဝှက်ဖြင့် တစ်ဦးနှင့်တစ်ဦး. အနိုင်မခံ၊ အရှုံးမပေး ပြောဆိုကြပါသည်။

စကားပြောဆိုရာ၌ စကားထာရိုးရိုး၊ စကားဝှက်၊ စကားလိမ်၊ ပုစ္ဆာစကားဝှက်၊ သချၤာစကားဝှက်၊ ပုံပြင်စကားဝှက် ဟူ၍ စကားဝှက်ကြသော အလေ့ကို စွဲစွဲမြဲမြဲ ပြောမှတ်ခဲ့ကြပါသည်။

စကားထာရိုးရိုးဆိုသည်မှာ အများသိရှိကြပြီးဖြစ်သည့် ဥပမာအားဖြစ်စေ၊ အနက်အားဖြစ်စေ ဆိုလိုရင်းကို ဖုံးကွယ်မြုပ်နှံ၍ ဝှက်သောစကားထာမျိုးပင် ဖြစ်ပါသည်။

ဥပမာ - သွားတော့ခွေခွေ၊ နေတော့စင်းစင်း (ခေါင်းခု)
မြစ်လယ်ကောင်သောင်ထွန်း နုတ်သမီးနေတဲ့ကျွန်း (ကျောက်ပျဉ်)

www.burmeseclassic.com

တိုသည်ဖြစ်စေ၊ ရှည်သည်ဖြစ်စေ ဤသဘောမျိုးနှင့် ဝှက်သော စကားထာမျိုးကို စကားထာရိုးရိုးဟုခေါ်ပါသည်။

စကားလိမ်ဆိုသည်မှာ စကားကို ကာရန်အားဖြင့် အရှေ့အနောက် လိမ်လည်၍လည်းကောင်း၊ အလျားလိုက် လိမ်ပတ်၍လည်းကောင်း ပြောဆိုသော စကားတွင်မှ အနက် အဓိပ္ပာယ်ကို မြုပ်နှံမထား၊ နိုက်ယူရန်မလို သူ့အဖြေနှင့်သူ ရှိပြီးဖြစ်၏။

ဥပမာ…

တောင်ကြီတောင်ကြားပေါက်သည့်ဝါး အမျှားခပ်သွယ်သွယ်၊ အိမ်ကြိုအိမ်ကြား မွေးသည့်သား စကားခပ်ကြွယ်ကြွယ်။

စကားဝှက်ဆိုသည်မှာ စကားတစ်လုံးစီ တစ်လုံးစီ ဝှက်ထားရာကို စုပေါင်းဖြေဆိုသောအခါ လိုအပ်သော အဖြေ ထွက်လာ၏။

ဥပမာ - စပယ်ဖူး၊ ဆီးယောက်မ

ငုံမွှေ = ငွေမှုံ ဖြစ်ပါသည်။

ငင်းစကားဖှက်တို့သည် ကိုယ့်ဘာသာကိုယ် တီထွင် ကြံဆကာ ပြောကြရသော စကားစုများဖြစ်၍ ရုပ်သေးပွဲ၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲများတွင် လူရွှင်တော်များ ရောက်တတ်ရာ ရာ ပြောဆိုကြသဖြင့် စကားဝှက်တို့သည် တစ်ခါတစ်ရံ ညစ် ညမ်းသွားတတ်ပါ၍ အထူးပင် ဆင်ခြင်သင့်ပါသည်။ ယဉ် ကျေးမှု အနှစ်သာရကင်းမဲ့သော စကားစုများအား ရှောင်ရှား ရန် လိုအပ်လှပါသည်။

သင်္ချာစကားထာဆိုသည်မှာ ဂဏန်းသင်္ချာ၊ အက္ခရာ သင်္ချာတို့ဖြင့် တွက်ချက်ယူရသော စကားမျိုးဖြစ်ပါသည်။

ဥပမာ - ကျွန်မအသက် သပြေခက် (၁၆ နှစ်)

ပုစ္ဆာ စကားထာဆိုသည်မှာ သင်္ချာစကားထာမျိုးနှင့် ခပ်ဆင်ဆင်ပင် ဖြစ်ပါသည်။ စိတ် ်င်စားဖွယ်ကောင်းသော ပုံပြင်တစ်ပုဒ်အဖြစ် ဖန်တီး၍ အမေး ပြုလုပ်သော စကားထာ ပင် ဖြစ်ပါသည်။

ပုံပြင်စကားလည်း ထို့နည်းတူပင် ဖြစ်ပါသည်။

ထိုမျှပင်မကသေး၊ စကားပြောဆိုရာ၌လည်း ပြော ဆိုနည်း ပြောဆိုဟန်များကိုပါ ရှေးစာဆိုတော်ကြီးများက စကားကြီး ၁၀ ခွန်းကို နောင်လာနောက်သားများ စကားပြော ဆိုရာတွင် ဂရုစိုက်စေရန် ရေးသားခဲ့ပါသည်။ ၎င်းတို့မှာ

(၁) ရေကူးညာတင် စကားပြောနည်း။
(၂) ကောက်ပင်ရိတ်လှီး စကားပြောနည်း။
(၃) ရေစီးမောင်းဆန် စကားပြောနည်း။
(၄) အိုးတန်ဆာခပ် စကားပြော နည်း။
(၅) ဆီပွတ်ကျည်ပွေ့ စကားပြောနည်း။
(၆) ဆင်ဝေ့ရန်ရှောင် စကားပြောနည်း။
(၇) တောင်သူယာခုတ် စကားပြောနည်း။
(၈) ကြက်ဆုတ်ခွပ်ပစ် စကားပြောနည်း။
(၉) ရေစစ်ကရား စကားပြောနည်း။
(၁၀) ခက်တင်မောင်းနင်း စကားပြောနည်းတို့ ဖြစ် ပါသည်။

စကားထာများသည် မြန်မာ့လူနေမှုစနစ်နှင့် ရင်းနှီးစွာ ဆက်သွယ်ပေါင်းစပ်ပေးသော မြန်မာ့စကားများ ဖွံ့ဖြိုး ရှင်သန်လာစေရန် အထောက်အကူဖြစ်စေသော စကားများ ပင် ဖြစ်သော်လည်း ယခုအခါတွင် အလွန်တရာ ချစ်ဖွယ် ကောင်းလှသော မြန်မာ့ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည့် စကား များသည် တိမ်ကောပျောက်ကွယ်နေသည်ကို တွေ့ရသဖြင့် ဝမ်းနည်းဖွယ်ကောင်းလှပါသည်။

ထို့ကြောင့် မြန်မာစာပေ ပြန့်ပွားရန်အတွက် မြန်မာ့ စကားများသည် အလွန်အရေးပါ အရာရောက်လှပါသဖြင့် မြန်မာလူမျိုးများ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးခင်မင်သည့် စိတ်ဓာတ်များ ပြန်လည်နိုးကြားလာပြီး မိမိရင်သွေးလေး များအား မြန်မာမှုဆိုင်ရာ ပုံပြင်စကားထာ စကားပြောများကို သင်ကြားပေးခြင်း၊ ဖတ်ရှုစေနိုင်ရန် သင်ပေးပါရန်အတွက် ဤဆောင်းပါးဖြင့် အကြံပြုရေးသား တိုက်တွန်းလိုက်ပါသည်။

**ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)**

မှတ်ချက် ။ ။ ကြည်ဦး၏ မြန်မာ့ရိုးရာ စကား ထာများမှ ကောက်နုတ်တင်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဥဒေါင်းငှက်နားခြင်း အတိတ်နိမိတ်ကောက်ပုံ ဂမ္ဘီရပညာ

■ ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

လူနေအိမ်၏ အိမ်ခေါင်မိုးပေါ်တွင် ဥဒေါင်းငှက်နားခြင်း၊ ညငှက်ဟုခေါ်သော ငှက်ဆိုးနားခြင်း၊ လင်းတ (လဒ Vulture) နားခြင်း၊ အိမ်ခေါင်မိုး သို့မဟုတ် သစ်ပင်ပေါ်၌နားခြင်း ပြုတတ်သည်ဖြစ်ရာ ယင်းသို့နိုနားလျှင် မြန်မာလူမျိုးတို့၏ နက္ခတ္တဗေဒင်၊ ဂမ္ဘီရပညာအရဖြင့်မူ အတိတ်နိမိတ်ကောက် ကြောင်းအော်က်တွင် ကိုယ်တွေ့လက်တွေ့ ဖြစ်ရပ်မှန်သတင်း သာဓကများနှင့် တင်ဆက်ဖော်ပြထားပါသည်။

## လက်တွေ့ ဖြစ်ရပ်မှန်တစ်ခု သစ်ပင်ပေါ်တွင် ဥဒေါင်းငှက်နားခြင်း

သိပ်မကြာသေးမီက လွန်ခဲ့သော ၂၀၁၃ ခုနှစ်၊ မေလ ၂၇ ရက် ကြာသပတေးနေ့ နံနက် ၁၀ နာရီခွဲအချိန်တွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ မဟာအောင်မြေ ကုက္ကိုပင်ကြီး၏ထိပ်ဖျား၌ ရှားရှားပါးပါး ဥဒေါင်းငှက်ကြီးတစ်ကောင် (ခန့်မှန်းခြေ ခေါင်းမှ အမြီးဖျားအထိ [illegible]ပေခန့်ရှိ)ကို မြင်တွေ့ရသဖြင့် အနယ်နယ်အရပ်ရပ်ရှိ လူများ စုဝေး(စုပြုံ)ကာ တိုးဝှေ့လာရောက် ကြည့်ရှုလေ့လာကြသည်ဆိုသည်။

မြန်မာလူမျိုးတို့သည် ဒေါင်း၊ သို့မဟုတ် ဥဒေါင်းငှက်ကို မင်္ဂလာငှက်ဟူ၍ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာအရ သတ်[illegible]အသိအမှတ်ပြုကာ လေးစားချစ်မြတ်နိုးစွာဖြင့် မသတ်မဖြတ်ရက်ကြဘဲ ဘေးမဲ့လွှတ်ထားခဲ့ကြ၊ ဘေးမဲ့လွှတ်ထားလျက်၊ လွှတ်ထားလတ္တံ့ ဖြစ်ပေသည်။

ယင်းသို့ အဆိုပါဥဒေါင်းငှက်သည် ကုက္ကိုပင်ကြီးအပေါ်၌ လာရောက်နားသဖြင့် မြန်မာ့နက္ခတ္တဗေဒင်ပညာနှင့် ဂမ္ဘီရပညာတို့အရဖြင့်မူ ကုက္ကိုပင်ဖြစ်သဖြင့် မြန်မာဗျည်း ၃၃ လုံးတွင် အစအက္ခရာ စာလုံးဖြစ်သော "က"နှင့် နောက်ဆုံးအက္ခရာ စာလုံးဖြစ်သည့် (အ-ဥ)ကို တွဲဖက်ထားလျက်ရှိသည်ဖြစ်ရာ မန္တလေးမြို့ကြီးသည် ဇဉ်ဆက်မပြတ် ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့ဖြင့် ပြီးပြည့်စုံမည့် အတိတ်နိမိတ်ကောင်းဖြစ်သည်ဟု သိရသည်။

တစ်ဖန် ညငှက် (ခေါ်) ငှက်ဆိုးသည် ညအခါမှ ထွက်တတ်ပြီး ညဥ့်အခါ၌ ကောင်းကင်အထက်တွင် ပျံသန်းရင်း မင်္ဂလာမရှိသည့် စူးရှဆိုးရွားလှသော အသံထွက် အော်ဟစ်ကြွေးကြော်တတ်သဖြင့် ၎င်းကို မြန်မာလူမျိုးတို့က "အမင်္ဂလာငှက်၊ ကျက်သရေမရှိသောငှက်"ဟု သတ်မှတ်သက်ဝင်ယုံကြည်လျက်ရှိကြသည်။

ထို့ပြင် လင်းတ(လဒ)သည် အထက်ကောင်းကင်အမြင့်တွင် ပျံဝဲကာ မြေပေါ်ရှိ အသုဘအလောင်းကောင် ဇာသေကောင်အပုပ်များတို့ကို ရှာဖွေစားသောက်တတ်သည့် ငှက်ကြီးမျိုးပေမို့ အမင်္ဂလာငှက်၊ အသုဘငှက်ဟု မြန်မာလူမျိုးတို့က သတ်မှတ်ကြကာ လွန်စွာမှပင် စက်ဆုပ်ရွံရှာ



www.burmeseclassic.com

www.burmeseclassic.com



မှန်းတီးမသတီစွာဖြင့် ရှောင်ဖယ်ကြ၏။ ယင်းငှက်ဆိုး၊ ငှက်ယုတ်၊ ငှက်စုတ်သည် နေအိမ်ခေါင်မိုးပေါ်၌ လာရောက်နားလျှင် အတိတ်နိမိတ်မကောင်း။ ထိုအိမ်တွင်နေထိုင်သောလူ၊ မိသားစုများ ကံဆိုးမိုးမှောင်ကျရောက်တတ်သည်။ ရောဂါဆိုးဝင်တတ်၏။ သေကျေပျက်စီးတတ်သည်ဟု မြန်မာလူမျိုးတို့က အနက်အဓိပ္ပာယ်ကောက်ခါ သက်ဝင်ယုံကြည်တတ်ကြ၏။ ဤတွင် စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်တစ်ခုကို တင်ပြပါမည်။

မှတ်မိပါသေးသည်။ လွန်ခဲ့သော ၁၉၅၈ ခုနှစ် စာရေးသူ လူပျိုပေါက် အသက် ၁၉ နှစ်အရွယ် မော်လမြိုင်မြို့တွင် နေထိုင်စဉ်က ဖြစ်ပါသည်။ ထိုစဉ် စာရေးသူနေထိုင်သည့် မရမ်းကုန်းရပ်ကွက် သုံးထပ်တိုက်ပေါင်း၏ အိမ်ခေါင်မိုးပေါ်တွင် အဆိုပါ ညဉ့်ငှက်(ငှက်ဆိုး)သည် မကြာခဏ လာရောက်နားခိုခဲ့သည်ဆိုသည်။ ရပ်ကွက်မှ သက်ကြီးရွယ်အိုဒေါ်လုံး အမည်ရှိသော အဘွား (မရမ်းကုန်းခေါက်ဆွဲဆိုင်ရှင်)က ကိုယ်တွေ့မျက်မြင် တွေ့ခဲ့သည်ဆိုသည်။ အဘွားဒေါ်လုံးက အတိတ်နိမိတ်မကောင်းပါ၊ သားငယ်၏နေအိမ်မှ အဘွားကျန်းမာရေးကို ဂရုစိုက်ပါနော်ဟု စာရေးသူအား မကြာခဏ မှာကြားခဲ့ပါသည်။ စာရေးသူ၏ဖခင်ဘက်မှတော်သော အဘွားဒေါ်ဖြူမှာ နှစ်နှင့်ချီပြီး နာမကျန်းဖြစ်၍ အိပ်ရာထဲ၌ လဲလျောင်းနေခဲ့ရ၏။ အဘွားသည် ဝမ်းတော်လားရောဂါ စွဲကပ်ဖြစ်ပွားနေခဲ့၏။ မကြာမီ ယင်းဝမ်းတော်လားရောဂါဖြင့်ပင် အသက်ရှစ်ဆယ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။ ထိုစဉ် စာရေးသူသည် ထိုမရမ်းကုန်းခေါက်ဆွဲဆိုင်မှ အဘွားဒေါ်လုံးပြောခဲ့သည့်စကားကို သတိရပြီး အိမ်ခေါင်မိုးပေါ်သို့ လှမ်းကြည့်လိုက်သည့်အခါတွင် အမှန်ပင် ညဉ့်ငှက်ကြီးတစ်ကောင် လာရောက်နားခိုနေသည်ကို တွေ့ရှိခဲ့ရပါသည်။ အတိတ်နိမိတ်မကောင်းပေ။

စာရေးသူ အဘွားမဆုံးမီ ယင်းငှက်ဆိုး မကြာခဏ အိမ်ခေါင်မိုးပေါ်၌ လာရောက်နားသည် ဖြစ်သောကြောင့် အမှန်တကယ်ပင် အတိတ်နိမိတ်မကောင်းဟု ကေန်မုချ (ကျိန်းသေ) ကောက်ချက်ချကြရမည်သာ ဖြစ်ရကား မတော်တဆ ကြုံကြိုက်သည့်သဘောမျိုး၊ ထန်းသီးကြွေခိုက် ကျီးနင်းလိုက် တိုက်ဆိုင်သော ဖြစ်ရပ်မျိုးတော့ မဟုတ်တန်ရာ။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

(i) ကြေးမုံနေ့စဉ် (၃၀-၅-၂၀၁၃)သတင်းတို၊ ကျော်ဇော(ရွှေဘို)

(ii) စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ်မှန် (၁၉၅၈ ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com

# အမြုတေ

■ ပဥ္စလက်

စာရေးသူရေးသားသည့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လထုတ် ရောင်ပြန်မဂ္ဂဇင်းပါ "အုန်းဘီလူး" ဆောင်းပါးနှင့်ပတ်သက်၍ မေးမြန်းလာသူ စာဖတ်ပရိသတ်အချို့နှင့် မိတ်ဆွေအပေါင်း အသင်းများအား ဤဆောင်းပါးဖြင့် ပြန်လည်ဖြေကြားပါသည်။

အုန်းဘီလူးဆောင်းပါးတွင် အုန်းအမြုတေ၏ အစွမ်းထက်ပုံသာ ရေးသားရခြင်းမှာ ထိုဆောင်းပါးသည် အုန်းအမြုတေအကြောင်းကိုသာ အဓိကရေးသားခြင်းကြောင့် ဖြစ်ပါသည်။ အချို့ မိတ်ဆွေများ မေးမြန်းသော (၁) ဘူမိယအမြုတေ၊ (၂) ခြသံအမြုတေ၊ (၃) ဝါးအမြုတေ၊ (၄) ငှက်အမြုတေ၊ (၅) ဆင်အမြုတေ၊ (၆) မြွေအမြုတေများ၏ အစွမ်းထက်မြက်ပုံများကိုလည်း ဖော်ပြရန်ဖြစ်ပါသည်။

အထက်ပါအမြုတေများ၏ အစွမ်းထက်ပုံများကို မဖော်ပြမီ တင်ပြလိုက်သည်မှာ ဤအမြုတေများအကြောင်းကို စာရေးသူသည် စာတွေ့သာတွေ့ရှိမှတ် သားရခြင်းဖြစ်ပါသည်။ လက်တွေ့အားဖြင့် ကြုံဖူးခြင်းမရှိပါ။ သို့သော် ကိုယ်တိုင်မြင်တွေ့ဖူးသည့် ပစ္စည်းနှစ်မျိုးတော့ ရှိဖူးပါသည်။ ၎င်းမှာ ခြသံနှင့် ငုံးအမြုတေဖြစ်ပါသည်။ စစ်သည် မစစ်သည်ကိုတော့ တာဝန်မခံရဲပါ။ မြင်ဖူးခြင်းရှိသည်ကိုတော့ ဝန်ခံပါသည်။ နောက်ပိုင်းမှ ထိုကိစ္စကို တင်ပြပါမည်။

ယခုတင်ပြမည့် အကြောင်းအရာများသည် စာတွေ့များဖြစ်ပါသည်။ မိဂိစုဆောင်းထားသမျှကို စာဖတ်သူအချို့ မေးမြန်းချက်များအရ ဖော်ပြခြင်းဖြစ်ပါသည်။ အုန်းအမြုတေကိုတော့ မတင်ပြတော့ပါ။ ကျန်အမြုတေများအကြောင်းကို အပေါင်းများထဲမှ ကောက်နုတ်၍ တင်ပြရသော်...

"အမြုတေဟူသည် မာကျောသော အရာဝတ္ထုအစိုင်အခဲတစ်ခုသည် လောကီယ သမထပညာစဉ်စခန်း၊ ဂန္ဓာရီလမ်း၊ ဝိဇ္ဇာအောက်လမ်း သိဒ္ဓိဆယ်ပါးအနက် အနည်းဆုံး သိဒ္ဓိတစ်ပါးပါးကို စွမ်းဆောင်ထက်မြက်စေသည့် ပစ္စည်းမျိုးကို ခေါ်သည်" ဟု ရှေးပညာရှိကြီးများက ဆိုကြ၏။ ၎င်းတို့ကို ဖော်ပြလျှင်...

(က) **ကာယသိဒ္ဓိ** - ဓား၊ လှံ၊ မီး၊ သေနတ်ပြီးစေခြင်း။

(ခ) **ဝီယသိဒ္ဓိ** - သူတစ်ပါး ချစ်ခင်မြတ်နိုးစေခြင်း။

(ဂ) **ဓနသိဒ္ဓိ** - စီးပွားလာဘ်ဟာဘ ရှင်လန်းစေခြင်း။

ဤအမြုတေများသည် သိပ္ပံပညာဖြင့် ဆန်းစစ်၍ မရနိုင်အောင် ထူးခြားဆန်းကြယ် အံ့ဖွယ်ကောင်းလှသည်၊ ဖော်ပြပါ အမြုတေများကို တစ်ခုချင်းစီဖော်ပြရသော်...

(၁) **ဘူမိယအမြုတေ** ဟူသည်မှာ မြေသား၊ မြေစိုင်၊ ကျောက်တန်း၊ ကျောက်တောင် အစရှိသည့် လူအရောက်အပေါက်နည်းလှသော နေရာတို့တွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော ကျောက်လိပ်၊ ကျောက်မြွေ၊ ကျောက်ငါး၊ ကျောက်နဂါးပုံသဏ္ဍာန် ရုပ်လုံးရုပ်ကြွများကို ဆိုလိုပါသည်။ အဆိုပါ ရုပ်လုံးရုပ်ကြွတို့၏ ဦးခေါင်းတွင်ဖြစ်စေ၊ မျက်စိတွင်ဖြစ်စေ အစိုင်အခဲအလုံးများ ပါရှိတတ်သည်။ ဤဘူမိယအမြုတေသည် ဓနသိဒ္ဓိခေါ် လာဘ်ရှင်လန်းစေခြင်းနှင့် အာရောဂျသိဒ္ဓိခေါ် ရောဂါဝေဒနာကုသရာတွင် အစွမ်းထက်မြက်၍ ပျောက်ကင်းကြောင်းသိရသည်။

(၂) **ခြသံအမြုတေ**ကို အလွန်ကြီးမားသော ခြတောင်ပို့ကြီးထဲတွင်လည်းကောင်း၊ ထုံးကျောက်လိုဏ်ဂူအတွင်းရှိ တောင်ပို့ကြီးထဲတွင်လည်းကောင်း ဖြစ်ပေါ်လေ့ရှိ

www.burmeseclassic.com

ကြောင်း သိရှိရသည်။ ယင်းခြံတောင်ပို့ကို ဖြိုချ၍ တူးဖော်လိုက်သောအခါ သဘာဝအလျောက်ဖြစ်ပေါ်နေသော ခြံသလုံးများကို အစီအရီမြင်တွေ့ရပါသည်။ ထိုခြံသလုံးငယ်များသည် ပြောင်ချောမာကျောနေပြီး အထုခံကြောင်း သိရသည်။ ဖော်ပြပါ ခြံအမြုတေသည် ဓနသိဒ္ဓိ၊ လာဘ်လာဘသိဒ္ဓိတို့တွင် အစွမ်းထက်မြက်ကြောင်း သိရသည်။

(၃) **ဝါးအမြုတေ** - ဝါးအမြုတေသည် ဝါးပိုးဝါး၊ ဝါးပိုးမျက်ဆံကျယ် စသည့် ဝါးလုံးကြီးအရင်းပိုင်း အဆစ်ကြားထဲတွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော အစိုင်အခဲအလုံး အရာဝတ္ထုတို့ ပါရှိခြင်းဖြစ်ပါသည်။

အထူးသဖြင့် ဝါးပေါ်များစွာထွက်ရှိသော ရခိုင်ပြည်နယ်၊ လေးမြို့ချောင်းတို့တွင် တွေ့ရသည်။ ဝါးအမြုတေ၏ အရောင်မှာ စိမ်းညိုပြသော ဝါးစိမ်းရောင်၊ စပျစ်သီးရောင်တို့ကဲ့သို့ ဖြစ်ပါသည်။ ယင်းဝါးအမြုတေပါရှိသော ဝါးသည် လပြည့်လကွယ်ညတို့တွင် တဒေါက်ဒေါက်မြည်သံပြုခြင်း၊ မိုးချုပ်နေဝင်ရီတရောအချိန်တို့တွင် ဝါးကြိတ်သံ၊ ဝါးပွက်သံတို့ကို ထူးဆန်းစွာကြားရကြောင်း သိရပါသည်။ အဆိုပါ ဝါးအမြုတေသည် ပိယသိဒ္ဓိခေါ် သူတစ်ပါးချစ်ခင်နှစ်သက်စေခြင်း၊ ဓနသိဒ္ဓိခေါ် စီးပွားလာဘ်လာဘတို့ကို ရှင်လန်းစေကြောင်း သိရှိရသည်။

(၄) **ငှက်အမြုတေ** - ငှက်သည် မိမိအသိုက်ပေါ်တွင် ဥချရာမှ သဘာဝအလျောက် မာကျော၍ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ၎င်းဥသည် ရိုးရိုးငှက်ဥနှင့်မတူဘဲ တစ်မူထူးကဲဆန်းပြားစွာ ကျောက်ခဲလုံးပုံသဏ္ဌာန် မာကျောနေခြင်းပင်ဖြစ်သည်။ ငှက်အမြုတေကို တောမီးလောင်ကျွမ်း၍ မီးကျွမ်းကျန်ရစ်သော သစ်ပင်ပေါ်ရှိ ငှက်သိုက်ပေါ်တွင် တွေ့ရသည်။ ဖော်ပြပါ ငှက်အမြုတေများတွင် ငုံးအမြုတေများကို အများဆုံး တွေ့ရသည်။ ယင်းငှက်အမြုတေသည် ကာယသိဒ္ဓိခေါ် ဓား၊ လှံ၊ မီး၊ သေနတ် ပြီးစီးစေခြင်း၊ မီးမကူး၊ ကျည်လွဲစေခြင်း စသည့်အစွမ်းထက်မြက်ကြောင်း သိရှိရသည်။

(၅) **ဆင်အမြုတေသည်** ဆင်ဦးကင်းထိပ်ပေါ်တွင်ဖြစ်စေ၊ ဆင်အစွယ်ရင်းတွင်ဖြစ်စေ ထူးခြားဆန်းကြယ် အစွမ်းထက်မြက်သည့် အစိုင်အခဲအလုံးပါရှိခြင်းကို ဆင်အမြုတေဟုခေါ်သည်။ ဆင်ကျမ်းများတွင် ဆင်အမြုတေသည် အလွန်ရှားပါးဆုံးနှင့် အဖိုးတန်ဆုံးဖြစ်ကြောင်း ဖွင့်ဆိုထားပါသည်။ အလွန်ကံထူးသူများသာ ဆင်အမြုတေကို ရရှိစေနိုင်ကြောင်း သိရပါသည်။ ဆင်အမြုတေကို ဆင်မည်း၊ ဆင်နက်များထက် ဆင်ဖြူများတွင်သာ အများဆုံးတွေ့ရှိရကြောင်း ယူဆရပါသည်။ ဆင်အမြုတေကို ဆင်သချိုင်းရှိ ဆင်ရိုး၊ ဆင်စွယ်များကြားတွင် တွေ့ရတတ်သည်။ ဂျပန်ခေတ်၌ မြန်မာနိုင်ငံနှင့် ထိုင်းနယ်စပ်အနီး သေမင်းတမန် မီးရထားလမ်းဖောက်လုပ်စဉ် မြန်မာပြည်နယ်နိမိတ်အတွင်း ဆင်သချိုင်းဟောင်းတစ်ခုကို ဂျပန်စစ်ဗိုလ်တစ်စုက တွေ့ရှိခဲ့၍ ဆင်စွယ်အတော်များများနှင့် ဆင်အမြုတေတစ်ခုရရှိခဲ့ကြောင်း ရခိုင်ပြည်နယ်မှ ဂျပန်ချွေးတပ်ဆွဲရာတွင် ပါဝင်သွားပြီး အသက်မသေဘဲ ထွက်ပြေးလာသူ ဘကြီးဦးစံလှဘော်(ကွယ်လွန်)၏ ပြောဆိုချက်အရ သိရှိရပါသည်။ ၎င်းဆင်အမြုတေသည် ဓနသိဒ္ဓိခေါ် စီးပွားလာဘ်လာဘတိုးတက်၍ ရောင်းပန်းဝယ်ပန်းများ အဆင်ပြေကြောင်း သိရပါသည်။

(၆) **မြွေအမြုတေသည်** မြွေ၏ ဦးခေါင်းထိပ်တွင် ဆီးကင်းပမာဏခန့်ရှိပြီး အစွမ်းသတ္တိထူးခြားသည့် အစိုင်အခဲအလုံး ပါရှိခြင်းကို ဆိုလိုပါသည်။ မြွေအမြုတေ၏အရောင်မှာ စိမ်းညိုရောင်ဖြစ်ပါသည်။ မြွေအမြုတေသည် အလွန်

မြွေအမြုတေပါရှိသော မြွေသည် ကမ္မဗိဒ္ဓိတန်ခိုးကြောင့် လေထဲတွင် မြွေပျံကဲ့သို့ တစ်ဟုန်ထိုး ပျံသန်းသွားလာနိုင်ကြောင်း ရှေးရခိုင်လူကြီးများ ပြောပြချက်အရ သိရှိရပါသည်။ ဤမြွေအမြုတေသည် ပိယသိဒ္ဓိအစွမ်းထက်မြက်ကြောင်းသိရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အရာအဆိပ်ပြင်းသော တောကြီးခြမ့်ပောက်၊ ငန်းပုပ်၊ ငန်းဆောင်၊ ငန်းတော်ကျား စသည့် မြွေများတွင် ဦးခေါင်းထိပ်၌ပါရှိတတ်ကြောင်း သိရသည်။ မြွေနှင့်ပတ်သက်သော စာအုပ်စာတမ်းတို့တွင် ယင်းအမြုတေသည် အလွန်ရှားပါး၍ ရခဲသော အရာဝတ္ထုဖြစ်ကြောင်း သိရပါသည်။ မြွေအမြုတေပါရှိသော မြွေသည် ကမ္မဇိဒ္ဓိတန်ခိုးကြောင့် လေထဲတွင် မြွေပျံကဲ့သို့ တစ်ဟုန်ထိုး ပျံသန်းသွားလာနိုင်ကြောင်း ရှေးရှိုင်လူကြီးများ ပြောပြချက်အရ သိရှိရပါသည်။ ဤမြွေအမြုတေသည် ဝိယသိဒ္ဓိအစွမ်းထက်မြက်ကြောင်း သိရှိရပါသည်။

ဖော်ပြပါ အမြုတေ(အမဟော)များမှာ စာရေးသူ ထက်လှမ်းမီသရွေ့ တစ်ဆင့်စကားတစ်ဆင့် ကြားဖူးနားဝရှိခဲ့သည်များကို တစ်စေ့တစ်စောင်းတင်ပြခြင်းသာ ဖြစ်ပါသည်။

(သန္တာမြေ မောင်သော်တာ)

ခြသံနှင့်ပတ်သက်၍ နောက်ထပ် တွေ့ရှိသော သိမှတ်သားဖွယ်ရာ အကြောင်းအရာများကို မင်းစော(တောင်သမန်)၏ "ကျွန်တော် ခြသံတူးသမား" ဆောင်ပါးမှတွင်...

ခြသံ ။ ။ ခြတောင်ပို့ နှစ်မျိုးရှိပါသည်။ အချွန်အတက်များနှင့် တောင်ပို့ကို တောင်ပို့နဂါးဟု ခေါ်ပါသည်။ ထိုတောင်ပို့တွင် ခြသံမရှိ၊ ခြကောင်များသာရှိတတ်ပြီး ထိုခြကောင်လေးများသည် ရွှေရောင်ဖြစ်ပါသည်။

ဒုတိယတောင်ပို့သည် တောင်ကုန်းသဏ္ဌာန်၊ အဖြူရောင်ခြကောင်လေးများနေသည်။ ခြသံရရှိနိုင်သည့် ခြအရင်ရှိသည်။

ခြသံသည် တောင်ပို့ထဲတွင် အချောင်းလိုက်ရှိပါက မျှော့ခိုင်သံဟုခေါ်ပါသည်။ ခြသံအစိုင်းအပြားပုံသဏ္ဌာန်ကို မြို့ရိုးသံဟုခေါ်ပါသည်။ လူပြောအများဆုံးသော ကလပ်သံဆိုသည်မှာ ခြသံအချောင်းထိပ်တွင် ကလပ်ခွက်ကလေးရှိ၍ ထိုခွက်ထဲတွင် ဓာတ်လုံးလို အလုံးရှိတတ်သည်။ ထိုဓာတ်လုံးသည် ဖိုထိုးစရာမလိုဘဲ အလိုလိုသိဒ္ဓိမြောက်ပြီးသားဖြစ်သည်။

ခြသံရှိသော တောင်ပို့သည် မိုးဦးဂ.၂တွင် သက်တန့်ရောင်များ ထွက်တတ်သည်။ မီးခိုးကဲ့သို့ အငွေ့များလည်း ထွက်တတ်ပါသည်။ ထိုအချင်းအရာသည် သံ၏အပူဓာတ်နှင့်

ခြသံသည် တောင်ပို့ထဲတွင် အချောင်းလိုက်ရှိပါက မျှော့ခိုင်သံဟု ခေါ်ပါသည်။ ခြသံအစိုင်းအပြား ပုံသဏ္ဌာန်ကို မြို့ရိုးသံဟုခေါ်ပါသည်။ လူပြောအများဆုံးသော ကလပ်သံဆိုသည်မှာ ခြသံအချောင်းထိပ်တွင် ကလပ်ခွက်ကလေးရှိ၍ ထိုခွက်ထဲတွင် ဓာတ်လုံးလို အလုံးရှိတတ်သည်။

မိုးရေထိတွေ့ပြီး အခိုးပြန်ခြင်းဖြစ်သည်။ (ခြနက်ရှိသည်ဟု ပြောသံကြားဖူးသည်။ ခြနက်ကို ထမင်းနှင့်နယ်က ထမင်းများ နက်ကုန်သည်ဟု ဆိုသည်။ ထိုထမင်းကိုစားလျှင် သိဒ္ဓိတစ်ခုမြောက်သည်ဟု အဆိုရှိသည်။ မည်သို့ဖြစ်သည်မသိ။ မြေတွင်းမှ ဓာတ်တစ်ခုခုနှင့် ထိတွေ့ရာမှ ဖြစ်ပေါ်ပုံရသည်။)

× × ×

ယခု ဆက်လက်တင်ပြမည်မှာ မိမိကိုယ်တွေ့ အမြုတေအကြောင်းဖြစ်ပါသည်။ ငုံးအမြုတေနှင့် ခြသံအမြုတေ ဖြစ်ပါသည်။ မိမိ၏အစ်ကိုလတ်မှာ ဂမ္ဘီရဆန်သော ပစ္စည်းများကို အလွန်ပင်ဝါသနာပါသူတစ်ဦး ဖြစ်ပါသည်။ ယခုသော် သူကွယ်လွန်ခဲ့ပါပြီ။ သူသည် ဆန်းကြယ်သည့်ပစ္စည်းဟူသမျှ ရသလို စုဆောင်းထားတတ်ပါသည်။ သစ်ကွင်း၊ ရှေးပန်းပုရုပ်မျိုးစုံနှင့် ဖိုထိုးခြင်းကိုလည်း လွန်စွာ ဝါသနာကြီးသူဖြစ်ပါသည်။

သူ့ထံသို့ သူကဲ့သို့ ဖိုဝါသနာအိုးများ ဝင်ထွက်ဖိုထိုးကြပါသည်။ မည်သည့်အဆင့်၊ မည်သည့်ဂ ဏ္ဍာရောက်သည်ကို ကျွန်ုပ်မသိပါ။ အစ်ကိုတော်ကတော့ တရှုံးရှုံးရှဲရှဲ မိုးလင်းမှမိုးချုပ် အလုပ်လုပ်နေတတ်ပါသည်။ ငွေရှိသူဆိုတော့ ဘာကိုမျှ ဂရုမစိုက်။ သူတို့ဖိုဆရာချင်း တိုင်ပင်နှီးနှောကာ မီးသွေးတစ်အိတ်ပြီးတစ်အိတ် ကုန်သည်အထိ ရှူးရှဲကြ၏။ ဘယ်လောက်မီးသွေးဂ.ုန်ကုန် ကုန်ချင်သလောက်ကုန်။ သူ၏ဂိုထောင်ထဲတွင် မီးသွေးအိတ်က အပြည့်။ ဒီလောက်ထိ ဝါသနာကြီးသည့်အစ်ကိုပင်။

www.burmeseclassic.com

တစ်နေ့ သူနှင့် သူ့တပည့်တစ်ဦး နံနက်တွင် ဖိုစထိုးကြသည်။ ကျွန်ုပ်ကလည်း ထိုအချိန်တွင် စိတ်ဝင်တစားသူတို့နားတွင် ရှိနေသည်။ အစ်ကိုက ကျွန်တော့်ကို မင်းကြည့်နေဟုဆိုပြီး သူ့လည်ပင်းမှ ဆွဲကြိုးနှစ်ဆစ်ခန့်ဖြုတ်ပြီး လုံထဲထည့်လိုက်သည်။ သည့်နောက် မြန်မာဖြစ်သံချောင်း (လက်သန်းတစ်ဝက်ခန့်)ကို လက်တစ်ဆစ်ခန့် ကတ်ကြေးဖြင့်ညှပ်ကာ ရွှေဆွဲကြိုးနှစ်ဆစ်ခန့်ထည့်ထားသော လုံတဲသို့ထည့်ကာ ဖိုဆွဲတော့သည်။ သူက ဆွဲလိုက်၊ သူ့တပည့်က ဆွဲလိုက်၊ မီးသွေးထပ်ထည့်လိုက်၊ နာရီကြည့်လိုက်။ ကျွန်ုပ်ကလည်း ဘေးမှ ဘာဖြစ်မည်လဲဟု မီးရဲနေသောလုံကိုသာ ငေးနေမိ၏။

မနက် ၈ နာရီမှ နေ့လယ် ၂ နာရီခန့်တွင် ဖိုရပ်တော့၏။ လုံကို မီးညှပ်နှင့်ယူ၍ ဇလုံထဲသို့ လောင်းချလိုက်သောအခါ ရှဲခနဲ ဇလုံထဲမှရေနှင့် ပူလွန်းသောလုံထဲမှအခဲ ထိတွေ့သောအခါ အငွေ့တွေပျံတက်လာ၏။ အငွေ့များပြယ်ပြီး ထိုအခဲ(လက်တစ်ဆစ်)ခန့်ကို တခြားဇလုံထဲ ထည့်လိုက်သောအခါ ရွှေရောင်ဝင်းနေသော ရွှေခဲတစ်ခဲ။ ထိုရွှေခဲ အေးသွားသောအခါ သူ့တပည့် လက်ထဲထည့်ကာ လမ်းထိပ်ရှိ ပန်းထိမ်ဆိုင်သို့ ကျွန်ုပ်နှင့်အတူ သွားခိုင်း၏။

ရွှေပန်းထိမ်သို့ရောက်သောအခါ ပန်းထိမ်ဆရာများနှင့် အစ်ကို၏တပည့်တို့မှာ ရင်းနှီးပြီးသားဖြစ်၍ ရွှေခဲလေးအား စစ်ဆေးစေရာ ၁၅ ပဲရည်ရှိကြောင်း သိရ၏။ ကျွန်ုပ်မှာ အလွန်အံ့အားသင့်ရ၏။ တပည့်ဖြစ်သူနှင့် ကျွန်ုပ်တို့သည် အစ်ကို့ထံပြန်၍ အကျိုးအကြောင်းပြောပြရာ သဘောကျလျက်ရှိကြောင်း တွေ့ရ၏။ ထူးသည်မှာ သူသည် ထိုရွှေကို ရောင်းချခြင်းမပြုပေ။

တစ်နေ့တွင် သူတို့အပေါင်းအသင်းလေးဦး တိုင်ပင်နေကြသည်ကို ကျွန်ုပ်တွေ့ရ၍ အနားသို့သွားရောက် နားထောင်ရာ ငုံးအမြုတေအကြောင်း ပြောနေကြသည်ကို သိရ၏။ သူ၏အပေါင်းအသင်းများ ပြန်သွားပြီးနောက် အစ်ကိုက ကျွန်ုပ်အား လက်ဝါးဖြန့်ခိုင်းကာ ငုံးဥကလေးတစ်ခုကို ထည့်ပေး၏။ ထိုငုံးဥကလေးမှာ ကျောက်တုံးဖြစ်ပြီး ငုံးဥအရွယ်အစားအတိုင်း အစက်အပျောက်ကလေးများဖြင့် ရှိနေ၏။ အစ်ကိုက ငုံးအမြုတေဟုဆို၏။ ကျွန်ုပ်က ဆုပ်ကြည့်၏။ မြှောက်ကြည့်၏။ ညှစ်ကြည့်၏။ ဘာမှမဖြစ်။ ကျောက်တုံးကကျောက်တုံးပင်။ သေချာမချာ စစ်မစစ်ကို စမ်းသပ်ရဦးမည်ဟု ဆို၏။

နောက်တစ်ကြိမ်တွင် ကြောင်အိမ်တွင်တပ်ဆင်သော သံဆန်ခါနှင့်တူသော သံချေးတက်နေသည့် သံဆန်ခါခွက် (ဗလာစာရွက်ခန့်)ကို ကျွန်ုပ်အားပြ၏။ ဘာလဲဟု ကျွန်ုပ်က မေးရာ ခြသံဟု ဆို၏။ ကျွန်ုပ်အထင်ကတော့ စောစောက ပြောသလို သံချေးတက်နေသည့် သံဆန်ခါဟုသာ ထင်မိ၏။ အစ်ကိုတို့လို ဖိုဆရာတွေကတော့ ထိုခြသံသည် တန်ဖိုး မဖြတ်နိုင်ဟု ဆိုပါသည်။

မည်သို့ပင်ဆိုစေ ကျွန်ုပ်အစ်ကို၏ ခြသံနှင့် ငုံးအမြုတေဆိုသည်တို့ကို မြင်ဖူးရသည့်အတွက် ကျွန်ုပ်အဖို့ ဘာမျှ မထူးခြားသော်လည်း ဝါသနာကြီးသူ အစ်ကိုတို့အတွက်ကား ရတနာတွေပင်ဖြစ်ပါသည်။ လက်တွေ့တွင် ထိုပစ္စည်းများ၏ထူးခြားမှုကို ကျွန်ုပ်အနေဖြင့် မတွေ့ခဲ့ရပေ။ ပစ္စည်းကို မြင်ရသည်ကတော့ အမှန်ပင်။ အတုလား၊ အစစ်လား တကယ်အစွမ်းရှိသလား ဆိုသည်ကိုတော့ ကာယကံရှင်ပင် သိပါလိမ့်မည်။ ထိုငုံးအမြုတေကို စမ်းသပ်မည်ဟု အကြိမ်ကြိမ်စီစဉ်ခဲ့ကြသော်လည်း အကြောင်းကြောင့် မစမ်းသပ်ဖြစ်ပါ။

ယနေ့ အစ်ကိုတော် ကွယ်လွန်ပြီး ထိုပစ္စည်းတော်များ ဘယ်သို့ရောက်ကုန်သည်မသိ။ သားတွေသမီးတွေ သိမ်းထားကြသည်လား။ ပြောင်းရင်းရွှေ့ရင်းပဲ ပျောက်ဆုံးကုန်ပြီလား မပြောတတ်ပေ။

နိဂုံးဆိုရသော် ထိုဂမ္ဘီရအမြုတေများကား စိတ်ဝင်စားဖွယ်အတိ ဖြစ်ပါသည်။ စာအုပ်စာပေ တွေ့ရှိချက်များအရ အစွမ်းထက် တန်ဖိုးရှိသော်လည်း အစစ်အမှန်ကို တွေ့ရှိရန်ကား မလွယ်ကူပါချေ။ တွေ့ရှိသော် မည်သို့စမ်းသပ်ကြမည်နည်း။ စမ်းသပ်ကြသူများလည်း ရှိကြပေလိမ့်မည်။ အောင်မြင်သူဟူ၍ မတွေ့ဖူးသေးပေ။ အတုအယောင် လိမ်လည်မှုများသာ များလှ၏။ အမြုတေစွဲလမ်းသူများအဖို့ တစ်ဖက်စွန်း မရောက်စေလိုပေ။ တစ်ဖက်စွန်းသို့ရောက်သည်နှင့် တစ်ဖက်က အတုအယောင်များက ကြိုလင့်နေသည်ကို သတိပြုသင့်ကြောင်း တင်ပြလိုက်ရပါသည်။

ပဒုမ္မဝတီ



www.burmeseclassic.com

www.burmeseclassic.com

# သမ္မာသက်ပ္ပ မဂ္ဂင်လမ်းပြ ဗုဒ္ဓဝစန

## ရဲဘော်ကျော်ဆန်း

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းအပေါင်းတို့အား ဟောတော်မူ၏။

ရဟန်းတို့ . . . ငါဘုရားသည် အသိမှန်ရသည့် ဗုဒ္ဓအဖြစ်သို့မရောက်မီ မင်၊ ဖိုလ် နိဗ္ဗာန်ကို အာသာနှစ်သက် တပ်မက်ရှိနေစဉ် ဗောဓိသတ္တအဖြစ်ကပင် အကြံအစည်တို့ကို နှစ်ဖို့နှစ်စုပြု၍ ကြံစည်နေထိုင်အံ့ဟု စိတ်ကူးမိခဲ့လေပြီ။

**ပထမအစုကား . . .**

လောဘ၊ ဒေါသ၊ မောဟ တည်းဟူသော အပူမီးများ တိုးပွားလောင်မြိုက်ကြောင်းဖြစ်သော ကာမဂုဏ်ကို ရလိုမှုအကြံ၊ လူသားအချင်းချင်း ချစ်ခင်မှုကင်း ပျက်စီးခြင်း ပိုရန်လိုသောအကြံ၊ လူသားအချင်းချင်း ကြင်နာမှုကင်း နှိပ်စက်ခြင်းဖြင့် ညှဉ်းပန်းလိုသော အကြံဟူသည့် မှားယွင်းသော အကြံသုံးမျိုးတို့တည်း။

**ဒုတိယအစုကား . . .**

လောဘ၊ ဒေါသ၊ မောဟ မီးလျှံလောင်မြိုက်ခံနေရသော ကာမနယ်ထဲမှ လွှန်မြောက်ရန်အကြံ၊ မီးဟုန်းဟုန်းတောက်နေသော ကာမနယ်အတွင်းမှာ ကျရောက်နေသူအချင်းချင်း မျက်တင်းမှုန်သိုး ရန်ငြိုးမပွား၊ ဒေါသဗျာပါဒ မထားဘဲ ချစ်ခင်ကြရန်အကြံ၊ အရှုန်ပြင်းထန် ပူလောင်ဒဏ်ကို ခံရသူအချင်းချင်း ညှဉ်းပန်းရန်မှု တလူနှိပ်စက်ခြင်းမှ ရှောင်ကြဉ်ရန်အကြံဟူသော မှန်သောအကြံသုံးမျိုးတည်း။

မကောင်းသော အကြံသုံးမျိုးတို့သည် မိမိ၊ သူတစ်ပါး နှစ်ပါးစုံ ပျက်စီးရန် ဉာဏ်ပညာတုံးရန်၊ ဆင်းရဲပင်ပန်းရန် မအေးငြိမ်းနိုင်ရန်သာ ဖြစ်သည်ဟု သိမြင်၏။

ကောင်းသော အကြံသုံးမျိုးသည် မိမိ၊ သူတစ်ပါး နှစ်ပါးစုံပျက်စီးမှုကင်း၍ ဉာဏ်ပညာတိုးပွားရန်၊ ပင်ပန်းမှု ငြိမ်းအေးခြင်းသို့ ရောက်ရန်ဖြစ်သည်ဟု သိမြင်၏။

တရားအားထုတ်နေစဉ်အတွင်း မကောင်းသောအကြံများ ပေါ်လာသော် ထိုအကြံဆိုး၊ အကြံများတို့၏ အပြစ်ကိုရှုကာ ပပျောက်အောင် ကြိုးစားသည်။

ထိုကဲ့သို့ အကြံဆိုး၊ အကြံများတို့၏ နေရာ၌ အကြံကောင်း၊ အကြံမှန်တို့ကို အစားထိုးကြံစည်ခြင်းဖြင့် တစ်ဆင့်ထက်တစ်ဆင့် အသိဉာဏ်ရင့်ကာ သစ္စာဉာဏ်မြင်သော ဗုဒ္ဓအဖြစ်သို့ ရောက်ရှိခဲ့လေ၏ဟု ဟောတော်မူလေသည်။

ဤသုတ်နောက်ပိုင်းပါ ဥပမာတို့ကား မပြောင်မြောက်၊ မထိရောက်သော ဖြည့်စွက်ချက်များဖြစ်ပေသည်။ အဆိုပါ ဖြည့်စွက်ချက်များမှအပ ဤသုတ်ကား သမ္မာသက်ပ္ပမဂ္ဂင် ဖြစ်ပေါ်ရန်နှင့် ဝိမုတ္တိကျိုးရရှိရန်အတွက် များစွာ အထောက်အပံ့ပြုပေသည်။

ရဲဘော်ကျော်ဆန်း

ကျမ်းကိုး ။ ။ မဇ္ဈိမနိကာယ ဒွေဓါဝိတက္ကသုတ္တံ (၁၉)

www.burmeseclassic.com

www.burmeseclassic.com

ဘီလူးနှင့်ဘိုးဖြစ်သွားသော
ကိုရင့်ဒကာကြီး

# ထွန်းတောက်

ဝင်းနိုင်ဝင်းတော်



www.burmeseclassic.com

www.burmeseclassic.com

# သိုက်နန်းသို့ပြန်သွားသော ကိုရင့်ဒကာကြီး

## ထွန်းတောက်

ရွက်ပေါင်းများ ကြွေကုန်ပြီ။ ရွက်သစ်ဝေရန် ပုရစ်ဖူးကလေးများ သည်း စုစုစီစီထိုးလျက် ရှိနေကြပြီ။ ဝင်လုံးကျွတ်ပွင့်နေသော ပေါက်ပင် ကြီးမှာလည်း ရဲရဲနီ၍နေ၏။ ဆက်ရက် တစ်အုပ်ဖြင့် ဆူညံလျက်ရှိသော ထက်ပံပင်ကြီးဆီမှ ပွင့်နီများသည် လည်း တဖြုတ်ဖြုတ် ကြွေလျက်ရှိသည်။ နွေဦး၏ လေရူးသည်ကား တသုန် သုန် တငြိမ့်ငြိမ့် တသွေ့သွေ့မျှသာ။

ကိုငွေမောင်းသည် ပလိုင်းကို လွယ်ပြီး တောထဲသို့ ဝင်လာခဲ့၏။ ပလိုင်းထဲတွင် ထမင်းထုပ်နှင့် သောက် ရေရေဘူးမှစ၍ တစ်နေ့တာ အသုံး အဆောင် အကုန်ထည့်ယူလာသည်။ ယနေ့ တစ်နေကုန် ကိုငွေမောင်း မျှစ်စို့တူးမည် ဖြစ်သည်။ မျှစ်စို့ပေါက် ရာသီဖြစ်၍ ကိုငွေမောင်း ငွေရှင် သည်။ မျှစ်စို့တစ်ပိဿာကို နှစ်ရာကျပ် ရှိသဖြင့် တစ်နေ့ကို ဆယ်ပိဿာ ရလျှင်ပင် ကိုငွေမောင်း တွက်ခြေ ကိုက်သည်။

တောင်ငူမြို့နယ်သည် ရိုးမ တောင်ခြေဖြစ်၍ ကိုငွေမောင်းတို့ ဒိုး တောင်ရွာသည် ပိုပြီးတောကျသည်။ တောင်ခြေရွာ ဖြစ်သောကြောင့် တော ချက် သစ်ဝါး သီးနှံလည်းပေါသည်။ နန်ဒိုးကြီးဘုရားများ ဖြစ်ကြသော မြတ်စောညီနောင် ဘုရား၊ မယ်တော် စေတီ၊ နောင်တော်စေတီ၊ ညီတော် စေတီ၊ ဖောင်တော်ဦးဘုရား စသော ဘုရားစေတီများနှင့်လည်း မဝေးပေ။

ကိုငွေမောင်းသည် တောထဲသို့ ရောက်သည်နှင့် မျှစ်စို့များကို လိုက် ရှာ၏။ တချို့ မျှစ်စို့များကို အလွယ်တ ကူ မြင်နိုင်သော်လည်း တချို့မျှစ်စို့များ မှာမူ မြေထဲမှ ထွက်ပြူစမျှသာ ရှိသေး ၍ သစ်ရွက်ခြောက်များကို ဖယ်ရှားပြီး တူးယူရသည်လည်း ရှိသည်။ မျှစ်စို့ လေးငါးပိဿာခန့် ရရှိပြီးနောက် ကိုငွေမောင်း နေကိုမော့ကြည့်သည်။ နေလုံးကြီး ခေါင်းပေါ်ကို ရောက်နေ လေပြီ။

ထို့ကြောင့် ကိုငွေမောင်း ထမင်း စားရန် နေရာကောင်းတစ်ခုကို ရှာ၏။ ပြန့်ပြူးညီညာသော နေရာလေးတစ် ခုကိုတွေ့လှင် ကိုငွေမောင်းသည် ထမင်း ထုပ်ကိုဖွင့်ပြီး ဦးစွာ ဘုရားဆွမ်းတော် ကပ်၏။ ထို့နောက် တစ်ဖန် ထမင်း ဟင်းများကို ဖက်စိမ်းမှာထည့်ပြီး တော စောင့်နတ်၊ တောင်စောင့်နတ်တို့အား လည်း ကျွေး၏။ ပြီးမှ ကိုငွေမောင်း စားသည်။

ထမင်း စားသောက်ပြီးနောက် ဆေးတံဖွာရင်းဖြင့် ကိုငွေမောင်း မျက် တောင်စင်းလာသည်။ ထမင်းဆိပ် တက်၍ဟု ထင်သည်။ ထို့နောက် ကျ‌န္ဒြေမရနိုင်သည့်အထိပင် ငိုက်မျဉ်း လာလေ၏။ ထို့ကြောင့် ကိုငွေမောင်း သည် ခေါင်းပေါင်းပုဆိုးစုတ်ကလေး ကို ဖြန့်ခင်းပြီး အိပ်လိုက်လေ၏။ ခဏ ချင်းပင် အိပ်ပျော်လေသည်။

ㅁㅁㅁ

"သားတော်လေး"

ကိုငွေမောင်း ဖျတ်ခနဲဖြစ်သွား ၏။ အသက်ငါးဆယ်ကျော်ခန့် အရွယ် ရှိသော ထီးနန်းဆန်စွာ ဝတ်ဆင်ထား သည့် အမျိုးသမီးကြီးတစ်ယောက် သူ့နောက်မှာ စစ်ဝတ်တန်ဆာများ ဝတ်ဆင်လျက် ၄က်ကြီးတောင် ဓား ရှည်များကိုလွယ်ပြီး ပ န်မာန်အပြည့် ဖြင့် ခံ့ခံ့ကြီး ရပ်တည်နေကြသော စစ်သူကြီးငါးယောက်။

"သားတော်လေး . . . မယ်မယ် ဘုရားကို မမှတ်မိဘူးလားကွယ်။ သား တော်လေးကို မယ်မယ်ဘုရား စကား ပြောရအောင်ဆိုပြီး စိတ်ကူးနေမိတာ။ အခုတော့ မယ်မယ်ဖုရားရဲ့ နန်းဝော် ထဲမှာပဲ သားတော်လေးကို စကား ပြောခွင့် ရတာပါပဲလား။ ဝမ်းသာ လိုက်တာကွယ်"

ကိုငွေမောင်း ဘာမျှနားမလည် ပေ။ ထို့ကြောင့် ပါးစပ်အဟောင်းသား



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ငေးကြောင်ပြီးသာ ကြည့်နေမိသည်။ ထိုအမျိုးသမီးကြီးကပင် သူ့ရင်ဘတ်ကို လက်နှင့်ဖွဖွ ပုတ်ပြပြီး ဆက်၍ ပြောပြန်သည်။

"သားတော်လေး . . . ဒါ မယ်မယ်ဘုရားလေ။ ဘဝခြားသွားကြလို့ မမှတ်မိတော့ဘူးလား။ သားတော်လေး မယ်ဖုရားတို့နဲ့ အတူရှိနေကြစဉ်က လူ့ဘဝကို အခိုက်အတန့်မျှသော်လည်း သွားနေချင်ပါတယ်လို့ ပူဆာလွန်းတာကြောင့် ခွင့်ပြုပေးလိုက်ရတာလေ။ အသေချာပဲ ပြန်စဉ်းစားကြည့်ပါဦးကွယ်"

သို့မှ ကိုငွေမောင်း ရိုးတိုးရိပ်တိပ်ကလေး အမှတ်ရသလို ရှိလာမိ၏။ သို့သော်လည်း လင်းလင်းရှင်းရှင်းကြီး ပြန်မြင်ယောင်မလာတော့ပေ။

"ကဲ . . . သားတော်လေး အခု နားမလည်နိုင်သေးဘူး ဆိုရင်လည်း ထားလိုက်ပါ။ အခု ဒီစစ်သူကြီးနဲ့ လိုက်သွားပြီး ပြုးချောင်းထဲမှာ ရေမိုးချိုး၊ မင်းသားအဝတ်တန်ဆာတွေ ဝတ်ဆင်ပြီးမှ မယ်မယ်ဖုရားနဲ့ ထပ်တွေ့ကြတာပေါ့"

ကိုငွေမောင်းမှာ ဘုမသိ ဘမသိ ကြောင်အမ်းအမ်း အမူအရာဖြင့် ပင် စစ်သည်တော်များ ခြံရံပြီး စစ်သူကြီး၏ ခေါ်ဆောင်ရာ ပြုးချောင်းဆီသို့ လိုက်ပါသွားရ၏။ ပြုးချောင်းထဲကို ရောက်လျှင် စစ်သည်တော်မှ ားက ရေချိုးပေးကြ၏။ စစ်သူကြီးက ၎င်းညီ မင်းသား အဝတ်များကို ဝတ်ဆင်ပေးသည်။ ထို့နောက် နန်းတော်ကြီးထဲသို့ ခေါ်သွားကြ၏။

နန်းတော်ကြီးသည်ကား ရွှေရောင်တဖိတ်ဖိတ်တောက်လျက် ကြီးကျယ်ခမ်းနားပြီး ကျက်သရေရှိလှသည်။ နန်းတော်ကြီးထဲတွင် နန်းဝတ်တန်ဆာ အပြည့်အစုံဖြင့် ဝန်မင်းများ၊ အချောအလှ ရံရွေတော်လေးများ၊ ကချေသည်များ၊ တီးမှုတ်သီဆို ကခုန်လျက် ပွဲတော်ကြီးသဘင် ဆင်ယင်ကျင်းပနေကြလေသည်။ ထို့နောက် စစ်သူကြီးက . . .

"ဒါတွေအားလုံးဟာ သင်မင်းသားလေးကို ကြိုဆိုနေကြတာပါ"

ဟု ပြောပြ၏။ ရှေ့ကို ဆက်၍ သွားလျှင် အင်မတန် ကျက်သရေရှိလှသော ပိုးဖဲကတ္တီပါ ကားလိပ်ကြီး၏ နောက်ကွယ်၌ များစွာသော မင်းအမတ်တို့ ခြံရံလျက် ပလ္လင်တွင် ကျကျနနထိုင်ပြီး မိန့်မိန့်ကြီးပြုံးနေသော မယ်တော်ကြီးဆိုသူကို တွေ့ရလေ၏။

"သားတော်သေး ယာဘက်မှာ ခစားစေ" ဟု မယ်တော်ကြီးက မိန့်ဆိုတော်မူ၏။ ထို့နောက် အောင်မြင်ခံ့ညားသော အသံကြီးဖြင့် –

"လူ့ပြည်သို့ သူ၏ဆန္ဒအလျောက် ပို့လွှတ်ထားခဲ့ရသော ငါ၏သားတော်လေးသည် ယနေ့ပင်လျှင် ငါ၏ထံမှောက်သို့ ပြန်လည်ရောက်လာပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ရှိလှသည်။ အတိုင်းမသိလည်း ကြည်နူးရသည်။ ထို့နောက် တစ်ဖန် သားတော်လေးကို လူ့ပြည်သို့ ပြန်လည်မလွှတ်နိုင်တော့ပြီဖြစ်၍ တာဝန်ရှိ မင်းအမတ်အပေါင်းတို့က အချိန်ပြည့် ကြည့်ရှုစောင့်ရှောက်ထားကြရန် အမိန့်တော်ထုတ်ပြန်လိုက်သည်။ သည်အမိန့်တော်အာဏာကို တစ်စုံတစ်ယောက်သောသူသည် ပြုပြင်ခြင်းမရှိစေရ။ နန်းတွင်းသူ၊ မင်းအမတ်အားလုံးတို့ ပြည့်ဝကုံလုံ ခလုံးစုံ လိုက်နာကြရမည်" ဟု မိန့်တော်မူလေသည်။

ထိုမျှသာ မိန့်တော်မူပြီး ညီလာခံသဘင်ကိုလည်း ရုပ်သိမ်းလေ၏။ ထို့ကြောင့် ကိုငွေမောင်း ဘာမျှ ပြောဆိုချိန် မရလိုက်ပေ။ ကိုငွေမောင်းမှာ မိမိ၏လက်ရှိအခြေအနေကိုပင် သိရှိနားလည်နိုင်ခြင်း မရှိသေးပေ။ ထို့ကြောင့် ပြောလို၊ ဆိုလို၊ မေးစမ်းလိုသော အကြောင်းအရာတို့သည် များစွာပင် ရှိနေလေ၏။ သို့သော် လက်ရှိအခြေအနေတွင် မယ်တော်ကြီးသည် ညီလာခံသဘင်မှ ထွက်သွားလေပြီ။ ကိုငွေမောင်းကိုလည်း နားနေဆောင်သို့ ပို့ထားလိုက်ကြ၏။

တစ်အောင့်အကြာတွင် မယ်တော်ကြီးသည် နားနေဆောင်သို့ ရောက်ရှိလာ၏။ ထို့ကြောင့် ကိုငွေမောင်း ဝမ်းသာသွားသည်။ ပြောချင်နေသော စကားကိုလည်း ပြောခွင့်ရပြီ။ သို့သော်လည်း လက်ရှိ မိမိ၏ အခြေအနေနှင့် ဖြစ်ကြောင်းကုန်စင် မသိနိုင်သေးသောကြောင့် ပြောချင်သောစကားများစွာတို့အထဲမှ အခြေအနေအရပ်ရပ်ကို အကဲခတ်ပြီး ရင်းမျှကိုသာ ပြောဆိုရပေလိမ့်မည်။

"သားတော်လေး နေရထိုင်ရတာ အဆင်ပြေတော်မူပါ၏လော" ဟု မယ်တော်ကြီးက စ၍ဆို၏။ ထို့ကြောင့် ကိုငွေမောင်းလည်း သူပြောဆိုလိုနေသော စကားများကို အလွယ်တကူပင် ပြောဆိုခွင့်ရရှိသွားလေသည်။

"မှန်လှပါ မယ်တော်။ အရာရာ အလုံးစုံ အဆင်ပြေတော်မူ၏။ သို့သော်လည်း ပစ္စုပ္ပန်မှာ ခပ်သိမ်း အဆင်ပြေနေသည့်အော

www.burmeseclassic.com

လူ့ရွာတွင်ကျန်နေခဲ့ကြသော မိဘနှစ်ယောက်နှင့် ဇနီး၊ သားကလေး စသူတို့၏ သံယောဇဉ်သည်လည်း ရှိနေပေသေးသည်။ ၎င်းတို့ကိုလည်း တစ်စုံတစ်ရာ ပြောဆိုထားခဲ့ခြင်းလည်း မရှိပေ။ ထို့အပြင် သားတော်သည် လက်ရှိတွင် မည်သည့်နေရာဌာနကို ရောက်ရှိနေသည်ဟူ၍လည်း မသိရသေး။ အလုံးစုံကို သိရှိနားလည်ရပါမှ လူ့ရွာမှာ ကျန်ရှိနေခဲ့ကြသော မိဘနှစ်ယောက်၊ ဇနီးနှင့် သားကလေးတို့ပါ ခေါ်လာ၍ ရနိုင်ပေလိမ့်မည်'

မယ်တော်ကြီးက လက်ကိုကာပြီး တားထားလိုက်သဖြင့် ကိုငွေမောင်း စကားပြတ်သွား၏။ ထို့နောက် မယ်တော်ကြီးက အကြောင်းခြင်းရာကို ပြောပြသည်။

"သားတော်ပြောသကဲ့သို့ကား မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် မယ်တော်တို့သည် လူသားများမဟုတ်ကြဘဲ အရိမေတ္တေယျမြတ်စွာ ဘုရားရှင်ပွင့်တော်မူသောအခါ ကျောင်းတော်ဆောက်ရန်အတွက် ဥစ္စာရတနာများကို စောင့်ရှောက်နေကြရသော ဥစ္စာစောင့်များသာ ဖြစ်ကြသောကြောင့် လူသားများနှင့် အတူတကွ ရောနှောနေထိုင်၍ မဖြစ်ပေဘူး သားတော်ရဲ့"

ကိုငွေမောင်းသည် မယ်တော်ကြီးနှင့်တကွ မြင်နေတွေ့နေရသူ အားလုံးတို့မှာ လူသားများ မဟုတ်ကြဘဲ ဥစ္စာစောင့်များသာ ဖြစ်ကြသည်ကို လင်းလင်းကြီး သိလိုက်ရလေသည်။ မိမိသည်လည်း ဤသိုက်မှ အခိုက်အတန့်မျှထွက်ပြီး လူ့ပြည်သို့ ရောက်နေရသည့်အဖြစ်ကိုလည်း နားလည်လိုက်ရလေသည်။ ထို့ကြောင့် ယခုအခါတွင် လူ့ရွာကို ပြန်ခွင့်ရမည့်အရေးကိုတွေးပြီး မယ်တော်ကြီးအား စကားစကြည့်လိုက်၏။

"မယ်တော်ကြီး သားတော်လေးကို ချစ်ပါသေး၏လော"

"အဘယ်အကျိုးကို မျှော်၍ ဆိုလိုက်ပေသနည်း သားတော်။ မယ်မယ်ဖုရားသည် လွန်ခဲ့သော နှစ်ပေါင်းသုံးရာအချိန်ကပင် သားတော်လေးကို မွေးဖွားခဲ့ပေ၏။ သည်းအူနှင့်ထပ်တူ၊ မျက်လုံးနှင့်ထပ်တူ၊ ထို့နောက် အသက်နှင့်ထပ်တူပင် ချစ်မြတ်နိုးခဲ့ပေ၏။ ထို့ကြောင့်လည်း အချစ်ကဲစွာဖြင့် အမြဲတမ်း ပွေ့ချီထားခဲ့သည်ကို အကြောင်းပြုပြီး ယခု ညီတော်စေတီ အရှေ့ဘက်က ကလေးပွေ့ချီထားသော ရုပ်တုသည် မယ်မယ်ဖုရားနှင့် သားတော်လေးတို့ကို အကြောင်းပြုပြီး ထုလုပ်ဖြစ်တည်လာရသည်ပင် မဟုတ်ပါလား သားတော်လေးရဲ့"

မယ်တော်ကြီးသည် ထီးဆန်နန်းဆန်သော စကားများဖြင့် ခံ့ထည်စွာပြောဆိုသည်။ အဆောင်အယောင် အနေအထိုင် ပြောဆိုပုံများမှစ၍ ခံ့ထည်သောကြောင့် စိတ်နေသဘောထားသည်လည်း မြင့်မြတ်တည်ကြည်လိမ့်မည်ဟု ယူဆရသဖြင့် ကိုငွေမောင်း အားတက်သွား၏။ သူပြောလိုနေသော စကားစုကို လမ်းဖွင့်ပေးလိုက်သလိုလည်း ဖြစ်သွားလေ၏။

"သားတော်လေးကို ချစ်တယ်ဆိုရင် တစ်ခုတော့ ပြောပါရစေ မယ်တော်ကြီး"ဟု စကားစလိုက်၏။

"ဘာများပါလိမ့် သားတော်လေး"

"အခုဆိုရင် သားတော်လေးမှာ ပစ္စုပ္ပန်မိဘနှစ်ယောက်နဲ့ ဇနီး၊ သားကလေးဆိုပြီး သံယောဇဉ်ကြီးနေရတဲ့ လူလေးယောက် ရှိနေပါပြီ။ အဲဒီ လူလေးယောက်တို့ကိုလည်း သားတော်ဟာ တစ်စုံတစ်ရာ ပြောဆိုထားခဲ့ခြင်း မရှိဘဲ အခု မယ်တော်ကြီးဆီကို ရောက်နေရပါတယ်။ ဒါကြောင့် သားတော်ဟာ လူ့ပြည်ကို ပြန်လိုပါသေးတယ် မယ်တော်ကြီး"

မယ်တော်ကြီးသည် သက်မတစ်ချက်ကို ချလိုက်၏။ ထို့နောက် ပြောသည်။

"မဖြစ်ပေဘူး သားတော်လေး။ သားတော်လေးဟာ မယ်မယ်ဖုရားနှင့် ခွဲခွာနေခဲ့သည်မှာလည်း ကာလကြာခဲ့ပြီ။ ထို့ကြောင့် မယ်မယ်ဖုရားဟာ သားတော်လေးကို အောက်မေ့တမ်းတခြင်းများစွာဖြင့် အချိန်တွေကို ကုန်လွန်ခဲ့သည်ကြောင့် ယခုတစ်ဖန် သားတော်လေးကို လူ့ရွာသို့ ပြန်လွှတ်ရမည်ဟု ဆိုခြင်းမှာ မဖြစ်နိုင်ပေဘူး။ ထို့ကြောင့် သားတော်လေးကို ပြန်မလွှတ်နိုင်တော့ဘူးကွယ်"

ကိုငွေမောင်း သက်မတစ်ချက်ကို ဟင်းခနဲချလိုက်၏။ အလွန်အမင်းလည်း စိတ်ပျက်သွားမိ၏။ သို့သော်လည်း စိတ်ကိုမလျှော့ဘဲ ဆက်ပြောပြန်သည်။

"သားတော်လေး လူ့ရွာကိုသွားခြင်းနဲ့ ပတ်သက်ပြီး အချည်းအနှီးတော့မဖြစ်လိုဘူး မယ်တော်ကြီး။ တစ်စုံတစ်ခုသော အကျိုးအမြတ် ရလဒ်ကို ဖြစ်စေလိုပါတယ်။ ဒါကြောင့် အခု သားတော်လေးမှာ မွေးဖွားလျက်ရှိတဲ့ မယ်တော်ကြီးရဲ့ မြေးကလေးကိုတော့



www.burmeseclassic.com

www.burmeseclassic.com

ရှင်ပြုခွင့်ပေးပါ။ သနားသောအားဖြင့် ဒါလေးတော့ နားလည်ပေးပါလို့ တောင်းပန်ပါရစေ"

မယ်တော်ကြီး တစ်ချက်ပြုံး၏။ ထို့နောက် ကိုငွေမောင်း၏ ပခုံးကို လက်ဖြင့်ဖွဖွပုတ်ပြီး ပြောသည်။

"ငါ့သားတော်လေးက လူ့ရွာမှာ ကျန်နေခဲ့တဲ့ မိဘ၊ သားမယားများနှင့် ပတ်သက်လာလျှင် စကားပြောတတ်သားပဲကွယ်။ မယ်မယ်ဖုရားထက် အချစ်ပိုရမယ့်သူတွေနဲ့ တွေ့နေရပြီဆိုတော့လည်း စကားတွေ တတ်လာရပြီပေါ့"

"အဲဒီလိုလည်း မဟုတ်ပါဘူး မယ်တော်ကြီးရယ်။ ဖြစ်တည်ရာဘဝမှာ သံယောဇဉ်ဆိုတာမျိုး ရှိတာကြောင့် တစ်ကြောင်း၊ ဝတ္တရားနဲ့ သဘာဝတ္တဓမ္မရယ်ကြောင့် တစ်ဖုံ ထောက်ထားစရာတွေ ကြုံရှိနေလို့သာ ပြောရတာပါ။ လူ့ရွာက မိဘဟာလည်း မိဘပါပဲ။ မယ်တော်ကြီးဟာလည်း မယ်မယ်ပါပဲ။ ဇနီးနဲ့သားကလေးတို့ ဆိုတာလည်း ဘဝတိုင်းမှာ ကြုံဆုံ ဖြစ်တည်တတ်တာထက် မပိုပါဘူး။ သဘာဝဓမ္မရဲ့ ဟိုဘက်မှာ ဘာမှမရှိပါဘူး။ သားရှင်ပြုခြင်းတည်းဟူသော မဟာကုသိုလ်ထူးကြီးဟာလည်းပါဝင်နေတာကြောင့် မယ်တော်ကြီး နားလည်ပေးတော်မူပါ"

မယ်တော်ကြီး ပြုံးတော်မူပြန်၏။ သည်အကြိမ် မယ်တော်ကြီး၏ အပြုံးတွင် ဝမ်းနည်းရိပ်များ ထင်ဟပ်နေ၏။ ထို့နောက် မိန့်တော်မူသည်။

"သားတော်လေးက မယ်မယ်ဖုရားရဲ့ သည်းအူပဲ၊ မျက်လုံးပဲ။ ပြီးတော့ အသက်။ ထိုမျှအထိ ချစ်ရတဲ့ သားတော်လေးရဲ့ ဆန္ဒတော်ကို ခွင့်ပေးသနားတော်မူရပေမည်ပေါ့။ သို့သော်လည်း သားတော်လေး ဤကိစ္စသည် နန်းညွန့်နန်းလျာ အိမ်ရှေ့ဥပရာဇာ သားတော်တစ်ပါးအတွက် ကယ်ကြောင့် မယ်မယ်ဖုရား တစ်ပါးတည်း ဆုံးဖြတ်ပြီး ခွင့်ပြုပေး၍ မဖြစ်ပေဘူး။ ထို့ကြောင့် မနက်ဖြန် ညီလာခံသဘင်မှာသာလျှင် တင်သွင်းဆုံးဖြတ်ပြီး ခွင့်ပြုရမည်ဖြစ်သဖြင့် မယ်မယ့်သားတော်လေး သည်တစ်ညတာကာလကို အိပ်စက်အနားယူပြီး သည်းခံစောင့်စားပေရော့"ဟု အမိန့်တော်ရှိကာ မယ်တော်ကြီးသည် တရှိက်ရှိက်ဖြင့် ကိုငွေမောင်း၏အနားမှ ခွာသွားလေသည်။

ထို့ကြောင့် ကိုငွေမောင်းလည်း ဘာမျှဆက်ပြောချိန် မရလိုက်တော့။ ဘာမျှလည်းမတတ်နိုင်တော့။ သက်မတစ်ချက်ကို ချလိုက်မိ၏။ သို့သော်လည်း တစ်ညကို လွန်မြောက်သောကာလ၌ လူ့ရွာကို ပြန်ခွင့်ပြုမည်ဟု အမိန့်တော်ရှိထားခဲ့၍ အချည်းအနှီး မဖြစ်နိုင်သည်ကို နားလည်ရသဖြင့် မျှော်လင့်ချက်သည် ရှိနေသေး၏။

တစ်အောင့်အကြာမှာပင် ရုံရွှေတော်မလေးများသည် ရွှေကလပ်ဖြင့် ထည့်ယူလာသော စားသောက်ဖွယ်များကို ကိုငွေမောင်းအား ဆက်သကြ၏။ စားသောက်ဖွယ်ရာများမှာ သားငါးဟူ၍ မပါရှိဘဲ အသီး၊ အရွက်၊ သစ်ဥ၊ သစ်ဖုစသော သက်သတ်လွတ် စားဖွယ်များသာ ဖြစ်လေသည်။

စားသောက်ပြီးချိန်တွင် မိုးလည်းချုပ်လေ၏။ ထိုအခါ ကိုငွေမောင်း၏ မြင်ကွင်းအလုံးစုံတို့သည် အပြောင်းလဲကြီး ပြောင်းလဲသွားပြီး မယ်တော်ကြီးနှင့်တကွ ဝန်ကြီးများ၊ စစ်သူကြီးများ၊ နန်းတွင်းသူ၊ နန်းတွင်းသား၊ မြို့သူ၊ ရွာသား အားလုံးတို့သည် နေ့ခင်းက ကဲ့သို့ လူသားများမဟုတ်ကြတော့ဘဲ အားလုံး ဘီလူးသဘက်များချည်းသာ ဖြစ်နေကြလေသည်။

တချို့သည် လရောင်အောက်၌ လမ်းလျှောက်၍နေကြ၏။ တချို့က သက်သတ်လွတ်အစားအစာများကို စားသောက်နေကြ၏။ တချို့ ပန်းပင်၊ ပန်းတန်း၊ ပန်းခင်းလေးများ၏အလယ်၌ရှိသော လမ်းကလေးများမှာ လျှောက်လှမ်း၍သွားနေကြ၏။ တချို့ အရောင်အသွေး ဖောက်စုံလှပသော ပန်းပင်များအောက်တွင် ထိုင်လျက် အချင်းချင်း စကားပြောနေကြသည်။

မည်သို့ပင်ဆိုစေကာမူ မယ်တော်ကြီးနှင့် ဘဝတူအားလုံးတို့သည် လူသားများမဟုတ်ကြဘဲ နာနာဘဝဖြစ်သော်လည်း သက်သတ်လွတ်စားသောက်ကြသော ဘီလူးများသာ ဖြစ်ကြသည်ဟု နားလည်လိုက်ရ၏။ ထိုသို့ နားလည်စိတ်နှင့်အတူ အလွန်အမင်းလည်း ကြောက်သွားမိ၏။ ထို့ကြောင့် ကိုငွေမောင်းသည် လေသွန်တံခါးကိုပိတ်ပြီး အိပ်စက်လိုက်လေ၏။

အိပ်မပျော်မီခဏ၌ တွေးမိသည်မှာ ကိုငွေမောင်းသည်လည်း ယခင်ဘဝက ဤနေရာတွင် ဘီလူးမကြီး၏ သားတော်တစ်ပါး ဖြစ်ခဲ့ရသည်ပဲဟု နားလည်လိုက်ရ၏။ ထိုကဲ့သို့ နားလည်စိတ်နှင့်အတူ နောင်တွင် ဤ



www.burmeseclassic.com

www.burmeseclassic.com

ဘီလူး ဥစ္စာစောင့်ဘဝကို ပြန်မရောက်အောင် လူ့အဖြစ်ကို ပြန်ရသည်နှင့် ဒါန၊ သီလ၊ ဘာဝနာ တရားတော်များကို နိုင်သမျှ ပွားများအားထုတ်ရပေလိမ့်မည်ဟု ဆုံးဖြတ်ထားလိုက်၏။

ကိုငွေမောင်းသည် တောင်တွေး၊ မြောက်တွေးနှင့် ညနက်မှ အိပ်ပျော်သွား၍ မင်္ဂလာစည်မောင်းကို ငြိမ့်ညောင်းစွာ ထုဆော်သံကြားမှ လန့်နိုးလာလေ၏။ ထိုအခါတွင်လည်း ရွှေရောင်ဖြင့် တဖိတ်ဖိတ်တောက်ပနေသော နန်းတော်ကြီးနှင့်တကွ မယ်တော်ကြီး၏ ပရိသတ်အားလုံးတို့သည် ပကတိ နန်းတွင်းသူ၊ နန်းတွင်းသားများအတိုင်းပင် သစ်လွင်သော အဝတ်တန်ဆာများကို ဝတ်ဆင်လျက် လှပတင့်တယ်၍ နေကြပြန်လေသည်။

ထိုအခါတွင်လည်း နန်းတွင်းသူလေးများက နံနက်စာ သက်သတ်လွတ် စားဖွယ်များကို ရွှေကလပ်၊ ရွှေအုပ်များမှာ ထည့်ယူလာပြီး ကိုငွေမောင်းအား ဆက်သကြ၏။ နန်းတွင်းသူ မောင်းမလေးများမှာ ကိုငွေမောင်းအား မင်းသားလေးတစ်ပါးပင် ဖြစ်နေကြောင်းထင်၏။ အလွန်မှ ကျိုးနွံပျပ်ဝပ်စွာဖြင့် ချဉ်းကပ်ပြောဆို ဆက်ဆံကြသည်ကိုသာ တွေ့ရလေ၏။

ထို့ကြောင့် လူ့ရွာမှာ ဆင်းရဲနွံနစ်ပြီး ရရာကြုံရာ အလုပ်များကို လုပ်ကိုင် အသက်မွေးနေရသော ကိုငွေမောင်းမှာ ရှက်ကြောက်အားနာ၍ မဆုံးအောင်ပင် ဖြစ်နေမိ၏။ ဘဝချင်းကွာသော်လည်း ဒြပ်သည် ရှိနေသောကြောင့်ဟုသာ နားလည်လိုက်ရ၏။

ကိုငွေမောင်း နံနက်စာ စားသောက်ပြီးချိန်တွင် စစ်သူကြီး ရောက်ရှိလာပြီး ကိုငွေမောင်းအား သန့်ပြန့်သော နံ့သည်ရည်များဖြင့် ချိုးပေး၏။ အမွှေးနံ့သာများ လူးလိမ်းပေး၏။ တောက်ပသော အဝတ်တန်ဆာများကိုလည်း ဝတ်ဆင်ပေး၏။ ထို့နောက် ညီလာခံသဘင်သို့ ခေါ်လာခဲ့သည်။ ထိုအချိန်၌ ညီလာခံသဘင် ခန်းမထဲတွင် မယ်တော်ကြီး ရှိမနေသေးပေ။ ကိုငွေမောင်း လက်ျာဘက်သလွန်တွင် နေရာယူပြီးမှ အရောင်အသွေး ကြည်လင်တောက်ပသော ပိုးဖဲကားလိပ်ကြီး ဖယ်ရှားပြီး ရံရွေတော်များ ခြံရံလျက် မယ်တော်ကြီး ကြွချီတော်မူလာပြီး ကိုငွေမောင်းနှင့်တကွ ညီလာခံသဘင်တွင် ခစားနေကြသည့် မင်းပရိသတ်တို့အား တစ်အောင့်ကြာအောင် ကြည့်ရှုနေလိုက်ပြီး မိန့်တော်မူလေသည်။

''မင်းအပေါင်းတို့ ငါ၏သားတော်လေးသည် ယခုပင်လျှင် အပြီးအပြတ် ဤဌာနဌ နေထိုင်ခြင်းငှာ အသင့်မဖြစ်ချေသေး၍ လူ့ရွာ၌ ကျန်ရှိနေခဲ့သော သူ၏သားတော်လေးကို ရှင်သာမဏေဘောင်အတွင်းသို့ သွတ်သွင်းချီးမြှင့် လိုပါသေးကြောင်း ငါ့အား ခွင့်တောင်းစကား ဆိုလာသောကြောင့် သားတော်လေး၏ ဆန္ဒတော်ကို သဒ္ဓါရွှေးရှုကာ ခွင့်ပြုတော်မူလိုက်ပေဦးမည်ဖြစ်၍ စစ်သူကြီးနှင့်တကွ မှူးမတ်ဗိုလ်ပါ အပေါင်းတို့သည် ငါ၏ သားတော်လေးအား အေးမသီ ရန်မခသူ့အား ခေါ်လာရာအရပ်ဆီသို့ လိုက်ပို့ကြချေလော့''

မယ်တော်ကြီး၏ အမိန့်တော် အာဏာသံအဆုံးမှာပင် စစ်သူကြီးနှင့်နောက်လိုက်နောက်ပါ ဗိုလ်အမတ်တို့သည် ကိုငွေမောင်း၏အနားသို့ ရောက်လာကြပြီး ကိုငွေမောင်းအား စစ်သူကြီး၏ရင်ခွင်၌ အိပ်စေသောခဏမှာပင် ကိုငွေမောင်းသည် ချက်ချင်း အိပ်ချင်လာပြီး သတိမေ့မြောသွားလေသည်။

□□□

ကိုငွေမောင်း အိပ်ပျော်နေရာမှ နိုးလာ၍ မျက်စိဖွင့်လိုက်၏။ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ စဉ်းစား၍ကြည့်သည်။ ကိုငွေမောင်း မျှစ်လာချိုးလာရင်းက ခဏလေးအိပ်ပျော်သွားရာ မယ်တော်ကြီးတို့၏ နန်းတော်ထဲကို ရောက်သွားခဲ့သည်။ ထို့နောက် နန်းတော်ကြီ ထဲက အကြောင်းအရာများကို တစ်သီကြီး စဉ်းစားမိပြန်သည်။

ထိုကဲ့သို့ စဉ်းစားနေရင်းက ပတ်ဝန်းကျင်ကို ကြည့်မိပြန်သည်။ သစ်ကိုင်းခြောက်များကဲ့သို့ ခြောက်သွေ့လိမ်တွန့်နေသော မျှစ်စို့များကို တွေ့ရလေ၏။ ထို့ကြောင့် အထူးအဆန်းဖြစ်ကာ မျှစ်စို့ခြောက်များကို တစ်အောင့်ကြာအောင် စိုက်ကြည့်နေမိပြန်သည်။ သူ အိပ်မပျော်မီလေးတွင် ဖွင့်စားပြီး လွှင့်ပစ်ထားခဲ့သော ထမင်းထုပ်သည့် ငှက်ပျောရွက်များသည်လည်း သစ်ရွက်ခြောက်အတိုင်းသာ ဖြစ်ကြနေလေ၏။

ထို့ကြောင့် ကိုငွေမောင်း သည် နားမလည်နိုင်ဖြစ်ကာ ငေးလျက် တွေဝေစဉ်းစားနေမိစဉ်မှာပင် ဆူဆူညံညံဖြင့် ရွာသားများ၏ အသံကို ကြားလိုက်ရသည်။ ထို့နောက် ဝေင်းအုံည်



www.burmeseclassic.com

www.burmeseclassic.com

ရှိသော ရွာသားတစ်ယောက် ရောက်လာကြပြီး အလွန်အမင်း အံ့သြသော အမူအရာဖြင့်ကြည့်ကာ ထအော်ကြလေသည်။

''ဒီမှာ ငွေမောင်းကိုတွေ့ပြီဗျို့။ လာကြပါ လာကြပါ။ ငွေမောင်း ဒီမှာ . . . ဒီမှာ''

ဝဝင်းက ထအော်လိုက်သဖြင့် ခုန့်သုတ်ပြီး ပွက်လောရိုက်သွားလေသည်။ ထို့ကြောင့် ကိုငွေမောင်းသည် မျက်လုံးပြူးသွား၏။ ထို့နောက် လူများလည်း တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြလေသည်။ ကိုငွေမောင်းတို့၏ ဒိုးသောင်ရွာသည် အိမ်ခြေနှစ်ရာကျော်ရှိပြီး အင်ဒိုင်းရပ်ကွက်၊ အရှေ့ကမ်းနားရပ်ကွက် အနောက်ကမ်းနားရပ်ကွက် စသည်ဖြင့် ရပ်ကွက်များ ဖွဲ့စည်းပေးထား၍ အလွန်မှ စည်ကား၏။

ယုခု ကိုငွေမောင်းကို လိုက်ရှာနေကြသည့် လူများမှာ ရပ်ကွက်အလိုက် ခွဲတမ်းဖြစ်ပြီး တာဝန်ပေးထားသောကြောင့် အတော်လေးပင် လူစုံပြီး များလည်းများလေသည်။ တစ်မှုဟုတ်ချင်းပင် လူအုပ်ကြီးသည် ကိုငွေမောင်းကို ဝိုင်းအုံသွားလေ၏။ ထိုလူအုပ်ထဲမှ ကိုငွေမောင်း၏ ဖခင်ဖြစ်သော ဦးစံရွှေနှင့် မိခင်ဒေါ်အေးကြည်တို့သည် လူအုပ်ကြားထဲမှ ပြေးထွက်လာကြပြီး သားကိုဖက်ကာ ငိုကြလေသည်။

''သားရယ် . . . မသေကောင်း မပျောက်ကောင်း ကိုးရက်ကြီးများတောင် ဒီတောထဲမှာ ဘာလုပ်နေတာလဲကွယ်။ အမေနဲ့ အဖေတို့တောင် သားကိုလိုက်ရှာရင်း ဒီနေရာကိုရောက်ကြတာ အခုနဲ့ဆိုရင် သုံးခေါက်တောင်ရှိနေပြီ''ဟု ပြောပြီး အမေနှင့် အဖေတို့သည် သားကိုဖက်ငိုရင်း ပြောနေကြ၏။

ထို့ကြောင့် ကိုငွေမောင်း တစ်မျိုးကြီး ဖြစ်သွားမိ၏။ ကိုငွေမောင်းကမူ တစ်မှေးလေး အိပ်ပျော် သွားသည်ဟု ထင်နေမိသည်။ အခြား ရွာသားများကလည်း ကိုငွေမောင်း တောထဲတွင် ပျောက်နေသည်မှာ ကိုးရက်ရှိနေပြီဟုချည်းသာ ပြောနေကြသည်။

သို့သော်လည်း ကိုငွေမောင်း ထိုကိုးရက်အတွင်း၌ ဘယ်ဆီကိုများ သွားလေသလဲဟု တစ်ယောက်မျှ မမေးကြ၍ တော်သေးသည်။ မေးကြလျှင်လည်း အဖြစ်မှန်ကိုပြော၍ အဆင်ပြေမည် မဟုတ်ပေ။ ကိုငွေမောင်းသည်ကား မိခင်ပဟောင်း ဖြစ်သော ဘီလူးမကြီးတို့ရွာကို ရောက်နေခဲ့သည်သာ ဖြစ်၏။

ထို့ကြောင့် ကိုငွေမောင်းသည် ဘီလူးပြည်မှလာသော လူ၊ ယခုလည်း ဘီလူးပြည်ကို သွားနေခဲ့ပြီး ပြန်လာသည်ဟူ၍သာ မိဘများနှင့်တကွ ရွာသားများ သိရှိသွားကြလျှင် ကိုငွေမောင်းကို ကြောက်လန့်ကြပေလိမ့်မည်။ ကြောက်လန့်ကြရုံသာမကဘဲ ဝိုင်းပယ်ခြင်း၊ တောထုတ်ခြင်းအထိပင် ခံသွားရနိုင်သည်။ သို့ဖြစ်၍ သည်ကိစ္စကို တစ်ဦးတစ်ယောက်မျှ မပြောပြဘဲ လျှို့ဝှက်ထားရန် ဆုံးဖြတ်လိုက်၏။

ထို့နောက် ကိုငွေမောင်းကို လူအုပ်နှင့်ဝိုင်းရံပြီး ရွာသို့ ခေါ်လာကြ၏။ အိမ်ကိုရောက်လျှင် မိန်းမဖြစ်သူ မခင်မမှာလည်း သေပြီဟုပု ဆထားသော လင်တော်မောင် ကိုငွေမောင်း ပြန်ရောက်လာသဖြင့် ဝမ်းနည်းဝမ်းသာ ဖြစ်ကာ ဖက်၍ငိုလေသည်။ အခြားရွာသူရွာသားများလည်း ဝိုင်းအုံပြီး ရောက်လာကြ၏။ ထို့အပြင် အနီးအနားရွာများကပါ တဖွဲဖွဲရောက်လာနေကြဖြင့် ကိုငွေမောင်းတို့အိမ်မှာ ပွဲတော်ကြီးတမျှကဲ့သို့ အတော်လေး ညနက်သည်အထိပင် လူစည်ကားနေလေသည်။

□□□

''သားတော်လေး ကျန်းမာတော်မူပါ၏လောကွယ်။ လူ့ရွာမှာ သားတော်လေး ဆင်းရဲပင်ပန်းစွာနဲ့ အသက်မွေးဝမ်းကျောင်း နေရတာကို မယ်မယ်ဖုရား မကြည့်ရက်ဘူးကွယ်။ သို့သော်လည်း မည်သို့မျှ သိုက်နန်းထဲက ရတနာတွေကို သားတော်လေးအား ပေးသနား၍ အဆင်မပြေသဖြင့် ဖြစ်သည့်နည်းနှင့် မယ်မယ်ဖုရား သားတော်လေးကို မစပေးမည်။ သည်ရက်ပိုင်းအတွင်းမှာ သားတော်လေးဟာ သူရင်းငှားလုပ်ရင်းဖြင့် ဘုရားတစ်ဆူကို ဖူးတွေ့ရပေလိမ့်မည်။ သားတော်လေး ထိုဘုရားကိုသာ ကြည်ကြည်ညိုညို ရှိရှိသေသေနှင့် ကိုးကွယ်ပါလေ။ နှစ်များ မကြာမီပင် မယ်မယ့်သားတော်လေး ကြီးပွားချမ်းသာ လာပေ လိမ့်မည်''ဟု ပြောပြတော်မူပြီးနောက် မယ်တော်ကြီး ပျောက်ကွယ်သွားလေ၏။

ကိုငွေမောင်း အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။ အမှောင်ထဲတွင် ဟိုဟိုသည်သည် လိုက်ကြည့်သော်လည်း မယ်တော်ကြီး၏ လုံး



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရပေ။ ထို့ကြောင့် မယ်တော်ကြီး အိပ်မက်ပေးခြင်းသာ ဖြစ်သည်ဟု နားလည်လိုက်၏။ ထို့နောက် ကိုငွေမောင်းသည် ပြန်၍မအိပ်တော့ဘဲ နက်နာသစ် ဘုရားရှိခိုးကာ မယ်တော်ကြီးနှင့်တကွ နန်းတွင်းသူ နန်းတွင်းသားများမှစ၍ သုံးဆယ့်တစ်ဘုံကို မေတ္တာပို့ အမျှဝေကာ ဆေးတံဖွာရင်းသာ မိုးလင်းစေလေသည်။

ကိုငွေမောင်းသည် မနက်စာစားပြီးသည်နှင့် လှော်တက်ကို ပခုံးထမ်းပြီး အိမ်မှထွက်လာခဲ့သည်။ ကုန်သည်တစ်ဦးက ရှောက်သီးလှေ လှော်ခတ်ရန်အတွက် ငှားထား၍ ကိုငွေမောင်း လှေလှော်လှေထိုးလိုက်ရန် ထွက်လာခြင်း ဖြစ်သည်။ ရွာခြေ သောက်ရေခပ်ချောင်းဆိပ်မှ ကျက်သရေချောင်းရွာသား ရှောက်သီးကုန်သည်နှင့်အတူ လှေကို ထိုးဝါးဖြင့်ထိုးပြီး ရေညာကို ဆန်တက်ကြသည်။

ကျက်သရေချောင်းရွာကို ရောက်လျှင် ကုန်သည်၏ ရှောက်သီးများကို လှေပေါ်တွင် အပြည့်တင်ပြီး ပြန်စုန်လာခဲ့၏။ အပြန်တွင် ကုန်သည်လိုက်မလာတော့ပေ။ ကုန်သည်ကား ကိုငွေမောင်းနှင့်အတူ လှေစီးပြီးမလိုက်ဘဲ ရှောက်သီးအဝယ်ဒိုင်သို့ တန်းသွားခြင်းသာ ဖြစ်သည်။ ရှောက်သီးအဝယ်ဒိုင်သည်ကား တောင်ငူမြို့မှတစ်ဆင့် စစ်တောင်းချောင်းကို ဆန်တက်ပြီး စစ်တောင်းတံတားကြီး၏ အနောက်ဘက် ဒေသများမှာသာ ဖြစ်သည်။

ကိုငွေမောင်းသည် လှေကို ရေစုန်မျှောပြီး ဖြည်းဖြည်းမှန်မှန်သာ စုန်ဆင်းလာခဲ့သည်။ သောင်ဆင်းတစ်နေရာသို့ ရောက်လျှင် လှေကို သဲကိုက်၍ ထိုးဝါးဖြင့် ထိုးဆင်းလိုက်ပြီး ထိုးဝါးကို လှေပေါ်သို့ ပြန်တင်လိုက်ရာ ထိုးဝါးမှာ ဘုရားဆင်းတုတော်တစ်ဆူ ညပ်ပါလာလေသည်။ ထို့ကြောင့် ကိုငွေမောင်း မျက်လုံးပြူးသွား၏။

ကပျာကယာ ထိုးဝါးဖျားမှ ဘုရားဆင်းတုတော်ကို ဖြုတ်ယူပြီး ဦးချ လက်အုပ်ချီရှိခိုး၍ "မြတ်စွာဘုရား တပည့်တော်သည် မသိမမြင်ခဲ့သော ကြောင့်သာ ယခုကဲ့သို့ ဖြစ်သွားရပါသည်။ သနားသောအားဖြင့် ခွင့်လွှတ်တော်မူပါ ဘုရား"ဟု ရှိခိုးပြီး တောင်းပန်လိုက်၏။ ထို့နောက် ဘုရားဆင်းတုတော်မြတ်ကိုလည်း လှေဦးမှာပင် ယာယီစံကျောင်းတော်အဖြစ် သတ်မှတ်ပြီး ခေတ္တ ကိုးကွယ်ထားလိုက်၏။

ရှောက်သီးပို့ပြီး၍ ခရီးမှပြန်လျှင် ဘုရားဆင်းတုတော်မြတ်ကို တစိမ့်စိမ့်ဖြင့် ကြည့်ရှုကြည်ညိုရင်း စဉ်းစား၏။ ထိုအခါ အိပ်မက်ကို ပြန်လည်သတိရမိ၍ "ဤသည်မှာ မယ်တော်ကြီးက ပင့်ပေးချီးမြှောက်သော ဆင်းတုတော်သာ ဖြစ်လိမ့်မည်"ဟု တိကျစွာ သိလိုက်လေသည်။ ထို့ကြောင့် ကိုငွေမောင်းမှာ ပို၍ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရလေ၏။

အိမ်သို့ ပြန်ရောက်သည်နှင့် မိန်းမဖြစ်သူကိုလည်း အကျိုးအကြောင်း ပြောပြပြီး ဘုရားဆင်းတုတော်မြတ်အား ရှိခိုးကြည်ညိုခိုင်း၏။ ထို့နောက် ရွှေဆေးရောင်များ ပြယ်နေသည်ကို ပြန်လည်၍ ရောင်တော်ဖွင့် လိုသောကြောင့် လင်မယားနှစ်ယောက် တိုင်ပင်ကြ၏။ တိုင်ပင်၍ အစီအစဉ်ချပြီးလျှင် သားရှင်ပြုရန်အတွက် စုဆောင်းထားကြသော စုဘူးလေးထဲမှ မူးစေ့ မတ်စေ့လေးများကို မှောက်သွန်ကြည့်ကြရာ ငွေငါးဆယ်ရ၏။ ထိုငွေစုလေးဖြင့် ကိုငွေမောင်း တောင်ငူမြို့ကို သွားလေသည်။

တောင်ငူမြို့ကို ရောက်လျှင် ရွှေဆံတော်ဘုရားဘက်ကို ဆက်သွားပြီး ဘုရားရွှေသင်္ကန်းကပ်သော ဆရာများကို မေးမြန်းစုံစမ်းတိုင်ပင်ပြီး ကျသင့်ငွေ သုံးဆယ်ကိုပေး၍ ဘုရားဆင်းတုတော်လေးကို ရွှေသင်္ကန်းကပ်လှူလိုက်၏။ မယ်တော်ကြီး ပေးကမ်းချီးမြှင့်သော ဘုရားဆင်းတုတော် မြတ်လေးဟူသော အသိစိတ်နှင့်အတူ ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်လွန်းသော ဘုရားဆင်းတုတော်လေးကို တစိမ့်စိမ့်ကြည့်ပြီး ကိုငွေမောင်းမှာ ကြည်ညို၍ မဝအောင်ပင် ရှိနေလေသည်။

ယခင်အခါကသာဆိုလျှင် ဘုရားကိုပင် မှန်မှန်ရှိခိုးလေ့ မရှိကြသော ကိုငွေမောင်းတို့ လင်မယားမှာ သည်နေ့အချိန်မှစပြီး ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး မလပ် နေ့ညမစဲ ဘုရားဆင်းတုတော်လေးကိုသာ ပူဇော်၍နေကြလေသည်။

မယ်တော်ကြီး အိပ်မက်ပေးသည့်အတိုင်း အလုံးစုံမှန်၏။ ဦးစွာ ဘုရားဆင်းတုတော်လေးကို ပင့်ဆောင် ပူဇော်ရသည်။ ထို့နောက် တဖြည်းဖြည်း စီးပွားရေးသည်လည်း ဖြစ်ထွန်းလာ၏။ ယခင်ကဆိုလျှင် ကိုငွေမောင်းတို့ လင်မယားမှာ သူတစ်ပါးတို့ အိမ်၌ ကြုံရာကျပန်း အလုပ်များကို လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုခဲ့ကြရ၏။

ယခုတွင်မူ ထိုသို့မဟုတ်တော့ပေ။ ကျပန်း စာရင်းငှားအလုပ်မှ ကင်းလွတ်၍ ကိုယ်ပိုင်ရောင်းဝယ် ဖောက်ကား အလုပ်များကို လုပ်ကိုင်လာနိုင်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပြီ။ ငွေကြေးများကို ဆုပ်ကိုင် သုံးစွဲလာနိုင်ခဲ့၍ ခံ့ထည်သော ပျဉ်စီပျဉ်ထောင်အိမ်ကြီး တစ်ဆောင်ကိုလည်း ဆောက်လုပ်နေနိုင်ခဲ့ပြီ။ လယ်ယာဥယျာဉ်ကေ အတော်များများကိုလည်း ဝယ်ယူစုဆောင်း လုပ်ကိုင်နိုင်ခဲ့ပြီ။

ထို့ကြောင့် အိမ်ခြေနှစ်ရာကျော်သော မိမိတို့ဒိုးသော်ရွာ၌ ထင်ရှားသော အိမ်ထောင်စု စာရင်းဝင်လည်း ဖြစ်ခဲ့ပြီ။ ရပ်ရွာ သာရေးနာရေးကိစ္စများတွင် ကိုငွေမောင်း+မခင်မတို့ မပါလျှင် မပြီးသည်အထိပင် ထင်ရှားခဲ့လေပြီ။ သူဆင်းရဲ၊ ကြုံရာကျပန်း စာရင်းငှားဘဝမှ ယခုကဲ့သို့ စီးပွားရေးဖြစ်ထွန်းတိုးတက်လာခြင်းမှာ မယ်တော်ကြီး၏ စောင့်ရှောက်မစနေခြင်းကြောင့်သာ ဖြစ်သည်ကို ကိုငွေမောင်းမှတစ်ပါး အခြားသူများ သိနိုင်ခြင်းမရှိကြပေ။

ကိုငွေမောင်းလည်း ဤကိစ္စနှင့်ပတ်သက်၍ တစ်ဦးတစ်ယောက်ကိုမျှ ပြောပြဖူးခြင်းမရှိ။ ယုတ်စွအဆုံး မယားဖြစ်သူ မခင်မနှင့် မိဘနှစ်ယောက်တို့ကိုပင် အသိပေးပြောပြခြင်းမရှိဘဲ ထားခဲ့သည်။ ထို့ကြောင့် မိသားစုနှင့်တကွ ဘေးလူများကပါ သိရှိရိပ်မိခြင်း မရှိကြသဖြင့် ကိုငွေမောင်းတို့လင်မယား ကြီးပွားချမ်းသာလာခြင်းမှာ သူတို့၏လုပ်ရည်ကိုင်ရည်နှင့် ကြိုးစားအားထုတ်ခြင်းကြောင့် ဟု၍သာ နားလည်နေကြလေသည်။

သို့သော်လည်း တစ်ယောက်တည်းသော သားကလေး အသက်ကိုးနှစ်ထဲသို့ရောက်၍ ရှင်သာမဏေပြုပေးရန် အချိန်နီးလာသောအခါ ကိုငွေမောင်း၏စိတ်ထဲတွင် တစ်မျိုးတစ်ဖုံ ခံစားလာရလေ၏။ ကိုငွေမောင်းသည် သားကလေးကို ရှင်သာမဏေပြုပေးပြီးလျှင် မယ်တော်ကြီး၏အထံသို့ ပြန်လာပါမည်ဟု နှုတ်ကတိပေးထားခဲ့ဖူးသည်။

ယခုမူ ထိုကတိစကားသည် ကိုငွေမောင်းအား ခြောက်လှန့်လျက်ရှိနေလေ၏။ သားကလေးကို ရှင်ပြုပေးမည့်ရက် နီးလာလေ ကိုရင်အဖေဖြစ်ရမည့် ကိုငွေမောင်းတစ်ယောက် ဝမ်းသာလေ ဖြစ်ရမည့်အစား ဝမ်းမသာနိုင်သည့်အပြင် မိဘ၊ ဆွေမျိုး၊ ဇနီးသားမယားတို့နှင့် ခွဲခွာသွားရမည့်အရေးကိုတွေးပြီး တုန်လှုပ်ချောက်ချားလေဟူ၍သာ ဖြစ်နေရလေသည်။

ㅁㅁㅁ

"သားတော်လေး မယ်မယ်ဖုရားရဲ့ မြေးတော်လေးကို ရှင်ပြုကြတော့မည်ဖြစ်သောကြောင့် ရှင်သာမဏေဖခင် ကိုရင်ဒကာကြီး ဖြစ်ရတော့မည့်အရေးကိုတွေးပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသလားကွယ်"ဟု မယ်တော်ကြီးသည် ကိုငွေမောင်း၏ရှေ့မှာပင် ဘွားခနဲပေါ်လာပြီး မေးတော်မူလေသည်။ ကိုငွေမောင်း သက်မတစ်ချက်ကို ချလိုက်၏။ ထို့နောက် မယ်တော်ကြီး၏ အမေးကို မဖြေဘဲ ကိုငွေမောင်းကသာ ပြန်၍မေးရန် ဆုံးဖြတ်လိုက်သည်။ ကိုငွေမောင်း၏အမေးသည် ယခင်က ကိုငွေမေင်း မယ်တော်ကြီး၏အထံသို့ ရောက်နေရစဉ်က မေးခဲ့ဖူးသော အမေးပုစ္ဆာမျိုးသာ ဖြစ်သည်။ ထိုအမေးပုစ္ဆာမျိုးနှင့်သာ ကိုငွေမောင်း မယ်တော်ကြီးအား ပေးထားခဲ့မိသော ကတိဆန္ဒကို ချေပပြောဆိုနိုင်မည့်လည်း ဖြစ်သည်။

"မယ်တော်ကြီး သားတော်လေ... ကို နှစ်နှစ်ကာကာကော ချစ်ပါသေ... ရဲ့လားဖုရား"

မယ်တော်ကြီးသည် ကိုငွေမော... ၏အမေးကြောင့် အနည်းငယ်မျှ မျ... နှာညှိုးသွားလေ၏။ ထို့နောက် တ... အောင့်မျှကြာအောင် ကိုငွေမောင်းအ... စိုက်ကြည့်နေလိုက်ပြီးမှ ပြောသည်...

"သားတော်လေးသည်... အမေးကို မယ်မယ်ဖုရားဆီမှာ နေ... စဉ်တုန်းကလည်း မေး၍ မယ်မ... ရား ဖြေခဲ့ဖူးပြီ။ ယခုလည်း မေး... ပြန်သောကြောင့် အဘယ်သို့ေ... အကြောင်းခြင်းရာ ရှိနေ၍ မေးပြ... လေသနည်း သားတော်လေးရဲ့"

"မှန်လှပါမယ်တော်ကြီး။ အ... ကို ဆိုရရင် သားတော်ဟာ အခု... ရှိဘဝကို လူ့ရွာမှာ သက်တမ်း... အောင်ပဲ နေလိုပါတယ်။ အဲဒီအ... က ဒီစကားကို မပြောခဲ့မိဘဲ ... ကလေးကို ရှင်ပြုပြီးရင် ပြန်လာ... လို့သာ ပြောခဲ့မိပါတယ်။ တ... တော့ သားတော်ဟာ သာသနာ... ကြီးနဲ့ ကြုံကြိုက်တုန်း လူ့ရွာမှာ ... ဖြစ်ရှုဆဲဘဝကို တန်ဖိုးရှိရှိ၊ အ... များများ ကုသိုလ်ကမ္မပထတရား... ကို လူ့သက်တမ်းစေ့အောင် ပြု... ချင်ပါတယ်။ ဒါပေမယ့် ဒီစကား... ကို အမှတ်ရလို့ ပြောချင်တဲ့အခါ ... တော်ကြီးနဲ့ ဆုံခွင့်မရတော့ပါဘူ... ကြောင့် အခုတဖန် မယ်တော်ကြီ... သားတော်မောင် လူ့ရွာမှာ သက်... ကုန်အောင် နေပါရစေ နေခွင့်... လျှောက်ထား တောင်းပန်ပါတ...

မယ်တော်ကြီးသည် ...



www.burmeseclassic.com

www.burmeseclassic.com

မောင်း၏စကားကို နားထောင်ပြီး ဒိုက် ကြည့်နေရင်းက သက်မတစ်ချက်ကို ဆပ်ကာ ချလိုက်ပြန်သည်။ ထို့နောက် ကြည်လင်သော အမူအရာဖြင့် အကြောင်းခြင်းရာကို ပြောပြ၏။

"သားတော်လေး . . . မယ်မယ် ဖုရားတို့၏ နန်းတော်ကြီးထဲမှာ တစ် ညတာ နေသွားခဲ့စဉ်က အကြောင်း ကိစ္စကြီးများ ရှိလာခဲ့လျှင် တစ်ဦးတစ် ယောက်တည်းသဘောဖြင့် ဆုံးဖြတ်၍ သင့်တော်ပေဘူး။ ညီလာခံသဘင် ဘာလျှင် တင်ပြပြီးသကာလ ဆုံး ဖြတ်ရသည်ဟူသော စကားကို သား တော်လေး မှတ်မိပေလိမ့်မည်။ ထိုအ ချိန်ကလည်း သားတော်လေး လူ့ရွာ ကို မပြန်ရပေဘူး။ ပြန်သွားခွင့်လည်း မပြုနိုင်တော့ဘူးဟု မယ်မယ်ဖုရားက အမိန့်တော်ရှိလိုက်ရာ သားတော်လေး က လူ့ရွာမှာ ကျန်နေခဲ့သော သား ကလေးကိုတော့ဖြင့် ရှင်ပြုခွင့်ပေးပါ။ သားကလေးကို ရှင်ပြုပြီးနောက် ပြန် လာပါမည်ဟု တင်ပြပြီး တောင်းဆို သည်ကိုပင် မယ်မယ်ဖုရားတစ်ပါး တည်း ဆုံးဖြတ်ခွင့်ပြုခြင်း မလုပ်မူဘဲ ညီလာခံသဘင်မှာ တင်ပြပြီးမှ ဆုံး ဖြတ်ပြီး ခွင့်ပြုခဲ့သည် မဟုတ်လော။ ယခုမူ မနက်ဖြန် မနက်ပင်လျှင် သား တော်လေး၏သားလေးကို ရှင်သာမ ဏေပြုကြတော့မည်ဖြစ်၍ ယခု သား တော်လေးတင်ပြပြီး တောင်းဆိုနေ သည်ကို အဘယ်မှာလျှင် မယ်တော် ကြီးတို့ ညီလာခံသဘင် ကျင်းပပြီး ဆုံးအဖြတ်ကိုယူကာ သားတော် လေးထံသို့လာပြီး ခွင့်ပြုချိန်ရတော့ မည်နည်း"ဟူ၍ မိန့်တော်မူပြီးသည် နောက် မယ်တော်ကြီးသည် ကိုငွေ မောင်း၏မြင်ကွင်းမှ ပျောက်ကွယ်သွား လေ၏။

"မှန်ပေသည် မင်းသားလေး။ ယခုလို ကိစ္စရပ်ကြီးမျိုးကို သခင်မကြီး တစ်ဦးတည်းဖြင့် ဆုံးဖြတ်၍ မသင့် တော်ပေဘူး။ ညီလာခံသဘင်မှာ ဆုံး ဖြတ်ထားခဲ့ဖူးသော အကြောင်းခြင်း ရာ ဖြစ်နေပေ၍ ညီလာခံသဘင်မှာ သာ တင်ပြဆွေးနွေးရန် ရှိပေသည်" ဟု မယ်တော်ကြီး၏ နောက်တော်မှ လိုက်ပါလာသော စစ်သူကြီးကလည်း ထောက်ခံပြောဆိုသွားသည်။ ထို့ နောက် စစ်သူကြီးသည်လည်း မယ် တော်ကြီးနည်းတူ ပျောက်ကွယ်သွား လေသည်။

ooo

ကိုငွေမောင်း ဖျတ်ခနဲ လန့်နိုး သွား၏။ အမှောင်ထဲ၌ ဟိုဟိုသည် သည် လိုက်ကြည့်သော်လည်း မယ် တော်ကြီးကိုရော၊ စစ်သူကြီးကိုပါ မတွေ့ရတော့ပေ။ ထို့ကြောင့် ကိုငွေ မောင်းမှာ သက်မကို အကြိမ်ကြိမ် ချ နေမိလေသည်။

ထိုအချိန်သည်ကား အရုဏ် တက်ဖြစ်သည်။ မကြာမီ ရွာဦး ကျောင်းက ၄ နာရီ အုံးမောင်းခေါက် သံကို ကြားလိုက်ရသည်။ ထို့နောက် အသံချဲ့စက်ဖွင့်သံ၊ တစ်ဆက်တည်း လိုပင် နာမည်ကျော် စိန်လက်သန်း ဆိုင်းအဖွဲ့ကလည်း ဖြောသံ၊ စည်သံ များကို တီးမှုတ်ကြလေသည်။

ကိုငွေမောင်း အိပ်ရာမှထ၏။ မခင်မကိုနှိုးပြီးလည်း ဆွမ်းချက်စေ၏။ ညှော်ခန်းမှာရော အိမ်အောက်က သရက် ပင်ကြီးအောက်မှာပါ ဖျာခင်းပြီး အိပ် နေကြသည့် ရှင်ပြုအလှူပွဲလာ ဆွေ မျိုးများသည်လည်း တစ်ယောက်ပြီး တစ်ယောက် နိုးထလာကြပြီး မခင်မ နှင့်အတူ ဝိုင်းကူချက်ပြုတ်ကြလေသည်။

အရုဏ်ဆွမ်း ပို့ပြီးနောက် ရှင်ပြု ရန် အခမ်းအနားများကို စတင်၍ ပြု လုပ်ကြသည်။ ကျွေးမွေးညှော်ခံခြင်း၊ ရှင်လောင်းလှည့်ခြင်း၊ အရပ်ထုံးစံ အတိုင်း နတ်ပြခြင်း စသည်ဖြင့် သူ့ဖွဲ့ အလှူ ရှင်ပြုပွဲဖြစ်၍ ကြိတ်ကြိတ် တိုး စည်ကားလေသည်။ ဒိုးသောင်တစ်ရွာ လုံးအပြင် အနီးအနား ပတ်ဝန်းကျင် ရွာများကိုပါ ဖိတ်ကြားထား၍ လူထု ပရိသတ်များမှာလည်း သောင်းချီနေ လေသည်။

ကျောင်းတော်သို့ ရောက်၍ မောင်ရှင်လောင်းကို ဆံချပြီး သင်္ကန်း စည်းကာ သရဏဂုံသီလ ဆောက် တည်ပေးပြီးချိန်မှာပင် ကိုရင့်ဒကာကြီး ကိုငွေမောင်းသည် ကောက်ကာငင် ကာ ဗိုက်အောင့်လာပြီး သတိလစ် သွားလေသည်။ ထို့ကြောင့် ဆွေမျိုး မိတ်များနှင့် သံဃာတော်များပါ ရုတ် ရုတ်သဲသဲ ဖြစ်သွားကြ၏။ ကျောင်း ထိုင်ဆရာတော် ဦးဝေပုလ္လသည်လည်း မျက် ၁ညှိုးလျှက် တစ်အောင့်မျှ ငြိမ် နေတော်မူပြီး ကိုရင့်အဖေ ကိုငွေ မောင်းအား "အိမ်သို့ ဆောင်သွားကြ ပါ"ဟု မိန့်တော်မူသည်။

သို့သော်လည်း ကိုငွေမောင်း သည် တစ်အောင့်အကြာမှာပင် သတိ ပြန်ရလာ၏။ သတိပြန်ရလာပြီးနောက် လူကောင်းအတိုင်းလည်း ပြန်ဖြစ်လာ သည်။ ထို့ကြောင့် မိသားစုများနှင့် ဆွေမျိုးများရော သံဃာတော်များပါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရ၏ ရှင်



www.burmeseclassic.com

www.burmeseclassic.com

ပြုမင်္ဂလာပွဲတော်ကိုလည်း ဆက်လက်၍ ကျင်းပကြသည်။

နောက်တစ်ကြိမ် တရားနာရေစက်ချပြီး၍ ပြောခေါက်ချိန်မှာပင် ကိုငွေမောင်း သတိလစ်သွားပြန်လေသည်။ ထို့ကြောင့် ဝိုင်းဝန်းပြုစုကြ၏။ တစ်အောင့်အကြာတွင် သတိပြန်ရလာ၏။ သို့သော်လည်း ထမထိုင်နိုင်တော့ပေ။ အသက်ကို ပြင်းပြင်းရှူရှိုက်ရင်းက သားကိုရင်လေးကိုသာ တစိမ့်စိမ့် ကြည့်နေလေသည်။

"ဒကာကြီး သတိရလာပြီလား" ဟု ကိုရင်လေးက မျက်ရည်စမ်းစမ်းဖြင့် မေး၏။

ကိုငွေမောင်းသည် သားကိုရင်လေးကို တစိမ့်စိမ့်ကြည့်ရင်းက လက်အုပ်ချီပြီး ရှိသေးသမျှ ခွန်အားကို စုစည်းပြီး ပြောဆိုလျှောက်ထားလေ၏။

"ကိုရင်လေး၊ ဒကာကြီး မနေရတော့ဘူး။ သွားရတော့မယ်"

ကိုရင်လေးသည်ကား ဘာမျှ မသိရှာ။

"ဒကာကြီး ဘယ်ကိုသွားမှာလဲ။ ဒကာမကြီးနဲ့ ကိုရင့်ကိုထားခဲ့ပြီး ဘယ်ကိုမှ မသွားပါနဲ့"

"မသွားလို့မရဘူး ကိုရင်လေး။ ဒကာကြီးရဲ့ ဘဝဟောင်းသိုက်နန်းက မယ်တော်ကြီး အခေါ်ခိုင်းလိုက်တဲ့ စစ်သူကြီးတွေ ဒကာကြီးကို လာခေါ်နေကြပြီ"

"ဘယ်မှာလဲ ဒကာကြီး။ ကိုရင်လည်း မမြင်ရပါလား"ဟု ကိုရင်လေးက ဝမ်းနည်းသံနှင့် ပြော၏။

"ကိုရင် မမြင်ရပေမယ့် ဒကာကြီး မြင်နေရတယ်"

ကိုရင်လေးက တရှိုက်ရှိုက်ဖြင့် မျက်ရည်ကိုသုတ်ပြီး ဆက်ပြော၏။

"ဒါဆိုရင်လည်း မလိုက်နိုင်ဘူးလို့ပြန်ပြောလိုက်ပါလား ဒကာကြီးရဲ့"

"မရဘူးကိုရင်။ ဒကာကြီးမှာ ဒီလို ဇာင်္ဂဆက်ပါလာတာကြောင့် မလိုက်ရင် အတင်းဆွဲခေါ်ကြလိမ့်မယ်။ ဒါကြောင့် သားကိုရင်လေး ဘုရားရှင်ရဲ့ သာသနာတော် အဆုံးအမကိုခံယူပြီး လိမ်လိမ်မာမာနဲ့ နေရစ်ပေရော့ ကိုရင်"

ကိုငွေမောင်းသည် မျက်ရည်များရွဲလျက် သားကိုရင်လေးကို တစိမ့်စိမ့်ကြည့်ရင်းမှ ငြိမ်ကျသွားလေသည်။ ထို့ကြောင့် ငိုရှိုက်သံများဖြင့် ဆူညံသွားလေ၏။ ဆရာဘုန်းတော်ကြီးလည်း တရားဟောပလ္လင်မှ ဆင်းကြွလာပြီး စမ်းသပ်ကြည့်သည်။ ကိုငွေမောင်းသည်ကား မိဘ၊ ဆရာသမား၊ သားကိုရင်လေးနှင့် ဇနီးမယားတို့အား အပြီးတိုင် စွန့်ခွာသွားလေပြီ။ ထို့ကြောင့် ဆရာဘုန်းကြီးသည် သက်မတစ်ချက်ကိုချကာ သူသိထားသော အကြောင်းအရာတစ်ခုကို မိန့်တော်မူ၏။

"အခုလို ဖြစ်လာလိမ့်မယ် ဆိုတာကို ဘုန်းကြီး သိပြီးပါပြီ။ အိပ်မက်ထဲမှာ ရှေးခေတ်စစ်သူကြီး ဝတ်စုံမျိုးကို ဝတ်ဆင်ထားတဲ့ စစ်သူကြီးတစ်ယောက်နဲ့ နောက်လိုက်စစ်ဗိုလ် စစ်သားလေးငါးတို့ ဘုန်းကြီးကို လာလျှောက်ကြတယ်။ မောင်ငွေမောင်းဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ပုဂံသိုက်ကြီးကို စောင့်ရှောက်နေရတဲ့ စန္ဒမုခီ နတ်ဘီလူးမကြီးရဲ့ တစ်ဦးတည်းသောသားဖြစ်ပြီး လူ့ရွာကို သွားခွင့်တောင်းတဲ့အတွက် ခေတ္တခဏသွားခွင့်ပြုထားတာကို လာခေါ်ကြတာပါလို့ ဆိုတယ်။ ဘုန်းကြီးက မခေါ်ဖို့ကိုပြောပြပြီး တောင်းပန်ပေမယ့် မရဘူး။ ညီလာခံက ဆုံးဖြတ်ပြီးမှ အခေါ်ခိုင်းလိုက်တာကြောင့် ရ အောင်ခေါ်သွားရမှာတဲ့။ ဒီလိုဆိုရင် လည်း သူ့သားကလေးကို ရှင်ပြုလို ရေစက်ချပြီးအောင်တော့ စောင့်ဆိုင် ကြပါဆိုလို့ အခု ရေစက်ချပြီးတာ ခေါ်သွားကြတာပဲ ဖြစ်မယ်။ ဒါပေမယ့် သိပ်ပြီးလည်း ပူဆွေးသောက မဖြ ကြပါနဲ့။ မောင်ငွေမောင်းက လူ ကောင်းလေးတစ်ယောက်ပါ။ ကောင် ရောင်းကောင်းဝယ် အလုပ်တွေ အသက်မွေးဝမ်းကျောင်းခြင်း ပြုသွ တာဖြစ်ပြီး အခုလည်း သူ့သားလေး ရှင်ပြုပွဲမင်္ဂလာကို ရေစက်ချ သာဓု သွားရတာကြောင့် ကောင်းရာသုဂ ဘုံကဲ့ပဲ ရောက်မှာပါ။ ဒါကြောင့် သ ဝါတစ်ခု၊ ကံတစ်ခု၊ မွေးခြင်းရှိရင် သေ ခြင်းဟာလည်း ရှိစမြဲပါတကားရယ် ပဲ တရားနဲ့ ဖြေကြပါ"ဟု ဟောပြ ဆုံးမထားခဲ့ပြီးနောက် ဆရာဘု တော်ကြီးသည် ကြက်သရေတိုက် သို့ ကြွသွားလေ၏။

ကိုငွေမောင်း၏ အလောင်း လည်း ရွာဦးကျောင်းမှာပင် သုံးရ တိုင်တိုင် ညှိခံကျွေးမွေးပြီး အသု ကမ္ဘဋ္ဌာန်းကို ရှပ္ပားကြ၏။ ထို့နောက် ရွာ၏အနောက်ဘက် သုသာန် ထုတ်ယူပြီး အုတ်ဂူပြုလုပ်၍ သဂြိ လိုက်ကြလေသည်။

ထွန်းတော



www.burmeseclassic.com

www.burmeseclassic.com

# ခုံညင်းဒိုးဆန် အာဆိပ်ဖြေပြန်

● တောင်တွင်းအောင်သက်ဦး

ခုံညင်းပင်သည် သစ်ပင်ကြီးများပေါ် တွယ်တက်သည့် နွယ်ပင်ဖြစ်သည်။ ခုံညင်းပင်အတက်ခံရသည့်အပင်မှာ ကြာလျှင်သေသွားသည်။ ခုံညင်းရွက်မှာ အရှည်တစ်လက်မခွဲခန့်၊ အနံတစ်လက်မခန့်ရှိသည်။ အရွက်နှင့်အပွင့်များကို ဟင်းလုပ်စားကြသည်။ အသီးမှာ ကြောင်လျှာသီးကဲ့သို့ ရှည်လျားသည်။ အထဲမှ အဆန်များကို ခုံညင်းဆန်(ခေါ်) ဒိုးဆန်ဟု ခေါ်လေ့ရှိသည်။ အစေ့သည် ပြားပြားဖြစ်သည်။ အရွယ်အမျိုးမျိုးရှိသော်လည်း အများအားဖြင့် နှစ်လက်မဝန်းကျင်ခန့် ရှိသည်။

ရှေးက ကစားစရာအဖြစ် အသုံးပြုခဲ့ကြသည်။ ကစားရန်သာ မဟုတ်သေး။ ဆေးအဖြစ်လည်း အလွန်အသုံးဝင်လှသည်။ ခုံညင်းဆန်သည် မသုံးတတ်လျှင်ဘေး၊ သုံးတတ်လျှင်ဆေးကောင်း ဖြစ်သည်။ သူ၏သတ္တိမှာ အဓိကအဆိပ်ကို ပြေစေသည်။ ကိုယ်ဝန်ဆောင်များမသောက်သင့်ပါ။ သောက်လျှင် ကိုယ်ဝန်ပျက်ကျစေတတ်၍ ဖြစ်သည်။ လူကောင်းများသောက်လျှင်ပင် သွေးပါအောင် အော့အန်တတ်ကြလေသည်။ သတိထားသုံးတတ်ရန် အရေးကြီးသည်။

ရှေးသမားတော်များသည် ခုံညင်းဆန်တစ်မျိုးတည်းဖြင့် ရောဂါမျိုးစုံကို ရေလဲကုသပေးနိုင်ခဲ့ကြသည်။ ကျောတွင်ပေါက်သည့် အနာပဆုတ်၊ လည်ပင်း၊ နားရွက်တို့တွင် ပေါက်သည့် အနာများ၊ သက်တံ့နာများ၊ လက်ကတီး(ခေါ်) ချိုင်းတွင် ပေါက်သည့် ကိန္နရာနာများ၊ ဝက်ခြံစသည့် အနာများကို အနာဝချန်ပြီး ဆန်ဆေးရည်နှင့် သွေးလူးပေးရသည်။ အနာနုလျှင် ပိန်၍၊ အနာရင့်လျှင် ပြည်ပေါက်သွားမည်ဖြစ်သည်။

အညှော်မိ အနာဝင်လျှင် ဆန်ဆေးရည်ကြည်နှင့် ခပ်ကျဲကျဲသွေးတိုက်ရသည်။ အနံ့နံသည်ဟုပြောလျှင် ထပ်မတိုက်ရပါ။ ချိုသည်ဟုပြောလျှင် ထပ်တိုက်ရသည်။ အနာဝင်ဆိုသည်မှာ အညှော်မိလျှင် ကိုယ်ပူလာပြီး တစိမ့်စိမ့်ချမ်းမည်။ အကြောအခြင် တက်မည်။ ကိုက်ခဲနာကျင်မှုများ ဖြစ်လာမည်။ အဆိုပါများသည် အနာဝင်ခြင်း လက္ခဏာများဖြစ်၍ မုချ သက်သာပျောက်ကင်းလေသည်။

မြန်မာအခေါ် ငန်းဖမ်းသည်၊ ခေတ်အခေါ် တိုက်ဖွိုက်(ခေါ်) အူရောင်ငန်းဖျား ဖြစ်လျှင်လည်း ခုံညင်းဆန်ကို သွေးပြီး စပါးကြီးသည်းခြေ အနည်းငယ်ထည့်တိုက်သော် ချက်ချင်းပျောက်ကင်းချမ်းသာသည်။

ပွေး၊ ဝဲ၊ ယားနာများဖြစ်သော် ခုံညင်းဆန်နှင့် ထန်းလျက် အတူကြိတ်ပြီး အုံပေးရသည်။ ရောဂါကြီးလျှင် ၂၄ နာရီ၊ ရောဂါနုလျှင် ၁၂ နာရီအတွင်း ယားနာမှန်သမျှ ပျောက်ကင်းပါသည်။ ခုံညင်းဆန်၊ ထန်းလျက်အုံဆေးသည် ပူခြင်း၊ စပ်ခြင်း အလျဉ်းမရှိချေ။

အနာဆွေး၊ အနာဟောင်းများကို ခုံညင်းဆန်၏ အခွံကို အမှုန့်ပြုပြီး အုန်းဆီနှင့်လိမ်းလျှင် မုချပျောက်ကင်းလေသည်။ အဖျားအနာများကို ဉာဏ်နှင့် ချင့်ချိန်သုံးတတ်ရန်သာ လိုသည်။

ယခုအခါ မြွေဆိပ်ဖြေဆေးများကား အလွန်ဈေးကြီးနေချိန်ဖြစ်သည်။ ငွေကုန်ခံရပြီး ဆေးဝါးအတုနှင့်တွေ့လျှင် အလွန်အသက်အန္တရာယ်များလှသည်။ သို့သော် ခုံညင်းဆန်က မြွေဆိပ်နှင့် အဆိပ်အမျိုးမျိုးကို ပျောက်ကင်းစေသဖြင့် အဆိပ်ဖြေဆေးများကို လက်တွေ့စိန်ခေါ်နေလေသည်။

မြွေဆိပ်တက်၍ မေ့မြောနေသူအား ခုံညင်းဆန်သွေးရည်ကို ဝမ်းထဲရောက်အောင်သာ တိုက်ပါ။ ထို့နောက် မြွေစွယ်ရာ (မြွေကိုက်ဒဏ်ရာ)ကို ချန်လှပ်ပြီး တစ်ကိုယ်လုံးကို ခုံညင်းဆန်သွေးရည် လိမ်းကျံပေးရသည်။ ထိုအခါ မကြာခင် အဆိပ်များ အန်ထွက်လာပြီး သက်သာပျောက်ကင်းမှုရကြလေသည်။

ကစားစရာ၊ လာဘ်ခေါ်စရာ ဒိုးဆန်ကလေးသည် မြန်မာတို့၏ သမားတော်တစ်ပါးပင် ဖြစ်သည်။ ဆေးအရာတွင် သုံးတတ်လျှင် ရောဂါမျိုးစုံ၊ ဘက်စုံ ကုသပေးနိုင်သဖြင့် ဒိုးလေးကို ပြိုင်မည့်သူမပေါ်သေးဟုပင် တင်စားလိုက်ချင်ပါသတည်း။

တောင်တွင်းအောင်သက်ဦး

www.burmeseclassic.com

www.burmeseclassic.com

ဝင်းသောင် (ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com

# အတ္တာနွံ့မှာ နစ်ခဲ့ကြတဲ့ တော်ဝင်မိဖုရားများ

ဝင်းသောင်(ရမည်းသင်း)

လူချင်း တူသော်လည်း ကံချင်း မတူ၊ ကံသမားကို ဉာဏ်သမားမကျော်နိုင်။ ကံတူအကျိုးပေး၊ ကံနိမ့်ရာ လုံစိုက်၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ၊ ကံကံ၏အကျိုး၊ သူ့ထိုက်နဲ့ သူ့ကံ၊ ကံသာအမိ ကံသာအဖ စသဖြင့် ကံအကြောင်းတရားနဲ့ပတ်သက်ပြီး ဆိုရိုးစကား အမြောက်အမြား လူမှုနယ်ပယ်မှာ ရှိခဲ့ပါတယ်။ အဲဒီ ဆိုရိုးစကားတွေနဲ့ ပတ်သက်ပြီးတော့လည်း စပ်ဆိုင်တဲ့ အချက်အလက် အမြောက်အမြား မှန်ကန်ကိုက်ညီတာ တွေ့ရပါတယ်။

ဤလူ့ဘောင်ဘဝကြီးမှာတော့ ကံနဲ့ပတ်သက်လို့ ကံကောင်းတဲ့သူတွေရှိသလို ကံအကြောင်းမလှရှာသူတွေလည်း ဒုနဲ့ဒေးပါပဲ ...။ အဲဒီအကြောင်းတွေတွေးရင်း စကြာဒေဝီမင်းသမီးကယ်လို့ အသက်ဘေးက လွတ်မြောက်ခဲ့ပြီး နောင်တစ်ချိန်မှာ အသက်သခင်ကိုပင် ပခုံးချင်းယှဉ်ခဲ့ဖူးတဲ့ မိဖုရားတစ်ပါးကို သတိရမိတယ်။

သက်ဦးဆံ ပိုင် ဘုရင်ခေတ်က မင်းအာဏာဆိုတာ သိတဲ့အတိုင်း သတ်စေဆို ကိစ္စပြီးရောပဲ။ အဲဒီလောက် ကြောက်စရာကောင်းတဲ့ သက်ဦးဆံပိုင် မင်းမိဖုရားတွေကို ပခုံးချင်းယှဉ်ဝံ့တယ်ဆိုတဲ့ မိဖုရားဟာ ဘယ်သူများ ဖြစ်ပါလိမ့်လို့ သိချင်ကြမယ်ထင်ပါတယ်။ တခြားလူမဟုတ်ပါဘူး။ ကုန်းဘောင်မင်းဆက် စစ်ကိုင်းမင်း (ခေါ်) ဘကြီးတော်နဲ့ နန်းမတော်မယ်နုတို့ရဲ့သမီးဖော် သဲသဲဆိုတဲ့ ရွှေမင်းသမီးလေးပဲ။

တစ်ခါက မယ်တော် နန်းမတော်ကြီး လှူဒါန်းထားတဲ့ အင်းဝရှိ အုတ်ကျောင်းတော်ကြီးဆီ မယ်တော်ကြီးနဲ့ အတူ အထိန်းတော်၊ အချီတော်၊ အချော့တော်များနဲ့တကွ ပျော်ပျော်ပါးပါး သွားကြသတဲ့။ အဲဒီအချိန်က နန်းမတော်ကြီးမယ်နုဆိုတာ ဖမ္ဘူတစ်လူလို့ တင်စားခေါ်လောက်တဲ့ မိဖုရားကြီးတစ်ပါးမို့ ထွက်တော်မူနန်းက ခွာတယ်ဆိုရင်ပဲ အစောင့်အနေများ လုံလောက်စွာနဲ့ သွားမှာဆိုတော့ ဘယ်လောက်များ ခမ်းနားလိုက်မလဲနော်။ ဒါတောင် နန်းမတော်ကြီးဟာ မဟာဆီ မဟာသွေး နန်းထက်မှာမွေးပြီး ရွှေလင်ပန်းနဲ့ အချင်းဆေးခဲ့တဲ့ တော်ဝင်နွယ်ဖွားတစ်ယောက် မဟုတ်ဘဲ သာမန်ထောင်မှူးသာစ်ယောက်ရဲ့ သမီးတစ်ယောက်သာ ဖြစ်ပါတယ်။ လူချင်း တူပေမယ့် ကံချင်းမတူဆိုတဲ့ စကားဟာ ဒါမျိုးကိုပြောတာ ထင်ပါရဲ့နော်။

ဒီလိုနဲ့ အလှူ့ဒါယိကာမကြီး အင်းဝအုတ်ကျောင်းတော်ရောက်တော့ အစောင့်အနေများကလည်း သူ့နေရာနဲ့သူ အသီးသီးအသက ခွဲဝေနေရာချလို့ တိတ်ဆိတ်စွာနေကြသတဲ့။ မယ်တော်ကြီး နန်းမတော်မယ်နုကတော့ ဆရာတော်ကြီးဦးဗုတ်နဲ့ မလှမ်းမကမ်းမှာ ရှိသေကျိုးနွံစွာထိုင်ပြီး ဆရာတော်ကြီးကို ကန်တော့ကာ ဆိတ်ဆိတ်နေသတဲ့။ တစ်ချိန်တည်းမှာပဲ သမီးတော်လေး သဲသဲဟာ ကျောင်းကြီးပေါ်မှာ ဟိုမှသည်မှ ပြေးလွှားဆော့ကစားသတဲ့။ ဆော့မှာပေါ့လေ။ အုတ်တိုင်ကျောင်းကြီးပေါ်မှာ ခင်းထားတဲ့ ကျွန်းလျှာထိုးအခင်းတွေကလည်း အဖုအထစ်မရှိ ချောမွေ့တောက်ပြောင်နေတာကိုး။

အချီတော်၊ အချော့တော်တွေက ဆရာတော်ကြီးဆူလိမ့်မယ်၊ ရိုက်လိမ့်မယ်လို့ ထိပ်ထားလေးကို လက်အုပ်ချီကာ ချော့မော့ပြောသော်လည်း ဘယ်သူမှ ထီမထင်တဲ့ သမီးတော်လေး ရွှေသဲက နားမဝင်ပါ။ အထိန်းတော်များ တစ်လက်ကတစ်လက် ကူးပြောင်းခုန်ပေါက်ကာ ဇာဒိန်းဒိန်း။

www.burmeseclassic.com

တဒိုင်းဒိုင်း ပြေးလွှားဆော့ကစားမြဲ ဆော့ကစားလျက်ရှိသတဲ့။ ကလေးဆိုတော့ ဂါရဝတွေ၊ အဂါရဝတွေ ခွဲခြားမှ မသိဘဲကိုးလေ။

"ဟဲ့ . . . ဟဲ့ . . . ကျောင်းပေါ် တဒိန်းဒိန်း တဒိုင်းဒိုင်း ပြေးနေတာ ဘယ်သူလဲ"

"သမီးတော်လေးပါ ဘုရား"

"သမီးတော်လေးက တယ်ကမြင်းသကိုး"

နန်းမတော်ကြီးက သမီးတော်လေးပါဘုရားလို့ ဆရာတော်ရဲ့အမေးကို ဖြေဆိုလျှောက်ထားလိုက်တယ်ဆိုရင်ပဲ ဆရာတော်က အဲဒီလို ချက်ချင်းမှတ်ချက်ပြုလိုက်တာပါ။ ဆရာတော်ရဲ့ ထိထိမိမိ မှတ်သားစရာကောင်းတဲ့ မှတ်ချက်ပေးခံရတဲ့ ရွှေမင်းသမီးလေးသဲသဲဟာ အထက်မှာ ဖော်ပြခဲ့သလို စကြာဒေဝီမင်းသမီးရဲ့ ကယ်တင်မှုကြောင့် သေဘေးကလွတ်ခဲ့ပြီး နောင်တစ်ချိန်မှာ မင်းတုန်းမင်းရဲ့ အလယ်နန်းမိဖုရား ဖြစ်လာခဲ့တယ်။ စကြာဒေဝီမင်းသမီးကတော့ မင်းတုန်းမင်းတရားရဲ့ မိဖုရားခေါင်ကြီးပေါ့။ အရပ်စကားနဲ့ပြောရရင် စကြာဒေဝီဟာ ကိုယ့်လင်လုမယ့်သူကို ကယ်မိသလို ဖြစ်တော့တာပေါ့တဲ့။ အဲဒီတုန်းက သဲသဲကို မကယ်ဖြစ်ခဲ့ရင် မြန်မာမင်းပါတော်မူမှာမဟုတ်ဘူးလို့ တချို့က ပြောကြတယ်။

စကြာဒေဝီမင်းသမီးဟာ ကုန်းဘောင်မင်းဆက် သာယာဝတီမင်းနဲ့ ကျပင်းမိဖုရားတို့ကဖွားတဲ့ မဟာဆီမဟာသွေးစစ်စစ်။ အမျိုးမြတ်တဲ့ မင်းသမီးတစ်းပါးဖြစ်သလို စိတ်ထားကလည်း အလွန်မြင့်မြတ်ပါတယ်။ မင်းတုန်းမင်းရဲ့မိဖုရားမဖြစ်ခင် ခမည်းတော် သာယာဝတီမင်း ရွှေလက်ထက်တော်ကတည်းက နက္ခတ်ဗေဒင်ပညာကို တတ်မြောက်ပြီး ခမည်းတော်ရဲ့ ရှေ့ရေး သတိပေးတတ်သူဖြစ်တယ်။ သမီးတော်စကြာဒေဝီရဲ့ အကြံဉာဏ်များဟာ ခမည်းတော်သာယာဝတီမင်းအတွက် တန်ဖိုးရှိတဲ့ အကြံဉာဏ်ကောင်းတွေမို့ သမီးတော်စကြာဒေဝီကို အလွန်ပဲ ချစ်ခင်မြတ်နိုးတော်မူတယ်။ ဒါကြောင့် တစ်ပါးသူတွေရနိုင်ခဲတဲ့ အခွင့်အရေးတစ်ခု "သူတစ်ပါး၏အသက်သွေးကို တည်မြဲချမ်းသာခွင့်ရအောင် ကယ်တင်ခွင့်ရသူ"အဖြစ် ခမည်းတော်က အခွင့်အရေး သတ်မှတ်ပေးသနားခံရသူဖြစ်တယ်။ နောင် . . . မင်းတုန်းမင်းတရား၏ နန်းမတော်ကြီးဖြစ်တဲ့အထိလည်း သူ့ကို အလွန်ချစ်မြတ်နိုးတော်မူတဲ့ မင်းတုန်းမင်းတရားကြီးက ဒီအခွင့်ထူးကို ရမြဲရစေခဲ့တယ်။ ဒီအခွင့်အရေးဟာ မင်းပြစ်မင်းဒဏ်သင့်သူကို လွှတ်စေအမိန့်ပေးနိုင်တဲ့ အခွင့်အာဏာမို့ စကြာဒေဝီမင်းသမီးဘဝမှ မိဖုရားခေါင်ကြီးဖြစ်တဲ့အထိ အသက်ကယ်စောင့်ရှောက်ပြီး ပြန်လည်ထူထောင်ပေးခဲ့တဲ့ သူတွေကတော့ အမြောက်အမြားပဲ။ အဲဒီအထဲမှာ အလယ်နန်းမိဖုရား ဆင်ဖြူမရှင်တစ်ဦးလည်း ပါဝင်ပါတယ်။ အသက်ကယ်ပေးတဲ့ကျေးဇူး၊ ကျွေးမွေးပြုစုစောင့်ရှောက်ပေးတဲ့ ကျေးဇူးတောင် မထောက်ထားပဲ သူက နန်းမတော်ကြီး စကြာဒေဝီနေရာကို လုချင်သေးတာ။ မင်းတရားက မိဖုရားတွေ တောထအောင် ပေါများလှသော်လည်း စကြာဒေဝီမှ စကြာဒေဝီ ဖြစ်နေလို့သာပေါ့နော။

မင်းတုန်းမင်းတရားနဲ့ စကြာဒေဝီဟာ မင်းသမီး၊ မင်းသား ဘဝတွေကတည်းက ချစ်ကျွမ်းဝင်နေခဲ့ကြတဲ့သူတွေ။ မင်းတုန်းမင်းတရားက ချစ်လွန်းလို့ စကြာဒေဝီကို အစ်မတော်လို့ ခေါ်တယ်။ ဘုရင်မိဖုရားရယ်လို့ ဖြစ်တဲ့အထိလည်း ငယ်စဉ်ဘဝက ခေါ်သလိုပဲ အစ်မတော်လို့ပဲ ခေါ်တယ်။ စကြာဒေဝီ မိဖုရားခေါင်ကြီး နတ်ရွာစံတော့ မခွဲနိုင်မခွာရက်ဖြစ်လို့ မိဖုရားခေါင်ကြီးရဲ့ နန်းမဆောင်တော်မှာ မိဖုရားကြီးရဲ့ အလောင်းတော်ကို ခန်းနားစွာပြင်ဆင်ပြီး ရာဇအိန္ဒြေပျက်လောက်အောင် ပူဆွေးသောကရောက်ရှာတယ်လို့ သမိုင်းမှာ မှတ်တမ်းတင်ထားပါတယ်။

မင်းတုန်းမင်းသားနဲ့ ကနောင်မင်းတို့ ငယ်စဉ်က ထီးရေးနန်းရေးတွေ အလွန်ရှုပ်ထွေးတဲ့အချိန် ဖြစ်တယ်။ "ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကြယ်"ဆိုသလိုပဲ တော်ဝင်မိသားစုတွေကြားမှာ အာဏာသာ အဓိကထားလာကြတယ်။ သမိုင်းဆို လက်လှမ်းမီသလောက် ပြန်ကြည့်မယ်ဆိုရင် စစ်ကိုင်းမင်း (ခေါ်) ဘကြီးတော် (ခေါ်) ဖန်နန်းရှင်နဲ့ နန်းမတော်ကြီးမယ်နုလက်ထက်မှာ မင်းတရားကြီးက အလွန်စိတ်သဘောကောင်းပါတယ်။ အတ္တမာန်မာနလည်းနည်းတဲ့ မင်းတစ်ပါးပါ။ ဒါပေမယ့် နန်းမတော်ကြီးမယ်နုက အတ္တမာန်မာနကြီးလွန်းတယ်။ ဒီကြား ထဲ နန်းမတော်ကြီးရဲ့ အစ်ကိုတော် စလင်းစားမင်းသားကြီး မောင်အိုက

www.burmeseclassic.com

ရွှေနန်းရှင်ရဲ့ယောက်ဖတော်၊ နန်းမတော်ကြီးရဲ့ အစ်ကိုတော် မင်းသားကြီးဆိုပြီး တက်လိုက်တဲ့ မာန်ကအတိုင်းထက်အလွန်ပါပဲ။ တကယ်တော့ သူဟာလည်း သူ့ညီမ နန်းမတော်ကြီးလိုပဲ တော်ဝင်တဲ့သူမဟုတ်ဘဲ ထောင်မှူးသားတစ်ယောက်သာဖြစ်ပါတယ်။ စစ်ကိုင်းမင်း (ခါ) ဘကြီးတော် (ခေါ်) ဖန်နန်းရှင်မင်း လက်ထက်မှာ နန်းမတော်ကြီး မယ်နု စားထက်တဲ့ကာလမို့ သူကလည်း နန်းရဲ့တစ်ယောက်ဖြစ်လိမ့်နိုးနဲ့ ဒ၊ကွက်ချစောင့်နေချိန်ပေါ့။ စလင်းစား ဘယ်လောက်များ မာန်တက်သလဲဆို ထိုစဉ်က သာယာဝတီမင်းက သူ့သားတော်နဲ့ စလင်းစားမောင်အိုရဲ့သမီးလက်ထပ်ထိမ်းမြားခွင့်ပြုဖို့ ကမ်းလှမ်းပါတယ်။ တကယ်တော့ စစ်ကိုင်းမင်းနဲ့ သာယာဝတီမင်းတို့က ညီရင်းအစ်ကို့ခတွဖြစ်ပြီး တော်တော်ချစ်ခင်ကြပါတယ်။ ဒါကိုသိတဲ့ နန်းမတော်ကြီးမယ်နုနဲ့ အစ်ကိုတော်စလင်းစားတို့က ညီအစ်ကိုချင်း ကင်းကွာစေလိုတာကြောင့် သာယာဝတီမင်းကို နောင်တော်စစ်ကိုင်းမင်းထံ ခစားဝင်ခွင့်မရအောင် စည်းခြားထားတယ်။ ဒါကြောင့် အကြိတ်အခဲရှင်းရန် ကျေပါစေတော့ဆိုတဲ့သဘောနဲ့ သာယာဝတီမင်းက ရွှေလမ်းငွေလမ်းခင်းတဲ့ သဘောပါ။ ဒါကို စလင်းစားမောင်အိုက အိုးစည်ပုံမောင်းနဲ့ ကြိုသင့်တယ်။ ဒါပေမယ့် မကြိုတဲ့အပြင် စလင်းစားမောင်အိုက ယောက်ဖတော် ရွှေနန်းရှင်မျက်နှာကိုမှမထောက်ဘဲ ခါးခါးသီးသီးငြင်းသတဲ့။ မမျှော်လင့်ဘဲ အငြင်းခံလိုက်ရတဲ့ သာယာဝတီမင်း မဟာ

အရှက်တော်ရခဲ့တယ်။ ပျံလေတဲ့ငှက်ခါး နားခါမှသိမယ်ရယ်လို့ တေးထားလိုက်တယ်။

နောက် သိပ်မကြာလိုက်ဘူး။ သာယာဝတီမင်း စောင့်စားနေတဲ့အချိန် ရောက်လာတယ်။ နန်းမတော်မယ်နုနဲ့ စလင်းစားမောင်အိုဟာ သူတို့ကို ယုဉ်လာသူမှန်သမျှ အထူးသဖြင့် တော်ဝင်မျိုးနွယ်တွေကို အကွက်ချသုတ်သင်ခဲ့ကြတယ်။ အဲသလိုနဲ့ နောင်တော်စစ်ကိုင်းမင်း(ခေါ်)ဘကြီးတော် စိတ်လက်မကြည်လင်ဖြစ်နေခိုက် အကွက်ဆင် အပြစ်ရှာပြီးတော့ ဘုရင့်အမိန့်လို့ အမည်တပ်ပြီး ပြည်မင်းနဲ့ သားတော်တွေ၊ အနောက်မိဖုရားမမြလေးနဲ့ မယ်တော်မယ်အိတို့ကို ဘုရင့်အမိန့်နဲ့ ဖျောက်ဖျက်လိုက်တာကို သာယာဝတီမင်းကသိတယ်။ မကြာခင် သူ့အလှည့်ရောက်တော့မယ်ဆိုတာလည်း တွက်မိတယ်။ ဒါကြောင့် နောင်တော်ရွှေနန်းရှင် စစ်ကိုင်းမင်းကို ထောင်ထားခြားနားမှု မပြုလိုသော်လည်း ခြားနားမှုပြုကာ နန်းချလိုက်ရတယ်။ သည်းခံခဲ့တာ ၁၇ နှစ် ကြာခဲ့ပြီကိုး။

နောင်တော်ကို သတ်လိုက သတ်ပါညီတော်။ တစ်ယောက်တည်းတော့ မထားပါနဲ့။ နောင်တော်က နန်းမတော်ကြီးကို မမြင်ရမနေနိုင်ဘူးလို့ စစ်ကိုင်းမင်း(ခေါ်)ဖန်နန်းရှင်က သနားစဖွယ်တောင်းပန်တော့ သာယာဝတီမင်းဟာ နောင်တော်ကို ယခင်ကပင် ချစ်ခင်ရင်းစွဲရှိတယ်လေ။ အလွန်ပဲ စိတ်မကောင်းဖြစ်မိတယ်။ ဒါကြောင့် မရီးတော် နန်းမတော်ကြီးမယ်နုကို ရှေးကအပြစ်တွေ မကြည့်တော့ဘဲ

နောင်တော်စစ်ကိုင်းမင်းနဲ့အတူ သီးသန့်အိမ်တော်တွင် အတူစံနေခွင့် ပြုလိုက်တယ်။ စလင်းစားမင်းသားကြီးဆိုတဲ့ မောင်အိုနဲ့ သူ့မယားရယ်၊ သမီးနှစ်ယောက်နဲ့ အပေါင်းပါတွေကိုတော့ နောင်အခါ မရှုပ်ထွေးရအောင် ချက်ချင်းပဲ အပြတ်ရှင်းလိုက်သတဲ့။

ခြံခုန်ဖူးတဲ့သူဟာ ခြံခုန်တတ်တယ်ဆိုတဲ့စကား သိပ်မှန်သလို အတ္တမာနကြီးသူဟာလည်း ဘယ်ဘဝရောက်ရောက် အတ္တမာနကြီးစမြဲပဲတဲ့။ အခုလည်း ကြည့်ပါဦး။ နန်းမတော်ကြီးမယ်နုဟာ နောင်တော်မျက်နှာကြောင့် သာယာဝတီမင်းက ခွင့်သနားတာကို မထောက်ထားဘဲ အင်္ဂလိပ်သံနဲ့ လျှို့ဝှက်ဆက်သွယ်သတဲ့။ ဆက်သွယ်တဲ့အကြောင်းကလည်း သာယာဝတီမင်း သိမ်းယူထားတဲ့ မင်းအာဏာကို အင်္ဂလိပ်မင်းအနေနဲ့ ပြန်လည်သိမ်းယူပြီး စစ်ကိုင်းမင်းထံ ပြန်လည်လွှဲအပ်ပေးပါကဲ့။ အဲဒီလိုဆောင်ရွက်ပေးမယ်ဆိုရင် အင်္ဂလိပ်မင်းများ တောင်းဆိုသမျှ မည်သည့်ကိစ္စမဆို လိုက်လျောပါ့မယ်တဲ့လေ။ ထို့ ... ရှုံ့စရာကောင်းလိုက်တာ။

ရာဇဝင်ရိုင်းလှတဲ့ ကမ်းလှမ်းမှုအတွက် သာယာဝတီမင်း ခွင့်မလွှတ်နိုင်အောင် အမျက်ကြီးစွာ ရှတော်မူတယ်။ နောင်တော်စစ်ကိုင်းမင်းမျက်နှာလည်းမထောက်သလို ဘာမျက်နှာမှလည်း မထောက်ထားတော့ဘဲ အတ္တမာန လောဘကြီးမားလှတဲ့ နန်းမတော်ကြီးမယ်နုနဲ့ အဖွဲ့ဝင်အပေါင်းသားအားလုံးကို ရေချကွပ်မျက်တော်မူလိုက်တယ်။ သာယာဝတီမင်းက



www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်းမင်းကို ဘယ်လောက်တောင် စာနာထောက်ထားသလဲဆိုရင် နန်းမတော်ကြီးမယ်နုကို တောင်သမန်အင်းမှာ ရေချကွပ်မျက်သတဲ့။ ရေချကွပ်မျက်တဲ့နေရာကို စစ်ကိုင်းမင်းရဲ့အိမ်တော်ရှိ မှန်ရွှေကူပြတင်းကိုဖွင့်ပြီး ကြည့်လိုက်ရင် အတိုင်းသားမြင်နေရတယ်တဲ့။ အကယ်၍များ နန်းမတော်ကြီးမယ်နု မကျွတ်လွတ်လို့ ဝိညာဉ်ဘဝနဲ့ တစ္ဆေသရဲဖြစ်နေရင်လည်း လင်တော်မောင် စစ်ကိုင်းမင်းနဲ့တွေ့ပြီး အရိပ်အယောင်ပြချင် ပြပါစေဆိုတဲ့ သဘောများလားပဲ။

သဲသဲ(ခေါ်) အလယ်နန်းမိဖုရား ဆင်ဖြူမရှင်ဆိုတာ တခြားဟုတ်ရိုးလား။ နန်းမတော်ကြီးမယ်နုရဲ့သမီးတော်ပါ။ မယ်တော်ကြီး အတ္တမာနကြီးသလို သူလည်း မယ်တော်ကြီး နန်းမတော်မယ်နုလို အလွန်အတ္တမာနကြီးသူတစ်ယောက်ပါဘဲ။

အတ္တအလွန်ကြီးတဲ့ သဲသဲ(ခေါ်) အလယ်နန်းမိဖုရားကို မင်းတုန်းမင်းတရားကြီးက စကြာဒေဝီအစ်မတော်ပြီးရင် အချစ်ဆုံးလို့ ထင်ပါတယ်။ တကယ်တော့ မင်းတုန်းမင်းတရားကြီးမှာ နန်းရမိဖုရားကြီး လေးပါး၊ အဆောင်ရမိဖုရား လေးပါး၊ မြို့စားရွာစား မိဖုရား ၄၅ ပါး၊ ကိုယ်လုပ်တော်မိဖုရားငယ် ၅၉ ပါး စုစုပေါင်းဆို မိဖုရားပေါင်း ၁၀၄ ပါးတောင် ရှိပါတယ်။ ဒီလောက်တောင်များတဲ့ မိဖုရားတွေထဲမှာ အလယ်နန်းမိဖုရားဟာ အတွင်ကျယ်ဆုံး၊ အခွင့်အရေးအရဆုံးဆိုတာ သမိုင်းအထောက်များအရ သိနိုင်ပါတယ်။

အတ္တအလွန်ကြီးတဲ့ သဲသဲ(ခေါ်) အလယ်နန်းမိဖုရားရဲ့ဝမ်းထဲ ဘယ်လိုစိတ်ကူးတွေများ ရှိနေမလဲဆိုတာ တွေးကြည့်မယ်ဆိုရင် မြင်သာ ထင်သာတာကတော့ သဲသဲ(ခေါ်)အလယ်နန်းမိဖုရားဟာ မိဖုရားခေါင်ကြီး ဖြစ်ချင်တာ သေချာပါတယ်။ ဘာကြောင့်လဲဆို အလယ်နန်းမိဖုရားက အတ္တမာန လောဘကြီးတယ်လေ။ မိဖုရားခေါင်ကြီး နန်းမတော်ကြီးဆိုတာက ဘုရင့်အာဏာတစ်ဝက်မက ရတယ်မဟုတ်လား။ ခက်နေတာက အဲဒီနေရာမှာ စကြာဒေဝီဆိုတဲ့ ကရုဏာရှင်မိဖုရားကြီး အသက်ထင်ရှားရှိနေတယ်။ ပြီးတော့ မောင်တော်ရွှေနန်းရှင်ကလည်း စကြာဒေဝီမှ စကြာဒေဝီဆိုတာ သူသိတယ်။ ဒီတောင်ကိုကျော်ဖြတ်ဖို့မလွယ်ဘူးဆိုတာ အလွန်ပါးနပ်တဲ့ အလယ်နန်းမိဖုရားသိတော်မူတယ်။

ကိစ္စမရှိဘူး။ မိဖုရားခေါင်ကြီး နန်းမတော်ကြီးမဖြစ်လည်း သားတော်မွေးဖွားလာခဲ့ရင် နန်းရဲ့ဖြစ်မယ်။ တဖြည်းဖြည်းနဲ့ကြံရင် သားတော်က ဘုရင်၊ ငါက ဘုရင့်မယ်တော်ကပဲ ဒီအာဏာလောက်တော့ ရစေရမယ်ဆိုတဲ့ စိတ်ကူးအတွေး ရှိကောင်းစရာအကြောင်းရှိမယ် ထင်ပါတယ်။ ဒါပေမယ့် ခက်တာက ရင်သွေးတော်တွေ မွေးပါရဲ့။ စုဖုရားကြီး၊ စုဖုရားလတ်၊ စုဖုရားလေးဆိုပြီး သမီးတော်များချည်း မွေးဖွားခဲ့တာကြောင့် အလိုတော် မပြည့်ဘဲ စိတ်ထဲ ကြိတ်မနိုင်ခဲမရ ဖြစ်ခဲ့ရတယ်။ အလယ်နန်းမိဖုရား ကံမကောင်းဘူးလို့ ပြောရမှာပဲ။ ကံဇာတ်ဆရာက သူ့ဘက်မှာမရှိတာ သေချာပါတယ်။

အလယ်နန်းမိဖုရား စိတ်ဓာတ်က တော်ရုံစိတ်ဓာတ်မျိုးမဟုတ်ဘူး။ လက်လျှော့ပြီး နောက်ဆုတ်မယ့် စိတ်ဓာတ်မျိုးမဟုတ်ဘူး။ ဓာမဏီငှက်လိုပဲ ပျံရင်းအသေခံမယ့် မယ်တော်ကြီး နန်းမတော်မယ်နုလိုပဲ ကြံရင်း အသေခံမယ်ဆိုတဲ့ စိတ်ဓာတ်မျိုး။ သူလည်း နန်းမတော်မယ်နုရဲ့သမီးတော်ပဲမဟုတ်လား။ အသက်နဲ့ အိုးစားမကွဲသေးသရွေ့တော့ ကြံစည်နေဦးမှာပဲလေ။

ကြည့်စမ်း . . ကြည့်စမ်း အကြံကောင်းရပြီ။ သားတော်မဖွားမြင်လို့ ဘုရင့်မယ်တော်မဖြစ်နိုင်ပေမယ့် သမီးတော်မွေးထားတာပဲ။ သမီးရှိ သမက်ရမယ်။ တကယ်တော့ သမက်ဆိုတာ သား။ နန်းရံမင်းသားတစ်ပါးကို နန်းတင်၊ သမီးတော်နဲ့ လက်ဆက်ပေးနိုင်ရင် ဘုရင့်ယောက္ခမတော် မိဖုရားရဲ့ မယ်တော်။ အို . . . ဒီလောက်ဆိုလည်း နည်းတဲ့အဆင့်အတန်း အာဏာအခွင့်အရေးမှ မဟုတ်တာဘဲလို့ အလယ်နန်းမိဖုရားစိတ်ဝယ် တွေးမိမယ်ထင်ပါတယ်။

တစ်နေ့ ရွှေနန်းတော်ကြီးမှာ အလယ်နန်းမိဖုရားသဲသဲရဲ့ သမီးတော်များကို နားသမက်လာပွဲ ဆင်ယင်ကျင်းပတော်မူပါတယ်။ ထုံးစံအတိုင်း မင်းတုန်းမင်းတရားနဲ့ အလယ်နန်းမိဖုရားရဲ့ သမီးတော်တို့ရဲ့ နားသမက်လာပွဲမို့ အလွန်စည်ကားပါတယ်။ မင်းတုန်းမင်းတရားကြီးနဲ့ နန်းမတော်ကြီး စကြာဒေဝီမိဖုရားကြီးတို့လည်း ချီးမြှင့်ဂုဏ်ပြုတော်မူတဲ့အနေနဲ့ ရွှေပလ္လင်တော်ထက်က နှစ်ပါးစုံညီထိုင်တော်မူကာ ကြည့်ရှုဂုဏ်ပြုကြပါတယ်။ အဲဒီလို မင်းပရိသတ်စုံညီတဲ့ပွဲမှာ

www.burmeseclassic.com

သဲသဲ (ခေါ်) အလယ်နန်းမိဖုရားဟာ ကောက်ကာငင်ကာ ရွှေပလ္လင်တော်ထက်တက်လာပြီး မင်းတုန်းမင်းတရားရဲ့ဘေးမှာ ဝင်ထိုင်လိုက်တယ်။ မင်းဝရိသတ်က အိုခနဲ၊ ဟင်ခနဲ ဖြစ်ကုန်တယ်။ နန်းမတော်ကြီး စကြာဒေဝီလည်း ဒီကိစ္စအတွက်တော့ သဘောထားမကြီးနိုင်ဘူး။ မျက်ထားတော်ညို အလိုတော်မကျလို့ ပလ္လင်တော်ဘွေထက်က ဦးစွာဆင်းကာ သူ့ရဲ့ နန်းဆောင်ကို ပြန်ကြွသွားတယ်။ မင်းတရားလည်း ရာဇက္ကုန္ဒြေပျက်ပြီး စကြာဒေဝီနောက် လိုက်ချော့မော့တောင်းပန်ရတာပေါ့။ ကုန်ကုန်ပြောစို့ဆို မင်းမှူးမတ် အားလုံးကလည်း အလယ်နန်းမိဖုရားရဲ့ အပြုအမူကို နှစ်မြို့ကြဘူး။ အကင်းပါးတဲ့ အလယ်နန်းမိဖုရားက ဒါကိုသိတယ်၊ ရိပ်မိတယ်။

အလယ်နန်းမိဖုရားက ဘာပြောလဲဆိုတော့ မင်းတရားနဲ့ငါတို့မွေးထားတဲ့ သမီးတော်တွေ မင်္ဂလာနားသတဲ့ပွဲ၊ တို့လည်း မင်းတရားနဲ့အတူ ရွှေပလ္လင်တော်ထက်က ဂုဏ်ပြုချီးမြှောက်ခွင့်ရှိသတဲ့။ ကဲ . . . ကြည့်ဦး။ ဒေတာ စကြာဒေဝီမင်းသမီးက သူ့ကို အသက်ကယ်ခဲ့တဲ့ကျေးဇူး၊ ကျွေးမွေးစောင့်ရှောက်ခဲ့ဖူးတဲ့ ကျေးဇူးတွေ အချိန်တိုအတွင်းမှာ မေ့ကုန်ပြီတဲ့ တော့ ကျေးဇူးကန်းလှချည့်လား မိဖုရားရယ်။ ကျေးဇူးရှင်ကို ကျေးစွပ်ရင် ဒုက္ခကြီးစွာ တွေ့တတ်တယ်နော်။

ကရုဏာရှင် စကြာဒေဝီမိဖုရားခေါင်ကြီးဟာ အလွန်စိတ်ရင်းစေတနာ ကောင်းသူဖြစ်တယ်။ ဘယ်သူ့အပေါ်ဖြစ်စေ သနားကြင်နာ ငဲ့ညှာတတ်သူဖြစ်တယ်။ သေဘေးနဲ့ ပြေးလာသူမှန်သမျှ သူ့လုပ်ပိုင်ခွင့်အာဏာနဲ့ ရာဇဝတ်ဝတ် ပါးကွက်သားလက်တွင်းက လွတ်စေအမိန့်ပေးပြီး ကယ်တဲ့သူဖြစ်တယ်။ သူကယ်ခဲ့တဲ့ တော်ဝင်မျိုးဆက်တွေ မင်းမှူးမတ်တွေ အမြောက်အမြားထဲက သိသာထင်ရှားသူတွေ အများကြီးပဲ။ လှိုင်ထိပ်ခေါင်တင်မင်းသမီး (နောင် ကနောင်မင်းရဲ့ အိမ်ရှေ့စံမိဖုရား ဖြစ်လာတဲ့သူ)၊ အနောက်နန်းမတော် မမြကလေး ရာဇဒဏ်သင့်တော့ ထုံးတမ်းစဉ်လာအတိုင်းဆို ဘွားတော်ဒေါ်အိ၊ မယ်တော် အနောက်နန်းမတော် မမြကလေးတို့နဲ့အတူ လှိုင်ထိပ်ခေါင်တင်မင်းသမီးလည်း ရေချကွပ်မျက်ခံရမှာ။ ဒါပေမယ့် စကြာဒေဝီမင်းသမီးက “သူတစ်ပါးအသက်သွေးကို တည်မြဲချမ်းသာပိုင်ခွင့်အာဏာ ခမည်းတော်သာယာဝတီမင်းက ပေးထားတော့ သူကယ်သင့်တယ်ထင်ရင် ကယ်တဲ့သဘောနဲ့ လွတ်စေအမိန့်ပေးပြီး ကယ်တာပါ။

နောက် သိသာထင်ရှားတဲ့ သူကတော့ ပြည်မင်းသားရဲ့မိဖုရား ပြည်ထိပ်ခေါင်တင်သမီးတော် ပြည်ထိပ်ထားနဲ့ ထိပ်တင်တုတ်မင်းသား (နောင်တွင် မြင်းမှူးမင်းသားဖြစ်လာသူ)နဲ့ သဲသဲ (ခေါ်) ဆင်ဖြူမရှင်(နောင် အလယ် နန်းမိဖုရား ဖြစ်လာမယ့်သူ)၊ ထင်ရှားတဲ့ မှူးကြီးမတ်ကြီးတွေထဲက ဆို မြဝတီမင်းကြီးဦးစ၊ ယောမင်းကြီး ဦးဘိုးလှိုင်တို့ ပါဝင်ပါတယ်။ နန်းမတော်မယ်နု မင်းပြစ်မင်းဒဏ်သင့်တဲ့ အချိန်က အစဉ်အလာအတိုင်းဆို မိဖုရားမဖြစ်သေးတဲ့ သဲသဲဟာ သာမန်မင်းသမီးတစ်ပါးပဲ။ သူလည်း မယ်တော် နန်းမတော်မယ်နုနဲ့အတူ သေဒဏ်သင့်နိုင်တာပဲ။ ကျူပင်ခုတ်၊ ကျူငုတ်မကျန်စေရဆိုတဲ့ စကားရှိတယ်လေ။ အဲဒီအခြေအနေမျိုးရှိတဲ့သူကို ထိုစဉ်က စကြာဒေဝီ နန်းမတော်ကြီးမဖြစ်သေးတဲ့ စကြာဒေဝီမင်းသမီးက အသက်ကယ်ခဲ့တယ်။ ကယ်နိုင်တာပေါ့။ စကြာဒေဝီက ခမည်းတော်သာယာဝတီမင်းကပေးထားတဲ့ “စေ” တစ်လုံးပိုင်တာကိုး။

ခမည်းတော် သာယာဝတီမင်း မရှိတော့တဲ့နောက်ပိုင်း အစ်ကိုတော် ပုဂံမင်းနဲ့ မယ်တော် နန်းမတော်ကြီးကျပင်းမိဖုရားတို့ရဲ့ လုပ်ရပ်တွေကို ကရုဏာရှင်ဖြစ်တဲ့ စကြာဒေဝီမင်းသမီးက မကြိုက်မနှစ်သက်ဘူး။ မယ်တော်နဲ့ အစ်ကိုတော် ဖြစ်နေတော့ မလှန်သာသလို ဖြစ်နေတယ်။ မယ်တော်နဲ့အစ်ကိုတော် လုပ်ရပ်တွေကလည်း ကလဲ့စားချေတဲ့ လုပ်ရပ်တွေ။ သူတို့နဲ့ သဘောမတူညီသူတွေကို ကျူပင်ခုတ် ကျူငုတ်မကျန် သတ်စေဆိုတာမျိုးတွေမို့လား။ မယ်တော် ကျပင်းနန်းမတော်ကြီးနဲ့ အစ်ကိုတော်ပုဂံမင်းတို့ အဲဒီအချိန်က တော်ဝင်မိသားစု ဆွေတော်မျိုးတော်တွေနဲ့ ပြည်သူတွေက ဘယ်လောက်ကြောက်ရွံ့ ရွံရှာကြသလဲဆို “ပုဂံမင်းနဲ့ မယ်တော်မိဖုရားကြီးတို့ဟာ ဂိဇ္ဈကုဋ်တောင်ထိပ်မှ လင်းတသားအမိကဲ့သို့ မြန်မာ့သမိုင်းတည်းဟူသော သချိုင်းမြေတွင် သူတို့၏ စားပေါက်ကိုသာ ချောင်းလျက်ရှိချေပြီ” ဟု တိုးတိုးတိတ်တိတ် ရှုံ့ချဝေဖန်ပြောဆိုမှု ပြုကြသတဲ့။ အဲဒီ မနှစ်မြို့ဖွယ်လုပ်ရပ်တွေလုပ်ရင်း နန်း



www.burmeseclassic.com

www.burmeseclassic.com

ရဲဖြစ်လာမယ့် မင်းသားတွေကို အပြစ်ရှာသုတ်သင်ရင်း တဖြည်းဖြည်းနဲ့ မင်းတုန်းမင်းသားနဲ့ ကနောင်မင်းသားညီအစ်ကိုများကိုရှင်းဖို့ အလှည့်ရောက်လာတယ်။

မင်းတုန်းမင်းသားနဲ့ စကြာဒေဝီတို့က ချစ်သူတွေ။ ဒါကြောင့် အလွန်အချစ်ကြီးတဲ့ မင်းသမီးစကြာဒေဝီက ဘေးကင်းရာ ရွှေဘိုကို ရှောင်တိမ်းဖို့ ပြောပြီး သူတတ်ကျွမ်းတဲ့ နက္ခတ်ဗေဒင်ပညာနဲ့ ဇာတာတော်များ စစ်ကြည့်လိုက်တော့ ဘယ်နေ့ဘယ်ရက်၊ ဘယ်လတွေဟာ အချိန်ကောင်းတွေဖြစ်တယ်ဆိုပြီး အခါပေးလိုက်တယ်။ မင်းတုန်းမင်းသားကလည်း ချစ်သူစကြာဒေဝီကို ယုံကြည်တော်မူတယ်။ ဒီလမ်းက မလွဲမရှောင်သာ လျှောက်ရမယ့်လမ်းမို့ ညီတော် ကနောင်မင်းသားနဲ့အတူ ရွှေဘိုမှာ အခြေပြုအောင်မြေနင်းပြီး ပုဂံမင်းကို နန်းချနိုင်ခဲ့တယ်။ တစ်ချိန်တည်းပဲ မင်းတုန်းမင်းတရား စကြာဒေဝီမင်းသမီးကို သိမ်းပိုက်ကာ နန်းမတော်ကြီး အရာမှာ ထားပြီး အိမ်ရှေ့မင်းသမီးအဖြစ် မြှောက်စားခဲ့ပါတယ်။ အင်း . . . ကံတရားရဲ့အလိုရ ဖြစ်ကြရတာပဲ။ သစ်ငုတ်မြင့်တုံ မျက်မြင့်တုံလို့ပဲ ပြောပြော၊ ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်လို့ပဲ ဆိုဆိုပြောနိုင်ဆိုနိုင်ပါတယ်။ စကြာဒေဝီရဲ့နက္ခတ်ဗေဒင်ပညာကိုလည်း အထင်သေးလို့မရဘူး။ နိုင်ငံခြားသံကတောင်ကောင်းကင် ဂြိုဟ်သွားဂြိုဟ်လာနဲ့ နက္ခတ်များတည်နေပုံပြတဲ့ ကောင်းကင်မြေပုံနဲ့ နက္ခတ်တာရာကြည့်မှန်ပြောင်းကို လက်ဆောင်ပမာ ဆက်သတယ်လို့ သမိုင်းမှတ်တမ်းတွေမှာ ဖော်ပြထားတာရှိပါတယ်။

မင်းတုန်းမင်း နန်းတက်တော့ တစ်စနဲ့တစ်စ တိုင်းရေးပြည်ရေး စည်ပင်ဝပြောလာတယ်။ ညီတော် ကနောင်မင်းသားကလည်း အာဏာမမက် နိုင်ငံတော်တိုးတက်ဖို့ အရေးသာ သူ့လူတွေနဲ့ တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်သလို မင်းတုန်းမင်းတရားဘက်ကလည်း သာသနာတော်နဲ့ပတ်သက်ပြီး ပဥ္စမအကြိမ် သင်္ဂါယနာတင်နိုင်တဲ့ မင်းတစ်ပါးအဖြစ်ပင် ခံယူနိုင်တဲ့အထိ နန်းမတော်ကြီး စကြာဒေဝီနဲ့ ရွှေလက်ခိုင်ခိုင်တွဲကာ ဆောင်ရွက်နိုင်ခဲ့တယ်။

အဲဒီလိုနဲ့ ဆောင်ရွက်နေဆဲ မြင်ကွန်း မြင်းခုန်တိုင် မင်းသားတွေရဲ့ လုပ်ကြံခြားနားမှုကြောင့် အိမ်ရှေ့မင်းသား ကျဆုံးခဲ့တယ်။ အဲဒီအခါကများဆို ပြည်သူတွေအားလုံးက ရိုင်းလိုက်တာ၊ လူကို ခွေးသတ်တာခံရတယ်လို့ ဆိုပြီး မြင်ကွန်း မြင်းခုန်တိုင်တို့ကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်းနဲ့လို့ ကြွေးကြော်ကာ လိုက်လံတိုက်ခိုက်ကြသတဲ့။

လူတွေဟာ အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာပွေ့ရ ဆိုတဲ့ စကားလိုပဲ စိတ်ထားမွန်မြတ်တဲ့ သာသနာ့ဒါယကာ မင်းတရားကြီးရရှာတယ်။ ကြုံရတဲ့အမှုကလည်း သူ့ရင်ကို မီးနဲ့မြိုက်သလို အလွန်ကြီးမားတဲ့ အပူမီးစွဲလောင်ခံရတဲ့ အမှုပါပဲ။ အဲဒါကတော့ မင်းတရား အလွန်မြတ်နိုး ချစ်ခင်တော်မူတဲ့ စကြာဒေဝီ မိဖုရားကြီး နတ်ရွာစံကံတော်ကုန်တာပါပဲ။ မင်းတရား ရာဇပလ္လင်တော် မထိန်းနိုင်လောက်အောင် ခံစားရပြီး စကြာဒေဝီနန်းမတော်ကြီးရဲ့ အလောင်းဘေးကကို မခွာနိုင်အောင် ပူဆွေး
သောကရောက်ရှာတော့တာပဲ။ ဘယ်
သားတော်၊ သမီးတော်၊ ဘယ်မိဖုရား
မှ မင်းတရားရဲ့အပူမီးငြိမ်းအေးအောင်
မကုစားနိုင်ကြဘူးလေ။

ဒါပေမယ့် သေချင်းတရားဆို
တာ ဘယ်သူမှ မလွန်ဆန်နိုင်တဲ့
တရားမို့ တဖြည်းဖြည်းတော့ မင်း
တရားလည်း ရာဇပလ္လင်တော် ထိန်း
ရတော့တာပဲ။ ဒါပေမယ့် မင်းတရား
ကြီးဟာ စကြာဒေဝီ နန်းမတော်ကြီး
မကျန်းမာစဉ်မှသည် နတ်ရွာစံပြီး
နောက် ယနေ့တိုင်အောင် အမွှေး
သာ တရော်ကင် ပွန်းနဲ့ ခေါင်းလျှော်
ခြင်း၊ နံ့သာဆီလိမ်းခြင်းများ မရှိ
အတွက် ဦးခေါင်းတော် ယားယံတော်
မူတယ်။ အရင်ကတော့ စကြာဒေ
နန်းမတော်ကြီးကိုယ်တိုင် ဆောင်ရွ
ပေးတော်မူတာလေ။ မင်းတရား
သူ့ရဲ့ဦးခေါင်းတော် ဆံတော်တွေ
အစ်မတော်စကြာဒေဝီကလွဲပြီး ဘ
သူမှ ထိကိုင်ခွင့်မပြုဘူး။ အလယ်န
မိဖုရားက သူတာဝန်ယူ ဆောင်ရွ
ပေးပါ့မယ်လို့ တောင်းဆိုပေမယ့်
ပြုတော်မမူဘူး။ ဘာကြောင့်လဲ
ဘယ်သူမှမသိဘူး။ စိတ်အထင်
ကြည့်ရင် မယုံလို့ဖြစ်မှာပေါ့နော
နောက်ပိုင်းတော့ မင်းတရား ချစ်
နိုးတော်မူတဲ့ စလင်းစားသမီးတော
ရမည်းသင်းမြို့စား သမီးတော် စု
တို့က အလှည့်ကျ အမွှေးနံ့သာ
ခေါင်းလျှော်ပေးတော်မူခြင်း၊ ဆံ
ရှင်းပေးတော်မူခြင်းကိစ္စများ ဆော
ရွက်ပေးကြသတဲ့။

အလယ်နန်းမိဖုရား သဲ
မယ်တော် နန်းမတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ကြီးရင်းအသေခံမယ့် အာဂစိတ်ဓာတ်
ချီးဆိုတော့ အလျှော့မပေးဘဲ နန်း
တော်ကြီး စကြာဒေဝီရဲ့ အဆောင်
တော်ကို ပြောင်းရွှေ့စံတော်မူပြီး နန်း
တော်ကြီးအဖြစ် ခံယူတော်မူဖို့ ကြံ
တော်မူပြန်တယ်။ ဒါလည်း မင်း
တရားက လက်မခံပြန်တော့ လင်နဲ့
မယားမဟုတ်လား။ စိတ်ကောက်
တော်မူတာပေါ့။ အဲဒီတော့ မင်းတရား
ကလည်း ကျေနပ်အောင်၊ နားအေး
အောင်ဆိုတဲ့သဘောနဲ့ နမတော် ရွှေ
သဲရေ နန်းမတော်ကြီးအရာတော့ ငါ
ဘယ်သူ့ကိုမှ ခွင့်မပြုဘူး။ အဲဒီတော့
မင်းကို ဆင်ဖြူတော်တစ်စီး ဆုလာဘ်
တော်အဖြစ် ပေးသနားတော်မူလိုက်
မယ်။ ကျေနပ်တော့ဆိုပြီး ဆင်ဖြူ
တော်တစ်စီးပေး နှစ်သိမ့်လိုက်တယ်။
အဲဒီကတည်းက အလယ်နန်းမိဖုရား
ရဲ့ နာမတော်ရှေ့မှာ ဆင်ဖြူမရှင်လို့
အမည်တိုးလာပြီး ဩဇာအာဏာ
တည်းရှိသည်ထက်ရှိ၊ ဓားလည်းထက်
သည်ထက် ထက်လာတော့တာပဲ။

အဲသည်လိုနဲ့ နေ့လရက်တွေ
ပြောင်းလာတော့ မင်းတုန်းမင်း
တရား နာမကျန်းဖြစ်တော်မူလာ
တယ်။ အတ္တမာနလောဘကြီးတဲ့ ဆင်
ဖြူမရှင်မိဖုရား စောင့်နေတဲ့အချိန်
ရောက်လာတာပေါ့။ သမီးရှိသမက်ရ
မယ်။ သမက်ဟာသားပဲဆိုတဲ့ စိမ်
ကိန်းနဲ့ နန်းရံမင်းညီမင်းသားတွေကြား
က သူဩဇာခံမယ့် သားတော်တစ်ပါး
ကို သူ့လက်ရုံးမှူးမတ်တွေနဲ့ လက်
ဆက်တိုင်ပင်ပြီး စတင်လှုပ်ရှားတော့
တာပဲ။ ပထမ ခမည်းတော်မင်းတရား
ကြီး နာမကျန်းဖြစ်တော်မူသဖြင့် နန်း
ကျိုးသမားတော်နှင့် ဆေးကုသမှု ခံ
ယူတော်မူနေသည်၊ မည်သည့်မိဖုရား၊
သားတော်၊ သမီးတော်များမှ အတွင်း
တော်မဝင်ရဟု အမိန့်တော်ထုတ်ပြန်ခဲ့
တယ်။ အတွင်းတော်တွင် အလယ်
နန်းမိဖုရား ဆင်ဖြူမရှင်နဲ့ ဘက်တော်
သား သူ့လူတွေသာ ဝင်ထွက်ခွင့်ရ
အောင် ဖန်တီးလိုက်တယ်။ ပြီးတော့
သားတော်များအားလုံး ခမည်းတော်
အား လာရောက်တွေ့ဆုံ၍ ဖခမည်း
တော်ရဲ့ ဩဝါဒကို ခံယူကြကုန်လို့
အကြောင်းပြပြီး ဆင့်ခေါ်လိုက်တယ်။
အဲဒီဆင့်ဆိုချက်ကြောင့် မင်းညီမင်း
သား ၄၀ ကျော် ရောက်လာကြတယ်
တဲ့။ တချို့ မင်းညီမင်းသားတွေက
တော့ ကောလာဟလ သတင်းစကား
တွေကြောင့် ဆင်ဖြူမရှင်မိဖုရားကို
မယုံကြည်တဲ့အတွက် ရောက်မလာ
ဘူးတဲ့။ အခြေအနေဆိုးတော့မယ်ဆို
တာ ရိပ်မိကြတဲ့ သားတော်ကြီးအချို့
လည်း ရောက်မလာဘဲ ရှောင်တိမ်း
သွားကြသတဲ့။

မင်းညီမင်းသား ၄၀ ကျော်ကို
ဆင်ဖြူမရှင်အမိန့်နဲ့ အားလုံးဖမ်းပြီး
ကြေးတိုက်သွင်းလိုက်တယ်တဲ့။ အဲဒီ
မင်းသားတွေထဲမှာ လောင်းရှည်
မိဖုရားရဲ့သားတော် သီပေါမင်းသား
လည်းပါသတဲ့။ မဟာကံထူးရှင်က
တော့ သီပေါမင်းသားလို့ ပြောရမယ်
ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့
သူ့ကိုဖယ်ထားပြီး ကျန်မင်းသား ၄၀
ကျော်ဟာ အာဏာပါးကွက်သားတို့
လက်မှာ အသက်ထွက်ခဲ့ကြလို့ပါပဲ။
အာဏာရမွက် လောဘတက်လှပါ
ပေ့ မိဖုရားရယ်။

ကွက်ကျော်ပြုတဲ့ ဆင်ဖြူမရှင်
ဟာ သီပေါမင်းသားလေးကို သူ့ဘက်
တော်သား မှူးမတ်တွေနဲ့တိုင်ပင်ပြီး
ရွေးကပင် မင်းတရားက အိမ်ရှေ့
အရာထားဖို့ ရည်ရွယ်ရင်းရှိတယ်ဆိုတဲ့
အကြောင်းပြချက်နဲ့ ဖမ်းဆီးထားရာ
က ကယ်ထုတ်ပြီး အိမ်ရှေ့အရာတင်
မြှောက်လိုက်တယ်။ မင်းတရားနတ်
ရွာလားတော့မှာ သူသိတာကိုး။ ဒီအစီ
အစဉ်က မင်းတရား နတ်ရွာစံတာနဲ့
သီပေါကို နန်းတင်ဖို့ ကြံခဲ့တာလေ။
သီပေါမင်းသားလေးက အဆင့်နိမ့်
မိဖုရားရဲ့သားတော်မို့ ဘယ်အခြေ
အနေမျိုးမှာမဆို သူ့စကား လွန်ဆန်ဝံ့
မှာ မဟုတ်ဘူး။ သူကြိုးဆွဲရာကမှာပဲ
လို့ မျှော်လင့်တာကိုး။ ဘာပဲဖြစ်ဖြစ်
ဆင်ဖြူမရှင် အလိုတော်ပြည့်သွား
တယ်။ ဘာလို့လဲဆိုတော့ မင်းတုန်း
မင်းတရား နတ်ရွာစံသွားတယ်လေ။
တချို့ကတော့ ဆင်ဖြူမရှင်လုပ်ကြံ
တယ်လို့ ပြောကြတယ်။ ဒါက ယုံရ
ခက် မယုံရအခက်ပဲ။ ဘာလို့လဲဆို
တော့ အလောင်းစည်သူမင်းတုန်းက
ဒီလိုကြုံဖူးတာ သမိုင်းအထောက်
အထားရှိတယ်။

ဆင်ဖြူမရှင် ဆင်တဲ့အကွက်
တွေ တစ်ကွက်ပြီး တစ်ကွက်ဝင်လာ
တယ်၊ အေးလေ၊ မိဖုရားက အကွက်
မြင်တတ်တာကိုး။ ဒီလိုနဲ့ သမီးတော်
စုဖုရားကြီးက မိဖုရားခေါင်၊ သမီး
တော် စုဖုရားလတ်က မြောက်နန်း
မိဖုရားအဖြစ် သီပေါကိုယ်တော်နဲ့ ရွှေ
လက်တွဲပြီး နန်းတက်တော်မူတယ်။
အဲဒါနဲ့ တစ်ပြိုင်တည်းဘဲ အတ္တမာန
လောဘတက်သူတစ်ယောက် ပေါ်
လာပြန်တယ်။ ဒါက တခြားမဟုတ်
ဘူး။ မြောက်နန်းမိဖုရား စုဖုရားလတ်
ပေါ့။ စုဖုရားလတ်က မယ်တော် ဆင်



www.burmeseclassic.com

www.burmeseclassic.com

ဖြူမရှင်၊ ဘွားတော် နန်းမတော်ကြီး မယ်နုတို့ အတ္တမာနလောဘကြီးသလို အတ္တမာန လောဘကြီးတဲ့ပြင် ရွှေနန်းရှင်သီပေါမင်းကိုလည်း အလွန်နိုင်စားတော်မူတယ်။ ဘာကြောလိုက်လို့လဲ။ အစ်မတော်မိဖုရားခေါင်ကြီး စုဖုရားကြီးကို သီပေါကိုယ်တော်ရင်ခွင်က ဖွတ်အတင်း ဖယ်ထုတ်ပြီး တစ်ဦးတည်းမယ်ပိုင် လုပ်လိုက်တယ်။ ဒါဟာ နန်းခလေ့မဟုတ်ဘူးဆိုတာ နန်းတွင်းမှူးမတ်အပေါင်း အားလုံးသိကြတယ်။ ဒါပေမယ့် ဘယ်သူမှ မပြောဝံ့မဆိုဝံ့ကြဘူး။ မယ်တော် ဆင်ဖြူမရှင်ကတော့ ပြောဝံ့လို့ ပြောတယ်။ ပြောတော့ နာခံသလားတဲ့။ မယ်တော်ကြီးကို ပေးထားတဲ့ အခေါင်အယောင် အခွင့်အာဏာတွေ ရုပ်သိမ်းတာ ခံလိုက်ရတယ်။ မာန်တက်လိုက်တဲ့မိဖုရား။ မယ်တော်ကိုပင် ပြစ်မှားဝံ့တာပါလား ...။ ဝဋ်လည်မှာ မကြောက်ဘူးလားလို့ မေးလိုက်ချင်တယ်။

ဒီလိုနဲ့ သီပေါမင်းဟာ မိဖုရားစုဖုရားလတ် ဆောင်ရွက်ချက်တွေအပေါ် ဘဝင်မကျ ဖြစ်လာတယ်။ ဒါပေမယ့် သီပေါမင်းဟာ ဘာမှမပြောလျစ်လျူရှုထားပြီး သူ မင်းသားငယ်ဘဝကတည်းက ငယ်ပေါင်းဖြစ်တဲ့ အိမ်တော်ပါ ငယ်ကျွန် မောင်ဖေငယ်တို့ဘက် ခြေဦးလှည့်ပြီး မွန်းကျပ်နေတဲ့စိတ်တွေကို ဖြေဖျောက်ရှာပါတယ်။ မောင်ဖေငယ်ကလည်း သူ့သခင် ရွှေမင်းသားလေး နန်းတက်တော့လည်း တောင်နန်းမြောက်နန်း ဝဲယာနဲ့ လက်တွဲနန်းတက်ခဲ့ပေမယ့် စုဖုရားလတ်စနက်ကြောင့် မိဖုရားခေါင်အရာထားတဲ့ စုဖုရားကြီးနဲ့တောင် ဝေးနေရတော့ နန်းမလေ့အရ မဖြစ်ထိုက်ပါလားလို့ယူဆပြီး ငယ်စဉ်က သီပေါကိုယ်နဲ့ ချစ်ခဲ့ဖူးသော ဒိုင်းခင်ခင်လို့ အမည်ရတဲ့ မိန်းမချောလေးနဲ့ လျှို့ဝှက်တွေ့ဆုံပေးကာ အပန်းတော် ဖြေစေတယ်။

မင်းနားတစ်ထောင် ဆိုတာလိုပဲ။ မျက်နှာလို မျက်နှာရ လုပ်ချင်သူတွေဟာ မိဖုရားစုဖုရားလတ်ဆီ သံတော်ဦးတင်တော့တာပေါ့။ မိဖုရားခေါင်ကြီးနေရာ အစ်မတော်ထံက ပြောင်လုပြီး တက်ထိုင်နေတဲ့ စုဖုရားလတ်ဟာ အစ်မတော်အရင်းခေါက်ခေါက် စုဖုရားကြီးကိုတောင် သီပေါကိုယ်တော်လေးအပါးက ချက်ချင်းဖယ်ရှားပစ်တာ။ ဒိုင်းခင်ခင်ဆိုတာလောက်တော့ ပမွှားဘဲ။ ဒီအတိုင်း ဘယ်ထားပါ့မလဲ။ တယ် ...အဲဒီဟာမကို ချက်ချင်း အပြတ်ရှင်းလိုက်တဲ့။ သူတို့နဲ့ပတ်သက်သူ မှန်သမျှ တစ်ယောက်မှမကျန်စေနဲ့။ စုဖုရားလတ်ရဲ့ အမိန့်ရတယ်ဆိုတာနဲ့ မောင်မောင်တုတ်ကလည်း လက်သွက်တယ်။ မောင်ဖေငယ်နဲ့ ဒိုင်းခင်ခင်တို့ ဆွေမျိုးတစ်စုကို သတ်ပစ်လိုက်တာ မနည်းဘူးတဲ့။

တစ်ချက်လွှတ် အမိန့်တော်နဲ့ ဆောင်ရွက်ပြီးတာတောင် မိဖုရားစုဖုရားလတ်က မကျေနပ်နိုင်သေးဘဲ သီပေါကိုယ်တော်ကို စကားနာထိုးပြီး အမြဲပြဿနာရှာလေ့ရှိသတဲ့။ သီပေါမင်းက ပင်ကိုကပင် အေးအေးဆေးဆေး နေတတ်တယ်။ ဒါကြောင့် စုဖုရားလတ် ဘယ်လောက်ပဲ မြည်တွန်တောက်တီးပြောဆိုနေပေမယ့် တစ်လုံးတစ်ပါဒမှ ပြန်မပြောဘဲ ဆိတ်ဆိတ်နေတော်မူသတဲ့။

တစ်နေ့မှာ ထုံးစံအတိုင်း စုဖုရားလတ်က ဒိုင်းခင်ခင်နဲ့ ဖြစ်ခဲ့တဲ့ အကြောင်းရင်းကိုပဲ ပြန်လည်ပြောဆို ပြန်သတဲ့။ သီပေါကိုယ်တော်ကလည်း ထုံးစံအတိုင်း ဆိတ်ဆိတ်နေတော်မူ သတဲ့။ ဒါကို စုဖုရားလတ်က သူ့ကို သီပေါမင်းတရားက သူ့ကို ဘက် မတန်သလို ဆက်ဆံတယ်လို့ အထင် တော်ရှိတာနဲ့ ရုတ်တရက် လက်နဲ့ တွန်းလိုက်တာ သီပေါကိုယ်တော် မတ်မတ်ရပ်ရာက ယိမ်းယိုင်ပြီး လဲကျ မလိုဖြစ်သတဲ့။ ဒီလောက်အထိတော့ သီပေါကိုယ်တော် သည်းမခံနိုင်တော့ ဘူးလေ။ ရာဇဏ္ဍြေ ပျက်သွားတာ ကိုး။ ဘာမပြော ညာမပြောနဲ့ လ[illegible] သုံးတော်လှံနဲ့ မိဖုရားစုဖုရားလတ်[illegible] လိုက်တာ မယ်တော်ဆင်ဖြူမရှင်[illegible] အဆောင်တော်ထဲ ဝင်ပြေးရသတဲ့[illegible]

ကုန်းဘောင်မင်းဆက် နော[illegible] ဆုံးမင်းဆက် သီပေါမင်းလက်ထ[illegible] လည်းရောက်ရော မင်း၊ မိဖုရားနှစ်[illegible] ပါတော်မူပြီး မြန်မာနိုင်ငံတစ်ဝှမ်း[illegible] ဗြိတိသျှနယ်ချဲ့ လက်အောက်ရော[illegible] ကျွန်ဖြစ်ခဲ့ရတယ်။ ဘာကောင်း[illegible] နေ့သျှ

စစ်ကိုင်းမင်း (ခေါ်) ဖန်နန်း[illegible] (ခေါ်) ဘကြီးတော်နဲ့ နန်းမတေ[illegible] မယ်နု လက်ထက်ကြည့်မလား။ တို[illegible] ပြည် တိုးတက်ရာ တိုးတက်ကြော[illegible] ဘာမှမလုပ်ဘူး။ ငါ့သားနန်းရဖို့နဲ့[illegible] နန်းမတော်ကြီးဖြစ်ဖို့လောက်ပဲ [illegible] ကြတယ်။ ဒီကြားထဲ နန်းမတော်[illegible] မယ်နု မောင်တော်ဆိုတဲ့ စ[illegible] မောင်အိုကလည်း မဆီမဆိုင် [illegible]



www.burmeseclassic.com

www.burmeseclassic.com

တော်ကြီးအရှိန်နဲ့ ရှုံးတစ်ရှုံး ဓားတစ်စင်းဖြစ်နေတယ်။ သူ့ကိုယ်သူ တော်ဝင် မျိုးလိုလို ဘာလိုလိုနဲ့ ဒေါင်းယောင်ဆောင်တဲ့ ကျီးလိုပဲ မာန်တက်နေလိုက်တာ မြင်မကောင်းဘူး ..။ နောက်ပြီး မောင်နှမနှစ်ယောက်ပင်းပြီး ဘုရင့်မိန့်အတုနဲ့ လူသတ်ကြသေးတယ်။ ဘာကောင်းလဲနော်။

သာယာဝတီမင်းနဲ့ ကျုပင်းမိဖုရားလက်ထက်တော်ကျတော့ နောင်တော် စစ်ကိုင်းမင်း (ခေါ်) ဘကြီးတော် (ခေါ်) ဖန်နန်းရှင်ရဲ့ နန်းမတော်ကြီးမယ်နုနဲ့ သူ့မောင်တော် စလင်းစားမောင်အိုတို့ တော်ဝင်မျိုးနွယ်တွေအပေါ် အနိုင်အထက်ပြုမှု နှစ်ပေါင်း ၁၅ နှစ်တိုင်တိုင် သူ့ကို ဖိနှိပ်ထားမှု၊ နောင်တော် စစ်ကိုင်းမင်းထံဝင်ရောက်ဖို့ကိုပင် ပိတ်ပင်ထားမှုတွေ ကြုံခဲ့ရတဲ့ သာယာဝတီမင်းဟာ မြိုသိပ်ထားတဲ့ အကြိတ်အခဲတွေ ပေါက်ကွဲတော့တာဘဲ။ နောင်တော် စစ်ကိုင်းမင်းကို မျက်လိုက်တယ်။ နန်းမတော်ကြီးမယ်နုတောင် နောင်တော်စစ်ကိုင်းမင်းက တစ်နေ့မမြင်ရ နောင်တော်သေရပါလိမ့်မယ်လို့ တောင်းပန်တာနဲ့ နောင်တော်နဲ့အတူ စံမြဲနေအိမ်တော်မှာ စံနေခွင့်ပြုခဲ့တာပါ။ ဘာမှမကြာလိုက်ပါဘူး။ နန်းမတော်ကြီးမယ်နုလည်း ရေချကွပ်မျက်လိုက်တာ ခံရပါတယ်။ သိတဲ့အတိုင်း အတ္တလောဘ မာနကြီးတဲ့ နန်းမတော်ကြီး အင်္ဂလိပ်နဲ့ဆက်သွယ်တာ သာယာဝတီမင်းကို နန်းချပြီး စစ်ကိုင်းမင်းကို အာဏာပြန်အပ်ပေးဖို့ တောင်းဆိုတာကိုး။ ဒီလောက် အပြန်အလှန်သတ်ဖြတ်ကြ၊ ကလဲ့စားချေနေကြတဲ့ မင်းအာဏာများ ဘာကောင်းလဲနော်။

ဒီလိုနဲ့ စစ်ကိုင်းမင်းနဲ့ သာယာဝတီမင်း ညီနောင်နှစ်ပါး ရှေ့ဆင့်နောက်ဆင့်ဆိုသလို နတ်ရွာစံသွားကြတော့ နန်းရံဖြစ်တဲ့ ပုဂံမင်းသား နန်းတက်လာတယ်။ သာယာဝတီမင်းနဲ့ ကျုပင်းမိဖုရားတို့မှာက ပုဂံမင်းသားနဲ့ စကြာဒေဝီ(ကရုဏာရှင်၊ မေတ္တာရှင်) မင်းသမီးရယ်လို့ သားတော်၊ သမီးတော် နှစ်ပါးရှိတယ်။ ပုဂံမင်းသားကညံ့ပေမယ့် ဘုန်းမညံ့တော့ ဘုရင်တက်ဖြစ်လာတယ်။ တကယ်တော့ ကြက်တိုက်၊ ငှက်တိုက် အပျော်ကြိုက်တဲ့ ဘုရင်တစ်ပါးပေါ့။ ခမည်းတော် သာယာဝတီမင်း လက်ထက်တော်ကတည်းက အငြိုးအတေးတွေကို သူ့လက်ထက်မှာ မယ်တော် ကျုပင်းမိဖုရားနဲ့ လက်ဝါးရိုက် ဆက်လက်တိုက်ခိုက်ကြတယ်။ သူတို့သားအမိလက်ချက်နဲ့ သေရသူတွေအမြောက်အမြားထဲက ထင်ရှားတဲ့ တော်ဝင်မိသားစုများကတော့ ပခန်းမင်းသားနဲ့ ကြင်ရာတော် မစိန်ပွင့်၊ သမီးတော် ကောင်းတုံစား၊ သမီးတော် မြင်းခုန်တိုင်၊ ပြည်မင်းသားနဲ့ သားတော် သတိုးမင်းစော၊ သားတော် သတိုးမင်းဖျား၊ သားတော် သတိုးမင်းဒင်၊ အနောက်နန်းမတော်မိဖုရား မမြကလေးတို့ ဖြစ်ကြပါတယ်။ နန်းရံနေရာရဖို့အတွက် ပြိုင်ဘက်ကို သတ်တာ အငြိုးအတေးကြောင့်သတ်တာ ဘာကောင်းလဲနော်။

မင်းညံ့တစ်ပါးဖြစ်တဲ့ ပုဂံမင်းဟာ မယ်တော်ကျုပင်းမိဖုရားကြီးနဲ့ တိုင်ပင်ပြီး ရန်ငြိုးရှိတဲ့သူတွေ၊ ယှဉ်ပြိုင်ဘက်တွေ၊ အထူးသဖြင့် တော်ဝင်မျိုးနွယ် မဟုတ်သူတွေကို အကွက်ဆင်ပြီး အပြတ်ရှင်းလေ့ရှိတယ်။ နန်းမတော်မယ်နုနဲ့ စလင်းစားမောင်အိုတို့က တော်ဝင်ဆိုသူများကိုရွေးပြီး သုတ်သင်ခဲ့သလို ကျုပင်းမိဖုရားနဲ့ သားတော်ပုဂံမင်းတို့ကလည်း ကလဲ့စားချေတဲ့အနေနဲ့ တော်ဝင်မဟုတ်သူတွေကို အပြတ်ရှင်းတဲ့ သဘောပါပဲ။ ဘာကောင်းလဲနော်။

အဲဒီလိုဆောင်ရွက်ကြရင်း အစ်ကိုတော်နဲ့ မယ်တော်တို့ မျက်စောင်းက မင်းတုန်းမင်းသားနဲ့ ကနောင်မင်းသားတို့ဘက်ကို ရောက်လာတော့ စကြာဒေဝီမင်းသမီးက ငြိမ်မနေတော့ဘဲ မင်းတုန်းမင်းသားကို ရှောင်ရှားပြီး ထောင်ထားခြားနားဖို့ အခါတော်ပေးတယ်။ ဘယ်နေ့ ဘယ်အချိန် အခါသင့်ကြောင်း ဗေဒင်ကိန်းခန်းတွေ တွက်ပေးတယ်။ အစ်ကိုတော် ပုဂံမင်းနဲ့ မယ်တော်ကျုပင်းမိဖုရားကို ကျော်ပြီး ဘာလို့ ဒီလိုအခါတော်ပေးသလဲဆိုတော့ မယ်တော်နဲ့ အစ်ကိုတော်တို့ လုပ်ရပ်တွေက မတရားလွန်းတာကြောင့်ပေါ့။ စကြာဒေဝီ အခါပေးတဲ့အတိုင်း မင်းတုန်းမင်းသားနဲ့ ကနောင်မင်းသားတို့ ရွှေဘိုမှာ အောင်မြေနင်းပြီး ပုဂံမင်းကို ထောင်ထားခြားနားလိုက်တာ အလွယ်နဲ့ ထီးနန်းသိမ်းပိုက် အောင်ပွဲဆင်နိုင်ခဲ့တယ်။ နောင်တော် မင်းတုန်းမင်းက စကြာဒေဝီကို ရွှေလက်တော်ဆွဲ နန်းတက်သလိုပဲ ညီတော် ကနောင်မင်းကလည်း လှိုင်ထိပ်ခေါင်တင်မင်းသမီးကို အိမ်ရှေ့စံ



www.burmeseclassic.com

www.burmeseclassic.com

မိဖုရားအရာထား မြှောက်စားတော်မူခဲ့တယ်။

မင်းတုန်းမင်းတရားဟာ မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်သလို မိဖုရားခေါင် နန်းမတော်ကြီး စကြာဒေဝီကလည်း မေတ္တာရှင်၊ ကရုဏာရှင် ဖြစ်တာကြောင့်တစ်ကြောင်း၊ အိမ်ရှေ့စံ ကနောင်မင်းကလည်း နိုင်ငံတော်ရဲ့ သာသနာရေးကိစ္စ တိုးတက်ရာ တိုးတက်ကြောင်း အားသွန်ခွန်စိုက် ဆောင်ရွက်မှုတွေကြောင့် ဘာသာရေး၊ သာသနာရေးကအစ တိုင်းပြည်စည်ပင် သာယာဝပြောခဲ့ပါတယ်။

အဲဒီလိုနဲ့ သာတောင့်သာယာရှိနေချိန်ရောက်မှ မြင်ကွန်း မြင်းခုန်တိုင့်မင်းသားများရဲ့ ထောင်ထားခြားမှု အလစ်အငိုက်ခံလိုက်ရတာကြောင့် အိမ်ရှေ့မင်း ကနောင်မင်းသားကြီး ကျဆုံးခဲ့ရတယ်။ မင်းတရားလည်း ညာလက်ရုံးတစ်ဆူလို အားထားရတဲ့ ညီတော်ကို အာဏာငမ်းငမ်းတက်နေတဲ့ သားတော် မြင်ကွန်း မြင်းခုန်တိုင် ညီနောင်ရဲ့ ထောင်ထားခြားနားမှု၊ ပုန်ကန်မှုအတွင်း နတ်ရွာစံသွားတော့ အတော်ပဲ စိတ်လက်မကြည်မသာ ဖြစ်ရတယ်။

တစ်နေ့တစ်နေ့နဲ့ တရွေ့ရွေ့ရက်တွေကြာလာတော့ အလွန်ချစ်ခင်မြတ်နိုးတော်မူရတဲ့ မေတ္တာရှင် ကရုဏာရှင် အစ်မတော် စကြာဒေဝီမိဖုရားခေါင်ကြီး နတ်ရွာစံသွားတော်မူလို့ ရွှေစိတ်တော်ညှိုးလျှ ဘုန်းဘုန်းလဲကျတော့မလောက် စိတ်ဝယ် ခံစားတော်မူရရှာတယ်။ ချစ်ခင်မြတ်နိုးတော်မူရတဲ့ မိဖုရားခေါင်ကြီးနဲ့ လက်ရုံးတစ်ဆူလိုအားထားရတဲ့ ညီတော်အိမ်ရှေ့မင်းတို့ နတ်ရွာစံကြပြီးတဲ့နောက် ထီးဘုရားရင်ဝယ် အထီးကျန်သကဲ့သို့ ခံစားနေရသလား မသိ။ ရွှေစိတ်တော်နွမ်း၊ ကိုယ်တော်ကပန်းသလိုဖြစ်လာပြီး နာမကျန်းဖြစ်တော်မူလာတယ်။ ဆင်ဖြူမရှင်မိဖုရားအကွက်ထဲဝင်တော့တာပဲ။ မင်းတရားကြီး နာမကျန်းဖြစ်တော်မူနေသဖြင့် နန်းတွင်းသမားတော်များနှင့် ကုသတော်မူလျက်ရှိပါတယ်။ ဆေးကုသမှုပြုနေစဉ်အတွင်း အတွင်းတော်သို့ မည်သူမျှမဝင်ရတဲ့ ဘာကောင်းလဲနော်။

တကယ်တော့ ... အဲဒီအချိန်အတောအတွင်းမှာပဲ ဆင်ဖြူမရှင်စည်းရုံးထားတဲ့ မှူးမတ်တွေ၊ သူ့ဩဇာခံ မင်းမှုထမ်းတွေနဲ့ တိုင်ပင်ပြီး ဘယ်မင်းသားကို နန်းရံထား အိမ်ရှေ့အပ်နှင်းမယ်၊ ဘယ်မင်းသားတွေကို အပြီးအပြတ်ရှင်းမယ် တိုင်ပင်ပြီး မင်းသား ၄၀ ကျော်ကို ဆင့်ခေါ်ကာ အပြတ်ရှင်း သီပေါမင်းသားကို အိမ်ရှေ့အပ်နှင်းလိုက်တယ်။ မင်းတရားလည်း နတ်ရွာစံတော်မူရော သီပေါမင်းသားကို နန်းတင်ဖို့ အသင့်ပြင်ထားတာပေါ့။ သီပေါမင်းသားကလည်း စုဖုရားကြီး၊ စုဖုရားလတ်တို့ကို ဝဲယာလက်ယှက် နန်းတက်တော်မူတယ်။ ဒါပေမယ့် စုဖုရားလတ်ရဲ့ အတ္တမာနလောဘကြောင့် စုဖုရားကြီးလည်း အခွင့်အာဏာတွေ ရုပ်သိမ်းခံရတယ်။ အနစ်နာဆုံး၊ ခံရချက်အပြင်းဆုံးကတော့ မောင်ဖေငယ်နဲ့ ဒိုင်းခင်ခင်တို့ပဲ။ စုဖုရားလတ်အမိန့်နဲ့ မောင်ဖေငယ်နဲ့ ဒိုင်းခင်ခင်တို့အပြင် မိသားစုပတ်သက်သူတချို့ပါ ကွပ်မျက်ခံလိုက်ရတယ်။ ဘာကောင်း၊ ဲနော်။

သီပေါမင်းနဲ့ စုဖုရားလတ်တို့ နန်းစံသက် ခုနစ်နှစ်ကြာတော့ ထီးရေးနန်းရေးမှာ အတ္တလောဘကြီးမားစွာနဲ့ အကွက်ဆင်ရယူခဲ့တဲ့ မင်းအာဏာကို ကြာရှည်စွာ မထိန်းသိမ်းနိုင်ဘဲ သူ့ကျွန်ဘဝ ရောက်ခဲ့ရတယ်။ တိုင်းပြည်ကြီးတစ်ပြည်လုံး ဆုံးရှုံး၊ သူ့ကျွန်ဖြစ်ရတာ ဘယ်သူ့ကြောင့်လဲဆိုတော့ သမိုင်းဆရာတချို့က ဒီလိုပဲ ပြောကြတယ်။ (၁) အတ္တလောဘကြီးပြီး ကိုယ့်ဖို့သာကြည့်တဲ့ ဆင်ဖြူမရှင်၊ (၂) အတ္တလောဘ မာန်မာနကြီးပြီး ဘယ်သူမှ ထိမထင်တဲ့ စုဖုရားလတ်၊ (၃) ကျွန်ဖြစ်ရေး လမ်းညွှန်အကြံပေးတဲ့ ကင်းဝန်မင်းကြီး၊ (၄) အတ္တလောဘ မာန်မာနကင်းသော်လည်း တိုင်းပြည်အုပ်ချုပ်ဖို့ မဆိုထားနဲ့ ကိုယ့်မိဖုရားကိုပင် မထိန်းနိုင်သော သီပေါမင်းကြောင့်လို့ သမိုင်းစာမျက်နှာတွေမှာ ဖော်ပြထားပါတယ်။ ဘာကောင်းလဲနော်။

တကယ်တော့ ဘာကောင်းလဲနော်၊ ဘာကောင်းလဲနော်လို့ ညည်းတွားပြစ်တင်နေကြမယ့်အစား မြန်မာ့မြေပေါ်မှာ အတူတကွ ယှဉ်တွဲနေထိုင်ကြတဲ့ ကျွန်တော်တို့ သမိုင်းပေးညီအစ်ကိုတွေ မကောင်းတာတွေဖယ်၊ ကောင်းတာတွေ အတူတကွ တစ်စိတ်တစ်ဝမ်းနဲ့ တက်ညီလက်ညီ ဆောင်ရွက်ကြမယ်ဆိုရင် မကြာမီ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို ရောက်တော့မှာ သေချာပါတယ်။

ဝင်းသောင်(ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com

# မှန်ကူကွက်ဖြင့် အောင်လံထူ

မောင်မောင်စိန်လင်း(နတ်မောက်)

"မှန်ကူကွက်"ဆိုသည်မှာ မေတ္တာပွား ပို့ခြင်းကို ဆိုလိုသည်။ မသိသူကျော်သွား သိသူဖော်စားဆိုသကဲ့သို့ သိသူ၊ ပွားသူများ အောင်မြင်ကျော်ကြားခဲ့ကြပါသည်။ စီးပွားဥစ္စာတိုးတက်၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါသည်။

ဤ"မှန်ကူကွက်"သည် လယ်တီဆရာတော်ဘုရားကြီးနှင့် လက်ရုံးတပည့်ဖြစ်သော ဦးဇဝနတို့ပွားနေသော အကြည်ဓာတ်ခြောက်ပါး မေတ္တာပွားပို့နည်းဖြစ်ပေသည်။ ထို့ထက်စောပြီး(ဆည်ကြီးဆရာတော်) ထာဝရပွားများခဲ့သော (အကြည်ဓာတ်ခြောက်ပါး မေတ္တာပွားလွှတ်နည်း)ဟုလည်း မှတ်သားရပါသည်။

သိမ်တော်ဆည်ကြီး ဆရာတော်ဘုရားကြီး (၁၂၄၄-၁၃၂၁)၏ နေ့စဉ်မှတ်တမ်းလက်ရေးမှတ်စုအရ ဤ"မှန်ကူကွက်"မေတ္တာပွားပို့နည်း၊ တစ်နည်း (အကြည်ဓာတ်ခြောက်ပါး မေတ္တာပွားလွှတ်နည်း)ကို ပွားများအားထုတ်၍ သာသနာပြုခဲ့ကြောင်းမှာလည်း အထင်အရှားဖြစ်ပေသည်။

ဤ "မှန်ကူကွက်" မေတ္တာပွားပို့နည်းကို ဓမ္မာစရိယ ဦးငွေးလှိုင် ရေးသားထုတ်ဝေခဲ့သော "မေတ္တာဝါဒ"(ပြဟ္မဝိဟာရ အဖွင့်)တွင် အကျယ်တဝင့်ရေးသားခဲ့ပြီးဖြစ်ပါသည်။ ပွားများအားထုတ်သူ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်၊ ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်ကြီးများ၊ ရုပ်ရှင်၊ သဘင်၊ အနုပညာရှင်များ စီးပွားဥစ္စာလာဘ်လာဘ တိုးပွားချမ်းသာကြကြောင်း အောင်မြင်ကျော်ကြားမှုများ ခံစားရရှိကြောင်း၊ ဘေးရန်ကင်းရှင်းကြကြောင်း ပွားပို့သူများ၏ ကိုယ်တွေ့ဖြစ်ပေသည်။ စာရေးသူကိုယ်တိုင်လည်း ဤ"မှန်ကူကွက်" မေတ္တာပွားပို့ခဲ့သောကြောင့် ကိုယ်တွေ့အကျိုးကျေးဇူးများ ခံစားလာခဲ့ရပါသည်။

သို့ဖြစ်ပါသောကြောင့် စာဖတ်သူများ ကိုယ်တိုင်ပွားများအားထုတ်နိုင်ပါရန် အောက်ဖော်ပြပါ "မှန်ကူကွက်" (အကြည်ဓာတ်ခြောက်ပါး မေတ္တာပွားပို့နည်း)ကို လက်ဆင့်ကမ်းရပါသည်။

၁။ **စက္ခုဒွါရ** = (မိမိလိုသောသူ) (အဖွဲ့အစည်း) (ပရိသတ်) မျက်စိအကြည်ဓာတ်၊ မျက်စိဝိညာဏ် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာပါစေ။

၂။ **သောတ** = နားအကြည်ဓာတ် နားဝိညာဏ် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာပါစေ။

၃။ **ဃာန** = နှာခေါင်းအကြည်ဓာတ် နှာခေါင်းဝိညာဏ် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာပါစေ။

၄။ **ဇိဝှာ** = လျှာအကြည်ဓာတ်၊ လျှာဝိညာဏ် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာပါစေ။

၅။ **ကာယ** = ကိုယ်လုံးအကြည်ဓာတ်၊ ကိုယ်လုံးဝိညာဏ် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာပါစေ။

၆။ **မနောဒွါရ** = မနောအကြည်ဓာတ် မနောဝိညာဏ် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာပါစေ။

မိမိမေတ္တာပို့လိုသူ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ လူပရိသတ်တို့ကို ပုံပန်းသဏ္ဍာန်ပေါ်အောင် လှမ်းခြုံပြီး ထိထိခိုက်ခိုက်၊ စူးစူးစိုက်စိုက်၊ စိတ်ပါလက်ပါ ပို့လွှတ်ပွားများရမည် ဖြစ်ပါသည်။

(ဥပမာ) မိမိအား မုန်းတီးနေသူ၊ မိမိနှစ်လိုသူ၊ ဈေးရောင်း၊ ဈေးဝယ် ဖောက်သည်များ၊ မိမိကိုအားပေးနေသော ပရိသတ်၊ အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ ရုပ်လုံးပေါ်အောင် အာရုံပြုထားပြီး ပွားပို့လွှတ်ရန် ဖြစ်ပေသည်။

ဤ"မှန်ကူကွက်"မေတ္တာပွားနည်းကို ဓမ္မကထိက ဆရာတော်များ တရားပွဲမသွားမီ တရားနာပရိသတ်တို့အား ကြိုတင်၍ မေတ္တာပွားပို့ကြောင်း သိရှိရပါသည်။ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်သည် ဤမေတ္တာပွားနည်းဖြင့် မိမိ၏ ပွဲကြည့်ပရိသတ်များအားလုံးကို လှမ်းခြုံမေတ္တာပွားပြီးမှ ဇာတ်စင်ပေါ်တက်ကြောင်း သိရှိရပါသည်။ အကယ်ဒမီအကြိမ်ကြိမ်ရသော ရုပ်ရှင်အနုပညာရှင်များ၊ အဆိုကျော်များတို့သည်လည်း စတိတ်စင်မထွက်မီ ပရိသတ်ကို ခြုံငုံ၍မေတ္တာပို့လွှတ်ပြီးမှ စင်ပေါ်တက်ကြောင်း လေ့လာသိရှိရပေသည်။

"မှန်ကူကွက်"မေတ္တာပွား၍ အောင်မြင်ကျော်ကြား စီးပွားချမ်းသာ ကြပါစေ။

မောင်မောင်စိန်လင်း(နတ်မောက်)

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သံသရာပြဇာတ်တစ်ပုဒ်

နှင်းနှင်း

ဂျပန်ပြည် တိုကျိုမြို့ ခါနမဲချိုးရပ်ကွက်တွင် အဝတ်အထည်သန့်သော စက်ရုံပိုင်ရှင် တနကာစံသည် များစွာစိတ်ညစ်နေမိသည်။ ဘူ့ဇနီးမှာ သူ့ရှေ့ကြမ်းပြင်တွင် ဒူးတုပ်ငုံ့လျက်သူ့ကို ကြင်နာစွာ ငေးစိုက်ကြည့်နေသည်။

"မိန်းမရယ် ... ရင်ထဲသိပ်မောတယ်"

"သူဌေးရယ် ကိုယ်ချင်းစာနာမိပါတယ်။ မကူနိုင်လို့ပါ။ ဘယ်လိုနည်းနဲ့ သက်သာနိုင်ပါသလဲ။ ကျွန်မ စွမ်းနိုင်သလား"

"ခက်တယ်ကွာ နော်"

သူတို့တွင် ပြဿနာလေးတစ်ခု ပေါ်ပေါက်နေခဲ့သည်။ စက်ရုံတစ်ခုလုံးကို ကျွမ်းကျင်စွာအုပ်ချုပ်နိုင်ခဲ့သည့် တနကာစံ ပြဿနာကို ယခုလို မရှင်းနိုင်သောအခါ စိတ်မောလှမော ဖြစ်နေသည်။

ပြဿနာမှာ ဤသို့ဖြစ်သည်။ အလွန်ဉာဏ်ကောင်းပြီး လိမ္မာရေးခြားရှိလှသော တနကာစံ၏သမီး အေးမိကိုသည် ရေးယခင်ကဆိုလျှင် ဘဝကို အများအယွင်းကင်းစွာ ဖြတ်သန်းကြီးပြင်းလာခဲ့သည်။ တစ်ဦးတည်းသော သမီးဖြစ်၍ တနကာစံ၏မိခင် အဘွားဖြစ်သူက အမွေပစ္စည်းအားလုံး လွှဲအပ်ရန် အသက် ၂၅ နှစ်ပြည့်မွေးနေ့ကို စောင့်နေရှာသည်။ အေးမိကိုစံသည် စာအလွန်တော်၏။ မိခင်နှင့် ဖခင်ချပေးသော လမ်းကြောင်းကိုလည်း မပြောင်းပဲ ဆက်လျှောက်၏။ ယခုခေတ် ဂျပန်လူငယ်များတွင် ရှားပါးလာပြီဖြစ်သော်လည်း သူတို့ဂျပန်ပီသသော ပြင်းထန်သော ဖွဲလုံ့လ၊ အမိန့်နာခံယူမှုအားလုံး ရှိနေသည်။ အဘွားနဲ့အမေ အထိန်းအသိမ်းတော်သဖြင့် မိန်းမသား(အထူးသဖြင့် ဂျပန်အိမ်ထောင်ထိန်းမှု)ကို အောက်ခြေသိမ်း ကျွမ်းကျင်သည်။ သူ့တွင် ဘာတစ်ခုမှ ချွတ်ယွင်းမှုမရှိပေ။ ဂျပန်ပန်းထိုးခြင်း၊ ဗျပ်စောင်းတီးတတ်ခြင်း၊ ထမင်းပွဲအခင်းအကျင်းကို လုပနိုင်နင်းခြင်း၊ ဉာဏ်ကောင်းခြင်း၊ ရုပ်ရည်လှပမှုရှိခြင်း အားလုံးပြည့်စုံသည်။ ၂၃ နှစ်တွင် ဂျပန်တက္ကသိုလ်တွင် ကျောင်းပြီးဆုံးသည်။

အဘွား၏အမွေကို တစ်ဦးတည်း လွှဲပြောင်းယူပြီး သူဌေးဖြစ်ခြင်း၊ အဖေ၏စက်ရုံကို ထိန်းသိမ်းလျက် စက်ရုံပိုင်ရှင်ဖြစ်ခြင်းများကို မိမိ၏ကိုယ်ပိုင်အရည်အသွေး၊ ပါမောက္ခချုပ်ဘွဲ့ဖြင့် ပန့်တင့်ကာ ဂုဏ်ရှိန်မြင့်ချင်သည်။

ပြည်တွင်းမှာဆိုလျှင် လုပ်သက်သုံးနှစ်ပြည့်ရမည်။ ပြည်ပနိုင်ငံမှာဆိုလျှင် တစ်နှစ်မျှလုပ်သက်ရပါက ပါမောက္ခအဖြစ် ဘွဲ့အပ်နှင်းရန် အစီအစဉ်တစ်ခုရှိသည်။ အေးမိကိုက ပြည်ပထွက်ပြီး တစ်နှစ်လုပ်သက် ရယူချင်ခဲ့သည်။ ၂၅ နှစ် သူ့မွေးနေ့အမီ သူအားလုံးပြည့်စုံသော ဂုဏ်ဒြပ်ရှိချင်၏။

ရှင်သန်နေလာခဲ့သော ဘဝတွင် ယခုအချိန်ထိ မှန်ကန်စွာဆုံးဖြတ်တတ်မှုကိုကြည့်ပြီး အစွမ်းအစကို ယုံကြည်လျက် ခရီးထွက်ခွင့်ပေးခဲ့မိသည်။

အေးမိကိုစံသည် မြန်မာပြည်တွင် ဂျပန်ဘာသာသင်ကြားပေးရန် နှစ်စမှာ ခရီးထွက်သွားခဲ့သည်။ ယခု ကျောင်းပိတ်ရာသီတွင် အမိချယ်ရီမြေဆီသို့ ချစ်သူကို လက်ဆွဲခေါ်ခဲ့မည်တဲ့။

ငလျင်က တနကာစံ၏ အိမ်တော်တစ်ကွက်တည်း ကွက်လှုပ်ခတ်ခဲ့သလို ထင်ရသည်။ မိမိကိုယ်တိုင်က မလိုလားသဖြင့် မကျေမနပ်ဖြစ်နေစဉ်မှာ အမေက အိမ်တော်ကို ဖောက်ထိုးဆွဲပြသလို ဗိုလ်ချုပ်ကတော်၏စကားက ဗုံးပေါက်ကွဲသကဲ့သို့ ဖြစ်ခဲ့ရသည်။

"ကျွန်မ သွားပါတော့မယ်"

"ဟော ... အချိန်တောင်ရောက်သွားပြီ မိန်းမရယ်။ အမေတစ်ခုခုဖြစ်သွားမှာလား သိပ်စိုးရိမ်တယ်။ ဆရာဝန်တစ်ခါတည်း ထည့်ပေးလိုက်တယ်နော်"

လေဆိပ်တွင် အမေနဲ့ဇနီးက သမီးနဲ့သမက်ကိုကြိုရန် ထွက်သွားကြပြီ။ ဒိုဆခဲခေါ် ဆန်အရက်ကို တစ်ငုံငုံ စွတ်သောက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"တစ်သက်လုံးလိမ္မာခဲ့တဲ့ သမီးရယ်။ အချစ်တစ်ခုနဲ့ မိုက်မဲလာရာမှာက တစ်လောကလုံးမှောင်ကျသွားအောင်ကို အမှားလုပ်ပစ်လိုက်တာပဲကိုး။ ငါတို့အိမ်ထောင်မှာက စည်းကမ်းတွေ၊ မျိုးရိုးတွေအပြင် မွေးချင်းသားချင်းရှားပါးလို့ လူမျိုးခြားနဲ့ သွေးမရောရတာ သိရဲ့သားနဲ့ကွယ်။ သမီးရဲ့အဘွား သေမယ့်ရက်နီးသွားအောင် ပြုလိုက်သလိုပဲ။ ဒီကိစ္စနဲ့ ဘွားဘွားသာသေသွားခဲ့ရင် သမီးရဲ့အပြစ်က ဘာတွေဆက်ဖြစ်သွားမလဲ။ အမလေး တွေးလေ မောလေ ခေါင်းကိုက်လိုက်ပါဘိ"

❐

"ဘာပြောတယ်။ တစ်ချက်ကြည့်တာနဲ့ ငြိမ်သွားတယ်"

"ဟုတ်ပါတယ်ဆို သူဌေးကလည်း။ အခု အမေကိုယ်တိုင် မြေးသမက်ကို ကားနဲ့တင်ခေါ်သွားလို့ပဲ ဆရာဝန်နဲ့ကျွန်မက ဒီကိုပြန်လာခဲ့တာပေါ့"

"တွေ့တာနဲ့ ဟိုကောင်က ဘာများပြောလိုက်လို့လဲ"

"နှုတ်ဆက်ရုံပါပဲ။ အပိုဘာမှ မပြောခဲ့ပါဘူး"

"မိန်းမရယ် ဒေါသဒီလောက်ထွက်နေတဲ့ အမေ့ကို ငြိမ်ပြီး အိမ်ခေါ်သွားရလောက်အောင် ဆိုမှပဲ တစ်ခုခုထူးပြီပေါ့"

"ထူးတာက သူ့ရုပ်လက္ခဏာပါ"

"ရုပ်လက္ခဏာက ဘယ်လိုသဏ္ဌာန်များ မို့လို့လဲ"

"အဖေနဲ့ ချွတ်စွတ်"

"ဟေ"

"ဒီဓာတ်ပုံထဲကအတိုင်းပဲ"

"တွေ့မြင် ကြည့်ချင်လိုက်တာ"

တနကစံတို့အဆင့်တွင် သမက်က လာရောက်ဂါရဝနှုတ်ဆက်ပွဲ လုပ်မှသာ ဂျပန်ရိုးရာအယူတစ်ခုကို ဆွဲကိုင်ထားကြသည်။ ယခုစည်းကမ်းဖောက်ဖျက်ပြီး ယောက္ခထီးက အရင်ထွက်၍မဖြစ်သဖြင့် မူးမူးနဲ့ အရက်ဖိသောက်နေမိသည်။ ဓာတ်ပုံထဲမှအဖေ့ရုပ်ကို အပြင်မှာ တွေ့ရဦးမည်။

အိပ်မက်ထဲတွင် ဓာတ်ပုံထဲမှာ အဖေဖြစ်လိုက်၊ အပြင်မှာ သမက်တော်ဖြစ်လိုက်၊ မာန်ကြီးသောအမေအောက်ကျို့ခါးကုန်း အရိုအသေပေးနေခဲ့တာမြင်လိုက် အရက်သမား၏ညတာမှာ ချောက်ချားမှု များလှသည်။

"သူဌေးမင်း မြန်မြန်ထ အမေကိုယ်တိုင် လာပို့တယ်"

"ဘုရားရေ ငါရေချိုးမှဖြစ်မယ်"

တနကစံ ကပျာကယာ စိမ်ကန်တွင်း ဆင်းစိမ်လိုက်၏။ ဇနီးသည် အဆင်သင့်ပြင်ထားသော ဂျပန်ဝတ်စုံကိုဆွဲဝတ်နေစဉ် ဇနီးက ဝင်လာကူပေးသည်။

"မြန်မြန်ထွက်ကြည့်ပါ"

မှန်သည်။ ဧည့်ခန်းတွင်းမှလူအားလုံး ဂျပန်စရိုက်ဖြစ်နေ၏။ မြန်မာသမက်ရုပ်ရည်သည် အဖေ့မှအဖေပါလား။ ဘုရား လူဝင်စားဆိုတာ ဒီလိုလား။

"မင်္ဂလာနံနက်ခင်းပါ" (အိုဟိုင်းရောဂိုစိုက်အီမတ်)

"မင်္ဂလာပါ အဆင်ပြေကြရဲ့လား"

သူ့မျက်နှာကို ကြည့်နေသော ဧည့်ခန်းမှ လူသားအားလုံးကို သူ ဘာလုပ်ပြလိုက်မိသည် သူကိုယ်တိုင်မသိ။ သူသိလိုက်သည်က သမက်လောင်းကို အကြာကြီးပစ်ထားပြီးမှ ပြန်တွေ့သောအဖေဟုမြင်ပြီး ဆွဲကိုင်လိုက်၏။

"မှတ်မိတဲ့ ငယ်စဉ်ဘဝကိုပြောပြပေးပါ"

"ကိုးကွယ်တဲ့ ဆရာတော်ဘုရားက သူစိမ်းတွေကို မပြောကြားပါနဲ့လို့ မှာရစ်ခဲ့ပေမယ့် လူစိမ်းတွေမဟုတ်ခဲ့တဲ့ မိသားစုအနေနဲ့ ပြောပြပါ့မယ်။ အမေမွေးခဲ့တဲ့အရပ်မှာ ချယ်ရီမရှိခဲ့ပါဘူး။ ဒါပေမယ့် ချယ်ရီပန်းကို ဘယ်

*ဂျပန်နိုင်ငံသည် အေးလွန်းသောရာသီရောက်ခဲ့လျှင်*
*ရေကို အနွေးဓာတ်မပေးလျှင် လုံးဝမချိုးနိုင်ပေ။*
*ယခုကဲ့သို့ ခေတ်မီသော ရေကန်စိမ်ရန်မရှိစဉ်က*
*ရိုးရိုးအုတ်ကန်ကို အပူပေးရာမှ*
*စီးဝင်သောရေဇလားတွင် အသက်ကြီးစဉ်ငယ်လိုက်*
*ဝင်ရောက်ချိုးရခြင်းရှိသည်။*



www.burmeseclassic.com

www.burmeseclassic.com

တွေ့တွေ့ နှစ်သက်တယ်။ ဆော်း
ခါမှာလည်း ဒီမှာလောက် နှင်းဖြူဖြူ
ာ ကျလေ့မရှိဘူး။ အေးတဲ့ခါတ်
ောက်လာရင်ပဲ တစ်နေရာရာမှာ
န်တော့်ရဲ့မိသားစု စောင့်မျှော်နေပါ
းဆိုပြီး လက်ရှိနေခဲ့တဲ့ နေရာ
သမှ ဘာမှန်းမသိတဲ့ အရပ်ဒေသ
စ်ခုကိုမှန်းပြီး လွမ်းဆွတ်နေတတ်
ယ်။ မြန်မာပီသတဲ့ဟင်းလျာကို စွဲ
က်မှုမရှိခဲ့ဘူး။ အခက်ခဲဆုံးပြဿနာ
ပုဆိုးတို့၊ တိုက်ပုံတို့မကြိုက်ဘူး။
ျောင်းတက်တော့လည်း သင်ယူ
ာတွေ ဒီလောက်များပြားတဲ့အထဲ
ဂျပန်စာကို သင်ချင်ခဲ့တာက
U.F.L မှာ ဒီက သင်ကြားရေးမှူး
တဲ့ အေးမိကိုစံကို ဆုံတွေ့ဖို့ ကံ
မှာဖန်တီးလာတာပဲ။ တွေ့တွေ့ချင်း
ယောက်စလုံးက ကွဲကွာနေတဲ့
မျိုးပဲဆိုတာ သိရှိနေခဲ့ကြတယ်။
ဝန်းကျင်က ဘယ်လို နားလည်
။ လက်ခံဖို့ခက်ခဲတာပဲ။ နောက်
နှစ်ဦးသားဆုံဖြတ်ပြီး လက်ထပ်
တာပဲ''

''အခုဒီမှာ ဘာများသက်သေပြ
သလဲ''

''ခြံဝင်းနောက်ဘက်က ရေနွေး
န်ရှိပါသေးလား''

''ဗျာ ... ဒါ မသုံးတာကြာပေ
ရှိနေသေးတယ်''

''အလုပ်သမားတချို့ခေါ်ပါ။ ဒီ
သွားကြမို့''

ဂျပန်နိုင်ငံသည် အေးလွန်း
ရာသီရောက်ခဲ့လျှင် ရေကိုအနွေး
မပေးလျှင် လုံးဝ မချိုးနိုင်ပေ။
ဲ့သို့ ခေတ်မီသော ရေကန်စိမ်
စဉ်က ရိုးရိုးအုတ်ကန်ကို အပူ
ပေးရာမှ စီးဝင်သောရေဇလားတွင် အသက်ကြီးစဥ်ငယ်လိုက် ဝင်ရောက်ချိုးရခြင်းရှိသည်။

''ကဲ ... ဒီအုတ်ဇလားကို ဖြိုဖျက်ချပါ''

အလုပ်သမားများ တူးဖျက်ပြီး အုတ်ဇလားထွက်လာသောအခါ ရေဇလားဘေး နံရံတစ်ဖက်တစ်ချက်စီတွင် သံမဏိစွပ်ထားသော သံပိုက်ရှည်နှစ်ခု ထွက်လာသည်။ ထိုပိုက်လုံးသဏ္ဍာန်ကို လှည့်ဖွင့်လိုက်သောအခါ ဘုရင်မင်းမြတ် ချီးမြှင့်ထားခဲ့သော ငွေစလွယ်နဲ့ ငွေဓားရှည်ထွက်လာခဲ့သည်။

''ကဲ ... ဒါ ... မျိုးရိုးအစဥ်အလာ စောင့်ရှောက်ရမယ့်ပစ္စည်းပဲဆိုတာ မှတ်မိကြပြီနော်။ လုပ်သင့်တာဆက်လုပ်ကြပါ''

''ဘုရား ... ဘုရာ့ ဒါ အဖေမှပဲသိနိုင်တဲ့ နေရာနဲ့ ပစ္စည်းပါပဲ။ တန်ဖိုးမဖြတ်နိုင်တဲ့ အိမ်တော်စောင့် ဘုရင့်ဘွဲ့တော်ပါ''

မည်သို့ ရှင်းပြရမည်နည်း။ မည်သို့နားလည်ကြမည်နည်း။

အကောင်းဆုံးတစ်ခုက အေးမိကိုစံ၏လက်ဆပ်ပွဲကို မငြင်းဆန်ရဲကြဘဲ လူ့သမိုင်းဘဝတစ်ခုကို စတင်ဖွင့်ပေးမိခြင်းတည်း။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခဲ့သဖြင့် ပစ္စည်းများ အသိမ်းလွန်နေရသည်။ ပြန်ရှာ၍မတွေ့ခဲ့သော အရေးကြီးပစ္စည်းများလည်း သူ့ဌာနသူ့နေရာမှန်သို့ ပြန်ရောက်လေပြီ။

**နှင်းနှင်း**


# ပဋ္ဌာန်းရွှေကျမ်းရတနာဒီပံ
# ရွှေအလင်းတိုင်

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာဒီပံ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဋ္ဌာန်းရွှေကျမ်းကျင့်စဥ်ကို အမိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

----- ဆက်သွယ်ရန် -----

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၁




www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ရိုက်ယတြာ ရွှေပညာ

## (၃၆)

ဘုန်းပွင့်ထွန်း

"ဒီကနေ့ ရှင်းပြမယ့်အပိုင်းဟာ လွယ်ကူပါတယ်။ ကက်ကင်းဓာတ်ပြန်နဲ့ အဝေးအရပ်ရောက်နေတဲ့သူ အိမ်ကိုပြန်လာအောင် ဓာတ်ဆင်တဲ့နည်းကို သင်ပြဆွေးနွေးပေးပါမယ်။ မောင်သန်းဇော်ကလည်း အစ်ကို့ရဲ့အိမ်နဲ့ ဝေးသွားမှပဲ နေ့စဉ်ရက်ဆက်ဆိုသလို မှန်မှန်ရောက်နေတယ်။ အိမ်ချင်းနီးတုန်းကတောင် ဒီလောက်မလာဖြစ်ဘူး"

"အစ်ကိုဆွေးနွေးတဲ့ အကြောင်းအရာတွေက တစ်နေ့တစ်မျိုး ရိုးမှမရိုးဘဲ။ ပြီးတော့ သင်ခန်းစာဆွေးနွေးစရာအကြောင်းအရာတစ်ခုကိုလည်း တစ်ခါတည်း အပြတ်ဆွေးနွေးပေးတာမှ မဟုတ်တာ။ မနေ့က ကုန်ပစ္စည်းရောင်းထွက်ဖို့ ကက်ကင်းအစီအမံအကြောင်းကို စကားဦးတည်ပြီး အစ်ကိုဆွေးနွေးခဲ့တယ်မဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါပေမယ့် အစ်ကိုက အဲဒီအစီအမံမှာ လိုအပ်ချက်ဖြစ်တဲ့ စရေဓာတ်အကြောင်း ရှင်းပြတာတစ်ခုတည်းနဲ့ အချိန်ကုန်သွားတယ်။ သင်ခန်းစာကို အဆုံးမသတ်နိုင်လောက်ဘူးဖြစ်နေတယ်"

"စရေဓာတ်အကြောင်း အခြေခံကျကျ သိစေချင်လို့ ရှင်းပြရင်းနဲ့ အချိန်ကုန်သွားရတာပါ။ ဒီနေ့ အဲဒီအကြောင်း ပြီးအောင်သွားမယ်။ မနေ့ကပြောခဲ့တဲ့ ကုန်ပစ္စည်းထွက်ဖို့ ကက်ကင်းအစီအမံ အချက်ခြောက်ချက်ကို မောင်သန့်ဇော် မှတ်မိသလား"

"မှတ်မိပါတယ်"

"မှတ်မိရင် ပြန်ပြောစမ်းကွာ"

"ကုန်ပစ္စည်းထွက်ဖို့အတွက်

၁။ ကုန်ပစ္စည်းရဲ့ အရင်းနံနဲ့ အဖျားနံကို ကောက်ယူတတ်ရမယ်။

၂။ ကုန်ပစ္စည်းရဲ့ ပြောင်းပြန်နံတူ သစ်ကိုင်းသစ်ခက်ကို ရှာရမယ်။

၃။ ကုန်ပစ္စည်းရဲ့ အရင်းနံနဲ့ အဖျားနံဂဏန်း နှစ်ခုပေါင်းအရေအတွက်အတိုင်း ကုန်ပစ္စည်းကို ပြောင်းပြန်နံတူ သစ်ခက်နဲ့ရိုက်ရမယ်။

၄။ စရေဓာတ်ပေါ်တဲ့ သောကြာအခါမှာ ရိုက်ရမယ်။

၅။ စိတ်က ကုန်ပစ္စည်းထွက်စေရန် အလေးအနက်ထားရမယ်။

၆။ ပါးစပ်က ထွက်၊ ထွက်စေလို့ ပြောဆိုပြီး ရိုက်ထုတ်ရမယ်"

"မှန်ပါတယ်။ မောင်သန်းဇော်က အလွတ်ကို ကျက်မှတ်ထားလိုက်တယ်နဲ့ တူတယ်"

"မဟုတ်ပါဘူး မနေ့ကပဲ ဆွေးနွေးခဲ့တာဆိုတော့ မှတ်မိနေတာပါ"

"ကဲ…ဒါဆိုရင် ကြက်သွန်ထွက်အောင် ပြောထားတဲ့ နည်းဥပဒေသအတိုင်း မောင်သန်းဇော် ကြံစည်ကြည့်စမ်းပါဦး"

### ကြက်သွန်ထွက်ရန် ဓာတ်ရိုက်ပုံ

"ကြက်သွန်ကို ထွက်စေလိုရင် ကြက်သွန်ရဲ့ ဓာတ်ပြန်ကက်ကင်းဖြစ်တဲ့ သော်ကကိုင်းကို ယူရမယ်။ 'သော်' = ၆၊ 'က'က = ၂ ဆိုတော့ ၆ နဲ့ ၂ ပေါင်းရင် ၈ ရတယ်။ စရေဓာတ်ပေါ်တဲ့အချိန်မှာ ကြက်သွန်ကို သော်ကကိုင်းနဲ့ ရှစ်



www.burmeseclassic.com

www.burmeseclassic.com

## အကျိုးရဲ့ ပြောင်းပြန်ကာကကင်းဖြစ်တဲ့ ဂန့်အိတ်ရှက်ကို မသုံးဘဲ အကျိုးရဲ့ပြောင်းပြန်ကာကကင်းဖြစ်တဲ့ ကျိုးအာရှက်၊ ကျိုးအာကိုင်းကိုလည်း အသုံးပြုလို့ရတယ်ဆိုတာပဲ။

ချက်တိတိရိုက်ပြီး စိတ်ကလည်း အမြန်ထွက်စေလိုတဲ့စိတ်နဲ့ လေးလေးနက်နက်ထားပြီး ပါးစပ်မှလည်း ကြက်သွန်ထွက်စေလို့ပြောပြီး ဓာတ်ရိုက်ရပါမယ်"

"ဟုတ်ပြီ။ ကျန်တဲ့ကုန်ပစ္စည်းတွေကိုလည်း အဲဒီနည်းအတိုင်း ကာကကင်းဓာတ်ပြန် အစီအမံနဲ့ စီမံမယ်ဆိုရင် အမြန်ရောင်းထွက်လိမ့်မယ်။ ဒီတော့ အစ်ကို့မှာရှိထားတဲ့ မှတ်စုထဲက ကုန်ပစ္စည်းအမျိုးမျိုးကို ဘယ်အကိုင်းနဲ့ ဘယ်နချက်ရိုက်ရမယ်ဆိုတာတွေကို ကူးရေးသွားလိုက်။ သိပ်ပြီး ငွေးစားစရာ မလိုတော့ဘူးပေါ့"

"ဟုတ်ကဲ့ ကူးရေးလိုက်ပါ့မယ် အစ်ကို"

### ကုန်ပစ္စည်းအထွေထွေကို ကာကကင်းဓာတ်ပြန် ဓာတ်ရိုက်ပုံ

ဤဓာတ်ရိုက်ပုံမှာ အားလုံးပင်

၁။ စရေးအခါမှာ ရိုက်ရခြင်း။

၂။ စိတ်မှ ကုန်ပစ္စည်းထွက်စေရန် လေးလေးနက်နက်ထားရခြင်း။

၃။ ထွက်၊ ထွက်ဟု ပါးစပ်နှင့် ပြောကြရခြင်းမှာ အတူတူပင် ဖြစ်၏။

ထို့ကြောင့်

၁။ မတူညီသော ကုန်ပစ္စည်း၏အမည်၊

၂။ ထိုကုန်ပစ္စည်း၏ ပြောင်းပြန်အညွှန့်အခက်အမည်၊

၃။ ရိုက်ရမည့် အချက်အရေအတွက်တို့ကိုသာ အဓိကထား ဖော်ပြသွားပါမည်။

### ဓာတ်ရိုက်နည်းအသွယ်သွယ်

၁။ ငရုတ်သီးထွက်လိုလျှင် ရင်ခတ်ကိုင်းနှင့် ၁၀ ချက် ရိုက်ပါ။

၂။ ကြာဆံထွက်လိုလျှင် ညောင်ချဉ်ကိုင်းနှင့် ၅ ချက် ရိုက်ပါ။

၃။ ဆပ်ပြာထွက်လိုလျှင် ပြည့်စင်ကိုင်းနှင့် ၈ ချက်ရိုက်ပါ။

၄။ မန်ကျည်းထွက်လိုလျှင် ကြောင်ပန်းကိုင်းနှင့် ၇ ချက် ရိုက်ပါ။

၅။ ပုစွန်ခြောက် ထွက်လိုလျှင် ကြောင်ပန်း၊ ကြက်ပေါင် အကိုင်း တစ်ခုခုဖြင့် ၇ ချက်ရိုက်ပါ။

၆။ ဩဇာသီးကို ထွက်စေလိုလျှင် ဆန်အိတ်ကလေးနှင့် ၄ ချက် ရိုက်ထုတ်ပါ။

၇။ ငါးပိကို ထွက်စေလိုလျှင် မာလကာအကိုင်းနှင့် ၇ ချက်ရိုက်ပါ။

၈။ ပုဆိုးထွက်စေလိုလျှင် စံပယ်ကိုင်းနှင့် ၈ ချက်ရိုက်ပါ။

၉။ သင်ဖြူးထွက်စေလိုလျှင် ပျဉ်းတော်သိမ် အကိုင်း အခက်ဖြင့် ၁၁ ချက်ရိုက်ပါ။

၁၀။ ကြက်သွန်ထွက်စေလိုလျှင် သကံ်န်းကိုင်းနှင့် ၈ ချက် ရိုက်ပါ။

၁၂။ နာနတ်သီးကုန် ထွက်စေလိုသော် တောက်တာရှက် နှင့် ၁၄ ချက်တိတိရိုက်ပါ။

၁၃။ လက်ဖက်ကုန် ထွက်စေလိုသော် မရန်းကိုင်းနှင့် ၁၁ ချက် တိတိရိုက်ပါ။

၁၄။ သဘောသီးကုန် ထွက်စေလိုသော် မရသိန်၊ ပျဉ်းတော်သိမ်ကိုင်းနှင့် ၁၁ ချက်တိတိရိုက်ပါ။

၁၅။ မြေပဲကို ထွက်စေလိုသော် ပျဉ်းမကိုင်းနှင့် ၁၀ ချက် ရိုက်ပါ။

၁၆။ ဖက်ကိုထွက်စေလိုသော် တမာကိုင်းနှင့် ၁၂ ချက် ရိုက်ပါ။

၁၇။ ပဲကို ထွက်စေလိုသော် နပဲ၊ တမာကိုင်း တစ်ခုခုနှင့် ၁၂ ချက် ရိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

၁၈။ ပြောင်းဖူးကို ထွက်စေလိုသော် ပေါက်ပန်းဖြူကိုင်းနှင့် ၁၀ ချက်တိတိရိုက်ပါ။

၁၉။ ကွမ်းကို ထွက်စေလိုသော် နန်းလုံးကြိုင်ကိုင်းနှင့် ၉ ချက် တိတိရိုက်ပါ။

၂၀။ ကြံကို ထွက်စေလိုသော် ကုက္ကိုကိုင်းနှင့် ၉ ချက် တိတိရိုက်ပါ။

၂၁။ ငါးကို ထွက်စေလိုသော် နန်းလုံးကြိုင်ကိုင်းနှင့် ၉ ချက်ရိုက်ပါ။

၂၂။ ဆီနှင့် ဆားကို ထွက်စေလိုသော် စက်ကတုံးကိုင်းနှင့် ၁၀ ချက်တိတိရိုက်ပါ။

၂၃။ အင်္ဂါနံ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ စောင်များ ထွက်စေလိုသော် စွယ်တော်ကိုင်းနှင့် ၁၁ ချက်တိတိရိုက်ပါ။

၂၄။ စပါးကို ထွက်စေလိုသော် ပြည့်စင်ကိုင်းနှင့် ၈ ချက် တိတိ ရိုက်ပါ။

၂၅။ ဆေးထုပ်ကို ထွက်စေလိုသော် ဓားနှောင့်နှင့် ၁၀ ချက်တိတိ ရိုက်ပါ။

၂၆။ မီးခြစ်ကို ထွက်စေလိုသော် ကင်ပွန်းကိုင်းနှင့် ၇ ချက် ရိုက်ပါ။

၂၇။ ငါးခြောက်ကို ထွက်စေလိုသော် ထန်းကျင့်အသားနှင့် ၉ ချက် ရိုက်ပါ။

၂၈။ ပဝါကို ထွက်စေလိုသော် လက်ပံကိုင်းနှင့် ၉ ချက် ရိုက်ပါ။

၂၉။ အင်္ကျီကို ထွက်စေလိုသော် ဂန့်အိတ်ရွက်နှင့် ၃ ချက်ရိုက်ပါ။

၃၀။ မုန့်ဟင်းခါးကို ထွက်စေလိုသော် တောင်းထဲမှာ ဒေါင်းမြီးဘီးကို စိုက်ထားရမည်။

၃၁။ ငှက်ပျောသီးကို ထွက်စေလိုသော် မန်ကျည်းကိုင်းနှင့် ၇ ချက်ရိုက်ပါ။

၃၂။ ဝါးကိုထွက်စေလိုသော် ဒန့်သလွန်ကိုင်းနှင့် ၁၅ ချက် ရိုက်ပါ။

၃၃။ ထရံကိုထွက်စေလိုသော် ရင်းတိုက်ကိုင်းနှင့် ၁၅ ချက် ရိုက်ပါ။

၃၄။ သက်ငယ်ကို ထွက်စေလိုသော် ကသစ်ကိုင်းနှင့် ၁၅ ချက် ရိုက်ပါ။

၃၅။ ငံပြာရည်ကို ထွက်စေလိုသော် ရေမန်ကျည်းကိုင်းနှ ၁၁ ချက်ရိုက်ပါ။

၃၆။ တညင်းသီးကို ထွက်စေလိုသော် စက်ကတုံးကိုင်းနှ ၁၀ ချက်ရိုက်ပါ။

၃၇။ မျှစ်ကို ရောင်းထွက်စေလိုသော် နပဲကိုင်းနှင့် ၁ ချက်ရိုက်ပါ။

၃၈။ ထင်းနှင့်ဓနိကို ထွက်စေလိုသော် နွယ်နီကိုင်းနှင့် ၁ ချက်ရိုက်ပါ။

၃၉။ စာအုပ်ကိုထွက်စေလိုသော် ဩဇာကိုင်းနှင့် ၄ ချ မှန်မှန် ရိုက်ပါ။

၄၀။ ဆေးလိပ်ကို ထွက်စေလိုသော် ဝါးစိမ်းကိုင်းနှင့် ချက် ရိုက်ပါ။

"အစ်ကို…ရေးကူးလို့တော့ ပြီးသွားပြီ။ ဘာဆ လုပ်ရဦးမလဲ"

"ဆက်လုပ်စရာတော့ မရှိပါဘူး။ ထပ်မှာစရာ တယ်။ ရေးကူးထားတာတွေက အလွယ်တကူသိအောင ပါ။ အဓိကတော့ နည်းဥပဒေသအတိုင်း တစ်သဝေမတိ ဆောင်ရွက်ဖို့က ပိုအရေးကြီးပါတယ်။

ဆိုလိုတာက နံပါတ်(၂၉)မှာ မောင်သန်းဇော် ကူး ထားတဲ့ အကြောင်းလေးကို ပြန်ဖတ်ကြည့်စမ်း"

"၂၉ မှာ အင်္ကျီကိုထွက်စေလိုရင် ဂန့်အိတ်ရွ နဲ့ရိုက်တဲ့"

"ဂန့်အိတ်ဆိုတာက အင်္ကျီရဲ့ ပြောင်းပြန်ကာက်က အင်္ကျီရဲ့ ပြောင်းပြန်ကာက်ကင်းဖြစ်တဲ့ ဂန့်အိတ်ရွ ကို မသုံးဘဲ အင်္ကျီရဲ့ပြောင်းပြန်ကာက်ကင်းဖြစ်တဲ့ ကျီး ရွက်၊ ကျီးအာကိုင်းကိုလည်း အသုံးပြုလို့ရတယ်ဆို သညာဆိုတဲ့ မှတ်သားမှုကနေ ပညာဆိုတဲ့ ကြံဆ ပြုမှုကိုလည်း ကြံစည်လုပ်ကိုင်လို့ရတယ်။ နည်းဥပ မဖောက်မဖျက်ရင် ပြီးတာပဲ။ ဒီနေ့လည်း ဒီမျှလော နားလိုက်ကြဦးစို့။

ဘုန်းပြ



www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ

## မျိုးသန်းထွန်းကို(ရေစကြို)

ပြည်မြို့အနီးပေါက်ဧသာ သခွတ်ဝါခေါ်သည့် နွယ်ပင်တစ်မျိုးကို သုံးခွက်တစ်ခွက်တင်ကျို၍ တစ်နေ့ လေးငါးကြိမ်သောက်ပါ။ သခွတ်ဝါ ပဥ္စငါးပါးကို အခြောက်လှန်း၊ အမှုန့်ကြိတ်၊ ကန်စွန်းရိုးနီ(လယ်ကန်စွန်း) မကျက်တကျက်ကြော်၍ သခွတ်ဝါမှုန့်အနည်းငယ်ဖြူး၍ နေ့စဉ်စား။

### တီဘီရောဂါ

ယမ်း၊ ဝက်၊ သိန်၊ လက် တစ်စတတ် တီဘီရောဂါ တိုက်ဖြိုဖျက်။

ယမ်းစိမ်း(ယမ်း) တစ်ကျပ်သား၊ ဖဝက်သာ(ဝက်) နှစ်ကျပ်သား၊ သိန္ဓော(သိန်) လေးကျပ်သား၊ လက်ချား(လက်) ရှစ်ကျပ်သား၊ ပေါင်း ၁၅ ကျပ်သား။

ဆေးရင်း တစ်မတ်သားတွင် ပျားရည်တစ်ကျပ်သားရောပြီး ခဏခဏလျက်ပေးပါ။ အပူအစပ်၊ အစားရှောင်ပြီး အေးပွင့်သည့် အစာတွေ စားနိုင်ပါသည်။

### အစာအိမ်ရောဂါ

(က) ပထမခုနစ်ရက် နံနက်မျက်နှာသစ်ပြီး ကြက်ဥသုံးလေးလုံးကြိတ်၍ ကြက်ဥခလောက်အထဲ ထည့်မွှေ၊ ဆားမထည့်၊ မြေပဲဆီ(ဝါ)နှမ်းဆီဖြင့်ကြော်၊ အခြားအစာများ မစားခင်စားပါ။

(ခ) ဒုတိယခုနစ်ရက် မျက်နှာသစ်ပြီး နွားနို့အစိမ်း(ဝါ)အကျက် (ဘောမထည့်) အဝသောက်။

(ဂ) တဝဒ်ယခုနစ်ရက် မျက်နှာသစ်ပြီး သဘော်သီးမှည့်အဝစား။

### အင်ပျဉ်

တမာရွက်၊ ရှောက်ရွက်၊ သံပရာရွက်များကို သင့်တော်သလိုပြုတ်၊ ရေနွေးရောစပ်၊ နေ့လယ်ခင်းမှာ ရေချိုးပေးပြီးလျှင် သန့်စင်အောင်ပြုလုပ်ပြီး၊ နံ့သာဖြူစစ်စစ်ကို သံပရာရည်နှင့် ကျောက်ပျဉ်မှာသွေး၍ တစ်ကိုယ်လုံးလိမ်း။

### နီးနာပြည်ပေါက်လွယ်ရန်

ချဉ်ပေါင်ရွက် ငါးကျပ်သား၊ ဆားတစ်ဖွန်း ရောကြိတ် အနာသိပ်။

### နှာခေါင်းသွေးလျှံ

ကလေး၏ ခြေမနှစ်ဖက်လုံးကို ထုံးဖြင့်သုတ်လိမ်းပေးပါ။

### ထုံးပေါက်

နှမ်းဆီစစ်စစ်ကို လက်ဖြင့်တို့၍ ထုံးပေါက်သည့်လျှာ၊ နှုတ်ခမ်းတို့ကို သုတ်လိမ်းပေးပါ။

### ဝက်ခြံပျောက်ဆေး

ဘယဆေးဆိုင်မှ ခုံညှင်းစေ့(မန်ကျည်းသီးပေါင်း) ကို ကျောက်ပျဉ်တွင် ရေအေးဖြင့် သနပ်ခါးသွေးသကဲ့သို့ သွေး၍ မကြာခဏလိမ်းပေးရန်။

### ဆံပင်နက်ဆေးတစ်လက်

ကြောင်လျှာသီး အရွက်၊ အပွင့်တို့ကို ဟင်းလျာအဖြစ်လည်းကောင်း၊ ပြုတ်၍၊ ကြော်၍၊ သုပ်၍လည်းကောင်း နံနက်ည အဆင်သင့်ရှိ စားပေးရန်ဖြစ်သည်။

ကြောင်လျှာသီးပြုတ်ရာတွင် အချိန်အတိုင်းအတာသတိပြုရန်လိုသည်။ အချိန်ကြာမြင့်ပါက အာဟာရဓာတ်လျော့သွားနိုင်သည်။ ကြောင်လျှာအရွက်၊ အပွင့်တို့ကို ပြုတ်ရာတွင် ရေကိုဆူအောင်ထားပြီးမှ ထည့်ကာ အဖုံးကို လုံ



www.burmeseclassic.com

www.burmeseclassic.com

အောင်ပိတ်ထားပါ။ အငွေ့သေမှ အဖုံးဖွင့်သော် အာဟာရ ဓာတ် ပြည့်ဝစွာ ရရှိနိုင်မည်ဖြစ်သည်။

## အသည်းခြောက်ရောဂါ

ရှားစောင်းလက်ပတ် အတွင်းသား တစ်ကျပ်သား နှင့် မုန့်လုပ်ထန်းလျက်အစစ် တစ်ကျပ်သားကို ရော၍လုံးပြီး ရက်သတ္တပတ်စားရန်။ သက်သာပါက တစ်ရက်ခြား၍ နောက်ထပ် တစ်ပတ်ဆက်စားရန်။

## ကာမစိတ်ခန်းခြောက်ပါက

ရှားစောင်းလက်ပတ် ၂၅ ကျပ်သား (အတွင်းသား အနှစ်) ထန်းလျက် ငါးကျပ်သား၊ ပျားရည် ငါးကျပ်သား၊ မန်ကျည်းသီးမှည့် ငါးကျပ်သား၊ စမုန်မျိုးငါးပါး ငါးပဲသား(၁ ပဲသားစီ) ယင်းအမျိုးအစားအတိုင်း မြေအိုးဖြင့် မတူးမချစ် အောင်ကျိုပြီး နံနက်၊ ညနေ ထမင်းစားပြီးတိုင်း လက်ဖက် ရည်တစ်ဇွန်းစီစားပါ။ မိန်းမများမီးဖွားပြီး လေးငါးရက် ကျော်ပါက သုံးစွဲပါ။ မီးယပ်ရောဂါ ပျောက်ကင်းပါသည်။ (ရှားစောင်းလက်ပတ်သည် အညာတွင် နှံပြတ်အောင်တို့ ရသည့် ရှားစောင်းလက်ပတ်ဖြစ်သည်။)

## ငှက်ဖျား

ရှားစောင်းကြီးအစေ့၊ ရွှေးစေ့တစ်စေ့ကို ပျားရည်ဖြင့် ရော၍ သောက်ပါ။ (ရှားစောင်းကြီးမှာ အညာတွင် အစိမ်း ရောင်ဖြစ်ပြီး သရက်ကင်းများတို့၌ရသော ရှားစောင်း ပင်ကြီးဖြစ်သည်။)

## ပန်းနာရင်ကျပ်

ပြေမြုကြီးခေါ် မုဆိုးရှက်ခြောက်အား မီးရှို့၍ရသော အငွေ့အား ရှူရှိုက်ခြင်း(မှိုင်းခံခြင်း)ပြုလုပ်ပါ။ မုရိုးပင်မှာ အစေးအဖြူများ ထွက်ရှိလေ့ရှိပြီး နွားနို့ထဲထည့်က နို့ခဲ စေ၏။

## ခါးနာ၊ ဒူးနာ၊ လိပ်ခေါင်း

နံနက်၊ ညနေ ထမင်းစားပြီးချိန်တွင် ဂျပန်မထိုင် သလို ခြေဖဝါးပေါ်တွင် တင်ပါးနဲ့ မိနစ် ၂၀ လောက်ထိုင် ပါ။ ပြီးလျှင် ခါးကို အားလူးပြုတ်ရည်နွေးနွေးလေး ဆွတ် ပေးပါ။

## လေရောဂါ

တောင်ခရုအခွံကို သံဆုံထဲ ထည့်ထောင်းပါ။ ပြီးက သံပရာရည်ညှစ်၊ ဆူတက်လာမည်။ အဆူရပ်က သောက်။ သုံးကြိမ်သောက်ရမည်။

## ဆီးအောင့်ရောဂါ

ကြံရည် တစ်ဖန်ခွက်တွင် ဓာတ်ပွိုလ်သီး၏ ငါးပုံ တစ်ပုံသွေး၍ ထည့်မွှေပြီး သောက်ပါ။

## ထိခိုက်ရှနာ

ကုန်းဗေဒါခေါ် ရှပ်ပြေးပင်ကို ထုထောင်း၍ အနာကို အုံပေးပါ။

## အဖုအပိမ့်

မြေအိုးသန့်သန့်တစ်လုံးတွင် သံသေရွှက် လက်တစ် ဆုပ်စာထည့်။ မြုပ်အောင် ရေသန့်သန့်ထည့်။ သုံးခွက်တစ် ခွက်တင်ကျို။ အအေးခံ၍ ရေဆာတိုင်း နေ့စဉ်သောက်ပေး။ မသောက်ခင် အမဲသားဇခြောက်ဖုတ်ကို တစ်နေ့ နှစ်ကြိမ် စားပေးပါ။

## မျက်စိနာ

ပျားရည်ညှစ်ပြီး ကျန်တဲ့ ပျားလပို့က ပျားရည်တစ် စက်လောက်ကို နာသည့်မျက်စိမှာခတ်။ ဖွတ်သည်းခြေ ရေစိမ်ပြီး မျက်စင်းခတ်။

## မျက်နှာအဆီမပြန်စေရန်

သနပ်ခါးအမြစ်တုံး သွေးထားတဲ့အထဲကို သံပရာ ရည် နှစ်စက်သုံးစက်ထည့်။ ဆားနှစ်ပွင့်သုံးပွင့်ထည့် သွေး လိမ်း။ နံနက်ည အိပ်ရာထ/ဝင် တစ်နေ့ နှစ်ကြိမ်လိမ်း။ အသားအရေ ဖြူဖွေးလာပါသည်။

## နှာခေါင်းသွေးယိုပါက

သန့်ရှင်းသော ဖလားထဲတွင် ဆားကို မုန့်ညင်းစေ့ ခန့်ထည့်လိုက်ပါ။ ရေအေးအေးကို နှာခေါင်းမြုပ်သည် အထိထည့်လိုက်ပါ။ လက်ကိုသန့်ရှင်းအောင်ဆေးကြော၍ မွှေလိုက်ပါ။ ထို့နောက် နှာခေါင်းကိုမြုပ်၍ ဆေး-ငါးခါရှူ ဓာက်၍ အားရှိပါးရှိ ရှူလိုက်ပါ။ ယူပစ်သလိုပျောက်မည်။

www.burmeseclassic.com

### သွေးအန်ပါက

ကြံမြစ်ကို ရေစင်အောင်ဆေး ပြုတ်သောက်ပါ။

### ဌက်ဖျား

ဌက်ဖျားတက်ချိန်တွင် ငါးရံ့တစ်ထွာခန့်(မိမိလက်ဖြင့်ကိုင်၍) ရင်ခွဲပါ။ အတွင်းမှ ကလီစာများထုတ်၍ ရှိန်းနီတစ်ကျပ်သားခန့် ရင်ခွဲထားသော ကိုယ်လုံးအား သုတ်လိမ်း၍ မီးကင်စားပါ။ တစ်နေ့တစ်ခါ သုံးရက်ဆက် တိုက်စားပါ။

### နှာခေါင်းပိတ်ရောဂါ

ဇောသပွတ်သီးအစိမ်းကဲ့ အရည်ထွက်၊ အမြှုပ်ထလာအောင် နာနာပွတ်လိမ်ပြီး ထွက်လာတဲ့အရည်ကို သုံး–လေးခါလောက် အားရပါးရ ငယ်ထိပ်ရောက်အောင် ရှူနိုင်းပါ။ နှာရည်များ ယိုလာမည်။ နှစ်–သုံးရက်လောက် နှာစေးသလို နှာရည်များ မကြာမကြာ ထွက်လိမ့်မည်။ နှာရည်ရပ်ပါက ပျောက်သွားမည်။

### ဌက်ဖျား

ခဝဲခေ့ ၃၀ ကို အစေ့အခွံခွာပြီး အဆန် ၃၀ တိတိကို ထန်းလျက်ကို စုံခဲဖြင့်ရော၍ ညက်အောင်ထောင်းပြီး အလုံး ကိုးလုံးပြန်လုံးပါ။ တစ်နေ့ သုံးကြိမ်ခွဲ၍ သုံးရက် ရေနွေးဖြင့် သောက်ပါ။

### မျက်မှန်ဆောင်သူများ

ရေမစိုသေးသော အဝတ်လျှော် ဆပ်ပြာမှုန့်ဖြင့် မှန်နေရာအနှံ့သုတ်ပြီး အဝတ်ခြောက်သန့်သန့်ဖြင့် ပြန်သုတ်ပေးပါ။ ချွေးပြန်၍ မျက်မှန်အစိုရိုက်ပြီး မှုန်သွားတာမျိုး ခြေစ်ပါ။

### ဝမ်းပျက်ဝမ်းလျှော

လက်ထုပ်ခေါက်(ဝါ)မင်းကွတ်သီးကိုသွေးပြီး ရေကျက်အေးဖြင့် ကော်ဖီဇွန်း သုံးဇွန်းသောက်ပါ။ လက်ထုပ်ခေါက်ဖြစ်ပါက သကြားကော်ဖီတစ်ဇွန်းထည့်။ မင်းကွတ်သီးဖြစ်က သကြားမထည့်ရ။ တစ်နေ့ သုံးကြိမ်သောက်ပါ။

### ကုမုဒြာကြာပန်း(ပန်းနာရင်ကျပ်)

ကြာဖြူ၊ နီ၊ ညို၊ ဝါ(ကုမုဒြာ)ကြာဟူ၍ လေးမျိုးရှိသည်။ ကြာဝါခေါ် ကုမုဒြာကြာသည် ကုန်းတွင်းပိုင်းတွင်းသာ ပေါက်သည်။ ကုမုဒြာကြာပန်းကို တစ်ပွင့်လုံးရိုးတံပါရအောင်ယူ၊ ကလေးအတွက်ဖြစ်က ဆေးသကြားတုံး သင့်သလိုထည့်၊ ပေါင်းအိုးဖြင့်ပေါင်း၊ ဆေးရည်ကို နေ့–ည တစ်ခါစီသောက်။ ပန်းနာရင်ကျပ်ပျောက်။

### ဂုံညင်းစေ့

ဂုံညင်းဆန်ကို အခွံခွာပြုတ်၍ ဓားနှင့်ပါးပါးလှီး၊ ထန်းလျက်ဖြင့် ယိုထိုးစား။ ဆီးပုပ်၊ ဆီးချုပ်၊ လေချုပ်၊ သွေးချုပ်၊ ယောက်ျားများ အညောင်းကျ၊ မိန်းမများ ဖြူ၊ နီဆင်းရောဂါ၊ အဖုအကျိတ်ရောဂါပျောက်။ သွေးစုနာဖြစ်လျှင် ဂုံညင်းသွေး၊ ရှိန်းနီဖြင့် ဖျော်လိမ်းပါက အနာနုလျှင် ပိန်မည်။ အနာရင့်လျှင် ပြည်ပေါက်ပျောက်မည်။

### ခွေးပျို့ထမ်းပိုးပေါက်လျှင်

လောက်သေရွက် မနုမကြမ်း အမှုန့်ပြု၍ ဖြူးပေး။

### အူကျရောဂါ

ခရမ်းသီး(ဝါ)လုံပန်းသီးတစ်လုံးကို ကလေး၏ အူကျနေသောဘက်ကို အသက်အောင့်၍ သရဏဂုံသုံးပါးကို နှလုံးသွင်းကာ ယုံကြည်စွာဖြင့် ခုနစ်ကြိမ်တို့လိုက်ပါ။ ထိုခရမ်းသီးကို မီးဖိုပေါ်တွင် ကြိုးဖြင့် တည့်တည့်ဆွဲလိုက်ပါ။

### ငရုတ်သီးခြောက်

ငရုတ်သီးခြောက် ထောင်းသောအခါ စပါးလင်၏ အတွင်းသား ဖြူဖွေးနေသည့်အူကို ထည့်၍ထောင်းပါ။ အရသာထူးပြီး နောက်ထပ်တစ်နပ်စားသည့်အခါ ညှီစော်မနံသည်ကို တွေ့ရမည်။

### ရှောက်သီး

ရှောက်သီးတစ်လုံးကို နူးအောင်ပေါင်းပြီး ဆားခါးငါးကျပ်သားဖြင့် ရောကျိုပြီး အောက်သို့ချ၊ ပျားရည်စစ်ထည့်တစ်ခါသောက်လျှင် ကော်ဖီတစ်ဇွန်း၊ တစ်နေ့ နှစ်ကြိမ်သောက်။ သွေးတိုးကျခြင်း၊ လေသက်သာမည်။ ဆီးချိုရောဂါ မထိခိုက်ပါ။

### ကြို့ထိုးကြီးရောဂါ

လေဖြတ်ပြီး လေငန်းရောဂါဖြစ်ကာ ကြို့ထိုးကြီး

www.burmeseclassic.com

ရောဂါ ဖြစ်နေပါက ဆင်သားရေးကို ပျားရည်ဖြင့်သွေးပြီး ကြွေဖွန်းတွင်ထည့်တိုက်ပါ။

### မျက်စိကြည်လင်စေရန်

ခြေဖဝါးကို ဆီနှင့်လိမ်း၊ ရေစင်အောင်ဆေးပြီး အိပ်ထဲတွင် ပွင့်ကန်စေသော ပရုပ်၊ အရက်နှင့် အခြား ဆေးဖက်ဝင်တို့ကို ထည့်လိမ်းက ပိုကောင်းသည်။

### မူးမော်၊ အစားမှား ရင်ပြည့်

ဇကရာဇ်ပင်အမြစ်ကို ကျောက်ပျဉ်မှာသွေး၍ ရသောအရည်ကို ဟင်းစားဇွန်းတစ်ဇွန်းတွင် ဆားအနည်းငယ် ထည့်သောက်၊ ပျောက်။ ဇကရာဇ်ရွက်ကို နေ့စဉ် ဟင်းချိုချက်သောက်ပါ။ တို့စားခြင်းပြုပါက သွေးတိုးဝေဒနာ ပျောက်သည်။

### အနာစက်

ကလေးငယ်၏ မျက်နှာ၊ ဦးခေါင်း၊ ပေါင်ပေါ်တွင် အနာစက်ဖြစ်လျှင် ကျပ်ခိုးမှုန့်နှင့် အုန်းဆီရောလိမ်း။ မပူ မစပ်ဘဲ ပျောက်။ ခန္ဓာကိုယ်အရေပြား ယားယံလျှင် ကန့်ဝါမှုန့်၊ ကွမ်းရွက်စိမ်း အတူကြိတ်ပြီး အုန်းဆီဖြင့်ရောလိမ်း။

### သီဟိုသရက်

အခေါက်ကို ပြုတ်သောက်လျှင် ဝမ်းလျှော၊ ဆီးချို၊ ကာလသားရောဂါ အနာများ၊ ပါစပ်တစ်ပိုက်ပေါက်သော အနာများပျောက်။

### အသည်းရောင်အသားဝါ(စည်သွတ်ဘူးများ)

ငါးသေတ္တာ၊ အမဲသားစည်သွတ်ဘူးများ စားသုံးရန် ဖောက်ပြီးပါက ၎င်းဘူးထဲတွင် ဆက်မထားနှင့်။ သံချေးနှင့် ပြင်ပလေတွေ့ပြီး အစာအဆိပ်ဖြစ်တတ်သည်။

### ခါးမတုတ်စေရန်

အမျိုးသမီးများ မီးနေစဉ် ခုနစ်ရက်အတွင်း အချိန်ရသလို မှောက်လျားထိုးမှောက်အိပ်ပါ။ အန္တရာယ်မရှိပါ။ ဆီးခုံမို့ခြင်း၊ ခါးတုတ်ခြင်းမရှိဘဲ နဂိုအပျိုရည်ကဲ့သို့ ပြန်ဖြစ်မည်။

### ဂန္ဓမာပင်(သီသူဇော်စား)

တစ်နှစ်နှင့် နှစ်ရှည်ခံဟူရှိ၍ အမြင့်သုံးပေထိရှိ၊ အပြွတ်လိုက်ပွင့်၊ အဝါရောင်အပွင့်များ နိုဝင်ဘာလမှ ဒီဇင်ဘာလထိပွင့်။ ၎င်းလတွင်ပွင့်သော အပွင့်ကိုခူး၊ ကန့်ငွေ့ဖြင့် နှစ်နာရီကြာအောင် ပိုးသတ်အခြောက်ခံထားပါ။ အိတ်များတွင် အပွင့်လိုက်ထည့်၍ ဖိစက်နှင့်ဖိ၍ သိမ်းဆည်း၊ အသက်ရှည်ဆေးအဖြစ် တာရှည်သုံးစွဲနိုင်။ နေ့စဉ် အပွင့်ရှစ်ပဲသားမှ တစ်ကျပ်သားထိ ပြုတ်သောက်နိုင်သည့်ပြင် အပွင့်ပြုတ်ရည်ဖြင့် အနာများ ဖန်ရည်ဆေးနိုင်။ ဆေးသည် သွေးကျစေသော သတ္တိရှိသဖြင့် မျက်စိကျိန်း၊ မူးဝေ၊ ဖျားခေါင်းကိုက်၊ မျက်စိနာ၊ သွေးတိုး၊ အရေပြား အပူနာပေါက်ခြင်း၊ သလိပ်များခြင်း ရောဂါများပျောက်။

### ကလေးချောင်းဆိုး

ခရေအစို တစ်ကျပ်သား၌ ရေသုံးမတ်သား တစ်ညရေ စိမ်တိုက်။ ခရေခေါက်၊ ဆီးဖြူခေါက်၊ ရှားခေါက် အမှုပြုတ် ငါးကြိမ်မျှငုံထွေး။ ပါးစပ်အတွင်းမှ မွဲခရုနာ၊ သွားဖုံးရောင်ခြင်း၊ ပါးစပ်အပူလော,င်ခြင်းများ ပျောက်သည်။

### ဝါးကျောက် (ဝါ) ဝါဆန့်

ဝါးအတွင်း၌ လက်ဖြင့်ခြေက အမှုန့်ဖြစ်သွား၏။ ကြသောင်းဝါးအတွင်း၌ အများဆုံးပါ၏။ ဝါးကျောက် အနည်းငယ်ကို ရောစပ်၍တိုက်ပါက ဆီးအောင့်ရောဂါ ပျောက်။ တားရှု၊ ဝါးရှု ဒဏ်ရာများကို ဝါးကျောက်ဖြူးပေးပါ။ အသက်ကြီးသူများ ပျားရည်ဖြင့်တေကာ နေ့စဉ် နံနက်၊ ညနေ လက်ဖက်ရည်တစ်ဇွန်းစီ သုံးဆောင်က စားဝင်၊ အိပ်ပျော်၊ အသက်ရှည်မည်။ ဝါးကျောက်သည် နု၏။ ပွစိစိရှိ၍ အာနိသင်မရှိ။ ဖြူဖွေး၍ နွားနို့အဆင်းရှိ။

### သံလိုက်ကုထုံး

ကမ္ဘာကြီးသည် ကြီးမားသော သံလိုက်တုံးကြီးဖြစ်ပြီး တောင်နှင့်မြောက် ဝင်ရိုးစွန်းများပေါ်ရှိ မြက်ခင်းပြင်ပေါ် ဖိနပ်မပါ ဗလာခြေထောက်ဖြင့် လမ်းလျှောက်ခြင်းဖြင့် အလွန်ပင် ပန်းနွမ်းနယ်မှုကို ပြေပျောက်စေပြီး ခန္ဓာကိုယ်တွင်းနှင့် စိတ်တွင်းမှ ထုံထိုင်း၊ မှိုင်းမှုန်မှုကို ပြေပျောက်စေသည်။

ကျွန်ုပ်တို့အိပ်နေစဉ် ဦးခေါင်းကို မြောက်ဘက်၊



www.burmeseclassic.com

www.burmeseclassic.com

ခြေထောက်ကို တောင်ဘက်ထား၍ အိပ်စက်ပါက သံလိုက်တတ်စီးဝင်နေမှုကို ချောမွေ့စေပြီး အိပ်မက်များမက်၍ အေးချမ်းစွာ အိပ်ပျော်မည်။ သံလိုက်တတ်စွမ်းအင်သည် သေခါနီးလူကို အထက်ပါအတိုင်း လဲလျောင်းစေပါက ဝေဒနာလျော့ပါးကာ ထာဝရမေ့စက်သည့်အထိ ရောက်ရှိစေသည်။ လက်ရှိဆန်းစစ်ချက်အရ အရှေ့ဘက်သို့ ဦးခေါင်းပြုအိပ်က ပိုမိုအနားရကာ ငြိမ်းအေးစွာ အိပ်ပျော်စေနိုင်ပါသည်။

## သွေးတိတ်ဆေး

ဘီလူးမတော့င်ဖူးရွက်အား ခူးယူထုထောင်း၊ အနာပေါ်အုံပေးပါ။

## အနာသမားများအတွက်

ပင်စိမ်းရွက်နှင့် ငရုတ်ကောင်းစေ့ အတူရောပြီး ထုထောင်း၊ အနာပေါ်အုံပေး။ အလွယ်တကူရနိုင်လျှင် ရှိန်းနှင့် ရေနံသွေးပြီး ငရုတ်ကောင်းမှုန့် အနည်းငယ်ထည့် သောက်ပေး။

## သွေးဆုံးမီးယပ်

ထမင်းရည်ပူ ၁၀ ကျပ်သားနှင့် ပျားရည်သုံးကျပ်သားတွင် ကြက်ဥတစ်လုံးဖောက်ထည့် မွှေပြီးသောက်ပါ။ ထမင်းရည်နဲ့ပျားရည် ဆတူရောထည့်နိုင်သည်။

## ဆီးကျောက်ဆင်းစေသောနည်း

ခေါင်းလျှော်တဲ့ တရော်လက်တစ်ဆစ်နဲ့ သံမနိုင်ကျောက်မနိုင် လက်တစ်ဆုပ်ကို သုံးခွက်တစ်ခွက်တင် ကျိုသောက်၊ ငါးရက်ကြာလျှင် ကျောက်ကြွေပြီး ဆီးနှ အတူကျသည်။

## ရေသောက်နည်း

နံနက်အိပ်ရာထလျှင် ရေအေးတစ်ခွက်(ဝါ) ဆားရည်ခပ်ကျဲကျဲ တစ်ခွက်သောက်ပါ။ ကျန်းမာပျော်ရွှင်သောက်ရှည်မည်။

## လေဖြတ်၊ လေဖြန်း ဝေဒနာရှင်များ

ကျွန်းသားနှင့် ကောက်ရိုး ဆတူရော သုံးခွက်တစ်ခွက်တင်ကျို၍ ရေဆာတိုင်းသောက်ပါ။

## နှလုံးရောဂါ

ဆင်ငိုမြက်ရှည်ကို ပခွါးပါးရေ စင်အောင်ဆေးပြီး သုံးခွက်တစ်ခွက်တင် ကျိုပြုတ်၊ လေးငါးရက်သောက်။

## သွားများခိုင်မာစေရန်

ကျောက်ချဉ်နှင့် ငရုတ်ကောင်းစေ့ကို သံဆုံတွင် ဆတူရောထောင်း (ညက်အောင်ထောင်း) နံနက်အိပ်ရာထ သွားများကို ပွတ်တိုက်ပေးပါ။

## ဆီးချိုသွေးချို

ရှောက်သီးအမှည့် ကြီးကြီးတစ်လုံး၊ ဆင်တုံးမနွယ် လက်ငါးဆစ်(ဝါ)အမှုန့် နှစ်ကျပ်ခွဲသား၊ ထန်းလျက်ငါးလုံး သမအောင်ရောမွှေ၍ ဖန်ဘူး(ဝါ)ပုလင်းထဲထည့်၊ အဖုံးဖွင့်နေခုနစ်ရက်လှန်း၊ ရက်ပြည့်လျှင် ဟင်းခပ်ဇွန်းဖြင့် တစ်နေ့သုံးခါစား။ ရောဂါရင့် တစ်လ၊ နုလျှင် နှစ်ပတ်။

## ဆံကေသာအလှမပျက်စေရန်

ငှက်ပျောပင်၏ပင်စည် တစ်ပေအမြင့်လောက်တွင် ဓားဖြင့် အနာမဖြစ်အောင် ထိုးလိုက်ပါ။ ထိုအနာထဲသို့ စတီးဇွန်းကို မှောက်ခုံထည့်လိုက်ပါ။ အနာမှ စတီးဇွန်းတစ်လျှောက် ငှက်ပျောရည်များ တစက်စက်ကျလာမည်။ ဖန်ခွက်ဖြင့်ခံ၍ ငါးကျပ်သားရလျှင် လုံလောက်၊ တစ်နေ့ထားပြီး ဆံပင်မပေါက်သောနေရာများ လိမ်းပေးပါ။ ဦးရေပြားပူသူများ လိမ်းပေးပါ။ ခြောက်လိုက်၊ လိမ်းလိုက်လုပ်ပါ။

## မျက်စိကြည်လင် ဆံပင်နက်အားတိုးဆေး

နှမ်းနက် တစ်ကျပ် သား၊ ကြွှတ်မှန်ရွက် တစ်ကျပ်သား၊ ဆီးဖြူသီး တစ်ကျ သား အမှုန့်ကြိတ်၊ ပုလင်းထဲတွင် လေလုံအောင်ပိတ်ဆို့ထားပါ။ ပျားရည်ဖြင့် နံနက်၊ ည တစ်ကြိမ်စီ ကော်ဖီဇွန်းတစ်ဇွန်း စားပေးပါ။ လူ့ဝရုပ်ပျိုလှပစေသည်။ ဆေးစားပြီး ၁၀ မိနစ်ကြာ ရေအေးအေး တစ်ခွက်သောက်။ ခြောက်လထိဆက်တိုက်စားပါက ဆံပင်နက်ပြီး မျက်စိကြည်လင်သည်။

(ဆက်လက်ဖော်ပြပါဦးမည်)

မျိုးသန်းထွန်းကို(ရေစကြို)

09-2300014



www.burmeseclassic.com

www.burmeseclassic.com



# ကလေး လေဆန်နာ၊ သူငယ်နာ

# ဝမ်းကိုက်၊ အိပ်ပျော်တဲ့ဆေး

ဝင်းဇော်(သုံးဆယ်)

သည်နေ့ တနင်္ဂနွေနေ့ ဖြစ်လေသည်။ ကျွန်ုပ်အလုပ်လုပ်သည့် ဂေဇက်မှ အလုပ်ရုံ၏ ပိတ်ရက်ဖြစ်သည်။ ကျွန်ုပ်သည် ဘယ်မှမသွားဘဲ စာရေးနေမိလေ၏။ ထိုအချိန်တွင် သာကေတတွင်နေထိုင်သော ကိုသိန်းဇော်သည် ကျွန်ုပ်ထံသို့ ရောက်လာလေ၏။ သူ၏ လသားအရွယ် သားငယ်မှာ တအားငိုကြွေးနေသဖြင့် ဆရာဝန်အား ပြသကြည့်ရာ ဆေးထိုး၊ ဆေးပြားများ ပေးလိုက်၍ ကလေးကိုတိုက်ကျွေးသည်။ ကလေးက ညတိုင်း အော်ဟစ်ကာ ငိုနေဆဲ။ မိဘနှစ်ပါးနှင့် အဘိုးအဘွားများမှာ အိပ်ရေးပျက်တာကြာလေပြီ။ သားငယ်အတွက် စိုးရိမ်ပူပန်နေ… သည်။ ကျွန်ုပ်ကို သူ့သားငယ်ကိုလို… ကြည့်ပြီး ဆေးပေးပါဟု အကူအ… တောင်းသည်။

အလုပ်ပိတ်ရက်တွင် စာ… ပြီးအောင်ရေးချင်သော ကျွန်ုပ်မှာ … ကေတမှ ကိုသိန်းဇော်၏… သို့ လို…



www.burmeseclassic.com

www.burmeseclassic.com

လာခဲ့ရသည်။ ကလေးငယ်မှာ ခုနစ်လသားရှိသေးသည်။ ကလေးက ဝဝကစ်ကစ်နှင့် ချစ်စရာလေးပါ။ မိဘနှစ်ပါးနှင့်မတူ။ တစ်သွေးတစ်မွေးလေးပါခင်ဗျာ။

ကျွန်ုပ်က ကလေးငယ်၏အခြေအနေကိုအကဲခတ်ကြည့်သည်။ ကလေးဖြစ်နေသော ရောဂါဝေဒနာကို အတပ်သိလိုက်သည်။

"ကိုသိန်းဇော်. . .မင်းရဲ့သားက ကလေးလေဆန်နာ ဖြစ်နေတာကွ။ မင်းမိန်းမကို ခရာပင်ရွက်နု ဟင်းခါးချက်သောက်ခိုင်းကွ။ မင်းတို့ သာကေတမှာတော့ ခရာပင်တွေ ရှိ/မရှိ မသိဘူး။ ငါက အခုမှ ရောက်ဖူးတာကိုး။ ငါတို့ ဒဂုံမြို့နယ်တောင်ပိုင်း မြောက်ပိုင်းမှာတော့ ပေါမှပေါကွာ"

"ခင်ဗျားကို လိုက်ပို့ပေးရင်း ဒဂုံမှာ ခူးလာမယ်"

"ကလေးကို ကြက်သွန်ဖြူဥတစ်လုံးမီးဖုတ်ပြီး အရင်ကျွေးထားပေါ့။ အင်း. . .တစ်လက်စတည်း ပြောခဲ့ဦးမယ်။ ကလေး သံထိုးတယ်ထင်ရင် ဆေးပုပ်ပြုတ်ရည် တိုက်လို့ရတယ်။ ခွေးသေးပန်းရွက်၊ ကြိတ်မှန်ရွက် အညီအမျှစပ်ပြီး ရှိန်းခိုထည့်ကြိတ်၊ သတ္တုရည်ကို မိခင်နို့ရည်နဲ့ရောပြီး တိုက်လို့ရတယ်။ ဒန့်သလွန်သီးအစိမ်း ယောင်းတိုက်လည်းရတယ်"

ထိုစဉ် ကိုသိန်းဇော်၏ အိမ်ပေါ်သို့ နှစ်နှစ်သားကလေးငယ်ကို ချီထားသော မိခင်တစ်ဦး တက်လာသည်။

"ကိုသိန်းဇော်တို့အိမ်မှာ ဆေးဆရာရောက်နေတယ်ပြောလို့ လာခဲ့တာ"

"ကိုသိန်းဇော်. . . မင်းရဲ့သားက ကလေးလေဆန်နာ ဖြစ်နေတာကွ၊ မင်းမိန်းမကို ခရာပင်ရွက်နု ဟင်းခါးချက်သောက်ခိုင်းကွ၊ မင်းတို့ သာကေတမှာတော့ ခရာပင်တွေ ရှိ/မရှိ မသိဘူး၊ ငါက အခုမှ ရောက်ဖူးတာကိုး၊ ငါတို့ ဒဂုံမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းမှာတော့ ပေါမှပေါကွာ"

"ဟာ. . .ကျုပ်က ဆေးဆရာမဟုတ်ပါဘူး။ ကိုသိန်းဇော်သား နေမကောင်းဘူးဆိုလို့ သတင်းလာမေးတာပါ"

"ကဲပါ စာရေးဆရာရယ်. . .ဒီကလေးနေမကောင်းတာလည်း ကြာပြီဗျ။ ဒီအစ်မနဲ့ ရပ်ဆွေရပ်မျိုးဖြစ်နေလို့ အခြေအနေကြည့်ပြီးတော့ ဆေးပေးလိုက်ပါဗျာ"

ကိုသိန်းဇော်က မေတ္တာရပ်ခံသဖြင့် ကျွန်ုပ်မှာ မ နသာတော့။ မိခင်ရင်ခွင်ထဲတွင် ငိုက်နေသောကလေးငယ်ကို အကဲခတ်ရသည်။ မိခင်ဖြစ်သူအား သိလိုသမျှကို မေးမြန်းရလေသည်။

"ခင်ဗျားသားက ကလေးသူငယ်နာ ဖြစ်နေတာပဲ။ သူငယ်စာ ဝက်မျောသီးကို အခွံမီးဖုတ်ပြီး အသားကျွေးပါ။ ခင်ဗျားက ကြိတ်မှန်ရွက်နဲ့ ငါးကြင်းသားကို ဟင်းချက်စားပါ။ နို့ရည်ကတစ်ဆင့် ကလေးကို ဆေးတိုက်ပြီးသား ဖြစ်သွားမယ်။ ခင်ဗျားက စားချင်တာတွေ လျှောက်စားပြီး ကလေးဝမ်းဖောဝမ်းယောင် ဖြစ်ခဲ့ရင် ဆိတ်ဖူး။ လင်းနေ၊ စမုန်နက်၊ ကြက်သွန်ဖြူ လေးမျိုးကို အညီအမျှနော်။ အဲဒီအထဲ ဆား ကနဲ အနည်းအပါးထည့်ပြီး မီးကျွမ်းအောင် လှော်ပြီး ကလေးတိုက်ကျွေးပါ။

ကလေးဝမ်းကိုက်တယ် ထင်ရင် မြင်းခွာရွက် ငါးရွက်ကို သကြား၊ စမုန်ဖြူ အနည်းငယ်စီနဲ့ရောပြီး ကြိတ်၊ ကလေးကိုကျွေးပေးပါ။ ကလေး ကျောပူခေါင်းပူရင် ခွေးသေးပန်းရွက်၊ ကြိတ်မှန်ရွက် အညီအမျှကို ရှိန်းခိုထည့်ပြီး ကြိတ်။ ရရှိတဲ့သတ္တုရည်ကို ငယ်ထိပ်ပါးပါးလိမ်းပေး။

ကလေးမအိပ်ရင် တောင်ဆီးဖြူမြစ်ပြုတ်ရည်ထဲ သကြားနည်းနည်းထည့်ပြီး ကလေးကို မကြာခဏတိုက်ပေတော့။ ကလေးမအိပ်တော့ မိဘတွေ အိပ်ရေးပျက်တာပေါ့နော်"

ကျွန်တော့်စကားကြောင့် အားလုံး ပွဲကျသွားသည်။ ထို့နောက် ကျွန်ုပ်သည် ကိုသိန်းဇော်နှင့်အတူ တောင်ဒဂုံသို့ ပြန်လာခဲ့လေတော့၏။

ဝင်းဇော်(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com


# အာဟာရပြည့်ဆေးဖက်ဝင် သီးနှံအစားအစာများ

■ သုတေသီဆရာငြိမ်

## အစွမ်းထက် ဆေးဖက်ဝင် မုန်ညင်းပင်

မုန်ညင်းသည် ဟင်းရွက်အမျိုးအစားတွင် ပါဝင်ပြီး လူတို့၏ ကျန်းမာရေးကို များစွာအထောက်အကူပြုပေသည်။ အထူးသဖြင့် ကယ်လိုရီနှင့် အဆီဓာတ်ပါဝင်မှု နည်းပါးသည့် အတွက်ကြောင့် ကိုလက်စထရောကို ကျစေနိုင်သဖြင့် ခန္ဓာကိုယ်အလေးချိန် ပုံမှန်ထိန်းသိမ်းလိုသူများအတွက် အထောက်အကူပြုပေသည်။

မုန်ညင်းသည် အမျှင်ဓာတ် ကြွယ်ဝစွာပါဝင်သော ဟင်းရွက်အမျိုးအစားဖြစ်သည်။ သို့ဖြစ်၍ ဝမ်းချုပ်သူများ စားသုံးရန် အထူးပင် သင့်လျော်၏။ ထို့ပြင် အူကင်ဆာဖြစ်ပွားမည့် အန္တရာယ်မှလည်း ကာကွယ်တားဆီးပေးနိုင်၏။ မုန်ညင်းတွင် Magnesium အလုံအလောက် ပါဝင်သည့် အတွက်ကြောင့် နှလုံးသွေးကြောနှင့် သက်ဆိုင်သော ရောဂါဝေဒနာများကို ထိရောက်စွာ ကာကွယ်တားဆီးပေးနိုင်စွမ်း ရှိပေသည်။ ထို့မျှမက ဗီတာမင် K နှင့် ကယ်လစီယမ်တို့





အမြောက်အမြားပါဝင်သည့်အတွက်ကြောင့် အရိုးကျန်းမာ
အဆစ်ကျန်းမာရေးတို့ကို များစွာမှအထောက်အကူပြုပေသည်

မုန်ညင်းတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝ
မြင့်မားသည့်အပြင် Indoles, Carotenes, Lutein ဓာ
တို့ ပါရှိသည့်အတွက် အူမကြီးကင်ဆာ၊ ရင်သားကင်ဆ
သားဥအိမ်ကင်ဆာများနှင့် ကင်ဆာဆဲလ်များ ပြန့်ပွာ
ထွားလာမှုကို ဟန့်တားပေးပါသည်။ သို့ဖြစ်၍ သွေးဆုံး
အမျိုးသမီးများအနေဖြင့် အထူးပင် စားသုံးပေးသင့်ပါသ

မုန်ညင်းတွင်ပါဝင်သော ဗီတာမင် A ဓာတ်က အ
ပြားကျန်းမာရေးကို အထောက်အကူပြုရုံသာမက အမြင်
ရုံကိုလည်း တိုးတက်ကောင်းမွန်စေသည်။ ဦးနှောက်အ
ကြော ပျက်စီးခြင်းနှင့် အယ်လ်ဇိုင်းမားရောဂါဝေဒနာမျ
ကောင်းစွာအကျိုးပြုပေသည်။ လတ်ဆတ်သော မုန်ညင်း
ဖောလစ်အက်ဆစ် (Folic Acid) ပမာဏ အမြောက်အ
ပါရှိသဖြင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများ မုန်ညင်းကို
မှန်စားပေးပါက မွေးဖွားလာသော ရင်သွေးငယ်တွင် အ

www.burmeseclassic.com

www.burmeseclassic.com

ကြောရောဂါ ပြဿနာများ ဖြစ်နိုင်ခြေနည်းပါးပေသည်။

ထို့ပြင် မုန်ညင်း၌ ဗီတာမင်စီဓာတ် အလုံအလောက် ပါဝင်သည့်အတွက်ကြောင့် တုပ်ကွေးရောဂါများ အလွယ်တကူ မကူးစက်နိုင်ဘဲ ကိုယ်ခံစွမ်းအားကိုလည်း မြှင့်တင်ပေးနိုင်ပါသည်။ မုန်ညင်းတွင် Favonoids ပါဝင်သည့်အတွက် ပုံမှန် စားသုံးပေးသွားရုံဖြင့် ပန်းနာရင်ကျပ်ရောဂါကို သက်သာလာစေသည့်အပြင် အဆုတ်ကင်ဆာကိုလည်း ကာကွယ်တားဆီးပေးပါသည်။ တစ်ဖန် Nicotinic အက်စစ် ပါရှိသည့်အတွက်ကြောင့် Pellagra ခေါ် အာဟာရချို့တဲ့မှုကြောင့် အရေပြားများ အက်၍ ကြမ်းတမ်းခြင်းများကို သက်သာလာစေနိုင်ပါသည်။ ထို့ပြင် မုန်ညင်း၌ Provitamix A ဓာတ် ပါရှိသည့်အတွက် အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သည်။ သို့ဖြစ်၍ စီးကရက်သောက်သူများနှင့် စီးကရက်မီးခိုးငွေ့ ရှူရှိုက်မိသူများအဖို့ မုန်ညင်းကို အဆုတ်သန့်ဆေးအဖြစ် အားထားစားသုံးသင့်ပေသည်။

မုန်ညင်းဆီသည် မုန်ညင်းမှ ထုတ်ယူရရှိသော ဆီဖြစ်ပြီး ကျန်းမာရေးအတွက် လွန်စွာမှ အထောက်အကူပြုပေသည်။

> မုန်ညင်း၌ ဗီတာမင်စီဓာတ် အလုံအလောက် ပါဝင်သည့်အတွက်ကြောင့် တုပ်ကွေးရောဂါများ အလွယ်တကူ မကူးစက်နိုင်ဘဲ ကိုယ်ခံစွမ်းအားကိုလည်း မြှင့်တင်ပေးနိုင်ပါသည်။ မုန်ညင်းတွင် Favonoids ပါဝင်သည့်အတွက် ပုံမှန် စားသုံးပေးသွားရုံဖြင့် ပန်းနာရင်ကျပ်ရောဂါကို သက်သာလာစေသည့်အပြင် . . .

၁။ မုန်ညင်းဆီဖြင့် ခန္ဓာကိုယ်နေရာအနှံ့ လိမ်းကျံပြီး နှိပ်နယ်ပေးပါက ခန္ဓာကိုယ်အတွင်းရှိ အဆိပ်အတောက်များနှင့် ပိုလျှံသော ရေများသည် ချွေးအဖြစ် ထွက်ရှိလာစေရန် မုန်ညင်းဆီက လှုံ့ဆော်ပေးနိုင်စွမ်း ရှိပါသည်။ ထို့ပြင် ခန္ဓာကိုယ်အပူချိန်ကိုလည်း ထိန်းညှိပေးပါသည်။ အသားအရေခြောက်သွေ့ခြင်းနှင့် နေလောင်ဒဏ်ရာများအတွက် မုန်ညင်းဆီကို အလှဆီအဖြစ်လည်း လိမ်းကျံပေးနိုင်ပါသည်။

၂။ မုန်ညင်းဆီဖြင့် ဦးရေပြားကို နှိပ်နယ်ပေးပါက ဆံပင်ကျွတ်ခြင်းကို ကာကွယ်ပေးပြီး ဆံပင်များကိုလည်း သန်စွမ်းနက်မှောင်စေပါသည်။

၃။ မုန်ညင်းဆီသည် (ရှီးရာကုထုံးနည်းများအရ) သွေးတိုးရောဂါနှင့် နှလုံးရောဂါများအတွက် အထူးပင် သက်သာလျော့ပါးစေသည့်အတွက် ပုံမှန်သောက်သုံးပေးသင့်ပါသည်။

၄။ မုန်ညင်းစေ့နှင့် မုန်ညင်းဆီကို စားသုံးပေးခြင်းဖြင့် သွေးဆုံးကိုင်ဝေဒနာများကို သက်သာစေပါသည်။ ထိုမျှမက အစာချေစနစ်ကို တိုးတက်ကောင်းမွန်စေပြီး နှုတ်ကို မြိန်စေပါသည်။

၅။ နို့စို့အရွယ်ကလေးများ ရင်ပြည့်ရင်ကယ်မဖြစ်စေရန်အတွက် ဝမ်းဗိုက်နှင့် ရင်ဘတ်တို့ကို မုန်ညင်းဆီဖြင့် အသာအယာပွတ်နယ် လိမ်းကျံပေးနိုင်ပါသည်။

မုန်ညင်းသည် ကျောက်ကပ်နှင့် ဆီးအိမ်တို့ကို ကောင်းကျိုးပြု၏။ သို့ရာတွင် မုန်ညင်းထဲ၌ Oxalate ဓာတ် ပါရှိသည့်အတွက်ကြောင့် ဆီးလမ်းကြောင်းတွင် ကျောက်တည်သော ဝေဒနာရှင်များ စားသုံးရန် မသင့်တော်ပါပေ။ ထို့ပြင် Goitrogens ဓာတ်တစ်မျိုးလည်း ပါရှိပေရာ ၎င်းဓာတ်သည် သိုင်းရွိုက်ဟော်မုန်း ထုတ်လုပ်ခြင်းကို အဟန့်အတားဖြစ်စေသောကြောင့် သိုင်းရွိုက်ဝေဒနာရှင်များအဖို့ မုန်ညင်းကို ရှောင်ရှားသင့်ပါသည်။

မည်သို့ဖြစ်စေ မုန်ညင်း၏ စွမ်းအင်အာနိသင်မှာ ကြီးမားလှသည့်အတွက် သိုင်းရွိုက်ဝေဒနာရှင်မှတစ်ပါး အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် သဘောထားကာ စားသုံးသွားသင့်ကြပေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## ဆေးဖက်ဝင်သည့် ပန်းသီး

ပန်းသီး၌ ပရိုတိန်း၊ ကယ်လ်စီယမ်၊ ဆိုဒီယမ်၊ မီးစုန်းဓာတ်၊ သကြားဓာတ်(ဂလူးကို့စ်)၊ ပိုတက်ဆီယမ်နှင့် ကာဗိုဟိုက်ဒရိတ်ဓာတ်များ ပါဝင်သည်။ ပန်းသီးသည် နှလုံးရောဂါနှင့် လွန်စွာသင့်လျော်၏။ ပန်းသီးကို အမြဲမပြတ် စားနေသူအဖို့ နှလုံးရောဂါ မဖြစ်နိုင်ဟု ဆိုကြ၏။

ပန်းသီးသည် သွားနှင့် သွားဖုံးတို့၌ရှိသော ပိုးတို့ကို ပျက်စီးစေ၏။ ကောင်းမွန်သော အရသာရှိ၏။ အေး၏။ သလိပ်ကို ပွားစေ၏။ ဦးနှောက်ကို အားကောင်းစေ၏။ မှတ်ဉာဏ်နုံ့နဲ့ခြင်း၊ ဦးနှောက်အားနည်းခြင်းတို့ကို ပျောက်ကင်းစေ၏။ အတတ်ပညာ၊ အသိပညာတို့ကို လွန်စွာ တိုးပွားစေသော အသီးဖြစ်၏။ ချဉ်သောပန်းသီးသည် အသည်းကြီးသောရောဂါ၊ သရက်ရွက်ကြီးသောရောဂါ၊ အသည်းဝါခြင်းနှင့် သည်းခြေရောဂါတို့ကို ပျောက်ကင်းစေ၏။ အသားကို ပွားစေတတ်၏။ ဆိုရိုးစကား ကြားဖူးသည်ကား ပန်းသီးတစ်လုံးကျ နေ့စဉ်စားပေးပါက ဆေးဆရာကို အိမ်ပင့်စရာမလို ဟူ၍ဖြစ်၏။

### ၁။ မျက်စိနာနေလျှင် . . .


ပန်းသီးအစိမ်းကို ကြိတ်၍ မျက်ခွံများပေါ် လိမ်းကျံပေးပါက သည်းခြေကြောင့်ဖြစ်သော မျက်စိနာခြင်းများ သက်သာပျောက်ကင်းပါသည်။

### ၂။ သည်းခြေရွှးရောဂါဖြစ်လျှင် . . .

ပန်းသီးကို ရှာလပတ်ရည်ဖျော်၍ ၎င်းအထဲသို့ မြင်းခွာရွက်သတ္တုရည်ရော၍ သောက်ပေးပါ။ သည်းခြေရွှးရောဂါ ပျောက်ကင်းပါသည်။

### ၃။ ကင်းကိုက်ခံရလျှင် . . .

ပန်းသီးသတ္တုရည် လတ်လတ်ဆတ်ဆတ် တစ်ကျပ်သားကို ပရုတ်အနည်းငယ်ထည့်၍ နာရီဝက်ခြား တိုက်ပေးပါ။ ကင်းဆိပ်များ ကျသွားပါလိမ့်မည်။ အကယ်၍ ကင်းဆိပ်ရတ်ခြည်းကျမသွားပါက နာရီဝက်ခြား၍ တစ်ကြိမ်၊ နှစ်ကြိမ်မျှ တိုက်ပါ။ မုချ သက်သာပျောက်ကင်းသွားပါလိမ့်မည်။



### ၄။ ကျောက်ကပ်ဝေဒနာခံစားနေရလျှင် . . .

မည်သည့်ဆေးများကို သောက်နေသည်ဖြစ်စေ ပန်းသီးကို လက်မလွှတ်ပါနှင့်။ ပန်းသီးကို တစ်နေ့ နှလုံးကျပုံမှန်စားသုံးပေးပါက ကျောက်ကပ်ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၅။ သွေးဝမ်းရောဂါ ပျောက်လိုလျှင် . . .

ပန်းသီးကို ရှာလပတ်ရည်ပြုလုပ်၍သော်လည်းကောင်း၊ သို့တည်းမဟုတ် လတ်ဆတ်သော ပန်းသီးရသရည် (ဖန်ခွက်သေးသေးတစ်လုံးခန့်)ကိုသော်လည်းကောင်း သောက်ပေးပါက သွေးဝမ်းရောဂါ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၆။ ရေငတ်ဝေဒနာ ခံစားနေရလျှင် . . .

ဖျားနာခြင်း စသည်ကြောင့် ရေငတ်၍ အထပ်ထပ်အခါခါ ဝေဒနာခံစားနေရပါလျှင် ပန်းသီးတစ်လုံးကို အစိတ်စိတ်အမြှာမြှာပြု၍ ခုံနှင့်ထောင်းကာ ရသရည်ညှစ်ယူပြီးလျှင် ထိုရသရည်ထဲတွင် ရေနှစ်ကျပ်သားရောစပ်ပြီး တိုက်ကျွေးပေးပါ။ ရေငတ်ဝေဒနာ ပြေပျောက်သွားပါလိမ့်မည်။

### ၇။ စိတ်ဒေါသတွေ ခက်ထန်နေလျှင် . . .

လွန်စွာ ဒေါသကြီးမား၍ တွေ့ကရာနှင့် ပစ်ပေါက်ခြင်း ခဲ,တုတ် စသည်တို့နှင့် ထုရိုက်ခြင်း (သို့မဟုတ်) ကလေးငယ်အား ထိုးကြိတ်ရိုက်နှက်ခြင်းများ ပြုလုပ်လေ့ရှိပါက ထိုသူအား နေ့စဉ် ချိုမြိန်သော ပန်းသီးနှစ်လုံးကို ၁၅ ရက်

www.burmeseclassic.com

တိုင်တိုင် ကျွေးပါ။ စိတ်ဒေါသများ ပြေပျောက်သွားပါလိမ့်မည်။

**၈။ နှလုံးတုန်၊ ရင်ခုန်နေလျှင် . . .**

ပန်းသီးကို ယိုထိုး၍ စားပေးပါ။ နှလုံးတုန်၊ ရင်ခုန်ခြင်းများ သက်သာလျော့ပါးသွားသည်နှင့်အမျှ နှလုံးအားနည်းနေခြင်းများပါ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၉။ အိပ်မပျော်ရောဂါ စွဲကပ်နေလျှင် . . .**

ချိုမြသော ပန်းသီးတစ်လုံးကို ယိုထိုး၍ မအိပ်မီစားပြီးနောက် နွားနို့ပူပူလေးတစ်ခွက်သောက်ပေးပါ။ နှစ်ခြိုက်စွာ အိပ်ပျော်သွားပါလိမ့်မည်။ ထို့ပြင် နှလုံးအားနည်းခြင်းများကိုပါ သက်သာပျောက်ကင်းစေပါသည်။ ၁၅ ရက်ခန့် ဆက်တိုက် စားပေးသင့်ပါသည်။

**၁၀။ ကလေးငယ်တို့ ဝမ်းနုတ်လိုလျှင် . . .**

ချိုမှည့်သော ပန်းသီးတစ်လုံးကိုယူ၍ သတ္တုရည်ရအောင် ညှစ်ပြီး ငွှန်းနှင့် အနည်းငယ်စီ တိုက်ကျွေးပေးပါ။ ဝမ်းချုပ်မြဲချုပ်နေသော ကလေးငယ်မှာ သက်သက်သာသာနှင့် ဝမ်းသွားပါလိမ့်မည်။

**၁၁။ ဦးနှောက်အားနည်းနေလျှင် . . .**

နံနက်တိုင်း ပန်းသီးတစ်လုံးကျ ပုံမှန်စားပေးရပါမည်။ နေ့လယ် ၂ နာရီခန့်တွင် ပန်းသီးအစိမ်းကို ဟင်းသီးဟင်းရွက်များနှင့်အတူ ရော၍စားပေးရပါမည်။ ၂ နာရီကြာပြီးနောက် ပန်းသီးရသ သတ္တုရည်ကို ဖန်ခွက်နှင့် တစ်လုံးကျ သောက်ပေးရပါမည်။ ညစာစားသောက်သောအခါတွင်လည်း ပန်းသီးအစိမ်းကို ဟင်းသီးဟင်းရွက်များနှင့်အတူ ရော၍ စားပေးရပါမည်။ ည၁၀ နာရီ အိပ်ရာဝင်တော့မည်ဆိုလျှင် မအိပ်ခင် ၁ နာရီခန့် လွန်မှာချိုသည့် ပန်းသီးကို စားသောက်ပြီးသော အိပ်ရပါမည်။

ထိုသို့ တစ်လခန့် မပျက်မကွက် လုပ်ဆောင်သွားပါက ဦးနှောက်အားနည်းနေမှုများ သိသိသာသာ ပြောင်းလဲသွားပါလိမ့်မည်။



**၁၂။ ဝမ်းပုံမှန်သွားလိုလျှင် . . .**

နံနက်စောစောထ၍ အစာမစားမီ ပန်းသီးနှစ်လုံးကို သွားနှင့်ကိုက်လျက် ဝါးစားပေးပါက ဝမ်းမချုပ်နိုင်တော့ပါ၊ ဝမ်းမီးညှံ့ခြင်းကို ပျောက်ကင်းစေပြီး ဆာလောင်မှုကို ဖြစ်စေပါသည်။

**၁၃။ သန်ကောင်၊ တုတ်ကောင်များကျလိုလျှင် . . .**

ပန်းသီးသတ္တုရည် ဖန်ခွက်သေးသေးနှင့် နေ့စဉ် တစ်ခွက်ကျ သောက်ပေးပါ။ ဝမ်းဗိုက်အတွင်းရှိ သန်ကောင်၊ တုတ်ကောင်များ ဝမ်းသွားသည့်အခါ ထွက်ကျလာပါလိမ့်မည်။

**၁၄။ အဆစ်အမြစ်တွေ ကိုက်ခဲနေလျှင် . . .**

ပန်းသီးတစ်လုံးကို ဓားနှင့် ထက်ခြမ်းစိတ်၍ (အပေါ်ခွံကို မခွာရပါ။) ပုံမှန်စားပေးပါက အဆစ်အမြစ်ကိုက်ခဲခြင်း ရောင်ရမ်းခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

သုတေသီဆရာငြိမ်း
၀၉ ၂၅၀၁၀၇၄၀၇၈



www.burmeseclassic.com

www.burmeseclassic.com



# ဒေါက်တာဥမ္မာ

## ဗေဒင်ပညာရှင်

သင်သိလိုသော သင့်အကြောင်းကို တိကျသေချာစွာ ပြောပြပေးပါမည်။

သင့်အတွက် လတ်တလောအရေးကြီးသော ပြဿနာများကို လမ်းမှန်စွာ ဖြေရှင်းနိုင်ရန် ညွှန်ပြပေးပါမည်။

သင့်ဘဝလမ်းကို ဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်ရန်အတွက် သင်ကိုယ်တိုင် ဆုံးဖြတ်ချက် မှန်မှ ဖြစ်ပါမည်။

ဆုံးဖြတ်ချက်မှန်အောင် သင့်ကံကို အမြဲလို စစ်ဆေးထားသင့်သည်။

သင့်ဘဝအတွက် သင်ဟာ အရေးအကြီးဆုံးပုဂ္ဂိုလ် ဖြစ်ပါသည်။

ကံဆိုတာ လူကလုပ်တာ မှန်ပါတယ်။ ကိုယ့်ကံကိုကောင်းအောင် ကိုယ်တိုင်စောင့်ရှောက်ရပါမည်။ ကံဆိုတာ အမြဲကောင်းမနေတတ်ပါဘူး။ ကံကို မမြင်နိုင်ဘူးဆိုတာ သာမန်လူအတွက်ပါ။ ကျွန်မအတွက်တော့ ကံတွေကို မြင်နိုင်ပါတယ်။ ဒါကြောင့် သင်တို့ကံ ကောင်းသည်၊ ဆိုးသည်ကို ကျွန်မက ပြောပြပေးနိုင်ပါတယ်။ ဆိုးနေရင် ကောင်းအောင် ပြုပြင်နေထိုင်နည်းကိုလည်း ညွှန်ပေးနိုင်ပါသည်။ ကောင်းတဲ့ကံကိုလည်း ပိုကောင်းအောင် ညွှန်ပြပေးနိုင်ပါသည်။

ယခုအချိန်မှာ လူ့သက်တမ်းက အလွန်တိုတောင်းပါတယ်။ အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာ တွေ့ရတတ်ပါတယ်။ အမှုတွေ့ရင် အလုပ်ရှုပ်ပါတယ်။ အလုပ်ရှုပ်ရင် လူပင်ပန်းပြီး အချိန်ကုန်ပါတယ်။ မလိုအပ်ဘဲ အချိန်တွေကုန်သွားရင် အရေးကြီးတဲ့ အလုပ်တွေအတွက် လုပ်ဖို့ အချိန်မရ ဖြစ်တတ်ပါတယ်။ ဒါကြောင့် သင်တို့ကံကို အမြဲကြိုတင် စစ်ဆေးခြင်းဖြင့် အမှုတွေကို ရှောင်နိုင်ပါတယ်။ အမှုမရှိရင် လူ့ဘဝမှာ နေရတာ နေပျော်ပါပြီ။

ပဋ္ဌာန်းဆက် ပါရမီရှင် တပည့်များကို ဖိတ်ခေါ်ပါသည်။
အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း သင်တန်းပြပါသည်။
နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီထိ ဖြစ်ပါသည်။

ကျွန်မနှင့် ပဋ္ဌာန်းဆက်ရှိသော ပါရမီရှင်တပည့်များအား ပညာလက်ဆင့်ကမ်းရန် အချိန်ကျရောက်ပြီ ဖြစ်ပါ၍ အမြန်ဆုံး လာရောက်ဆက်သွယ်စေလိုပါသည်။

ဆက်သွယ်ရန်-အမှတ်(၃၉-F 4)မဟာမြိုင်အိမ်ရာ၊ ဦးဝိစာရလမ်း ၄၁ တိုးချဲ့ ဒဂုံမြောက်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၂၇၇၂၆


www.burmeseclassic.com

www.burmeseclassic.com


သိသာစာပေကျောင်း

# မင်္ဂလာနိုမိတ်ကောင်း

ဒေါက်တာမင်းသိန်း၏ နည်းစနစ်အတိုင်းဟောသည့်

## ဒေါက်တာစောယုနွယ်

တကယ်ဆိုတော့ . . . .

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာမိမိ အသိဆုံးပါ။ ဒါပေမဲ့ ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ဓမ္မတာပါပဲ။ ပြည်ဖုံးကား နောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါ ကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။ အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသ လိုက်ရတာကြောင့် ဒီစာမျက်နှာမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .



အမှတ် (၂၀၅/က)

ဗိုလ်တောက်(၅)လမ်း၊

မြို့သစ်(၈)၊ ဘုရင့်နောင်ရိပ်သာ၊

အင်းစိန်မြို့နယ်၊ ရန်ကုန်။

ဖုန်း ၀၁-၆၄၃၀၃၀


www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် အဖက်ဖက်က စိတ်ချမ်းသာစရာတွေ ကြုံတွေ့ရမှာဖြစ်ပါတယ်။ ငွေတွေလည်း ဝင်လာတတ်တယ်။ လူကလည်း အလိုလိုချောမောလှပပြီး စိတ်ချမ်းသာမယ့်ကာလဖြစ်တယ်။ လုပ်ငန်းသစ်များလည်း စတင်လုပ်ရတတ်တယ်။ ထိုလုပ်ငန်းများကလည်း အကျိုးပေးပါလိမ့်မယ်။ အလှူအတန်းတွေပြုလုပ်ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်တွေ ကြွလာတတ်ပါတယ်။ ကိုယ့်ကို မလေးစားတဲ့လူတွေက လေးစားလာမယ်။ လူချစ်လူခင် များနေမယ်။ အပျော်အပါးလည်း များနေတတ်တယ်။ ပတ်ဝန်းကျင်ရဲ့ အလေးပေးမှုလည်း ခံရတတ်တယ်။ အိမ်ထောင်ရေး အရှုပ်အရှင်းတွေ ဖြစ်နေတတ်တယ်။ သံယောဇဉ်အသစ်တွယ်ရမယ့် လူတွေလည်း ပေါ်လာတင်တယ်။ တပို့တွဲလနဲ့ တပေါင်းလပါရင်တော့ နည်းနည်းဂရုစိုက်ပါ။ စွပ်စွဲပြောဆိုတာတွေ ခံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစာမှား ဖြစ်တတ်တယ်။ အသွားအလာ ဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်(၂)ညွန့်၊ ဆီးညွန့်(၃)ညွန့်၊ ယပ်အဖြူ(၁၂)ခုတို့ကို လှူပေးပါ။ အညှိများ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

သောကြာ၊ အင်္ဂါ

### ကံကောင်းသောနံပါတ်

၄၂၊ ၂၄၊ ၂၃

### အထူးသတိပြုရန်

မိမိအိမ်ပတ်ဝန်းကျင်တွင် အစာအဆိပ်သင့်ခြင်း၊
အစွပ်အစွဲပြဿနာပေါ်ခြင်း၊ စုန်းပယောဂပူးခြင်းမျိုး တွေ့ပါက
သင်သည် သွေးထွက်သံယိုဖြစ်ခြင်း၊ စိတ်ညစ်စရာများ ဖြစ်ပေါ်လာ
တတ်သောကြောင့် ၎င်းနိမိတ်တွေ့ပါက ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်က ဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း
ကြံ့ရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် စည်းစိမ်ဥစ္စာတွေ တိုးတက်လာလိမ့်မယ်။ မိဘတွေကိုလည်း ကျွေးမွေးစောင့်ရှောက်နိုင်လိမ့်မယ်။ နိုင်ငံခြားသွားဖို့ ကြံရွယ်ထားရင် ဒီကာလတွင် ထွက်လိုက်ပါ။ သင်တန်းတစ်ခုတက်ခြင်း၊ အတတ်ပညာတစ်ခု ထပ်မံသင်ကြားရတတ်တယ်။ မြေနဲ့ပတ်သက်ပြီး ငွေတွေဝင်တတ်တယ်။ မြေဝယ်ဖို့ ကြံရွယ်ထားရင်လည်း ဒီကာလမှာ ဝယ်လိုက်ပါ။ မိမိနဲ့ အကျိုးပေးမယ့်မြေမျိုး ဖြစ်နေတတ်တယ်။ ငွေရှာရလွယ်သလို ငွေလည်း အထွက်များနေတတ်တယ်။ အလုပ်မှာ အတိုက်အခံ အနည်းငယ် ပေါ်တတ်တယ်။ ဆွေမျိုးသားချင်းထဲမှ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ ကိုယ့်ထက်ငယ်တဲ့သူအတွက် ပူရတတ်တယ်။ ကျန်းမာရေးအနေဖြင့် နှလုံးနဲ့ပတ်သက်တဲ့ ဝေဒနာခံစားရတတ်ပါယ်။ ရင်ဘတ်အောင့်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်(၂)ညွန့်၊ ဆီးညွှန့်(၃)ညွန့်၊ တံခွန်ဖြူ(၂၁)ခုတို့ကို လှူဒါန်းပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၁၊ ၅၃၊ ၃၆၊ ၃၅

### အထူးသတိပြုရန်

ယခုကာလတွင် သူများ၏ မကောင်းသော အတတ် သွားနှင့် ပြုစားခြင်းမျိုး ခံရတတ်တယ်။ သူများကျွေးသော၊ စိတ်မသန့်သော ကွမ်း၊ ဆေး၊ လက်ဖက်များ မစားရ။

### ကံကောင်းဖြိုး လာဘ်ရွှင်စေရန်

မိမိနေ အိမ်ကဘုရားတွင် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်း စံပယ်ပန်းများကို ပန်းစေတီသဖွယ် ပြုလုပ်၍ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံခြင်းတွေနဲ့ ကြုံတွေ့ရတတ်တယ်။ အိမ်သစ်ဆောက်နိုင်တဲ့ အခွင့်အလမ်းတွေလည်း ပေါ်ပေါက်လာလိမ့်မယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်တဲ့ကာလဖြစ်တယ်။ ခရီးအကျိုးပေးတဲ့ကာလ ဖြစ်တဲ့အတွက် ခရီးလည်း မကြာခဏ သွားရတတ်တယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားရင်လည်း ဒီကာလမှာ သွားလိုက်ပါ။ လူငယ်တွေအဖို့ အချစ်ရေးမှာ သဘောထား ကွဲလွဲနေတတ်တယ်။ အဖိုးတန်ပစ္စည်းတွေ ဝင်လာတတ်တယ်။ ဘုရားဆင်းတုတော်၊ ရဟန္တာပုံတော်များ ကြွလာလျှင် ကံကောင်းတတ်ပါတယ်။ မြေနဲ့ပတ်သက်ပြီး အငြင်းပွားမှုနဲ့ စိတ်ညစ်ရတတ်တယ်။ သူများလာပေါင်သော ပစ္စည်းများ လက်မခံပါနှင့်။ အမှုဖြစ်တတ်တယ်။ ဘုရားတစ်ဆူ ကြွလာတတ်တယ်။ အလုပ်တွင် အတိုက်အခံ ပြိုင်ဖက် ပေါ်တတ်တယ်။ အကြီးအကဲကလည်း ကိုယ့်ကို ငြိုငြင်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ခေါင်းမကြာခဏ ကိုက်တတ်တယ်။ မီးအပူလောင် ခံရတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်ညွန့်(၂)ညွန့်၊ ဆီးညွန့်(၃)ညွန့်၊ ငြိုပ်ရှပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညို့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၅၊ ၄၆၊ ၆၄၊ ၆၇

### အထူးသတိပြုရန်

ယခုကာလတွင် မိမိအိမ်ပေါင်၍ စီးပွားလုပ်ခြင်း၊ သူများအိမ်လာပေါင်ခြင်းမျိုး လုံးဝလက်မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း သရက်သီးရွှေကြည်ဆန္ဒွင်းမကင်းများ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ နိဝင်ဘာလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ ပစ္စည်းဥစ္စာ အမွေအနှစ်များ ရရှိတတ်တယ်။ စီးပွားတက်လိမ့်မယ်။ အလှူအတန်းကိစ္စတွေလည်း မှုချလုပ်ရလိမ့်မယ်။ ထိုပေါက်သလို ငွေများ အစုလိုက် အပုံလိုက် ဝင်လာတတ်တယ်။ ခရီးအကျိုးပေးသော ကာလဖြစ်သောကြောင့် မကြာခဏ ခရီးသွားရလိမ့်မယ်။ အတူနေမိသားစုထဲမှ အဘိုး၊ အဘွားများ နာရေးဖြစ်တတ်တယ်။ ကံကောင်းသောကာလဖြစ်ပေမယ့် ငွေနှင့်ပတ်သက်ပြီး အနည်းငယ် ပြဿနာပေါ်နိုင်တယ်။ စာရွက်စာတမ်းကိစ္စနဲ့ ပတ်သက်ပြီး စိတ်ညစ်ရတတ်တယ်။ အမှုထမ်း၊ အရာထမ်းတွေ ဖြစ်နေရင်တော့ တိုင်စာ ရောက်လာတတ်တယ်။ လက်ရှိအလုပ်အကိုင်ကို စိတ်မဝင်စားဘဲ အလုပ်ပြောင်းလိုစိတ် မကြာခဏ ဖြစ်ပေါ်တတ်တယ်။ မိမိအိမ်၏ အရှေ့အရပ်၊ အနောက်အရပ်မှာရှိသော ထီဆိုင်များတွင် ထီထိုးပေးပါ။ အပျို၊ လူပျို ဖြစ်လျှင် ကြင်သူကြင်ဖက်တွေ့မယ့်ကာလဖြစ်တယ်။ ကျန်းမာရေးအနေဖြင့် အရိုးအကြောနှင့် ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်၊ မိန်းကလေးဖြစ်လျှင် သွေးသားနဲ့ ပတ်သက်တဲ့ ဝေဒနာ၊ အလုံးအကျိတ်ဖြစ်တဲ့ ဝေဒနာတွေ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉:၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကံ့ကော်ညွန့်(၂)ညွန့်၊ ဆီးညွန့်(၈)ညွန့်(ဆူးဖြုတ်)၊ ကနက္ကဒန်ထီးဖြူ(၁၅)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

ဗုဒ္ဓဟူး၊ တနင်္ဂနွေ

### ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၇၂

### အထူးသတိပြုရန်

ယခုကာလတွင် ခိုင်မာသော စီးပွားရေးတစ်ခု တည်ထောင်ထားလိုက်ပါ၊ သက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်လာလိမ့်မယ်၊ အရက်သေစာ လုံးဝမသောက်ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့တိုင်း ကျောက်ကျော(၂)တုံးနှင့် နန်းကြီးသုပ်(၂)ပွဲ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် သင်တန်းတစ်ခု တက်ရတတ်တယ်။ အထက်လူကြီး၊ ကြီးကဲသူတို့ ကူညီမ,စတတ်တယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာတတ်တယ်။ နိုင်ငံခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် လုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ ရွှေဝင်ခြင်း၊ ထွက်နေသော ရတနာများ ပြန်ဝင်မယ်။ အလှုလုပ်ဖို့ ကြံရွယ်ထားလျှင် ရက်ရွှေ့ရတတ်တယ်။ အိမ်ထောင်ရေး အဆင်မပြေမှုများ ဖြစ်တ(်)တ(ယ်)။ ငွေကြေး အနည်းငယ် လက်လွှန်တတ်တယ်။ ဂရုစိုက်ပါ။ သူခိုး,ခိုးခံရတတ်တယ်။ မိမိကိုလည်း သူခိုးလို့ စွပ်စွဲပြောဆိုခံရတတ်တယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက် လိုက်ခြင်းများလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်တတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ သွေးအားနည်းခြင်း၊ ခြေထောက်(သို့မဟုတ်)ခါးတွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးတစ်ခု ဖြစ်တတ်တယ်။ ယခုကာလတွင် နာရေး မသွားပါနှင့်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်ညွန့်(၂)ညွန့်၊ ဆီးညွန့်(၃)ညွန့် (ဆူးဖြုတ်)၊ ယပ်အဝါ(၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၇၊ ၇၅၊ ၇၆၊ ၅၄

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်ပြင်၊ အိမ်ဆောက်၊ အိမ်ပြောင်းခြင်းမျိုး လုံးဝမလုပ်ပါနှင့်။ စည်းစိမ်ခံလိုသောစိတ်ဖြင့် အိပ်ရာကောင်းကောင်းနှင့် မအိပ်သင့်ပါ။ အိပ်လျှင် ကျန်းမာရေး ညံ့သွားတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နှီထမင်း (၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ပူပန်မှု အနည်းငယ် ကြုံရတတ်တယ်။ စပ်တူလုပ်ကိုင်ဖို့ လုပ်ငန်းတစ်ခု ပေါ်ပေါက်လာတတ်တယ်။ တနင်္ဂနွေနံ၊ အင်္ဂါနံ ပါရင်တော့ လုပ်လိုက်ပါ။ မသွားချင်တဲ့ခရီး၊ စိတ်ညစ်စရာခရီးတွေ သွားရတတ်တယ်။ ဒါပေမဲ့ ခရီးထွက်ပြီး ပြန်လာတာနဲ့ ကောင်းတဲ့သတင်း ကြားရတတ်တယ်။ မိတ်ဆွေအပေါင်းအသင်းများနဲ့လည်း စိတ်ဝမ်းကွဲခြင်း၊ စိတ်တိုင်းမကျခြင်း ကြုံရတတ်တယ်။ မိမိရဲ့ သားသမီးတွေလည်း ခရီးဝေး ထွက်ရတတ်တယ်။ ယခုအချိန်တွင် အိမ်ပြောင်းခြင်း၊ အိမ်ရွှေ့ခြင်း မပြုလုပ်သင့်ပါ။ ကိုယ်ဝန်ဆောင်သည်ရှိလျှင် ဆေးရုံ ဆေးခန်းမှာ မီးဖွားခိုင်းပါ။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျခြင်း ကားပွတ်တိုက်မိခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကွမ်းကော်ညွန့်(၂)ညွန့်၊ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်) တုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနလ်ာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၃၃၊ ၁၁၊ ၃၀၊ ၃၂

### အထူးသတိပြုရန်

မည်သည့်ကိစ္စမဆို နှစ်ကြိမ် နှစ်ခါ ထပ်ဖြစ်တတ်တယ်။ ကုသိုလ်ရေး ပိုပြီး လုပ်ပေးပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းပူပူကို ဆီဆမ်း ဆားဖြူးပြီး အုန်းသီးစိတ်ထည့်၍ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အတိုက်အခိုက်များပြီး လုပ်သမျှတွေ အရာမထင်ဖြစ်တတ်တယ်။ စိတ်သောကဖြစ်စရာတွေလည်း မကြာခဏ ကြုံရတတ်တယ်။ မထင်မှတ်သောခရီး၊ မရည်ရွယ်သော ခရီးတွေလည်း သွားရတတ်တယ်။ မိမိရဲ့ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေများနှင့်လည်း စိတ်ဝမ်းကွဲတတ်တယ်။ မြေဝင်တတ်တယ်။ ပညာရပ်တစ်ခုလည်း သင်ကြားရတတ်တယ်။ လူမျိုးခြားနဲ့ အကျိုးပေးတယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားသူများ ဒီအချိန်မှာ စတင်လုပ်ပါ။ စိတ်ပိုင်းဆိုင်ရာများ ထိခိုက်နာကျင်စေတဲ့ ကာလဖြစ်သောကြောင့် ကိုယ်ကျင့်တရားကောင်း၍ မေတ္တာစိတ်ဖြင့် တုန့်ပြန်ပါက မိမိ၏ စိတ်ဒုက္ခများ ပြေပျောက်ပြီး စည်းစိမ်များ ပြည့်စုံလာပါလိမ့်မယ်။ ကျန်းမာရေးအနေဖြင့် အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ ခါးတွင် ထိခိုက်ဒဏ်ရာ ရခြင်းမျိုး ဖြစ်တတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကွမ်းကော်ညွန့်(၂)ညွန့်၊ ဆီးညွန့်(၈)ညွန့်(ဆူးဖြုတ်)၊ ကြက်လျှာအလံရောင်စုံ(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၇၆၊ ၇၄၊ ၅၄၊ ၅၇

### အထူးသတိပြုရန်

ယခုကာလတွင် အနောက်မြောက်အရပ်များသို့ ခရီးမသွားပါနှင့်။ အန္တရာယ်ဖြစ်တတ်တယ်။ မိန်းမကိစ္စ ရှုပ်ထွေးမှု ဖြစ်တတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထောပတ်ဆွမ်း(၁)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ငွေကုန်ကြေးကျတွေ များနေတတ်တယ်။ အစစအရာရာ သတိကြီးစွာထားရန် လိုပါတယ်။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်တယ်။ အမှုအခင်းများနဲ့ ပတ်သက်ရတတ်တယ်။ သားသမီး လက်အောက်ငယ်သားများအတွက် စိတ်ညစ်စရာများ ကြုံရတတ်တယ်။ အင်္ဂါနံ စက်ပစ္စည်း ပျက်တတ်တယ်။ ရွှေနှင့် လက်ဝတ်ရတနာများ ထွက်ခြင်း၊ ပေါင်နှံရခြင်းများ ကြုံရတတ်တယ်။ မထင်မှတ်သော ဆွေမျိုးသားချင်းက အကူအညီကောင်း ပေးလာလိမ့်မယ်။ သွပ်၊ သံ၊ သစ်ကိစ္စများ၊ ရေထွက်ပစ္စည်းများ အောင်မြင်အကျိုးပေးတတ်တယ်။ လုပ်ငန်းသစ် အစီအစဉ်သစ်များ ပေါ်ပေါက်လာတတ်တယ်။ သက်ကြီးရွယ်အိုများ အိမ်သို့လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဘုရားဂုဏ်တော် များများရွတ်ပေးပါ။ 'အရဟံ' ဟု အကြိမ်ကြိမ် ရွတ်ပေးပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၁၅၊ ၁၆၊ ၆၃

### အထူးသတိပြုရန်

ချက်နှာချင်းဆိုင်၊ ခေါင်းရင်းဘက်တွင် အိမ်အသစ်ဆောက်တာ၊ အိမ်ဟောင်းပြင်တာ တွေ့လျှင်လည်းကောင်း၊ ဆိုင်းပွဲ၊ အငြိမ့်ပွဲများ တွေ့လျှင်လည်းကောင်း အလုပ်သစ်၊ အကြံသစ် ရတတ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် သောကြာနေ့တိုင်း ကြေးပန်းအိုးတစ်ခုထဲတွင် ဒန့်ညွန့်(၆)ညွန့်၊ သီဟိုဠ်(၂၁)ညွန့် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၅-ခုနှစ်၊ နိုဝင်ဘာလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

## တနင်္ဂနွေသားသမီးများအတွက်

အဖက်ဖက်က စိတ်ချမ်းသာရမယ့်ကာလဖြစ်တယ်။ ငွေတွေဝင်နေမယ်။ ငယ်ရွယ်သူတွေ စန်းပွင့်မယ်။ လုပ်ငန်းသစ်တွေ လုပ်ရတတ်တယ်။ အိမ်ထောင်ရှိသူများ ကလေးရတတ်တယ်။ ဆေးမှား၊ အစာမှား ဖြစ်တတ်တယ်။ မိသားစု ပျော်ရွှင်စွာ ခရီးသွားရတတ်တယ်။ အလုပ်သစ်တွေ ရမယ်။

**ယတြာ**

မိတ်ဆွေများကို ကြံရည် ဝယ်တိုက်ပါ။

## တနင်္လာသားသမီးများအတွက်

ဝင်ငွေတိုးမယ့်နေရာတွေ ရောက်မယ်။ မြေကိစ္စအတွက် ကိုယ့်ဘက်က ကံတရားရှိနေမယ်။ ငွေတွေ ဝင်နေသလို အထွက်လည်း များနေမယ်။ ဆွေမျိုးသားချင်းထဲက ကိုယ့်ထက်ငယ်တဲ့သူတွေအတွက် ကျန်းမာရေး ပူပန်ရတတ်တယ်။ သင်တန်းတစ်ခု တက်ရမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို စံပယ်ရနံ့ပါ[illegible] ဆပ်ပြာတုံး လက်ဆောင်ပေး[illegible]

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

အိမ်ခန်းပြင်ရမယ်။ ဒါမှမဟုတ် အသစ်ရမယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျမယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ ပြည်ပလည်း သွားရမယ်။ အလုပ်အကိုင်တွင် အတိုက်အခံ ပြိုင်ဘက်ပေါ်မယ်။ အထက်လူကြီး ငြိုငြင်မယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သရက်သီးဖျော်ရည် ဝယ်တိုက်ပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

မမျှော်လင့်တဲ့နေရာကနေ ငွေတွေ ဝင်လာမယ်။ ထီပေါက်သလို ငွေတွေ ဝင်လာလိမ့်မယ်။ အမှုထမ်း အရာထမ်းများ တိုင်စာ ပစ်ခြင်း ခံရတတ်တယ်။ အပျို လူပျိုများ ဖြစ်ခဲ့ရင် ကြင်ဖက်တွေ့ရတတ်တယ်။ အလုပ်အကိုင် ရာထူးတိုးမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဓာတ်ခဲ လက်ဆောင်ပေးပါ။

---

## ကြာသပတေးသားသမီးများအတွက်

သင်တန်းတစ်ခု တက်ရတတ်တယ်။ အလုပ်နဲ့ ပတ်သက်တယ်။ အလုပ်မှာ နိုင်ငံခြားနဲ့ ပတ်သက်တာမျိုး၊ လူမျိုးခြားနဲ့ ပတ်သက်တာမျိုး ရှိခဲ့ရင် အောင်မြင်မယ်။ အိမ်တွင်းရေးကတော့ တကျက်ကျက် ရန်ဖြစ်နေရမယ်။ ဆွေမျိုးထဲက နာရေးဖြစ်တတ်တယ်။ ငွေရေးကြေးရေး လက်မလွှန်မိဖို့ သတိထားပါ။

**ယတြာ**

မိတ်ဆွေတစ်ဦးကို နွားနို့တစ်ပုလင်း လက်ဆောင်ပေးပါ။

---

## သောကြာသားသမီးများအတွက်

ဒီကာလအတွင်းမှာ လှုပ်ရှားမှု များသလောက် ပူပန်မှုတွေ တွေ့နေရတယ်။ စပ်တူလုပ်ငန်းလုပ်ဖို့ ကမ်းလှမ်းလာတတ်တယ်။ မသွားချင်တဲ့ခရီးတွေ သွားနေရတတ်တယ်။ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ စိတ်ဝမ်းကွဲတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အုန်းသီးနှင့် ပြုလုပ်ထားသောမုန့် လက်ဆောင်ပေးပါ။

---

## စနေသားသမီးများအတွက်

အတိုက်အခိုက်တွေ များနေတဲ့လဖြစ်တယ်။ မထင်မှတ်တဲ့ခရီးတစ်ခု ထွက်ရတတ်တယ်။ အလုပ်နဲ့ပတ်သက်ပြီး ပညာရပ်တစ်ခု သင်ရတတ်တယ်။ လူမျိုးခြားနဲ့ အကျိုးပေးမယ်။ ငွေကတော့ ဝင်လိုက် ထွက်လိုက် ရှိတယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်(၁)ဘူး လက်ဆောင်ပေးပါ။

---

## ရာဟုသားသမီးများအတွက်

မိမိအလုပ်အတွင်းမှ လက်အောက်ငယ်သားများအတွက် စိတ်ညစ်ရတတ်တယ်။ ရွှေနှင့် လက်ဝတ်ရတနာများ ထွက်တတ်တယ်။ အစွပ်အစွဲ အပြောအဆို ခံရတတ်တယ်။ ကိုယ့်အတွက် မဟုတ်ဘဲ သူများအတွက် ဆေးရုံ ဆေးခန်း ရုံးတို့ ရောက်တတ်တယ်။

**ယတြာ**

မိတ်ဆွေများကို သစ်သီးကို အိတ်နဲ့ထည့်ပြီး လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)၏ မွေးနေ့မင်္ဂလာနှင့် စာအုပ်မိတ်ဆက်ပွဲ

၂၀၁၅-ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့ နံနက် ၁၀ နာရီတွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ City Star Hotel တွင် မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)၏ မွေးနေ့မင်္ဂလာနှင့် စာအုပ်မိတ်ဆက်ပွဲ ကျင်းပရာ သဘာပတိအဖြစ် ဒေါက်တာ သက်ဆွေက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး ဆောင်းပေမာန်က ဆောင်ရွက်ခဲ့ပါသည်။

မိတ်ဆက်သော စာအုပ်များမှာ "တိရစ္ဆာန်များမှ လူသားများကို အကျိုးပြုပုံများဆေးကျမ်း" နှင့် "နက္ခတ်ဗေဒင်အကြောင်း သိကောင်းစရာများနှင့် သဗ္ဗတောဘဒြစက် တွက်နည်းကျမ်း" တို့ ဖြစ်ပါတယ်။

ဆရာတက္ကသိုလ်စိုးယဉ်၊ ဆရာမကြီးဒေါ်ကြည်ကြည်စိန်နှင့် ရဲဘော်ကျော်ဆန်းတို့က မှဒိတာစကား အသီးသီး ပြောကြားကြပြီးနောက် သဘာပတိကြီးမှ နိဂုံးချုပ် နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကြွရောက်လာကြသော ဆရာ၊ ဆရာမများနှင့် ဧည့်ပရိသတ်တို့အား ကြာဆံကြော်၊ ကော်ဖီများဖြင့် ကျွေးမွေးဧည့်ခံခဲ့ပြီး ၁၁ နာရီခွဲအချိန်တွင် အခမ်းအနား အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

ဒေါက်တာသက်ဆွေ

---

## မဟာစည်သာသနာ့ရိပ်သာ (၆၃)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အမှတ် (၁၆)၊ သာသနာ့ရိပ်သာလမ်းတွင် ပြည်တွင်းပြည်ပ သာသနာပြု မဟာစည်သာသနာ့ရိပ်သာကြီးရှိ "ဓမ္မဗိမာန်တော်ကြီး" တွင် (၆၃)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၃၁-၇-၂၀၁၅(ဝါဆိုလပြည့်နေ့) နံနက် ၈ နာရီတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မဟာစည်ဩဝါဒါစရိယ ဆရာတော်ကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဝိနယ ပါဠိပါရဂူ(Ph.D)ဒေါက်တာ ဘဒ္ဒန္တဇဋိလ(နေပြည်တော်-ပျဉ်းမနား)ဆရာတော်ကြီးနှင့် နာယကဆရာတော်များ၊ ဝန်ဆောင် ဆရာတော်များ၊ မဟာစည်ရိပ်သာအဖွဲ့ကြီး သုံးဖွဲ့မှ အမှုဆောင်များ၊ ယောဂီများ၊ အလှူရှင်များ စည်ကားသိုက်မြိုက်စွာ တက်ရောက်ခဲ့ကြသည်။

ထို့နောက် အလှူဒါယကာ၊ ဒါယိကာမများက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ဆရာတော်ကြီးမှ ဝါဆိုသင်္ကန်း ကပ်လှူရခြင်းဖြင့် ရရှိသော အကျိုးတရားများနှင့် ပတ်သက်၍ အနုမောဒနာတရား ဟောကြားချီးမြှင့်ခဲ့သည်။

ကြွရောက်လာကြသော ဧည့်သည်တော်များကို "မဟာကုသလကာရီဓမ္မသာလာ"တွင် နံနက်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

တက္ကသိုလ်စိုးယဉ်

---

### အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင် . . .


- ❖ HIV ပိုးကူးစက်ခံ မိဘမဲ့ကလေးများ၏ သုခရိပ်မြုံဂေဟာ (၀၁-၅၈၁၉၅၅)
- ❖ ဆည်းဆာရိပ် ဂီလာနဘိုးဘွားရိပ်သာ (၀၉-၇၃၀၁၈၀၀၇)
- ❖ နာရေးကူညီမှုအသင်းသို့ လှူဒါန်းလိုလျှင်ဖြစ်စေ၊ အကူအညီလိုလျှင်ဖြစ်စေ ဆက်သွယ်ရန် (၀၁-၆၃၉၄၉၀)၊ (၀၁-၇၀၉၂၇၇)၊ (၀၁-၅၈၁၃၆၃)၊ (၀၁-၇၀၄၇၈၄)



www.burmeseclassic.com

www.burmeseclassic.com

## အိမ်သစ်တက်မင်္ဂလာနှင့် ဝါဆိုသင်္ကန်း ကပ်လှူပွဲ



ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ခရေ ခိုင်မွန်(၂)၊ ပန်းခရေလမ်းနှင့် နှင်းဆီဖြူလမ်းထောင့်၊ အမှတ် (R-9A)နေအိမ်တွင် အကြားအမြင် ဟောကြားနေသော နယ်လှည့်သာသနာပြု အကြားအမြင် ပါရမီရှင် ဆရာမကြီး ယောဂီနန္ဒမာလာသည် ပန်းခရေလမ်း အမှတ်(R-5B)နေအိမ်သို့ ပြောင်းရွှေ့ပြီး အိမ်သစ်တက်မင်္ဂလာပြုလုပ်ခြင်း၊ ဓာတ်စုံပေါင်းစု ဗိဿာဓာတ်နန်း ဖွင့်လှစ်ခြင်း၊ သံဃာတော်များ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု ဆွမ်းကပ်လှူခြင်း အလှူဒါနများကို ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့၊ (၃၁-၇-၂၀၁၅) သောကြာနေ့တွင် အဆိုပါနေအိမ်၌ စည်ကားခမ်းနားစွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ ကောင်းမှုရှင်ဆရာမကြီး ယောဂီနန္ဒမာလာ၏ အလှူဒါန ကုသိုလ်ကောင်းမှုအား နတ်လူအများ သိကြားသာဓုခေါ်ဆိုနိုင်ကြပါစေ။

ဆရာမျိုး

## ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်ဘုရား ဘုန်းရောင်ဂျာနယ်တိုက်တွင် ဝယ်ယူ ပူဇော်နိုင်


ဖားမဲ့ဆရာတော်ဘုရားကြီး၏ ဆွေ ၇ ဆက် မျိုး ၇ ဆက် ကြွယ်ဝချမ်းသာစေနိုင်သည့် ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်ဘုရား(ဦးရွှေအိုးဘုရား)နှင့် (၉)လုံး ပြဒါးပုတီး၊ ပြဒါးဘုရားများ၊ ပဌာန်းရွှေကျမ်းရတနာဒီပံ ရွှေအလင်းတိုင်များကို လာဘ်မိုးစွေစာပေနှင့် ဘုန်းရောင်ဂျာနယ်တိုက် တည်ရှိရာ တိုက်(၂၇)၊ အခန်း(၁၂)၊ မြေညီထပ်၊ ၅၂-လမ်း(အောက်) ဗိုလ်တထောင်မြို့နယ်တွင် လာရောက် ဝယ်ယူပူဇော်နိုင်ပါသည်။

ဘုရား၏ ဉာဏ်တော်အမြင့်များမှာ - ၇ လက်မ၊ ၉ လက်မ၊ ၁၀ လက်မတို့ဖြစ်သည်။ မိမိနှစ်သက်ရာ ဉာဏ်တော်အမြင့်ကို ဝယ်ယူပူဇော်နိုင်ပါသည်။ (ဆက်သွယ်ဝယ်ယူနိုင်ရန် - ၀၉-၂၅၁၀၂၂၃၃၁)


www.burmeseclassic.com

# မေဒါရွှေကြာ ငါးထပ်ရွှေကျောင်းတော်ကြီး ဘုရားအနေကဇာတင်၊ ဝါဆိုသင်္ကန်းကပ်၊ ရေစက်ချ အလှူတော်မင်္ဂလာပွဲ









ဘုရားဒါယကာ၊ ကျောင်းဒါယကာကြီး ဦးကျော်
လှကြီး+ဘုရားဒါယိကာမကြီး၊ ကျောင်းဒါယိကာမကြီး ဒေါ်စိ
နှင့် သားသမီးများ(မေဒါရွှေကြာလက်ဖက်နှင့် ပဲကြော်လုပ်င
ဝယ်တွေးနှပ်နှင့် ပဲနှစ်ပြန်ကြော်ရောင်းဝယ်ရေး)မိသားစု၏ မေ
ရွှေကြာ ငါးထပ်ရွှေကျောင်းတော်ကြီး ဘုရားအနေကဇာတင်
ဝါဆိုသင်္ကန်းကပ်၊ ရေစက်ချ အလှူတော်မင်္ဂလာပွဲကို မန္တလေ
မြို့ ၇၉ လမ်း၊ ၁၄×၁၅ လမ်းကြားရှိ ဆင်မြရှင် မဟာစ
သာသနာ့ရိပ်သာအတွင်းတွင် ၂၀၁၅-ခုနှစ်၊ ဇူလိုင်လ ၃၁ ရ
နေ့က စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

ကြွရောက်လာကြသော ဧည့်ပရိသတ်များကိုလည်း ကြက်သားဟင်း၊ ငါးခြောက်နှပ်၊ ငရုတ်သီးကြော်၊ ဟင်း ကုလားပဲနှပ်၊ လက်ဖက်၊ ပဲကြော်၊ မြန်မာမုန့် အချိုပွဲများဖြင့် ဧည့်ခံကျွေးမွေးခဲ့ပါသည်။ ကြွရောက်လာကြသော ဧည့်ပရိသ များကို မေတ္တာလက်ဆောင်အဖြစ် စတီးလင်ပန်းများ ပေးခဲ့ပါသည်။

ထိုအလှူပွဲကြီးသို့ နိုင်ငံကျော်အနုပညာရှင်များ၊ နိုင်ငံကျော်ပန်းအလှပညာရှင်များ၊ မိတ်ကပ်ဆံပင်ပညာရှင်မ လည်း စုံလင်စွာတက်ရောက်ခဲ့ကြောင်း သိရှိရသည်။

www.burmeseclassic.com

# ပုသိမ်ညွန့်ရပ်ကွက်၊ ကျားကွက်သစ်ရပ်ကွက်၊ မလ္လကုန်းဒေးကြွယ်(က)ရပ်ကွက် ရပ်ကွက်လုံးဆိုင်ရာ သတိပဋ္ဌာန်းလမ်းမိသားစု၏(ပထမအကြိမ်)ဘုရားအနေကဇာတင်နှင့် ဝါဆိုသင်္ကန်း ကပ်လှူပွဲ



ပုသိမ်ညွန့်ရပ်ကွက်၊ ကျားကွက်သစ်ရပ်ကွက်၊ မလ္လကုန်းဒေးကြွယ်(က)ရပ်ကွက်များ၏ ရပ်ကွက်လုံးဆိုင်ရာ သတိပဋ္ဌာန်လမ်း(မိသားစု)က ပထမအကြိမ်မြောက် ဘုရားအနေကဇာတင်နှင့် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ၁၃၇၇-ခုနှစ်၊ ဝါဆိုလဆုတ်(၉)ရက်၊ (၉-၈-၂၀၁၅)တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် သတိပဋ္ဌာန် လမ်းအဲတွင်းရှိ ဓမ္မဗိမ္မာန်တော်ကြီး၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနား၌ ကြွရောက်လာကြသော ရပ်ကွက်လုံးဆိုင်ရာ ဒကာ၊ ဒကာမအပေါင်းတို့က မြတ်စွာဘုရားရှင်နှင့်တကွ ဘုန်းတော်ကြီးကျောင်းပေါင်း (၂၇)ကျောင်းမှ ပင့်သံဃာ(၂၈)ပါးတို့အား ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ဤတွင် တာမွေမြို့နယ် သံဃနာယက ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဇနိတ(ဘုံသောကျောင်း)ဆရာတော်က ငါးပါးသီလတရား ချီးမြှင့်ဟောကြားတော်မူခဲ့သည်။



ထို့နောက် တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက် သံဃာ့နာယက ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ(သီရိမင်္ဂလာကျောင်း)က သာဓုအနုမောဒနာတရား ချီးမြှင့်တော်မူပြီး ပင့်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်း၊ ကြွရောက်လာကြသော ဧည့်သည်တော်များအား နံနက်စာဖြင့် ဧည့်ခံကျွေးမွေးခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ ဆက်ကပ်လှူဒါန်းမှု အစုစုအတွက် ကုန်ကျငွေပေါင်းမှာ ၂၁ သိန်းခန့် ကုန်ကျခဲ့ပြီး ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းစီအတွက် သင်္ကန်းခြင်း(၁)ခြင်း၊ သင်္ကန်း(၃)စုံကျနှင့် သံဃာတော်တစ်ပါးလျှင် ကျပ်ငွေနှစ်သောင်းကျ လှူဒါန်းခဲ့ပါကြောင်း ဝမ်းမြောက်ကြည်နူးဖွယ် သာဓုခေါ်စရာ သတင်းရရှိပါသည်။

ကိုရင်သာဓု





www.burmeseclassic.com

www.burmeseclassic.com



ဒါနသည် ပုဂ္ဂိုလ်အတန်းအစားမရွေး အလေးထား၍ ဖြည့်ကျင့်ဆည်းပူးရမည့် တရားဖြစ်၏။ သံသရာခရီးသည် အားလုံး
သက်ဆိုင်၏။ သံသရာခရီးသည်တိုင်း မဖြစ်မနေ သယ်ဆောင်သွားရမည့် ရိက္ခာလည်း မည်၏။ လျှောက်လှမ်းရမည့် သံသရာခ
ရှည်လျှင် ရှည်သလောက် ဒါနရိက္ခာထုပ် များများပါသွားဖို့ အရေးကြီး၏။ ကမ္ဘာအသခေ်ျချီ၍ သံသရာခရီးကို လျှောက်လှ
တော်မူကြရသည့် ဘုရားအလောင်းတော်ကြီးများ အရေးတကြီး ကျင့်ဆောင်ရမည့် ပါရမီ အကျင့်တရားများကို ဆင်ခြင်တော်မူကြ
ဒါနပါရမီကို ရှေးဦးစွာ တွေ့မြင်တော်မူကြသည်ရှိရာ ရောင်ပြန်ပရိသတ်အပေါင်းလည်း သံသရာခရီးတစ်လျှောက် အဆင်ပြေ
အတွက် ဒါနရိက္ခာထုပ်များ ယူသွားကြမည် ဆိုပါလျှင်...

www.burmeseclassic.com